အဘိဓမ္မပိဋကတ်

ဝိဘင်္ဂပါဠိတော်

မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁–ခန္ဓဝိဘင်္ဂ

(ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် ခန္ဓဝိဘင်းအခန်း)

၁–သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်း)

ခန္ဓာငါးပါး

၁။ ခန္ဓာငါးပါးတို့ကား– ရူပအစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု (စိတ်) အစု 'ဝိညာဏက္ခန္ဓာ'တို့တည်း။

၁–ရူပက္ခန္ဓ (ရူပ်အစု)

ရူပက္ခန္ဓာ (ရူပ် ၁၁–မျိုး)

၂။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ရူပ်အစု 'ရူပက္ခန္ဓာ' မည်သနည်း။

ဖြစ်ပြီး 'အတီတ'ရူပ်၊ ဖြစ်လတ္တံ့ 'အနာဂတ'ရူပ်၊ ဖြစ်ဆဲ 'ပစ္စုပ္ပန္န'ရူပ်၊ အတွင်းသန္တာန်၌ ဖြစ်သော 'အဇ္ဈတ္တ'ရူပ်၊ အပသန္တာန်၌ဖြစ်သော 'ဗဟိဒ္ဓ'ရူပ်၊ ကြမ်းတမ်းသော 'သြဠာရိက'ရူပ်၊ နူးညံ့သိမ်မွေ့သော 'သုခုမ'ရူပ်၊ ယုတ်ညံ့သော 'ဟီန'ရူပ်၊ မြင့်မြတ်သော 'ပဏီတ'ရူပ်၊ ဝေးသော (အသိခက်သော) 'ဒူရေ'ရူပ်၊ နီးသော (သိလွယ်သော) 'သန္တိကေ'ရူပ်တည်းဟူသော အလုံးစုံသော အကြင်ရူပ်သည် ရှိ၏။ ထို (အားလုံးသော ရူပ် ၁၁–မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤသဘောကို ရူပ်အစု 'ရူပက္ခန္ဓာ'ဟု ဆိုအပ်၏။

(၁) အတိက်ရူပ်

၃။ ထို (၁၁–မျိုးသောရူပ်တို့) တွင် အဘယ်ရူပ်သည် ဖြစ်ပြီးရူပ် 'အတိက်ရူပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရူပ်ဟု ဆိုအပ်သောအကြင်ရူပ်သည် လွန်ပြီးဖြစ်၏ (အတီတ်)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓံ)၊ ကင်းပြီးဖြစ်၏

(ဝိဂတံ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီး ဖြစ်၏ (ဝိပရိဏတံ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတံ)၊ အလွန်ချုပ်ခြင်းသို့ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတံ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပဓိတွာ ဝိဂတံ)၊ လွန်ပြီးဖြစ်၏ (အတီတံ)၊ လွန်ပြီးသော အတိုက်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေနသင်္ခေါတံ)။ ဤ (ဆိုခဲ့ပြီးသော ရူပ်အပေါင်း) ကို ဖြစ်ပြီးရူပ် 'အတိုက်ရူပ်'ဟု ဆိုအပ်၏။

(၂) အနာဂတ်ရူပ်

ထို (၁၁–မျိုးသောရူပ်တို့) တွင် အဘယ်ရူပ်သည် ဖြစ်လတ္တံ့ရူပ် 'အနာဂတ်ရူပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရူပ်ဟု ဆိုအပ်သောအကြင်ရူပ်သည် မဖြစ်ပေါ်သေး (အဇာတံ)၊ မထင်ရှားသေး (ထင်ရှားမရှိသေး) (အဘူတံ)၊ ကောင်းစွာမဖြစ်မရှိသေး (လုံးဝ မဖြစ်မရှိသေး) (အသဇ္ဇာတံ)၊ မဖြစ်သေး (အနိဗ္ဗတ္တံ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တံ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတံ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နံ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (လုံးဝမဖြစ်ပေါ်သေး) (အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတံ)၊ ကောင်းစွာ မပေါ်ပေါက်သေး (လုံးဝမပေါ်ပေါက်သေး) (အသမုဋ္ဌိတံ)၊ မရောက်လာသေး (အနာဂတံ)၊ မရောက်လာသေးသော အနာဂတ်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ခေါတံ)။ ဤ (ဆိုခဲ့ပြီးသော ရူပ်အပေါင်း) ကို ဖြစ်လတ္တံ့ရူပ် 'အနာဂတ်ရူပ်'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်ရူပ်

ထို (၁၁–မျိုးသောရူပ်တို့) တွင် အဘယ်ရူပ်သည် ဖြစ်ဆဲရူပ် 'ပစ္စုပ္ပန်ရူပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရူပ်ဟု ဆိုအပ်သောအကြင်ရူပ်သည် ဖြစ်ဆဲဖြစ်၏ (ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတံ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဇ္ဇာတံ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတံ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နံ)၊ ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတံ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ခေါတံ)။ ဤ (ဆိုခဲ့ပြီးသော ရူပ်အပေါင်း) ကို ဖြစ်ဆဲရူပ် 'ပစ္စုပ္ပန်ရူပ်'ဟု ဆိုအပ်၏။

---

(၄) အဋ္ဌတ္ထရူပ်

၄။ ထို (ရူပ် ၁၁–မျိုးတို့) တွင် အဘယ်ရူပ်သည် အတွင်းသန္တာန်၌ ဖြစ်သောရူပ် 'အဋ္ဌတ္ထရူပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရူပ်ဟု ဆိုအပ်သောအကြင်ရူပ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်၏ (အဋ္ဌတ္တံ)၊ ကိုယ်ကိုစွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကံ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာ

ဖြစ်၏ (ပါဠိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ[1])။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို အတွင်းသန္တာန်၌ဖြစ်သောရုပ် 'အဗ္ဗတ္တရုပ်'ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓရုပ်

ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် အပသန္တာန်၌ဖြစ်သောရုပ် 'ဗဟိဒ္ဓရုပ်' မည်သနည်း။

မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော 'ဥပါဒါ'ရုပ်ဟုဆိုအပ်သော အကြင်ရုပ်သည် ထိုထိုတစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းအဗ္ဗတ္တသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဗ္ဗတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဠိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို အပသန္တာန်၌ ဖြစ်သောရုပ် 'ဗဟိဒ္ဓရုပ်'ဟု ဆိုအပ်၏။

---

[1] ဤနေရာ၌ ရုပ်အားလုံးသည်ပင် 'ဥပါဒိန္နံ' ဖြစ်သည်ဟု ဆိုလိုသည်၊ ထို့ကြောင့် 'ဥပါဒိန္နံ'ပုဒ်၏ အနက်ကို 'ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏'ဟု မြန်မာပြန်ဆိုရမည်ဖြစ်သည်၊ ဥပါဒိန္နတိုက် အဖွင့်၌ 'ဥပါဒိန္နံ'ပုဒ်၏ အဓိပ္ပါယ်ကို 'ကမ္မဇ'ဟု ဖွင့်သည်၊ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် တရားအားလုံးကိုလည်း 'ဥပါဒိန္နံ'ဟု ခေါ်သည်ဟု ဖွင့်ပြသေးသည်။ (စာဝိုဒ် ၁၀၅၀၊ အဋ္ဌသာလိနီ၊ မူလဋီကာ)။

♣

(၆) ကြမ်းတမ်းသော သြဠာရိကရုပ်

၅။ ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် ကြမ်းတမ်းသောရုပ် 'သြဠာရိကရုပ်' မည်သနည်း။

မြင်သိစိတ် စက္ခုဝိညာဏ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတနရုပ်'၊ ကြားသိစိတ် သောတဝိညာဏ်ဖြစ်ရာ နားအကြည် 'သောတာယတနရုပ်'၊ နံသိစိတ် ဃာနဝိညာဏ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတနရုပ်'၊ လျက်သိစိတ် ဇိဝှါဝိညာဏ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတနရုပ်'၊ ထိသိစိတ် ကာယဝိညာဏ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတနရုပ်'။ မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတနရုပ်'၊ ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတနရုပ်'၊ နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတနရုပ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတနရုပ်'၊ ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း တွေ့ထိမှု 'ဖောဋ္ဌဗ္ဗာယတနရုပ်'သည် ရှိ၏။ ဤ (ဆိုခဲ့ပြီးသော ရုပ် ၁၂–ပါး) ကို ကြမ်းတမ်းသောရုပ် 'သြဠာရိကရုပ်'ဟု ဆိုအပ်၏။

(၇) နူးညံ့သိမ်မွေ့သော သုခုမရုပ်

ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် နူးညံ့သိမ်မွေ့ သောရုပ် 'သုခုမရုပ်' မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေရုပ်'၊ ယောကျ်ား (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေရုပ်'၊ အသက်ရှင်ကြောင်း၌ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေရုပ်'၊ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သော ကိုယ်အမူအရာ 'ကာယဝိညတ်ရုပ်'၊ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သောနှုတ်ခြွက်မှု အမူအရာ 'ဝစီဝိညတ်ရုပ်'၊ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသောဟင်းလင်း) သဘော 'အာကာသဓာတုရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ ပေါ့ပါးမှု 'လဟုတာရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ နူးညံ့မှု 'မုဒုတာရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ အလုပ်၌ခံ့မှု (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှု) 'ကမ္မညတာရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ ဖြစ်ပေါ်လာစ 'ဥပစယရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ ကြီးပွားဆဲအစဉ် 'သန္တတိရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ ယိုယွင်းရင့်ရော်လျော့ပါးမှု 'ဇရတာရုပ်'၊ (နိပ္ဖန္နဲ) ရုပ်၏ ချုပ်ပျက်၍ မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) 'အနိစ္စတာရုပ်'၊ ဖွဲ့စည်းမှုသဘော 'အာပေါရုပ်'၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏တည်ရာ ဆောင်ထားတတ်သော သဘော 'ဟဒယဝတ္ထုရုပ်'၊ အလုပ်အလွေး ပြုအပ်သော အစားအစာ 'ကဗဠီကာရအာဟာရရုပ်'သည် ရှိ၏။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို နူးညံ့သိမ်မွေ့သောရုပ် 'သုခုမရုပ်'ဟု ဆိုအပ်၏။

---

(၈) ဟီနရုပ်

၆။ ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် ယုတ်ညံ့သောရုပ် 'ဟီနရုပ်' မည်သနည်း။

အဆင်း 'ရူပ'၊ အသံ 'သဒ္ဒ'၊ အနံ့ 'ဂန္ဓ'၊ အရသာ 'ရသ'၊ တွေ့ထိမှု (အတွေ့) 'ဖောဋ္ဌဗ္ဗ'ဟု ဆိုအပ်သော အကြင်ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထီမဲ့မြင်အားဖြင့် သိအပ်၏ (ဥညာတံ)၊ ရှုတ်ချသောအားဖြင့်သိအပ်၏ (အဝညာတံ)၊ ပစ်ပယ်အပ်၏, စက်ဆုပ်အပ်၏ (ဟီဠိတံ)၊ နှိပ်စက်အပ်၏ (နှိပ်ချကဲ့ရဲ့အပ်၏) (ပရိဘူတံ)၊ အလေးမပြုအပ် (အရိုအသေမပြုအပ်) (အစိတ္တီကတံ)၊ ယုတ်ညံ့၏ (ဟီနံ)၊ ယုတ်ညံ့၏ဟု သိအပ်၏ (ဟီနမတံ)၊ ယုတ်ညံ့၏ဟု သမုတ်အပ်၏ (ဟီနသမ္မတံ)၊ မလိုချင်အပ် (အနိဋ္ဌံ)၊ မနှစ်သက်အပ် (အကန္တံ)၊ စိတ်နှလုံး၌ မသက်ဝင်အပ် (မနှစ်လိုအပ်) (အမနာပံ)။ ဤ (ဆိုခဲ့ပြီးသောရုပ်အပေါင်း) ကို ယုတ်ညံ့သောရုပ် 'ဟီနရုပ်'ဟု ဆိုအပ်၏ (အကုသိုလ် ကမ္မဇရုပ်[၁])။

(၉) ပဏီတရုပ်

ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် မြင့်မြတ်သောရုပ် 'ပဏီတရုပ်' မည်သနည်း။

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဟု ဆိုအပ်သော အကြင်ရုပ်ကို ထိုထိုသတ္တဝါတို့သည် မထီမဲ့မြင်အားဖြင့်မသိအပ် (မထီမဲ့မြင်ပြုအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနုညာတံ)၊ ရှုတ်ချသောအားဖြင့် မသိအပ် (ရှုတ်ချအပ်သော ရုပ်မဟုတ်ဟု စိတ်၌ သိအပ်၏) (အနဝညာတံ)၊ မပစ်ပယ်အပ်, မစက်ဆုပ်အပ် (အဟီဠိတံ)၊ မနှိပ်စက်အပ် (မနှိပ်ချ မကဲ့ရဲ့အပ်) (အပရိဘူတံ)၊ အလေးပြုအပ် (ရိုသေ အပ်၏) (စိတ္တီကတံ)၊ မြင့်မြတ်၏ (ပဏီတံ)၊ မြင့်မြတ်၏ဟု သိအပ်၏ (ပဏီတမတံ)၊ မြင့်မြတ်၏ဟုသမုတ်အပ်၏ (ပဏီတသမ္မတံ)၊

လိုချင်အပ် ၏ (ကျွန်ုံ)၊ နှစ်သက်အပ်၏ (ကန္တံ)၊ စိတ် နှလုံး၌ သက်ဝင်၏ (နှစ်လိုဖွယ်ဖြစ်၏) (မနာပံ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို မြင့်မြတ်သောရုပ် 'ပဏီတရုပ်'ဟု ဆိုအပ်၏ (ကုသိုလ်ကမ္မဇရုပ်[၂])။ တစ်နည်းကား၊ ထိုထိုရုပ်ကို စွဲ၍ စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တစ်ခုနှင့်တစ်ခုကို နှိုင်းရည်၍ နှိုင်းရည်၍) ယုတ်ညံ့သောရုပ် 'ဟီနရုပ်'နှင့် မြင့်မြတ်သောရုပ် 'ပဏီတရုပ်'[၃] ကို မှတ်အပ်၏။

၁။ ၂။ ၃။ ဤနေရာ၌ အကုသိုလ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို 'ဟီနရုပ်'ဟုလည်းကောင်း၊ ကုသိုလ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို 'ပဏီတရုပ်'ဟုလည်းကောင်း အရကောက်အားဖြင့် ဦးစားပေး၍ ပြထားခြင်းမှာ ပဓာနနည်းအားဖြင့်သာ ပြခြင်းဖြစ်သည်၊ စင်စစ်မှာ အားလုံးသော စတုဇရုပ်များကိုပင် ယူနိုင်သည်ဟု ဆိုထားသည် (သမ္မောဟဝိနောဒနီ စာမျက်နှာ ၉)။

♣

(၁၀) ဒူရေရုပ်

၇။ ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် ဝေးသောရုပ် (အသိခက်သောရုပ်) 'ဒူရေရုပ်' မည်သနည်း။

ကျွတ္ထိန္ဒြေရုပ်။ပ။ ကဗဠီကာရအာဟာရရုပ်တို့တည်း (သုခုမရုပ် ၁၆–ပါး)။ ထို့ပြင်လည်း အကြင်ရုပ်သည် မနီးရာ၌ ရှိ၏ (အနာသန္နေ)၊ မကပ်ရာ၌ ရှိ၏ (အနုပကဋ္ဌေ)၊ ဝေးရာ၌ရှိ၏ (ဒူရေ)၊ အနီးမဟုတ်ရာ၌ ရှိ၏ (အသန္တိကေ)။ ဤ (ဆိုခဲ့ပြီးသောရုပ်အပေါင်း) ကို 'ဒူရေရုပ်'ဟု ဆိုအပ်၏။

(၁၁) သန္တိကေရုပ်

ထို (ရုပ် ၁၁–မျိုးတို့) တွင် အဘယ်ရုပ်သည် နီးသောရုပ် (သိလွယ်သောရုပ်) 'သန္တိကေရုပ်' မည်သနည်း။

စက္ခာယတနရုပ်။ပ။ ဖောဋ္ဌဗ္ဗာယတနရုပ်တို့တည်း (ဩဇာရိကရုပ် ၁၂–ပါး)။ ထို့ပြင်လည်း အကြင်ရုပ်သည် နီးရာ၌ ရှိ၏ (အာသန္နေ)၊ ကပ်ရာ၌ ရှိ၏ (ဥပကဋ္ဌေ)၊ မဝေးရာ၌ ရှိ၏ (အဝိဒူရေ)၊ အနီး၌ ရှိ၏ (သန္တိကေ)။ ဤ (ဆိုခဲ့ပြီးသော ရုပ်အပေါင်း) ကို 'သန္တိကေရုပ်'ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုရုပ်ကို စွဲ၍ စွဲ၍ ထောက်ဆ၍ ထောက်ဆ၍ (ရုပ်တစ်ခုနှင့်တစ်ခုကို နှိုင်းရည်၍ နှိုင်းရည်၍) ဝေးသောရုပ် 'ဒူရေရုပ်'နှင့် နီးသောရုပ် 'သန္တိကေရုပ်'ကို မှတ်အပ်၏။

၂–ဝေဒနာကွန်ရှင်း (ခံစားမှုအစု)

ဝေဒနာကွန်ရှာ (ဝေဒနာ ၁၁–မျိုး)

၈။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာကွန်ရှာ' မည်သနည်း။

ဖြစ်ပြီးခံစားမှု 'အတိုက်ဝေဒနာ'၊ ဖြစ်လတ္တံ့ခံစားမှု 'အနာဂတ်ဝေဒနာ'၊ ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ'၊ အတွင်းသန္တာန်၌ဖြစ်သော ခံစားမှု 'အဇ္ဈတ္တဝေဒနာ'၊ အပသန္တာန်၌ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ'၊ ကြမ်းတမ်းသော ခံစားမှု 'သြဠာရိကဝေဒနာ'၊ နူးညံ့သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ'၊ ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'၊ မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ'၊ ဝေးသော ခံစားမှု 'ဒူရေဝေဒနာ'၊ နီးသော ခံစားမှု 'သန္တိကေဝေဒနာ'တည်းဟူသော အလုံးစုံသော အကြင်ခံစားမှု ဝေဒနာသည် ရှိ၏။ ထို (အားလုံးသော ခံစားမှု 'ဝေဒနာ'၁၁–မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ပြသော ဤသဘောကို ခံစားမှုအစု 'ဝေဒနာကွန္ဓာ'ဟု ဆိုအပ်၏။

---

(၁) အတိုက်ဝေဒနာ

၉။ ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်ပြီးခံစားမှု 'အတိုက်ဝေဒနာ' မည်သနည်း။

ချမ်းသာခံစားမှု 'သုခဝေဒနာ'၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'၊ ဆင်းရဲချမ်းသာ မဟုတ်သောခံစားမှု (အလယ်အလတ်ခံစားမှု) 'အဒုက္ခမသုခဝေဒနာ'ဟု ဆိုအပ်သော အကြင်ခံစားမှုဝေဒနာသည် လွန်ပြီးဖြစ်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏာတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အဗ္ဘတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတ္မာ ဝိဂတာ)၊ လွန်ပြီး ဖြစ်၏ (အတီတာ)၊ လွန်ပြီးသော အတိုက်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေန သင်္ခေါတာ)။ ဤ (ဆိုခဲ့ပြီးသောခံစားမှု 'ဝေဒနာ'အပေါင်း) ကို ဖြစ်ပြီးခံစားမှု 'အတိုက်ဝေဒနာ'ဟု ဆိုအပ်၏။ (ပဒ အမှတ် ၃–ရှု။)

(၂) အနာဂတ်ဝေဒနာ

ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်လတ္တံ့ခံစားမှု 'အနာဂတ်ဝေဒနာ' မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင်ဝေဒနာသည် မဖြစ်ပေါ်သေး (အဇာတာ)၊ မထင်ရှားသေး (အဘူတာ)၊ ကောင်းစွာ မဖြစ်မရှိသေး (အသဇ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး (အနာဂတာ)၊ မရောက်လာသေးသော အနာဂတ်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ခေါတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း) ကို ဖြစ်လတ္တံ့ခံစားမှု 'အနာဂတ်ဝေဒနာ'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်ဝေဒနာ

ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ခံစားမှု 'ဝေဒနာ'သည် ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ' မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင်ခံစားမှု 'ဝေဒနာ'သည်ဖြစ်ဆဲဖြစ်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဠာတာ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ခ်ာတာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း) ကို ဖြစ်ဆဲခံစားမှု 'ပစ္စုပ္ပန်ဝေဒနာ'ဟု ဆိုအပ်၏။ (ရုပ်ပစ္စုပ္ပန်–ပဒ ၃–ကြည့်။)

---

(၄) အဗ္ဗတ္တဝေဒနာ

၁၀။ ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ် 'ဝေဒနာ'သည် အတွင်းသန္တာန်၌ဖြစ်သောခံစားမှု 'အဗ္ဗတ္တဝေဒနာ' မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင်ဝေဒနာသည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်၏ (အဗ္ဗတ္တံ)၊ ကိုယ်ကိုစွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း) ကို အတွင်းသန္တာန်၌ဖြစ်သောခံစားမှု 'အဗ္ဗတ္တဝေဒနာ'ဟု ဆိုအပ်၏။ (ပဒအမှတ် ၄–ကြည့်။)

(၅) ဗဟိဒ္ဓဝေဒနာ

ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ဝေဒနာ'သည် အပသန္တာန်၌ဖြစ်သောခံစားမှု 'ဗဟိဒ္ဓဝေဒနာ' မည်သနည်း။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု ဆိုအပ်သော အကြင်ဝေဒနာသည် ထိုထိုတစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဗ္ဗတ္တံ)၊ (တစ်ပါးသောပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသောပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကာ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ခံစားမှု 'ဝေဒနာ'အပေါင်း) ကို အပသန္တာန်၌ ဖြစ်သော ခံစားမှု 'ဗဟိဒ္ဓဝေဒနာ'ဟု ဆိုအပ်၏။

---

(၆) (၇) သြဠာရိကဝေဒနာနှင့် သုခုမဝေဒနာ

၁၁။ ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ဝေဒနာသည် ကြမ်းတမ်းသော ခံစားမှု 'သြဠာရိကဝေဒနာ'နှင့် နူးညံ့ သိမ်မွေ့သောခံစားမှု 'သုခုမဝေဒနာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှု 'အကုသိုလ်ဝေဒနာ'သည် ကြမ်းတမ်း၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု 'ကုသိုလ်ဝေဒနာ'နှင့်ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု 'အဗျာကတဝေဒနာ'သည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာသည် ကြမ်းတမ်း၏၊ အဗျာကတဝေဒနာသည်နူးညံ့သိမ်မွေ့၏။ ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာသည် နူးညံ့သိမ်မွေ့၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏၊ အဒုက္ခမသုခဝေဒနာသည် နူးညံ့သိမ်မွေ့၏။ သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ကြမ်းတမ်း၏၊ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် နူးညံ့သိမ်မွေ့၏။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် ကြမ်းတမ်း၏၊ အာသဝ၏ အာရုံမဟုတ်သောဝေဒနာသည် နူးညံ့ သိမ်မွေ့၏။ တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်၍နှိုင်းရှည့်၍) ကြမ်းတမ်းသော ခံစားမှု 'သြဠာရိကဝေဒနာ'နှင့် နူးညံ့သိမ်မွေ့သော ခံစားမှု 'သုခုမဝေဒနာ'ကို မှတ်အပ်၏။

---

(၈) (၉) ဟီနဝေဒနာနှင့် ပဏီတဝေဒနာ

၁၂။ ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ဝေဒနာ'သည်ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'နှင့် မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှု 'အကုသိုလ်ဝေဒနာ'သည် ယုတ်ညံ့၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ခံစားမှု 'ကုသိုလ်ဝေဒနာ'နှင့် ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှု 'အဗျာကတဝေဒနာ'သည် မြင့်မြတ်၏၊ (တစ်နည်းကား) ကုသိုလ် ဝေဒနာနှင့် အကုသိုလ်ဝေဒနာသည် ယုတ်ညံ့၏၊ အဗျာကတဝေဒနာသည် မြင့်မြတ်၏။ ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာသည် ယုတ်ညံ့၏၊ အဒုက္ခမသုခဝေဒနာသည် မြင့်မြတ်၏။ သမာပတ်မဝင်စားသူ၏ ဝေဒနာသည် ယုတ်ညံ့၏၊ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် မြင့်မြတ်၏။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် ယုတ်ညံ့၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာသည်မြင့်မြတ်၏။ တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတစ်ခုနှင့်တစ်ခုကို နှိုင်းရှည့်၍နှိုင်းရှည့်၍) ယုတ်ညံ့သော ခံစားမှု 'ဟီနဝေဒနာ'နှင့် မြင့်မြတ်သော ခံစားမှု 'ပဏီတဝေဒနာ'ကိုမှတ်အပ်၏။

(၁၀) ဒုရေဝေဒနာ

၁၃။ ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ်ဝေဒနာသည် ဝေးသော ခံစားမှု 'ဒုရေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏။ ကုသိုလ်ဝေဒနာနှင့်အဗျာကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။ ကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် အဗျာကတဝေဒနာတို့မှ ဝေး၏။ အကုသိုက်ဝေဒနာနှင့်အဗျာကတဝေဒနာတို့သည် ကုသိုလ်ဝေဒနာမှ ဝေးကုန်၏။ အဗျာကတဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် အကုသိုလ်ဝေဒနာတို့မှ ဝေးကုန်၏။ ကုသိုလ်ဝေဒနာနှင့်အကုသိုလ်ဝေဒနာတို့သည် အဗျာကတဝေဒနာမှ ဝေးကုန်၏။ ဒုက္ခဝေဒနာသည် သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏။ သုခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် ဒုက္ခဝေဒနာမှ ဝေးကုန်၏။ သုခဝေဒနာသည် ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့မှ ဝေး၏။ ဒုက္ခဝေဒနာနှင့် အဒုက္ခမသုခဝေဒနာတို့သည် သုခဝေဒနာမှ ဝေးကုန်၏။ အဒုက္ခမသုခဝေဒနာသည် သုခဝေဒနာနှင့်ဒုက္ခဝေဒနာတို့မှ ဝေး၏။ သုခဝေဒနာနှင့်ဒုက္ခဝေဒနာ တို့သည်အဒုက္ခမသုခဝေဒနာမှ ဝေးကုန်၏။ သမာပတ်မဝင်စားသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသူ၏ ဝေဒနာမှ ဝေး၏။ သမာပတ် ဝင်စားသူ၏ဝေဒနာသည် သမာပတ်မဝင်စားသူ၏ ဝေဒနာမှ ဝေး၏။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သော ဝေဒနာမှ ဝေး၏။ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော ဝေဒနာမှ ဝေး၏။ ဤ (ဆိုခဲ့ပြီးသော 'ဝေဒနာ'အပေါင်း) ကို ဝေးသောခံစားမှု 'ဒုရေဝေဒနာ'ဟု ဆိုအပ်၏။

(၁၁) သန္တိကေဝေဒနာ

ထို (ဝေဒနာ ၁၁–မျိုးတို့) တွင် အဘယ် 'ဝေဒနာ'သည် နီးသော ခံစားမှု 'သန္တိကေဝေဒနာ' မည်သနည်း။

အကုသိုလ်ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် နီး၏။ ကုသိုလ်ဝေဒနာသည် ကုသိုလ်ဝေဒနာနှင့် နီး၏။ အဗျာကတဝေဒနာသည် အဗျာကတဝေဒနာနှင့် နီး၏။ ဒုက္ခဝေဒနာသည် ဒုက္ခဝေဒနာနှင့် နီး၏။ သုခဝေဒနာသည် သုခဝေဒနာနှင့် နီး၏။ အဒုက္ခမသုခဝေဒနာသည် အဒုက္ခမသုခဝေဒနာနှင့် နီး၏။ သမာပတ် မဝင်စားသူ၏ ဝေဒနာသည် သမာပတ် မဝင်စားသူ၏ ဝေဒနာနှင့် နီး၏။ သမာပတ်ဝင်စားသူ၏ ဝေဒနာသည် သမာပတ်ဝင်စားသူ၏ ဝေဒနာနှင့် နီး၏။ အာသဝ၏ အာရုံဖြစ်သော ဝေဒနာသည် အာသဝ၏ အာရုံဖြစ်သော ဝေဒနာနှင့် နီး၏။ အာသဝ၏အာရုံမဟုတ်သော ဝေဒနာသည် အာသဝ၏ အာရုံမဟုတ်သောဝေဒနာနှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော 'ဝေဒနာ'အပေါင်း) ကို နီးသောခံစားမှု 'သန္တိကေဝေဒနာ'ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ (ဝေဒနာတစ်ခုနှင့် တစ်ခုကို နှိုင်းရည့်၍ နှိုင်းရည့်၍) ဝေးသောခံစားမှု 'ဒုရေဝေဒနာ'နှင့် နီးသောခံစားမှု 'သန္တိကေဝေဒနာ'ကို မှတ်အပ်၏။

၃–သညာကွန်ရှ (မှတ်သားမှုအစု)

သညာကွန်ရှာ (သညာ ၁၁–မျိုး)

၁၄။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် မှတ်သားမှုအစု 'သညာကွန်ရှာ' မည်သနည်း။

ဖြစ်ပြီးမှတ်သားမှု 'အတိက်သညာ'၊ ဖြစ်လတ္တံ့မှတ်သားမှု 'အနာဂတ်သညာ'၊ ဖြစ်ဆဲမှတ်သားမှု 'ပစ္စုပ္ပန်သညာ'၊ အတွင်းသန္တာန်၌ဖြစ်သော မှတ်သားမှု 'အဇ္ဈတ္တသညာ'၊ အပသန္တာန်၌ဖြစ်သောမှတ်သားမှု 'ဗဟိဒ္ဓသညာ'၊ ကြမ်းတမ်းသော မှတ်သားမှု 'သြဠာရိကသညာ'၊ နူးညံ့သိမ်မွေ့သောမှတ်သားမှု 'သုခုမသညာ'၊ ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ'၊ မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'၊ ဝေးသော မှတ်သားမှု 'ဒူရေသညာ'၊ နီးသော မှတ်သားမှု 'သန္တိကေသညာ'တည်းဟူသော အလုံးစုံသော အကြင်မှတ်သားမှု သညာသည် ရှိ၏။ ထို (အားလုံးသော သညာ ၁၁–မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို မှတ်သားမှုအစု 'သညာကွန်ရှာ'ဟု ဆိုအပ်၏။

---

(၁) အတိက်သညာ

၁၅။ ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်ပြီး မှတ်သားမှု 'အတိက်သညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (မျက်စိအတွေ့ကြောင့် ဖြစ်သောသညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ကြားသိစိတ် 'သောတဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (နံ့သိစိတ် 'ဃာနဝိညာဉ်'၌ ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှုသညာ) (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့်အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (လျက်သိစိတ် 'ဇိဝှါဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှုသညာ) (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည်ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောမှတ်သားမှု 'သညာ' (ထိသိစိတ် 'ကာယဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှုသညာ) (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ' (ကြံသိစိတ် 'မနောဝိညာဉ်'၌ရှိသောတွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော မှတ်သားမှု သညာ) (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သောအကြင်သညာသည် လွန်ပြီးဖြစ်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်၏ (နိရုဒ္ဓါ)၊ ကင်းပြီးဖြစ်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အစ္စန္တတ္ထင်္ဂတာ)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတ္ဝာ ဝိဂတာ)၊

လွန်ပြီးဖြစ်၏ (အတီတာ)၊ လွန်ပြီးသောအတိုက် တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတံသေနသင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော မှတ်သားမှု သညာအပေါင်း) ကို ဖြစ်ပြီး မှတ်သားမှု 'အတိုက်သညာ'ဟု ဆိုအပ်၏။

(၂) အနာဂတ်သညာ

ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်လတ္တံ့. မှတ်သားမှု 'အနာဂတ်သညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ကြောင့် ဖြစ်သောသညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့် ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည်ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင်သညာသည် မဖြစ်သေး (အဇာတာ)၊ မထင်ရှားသေး (ထင်ရှားမရှိသေး) (အဘူတာ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဇ္ဇာတာ)၊ မဖြစ်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နာ)၊ ကောင်းစွာမဖြစ်ပေါ်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတာ)၊ မရောက်လာသေး (အနာဂတာ)၊ မရောက်လာသေးသော အနာဂတ်တရားအစုအဖို့ဖြင့်ရေတွက်အပ်၏ (အနာဂတံသေနသင်္ဂဟိတာ)။ ဤ (ဆိုခဲ့ပြီးသော မှတ်သားမှု သညာအပေါင်း) ကိုဖြစ်လတ္တံ့. 'အနာဂတ်သညာ'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်သညာ

ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် ဖြစ်ဆဲမှတ်သားမှု 'ပစ္စုပ္ပန်သညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည်သောတပသာဒနှင့် အသံသဒ္ဒါရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သော သညာ) (ဇိဝှါသမ္ဖဿဇာသညာ)၊ ကိုယ်အကြည်ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့

တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော သညာ) (ကာယသမ္ဖဿဇာသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဖဿဇာသညာ)ဟု ဆိုအပ်သော အကြင်သညာသည် ဖြစ်ဆဲဖြစ်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲဖြစ်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေန သင်္ခဟိတာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို ဖြစ်ဆဲမှတ်သားမှု 'ပစ္စုပ္ပန်သညာ'ဟု ဆိုအပ်၏။

၁။ 'စက္ခုသမ္ဖဿ'ကို သုတ္တန်နည်း, အဘိဓမ္မာနည်း, တိုက်ရိုက်နည်းတို့ဖြင့် အောက်ပါအတိုင်း မြန်မာဘာသာ ပြန်ဆိုထားပါသည်။ ထိုမြန်မာပြန်တို့ကို အချို့နေရာ၌ အားလုံးကို ဖော်ပြထားပါသည်၊ အချို့နေရာ၌မူ အချို့ကိုသာ ဖော်ပြထားပါသည်။

(က) မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု

(ခ) မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'၊ မြင်သိစိတ် 'စက္ခုဝိညာဉ်'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'

(ဂ) မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'

(ဃ) စက္ခုပသာဒ၌မှီသော 'ဖဿ' (အချို့ရှေးပညာရှိကြီးများ ပြန်ဆိုနည်း)

(င) 'စက္ခုသမ္ဖဿဇာသညာ'ကို မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့တွေ့ထိမှုကြောင့် ဖြစ်သော မှတ်သားမှု 'သညာ'ဟု စသည်ဖြင့် ပြန်ဆိုထားသည်။ သောတသမ္ဖဿ, ဃာနသမ္ဖဿ, စသည်တို့၏ မြန်မာပြန်များကိုလည်း ဤနည်းအတိုင်းပင် ပြန်ဆိုထားပါသည်။

♣

(၄) အဋ္ဌတ္တသညာ

၁၆။ ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် အတွင်းသန္တာန်၌ဖြစ်သော မှတ်သားမှု 'အဋ္ဌတ္တသညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော 'သညာ' (မြင်သိစိတ် 'စက္ခုဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော 'သညာ') (စက္ခုသမ္ဖဿဇာသညာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကြားသိစိတ် 'သောတဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော 'သညာ') (သောတသမ္ဖဿဇာသညာ)၊ နှာခေါင်းအကြည်ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (နံသိစိတ် 'ဃာနဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ဃာနသမ္ဖဿဇာသညာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (လျက်သိစိတ် 'ဇိဝှါဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ')

(ဇိဝှါသမ္ဗဿဏသညာ)၊ ကိုယ်အကြည်ကာယပသာဒနှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှု 'သညာ' (ထိသိစိတ် 'ကာယဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော မှတ်သားမှု 'သညာ') (ကာယသမ္ဗဿဏသညာ)၊ စိတ်နှင့်ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော မှတ်သားမှုသညာ (ကြံသိစိတ် 'မနောဝိညာဉ်'၌ရှိသော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော 'သညာ') (မနောသမ္ဗဿဏသညာ)ဟု ဆိုအပ်သောအကြင်သညာသည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်၏ (အဗ္ဗတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကာ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင် ဥစ္စာဖြစ်၏ (ပါဋ္ဌိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကိုစွဲကပ်၍ ဖြစ်၏၊ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကိုအတွင်းသန္တာန်၌ ဖြစ်သော မှတ်သားမှု 'အဗ္ဗတ္တသညာ'ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓသညာ

ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် အပသန္တာန်၌ဖြစ်သောမှတ်သားမှု 'ဗဟိဒ္ဓသညာ' မည်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မျက်စိအတွေ့ကြောင့်ဖြစ်သော သညာ) (စက္ခုသမ္ဗဿဏသညာ)၊ နားအကြည် သောတပသာဒနှင့်အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (နားအတွေ့ကြောင့်ဖြစ်သော သညာ) (သောတသမ္ဗဿဏသညာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောသညာ (နှာခေါင်းအတွေ့ ကြောင့်ဖြစ်သော သညာ) (ဃာနသမ္ဗဿဏသညာ)၊ လျှာအကြည်ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (လျှာအတွေ့ကြောင့်ဖြစ်သောသညာ) (ဇိဝှါသမ္ဗဿဏသညာ)၊ ကိုယ် အကြည်ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော သညာ (ကိုယ်အတွေ့ကြောင့် ဖြစ်သော သညာ) (ကာယသမ္ဗဿဏသညာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော သညာ (မနောသမ္ဗဿဏသညာ)ဟု ဆိုအပ်သောအကြင်သညာသည် တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဗ္ဗတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသောပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကာ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋ္ဌိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော သညာအပေါင်း) ကို အပသန္တာန်၌ ဖြစ်သော မှတ်သားမှု 'ဗဟိဒ္ဓသညာ'ဟု ဆိုအပ်၏။

---

(၆) (၇) သြဠာရိကသညာနှင့် သုခုမသညာ

၁၇။ ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည်ကြမ်းတမ်းသော မှတ်သားမှု 'သြဠာရိကသညာ'နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ' မည်သနည်း။

(ပဋ္ဌဒ္ဓါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာသည်[1] ကြမ်းတမ်းသော မှတ်သားမှု 'သြဠာရိကသညာ' မည်၏၊ (မနောဒ္ဓါရ၌) ထိခိုက်ခြင်းကြောင့်ဖြစ်သော သညာ[2] သည်နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ' မည်၏။ အပြစ်နှင့်တကွဖြစ်၍

မကောင်းကျိုးဆင်းရဲကို ပေးတတ်သော မှတ်သားမှု 'အကုသိုလ်သညာ'သည်ကြမ်းတမ်း၏။ အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော မှတ်သားမှု 'ကုသိုလ်သညာ'နှင့်ကုသိုလ် အကုသိုလ်ဟု မဟောအပ်သော မှတ်သားမှု 'အဗျာကတသညာ'သည် နူးညံ့သိမ်မွေ့၏။ (တစ်နည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ကြမ်းတမ်း၏။ အဗျာကတသညာသည် နူးညံ့သိမ်မွေ့၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သညာသည် ကြမ်းတမ်း၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သောသညာသည် နူးညံ့သိမ်မွေ့၏။ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာသည်ကြမ်းတမ်း၏။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သညာသည် နူးညံ့သိမ်မွေ့၏။ သမာပတ် မဝင်စားသူ၏ သညာသည် ကြမ်းတမ်း၏။ သမာပတ် ဝင်စားသူ၏ သညာသည် နူးညံ့သိမ်မွေ့၏။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ် မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာသည် ကြမ်းတမ်း၏။ အာသဝ၏ အာရုံမဟုတ်သောသညာသည် နူးညံ့သိမ်မွေ့၏။ တစ်နည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့်တစ်ခုကို နှိုင်းရည့်၍နှိုင်းရည့်၍) ကြမ်းတမ်းသော မှတ်သားမှု 'သြဠာရိကသညာ'နှင့် နူးညံ့သိမ်မွေ့သော မှတ်သားမှု 'သုခုမသညာ'ကို မှတ်အပ်၏။

(၈) (၉) ဟီနသညာနှင့် ပဏီတသညာ

၁၈။ ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည်ယုတ်ညံ့သောမှတ်သားမှု 'ဟီနသညာ'နှင့် မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်သညာ'သည် ယုတ်ညံ့၏။ အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော 'ကုသိုလ်သညာ'နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်မဟောအပ်သော 'အဗျာကတသညာ'သည် မြင့်မြတ်၏။ (တစ်နည်းကား) ကုသိုလ်သညာနှင့် အကုသိုလ်သညာသည် ယုတ်ညံ့၏။ အဗျာကတသညာသည် မြင့်မြတ်၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ယုတ်ညံ့၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင် ယှဉ်သောသညာသည် မြင့်မြတ်၏။ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သညာသည်ယုတ်ညံ့၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာသည် မြင့်မြတ်၏။ သမာပတ်မဝင်စားသူ၏ သညာသည် ယုတ်ညံ့၏။ သမာပတ်ဝင်စားသူ၏ သညာသည် မြင့်မြတ်၏။ အာသဝ၏ အာရုံဖြစ်သော သညာသည် ယုတ်ညံ့၏။ အာသဝ၏ အာရုံမဟုတ်သော သညာသည်မြင့်မြတ်၏။ တစ်နည်းကား ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့် တစ်ခုကို နှိုင်းရည့်၍နှိုင်းရည့်၍) ယုတ်ညံ့သော မှတ်သားမှု 'ဟီနသညာ'နှင့်မြင့်မြတ်သော မှတ်သားမှု 'ပဏီတသညာ'ကိုမှတ်အပ်၏။

၁။ ပဋ္ဌိယသမ္မသဏ သညာ= ပဠဒ္ဒါရိကသညာ= သြဠာရိကသညာ။
၂။ အဓိဝစန သမ္မသဏ သညာ= မနောဒ္ဒါရိကသညာ= သုခုမသညာ (သမ္မော–ဌ၊ နှာ–၁၈)

♣

(၁၀) ဒုရေသညာ

၁၉။ ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် ဝေးသော မှတ်သားမှု 'ဒူရေသညာ' မည်သနည်း။

အကုသိုလ်သညာသည် ကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏။ ကုသိုလ်သညာနှင့်အဗျာကတသညာတို့သည် အကုသိုလ်သညာမှ ဝေးကုန်၏။ ကုသိုလ်သညာသည် အကုသိုလ်သညာနှင့် အဗျာကတသညာတို့မှ ဝေး၏။ အကုသိုလ်သညာနှင့်အဗျာကတသညာတို့သည် ကုသိုလ်သညာမှ ဝေးကုန်၏။ အဗျာကတသညာသည် ကုသိုလ်သညာနှင့်အကုသိုလ်သညာတို့မှ ဝေး၏။ ကုသိုလ်သညာနှင်အကုသိုလ်သညာတို့သည် အဗျာကတသညာမှ ဝေးကုန်၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာ တို့မှဝေး၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော သညာတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သောသညာမှ ဝေးကုန်၏။ သုခဝေဒနာနှင့်ယှဉ်သော သညာသည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သညာတို့မှဝေး၏။ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သညာတို့သည် သုခဝေဒနာနှင့်ယှဉ်သောသညာမှ ဝေးကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာသည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သညာမှဝေး၏။ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သညာတို့သည် အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သောသညာမှ ဝေးကုန်၏။ သမာပတ် မဝင်စားသူ၏ သညာသည် သမာပတ် ဝင်စားသူ၏ သညာမှ ဝေး၏။ သမာပတ် ဝင်စားသူ၏သညာသည် သမာပတ် မဝင်စားသူ၏ သညာမှ ဝေး၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သညာသည် အာသဝ၏ အာရုံမဟုတ်သောသညာမှ ဝေး၏။ အာသဝ၏ အာရုံမဟုတ်သော သညာသည် အာသဝ၏ အာရုံဖြစ်သော သညာမှဝေး၏။ ဤ (ဆိုခဲ့ပြီးသော သညာ အပေါင်း) ကို ဝေးသော မှတ်သားမှု 'ဒူရေသညာ'ဟု ဆိုအပ်၏။

(၁၁) သန္တိကေသညာ

ထို (သညာ ၁၁–မျိုးတို့) တွင် အဘယ်သညာသည် နီးသောမှတ်သားမှု 'သန္တိကေသညာ' မည်သနည်း။

အကုသိုလ်သညာသည် အကုသိုလ်သညာနှင့် နီး၏။ ကုသိုလ်သညာသည် ကုသိုလ်သညာနှင့် နီး၏။ အဗျာကတသညာသည် အဗျာကတသညာနှင့် နီး၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာသည် ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏။ သုခဝေဒနာနှင့်ယှဉ်သော သညာသည် သုခဝေဒနာနှင့် ယှဉ်သော သညာနှင့် နီး၏။ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောသညာသည် အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သညာနှင့် နီး၏။ သမာပတ် မဝင်စားသူ၏ သညာသည် သမာပတ် မဝင်စားသူ၏ သညာနှင့် နီး၏။ သမာပတ်ဝင်စားသူ၏ သညာသည် သမာပတ်ဝင်စားသူ၏ သညာနှင့် နီး၏။ အာသဝ၏ အာရုံဖြစ်သော သညာသည် အာသဝ၏ အာရုံဖြစ်သော သညာနှင့် နီး၏။ အာသဝ၏အာရုံမဟုတ်သော သညာသည် အာသဝ၏ အာရုံမဟုတ်သော သညာနှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော သညာ အပေါင်း) ကို နီးသော မှတ်သားမှု 'သန္တိကေသညာ'ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုသညာကို ထောက်ဆ၍ ထောက်ဆ၍ (သညာတစ်ခုနှင့် တစ်ခုကို နှိုင်းရည့်၍နှိုင်းရည့်၍) ဝေးသော သညာ 'ဒူရေသညာ'နှင့် နီးသော သညာ 'သန္တိကေသညာ'ကို မှတ်အပ်၏။

၄–သခ်ၢိရကၢန္ဒ (ပြုပြင်စီရင်မှုအစု)

သခ်ၢိရကၢန္ဒာ (သခ်ၢိရ ၁၁–မျိုး)

၂၀။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သခ်ၢိရကၢန္ဒာ' မည်သနည်း။

ဖြစ်ပြီး ပြုပြင်စီရင်မှု 'အတိက်သခ်ၢိရ'၊ ဖြစ်လတ္တံ့ ပြုပြင်စီရင်မှု 'အနာဂတ်သခ်ၢိရ'၊ ဖြစ်ဆဲ ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သခ်ၢိရ'၊ အတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဇ္ဈတ္တသခ်ၢိရ'၊ အပသန္တာန်၌ဖြစ်သော ပြုပြင် စီရင်မှု 'ဗဟိဒ္ဓသခ်ၢိရ'၊ ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'သြဠာရိကသခ်ၢိရ'၊ နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသခ်ၢိရ'၊ ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသခ်ၢိရ'၊ မြင့်မြတ်သော ပြုပြင်စီရင်မှု 'ပဏီတသခ်ၢိရ'၊ ဝေးသော ပြုပြင်စီရင်မှု 'ဒူရေသခ်ၢိရ'၊ နီးသော ပြုပြင်စီရင်မှု 'သန္တိကေသခ်ၢိရ'တည်းဟူသော အလုံးစုံသော ပြုပြင်စီရင်မှု သခ်ၢိရတို့သည် ရှိကုန်၏။ ထို (အားလုံးသောပြုပြင်စီရင်မှု သခ်ၢိရ၁၁–မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤသဘောကို ပြုပြင်စီရင်မှုအစု 'သခ်ၢိရကၢန္ဒာ'ဟု ဆိုအပ်၏။

---

(၁) အတိက်သခ်ၢိရ

၂၁။ ထို (ပြုပြင်စီရင်မှု 'သခ်ၢိရ'၁၁–မျိုးတို့) တွင် အဘယ်သခ်ၢိရတို့သည်ဖြစ်ပြီးသော ပြုပြင်စီရင်မှု 'အတိက်သခ်ၢိရ'တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)[1]၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည်ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သခ်ၢိရ'တို့သည် လွန်ပြီးဖြစ်ကုန်၏ (အတီတာ)၊ ချုပ်ပြီးဖြစ်ကုန်၏ (နိရုဒ္ဓါ)၊ ကင်းပြီး ဖြစ်ကုန်၏ (ဝိဂတာ)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်ကုန်၏ (ဝိပရိဏတာ)၊ ချုပ်ခြင်းသို့ ရောက်ပြီး ဖြစ်ကုန်၏ (အတ္ထင်္ဂတာ)၊ အလွန်ချုပ်ခြင်းသို့ရောက်ပြီးဖြစ်ကုန်၏

(အဘ္ဘတ္ထဂ်ိတာ)၊ ဖြစ်ပြီး၍ ကင်း ပျောက်ပြီးဖြစ်ကုန်၏ (ဥပ္ပဇ္ဇိတ္ထာဝိဂတာ)၊ လွန်ပြီးဖြစ်ကုန်၏ (အတီတာ)၊ လွန်ပြီးသော အတိက်တရား အစုအဖို့ဖြင့် ရေတွက်အပ်ကုန်၏ (အတီတံသေန သင်္ခဟိတာ)။ ဤ (ဆိုခဲ့ပြီးသောသင်္ခါရ) တို့ကို ဖြစ်ပြီး သော ပြုပြင်စီရင်မှု 'အတိက်သင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

(၂) အနာဂတ်သင်္ခါရ

ထို (သင်္ခါရ ၁၁–မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ဖြစ်လတ္တံ့သော ပြုပြင်စီရင်မှု 'အနာဂတ်သင်္ခါရ'တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံ့သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟုဆိုအပ်သော အကြင်ပြုပြင် စီရင်မှု 'သင်္ခါရ'တို့သည် မဖြစ်ကုန်သေး (အဇာတာ)၊ မထင်ရှားကုန်သေး (အဘူတာ)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဉ္ဇာတာ)၊ မဖြစ်ကုန်သေး (အနိဗ္ဗတ္တာ)၊ အသစ်မဖြစ်ကုန်သေး (အနဘိနိဗ္ဗတ္တာ)၊ ထင်ရှား မဖြစ် ကုန်သေး (အပါတုဘူတာ)၊ မဖြစ်ပေါ်ကုန်သေး (အနုပ္ပန္နာ)၊ ကောင်းစွာ မဖြစ်ပေါ်ကုန်သေး (အသမုပ္ပန္နာ)၊ မပေါ်ပေါက်ကုန်သေး (အနုဋ္ဌိတာ)၊ ကောင်းစွာ မပေါ်ပေါက်ကုန်သေး (အသမုဋ္ဌိတာ)၊ မရောက်လာ ကုန်သေး (အနာဂတာ)၊ မရောက်လာကုန်သေးသော အနာဂတ်တရားအစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတံသေန သင်္ခဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ') တို့ကို ဖြစ်လတ္တံ့သော ပြုပြင် စီရင်မှု 'အနာဂတ်သင်္ခါရ'ဟုဆိုအပ်ကုန်၏။

(၃) ပစ္စုပ္ပန်သင်္ခါရ

ထို (သင်္ခါရ ၁၁–မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ'တို့မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံ့သဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည်

ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင်ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် ဖြစ်ဆဲဖြစ်ကုန်၏ (ဇာတာ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်ကုန်၏ (ဘူတာ)၊ ကောင်းစွာ ဖြစ်ရှိဆဲ ဖြစ်ကုန်၏ (သဉ္ဇာတာ)၊ ဖြစ်ဆဲဖြစ်ကုန်၏ (နိဗ္ဗတ္တာ)၊ အသစ်ဖြစ်ဆဲဖြစ်ကုန်၏ (အဘိနိဗ္ဗတ္တာ)၊ ထင်ရှား ဖြစ်ဆဲဖြစ်ကုန်၏ (ပါတုဘူတာ)၊ ဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (ဥပ္ပန္နာ)၊ ကောင်းစွာ ဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (သမုပ္ပန္နာ)၊ ပေါ်ပေါက်ဆဲဖြစ်ကုန်၏ (ဥဋ္ဌိတာ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်ကုန်၏ (သမုဋ္ဌိတာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်ကုန်၏ (ပစ္စုပ္ပန္နာ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရားအစုအဖို့ဖြင့် ရေတွက်အပ်ကုန်၏ (ပစ္စုပ္ပန္နံသေန သင်္ခဟိတာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သင်္ခါရ') တို့ကို ဖြစ်ဆဲဖြစ်သော ပြုပြင်စီရင်မှု 'ပစ္စုပ္ပန်သင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

၁။ အထူးသတိပြုရန်– 'သင်္ခါရ'ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ'ကို ပြဆိုထားသည်။ (သမ္မော–နှာ– ၁၉)

♣

(၄) အဒ္ဓါတ္တသင်္ခါရ

၂၂။ ထို (သင်္ခါရ ၁၁–မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည်အတွင်းသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'အဒ္ဓါတ္တသင်္ခါရ'တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်းရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည်သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည် ဇိဝှါပသာဒနှင့် အရသာရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟုဆိုအပ်သော အကြင် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် ထိုထိုသတ္တဝါတို့၏အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (အဒ္ဓါတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (နိယကာ)၊ အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကိုစွဲကပ်၍ ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏

အာရုံဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သခ်ါရ') တို့ကိုအတွင်းသန္တာန်၌ ဖြစ်သော ပြုပြင်စီရင်မှု 'အဗ္ဗတ္တသခ်ါရ'တို့ဟု ဆိုအပ်ကုန်၏။

(၅) ဗဟိဒ္ဓသခ်ါရ

ထို (သခ်ါရ ၁၁–မျိုးတို့) တွင် အဘယ်သခ်ါရတို့သည် အပသန္တာန်၌ ဖြစ်သောပြုပြင်စီရင်မှု 'ဗဟိဒ္ဓသခ်ါရ'တို့ မည်ကုန်သနည်း။

မျက်စိအကြည် စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (မျက်စိအတွေ့ကြောင့်ဖြစ်သော စေတနာ) (စက္ခုသမ္ဖဿဇာစေတနာ)၊ နားအကြည် သောတပသာဒနှင့် အသံသဒ္ဒါရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (နားအတွေ့ကြောင့်ဖြစ်သော စေတနာ) (သောတသမ္ဖဿဇာစေတနာ)၊ နှာခေါင်းအကြည် ဃာနပသာဒနှင့် အနံ့ဂန္ဓာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သောစေတနာ (နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေတနာ) (ဃာနသမ္ဖဿဇာစေတနာ)၊ လျှာအကြည်ဇိဝှါပသာဒနှင့် အရသာ ရသာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (လျှာအတွေ့ကြောင့်ဖြစ်သောစေတနာ) (ဇိဝှါသမ္ဖဿဇာစေတနာ)၊ ကိုယ်အကြည် ကာယပသာဒနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိမှုကြောင့် ဖြစ်သော စေတနာ (ကိုယ်အတွေ့ကြောင့်ဖြစ်သော စေတနာ) (ကာယသမ္ဖဿဇာစေတနာ)၊ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှုကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာစေတနာ)ဟု ဆိုအပ်သော အကြင်ပြုပြင်စီရင်မှု 'သခ်ါရ'တို့သည် တစ်ပါးသောသတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (ပရပုဂ္ဂလအဗ္ဗတ္တံ)၊ (တစ်ပါးသောပုဂ္ဂိုလ်တို့၏) ကိုယ်ကို စွဲ၍ဖြစ်ကုန်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာဖြစ်ကုန်၏ (နိယကာ)၊ (တစ်ပါးသောပုဂ္ဂိုလ်တို့၏) အသီးအခြားပုဂ္ဂိုလ်ပိုင် ဥစ္စာ ဖြစ်ကုန်၏ (ပါဋိပုဂ္ဂလိကာ)၊ ခန္ဓာကိုယ်ကိုစွဲကပ်၍ ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်ကုန်၏) (ဥပါဒိန္နာ)။ ဤ (ဆိုခဲ့ပြီးသော ပြုပြင်စီရင်မှု 'သခ်ါရ') တို့ကို အပသန္တာန်၌ဖြစ်သော ပြုပြင်စီရင်မှု 'ဗဟိဒ္ဓ သခ်ါရ'တို့ဟုဆိုအပ်ကုန်၏။

---

(၆) (၇) သြဠာရိကသခ်ါရနှင့် သုခုမသခ်ါရ

၂၃။ ထို (သခ်ါရ ၁၁–မျိုးတို့) တွင် အဘယ်သခ်ါရတို့သည် ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'သြဠာရိကသခ်ါရ'နှင့် နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသခ်ါရ'တို့ မည်ကုန်သနည်း။

.အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ပြုပြင်စီရင်မှု 'အကုသိုလ်သခ်ါရ'တို့ သည်ကြမ်းတမ်းကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ်သခ်ါရ'နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတသခ်ါရ'တို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ (တစ်နည်းကား) ကုသိုလ်သခ်ါရနှင့် အကုသိုလ်သခ်ါရတို့သည် ကြမ်းတမ်းကုန်၏၊ အဗျာကတသခ်ါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သခ်ါရတို့သည် ကြမ်းတမ်းကုန်၏၊ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သခ်ါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သခ်ါရတို့သည် ကြမ်းတမ်းကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော သခ်ါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။ သမာပတ်

မဝင်စားသူ၏သခ်ါရတို့သည် ကြမ်းတမ်းကုန်၏၊ သမာပတ် ဝင်စားသူ၏ သခ်ါရတို့သည်နူးညံ့သိမ်မွေ့ကုန်၏။ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သခ်ါရတို့သည် ကြမ်းတမ်းကုန်၏၊ အာသဝ၏ အာရုံမဟုတ်သောသခ်ါရတို့သည် နူးညံ့သိမ်မွေ့ကုန်၏။ တစ်နည်းကား၊ ထိုထိုသခ်ါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သခ်ါရတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော ပြုပြင်စီရင်မှု 'သြဠာရိကသခ်ါရ'နှင့် နူးညံ့သိမ်မွေ့သော ပြုပြင်စီရင်မှု 'သုခုမသခ်ါရ'တို့ကို မှတ်အပ်ကုန်၏။

(၈) (၉) ဟီနသခ်ါရနှင့် ပဏီတသခ်ါရ

၂၄။ ထို (သခ်ါရ ၁၁–မျိုးတို့) တွင် အဘယ်သခ်ါရတို့သည်ယုတ်ညံ့သော ပြုပြင်စီရင်မှု 'ဟီနသခ်ါရ'နှင့် မြင့်မြတ် သော ပြုပြင်စီရင်မှု 'ပဏီတသခ်ါရ'တို့မည်ကုန်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်သခ်ါရ'တို့သည် ယုတ်ညံ့ကုန်၏၊ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင်စီရင်မှု 'ကုသိုလ်သခ်ါရ'နှင့် ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သည့် ပြုပြင်စီရင်မှု 'အဗျာကတသခ်ါရ'တို့သည် မြင့်မြတ်ကုန်၏၊ ကုသိုလ် သခ်ါရနှင့် အကုသိုလ်သခ်ါရတို့သည် ယုတ်ညံ့ကုန်၏၊ အဗျာကတသခ်ါရတို့သည် မြင့်မြတ်ကုန်၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သခ်ါရတို့သည် ယုတ်ညံ့ကုန်၏၊ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သခ်ါရတို့သည် မြင့်မြတ်ကုန်၏၊ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်ယှဉ်သောသခ်ါရတို့သည် ယုတ်ညံ့ကုန်၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သခ်ါရတို့သည် မြင့်မြတ်ကုန်၏၊ သမာပတ် မဝင်စားသူ၏ သခ်ါရတို့သည် ယုတ်ညံ့ကုန်၏၊ သမာပတ်ဝင်စားသူ၏ သခ်ါရတို့သည်မြင့်မြတ်ကုန်၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သခ်ါရတို့သည် ယုတ်ညံ့ကုန်၏၊ အာသဝ၏အာရုံမဟုတ်သော သခ်ါရတို့သည် မြင့်မြတ်ကုန်၏၊ တစ်နည်းကား၊ ထိုထိုသခ်ါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သခ်ါရတစ်ခုနှင့် တစ်ခုကို နှိုင်းရှည့်ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော 'ဟီနသခ်ါရ'နှင့် မြင့်မြတ်သော 'ပဏီတသခ်ါရ'တို့ကို မှတ်အပ်ကုန်၏။

၁။ အထူးသတိပြုရန်– 'သခ်ါရ'ပုဒ်အရ ပဓာနနည်းအားဖြင့် 'စေတနာ'ကို ပြဆိုထားသည်။ (ဝိဘင်းအပိုဒ်–၂၁, ၂၂)

♣

(၁၀) ဒုရေသခ်ါရ

၂၅။ ထို (သခ်ါရ ၁၁–မျိုးတို့) တွင် အဘယ်သခ်ါရတို့သည် ဝေးသော အသိခက်သောပြုပြင်စီရင်မှု 'ဒုရေသခ်ါရ'တို့ မည်ကုန်သနည်း။

အကုသိုလ်သခ်ါရတို့သည် ကုသိုလ်သခ်ါရနှင့် အဗျာကတသခ်ါရတို့မှ ဝေးကုန်၏၊ ကုသိုလ်သခ်ါရနှင့်အဗျာကတသခ်ါရတို့သည် အကုသိုလ်သခ်ါရတို့မှ ဝေးကုန်၏။

ကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရနှင့် အဗျာကတသင်္ခါရတို့မှ ဝေးကုန်၏။ အကုသိုလ်သင်္ခါရနှင့်အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရမှ ဝေးကုန်၏။ အဗျာကတသင်္ခါရတို့သည် ကုသိုလ်သင်္ခါရနှင့် အကုသိုလ်သင်္ခါရတို့မှ ဝေးကုန်၏။ ကုသိုလ်သင်္ခါရနှင့်အကုသိုလ်သင်္ခါရတို့သည် အဗျာကတသင်္ခါရမှ ဝေးကုန်၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရ တို့မှဝေးကုန်၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့မှ ဝေးကုန်၏။ သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရ တို့မှဝေးကုန်၏။ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့မှ ဝေးကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရ တို့မှဝေးကုန်၏။ သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော သင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သောသင်္ခါရတို့မှ ဝေးကုန်၏။ သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် ဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏။ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် မဝင်စားသူ၏ သင်္ခါရတို့မှ ဝေးကုန်၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံမဟုတ် သောသင်္ခါရတို့မှ ဝေးကုန်၏။ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံဖြစ်သောသင်္ခါရတို့မှ ဝေးကုန်၏။ ဤ (ဆိုခဲ့ပြီးသော သင်္ခါရ) တို့ကို ဝေးသော ပြုပြင်စီရင်မှု 'ဒုရေသင်္ခါရ'တို့ဟုဆိုအပ်ကုန်၏။

(၁၁) သန္တိကေသင်္ခါရ

ထို (သင်္ခါရ ၁၁–မျိုးတို့) တွင် အဘယ်သင်္ခါရတို့သည် နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ'တို့ မည်ကုန်သနည်း။

အကုသိုလ်သင်္ခါရတို့သည် အကုသိုလ်သင်္ခါရတို့နှင့် နီးကုန်၏။ ကုသိုလ်သင်္ခါရတို့သည် ကုသိုလ်သင်္ခါရတို့နှင့် နီးကုန်၏။ အဗျာကတသင်္ခါရတို့သည် အဗျာကတသင်္ခါရတို့နှင့် နီးကုန်၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏။ သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့သည် အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရတို့နှင့် နီးကုန်၏။ သမာပတ် မဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် မဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏။ သမာပတ်ဝင်စားသူ၏ သင်္ခါရတို့သည် သမာပတ် ဝင်စားသူ၏ သင်္ခါရတို့နှင့် နီးကုန်၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံဖြစ်သောသင်္ခါရတို့နှင့် နီးကုန်၏။ အာသဝ၏ အာရုံမဟုတ်သော သင်္ခါရတို့သည် အာသဝ၏ အာရုံမဟုတ်သောသင်္ခါရတို့နှင့် နီးကုန်၏။ ဤ (ဆိုခဲ့ပြီးသောသင်္ခါရ) တို့ကို နီးသော ပြုပြင်စီရင်မှု 'သန္တိကေသင်္ခါရ'တို့ဟုဆိုအပ်ကုန်၏။ တစ်နည်းကား ထိုထိုသင်္ခါရတို့ကို ထောက်ဆ၍ ထောက်ဆ၍ (သင်္ခါရတစ်ခုနှင့် တစ်ခုကို နှိုင်းရည်ထောက်ဆခြင်းအားဖြင့်) ဝေးသော ပြုပြင်စီရင်မှု 'ဒုရေသင်္ခါရ'နှင့် နီးသော ပြုပြင်စီရင်မှု 'သန္တိကေ့သင်္ခါရ'တို့ကို မှတ်အပ်ကုန်၏။

၅–ဝိညာဏကွန္ဓ (သိမှုအစု)

ဝိညာဏကွန္ဓာ (ဝိညာဏ် ၁၁–မျိုး)

၂၆။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏကွန္ဓာ' မည်သနည်း။

ဖြစ်ပြီးသော သိမှု 'အတိက်ဝိညာဏ်'၊ ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်'၊ ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်'၊ အတွင်းသန္တာန်၌ ဖြစ်သော သိမှု 'အဇ္ဈတ္တဝိညာဏ်'၊ အပသန္တာန်၌ ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်'၊ ကြမ်းတမ်းသော သိမှု 'သြဠာရိကဝိညာဏ်'၊ နူးညံ့သိမ်မွေ့သော သိမှု 'သုခုမ ဝိညာဏ်'၊ ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်"၊ မြင့်မြတ်သော သိမှု 'ပဏီတဝိညာဏ်'၊ ဝေးသော သိမှု 'ဒူရေဝိညာဏ်'၊ နီးသော သိမှု 'သန္တိကေဝိညာဏ်'တည်းဟူသော အလုံးစုံသော ဝိညာဏ်သည် ရှိ၏။ ထို (အားလုံးသော သိမှုဝိညာဏ် ၁၁–မျိုးတို့) ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသောဤသဘောကို သိမှုအစု 'ဝိညာဏကွန္ဓာ'ဟု ဆိုအပ်၏။

---

(၁) အတိက်ဝိညာဏ်

၂၇။ ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်ပြီးသော သိမှု 'အတိက်ဝိညာဏ်' မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် လွန်ပြီးဖြစ်၏ (အတီတ်)၊ ချုပ်ပြီးဖြစ်၏ (နိုရုဒ္ဓ)၊ ကင်းပြီးဖြစ်၏ (ဝိဂတ်)၊ ဖောက်ပြန်ခြင်းသို့ ရောက်ပြီးဖြစ်၏ (ဝိပရိဏာတ်)၊ ချုပ်ခြင်းသို့ ရောက်ပြီးဖြစ်၏ (အတ္ထင်္ဂတ်)၊ အလွန်ချုပ်ခြင်းသို့ရောက်ပြီးဖြစ်၏ (အဇ္ဈတ္ထင်္ဂတ်)၊ ဖြစ်ပြီး၍ ကင်းပျောက်ပြီးဖြစ်၏ (ဥပ္ပဇ္ဇိတ္မာ ဝိဂတ်)၊ လွန်ပြီးဖြစ်၏ (အတီတ်)၊ လွန်ပြီးသော အတိက်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အတီတ်သေန သင်္ခဟိတ်)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဖြစ်ပြီးသော သိမှု 'အတိက်ဝိညာဏ်'ဟု ဆိုအပ်၏။

(၂) အနာဂတ်ဝိညာဏ်

ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် မဖြစ်ပေါ်သေး (အဇာတ်)၊ မထင်ရှားသေး (အဘူတ်)၊ ကောင်းစွာ မဖြစ်ရှိသေး (အသဇ္ဇာတ်)၊ မဖြစ်သေး (အနိဗ္ဗတ္တ)၊ အသစ်မဖြစ်သေး (အနဘိနိဗ္ဗတ္တ)၊ ထင်ရှားမဖြစ်သေး (အပါတုဘူတ်)၊ မဖြစ်ပေါ်သေး (အနုပ္ပန္နံ)၊ ကောင်းစွာမဖြစ်ပေါ်သေး (အသမုပ္ပန္နံ)၊ မပေါ်ပေါက်သေး (အနုဋ္ဌိတ်)၊ ကောင်းစွာ မပေါ်ပေါက်သေး (အသမုဋ္ဌိတ်)၊ မရောက်လာသေး (အနာဂတ်)၊ မရောက်လာ သေးသော

အနာဂတ်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (အနာဂတ်သေန သင်္ဂီဟိတာ)။ ဤ (ဆိုခဲ့ပြီး သော ဝိညာဏ်အပေါင်း) ကို ဖြစ်လတ္တံ့သော သိမှု 'အနာဂတ်ဝိညာဏ်'ဟု ဆိုအပ်၏။

(၃) ပစ္စုပ္ပန်ဝိညာဏ်

ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ঘာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏ (ဇာတံ)၊ ထင်ရှားဖြစ်ဆဲဖြစ်၏ (ဘူတံ)၊ ကောင်းစွာ ဖြစ်ရှိ ဆဲဖြစ်၏ (သဠာတံ)၊ ဖြစ်ဆဲဖြစ်၏ (နိဗ္ဗတ္တံ)၊ အသစ်ဖြစ်ဆဲဖြစ်၏ (အဘိနိဗ္ဗတ္တံ)၊ ထင်ရှားဖြစ်ဆဲ ဖြစ်၏ (ပါတုဘူတံ)၊ ဖြစ်ပေါ်ဆဲဖြစ်၏ (ဥပ္ပန္နံ)၊ ကောင်းစွာဖြစ်ပေါ်ဆဲဖြစ်၏ (သမုပ္ပန္နံ)၊ ပေါ်ပေါက်ဆဲဖြစ်၏ (ဥဋ္ဌိတံ)၊ ကောင်းစွာ ပေါ်ပေါက်ဆဲဖြစ်၏ (သမုဋ္ဌိတံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်၏ (ပစ္စုပ္ပန္နံ)၊ ယခုဖြစ်ပေါ်ဆဲဖြစ်သော ပစ္စုပ္ပန်တရား အစုအဖို့ဖြင့် ရေတွက်အပ်၏ (ပစ္စုပ္ပန္နံသေနသင်္ဂီဟိတံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဖြစ်ဆဲဖြစ်သော သိမှု 'ပစ္စုပ္ပန်ဝိညာဏ်'ဟု ဆိုအပ်၏။

---

(၄) အဋ္ဌတ္တဝိညာဏ်

၂၈။ ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် အတွင်းသန္တာန်၌ ဖြစ်သောသိမှု 'အဋ္ဌတ္တဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ঘာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် ထိုထိုသတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်၏ (အဋ္ဌတ္တံ)၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ (ပစ္စတ္တံ)၊ မိမိကိုယ်ပိုင်ဥစ္စာဖြစ်၏ (နိယကံ)၊ အသီးအခြားပုဂ္ဂိုလ်ပိုင်ဥစ္စာဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာ ကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ် အပေါင်း) ကို အတွင်းသန္တာန်၌ ဖြစ်သောသိမှု 'အဋ္ဌတ္တဝိညာဏ်'ဟု ဆိုအပ်၏။

(၅) ဗဟိဒ္ဓဝိညာဏ်

ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် အပသန္တာန်၌ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်' မည်သနည်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ঘာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဆိုအပ်သော အကြင်ဝိညာဏ်သည် တစ်ပါးသော သတ္တဝါ, တစ်ပါးသော ပုဂ္ဂိုလ်တို့၏ အတွင်းသန္တာန်၌ ဖြစ်၏ (ပရပုဂ္ဂလအဋ္ဌတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ကိုစွဲ၍ဖြစ်၏ (ပစ္စတ္တံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) ကိုယ်ပိုင်ဥစ္စာ ဖြစ်၏ (နိယကံ)၊ (တစ်ပါးသော ပုဂ္ဂိုလ်တို့၏) အသီးအခြား ပုဂ္ဂိုလ်ပိုင်ဥစ္စာ ဖြစ်၏ (ပါဋိပုဂ္ဂလိကံ)၊ ခန္ဓာကိုယ်ကို စွဲကပ်၍ ဖြစ်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်၏) (ဥပါဒိန္နံ)။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို အပသန္တာန်၌ ဖြစ်သော သိမှု 'ဗဟိဒ္ဓဝိညာဏ်'ဟု ဆိုအပ်၏။

---

(၆) (၇) သြဠာရိကဝိညာဏ်နှင့် သုခုမဝိညာဏ

၂၉။ ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ် သည် ကြမ်းတမ်းသော သိမှု 'သြဠာရိကဝိညာဏ်'နှင့် နူးညံ့ သိမ်မွေ့သော သိမှု 'သုခုမဝိညာဏ်' မည်သနည်း။

အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော သိမှု 'အကုသိုလ်ဝိညာဏ်'သည် ကြမ်းတမ်း၏။ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမှု 'ကုသိုလ်ဝိညာဏ်'နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော သိမှု 'အဗျာကတဝိညာဏ်'တို့သည် နူးညံ့သိမ်မွေ့ကုန်၏။ (တစ်နည်းကား) ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏။ အဗျာကတ ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ် သည် ကြမ်းတမ်း၏။ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် နူးညံ့သိမ်မွေ့ကုန်၏။ (တစ်နည်းကား) သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ကြမ်းတမ်းကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် နူးညံ့ သိမ်မွေ့၏။ သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် ကြမ်းတမ်း၏။ သမာပတ်ဝင်စားသူ၏ ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် ကြမ်းတမ်း၏။ အာသဝ၏ အာရုံ မဟုတ်သော ဝိညာဏ်သည် နူးညံ့သိမ်မွေ့၏။ တစ်နည်းကား ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို နှိုင်းရည့် ထောက်ဆခြင်းအားဖြင့်) ကြမ်းတမ်းသော သိမှု 'သြဠာရိကဝိညာဏ်'နှင့် နူးညံ့သိမ်မွေ့သော သိမှု 'သုခုမဝိညာဏ်'ကို မှတ်အပ်၏။

(၈) (၉) ဟီနဝိညာဏ်နှင့် ပဏီတဝိညာဏ်

၃၀။ ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ် သည် ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်'နှင့် မြင့်မြတ် သော သိမှု 'ပဏီတဝိညာဏ်' မည်သနည်း။

အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော သိမှု 'အကုသိုလ်ဝိညာဏ်'သည် ယုတ်ညံ့၏။ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော သိမှု 'ကုသိုလ်ဝိညာဏ်'နှင့် ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော သိမှု 'အဗျာကတဝိညာဏ်'တို့သည် မြင့်မြတ်ကုန်၏။ (တစ်နည်းကား) ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် ယုတ်ညံ့ကုန်၏။ အဗျာကတဝိညာဏ်သည် မြင့်မြတ်၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် ယုတ်ညံ့၏။ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့နှင့် ယှဉ် သော ဝိညာဏ်တို့သည် မြင့်မြတ်ကုန်၏။ (တစ်နည်းကား) သုခဝေဒနာ ဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်တို့သည် ယုတ်ညံ့ကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် မြင့်မြတ်၏။ သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် ယုတ်ညံ့၏။ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် မြင့်မြတ်၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် ယုတ်ညံ့၏။ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် မြင့်မြတ်၏။ တစ်နည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို

နှိုင်းရည့် ထောက်ဆခြင်းအားဖြင့်) ယုတ်ညံ့သော သိမှု 'ဟီနဝိညာဏ်'နှင့် မြင့်မြတ်သော သိမှု 'ပဏီတဝိညာဏ်'ကို မှတ်အပ်၏။

---

(၁၀) ဒုရေဝိညာဏ်

၃၁။ ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် ဝေးသော သိမှု 'ဒုရေ ဝိညာဏ်' မည်သနည်း။

အကုသိုလ်ဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့မှ ဝေး၏။ ကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့သည် အကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။ ကုသိုလ်ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် အဗျာကတဝိညာဏ်တို့မှ ဝေး၏။ အကုသိုလ်ဝိညာဏ် နှင့် အဗျာကတဝိညာဏ်တို့သည် ကုသိုလ်ဝိညာဏ်မှ ဝေးကုန်၏။ အဗျာကတဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့မှ ဝေး၏။ ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့သည် အဗျာကတဝိညာဏ်မှ ဝေးကုန်၏။ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ် တို့မှ ဝေး၏။ သုခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သောဝိညာဏ်တို့သည် ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။ သုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ် တို့မှ ဝေး၏။ ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်တို့သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ် တို့မှ ဝေး၏။ သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်တို့သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်မှ ဝေးကုန်၏။ သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် ဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏။ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်မှ ဝေး၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်မှ ဝေး၏။ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံဖြစ်သော ဝိညာဏ်မှ ဝေး၏။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ်အပေါင်း) ကို ဝေးသော သိမှု 'ဒုရေဝိညာဏ်'ဟု ဆိုအပ်၏။

(၁၁) သန္တိကေဝိညာဏ်

ထို (ဝိညာဏ် ၁၁–မျိုးတို့) တွင် အဘယ်ဝိညာဏ်သည် နီးသော သိမှု 'သန္တိကေဝိညာဏ်' မည်သနည်း။

အကုသိုလ်ဝိညာဏ်သည် အကုသိုလ်ဝိညာဏ်နှင့် နီး၏။ ကုသိုလ်ဝိညာဏ်သည် ကုသိုလ်ဝိညာဏ်နှင့် နီး၏။ အဗျာကတဝိညာဏ်သည် အဗျာကတဝိညာဏ်နှင့် နီး၏။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏။ ဒုက္ခ ဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏။ အဒုက္ခမသုခဝေဒနာ နှင့် ယှဉ်သော ဝိညာဏ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်နှင့် နီး၏။ သမာပတ် မဝင်စားသူ၏ ဝိညာဏ်သည် သမာပတ် မဝင်စားသူ၏ ဝိညာဏ်နှင့် နီး၏။ သမာပတ် ဝင်စားသူ၏ ဝိညာဏ်သည် သမာပတ်ဝင်စားသူ၏ ဝိညာဏ်နှင့်

နီး၏။ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏ်သည် အာသဝ၏ အာရုံဖြစ်သော ဝိညာဏ်နှင့် နီး၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ်သည် အာသဝ၏ အာရုံမဟုတ်သော ဝိညာဏ် နှင့် နီး၏။ ဤ (ဆိုခဲ့ပြီးသော ဝိညာဏ် အပေါင်း) ကို နီးသော သိမှု 'သန္တိကေဝိညာဏ်'ဟု ဆိုအပ်၏။

တစ်နည်းကား၊ ထိုထိုဝိညာဏ်ကို ထောက်ဆ၍ ထောက်ဆ၍ (ဝိညာဏ်တစ်ခုနှင့် တစ်ခုကို နှိုင်းရည့် ထောက်ဆခြင်းအားဖြင့်) ဝေးသော သိမှု 'ဒူရေဝိညာဏ်'နှင့် နီးသော သိမှု 'သန္တိကေဝိညာဏ်'ကို မှတ်အပ်၏။

ခန္ဓာတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော

သုတ္တန္တဘာဇနီယနည်း ပြီး၏။

၂–အဘိဓမ္မဘာဇနီယ

(အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း)

ခန္ဓာငါးပါး

၃၂။ ခန္ဓာငါးပါးတို့ကား– ရုပ်အစု 'ရူပက္ခန္ဓာ'၊ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ သိမှုအစု 'ဝိညာဏက္ခန္ဓာ'တို့တည်း။

၁–ရူပက္ခန္ဓာ

ဧကကနည်း ၄၃–ပါး

(တစ်ပါးစီပြားသောနည်းအားဖြင့် ဟောကြားအပ်သော ဧကကနည်း ၄၃–ပါး)

ဧကကနည်း ၄၃–ပါး

၃၃။ ထို (ခန္ဓာငါးပါးတို့) တွင် အဘယ်သည် ရုပ်အစု 'ရူပက္ခန္ဓာ' မည်သနည်း။

တစ်ပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃–ပါး ဖြစ်၏။ ရုပ်အားလုံးသည်

(၁) အကြောင်းရင်းဟိတ် မမည် (နေ ဟေတု)။

(၂) အကြောင်းရင်းဟိတ် မရှိ (ဟိတ်နှင့် မယှဉ်) (အဟေတုက)။

(၃) အကြောင်းရင်းဟိတ်နှင့် မယှဉ် မရောနှော (ဟေတုဝိပ္ပယုတ္တ)။

(၄) (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော) အကြောင်းအရာတို့နှင့် တကွ (အကြောင်းတရားတို့ကြောင့်) ဖြစ်၏ (သပ္ပစ္စယ)။

(၅) (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းအရာတို့သည်) ပြုပြင်စီရင်အပ်၏ (သင်္ခံတ)။

(၆) ဆန့်ကျင်ဘက်အကြောင်းအရာတို့ကြောင့် ဖောက်ပြန်တတ်၏ (ရူပ)။

(၇) ဖြစ်တတ် ပျက်တတ်သော လောကၽွန် အကျိုးဝင်၏ (လောကိယ)။

(၈) (သတ္တဝါတို့၏သန္တာန်ၽွန်) ယိုစီးဖြစ်ပွားနေတတ် မူးယစ်မိုက်မဲစေတတ်သော အာသဝေါတရားတို့၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (သာသဝ)။

(၉) သံယောဇဉ်တို့၏ အစီးအပွား (သံယောဇဉ်တို့၏ အာရုံ) ဖြစ်၏ (သံယောဇနိယ)။

(၁၀) (ဝဋ္ဋဆင်းရဲၽွန်) ဆက်စပ်ထုံးဖွဲ့မှု 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ဂန္ထနိယ)။

(၁၁) (ဝဋ္ဋဆင်းရဲၽွန်) နစ်မြုပ်စေမှု 'သြဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (သြဃနိယ)။

(၁၂) (ဝဋ္ဋဆင်းရဲၽွန်) ယှဉ်စေမှု 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏ (ယောဂနိယ)။

(၁၃) ဗျာန် မဂ် ဖိုလ်တို့ကို ပိတ်ပင်မှု 'နီဝရဏ'တို့၏ အာရုံဖြစ်၏ (နီဝရဏီယ)။

(၁၄) (မမြဲသည်ကို မြဲ၏ဟု စသည်ဖြင့်) မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (ပရာမဋ္ဌ)။

(၁၅) ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏ (လောကီတရား) (ဥပါဒါနိယ)။

(၁၆) ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သည့် 'ကိလေသာ'တို့၏ အာရုံဖြစ်၏ (သံကိလေသိက)။

(၁၇) ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ် (အဗျာကတ)။

(၁၈) အာရုံပြုခြင်းမရှိ (အာရုံကို ယူနိုင်သော သဘောမရှိ) (အနာရမ္မဏ)။

(၁၉) စိတ်ၽွန် မယှဉ် (အစေတသိက)။

(၂၀) စိတ်နှင့် မယှဉ် (မပေါင်း မစပ် မရောနှော) (စိတ္တဝိပ္ပယုတ္တ)။

(၂၁) အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော သဘော) ရှိသည်လည်း မဟုတ် (နေဝဝိပါက နဝိပါကဓမ္မဓမ္မ)။

(၂၂) ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တရားတို့သည် မပူပန်စေအပ် မနှိပ်စက်အပ်ကုန်သည်ဖြစ်၍ (ကိလေသာနှင့် မယှဉ်မူ၍) ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တရားတို့ကို ရခြင်းငှါသာ ထိုက်တန်၏ (ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်၏) (အသံကိလိဋ္ဌ သံကိလေသိက)။)

(၂၃) ကြံစည်မှု 'ဝိတက်'နှင့်လည်းတကွ သုံးသပ်မှု 'ဝိစာရ'နှင့်လည်းတကွ ဖြစ်သည်မဟုတ် (ဝိတက်, ဝိစာရတို့နှင့် မယှဉ်) (နေ သဝိတက္ကသဝိစာရ)။

(၂၄) ကြံစည်မှု 'ဝိတက်'မရှိမူ၍ သုံးသပ်မှု 'ဝိစာရ'မျှသာ ရှိသော တရားမဟုတ် (နေ အဝိတက္က ဝိစာရမတ္တ)။

(၂၅) ကြံစည်မှု 'ဝိတက်'လည်း မရှိ, သုံးသပ်မှု 'ဝိစာရ'လည်း မရှိ (အဝိတက္က အဝိစာရ)။

(၂၆) နှစ်သက်မှု 'ပီတိ'နှင့် တကွဖြစ်သည် မဟုတ် (ပီတိနှင့်မယှဉ်) (နေ ပီတိသဟဂတ)။

(၂၇) ချမ်းသာမှု 'သုခ'နှင့်တကွဖြစ်သည် မဟုတ် (သုခဝေဒနာနှင့် မယှဉ်) (နေ သုခသဟဂတ)။

(၂၈) လျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သည် မဟုတ် (ဥပေက္ခာနှင့် မယှဉ်) (နေ ဥပေက္ခာ သဟဂတ)။

(၂၉) (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ် (နေဝဒဿ နေန နဘာဝနာယ ပဟာတဗ္ဗ)။

(၃၀) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါး တို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် (သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ် တို့နှင့်လည်း မယှဉ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်တို့နှင့်လည်း မယှဉ်ချေ) (နေဝ ဒဿနေန နဘာဝနာယ ပဟာတဗ္ဗဟေတုက)။

(၃၁) ပဋ္ဌိသန္ဓေစုတိသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ (ပဋ္ဌိသန္ဓေကို ဖြစ်စေနိုင်သော တရား လည်း မဟုတ်, စုတိကို ဖြစ်စေနိုင်သော တရားလည်း မဟုတ်မူ၍) နိဗ္ဗာန်သို့ ရောက် ကြောင်းလည်း မဟုတ် (နေဝ အာစယဂါမိ နေ အပစယဂါမိ)။

(၃၂) (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက် (မဂ်ပုဂ္ဂိုလ်၄–ယောက်, အောက်ဖိုလ် ၃–ယောက်) တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်သော) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်၏ ဥစ္စာလည်း မဟုတ် (နေဝ သေက္ခ နာသေက္ခ)။

(၃၃) နည်းပါးသော အာနုဘော်ရှိ၏ (ကာမတရားဖြစ်၏) (ပရိတ္တ)။

(၃၄) ကာမဘုံ၌ သက်ဝင်၍ ဖြစ်၏ (ကာမတဏှာ၏ ကျင်လည်ကျက်စားရာဖြစ်၏) (ကာမာဝစရ)။

(၃၅) ရူပဘုံ၌ သက်ဝင်၍ မဖြစ် (ရူပတဏှာ၏ ကျင်လည်ကျက်စားရာ မဟုတ်) (နေ ရူပါဝစရ)။

(၃၆) အရူပဘုံ၌ သက်ဝင်၍ မဖြစ် (အရူပတဏှာ၏ ကျင်လည်ကျက်စားရာ မဟုတ်) (နေ အရူပါဝစရ)။

(၃၇) ဝဋ်ဆင်းရဲ၌ အကျုံးဝင်၏ (ပရိယာပန္နေ)။

(၃၈) ဝဋ္ဋဆင်းရဲ၌ အကျိုးမဝင်သည့် 'အပရိယာပန္နဲ'တရားမဟုတ် (လောကုတ္တရာတရားမဟုတ်) (နော အပရိယာပန္နဲ)။

(၃၉) စုတိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော တရားလည်း မဟုတ်မူ၍ မိမိ၏ အခြားမဲ့၌ အကျိုး ပေးမြဲသော တရားလည်း မဟုတ် (အနိယတ)။

(၄၀) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ် (အနိယျာနိက)။

(၄၁) ဝိညာဉ်ခြောက်ပါးတို့ဖြင့် သိအပ်သည့် ဖြစ်ဆဲဖြစ်သော တရားဖြစ်၏ (ဥပဓိနှင့် ဆဟိဝိညာ ဏေဟိ ဝိညေယျ)။

(၄၂) (ဖြစ်ပြီးသည့်နောက် တည်တံ့ မနေခြင်းကြောင့်) မမြဲ (အနိစ္စ)။

(၄၃) အိုမှု, ရင့်ရော်ဆွေးမြေ့မှု 'ဇရာ'သည် လွမ်းမိုးနှိပ်စက်အပ်၏ (ဇရာဘိဘူတ)။ ဤသို့ တစ်ပါးစီပြားသော နည်းအားဖြင့် ရူပက္ခန္ဓာသည် ၄၃–ပါး ဖြစ်၏။

တစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဧကကနည်း ၄၃–ပါး ပြီး၏။

၁။ ဓမ္မသင်္ဂဏီ မြန်မာပြန် ပဒ–၅၈၄၊ နာ ၂၂၅–၂၂၇။

♣

ဒုကနည်း ၁၀၄–ပါး

(နှစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄–ပါး)

ဒုကနည်း ၁၀၄–ပါးံ။ ။ နှစ်ပါးစီပြားသောနည်းအားဖြင့် ရူပက္ခန္ဓာသည် ၁၀၄–ပါး ဖြစ်၏။

၁။ ဓမ္မသင်္ဂဏီ ပဒ ၅၈၄၊ နာ ၂၂၇–၂၃၃။

♣

ပကိဏ္ဏကဒုကနည်း ၁၄–ပါး

၁ (က)။ ။ (မဟာဘုတ်ကို) မှီ၍ဖြစ်သော ရုပ်သည် ရှိ၏ (ဥပါဒါရုပ် ၂၄–ပါး)။

(ခ)။ ။ (ဥပါဒါရုပ်မှီသကဲ့သို့ မဟာဘုတ်ကို) မမှီမူ၍ ဖြစ်သော ရုပ်သည် ရှိ၏ (နော ဥပါဒါရုပ်) (မဟာဘုတ်လေးပါး)။

၂ (က)။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့်ကံသည်) အကျိုး၏အဖြစ်ဖြင့် စွဲယူအပ်သော ရုပ်သည် ရှိ၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သောရုပ်) (ဥပါဒိန္နရုပ်) (ကမ္မဇရုပ်)။

(ခ)။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်) (အနုပါဒိန္နရုပ်)။

၃ (က)။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ် ဖြင့်လည်း စွဲယူအပ်သည်ဖြစ်၍ ဥပါဒါန်ိတို့၏ အစီးအပွား (အာရုံ) လည်း ဖြစ်သော ရုပ်သည် ရှိ၏ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်သောရုပ်) (ဥပါဒိန္နုပါဒါနိယရုပ်) (ကမ္မဇရုပ်)။

(ခ)။ ။ အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်ကုန်မူ၍ လွန်စွာ စွဲလမ်းတတ်သော ဥပါဒါန်တရားတို့၏ အာရုံသာ ဖြစ်သော ရုပ်သည် ရှိ၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော စိတ္တဇရုပ်, ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ) (အနုပါဒိန္နုပါဒါနိယရုပ်)။

၄ (က)။ ။ မြင်ခြင်းနှင်တကွဖြစ်သော (မြင်အပ်သောသဘောရှိသော) ရုပ်သည် ရှိ၏ (သနိဒဿ နရုပ်) (မြင်အပ်သော ရူပါရုံ)။

(ခ)။ ။ မြင်ခြင်းနှင့်တကွမဖြစ်သော (မြင်အပ်သောသဘောမရှိသော) ရုပ်သည် ရှိ၏ (အနိဒဿ နရုပ်) (ရူပါရုံမှတစ်ပါး အခြားသောရုပ်များ)။

၅ (က)။ ။ ထိပါး (တိုက်ခိုက်) ခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သောသဘောရှိသော) ရုပ်သည် ရှိ၏ (သပ္ပဋိဃရုပ်) (ဩဇာရိကရုပ်)။

(ခ)။ ။ ထိပါး (တိုက်ခိုက်) ခြင်းနှင့်တကွ မဖြစ်သော (ထိပါးတတ်သောသဘောမရှိသော) ရုပ်သည် ရှိ၏ (အပ္ပဋိဃရုပ်) (သုခုမရုပ်)။

၆ (က)။ ။ (ဆိုင်ရာကိစ္စ၌) အစိုးရသောရုပ်သည် ရှိ၏ (ဣန္ဒြိယရုပ်)။

(ခ)။ ။ (ဆိုင်ရာကိစ္စ၌) အစိုးရသည် မဟုတ်သော (အစိုးမရသော) ရုပ်သည် ရှိ၏ (နဣန္ဒြိယရုပ်)။

၇ (က)။ ။ ကြီးကျယ်ထင်ရှားသော ရုပ်သည် ရှိ၏ (မဟာဘူတရုပ်)။

(ခ)။ ။ ကြီးကျယ်ထင်ရှားသည် မဟုတ်သော ရုပ်သည် ရှိ၏ (နမဟာဘူတရုပ်) (ဥပါဒါရုပ်)။

၈ (က)။ ။ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ဝိညတ္တိရုပ်)။

(ခ)။ ။ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာမဟုတ်သောရုပ်သည် ရှိ၏ (နဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၉ (က)။ ။ စိတ်လျှင်ဖြစ်ကြောင်းရှိသော (စိတ်ကြောင့်ဖြစ်သော) ရုပ်သည် ရှိ၏ (စိတ္တသမุฏฐာန ရုပ်) (စိတ္တဇရုပ်)။

(ခ)။ ။ စိတ်လျှင်ဖြစ်ကြောင်းမရှိသော (စိတ်ကြောင့်မဖြစ်သော) ရုပ်သည် ရှိ၏ (နစိတ္တသမุฏฐာနရုပ်) (ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။

၁၀ (က)။ ။ စိတ်နှင့်တကွဖြစ်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏ (စိတ္တသဟဘုရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ်နှစ်ခု)။

(ခ)။ ။ စိတ်နှင့်တကွဖြစ်သည် မဟုတ်သော (စိတ်နှင့်တကွမဖြစ်သော) ရုပ်သည် ရှိ၏ (နုစိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၁ (က)။ ။ စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့်အတူဖြစ်, အတူပျက်သော) ရုပ်သည် ရှိ၏ (စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့်အတူဖြစ်, အတူပျက်သော ဝိညတ်ရုပ် နှစ်ခု)။

(ခ)။ ။ စိတ်သို့ အစဉ်လိုက်သည် မဟုတ် (စိတ်သို့ အစဉ်မလိုက်) သော ရုပ်သည် ရှိ၏ (နစိတ္တာနုပရိဝတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၂ (က)။ ။ အတွင်းသန္တာန်၌ဖြစ်သောရုပ်သည် ရှိ၏ (အဗ္ဗတ္တိကရုပ်) (ပသာဒရုပ်ငါးခု)။

(ခ)။ ။ အပသန္တာန်၌ဖြစ်သော ရုပ်သည် ရှိ၏ (ဗာဟိရရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၃ (က)။ ။ ကြမ်းတမ်းသောရုပ်သည် ရှိ၏ (သြဠာရိကရုပ်) (သြဠာရိကရုပ် တစ်ဆယ့်နှစ်ခု)။

(ခ)။ ။ သိမ်မွေ့သောရုပ်သည် ရှိ၏ (သုခုမရုပ်) (သုခုမရုပ် ၁၆–ပါး)။

၁၄ (က)။ ။ ဝေးသော (အသိခက်သော) ရုပ်သည် ရှိ၏ (ဒူရေရုပ်) (သုခုမရုပ်များ)။

(ခ)။ ။ နီးကပ်သော (သိလွယ်သော) ရုပ်သည် ရှိ၏ (သန္တိကေရုပ်) (သြဠာရိကရုပ်များ)။

ပကိဏ္ဏကဒုကနည်း ၁၄–ပါး ပြီး၏။

၁။ ဥပါဒါန်၏တရားကိုယ်မှာ တဏှာ ဒိဋ္ဌိ ၂–ပါး ဖြစ်သည်။

၂။ အဗ္ဗတ္တိကဟူ၍ အမည်ပေးထားခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းသန္တာန်၌ဖြစ်သော အကြောင်းတစ်ခုတည်းကြောင့်သာ ပေးထားခြင်း မဟုတ်၊ စင်စစ်မူကား (ကုသိုလ် အကုသိုလ်ကို ဖြစ်စေ နိုင်သည့်) ထူးခြားသော ကိစ္စ သတ္တိများရှိ၍ ကိုယ်ခန္ဓာအား အလွန်အကျူး အထူးပင် ကျေးဇူး များသောကြောင့် အဗ္ဗတ္တိကဟူ၍ အမည်ပေးထားခြင်း ဖြစ်သည်၊ ထို့ကြောင့် ပသာဒ ရုပ်ငါးခုသည်သာ အဗ္ဗတ္တိကဟူသော အမည်ကို ရ၍ ကျန်သော ဘာဝရုပ် ဇီဝိတရုပ်စသော ရုပ်များသည် အတွင်းသန္တာန်၌ ဖြစ်ကြ သော်လည်း အဗ္ဗတ္တိကဟူသောအမည်ကို မရကြချေ၊ ပသာဒရုပ်ငါးခုမှာ အတွင်းအကျဆုံး ရုပ်များဟု ဆိုလိုသည်။

♣

ဝတ္ထု[1]ဒုကနည်း ၂၅–ပါး[2]

၁ (က)။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာတည်ရာရုပ်သည် ရှိ၏ (စက္ခု သမ္ဖဿသ ဝတ္ထု) (စက္ခုပသာဒ)။

(ခ)။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုသမ္ဘဿသဿ နှ ဝတ္ထု) (စက္ခုပသာဒမှ တစ်ပါးသောရုပ်များ)။

၂-၄ (က)။ ။ မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

၅ (က)။ ။ မြင်သိစိတ်၏ မှီရာတည်ရာရုပ်သည် ရှိ၏ (စက္ခုဝိညာဏသ ဝတ္ထု) (စက္ခုပသာဒ)။

(ခ)။ ။ မြင်သိစိတ်၏ မှီရာတည်ရာ မဟုတ်သောရုပ်သည် ရှိ၏ (စက္ခုဝိညာဏသ နှ ဝတ္ထု) (စက္ခု ပသာဒမှ တစ်ပါးသောရုပ်များ)။

၆-၂၀ (က)။ ။ ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ ˚သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ (သောတဝတ္ထုနည်း ၅-ပါး၊ ဃာနဝတ္ထုနည်း ၅-ပါး၊ ဇိဝှါဝတ္ထုနည်း ၅-ပါးတို့ကို ပေယျာလ ချန်ထားသည်)။

၆-၂၀ (ခ)။ ။ ပေယျာလ

၂၁ (က)။ ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာတည်ရာ ရုပ်သည် ရှိ၏ (ကာယ သမ္ဘဿသဿ ဝတ္ထု) (ကာယပသာဒရုပ်)။

(ခ)။ ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာတည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယသမ္ဘဿသဿ နှ ဝတ္ထု) (ကာယပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

၂၂-၂၄ (က)။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) စေတနာ'၏။ပ။ (ကျန် ကာယဝတ္ထုနည်း ၃-ပါးကို ပေယျာလ ချန်ထားသည်)။

၂၅ (က)။ ။ ထိသိစိတ်၏ မှီရာတည်ရာရုပ်သည် ရှိ၏ (ကာယဝိညာဏသဝတ္ထု) (ကာယ ပသာဒရုပ်)။

(ခ)။ ။ ထိသိစိတ်၏ မှီရာတည်ရာ မဟုတ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏသ နှ ဝတ္ထု) (ကာယပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

ဝတ္ထုဒုကနည်း ၂၅-ပါး ပြီး၏။

၁။ တည်ရာ မှီရာ၊ မြေပမာ၊ လွန်စွာကျေးဇူးထုတ် (လယ်တီပရမတ္ထသံခိပ်)

၂။ ဝတ္ထုဒုကနည်းမှစ၍ သုခုမရူပဒုကနည်း ၁၁-ပါးအထိ (ဒုကနည်း ၆-မျိုးတို့ကို) ဝိဘင်းပါဠိတော်၌ ပေယျာလ ချန်ထားသည်၊ သို့ရာတွင် ဝိဘင်းမြန်မာပြန်ကျမ်းကို လေ့လာသူများအတွက် ပြည့်စုံစေရန် ဒုကနည်းအားလုံးတို့ကို ထည့်သွင်းဖော်ပြလိုက်ပါသည်။ (ဓမ္မသင်္ဂဏီ မြန်မာပြန် စာပိုဒ်- ၅၈၄၊ နှာ ၂၂၉-၂၃၃- ရှုပါ)

♣

အာရမ္မဏ[1]ဒုကနည်း ၂၅ ပါး

၁ (က)။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (စက္ခု သမ္ဖဿသဿ အာရမ္မဏ) (ရူပါရုံ)။

(ခ)။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော ရုပ်သည်ရှိ၏ (စက္ခုသမ္ဖဿသဿ နာရမ္မဏ) (ရူပါရုံမှ တစ်ပါးသောရုပ်များ)။

၂-၄ (က)။ ။ မြင်သိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

၅ (က)။ ။ မြင်သိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏသဿ အာရမ္မဏ) (ရူပါရုံ)။

(ခ)။ ။ မြင်သိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (စက္ခုဝိညာဏသဿ နာရမ္မဏ) (ရူပါရုံမှ တစ်ပါးသော ရုပ်များ)။

၆-၂၀ (က)။ ။ ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ (သဒ္ဒါရုံနည်း ၅-ပါး၊ ရသာရုံနည်း ၅-ပါး။ ဂန္ဓာရုံနည်း ၅-ပါးတို့ကို ပေယျာလ ချန်ထားသည်)။

၆-၂၀ (ခ)။ ။ ပေယျာလ

၂၁ (က)။ ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (ကာယ သမ္ဖဿသဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

၂၁ (ခ)။ ။ ထိသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (ကာယ သမ္ဖဿသဿ နာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသောရုပ်များ)။

၂၂-၂၄ (က)။ ။ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) စေတနာ'၏။ပ။ (ကျန် ဖောဋ္ဌဗ္ဗာရုံ ၃-နည်း ပေယျာလ)။

၂၅ (က)။ ။ ထိသိစိတ်၏ အာရုံဖြစ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏသဿ အာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ)။ ။ ထိသိစိတ်၏ အာရုံမဟုတ်သော ရုပ်သည် ရှိ၏ (ကာယဝိညာဏသဿ နာရမ္မဏ) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသောရုပ်များ)။

အာရမ္မဏဒုကနည်း ၂၅-ပါးပြီး၏။

---

[1]။ 'ဆွဲကိုင်, မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ' [လယ်တီပရမတ္ထသံခိပ်]

♣

အာယတန ဒုကနည်း ၁၀–ပါး

၁ (က)။ ။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်ရုပ် 'စက္ခာယတန'သည် ရှိ၏ (စက္ခုပသာဒ)။

(ခ)။ ။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် မဟုတ်သော ရုပ် 'နှ စက္ခာယတန'သည် ရှိ၏ (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၂ (က–ခ)။ ။ ကြားသိစိတ်ဖြစ်ရာ နားအကြည်ရုပ် 'သောတာယတန'သည် ရှိ၏ (သောတပသာဒ)။ပ။ (နှ သောတာယတန)။

၃ (က–ခ)။ ။ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်ရုပ် 'ဃာနာယတန'သည် ရှိ၏ (ဃာနပသာဒ)။ပ။ (နှဃာနာယတန)။

၄ (က–ခ)။ ။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည်ရုပ် 'ဇိဝှါယတန'သည် ရှိ၏ (ဇိဝှါပသာဒ)။ပ။ (နှဇိဝှါယတန)။

၅ (က)။ ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်ရုပ် 'ကာယာယတန'သည် ရှိ၏ (ကာယပသာဒ)။

(ခ)။ ။ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်မဟုတ်သော ရုပ် 'နှ ကာယာယတန'သည် ရှိ၏ (ကာယပသာဒမှ တစ်ပါးသော ရုပ်များ)။

၆ (က)။ ။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်းရုပ် 'ရူပါယတန'သည် ရှိ၏ (ရူပါရုံ)။

(ခ)။ ။ မြင်သိစိတ်ဖြစ်ကြောင်း အဆင်းမဟုတ်သော ရုပ် 'နှ ရူပါယတန'သည် ရှိ၏ (ရူပါရုံမှ တစ်ပါးသော ရုပ်များ)။

၇ (က–ခ)။ ။ ကြားသိစိတ်ဖြစ်ကြောင်း အသံရုပ် 'သဒ္ဒါယတန'သည် ရှိ၏ (သဒ္ဒါရုံ)။ပ။

၈ (က–ခ)။ ။ နံသိစိတ်ဖြစ်ကြောင်း အနံ့ရုပ် 'ဂန္ဓာယတန'သည် ရှိ၏ (ဂန္ဓာရုံ)။ပ။

၉ (က–ခ)။ ။ လျက်သိစိတ်ဖြစ်ကြောင်း အရသာရုပ် 'ရသာယတန'သည် ရှိ၏ (ရသာရုံ)။ပ။

၁၀ (က)။ ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ရုပ် 'ဖောဋ္ဌဗ္ဗာယတန'သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံ)။ပ။

(ခ)။ ။ ထိသိစိတ်ဖြစ်ကြောင်း အတွေ့ရုပ် မဟုတ်သောရုပ် 'နှ ဖောဋ္ဌဗ္ဗာယတန'သည် ရှိ၏ (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ရုပ်များ)။

အာယတန ဒုကနည်း ၁၀–ပါး ပြီး၏။

ဓာတု ဒုကနည်း ၁၀–ပါး

၁ (က)။ ။ မြင်မှုသဘာဝရုပ်သည် ရှိ၏ (စက္ခုဓာတု) (မြင်တတ်သော သဘောရှိသော မျက်စိ အကြည် 'စက္ခုပသာဒ'ရုပ်)။

(ခ)။ ။ မြင်မှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (နှ စက္ခုဓာတု) (စက္ခုပသာဒမှ တစ်ပါး အခြားသောရုပ်များ)။

၂ (က–ခ)။ ။ ကြားမှုသဘာဝရုပ်သည် ရှိ၏ (သောတဓာတု) (ကြားတတ်သော သဘောရှိသော နားအကြည် 'သောတပသာဒ'ရုပ်)။ပ။

၃ (က–ခ)။ ။ နံမှုသဘာဝရုပ်သည် ရှိ၏ (ဃာနဓာတု) (နံတတ်သော သဘောရှိသော နှာခေါင်း အကြည် 'ဃာနပသာဒ'ရုပ်)။ပ။

၄ (က–ခ)။ ။ လျက်မှုသဘာဝရုပ်သည် ရှိ၏ (ဇိဝှါဓာတု) (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒ'ရုပ်)။ပ။

၅ (က)။ ။ ထိမှုသဘာဝရုပ်သည် ရှိ၏ (ကာယဓာတု) (ထိခိုက်တတ်သော သဘောရှိသော ကိုယ်အကြည် 'ကာယပသာဒ'ရုပ်)။

(ခ)။ ။ ထိမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (နှ ကာယဓာတု) (ကာယပသာဒမှ တစ်ပါး အခြားသော ရုပ်များ)။

၆ (က)။ ။ အဆင်းသဘာဝရုပ်သည် ရှိ၏ (ရူပဓာတု) (ရူပါရုံ)။

(ခ)။ ။ အဆင်းသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (နှ ရူပဓာတု) (ရူပါရုံမှတစ်ပါး အခြားသော ရုပ်များ)။

၇ (က–ခ)။ ။ အသံသဘာဝရုပ်သည် ရှိ၏ (သဒ္ဒဓာတု) (သဒ္ဒါရုံ)။ပ။

၈ (က–ခ)။ ။ အနံ့သဘာဝရုပ်သည် ရှိ၏ (ဂန္ဓဓာတု) (ဂန္ဓာရုံ)။ပ။

၉ (က–ခ)။ ။ အရသာသဘာဝရုပ်သည် ရှိ၏ (ရသဓာတု) (ရသာရုံ)။ပ။

၁၀ (က)။ ။ အတွေ့သဘာဝရုပ်သည် ရှိ၏ (ဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံ)။

(ခ)။ ။ အတွေ့သဘော မဟုတ်သော ရုပ်သည် ရှိ၏ (နှ ဖောဋ္ဌဗ္ဗဓာတု) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါး အခြားသောရုပ်များ)။

ဓာတုဒုကနည်း ၁၀–ပါး ပြီး၏။

၁။ 'သတ္တ, ဇီဝ၊ ကင်းစင်ပ၊ ဘာဝ တတ်တိုင်းဖြစ်' [လယ်တီ ပရမတ္ထသံခိပ်]။

♣

ဣန္ဒြိယ ဒုကနည်း ၈–ပါး

၁ (က)။ ။ မြင်ခြင်းဌ အစိုးရမှု (ရှိသော) မျက်စိအကြည်ရုပ်သည် ရှိ၏ (စက္ခုန္ဒြိယ) (စက္ခုပသာဒ)။

(ခ)။ ။ မြင်ခြင်းဌာ် အစိုးရမှု (ရှိသော) မျက်စိအကြည်မဟုတ်သော ရုပ်သည် ရှိ၏ (နစက္ခုန္ဒြိယ) (စက္ခုပသာဒမှ တစ်ပါးသော ရုပ်များ)။

၂ (က–ခ)။ ။ ကြားခြင်းဌာ် အစိုးရမှု (ရှိသော) နားအကြည်ရုပ်သည် ရှိ၏ (သောတိန္ဒြိယ) (သောတ ပသာဒ)။ပ။

၃ (က–ခ)။ ။ နံခြင်းဌာ် အစိုးရမှု (ရှိသော) နှာခေါင်းအကြည်ရုပ်သည် ရှိ၏ (ဃာနိန္ဒြိယ) (ဃာနပသာဒ)။ပ။

၄ (က–ခ)။ ။ လျက်ခြင်းဌာ် အစိုးရမှု (ရှိသော) လျာအကြည်ရုပ်သည် ရှိ၏ (ဇိဝှိန္ဒြိယ) (ဇိဝှါပသာဒ)။ပ။

၅ (က)။ ။ ထိခြင်းဌာ် အစိုးရမှု (ရှိသော) ကိုယ်အကြည်ရုပ်သည် ရှိ၏ (ကာယိန္ဒြိယ) (ကာယ ပသာဒ)။

(ခ)။ ။ ထိခြင်းဌာ် အစိုးရမှု (ရှိသော) ကိုယ်အကြည် မဟုတ်သော ရုပ်သည် ရှိ၏ (နကာယိန္ဒြိယ) (ကာယပသာဒမှ တစ်ပါးသော ရုပ်များ)။

၆ (က)။ ။ မိန်းမ (အမ) ဖြစ်ကြောင်းဌာ် အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ဣတ္ထိန္ဒြိယ) (ဣတ္ထိဘာဝရုပ်)။

(ခ)။ ။ မိန်းမ (အမ) ဖြစ်ကြောင်းဌာ် အစိုးရမှု မဟုတ်သော ရုပ်သည် ရှိ၏ (နဣတ္ထိန္ဒြိယ). (ဣတ္ထိဘာဝရုပ်မှ တစ်ပါးသော ရုပ်များ)။

၇ (က)။ ။ ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်းဌာ် အစိုးရမှု (ရှိသော) ရုပ်သည် ရှိ၏ (ပုရိသိန္ဒြိယ) (ပုရိသဘာဝရုပ်)။

(ခ)။ ။ ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်းဌာ် အစိုးရမှု မဟုတ်သော ရုပ်သည် ရှိ၏ (နပုရိသိန္ဒြိယ) (ပုမ္ဘာဝရုပ်မှ တစ်ပါးသော ရုပ်များ)။

၈ (က)။ ။ အစိုးတရစောင့်ရှောက်မှု (ရှိသော) ရုပ်သည် ရှိ၏ (ဇီဝိတိန္ဒြိယ) (ဇီဝိတရုပ်)။

(ခ)။ ။ အစိုးတရစောင့်ရှောက်မှု မဟုတ်သော ရုပ်သည် ရှိ၏ (နဇီဝိတိန္ဒြိယ) (ဇီဝိတရုပ်မှ တစ်ပါးသော ရုပ်များ)။

ဣန္ဒြိယဒုကနည်း ၈–ပါး ပြီး၏။

၁။ 'ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိစ္စကိုယ်စီစီ' [လယ်တီ ပရမတ္ထသံခိပ်]။

♣

သုခုမရူပဒုကနည်း ၁၂–ပါး

၁ (က)။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ကာယ ဝိညတ္တိ) (ကာယဝိညတ်ရုပ်)။

(ခ)။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (နာ ကာယဝိညတ္တိ) (ကာယဝိညတ်မှ တစ်ပါးသော ရုပ်များ)။

၂ (က)။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာဖြစ်သော ရုပ်သည် ရှိ၏ (ဝစီဝိညတ္တိ) (ဝစီဝိညတ်ရုပ်)။

(ခ)။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ မဟုတ်သော ရုပ်သည် ရှိ၏ (နာ ဝစီဝိညတ္တိ) (ဝစီဝိညတ်မှ တစ်ပါးသော ရုပ်များ)။

၃ (က)။ ။ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝ ရုပ်သည် ရှိ၏ (အာကာသဓာတု) (ပရိစ္ဆေဒရုပ်)။

(ခ)။ ။ မရေးခြစ်အပ်သော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော ဟင်းလင်း) သဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (နာ အာကာသဓာတု) (ပရိစ္ဆေဒရုပ်မှ တစ်ပါးသော ရုပ်များ)။

၄ (က)။ ။ ဖွဲ့စည်းမှုသဘာဝရုပ်သည် ရှိ၏ (အာပေါဓာတု)။

(ခ)။ ။ ဖွဲ့စည်းမှုသဘာဝ မဟုတ်သော ရုပ်သည် ရှိ၏ (နာ အာပေါဓာတု) (အာပေါဓာတ်မှ တစ်ပါးသော ရုပ်များ)။

၅ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ပေါ့ပါးမှုသဘော ရုပ်သည် ရှိ၏ (ရူပဿ လဟုတာ)။

(ခ)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ပေါ့ပါးမှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ နာ လဟုတာ) (ရူပဿ လဟုတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၆ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ နူးညံ့မှုသဘော ရုပ်သည် ရှိ၏ (ရူပဿ မုဒုတာ)။

(ခ)။ ။ (နိပ္ဖန္နဲ) ရုပ်၏ နူးညံ့မှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ နာ မုဒုတာ) (ရူပဿ မုဒုတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၇ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ အလုပ်၌ ခံ့မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျော ဆောင်ရွက်နိုင်မှုသဘော) ရုပ်သည် ရှိ၏ (ရူပဿ ကမ္မညတာ)။

(ခ)။ ။ (နိပ္ဖန္နဲ) ရုပ်၏ အလုပ်၌ ခံ့မှုသဘော (အမှုကိစ္စတို့၌ ပြီးမြောက်အောင် လိုက်လျောဆောင်ရွက်နိုင်မှုသဘော) မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ နာ ကမ္မညတာ) (ရူပဿ ကမ္မညတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၈ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ဖြစ်ပေါ်လာစ ရုပ်သည် ရှိ၏ (ရူပဿ ဥပစယ)။

(ခ)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ဖြစ်ပေါ်လာစ မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ နာ ဥပစယ) (ဥပစယရုပ်မှ တစ်ပါးသော ရုပ်များ)။

၉ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ကြီးပွားဆဲအစဉ် ရုပ်သည် ရှိ၏ (ရူပဿ သန္တတိ)။

(ခ)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ကြီးပွားဆဲအစဉ် မဟုတ်သော ရုပ်သည် ရှိ၏ (ရူပဿ နာ သန္တတိ) (သန္တတိရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၀ (က)။ ။ (နိပ္ဖန္နဲ) ရုပ်၏ ယိုယွင်းရင့်ရော် လျော့ပါးမှုသဘော ရုပ်သည် ရှိ၏ (ရူပဿ ဇရတာ)။

(ခ)။ ။ (နိပ္ပန္နဲ) ရုပ်၏ ယိုယွင်းရင့်ရော်လျော့ပါးမှုသဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပသ နဲ ဇရတာ) (ဇရတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၁ (က)[1]။ ။ (နိပ္ပန္နဲ) ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) သဘောရုပ်သည် ရှိ၏ (ရူပသ အနိစ္စတာ)။

(ခ)။ ။ (နိပ္ပန္နဲ) ရုပ်၏ (ချုပ်ပျက်၍) မမြဲမှု (ပျောက်ပျက်ချုပ်ဆုံးမှု) သဘော မဟုတ်သော ရုပ်သည် ရှိ၏ (ရူပသ နဲ အနိစ္စတာ) (အနိစ္စတာရုပ်မှ တစ်ပါးသော ရုပ်များ)။

၁၂ (က)။ ။ အလုတ်အလွေးပြုအပ်သော အစာအာဟာရ ရုပ်သည် ရှိ၏ (ကဗဠိကာရအာဟာရ)။

(ခ)။ ။ အလုတ်အလွေး ပြုအပ်သော အစာအာဟာရ မဟုတ်သော ရုပ်သည် ရှိ၏ (နကဗဠိကာရ အာဟာရ) (အာဟာရရုပ်မှ တစ်ပါးသော ရုပ်များ)။

ဤသို့ နှစ်ဖို့ (နှစ်စု) အားဖြင့် ရုပ်ကို ရေတွက်အပ်၏။

သုခုမရူပဒုကနည်း ၁၂-ပါး ပြီး၏။

နှစ်ပါးစီပြားသော နည်းအားဖြင့် ဟောကြားအပ်သော ဒုကနည်း ၁၀၄-ပါး ပြီး၏။

၁။ ဝတ္ထုဒုကနည်းမှစ၍ သုခုမဒုကနည်း နံပါတ် ၁၁-အထိ ဒုကနည်း ၆-မျိုးကို ဝိဘင်းပါဠိတော်တွင် ပေယျာလ ချန်ထားခဲ့သည်၊ ယခုမြန်မာပြန်တွင် လေ့လာသူ သုတေသီတို့အတွက် ဖော်ထုတ်ရေးသား ထားသည်။ သုခုမရုပ် ၁၆ ပါး (သောဠသ) ဆိုရိုးဆိုစဉ်မှာ- "အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ (ရူပသ) လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ"ဟု ဖြစ်သည်။

♣

တိကနည်း ၁၀၃-ပါး

(သုံးပါးစီပြားသောနည်းအားဖြင့် ဟောကြားသော တိကနည်း ၁၀၃-ပါး)

တိကနည်း ၁၀၃-ပါး။ ။ သုံးပါးစီပြားသောနည်းအားဖြင့် ရူပကွန္ဓာသည် (၁၀၃-ပါး) ဖြစ်၏။

ပကိဏ္ဏကတိကနည်း ၁၃-ပါး

(အမျိုးတွေက ဥပါဒါတိုက်)

၁ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓေတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မီတတ် သော 'ဥပါဒါ'ရုပ်သာ ဖြစ်၏ (အဒ္ဓေတ္တိကဥပါဒါရုပ်ဖြစ်သော ပသာဒရုပ်ငါးခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မီတတ်သော 'ဥပါဒါ'ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရဥပါဒါရုပ်ဖြစ်သော ဥပါဒါရုပ်များ)။

(ဂ)။ ။ မမီတတ်သော 'နော ဥပါဒါ'ရုပ်လည်း ရှိ၏ (မဟာဘုတ်လေးပါး)။

(အဒ္ဓေတ္တိက ဥပါဒိန္နတိက်)

၂ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ဖြစ်သော 'အဒ္ဓေတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်သော) 'ဥပါဒိန္နဲ'ရုပ် (ကမ္မဇရုပ်) သာ ဖြစ်၏ (အတွင်းသန္ဓာန်၌လည်း ဖြစ်၍ တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်းဖြစ်သော အဒ္ဓေတ္တိကဥပါဒိန္နရုပ်= ကမ္မဇပသာဒရုပ် ငါးခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံ၏ အကျိုးဖြစ်သော) 'ဥပါဒိန္နဲ'ရုပ်လည်း ရှိ၏ (အပသန္ဓာန်၌လည်း ဖြစ်၍ ကံကြောင့်လည်းဖြစ်သော ပသာဒရုပ်မှ တစ်ပါး အခြားသော ဗာဟိရ ဥပါဒိန္နရုပ်= ဗာဟိရ ကမ္မဇရုပ်များ)။

(ဂ)။ ။ တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်သော) 'အနုပါဒိန္နဲ'ရုပ် (ကမ္မဇမဟုတ်သောရုပ်) လည်း ရှိ၏ (ကမ္မဇရုပ်မဟုတ်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)။

(အဒ္ဓေတ္တိက ဥပါဒိန္နုပါဒါနိယတိက်)

၃ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓေတ္တိက'ရုပ်သည် ရှိ၏၊ (ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍ (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ်သော 'ဥပါဒါန်'တရား[1]တို့၏ အာရုံဖြစ်သော ရုပ်သာ ဖြစ်၏ (အဒ္ဓေတ္တိက ဥပါဒိန္နုပါဒါနိယရုပ်= ကမ္မဇပသာဒရုပ်)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) (ကမ္မဇရုပ်လည်းဖြစ်၍) လွန်စွာ စွဲလမ်းတတ် သော 'ဥပါဒါန်'တရားတို့၏ အာရုံဖြစ်သော ရုပ်လည်း ရှိ၏ (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရဥပါဒိန္နုပါဒါနိယ= ကမ္မဇရုပ်များ)။

(ဂ)။ ။ တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) လွန်စွာစွဲလမ်းတတ်သော 'ဥပါဒါန်'တရားတို့၏ အာရုံသာ ဖြစ်သောရုပ်လည်း ရှိ၏ (ကမ္မဇရုပ် မဟုတ်သော ဗာဟိရ အနုပါဒိန္နုပါဒါနိယ= စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်များ)[2]။

(အဗ္ဗတ္တိက အနိဒဿနတိက်)

၄ (က)။ ။ အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် ရှိ၏၊ ထိုအတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော) 'အနိဒဿန'ရုပ်သာ ဖြစ်၏ (အဗ္ဗတ္တိကအနိဒဿနရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ မမြင်အပ်သော ပသာဒ ရုပ်များ)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်အပ်သော သဘော ရှိသော 'သနိဒဿန'ရုပ်လည်း ရှိ၏၊ (ဗာဟိရသနိဒဿနရုပ်) (အပ သန္တာန်၌ ဖြစ်၍ မြင်အပ်သော ရူပါရုံ)။

(ဂ)။ ။ မမြင်အပ်သော (မြင်အပ်သော သဘောမရှိသော) 'အနိဒဿန'ရုပ်လည်း ရှိ၏ (ဗာဟိရအနိဒဿနရုပ်) (ရူပါရုံမှ တစ်ပါးသော အပသန္တာန်၌ ဖြစ်၍ မမြင်အပ် သော 'ဗာဟိရ'ရုပ်များ)။

(အဗ္ဗတ္တိက သပ္ပဋိဃတိက်)

၅ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါး (တိုက်ခိုက်) ခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ'ရုပ်သာ ဖြစ်၏ (အဗ္ဗတ္တိက သပ္ပဋိဃရုပ်) (အတွင်းသန္တာန်၌ဖြစ်၍ ထိပါးတတ်သော သပ္ပဋိဃရုပ်= ပသာဒရုပ် ၅–ပါး)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိပါးခြင်းနှင့် တကွဖြစ်သော (ထိပါးတတ်သော သဘောရှိသော) 'သပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဗာဟိရ သပ္ပဋိဃရုပ်) (ပသာဒရုပ်မှ တစ်ပါးသော အပသန္တာန်၌ဖြစ်၍ ထိပါးတတ် သော သြဠာရိကရုပ် ၇–ပါး= အာရုံငါးပါး)။

(ဂ)။ ။ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ မဖြစ်သော (ထိပါးတတ်သော သဘော မရှိသော) 'အပ္ပဋိဃ'ရုပ်လည်း ရှိ၏ (ဗာဟိရ အပ္ပဋိဃရုပ်) (ထိခိုက်၍ မရသော နူးညံ့သိမ်မွေ့သည့် သုခုမရုပ်)။

(အဗ္ဗတ္တိက ဣန္ဒြိယတိက်)

၆ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာ ကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ'ရုပ်သာ ဖြစ်၏ (အဗ္ဗတ္တိက ဣန္ဒြိယရုပ်) (အတွင်းသန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ဣန္ဒြေထိုက်သော ပသာဒရုပ် ၅–ပါး)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိဆိုင်ရာ ကိစ္စ၌) အစိုးရသော 'ဣန္ဒြိယ'ရုပ်လည်း ရှိ၏ (ဗာဟိရ ဣန္ဒြိယရုပ်) (အပ သန္တာန်၌ ဖြစ်၍ မိမိဆိုင်ရာကိစ္စ၌ အစိုးရသော ဘာဝရုပ်, ဇီဝိတရုပ်)။

(ဂ)။ ။ (မိမိဆိုင်ရာကိစ္စ၌) အစိုးရသည် မဟုတ်သော (အစိုးမရသော) 'နဣန္ဒြိယရုပ်'လည်း ရှိ၏ (ဗာဟိရ နဣန္ဒြိယရုပ်) (ပသာဒရုပ်ငါးခု၊ ဘာဝရုပ်နှစ်ခု၊ ဇီဝိတရုပ်ဟူသော ဣန္ဒြိယရုပ် ရှစ်ခုမှတစ်ပါး အခြားသော နဣန္ဒြိယရုပ်များ)။

(အဖျတ္တိက နှ မဟာဘူတတိက်)

၇ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဖျတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ် မဟုတ်သော ရုပ်သာ ဖြစ်၏ (အဖျတ္တိက နှ မဟာဘူတရုပ်) (အတွင်း သန္ဓာန်၌ ဖြစ်၍ မဟာဘုတ် မဟုတ်သော ပသာဒရုပ်ငါးပါး)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မဟာဘုတ်ရုပ်လည်း ရှိ၏ (ဗာဟိရ မဟာဘူတရုပ်) (အပသန္ဓာန်၌ ဖြစ်သော မဟာဘုတ် ၄–ပါး)။

(ဂ)။ ။ မဟာဘုတ် မဟုတ်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ မဟာဘူတရုပ်) (အပသန္ဓာန်၌ ဖြစ်၍ မဟာဘုတ် မဟုတ်သော ဥပါဒါရုပ်များ)။

(အဖျတ္တိက နှ ဝိညတ္တိတိက်)

၈ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဖျတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာ မဟုတ်သော 'နှ ဝိညတ္တိ'ရုပ်သာ ဖြစ်၏ (အဖျတ္တိက နှ ဝိညတ္တိရုပ်) (အတွင်းသန္ဓာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်း မဟုတ်သော ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာဖြစ်သော 'ဝိညတ္တိ'ရုပ်လည်း ရှိ၏ (ဗာဟိရ ဝိညတ္တိရုပ်) (အပသန္ဓာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိကြောင်းဖြစ်သော ဝိညတ္တိရုပ် ၂–ခု)။

(ဂ)။ ။ (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် အမူအရာ မဟုတ်သော 'နှ ဝိညတ္တိ'ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဝိညတ္တိရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော အပသန္ဓာန်၌ ဖြစ်၍ မိမိ၏ အလိုဆန္ဒကို သိစေတတ်သည့် အမူအရာမဟုတ်သော ဗာဟိရ ရုပ်များ)။

(အဖျတ္တိက နှ စိတ္တသမုဋ္ဌာနတိက်)

၉ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဖျတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့် မဖြစ်သော ရုပ်သာ ဖြစ်၏ (အဖျတ္တိက နှ စိတ္တသမုဋ္ဌာနရုပ်) (အတွင်း သန္ဓာန်၌သာ ဖြစ်၍ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ် မဟုတ်သော ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်ကြောင့် ဖြစ်သော ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တသမုဋ္ဌာနရုပ်) (အပသန္ဓာန်၌လည်း ဖြစ်၍ စိတ်ကြောင့်လည်း ဖြစ်သော စိတ္တဇရုပ်)။

(ဂ)။ ။ စိတ်ကြောင့် ဖြစ်သည် မဟုတ်သော (စိတ်ကြောင့် မဖြစ်သော) ရုပ်လည်း ရှိ၏ (ဗာဟိရ နှ စိတ္တသမုဋ္ဌာနရုပ်) (ပသာဒရုပ်မှ တစ်ပါးသော အပသန္ဓာန်၌ဖြစ်၍ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ် မဟုတ်သော ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်များ)။

(အဖျတ္တိက နှ စိတ္တသဟဘုတိက်)

၁၀ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ဖြစ်သော 'အဖျတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့် တကွ ဖြစ်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'နှ

စိတ္တသဟဘု'ရုပ်သာ ဖြစ်၏ (အဒ္ဓတ္တိက နှ စိတ္တသဟဘုရုပ်) (အတွင်း သန္ဓာန်၌သာ ဖြစ်၍ စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်နှင့် တကွ ဖြစ်သော (စိတ်နှင့် အတူဖြစ်, အတူပျက်သော) 'စိတ္တသဟဘု'ရုပ်လည်း ရှိ၏ (ဗာဟိရစိတ္တသဟဘုရုပ်) (အပသန္ဓာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူ ပျက်သော ဝိညတ္တိရုပ် ၂–ခု)။

(ဂ)။ ။ စိတ်နှင့် တကွဖြစ်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) 'နှ စိတ္တသဟဘု'ရုပ်လည်း ရှိ၏ (ဗာဟိရ နှ စိတ္တသဟဘုရုပ်) (ဝိညတ်ရုပ်မှ တစ်ပါးသော စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော ဗာဟိရရုပ်များ)။

(အဒ္ဓတ္တိက နှ စိတ္တာနုပရိဝတ္တိတိက်)

၁၁ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သည် မဟုတ်သော (စိတ်နှင့်အတူဖြစ်, အတူပျက် မဟုတ်သော) 'နှ စိတ္တာနုပရိဝတ္တိ'ရုပ်သာ ဖြစ်၏ (အဒ္ဓတ္တိက နှ စိတ္တာနုပရိဝတ္တိရုပ်) (အတွင်း သန္ဓာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် စိတ်သို့ အစဉ်လိုက်သော (စိတ်နှင့် အတူဖြစ်, အတူပျက်ဖြစ်သော) 'စိတ္တာနုပရိဝတ္တိ'ရုပ် လည်း ရှိ၏ (ဗာဟိရစိတ္တာနုပရိဝတ္တိရုပ်) (အပသန္ဓာန်၌ ဖြစ်၍ စိတ်နှင့် အတူဖြစ်, အတူပျက်သော ဝိညတ္တိရုပ် ၂–ခု)။

(ဂ)။ ။ စိတ်သို့ အစဉ်လိုက်သည် မဟုတ်သော (စိတ်နှင့် အတူဖြစ်, အတူပျက် မဟုတ်သော) ရုပ်လည်း ရှိ၏ (ဗာဟိရ နှ စိတ္တာနုပရိဝတ္တိရုပ်) (စိတ်နှင့် အတူဖြစ်, အတူ ပျက်ဖြစ်သော ဝိညတ်ရုပ်မှ တစ်ပါး အခြားသော ဗာဟိရရုပ်များ)။

(အဒ္ဓတ္တိက သြဠာရိကတိက်)

၁၂ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်သာ ဖြစ်၏ (အဒ္ဓတ္တိက သြဠာရိကရုပ်) (အတွင်း သန္ဓာန်၌ ဖြစ်သော ကြမ်းတမ်းသော ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြမ်းတမ်းသော 'သြဠာရိက'ရုပ်လည်း ရှိ၏ (ဗာဟိရ သြဠာရိကရုပ်) (အပသန္ဓာန်၌ ဖြစ်၍ ကြမ်းတမ်းသော ပသာဒရုပ်မှ တစ်ပါးသော သြဠာရိကရုပ် ခုနစ်ခု= အာရုံငါးပါး)။

(ဂ)။ ။ သိမ်မွေ့သော 'သုခုမ'ရုပ်လည်း ရှိ၏ (ဗာဟိရသုခုမရုပ်) (သိမ်မွေ့သော အာပေါစသော သုခုမရုပ် ၁၆–ပါး)။

(အဒ္ဓတ္တိက သန္တိကေတိက်)

၁၃ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အ၎ငျတို့က'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် နီးကပ် သော (သိလွယ်သော) 'သန္ဓိကေ'ရုပ်သာ ဖြစ်၏ (အ၎ငျတို့ကသန္ဓိကေရုပ်) (အတွင်းသန္ဓာန်၌ ဖြစ်၍ နီးကပ်သော (သိလွယ်သော) ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ဝေးကွာသော (အသိခက်သော) 'ဒူရေ'ရုပ်လည်း ရှိ၏ (ဗာဟိရဒူရေရုပ်) (အပသန္ဓာန်၌ ဖြစ်၍ ဝေးကွာသော (အသိခက်သော) အာပေါစသော ဒူရေရုပ်= သုခုမရုပ်များ)။

(ဂ)။ ။ နီးကပ်သော (သိလွယ်သော) 'သန္ဓိကေ'ရုပ်လည်း ရှိ၏ (ဗာဟိရသန္ဓိကေရုပ်) (နီးကပ်သော သိလွယ်သော ပသာဒရုပ်မှ တစ်ပါးသော 'သန္ဓိကေ'ရုပ်= ညြင်္ဘာရိက ရုပ် ခုနစ်ခု)။

ပကိဏ္ဏကတိကနည်း ၁၃–ပါး ပြီး၏။

၁။ ဥပါဒါန်၏ တရားကိုယ်မှာ တဏှာဒိဋ္ဌိတို့ ဖြစ်သည်။
၂။ ဝိဘင်းပါဠိတော်၌ ပကိဏ္ဏကတိကနည်း ၃–နည်းနှင့် သုခုမတိကနည်း နောက်ဆုံးနည်း ၁–နည်းသာ ဖော်ပြထားသည်၊ ပကိဏ္ဏကတိကနည်း အမှတ် ၄–မှစ၍ သုခုမတိကနည်း အမှတ် ၁၁–အထိ ပေယျာလ ချန်ထားခဲ့သည်၊ လေ့လာသူ သုတေသီတို့ အကျိုးငှါဤမြန်မာပြန်၌ ထည့်သွင်း ဖော်ပြလိုက်ပါသည်။ ပေယျာလချန်ထားခဲ့သော နည်းများမှာ ပကိဏ္ဏ ကတိက ၁၀–နည်း၊ ဝတ္ထုတိက ၂၅–နည်း၊ အာရမ္မဏတိက ၂၅–နည်း၊ အာယတနတိက ၁၀–နည်း၊ ဓာတုတိက ၁၀–နည်း၊ ဣန္ဒြိယတိက ၈–နည်း၊ သုခုမတိက ၁၁–နည်းတို့ ဖြစ်သည်။

♣

ဝတ္ထုတိကနည်း ၂၅–ပါး

(ဗာဟိရစက္ခုသမ္မဿသ နှ ဝတ္ထုတိက်)

၁ (က)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ်သော 'နဝတ္ထု'ရုပ် ဖြစ်၏ (ဗာဟိရစက္ခုသမ္မဿသ နှ ဝတ္ထုရုပ်) (ဝိသယရုပ်, သုခုမရုပ်ဟူသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင် အတွင်းသန္ဓာန်၌ ဖြစ်သော 'အ၎ငျတို့က'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ ဖြစ်သော 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အ၎ငျတို့က စက္ခုသမ္မဿသ ဝတ္ထုရုပ်) စက္ခုပသာဒ။

(ဂ)။ ။ မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ မဟုတ် သော 'နဝတ္ထု'ရုပ်လည်း ရှိ၏ (အ၎ငျတို့က စက္ခုသမ္မဿသ နှ ဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၄–ခု)။ (ဗာဟိရစက္ခုသမ္မဿဇာဝေဒနာ နှ ဝတ္ထုတိက် စသည်)

၂ (က–ခ–ဂ) – ၄ (က–ခ–ဂ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(ဗာဟိရစက္ခုဝိညာဏသ နဝတ္ထုတိုက်)

၅ (က)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သောရုပ် ဖြစ်၏ (ဗာဟိရစက္ခု ဝိညာဏသ နဝတ္ထုရုပ်) (ပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက စက္ခု ဝိညာဏသ ဝတ္ထုရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက စက္ခုဝိညာဏသ နဝတ္ထုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ရုပ် ၄–ခု)။ (ဗာဟိရ သောတသမ္ဖဿသ နဝတ္ထုတိုက် စသည်)

၆ (က–ခ–ဂ) –၂၀ (က–ခ–ဂ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ် သည် ကြားသိစိတ် (သောတဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ နံ့သိစိတ် (ဃာနဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏။ပ။

(ဗာဟိရ ကာယသမ္ဖဿသ နဝတ္ထုတိုက်)

၂၁ (က)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ် သောရုပ် ဖြစ်၏ (ဗာဟိရ ကာယသမ္ဖဿသ နဝတ္ထုရုပ်) (ပသာဒရုပ်ငါးခုမှ တစ်ပါးသောရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယသမ္ဖဿသ ဝတ္ထုရုပ်) (ကာယပသာဒ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယသမ္ဖဿသ နဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄–ခု)။ (ဗာဟိရ ကာယသမ္ဖဿဇာ ဝေဒနာယ နဝတ္ထုတိုက် စသည်)

၂၂ (က–ခ–ဂ) –၂၄ (က–ခ–ဂ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ် သည် ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(ဗာဟိရ ကာယဝိညာဏသ နဝတ္ထုတိုက်)

၂၅ (က)။ ။ အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်ဖြစ်၏ (ဗာဟိရ ကာယဝိညာဏသ နဝတ္ထုရုပ်) (ပသာဒရုပ်မှ တစ်ပါးသောရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ၏ မှီရာ တည်ရာ 'ဝတ္ထု'ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယဝိညာဏသ ဝတ္ထုရုပ်) (ကာယပသာဒ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) ၏ မှီရာ တည်ရာ 'ဝတ္ထု'မဟုတ်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယဝိညာဏသ နဝတ္ထုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄–ခု)။

ဝတ္ထုတိကနည်း ၂၅–ပါး ပြီး၏။

၁။ ဤနည်း၌ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဉ်တည်းဟူသော ဖဿပဉ္စမကကို မူလီသွင်း၍ ဟောထားသည်။

♣

အာရမ္မဏတိကနည်း ၂၅–ပါး[1]

(အဋ္ဌတ္ထိက စက္ခုသမ္ဘဝသသ နာရမ္မဏတိက်)

၁ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်ဖြစ်၏ (အဋ္ဌတ္ထိက စက္ခုသမ္ဘဝသသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်းရှိ၏ (ဗာဟိရစက္ခုသမ္ဘဝသသ အာရမ္မဏရုပ်) (ရူပါရုံ)။

(ဂ)။ ။ မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခုသမ္ဘဝသသ နာရမ္မဏရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

(စက္ခုသမ္ဘဝသဇာဝေဒနာယ နာရမ္မဏတိက် စသည်)

၂ (က–ခ–ဂ) –၄ (က–ခ–ဂ)။ ။ အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(အဋ္ဌတ္ထိက စက္ခုဝိညာဏသ နာရမ္မဏတိက်)

၅ (က)။ ။ (အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) မြင်သိစိတ် (စက္ခုဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်ဖြစ်၏ (အဒ္ဓတ္တိက စက္ခုဝိညာဏသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခုဝိညာဏသ အာရမ္မဏရုပ်) (ရူပါရုံ)။

(ဂ)။ ။ မြင်သိစိတ် (စက္ခုဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရစက္ခုဝိညာဏသ နာရမ္မဏရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

(အဒ္ဓတ္တိက သောတသမ္ဗဿသ နာရမ္မဏတိက်စသည်)

၆ (က–ခ–ဂ) –၂၀ (က–ခ–ဂ)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'သောတ သမ္ဗဿ'၏။ပ။ နံသိစိတ် (ဃာနဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ဃာနသမ္ဗဿ'၏။ပ။ လျက်သိစိတ် (ဇိဝှါဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဇိဝှါသမ္ဗဿ'၏။ပ။

(အဒ္ဓတ္တိက ကာယသမ္ဗဿသ နာရမ္မဏတိက်)

၂၁ (က)။ ။ (အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) နှင့်ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဗဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်ဖြစ်၏ (အဒ္ဓတ္တိက ကာယသမ္ဗဿသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ကာယသမ္ဗဿ'၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယသမ္ဗဿသ အာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယသမ္ဗဿသ နာရမ္မဏရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

(အဒ္ဓတ္တိက ကာယသမ္ဗဿဇာ ဝေဒနာယ နာရမ္မဏတိက်စသည်)

၂၂ (က–ခ–ဂ) ၂၄ (က–ခ–ဂ)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'၏။ပ။ မှတ်သားမှု 'သညာ'၏။ပ။ စေ့ဆော်မှု (နှိုးဆော်မှု) 'စေတနာ'၏။ပ။

(အဒ္ဓတ္တိက ကာယဝိညာဏသ နာရမ္မဏတိက်)

၂၅ (က)။ ။ (အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိစိတ် (ကာယဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်ဖြစ်၏ (အဒ္ဓတ္တိက ကာယဝိညာဏသ နာရမ္မဏရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်'၏ အာရုံဖြစ်သော 'အာရမ္မဏ'ရုပ်လည်း ရှိ၏ (ဗာဟိရ ကာယ ဝိညာဏသ အာရမ္မဏရုပ်) (ဖောင်ဆွဲရုံ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) ၏ အာရုံမဟုတ်သော 'နာရမ္မဏ'ရုပ်လည်းရှိ၏ (ဗာဟိရကာယဝိညာဏသ နာရမ္မဏရုပ်) (ဖောင်ဆွဲရုံမှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

အာရမ္မဏတိကနည်း ၂၅-ပါး ပြီး၏။

၁။ ဤနည်း၌ အဒ္ဓတ္တိကနှင့် ဗာဟိရ ၂-ပါးတို့ကို မူထား၍ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်တည်းဟူသော ဖဿပဉ္စမကကို မူလီသွင်းပြီးလျှင် ဟောထားသည်။

♣

အာယတနတိကနည်း ၁၀-ပါး

(ဗာဟိရ နှ စက္ခာယတနတိက်)

၁ (က)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် စက္ခာယတန'မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ နှ စက္ခာယတနရုပ်) (အပသန္တာန်၌ ဖြစ်၍ စက္ခာယတန မမည်သော ဗာဟိရရုပ်များ) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'မည်သော ရုပ်လည်း ရှိ၏ (အဒ္ဓတ္တိက စက္ခာယတနရုပ်) (စက္ခုပသာဒရုပ်)။

(ဂ)။ ။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'မမည်သော ရုပ်လည်း ရှိ၏ (အဒ္ဓတ္တိက နှ စက္ခာယတနရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒရုပ် ၄-ပါး)။

(ဗာဟိရ နှ သောတာယတနတိက်)

၂ (က-ခ-ဂ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ရာ နားအကြည် 'သောတာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ဃာနာယတနတိက်)

၃ (က-ခ-ဂ)။ ။ နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ဇိဝှါယတနတိက်)

၄ (က–ခ–ဂ)။ ။ လျက်သိစိတ် (ဓိဝါဝိညာဏ်) ဖြစ်ရာ လျှာအကြည် 'ဓိဝါယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ကာယာယတနတိုက်)

၅ (က)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ နှ ကာယာယတနရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'မည်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယာယတနရုပ်) (ကာယပသာဒ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'မမည်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက နှ ကာယာယတနရုပ်) (သောတ, ঘာန, ဓိဝါ, ကာယ ပသာဒ ရုပ် ၄–ပါး)။

(အဋ္ဌတ္ထိက နှ ရူပါယတနတိုက်)

၆ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်သိ စိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မမည်သော ရုပ်ဖြစ်၏ (အဋ္ဌတ္ထိက နှ ရူပါယတနရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုအပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပါယတနရုပ်) (ရူပါရုံ)။

(ဂ)။ ။ မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ရူပါယတနရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

(အဋ္ဌတ္ထိက နှ သဒ္ဒါယတနတိုက်)

၇ (က–ခ–ဂ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'မမည်သော ရုပ် ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ဂန္ဓာယတနတိုက်)

၈ (က–ခ–ဂ)။ ။ နံသိစိတ် (ঘာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ရသာယတနတိုက်)

၉ (က–ခ–ဂ)။ ။ လျက်သိစိတ် (ဓိဝါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာယတန'မမည်သော ရုပ်ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ဖောဋ္ဌဗ္ဗာယတနတိုက်)

၁၀ (က)။ ။ (အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိသိ စိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့. 'ဖောဋ္ဌဗ္ဗာယတန'မည်သော ရုပ်ဖြစ်၏ (အဒ္ဓတ္တိက နှ ဖောဋ္ဌဗ္ဗာယတန ရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့. 'ဖောဋ္ဌဗ္ဗာယတန'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗာယတနရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။ ထိသိစိတ် (ကာယဝိညာဏ်) ဖြစ်ကြောင်း အတွေ့. 'ဖောဋ္ဌဗ္ဗာယတန'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဖောဋ္ဌဗ္ဗာယတနရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

အာယတနတိကနည်း ၁၀–ပါး ပြီး၏။

ဓာတုတိကနည်း ၁၀–ပါး

(ဗာဟိရ နှ စက္ခုဓာတုတိက်)

၁ (က)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု'မည်သော ရုပ်ဖြစ်၏ (ဗာဟိရ နှ စက္ခုဓာတုရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု'မည်သော ရုပ်လည်း ရှိ၏ (အဒ္ဓတ္တိက စက္ခုဓာတုရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။ မြင်မှုသဘော (မြင်တတ်သော မျက်စိအကြည်ဓာတ်) 'စက္ခုဓာတု'မည်သော ရုပ်လည်း ရှိ၏ (အဒ္ဓတ္တိက နှ စက္ခုဓာတုရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒ ရုပ် ၄–ပါး)။

(ဗာဟိရ နှ သောတဓာတုတိက်)

၂ (က–ခ–ဂ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှု သဘော (ကြားတတ်သော နှားအကြည်ဓာတ်) 'သောတဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ဃာနဓာတုတိက်)

၃ (က–ခ–ဂ)။ ။ နံမှုသဘော (နံတတ်သော နှာခေါင်းအကြည်ဓာတ်) 'ဃာနဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ဇိဝှါဓာတုတိက်)

၄ (က–ခ–ဂ)။ ။ လျက်မှုသဘော (လျက်တတ်သော လျှာအကြည်ဓာတ်) 'ဇိဝှါဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ကာယဓာတုတိက်)

၅ (က)။ ။ (အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု'မည်သော ရုပ်ဖြစ်၏ (ဗာဟိရ နှ ကာယဓာတုရုပ်) (ပသာဒရုပ်မှ တစ်ပါးသောဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု'မည်သော ရုပ် လည်း ရှိ၏ (အဋ္ဌတ္ထိက ကာယဓာတုရုပ်) (ကာယပသာဒ)။

(ဂ)။ ။ ထိမှုသဘော (ထိတွေ့တတ်သော ကိုယ်အကြည်ဓာတ်) 'ကာယဓာတု'မည်သော ရုပ်လည်း ရှိ၏ (အဋ္ဌတ္ထိက နှ ကာယဓာတုရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄–ပါး)။

(အဋ္ဌတ္ထိက နှ ရူပဓာတုတိုက်)

၆ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်း သဘော 'ရူပဓာတု'မည်သော ရုပ်ဖြစ်၏ (အဋ္ဌတ္ထိက နှ ရူပဓာတု) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အဆင်း သဘော 'ရူပဓာတု'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ရူပဓာတုရုပ်) (ရူပါရုံ)။

(ဂ)။ ။ အဆင်းသဘော 'ရူပဓာတု'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ရူပဓာတုရုပ်) (ရူပါရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

(အဋ္ဌတ္ထိက နှ သဒ္ဒဓာတုတိုက်)

၇ (က–ခ–ဂ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသံ သဘော 'သဒ္ဒဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ဂန္ဓဓာတုတိုက်)

၈ (က–ခ–ဂ)။ ။ အနံ့သဘော 'ဂန္ဓဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ရသဓာတုတိုက်)

၉ (က–ခ–ဂ)။ ။ အရသာသဘော 'ရသဓာတု'မည်သော ရုပ်ဖြစ်၏။ပ။

(အဋ္ဌတ္ထိက နှ ဖောဋ္ဌဗ္ဗဓာတုတိုက်)

၁၀ (က)။ ။ (အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဋ္ဌတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) အတွေ့သဘော (ထိတွေ့အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု'မည်သော ရုပ်ဖြစ်၏ (အဋ္ဌတ္ထိက နှ ဖောဋ္ဌဗ္ဗဓာတုရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အတွေ့ သဘော (ထိတွေ့အပ်ခြင်းသဘော) 'ဖောဋ္ဌဗ္ဗဓာတု'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဖောဋ္ဌဗ္ဗ ဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံ)။

(ဂ)။ ။ အတွေ့သဘော (ထိတွေ့အပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတု'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဖောဋ္ဌဗ္ဗဓာတုရုပ်) (ဖောဋ္ဌဗ္ဗာရုံမှ တစ်ပါးသော ဗာဟိရရုပ်များ)။

ဓာတုတိကနည်း ၁၀–ပါး ပြီး၏။

ဣန္ဒြိယတိကနည်း ၈–ပါး[1]

(ဗာဟိရ နှ စက္ခုန္ဒြိယတိက်)

၁ (က)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မမည်သော ရုပ်ဖြစ်၏ (ဗာဟိရ နှ စက္ခုန္ဒြိယရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက' ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (အဗ္ဗတ္တိက စက္ခုန္ဒြိယရုပ်) (စက္ခုပသာဒ)။

(ဂ)။ ။ မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ' မမည်သော ရုပ်လည်း ရှိ၏ (အဗ္ဗတ္တိက နှ စက္ခုန္ဒြိယ ရုပ်) (သောတ, ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၄–ပါး)။ (ဗာဟိရ နှ သောတန္ဒြိယတိက်စသည်)

၂ (က–ခ–ဂ) ၄ (က–ခ–ဂ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတန္ဒြေ'မမည်သော ရုပ်ဖြစ်၏။ပ။ နံမှု၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'မမည်သော ရုပ်ဖြစ်၏။ပ။ လျက်မှု၌ အစိုးရသော လျှာအကြည် 'ဇိဝှိန္ဒြေ'မမည်သော ရုပ်ဖြစ်၏။ပ။

(ဗာဟိရ နှ ကာယိန္ဒြိယတိက်)

၅ (က)။ ။ (အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည်) ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သော ရုပ်လည်း ဖြစ်၏ (ဗာဟိရ နှ ကာယိန္ဒြိယ ရုပ်) (ပသာဒရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(ခ)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (အဗ္ဗတ္တိက ကာယိန္ဒြိယရုပ်) (ကာယပသာဒ)။

(ဂ)။ ။ ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (အဗ္ဗတ္တိက နှ ကာယိန္ဒြိယရုပ်) (စက္ခု, သောတ, ဃာန, ဇိဝှါပသာဒရုပ် ၄–ပါး)။

(အဗ္ဗတ္တိက နှ ဣတ္ထိန္ဒြိယတိက်)

၆ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မမည်သော ရုပ်ဖြစ်၏ (အဗ္ဗတ္တိက နှ ဣတ္ထိန္ဒြိယရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်)။

(ဂ)။ ။ မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဣတ္ထိန္ဒြိယရုပ်) (ဣတ္ထိဘာဝရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

(အဗ္ဗတ္ထိက နှ ပုရိသိန္ဒြိယတိက်)

၇ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သော ရုပ် ဖြစ်၏ (အဗ္ဗတ္ထိက နှ ပုရိသိန္ဒြိယရုပ်) (ပသာဒရုပ် ၅–ခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ပုရိသိန္ဒြိယရုပ်) (ပုမ္ဘာဝရုပ်)။

(ဂ)။ ။ ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်း၌ အစိုးရမှု 'ပုရိသိန္ဒြေ'မမည်သော ရုပ် လည်း ရှိ၏ (ဗာဟိရ နှ ပုရိသိန္ဒြိယရုပ်) (ပုရိသဘာဝရုပ်မှ တစ်ပါးသော ဗာဟိရ ရုပ်များ)။

(အဗ္ဗတ္ထိက နှ ဇီဝိတိန္ဒြိယတိက်)

၈ (က)။ ။ အကြင်အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္ထိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက် ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မမည်သော ရုပ်ဖြစ်၏ (အဗ္ဗတ္ထိက နှ ဇီဝိတိန္ဒြိယရုပ်) (ပသာဒရုပ် ၈ါးခု)။

(ခ)။ ။ အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် အသက်ရှင် ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ ဇီဝိတိန္ဒြိယရုပ်) (ဇီဝိတရုပ်)။

(ဂ)။ ။ အသက်ရှင်ကြောင်း၌ အစိုးရမှု 'ဇီဝိတိန္ဒြေ'မမည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဇီဝိတိန္ဒြိယရုပ်) (ဇီဝိတရုပ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။

ဣန္ဒြိယတိကနည်း ၈–ပါး ပြီး၏။

၁။ ဤနည်း၌ အဗ္ဗတ္ထိကနှင့် ဗာဟိရ ၂–ပါးတို့ကို မူထား၍ ရုပ်ဣန္ဒြေ ၈–ပါးတို့ကို မူလီသွင်းပြီးလျှင် ဟောထားသည်။

♣

သုခုမတိကနည်း ၁၂–ပါး[1]

(အဗ္ဗတ္ထိက နှ ကာယဝိညတ္တိတိက်)

၁ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်'မည်သော ရုပ် ဖြစ်၏ (အဒ္ဓတ္တိက နှ ကာယဝိညတ္တိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်'မည်သော ရုပ် လည်း ရှိ၏ (ဗာဟိရ ကာယဝိညတ္တိရုပ်) (ကာယဝိညတ်)။

(ဂ)။ ။ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် ကိုယ်အမူအရာ 'ကာယဝိညတ်'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ကာယဝိညတ္တိရုပ်) (ကာယဝိညတ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။ (အဒ္ဓတ္တိက နှ ဝစီဝိညတ္တိတိက်)

၂ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်'မည်သော ရုပ် ဖြစ်၏ (အဒ္ဓတ္တိက နှ ဝစီဝိညတ္တိရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် (မိမိ၏ အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်'မည်သော ရုပ် လည်း ရှိ၏ (ဗာဟိရ ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်)။

(ဂ)။ ။ (မိမိ၏အလိုဆန္ဒကို) သိစေတတ်သည့် နှုတ်မြွက်မှု အမူအရာ 'ဝစီဝိညတ်'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ နှ ဝစီဝိညတ္တိရုပ်) (ဝစီဝိညတ်မှ တစ်ပါးသော ဗာဟိရရုပ်များ)။ (အဒ္ဓတ္တိက နှ အာကာသဓာတုတိက်)

၃ (က)။ ။ အကြင်အတွင်းသန္ဓာန်၌ ဖြစ်သော 'အဒ္ဓတ္တိက'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မည်သော ရုပ်ဖြစ်၏ (အဒ္ဓတ္တိက နှ အာကာသဓာတုရုပ်) (ပသာဒရုပ် ငါးခု)။

(ခ)။ ။ အကြင်အပသန္ဓာန်၌ ဖြစ်သော 'ဗာဟိရ'ရုပ်သည် ရှိ၏၊ ထိုရုပ်သည် မရေးခြစ်အပ်သော သဘော (ရုပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်'မည်သော ရုပ်လည်း ရှိ၏ (ဗာဟိရ အာကာသဓာတုရုပ်) (ပရိစ္ဆေဒရုပ်)။

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ခြင်းသဘော 'ဂန္ထ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဂန္ထ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၃–ဂန္ထ သမ္မယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ဂန္ထနှင့်ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဂန္ထနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၄–ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုကမူ–တိကမူလီ ၁၉–နည်း

ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၆–ဩဃဂေါ့ဌကမှ ဒုက် ၃–ခု)

၁၅–ဩဃနိယဒုကမူ–တိကမူလီ ၁၉–နည်း

(သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သောသဘော 'ဩဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဩဃ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၆–ဩဃသမ္ဗယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ဩဃနှင့် ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဩဃနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၇–ဩဃဝိပ္ပယုတ္တဩဃနိယဒုကမူ–တိကမူလီ ၁၉–နည်း

ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဩဃနှင့်လည်း မယှဉ်မူ၍ ဩဃ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၇–ယောဂဂေါ့ဌကမှ ဒုက် ၃–ခု)

၁၈–ယောဂနိယဒုကမူ–တိကမူလီ ၁၉–နည်း

(သတ္တဝါတို့ကို ဝန့်ဆင်းရဲ၌) ယှဉ်စေတတ်သောသဘော 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည်ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည်ရှိ၏။ပ။

၁၉–ယောဂသမ္ဗယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ယောဂနှင့် ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၂၀–ယောဂဝိပ္ပယုတ္တယောနိယဒုကမူ–တိကမူလီ ၁၉–နည်း

ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ယောဂနှင့်လည်း မယှဉ်မူ၍ ယောဂ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၈–နီဝရဏဂေါ့ဌကမှ ဒုက် ၃–ခု)

၂၁–နီဝရဏိယဒုကမူ–တိကမူလီ ၁၉–နည်း

(ဗျာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးမှု 'နီဝရဏ'၏ အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ နီဝရဏ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၂၂–နီဝရဏသမ္ပယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

နီဝရဏနှင့် ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ နီဝရဏနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၂၃–နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုကမူ–တိကမူလီ ၁၉–နည်း

နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၉–ပရာမာသဂေါ့ဌကမှ ဒုက် ၃–ခု)

၂၄–ပရာမဋ္ဌဒုကမူ–တိကမူလီ ၁၉–နည်း

မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'၏ (ဒိဋ္ဌိ၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည်ရှိ၏၊ ပရာမာသ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည်ရှိ၏။ပ။

၂၅–ပရာမာသသမ္ပယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည်ရှိ၏၊ ပရာမာသနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည်ရှိ၏။ပ။

၂၆–ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုကမူ–တိကမူလီ ၁၉–နည်း

ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည်ရှိ၏၊ ပရာမာသနှင့် လည်း မယှဉ်မူ၍ ပရာမာသ၏အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည်ရှိ၏။ပ။

(၁၀–မဟန္တရဒုကမှ ဒုက်၁–ခု)

၂၇–ဥပါဒိဏ္ဏဒုကမူ–တိကမူလီ ၁၉–နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (တဏှာဒိဋ္ဌိတို့အာရုံပြုသည့်ကံ၏အကျိုးဖြစ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သောဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော (တဏှာဒိဋ္ဌိတို့ အာရုံ ပြုသည့် ကံ၏ အကျိုးမဟုတ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

(၁၁–ဥပါဒါနဂေါ့ဌကမှ ဒုက် ၃–ခု)

၂၈–ဥပါဒါနိယဒုကမူ–တိကမူလီ ၁၉–နည်း

ပြင်းစွာစွဲလမ်းတတ်သောသဘော 'ဥပါဒါန်'၏ (တဏှာဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဥပါဒါန်၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၂၉–ဥပါဒါနသမ္ပယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ဥပါဒါန်နှင့် (တဏှာဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့် မယှဉ်သော ဝေဒနာ ကွန္ဓာသည် ရှိ၏။ပ။

၃၀–ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုကမူ–တိကမူလီ ၁၉–နည်း

ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၁၂–ကိလေသဂေါ့ဌကမှ ဒုက် ၄–ခု)

၃၁–သံကိလေသိကဒုကမူ–တိကမူလီ ၁၉–နည်း

ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'တို့၏အာရုံဖြစ်သော ဝေဒနာကွန္ဓာ သည် ရှိ၏၊ ကိလေသာတို့၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၂–သံကိလိဋ္ဌဒုကမူ–တိကမူလီ ၁၉–နည်း

ကိလေသာတို့သည် ပူပန်စေအပ်သော (ကိလေသာတို့နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ (အကုသိုလ်စိတ်နှင့်ယှဉ်သောဝေဒနာ)၊ ကိလေသာတို့သည် မပူပန်စေအပ်သော (ကိလေသာနှင့် မယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၃–ကိလေသာသမ္မယုတ္တဒုကမူ–တိကမူလီ ၁၉–နည်း

ကိလေသာနှင့် ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ကိလေသာနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၄–ကိလေသာဝိပ္ပယုတ္တသံကိလေသိကဒုကမူ–တိကမူလီ ၁၉–နည်း

ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ကိလေသာနှင့် လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်းမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

(၁၃–ပိဋ္ဌိဒုကမှ ၁၆–ဒုက်)

၃၅–ဒဿနေန ပဟာတဗ္ဗဒုကမူ–တိကမူလီ ၁၉–နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် မပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၆–ဘာဝနာယ ပဟာတဗ္ဗဒုကမူ–တိကမူလီ ၁၉–နည်း

သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် မပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၇–ဒဿနေန ပဟာတဗ္ဗဟေတုကဒုကမူ–တိကမူလီ ၁၉–နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၈–ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုကမူ–တိကမူလီ ၁၉–နည်း

(ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၃၉–သဝိတက္ကဒုကမူ–တိကမူလီ ၁၉–နည်း

ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ ဝိတက်မရှိသော (ဝိတက်နှင့် မယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၀–သဝိစာရဒုကမူ–တိကမူလီ ၁၉–နည်း

ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ ဝိစာရမရှိသော (ဝိစာရနှင့် မယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၁–သပ္ပီတိကဒုကမူ–တိကမူလီ ၁၉–နည်း

ပီတိရှိသော (ပီတိနှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ ပီတိမရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၂–ပီတိသဟဂတဒုကမူ–တိကမူလီ ၁၉–နည်း

ပီတနှင့် တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ ပီတိနှင့် တကွမဖြစ်သော (ပီတိနှင့် မယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၃–ကာမာဝစရဒုကမူ–တိကမူလီ ၁၉–နည်း

ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ'ဝေဒနာကွန္ဓာသည် ရှိ၏ (ကာမာ ဝစရစိတ်၌ ရှိသောဝေဒနာ)၊ ကာမာဝစရမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၄–ရူပါဝစရဒုကမူ–တိကမူလီ ၁၉–နည်း

ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ရူပါဝစရ'ဝေဒနာကွန္ဓာသည် ရှိ၏ (ရူပါဝစရစိတ်၌ရှိသော ဝေဒနာ)၊ ရူပါဝစရမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၄၅–အရူပါဝစရဒုကမူ–တိကမူလီ ၁၉–နည်း

အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏ (အရူပါဝစရစိတ်၌ ရှိသောဝေဒနာ)၊ အရူပါဝစရမဟုတ်သော ဝေဒနာကွန်ရှာသည် ရှိ၏။ပ။

၄၆–ပရိယာပန္နဒုကမူ–တိကမူလီ ၁၉–နည်း

ဝဋ္ဋဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကီစိတ်တို့၌ရှိသော ဝေဒနာ)၊ ဝဋ္ဋဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။ပ။

၄၇–နိယျာနိကဒုကမူ–တိကမူလီ ၁၉–နည်း

ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော 'နိယျာနိက'ဝေဒနာကွန်ရှာသည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းမဟုတ်သော 'အနိယျာနိက'ဝေဒနာကွန်ရှာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

၄၈–နိယတဒုကမူ–တိကမူလီ ၁၉–နည်း

အကျိုးပေးမြဲသော ဝေဒနာကွန်ရှာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ ကျူးလွန်သည့် ဒိဋ္ဌဂတသမ္မယုယ် စိတ် ၄–ပါးနှင့် ပဌာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသောဝေဒနာ, မဂ်စိတ် ၄–ပါးတို့၌ရှိသောဝေဒနာ)၊ အကျိုးပေး မမြဲသော ဝေဒနာကွန်ရှာသည် ရှိ၏။ပ။

၄၉–သဉ္ဇတ္တရဒုကမူ–တိကမူလီ ၁၉–နည်း

မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဉ္ဇတ္တရ'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ မိမိထက် လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောဝေဒနာ)။ပ။

၅၀–သရဏဒုကမူ–တိကမူလီ ၁၉–နည်း

("သရဏဒုကမူ–တိကမူလီ ၁၉–နည်း"၌ တစ်နည်း တစ်နည်းအတွက် ထပ်မံ၍ ၁၀–နည်းစီပွားပုံကို မကျဉ်းမကျယ် ဖော်ပြထားသည်။)

---

(၁) သရဏဒုကမူ–ကုသလတိကမူလီ ၁၀–နည်း

ဒုကနည်း။ ။ ဝိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ'ဝေဒနာကွန္ဓာသည်ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ ဝိုကြွေးကြောင်း (ရာဂအစရှိသောကိလေသာ) မရှိသော 'အရဏ'ဝေဒနာကွန္ဓာသည်ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။ ။ ကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာကွန္ဓာသည်ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည်ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။

---

(၂) သရဏဒုကမူ–ဝိပါကတိကမူလီ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၃၇။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဝိုကြွေးကြောင်း (ရာဂ အစရှိသော ကိလေသာ) ရှိသော 'သရဏ'ဝေဒနာကွန္ဓာသည် ရှိ၏၊ ဝိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက် ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော ရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသည့် တရား လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ (**စတုက္ကနည်း**မှ **ဒသကနည်း**အထိ ပေယျာလချန်ခဲ့သည်)။

---

(၃) သရဏဒုကမူ–ဥပါဒိဏ္ဍတိကမူလီ ၁၀–နည်း

တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်းဖြစ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံ၏အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီ ဝိပါက်စိတ်တို့၌ရှိသော ဝေဒနာ)။ပ။[1]

၁။ အမှတ် (၄) 'သရဏဒုကမူ–သံကိလိဋ္ဌတိကမူလီ၁၀–နည်း'မှ အမှတ် (၁၈) 'သရဏဒုကမူ–အဗ္ဗျတ္တတိက မူလီ ၁၀–နည်း'အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

♣

(၁၉) သရဏဒုကမူ–အဗ္ဗျတ္တာရမ္မဏတိကမူလီ ၁၀–နည်း

တိကနည်း။ ။ အတွင်း 'အဗ္ဗျတ္ত'သန္ဓာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အတွင်းအပ သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည်ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်း အားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

(ဒုက် ၅၀–ကို မူတည်ပြီးလျှင် တိက် ၁၉–ခုတို့ကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း (၅၀× ၁၉) = ၉၅၀–နည်း ပြီး၏။ ဤနည်း ၉၅၀–တို့၌ ဝေဒနာပေါင်း (၅၀× ၁၉× ၅၅) = ၅၂၂၅၀–ပါး ဖြစ်သည်)။

ဒုက်ကို မူတည်၍ဟောသော 'ဒုကမူလက'နည်း ပြီး၏။

တိကမူလကနည်း

တိကမူ–ဒုကမူလီ

(တိက်ကို မူတည်ပြီးလျှင် ဒုက်တို့ကို မူလီသွင်းသော တိကမူလကနည်း)

(တိက် ၁၉–ခုကို မူတည်ပြီးလျှင် ဒုက် ၅၀–ကို မူလီသွင်း၍ ဟောသော 'တိကမူလကနည်း'၉၅၀)[1]**

၁။ ** ဤနည်းအရ အစိတ် အစိတ်ရေတွက်ပါမူ ဝေဒနာပေါင်း (၁၉× ၅၀× ၅၅) = ၅၂၂၅၀–ဖြစ်သည်။ (၂–ဝေဒနာကွန္ဓာအခန်း အစရှိ အောက်ခြေမှတ်ချက် ကြည့်ပါ)

♣

၁–ကုသလတိကမူ–ဒုက် ၅၀–မူလီ

(ကုသလတိက်ကို မူတည်ပြီးလျှင် ဒုက် ၅၀–တို့ကို မူလီသွင်းသောနည်း)

(၁) ကုသလတိက်ကို မူတည်ပြီးလျှင် သဟေတုကဒုက်ကို မူလီသွင်းသော ၁၀–နည်း[1**]

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၃၈။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာကွန္ဓာ သည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာကွန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

၁။ ** ရှေးဦးအစဖြစ်၍ ဖတ်ရှုသူနားလည်စေရန် ယခုကဲ့သို့ ခေါင်းစဉ်အကျယ်ရေးထားသည်၊ နောက်၌ 'ကုသလတိကမူ– သဟေတုကဒုကမူလီ ၁၀–နည်း'ဟူသော ခေါင်းစဉ်မျိုးသာ အကျဉ်းပြတော့မည်။

♣

(၂) ကုသလတိကမူ–ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၃၉။ ။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့်ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၃) ကုသလတိကမူ–နဟေတုသဟေတုကဒုကမူလီ ၁၀–နည်း

ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၄၀။ ။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၄) ကုသလတိကမူ–လောကိယဒုကမူလီ ၁၀–နည်း

လောကခ္ခ အကျုံးဝင်သော 'လောကီ'ဝေဒနာကွန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက် သော 'လောကုတ္တရာ'ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၅) ကုသလတိကမူ–ကေနစိဝိညေယျဒုကမူလီ ၁၀–နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၆) ကုသလတိကမူ–သာသဝဒုကမူလီ ၁၀–နည်း

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၇) ကုသလတိကမူ–အာသဝသမ္ပယုတ္တဒုကမူလီ ၁၀–နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၈) ကုသလတိကမူ–အာသဝသဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀–နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝ နှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်းမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။[၁*]

၁။ * အမှတ် (၉) ကုသလတိကမူ–သညောဇနိယဒုကမူလီမှ အမှတ် (၄၉) ကုသလတိကမူ–သဉ္ဇာတရဒုကမူလီ အထိ ပေယျာလ လုံး၀ ချန်ခဲ့သည်။

♣

(၅၀) ကုသလတိကမူ–သရဏဒုကမူလီ ၁၀–နည်း

ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဒုကနည်း။ ။ ဝိုကြွေးကြောင်း (ရာဂအစရှိသောကိလေသာ) ရှိသော 'သရဏ'ဝေဒနာကွန္ဓာသည် ရှိ၏၊ ဝိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာကွန္ဓာသည် ရှိ၏၊

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

၂–ဝိပါကတိကမူ–ဒုက် ၅၀–မူလီ (ဝိပါကတိက်ကို မူတည်၍ ဒုက်၅၀ကိုမူလီသွင်းသောနည်း)

(၁) ဝိပါကတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း

ဧကကနည်းဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၄၁။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာကွန္ဓာ သည်ရှိ၏၊ ဟိတ်မရှိသော ဝေဒနာကွန္ဓာသည်ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။ ။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာကွန္ဓာသည်ရှိ၏၊ (ဝိပါက်စိတ်တို့၌ ရှိသောဝေဒနာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည့် တရားဖြစ်သော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည်ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော ဝေဒနာ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော တရားလည်းမဟုတ်သော (အကျိုးဝိပါက်ကိုမဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည်ရှိ၏ (ကြိယာစိတ်တို့၌ရှိသောဝေဒနာ)။ပ။[၁**]

၁။ ** အမှတ် (၂) ဝိပါကတိကမ္မ–ဟေတုသမ္ပယုတ္တဒုကမ္မလီမှ အမှတ် (၅၀) ဝိပါကတိကမ္မ–သရဏဒုကမ္မလီအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

♣

၃–ဥပါဒိဏ္ဍတိကမ္မဒုက် ၅၀မူလီ

(ဥပါဒိန္နတိက်ကိုမူတည်၍ဒုက်၅၀ကိုမူလီသွင်းသောနည်း)

(၁) ဥပါဒိန္နတိကမ္မ–သဟေတုကဒုကမူလီ ၁၀–နည်း

တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့အာရုံ ပြုသော ကံ၏ အကျိုးဝိပါက်လည်းဖြစ်၍) ဥပါဒါန်၏အာရုံလည်းဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ (လောကီဝိပါက်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သောကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ (လောကီ ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့်ယှဉ်သောဝေဒနာ)။ပ။[၁**]

၁။ ** အမှတ် (၂) ဥပါဒိဏ္ဍတိကမ္မ–ဟေတုသမ္ပယုတ္တဒုကမ္မလီမှ အမှတ် (၅၀) ဥပါဒိဏ္ဍတိကမ္မ–သရဏဒုကမ္မလီအထိ ပေယျာလ လုံးဝချန်ခဲ့သည်။ အမှတ် ၄–သံကိလိဋ္ဌတိကမ္မမှ အမှတ်–၁၈ အဒ္ဓျတ္တတိကမ္မအထိတို့၌လည်း ဤအတိုင်းပင် ပေယျာလ လုံးဝ ချန်ထားသည်။

♣

၄–သံကိလိဋ္ဌတိကမ္မ–ဒုက် ၅၀–မူလီ

(၁) သံကိလိဋ္ဌတိကမ္မ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏

အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာ သည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

၅–ဝိတက္ကတိကမူ–ဒုက် ၅၀–မူလီ

(၁) ဝိတက္ကတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅–ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁–ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ ရှိသော ဝေဒနာ)။ပ။

၆–ဒဿနတိကမူ–ဒုက် ၅၀–မူလီ

(၁) ဒဿနတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခုနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသော ဝေဒနာ)၊ (သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

၇–ဒဿနဟေတုတိကမူ–ဒုက် ၅၀–မူလီ

(၁) ဒဿနဟေတုတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခုနှင့် ဝိစိကိစ္ဆာစိတ်၌ ရှိသော ဝေဒနာ)၊ (သောတာပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။

၈–အာစယဂါမိတိကမူ–ဒုက် ၅၀–မူလီ

(၁) အာစယဂါမိတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော (ရောက်စေတတ်သော) 'အာစယဂါမိ'ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ'ဝေဒနာကွန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် ယှဉ်သော ဝေဒနာ)၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

၉–သေက္ခတိကမူ–ဒုက် ၅၀–မူလီ

(၁) သေက္ခတိကမူ သဟေတုကဒုကမူလီ ၁၀–နည်း

(အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် (ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (မဂ်စိတ် ၄–ပါး, အောက်ဖိုလ် ၃–ပါး၌ရှိသော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်၌ရှိသော ဝေဒနာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော ဝေဒနာ)။ပ။

၁၀–ပရိတ္တတိကမူ–ဒုက် ၅၀–မူလီ

(၁) ပရိတ္တတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

နည်းပါးသော အာနုဘော်ရှိသည့် 'ပရိတ္တ'မည်သော (ကာမတရားဖြစ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ကာမစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော ဝေဒနာကွန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာ တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'မည်သော (လောကုတ္တရာ) ဝေဒနာကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သောဝေဒနာ)။ပ။

၁၁–ပရိတ္တာရမ္မဏတိကမူ–ဒုက် ၅၀–မူလီ

(၁) ပရိတ္တာ ရမ္မဏာတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံ ပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝေဒနာကွန္ဓာ သည် ရှိ၏။ပ။

၁၂–ဟီနတိကမူ–ဒုက် ၅၀–မူလီ

(၁) ဟီနတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ယုတ်ညံ့သော 'ဟီန'ဝေဒနာကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ)၊ အလယ် အလတ်ဖြစ်သော 'မဇ္ဈိမ'ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မြင့်မြတ်သော 'ပဏီတ'ဝေဒနာကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ ရှိသော ဝေဒနာ)။ပ။

၁၃–မိစ္ဆတ္တတိကမူ–ဒုက် ၅၀–မူလီ

(၁) မိစ္ဆတ္တတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'ဝေဒနာကွန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိ၏အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သတ္တမဇော၏ပဋ္ဌာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'ဝေဒနာကွန္ဓာသည် ရှိ၏ (မဂ်စိတ် လေးပါးတို့နှင့်ယှဉ်သော ဝေဒနာ)၊ နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲသော ဝေဒနာကွန္ဓာ သည် ရှိ၏ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။

၁၄–မဂ္ဂါရမ္မဏာတိကမူ–ဒုက် ၅၀–မူလီ

(၁) မိစ္ဆတ္တတိကမူ–သဟေတုကဒုမူလီ ၁၀–နည်း။ပ။

မဂ်ကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏာစိတ်နှင့်ယှဉ်သောဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော အမောဟ= ပညာ) ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိ မည်သော အမောဟ= ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ= ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာ ဓိပတိမည်သော

ဝီရိယ) ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ= ပညာ, သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ ရှိသော ဝေဒနာ)။ပ။

၁၅–ဥပဓိတိကမူ–ဒုက် ၅၀–မူလီ

(၁) ဥပဓိတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ဥပါဒ် ၌ ဘင်ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (နောင် အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မချုတ်ဧကန်ဖြစ် လတ္တံ့သော ဝေဒနာကွန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)။ပ။

၁၆–အတီတတိကမူ–ဒုက် ၅၀–မူလီ

(၁) အတီတတိကမူ–သဟေတုကဒုကမူလီ၁၀–နည်း။ပ။

ဖြစ်ပြီးသော 'အတိက'ဝေဒနာကွန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့သော 'အနာဂတ'ဝေဒနာကွန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၇–အတီတာရမ္မဏတိကမူ–ဒုက် ၅၀–မူလီ

(၁) အတီတာရမ္မဏတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

ဖြစ်ပြီးသည့် 'အတိက'တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ မရောက်သေး ဖြစ်လတ္တံ့ သော 'အနာဂတ'တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံ ပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၈–အဇ္ဈတ္တတိကမူ–ဒုက် ၅၀–မူလီ

(၁) အဇ္ဈတ္တတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း။ပ။

အတွင်း 'အဗ္ဗတ္တ'သန္ဓာန်၌ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

၁၉–အဗ္ဗတ္တာရမ္မဏတိကမူ–ဒုက် ၅၀–မူလီ

(၁) အဗ္ဗတ္တာရမ္မဏတိကမူ–သဟေတုကဒုကမူလီ ၁၀–နည်း

အတွင်း 'အဗ္ဗတ္တ'သန္ဓာန်၌ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သောတရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်း အားဖြင့် ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၂) အဗ္ဗတ္တာရမ္မဏတိကမူ–ဟေတုသမ္ပယုတ္တဒုကမူလီ ၁၀–နည်း

ဧကကနည်း ၄၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့်ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၃) အဗ္ဗတ္တာရမ္မဏတိကမူ–နဟေတု သဟေတုကဒုကမူလီ ၁၀–နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၄) အဗ္ဗတ္တာရမ္မဏတိကမူ–လောကိယဒုကမူလီ ၁၀–နည်း

လောကခ္ခ အကျုံးဝင်သော 'လောကီ'ဝေဒနာကွန္ဓာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၅) အဗ္ဗတ္တာရမ္မဏတိကမူ–ကေနစိဝိညေယျဒုကမူလီ ၁၀–နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၆) အဗ္ဗတ္တာရမ္မဏတိကမူ–သာသဝဒုကမူလီ ၁၀–နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၇) အဗ္ဗတ္တာရမ္မဏတိကမူ–အာသဝသမ္ပယုတ္တဒုကမူလီ ၁၀–နည်း

အာသဝနှင့် ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၈) အဗ္ဗတ္တာရမ္မဏတိကမူ–အာသဝဝိပ္ပယုတ္တသာသဝဒုကမူလီ ၁၀–နည်း

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။

---

(၉) အဗ္ဗတ္တာရမ္မဏတိကမူ–သံယောဇနိယဒုကမူလီ ၁၀–နည်း

(သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'တို့၏ အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သံယောဇဉ်တို့၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။[1**]

၁။ ** အဗ္ဗတ္တာရမ္မဏတိကမူကို ဒုက်ဖြင့် အကျယ်ပြရာ၌လည်း ဒုက်အမှတ် (၁၀) သံယောဇနသမ္ပယုတ္တဒုကမူလီမှ အမှတ် (၄၉) သဉ္ဇတ္တရဒုကမူလီအထိ ပေယျာလ လုံးဝချန်ခဲ့ပြန်သည်။

♣

(၅၀) အဗ္ဗတ္တာရမ္မဏတိကမူ–သရဏဒုကမူလီ ၁၀–နည်း

ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဒုကနည်း။ ။ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) ရှိသော 'သရဏ'ဝေဒနာကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ'ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်တို့၌ရှိသောဝေဒနာ)။ပ။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဗ္ဗျတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗျတ္တဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

(တိက် ၁၉–ခုကို မူတည်ပြီးလျှင် ဒုက် ၅၀–တို့ကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၁၉× ၅၀) = ၉၅၀–နည်း ပြီး၏။ အသေးစိတ် ရေတွက်လျှင် ဝေဒနာပေါင်း (၉၅၀× ၅၅) = ၅၂၂၅၀–ပါး ဖြစ်၏)။

တိက်တို့ကို မူတည်၍ ဟောသော 'တိကမူလက'နည်း ပြီး၏။

ဥဘတောဝမ္မကနည်း

(တိက် ၁၉–ခုနှင့် ဒုက် ၁၉–ခုတို့ကို တစုံစီထား၍ပွားသော ဥဘတောဝမ္မကနည်း)

(၁) သဟေတုကဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀–နည်း[1*]

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

၁။ * ဤ ၁၀–နည်း၌ အသေးစိတ်ရေတွက်သော် ဝေဒနာကွန္ဓာ ၅၅–ပါး ဖြစ်၏။

♣

(၂) ဟေတုသမ္မယုတ္တဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၄။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့်ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ (ဝိပါက်စိတ်၌ရှိသောဝေဒနာ)၊ အကျိုး ဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ကုသိုလ် အကုသိုလ်စိတ်တို့၌ရှိသော ဝေဒနာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၃) နဟေတု သဟေတုကဒုက်နှင့် ဥပါဒိဏ္ဍတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၅။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏ အကျိုးလည်းဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်းဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ် တို့နှင့်ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သော ကံ၏ အကျိုး မဟုတ်မူ၍) ဥပါဒါန်တို့၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာ သည် ရှိ၏ (လောကီကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံ၏ အကျိုးလည်း မဟုတ်မူ၍) ဥပါဒါန်၏ အာရုံလည်းမဟုတ်သော

ဝေဒနာကွန္ဒနာသည် ရှိ၏ (လောကုတ္တရာ စိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။

---

(၄) လောကိယဒုက်နှင့်သံကိလိဋ္ဌတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၆။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဒနာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ လောကဓ္ဓိအကျုံးဝင်သော 'လောကီ'ဝေဒနာကွန္ဒနာသည် ရှိ၏၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'ဝေဒနာကွန္ဒနာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ ပူပန်စေတတ် နှိပ်စက် တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့် လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝေဒနာကွန္ဒနာသည် ရှိ၏ (အကုသိုလ်စိတ်နှင့် ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏အာရုံသာဖြစ်သော ဝေဒနာကွန္ဒနာသည် ရှိ၏ (လောကီကုသိုလ် ဝိပါက် ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာ တို့၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဒနာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။

---

(၅) ကေနစိဝိညေယျဒုက်နှင့်သဝိတက္ကတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၇။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဒနာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝေဒနာကွန္ဒနာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝေဒနာကွန္ဒနာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒနာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရ လည်းရှိသော ဝေဒနာကွန္ဒနာသည် ရှိ၏ (ဝိတက်ဝိစာရတို့နှင့်ယှဉ်သော သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝေဒနာ)၊ ဝိတက် မရှိမူ၍ ဝိစာရမျှသာရှိသော

ဝေဒနာကွန္ဓာသည် ရှိ၏ (ဝိစာရနှင့်သာ ယှဉ်သော ဒုတိယဈာန်စိတ် ၁၁–ပါး၌ ရှိသော ဝေဒနာ)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ ရှိသော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၆) သာသဝဒုက်နှင့် ဒဿနတိုက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၈။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ် မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင် သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါး တို့သည် ပယ်အပ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၇) အာသဝသမ္မယုတ္တဒုက်နှင့် ဒဿနဟေတုတိုက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၄၉။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင် သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ (သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကို တဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော

ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၈) အာသဝဝိပွယုတ္တသာသဝဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ စုတိပဋ္ဌိသန္ဓေသို့ ရောက် ကြောင်းဖြစ်သော (ရောက်စေတတ်သော) ခံစားမှုအစု 'အာစယဂါမိဝေဒနာကွန္ဓာ'သည် ရှိ၏ (လောကီကုသိုလ် အကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ခံစားမှုအစု 'အပစယဂါမိဝေဒနာကွန္ဓာ'သည် ရှိ၏ (မဂ်စိတ်လေးပါးတို့နှင့်ယှဉ်သော ဝေဒနာ) စုတိ ပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏ (ဝိပါက်ကြိယာစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၉) သံယောဇနိယဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၁။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'၏ အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ 'သံယောဇဉ်'၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် (ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော

ဝေဒနာကွန်ရှာ သည် ရှိ၏ (မဂ်စိတ် ၄–ပါးနှင့် အောက်ဖိုလ် ၃–ပါးတို့၌ရှိသော ဝေဒနာ)၊ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေကွ'ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော ဝေဒနာကွန်ရှာသည် ရှိ၏၊ (အရဟတ္တဖိုလ်စိတ်၌ ရှိသော ဝေဒနာ)၊ သေကွပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေကွ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝေဒနာကွန်ရှာသည် ရှိ၏ (ကြွင်းသော စိတ္တုပ္ပါဒ်တို့၌ရှိသော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

---

(၁၀) သံယောဇနသမ္မယုတ္တဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ကေကနည်း ၅၂။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့်ယှဉ်သော ဝေဒနာကွန်ရှာသည် ရှိ၏၊ သံယောဇဉ်နှင့် မယှဉ်သော ဝေဒနာကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ နည်းပါးသော အာနုဘော် ရှိသည့် 'ပရိတ္တ'မည်သော (ကာမတရားမည်သော) ဝေဒနာကွန်ရှာသည် ရှိ၏ (ကာမစိတ်တို့ နှင့်ယှဉ်သောဝေဒနာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော ဝေဒနာကွန်ရှာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်တို့နှင့် ယှဉ်သော ဝေဒနာ)၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ် သည့် (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'မည်သော ဝေဒနာကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

---

(၁၁) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ကေကနည်း ၅၃။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော ဝေဒနာကွန်ရှာသည် ရှိ၏၊ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန်ရှာသည် ရှိ၏ (လောကုတ္တရာ စိတ်၌ရှိသော ဝေဒနာ)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝေဒနာကွန်ရှာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံပြုသော ဝေဒနာကွန်ရှာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော ဝေဒနာကွန်ရှာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

---

(၁၂) ဂန္ဓနိယဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၄။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၍) ဆက်စပ်ထုံးဖွဲ့တတ်သော သဘော 'ဂန္ဓ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ဝေဒနာကွန်ရှာသည် ရှိ၏၊ ဂန္ဓ၏ အာရုံမဟုတ်သော ဝေဒနာကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန'ဝေဒနာကွန်ရှာသည် ရှိ၏၊ (အကုသိုလ်စိတ်၌ရှိသော ဝေဒနာ)၊ အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ)၊ မြင့်မြတ် သော 'ပဏီတ'ဝေဒနာကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

---

(၁၃) ဂန္ဓသမ္ပယုတ္တဒုက်နှင့် မိစ္ဆတ္တတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၅။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၍) ဆက်စပ် ထုံးဖွဲ့တတ်သောသဘော 'ဂန္ဓ'၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) ယှဉ်သော ဝေဒနာကွန်ရှာသည် ရှိ၏၊ ဂန္ဓနှင့် မယှဉ်သော ဝေဒနာကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။ ။ ဖောက်ပြန်သော သဘော ရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော ခံစားမှုအစု 'မိစ္ဆတ္တနိယတ ဝေဒနာကွန်ရှာ'သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သော ဒိဋ္ဌဂတသမ္ပယုတ်စိတ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော ဝေဒနာ)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုး ပေးမြဲသော ခံစားမှုအစု 'သမ္မတ္တနိယတဝေဒနာကွန်ရှာ'သည် ရှိ၏ (မဂ်စိတ်နှင့် ယှဉ်သောဝေဒနာ)၊ (နှစ်ပါးသော

အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော ဝေဒနာကွန္ဓာသည် ရှိ၏၊ (ကြွင်းသောစိတ်တို့နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၁၄) ဂန္ဓဝိပွယုတ္တဂန္ဓနိယဒုက်နှင့် မဂ္ဂါရမ္မဏတိုက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၆။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာ ကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သောသဘော 'ဂန္ဓ'နှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ မဂ်ကိုအာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်နှင့် ယှဉ်သော ဝေဒနာ)၊ မဂ်မည်သော အကြောင်းရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာ= အမောဟဟိတ်နှင့်ယှဉ်သော) ဝေဒနာကွန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော အမောဟ = ပညာနှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, သမ္မာဝါယာမ မဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယ) ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ဝီမံသာဓိပတိမည်သော အမောဟ = ပညာ, သမ္မာဝါယာမမဂ္ဂင် ဖြစ်သည့် ဝီရိယာဓိပတိ မည်သော ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ)။ပ။[1]

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

၁။ မဂ်စိတ္တုပ္ပါဒ်ကို အလေးအမြတ်အာရုံပြုသည့် စိတ်တို့၌ရှိသော ဝေဒနာကိုလည်း အရကောက်ယူနိုင်သည် (မူလ ဋီကာ–နှာ ၄၆)

♣

(၁၅) ဩဃနိယဒုက်နှင့် ဥပွန္နတိုက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၇။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၍) နစ်မြုပ်စေတတ်သောသဘော 'သြဃ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သြဃ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဥပါဒ် ဌီ ဘင်ဟု ဆိုအပ် သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ (အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့နှင့်ယှဉ်သော ဝေဒနာ)၊ မချုတ်ဧကန်ဖြစ်လတ္တံ့သော ဝေဒနာကွန္ဓာ သည် ရှိ၏၊ (ဝိပါက်စိတ်နှင့် ယှဉ်သော ဝေဒနာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၁၆) သြဃသမ္မယုတ္တဒုက်နှင့် အတီတတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၈။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ သြဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သြဃနှင့်မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်'ဝေဒနာကွန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'ဝေဒနာကွန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၁၇) သြဃဝိပ္ပယုတ္တသြဃနိယဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၅၉။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ သြဃနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်မူ၍ သြဃ၏အာရုံသာဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ သြဃနှင့် လည်း မယှဉ်မူ၍ သြဃ၏ အာရုံလည်း မဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်'တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော

'အနာဂတ်'တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၁၈) ယောဂနိယဒုက်နှင့်အဗ္ဗျတ္တတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၆၀။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၍) ယှဉ်စေတတ်သောသဘော 'ယောဂ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ယောဂ၏ အာရုံမဟုတ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဗ္ဗျတ္ত'သန္တာန်၌ ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ အတွင်းအပ 'အဗ္ဗျတ္ততဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၁၉) ယောဂသမ္ပယုတ္တဒုက်နှင့် အဗ္ဗျတ္ताရမ္မဏတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ (ဒသကနည်း)

ဧကကနည်း ၆၁။ တစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၍) ယှဉ်စေတတ်သောသဘော 'ယောဂ'နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏၊ ယောဂနှင့် မယှဉ်သော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဗ္ဗျတ္ত'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ အတွင်းအပ 'အဗ္ဗျတ္ততဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

(တိက် ၁၉–ခုနှင့် ဒုက် ၁၉–ခုတို့ကို တစ်စုံစီထား၍ ပွားသော ဥဘတောဝမ္မက ၁၉–နည်း ပြီး၏။ စိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း (၁၉× ၅၅) = ၁၀၄၅–ပါး ဖြစ်၏။

တိက်နှင့်ခုက်တို့ကို တစ်စုံစီထား၍ ပွားသော ဥဘတောဝမ္ဘကနည်း ပြီး၏။

ဗဟုဝိဝေါရ (များသောအပြားရှိသောနည်း)

သတ္တကနည်း

(တိက် ၁၉–ခုကို ဘုံလေးပါးတို့ဖြင့်ဝေဖန်၍ ၇–ပါးစီဟောသော သတ္တကနည်း ၁၉–နည်း)

(၁) ကုသလတိက်သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ်ဝေဒနာကွန္ဓာသည် ရှိ၏၊ အကုသိုလ် ဝေဒနာကွန္ဓာသည် ရှိ၏၊ အဗျာကတဝေဒနာကွန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'ဝေဒနာကွန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'ဝေဒနာကွန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပ တဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'ဝေဒနာကွန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) ဝေဒနာကွန္ဓာသည် ရှိ၏။ ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

---

(၂) ဝိပါကတိက်သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာ ကွန္ဓာသည် ရှိ၏။ပ။[1]

---

[1]။ အမှတ် (၃) ဥပါဒိန္နတိက် သတ္တကနည်းမှ အမှတ် (၁၈) အဒ္ဓါတ္တတိက် သတ္တကနည်းအထိ ပေယျာလချန်ထားသည်။

♣

(၁၉) အဒ္ဓါတ္တာရမ္မဏတိက်သတ္တကနည်း

အတွင်း 'အဒ္ဓါတ္တ'သန္ဓာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော တရား ကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏။ အတွင်းအပ 'အဒ္ဓါတ္တဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော)

'ကာမာဝစရ'ဝေဒနာကွန္ဒာသည် ရှိ၏။ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'ဝေဒနာကွန္ဒာသည် ရှိ၏။ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'ဝေဒနာကွန္ဒာသည် ရှိ၏။ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နေ' (လောကုတ္တရာ) ဝေဒနာကွန္ဒာသည် ရှိ၏။

ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒာသည် ဖြစ်၏။

(အသေးစိတ်အားဖြင့် ဤနည်း၌ ဝေဒနာပေါင်း ၁၉× ၇= ၁၃၃–ပါး ဖြစ်၏။)

သတ္တကနည်း ပြီး၏။

စတုဝီသတိဝိဓနည်း

(တိုက် ၁၉–ခုကို ဖယ်ခြောက်ပါးဖြင့် ဝေဖန်၍ ၂၄–ပါးစီဟောသော စတုဝီသတိဝိဓနည်း ၁၉–နည်း)

(၁) ကုသလတိုက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒာသည် ဖြစ်၏။

၁–၂–၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည် ကုသိုလ်ဝေဒနာကွန္ဒာလည်း ရှိ၏။ အကုသိုလ် ဝေဒနာကွန္ဒာလည်း ရှိ၏။ အဗျာကတဝေဒနာကွန္ဒာလည်း ရှိ၏။

၄–၅–၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည်။ပ။

၇–၈–၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည်။ပ။

၁၀–၁၁–၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည်။ပ။

၁၃–၁၄–၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံ ထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည်။ပ။

၁၆–၁၇–၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည် ကုသိုလ်ဝေဒနာကွန္ဒာလည်း ရှိ၏။ အကုသိုလ် ဝေဒနာကွန္ဒာ လည်း ရှိ၏။ အဗျာကတဝေဒနာကွန္ဒာလည်း ရှိ၏။

၁၉။ စက္ခုအတွေ့. (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)။

၂၀။ သောတအတွေ့. (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (သောတသမ္ဖဿဇာဝေဒနာ)။

၂၁။ ဃာနအတွေ့. (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့. 'ဂန္ဓာရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'ဃာန သမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (ဃာနသမ္ဖဿဇာဝေဒနာ)။

၂၂။ ဇိဝှါအတွေ့. (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ့.ဆုံထိခိုက်မှု). 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၂၃။ ကာယအတွေ့. (ကိုယ်အကြည် 'ကာယပသာဒ'နှင့်အတွေ့. 'ဖောဋ္ဌဗ္ဗာရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (ကာယသမ္ဖဿဇာဝေဒနာ)။

၂၄။ စိတ်အတွေ့. (စိတ်နှင့် ဓမ္မာရုံတို့. တွေ့.ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (မနောသမ္ဖဿဇာဝေဒနာ)။ ဤသို့. နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒာသည် ဖြစ်၏။

(ကုသလတိုက် စတုဝီသတိဝိဓနည်း ပြီး၏)။

---

(၂) ဝိပါကတိုက် စတုဝီသတိဝိဓနည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဒာသည် ဖြစ်၏။

၁။ မျက်စိအတွေ့. 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝေဒနာကွန္ဒာလည်း ရှိ၏။ပ။[1]

၁။ အမှတ် (၃) ဥပါဒိန္နတိုက် စတုဝီသတိဝိဓနည်းမှ အမှတ် (၁၈) အဗ္ဗတ္တတိုက် စတုဝီသတိဝိဓနည်း အထိ ပေယျာလ လုံးဝ ချန်ထားခဲ့သည်။

♣

(၁၉) အဗ္ဗတ္တာရမ္မဏတိုက် စတုဝီသတိဝိဓနည်း

၁-၂-၃။ ။ (မျက်စိအတွေ့. 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန္ဒာသည်) အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဒာလည်း ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဒာလည်း ရှိ၏။ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန္ဒာလည်း ရှိ၏။

၄–၅–၆။ နားအတွေ. 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည်။ပ။

၇–၈–၉။ နှာခေါင်းအတွေ. 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည်။ပ။

၁၀–၁၁–၁၂။ လျှာအတွေ. 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည်။ပ။

၁၃–၁၄–၁၅။ ကိုယ်အတွေ. 'ကာယသမ္ဖဿ'ဟူသောအကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည်။ပ။

[၁၆–၁၇–၁၈။ စိတ်အတွေ. 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည် (ကုသိုလ်, အကုသိုလ်တို့၏) အကျိုးဝိပါက်ဖြစ်သော ဝေဒနာကွန်ရှာလည်း ရှိ၏။ပ။]

၁၆–၁၇–၁၈။ (စိတ်အတွေ. 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာ သည်) အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန်ရှာလည်း ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန်ရှာလည်း ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝေဒနာကွန်ရှာလည်း ရှိ၏။

၁၉–၂၃။ မျက်စိအတွေ. 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (စက္ခုသမ္ဖဿဇာဝေဒနာ)။ပ။

၂၄။ စိတ်အတွေ. 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာ (မနောသမ္ဖဿဇာဝေဒနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

(အဗ္ဗတ္တာရမ္မဏတိက် စတုဝီသတိဝိနည်း ပြီး၏)။ (တိက် ၁၉–ခုကို ဖယ ၆–ပါးဖြင့် ဝေဖန်၍ ၂၄–ပါးစီ ဟောသော စတုဝီသတိဝိနည်း ၁၉–နည်း ပြီး၏။ ဤစတုဝီသတိဝိနည်း၌ ဝေဒနာပေါင်း (၁၉× ၂၄) = ၄၅၆–ပါး ဖြစ်၏။)

(စတုဝီသတိဝိနည်း ပြီး၏)။

၁။ ဤစာပိုဒ်သည် ဒုတိယ စတုဝီသတိနည်းဖြစ်သော ဝိပါကတိက်၏ မနောသမ္ဖဿဖြင့် ဝေဖန်ဟောပြခြင်းကို အဆက် ပြန်ဖော်ခြင်းဖြစ်သည်၊ သုဒ္ဓနည်း ၆–ပါးကိုမူ တစ်ပေါင်းတည်း ပြုပြီးလျှင် နောက်ဆုံး၌ ဖော်ပြထားသည်။

၂။ ဤစာပိုဒ်သည် အဗ္ဗတ္တာရမ္မဏတိက်ကို အစီအစဉ်အရ တစ်ဖန်ပြန်၍ ဖော်ပြခြင်းဖြစ်သည်။

♣

တိ'သဝိနည်း

(ဘုံလေးပါးဖြင့် ဖသ ၆–ပါးကိုဝေဖန်၍ အပြား ၃၀–အားဖြင့် ဟောသော တိ်သဝိနေည်း)။

သုံးဆယ်ပြားသောနည်းအားဖြင့် ဝေဒနာကွန်ရှာသည် ဖြစ်၏။

၁–၄။ မျက်စိအတွေ့. (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ကာမာဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'ရူပါဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော) 'အရူပါဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နေ' (လောကုတ္တရာ) ဝေဒနာကွန်ရှာသည် ရှိ၏။

၅–၈။ နားအတွေ့. (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၉–၁၂။ နှာခေါင်းအတွေ့. (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့. 'ဂန္ဓာရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၃–၁၆။ လျှာအတွေ့. (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၇–၂၀။ ကိုယ်အတွေ့. (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ. 'ဖောဋ္ဌဗ္ဗာရုံ တို့. တွေ.ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၁–၂၄။ စိတ်အတွေ့. (စိတ်နှင့် ဓမ္မာရုံတို့. တွေ.ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသော အကြောင်း ကြောင့်ဖြစ်သော ဝေဒနာကွန်ရှာသည် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ'ဝေဒနာကွန်ရှာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နေ' (လောကုတ္တရာ) ဝေဒနာကွန်ရှာသည် ရှိ၏။

၂၅။ မျက်စိအတွေ့. 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာဝေဒနာ)။

၂၆။ နားအတွေ့. 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (သောတသမ္ဖဿဇာ ဝေဒနာ)။

၂၇။ နှာခေါင်းအတွေ့. 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ ဝေဒနာ)။

၂၈။ လျှာအတွေ့. 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာဝေဒနာ)။

၂၉။ ကိုယ်အတွေ့. 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏ (ကာယသမ္ဖဿဇာ ဝေဒနာ)။

၃၀။ စိတ်အတွေ့. 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ဝေဒနာသည် ရှိ၏၊ (မနောသမ္ဖဿဇာ ဝေဒနာ)။ ဤသို့. သုံးဆယ်ပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆–ပါးကို ဝေဖန်၍ အပြား ၃၀–အားဖြင့် ဟောသော တိ'သဝိဓနည်း ပြီး၏။ ဤတိ'သဝိဓနည်း၌ ဝေဒနာပေါင်း ၃၀–ပါး ဖြစ်၏)။

(တိ'သဝိဓနည်း ပြီး၏)။

ဗဟုဝိဓနည်း

(တိက် ၁၉–ခုကို ဘုံ လေးပါး ဖဿ ၆–ပါး တို့ဖြင့်ဝေဖန်၍ ဟောသည့်)

များသောအပြားရှိသော ဗဟုဝိဓနည်း ၁၉–နည်း

(ဤနည်းတစ်နည်းတစ်နည်းစီ၌ ဝေဒနာပေါင်း ၄၈–ပါးရှိသည်၊ ဗဟုဝိဓနည်း ၁၉–နည်း၌ ဝေဒနာပေါင်း (၁၉× ၄၈) = ၉၁၂–ပါး ဖြစ်သည်။)

---

(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈–ပါး

များသောအပြားအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။

၁။ အမှတ် (၂) အဒ္ဓိတ္ထာရမ္မဏတိကမူ– သဟေတုက ဒုကမူလီ ၁၀–နည်းမှ အမှတ် (၈၁) အဒ္ဓိတ္ထာရမ္မဏတိကမူ–သဥတ္ထာရဒုကမူလီ ၁၀–နည်း အထိ (အဒ္ဓိတ္ထာရမ္မဏတိကမူ ၈၀–နည်းကို) ပေယျာလ လုံးဝချန်ခဲ့သည်။

♣

(၈၂) အဒ္ဓိတ္ထာရမ္မဏတိကမူ–သရဏဒုကမူလီ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၉၉။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ ငိုကြွေးကြောင်း (ရာဂအစ ရှိသော ကိလေသာ) ရှိသော ပြုပြင်စီရင်မှုအစု 'သရဏ'သခ်ါရကွန္ဓာသည် ရှိ၏၊ ငိုကြွေး ကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော ပြုပြင်စီရင်မှုအစု 'အရဏသခ်ါရကွန္ဓာ'သည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဒ္ဓိတ္ထ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဒ္ဓိတ္ထဗဟိဒ္ဓ'သန္ဓာန်၌ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။

(တိက် ၂၁–ခုကို မူတည်ပြီးလျှင် ဒုက် ၈၂–ခုကို မူလီသွင်း၍ ဟောသော တိကမူလကနည်း (၈၂× ၂၁) =၁၇၂၂–နည်းပြီး၏။ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သခ်ါရကွန္ဓာပေါင်း (၈၂× ၂၁× ၅၅) =၉၄၇၁၀–ပါး ဖြစ်၏)။

တိက်ကို မူတည်၍ ဟောသော 'တိကမူလက'နည်း ပြီး၏။

ဥဘတောဝမ္မကနည်း

(တိက် ၂၁–ခုနှင့် ဒုက် ၂၁–ခုတို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝမ္မက'နည်း ၂၁–နည်း)

(ဥဘတောဝမ္မကနည်း ၂၁–နည်း၌ တစ်နည်း တစ်နည်းစီအတွက် ထပ်၍ ၁၀–နည်းစီ ပွါးပြန် သည်။)

---

(၁) ဟေတုဒုက်နှင့် ကုသလတိက်တစ်စုံ ၁၀–နည်း[1]

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၀။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရကွန္ဓာသည် ရှိ၏၊ ဟိတ်မမည်သော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရကွန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရကွန္ဓာသည် ရှိ၏၊ အဗျာကတ သင်္ခါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

၁။ ဤထပ်ပွါး ၁၀–နည်း၌ အသေးစိတ် ရေတွက်သော် သင်္ခါရကွန္ဓာပေါင်း ၅၅–ပါး ဖြစ်၏။

♣

(၂) သဟေတုကဒုက်နှင့် ဝေဒနာတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၁။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သင်္ခါရကွန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏။ အဒုက္ခ မသုခဝေဒနာနှင့် ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၃) ဟေတုသမ္မယုတ္တဒုက်နှင့် ဝိပါကတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၂။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည်ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့် ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏၊ ဟိတ်နှင့် မယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့၌ရှိသော သခ်ါရကၡန္ဓာ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) သခ်ါရကၡန္ဓာသည် ရှိ၏၊ (ကုသိုလ်, အကုသိုလ်စိတ်တို့၌ ရှိသော သခ်ါရကၡန္ဓာ)၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) တရား လည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (ကြိယာစိတ်တို့၌ရှိသော သခ်ါရကၡန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၄) ဟေတု သဟေတုကဒုက်နှင့် ဥပါဒိဏ္ဍတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၃။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ဟိတ်လည်းမည်၍ ဟိတ်လည်း ရှိသော (ဟိတ်နှင့်လည်းယှဉ်သော) သခ်ါရကၡန္ဓာသည် ရှိ၏၊ ဟိတ်သာ ရှိ၍ ဟိတ်မမည်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောကီဝိပါက်စိတ်တို့၌ ရှိသော သခ်ါရကၡန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော သခ်ါရကၡန္ဓာ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့၌ရှိသော သခ်ါရကၡန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၅) ဟေတု ဟေတုသမ္မယုတ္တဒုက်နှင့် သံကိလိဋ္ဌတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၄။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်လည်း မည်၍ ဟိတ် လည်း ရှိသော (ဟိတ်နှင့်လည်း ယှဉ်သော) သင်္ခါရကွန္ဓာသည် ရှိ၏၊ ဟိတ်နှင့် သာယှဉ်၍ ဟိတ်မမည်သော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ပူပန်စေတတ် နိုပ်စက် တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာနှင့်လည်း ယှဉ်၍) ကိလေသာ၏အာရုံလည်း ဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရကွန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရကွန္ဓာ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရကွန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၆) နဟေတု သဟေတုကဒုက်နှင့် သဝိတက္ကတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၅။ တစ်ပါးပြားသေ နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိသော (ဟိတ်နှင့်သာယှဉ်သော) သင်္ခါရကွန္ဓာသည် ရှိ၏၊ ဟိတ်လည်း မမည်မူ၍ ဟိတ် လည်း မရှိသော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဝိတက်လည်းရှိ၍ ဝိစာရ လည်း ရှိသော (ဝိတက် ဝိစာရတို့နှင့် ယှဉ်သော) သင်္ခါရကွန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော သင်္ခါရကွန္ဓာ)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော သင်္ခါရကွန္ဓာသည် ရှိ၏ (ဒုတိယဈာန် စိတ် ၁၁–ပါး၌ရှိသော သင်္ခါရကွန္ဓာ)၊ ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိသော သင်္ခါရကွန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရကွန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၇) လောကိယဒုက်နှင့် ပီတိတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၆။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ လောကၨ် အကျုံးဝင်သော 'လောကီ'သင်္ခါရကွန္ဓာသည် ရှိ၏ (လောကီစိတ်တို့ၨ်ရှိသော သင်္ခါရကွန္ဓာ)၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'သင်္ခါရကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့ၨ်ရှိသော သင်္ခါရကွန္ဓာ)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ပီတိနှင့် တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) သင်္ခါရကွန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁–ပါးၨ်ရှိသော သင်္ခါရကွန္ဓာ)၊ သုခဝေဒနာနှင့် တကွဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (သုခသဟဂုတ်စိတ် ၆၃–ပါးၨ်ရှိသော သင်္ခါရကွန္ဓာ)၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါးၨ် ရှိသော သင်္ခါရကွန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၈) ကေနစိဝိညေယျဒုက်နှင့် ဒဿနတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၇။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သင်္ခါရကွန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သင်္ခါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးပါးၨ်ရှိသော သင်္ခါရကွန္ဓာနှင့် ဝိစိကိစ္ဆာစိတ်ၨ် ရှိသော သင်္ခါရကွန္ဓာ)၊ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်တို့ၨ်ရှိသော သင်္ခါရကွန္ဓာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ၨ် ရှိသော သင်္ခါရကွန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၉) အာသဝဒုက်နှင့် ဒဿနဟေတုတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၈။ တစ်ပါးပြားသောနည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲ စေတတ်သောသဘော 'အာသဝ'မည်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝမမည်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့်ယှဉ်သော) သခ်ါရကၡန္ဓာ သည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၌ရှိသော သခ်ါရကၡန္ဓာနှင့် ဝိစိကိစ္ဆာစိတ်၌ရှိသည့် မောဟကြောင့် သော သခ်ါရကၡန္ဓာ)၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော (ဟိတ်နှင့် ယှဉ်သော) သခ်ါရကၡန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခု, ဒေါသမူဒွေးတို့၌ ရှိသော သခ်ါရကၡန္ဓာနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြောင့်သော သခ်ါရကၡန္ဓာ)၊ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သခ်ါရကၡန္ဓာနှင့် မောဟမူဒွေး၌ ရှိသော မောဟ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၁၀) သာသဝဒုက်နှင့် အာစယဂါမိတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၀၉။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောကီစိတ်တို့နှင့် ယှဉ်သော သခ်ါရကၡန္ဓာ)၊ အာသဝ၏ အာရုံမဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်တို့နှင့်ယှဉ်သော သခ်ါရကၡန္ဓာ)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော ပြုပြင်စီရင်မှုအစု 'အာစယဂါမိ သခ်ါရကၡန္ဓာ'သည် ရှိ၏ (လောကီ ကုသိုလ်, အကုသိုလ်စိတ်တို့၌ရှိသော သခ်ါရကၡန္ဓာ)၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပြုပြင်စီရင်မှု အစု 'အပစယဂါမိ သခ်ါရကၡန္ဓာ'သည် ရှိ၏ (မဂ်စိတ်လေးပါး၌ရှိသော သခ်ါရကၡန္ဓာ)၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သခ်ါရကၡန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၁၁) အာသဝသမ္ဘယုတ္တဒုက်နှင့် သေက္ခတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၁၀။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂–ပါး၌ရှိသော ဝေဒနာနှင့် သညာကြဉ်သည့် စေတသိက်များ)၊ အာသဝနှင့်မယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ကြွင်း သော စိတ်တို့၌ရှိသော ဝေဒနာနှင့်သညာကြဉ်သည့် စေတသိက်များ)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် (မဂ်ပုဂ္ဂိုလ် ၄–ယောက်, အောက်ဖိုလ်ပုဂ္ဂိုလ်၃–ယောက် ခုနစ်ယောက်) တို့၏ ဥစ္စာဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါးနှင့် အောက်ဖိုလ်သုံးပါးတို့၌ရှိသော သင်္ခါရကွန္ဓာ)၊ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ'ပုဂ္ဂိုလ် (ရဟန္တာ) တို့၏ ဥစ္စာဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ် စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာ)၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (လောကီ စိတ်တို့၌ရှိသော သင်္ခါရကွန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

---

(၁၂) အာသဝသာသဝဒုက်နှင့် ပရိတ္တတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၁၁။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်သော သင်္ခါရကွန္ဓာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာဖြစ်၍ အာသဝမမည်သော သင်္ခါရကွန္ဓာသည် ရှိ၏ (အာသဝတရားကိုယ် သုံးပါးကြဉ်သည့် လောကီစိတ်တို့၌ရှိသော သင်္ခါရကွန္ဓာ)။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ နည်းသော အာနုဘော်ရှိသည့်

'ပရိတ္တ'မည်သော သင်္ခါရကွန်ရှာသည် ရှိ၏ (ကာမစိတ်တို့၌ရှိသော သင်္ခါရကွန်ရှာ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'မည်သော သင်္ခါရကွန်ရှာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်တို့၌ရှိသော သင်္ခါရကွန်ရှာ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ် အပ်သော) 'အပ္ပမာဏ'မည်သော သင်္ခါရကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရကွန်ရှာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

---

(၁၃) အာသဝ အာသဝသမ္ပယုတ္တဒုက်နှင့် ပရိတ္တာရမ္မဏတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ကေကနည်း ၁၁၂။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်သော သင်္ခါရကွန်ရှာသည် ရှိ၏ (လောဘမူစိတ်၌ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)၊ အာသဝနှင့် သာယှဉ်၍ အာသဝမမည်သော သင်္ခါရကွန်ရှာသည် ရှိ၏ (လောဘ, ဒိဋ္ဌိ, မောဟ ကြဉ်သော အကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရကွန်ရှာ)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော သင်္ခါရကွန်ရှာသည် ရှိ၏၊ မဟဂ္ဂုတ် တရားကို အာရုံပြုသော သင်္ခါရကွန်ရှာသည် ရှိ၏၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုသော သင်္ခါရကွန်ရှာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

---

(၁၄) အာသဝဝိပ္ပယုတ္တသာသဝဒုက်နှင့် ဟီနတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ကေကနည်း ၁၁၃။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ အာသဝနှင့် (လောဘ, ဒိဋ္ဌိ မောဟတို့နှင့်) မယှဉ်မူ၍ အာသဝ၏အာရုံသာဖြစ်သော သင်္ခါရကွန်ရှာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော သင်္ခါရကွန်ရှာ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံ လည်း မဟုတ်သော သင်္ခါရကွန်ရှာသည် ရှိ၏ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရကွန်ရှာ)။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ ယုတ်ညံ့သော 'ဟီန'သင်္ခါရကွန်ရှာသည် ရှိ၏ (အကုသိုလ်စိတ်တို့၌ရှိသော သင်္ခါရကွန်ရှာ)၊ အလယ်အလတ် ဖြစ်သော 'မ၎ျိမ'သင်္ခါရကွန်ရှာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရကွန်ရှာ)၊ မြင့်မြတ်သော 'ပဏီတ'သင်္ခါရကွန်ရှာသည် ရှိ၏ (လေကုတ္တရာစိတ်၌ရှိသော သင်္ခါရကွန်ရှာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

---

(၁၅) သံယောဇနဒုက်နှင့် မိစ္ဆတ္တနိယတတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၁၄။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၌) နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'မည်သော သင်္ခါရကွန်ရှာသည် ရှိ၏။ သံယောဇဉ် မမည်သော သင်္ခါရကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ ဖောက်ပြန်သောသဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော ပြုပြင်စီရင်မှုအစု 'မိစ္ဆတ္တနိယတ သင်္ခါရကွန်ရှာ'သည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိက်၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး၏ သတ္တမဇောနှင့် ပဋ္ဌာနန္တရိယကံငါးပါးကို ကျူးလွန်သော ဒေါသမူစိတ်တို့၏ သတ္တမဇောတို့၌ရှိသော သင်္ခါရကွန်ရှာ)၊ မဖောက်ပြန်သော သဘော ရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော ပြုပြင်စီရင်မှုအစု 'သမ္မတ္တနိယတသင်္ခါရကွန်ရှာ'သည် ရှိ၏ (မဂ်စိတ်လေးပါး၌ ရှိသော သင်္ခါရကွန်ရှာ)၊ နှစ်ပါးသော အခြင်း အရာတို့ဖြင့် အကျိုးပေးမမြဲသော သင်္ခါရကွန်ရှာသည် ရှိ၏ (ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရကွန်ရှာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

---

(၁၆) သံယောဇနိယဒုက်နှင့် မဂ္ဂါရမ္မဏတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၁၅။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သင်္ခါရကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။ ။ သံယောဇဉ်၏ အာရုံဖြစ်သော သင်္ခါရကွန်ရှာသည် ရှိ၏။ သံယောဇဉ်၏ အာရုံမဟုတ်သော သင်္ခါရကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ မဂ်ကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်ဌိုင်ရှိသော သခ်ါရကၡန္ဓာ)၊ မဂ်မည်သော အကြောင်း ရင်း ဟိတ်ရှိသော (သမ္မာဒိဋ္ဌိမည်သော ပညာ= အမောဟဟိတ်နှင့် ယှဉ်သော) သခ်ါရကၡန္ဓာသည် ရှိ၏ (မဂ္ဂင် မည်သော သမ္မာဒိဋ္ဌိ= အမောဟ = ပညာကြဉ်သည့် မဂ်စိတ်ဌိုင်ရှိသော သခ်ါရကၡန္ဓာ)၊ မဂ်မည်သော အကြီး အမှူးရှိသော (ဝိမံသာ ဓိပတိဖြစ်သော သမ္မာဒိဋ္ဌိ= အမောဟ= ပညာ, ဝီရိယာဓိပတိဖြစ်သော သမ္မဝါယာမ= ဝီရိယတို့နှင့်ယှဉ်သော) သခ်ါရကၡန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမည်သော ဝိမံသာဓိပတိ= အမောဟ= ပညာ, သမ္မာဝါယာမ မည်သော ဝီရိယာဓိပတိ = ဝီရိယတို့နှင့်ယှဉ်သည့် မဂ်စိတ်ဌိုင်ရှိသော သခ်ါရကၡန္ဓာ)။ပ။ ၁

ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

၁။ ဝိမံသာဓိပတိတပ်ခိုက်ဌိ ပညာကိုကြဉ်၍၊ ဝီရိယာဓိပတိတပ်ခိုက်ဌိ ဝီရိယကိုကြဉ်ပြီးလျှင် သခ်ါရကၡန္ဓာကို အရကောက်ပါလေ။

♣

(၁၇) သံယောဇနသမ္မယုတ္တဒုက်နှင့် ဥပ္ပန္နတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၁ဖ။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်တို့ဌိုင်ရှိသော သခ်ါရကၡန္ဓာ)၊ သံယောဇဉ်နှင့် မယှဉ်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်'သခ်ါရကၡန္ဓာသည် ရှိ၏၊ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏ (နောင်ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့ဌိုင်ရှိသော သခ်ါရကၡန္ဓာ)၊ မချုတ်ဧကန် ဖြစ်လတ္တံ့သော သခ်ါရကၡန္ဓာသည် ရှိ၏ (ဝိပါက်စိတ်တို့ဌိုင်ရှိသော သခ်ါရကၡန္ဓာ)။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၁၈) သံယောဇန သံယောဇနိယဒုက်နှင့် အတီတတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ကေကနည်း ၁၁၇။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်းဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ်မမည်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီးသော 'အတိက်'သခ်ါရကၡန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'သခ်ါရကၡန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'သခ်ါရကၡန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၁၉) သံယောဇန သံယောဇနသမ္မယုတ္တဒုက်နှင့် အတီတာရမ္မဏတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ကေကနည်း ၁၁၈။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်သော သခ်ါရကၡန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စုပ္ပန်'တရားကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၂၀) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်နှင့် အဗ္ဗတ္တတိက်တစ်စုံ ၁၀–နည်း

ကေကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ကေကနည်း ၁၁၉။ တစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကၡန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သခ်ါရကၡန္ဓာသည် ရှိ၏၊ သံယောဇဉ်နှင့်လည်း မယှဉ် မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော သခ်ါရကၡန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်သော သခ်ါရကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော သခ်ါရကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော သခ်ါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။

---

(၂၁) ဂန္ဓဒုက်နှင့် အဗ္ဗတ္တာရမ္မဏတိက်တစ်စုံ ၁၀–နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၂၀။ တစ်ပါးပြားသောနည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ဆက်စပ် ထုံးဖွဲ့တတ်သော 'ဂန္ဓ'မည်သော သခ်ါရကွန္ဓာသည် ရှိ၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ ဂန္ဓမမည်သော သခ်ါရကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။ ။ အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သောတရားကို အာရုံပြုသော သခ်ါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။

(တိက် ၂၁–ခုနှင့် ဒုက် ၂၁–ခုတို့ကို တစ်စုံစီ ထား၍ ပွါးသော 'ဥဘတောဝမ္မက'နည်းပြီး၏။ အသေးစိတ် ရေတွက်သော် ဤနည်း၌ သခ်ါရကွန္ဓာပေါင်း (၂၁× ၅၅) = ၁၁၅၅–ပါး ဖြစ်၏)။

တိက်နှင့်ဒုက်တို့ကို တစ်စုံစီထား၍ ပွါးသော 'ဥဘတောဝမ္မက'နည်း ပြီး၏။

ဗဟုဝိဓဝါရ

(များသောအပြားအားဖြင့် ဟောသော 'ဗဟုဝိဓဝါရ'နည်း ၂၁–နည်း)

သတ္တကနည်း

(တိက် ၂၁–ခုကို ဘုံလေးပါးတို့ဖြင့် ဝေဖန်၍ ၇–ပါးစီဟောသော သတ္တကနည်း ၂၁–နည်း)

(၁) ကုသလတိက် သတ္တကနည်း

ခုနစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ပြုပြင် စီရင်မှုအစု 'ကုသိုလ်သခ်ါရကၡန္ဓာ'သည် ရှိ၏၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ပြုပြင် စီရင်မှုအစု 'အကုသိုလ် သခ်ါရကၡန္ဓာ'သည် ရှိ၏၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ပြုပြင်စီရင်မှုအစု 'အဗျာကတသခ်ါရကၡန္ဓာ'သည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) သခ်ါရကၡန္ဓာသည် ရှိ၏။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။

---

(၂) ဝေဒနာတိုက် သတ္တကနည်း

ထိုမှတစ်ပါးလည်း ခုနစ်ပြားသောနည်းအားဖြင့် သခ်ါရကၡန္ဓာသည် ဖြစ်၏။ ။ ဒုက္ခဝေဒနာနှင့်ယှဉ်သော သခ်ါရကၡန္ဓာသည်ရှိ၏၊ သုခ ဝေဒနာနှင့်ယှဉ်သော သခ်ါရကၡန္ဓာသည် ရှိ၏၊ အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာနှင့်ယှဉ်သော သခ်ါရကၡန္ဓာ သည် ရှိ၏၊ ကာမဘုံ၌ ဖြစ်သော 'ကာမာဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော 'အရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) သခ်ါရကၡန္ဓာသည် ရှိ၏။ပ။[1]

၁။ အမှတ် (၃) ဝိပါကတိုက် သတ္တကနည်းမှ အမှတ် (၂၀) အဗျတ္တတိုက် သတ္တကနည်းအထိ ပေယျာလ လုံးဝ ချန်ခဲ့သည်။

♣

(၂၁) အဗျတ္တာရမ္မဏတိုက် သတ္တကနည်း

အတွင်း 'အဗျတ္တ'သန္ဓာန်၌ဖြစ်သော တရားကို အာရုံ ပြုသော သခ်ါရကၡန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဗျတ္တဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုသော သခ်ါရကၡန္ဓာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'သခ်ါရကၡန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) သခ်ါရကၡန္ဓာသည် ရှိ၏။ ။ ဤသို့ ခုနစ်ပါး ပြားသော နည်းအားဖြင့် သခ်ါရကၡန္ဓာ သည် ဖြစ်၏။

(သတ္တကနည်း ၂၁–နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤနည်း၌ သင်္ခါရကွန်ရှာပေါင်း (၂၁× ၇) = ၁၄၇–ပါး ဖြစ်၏)။

(ဗဟုဝိဓဝါရ သတ္တကနည်း ၂၁–နည်း ပြီး၏)။

စတုဝီသတိဝိဓနည်း

တိက် ၂၁–ခုကို ဖယ်ထား ၆–ပါးဖြင့် ဝေဖန်၍ ၂၄–ပါးစီဟောသော

စတုဝီသတိဝိဓနည်း ၂၁–နည်း

(စတုဝီသတိဝိဓနည်း ၂၁–နည်း၌ တစ်နည်း တစ်နည်းအတွက် သင်္ခါရကွန်ရှာ ၂၄–ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သင်္ခါရကွန်ရှာပေါင်း (၂၁× ၂၄) =၅၀၄–ပါး ဖြစ်သည်။)

စတုဝီသတိဝိဓနည်း ၂၁–နည်း

(၁) ကုသလတိက် စတုဝီသတိဝိဓနည်း

နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

၁–၂–၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရှာသည် ကုသိုလ်သင်္ခါရကွန်ရှာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရကွန်ရှာလည်း ရှိ၏၊ အဗျာကတ သင်္ခါရကွန်ရှာလည်း ရှိ၏။

၄–၅–၆။ နားအတွေ့ (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၇–၈–၉။ နှာခေါင်းအတွေ့ (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၀–၁၁–၁၂။ လျှာအတွေ့ (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၃–၁၄–၁၅။ ကိုယ်အတွေ့ (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ဆုံ ထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၆–၁၇–၁၈။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရှာသည် ကုသိုလ် သင်္ခါရကွန်ရှာလည်း ရှိ၏၊ အကုသိုလ် သင်္ခါရကွန်ရှာလည်း ရှိ၏၊ အဗျာကတ သင်္ခါရကွန်ရှာလည်း ရှိ၏။

၁၉–၂၃။ မျက်စိအတွေ့ (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာစေတနာ)။ပ။

၂၄။ စိတ်အတွေ့ (စိတ်နှင့် ဓမ္မာရုံတို့ တွေ့ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

(ကုသလတိုက် စတုဝီသတိဝိဓနည်း ပြီး၏)။

၁။ စတုဝီသတိဝိဓနည်း ၂၁–နည်း၌ တစ်နည်း တစ်နည်းအတွက် သင်္ခါရကွန္ဓာ ၂၄–ပါးစီ ဟောထားရာ အသေးစိတ် ရေတွက်ပါမူ ဤနည်း၌ သင်္ခါရကွန္ဓာပေါင်း (၂၁× ၂၄) =၅၀၄–ပါး ဖြစ်သည်။

♣

(၂) ဝေဒနာတိုက် စတုဝီသတိဝိဓနည်း

ထိုမှတစ်ပါးလည်း နှစ်ဆယ့်လေးပါးပြားသော နည်း အားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

၁–၂–၃။ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန္ဓာသည် သုခ ဝေဒနာနှင့် ယှဉ်သော သင်္ခါရကွန္ဓာလည်း ရှိ၏။ပ။

၁။ အမှတ် (၃) ဝိပါကတိုက် စတုဝီသတိဝိဓနည်းမှ အမှတ် (၂၀) အဒ္ဓိတ္တတိုက် စတုဝီသတိဝိဓနည်းအထိ (စတုဝီ သတိဝိဓနည်း ၁၈–နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

♣

(၂၁) အဒ္ဓိတ္တာရမ္မဏတိုက် စတုဝီသတိဝိဓနည်း

၁–၂–၃။ (မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန္ဓာသည်) အတွင်း 'အဒ္ဓိတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏၊ အတွင်းအပ 'အဒ္ဓိတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏။ [မျက်စိအတွေ့ 'စက္ခုသမ္ဖဿကြောင့်ဖြစ်သော စေတနာ။ပ။ စိတ်အတွေ့ 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ]။

၄–၅–၆။ နားအတွေ့ 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့် (သောတသမ္ဖဿပစ္စယာ)။ပ။

၇–၈–၉။ နှာခေါင်းအတွေ့. 'ဃာနသမ္ဗဿ'ဟူသော အကြောင်းကြောင့် (ဃာနသမ္ဗဿပစ္စယာ)။ပ။

၁၀–၁၁–၁၂။ လျှာအတွေ့. 'ဇိဝှါသမ္ဗဿ'ဟူသော အကြောင်းကြောင့် (ဇိဝှါသမ္ဗဿပစ္စယာ)။ပ။

၁၃–၁၄–၁၅။ ကိုယ်အတွေ့. 'ကာယသမ္ဗဿ'ဟူသော အကြောင်းကြောင့် (ကာယသမ္ဗဿပစ္စယာ)။ပ။

[၁၆–၁၇–၁၈။ စိတ်အတွေ့. 'မနောသမ္ဗဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန္ဓာသည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန္ဓာသည် ရှိ၏။ပ။][1]

၁၆–၁၇–၁၈။[2] (စိတ်အတွေ့. 'မနောသမ္ဗဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန္ဓာ သည်) အတွင်း 'အဗ္ဗုတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏၊ အတွင်းအပသန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန္ဓာသည် ရှိ၏။

၁၉။ မျက်စိအတွေ့. 'စက္ခုသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဗဿဇာစေတနာ)။

၂၀။ နားအတွေ့. 'သောတသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဗဿဇာစေတနာ)။

၂၁။ နှာခေါင်းအတွေ့. 'ဃာနသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (ဃာနသမ္ဗဿဇာစေတနာ)။

၂၂။ လျှာအတွေ့. 'ဇိဝှါသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဗဿဇာစေတနာ)။

၂၃။ ကိုယ်အတွေ့. 'ကာယသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဗဿဇာစေတနာ)။

၂၄။ စိတ်အတွေ့. 'မနောသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဗဿဇာစေတနာ)။ ဤသို့ နှစ်ဆယ့်လေးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

(အဗ္ဗုတ္တာရမ္မဏတိက် စတုဝီသတိဝိနည်း ပြီး၏)။

(တိက် ၂၁–ခုကို ဖယ ၆–ပါးဖြင့် ဝေဖန်၍ ၂၄–ပါးစီ ဟောသော စတုဝီသတိဝိနည်း ၂၁–နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤစတုဝီသတိဝိနည်း၌ သင်္ခါရကွန္ဓာပေါင်း (၂၁× ၂၄) =၅၀၄–ပါး ဖြစ်၏)။

(စတုဝီသတိဝိနည်း ပြီး၏)။

၁။ ဤစာပိုဒ်မှာ ပါဠိတော်၌ ပါရှိနေသဖြင့်သာ အနက်ပြန်ဆိုရေးသားလိုက်ပါသည်။ စင်စစ်မှာ ဤစာပိုဒ်သည် အပိုသာ ဖြစ်ပါသည်။

၂။ ဤစာပိုဒ်သည် ဒုတိယစတုဝီသတိဝိနည်းဖြစ်သော ဝေဒနာတိက်ကို မနောသမ္ဗဿဖြင့် ဝေဖန်ဟောပြသည့် အဆက်ကို ပြန်ဖော်ခြင်းဖြစ်သည်။ သုဒ္ဓနည်း ၆–ပါးကိုမူ တစ်ပေါင်းတည်းပြုပြီးလျှင် နောက်ဆုံး၌ ဖော်ပြထားသည်။ စင်စစ်အားဖြင့် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေသည်။

၃။ ဤစာပိုဒ်သည် နောက်ဆုံးဖြစ်သော အဗ္ဗတ္တာရမ္မဏာတိက်ကို အစီအစဉ်အရ ဖော်ပြခြင်း ဖြစ်သည်။

♣

တီသဝိဓနည်း

(ဘုံလေးပါးဖြင့် ဖဿ ၆–ပါးကို ဝေဖန်၍

အပြား ၃၀–အားဖြင့် ဟောသော တီသဝိဓနည်း)

သုံးဆယ်ပြားသော နည်းအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။

၁–၄။ မျက်စိအတွေ . (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သခ်ါရကွန္ဓာသည် ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နဲ' (လောကုတ္တရာ) သခ်ါရကွန္ဓာသည် ရှိ၏။

၅–၈။ နားအတွေ. (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'သောတ သမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၉–၁၂။ နှာခေါင်းအတွေ. (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၃–၁၆။ လျှာအတွေ. (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၇–၂၀။ ကိုယ်အတွေ. (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'တို့. တွေ.ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၁–၂၄။ စိတ်အတွေ. (စိတ်နှင့်ဓမ္မာရုံတို့. တွေ.ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသော အကြောင်း ကြောင့်ဖြစ်သော သခ်ါရကွန္ဓာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'အရူပါဝစရ'သခ်ါရကွန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နဲ' (လောကုတ္တရာ) သခ်ါရကွန္ဓာသည် ရှိ၏။

၂၅–၂၉။ မျက်စိအတွေ. 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ စေတနာ)။ပ။

၃၀။ စိတ်အတွေ့. 'မနောသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (မနောသမ္ဗဿဇာ စေတနာ)။ ဤသို့. သုံးဆယ်ပြားသော နည်းအားဖြင့် သင်္ခါရကွန်ရာသည် ဖြစ်၏။

(ဘုံလေးပါးဖြင့် ဖဿ ၆–ပါးကို ဝေဖန်၍ အပြား ၃၀–အားဖြင့် ဟောသော တီးသဝိဓနည်းပြီး၏။ ဤတီးသဝိဓနည်း၌ သင်္ခါရကွန်ရာပေါင်း ၃၀–ပါး ဖြစ်၏)။

(တီးသဝိဓနည်း ပြီး၏)။

ဗဟုဝိဓနည်း

တိက် ၂၁–ခုကို ဘုံလေးပါး ဖဿ ၆–ပါးတို့ဖြင့် ဝေဖန်၍ ဟောသည့် များသော အပြား ရှိသော ဗဟုဝိဓနည်း ၂၁–နည်း (ဤနည်း တစ်နည်း တစ်နည်း၌ သင်္ခါရကွန်ရာပေါင်း ၄၈–ပါး ရှိ၏၊ ဗဟုဝိဓနည်း ၂၁–နည်း၌ သင်္ခါရကွန်ရာပေါင်း (၂၁ × ၄၈) = ၁၀၀၈–ပါး ဖြစ်၏။)

တိက် ၂၁–ခုကို ဘုံလေးပါး ဖဿ ၆–ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသော အပြား ရှိသော ဗဟုဝိဓနည်း ၂၁–နည်း[1]

(၁) ကုသလတိက် ဗဟုဝိဓနည်း ၄၈–ပါး

များသောအပြားအားဖြင့် သင်္ခါရကွန်ရာသည် ဖြစ်၏။

၁–၇။ မျက်စိအတွေ့ . (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'စက္ခုသမ္ဗဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရာသည် ကုသိုလ်သင်္ခါရကွန်ရာသည် ရှိ၏၊ အကုသိုလ် သင်္ခါရကွန်ရာသည် ရှိ၏၊ အဗျာကတ သင်္ခါရကွန်ရာသည် ရှိ၏၊ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ ရူပ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ'သင်္ခါရကွန်ရာသည်ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည် ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နဲ' (လောကုတ္တရာ) သင်္ခါရကွန်ရာသည် ရှိ၏။

၈–၁၄။ နားအတွေ့. (နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'သောတသမ္ဗဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၅–၂၁။ နှာခေါင်းအတွေ့. (နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့. 'ဂန္ဓာရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'ဃာနသမ္ဗဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၂–၂၈။ လျှာအတွေ့. (လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ့.ဆုံထိခိုက်မှု) 'ဇိဝှါသမ္ဗဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၉–၃၅။ ကိုယ်အတွေ့. (ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့. 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့.ဆုံထိခိုက်မှု) 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၃၆–၄၂။ စိတ်အတွေ့. (စိတ်နှင့်ဓမ္မာရုံတို .တွေ့.ဆုံထိခိုက်မှု) 'မနောသမ္ဖဿ'ဟူသော အကြောင်း ကြောင့်ဖြစ်သော သင်္ခါရကွန်ရှာသည် ကုသိုလ်သင်္ခါရကွန်ရှာသည် ရှိ၏၊ အကုသိုလ် သင်္ခါရကွန်ရှာသည် ရှိ၏၊ အဗျာကတ သင်္ခါရကွန်ရှာသည် ရှိ၏၊ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမာဝစရ'သင်္ခါရကွန်ရှာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ'သင်္ခါရကွန်ရှာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရ'သင်္ခါရကွန်ရှာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နဲ' (လောကုတ္တရာ) သင်္ခါရကွန်ရှာသည် ရှိ၏။

၄၃။ မျက်စိအတွေ့. 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (စက္ခုသမ္ဖဿဇာ စေတနာ)။

၄၄။ နားအတွေ့. 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (သောတသမ္ဖဿဇာ စေတနာ)။

၄၅။ နှာခေါင်းအတွေ့. 'ঘာနသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (ঘာနသမ္ဖဿဇာ စေတနာ)။

၄၆။ လျှာအတွေ့. 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (ဇိဝှါသမ္ဖဿဇာ စေတနာ)။

၄၇။ ကိုယ်အတွေ့. 'ကာယသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (ကာယသမ္ဖဿဇာ စေတနာ)။

၄၈။ စိတ်အတွေ့. 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာ (မနောသမ္ဖဿဇာ စေတနာ)။ ဤသို့. များသောအပြားအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

၁။ ဤနည်း တစ်နည်း တစ်နည်း၌ သင်္ခါရကွန်ရှာပေါင်း ၄၈–ပါး ရှိ၏၊ ဗဟုဝိဓနည်း ၂၁–နည်း၌ သင်္ခါရကွန်ရှာပေါင်း (၂၁ × ၄၈) = ၁၀၀၈–ပါး ဖြစ်၏။

♣

(၂) ဝေဒနာတိုက် ဗဟုဝိဓနည်း ၄၈–ပါး

ထိုမှ တစ်ပါးလည်း များသော အပြားအားဖြင့် သင်္ခါရကွန်ရှာသည် ဖြစ်၏။

၁–၄၈။ မျက်စိအတွေ့. 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရှာသည် သုခ ဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန်ရှာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန်ရှာသည် ရှိ၏၊ အဒုက္ခ မသုခဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန်ရှာသည် ရှိ၏။ပ။[1]

၁။ အမှတ် (၃) ဝိပါကတိုက် ဗဟုဝိဓနည်းမှ အမှတ် (၂၀) အဒ္ဓိတ္တတိုက် ဗဟုဝိဓနည်းအထိ (ဗဟုဝိဓနည်း ၁၈–နည်းတို့ကို) ပေယျာလ လုံးဝချန်ခဲ့သည်။

♣

(၂၁) အဗ္ဗတ္တာရမ္မဏတိက် ဗဟုဝိဓနည်း ၄၈-ပါး

၁-၇။ (မျက်စိအတွေ. 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သောသင်္ခါရကွန်ရာ သည်) အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏။ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) သင်္ခါရကွန်ရာ သည် ရှိ၏။

၈-၁၄။ နားအတွေ. 'သောတသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၁၅-၂၁။ နှာခေါင်းအတွေ. 'ဃာနသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၂-၂၈။ လျှာအတွေ. 'ဇိဝှါသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

၂၉-၃၅။ ကိုယ်အတွေ. 'ကာယသမ္ဖဿ'ဟူသော အကြောင်းကြောင့်။ပ။

[၃၆-၄၂။[1] စိတ်အတွေ. 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရာသည် သုခဝေဒနာနှင့်ယှဉ်သော သင်္ခါရကွန်ရာသည် ရှိ၏။ပ။ '

၃၆-၄၂။[2] (စိတ်အတွေ. 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရကွန်ရာသည်) အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော သင်္ခါရကွန်ရာသည် ရှိ၏။ ကာမဘုံ၌ သက်ဝင်၍ဖြစ်သော (ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာ ကျင်လည် ရာဖြစ်သော) 'ရူပါဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော) 'အရူပါဝစရ'သင်္ခါရကွန်ရာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော 'အပရိယာပန္နာ' (လောကုတ္တရာ) သင်္ခါရကွန်ရာသည် ရှိ၏။

၄၃။ မျက်စိအတွေ. 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (စက္ခုသမ္ဖဿဇာ စေတနာ)။

၄၄။ နားအတွေ . 'သောတသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (သောတသမ္ဖဿဇာ စေတနာ)။

၄၅။ နှာခေါင်းအတွေ. 'ဃာနသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ဃာနသမ္ဖဿဇာ စေတနာ)။

၄၆။ လျှာအတွေ. 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ဇိဝှါသမ္ဖဿဇာစေတနာ)။

၄၇။ ကိုယ်အတွေ့. 'ကာယသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (ကာယသမ္ဗဿဇာ စေတနာ)။

၄၈။ စိတ်အတွေ့. 'မနောသမ္ဗဿ'ကြောင့်ဖြစ်သော စေတနာသည် ရှိ၏ (မနောသမ္ဗဿဇာ စေတနာ)။ ။ ဤသို့. များသောအပြားအားဖြင့် သခ်ါရကွန္ဓာသည် ဖြစ်၏။

(တိုက် ၂၁–ခုကို ဘုံလေးပါး, ဖဿ ၆–ပါးတို့ဖြင့် ဝေဖန်၍ဟောသည့် များသော အပြားရှိသော ဗဟုဝိဓနည်း ၂၁–နည်း ပြီး၏။ အသေးစိတ် ရေတွက်သော် ဤဗဟုဝိဓနည်း၌ သခ်ါရကွန္ဓာပေါင်း (၂၁× ၄၈)= ၁၀၀၈–ပါး ဖြစ်၏။)

(ဗဟုဝိဓနည်း ပြီး၏)။

ဤဆိုအပ်ခဲ့ပြီးသော သခ်ါရတို့ကို ပြုပြင်စီရင်မှုအစု 'သခ်ါရကွန္ဓာ'ဟု ဆိုအပ်၏။

[သခ်ါရကွန္ဓာပေါင်းမှာ

(၁) ဒုကမူလကနည်း ၉၄ ၇၁၀–ပါး

(၂) တိကမူလကနည်း ၉၄ ၇၁၀–ပါး

(၃) ဥဘတောဝမ္ဘကနည်း ၁၁၅၅–ပါး

(၄) သတ္တကနည်း ၄ ၇–ပါး

(၅) စတုဝိသတိဝိဓနည်း ၅၀၄–ပါး

(၆) တိ'သဝိဓနည်း ၃၀–ပါး

(၇) ဗဟုဝိဓနည်း ၁၀၀၈–ပါး

ပေါင်း ၁၉၂၂၆၄–ပါး ဖြစ်၏]။

သခ်ါရကွန္ဓာ ပြီး၏။

(သခ်ါရကွန္ဓာတို့ကို အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မာဘာဇနီယ'နည်း ပြီး၏)။

၁။ အဒ္ဓါတ္တာရမ္မဏာတိက်ကို အမှတ် ၃၅–တွင် ရပ်၍ ဝေဒနာတိက်မှ အမှတ် ၃၆–၄၂ ကို သတိရရန် ပြန်၍ ဖော်ပြခြင်းဖြစ်သည်။ စင်စစ် ဤစာပိုဒ်သည် မလိုချေ၊ စာကြည့်သူကို ရှုပ်ထွေးစေနိုင်သည်။

၂။ ဤစာပိုဒ်သည် အဒ္ဓါတ္တာရမ္မဏာတိက် ဗဟုဝိဓနည်းကို အစီအစဉ်အရ ဖော်ပြခြင်းဖြစ်သည်၊ ထို့နောက်မှ ဖဿ ၆–ပါး သက်သက်ကို ဆက်လက်ထည့်သွင်းပြီးလျှင် ရေတွက်၍ပြသည်။

♣

၅–ဝိညာဏကွန္ဓ (သိမှုအစု)

ဒုကမူလကနည်း

ဒုကမူ–တိကမူလီ

ဒုက်တို့ကို မူတည်၍ တိက် ၂၁–ခုကို မူလီသွင်း၍ဟောသော ဒုကမူလကနည်း

(ဒုက် ၅၂–ခု[1]ကို မူတည်၍ တိက် ၂၁–ခုကို မူလီသွင်း၍ ဟောသောနည်း (၅၂× ၂၁) = ၁၀၉၂–နည်း)[2]

၁။ ဝိညာဏာဟာရ တရားကိုယ်များ အရ မကောက်နိုင်သော ဒုက်ပုဒ်များ ပါဝင်နေသည့် ဒုက် ၄၈–ခုကို မဟောချေ။

၂။ ဤဝိညာဏာဟာရ ဒုကမူလကနည်း၌ နည်းပေါင်း (၅၂× ၂၁)= ၁၀၉၂–နည်း ဖြစ်သည်၊ ဤနည်း ၁၀၉၂–နည်း၌ တစ်နည်း တစ်နည်းကိုပင် တစ်ဖန် ၁၀–နည်းစီ ထပ်၍ ပွါးပြန်သည်၊ ထိုထပ်ပွါး ၁၀–နည်း၌ ဝိညာဏာဟာရ ၅၅–ပါး ရှိသည်၊ ထို့ကြောင့် အသေးစိတ် ရေတွက်သော် ဝိညာဏာဟာရပေါင်း (၁၀၉၂× ၅၅) = ၆၀၀၆၀–ပါး ဖြစ်သည်။)

♣

၁–သဟေတုကဒုကမူ တိက် ၂၁–ခု မူလီ ၂၁–နည်း

(၁) သဟေတုကဒုကမူ ကုသလတိကမူလီ ၁၀–နည်း[3]

ဧကကနည်း, ဒုကနည်း, တိကနည်း, စတုက္ကနည်း, ပဉ္စကနည်း, ဆက္ကနည်း, သတ္တကနည်း, အဋ္ဌကနည်း, နဝကနည်း, ဒသကနည်း

၁၂၁။ ထို (ခန္ဓာ ငါးပါးတို့) တွင် အဘယ်သည် သိမှုအစု 'ဝိညာဏာဟာရ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဟာရသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝိညာဏာဟာရတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဟာရသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏာဟာရသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏာဟာရသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝိညာဏာဟာရသည် ဖြစ်၏။ ။ အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်'ဝိညာဏာဟာရသည် ရှိ၏၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'ဝိညာဏာဟာရသည် ရှိ၏၊ ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'ဝိညာဏာဟာရသည် ရှိ၏။

စတုက္ကနည်း။ ။ လေးပါးပြားသော နည်းအားဖြင့် ဝိညာဏာဟာရသည် ဖြစ်၏။ ။ ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ဖြစ်သော) 'ကာမာဝစရ'ဝိညာဏာဟာရ သည် ရှိ၏၊ ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌

သက်ဝင်၍ဖြစ်သော) 'ရူပါဝစရ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ဖြစ်သော) 'အရူပါဝစရ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) 'အပရိယာပန္နဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။

ပဉ္စကနည်း။ ။ ငါးပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ'နှင့်ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ'နှင့် ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ'နှင့် ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ စိတ်မချမ်းသာမှု စိတ်နလုံးမသာယာမှု၌ အစိုးတရခံစားခြင်း 'ဒေါမနဿိန္ဒြေ'နှင့် ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း 'ဥပေက္ခိန္ဒြေ'နှင့်ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။ ဤသို့ ငါးပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။

ဆဋ္ဌနည်း။ ။ ခြောက်ပါးပြားသော နည်းအားဖြင့် သိမှုအစု ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ঘာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြံသိစိတ် 'မနောဝိညာဏ်'။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။

သတ္တကနည်း။ ။ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ঘာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး)၊ (အာရုံခြောက်ပါးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (ကြွင်းသောစိတ်များ)။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။

အဋ္ဌကနည်း။ ။ ရှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ঘာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ သုခဝေဒနာနှင့် တကွဖြစ်သော ကာယ ဝိညာဏ်၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။

နဝကနည်း။ ။ ကိုးပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်၊ ঘာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ် မနော ဝိညာဏဓာတ်၊ အကုသိုလ် မနောဝိညာဏဓာတ်၊ အဗျာကတ မနောဝိညာဏဓာတ်။ ။ ဤသို့ ကိုးပါး ပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။

ဒသကနည်း။ ။ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ စက္ခုဝိညာဏ်။ပ။ သုခ ဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယ ဝိညာဏ်၊ မနောဓာတ်၊ ကုသိုလ်မနောဝိညာဏဓာတ်၊ အကုသိုလ် မနောဝိညာဏဓာတ်၊ အဗျာကတ မနောဝိညာဏဓာတ်။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ (သဟေတုကဒုကမူ–ကုသလတိကမူလီ ၁၀–နည်း ဖြစ်၏၊ ဤ၁၀–နည်း၌ ဝိညာဏာဂ္ဂန္ဓာပေါင်း (၁၀× ၅၅) = ၅၅၀–ပါး ဖြစ်၏)။

၁။ ဤ ၁၀-နည်း၌ ဝိညာဏကွန္ဓာပေါင်း ၅၅-ပါး ရှိသည်။

♣

(၂) သဟေတုကဒုကမူ-ဝေဒနာတိကမူလီ ၁၀-နည်း

ဧကကနည်း, ဒုကနည်း, တိကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၂၂။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့် ယှဉ်သော ဝိညာဏကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝိညာဏ ကွန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝိညာဏကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် ဝိညာဏကွန္ဓာသည် ဖြစ်၏။ ။ သုခဝေဒနာနှင့် ယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏။ပ။

---

(၃) သဟေတုကဒုကမူ-ဝိပါကတိကမူလီ ၁၀-နည်း

ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (ဝိပါက်စိတ်များ)၊ အကျိုးဝိပါက်ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုးဝိပါက်ကို ဖြစ်စေတတ်သော) ဝိညာဏကွန္ဓာသည် ရှိ၏ (ကုသိုလ်, အကုသိုလ်စိတ်များ)၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုး ဝိပါက်ကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်သော (အကျိုးဝိပါက်ကို မဖြစ်စေတတ်သော) ဝိညာဏကွန္ဓာသည် ရှိ၏ (ကြိယာစိတ်များ)။ပ။

---

(၄) သဟေတုကဒုကမူ-ဥပါဒိဏ္ဏတိကမူလီ ၁၀-နည်း

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်းဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကီဝိပါက် စိတ်များ)၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

---

(၅) သဟေတုကဒုကမူ–သံကိလိဋ္ဌတိကမူလီ ၁၀–နည်း

ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည် ပူပန်လည်း ပူပန်စေအပ်သည်ဖြစ်၍ (ကိလေသာတို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်းဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာ့စိတ်များ)၊ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်းမယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

---

(၆) သဟေတုကဒုကမူ–ဝိတက္ကတိကမူလီ ၁၀–နည်း

ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ဝိညာဏကွန္ဓာသည် ရှိ၏ (သဝိတက္ကစိတ် ၅၅–ပါး)၊ ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ဝိညာဏကွန္ဓာသည် ရှိ၏ (ဒုတိယဈာန်စိတ် ၁၁–ပါး)၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ဝိညာဏကွန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

---

(၇) သဟေတုကဒုကမူ–ပီတိတိကမူလီ ၁၀–နည်း

ပီတိနှင့် တကွဖြစ်သော (ပီတိနှင့်ယှဉ်သော) ဝိညာဏကွန္ဓာသည် ရှိ၏ (သပ္ပီတိကစိတ် ၅၁–ပါး)၊ သုခဝေဒနာနှင့် တကွဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (သုခသဟဂတ်စိတ် ၆၃–ပါး)၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (ဥပေက္ခာသဟဂတ်စိတ် ၅၅–ပါး)။ပ။

---

(၈) သဟေတုကဒုကမူ–ဒဿနတိကမူလီ ၁၀–နည်း

(နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (သောတာပတ္တိမဂ်မြင်ပြီး သော နိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ် သော ဝိညာဏကွန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ် ခုနစ်ပါး)၊ သောတာပတ္တိမဂ်သည် ပယ်အပ် သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ပ။

---

(၉) သဟေတုကဒုကမူ–ဒဿနဟေတုတိကမူလီ ၁၀–နည်း

(ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးနှင့် ဝိစိကိစ္ဆာစိတ်)၊ (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ကြွင်းသော အကုသိုလ်စိတ်ခုနစ်ပါး)၊ သောတာ ပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ပ။

---

(၁၀) သဟေတုကဒုကမူ–အာစယဂါမိတိကမူလီ ၁၀–နည်း

စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်သော 'အာစယဂါမိ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, အကုသိုလ်စိတ်များ)၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော 'အပစယဂါမိ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (မဂ်စိတ်လေးပါး)၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ဝိပါက်စိတ်နှင့် ကြိယာစိတ်များ)။ပ။

---

(၁၁) သဟေတုကဒုကမူ–သေက္ခတိကမူလီ ၁၀–နည်း

(အရဟတ္တဖိုလ်ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်သော ဝိညာဏာဂ္ဂန္ဓာ သည် ရှိ၏ (မဂ်စိတ်လေးပါးနှင့်အောက်ဖိုလ်သုံးပါး)၊ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စဖြစ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (အရဟတ္တဖိုလ်စိတ်)၊ သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်မူ၍ အသေက္ခ (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကီစိတ် ၈၁–ပါး)။ပ။

---

(၁၂) သဟေတုကဒုကမူ–ပရိတ္တတိကမူလီ ၁၀–နည်း

နည်းသောအာနုဘော်ရှိသည့် 'ပရိတ္တ'မည်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ကာမစိတ်များ)၊ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂတ'မည်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (မဟဂ္ဂုတ်စိတ်များ)၊ နှိုင်းယှဉ်မှုကို ပြုတတ်သည့် (ရာဂအစရှိသော) ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'မည်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်ရှစ်ပါး)။

---

(၁၃) သဟေတုကဒုကမူ–ပရိတ္တာရမ္မဏတိကမူလီ ၁၀–နည်း

ပရိတ္တတရား (ကာမတရား) ကို အာရုံပြုသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ မဟဂ္ဂုတ်တရားကို အာရုံ ပြုသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ အပ္ပမာဏတရား (မနှိုင်းယှဉ်အပ်သော လောကုတ္တရာတရား) ကို အာရုံ ပြုသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။ပ။

---

(၁၄) သဟေတုကဒုကမူ–ဟီနတိကမူလီ ၁၀–နည်း

ယုတ်ညံ့သော 'ဟီန'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂–ပါး)၊ အလယ်အလတ် ဖြစ်သော 'မဇ္ဈိမ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ မြင့်မြတ်သော 'ပဏီတ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈–ပါး)။ပ။

---

(၁၅) သဟေတုကဒုကမူ–မိစ္ဆတ္တတိကမူလီ ၁၀–နည်း

ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါးတို့၏ သတ္တမဇောနှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူစိတ်တို့၏ သတ္တမဇော)၊ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (မဂ်စိတ် ၄–ပါး)၊ (နှစ်ပါးသော အခြင်းအရာအားဖြင့်) အကျိုးပေးမမြဲသော 'အနိယတ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (ကြွင်းသောစိတ်များ)။ပ။

---

(၁၆) သဟေတုကဒုကမူ–မဂ္ဂါရမ္မဏတိကမူလီ ၁၀–နည်း

မဂ်ကို အာရုံပြုသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (မဂ္ဂါရမ္မဏစိတ်)၊ မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိ= ပညာ= အမောဟ) ရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော အမောဟဟိတ်နှင့် ယှဉ်သည့် မဂ်စိတ်လေးခု)၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ပညာ= ဝီမံသာဓိပတိ, သမ္မာဝါယာမ= ဝီရိယာဓိပတိ) ရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သည့် ပညာတည်းဟူသော ဝီမံသာဓိပတိနှင့် သမ္မာဝါယာမမဂ္ဂင်ဖြစ်သည့် ဝီရိယာဓိပတိမည်သော ဝီရိယတို့နှင့် ယှဉ်သည့် မဂ်စိတ်လေးခု)။ပ။

---

(၁၇) သဟေတုကဒုကမူ–ဥပ္ပန္နတိကမူလီ ၁၀–နည်း

ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော 'ပစ္စုပ္ပန်'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့

ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ့်သော 'အနာဂတ်'ဝိညာဏာကွန်ရှာသည် ရှိ၏ (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်များ)၊ မချုတ်ဧကန် ဖြစ်လတ္တံ့သော ဝိညာဏာကွန်ရှာသည် ရှိ၏ (ဝိပါက်စိတ်များ)။ပ။

---

(၁၈) သဟေတုကဒုကမူ–အတီတတိကမူလီ ၁၀–နည်း

ဖြစ်ပြီးသော 'အတိက်'ဝိညာဏာကွန်ရှာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'ဝိညာဏာကွန်ရှာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စပ္ပန်'ဝိညာဏာကွန်ရှာသည် ရှိ၏။ပ။

---

(၁၉) သဟေတုကဒုကမူ–အတီတာရမ္မဏတိကမူလီ ၁၀–နည်း

ဖြစ်ပြီးသော 'အတိက်'တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏၊ ဖြစ်ဆဲဖြစ်သော 'ပစ္စပ္ပန်'တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏။ပ။

---

(၂၀) သဟေတုကဒုကမူ–အဇ္ဈတ္တတိကမူလီ ၁၀–နည်း

အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော ဝိညာဏာကွန်ရှာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော ဝိညာဏာကွန်ရှာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော ဝိညာဏာကွန်ရှာသည် ရှိ၏။ပ။

---

(၂၁) သဟေတုကဒုကမူ–အဇ္ဈတ္တာရမ္မဏတိကမူလီ ၁၀–နည်း

အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏၊ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုသော ဝိညာဏာကွန်ရှာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် ဝိညာဏာကွန်ရှာသည် ဖြစ်၏။

(သဟေတုကဒုက်ကို မူတည်ပြီးလျှင် တိက် ၂၁–ခုကို မူလီသွင်း၍ ဟောသော သဟေတုကဒုကမူလကနည်း ၂၁–နည်း ပြီး၏။ ဤနည်း၌ ဝိညာဏာကွန်ရှာပေါင်း (၂၁× ၅၅) = ၁၁၅၅–ပါး ဖြစ်၏)။

(သဟေတုကဒုကမူ–တိကမူလီ ၂၁–နည်း ပြီး၏)။

၂–ဟေတုသမ္ပယုတ္တဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

ဧကကနည်း, ဒုကနည်း။ပ။ ဒသကနည်း

ဧကကနည်း ၁၂၃။ တစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝိညာဏာဂ္ဂန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝိညာဏာဂ္ဂန္ဓာသည် ဖြစ်၏။ ။ ဟိတ်နှင့်ယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ ဟိတ်နှင့်မယှဉ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။ပ။[1]

၁။ ဤဟေတုသမ္ပယုတ္တဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း၌ တစ်နည်း တစ်နည်းလျှင် ထပ်မံ၍ ဧကကမှ ဒသကအထိ ၁၀–နည်းစီ ဟောပြရန် ဖြစ်သည်၊ သို့ရာတွင် ဤနည်း၌ ရှေးဦးအစမျှကိုသာ ဖော်ပြထားသည်။ အကျယ်ဖွင့်လိုလျှင် ပြဆိုခဲ့ပြီးသော သဟေတုကဒုကမူ– တိက် ၂၁–ခု မူလီ ၂၁–နည်းအတိုင်း နည်းယူ၍ ဖွင့်ဆိုပါလေ၊ ကျန် 'ဒုက'မူများအတွက်လည်း ဤနည်းအတိုင်း သိပါလေ။

♣

၃–နဟေတု သဟေတုကဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

ဟိတ်မမည်မူ၍ ဟိတ်သာရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိသော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။ပ။

(၂–စူဠန္တရဒုကမှ ဒုက် ၂–ခု)

၄–လောကိယဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

လောကဌ် အကျုံးဝင်သော 'လောကီ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကီစိတ်များ)၊ လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ် ၈–ပါး)။ပ။

၅–ကေနစိဝိညေယျဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏၊ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏။ပ။

(၃–အာသဝဂေါ့ဌကမှ ဒုက် ၃–ခု)

၆–သာသဝဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးနေတတ် ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏၊ အာသဝ၏ အာရုံမဟုတ်သော ဝိညာဏကွန္ဓာသည် ရှိ၏။ပ။

၇–အာသဝသမ္မယုတ္တဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂–ပါး)၊ အာသဝနှင့် မယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏။ပ။

၈–အာသဝဝိပ္ပယုတ္တသာသဝဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

အာသဝနှင့်မယှဉ်မူ၍ အာသဝ၏အာရုံသာဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်းမဟုတ်သော ဝိညာဏကွန္ဓာ သည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၄–သညောဇနဂေါ့ဌကမ္ဘ ဒုက် ၃–ခု)

၉–သံယောဇနိယဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

(သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စေတတ် နှောင်ဖွဲ့တတ်သော 'သံယောဇဉ်'၏ အာရုံဖြစ်သော ဝိညာဏကွန္ဓာသည် ရှိ၏၊ သံယောဇဉ်၏ အာရုံမဟုတ်သော ဝိညာဏကွန္ဓာသည် ရှိ၏။ပ။

၁၀–သံယောဇနသမ္မယုတ္တဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

သံယောဇဉ်နှင့်ယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏ (အကုသိုလ်စိတ် ၁၂–ပါး)၊ သံယောဇဉ်နှင့် မယှဉ်သော ဝိညာဏကွန္ဓာသည် ရှိ၏။ပ။

၁၁–သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုကမ္ဘ–တိုက် ၂၁–ခု မူလီ ၂၁–နည်း

သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာဖြစ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်သော ဝိညာဏာဂ္ဂန္ဓာသည် ရှိ၏ (လောကုတ္တရာစိတ်များ)။ပ။

(၅–ဂန္ဓဂေါ့ဌကမှ ဒုက် ၃–ခု)

၁၂–ဂန္ဓနိယဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရား ဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ် မူ၍ အကျိုး

'ဝိပါက်'ကို ဖြစ်စေခြင်းသဘောရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာစိတ္တုပ္ပါဒ်)။

---

(၄) ဥပါဒိဏ္ဍတိက် အဖြေဝိသဇ္ဇနာ။ ။ အချို့သောရူပက္ခန္ဓာသည် တဏှာဒိဋ္ဌတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌတို့၏ အာရုံ ဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (ကမ္မဇရုပ်)။ အချို့သော ရူပက္ခန္ဓာသည် တဏှာဒိဋ္ဌတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်၏ (ကမ္မဇရုပ်မှ ကြွင်းသော တိဇရုပ်များ)။

အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက်စိတ္တုပ္ပါဒ်)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌတို့၏ အာရုံဖြစ်သည့်ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် တဏှာဒိဋ္ဌတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌတို့ အာရုံပြုသည့်ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်တို့၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

---

(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေ တတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာ တို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာ တို့နှင့်လည်း ယှဉ်၍) ကိလေသာတို့၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာတို့နှင့်လည်း မယှဉ်မူ၍) ကိလေသာတို့၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်)။

---

(၆) ဝိတက္ကတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိသော ခန္ဓာဖြစ်၏ (ဝိတက်, ဝိစာရတို့နှင့် မယှဉ်)။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိကုန်၏ (သဝိတက္ကစိတ် ၅၅–ပါးနှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်)

နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်မရှိမူ၍ ဝိစာရမျှသာ ရှိကုန်၏ (ဒုတိယဈာန်စိတ် ၁၁–ပါးနှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရ လည်း မရှိသော ခန္ဓာများ ဖြစ်ကုန်၏ (အဝိတက္က အဝိစာရစိတ် ၅၅–ပါးနှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရကွန္ဓာသည် ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ခန္ဓာဖြစ်၏ (သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝိတက်ဝိစာရကြဉ်သည့် သင်္ခါရကွန္ဓာ)၊ အချို့သော သင်္ခါရကွန္ဓာသည် ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ခန္ဓာဖြစ်၏ (ဒုတိယဈာန်စိတ် ၁၁–ပါး၌ရှိသော ဝိစာရကြဉ်သည့် သင်္ခါရကွန္ဓာ၊ သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝိတက် ၅၅–ပါး)၊ အချို့သော သင်္ခါရကွန္ဓာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်းမရှိသော ခန္ဓာဖြစ်၏ (အဝိတက္ကအဝိစာရစိတ် ၅၅–ပါး၌ရှိသော သင်္ခါရကွန္ဓာနှင့် ဒုတိယဈာန် စိတ် ၁၁–ပါး၌ရှိသော ဝိစာရ ၁၁–ပါး)။

တိက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိသော ခန္ဓာဖြစ်၏ဟူ၍လည်းကောင်း, ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိသော ခန္ဓာဖြစ်၏ဟူ၍ လည်းကောင်း, ဝိတက်လည်း မရှိမူ၍ ဝိစာရလည်းမရှိသော ခန္ဓာဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝိစာရ စေတသိက် ၅၅–ပါး)။ (ဏီ–၁၄၀၁)[1]။

၁။ ဤနေရာ၌ သင်္ခါရကွန္ဓာကို သီးခြားထုတ်၍ ဟောထားသည်၊ အကြောင်းမှာ သင်္ခါရကွန္ဓာ၌ တိက်သုံးခုအပြင် တိက်မုတ်လည်း ရနိုင်သောကြောင့် ဖြစ်သည်၊ သဝိတက္ကသဝိစာရစိတ် ၅၅–ခု၌ရှိသော ဝိစာရစေတသိက် ၅၅–ခုသည် တိက်မုတ်ဖြစ်သည်၊ စင်စစ်မှာ ဝိစာရ ၆၆–ခုရှိသော်လည်း ဒုတိယဈာန်၌ရှိသော ဝိစာရ ၁၁–ခုမှာ တိက်၏ တတိယပဒ၌ တရားကိုယ်အရ ကောက်နိုင်သောကြောင့်တည်း။

♣

(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပကွန္ဓာကို ပီတိနှင့်တကွဖြစ်၏ဟူ၍လည်းကောင်း (ပီတိနှင့် ယှဉ်၏ဟူ၍လည်းကောင်း), သုခဝေဒနာနှင့် တကွဖြစ်၏ဟူ၍လည်းကောင်း, ဥပေက္ခာဝေဒနာနှင့် တကွဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ။ အချို့သော ဝေဒနာကွန္ဓာသည် ပီတိနှင့် တကွဖြစ်၍ (ပီတိနှင့်ယှဉ်၍) သုခဝေဒနာနှင့် တကွ မဖြစ်ချေ (သပ္ပီတိကစိတ် ၅၁–ပါးတို့၌ရှိသော ဝေဒနာ)၊ (အချို့သော ဝေဒနာကွန္ဓာသည် ပီတိနှင့်သာ တကွ ဖြစ်၍) ဥပေက္ခာဝေဒနာနှင့် တကွမဖြစ် (ပီတိသဟဂုတ်စိတ် ၅၅–ပါး, စတုတ္ထဈာန်စိတ် ၁၁–ပါး တို့၌ရှိသော ဝေဒနာ)။

တိက်မုတ်။ ။ အချို့သော ဝေဒနာကွန္ဓာကို ပီတိနှင့်တကွဖြစ်၏ (ပီတိနှင့်ယှဉ်၏)ဟု မဆိုအပ်ချေ (ကာယဝိညာဉ်ဒွေး, ဒေါသမူဒွေး, ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး, စတုတ္ထဈာန်စိတ် ၁၁–ပါးတို့၌ ရှိသော ဝေဒနာ)။ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပီတိနှင့်တကွဖြစ်ကုန်၏ (ပီတိသဟ ဂုတ်စိတ် ၅၁–ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃–ပါးနှင့် ထိုစိတ်တို့၌ ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ,

သခ်ၢရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါးနှင့် ထိုစိတ်တို့၌ရှိသော သညာ, သခ်ၢရ)။

တိက်မုတ်။ ။ အချို့သော (သညာ, သခ်ၢရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပီတိနှင့်တကွဖြစ်ကုန်၏ (ယှဉ်ကုန်၏)ဟူ၍လည်းကောင်း, သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း, ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒုက္ခသဟဂုတ်ကာယဝိညာဉ်နှင့် ဒေါသမူစိတ်တို့၌ရှိသော သညာ, သခ်ၢရ, ဝိညာဉ်)။ (ဏီ–၁၄၀၄)

---

(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပကွန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည့် ခန္ဓာလည်းမဟုတ်၊ (သောတာ ပတ္တိမဂ် မြင်ပြီးသည့် နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည့် ခန္ဓာလည်း မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

---

(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပကွန္ဓာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်း မဟုတ်၊ အထက်မဂ်သုံးပါး တို့သည် ပယ်အပ်သော ဟိတ်ရှိသည့် ခန္ဓာလည်း မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်နှင့် မောဟကြဉ်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ဒေါသမူ စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါး တို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (မောဟမူဒွေးခ်ၢရှိသော မောဟ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၄၁၀)

---

(၁၀) အာစယဂါမိတိက် အဖြေ ဝိသဇ္ဇနာ။ ။ ရူပကွန္ဓာသည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်းမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီ ကုသိုလ်နှင့် အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်း

ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

---

(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ် လေးပါးနှင့် အောက်ဖိုလ်သုံးပါး စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၄၁၆)

---

(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် နည်းသောအာနုဘော်ရှိ၏ (နည်းသော အာနုဘော် ရှိသည့် 'ပရိတ္တ' (ကာမ) တရားဖြစ်၏)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာနုဘော်နည်းကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သည်ဖြစ်ကုန်၏ (မဟဂ္ဂတစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ သည် နိုင်းယှဉ်တတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ် သည့်) 'အပ္ပမာဏ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်)။

---

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဟဂ္ဂတ်တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏။

တိက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂတ်တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပညတ်ကို ဧကန်အာရုံပြုသော နာမ်ခန္ဓာ လေးပါးဖြစ်သော ရူပစိတ် ၁၅–ပါးနှင့် အရူပ ပထမနှင့် တတိယစိတ် ၆–ပါး၊ ၄င်းတို့၌ရှိသော ဝေဒနာ, သညာ, သင်္ခါရ)။ (ဏီ–၁၄၂၂)

---

(၁၄) ဟီနတိက် အဖြေ ဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် အလယ်အလတ်တရား ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ယုတ်ညံ့သော 'ဟီန'တရား ဖြစ်ကုန်၏ (အကုသိုလ်

စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အလယ်အလတ်ဖြစ်သော 'မ၏မ'တရားဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မြင့်မြတ်သော 'ပဏီတ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

---

(၁၅) မိစ္ဆတ္တတိုက် အဖြေ ဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် မိစ္ဆတ္တနိယတလည်း မဟုတ်မူ၍ သမ္မတ္တနိယတ လည်း မဟုတ်ချေ (အနိယတ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖောက်ပြန်တတ်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး၏ သတ္တမဇောနှင့် ပဋ္ဌာနန္တရိယက်ကို ကျူးလွန်သည့် ဒေါသမူ စိတ်တို့၏ သတ္တမဇောစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နှစ်ပါးသော အခြင်းအရာတို့ဖြင့် အကျိုးပေး မမြဲကုန် (အနိယတ)။

---

(၁၆) မဂ္ဂါရမ္မဏတိုက် အဖြေ ဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် အာရုံပြုတတ်သောတရား မဟုတ်ချေ (အနာရမ္မဏ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဂ်ကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ သည် မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်မည်သော ပညာတည်းဟူသော အမောဟဟိတ်) ရှိကုန်၏ (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မဂ်မည်သော အကြီး အမှူး 'မဂ္ဂါဓိပတိ' (ဝီမံသာဓိပတိ= အမောဟ= သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ= ဝီရိယာဓိပတိ= ဝီရိယ) ရှိကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ–၁၄၂၉)

တိက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း, မဂ်မည်သော အကြောင်းရင်းဟိတ် ရှိကုန်၏ဟူ၍လည်းကောင်း, မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (မဂ်ကိုအာရုံမပြုသော နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၄၂၉)

---

(၁၇) ဥပဓိတိုက် အဖြေဝိသဇ္ဇနာ။ ။ အချို့သော ခန္ဓာငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့ သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ, ကမ္မဇရုပ်မှတစ်ပါး တိဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့သည် မချွတ်ဇကန်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ (ဏီ–၁၄၃၀)

---

(၁၈) အတီတတိက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားဖြစ် ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရား ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရား ဖြစ်ကုန်၏။

---

(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြုကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏။

တိက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း, မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း, ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပညတ်နှင့်နိဗ္ဗာန်ကို အာရုံပြုသောတရားများ)။ (ဏီ–၁၄၃၄)

---

(၂၀) အဗ္ဗတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော ခန္ဓာငါးပါးတို့သည် အတွင်း 'အဗ္ဗတ္ত'သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏၊ အချို့သော ခန္ဓာငါးပါးတို့သည် အတွင်းအပ 'အဗ္ဗတ္ততဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

---

(၂၁) အဗ္ဗတ္ताရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ ရူပက္ခန္ဓာသည် အာရုံပြုတတ်သော တရားမဟုတ်ချေ (အနာရမ္မဏ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်း 'အဗ္ဗတ္ত'သန္တာန်၌ဖြစ်သော တရားကို အာရုံပြု ကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု ကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အတွင်းအပ 'အဗ္ဗတ္ততဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏။

တိက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အတွင်း 'အဗ္ဗတ္ত'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း, အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံ ပြုကုန်၏ဟူ၍လည်းကောင်း, အတွင်းအပ 'အဗ္ဗတ္ততဗဟိဒ္ဓ'သန္တာန်၌ဖြစ်သောတရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ် ၃–ပါး)။ (ဏီ–၁၄၃၇)

---

(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။ နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန် (အနိဒဿနအပ္ပဋိဃ)။

အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သောသဘော မရှိမူ၍ ထိပါးတတ်သော သဘောသာရှိ၏ (ရူပါရုံမှ တစ်ပါးသော သြဋ္ဌာရိကရုပ် ၁၁–ပါး)၊ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (သုခုမရုပ် ၁၆–ပါး)။

(ခန္ဓာငါးပါးတို့ကို တိက် ၂၂–ခုတို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကိုပြသော 'ပဥ္စာပုစ္ဆက'နည်း ပြီး၏)။

၂–ဒုကဝိသဇ္ဇနာ

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁–ဟေတုဂေါစ္ဆကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၁) ဟေတုဒုက် ၁၅၃။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ဟိတ်မမည်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်မည်၏ (ဟိတ်၆–ပါး)၊ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ် မမည်။

---

(၂) သဟေတုကဒုက်။ ။ ရူပက္ခန္ဓာသည် ဟိတ်ရှိသောတရား (ဟိတ်နှင့် ယှဉ်သောတရား) မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်ရှိသောတရား (ဟိတ်နှင့် ယှဉ်သောတရား) ဖြစ်ကုန်၏ (မောဟမူဒွေးခ်ိုရှိသော မောဟကြောင့်သည့် သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ် မရှိကုန် (မောဟမူဒွေးခ်ိုရှိသောမောဟ၊ အဟိတ်စိတ္တုပ္ပါဒ်)။

---

(၃) ဟေတုသမ္မယုတ္တဒုက်။ ။ ရူပက္ခန္ဓာသည် ဟိတ်နှင့် မယှဉ်။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။

---

(၄) ဟေတု သဟေတုကဒုက်။ ။ ရူပက္ခန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်သာ ရှိ၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်သာရှိ၍ ဟိတ်လည်းမမည်ဟူ၍ မဆို အပ်ကုန်။ အချို့သော သင်္ခါရက္ခန္ဓာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏

(မောဟမူဒွေးခ်ဉ်ရှိသော မောဟကြင့်သည့် ဟိတ် ၆–ပါး)၊ အချို့သော သခ်ါရကွန္ဓာသည် ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ချေ (သဟိတ်စိတ်ခ်ဉ် ရှိသည့် ဟိတ် ၆–ပါးကြင့်သော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ဟူ၍လည်းကောင်း, ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေးခ်ဉ်ရှိသော မောဟ၊ အဟိတ်စိတ်ခ်ဉ်ရှိသော သခ်ါရကွန္ဓာများ)။ (ဏီ–၁၄၄၈)

---

(၅) ဟေတု ဟေတုသမ္ပယုတ္တဒုက်။ ။ ရူပကွန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍ လည်းကောင်း, ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆို အပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍ မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်နှင့်သာယှဉ်၍ ဟိတ် မမည်ကုန်။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ဟူ၍ မဆိုအပ်ကုန် (အဟိတ်စိတ်ခ်ဉ်ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သခ်ါရကွန္ဓာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ (မောဟမူဒွေးခ်ဉ်ရှိသော မောဟကြင့်သည့် ဟိတ် ၆ ပါး)၊ အချို့သော သခ်ါရကွန္ဓာသည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ်တို့ခ်ဉ် ရှိသော ဟိတ် ၆–ပါးကြင့်သည့် သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေးခ်ဉ် ရှိသော မောဟ၊ အဟိတ်စိတ်ခ်ဉ် ရှိသော သခ်ါရကွန္ဓာ)။ (ဏီ–၁၄၅၀)

---

(၆) နဟေတု သဟေတုကဒုက်။ ။ ရူပကွန္ဓာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန်။ အချို့သော သခ်ါရကွန္ဓာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (သဟိတ်စိတ်ခ်ဉ်ရှိသော ဟိတ် ၆–ပါး ကြင့်သည့် သခ်ါရကွန္ဓာ)၊ အချို့သော သခ်ါရကွန္ဓာသည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်းမရှိချေ (အဟိတ်စိတ်ခ်ဉ် ရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်းမရှိဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဟိတ် ၆–ပါး)။ (ဏီ–၁၄၅၂)

(ဟေတုဂေါစ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၂–စူဠန္တရဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ)

(၇) သပ္ပစ္ဆယဒုက်။ ။ ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့နှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

---

(၈) သခ်ၾတဒုက်။ ။ ခန္ဓာငါးပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ) အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်သော 'သခ်ၾတ'တရားဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

---

(၉) သနိဒဿနဒုက်။ ။ နာမ်ခန္ဓာလေးပါးတို့သည် မြင်အပ်သောသဘောမရှိကုန် (နာမ်ခန္ဓာတို့ကို မမြင် အပ်ချေ)။ အချို့သော ရူပက္ခန္ဓာသည် မြင်အပ်သောသဘောရှိ၏ (မြင်အပ်၏) (ရူပါရုံ)၊ အချို့သော ရူပက္ခန္ဓာ သည် မြင်အပ်သောသဘော မရှိချေ (မမြင်အပ်ချေ) (ကြွင်းသောရုပ်များ)။

---

(၁၀) သပ္ပဋိဃဒုက်။ ။ နာမ်ခန္ဓာလေးပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (အပ္ပဋိဃ)။ အချို့သော ရူပက္ခန္ဓာသည် ထိပါးတတ်သောသဘော ရှိ၏ (ဩဇာရိကရုပ် ၁၂–ပါး)၊ အချို့သော ရူပက္ခန္ဓာသည် ထိပါးတတ်သောသဘော မရှိချေ (သုခုမရုပ် ၁၆–ပါး)။

---

(၁၁) ရူပီဒုက်။ ။ ရူပက္ခန္ဓာသည် ဖောက်ပြန်တတ်သော သဘောရှိ၏။ နာမ်ခန္ဓာလေးပါးတို့သည် (ရူပက္ခန္ဓာ ဖောက်ပြန်သကဲ့သို့) ဖောက်ပြန်တတ်သော သဘော မရှိကုန်။

---

(၁၂) လောကီယဒုက်။ ။ ရူပက္ခန္ဓာသည် လောကဌ်အကျုံးဝင်၏ (လောကီတရားဖြစ်၏)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် လောကဌ် အကျုံးဝင်ကုန်၏ (လောကီစိတ္တာ၂ပါ၊)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် လောကမှ ထွက်မြောက်သောတရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တာ၂ပါ၊)။

---

(၁၃) ကေနစိဝိညေယျဒုက်။ ။ ခန္ဓာငါးပါးတို့သည် တစ်စုံတစ်ခုသော စိတ်သည် သိအပ်သောတရား ဖြစ်ကုန်၏၊ ခန္ဓာငါးပါးတို့သည် တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော တရား မဟုတ်ကုန်။

(စူဠန္တရဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၃–အာသဝဂေါ စ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၁၄) အာသဝဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဏ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'မမည်ကုန်။ အချို့သော သခ်ါရကွန္ဓာသည် အာသဝမည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သခ်ါရကွန္ဓာ သည် အာသဝ မမည်ချေ။

---

(၁၅) သာသဝဒုက်။ ။ ရူပကွန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

---

(၁၆) အာသဝသမ္မယုတ္တဒုက်။ ။ ရူပကွန္ဓာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်ကုန်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူဒွေးနှင့် မောဟမူ ဒွေးတို့၌ရှိသော မောဟ)။

---

(၁၇) အာသဝသာသဝဒုက်။ ။ ရူပကွန္ဓာကို အာသဝလည်းမည်၍ အာသဝ၏အာရုံလည်း ဖြစ်၏ဟူ၍ မဆိုအပ်ချေ။ ရူပကွန္ဓာသည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာ ဖြစ်၍ အာသဝ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံသာဖြစ်၍ အာသဝမမည်ကုန် (လောကီစိတ်, ၄င်းနှင့်ယှဉ်ဘက် ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ် ၄င်းနှင့်ယှဉ်ဘက် ဝေဒနာ, သညာ)။ အချို့သော သခ်ါရကွန္ဓာသည် အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သခ်ါရကွန္ဓာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ်တို့၌ရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟူ၍လည်း ကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော သခ်ါရကွန္ဓာ)။ (ဏီ–၁၄၇၂)

---

(၁၈) အာသဝ အာသဝသမ္မယုတ္တဒုက်။ ။ ရူပက္ခန္ဓာကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန် (အကုသိုလ်စိတ်, ၄င်းနှင့်ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရကွန္ဓာသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြောင့်သည့် လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော သင်္ခါရကွန္ဓာသည် အာသဝ နှင့်သာ ယှဉ်၍ အာသဝမမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြောင့်သည့် အကုသိုလ်စိတ်၌ရှိသော သင်္ခါရကွန္ဓာ စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍လည်း ကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အာသဝနှင့်မယှဉ်သော သင်္ခါရကွန္ဓာ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သင်္ခါရကွန္ဓာ၊ ဒေါသမူ ဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟ)။ (ဏီ–၁၄၇၀, ၁၄၇၄)

---

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်။ ။ ရူပက္ခန္ဓာသည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်, ဒေါသမူနှင့်မောဟမူစိတ်တို့၌ရှိသော မောဟ)၊ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒေါသမူနှင့် မောဟမူစိတ်တို့..၌ရှိသည့် မောဟကြောင့်သော အကုသိုလ်စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၄၇၆)

(အာသဝဂေါ္စကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၄–သညောဇနဂေါ္စကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၂၀) **သံယောဇနဒုက်။** ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝန်ဆင်းရဲ၍) ယှဉ်စေတတ်သော 'သံယောဇဉ်'မည်ကုန်။ အချို့သော သခ်ါရကွန္ဓာသည် သံယောဇဉ်မည်၏၊ အချို့သော သခ်ါရကွန္ဓာသည် သံယောဇဉ် မမည်ချေ။

---

(၂၁) **သံယောဇနိယဒုက်။** ။ ရူပကွန္ဓာသည် သံယောဇဉ်၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏၊ (လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။

---

(၂၂) **သံယောဇနသမ္မယုတ္တဒုက်။** ။ ရူပကွန္ဓာသည် သံယောဇဉ်နှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ကြွင်းသော နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၄၈၁, ၁၄၈၂)

---

(၂၃) **သံယောဇန သံယောဇနိယဒုက်။** ။ ရူပကွန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ (ရူပကွန္ဓာသည်) သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ်မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ကုန် (လောကီစိတ်နှင့် ၄င်းနှင့်ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ၄င်းနှင့်ရှိသော ဝေဒနာ, သညာ, ခန္ဓာသုံးပါး)။ အချို့သော သခ်ါရကွန္ဓာသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (သံယောဇဉ် ၁၀–ပါး)။ အချို့သော သခ်ါရကွန္ဓာသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ် ၁၀–ပါးကြဉ်သော လောကီသခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ သခ်ါရကွန္ဓာ)။ (ဏီ–၁၄၈၄)

---

(၂၄) **သံယောဇန သံယောဇနသမ္မယုတ္တဒုက်။** ။ ရူပကွန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ် နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ် နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ,

သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန် (အကုသိုလ်စိတ်နှင့် ၄င်းဌ်ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟု မဆိုအပ်ကုန် (သံယောဇဉ်နှင့် မယှဉ်သော ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့ဌ်ရှိသည့် ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရကွန္ဓာသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (သံယောဇဉ် ၁၀-ပါး)။ အချို့သော သင်္ခါရကွန္ဓာသည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ်တရား ကိုယ်ကြဉ်သည့် အကုသိုလ်စိတ်တို့နှင့်ယှဉ်သော သင်္ခါရကွန္ဓာစေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (သံယောဇဉ်နှင့် မယှဉ်သော ဥဒ္ဓစ္စသဟဂုတ်စိတ်ဌ်ရှိသော မောဟ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ဌ်ရှိသော သင်္ခါရကွန္ဓာ)။ (ဏီ-၁၄၈၆)

---

(၂၅) သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်။ ။ ရူပကွန္ဓာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ် ကုန်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာ နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်လည်းမယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဟုတ်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (သံယောဇဉ်နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး= ဥဒ္ဓစ္စသဟဂုတ်စိတ်ဌ် ရှိသော မောဟကြဉ်သည့် အကုသိုလ် နာမ်ခန္ဓာလေးပါး)။ (ဏီ-၁၄၈၁, ၁၄၈၈)

(သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၅-ဂန္ဆဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၂၆) ဂန္ဆဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော 'ဂန္ဆ'မမည်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် ဂန္ဆမည်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရကွန္ဓာသည် ဂန္ဆမမည်ချေ။

---

(၂၇) **ဂန္ဓနိယဒုက်။** ။ ရူပကွန္ဓာသည် ဂန္ဓ၏ (လောဘ, ဒေါသ, ဒိဋ္ဌတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓ၏အာရုံဖြစ်ကုန်၏ (လောကီ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာ နာမ်ခန္ဓာလေးပါး)။

---

(၂၈) **ဂန္ဓသမ္ပယုတ္တဒုက်။** ။ ရူပကွန္ဓာသည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓနှင့်ယှဉ်ကုန်၏ (ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသည့် ဒေါသကြဉ်သော လောဘမူ, ဒေါသမူ နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓနှင့် မယှဉ်ကုန် (ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ၊ ဒေါသမူ ဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၄၉၃, ၁၄၉၄)

---

(၂၉) **ဂန္ဓ ဂန္ဓနိယဒုက်။** ။ ရူပကွန္ဓာကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်၊ ရူပကွန္ဓာသည် ဂန္ဓ၏အာရုံသာ ဖြစ်၍ ဂန္ဓမမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ဓ၏ (လောဘ, ဒေါသ, ဒိဋ္ဌတို့၏) အာရုံဖြစ်၍ ဂန္ဓမမည်ကုန် (လောကီစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ဓ၏ (လောဘ, ဒေါသ, ဒိဋ္ဌတို့၏) အာရုံသာ ဖြစ်၍ ဂန္ဓမမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်နှင့် ၄င်း၌ရှိသော ဝေဒနာ, သညာ)။ အချို့သော သခ်ါရကွန္ဓာသည် ဂန္ဓလည်း မည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌ)၊ အချို့သော သခ်ါရကွန္ဓာသည် ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ်ကြဉ်သည့် လောကီစိတ်တို့၌ ရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်းဖြစ်၏ဟူ၍လည်းကောင်း၊ ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ သခ်ါရကွန္ဓာ)။ (ဏီ–၁၄၉၆)

---

(၃၀) **ဂန္ဓ ဂန္ဓသမ္ပယုတ္တဒုက်။** ။ ရူပကွန္ဓာကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌတို့နှင်) သာ ယှဉ်၍ ဂန္ဓမမည်ကုန် (လောဘမူ, ဒေါသမူစိတ်နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ဟု မဆိုအပ်ကုန် (လောဘမူ, ဒေါသမူစိတ်တို့ကြဉ်သည့် ကြွင်းသော စိတ်တို့၌ရှိသော

ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရကွန်ရာသည် ဂန္ဓလည်း မည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု ၌ ရှိသော လောဘ, ဒိဋ္ဌိ)။ အချို့သော သင်္ခါရကွန်ရာသည် ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓ မမည်ချေ (ဂန္ဓတရားကိုယ်ကြဉ်သည့် လောဘမူ, ဒေါသမူစိတ်တို့ ၌ရှိသော သင်္ခါရကွန်ရာ)။

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန်ရာကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဂန္ဓနှင့်မယှဉ်သော သင်္ခါရကွန်ရာ= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ၊ လောဘမူ, ဒေါသမူစိတ်တို့ ကြဉ်သည့် ကြွင်းသော စိတ်တို့၌ရှိသော သင်္ခါရကွန်ရာ)။ (ဏီ–၁၄၉၈)

---

(၃၁) ဂန္ဓဝိပ္ပယုတ္တဂန္ဓနိယဒုက်။ ။ ရူပကွန်ရာသည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ဓ၏ အာရုံ သာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ, ဒေါသမူဒွေး၌ရှိသော ဒေါသ၊ လောဘမူ, ဒေါသမူ ကြဉ်သော လောကီစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်လည်းမယှဉ်မူ၍ ဂန္ဓ၏အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် ((ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူ နာမ်ခန္ဓာလေးပါး= ဂန္ဓနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၅၀၀)

(ဂန္ဓဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၆–ဩဃဂေါ့ဌကဒုက် ၆–ခုအဖြေ ဝိသဇ္ဇနာ)

(၃၂)–(၃၇)။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ'မမည်ကုန်။ပ။**

(၇–ယောဂဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၃၈)–(၄၃)။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် (သတ္တဝါတို့ကို ဝင့်ဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ' မမည်ကုန်။ပ။

၁။ ** ဩဃဂေါ္ဌကနှင့် ယောဂဂေါ္ဌကဒုက်တို့သည် အာသဝဂေါ္ဌကဒုက်နှင့် အလုံးစုံတူသည်၊ ထို့ကြောင့် ထိုဂေါ္ဌကတို့၏ အဖွင့်အကျယ်ကို ပေယျာလချန်ထားခြင်းဖြစ်သည်၊ အာသဝဂေါ္ဌကကဲ့သို့ အကျယ်ချဲ့၍ သိပါလေ။

♣

(၈–နိဝရဏဂေါ္ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၄၄) နိဝရဏဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ် ခန္ဓာလေးပါးတို့သည်) (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နိဝရဏ 'မမည်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် နိဝရဏမည်၏ (လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရကွန္ဓာသည် နိဝရဏမမည်ချေ (ကြွင်းသင်္ခါရကွန္ဓာများ)။

---

(၄၅) နိဝရဏိယဒုက်။ ။ ရူပကွန္ဓာသည် နိဝရဏ၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)။ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

---

(၄၆) နိဝရဏသမ္မယုတ္တဒုက်။ ။ ရူပကွန္ဓာသည် နိဝရဏနှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏနှင့် မယှဉ်ကုန်။

---

(၄၇) နိဝရဏ နိဝရဏိယဒုက်။ ။ ရူပကွန္ဓာကို နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပကွန္ဓာသည် နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နိဝရဏလည်းမည်၍ နိဝရဏ၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ကုန် (လောကီစိတ်တို့နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နိဝရဏ၏ အာရုံသာ ဖြစ်၍ နိဝရဏမမည်ဟု မဆိုအပ်ကုန် (နိဝရဏ၏အာရုံမဟုတ်သော လောကုတ္တရာစိတ်နှင့် ၄င်းတို့ ၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရကွန္ဓာသည် နိဝရဏလည်း မည်၍ နိဝရဏ၏အာရုံလည်း ဖြစ်၏ (နိဝရဏ တရားကိုယ်ရှစ်ပါး= လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော သင်္ခါရကွန္ဓာသည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ချေ (နိဝရဏတရား ကိုယ်ကြဉ်သော လောကီ သင်္ခါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ဟူ၍ လည်းကောင်း၊ နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသခ်ါရကွန္ဓာ)။ (ဏီ–၁၅၁၀)

---

(၄၈) နိဝရဏ နိဝရဏသမ္ပယုတ္တဒုက်။ ။ ရူပကွန္ဓာကို နိဝရဏလည်းမည်၍ နိဝရဏနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နိဝရဏလည်းမည်၍ နိဝရဏနှင့်လည်းယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့သည် နိဝရဏနှင့်သာယှဉ်၍ နိဝရဏ မမည်ကုန်။ (အကုသိုလ်စိတ်နှင့် ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) နာမ်ခန္ဓာသုံးပါးတို့ကို နိဝရဏနှင့်သာယှဉ်၍ နိဝရဏ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သခ်ါရကွန္ဓာသည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (နိဝရဏတရား ကိုယ် ၈–ပါး)၊ အချို့သော သခ်ါရကွန္ဓာသည် နိဝရဏနှင့်သာယှဉ်၍ နိဝရဏမမည်ချေ (နိဝရဏတရား ကိုယ် ၈–ပါး ကြဉ်သော အကုသိုလ်စိတ်၌ရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ နိဝရဏနှင့် သာယှဉ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဝရဏနှင့် မယှဉ်သော သခ်ါရကွန္ဓာ = ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော သခ်ါရကွန္ဓာ)။ (ဏီ–၁၅၁၂)

---

(၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက်။ ။ ရူပကွန္ဓာသည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို နိဝရဏနှင့်မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (အကုသိုလ်စိတ္တုပ္ပါဒ်= နိဝရဏနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၅၁၄)

(နိဝရဏဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၉–ပရာမာသဂေါ့ဌကဒုက် ၅–ခု အဖြေ ဝိသဇ္ဇနာ)

(၅၀) ပရာမာသဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသ မမည်ချေ။

---

(၅၁) ပရာမဋ္ဌဒုက်။ ။ ရူပကွန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (လောကီနာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာနာမ်ခန္ဓာ လေးပါး)။

---

(၅၂) ပရာမာသသမ္မယုတ္တဒုက်။ ။ ရူပကွန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ သမ္မယုတ်စိတ် ၄–ခု၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)၊ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိကြဉ်သည့် ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ခု၌ ရှိသော သင်္ခါရကွန္ဓာ)၊ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသနှင့် မယှဉ်ချေ။ (ဏီ–၁၅၁၉, ၁၅၂၀)

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို ပရာမာသနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ–၁၅၂၀)

---

(၅၃) ပရာမာသ ပရာမဋ္ဌဒုက်။ ။ ရူပကွန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပကွန္ဓာသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (လောကီစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့သော သင်္ခါရကွန္ဓာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီ သင်္ခါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (လောကုတ္တရာစိတ်၌ရှိသော သင်္ခါရကွန္ဓာ)။ (ဏီ–၁၅၂၂)

---

(၅၄) ပရာမာသဝိပွယုတ္တပရာမဋ္ဌဒုက်။ ။ ရူပကွန္ဓာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပွယုတ်စိတ် ၄–ခု, ဒေါသမူဒွေး, မောဟမူဒွေး, လောကီကုသိုလ်, ဝိပါက်, ကြိယာ့နာမ်ခန္ဓာ လေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ပရာမာသနှင့် မယှဉ်မူ၍ ပရာမသ၏အာရုံသာဖြစ်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိ, ဒိဋ္ဌိနှင့်ယှဉ်သော နာမ်ခန္ဓာလေးပါး)။ (ဏီ–၁၅၂၄)

(ပရာမာသဂေါစ္ဆကဒုက် ၅–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၀–မဟန္တရဒုက် ၁၄–ခု အဖြေ ဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက်။ ။ ရူပကွန္ဓာသည် အာရုံပြုတတ်သော သဘောမရှိ (အာရုံမပြုတတ်ချေ) (အနာရမ္မဏ)၊ နာမ်ခန္ဓာလေးပါးတို့သည် အာရုံပြုတတ်ကုန်၏ (သာရမ္မဏ)။

---

(၅၆) စိတ္တဒုက်။ ။ ဝိညာဏကွန္ဓာသည် စိတ်မည်၏၊ (ကြွင်းသော) ခန္ဓာလေးပါးတို့သည် စိတ်မမည်ကုန်။

---

(၅၇) စေတသိကဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရ) ခန္ဓာသုံးပါးတို့သည် စေတသိက်မည်ကုန်၏၊ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စေတသိက် မမည်ကုန်။

---

(၅၈) စိတ္တသမ္ပယုတ္တဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ယှဉ်ကုန်၏။ ရူပကွန္ဓာသည် စိတ်နှင့်မယှဉ်ချေ။

ဒုက်မုတ်။ ။ ဝိညာဏကွန္ဓာကို စိတ်နှင့် ယှဉ်ဟူ၍လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဏီ–၁၅၃၂)

---

(၅၉) စိတ္တသံသဋ္ဌဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရကွန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်ရောနှော (ယှဉ်တွဲ) ကုန်၏၊ ရူပကွန္ဓာသည် စိတ်နှင့်မရောနှော (မယှဉ်)။

ဒုက်မုတ်။ ။ ဝိညာဏက္ခန္ဓာကို စိတ်နှင့် ရောနှောဏ၊ ဟူ၍လည်းကောင်း၊ စိတ်နှင့် မရောနှောဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဏီ–၁၅၃၄)

---

(၆၀) စိတ္တသမုဋ္ဌာနဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏၊ ဝိညာဏက္ခန္ဓာသည် စိတ်ကြောင့် မဖြစ်။ အချို့သော ရူပက္ခန္ဓာသည် စိတ်ကြောင့် ဖြစ်၏ (စိတ္တဇရုပ်)၊ အချို့သော ရူက္ခခန္ဓာသည် စိတ်ကြောင့် မဖြစ် (စိတ္တဇရုပ်မှ တစ်ပါးသော တိဇရုပ်)။

---

(၆၁) စိတ္တသဟဘုဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာသည် စိတ်နှင့် တကွမဖြစ် (ဝိညာဏက္ခန္ဓာကို စိတ်နှင့် အတူဖြစ် အတူပျက်ဟု မဆိုအပ်ချေ)။ အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့်တကွဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက်ဖြစ်၏) (ဝိညတ်ဒွေး)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်နှင့် တကွမဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သည့် ကြွင်းသောရုပ် ၂၆–ပါး)။

---

(၆၂) စိတ္တာနုပရိဝတ္တိဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်သို့အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏)၊ ဝိညာဏက္ခန္ဓာ သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်။ အချို့သော ရူပက္ခန္ဓာသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (ဝိညာတ်ဒွေး)၊ အချို့သော ရူပက္ခန္ဓာသည် စိတ်သို့အစဉ်လိုက်၍ မဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ)။

---

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်ကုန်၏၊ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်ကုန်။

---

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှော၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွ (စိတ်နှင့်လည်း အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွ မဖြစ်ကုန်။

---

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်။ ။ (ဝေဒနာ, သညာ, သင်္ခါရကွန္ဓာ) ခန္ဓာသုံးပါးတို့သည် စိတ်နှင့်လည်း ရောနှောရ၍ (ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ (စိတ်နှင့်လည်း အတူဖြစ် အတူပျက်) ဖြစ်ကုန်၏။ (ရုပ်, ဝိညာဉ်) ခန္ဓာနှစ်ပါးတို့သည် စိတ်နှင့်လည်း မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်။

---

(၆၆) အဗ္ဗတ္တိကဒုက်။ ။ ဝိညာဏကွန္ဓာသည် အတွင်း 'အဗ္ဗတ္တ'သန္တာန်[1]၌ ဖြစ်၏။ (ဝေဒနာ, သညာ, သင်္ခါရကွန္ဓာ) ခန္ဓာသုံးပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌[2] ဖြစ်ကုန်၏။ အချို့သော ရူပကွန္ဓာသည် အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်၏ (ပသာဒရုပ် ၅-ပါး)၊ အချို့သော ရူပကွန္ဓာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်၏ (ကြွင်းသောရုပ်များ)။ (ဏီ-၁၅၇-၁၅၈)

၁။ အာယတန ၁၂-ပါးကို အတွင်း (အိမ်သည်) အာယတန ၆-ပါး,
၂။ အပြင် (ဧည့်သည်) အာယတန ၆-ပါးအားဖြင့် ပိုင်းခြား၍ ဟောထားခြင်း ဖြစ်သည်။

♣

(၆၇) ဥပါဒါဒုက်။ ။ နာမ်ခန္ဓာလေးပါးတို့သည် (မဟာဘုတ်လေးပါးကို) မှီ၍ မဖြစ်ကုန်။ အချို့သော ရူပကွန္ဓာသည် (မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်၏ (ဥပါဒါရုပ်များ)၊ အချို့သော ရူပကွန္ဓာသည် (ဥပါဒါရုပ်တို့မှီသကဲ့သို့) မှီ၍ မဖြစ် (မဟာဘုတ်လေးပါး)။

---

(၆၈) ဥပါဒိဏ္ဏဒုက်။ ။ အချို့သော ခန္ဓာငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့အာရုံပြုအပ်သည့် ကံကြောင့် ဖြစ်ကုန်၏) (လောကီဝိပါက် နာမ်ခန္ဓာလေးပါးနှင့် ကမ္မဇရုပ်)၊ အချို့သော ခန္ဓာငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ် သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံကြောင့် မဖြစ်ကုန်) (ကြွင်းသော နာမကွန္ဓာနှင့် ကမ္မဇရုပ်မှ တစ်ပါးသော တိဇရုပ်များ)။

(မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၁-ဥပါဒါနဂေါ့ဌကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပြင်းစွာစွဲလမ်းတတ်သော သဘော 'ဥပါဒါန်'မမည်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် ဥပါဒါန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော သင်္ခါရကွန္ဓာသည် ဥပါဒါန် မမည်ချေ။

---

(၇၀) ဥပါဒါနိယဒုက်။ ။ ရူပကွန္ဓာသည်ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီ စိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါး)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

---

(၇၁) ဥပါဒါနသမ္မယုတ္တဒုက်။ ။ ရူပကွန္ဓာသည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့်ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘကြဉ်သည့် လောဘမူနာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ် ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များနှင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၌ရှိသော လောဘ)။ (ဏီ–၁၅၅၇–၁၅၅၈)

---

(၇၂) ဥပါဒါန ဥပါဒါနိယဒုက်။ ။ ရူပကွန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပကွန္ဓာသည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန် (လောကီ စိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာ စိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။ အချို့သော သခ်ါရကွန္ဓာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော သခ်ါရကွန္ဓာသည် ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီ သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍လည်း ကောင်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသခ်ါရကွန္ဓာ)။ (ဏီ–၁၅၆၀)

---

(၇၃) ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက်။ ။ ရူပကွန္ဓာကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့် သာယှဉ်၍ ဥပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ဟု မဆို အပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပါဒါန်နှင့်သာယှဉ်၍ (လောဘ, ဒိဋ္ဌိနှင့်သာ) ယှဉ်၍ ဥပါဒါန်မမည်ကုန် (လောဘမူစိတ်, ၄င်းနှင့်ယှဉ်သော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ကုန် (ဥပါဒါန်နှင့်မယှဉ်သော ဝေဒနာ, သညာ, ဝိညာဉ်=

ဒေါသမူ, မောဟမူ, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သင်္ခါရကွန္ဓာသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ (ဒိဋ္ဌိဂတသမ္မယုတ် စိတ် ၄–ခု ၌ရှိသော လောဘ, ဒိဋ္ဌိ)။ အချို့သော သင်္ခါရကွန္ဓာသည် ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူ စိတ်၌ရှိသော သင်္ခါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သင်္ခါရကွန္ဓာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍လည်း ကောင်း၊ ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန်လည်း မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥပါဒါန်နှင့်မယှဉ်သော သင်္ခါရကွန္ဓာ)။ (ဏီ–၁၅၅၈, ၁၅၆၂)

---

(၇၄) ဥပါဒါန ဝိပွယုတ္တဥပါဒါနိယဒုက်။ ။ ရူပကွန္ဓာသည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေး, မောဟမူဒွေး, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် နာမ်ခန္ဓာလေးပါးနှင့် ဒိဋ္ဌိဂတ ဝိပွယုတ် စိတ် ၄–ခု၌ရှိသော လောဘ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဥပါဒါန်နှင့်လည်းမယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဥပါဒါန်နှင့် ယှဉ်သော နာမ်ခန္ဓာလေးပါး= ဒိဋ္ဌိဂတဝိပွယုတ်စိတ် ၄–ခု၌ရှိသော လောဘကြဉ် သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ဏီ–၁၅၆၄)

(ဥပါဒါနဂေါစ္ဆကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၂–ကိလေသဂေါစ္ဆကဒုက် ၈–ခု အဖြေဝိသဇ္ဇနာ)

(၇၅) ကိလေသဒုက်။ ။ (ရုပ်, ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာလေးပါးတို့သည် ပူပန်စေတတ် နှိပ်စက် တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'မမည်ကုန်။ အချို့သော သင်္ခါရကွန္ဓာသည် ကိလေသာမည်၏ (လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)၊ အချို့သော သင်္ခါရကွန္ဓာသည် ကိလေသာ မမည်ချေ (ကြွင်းသော သင်္ခါရကွန္ဓာ)။

---

(၇၆) သံကိလေသိကဒုက်။ ။ ရူပကွန္ဓာသည် ကိလေသာ၏ အာရုံဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီနာမ်ခန္ဓာလေးပါး)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာနာမ်ခန္ဓာလေးပါး)။

---

(၇၇) သံကိလိဋ္ဌဒုက်။ ။ ရူပက္ခန္ဓာသည် ကိလေသာတို့သည် မပူပန်စေအပ်သော တရားဖြစ်၏ (ကိလေသာနှင့် မယှဉ်)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်ကုန်၏ (ကိလေသာတို့နှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ် သော သဘော မရှိကုန် (ကိလေသာတို့နှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်)။

---

(၇၈) ကိလေသသမ္ပယုတ္တဒုက်။ ။ ရူပက္ခန္ဓာသည် ကိလေသာနှင့် မယှဉ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ)။

---

(၇၉) ကိလေသ သံကိလေသိကဒုက်။ ။ ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ၊ ရူပက္ခန္ဓာသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန် (လောကီကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ်၊ ၄င်းတို့၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် (လောကုတ္တရာစိတ်၌ရှိသော ဝေဒနာ, သညာ, ဝိညာဉ်)။ အချို့သော သခ်ါရက္ခန္ဓာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ (ကိလေသာတရားကိုယ် ၁၀–ပါး)၊ အချို့သော သခ်ါရက္ခန္ဓာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀–ပါးကြဉ်သော လောကီစိတ်တို့၌ရှိသော သခ်ါရက္ခန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာ၏ အာရုံလည်းဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာသခ်ါရက္ခန္ဓာ)။ (ဏီ–၁၅ ၇၄)

---

(၈၀) ကိလေသ သံကိလိဋ္ဌဒုက်။ ။ ရူပက္ခန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည်ပူပန်စေအပ်သည် သာဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန် လည်း ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည် သာဖြစ်၍ (ကိလေသာတို့နှင့်သာ ယှဉ်၍) ကိလေသာ မမည်ကုန် (အကုသိုလ်စိတ်, ၄င်း၌ရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာတို့သည် ပူပန်စေအပ် သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်နှင့် ၄င်းခ်ဋ္ဌရှိသော ဝေဒနာ, သညာ)။ အချို့သော သခ်ါရကွန္ဓာသည် ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေ အပ်၏ (ကိလေသာတို့နှင့်လည်းယှဉ်၏) (ကိလေသာတရားကိုယ်များ)၊ အချို့သော သခ်ါရကွန္ဓာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်ခ်ဋ္ဌရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်စေအပ်၏ (ကိလေသာတို့နှင့်လည်း ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ် သည်သာ ဖြစ်၍ (ကိလေသာတို့နှင့်သာယှဉ်၍) ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ခ်ဋ္ဌရှိသော သခ်ါရကွန္ဓာ)။ (ဏီ–၁၅၇၆)

---

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက်။ ။ ရူပကွန္ဓာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ကုန်။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ကုန် (အကုသိုလ်စိတ်, ၄င်းခ်ဋ္ဌရှိသော ဝေဒနာ, သညာ)။

ဒုက်မုတ်။ ။ အချို့သော (ဝေဒနာ, သညာ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ်၊ ၄င်းတို့ခ်ဋ္ဌရှိသော ဝေဒနာ, သညာ)။ အချို့သော သခ်ါရကွန္ဓာသည် ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ တရားကိုယ် ၁၀–ပါး)၊ အချို့သော သခ်ါရကွန္ဓာသည် ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ ၁၀–ပါး ကြဉ်သော အကုသိုလ်စိတ်ခ်ဋ္ဌရှိသော သခ်ါရကွန္ဓာ)။

ဒုက်မုတ်။ ။ အချို့သော သခ်ါရကွန္ဓာကို ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍လည်း ကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ခ်ဋ္ဌရှိသော သခ်ါရကွန္ဓာများ)။ (ဏီ–၁၅၇၈)

---

(၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက်။ ။ ရူပကွန္ဓာသည် ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကိလေသာ တို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို ကိလေသာတို့နှင့် မယှဉ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ ကိလေသာတို့နှင့်လည်း မယှဉ်မူ၍ ကိလေသာတို့၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (အကုသိုလ်နာမ်ခန္ဓာလေးပါး= အကုသိုလ်စိတ္တုပ္ပါဒ်များ)။ (ဏီ၁၅၈)

(ကိလေသဂေါ့ဌကဒုက် ၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၃–ပိဋ္ဌိဒုက် ၁၈–ခု အဖြေ ဝိသဇ္ဇနာ)

(၈၃) ဒဿနေန ပဟာတဗ္ဗဒုက်။ ။ ရူပကွန္ဓာကို (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္မယုတ် စိတ္တုပ္ပါဒ်နှင့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

---

(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက်။ ။ ရူပကွန္ဓာကို (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္မယုတ် စိတ်နှင့် ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်တို့ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့ကို အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ)။

---

(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက်။ ။ ရူပကွန္ဓာသည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိသော တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်)။

---

(၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက်။ ။ ရူပကွန္ဓာသည် (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သောနိဗ္ဗာန်ကို တစ်ဖန် ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသောတရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်နှင့် ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်

စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ)။

---

(၈၇) သဝိတက္ကဒုက်။ ။ ရူပကွန္ဓာသည် ဝိတက်ရှိသော (ဝိတက်နှင့်ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (သဝိတက္ကစိတ်၅၅–ပါး, ၄င်းနှင့်ယှဉ်ဘက် ဝိတက်ကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (အဝိတက္ကစိတ် ၆၆–ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝိတက် ၅၅–ပါး)။

---

(၈၈) သဝိစာရဒုက်။ ။ ရူပကွန္ဓာသည် ဝိစာရရှိသော (ဝိစာရနှင့်ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိစာရရှိကုန်၏ (ဝိစာရနှင့်ယှဉ်ကုန်၏) (သဝိစာရစိတ် ၆၆ ပါး, ၄င်းနှင့်ယှဉ်ဘက် ဝိစာရကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (အဝိစာရစိတ် ၅၅–ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ သဝိစာရစိတ်၆၆–ပါး၌ရှိသော ဝိစာရ ၆၆–ပါး)။

---

(၈၉) သပ္ပီတိကဒုက်။ ။ ရူပကွန္ဓာသည် ပီတိရှိသော (ပီတိနှင့် ယှဉ်သော) တရားမဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁–ပါး, ၄င်းနှင့်ယှဉ်ဘက် ပီတိကြဉ်သော စေတသိက်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (အပ္ပီတိကစိတ္တုပ္ပါဒ်နှင့် သပ္ပီတိကစိတ် ၅၁–ပါး၌ရှိသော ပီတိ ၅၁–ပါး)။

---

(၉၀) ပီတိသဟဂတဒုက်။ ။ ရူပကွန္ဓာသည် ပီတိနှင့်တကွ မဖြစ် (ပီတိနှင့်မယှဉ်)။ အချို့သော နာမ်ခန္ဓာ လေးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် ((ပီတိနှင့်မယှဉ်ကုန်)။

---

(၉၁) သုခသဟဂတဒုက်။ ။ (ရုပ်, ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်)။ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခ ဝေဒနာနှင့် ယှဉ်ကုန်၏) (သုခသဟဂုတ်စိတ် ၆၃–ပါး, ၄င်း၌ရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

---

(၉၂) ဥပေက္ခာသဟဂတဒုက်။ ။ (ရုပ်, ဝေဒနာ) ခန္ဓာနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်)။ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး, ၄င်းဌာနရှိသော သညာ, သင်္ခါရ)၊ အချို့သော (သညာ, သင်္ခါရ, ဝိညာဉ်) ခန္ဓာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

---

(၉၃) ကာမာဝစရဒုက်။ ။ ရူပကွန္ဓာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရားဖြစ်၏ (ကာမာဝစရမည်၏)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကာမာဝစရတရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ကာမာဝစရတရား မဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ်များ)။

---

(၉၄) ရူပါဝစရဒုက်။ ။ ရူပကွန္ဓာသည် ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ'တရား မဟုတ်ချေ (ရူပါဝစရမမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရား မည်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ရူပါဝစရတရား မမည်ကုန် (ကာမာဝစရ, အရူပါဝစရ, လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

---

(၉၅) အရူပါဝစရဒုက်။ ။ ရူပကွန္ဓာသည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ'တရား မဟုတ်ချေ (အရူပါဝစရတရား မမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မည်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့ သော နာမ်ခန္ဓာလေးပါးတို့သည် အရူပါဝစရတရား မမည်ကုန် (ကာမာဝစရ, အရူပါဝစရ, လောကုတ္တရာ စိတ္တုပ္ပါဒ်များ)။

---

(၉၆) ပရိယာပန္နဒုက်။ ။ ရူပကွန္ဓာသည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ဖြစ်သည့် ဝဋ္ဋဆင်းရဲ၌ အကျုံး ဝင်သော 'ပရိယာပန္န'တရား ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဘုံသုံးပါး၌ဖြစ်သည့် ဝဋ္ဋဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၀၇) အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဘုံသုံးပါး၌ဖြစ်သည့် ဝဋ္ဋဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၀၈)

---

(၉၇) နိယျာနိကဒုက်။ ။ ရူပကွန္ဓာသည် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ္ဋဆင်းရဲမှ

ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)။ (ဏီ–၁၆၀၉) အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ဝဋ္ဋဆင်းရဲမှ မထွက်မြောက်စေတတ်သော 'အနိယျာနိက'တရား ဖြစ်ကုန်၏ (ကြွင်းသောစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၁၀)

---

(၉၈) နိယတဒုက်။ ။ ရူပကွန္ဓာသည် အကျိုးပေးမြဲသော 'အနိယတ'တရားမည်၏ (ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားလည်း မဟုတ်ချေ) (နိယတ မမည်ချေ)။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေးမြဲကုန်၏ (နိယတ) (နိယတမိစ္ဆာဒိဋ္ဌိက်၏ အစွမ်း အားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်သတ္တမဇော်စိတ္တုပ္ပါဒ်နှင့် ပဋ္ဌာနနည်းရိယက်ကို ကျူးလွန်သည့် ဒေါသမူစိတ် တို့၏ သတ္တမဇော်စိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် အကျိုးပေး မမြဲကုန် (အနိယတ) (ကြွင်းသော စိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၁၁, ၁၆၁၂)

---

(၉၉) သဉ္ဇတ္တရဒုက်။ ။ ရူပကွန္ဓာသည် မိမိထက် လွန်မြတ်သည့် တရားရှိသော 'သဉ္ဇတ္တရ'တရား ဖြစ်၏။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သော တရားရှိသည့် 'သဉ္ဇတ္တရ'တရား ဖြစ်ကုန်၏။ (လောကီစိတ္တုပ္ပါဒ်များ)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် မိမိထက်လွန်မြတ်သည့် တရားမရှိသော 'အနုတ္တရ'တရား ဖြစ်ကုန်၏။ (လောကုတ္တရာစိတ္တုပ္ပါဒ်)။ (ဏီ–၁၆၁၃, ၁၆၁၄)

---

(၁၀၀) သရဏဒုက်။ ။ ရူပကွန္ဓာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'တရား မဟုတ်ချေ။ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော နာမ်ခန္ဓာလေးပါးတို့သည် ငိုကြွေးကြောင်း (ရာဂ စသောကိလေသာ) မရှိသော 'အရဏ'တရား ဖြစ်ကုန်၏ (ကြွင်းသောစိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၁၅, ၁၆၁၆)။

(ဝိဋ္ဌိဒုက် ၁၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(ခန္ဓာငါးပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဥ္စာပုစ္ဆက'နည်း ပြီး၏)။ ခန္ဓာငါးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ဟောကြားအပ်သော 'ပဥ္စာပုစ္ဆက'နည်း ပြီး၏။

ခန္ဓာတို့ကို ဝေဖန်ဟောကြားသည့် 'ခန္ဓဝိဘင်း'ပြီးပြီ။

၂–အာယတနဝိဘင်္ဂ

(စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တို့ကို ဝေဖန်၍ ဟောကြားအပ်သော အာယတနဝိဘင်း)

၁–သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

အာယတန ၁၂–ပါး

၁၅၄။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တစ်ဆယ့်နှစ်ပါးတို့ကား– (၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ= စက္ခုဝတ္ထု= စက္ခုဒွါရ)။

(၂) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၃) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ= သောတဝတ္ထု= သောတဒွါရ)။

(၄) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ= ဃာန ဝတ္ထု= ဃာနဒွါရ)။

(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' (ဇိဝှါပသာဒ= ဇိဝှါဝတ္ထု= ဇိဝှါဒွါရ)။

(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ= ကာယဝတ္ထု= ကာယဒွါရ)။

(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'[1] (စိတ် ၈၉–ပါး)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'မမ္မာယတန' (မမ္မာရုံ) တို့တည်း။ (ဏီ–၅၉၃, ၁၃၄၂)

အာယတန ၁၂–ပါးကို ဝိပဿနာ ရှုပုံ

(၁) မျက်စိသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၂) အဆင်း 'ရူပါရုံ'တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၃) နားသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၄) အသံ 'သဒ္ဒါရုံ'တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလို သို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၅) နှာခေါင်းသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၆) အနံ့ 'ဂန္ဓာရုံ'တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိ အလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၇) လျှာသည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၈) အရသာ 'ရသာရုံ'တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိ အလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၉) ကိုယ် 'ကာယ'သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၁၀) တွေ့ထိမှု (အတွေ့) 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

(၁၁) သိမှုစိတ်သည် မမြဲ 'အနိစ္စ'၊ ဆင်းရဲ၏ 'ဒုက္ခ'၊ အတ္တမဟုတ် (မိမိအလိုသို့ မလိုက်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိ၏ 'ဝိပရိဏာမဓမ္မ'။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘော 'ဓမ္မာရုံ'[1] တို့သည် မမြဲကုန် 'အနိစ္စ'၊ ဆင်းရဲကုန်၏ 'ဒုက္ခ'၊ အတ္တမဟုတ်ကုန် (မိမိအလိုသို့ မလိုက်ကုန်) 'အနတ္တ'၊ ဖောက်ပြန်သော သဘောရှိကုန်၏ 'ဝိပရိဏာမဓမ္မ'။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း ပြီး၏။

၁။ ဝိဘင်းစာပိုဒ် ၁၆၁–ရှု။ ဓမ္မသင်္ဂဏီ စာပိုဒ် ၆၅–လည်းရှု။
၂။ ဤဓမ္မာရုံတို့၌ နိဗ္ဗာန် မပါဝင်ချေ။

♣

၂–အဘိဓမ္မဘာဇနီယ

(အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'နည်း)

အာယတန ၁၂–ပါး

၁၅၅။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တစ်ဆယ့်နှစ်ပါးတို့ကား–

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန' (စက္ခုပသာဒ= စက္ခုဝတ္ထု= စက္ခုဒ္ဓါရ)။

(၂) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန' (သောတပသာဒ= သောတဝတ္ထု= သောတဒ္ဓါရ)။

(၃) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန' (ဃာနပသာဒ= ဃာန ဝတ္ထု= ဃာနဒ္ဓါရ)။

(၄) လျှာသိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန' (ဇိဝှါပသာဒ= ဇိဝှါဝတ္ထု= ဇိဝှါဒ္ဓါရ)။

(၅) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန' (ကာယပသာဒ= ကာယဝတ္ထု= ကာယဒ္ဓါရ)။

(၆) သိမှုစိတ်ဖြစ်ရာ 'မနာယတန' (စိတ် ၈၉–ပါး)။

(၇) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန' (ရူပါရုံ)။

(၈) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' (သဒ္ဒါရုံ)။

(၉) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန' (ဂန္ဓာရုံ)။

(၁၀) လျှာသိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' (ရသာရုံ)။

(၁၁) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' (ဖောဋ္ဌဗ္ဗာရုံ)။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန' (ဓမ္မာရုံ) တို့တည်း။ (ဏီ–၅၉၃, ၁၃၄၂)

စက္ခာယတန **၁၅၆**။ (၁) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာမျက်စိအကြည် 'စက္ခာယတန' မည်သနည်း။

အကြင်မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခု' (ပသာဒ) ရုပ်သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော'၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္နံ'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ် (မြင်အပ်သောသဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်မျက်စိအကြည် 'စက္ခု' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော (မြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အဆင်း 'ရူပါရုံ'ကို မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။ ဤရုပ်သည် မျက်စိအကြည် 'စက္ခု' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် မြင်သိစိတ်ဖြစ်ရာ မျက်စိ အကြည် 'စက္ခာယတန'လည်း မည်၏၊ ဤရုပ်သည် မျက်စိအကြည်ဟူသော သဘော 'စက္ခုဓာတ်'လည်း မည်၏၊ ဤရုပ်သည် မြင်မှု၌ အစိုးရသော မျက်စိအကြည် 'စက္ခုန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည်

(ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ရူပါရုံကို မြင်မှု၌ မရောင့်ရဲ ပြည့်နှိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်း ကျင် ကြည်လင်သန့်ရှင်းစင်ကြယ်သော သဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ် တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရား တို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကို) ဆောင်တတ်သော သဘော 'နေတ္တ'လည်း မည်၏၊ ဤရုပ်သည် (လမ်းခရီး ညီညွတ်သည် မညီညွတ်သည်ကို ပြလျက် အတ္တဘောကိုပင်) ဆောင်တတ်သော သဘော 'နယန'လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်း ဖြစ်သော ငါ–ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'သြရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (စက္ခုဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'ဝလည်း မည်၏။ ။ ဤသို့ သဘောရှိသောရုပ်ကို မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၅၉ဖ)

သောတာ**ယတန ၁၅၇**။ (၂) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတ ဝိညာဏ်' ဖြစ်ရာ 'သောတာယတန' မည်သနည်း။

အကြင်ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) သည် ကြီးကျယ် ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ အတ္တဘောဌ် အကျုံး ဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘော မရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အသံ 'သဒ္ဒါရုံ'ကို ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြားဆဲ၊ ကြားလည်း ကြားလတ္တံ့၊ ကြားမှုလည်း ကြားရာ၏။ ဤရုပ်သည် ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'လည်း မည်၏၊ ဤရုပ်သည် နားအကြည်ဟူသော သဘော 'သောတဓာတ်'လည်း မည်၏၊ ဤရုပ်သည် ကြားမှု၌ အစိုးရသော နားအကြည် 'သောတိန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သောသဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (သဒ္ဒါရုံကို ကြားမှု၌ မရောင့်ရဲ ပြည့်နှိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်း သဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ် သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ– ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'သြရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (သောတဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ

'သုညဂါမ'လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၀၀)

ဃာနာ**ယတန ၁၅၈**။ (၃) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ 'ဃာနာယတန' မည်သနည်း။

အကြင် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) သည် ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါး တို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော'၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္နာ'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ ဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ ဖြစ်သော အနံ့ 'ဂန္ဓာရုံ'ကို နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူ လည်း နမ်းရာ၏။ ဤရုပ်သည် နှာခေါင်းအကြည် 'ဃာန' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'လည်း မည်၏၊ ဤရုပ်သည် နှာခေါင်းအကြည်ဟူသော သဘော 'ဃာန'ဓာတ်လည်း မည်၏၊ ဤရုပ်သည် နံမှ၌ အစိုးရသော နှာခေါင်းအကြည် 'ဃာနိန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ဂန္ဓာရုံကို နမ်းမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံ ထက်ဝန်းကျင် ကြည်လင် သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ် သည် (ဖဿစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက် ကမ်းဖြစ်သော ငါ– ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (ဃာနဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၀၄)

ဇိဝှါ**ယတန ၁၅၉**။ (၄) ထို အာယတန ၁၂–ပါးတို့တွင် အဘယ်သည် လျှာသိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ 'ဇိဝှါယတန' မည်သနည်း။

အကြင်လျှာအကြည် 'ဇိဝှါ' (ပသာဒ) သည် ကြီးကျယ် ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော'၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္နာ'၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ် သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ ဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်လျှာအကြည် 'ဇိဝှါ' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော),

ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အရသာ 'ရသာရုံ'ကို လျက်လည်း လျက်ခဲ့ပြီ၊ လျက်လည်း လျက်ဆဲ၊ လျက်လည်း လျက်လတ္တံ့၊ လျက်မူလည်း လျက်ရာ၏။ ဤရုပ်သည် လျှာအကြည် 'ဓိဝှါ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် လျက်သိစိတ် 'ဓိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဓိဝှါယတန'လည်း မည်၏၊ ဤရုပ်သည် လျှာအကြည်ဟူသော သဘော 'ဓိဝှါဓာတ်'လည်း မည်၏၊ ဤရုပ်သည် လျက်မှု၌ အစိုးရသော လျှာအကြည် 'ဓိဝိန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖသမစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ရသာရုံကို လျက်မှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံထက်ဝန်းကျင် ကြည်လင် သန့်ရှင်းစင်ကြယ်သောသဘော) 'ပဏ္ဍရ'လည်း မည်၏၊ ဤရုပ်သည် (ဖသမစသော နာမ်တရားတို့၏ ပေါက်ဖွားရာ) လယ်မြေ 'ခေတ္တ'လည်း မည်၏၊ ဤရုပ်သည် (ဖသမစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်း မည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဘက် ကမ်းဖြစ်သော ငါ– ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (ဓိဝှါဒွါရ၌ ဖြစ်သော စိတ် အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို လျက်သိစိတ် 'ဓိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဓိဝှါယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၀၈)

ကာယာ**ယတန ၁၆၀**။ (၅) ထို အာယတန ၁၂–ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ 'ကာယာယတန' မည်သနည်း။

အကြင် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယ' (ပသာဒ) သည် ကြီးကျယ် ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'၊ ကိုယ်ခန္ဓာ 'အတ္တဘော'၌ အကျုံးဝင်၏ 'အတ္တဘာဝပရိယာပန္န'၊ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ် (မြင်အပ်သော သဘောမရှိ, မမြင်အပ်) 'အနိဒဿန'၊ ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်၏ 'သပ္ပဋိဃ'။ မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်ကိုယ်အကြည် 'ကာယ' (ပသာဒ) ဖြင့် မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိပါးလည်း ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။ ဤရုပ်သည် ကိုယ်အကြည် 'ကာယ' (ပသာဒ) လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'လည်း မည်၏၊ ဤရုပ်သည် ကိုယ်အကြည်ဟူသော သဘော 'ကာယဓာတ်'လည်း မည်၏၊ ဤရုပ်သည် ထိမှု၌ အစိုးရသော ကိုယ်အကြည် 'ကာယိန္ဒြေ'လည်း မည်၏၊ ဤရုပ်သည် ဖြစ်တတ် ပျက်တတ်သော သဘော 'လောက'လည်း မည်၏၊ ဤရုပ်သည် (ဖသမစသော နာမ်တရားတို့၏ ဖြစ်ကြောင်း) တံခါး 'ဒွါရ'လည်း မည်၏၊ ဤရုပ်သည် (ဖောဋ္ဌဗ္ဗာရုံကို ထိမှု၌ မရောင့်ရဲ ပြည့်နိုင်ခဲသော သဘောကြောင့်) သမုဒ္ဒရာ 'သမုဒ္ဒ'လည်း မည်၏၊ ဤရုပ်သည် ဖြူစင်ခြင်းသဘော (အလုံးစုံထက်ဝန်းကျင် ကြည်လင်သန့်ရှင်း စင်ကြယ်သော သဘော) 'ပဏ္ဍရ'လည်းမည်၏၊ ဤရုပ်သည် (ဖသမစသော နာမ်တရားတို့ ပေါက်ဖွားရာ) လယ်မြေ

'ခေတ္တ'လည်း မည်၏၊ ဤရုပ်သည် (ဖဿစသော နာမ်တရားတို့၏) မှီရာ တည်ရာ 'ဝတ္ထု'လည်းမည်၏၊ ဤရုပ်သည် (နိဗ္ဗာန်မှ တစ်ဖက်ကမ်းဖြစ်သော ငါ– ငါဟူသော စွဲလမ်းမှု 'သက္ကာယ'၌ အကျုံးဝင်သဖြင့်) ဤမှာဘက်ကမ်း 'ဩရိမတီရ'လည်း မည်၏၊ ဤရုပ်သည် (ကာယဒွါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ။ ဤသို့ သဘောရှိသော ရုပ်ကို ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၁၂)

၁။ သုညဂါမ–သုညဂါမဟူသည် လူတို့စွန့်ပစ်ဖဲခွါသွားသည့် ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီး ဖြစ်သည်၊ ကြည့်ရှုအုပ်ချုပ်သူ နေထိုင်သူတို့ ကင်းမဲ့သဖြင့် ဆိတ်သုဉ်းသောရွာ 'သုညဂါမ'ဟု ခေါ်သည်၊ ထိုရွာပျက်ကြီးသည် မြွေ, ကျား, ကင်း စသော အယုတ်တမာ သတ္တဝါတို့ ခိုအောင်းရာဖြစ်သည့်ပြင် လူဆိုး သူဆိုး သူခိုး ဓားပြ သူပုန်တို့ စည်းမဲ့ကမ်းမဲ့ လွတ်လပ်စွာ ထွက်ဝင် ခိုအောင်းရာလည်း ဖြစ်သည်၊ စက္ခုဒ္ဒါရ သောတဒ္ဒါရစသည်တို့သည်လည်း ကိလေသာ သူပုန် စသည်တို့ ခိုဝင်ပုန်းအောင်းရာ ဖြစ်သည်၊ ထို့ကြောင့် စက္ခုဒ္ဒါရ, စသည့် ဒ္ဒါရ ၅–ပါးတို့ကို 'သုညဂါမ'ဟု ခေါ်သည် (သဠာယတနသံယုတ် ပါဠိတော်၊ အာသီဝိသောပမသုတ်၊ ၃၈၃။ ၆၊ ၅၂။)

♣

(ဒုက် ၅၂–ခုကို မူတည်၍ တိက် ၂၁–ခုကို မူလီသွင်းသော ဒုကမူလကနည်း)

၁–သဟေတုကဒုကမူ–တိက် ၂၁–ခု မူလီ ၂၁–နည်း

(၁) သဟေတုကဒုကမူ–ကုသလတိကမူလီ ၁၀–နည်း

မနာယတန ၁၆၁။ (၆) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် သိမှုစိတ်ဖြစ်ရာ 'မနာယတန' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသောနည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော မနာယတန တည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သောစိတ် 'ကုသိုလ်မနာယတန'သည် ရှိ၏ (ကုသိုလ်စိတ်)၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သောစိတ် 'အကုသိုလ်မနာယတန'သည် ရှိ၏ (အကုသိုလ်စိတ်)၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'မနာယတနသည် ရှိ၏ (ဝိပါက်, ကြိယာစိတ်များ)။

စတုက္ကနည်း။ ။ လေးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော (ကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ကာမာဝစရ'မနာယတန

သည် ရှိ၏ (ကာမစိတ်များ)၊ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (ရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော) 'ရူပါဝစရ'မနာယတနသည် ရှိ၏၊ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော (အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော) 'အရူပါဝစရ'မနာယတနသည် ရှိ၏၊ (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ အကျုံး မဝင်သော (လောကုတ္တရာ) 'အပရိယာပန္နမနာယတနသည် ရှိ၏။

ပဉ္စကနည်း။ ။ ငါးပါးပြားသောနည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ကိုယ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သုခိန္ဒြေ'နှင့်ယှဉ်သော မနာယတနသည် ရှိ၏ (သုခသဟဂုတ်ကာယဝိညာဏ် စိတ်)၊ ကိုယ်ဆင်းရဲမှု၌ အစိုးတရ ခံစားခြင်း 'ဒုက္ခိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ်)၊ စိတ်ချမ်းသာမှု၌ အစိုးတရ ခံစားခြင်း 'သောမနဿိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (သောမနဿ သဟဂုတ်စိတ် ၆၂–ပါး)၊ စိတ်မချမ်းသာမှု (စိတ်နှလုံးမသာယာမှု၌) အစိုးတရ ခံစားခြင်း 'ဒေါမနဿိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဒေါသမူဒွေး)၊ လျစ်လျူရှုမှု၌ အစိုးတရ ခံစားခြင်း 'ဥပေက္ခိန္ဒြေ'နှင့် ယှဉ်သော မနာယတနသည် ရှိ၏ (ဥပေက္ခာသဟဂုတ် ၅၅–ပါး)။

ဆက္ကနည်း။ ။ ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြဲသိစိတ် 'မနောဝိညာဏ်'သည် ရှိ၏။ ။ ဤသို့ ခြောက်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

သတ္တကနည်း။ ။ ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခု ဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒ္ဒါရာ ဝဇ္ဇန်း, သမ္ပဋ္ဆိန်းဒွေး)၊ (အာရုံခြောက်ပါးကို) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်'သည် ရှိ၏။ ။ ဤသို့ ခုနစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

အဋ္ဌကနည်း။ ။ ရှစ်ပါးပြားသောနည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ ၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်'သည် ရှိ၏၊ (အာရုံခြောက်ပါးကို) အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'သည် ရှိ၏။ ။ ဤသို့ ရှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

နဝကနည်း။ ။ ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံသိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှ သဘော 'မနောဓာတ်'သည် ရှိ၏၊ ကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အကုသိုလ် မနော ဝိညာဏဓာတ်သည် ရှိ၏။

အဗျာကတ မနောဝိညာဏဓာတ်သည် ရှိ၏။ ။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

ဒသကနည်း။ ။ ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ မြင်သိစိတ် 'စက္ခု ဝိညာဏ်'သည် ရှိ၏၊ ကြားသိစိတ် 'သောတဝိညာဏ်'သည် ရှိ၏၊ နံ့သိစိတ် 'ဃာနဝိညာဏ်'သည် ရှိ၏၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည် ရှိ၏၊ ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့် တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် တကွဖြစ်သော ထိသိစိတ် 'ကာယဝိညာဏ်'သည် ရှိ၏၊ (အာရုံငါးပါးကို) သိကာမျှသဘော 'မနောဓာတ်'သည် ရှိ၏၊ ကုသိုလ် မနောဝိညာဏဓာတ်သည် ရှိ၏။ အကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏။ အဗျာကတ မနော ဝိညာဏဓာတ်သည် ရှိ၏။ ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။

၁။ မနာယတနကို ဟောရာ၌ ခန္ဓဝိဘင်း–ဝိညာဏက္ခန္ဓာကို ဟောသကဲ့သို့ (၁) ဒုက် ၅၂–ကို မူထား၍ တိက် ၂၁–ခုကို မူလီသွင်း၍ ဟောသော ဒုကမူလကနည်း ၁၀၉၂–နည်း၊ (၂) တိကမူလကနည်း ၁၀၉၂–နည်း၊ (၃) ဥဘတောဝမ္မကနည်း ၂၁–နည်း၊ (၄) သတ္တကနည်း ၂၁–နည်း၊ (၅) စတုဝီသတိဝိဓနည်း ၂၁–နည်း၊ (၆) တိံသဝိဓနည်း၊ (၇) ဗဟုဝိဓနည်း ၂၁–နည်း (အားလုံး မနာယတနပေါင်း ၁၂၂၉၄၄–ပါး) အားဖြင့် ဟောရမည်။ ဤနေရာ၌ အမြွက်မျှသာ ဟောကြားထားသည်၊ [ခန္ဓဝိဘင်းဝိညာဏက္ခန္ဓာ ကြည့်]

♣

(၂) သဟေတုကဒုကမူ–ဝေဒနာတိကမူလီ ၁၀–နည်း

ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန ၅မျိုး

(ဝေဒနာက္ခန္ဓာဓမ္မာယတန, သညာက္ခန္ဓာဓမ္မာယတန, သင်္ခါရက္ခန္ဓာဓမ္မာယ တန, သုခုမရုပ်ဓမ္မာယတန, နိဗ္ဗာန်ဓမ္မာယတန)

ဧကကနည်း။ ။ တစ်ပါးပြားသောနည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော မနာယတနတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ ဟိတ်ရှိသော မနာယတနသည် ရှိ၏၊ ဟိတ်မရှိသော မနာယတနသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် မနာယတနသည် ဖြစ်၏။ ။ သုခဝေဒနာနှင့်ယှဉ်သော မနာယတနသည် ရှိ၏၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော မနာယတနသည် ရှိ၏၊ အဒုက္ခမသုခဝေဒနာနှင့်ယှဉ်သော မနာယတနသည် ရှိ၏။ပ။[1]

ဤသို့များသောအပြားအားဖြင့် မနာယတနသည် ဖြစ်၏။

ဤပြဆိုခဲ့ပြီးသော သဘောကို မနာယတနဟု ဆိုအပ်၏။

ရူပါယတန ၁၆၂။ (၇) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်းအဆင်း 'ရူပါယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်းအရောင်ဟူသော အကြင်အဆင်း (ရူပါရုံ) ကား–အညိုရောင်၊ အရွှေ (အဝါနု) 'ပီတက'၊ အနီ 'လောဟိတက'၊ အဖြူ 'သြဒါတ'၊ အမည်း (အနက်) 'ကာဠက'၊ အမောင်း (နီညိုရောင်) 'မဉ္ဇိဋ္ဌက'၊ အဝါရင့် 'ဟရိ'၊ အစိမ်းရင့်ရောင် 'ဟရိဝဏ္ဏ'၊ သရက်ညွန့်အဆင်းရောင် (အစိမ်းနု) 'အမ္ဗကုံရဝဏ္ဏ'၊ အရှည် 'ဒီဃ'၊ အတို 'ရဿ'၊ အငယ် 'အဏု'၊ အကြီး 'ထူလ'၊ (လှည်းဘီးသဏ္ဌာန်) အဝန်းအဝိုင်း 'ဝဋ္ဋ'၊ (ကြက်ဥသဏ္ဌာန်) အလုံး 'ပရိမဏ္ဍလ'၊ လေးမြောင့် 'စတုရဿ'၊ ခြောက်မြောင့် 'ဆဋ္ဌ'၊ ရှစ်မြောင့် 'အဋ္ဌ'၊ တစ်ဆယ့်ခြောက်မြောင့် 'သောဠသ'၊ အနိမ့်အရှိုင်း 'နိန္န'၊ အမြင့်အမောက် 'ထလ'၊ အရိပ် 'ဆာယာ'၊ နေပူ 'အာတပ'၊ အလင်း ရောင် 'အာလောက'၊ အမိုက်မှောင် 'အန္ဓကာရ'၊ တိမ်တိုက် 'အဗ္ဘာ'၊ ဆီးနှင်း 'မဟိကာ'၊ အခိုး 'ရူမ'၊ မြူ 'ရဇ'၊ လဝန်း၏ အဆင်းအရောင်၊ နေဝန်း၏ အဆင်းအရောင်၊ ကြယ် (တာရာ) အပေါင်းတို့၏ အဆင်းအရောင်၊ ကြေးမုံ (မှန်) ဝန်း၏ အဆင်းအရောင်၊ ပတ္တမြား 'မဏိ'၊ ခရုသင်း 'သင်္ခ'၊ ပုလဲ 'မုတ္တာ'၊ ဝါးအဆင်း ရှိသော ဝေဠုရိယ ကြောင်မျက်ရွဲ (မြ) ၏ အဆင်းအရောင်၊ ရွှေ ငွေ၏ အဆင်းအရောင်သည် (ရှိ၏)။ ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အဆင်း 'ရူပါရုံ'တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသည့် 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော 'သပ္ပဋိဃ' အဆင်းအရောင်ဟူသော အကြင် အဆင်းရူပါရုံသည်လည်း ရှိသေး၏။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွဖြစ်သော (မြင်အပ်သော) 'သနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အဆင်းအရောင်ဟူသော အကြင်အဆင်း (ရူပါရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော 'သပ္ပဋိဃ'မျက်စိအကြည် 'စက္ခုပသာဒ'ဖြင့် မြင်လည်း မြင်ခဲ့ပြီ၊ မြင်လည်း မြင်ဆဲ၊ မြင်လည်း မြင်လတ္တံ့၊ မြင်မူလည်း မြင်ရာ၏။ ဤရုပ်သည် အဆင်း 'ရူပါရုံ' မည်၏၊ ဤရုပ်သည် မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'လည်း မည်၏၊ ဤရုပ်သည် အဆင်း (ရူပါရုံ)ဟူသော သဘော 'ရူပဓာတ်'လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အဆင်း 'ရူပါရုံ'ကို မြင်သိစိတ် (စက္ခုဝိညာဏ်) ဖြစ်ကြောင်း အဆင်း 'ရူပါယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၁၆)

သဒ္ဒါယတန ၁၆၃။ (၈) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ ဖြစ်သော 'သပ္ပဋိဃ'အကြင်အသံ (သဒ္ဒါရုံ) သည် စည်ကြီးသံ 'ဘေရိသဒ္ဒ'၊ မုရိုးစည်သံ 'မုဒင်္ဂသဒ္ဒ'၊ ခရုသင်းသံ 'သင်္ခသဒ္ဒ'၊ ထက်စည်သံ 'ပဏဝသဒ္ဒ'၊ သီချင်းသံ 'ဂီတသဒ္ဒ'၊ တီးမှုတ်သံ

'ဝါဒိတသဒ္ဒ'၊ မောင်းကြေးနင်း ခွက်ခွင်းသံ 'သမ္မသဒ္ဒ'၊ လက်သံ (လက်ခုပ်တီးသံ) 'ပါဏိသဒ္ဒ'၊ သတ္တဝါတို့၏ ကြွေးကြော်သံ 'နိဗ္ဗေါသသဒ္ဒ'၊ (မိုးချုန်းသံ, ငလျင် တော်လည်းသံ စသော) သဘာဝ (ဓာတ်) တို့၏ (အချင်းချင်း) ထိခိုက်သော အသံ 'သန္ဓိဃာတသဒ္ဒ'၊ လေသံ (လေတိုက်သော အသံ) 'ဝါတသဒ္ဒ'၊ ရေသံ (ရေစီးသံ, ရေလှိုင်းသံ) 'ဥဒကသဒ္ဒ'၊ လူသံ 'မနုဿသဒ္ဒ'၊ လူသံမှ တပါးသော အသံ 'အမနုဿသဒ္ဒ'သည် (ရှိ၏)။ ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အသံ 'သဒ္ဒါရုံ'တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကိုစွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော), 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်အသံ (သဒ္ဒါရုံ) သည်လည်း ရှိသေး၏။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ် သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွဖြစ်သော အကြင်အသံ (သဒ္ဒါရုံ) ကို မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော နားအကြည် 'သောတ' (ပသာဒ) ဖြင့် ကြားလည်း ကြားခဲ့ပြီ၊ ကြားလည်း ကြားဆဲ၊ ကြားလည်း ကြားလတ္တံ့၊ ကြားမူလည်း ကြားရာ၏။ ဤရုပ်သည် အသံ 'သဒ္ဒါရုံ' မည်၏၊ ဤရုပ်သည် ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်းအသံ 'သဒ္ဒါယတန'လည်း မည်၏၊ ဤရုပ်သည် အသံ (သဒ္ဒါရုံ)ဟူသော သဘော 'သဒ္ဒဓာတ်'လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အသံ 'သဒ္ဒါရုံ'ကို ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၂၀)

ဂန္ဓာယတန ၁၆၄။ (၉) ထိအာယတန ၁၂–ပါးတို့တွင် အဘယ်သည် နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်းအနံ့ 'ဂန္ဓာယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ'ဖြစ်သော အကြင် အနံ့ ဂန္ဓာရုံသည် အမြစ်နံ့ 'မူလဂန္ဓ'၊ အနှစ်နံ့ 'သာရဂန္ဓ'၊ အခေါက် (အခွံ) နံ့ 'တစဂန္ဓ'၊ အရွက်နံ့ 'ပတ္တဂန္ဓ'၊ အပွင့်နံ့ 'ပုပ္ဖဂန္ဓ'၊ အသီးနံ့ 'ဖလဂန္ဓ'၊ စိမ်းရွှေသောအနံ့ 'အာမကဂန္ဓ'၊ သားစိမ်း ငါးစိမ်း သားပုပ် ငါးပုပ် အညှီနံ့ 'ဝိဿဂန္ဓ'၊ ကောင်းသော အလိုရှိအပ်သော အနံ့ 'သုဂန္ဓ'၊ မကောင်းသော အလိုမရှိအပ်သော အနံ့ 'ဒုဂ္ဂန္ဓ'သည် (ရှိ၏)။ ထို့ပြင် (ဆိုအပ်ခဲ့ပြီးသောအနံ့ 'ဂန္ဓာရုံ'တို့မှ) တစ်မျိုးတစ်ခြားဖြစ်သော ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ် သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အနံ့ ဂန္ဓာရုံသည်လည်း ရှိသေး၏။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ် သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အနံ့ (ဂန္ဓာရုံ) ကို မြင်အပ်သည်၏ အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော နှာခေါင်းအကြည် 'ဃာန' (ပသာဒ) ဖြင့် နမ်းလည်း နမ်းခဲ့ပြီ၊ နမ်းလည်း နမ်းဆဲ၊ နမ်းလည်း နမ်းလတ္တံ့၊ နမ်းမူလည်း နမ်းရာ၏။ ဤရုပ်သည် အနံ့ 'ဂန္ဓာရုံ'လည်း မည်၏၊ ဤရုပ်သည် နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'လည်း မည်၏၊ ဤရုပ်သည် အနံ့ (ဂန္ဓာရုံ)ဟူသော သဘော 'ဂန္ဓဓာတ်'လည်း

မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အနံ့ 'ဂန္ဓာရုံ'ကို နံသိစိတ် (ဃာနဝိညာဏ်) ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၂၄)

ရသာယတန ၁၆၅။ (၁၀) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် လျှာသိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန' မည်သနည်း။

ကြီးကျယ်ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) သည် အမြစ်အရသာ 'မူလရသ'၊ ပင်စည်အရသာ 'ခန္ဓရသ'၊ အခေါက် (အခွံ) အရသာ 'တစရသ'၊ အရွက်အရသာ 'ပတ္တရသ'၊ အပွင့်အရသာ 'ပုပ္ဖရသ'၊ အသီးအရသာ 'ဖလရသ'၊ အချဉ် 'အမ္ဘိလ'၊ အချိုးအမြိန် 'မဓုရ'၊ အခါး 'တိတ္တက'၊ အစပ် 'ကဋုက'၊ ဆားအငန် 'လောဏိက'၊ ဆပ်ပြာအငန် 'ခါရိက'၊ စူးရှသော အချဉ် 'လမ္ဘိက'၊ အဖန် 'ကသာဝ'၊ သာယာဖွယ် (ကောင်းသော) အရသာ 'သာဒု'၊ မသာယာဖွယ် (မကောင်းသော) အရသာ 'အသာဒု'သည် (ရှိ၏)။ ထို့ပြင် (ဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ'တို့မှ) တစ်မျိုး တစ်ခြားဖြစ်သော ကြီးကျယ် ထင်ရှားသော 'မဟာဘုတ်'လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော), 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) သည်လည်း ရှိသေး၏။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါး တတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အရသာ (ရသာရုံ) ကို မြင်အပ် သည်၏အဖြစ် (မြင်ခြင်း) နှင့်တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော လျှာအကြည် 'ဇိဝှါ' (ပသာဒ) ဖြင့် လျှက်လည်း လျှက်ခဲ့ပြီ၊ လျှက်လည်း လျှက်ဆဲ၊ လျှက်လည်း လျှက်လတ္တံ့၊ လျှက်မူလည်း လျှက်ရာ၏။ ဤရုပ်သည် အရသာ 'ရသာရုံ'လည်း မည်၏၊ ဤရုပ်သည် လျှာသိစိတ် (ဇိဝှါဝိညာဏ်) ဖြစ် ကြောင်း အရသာ 'ရသာယတန'လည်း မည်၏၊ ဤရုပ်သည် အရသာ (ရသာရုံ)ဟူသော သဘော 'ရသဓာတ်'လည်း မည်၏၊ ဤဆိုအပ်ခဲ့ပြီးသော အရသာ 'ရသာရုံ'ကို လျှာသိစိတ် (ဇိဝှါဝိညာဏ်) ဖြစ်ကြောင်း အရသာ 'ရသာ ယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၂၈)

ဖောဋ္ဌဗ္ဗာယတန ၁၆၆။ (၁၁) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန' မည်သနည်း။

မြေဟူသော သဘော (ခက်မာခြင်းသဘော) 'ပထဝီဓာတ်'၊ မီးဟူသော သဘော (ရင့်ကျက်စေခြင်း သဘော) 'တေဇောဓာတ်'၊ လေဟူသော သဘော (ထောက်ကန်လှုပ်ရှားခြင်းသဘော) 'ဝါယောဓာတ်'၊ ခက်မာခြင်းသဘော 'ကက္ခဋ'၊ နူးညံ့ခြင်းသဘော 'မုဒုက'၊ သိမ်မွေ့ခြင်းသဘော 'သဏှ'၊ ကြမ်းတမ်းခြင်း သဘော 'ဖရုသ'၊ ချမ်းသာသော အတွေ့ 'သုခသမ္ဖဿ'၊ ဆင်းရဲသော အတွေ့ 'ဒုက္ခသမ္ဖဿ'၊ လေးသော သဘော 'ဂရုက'၊ ပေါ့သော သဘော 'လဟုက'သည် ရှိ၏။ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွမဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ် သည်၏ အဖြစ် (ထိပါးခြင်း) နှင့်တကွ 'သပ္ပဋိဃ' ဖြစ်သော အကြင်အတွေ့ (ဖောဋ္ဌဗ္ဗာရုံ) ကို မြင်အပ်သည် ၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏အဖြစ် (ထိပါးခြင်း) နှင့် တကွ 'သပ္ပဋိဃ' ဖြစ်သော ကိုယ်အကြည် 'ကာယ' (ပသာဒ) ဖြင့် ထိပါးလည်း

ထိပါးခဲ့ပြီ၊ ထိပါးလည်း ထိပါးဆဲ၊ ထိပါးလည်း ထိပါးလတ္တံ့၊ ထိပါးမူလည်း ထိပါးရာ၏။ ဤရုပ်သည် အတွေ့. 'ဖောဋ္ဌဗ္ဗာရုံ'လည်း မည်၏၊ ဤရုပ်သည် ထိသိစိတ်ဖြစ်ကြောင်း အတွေ့. 'ဖောဋ္ဌဗ္ဗာယတန'လည်း မည်၏၊ ဤရုပ်သည် အတွေ့. (ဖောဋ္ဌဗ္ဗာရုံ)ဟူသောသဘော 'ဖောဋ္ဌဗ္ဗဓာတ်'လည်း မည်၏၊ ဤဆိုခဲ့ပြီးသော အတွေ့. 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသိစိတ် ဖြစ်ကြောင်း အတွေ့. 'ဖောဋ္ဌဗ္ဗာ ယတန'ဟူ၍ ဆိုအပ်၏။ (ဏီ–၆၄ ၇)

ဓမ္မာယတန ၅ မျိုး[2] ၁၆ ၇။ (၁၂) ထိုအာယတန ၁၂–ပါးတို့တွင် အဘယ်သည် သိမှုစိတ် ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန' မည်သနည်း။

ခံစားမှုအစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှုအစု သညာကွန္ဓာ'၊ ပြုပြင်စီရင်မှုအစု 'သင်္ခါရကွန္ဓာ' (တည်းဟူသော နာမ်ခန္ဓာသုံးပါး) သည်လည်းကောင်း၊ မြင်အပ်သည်၏အဖြစ် (မြင်ခြင်း) နှင့် တကွ မဖြစ်သော (မမြင်အပ်သော) 'အနိဒဿန', ထိပါးတတ်သည်၏ အဖြစ် (ထိပါးခြင်း) နှင့် တကွမဖြစ်သော 'အပ္ပဋိဃ', သိမှုစိတ်ဖြစ်ရာ ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် (သုခုမရုပ်သောဌသ) ရုပ်သည်လည်းကောင်း၊ အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ် (နိဗ္ဗာန်) သည်လည်းကောင်း ရှိ၏။ (ဤတရားတို့ကို သိမှုစိတ်ဖြစ်ရာဖြစ်ကြောင်း 'ဓမ္မာယတန'ဟု ဆိုအပ်၏။)

ဝေဒနာကွန္ဓာ ဓမ္မာယတန။ ။ ထို ဓမ္မာယတန ၅–မျိုးတို့တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာကွန္ဓာ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသော နည်းအားဖြင့် ခံစားမှုအစု 'ဝေဒနာကွန္ဓာ'သည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည်ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော ခံစားမှုအစု 'ကုသိုလ်ဝေဒနာကွန္ဓာ'သည် ရှိ၏၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော ခံစားမှုအစု 'အကုသိုလ်ဝေဒနာကွန္ဓာ'သည် ရှိ၏၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှုအစု 'အဗျာကတဝေဒနာကွန္ဓာ'သည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ပ။[3] ဤသို့ များသော အပြားအား ဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော ဝေဒနာကို ခံစားမှုအစု 'ဝေဒနာကွန္ဓာ'ဟု ဆိုအပ်၏။

သညာကွန္ဓာဓမ္မာယတန။ ။ ထို ဓမ္မာယတန ၅–မျိုးတို့တွင် အဘယ်သည် မှတ်သားမှုအစု 'သညာကွန္ဓာ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသောနည်းအားဖြင့် 'သညာကွန္ဓာ'သည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော သညာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် သညာကွန္ဓာသည်ဖြစ်၏။ ။ ဟိတ်ရှိသော သညာကွန္ဓာသည် ရှိ၏၊ ဟိတ် မရှိသော သညာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သညာကွန်ရှာသည် ဖြစ်၏။ ။ ကုသိုလ်သညာကွန်ရှာသည် ရှိ၏၊ အကုသိုလ်သညာကွန်ရှာသည် ရှိ၏၊ အဗျာကတသညာကွန်ရှာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသောနည်းအားဖြင့် သညာကွန်ရှာသည် ဖြစ်၏။ပ။[၅] ဤသို့ များသော အပြားအားဖြင့် သညာကွန်ရှာသည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သညာကို မှတ်သားမှုအစု 'သညာကွန်ရှာ'ဟု ဆိုအပ်၏။

သခ်ၣါရကွန်ရှာဓမ္မာယတန။ ။ ထိုဓမ္မာယတန ၅–မျိုးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သခ်ၣါရကွန်ရှာ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသောနည်းအားဖြင့် သခ်ၣါရကွန်ရှာသည် ဖြစ်၏။ ။ စိတ်နှင့်ယှဉ်သော သခ်ၣါရကွန်ရှာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် သခ်ၣါရကွန်ရှာသည် ဖြစ်၏။ ။ ဟိတ်မည်သော သခ်ၣါရကွန်ရှာ သည်ရှိ၏၊ ဟိတ်မမည်သော သခ်ၣါရကွန်ရှာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သခ်ၣါရကွန်ရှာသည် ဖြစ်၏။ ။ ကုသိုလ်သခ်ၣါရကွန်ရှာသည် ရှိ၏၊ အကုသိုလ်သခ်ၣါရကွန်ရှာသည် ရှိ၏၊ အဗျာကတသခ်ၣါရကွန်ရှာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါး ပြားသောနည်းအားဖြင့် သခ်ၣါရကွန်ရှာသည် ဖြစ်၏။ပ။[၆] ဤသို့ များသော အပြားအားဖြင့် သခ်ၣါရကွန်ရှာ သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို ပြုပြင်စီရင်မှုအစု 'သခ်ၣါရကွန်ရှာ'ဟု ဆိုအပ်၏။

သုခုမရူပ် ဓမ္မာယတန။ ။ ထိုဓမ္မာယတန ၅–မျိုးတို့တွင် အဘယ်သည် မြင်အပ်သော သဘောနှင့် ထိပါးတတ်သောသဘော မရှိသည့် ဓမ္မာယတနၦ် အကျုံးဝင်သောရုပ် မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်းၦ် အစိုးရမှုသဘော 'ဣတ္ထိန္ဒြေ'၊ ယောကျ်ား (အထီး, အဖို) ဖြစ်ကြောင်းၦ် အစိုးရမှုသဘော 'ပုရိသိန္ဒြေ'။ပ။ ကဗဠီကာရ အာဟာရရုပ်သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော ရုပ် ၁၆–ပါးကို မြင်အပ်သော သဘောနှင့် ထိပါးတတ်သော သဘောမရှိသည့် ဓမ္မာယတနၦ် အကျုံးဝင်သော (သုခုမ) ရုပ်ဟု ဆိုအပ်၏။

နိဗ္ဗာန် ဓမ္မာယတန။ ။ ထိုဓမ္မာယတန ၅–မျိုးတို့တွင် အဘယ်သည် အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်' မည်သနည်း။

တပ်မက်မှု 'ရာဂ'၏ ကုန်ရာကုန်ကြောင်း၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၏ ကုန်ရာကုန်ကြောင်း၊ အမှန်သဘောကို မသိမှု 'မောဟ'၏ ကုန်ရာကုန်ကြောင်းသည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်သော 'အသင်္ခတဓာတ်' (နိဗ္ဗာန်)ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရား ၅–မျိုးကို သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန'ဟု ဆိုအပ်၏။

အဘိဓမ္မာနည်းအားဖြင့် ဝေဖန်ဟောကြားအပ်သော 'အဘိဓမ္မာဘာဇနီယ'နည်း ပြီး၏။

၁။ ဤမနာယတနကို ဟောရာတွင် တိကမ္မလကနည်း၊ ဥဘတောဝမ္မကနည်း၊ သတ္တကနည်း၊ စတုဝီသတိဝိဓနည်း၊ တိံသဝိဓနည်း၊ ဗဟုဝိဓနည်းများကို ပေယျာလ လုံးဝချန်ထားခဲ့သည်။ ဒုကမ္မလကနည်းကိုမူ ဒုက် ၅၂–ခုအနက် 'သဟေတုကဒုကမ္မ'တစ်ခုကိုသာ အစ ဖော်၍ ပြထားသည်။ အကျယ်သိလိုလျှင် 'ခန္ဓဝိဘင်း–ဝိညာဏကွန္ဓာ'ကို ရှုပါလေ။

၂။ ဝါးချင်းကြိတ်သံ, ပုဆိုးမြည်သံ စသည့် အသံများ။

၃။ ဏီ–၁၄၄၊ ၉၈၄။

၄။ ဝေဒနာကွန္ဓာကို ခန္ဓဝိဘင်းကဲ့သို့ (၁) ဒုကမ္မလကနည်း (၂) တိကမ္မလကနည်း (၃) ဥဘတောဝမ္မကနည်း (၄) သတ္တက နည်း (၅) စတုဝီသတိဝိဓနည်း (၆) တိံသဝိဓနည်း (၇) ဗဟုဝိဓနည်းတို့ဖြင့် ဟောရမည်၊ သို့သော်လည်း ခန္ဓဝိဘင်းတွင် ဟောခဲ့ပြီးဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်။ (ခန္ဓဝိဘင်းစာမျက်နှာ ၇၂ မှ ၁၁၂ အထိကြည့်)

၅။ သညာကွန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည်။ (ခန္ဓဝိဘင်း သညာကွန္ဓာ ပြန်ကြည့်)

၆။ သင်္ခါရကွန္ဓာကို ခန္ဓဝိဘင်းအတိုင်း ဟောရမည် ဖြစ်သည်။ (ခန္ဓဝိဘင်း သင်္ခါရကွန္ဓာကြည့်)

♣

၃–ပဋ္ဌာပုစ္ဆက

အမေး–အဖြေပြု၍ ဟောကြားသောနည်း

အာယတန ၁၂–ပါး

၁၆၈။ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန'တစ်ဆယ့်နှစ်ပါးတို့ကား–

(၁) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'။

(၂) မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ကြောင်း အဆင်း 'ရူပါယတန'။

(၃) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတာယတန'။

(၄) ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ကြောင်း အသံ 'သဒ္ဒါယတန'။

(၅) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနာယတန'။

(၆) နံသိစိတ် 'ဃာနဝိညာဏ်' ဖြစ်ကြောင်း အနံ့ 'ဂန္ဓာယတန'။

(၇) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'။

(၈) လျက်သိစိတ် 'ဇိဝှါဝိညာဏ်' ဖြစ်ကြောင်း အရသာ 'ရသာယတန'။

(၉) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'။

(၁၀) ထိသိစိတ် 'ကာယဝိညာဏ်' ဖြစ်ကြောင်း အတွေ့ 'ဖောဋ္ဌဗ္ဗာယတန'။

(၁၁) သိမှုစိတ်ဖြစ်ရာ 'မနာယတန'။

(၁၂) သိမှုစိတ်ဖြစ်ကြောင်း သဘာဝ 'ဓမ္မာယတန'တို့တည်း။ (ဏီ–၅၉၃, ၁၃၄၂)

အာယတန ၁၂–ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁–တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁) **ကုသလတိက် အမေးပုစ္ဆာ** ၁၆၉။ စိတ်စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန'တစ်ဆယ့်နှစ်ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကို ပေးတတ် သော 'ကုသိုလ်'အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။[**၁]

၁။ ** ဝေဒနာတိက် အမှတ်– ၂မှ သနိဒဿနတိက် အမှတ်–၂၂ အထိ (တိက် ၂၁–ခုတို့၏ အမေးပုစ္ဆာများကို) ပေယျာလ လုံးဝချန်ခဲ့သည်။

♣

၂–ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) **သရဏဒုက် အမေးပုစ္ဆာ**။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ ငိုကြွေးကြောင်း (ရာဂစသောကိလေသာ) မရှိသော 'အရဏ' အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း။[**၁]

၁။ ** ဟေတုဒုက် ဒုက်အမှတ်– ၁မှ သဉ္ဇာတရဒုက် ဒုက်အမှတ်–၉၉အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

♣

အာယတန ၁၂–ပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကို ပြခြင်း

၁–တိကဝိသဇ္ဇနာ

(အာယာတန ၁၂–ပါးတို့ကို တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း)

(၁) **ကုသလတိက် အဖြေ ဝိသဇ္ဇနာ** ၁၇၀။ ရုပ်အာယတန ဆယ်ပါးတို့သည် အဗျာကတဖြစ်ကုန်၏ (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန,

ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကုသိုလ်ဖြစ်ကုန်၏ (ကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကုသိုလ်ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏ (ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် များ၊ သုခုမရုပ်)။

---

(၂) **ဝေဒနာတိုက် အဖြေဝိသဇ္ဇနာ။** ။ ရုပ်အာယတန ဆယ်ပါးတို့ကို သုခဝေဒနာနှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခ ဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော မနာယတနသည် သုခဝေဒနာနှင့်ယှဉ်၏ (သုခသဟဂုတ်စိတ် ၆၃–ပါး)၊ အချို့သော မနာယတနသည် ဒုက္ခဝေဒနာနှင့်ယှဉ်၏ (ဒုက္ခသဟဂုတ်ကာယဝိညာဏ်နှင့် ဒေါသမူဒွေး)၊ အချို့သော မနာယတနသည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး)။ အချို့သော ဓမ္မာယတနသည် သုခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော သုခသဟဂုတ်စိတ် ၆၃–ပါး၌ ရှိသည့် စေတသိက် ၄၆–ပါး)၊ အချို့သော ဓမ္မာယတနသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဝေဒနာကြဉ်သော ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်နှင့် ဒေါသမူဒွေးတို့၌ရှိသော စေတသိက် ၂၁–ပါး)၊ အချို့သော ဓမ္မာ ယတနသည် အဒုက္ခမသုခဝေဒနာနှင့်ယှဉ်၏ (ဝေဒနာကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး၌ ရှိသော စေတသိက် ၄၆–ပါး)။

တိုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို သုခဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဝေဒနာ ̊, သုခုမရုပ်, နိဗ္ဗာန်)။

၁။ ဝေဒနာကို 'ဝေဒနာနှင့် ယှဉ်၏'ဟု မဆိုအပ်ချေ။

♣

(၃) **ဝိပါကတိုက်အဖြေ ဝိသဇ္ဇနာ။** ။ ရုပ်အာယတနဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော သဘော) ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်ကုန်၏ (ဝိပါက်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော သဘော) ရှိသော တရားဖြစ်ကုန်၏ (ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်များ)။ အချို့သော (မနာယတန ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကုသိုလ်, အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော ရှိသော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော) တရားလည်း မဟုတ်ကုန် (ကြိယာစိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

---

(၄) ဥပါဒိဏ္ဍတိက်အဖြေ ဝိသဇ္ဇနာ။ ။ (ပသာဒရုပ်) ရုပ်အာယတန ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ် ဧကန်ဖြစ်သော ပသာဒရုပ် ငါးပါး)။ အသံ 'သဒ္ဒါယတန'သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၏။ အချို့သော (အဆင်း 'ရူပ', အနံ့ 'ဂန္ဓ', အရသာ 'ရသ', အတွေ့ 'ဖောဋ္ဌဗ္ဗ') အာယတနလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ် သည့် ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရုပ်ကလာပ်၌ပါသော ရုပ်လေးပါး)။ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ) အာယတနလေးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ကမ္မဇရုပ်မှတစ်ပါး တိဇရုပ်၌ပါသည့် ရုပ်လေးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့် ကံ၏ အကျိုးဝိပါက်လည်း ဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီဝိပါက် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ဧကန်ဖြစ်သည့် သုခုမရုပ်များ ဖြစ်သော ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ်, ဟဒယရုပ်၊ အနေကန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော အာပေါ, အာဟာရ, ပရိစ္ဆေဒရုပ်, လက္ခဏာရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာ ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ ဒိဋ္ဌိတို့ အာရုံပြုသောကံ၏ အကျိုးဝိပါက် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမကမ္မဇရုပ် ဧကန် ၄-ပါးကြဉ်သည့် တိဇသုခုမရုပ် ၁၂-ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံပြုသော ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၅) သံကိလိဋ္ဌတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ'တို့သည် ပူပန်စေအပ် သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာဖြစ်ကုန်၏ (ပသာဒရုပ် ၅-ပါးနှင့် အာရုံ ငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေ အပ်၍ (ကိလေသာတို့နှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေ အပ်သည် မဟုတ်မူ၍ (ကိလေသာတို့နှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေ

အပ်သည်လည်း မဟုတ်မူ၍ (ကိလေသနှင့်လည်း မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၆) ဝိတက်တိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်းမရှိကုန် (ဝိတက် ဝိစာရတို့နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါးနှင့် အာရုံငါးပါး)။ အချို့သော မနာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (သဝိတက္ကစိတ် ၅၅–ပါး)၊ အချို့သော မနာယတနသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ် ၁၁–ပါး)၊ အချို့သော မနာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ။ အချို့သော ဓမ္မာယတနသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရကြဉ်သော သဝိတက္ကစိတ် ၅၅–ပါး၌ ရှိသော စေတသိက် ၅၀)၊ အချို့သော ဓမ္မာယတနသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဝိစာရကြဉ်သည့် ဒုတိယဈာန်စိတ်၌ရှိသော စေတသိက် ၃၆–ပါး၊ သဝိတက္ကစိတ် ၅၅–ပါး၌ ရှိသော ဝိတက် ၅၅–ပါး)၊ အချို့သော ဓမ္မာယတနသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိ (အဝိတက္က အဝိစာရစိတ်တို့၌ ရှိသော စေတသိက် ၃၆၊ ဒုတိယဈာန် ၁၁–ပါး၌ ရှိသော ဝိစာရ ၁၁–ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။

တိက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ဝိတက် ဝိစာရနှင့် ယှဉ်၏)ဟူ၍လည်းကောင်း, ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိ၏ဟူ၍လည်းကောင်း, ဝိတက် လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (သဝိတက္ကသဝိစာရစိတ် ၅၅–ပါး၌ ရှိသော ဝိစာရ ၅၅–ပါး)။ (ဏီ ၁၄၀၁)

---

(၇) ပီတိတိက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း (ပီတိနှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း)၊ သုခဝေဒနာ နှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒ ရုပ် ၅–ပါးနှင့် အာရုံ ငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့်ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁–ပါးနှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခသဟဂုတ်စိတ် ၆၃–ပါးနှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါးနှင့်ယှဉ်ဘက် စေတသိက်များ)။

တိက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒေါသမူဌေးစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ်ကာယ ဝိညာဏ်စိတ္တုပ္ပါဒ်၊ ပီတိနှင့် မယှဉ်သော သုခသဟဂုတ်ကာယဝိညာဏ်နှင့် စတုတ္ထဈာန် ၁၁–ပါး၌ရှိသော သုခဝေဒနာ ၁၂–ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် ၅၅–ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၅၅–ပါး၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်)။ (ဏီ ၁၄၀၄)

---

(၈) ဒဿနတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံ ငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို (ဒဿနမည်သော) သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတသမ္မယုတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်, သုခုမရုပ်, နိဗ္ဗာန်)။

---

(၉) ဒဿနဟေတုတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် (ဒဿနမည်သော) သောတာပတ္တိမဂ်သည်ပယ်အပ်သော ဟိတ်ရှိသည် လည်း မဟုတ်မူ၍ (ဟိတ်နှင့် မယှဉ်မူ၍) (ဘာဝနာမည်သော) အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ် သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့်ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ် သော ဟိတ်ရှိကုန်၏ (မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်နှင့် ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ မောဟမူဒွေးဌ် မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၁၀)

---

(၁၀) အာစယဂါမိတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက် ကြောင်းလည်းမဟုတ်ကုန် (ပသာဒရုပ် ၅–ပါးနှင့် အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်နှင့် အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။

---

(၁၁) သေက္ခတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ် မူ၍ (အရဟတ္တဖိုလ်သို့ ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (ပသာဒရုပ် ၅–ပါးနှင့် အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ်လေးပါး၊ အောက်ဖိုလ် ၃–ပါး စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ် ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်) (ဏီ–၁၄၁၄, ၁၄၁၅, ၁၄၁၆)

---

(၁၂) ပရိတ္တတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် နည်းပါးသော တန်ခိုးအာနုဘော် ရှိသော 'ပရိတ္တ'တရား (ကာမတရား) ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နည်းပါးသော တန်းခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား) ဖြစ်ကုန်၏ (ကာမာဝစရစိတ္တုပ္ပါဒ်များ၊ သုခုမရုပ် ၁၆–ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကြီးကျယ်မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရား ဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာ ယတန) အာယတနနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၃) ပရိတ္တာရမ္မဏတိက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံမပြုတတ်ချေ) (အနာရမ္မဏ) (ပသာဒရုပ်ငါး ပါး၊ အာရုံငါးပါး) အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏။

တိက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ပရိတ္တတရား (ကာမတရား) ကိုအာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပညတ်ကို ဧကန်အာရုံပြုသော စိတ်များ= ရူပါဝစရဈာန်စိတ် ၁၅–စိတ္တုပ္ပါဒ်များ၊ အာကာသာနဉ္စာယတနနှင့်အာကိဉ္စညာယတနအရူပစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၂၂)

---

(၁၄) ဟီနတိုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ယုတ်ညံ့သော 'ဟီန'တရား ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ'တရားဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာ ယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ'တရားဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၅) မိစ္ဆတ္တတိုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတ တည်းဟူသော နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲချေ (အနိယတ) (ပသာဒရုပ် ငါးပါး၊ အာရုံ ငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဋ္ဌာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောမရှိမူ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါး တို့သည် နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန် (အနိယတ) (ကြွင်းသော စိတ္တုပ္ပါဒ် များနှင့် သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၆) မဂ္ဂါရမ္မဏတိုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံမပြုတတ်ချေ) (ပသာဒရုပ်ငါးပါး၊ အာရုံ ငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်ကို အာရုံပြုကုန်၏ (မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်–ကြိယာဉာဏသမ္ပယုတ်၊ အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် မဂ်မည်သော အကြောင်းရင်း ဟိတ် (သမ္မာဒိဋ္ဌိမဂ္ဂင်= ပညာ= အမောဟဟိတ်) ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (အမောဟကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝီမံသာဓိပတိ= အမောဟ၊ သမ္မာဝါယာမ= ဝီရိယာဓိပတိ= ဝီရိယ) ရှိကုန်၏ (အဓိပတိတပ်ခိုက် ပညာနှင့် ဝီရိယ အသီးအသီးကြဉ်သော မဂ်စိတ္တုပ္ပါဒ်)။

တိုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဂ်မည်သောအကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ= ပညာ= အမောဟ) ရှိကုန်၏ဟူ၍ လည်းကောင်း၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝီမံသာဓိပတိ=

အမောဟ၊ သမ္မာဝါယာမ= ဝီရိယာဓိပတိ= ဝီရိယ) ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (မဂ်ကို အာရုံမပြုသော မနာယတန, ဓမ္မာယတန)။ (ဏီ–၁၄၂၉)

---

(၁၇) ဥပ္ပန္နတိက်အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော (ကမ္မဇ) ရုပ်အာယတန ငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္နဲ'တရား ဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတနငါးပါး တို့သည် မချွတ်ဇကန်ဖြစ်လတ္တံ့ဖြစ်သော 'ဥပ္ပါဒိ'တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး)၊ အချို့သော (ကမ္မဇ) ရုပ်အာယတနငါးပါးတို့ကို ခဏသုံးပါးသို့ ရောက်ပြီး လည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ် သော (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ ဖြစ်သော) 'အနုပ္ပန္နဲ'တရားဟု မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး)။ အချို့သော သဒ္ဒါယတနသည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (ဥပ္ပန္နဲ)၊ အချို့သော သဒ္ဒါယတနသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ဖြစ်ကောင်း ဖြစ်လတ္တံ့ဖြစ်သော 'အနုပ္ပန္နဲ'တရားဖြစ်သည်)၊ အချို့သော သဒ္ဒါယတနကို မချွတ်ဇကန်ဖြစ်လတ္တံ့သော 'ဥပ္ပါဒိ'တရားဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတန ငါးပါးတို့သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏ (ဥပ္ပန္နဲ)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတနငါးပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (အနုပ္ပန္နဲ)၊ အချို့သော (ရူပ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, မန) အာယတနငါးပါး တို့သည် မချွတ်ဇကန် ဖြစ်လတ္တံ့ဖြစ်ကုန်၏ (ဥပ္ပါဒိ)။ အချို့သော ဓမ္မာယတနသည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (စေတသိက်နှင့် သုခုမရုပ်များ)၊ အချို့သော ဓမ္မာယတနသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ် မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်ကောင်း ဖြစ်လတ္တံ့ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက်များ၊ ကမ္မဇရုပ်မှတစ်ပါး တိဇသုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် မချွတ်ဇကန် ဖြစ်လတ္တံ့ ဖြစ်၏ (ဝိပါက်စိတ်နှင့်ယှဉ်သော စေတသိက်များနှင့် ကမ္မဇ သုခုမရုပ်များ)။

တိက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ဟူ၍လည်းကောင်း၊ ခဏသုံးပါးသို့ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟူ၍လည်းကောင်း၊ မချွတ်ဇကန် ဖြစ်လတ္တံ့ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ–၁၄၃၀)

---

(၁၈) အတီတတိက်အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော အာယတနတစ်ဆယ့်တစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားဖြစ်ကုန်၏ (ရုပ်အာ ယတနဆယ်ပါးနှင့်မနာယတန)၊ အချို့သော အာယတနတစ်ဆယ့်တစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရား ဖြစ်ကုန်၏၊ အချို့သော အာယတနတစ်ဆယ့်တစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရား ဖြစ်ကုန်၏။ အချို့သော ဓမ္မာယတနသည် ဖြစ်ပြီး 'အတိက်'တရားဖြစ်၏၊ အချို့သော ဓမ္မာယတနသည်

မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားဖြစ်၏၊ အချို့သော ဓမ္မာယတနသည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားဖြစ်၏ (စေတသိက် ၅၂–ပါးနှင့် သုခုမရုပ် ၁၆–ပါး)။

တိက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဖြစ်ပြီး 'အတိက်'တရားဖြစ်၏ဟူ၍ လည်းကောင်း၊ မရောက် သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားဖြစ်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ–၁၄၃၀)

---

(၁၉) အတီတာရမ္မဏတိက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံ မပြုတတ်ချေ) (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြုကုန်၏ (အတိက်တရားကို ဧကန်, အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြု ကုန်၏ (အနာဂတ်တရားကို အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ဧကန်, အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်)။

တိက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကိုအာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်နှင့် ပညတ်တရားတို့ကို ဧကန်အာရုံပြုသော စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။ (ဏီ–၁၄၃၄)

---

(၂၀) အဗ္ဗတ္တတိက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော အာယတန ၁၂–ပါး တို့သည် အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့အနိန္ဒြိယဗဒ္ဓ ရုပ်မှတစ်ပါး သက်ရှိသတ္တဝါတို့၏ မိမိတို့ သန္ဓာန်၌ ဖြစ်သော ရုပ်များ)၊ အချို့သော အာယတန ၁၂–ပါး တို့သည် အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, ရုပ် နိဗ္ဗာန်)၊ အချို့သော အာယတန ၁၂–ပါးတို့သည် အတွင်းအပ 'အဗ္ဗတ္ထဗဟိဒ္ဓ'သန္ဓာန် ၂–ပါး၌ ဖြစ်ကုန်၏ (စိတ်, စေတသိက်, သက်မဲ့ အနိန္ဒြိယဗဒ္ဓရုပ်မှ တစ်ပါး သက်ရှိသတ္တဝါတို့၏ သန္ဓာန်၌ ရှိသော ရုပ်များ)။ (ဏီ–၁၄၃၂)

---

(၂၁) အဗ္ဗတ္ထာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်းသဘော မရှိကုန် (အာရုံ မပြုတတ်ချေ) (အနာရမ္မဏ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ (အဗ္ဗတ္ထတရားကို ဧကန် အနေကန် အာရုံပြုသည့် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်သောတရား ကို အာရုံပြုကုန်၏ (ဗဟိဒ္ဓတရားကို ဧကန်

အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အတွင်းအပ 'အဋ္ဌတ္တဗဟိဒ္ဓ'သန္တာန် ၂–ပါး၌ ဖြစ်သောတရားကို အာရုံပြုကုန်၏ (အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်များ)။

တိက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အတွင်း 'အဋ္ဌတ္တ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အတွင်းအပ 'အဋ္ဌတ္တဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။ (ဏီ–၁၄၃၇)

---

(၂၂) သနိဒဿနတိက်အဖြေ ဝိသဇ္ဇနာ။ ။ အဆင်းရူပါရုံ 'ရူပါယတန'သည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (သနိဒဿန သပ္ပဋိဃ)။ (ရူပါယတနကြဉ်သော ဩဠာရိကရုပ် ၁၁–ပါး) အာယတနကိုးပါးတို့သည် မြင်အပ်သော သဘောမရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သော သဘောရှိ၏ (အနိဒဿနသပ္ပဋိဃ) (ပသာဒရုပ်ငါးပါး၊ ရူပါရုံကြဉ် သော အာရုံလေးပါး)။ (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ (မမြင်အပ်မူ၍) ထိပါးတတ်သော သဘောလည်း မရှိချေ (စိတ်, စေတသိက်, သုခုမရုပ် ၁၆–ပါး, နိဗ္ဗာန်)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဥ္စာပုစ္ဆက'နည်း ပြီး၏)။

(အာယတန ၁၂–ပါးတို့ကို တိက် ၂၂–ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော 'ပဥ္စာပုစ္ဆက'နည်း ပြီး၏)။

၂–ဒုကဝိသဇ္ဇနာ

(အာယတန ၁၂–ပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁–ဟေတုဂေါစ္ဆကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၁) ဟေတုဒုက်အဖြေဝိသဇ္ဇနာ ၁၇၁။ ။ အာယတနတစ်ဆယ့်တစ်ပါးတို့သည် ဟိတ်မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး၊ မနာယတန)။ အချို့သော ဓမ္မာယတနသည် ဟိတ်မည်၏ (ဟိတ် ၆–ပါး)၊ အချို့သော ဓမ္မာယတနာသည် ဟိတ်မမည်ချေ (ကြွင်းသော စေတသိက် ၄၆–ပါး, သုခုမရုပ်, နိဗ္ဗာန်)။

---

(၂) သဟေတုကဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါးနှင့်အာရုံ ငါးပါး)။ အချို့သော (မနာယတန,

ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (မောဟမူဒွေးခ္ခ ရှိသော မောဟကြဉ်သည့် သဟေတုကစိတ္တုပ္ပါဒ်များ၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်မရှိကုန် ဟိတ်နှင့် မယှဉ်ကုန် (မောဟမူ ဒွေးခ္ခရှိသောမောဟ၊ အဟေတုကစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၃) ဟေတုသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါးနှင့် အာရုံငါးပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏ (မောဟမူ ဒွေးခ္ခ ရှိသည့် မောဟကြဉ်သော သဟိတ်စိတ္တုပ္ပါဒ်များ၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (မောဟမူဒွေးခ္ခရှိသော မောဟ၊ အဟေတုကစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄) ဟေတုသဟေတုကဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏)ဟူ၍ လည်းကောင်း၊ ဟိတ်သာ ရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ် မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနကို ဟိတ် လည်းမည်၍ ဟိတ်လည်းရှိ၏ဟူ၍ မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် ဟိတ်သာရှိ၍ (ဟိတ်နှင့်သာယှဉ်၍) ဟိတ်မမည်ချေ (သဟိတ်စိတ်များ)၊ အချို့သော မနာယတနကို ဟိတ်သာရှိ၍ ဟိတ်လည်း မမည်ဟု မဆိုအပ်ချေ (အဟိတ်စိတ်များ)။ အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ (မောဟမူဒွေးခ္ခရှိသော မောဟကြဉ်သော ဟိတ် ၆–ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (ဟိတ် ၆–ပါး ကြဉ်သော သဟိတ်စိတ်ခ္ခရှိသည့် စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဟိတ်လည်း မည်၍ ဟိတ်လည်းရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်သာ ရှိ၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အဟိတ်စိတ်ခ္ခရှိသော စေတသိက်များ၊ မောဟမူဒွေးခ္ခရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၄၈)။

---

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါးနှင့် ပဋ္ဌာရုံ)။ မနာယတနကို ဟိတ် လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ် ၇၁–ပါး)၊ အချို့သော မနာယတနကို ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (အဟိတ်စိတ်များ)။ အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ (မောဟမူဒွေးခ္ခရှိသော မောဟကြဉ်သည့် ဟိတ် ၆–ပါး)၊ အချို့သော ဓမ္မာယတနသည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆–ပါးကြဉ်သော သဟိတ်စိတ်ခ္ခ ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဟိတ်နှင့် သာယှဉ်၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေးဌ်ရှိသော မောဟ၊ အဟိတ်စိတ်ဌ်ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၅၀)

---

(၆) နဟေတုသဟေတုကဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဟိတ်လည်း မမည်မူ၍ဟိတ်လည်းမရှိကုန် (ဟိတ်နှင့်လည်း မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ အချို့သော မနာယတနသည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ (သဟိတ်စိတ် ၇၁–ပါး)၊ အချို့သော မနာယတနသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်)။ အချို့သော ဓမ္မာယတနသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆–ပါးကြဉ်သော သဟိတ်စိတ်ဌ် ရှိသော စေတသိက်များ၊)၊ အချို့သော ဓမ္မာယတနသည် ဟိတ်လည်းမမည်မူ၍ ဟိတ်လည်းမရှိချေ (အဟိတ်စိတ်ဌ်ရှိသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်းမရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (ဟိတ် ၆–ပါး)။ (ဏီ–၁၄၅၂)

(ဟေတုဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၂–စူဠန္တရဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက်အဖြေဝိသဇ္ဇနာ။ ။ (ပသာဒရုပ်ငါးပါးနှင့် ပဋ္ဌာရုံတည်းဟူသော ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတနတစ်ဆယ့်တစ်ပါးတို့သည် အကြောင်းနှင့် တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏)။ အချို့သော ဓမ္မာယတနသည် အကြောင်းနှင့်တကွ ဖြစ်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်၏) (စေတသိက်နှင့်သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် အကြောင်းနှင့် တကွ မဖြစ်ချေ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။ (ဏီ–၁၄၅၄)

---

(၈) သခ်ံတဒုက်အဖြေ ဝိသဇ္ဇနာ။ ။ အာယတနတစ်ဆယ့်တစ်ပါးတို့သည် (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့သည်) ပြုပြင်စီမံအပ်သော 'သခ်ံတ'တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါပါး၊ မနာယတန)။ အချို့သော ဓမ္မာယတနသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ ပြုပြင် စီမံအပ်သော 'သခ်ံတ'တရားဖြစ်၏ (စေတသိက် ၅၂–ခု, သုခုမရုပ် ၁၆–ပါး)၊ အချို့သော ဓမ္မာယတန သည် အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော 'အသခ်ံတ'တရားဖြစ်၏ (နိဗ္ဗာန်)။

---

(၉) သနိဒဿနဒုက်အဖြေဝိသဇ္ဇနာ။ ။ ရူပါယတန (အဆင်း 'ရူပါရုံ') သည် မြင်အပ်သော သဘောရှိ၏ (ရူပါယတနကြဉ်သော) အာယတန တစ်ဆယ့်တစ်ပါးတို့သည် မြင်အပ်သော သဘောမရှိကုန်။

---

(၁၀) သပ္ပဋိဃဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ထိပါးတတ်သော သဘောရှိကုန်၏ (သပ္ပဋိဃ) (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ထိပါးတတ်သောသဘော မရှိကုန် (စိတ်, စေတသိက်, သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။

---

(၁၁) ရူပီဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ရုပ်မည်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနသည် ရုပ်မမည်ချေ (နာမ်မည်၏) (စိတ်အားလုံး)။ အချို့သော ဓမ္မာယတနသည် ရုပ်မည်၏ (သုခုမရုပ်)၊ အချို့သော ဓမ္မာယတနသည် ရုပ်မမည်ချေ (နာမ် မည်၏) (စေတသိက်၊ နိဗ္ဗာန်)။

---

(၁၂) လောကိယဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် လောကဌ် အကျုံးဝင်ကုန်၏ (လောကီတရားဖြစ်ကုန်၏) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် လောကဌ် အကျုံးဝင်သော 'လောကိယ'တရားဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် လောကမှ ထွက်မြောက်သော 'လောကုတ္တရာ'တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၃) ကေနစိဝိညေယျဒုက်အဖြေ ဝိသဇ္ဇနာ။ ။ အာယတနတစ်ဆယ့်နှစ်ပါးတို့ကို တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏၊ အာယတန တစ်ဆယ့် နှစ်ပါးတို့ကို တစ်စုံတစ်ခုသော စိတ်သည် မသိအပ်ကုန်။

(စူဠန္တရ ဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၃–အာသဝဂေါ့ဌက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၁၄) အာသဝဒုက်အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတနတစ်ဆယ့် တစ်ပါးတို့သည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွား နေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်အားလုံး)။ အချို့သော ဓမ္မာယတနသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ် မိုက်မဲ

စေတတ်သော 'အာသဝ' မည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ မမည်ချေ (ကြွင်းသော စေတသိက် ၄၉–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၅) သာသဝဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟ တို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝ၏ အာရုံမဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၆) အာသဝသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့်ယှဉ်ကုန်၏ (ဒေါသမူ, မောဟမူဒွေးတို့ဌ်ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ဒေါသမူဒွေး, မောဟမူဒွေးတို့ဌ်ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၇) အာသဝ သာသဝဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်၊ (ပသာဒရုပ်ငါးပါး၊ အာရုံ ငါးပါး)။ မနာယတနကို အာသဝလည်းမည်၍ အာသဝ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောကီစိတ်)၊

ဒုက်မုတ်။ ။ အချို့သော မနာယတနကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ချေ (အာသဝ တရားကိုယ် ကြဉ်သော လောကီစိတ်ဌ်ရှိသော စေတသိက်၊ သုခုမရုပ် ၁၆–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟူ၍လည်း ကောင်း၊ အာသဝ၏အာရုံသာဖြစ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်ဌ် ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ–၁၄ ၇၂)

---

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဠာရုံ)။ မနာယတနကို အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် အာသဝနှင့်သာယှဉ်၍ အာသဝမမည်ချေ (အကုသိုလ်စိတ်များ)၊

ဒုက်မုတ်။ ။ အချို့သော မနာယတနကို အာသဝနှင့်သာယှဉ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ အချို့သော ဓမ္မာယတနသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ (လောဘမူစိတ်နှင့် ယှဉ်သော လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မာယတနသည် အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ချေ (အာသဝတရားကိုယ် ၃–ပါးကြဉ်သော အကုသိုလ်စိတ်၌ရှိသည့် စေတသိက် ၂၄–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်၏ ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အာသဝဝိပ္ပယုတ် တရား= ဒေါသမူဒွေး, မောဟမူဒွေးတို့၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၇၀, ၁၄၇၄)

---

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် အာသဝ နှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ် မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ (ဒေါသမူဒွေး, မောဟမူဒွေးတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆–ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (အာသဝသမ္မယုတ္တတရား= ဒေါသမူဒွေး, မောဟ မူဒွေးတို့၌ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ–၁၄၇၆)

(အာသဝဂေါစ္ဆက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၄–သညောဇနဂေါစ္ဆက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၂၀) သညောဇနဒုက်အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့ကိုဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်'မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည်

သံယောဇဉ်မည်၏ (သံယောဇဉ်တရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈–ပါးကြဉ်သော စေတသိက် ၄၄–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၁) သညောနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ် ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ် ၁၆–ပါး)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၂၂) သညောနေသမ္မယုတ္တဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့် ယှဉ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်ဌာန်ရှိသော မောဟကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာ ယတန) အာယတန နှစ်ပါးတို့သည် သံယောဇဉ်နှင့်မယှဉ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်ဌာန်ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၈၁၊ ၁၄၈၂)

---

(၂၃) သညောနေ သညောနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (လောကီ စိတ်များ)၊

ဒုက်မုတ်။ ။ အချို့သော မနာယတနကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏အာရုံလည်းဖြစ်၏ (သံယောဇဉ် တရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော လောကီစိတ်နှင့်ယှဉ်သော စေတသိက် ၄၄–ပါး၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်ဌာန်ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ–၁၄၈၄)

---

(၂၄) သညောဇနေ သညောဇနေသမ္မယုတ္တဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ မနာယတနကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (အကုသိုလ် စိတ်များ)၊

ဒုက်မုတ်။ ။ အချို့သော မနာယတနကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ အချို့သော ဓမ္မာယတနသည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်းယှဉ်၏ (ဥဒ္ဓစ္စသဟဂုတ် စိတ်၌ ရှိသော မောဟကြောင့်သည့် သံယောဇဉ်တရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မာယတနသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြောင့်သော အကုသိုလ်စိတ်၌ ယှဉ်သည့် စေတသိက်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့်ယှဉ်သော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၈၆)

---

(၂၅) သညောဇနေဝိပွယုတ္တသညောဇနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍သံယောဇဉ်၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်လည်းမယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြောင့်သည့် အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ–၁၄၈၈)

(သညောဇနေဂေါ့ဌက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၅–ဂန္ထဂေါ့ဌက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၂၆) ဂန္ထဒုက်အဖြေဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတနတစ်ဆယ့်တစ်ပါး တို့သည် (သတ္တဝါတို့ကို ဝန်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော

'ဂန္ဓ'မည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် ဂန္ဓမည်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ်ကြဉ်သော စေတသိက် ၄၉–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၇) ဂန္ဓနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဂန္ဓ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၂၈) ဂန္ဓသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓနှင့်ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ် များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓနှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး စိတ္တုပ္ပါဒ်များ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၉) ဂန္ဓဂန္ဓနိယဒုက်အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ဓ၏အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနကို ဂန္ဓလည်းမည်၍ ဂန္ဓ၏အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဂန္ဓ၏အာရုံသာဖြစ်၍ ဂန္ဓမမည်ချေ (လောကီစိတ်များ)၊

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် ဂန္ဓလည်းမည်၍ ဂန္ဓ၏အာရုံလည်းဖြစ်၏ (လောဘ, ဒေါသ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ဓ၏အာရုံသာဖြစ်၍ ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ်သုံးပါးကြဉ်သော လောကီစိတ်တို့၌ ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဂန္ဓလည်းမည်၍ ဂန္ဓ၏အာရုံလည်းဖြစ်၏ဟူ၍လည်းကောင်း၊ ဂန္ဓ၏ အာရုံသာ ဖြစ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ–၁၄၉၆)

---

(၃၀) ဂန္ဓ ဂန္ဓသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း, ဂန္ဓနှင့်သာ ယှဉ်၍

ဂန္ဓမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) သာ ယှဉ်၍ ဂန္ဓမမည်ချေ (လောဘမူ, ဒေါသမူစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ဟု မဆိုအပ်ချေ (မောဟမူဒွေး၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏီ–၁၄၉၈) အချို့သော ဓမ္မာယတနသည် ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်းယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ် ကြဉ်သည့် လောဘမူ ဒေါသမူ စိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့် သာ ယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့နှင့် ယှဉ်သော စေတသိက် များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၄၉၄၊ ၁၄၉၈)

---

(၃၁) ဂန္ဓဝိပ္ပယုတ္တဂန္ဓနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ဂန္ဓ၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါး၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟ မူဒွေးစိတ္တုပ္ပါဒ်၊ လောကီ, ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်လည်းမယှဉ်မူ၍ ဂန္ဓ၏အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဂန္ဓသမ္ပယုတ္တတရား= ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သော လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်)။ (ဏီ–၁၄၉၃, ၁၅၀၀)

(ဂန္ဓဂေါ့ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၆–ဩဃဂေါ့ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၃၂)–(၃၇)။ အာယတနတစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝန့်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ'မမည်ကုန်။ပ။[**]

၁။ ** ဩဃဂေါ္ဌကနှင့် ယောဂဂေါ္ဌက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါ္ဌကနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်၊ ထိုအာသဝဂေါ္ဌကအတိုင်း ချဲ့ယူပါလေ။

♣

(၇–ယောဂဂေါ္ဌက ဒုက် ၆–ခုအဖြေဝိသဇ္ဇနာ)

(၃၈)–(၄၃)။ အာယတနတစ်ဆယ့်တစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စေတတ်သော 'ယောဂ'မည်ကုန်။ပ။**

၁။ ** ဩဃဂေါ္ဌကနှင့် ယောဂဂေါ္ဌက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါ္ဌကနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်၊ ထိုအာသဝဂေါ္ဌကအတိုင်း ချဲ့ယူပါလေ။

♣

(၈–နီဝရဏဂေါ္ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၄၄) နီဝရဏဒုက်အဖြေဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး၊ မနာယတန) အာယတနတစ်ဆယ့်တစ်ပါး တို့သည် (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ'မည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် နီဝရဏမည်၏ (နီဝရဏတရားကိုယ် ၈–ပါး= လောဘ, ဒေါသ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ)၊ အချို့သော ဓမ္မာယတနသည် နီဝရဏမမည်ချေ (နီဝရဏတရားကိုယ်ကြဉ်သော စေတသိက် ၄၄–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄၅) နီဝရဏိယဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏ (ပသာဒရုပ် ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နီဝရဏ၏အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် နီဝရဏ၏အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၄၆) နီဝရဏသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄၇) နိဝရဏနိဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် နိဝရဏ၏ အာရုံသာ ဖြစ်၍ နိဝရဏ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ မနာယတနကို နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏမမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို နိဝရဏ၏အာရုံသာဖြစ်၍ နိဝရဏမမည်ဟု မဆိုအပ်ချေ

(လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် နိဝရဏလည်းမည်၍ နိဝရဏ၏ အာရုံလည်းဖြစ်၏ (နိဝရဏတရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မာယတနသည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ (နိဝရဏ တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက် ၄၄–ပါး၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ–၁၅၁၀)

---

(၄၈) နိဝရဏ နိဝရဏသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို နိဝရဏလည်း မည်၍ နိဝဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဠာရုံ)။ မနာယတနကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်အားလုံး)။ အချို့သော မနာယတနသည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ အချို့သော ဓမ္မာယတနသည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (နိဝရဏတရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မာယတနသည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ချေ (နိဝရဏတရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို နိဝရဏလည်းမည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဝရဏ ဝိပ္ပယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၁၂)

---

(၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် နိဝရဏ် နှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ

၏ အာရုံသာဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနာ ယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို နိဝရဏနှင့်မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဝရဏသမ္မယုတ္တဓမ္မ= အကုသိုလ်စိတ္တုပ္ပါဒ်)။ (ဏီ–၁၅၁၄)

(နိဝရဏဂေါစ္ဆက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၉–ပရာမာသဂေါစ္ဆက ဒုက် ၅–ခု အဖြေ ဝိသဇ္ဇနာ)

(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတနတစ်ဆယ့် တစ်ပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'မည်ကုန် (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၅၁) ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသ၏အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၅၂) ပရာမာသသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော မနာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး)၊ အချို့သော မနာယတနသည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသောစိတ် ၈၅–ပါး)။ အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် ယှဉ်၏ (ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ်၌ရှိသော စေတသိက် ၂၁–ပါး)၊ အချို့သော ဓမ္မာယတနသည် ပရာမာသနှင့် ဒိဋ္ဌိနှင့်) မယှဉ်ချေ (ကြွင်းသောစိတ် ၈၅–ပါးနှင့် ယှဉ်သောစေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ပရာမာသနှင့် ယှဉ်၏ဟူ၍ လည်းကောင်း, ပရာမာသနှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ–၁၅၂၀)

---

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို ပရာမာသလည်း မည်၍ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။မနာယတနကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောကီ စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်းဖြစ်၏ (ဒိဋ္ဌိ)၊ အချို့ သော ဓမ္မာယတနသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီ စိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်းဖြစ်၏ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ–၁၅၂၂)

---

(၅၄) ပရာမာသဝိပွယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာ မာသ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဟုတ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း, ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပရာမာသ, ပရာမာသသမ္ပယုတ္တဓမ္မ= ဒိဋ္ဌိ, ဒိဋ္ဌိဂတ သမ္ပယုတ်စိတ္တုပ္ပါဒ်)။ (ဏီ–၁၅၂၄)

(ပရာမာသဂေါစ္ဆက ဒုက် ၅–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၀–မဟန္တရဒုက် ၁၄–ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန် (အာရုံမပြုတတ်ချေ) (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနသည်

(စိတ်သည်) အာရုံပြုခြင်းသဘောရှိ၏ (အာရုံပြုတတ်၏)။ အချို့သော ဓမ္မာယတနသည် အာရုံပြုခြင်းသဘောရှိ၏ (အာရုံပြုတတ်၏) (စေတသိက်များ)၊ အချို့ သော ဓမ္မာယတနသည် အာရုံပြုခြင်းသဘောမရှိချေ (အာရုံမပြုတတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၅၆) စိတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ မနာယတနသည် စိတ်မည်၏၊ (ကြွင်းသော) အာယတန တစ်ဆယ့် တစ်ပါးတို့သည် စိတ်မမည်ကုန်။

---

(၅၇) စေတသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်အတူ ယှဉ်တွဲသော သဘော 'စေတသိက်'မမည်ကုန်။ အချို့သော ဓမ္မာယတနသည် စေတသိက်မည်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မာယတန သည် စေတသိက်မမည်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၅၈) စိတ္တသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် စိတ်နှင့်မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်ယှဉ်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်မယှဉ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ မနာယတနကို စိတ်နှင့်ယှဉ်၏ဟူ၍လည်းကောင်း စိတ်နှင့်မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဏီ–၁၅၃၂)

---

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် စိတ်နှင့် မရောနှောကုန် (စိတ်နှင့် မယှဉ်ကုန်)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်ရောနှော၏ (ယှဉ်၏) (စေတသိက်၅၂–ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်မရောနှောချေ (မယှဉ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ မနာယတနကို စိတ်နှင့်ရောနှော၏ (ယှဉ်၏)ဟူ၍လည်းကောင်း စိတ်နှင့်မရောနှော (မယှဉ်)ဟူ၍လည်းကောင်း မဆိုအပ်ချေ။ (ဏီ–၁၅၃၄)

---

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (အတွင်းအာယတန ခြောက်ပါးဖြစ်သော ရုပ်အာယတန

ငါးပါးနှင့် မနာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့် မဖြစ်ကုန် (ပသာဒရုပ်ငါးပါး၊ စိတ်)။ အချို့သော (အပြင်အာယတန ခြောက်ပါးဖြစ်သော ရုပ်အာယတနငါးပါးနှင့် ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် စိတ်ကြောင့်ဖြစ်ကုန်၏ (စေတသိက် ၅၂–ပါး၊ စိတ်ကြောင့်ဖြစ်သော ပဋ္ဌာရုံနှင့် သုခုမရုပ်များ)၊ အချို့သော (အပြင်ရုပ်အာယတန ငါးပါးနှင့် ဓမ္မာယတန) အာယတန ခြောက်ပါးတို့သည် စိတ်ကြောင့်

မဖြစ်ကုန် (စိတ္တဇရုပ်မှ တစ်ပါးသော တိဇပဋ္ဌာရုံ၊ စိတ်ကြောင့်မဖြစ်သည့် သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၃၅၊ ၁၅၃၆) (ဏီ–၁၅၄ ၇၊ ၁၅၄၈)

---

(၆၁) စိတ္တသဟဘုဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါးနှင့် မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်တကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂–ပါး၊ ဝိညတ်ဒွေး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်တကွမဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သော ကြွင်းသောသုခုမရုပ် ၁၄–ပါး၊ နိဗ္ဗာန်)။ (ဏီ–၁၅၃ ၇၊ ၁၅၃၈)

---

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်သို့အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂–ပါး၊ ဝိညတ်ဒွေး)၊ အချို့သော ဓမ္မာယတနသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သော သုခုမရုပ် ၁၄–ပါး၊ နိဗ္ဗာန်)။ (ဏီ–၁၅၃၉၊ ၁၅၄၀)

---

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတနတစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၄၁၊ ၁၅၄၂)

---

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့် လည်း တကွမဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွဖြစ်၏ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍စိတ်နှင့်လည်း တကွ မဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၄၃၊ ၁၅၄၄)

---

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် စိတ်နှင့်လည်း မနီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့ လည်း အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် စိတ်နှင့်လည်း နီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ဖြစ်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မာ ယတနသည် စိတ်နှင့်လည်း မနီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၄၅၊ ၁၅၄၆)

---

(၆၆) အဗ္ဗတ္တိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (စက္ခာယတန။ပ။ ကာယာယတန, မနာယတန) အာယတနခြောက်ပါးတို့သည် အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ စိတ်)၊ (ရူပါယတန။ပ။ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန) အာယတနခြောက်ပါးတို့ သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏ (အာရုံငါးပါး၊ စေတသိက် ၅၂–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၄ဂ, ၁၅၄ဓ)

---

(၆၇) ဥပါဒါဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဖောဋ္ဌဗ္ဗာယတနကြဉ်သော ရုပ်အာယတန) အာယတနကိုးပါး တို့သည် မဟာဘုတ်ကို မှီ၍ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ဖောဋ္ဌဗ္ဗာရုံကြဉ်သော အာရုံ ၄–ပါး)။ (ဖောဋ္ဌဗ္ဗာယတန, မနာယတန) အာယတနနှစ်ပါးတို့သည် မဟာဘုတ်ကို မှီ၍ မဖြစ်ကုန် (ဥပါဒါရုပ် မမည်ကုန်) (ပထဝီ, တေဇော, ဝါယော၊ စိတ်)။ အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍ ဖြစ်၏ (အာပေါကြဉ်သော သုခုမရုပ် ၁၅–ပါး)၊ အချို့သော ဓမ္မာယတနသည် မဟာဘုတ်ကို မှီ၍ မဖြစ်ချေ (အာပေါ၊ စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်)။ (ဏီ–၁၅၅၀)

---

(၆၈) ဥပါဒိဏ္ဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (စက္ခာယတန။ပ။ ကာယာယတန) အာယတနငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော တရားဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့ အာရုံပြုသည့်ကံကြောင့် ဖြစ်ကုန်၏) (ဥပါဒိဏ္ဏမည်ကုန်၏) (ကမ္မဇရုပ်ဖြစ်သော ပသာဒရုပ်ငါးပါး)။ သဒ္ဒါယတနသည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ချေ (တဏှာ ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်ချေ) (ကမ္မဇရုပ် မဟုတ်ချေ) (ဥပါဒိဏ္ဏမမည်ချေ)။ အချို့သော (ရူပါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတန) အာယတနခြောက်ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော တရား ဖြစ်ကုန်၏ (တဏှာဒိဋ္ဌိတို့ အာရုံပြုအပ်သည့် ကံကြောင့် ဖြစ်ကုန်၏)

(ဥပါဒိဏ္ဏမည်ကုန်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ပသာဒရုပ်ငါးပါးမှ ကြွင်းသောကမ္မဇရုပ်များ)၊ အချို့သော အာယတနခြောက်ပါး တို့သည် ကံကြောင့် မဖြစ်ကုန် (ဥပါဒိဏ္ဏမမည်ကုန်) (ကုသိုလ်, အကုသိုလ်, ကြိယာ, ဖိုလ်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်မှတစ်ပါးသော တိဇရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၅)

(မဟန္တရဒုက် ၁၄–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏)။

(၁၁–ဥပါဒါနဂေါစ္ဆက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတနတစ်ဆယ့်တစ်ပါး တို့သည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်'မမည်ကုန် (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော မမ္မာယတနသည် ဥပါဒါန်မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော မမ္မာယတနသည် ဥပါဒါန် မမည်ချေ (ကြွင်းသောစေတသိက် ၅၀၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၀) ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, မမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်၏အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, မမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၅, ၁၅၅၆)

---

(၇၁) ဥပါဒါနသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, မမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) ယှဉ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, မမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့်မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်မှ ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ မဆိုအပ် ကုန်၊ ရုပ်အာယတနဆယ်ပါးတို့သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ မနာယတနကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံသာဖြစ်၍ ဥပါဒါန်မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဥပါဒါန်၏အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်၏ဟူ၍လည်း ကောင်း၊ ဥပါဒါန်၏အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ–၁၅၆၀)

---

(၇၃) ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့် လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း, ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ မနာယတနကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ (စိတ်)။ အချို့သော မနာယတနသည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) သာ ယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘမူစိတ် ၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟု မဆိုအပ်ချေ (ဥပါဒါန ဝိပွယုတ္တစိတ်= လောဘမူစိတ်တို့မှတစ်ပါး ကြွင်းသောစိတ်များ)။ အချို့သော ဓမ္မာယတနသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္မယုတ် စိတ်၌ ရှိသော လောဘနှင့်ဒိဋ္ဌိ)၊ အချို့သော ဓမ္မာယတနသည် ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥပါဒါန်နှင့် မယှဉ်သော စိတ်တို့၌ ရှိသော စေတသိက်များ= လောဘမူစိတ်မှတစ်ပါး ကြွင်းသော စိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၆၂)

---

(၇၄) ဥပါဒါနဝိပွယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပွယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်မှတစ်ပါး ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဥပါဒါနသမ္မယုတ္တဓမ္မ= ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ ရှိသော လောဘကြဉ်သည့် လောဘမူ စိတ္တုပ္ပါဒ်)။ (ဏီ–၁၅၆၄)

(ဥပါဒါနဂေါစ္ဆက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၂–ကိလေသ ဂေါစ္ဆကဒုက် ၈–ခု အဖြေဝိသဇ္ဇနာ)

(၇၅) ကိလေသ ဂေါစ္ဆကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်အာယတနဆယ်ပါး, မနာယတန) အာယတန တစ်ဆယ့်တစ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက် တတ် ညစ်နွမ်းစေတတ်သော ကိလေသာ မမည်ကုန် (ပသာဒရုပ် ၅–ပါး၊ ပဋ္ဌာရုံ၊ စိတ်)။ အချို့သော ဓမ္မာယတနသည် ကိလေသာမည်၏ (ကိလေသာတရားကိုယ် ၁၀–ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ်၁၀–ပါးကြဉ်သော ကြွင်းသော စေတသိက် ၄၂–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၆) သံကိလေသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၇၇) သံကိလိဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာတို့နှင့် မယှဉ် ကုန်) (ပသာဒရုပ် ၅–ပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားဖြစ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်သော တရားမဟုတ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၈) ကိလေသသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ် စိတ္တုပ္ပါဒ်)၊ အချို့သော

(မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုပ်အာယတန ဆယ်ပါးတို့သည် ကိလေသာ၏ အာရုံ သာ ဖြစ်၍ ကိလေသာ မမည်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (လောကီစိတ်)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း, ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ–၁၅ ၇၄)

---

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာ လည်းမည်၍ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ဟူ၍လည်းကောင်း (ကိလေသာနှင့်သာ့ယှဉ်၏ဟူ၍လည်းကောင်း)၊ ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ မနာယတနကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ဟု (ကိလေသာနှင့် ယှဉ်၏ဟု) မဆိုအပ်ချေ။ အချို့သော မနာယတနသည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ချေ (အကုသိုလ်စိတ်)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏) (ကိလေသာဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သော အကုသိုလ် စိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေ အပ်၍ (ကိလေသာနှင့်သာ ယှဉ်၍) ကိလေသာ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အသံကိလိဋ္ဌဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅ ၇၆)

---

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေ သာနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်သာယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ မနာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနာယတနကို ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကိလေသဝိပွယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ (ဏီ–၁၅ ၇၈) အချို့သော ဓမ္မာယတနသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ ဆယ်ပါး)၊ အချို့သော ဓမ္မာယတနသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ တရားကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မာယတနကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကိလေသဝိပွယုတ္တဓမ္မ= ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅ ၇၈)

---

(၈၂) ကိလေသဝိပွယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ကုန်ဟူ၍လည်းကောင်း, ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ကိလေသသမ္ပယုတ္တဓမ္မ= အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ–၁၅၈၀)

(ကိလေသဂေါ့ဋ္ဌကဒုက် ၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏)။

(၁၃–ပိဋ္ဌိဒုက် ၁၈–ခု အဖြေဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ် သည် မပယ်အပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်၏ (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သောတရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့ကို (သောတာပတ္တိမဂ်မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အထက်မဂ်သုံးပါးတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, ဒေါသမူဒွေး, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့ကို အထက်မဂ်သုံးပါးတို့သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် (ဒဿနမည်သော) သောတာပတ္တိ မဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ် သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဝိစိကိစ္ဆာ သဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ဝိစိကိစ္ဆာစိတ်ဌိုရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် (ဘာဝနာမည်သော) အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အထက်မဂ် သုံးပါးတို့သည်ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူဒွေးစိတ္တုပ္ပါဒ်, မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါး တို့သည်

အထက်မဂ် သုံးပါးတို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ ဥဒ္ဓစ္စသဟဂတ်စိတ်၌ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (သဝိတက္ကစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိတက္ကစိတ် ၅၅–ပါး၌ရှိသော ဝိတက် ၅၅–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၉၀)

---

(၈၈) သဝိစာရဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ဝိစာရရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (ဝိစာရကြဉ်သော သဝိစာရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝိစာရမရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သဝိစာရစိတ် ၆၆–ပါး၌ရှိသော ဝိစာရ ၆၆–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၉၂)

---

(၈၉) သပ္ပီတိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၈–ပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ် ကုန်၏) (သပ္ပီတိကစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သပ္ပီတိက စိတ် ၅၁–ပါး၌ရှိသော ပီတိ ၅၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၉၄)

---

(၉၀) ပီတိသဟဂတဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်)။ (သပ္ပီတိကဒုက်ကြည့်) (ဏီ–၁၅၉၆)

---

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ကုန်) (ပသာဒရုပ် ၈–ပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ

ဖြစ်ကုန်၏ (သုခဝေဒနာနှင့်ယှဉ်ကုန်၏)၊ (သုခသဟဂုတ်စိတ် ၆၃–ပါးနှင့် ၄င်းခ္ခ်ရှိသော သုခဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် သုခ ဝေဒနာနှင့်တကွ မဖြစ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခသဟဂုတ်စိတ်ခ္ခ်ရှိသော သုခဝေဒနာ ၆၃–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၅၉၈)

---

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့်မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ

၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏)၊ (ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါးနှင့် ၄င်းခ္ခ်ရှိသော ဥပေက္ခာ ဝေဒနာကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါး တို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန် (ဥပေက္ခာဝေဒနာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ် များ၊ ဥပေက္ခာသဟဂုတ်စိတ်ခ္ခ်ရှိသော ဥပေက္ခာဝေဒနာ ၅၅–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၆၀၀)

---

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံခ္ခ် သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရား ဖြစ်ကုန်၏ (ကာမာဝစရမည်၏) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ'တရား ဖြစ်ကုန်၏ (ကာမစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ကာမာဝစရ'တရား မဟုတ်ကုန် (မဟဂ္ဂုတ်, လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၉၄) ရူပါဝစရဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံခ္ခ် သက်ဝင်ခ္ခ်ဖြစ်သော) 'ရူပါဝစရ'တရား မဟုတ်ကုန် (ရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'တရားဖြစ်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'ရူပါဝစရ'တရားမဟုတ်ကုန် (ကာမ, အရူပ, လောကုတ္တရာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၅) အရူပါဝစရဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'တရား မဟုတ်ကုန် (အရူပါဝစရ မမည်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန

နှစ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'တရား ဖြစ်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော 'အရူပါဝစရ'တရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၆) ပရိယာပန္နဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္နဲ'တရားဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတန နှစ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္နဲ'တရားဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် (ကာမ, ရူပ, အရူပ) ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင်သော 'အပရိယာပန္နဲ'တရား ဖြစ်ကုန်၏ (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏီ–၁၆၀၈)

---

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား မဟုတ်ကုန် (ပသာဒရုပ် ငါးပါး၊ ပဋ္ဌာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေ တတ်သော 'နိယျာနိက'တရားဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ်များ)။ (ဏီ–၁၆၀၉) အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ် သော 'နိယျာနိက'တရား မဟုတ်ကုန် (ကြွင်းသောစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၆၁၀)

---

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတန ဆယ်ပါးတို့သည် အကျိုးပေးမမြဲသော[1] 'အနိယတ'တရားမည်၏ (ဖောက်ပြန်သော သဘောရှိ၍ စုတိ၏အခြားမဲ့၌ (အပါယ်ဝရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားလည်း မဟုတ်ချေ) (နိယတတရားမဟုတ်ချေ) (ပသာဒရုပ် ၅ပါး၊ အာရုံ ၅–ပါး)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုးပေးမြဲသော 'နိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိက်၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် သတ္တမဇော စိတ္တုပ္ပါဒ်နှင့် ပဋ္ဌာနန္တရိယက်ကို ကျူးလွန်သည့် ဒေါသမူဒွေးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် အကျိုးပေးမမြဲသော 'အနိယတ'တရား ဖြစ်ကုန်၏ (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ "အကျိုးပေး မမြဲသော'ဟု ဆိုရာ၌ မည့်သည့်အခါ၌ အကျိုးပေးသည်ကို သေသေချာချာ မသိနိုင်။ မူလဋ္ဌီကာ ၁၊ နှာ–၄၅။

♣

(၉၉) သဉ္ဇာရဒုက် အဖြေဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် မိမိထက် လွန်မြတ်သောတရား ရှိသည့် 'သဉ္ဇာရ'တရား ဖြစ်ကုန်၏ (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသော 'သဉ္ဇာရ'တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သောတရား မရှိသည့် 'အနုဇ္ဇာရ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၀၀) သရဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။ ရုပ်အာယတနဆယ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသောကိလေသာ) ရှိသော 'သရဏ'တရား မဟုတ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ပသာဒရုပ်ငါးပါး၊ ပဠာရုံ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'တရား ဖြစ်ကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော (မနာယတန, ဓမ္မာယတန) အာယတနနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'တရား ဖြစ်ကုန်၏ (ကိလေသာနှင့် မယှဉ်ကုန်) (အကုသိုလ် စိတ္တုပ္ပါဒ်တို့ ကြဉ် ကြင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ–၁၆၁၅, ၁၆၁၆)

(ပိဋ္ဌိဒုက် ၁၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(အာယတန ၁၂–ပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဠာဝုစ္ဆက'နည်း ပြီး၏။)

အာယတန ၁၂–ပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဠာဝုစ္ဆက'နည်း ပြီး၏။

အာယတန ၁၂–ပါးတို့ကို ဝေဖန်၍ ဟောကြားသည့် 'အာယတနဝိဘင်း'ပြီးပြီ။

အာယတနဝိဘင်္ဂေါ်နိဋ္ဌိတော။

၃–ဓာတုဝိဘင်္ဂ

(မိမိ၏ သဘောကို ဆောင်ထားမှု 'ဓာတ်'တို့ကို ဝေဖန်၍ပြသော ဓာတုဝိဘင်း)

၁–သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

ဓာတ် ၆–ပါး

၁၇၂။ ဓာတ်ခြောက်ပါးတို့ကား–

(၁) မြေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် တည်ရာ 'ပတိဋ္ဌာန'သဘော (ခက်မာမှု 'ကက္ခဋ'သဘော) ဖြစ်သော မြေဓာတ် 'ပထဝီဓာတ်'။

(၂) ရေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ဖွဲ့စည်းမှု 'အာဗန္ဓန'သဘော, ယိုစီးမှု 'ပဋ္ဌရဏ'သဘောဖြစ်သော ရေဓာတ် 'အာပေါဓာတ်'။

(၃) မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန'သဘော ဖြစ်သော မီးဓာတ် 'တေဇောဓာတ်'။

(၄) လေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ထောက်ကန်လှုပ်ရှားမှုသဘော ဖြစ်သော လေဓာတ် 'ဝါယောဓာတ်'။

(၅) ရေးခြစ်၍မရအပ် မတွေ့ထိအပ်သောသဘော (ရုပ်တစ်ခုနှင့်တစ်ခု ပိုင်းခြားမှု ဟင်းလင်းသဘော) ဖြစ်သော 'အာကာသဓာတ်'။

(၆) သိမှုသဘော 'ဝိညာဏဓာတ်' (စိတ်) တို့တည်း။

၁–ပထဝီဓာတ်

ပထဝီဓာတ် ၂–ပါး ၁၇၃။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် မြေဟူသော ဝေါဟာရပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် တည်ရာ 'ပတိဋ္ဌာန'သဘော (ခက်မာမှုသဘော) ဖြစ်သော မြေဓာတ် 'ပထဝီဓာတ်' မည်သနည်း။

ဤပထဝီဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တပထဝီဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗဟိဒ္ဓပထဝီဓာတ်'သည် ရှိ၏။ (ဏီ၊ ပဒ–၉၆၇)

(က) အဇ္ဈတ္တပထဝီဓာတ်။ ။ ထိုပထဝီဓာတ် နှစ်ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ဖြစ်သော 'အဇ္ဈတ္တပထဝီဓာတ်' မည်သနည်း။

အကြင်ပထဝီဓာတ်သည် အတွင်းသန္တာန်၌ ဖြစ်၏ 'အဇ္ဈတ္တं'၊ ကိုယ်ကို စွဲ၍ ဖြစ်၏ 'ပစ္စတ္တं'[1]၊ (အတွင်းသန္တာန်၌ဖြစ်သော, ကိုယ်ကိုစွဲ၍ဖြစ်သော ယင်းပထဝီဓာတ်သည်) ခက်မာ၏ 'ကက္ခဋ'၊ (အတွေ့) ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည်၏အဖြစ် 'ကက္ခဋတ္တ'၊ ခက်မာသောသဘော 'ကက္ခဋဘာဝ'၊ အတွင်း သန္တာန်၌ဖြစ်၏ 'အဇ္ဈတ္တं'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏं'။

အဇ္ဈတ္တပထဝီဓာတ် ၁၉–ပါး[2]။ ။ ဤအဇ္ဈတ္တပထဝီဓာတ်ဟူသည် အဘယ်အရာတို့နည်း။ ဆံပင် 'ကေသာ'၊ အမွေး 'လောမာ'၊ ခြေသည်း, လက်သည်း 'နခါ'၊ သွား 'ဒန္တာ'၊ အရေ 'တစော'။ အသား 'မံသं'၊ အကြော 'နှာရု'၊ အရိုး 'အဋ္ဌိ'၊ ရိုးတွင်းခြင်ဆီ 'အဋ္ဌိမိဉ္ဇं'၊ အညှို့ (ကျောက်ကပ်)[3] 'ဝက္ကं'။ နှလုံး 'ဟဒယं'၊ အသည်း 'ယကန်'၊ အမှေး 'ကိလောမကံ'၊ အဖျဉ်း (သရက်ရွက်)[4] ပိဟကံ၊ အဆုပ် 'ပပ္ဖါသं'။ အူမ 'အန္တं'၊ အူသိမ် 'အန္တဂုဏံ'၊ အစာသစ် 'ဥဒရိယं'၊ အစာဟောင်း (ကျင်ကြီး) 'ကရီသं'၊ (ဤသည်တို့ တည်း)။ (ထိုပြဆိုခဲ့ပြီးသော ပထဝီဓာတ် ၁၉–ပါးတို့မှ)

တပါးလည်းဖြစ်သော အကြင်ပထဝီဓာတ်သည် ရှိသေး၏။ အတွင်းသန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ ခက်မာ၏ 'ကက္ခဋ'၊ (အတွေ့) ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည်၏အဖြစ် 'ကက္ခဋတ္တ'၊ ခက်မာသောသဘော 'ကက္ခဋဘာဝ'၊ အတွင်း သန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏံ'။ ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တပထဝီဓာတ်'ဟုဆိုအပ်၏။

၁။ ပစ္စတ္တ= (ပဋိ= စွဲ၍+အတ္တ= ကိုယ်) ကိုယ်ကိုစွဲ၍ဖြစ်၏။

၂။ ဝိဘင်းအဘိဓမ္မာပါဠိတော် ဓာတုဝိဘင်း၊ သတိပဋ္ဌာနဝိဘင်းတို့၌ ပထဝီဓာတ် ၁၉-ခုသာ ပြထားသည်။ အဋ္ဌကထာ ဆရာကမူ- မတ္ထလုဂ်ံကို ပါဠိတော်များ၌ ထည့်ပေးရမည်ဟု ဆိုထားခဲ့သည်၊ ပဋိသမ္ဘိဒါမဂ် စာမျက်နှာ ၈-၌ မတ္ထလုဂ်ံကို ဟောခဲ့သည်၊ ထို့ကြောင့် မတ္ထလုဂ်ံပဉ္စက ဟောရာ၌ ပဋိသမ္ဘိဒါမဂ်မှ ယူ၍ ထည့်ပေးရမည်ဟု မှာထားခဲ့သည် (သမ္မောဟဝိနောဒနီ၊ ၌၊ နှာ-၂၁၄) (ရှေးဆရာတော်ကြီးများမူ၌ 'မတ္ထလုဂ်ံ'ဟု တွေ့ရသည်) ဝိဘင်းမူလဋီကာ အရှင်အာနန္ဒာမထေရ်ကမူ- အဋ္ဌမိဠုပုဒ်၌ မတ္ထလုဂ်ံကို သွင်းယူထားပြီး ဖြစ်သောကြောင့် အဗ္ဗတ္တပထဝီဓာတ်ကို ၁၉-ခုသာ ပြရခြင်း ဖြစ်သည်ဟု ဆိုထားသည်။ (ဝိဘင်းမူလ ဋီကာ၊ နှာ-၄၂)

၃။ ကျောက်ကပ်= ခိဒနယေ

၄။ သရက်ရွက်= ဆပလနေ

♣

(ခ) ဗာဟိရပထဝီဓာတ်။ ။ ထိုပထဝီဓာတ်နှစ်မျိုးတို့တွင် အဘယ်သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရပထဝီဓာတ်' မည်သနည်း။

အကြင်ပထဝီဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရ'၊ ခက်မာ၏ 'ကက္ခဋ'၊ (အတွေ့) ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည်၏အဖြစ် 'ကက္ခဋတ္တ'၊ ခက်မာသောသဘော 'ကက္ခဋဘာဝ'၊ အပသန္တာန်၌ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကို စွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဗာဟိရပထဝီဓာတ်ဟူသည် အဘယ်တို့နည်း။ သံ 'အယ'၊ ကြေး 'လောဟ'၊ ခဲဖြူ (သလွဲဖြူ, သလွဲစင်, ခဲမဖြူ, ဘင်) 'တိပု'၊ ခဲမည်း (သလွဲမဲ, ခဲမပုပ်, နာ) 'သီသ'၊ ငွေ 'သဗ္ဗ'၊ ပုလဲ 'မုတ္တာ'၊ ပတ္တမြား 'မဏိ'၊ ဝါးအဆင်းအရောင်ရှိသော ကြောင်မျက်ရွဲ (မြ) 'ဝေဠုရိယ'၊ ခရုသင်း 'သင်္ခ'၊ ကျောက် (ကျောက်သလင်း) 'သိလာ'၊ သန္တာကျောက် 'ပဝါဠ'၊ ငွေအသပြာ 'ရဇတ'၊ ရွှေ 'ဇာတရူပ'၊ ပတ္တမြားနီ 'လောဟိတင်္ဂ'၊ ပတ္တမြားပြောက် 'မသာရဂလ္ဂ'၊ မြက် 'တိဏ'၊ သစ်သား 'ကဋ္ဌ'၊ ကျောက်စရစ် 'သက္ခရ'၊ မြေ 'ဘူမိ'၊ ကျောက် 'ပါသာဏ'၊ တောင် 'ပဗ္ဗတ'၊ (ဤသည်တို့တည်း)။ (ထိုပြဆိုခဲ့ပြီးသည့် ဗဟိဒ္ဓပထဝီဓာတ်တို့မှ) တစ်ပါးလည်းဖြစ်သော အကြင်ပထဝီဓာတ်သည် ရှိသေး၏၊ အပသန္တာန်၌ဖြစ်၏ 'ဗာဟိရ'၊ ခက်မာ၏ 'ကက္ခဋ'၊ (အတွေ့) ကြမ်း၏ 'ခရိဂတ'၊ ခက်မာသည်၏ အဖြစ် 'ကက္ခဋတ္တ'၊ ခက်မာသောသဘော 'ကက္ခဋဘာဝ'၊ အပသန္တာန်၌ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသောအရာကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရပထဝီဓာတ်'ဟု ဆိုအပ်၏။ အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တပထဝီဓာတ်'သည်လည်းကောင်း, အကြင် အပသန္တာန်၌ ဖြစ်သော

'ဗာဟိရပထဝီဓာတ်'သည်လည်းကောင်း ရှိ၏၊ ထိုပထဝီဓာတ်ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို ပထဝီဓာတ်ဟု ဆိုအပ်၏။

၂-အာပေါဓာတ်

အာပေါဓာတ် ၂-ပါး ၁၇၄။ ထိုဓာတ် ၆-ပါးတို့တွင် အဘယ်သည် ရေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ဖွဲ့စည်းမှု 'အာဗန္ဓန', ယိုစီးမှု 'ပဋ္ဌရဏ'သဘောဖြစ်သော ရေဓာတ် 'အာပေါဓာတ်'မည် သနည်း။

အာပေါဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တအာပေါဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရအာပေါဓာတ်'သည် ရှိ၏။

(က) အဗ္ဗတ္တအာပေါဓာတ်။ ။ ထိုအာပေါဓာတ်၂-ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တအာပေါဓာတ်' မည်သနည်း။ (ဏီ။ ပဒ-၉၆၇) အကြင် အာပေါဓာတ်သည် အတွင်းသန္တာန်၌ ဖြစ်၏ 'အဗ္ဗတ္တံ'၊ ကိုယ်ကို စွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ (အတွင်းသန္တာန်၌ ဖြစ်သော ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော ယင်းအာပေါဓာတ်သည်) အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘောသို့ ရောက်၏ 'အာပေါဂတ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏အဖြစ်သို့ ရောက်၏ 'သိနေဟဂတ'၊ ရုပ်ကို ဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၏ 'ဥပါဒိဏ္ဏ'။ (ဏီ။ ပဒ-၇၂၆)

အဗ္ဗတ္တအာပေါဓာတ် ၁၂-ပါး။ ။ ဤအဗ္ဗတ္တအာပေါဓာတ်ဟူသည် အဘယ်အရာတို့နည်း။ သည်းခြေ 'ပိတ္တံ'[1]၊ သလိပ် 'သေမှံ'၊ ပြည် 'ပုဗ္ဗော'၊ သွေး 'လောဟိတံ'၊ ချွေး 'သေဒေါ'၊ အဆီခဲ 'မေဒေါ'၊ မျက်ရည် 'အဿု'၊ ဆီကြည် 'ဝသာ'[2]၊ တံတွေး 'ခေဠော'၊ နှပ် 'သိဃာဏိကာ'၊ အစေး 'လသိကာ'[3]၊ ကျင်ငယ် 'မုတ္တံ'၊ (ဤသည်တို့တည်း)။ (ထိုပြဆိုခဲ့ပြီးသော အဗ္ဗတ္တအာပေါဓာတ် ၁၂-ပါး တို့မှ) တစ်ပါးလည်းဖြစ်သော အကြင် အာပေါဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ကိုယ်ကို စွဲ၍ဖြစ်၏ 'ပစ္စတ္တံ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘောသို့ရောက်၏ 'အာပေါဂတ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏ အဖြစ်သို့ ရောက်၏ 'သိနေဟဂတ'၊ ရုပ်ကို ဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တအာပေါဓာတ်'ဟု ဆိုအပ်၏။

၁။ အဗဒ္ဓသည်းခြေ= တစ်ကိုယ်လုံး ပျံ့နှံ့နေသော သွေးနှင့်ရှိသော အဝါရည်။ ဗဒ္ဓသည်းခြေ= အိမ်ဖြင့် ဖွဲ့သိုထားရှိသော ဝါဖန့်ဖန့်, စိမ်းဖန့်ဖန့်ရည် (ခါးသောအရသာ ရှိ၏)။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၆၁၊ ၂၃၂။

၂။ လက်ဆီ၊ ခြေဆီထွက်သည့် အဆီကြည်မျိုးကို ဆိုလိုသည်။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၆၃။

၃။ အရိုး ၂-ခု ဆက်သည့်နေရာ၌ ရှိသော အစေး။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၆၄။

♣

(ခ) **ဗာဟိရအာပေါဓာတ်။** ။ ထိုအာပေါဓာတ်နှစ်ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ဖြစ်သော 'ဗာဟိရအာပေါဓာတ်' မည်သနည်း။

အကြင် အာပေါဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရံ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘော သို့ ရောက်၏ 'အာပေါဂတ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏အဖြစ်သို့ရောက်၏ 'သိနေဟဂတ'၊ ရုပ်ကို ဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တ'၊ အပသန္တာန်၌ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဗာဟိရအာပေါဓာတ်ဟူသည် အဘယ်အရာတို့နည်း။ အမြစ်ရည် 'မူလရသ'၊ ပင်စည်ရည် 'ခန္ဓရသ'၊ အခေါက်ရည် 'တစရသ'၊ အရွက်ရည် 'ပတ္တရသ'၊ အပွင့်ရည် 'ပုပ္ဖရသ'၊ အသီးရည် 'ဖလရသ'၊ နို့ရည် 'ခီရ'၊ နို့ခမ်း (နို့ချဉ်) 'ဒဓိ'၊ ထောပတ် 'သပ္ပိ'၊ ဆီဥ 'နဝနီတ'၊ ဆီ 'တေလ'၊ ပျားရည် 'မဓု'၊ တင်လဲ 'ဖာဏိတ'၊ မြေ၌တည်သော ရေတို့သည် လည်းကောင်း၊ ကောင်းကင်၌ တည်သော ရေတို့သည်လည်းကောင်း ရှိကုန်၏၊ (ဤသည်တို့တည်း)။ (ဤပြဆိုခဲ့ပြီးသော ဗာဟိရအာပေါဓာတ်တို့မှ) တစ်ပါးလည်းဖြစ်သော အကြင်အာပေါဓာတ်သည် ရှိသေး၏၊ အပသန္တာန်၌ဖြစ်၏ 'ဗာဟိရ'၊ အရည်ဖြစ်၏ 'အာပေါ'၊ အရည်သဘောသို့ရောက်၏ 'အာပေါဂတ'၊ အစေးဖြစ်၏ 'သိနေဟ'၊ အစေး၏အဖြစ်သို့ရောက်၏ 'သိနေဟဂတ'၊ ရုပ်ကိုဖွဲ့စည်း၏ 'ရူပဗန္ဓနတ္တ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရအာပေါဓာတ်'ဟု ဆိုအပ်၏။ အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗျတ္တအာပေါဓာတ်'သည်လည်းကောင်း, အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာပေါဓာတ်'သည်လည်းကောင်း ရှိ၏၊ ထိုအာပေါဓာတ်ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို အာပေါဓာတ်ဟု ဆိုအပ်၏။

၃–တေဇောဓာတ်

တေဇောဓာတ် ၂–ပါး ၁၇၅။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်မှတ်သားအပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန'သဘောဖြစ်သော မီးဓာတ် 'တေဇောဓာတ်' မည်သနည်း။

ဤတေဇောဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗျတ္တတေဇောဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရတေဇောဓာတ်'သည် ရှိ၏။ (ဏီ၊ ပ၁–၉၆၉)

(က) **အဗ္ဗျတ္တတေဇောဓာတ်။** ။ ထိုတေဇောဓာတ် ၂–ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗျတ္တတေဇောဓာတ်' မည်သနည်း။

အကြင် မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်သတ်မှတ်အပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန'သဘော ဖြစ်သော မီးဓာတ်သဘော 'တေဇောဓာတ်'သည် အတွင်းသန္တာန်၌ ဖြစ်၏

'အ၎တ္တံ'၊ ကိုယ်ကို စွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ (အတွင်းသန္တာန်၌ဖြစ်သော, ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်သော ယင်းတေဇောဓာတ်သည်) လောင်ကျွမ်းရင့်ကျက်စေခြင်း သဘော ဖြစ်၏ 'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောသို့ ရောက်၏ 'တေဇောဂတ'၊ အပူဒွေ့ဖြစ်၏ 'ဥသ္မာ'[1]၊ အပူဒွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ပြင်းထန် ကြမ်းတမ်းသော အပူဒွေ့ ဖြစ်၏ 'ဥသုမ'၊ ပြင်းထန် ကြမ်းတမ်းသော အပူဒွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အ၎တ္တံ'၊ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏ'။ ဤအ၎တ္တတေဇောဓာတ်ဟူသည် အဘယ်အရာတို့နည်း။ အကြင်တေဇောဓာတ်ဖြင့်လည်း ပူလောင်၏ 'သန္တပ္ပတိ' (သန္တပ္ပနတေဇော)[2]၊ အကြင်တေဇောဓာတ်ဖြင့်လည်း ဆွေးမြေ့ရင့်ရော်၏ 'ဇိရီယတိ' (ဇိရဏတေဇော)[3]၊ အကြင်တေဇောဓာတ်ဖြင့်လည်း လောင်ကျွမ်း၏ 'ပရိဍယှတိ' (ဒဟတေဇော)[4]၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော[5] အစာသည် အကြင်တေဇောဓာတ်ဖြင့်လည်း ကောင်းစွာကြေခြင်းသို့ ရောက်၏ 'ပရိဏာမံ ဂစ္ဆတိ' (ပါစကတေဇော) (ဤသည်တို့တည်း)။ (ဤပြဆိုခဲ့ပြီးသော 'အ၎တ္တတေဇောဓာတ်တို့မှ) တစ်ပါးလည်းဖြစ်သော အကြင်တေဇောဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ဖြစ်၏ 'အ၎တ္တံ'၊ ကိုယ်ကို စွဲ၍ဖြစ်၏ 'ပစ္စတ္တံ'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘော ဖြစ်၏ 'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေသောသဘောသို့ရောက်၏ 'တေဇောဂတ'၊ အပူဒွေ့ဖြစ်၏ 'ဥသ္မာ'၊ အပူဒွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ကြမ်းတမ်းပြင်းထန်သော အပူဒွေ့ဖြစ်၏ 'ဥသုမ'၊ ကြမ်းတမ်း ပြင်းထန်သော အပူဒွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အတွင်းသန္တာန်၌ဖြစ်၏ 'အ၎တ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်၏ 'ဥပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ ဖြစ်သော 'အ၎တ္တတေဇောဓာတ်'ဟု ဆိုအပ်၏။

၁။ ဥသ္မာတေဇောနှင့် ပါစကတေဇောတို့သည် ကမ္မဇရုပ် ဖြစ်သည်။ ဥသ္မာတေဇောသည် မျှတသောကိုယ်ဒွေ့အပူဓာတ် ဖြစ်သည်၊ ယင်းဖောက်ပြန်သောအခါ ဥသုမ, သန္တပ္ပန, ဒဟတေဇော အဆင့်ဆင့် ဖြစ်ပေါ်လေသည်။

၂။ သန္တပ္ပနတေဇော= တစ်ရက်ခြား, နှစ်ရက်ခြားစသည် အပူတက်၍ ဖျားနာစေသော အပူဓာတ် (တက်ဖျား–ကျဖျား)။

၃။ ဇိရဏတေဇော= ဆံပင်ဖြူစေခြင်း, အရေတွန့်ခြင်း, အိုမင်းရင့်ရော်ခြင်းကို ဖြစ်စေသော အပူဓာတ်။

၄။ ဒဟတေဇော= ကယောင်ကတမ်း မြည်တမ်းကာ မူးမေ့လောက်အောင် ဖြစ်စေသော ပြင်းထန်သော အပူဓာတ်။

၅။ အသိတ= စားအပ်သော။ ပီတ= သောက်အပ်သော။ သာယိတ= လျက်အပ်သော။ ခါယိတ= ခဲအပ် (ကိုက်စားအပ်) သော။

♣

(ခ) ဗာဟိရတေဇောဓာတ်။ ။ ထိုတေဇောဓာတ် နှစ်ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ဖြစ်သော 'ဗာဟိရတေဇောဓာတ်' မည်သနည်း။

အကြင် တေဇောဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရံ'၊ လောင်ကျွမ်းရင့်ကျက်စေသောသဘော ဖြစ်၏ 'တေဇော'၊ လောင်ကျွမ်းရင့်ကျက်စေသော သဘောသို့ရောက်၏ 'တေဇောဂတ'၊ အပူငွေ့ဖြစ်၏ 'ဥသ္မာ'[1]၊ အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့ ဖြစ်၏ 'ဥသုမ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကို စွဲ၍မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဗာဟိရတေဇောဓာတ်ဟူသည် အဘယ်အရာတို့နည်း။ ထင်းမီး 'ကဋ္ဌဂ္ဂိ'၊ ကောက်ရိုးမီး 'ပလာလဂ္ဂိ'၊ မြက်မီး 'တိဏဂ္ဂိ'၊ နွားချေးမီး 'ဂေါမယဂ္ဂိ'၊ ဖွဲမီး 'ထုသဂ္ဂိ'၊ အမှိုက်မီး 'သင်္ကာရဂ္ဂိ'၊ မိုးကြိုးလောင်မီး 'ဝိဇ္ဇုဂ္ဂိ'၊ မီးလျှံမီးကျီးခဲအပူ 'အဂ္ဂိသန္တာပ'၊ နေပူ 'သူရိယသန္တာပ'၊ ထင်းပုံ၌ဖြစ်သောအပူ 'ကဋ္ဌသန္နိစယသန္တာပ'၊ မြက်ပုံ၌ဖြစ်သော အပူ 'တိဏသန္နိစယ သန္တာပ'၊ စပါးပုံ၌ဖြစ်သောအပူ (စပါးငွေ့) 'ဓညသန္နိစယသန္တာပ'၊ ဥစ္စာပုံ၌ဖြစ်သော အပူ 'ဘဏ္ဍသန္နိစယ သန္တာပ'၊ (ဤသည်တို့တည်း။) (ဤပြဆိုခဲ့ပြီးသော တေဇောဓာတ်မှ) တစ်ပါးလည်းဖြစ်သော အကြင်တေဇောဓာတ်သည် ရှိသေး၏၊ အပသန္တာန်၌ဖြစ်၏ 'ဗာဟိရံ'၊ လောင်ကျွမ်းရင့်ကျက်စေခြင်းသဘောဖြစ်၏ 'တေဇော'၊ လောင်ကျွမ်း ရင့်ကျက်စေခြင်း သဘောအဖြစ်သို့ ရောက်၏ 'တေဇောဂတ'၊ အပူငွေ့ဖြစ်၏ 'ဥသ္မာ'၊ အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသ္မာဂတ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့ဖြစ်၏ 'ဥသုမ'၊ ပြင်းထန်ကြမ်းတမ်းသော အပူငွေ့အဖြစ်သို့ ရောက်၏ 'ဥသုမဂတ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရတေဇောဓာတ်'ဟု ဆိုအပ်၏။ အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗျတ္တတေဇောဓာတ်'သည်လည်းကောင်း, အကြင်အပသန္တာန်၌ဖြစ်သော 'ဗာဟိရတေဇောဓာတ်'သည်လည်းကောင်း ရှိ၏၊ ထိုတေဇောဓာတ်ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို မီးဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ် သတ်မှတ်အပ်သည့် ရင့်ကျက်စေမှု 'ပရိပါစန'သဘောဖြစ်သော မီးဓာတ် 'တေဇောဓာတ်'ဟု ဆိုအပ်၏။

---

[1]။ ဥသ္မာတေဇောနှင့် ပါစကတေဇောတို့သည် ကမ္မဇရုပ် ဖြစ်သည်။ ဥသ္မာတေဇောသည် မျှတသော ကိုယ်ငွေ့အပူဓာတ် ဖြစ်သည်၊ ယင်းဖောက်ပြန်သောအခါ ဥသုမ, သန္တပွန, ဒဟတေဇော အဆင့်ဆင့် ဖြစ်ပေါ်လေသည်။

၄–ဝါယောဓာတ်

ဝါယောဓာတ် ၂–ပါး ၁၇ဖ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် လေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်သတ်မှတ်အပ်သည့် ထောက်ကန်လှုပ်ရှားခြင်းသဘောဖြစ်သော လေဓာတ် 'ဝါယော ဓာတ်' မည်သနည်း။

ဤဝါယောဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗျတ္တဝါယောဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်'သည် ရှိ၏။

(က) အဗ္ဗျတ္တဝါယောဓာတ်။ ။ ထိုဝါယောဓာတ် ၂–ပါးတို့တွင် အဘယ်သည် အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗျတ္တဝါယောဓာတ်' မည်သနည်း။

အကြင် ဝါယောဓာတ်သည် အတွင်းသန္တာန်ဖြစ်၏ 'အဒ္ဓတ္တံ၊ ကိုယ်ကိုစွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ (အတွင်း သန္တာန်၌ဖြစ်သော, ခန္ဓာကိုယ်ကိုစွဲ၍ဖြစ်သော ဝါယောဓာတ်သည်) လူပ်ရှားမှုသဘော ဖြစ်၏ 'ဝါယော'၊ လူပ်ရှားမှုသဘော သို့ရောက်၏ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်းသဘော ဖြစ်၏ 'ရူပထမ္ဘိတတ္တံ၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဒ္ဓတ္တံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏာ'။

အဒ္ဓတ္တဝါယောဓာတ် ၁၀–ပါး[1]။ ။ ဤအဒ္ဓတ္တဝါယောဓာတ်ဟူသည် အဘယ်အရာတို့နည်း။ အထက်သို့ ဆန်သောလေ 'ဥဒ္ဓင်္ဂမဝါတ'၊ အောက်သို့စုန်သောလေ 'အဓောဂမဝါတ'၊ ဝမ်း၌ တည်သော လေ 'ကုစ္ဆိသယဝါတ'၊ အူ၌ တည်သောလေ 'ကောဋ္ဌာသယဝါတ'၊ ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက် သော လေ 'အင်္ဂမင်္ဂါနုသာရီဝါတ'၊ ဓားငယ်ကဲ့သို့ ဖြတ်တတ်သောလေ (ပါးရွဲ့ခြင်း ခြေတစ်ဖက် သေသွား ခြင်းတည်းဟူသော ကိုယ်လက်အင်္ဂါစသည်တို့ ရွဲ့စောင်းသွားအောင် မလှုပ်နိုင်အောင် ဖြတ်သောလေ) 'သတ္ထကဝါတ'၊ သင်တုန်းဓားကဲ့သို့ နှလုံးသားကိုခွဲသောလေ (လေသင်တုန်း) 'ခုရကဝါတ'၊ နှလုံးသားကို ဆွဲထုတ်သောလေ 'ဥပ္ပလကဝါတ'၊ ဝင်သက်လေ 'အဿာသ'၊ ထွက်သက်လေ 'ပဿာသ'၊ ဤသည်တို့ တည်း။ (ဤပြဆိုခဲ့ပြီးသော ဝါယောဓာတ် ၁၀–ပါးတို့မှ) တစ်ပါးလည်းဖြစ်သော အကြင်ဝါယောဓာတ်သည် လည်း ရှိသေး၏။ အတွင်းသန္တာန်၌ဖြစ်၏ 'အဒ္ဓတ္တံ၊ ကိုယ်ကို စွဲ၍ ဖြစ်၏ 'ပစ္စတ္တံ'၊ လူပ်ရှားမှုသဘော ဖြစ်၏ 'ဝါယော'၊ လူပ်ရှားမှုသဘောသို့ ရောက်၏ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်းသဘောဖြစ်၏ 'ရူပထမ္ဘိတတ္တံ၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဒ္ဓတ္တံ'၊ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏာ'။ ဤဆိုခဲ့ပြီးသောသဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဒ္ဓတ္တဝါယောဓာတ်'ဟု ဆိုအပ်၏။

၁။ ကောဋ္ဌာသ ၄၂–ပါးရေတွက်ရာ၌ အဒ္ဓတ္တဝါယော ၆–မျိုးသာ ရှိသည်။ သတ္ထကဝါတ, ခုရကဝါတ, ဥပ္ပလကဝါတ၊ ဤ ၃–ပါး မပါချေ။ ထို့ပြင် အဿာသ, ပဿာသတို့ကို ပေါင်း၍ ၁–ပါးဟု ရေတွက်သည်။

♣

(ခ) ဗာဟိရဝါယောဓာတ်။ ။ ထိုဝါယောဓာတ် ၂–ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်' မည်သနည်း။

အကြင် ဝါယောဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရံ'၊ လူပ်ရှားမှုသဘောဖြစ်၏ 'ဝါယော'၊ လူပ်ရှားမှု သဘောသို့ ရောက်၏ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်းသဘောဖြစ်၏ 'ရူပထမ္ဘိတတ္တံ၊ အပ သန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏာ'။ ဤဗာဟိရဝါယောဓာတ်ဟူသည် အဘယ်အရာတို့နည်း။ အရှေ့လေ 'ပုရတ္ထိမဝါတ'၊ အနောက်လေ 'ပစ္ဆိမဝါတ'၊ မြောက်လေ 'ဥတ္တရဝါတ'၊ တောင်လေ 'ဒက္ခိဏဝါတ'၊ မြူပါသောလေ 'သရဇဝါတ'၊ မြူမပါသောလေ 'အရဇဝါတ'၊ လေအေး 'သီတဝါတ'၊ လေပူ 'ဥဏှဝါတ'၊ လေညှင်း 'ပရိတ္တဝါတ'၊ လေပြင်း (လေကြမ်း) 'အဓိမတ္တဝါတ'၊ လေမည်း (လေမုန်တိုင်း) 'ကာဠဝါတ'၊ (ယူဇနာအထက်) ကောင်းကင်၌ တိုက်ခတ်နေသည့် အလွန်ထက်မြက်သော လေကြမ်း 'ဝေရမ္ဘဝါတ'[2]၊ အတောင်ခတ်လေ 'ပက္ခဝါတ'[3]၊ ဂဠုံတောင်ခတ်လေ 'သုပဏ္ဏဝါတ'၊ ထမ်းရွက်ယပ်လေ 'တာလဝဏ္ဏဝါတ'၊ နှီးယပ်လေ 'ဝိဓူပနဝါတ'၊ (ဤသည်တို့တည်း)။ (ဤပြဆိုခဲ့ပြီးသော ဗာဟိရဝါယောဓာတ် ၁၀–ပါးတို့မှ) တစ်ပါးလည်းဖြစ်သော အကြင် ဝါယော ဓာတ်သည်လည်း

ရှိသေး၏။ အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရံ'၊ ထောက်ကန်လုပ်ရှားမှုသဘောဖြစ်၏ 'ဝါယော'၊ ထောက်ကန် လုပ်ရှားမှုသဘောသို့ ရောက်၏ 'ဝါယောဂတ'၊ ရုပ်ကို တွန်းကန်ခြင်းသဘော ဖြစ်၏ 'ရူပထမ္ဘိတတ္တ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗာဟိရ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏ'။ ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရဝါယောဓာတ်'ဟု ဆိုအပ်၏။ အကြင်အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တဝါယောဓာတ်'သည်လည်းကောင်း, အကြင်အပသန္တာန်၌ ဖြစ်သော 'ဗာဟိရဝါယောဓာတ်'သည်လည်းကောင်း ရှိ၏၊ ထိုဝါယောဓာတ်ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို ဝါယောဓာတ်ဟု ဆိုအပ်၏။

၁။ ဝေရမ္ဘလေ= ကောင်းကင်မှကြည့်လျှင် ကျွန်းကြီးလေးကျွန်းကို ကြာရွက်အရွယ်မျှလောက်သာ မြင်ရသည့် အရပ်၏ အထက်၌ တိုက်ခတ်နေသော လေကြမ်း (နိဒါနဝဂ္ဂသံယုတ်၊ ဝေရမ္ဘသုတ်၊ နာ–၄၂၈။ သံ၊ ၆၊ ၂၊ နာ–၁၉၂)။
၂။ ပျံသန်းသည့် ယင်, ၄က် စသောသတ္တဝါတို့ အတောင်ခတ်သောအခါ လုပ်ရှားသောလေ။

♣

၅–အာကာသဓာတ်

အာကာသဓာတ် ၂–ပါး ၁၇၇။ ထိုဓာတ် ၆–ပါးတို့တွင် အာဘယ်သည် ရေးခြစ်၍ မရအပ် မတွေ့ထိအပ်သော သဘော (ရုပ်တစ်ခုနှင့်တစ်ခု ပိုင်းခြားမှု ဟင်းလင်းသဘော) 'အာကာသဓာတ်' မည်သနည်း။

ဤအာကာသဓာတ်သည် နှစ်ပါးတို့တည်း၊ အတွင်းသန္တာန်၌ဖြစ်သော 'အဗ္ဗတ္တအာကာသဓာတ်'သည် ရှိ၏၊ အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာကာသဓာတ်'သည် ရှိ၏။

(က) အဗ္ဗတ္တအာကာသဓာတ်။ ။ ထိုအာကာသဓာတ်နှစ်ပါးတို့တွင် အာဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္တအာကာသဓာတ်' မည်သနည်း။

အကြင် အာကာသဓာတ်သည် အတွင်းသန္တာန်၌ဖြစ်၏ 'အဗ္ဗတ္တံ'၊ ကိုယ်ကို စွဲ၍ဖြစ်၏ 'ပစ္စတ္တံ'၊ (အတွင်းသန္တာန်၌ဖြစ်သော ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်သော အာကာသဓာတ်သည်) ရေးခြစ်၍ မရအပ်, မထိ အပ်သော သဘော (ကောင်းကင်) ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍ မရအပ်, မတွေ့ထိအပ်သော (ကောင်းကင်) သဘောသို့ ရောက်၏ (အာကာသဂတ)၊ ထိခိုက်၍မရသော (တွေ့ထိ၍မရသော) သဘောရှိ၏ 'အဃ'၊ ထိခိုက်၍မရသော သဘောအဖြစ်သို့ ရောက်၏ 'အဃဂတ'၊ ဟင်းလင်းပေါက်ဖြစ်၏ 'ဝိဝရ'၊ ဟင်းလင်းပေါက်အဖြစ်သို့ရောက်၏ 'ဝိဝရဂတ'၊ အသား အသွေးတို့နှင့် တွေ့ထိ၍ မရသောသဘော (ဟင်းလင်းပြင်) ဖြစ်၏ 'အသမ ဖုဋ္ဌမံသလောဟိတ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဗ္ဗတ္တ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏ'။ ဤအဗ္ဗတ္တအာကာသဓာတ်ဟူသည် အာဘယ်အရာတို့နည်း။ နားပေါက် 'ကဏ္ဏစ္ဆိဒ္ဒ'၊ နှာခေါင်းပေါက် 'နာသစ္ဆိဒ္ဒ'၊ ခံတွင်းပေါက် 'မုခဒ္ဒါရ'၊ အကြင်ခံတွင်းပေါက်ဖြင့် လည်း

စားအပ်သောအစာ, သောက်အပ်သောအစာ, ခဲအပ်သောအစာ, လျက်အပ်သောအစာကို မျိုး၏ (မျိုသွင်းသော လည်ပင်းပေါက်)၊ အကြင်အရပ်၌လည်း စားအပ်သောအစာ, သောက်အပ်သောအစာ, ခဲအပ်သောအစာ, လျက်အပ်သောအစာသည် တည်၏ (ဝမ်းခေါင်းပေါက် အစာအိမ်)၊ အကြင် ဒွါရပေါက်ဖြင့် လည်း စားအပ်သော အစာ, သောက်အပ်သောအစာ, ခဲအပ်သောအစာ, လျက်အပ်သောအစာသည် အောက် အဖို့သို့ ထွက်၏ (ကျင်ကြီးကျင်ငယ် ထွက်ရာအပေါက်များ)။ (ဤဆိုခဲ့ပြီးသော အဋ္ဌတ္ထအာကာသဓာတ်တို့မှ) တစ်ပါးလည်းဖြစ်သော အကြင် အဋ္ဌတ္ထအာကာသဓာတ်သည် ရှိသေး၏၊ အတွင်းသန္တာန်၌ဖြစ်၏ 'အဋ္ဌတ္ထံ'၊ ကိုယ်ကိုစွဲ၍ဖြစ်၏ 'ပစ္စတ္တံ'၊ ရေးခြစ်၍ မရအပ်သော သဘော (ကောင်းကင်ပြင်) ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍မရအပ်သော သဘောသို့ ရောက်၏ 'အာကာသဂတ'၊ ထိခိုက်၍ မရသောသဘော (တွေ့ထိ၍မရသောသဘော) ဖြစ်၏ 'အဃ'၊ ထိခိုက်၍ မရသောသဘောအဖြစ်သို့ ရောက်၏ 'အဃဂတ'၊ ဟင်းလင်းပေါက်ဖြစ်၏ 'ဝိဝရ'၊ ဟင်းလင်း ပေါက်အဖြစ်သို့ရောက်၏ 'ဝိဝရဂတ'၊ အသားအသွေးတို့နှင့် တွေ့ထိ၍မရသော သဘော (ဟင်းလင်းပြင်) ဖြစ်၏ 'မံသလောဟိတအသမ ,ုဋ္ဌ'၊ အတွင်းသန္တာန်၌ ဖြစ်၏ 'အဋ္ဌတ္ထံ'၊ ခန္ဓာကိုယ်ကိုစွဲ၍ ဖြစ်၏ 'ဥပါဒိဏ္ဏာ'။ ဤဆိုခဲ့ပြီးသော သဘောကို အတွင်းသန္တာန်၌ဖြစ်သော 'အဋ္ဌတ္ထအာကာသဓာတ်'ဟု ဆိုအပ်၏။

(ခ) ဗာဟိရ အာကာသဓာတ်။ ။ ထိုအာကာသဓာတ် ၂–ပါးတို့တွင် အဘယ်သည် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာကာသဓာတ်' မည်သနည်း။

အကြင်အာကာသဓာတ်သည် အပသန္တာန်၌ဖြစ်၏ 'ဗာဟိရ'၊ ရေးခြစ်၍ မရအပ်သောသဘော (ကောင်းကင်ပြင်) ဖြစ်၏ 'အာကာသ'၊ ရေးခြစ်၍ မရအပ်သော သဘောသို့ ရောက်၏ 'အာကာသဂတ'၊ ထိခိုက်၍ မရသော (တွေ့ထိ၍မရသော) သဘောဖြစ်၏ 'အဃ'၊ ထိခိုက်၍မရသော သဘောအဖြစ်သို့ ရောက်၏ 'အဃဂတ'၊ ဟင်းလင်း ပေါက်ဖြစ်၏ 'ဝိဝရ'၊ ဟင်းလင်းပေါက်အဖြစ်သို့ ရောက်၏ 'ဝိဝရဂတ'၊ မဟာဘုတ်လေးပါးတို့နှင့် တွေ့ထိ၍ မရသော သဘောဖြစ်၏ 'စတုမဟာဘူတအသမ ,ုဋ္ဌ'၊ အပသန္တာန်၌ ဖြစ်၏ 'ဗဟိဒ္ဓ'၊ ခန္ဓာကိုယ်ကိုစွဲ၍ မဖြစ် 'အနုပါဒိဏ္ဏာ'။ ဤဆိုခဲ့ပြီးသော သဘောကို အပသန္တာန်၌ဖြစ်သော 'ဗာဟိရ အာကာသဓာတ်'ဟု ဆိုအပ်၏။ အကြင် အတွင်းသန္တာန်၌ဖြစ်သော 'အဋ္ဌတ္ထအာကာသဓာတ်'သည်လည်းကောင်း, အကြင် အပသန္တာန်၌ ဖြစ်သော 'ဗာဟိရအာကာသဓာတ်'သည်လည်းကောင်း ရှိ၏၊ ထိုအာကာသဓာတ်ကို တစ်ပေါင်းတည်း ပြု၍ရုံးစု၍ အကျဉ်းချုံး၍ ပြသော ဤဆိုခဲ့ပြီးသော သဘောကို အာကာသဓာတ်ဟု ဆိုအပ်၏။

၆–ဝိညာဏဓာတ်

ဝိညာဏဓာတ် ၆–ပါး ၁၇၈။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် သိမှုသဘော 'ဝိညာဏဓာတ်' မည်သနည်း။

မြင်သိစိတ်သဘာဝ 'စက္ခုဝိညာဏဓာတ်'၊ ကြားသိစိတ်သဘာဝ 'သောတဝိညာဏဓာတ်'၊ နံသိစိတ် သဘာဝ 'ঘာနဝိညာဏဓာတ်'၊ လျက်သိစိတ်သဘာဝ 'ဇိဝှါဝိညာဏဓာတ်'၊ ထိသိစိတ်သဘာဝ 'ကာယ ဝိညာဏဓာတ်'၊ ကြံသိစိတ်သဘာဝ 'မနောဝိညာဏဓာတ်'၊ (ဤသည်တို့တည်း)။ ဤဆိုခဲ့ပြီးသောသဘောကို သိမှုသဘော 'ဝိညာဏဓာတ်'ဟု ဆိုအပ်၏။ ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်း။

တစ်နည်း ဓာတ် ၆–ပါး

၁၇၉။ ထိုမှတစ်ပါးလည်း (တစ်နည်းအားဖြင့်ဆိုသော်) ဓာတ်ခြောက်ပါးတို့ကား ချမ်းသာမှုသဘော 'သုခဓာတ်'၊ ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်'၊ ဝမ်းမြောက်မှုသဘော 'သောမနဿဓာတ်'၊ နှလုံးမသာမှု သဘော 'ဒေါမနဿဓာတ်'၊ လျစ်လျူရှုမှု (အလယ်အလတ်ခံစားမှု) သဘော 'ဥပေက္ခာဓာတ်'၊ အမှန်ကို မသိမှုသဘော 'အဝိဇ္ဇာဓာတ်'တို့တည်း။

---

(၁) **သုခဓာတ်** ၁၈၀။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ချမ်းသာမှုသဘော 'သုခဓာတ်'မည် သနည်း။

အကြင် ကိုယ်၌ ဖြစ်သော သာယာမှု 'ကာယိကသာတ'၊ ကိုယ်၌ ဖြစ်သော ချမ်းသာမှု 'ကာယိက သုခ'၊ ကိုယ်၌တွေ့ထိမှုကြောင့်ဖြစ်သော သာယာမှု 'ကာယသမ္ဖဿဇာသာတ'၊ ကိုယ်၌တွေ့ထိမှုကြောင့် ဖြစ်သော ချမ်းသာ ခံစားမှု 'ကာယသမ္ဖဿဇာသုခဝေဒနာ'သည် ရှိ၏။ ကိုယ်၌တွေ့ထိမှုကြောင့်ဖြစ်သော သာယာခြင်း 'ကာယသမ္ဖဿဇာသာတ'၊ ကိုယ်၌တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာသော ခံစားခြင်း 'ကာယသမ္ဖဿဇာ သုခဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ချမ်းသာမှုသဘော 'သုခဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၄၄၅)

(၂) **ဒုက္ခဓာတ်။** ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်' မည်သနည်း။

အကြင်ကိုယ်၌ဖြစ်သော မသာယာမှု 'ကာယိက အသာတ'၊ ကိုယ်၌ဖြစ်သော ဆင်းရဲမှု 'ကာယိက ဒုက္ခ'၊ ကိုယ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု 'ကာယသမ္ဖဿဇာ အသာတ'၊ ကိုယ်၌ တွေ့ထိမှု ကြောင့် ဖြစ်သော ဆင်းရဲခံစားမှု 'ကာယသမ္ဖဿဇာ ဒုက္ခဝေဒနာ'သည် ရှိ၏။ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာခြင်း 'ကာယသမ္ဖဿဇာ အသာတ'၊ ကိုယ်၌တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲ ခံစားခြင်း 'ကာယသမ္ဖဿဇာ ဒုက္ခဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ဆင်းရဲမှုသဘော 'ဒုက္ခဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၅၅၉)

(၃) **သောမနဿဓာတ်။** ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် ဝမ်းမြောက်မှု (စိတ်ချမ်းသာမှု, စိတ်နှလုံးသာယာမှု) သဘော 'သောမနဿဓာတ်' မည်သနည်း။

အကြင် စိတ်၌ဖြစ်သော သာယာမှု 'စေတသိက သာတ'၊ စိတ်၌ဖြစ်သော ချမ်းသာမှု 'စေတသိက သုခ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော သာယာမှု 'စေတောသမ္ဖဿဇာ သာတ'၊

စိတ်၌ တွေ့ထိမှုကြောင့် ဖြစ်သော ချမ်းသာခံစားမှု 'စေတောသမ္ဓသဏာ သုခဝေဒနာ'သည် ရှိ၏။ စိတ်၌ တွေ့ထိမှုကြောင့် ဖြစ်သော သာယာခြင်း 'စေတောသမ္ဓသဏာ သာတ'၊ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော ချမ်းသာခံစားခြင်း 'စေတော သမ္ဓသဏာ သုခဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ဝမ်းမြောက်မှု (စိတ်ချမ်းသာမှု, စိတ်နှလုံးသာယာမှု) သဘော 'သောမနဿဓာတ်'ဟု ဆိုအပ်၏။

---

(၄) ဒေါမနဿဓာတ်။ ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် နှလုံးမသာယာမှု (စိတ်မချမ်းသာမှု) သဘော 'ဒေါမနဿဓာတ်' မည်သနည်း။

အကြင်စိတ်၌ဖြစ်သော (စိတ်၌မှီ၍ဖြစ်သော) မသာယာမှု 'စေတသိက အသာတ'၊ စိတ်၌ဖြစ်သော ဆင်းရဲမှု 'စေတသိကဒုက္ခ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု 'စေတောသမ္ဓသဏာ အသာတ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲခံစားမှု 'စေတောသမ္ဓသဏာ ဒုက္ခဝေဒနာ'သည် ရှိ၏။ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော မသာယာမှု 'စေတောသမ္ဓသဏာ အသာတ'၊ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲခံစားခြင်း 'စေတောသမ္ဓသဏာ ဒုက္ခဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသောသဘောကို စိတ်နှလုံးမသာယာမှုသဘော 'ဒေါမနဿဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၄၁၅၊ ၄၁၇)

(၅) ဥပေက္ခာဓာတ်။ ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် လျစ်လျူရှုမှု (အလယ်အလတ်ခံစားမှု) သဘော 'ဥပေက္ခာဓာတ်' မည်သနည်း။

အကြင်စိတ်၌ဖြစ်သော သာယာခြင်းလည်းမဟုတ် မသာယာခြင်းလည်း မဟုတ်သောခံစားမှု 'စေတသိကနေဝသာတနာသာတ'၊ စိတ်၌တွေ့ထိမှုကြောင့်ဖြစ်သော (စိတ်နှင့်ယှဉ်သော အတွေ့ကြောင့် ဖြစ်သော) ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှု 'အဒုက္ခမသုခဝေဒနာ'၊ စိတ်၌ တွေ့ထိမှုကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှု 'အဒုက္ခမသုခ ဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသောသဘောကို လျစ်လျူရှုမှုသဘော 'ဥပေက္ခာဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၄၃၃)

(၆) အဝိဇ္ဇာဓာတ်။ ။ ထိုဓာတ် ၆–ပါးတို့တွင် အဘယ်သည် (အမှန်ကို) မသိမှုသဘော 'အဝိဇ္ဇာဓာတ်' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ (အမှန်တရားကို) မမြင်ခြင်းသဘော 'အဒဿန'၊ (ရှေ့ရှု တွေ့မြင်ရောက်ရှိနေသည့် အမှန်တရားကိုပင်) ထိုးထွင်း၍ မသိတတ်သော သဘော 'အနဘိသမယ'၊ (အမှန်တရားအား) လျော်စွာ မသိတတ်သောသဘော 'အနနုဗောဓ'၊ (အနိစ္စစသည်ဖြင့်) မသိတတ်သော သဘော (မှားယွင်းစွာ သိတတ်သောသဘော) 'အသမ္မောဓ'၊ (သစ္စာလေးပါးအမှန်တရားကို) ထိုးထွင်း၍ မသိခြင်းသဘော 'အပ္ပဋိဝေဓ'၊ (အနိစ္စစသည်ဖြင့်) မယူတတ်သောသဘော 'အသံဂါဟဏ'၊ (အမှန် တရားကို) သက်ဝင်၍ မယူတတ်သောသဘော (အနိစ္စစသည်ဖြင့် သက်ဝင်၍ မထင်မြင်နိုင်သော သဘော) 'အပရိယောဂါဟန'၊ ညီညီညွတ်ညွတ်မရှုတတ်သော (အနိစ္စစသည်ကို နိစ္စစသည်ဟု မညီမညွတ်ရှုတတ် သော) သဘော 'အသမပေက္ခန'၊ (အမှန်သဘောကို သုံးသပ်၍ မရှုတတ်) မဆင်ခြင်တတ်သော သဘော 'အပစ္စဝေက္ခဏ'[1]၊ (အမှန်တရားကို) မျက်မှောက်မပြုတတ်သော သဘော (အကောင်းအဆိုးကို

မဝေခွဲတတ် သောသဘော) 'အပစ္စက္ခကမ္မ'၊ (စိတ်၏) ဖြူစင်သန့်ရှင်းမှုကို ဖျက်ဆီးကြောင်း သဘော 'ဒုမ္မေဓ'၊ လူမိုက်ဖြစ်ကြောင်းသဘော 'ဗာလ'၊ ကောင်းစွာအပြားအားဖြင့် (ခွဲခွဲခြားခြား) မသိတတ်သော သဘော 'အသမ္ဗဇ္ဇ'၊ (အမှန်တရားခ်ိ) တွေဝေခြင်းသဘော 'မောဟ'၊ ပြင်းစွာ တွေဝေခြင်းသဘော 'ပမောဟ'၊ ထက်ဝန်းကျင် (တရားအားလုံးခ်ိ) တွေဝေခြင်းသဘော 'သမ္မောဟ'၊ သိအပ်သည်ကို မသိခြင်း (သစ္စာ လေးပါးကို မသိခြင်း) သဘော 'အဝိဇ္ဇာ'၊ (ဝဋ်ဆင်းရဲခ်ိ) နစ်မြုပ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇောဃ'[၂]၊ (ဝဋ်ဆင်းရဲခ်ိ) တွယ်ကပ်ပူးယှဉ်စေတတ်သော မသိမှုသဘော 'အဝိဇ္ဇာယောဂ'၊ အစဉ် ကိန်းဝပ်တတ်သော မသိမှုသဘော 'အဝိဇ္ဇာနုသယ'၊ မသိမှု 'အဝိဇ္ဇာ'တို့ ထကြွသောင်းကျန်း နှိပ်စက်ခြင်း သဘော 'အဝိဇ္ဇာပရိယုဋ္ဌာန'၊ (စီးပွါးချမ်းသာသို့ မရောက်နိုင်အောင် ပိတ်ပင်တတ်သဖြင့်) တံခါးကျည် (မင်းတုတ်) နှင့် တူသော မသိမှုသဘော 'အဝိဇ္ဇာလဂိ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟအကုသလမူလ'သည် (ရှိ၏)။ ဤဆိုခဲ့ပြီးသော သဘောကို (အမှန်ကို) မသိမှုသဘော 'အဝိဇ္ဇာဓာတ်'ဟု ဆိုအပ်၏။ ဤသည်တို့ကား ဓာတ်ခြောက်ပါးတို့တည်း။

၁။ ပစ္စဝေက္ခဏာ= (ပတိ+အဝ+က္ခကွဏာ) (ပတိ= တစ်ဖန်, စွဲ၍, ရှေ့ရှု။ အဝ= သက်ဝင်၍။ က္ခကွဏာ= ရှုခြင်း)။
၂။ သြဃ= (သြ= ဖြ၍။ ဃ= သတ်ခြင်း) နစ်မြုပ်စေသည်။

♣

တစ်နည်း ဓာတ်–၆–ပါး

၁၈၁။ ထိုမှတစ်ပါးလည်း (တစ်နည်းအားဖြင့်ဆိုသော်) ဓာတ်ခြောက်ပါးတို့ကား (၁) ကာမဂုဏ် ငါးပါးတို့၌ လိုချင်တပ်မက်မှုသဘော 'ကာမဓာတ်'၊ (၂) ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်'၊ (၃) နှိပ်စက် ညှဉ်းဆဲလိုမှုသဘော 'ဝိဟိံသဓာတ်'၊ (၄) ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်'၊ (၅) မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်' (မေတ္တာ)၊ (၆) မနှိပ်စက် မညှင်းဆဲလိုမှု သဘော 'အဝိဟိံသဓာတ်' (ကရုဏာ) တို့တည်း။[၁]

၁။ အကုသလဝိတက် ၃–ပါး (မိစ္ဆာသင်္ကပ္ပ) နှင့် ကုသလဝိတက် ၃–ပါး (သမ္မာသင်္ကပ္ပ) ပင်ဖြစ်သည်။ အကုသလဝိတက် ၃–ပါး = (၁) ကာမဓာတ်= ကာမဝိတက်၊ (၂) ဗျာပါဒဓာတ်= ဗျာပါဒဝိတက်၊ (၃) ဝိဟိံသဓာတ်= ဝိဟိံသဝိတက်။ ကုသလ ဝိတက်၃–ပါး= (၄) နေက္ခမ္မဓာတ်= နေက္ခမ္မဝိတက်၊ (၅) အဗျာပါဒဓာတ်= အဗျာပါဒဝိတက်၊ (၆) အဝိဟိံသဓာတ်= အဝိဟိံသ ဝိတက်။

♣

(၁) ကာမဓာတ် ၁၈၂။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ကာမဂုဏ်ငါးပါးတို့၌ လိုချင်မှု သဘော 'ကာမဓာတ်' မည်သနည်း။

ကာမဂုဏ်ငါးပါးတို့နှင့်စပ်သော ကြီစည်မှု 'တက္ကာ'၊ အထူးကြီစည်မှု 'ဝိတက္ကာ'၊ ပြင်းစွာကြီစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ မြဲမြဲစွာ ရောက်စေမှု 'အပ္ပနာ'၊ အာရုံသို့ မြဲမြဲစွာ အထူးရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ ရှေးရှုတင်ပေးမှု 'စေတသောအဘိနိရောပနာ'၊ မှားယွင်းစွာကြီစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို ကာမဂုဏ်ငါးပါးတို့၌ လိုချင်မှုသဘော 'ကာမဓာတ်' (ကာမဝိတက်)ဟု ဆိုအပ်၏။ အောက်အဖို့အားဖြင့် အဝီစိငရဲကို ပိုင်းခြားအဆုံးပြုထား၍ (အဝီစိငရဲကိုအောက်ဆုံးထား၍) အထက်အဖို့အားဖြင့် ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို အတွင်းပြု၍ (ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို အထက်ဆုံးထား၍) ဤ (အောက်ဆုံး အထက်ဆုံး ဘုံ ၂ခုနှင့်တကွ ယင်းဘုံ ၂-ခု) အတွင်းဘုံတို့၌ ကျင်လည် သက်ဝင်၍ ဖြစ်တတ်သော, ဤဘုံတို့၌ အကျုံးဝင်သော အကြင်ခန္ဓာ, အာယတန, ဓာတ် သည် ရှိ၏၊ ရုပ်၊ ခံစားမှု 'ဝေဒနာ'၊ မှတ်သားမှု 'သညာ'၊ ပြုပြင်မှု 'သင်္ခါရ'၊ အထူးသိမှု (စိတ်) 'ဝိညာဏ်'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော တရားတို့ကို ကာမဓာတ်ဟု ဆိုအပ်၏ (ကာမ ၁၁-ဘုံ၌ ကျင်လည်သက်ဝင်သော ခန္ဓာ ၅-ပါး, အာယတန, ဓာတ်အားလုံးသည် ကာမဓာတ် ဖြစ်သည်)။ (ဏီ၊ ပဒ-၁၂၈၇)

(၂) ဗျာပါဒဓာတ်။ ။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်' မည်သနည်း။

ပျက်စီးစေလိုမှုနှင့်စပ်သော ကြီစည်မှု 'တက္ကာ'၊ အထူးကြီစည်မှု 'ဝိတက္ကာ'။ပ။ မှားယွင်းစွာ ကြီစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏၊ ဤဆိုခဲ့ပြီးသော သဘောကို ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်' (ဗျာပါဒဝိတတ်)ဟု ဆိုအပ်၏။ တစ်နည်းကား (တစ်နည်းအားဖြင့်ဆိုသော်) ရန်ငြိုးဖွဲ့ခြင်းအကြောင်း (ဒေါသဖြစ်ကြောင်း)[1] ဆယ်ပါးတို့ကြောင့် စိတ်၏ ရန်ငြိုးဖွဲ့မှု (အမျက်ထွက်မှု, စိတ်ကို ပျက်စီးစေမှု, ညှင်းဆဲမှု) 'အာဃာတ'၊ လွန်စွာ ရန်ငြိုးဖွဲ့မှု 'ပဋ္ဌိဃာတ'၊ (အာရုံ၌) ထိပါးမှု (မုန်းထားမှု) 'ပဋ္ဌိဃ'၊ လွန်စွာဆန့်ကျင်မှု 'ပဋ္ဌိဝိရောဓ'၊ စိတ်ဆိုးခြင်း (အမျက်ထွက်ခြင်း) 'ကောပ'၊ လွန်စွာစိတ်ဆိုးခြင်း (လွန်စွာအမျက်ထွက်ခြင်း) 'ပကောပ'၊ အလွန်ပြင်းစွာ စိတ်ဆိုးခြင်း (အလွန်ပြင်းစွာ အမျက်ထွက်ခြင်း) 'သမ္မကောပ'၊ ဖျက်ဆီးပြစ်မှားခြင်း 'ဒေါသ'၊ လွန်စွာဖျက်ဆီးပြစ်မှားခြင်း 'ပဒေါသ'၊ အလွန်ပြင်းစွာ ဖျက်ဆီးပြစ်မှားခြင်း 'သမ္မဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်း 'စိတ္တသဗျာပတ္တိ'၊ စိတ်၏ ပျက်စီးခြင်းသဘော 'မနောပဒေါသ'၊ အမျက်ထွက်ခြင်း 'ကောဓ'၊ အမျက်ထွက်ပုံအခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သူ၏ အဖြစ် 'ကုဇ္ဈိတတ္တ'၊ ဖျက်ဆီး ပြစ်မှားခြင်းသဘော 'ဒေါသ'၊ ဖျက်ဆီးပြစ်မှားပုံအခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးပြစ်မှားတတ်သူ၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ပျက်စီးခြင်းသဘော 'ဗျာပတ္တိ'[2]၊ ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သူ၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'[3]၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ လွန်စွာဆန့်ကျင်မှု 'ပဋ္ဌိဝိရောဓ'၊ ကြမ်းတမ်းသူ၏အဖြစ် (ကြမ်းတမ်းမှု) 'စဏ္ဍိက္ကာ'၊ ကောင်းမွန်ပြည့်စုံစွာ မပြောဆိုနိုင်ခြင်း (မကောင်းသဖြင့် ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏ မိမိပကတိစိတ် မဟုတ်သည်၏အဖြစ် (စိတ်တိုင်း မကျသည်၏အဖြစ်, ဝမ်းမြောက်ခြင်း မရှိသည်၏ အဖြစ်) 'အနတ္တမနတာ စိတ္တသ'သည် (ရှိ၏)။ ရန်ငြိုးဖွဲ့ကြောင်း= ဒေါသဖြစ်ကြောင်း ၁၀-ပါး ဤဆိုခဲ့ပြီးသော သဘောကို ပျက်စီးစေလိုမှုသဘော 'ဗျာပါဒဓာတ်'ဟု ဆိုအပ်၏ (ဒေါသ)။ (ဏီ၊ ပဒ-၁၂၃၇)

(၃) ဝိဟိံသဓာတ်။ ။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် နှိပ်စက်ညှဉ်းဆဲမှုသဘော 'ဝိဟိံသဓာတ်' မည်သနည်း။

ညှဉ်းဆဲခြင်းနှင့် စပ်သော ကြိုစည်မှု 'တက္ကာ'၊ အထူးကြိုစည်မှု 'ဝိတက္ကာ'။ပ။ မှားယွင်းစွာ ကြိုစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို နှိပ်စက်ညှဉ်းဆဲမှုသဘော 'ဝိဟိံသဓာတ်' (ဝိဟိံသဝိတက်)ဟု ဆိုအပ်၏။ ဤလောကၦ် အချို့သူသည် လက်ဖြင့်လည်းကောင်း, ခဲဖြင့်လည်းကောင်း, တုတ်ဖြင့်လည်းကောင်း, (ဓားလုံစသော) လက်နက်ဖြင့်လည်းကောင်း, ကြိုးဖြင့်လည်းကောင်း တစ်ခုခုဖြင့် သတ္တဝါတို့ကို ညှဉ်းဆ၏။ ဤသို့ သဘောရှိသော အကြင်နှိပ်စက်မှု 'ဟေဋ္ဌနာ'၊ လွန်စွာနှိပ်စက်မှု 'ဝိဟေဋ္ဌနာ'၊ ညှဉ်းဆဲမှု 'ဟိံသနာ'၊ အထူးညှင်းဆဲမှု 'ဝိဟိံသနာ'၊ ခြုတ်ခြယ်မှု 'ရောသနာ'၊ လွန်စွာခြုတ်ခြယ်မှု 'ဝိရောသနာ'၊ သူတစ်ပါး တို့ကို ညှဉ်းဆဲသတ်ဖြတ်မှု 'ပရူပဃာတ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို နှိပ်စက်ညှဉ်းဆဲမှု သဘော 'ဝိဟိံသဓာတ်' (ဝိဟိံသဝိတက်)ဟု ဆိုအပ်၏။

၁။ (၁) ငါ့ကို အကျိုးမဲ့ဖြစ်အောင် မကြီးပွားအောင် သူပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၂) ငါ့ကို အကျိုးမဲ့ ဖြစ်အောင် မကြီးပွါးအောင် သူပြုကျင့်နေဆဲ–ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၃) ငါ့ကို အကျိုးမဲ့ဖြစ်အောင် မကြီးပွါးအောင် သူပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၄) ငါချစ်ခင်သောသူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွါးအောင် သူပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၅) ငါချစ်ခင်သောသူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွါးအောင် သူပြုကျင့်နေဆဲ–ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၆) ငါချစ်ခင်သောသူကို အကျိုးမဲ့ဖြစ်အောင် မကြီးပွါးအောင် သူပြုကျင့်လတ္တံ–ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၇) ငါ့မုန်းသောသူကို အကျိုးရှိအောင် ကြီးပွားအောင် သူပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၈) ငါ့မုန်းသောသူကို အကျိုးရှိအောင် ကြီးပွါးအောင် သူပြုကျင့်နေဆဲ–ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၉) ငါ့မုန်းသောသူကို အကျိုးရှိအောင် ကြီးပွါးအောင် သူပြုကျင့်လတ္တံ–ဟု ရန်ငြိုးဖွဲ့ခြင်း, ဒေါသဖြစ်ခြင်း၊ (၁၀) မိုးအလွန်ရွာလျှင် မိုးကလဲရွာလိုက်တာ စသည်ဖြင့် အကြောင်းအရာ မဟုတ်သည်၌ စိတ်ဆိုးအမျက်ထွက်ခြင်း၊ အဘိ–၁၊ နာ–၂၁ဖ။ အဘိ–၂၊ နာ–၄၀၅။ အဘိ၊ ၌၊ ၁၊ နာ–၃၉၉။ အာဃာတ ဝတ္ထုဆယ်ပါး (ဏီ၊ ပဒ–၁၂၃၇၊ နာ၂၄၄)

၂။ ဗျာပတ္တိ= (ဝိ= ဖောက်ပြန်ခြင်း။ အာပတ္တိ= ရောက်ခြင်း) ဖောက်ပြန်ခြင်းသို့ရောက်ခြင်း။

၃။ "ဗျာပဇ္ဇိတတ္တာ'ပုဒ်မှာ ဤကျမ်း၌ ကျကျန်နေခဲ့သည်၊ ဓမ္မသင်္ဂဏီ နာ–၂၁ဖ ၌ ပါရှိသဖြင့် ထည့်သွင်း ပြန်ဆိုလိုက်သည်။

♣

(၄) နေက္ခမ္မဓာတ်။ ။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်' မည်သနည်း။

ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုနှင့် စပ်သော ကြိုစည်မှု 'တက္ကာ'၊ အထူးကြိုစည်မှု 'ဝိတက္ကာ'။ပ။ ကောင်းစွာ ကြိုစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်' (နေက္ခမ္မဝိတက်)ဟု ဆိုအပ်၏။

(တစ်နည်းကား–တစ်နည်းဆိုသော်) အပြစ်မရှိမူ၍ ကောင်းကျိုးကို ပေးတတ်သော 'ကုသလဓမ္မ'ကုသိုလ်တရား အလုံးစုံတို့သည်လည်း ကာမဂုဏ်ငါးပါးတို့မှ ထွက်မြောက်လိုမှုသဘော 'နေက္ခမ္မဓာတ်' မည်၏။

(၅) အဗျာပါဒဓာတ်။ ။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် မပျက်စီးစေလိုမှုသဘော 'အဗျာပါဒ ဓာတ်' မည်သနည်း။

မပျက်စီးစေလိုမှုနှင့်စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'။ပ။ ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်' (အဗျာပါဒဝိတက်)ဟု ဆိုအပ်၏။ (တစ်နည်းကား – တစ်နည်းဆိုသော်) သတ္တဝါတို့၌ အကြင် ချစ်ခင်မှု 'မေတ္တာ'၊ ချစ်ခင်ပုံ အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သူ၏အဖြစ် 'မေတ္တာယိတတ္တ'၊ စိတ်ကို ဒေါသ = ဗျာပါဒမှ လွတ်မြောက် စေသော မေတ္တာ 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မပျက်စီးစေလိုမှုသဘော 'အဗျာပါဒဓာတ်' (မေတ္တာ)[1]ဟု ဆိုအပ်၏။

(၆) အဝိဟိံသဓာတ်။ ။ ထိုဓာတ်ခြောက်ပါးတို့တွင် အဘယ်သည် မနှိပ်စက်မညှဉ်းဆဲမှုသဘော 'အဝိဟိံသဓာတ်' မည်သနည်း။

မနှိပ်စက် မညှဉ်းဆဲခြင်းနှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ ပြင်းစွာ ကြံစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ မြဲမြဲစွာ ရောက်စေမှု 'အပ္ပနာ'၊ အာရုံသို့ အထူးမြဲမြဲစွာ ရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ ရှေးရှုတင်မှု 'စေတသောအဘိနိရောပနာ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မနှိပ်စက် မညှဉ်းပန်းမှုသဘော 'အဝိဟိံသဓာတ်' (အဝိဟိံသဝိတက်)ဟု ဆိုအပ်၏။

(တစ်နည်းကား– တစ်နည်းဆိုသော်) သတ္တဝါတို့၌ အကြင် သနားကြင်နာမှု 'ကရုဏာ'၊ သနား ကြင်နာပုံ အခြင်းအရာ 'ကရုဏာယနာ'၊ သနားကြင်နာတတ်သူ၏အဖြစ် 'ကရုဏာယိတတ္တ'၊ နှိပ်စက် ညှဉ်းဆဲလိုမှုသဘောမှ စိတ်ကို လွတ်မြောက်စေသော ကရုဏာ 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မနှိပ်စက် မညှဉ်းဆဲလိုမှုသဘော 'အဝိဟိံသဓာတ်' (ကရုဏာ)[2]ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရားတို့ကား ဓာတ်ခြောက်ပါးတို့တည်း။ ဤသို့ ဤဆက္ကသုံးပါး (၆–ပါးစီပါသော နည်း ၃–မျိုး) တို့သည် ဖြစ်ကုန်၏၊ ထိုဆက္ကသုံးပါးတို့ကို တစ်ပေါင်းတည်းပြု၍ ရုံးစု၍ အကျဉ်းချုံး၍ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ ဖြစ်ကုန်၏။

သုတ္တန်နည်းဖြင့် ခွဲခြားဝေဖန် ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်းပြီး၏။

---

[1]။ မေတ္တိ, မေတ္တာယနာ, မေတ္တာယိတတ္တ= မေတ္တာ (သောဘဏစိတ် ၅၉–ပါးလုံးနှင့် ယှဉ်သော မေတ္တာကို ယူရမည်)။ မေတ္တာ စေတောဝိမုတ္တိ= အပ္ပနာသို့ရောက်သော မေတ္တာ (ဈာန်, မဂ်, ဖိုလ်တို့နှင့် ယှဉ်သော မေတ္တာ)။ (အဘိ၊ ၆၊ ၂၊ နာ–၇၀)

၂။ ကရုဏာ, ကရုဏာယနာ, ကရုဏာယိတတ္ထ= ကရုဏာ (မဟာကုသိုလ်, မဟာကြိုယာ, လောကီဈာန်စိတ်တို့၌ရှိသော ကရုဏာကို ယူရမည်)။ ကရုဏာစေတောဝိမုတ္တိ= အပွနာသို့ရောက်သော ကရုဏာ (ဈာန်စိတ်နှင့်ယှဉ်သော ကရုဏာ)။

♣

၂–အဘိဓမ္မာဘာဇနီယ

(အဘိဓမ္မာနည်းဖြင့် ဝေဖန် ဟောကြားအပ်သော 'အဘိဓမ္မာဘာဇနီယ'နည်း)

ဓာတ် ၁၈–ပါး

၁၈၃။ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကား–

(၁) မြင်မှုသဘော 'စက္ခုဓာတ်' (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒရုပ်'။

(၂) အဆင်းသဘော 'ရူပဓာတ်' (မြင်အပ်သော သဘောရှိသော အဆင်း 'ရူပါရုံ')။

(၃) မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်' (မြင်သိစိတ် 'စက္ခုဝိညာဏ်')။

(၄) ကြားမှုသဘော 'သောတဓာတ်' (ကြားတတ်သောသဘောရှိသော နားအကြည် သောတပသာဒရုပ်')။

(၅) အသံသဘော'သဒ္ဒဓာတ်' (ကြားအပ်သော သဘောရှိသော အသံ 'သဒ္ဒါရုံ')။

(၆) ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်' (ကြားသိစိတ် 'သောတဝိညာဏ်')။

(၇) နံမှုသဘော 'ঘာနဓာတ်' (နံတတ်သောသဘောရှိသော နှာခေါင်းအကြည် 'ঘာနပသာဒရုပ်')။

(၈) အနံ့သဘော 'ဂန္ဓဓာတ်' (နံအပ်သောသဘောရှိသော အနံ့ 'ဂန္ဓာရုံ')။

(၉) နံသိစိတ်သဘော 'ঘာနဝိညာဏဓာတ်' (နံသိစိတ် 'ঘာနဝိညာဏ်')။

(၁၀) လျက်မှုသဘော 'ဇိဝှါဓာတ်' (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒရုပ်')။

(၁၁) အရသာသဘော 'ရသဓာတ်' (လျက်အပ်သော သဘောရှိသော အရသာ 'ရသာရုံ')။

(၁၂) လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' (လျက်သိစိတ် 'ဇိဝှါဝိညာဏ်')။

(၁၃) (ဖောဋ္ဌဗ္ဗာရုံကို) တွေ့ထိမှုသဘော 'ကာယဓာတ်' (ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတတ်သော သဘော ရှိသော ကိုယ်အကြည် 'ကာယပသာဒရုပ်')။

(၁၄) အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတ်' (ကာယပသာဒဖြင့် တွေ့ထိအပ်သော သဘောရှိသော 'ဖောဋ္ဌဗ္ဗာရုံ')။

(၁၅) ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' (ထိသိစိတ် 'ကာယဝိညာဏ်')။

(၁၆) (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (ပဥ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး)။

(၁၇) (ဓာတ် ၁၇–ပါးတို့မှ ကြွင်းသော) သိမ်မွေ့သောတရားသဘော 'ဓမ္မဓာတ်' (စေတသိက်၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။

(၁၈) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' (စိတ် ၇၆–ပါး) တို့တည်း။

---

(၁) စက္ခုဓာတ် ၁၈၄။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည်မြင်မှုသဘော 'စက္ခုဓာတ်' မည်သနည်း။

အကြင် မြင်သိစိတ် 'စက္ခုဝိညာဏ်' ဖြစ်ရာ မျက်စိအကြည် 'စက္ခုပသာဒ'ရုပ်ဟု ဆိုအပ်သော စက္ခု ဓာတ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ (စက္ခုပသာဒ)။ပ။ ဤစက္ခုဓာတ်သည် (စက္ခုဒ္ဒါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'[1]လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို မြင်မှုသဘော (မြင်တတ်သောသဘော) 'စက္ခုဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၅၉၆)

၁။ သုညဂါမ– အာယတနဝိဘင်းမြန်မာပြန် နာ–၂၅၀–ကြည့်။ ဝိဘင်းစာပိုဒ်–၁၅၇။

♣

(၂) ရူပဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် မြင်အပ်သောသဘော 'ရူပဓာတ်' (အဆင်း 'ရူပါရုံ') မည်သနည်း။

အကြင် မြင်အပ်သောသဘော (အဆင်း 'ရူပါရုံ') သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ အဆင်းအရောင်သည် ဖြစ်၏။ပ။ ဤမြင်အပ်သောသဘော (အဆင်း 'ရူပါရုံ') သည် ရူပဓာတ် မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို မြင်အပ်သောသဘော (အဆင်း 'ရူပါရုံ') 'ရူပဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၆၁၆)

---

(၃) စက္ခုဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် မြင်သိစိတ်သဘော 'စက္ခုဝိညာဏ ဓာတ်' မည်သနည်း။

မြင်တတ်သောသဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒ'နှင့် မြင်အပ်သော အဆင်း 'ရူပါရုံ'တို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင် တတ်သော သဘော 'ဟဒယ'[2]၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်ရာဌာန 'မနာယတန'[3]၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု သဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစက္ခုပသာဒနှင့် ရူပါရုံတို့အား လျှောက်ပတ်သော မြင်သိစိတ် သဘော

'စက္ခုဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၆၊ ၆၅)

၁။ ဟဒယ= ဝတ္ထုရုပ်ကို ဆောင်တတ်သောသဘော၊ စိတ်၏တည်ရာဖြစ်သော ဝတ္ထုရုပ်ကို ဆောင်တတ်သောကြောင့် စိတ်ကို "ဟဒယ'ဟု ခေါ်ဆိုထားသည်၊ (ဓာန်၊ ဋ္ဌ၊ ဂါထာ–၁၅၂–၄။) တစ်နည်း– ကိုယ်တွင်း၌ တည်တတ်သောသဘော၊ ကိုယ်တွင်း၌ တည်နေမှုကြောင့် စိတ်ကို "ဟဒယ'ဟု ခေါ်တွင်ပြန်သည်၊ ဌာနဖြစ်သော ဝတ္ထုရုပ်၏ ဟဒယဟူသောအမည်ကို ဌာနီဖြစ်သော စိတ်၌ တင်စား၍ ဌာနူပစာရအားဖြင့်လည်း စိတ်ကို "ဟဒယ'ဟု ခေါ်တွင်ထားသည်။ (အဘိ၊ ဋ္ဌ၊ ၁၊ နာ ၁၈၄။)

၂။ မနာယတန= သိမှု (စိတ်) သည်ပင် ဖဿစသည်တို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့်လည်းကောင်း, ဗဟိဒ္ဓအာရုံတို့၏ စုဝေးရာ ဖြစ်သောကြောင့်လည်းကောင်း, ဖဿစသည်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း မနာယတနမည်သည်၊ ထို့ကြောင့် မနာယတန သည် သိမှုဟူသော ဖဿစသည်တို့၏ ဖြစ်ရာဌာန၊ ဝါ၊ သိအပ်သော ဗဟိဒ္ဓအာရုံတို့၏ စုဝေးရာ သိမှုဟူသော ဌာန၊ ဝါ၊ သိမှုဟူသော ဖဿ စသည်တို့၏ ဖြစ်ကြောင်းတည်း။

♣

(၄) သောတဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် ကြားမှုသဘော (ကြားတတ်သော သဘော) 'သောတဓာတ်' မည်သနည်း။

အကြင် ကြားသိစိတ် 'သောတဝိညာဏ်' ဖြစ်ရာ နားအကြည် 'သောတပသာဒ'ရုပ်ဟူသော သောတ ဓာတ်သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'။ပ။ ဤသောတဓာတ်သည် (သောတဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြား ပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရှာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို ကြားမှု သဘော (ကြားတတ်သောသဘော) 'သောတဓာတ်'ဟု ဆိုအပ်၏။

---

(၅) သဒ္ဒဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် ကြားအပ်သောသဘော '(အသံ 'သဒ္ဒါရုံ') သဒ္ဒဓာတ် မည်သနည်း။

အကြင် ကြားအပ်သောသဘော (အသံ 'သဒ္ဒါရုံ') သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သော သဘော မရှိ 'အနိဒဿန'၊ ထိပါးတတ်သောသဘော ရှိ၏ 'သပ္ပဋိဃ'။ပ။ ဤကြားအပ်သောသဘော (အသံ 'သဒ္ဒါရုံ') သည် သဒ္ဒဓာတ်လည်း မည်၏။ ဤဆိုခဲ့ ပြီးသောသဘောကို ကြားအပ်သော သဘော (အသံ 'သဒ္ဒါရုံ') 'သဒ္ဒဓာတ်'ဟု ဆိုအပ်၏။ (ဏီ–၆၂၀)

---

(၆) သောတဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်' မည်သနည်း။

ကြားတတ်သောသဘောရှိသော နားအကြည် 'သောတပသာဒ'နှင့် ကြားအပ်သော အသံ 'သဒ္ဒါရုံ'တို့ကိုစွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှုစိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုသောတပသာဒနှင့် သဒ္ဒါရုံတို့အား လျှောက်ပတ်သော ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို ကြားသိစိတ် သဘော 'သောတဝိညာဏဓာတ်'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၆)

---

(၇) ဃာနဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် နံမှုသဘော (နံတတ်သောသဘော)

'ဃာနဓာတ်' မည်သနည်း။

အကြင် နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ဃာနပသာဒ'ရုပ်ဟု ဆိုအပ်သော ဃာနဓာတ်သည် ကြီးကျယ်ထင်ရှားသော မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'။ပ။ ဤဃာနဓာတ်သည် (ဃာနဒွါရ၌ ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင် ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရွာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို နံမှုသဘော (နံတတ်သောသဘော) 'ဃာနဓာတ်'ဟု ဆိုအပ်၏။

---

(၈) ဇိဇ္ဓာဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် အနံ့သဘော 'ဇိဇ္ဓာဓာတ်' မည်သနည်း။

အကြင် နံအပ်သော 'ဇိဇ္ဓာရုံ'အနံ့သဘောသည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင်အပ်သောသဘော မရှိ 'အနိဒဿန'၊ ထိပါးတတ်သောသဘောရှိ၏ 'သပ္ပဋိဃ'။ပ။ ဤနံအပ်သောသဘော အနံ့ 'ဇိဇ္ဓာရုံ') သည် 'ဇိဇ္ဓာဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို အနံ့သဘော (အနံ့ 'ဇိဇ္ဓာရုံ') 'ဇိဇ္ဓာဓာတ်'ဟု ဆိုအပ်၏။

---

(၉) ဃာနဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် နံသိစိတ်သဘော 'ဃာနဝိညာဏ ဓာတ်' မည်သနည်း။

နံတတ်သောသဘော နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် နံအပ်သော အနံ့ 'ဇိဇ္ဓာရုံ'တို့ကို စွဲမှီ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊

သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဃာနပသာဒနှင့် ဂန္ဓာရုံတို့အား လျောက်ပတ်သော နံသိစိတ် သဘော 'ဃာနဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို နံသိစိတ်သဘော 'ဃာန ဝိညာဏဓာတ်'ဟု ဆိုအပ်၏။

---

(၁၀) ဇိဝှါဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် လျက်မှုသဘော (လျက်တတ်သော သဘော) 'ဇိဝှါဓာတ်' မည်သနည်း။

အကြင် လျက်တတ်သော သဘောရှိသော 'ဇိဝှါပသာဒ'သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'။ပ။ ဤဇိဝှါဓာတ်သည် (ဇိဝှါဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ်စသည့် စိတ်အများ နှင့် ဆက်ဆံခြင်း ရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရှာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို လျက်မှုသဘော 'ဇိဝှါဓာတ်'ဟု ဆိုအပ်၏။

---

(၁၁) ရသဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် အရသာသဘော (သာယာအပ်သော သဘော) 'ရသဓာတ်' မည်သနည်း။

အကြင် လျက်အပ်သော (သာယာအပ်သော) 'ရသာရုံ'သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ မြင် အပ်သော သဘော မရှိ 'အနိဒဿန'၊ ထိပါးတတ်သောသဘောရှိ၏ 'သပ္ပဋိဃ'။ပ။ ဤအရသာ သဘော သာယာအပ်သော သဘော 'ရသာရုံ') သည် 'ရသဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို အရသာသဘော (သာယာအပ်သော သဘော 'ရသာရုံ') 'ရသဓာတ်'ဟု ဆိုအပ်၏။

---

(၁၂) ဇိဝှါဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' မည်သနည်း။

လျက်တတ်သောသဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒ'နှင့် လျက်အပ်သောအာရုံ (သာယာအပ် သော အာရုံ) 'ရသာရုံ'တို့ကို စွဲ၍ ဆန်းကြယ်စွာ ကြဲသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သောသဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဏရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူး သိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဇိဝှါပသာဒနှင့် ရသာရုံတို့အား လျောက်ပတ်သော လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောသဘောကို လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်'ဟု ဆိုအပ်၏။

---

(၁၃) ကာယဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် ထိမှုသဘော (ထိခိုက်တတ်သော သဘောရှိသော) 'ကာယဓာတ်' မည်သနည်း။

အကြင် ထိခိုက်တတ်သော သဘောရှိသော ကိုယ်အကြည် 'ကာယပသာဒ'သည် မဟာဘုတ်လေးပါး တို့ကို စွဲမှီ၍ ကြည်လင်၏ 'ပသာဒ'။ပ။ ဤကာယဓာတ်သည် (ကာယဒွါရ၌ဖြစ်သော ကုသိုလ် အကုသိုလ် စသည့် စိတ်အများနှင့် ဆက်ဆံခြင်းရှိ၍ သီးခြားပိုင်ရှင်ကင်းမဲ့သဖြင့်) ဆိတ်သုဉ်းသောရှာ 'သုညဂါမ'လည်း မည်၏။ ဤဆိုခဲ့ပြီးသောသဘောကို ထိမှုသဘော (ထိခိုက်တတ်သောသဘော ရှိသော) 'ကာယဓာတ်'ဟု ဆိုအပ်၏။

---

(၁၄) ဖောဋ္ဌဗ္ဗဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် အတွေ့သဘော (တွေ့ထိအပ်သော သဘော) 'ဖောဋ္ဌဗ္ဗဓာတ်' မည်သနည်း။

မြေဟူသော အမည်ပညတ်ဖြင့် ခေါ်ဝေါ်သတ်မှတ်အပ်သည့် တည်ရာ 'ပတိဋ္ဌာန'သဘော (ခက်မာမှု 'ကက္ခဋ'သဘော) ဖြစ်သော မြေဓာတ် 'ပထဝီဓာတ်'သည် ဖြစ်၏။ပ။ ဤအတွေ့သဘော (တွေ့ထိအပ် သော သဘော) သည် 'ဖောဋ္ဌဗ္ဗဓာတ်'လည်း မည်၏။ ဤဆိုခဲ့ပြီးသော သဘောကို အတွေ့သဘော (တွေ့ထိအပ်သောသဘော 'ဖောဋ္ဌဗ္ဗာရုံ') 'ဖောဋ္ဌဗ္ဗဓာတ်'ဟု ဆိုအပ်၏။

---

(၁၅) ကာယဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' မည်သနည်း။

တွေ့ထိတတ်သောသဘောရှိသော ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့သဘော (တွေ့ထိအပ် သော သဘော) 'ဖောဋ္ဌဗ္ဗာရုံ'တို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သောသဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော (စေတသိက်တို့၏) ဖြစ်ရာ တည်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိခြင်းသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံတို့အား လျှောက်ပတ်သော ထိသိစိတ်သဘော 'ကာယ ဝိညာဏဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်'ဟု ဆိုအပ်၏။

---

(၁၆) မနောဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' မည်သနည်း (ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋ္ဆိန်းဒွေး)။ မြင်သိစိတ်သဘော 'စက္ခုဝိညာဏဓာတ်' ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌ (ချုပ်ပြီးနောက် တစ်ဆက့်တည်း) ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊

အထူးသိခြင်းသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာ ဏကွန္ဓာ'၊ ထိုစက္ခုဝိညာဏ်နှင့် ရှုပါရုံတို့ အားလျောက်ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'သည် ဖြစ်၏ (သမ္ပဋ္ဌိစ္ဆိုန်းဒွေး)။ ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်'။ပ။ နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်'။ပ။ လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်'။ပ။ ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌ (ချုပ်ပြီးနောက် တစ်ဆက်တည်း) ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သော သဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏကွန္ဓာ'၊ ထိုကာယဝိညာဏ်နှင့် ဖောဋ္ဌဗ္ဗာရုံ တို့အား လျောက်ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'သည် ဖြစ်၏ (သမ္ပဋ္ဌိစ္ဆိုန်းဒွေး)။ (စက္ခုဝိညာဏ်စသော) အလုံးစုံသောတရား (ဝီထိစိတ်အားလုံး) တို့တွင် ရှေးဦးစွာ နှလုံးသွင်းခြင်း သဘော (ရှေးဦးစွာ အာရုံသို့ ဆောင်တတ်သောသဘော) 'ပဌမသမန္နာဟာရ'၊ ဆန်းကြယ်စွာ ကြံသိမှု သဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်သောသဘော 'ဟဒယ'၊ ပြိုးပြိုးပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာ ဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏကွန္ဓာ'၊ ထိုပဉ္စဝိညာဏ်နှင့် ပဉ္စာရုံတို့အား လျောက်ပတ်သော (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'သည် ဖြစ်၏ (ပဉ္စဒ္ဒါရာဝဇ္ဇန်း)။ ဤဆိုခဲ့ပြီးသော သဘောကို (အာရုံကို) သိကာမျှသဘော 'မနောဓာတ်'ဟု ဆိုအပ်၏။

---

(၁၇) ဓမ္မဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်' မည်သနည်း။

(၁) ခံစားမှုအစု 'ဝေဒနာကွန္ဓာ'သည်လည်းကောင်း။

(၂) မှတ်သားမှုအစု 'သညာကွန္ဓာ'သည်လည်းကောင်း။

(၃) ပြုပြင်စီရင်မှုအစု 'သင်္ခါရကွန္ဓာ'သည်လည်းကောင်း။

(၄) မြင်အပ်သောသဘော မရှိသော 'အနိဒဿန'၊ ထိပါးတတ်သောသဘော မရှိသော 'အပ္ပဋိဃ'၊ ကြံသိစိတ်ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော အကြင် 'သုခုမရူပ'သည်လည်းကောင်း။

(၅) မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' (နိဗ္ဗာန်) သည်လည်းကောင်း ရှိ၏။ (ဤတရားငါးပါးတို့ကို ကြံသိစိတ်ဖြစ်ကြောင်း သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်'ဟု ဆိုအပ်၏)။ (ဝိဘင်း၊ စာပိုဒ် ပဒ–၁၆၇)

၁–ဝေဒနာကွန္ဓာဓမ္မဓာတ်။ ။ ထိုဓမ္မဓာတ် ၅–ပါးတို့တွင် အဘယ်သည် ခံစားမှုအစု 'ဝေဒနာကွန္ဓာ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော ဝေဒနာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော ဝေဒနာကွန္ဓာသည် ရှိ၏၊ ဟိတ်မရှိသော ဝေဒနာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ။ အပြစ်မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော ခံစားမှုအစု 'ကုသိုလ်ဝေဒနာကွန္ဓာ'သည် ရှိ၏၊ အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော ခံစားမှုအစု 'အကုသိုလ်ဝေဒနာကွန္ဓာ'သည် ရှိ၏၊ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော ခံစားမှုအစု 'အဗျာကတဝေဒနာကွန္ဓာ'သည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ပ။ (ခန္ဓဝိဘင်း၊ စာပိုဒ် ပဒ၊ ၃၄–၆၁)။

ဗဟုဝိဓနည်း[1]**။** ။ ဤသို့ များသော အပြားအားဖြင့် ဝေဒနာကွန္ဓာသည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို ခံစားမှုအစု 'ဝေဒနာကွန္ဓာ'ဟု ဆိုအပ်၏။

၁။ ဝေဒနာကွန္ဓာကို ခန္ဓဝိဘင်းခ္ဍကဲ့သို့ (၁) ဒုကမူလကနည်း၊ (၂) တိကမူလကနည်း၊ (၃) ဥဘတောဝမ္မကနည်း၊ (၄) သတ္တကနည်း၊ (၅) စတုဝီသတိဝိဓနည်း၊ (၆) တိံသဝိဓနည်း၊ (၇) ဗဟုဝိဓနည်းတို့ဖြင့် ဟောရမည်ဖြစ်သည်။ ခန္ဓဝိဘင်းခ္ဍ အပြည့်အစုံဟောခဲ့ပြီး ဖြစ်သဖြင့် ပေယျာလချန်ခဲ့သည်၊ (ခန္ဓဝိဘင်းမြန်မာပြန် စာမျက်နှာ ၇၂–မှ ၁၁၂–ကြည့်)။ (အဘိ မြန် ၂၊ နှာ–၂၆၀–အောက်ခြေမှတ်ချက်လည်းကြည့်)

♣

၂–သညာကွန္ဓာ ဓမ္မဓာတ်။ ။ ထိုဓမ္မဓာတ် ငါးပါးတို့တွင် အဘယ်သည် မှတ်သားမှုအစု 'သညာကွန္ဓာ' မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသော နည်းအားဖြင့် သညာကွန္ဓာသည် ဖြစ်၏။ ။ ဖဿနှင့်ယှဉ်သော သညာကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သညာကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်ရှိသော သညာကွန္ဓာ သည် ရှိ၏၊ ဟိတ်မရှိသော သညာကွန္ဓာသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သညာကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သညာကွန္ဓာသည် ရှိ၏၊ အကုသိုလ် သညာကွန္ဓာသည် ရှိ၏၊ အဗျာကတ သညာကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သညာကွန္ဓာသည် ဖြစ်၏။ပ။

ဗဟုဝိဓနည်း။ ။ ဤသို့ များသော အပြားအားဖြင့် သညာကွန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို မှတ်သားမှုအစု 'သညာကွန္ဓာ'ဟု ဆိုအပ်၏။ (ခန္ဓဝိဘင်း၊ စာပိုဒ်ပဒ–၆၂–၉၁)။

၃–သင်္ခါရကွန္ဓာ ဓမ္မဓာတ်။ ။ ထိုဓမ္မဓာတ် ၅–ပါးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှုအစု 'သင်္ခါရကွန္ဓာ' မည်သနည်း။ (ဝေဒနာ, သညာကြဉ်သော စေတသိက် ၅၀)။

ဧကကနည်း။ ။ တစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ စိတ်နှင့် ယှဉ်သော သင်္ခါရကွန္ဓာတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ဟိတ်မည်သော သင်္ခါရကွန္ဓာသည် ရှိ၏ (လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ)၊ ဟိတ် မမည်သော သင်္ခါရကွန္ဓာသည် ရှိ၏ (ကြွင်းသော စေတသိက် ၄၄–ခု)။

တိကနည်း။ ။ သုံးပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ ။ ကုသိုလ် သင်္ခါရကွန္ဓာသည် ရှိ၏၊ အကုသိုလ် သင်္ခါရကွန္ဓာသည် ရှိ၏၊ အဗျာကတသင်္ခါရကွန္ဓာသည် ရှိ၏။ပ။ ဤသို့ ဆယ်ပါးပြားသော နည်းအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။ပ။ (ခန္ဓဝိဘင်း၊ စာပိုဒ် ပဒ–၉၂–၁၂၀)။

ဗဟုဝိဓနည်း။ ။ ဤသို့ များသော အပြားအားဖြင့် သင်္ခါရကွန္ဓာသည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော သဘောကို ပြုပြင်စီရင်မှုအစု 'သင်္ခါရကွန္ဓာ'ဟု ဆိုအပ်၏။

၄–သုခုမရုပ်ဓမ္မဓာတ်။ ။ ထိုဓမ္မဓာတ် ၅–ပါးတို့တွင် အဘယ်သည် မြင်အပ်သော သဘောမရှိသော 'အနိဒဿန'၊ ထိပါးတတ်သော သဘော မရှိသော 'အပ္ပဋိဃ'၊ ကြဲသိစိတ် ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော 'သုခုမ'ရုပ်မည်သနည်း။

မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု 'ဣတ္ထိန္ဒြေ'။ပ။ အလုတ်အလွေးပြုအပ်သော အစားအစာ 'ကဗဠိကာရအာဟာရ'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော ရုပ်အပေါင်းကို မြင်အပ်သော သဘောမရှိသော 'အနိဒဿန'၊ ထိပါးတတ်သော သဘော မရှိသော 'အပ္ပဋိဃ'၊ ကြဲသိစိတ်ဖြစ်ကြောင်း 'ဓမ္မာယတန'၌ အကျုံးဝင်သော ရုပ်ဟု ဆိုအပ်၏ (သုခုမရုပ် ၁၆–ပါး)။

၅–အသင်္ခတဓမ္မဓာတ်။ ။ ထိုဓမ္မဓာတ် ၅–ပါးတို့တွင် အဘယ်သည် မပြုပြင်အပ်သောသဘော 'အသင်္ခတဓာတ်' မည်သနည်း။

ရာဂကုန်ခြင်းသဘော 'ရာဂကွယ်'၊ ဒေါသကုန်ခြင်းသဘော 'ဒေါသကွယ်'၊ မောဟကုန်ခြင်းသဘော 'မောဟကွယ်'၊ ဤဆိုခဲ့ပြီးသောသဘောကို မပြုပြင်အပ်သော သဘော 'အသင်္ခတဓာတ်'ဟု ဆိုအပ်၏ (နိဗ္ဗာန်)။ ဤဆိုခဲ့ပြီးသော သဘောကို သိမ်မွေ့သော တရားသဘော 'ဓမ္မဓာတ်'ဟု ဆိုအပ်၏။

---

(၁၈) မနောဝိညာဏဓာတ်။ ။ ထိုဓာတ် ၁၈–ပါးတို့တွင် အဘယ်သည် အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' မည်သနည်း။

မြင်သိစိတ်သဘော 'စက္ခုဝိညာဏာဓာတ်' ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌ (ချုပ်ပြီးနောက် တစ်ဆက် တည်း အာရုံကို) သိကာမျှသဘော မနောဓာတ်သည် ဖြစ်၏ (သမ္ဗဒ္ဓိစ္ဆိန်းစိတ်)၊ (အာရုံကို) သိကာမျှ သဘော မနောဓာတ် (သမ္ဗဒ္ဓိစ္ဆိန်း) ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌လည်း ဆန်းကြယ်စွာ ကြံသိမှု သဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'။ပ။ ထိုစက္ခုဝိညာဏ်နှင့် ရှုပါရုံတို့အား လျောက်ပတ်သော အထူးသိမှု သဘော 'မနောဝိညာဏာဓာတ်'သည် ဖြစ်၏ (သန္ဓီ ဘုရဏ စသည်)။ ကြားသိစိတ်သဘော 'သောတဝိညာဏာဓာတ်'သည်။ပ။ နံသိစိတ်သဘော 'ဃာနဝိညာဏာဓာတ်'သည်။ပ။ လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏာဓာတ်'သည်။ပ။ ထိသိစိတ်သဘော 'ကာယဝိညာဏာဓာတ်' ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌ (ချုပ်ပြီးနောက် တစ်ဆက်တည်း အာရုံကို) သိကာမျှသဘော မနောဓာတ်သည် ဖြစ်၏ (သမ္ဗဒ္ဓိစ္ဆိန်းစိတ်)၊ (အာရုံကို) သိကာမျှသဘော မနောဓာတ် (သမ္ဗဒ္ဓိစ္ဆိန်း) ဖြစ်ပြီး၍ ချုပ်သည်၏ အခြားမဲ့၌လည်း ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'။ပ။ ထိုကာယဝိညာဉ်နှင့် ဖောဋ္ဌဗ္ဗာရုံတို့အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏာဓာတ်'သည် ဖြစ်၏ (ပဋ္ဌဒ္ဓါရုဝီထိ၌ ဖြစ်သော သန္ဓီ ရဏစသည်)။ ဘဝင်စိတ်ဟု ဆိုအပ်သော သိမှုသဘော 'မန'နှင့် ဓမ္မာရုံတို့ကို စွဲ၍ ဆန်းကြယ်စွာ ကြံသိမှုသဘော 'စိတ္တ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုသဘော 'မာနသ'၊ ဆောင်တတ်ခြင်းသဘော 'ဟဒယ'၊ ပြိုးပြိုး ပြက်ပြက် ဖြူစင်ခြင်းသဘော 'ပဏ္ဍရ'၊ သိတတ်ခြင်းသဘော 'မန'၊ သိမှုတည်းဟူသော ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှုသဘော 'ဝိညာဏ'၊ အထူးသိမှု စိတ်အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုဘဝင်စိတ်ဟု ဆိုအပ်သော သိမှုသဘော 'မန'နှင့် ဓမ္မာရုံတို့အား လျောက်ပတ်သော အထူးသိမှုသဘော 'မနောဝိညာဏာဓာတ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော သဘောကို အထူးသိမှုသဘော 'မနောဝိညာဏာဓာတ်'ဟု ဆိုအပ်၏ (မနောဒ္ဓါရ ဝီထိ၌ စိတ်ဖြစ်အစဉ်)။

အဘိဓမ္မာနည်းဖြင့် ဝေဖန် ဟောကြားအပ်သော 'အဘိဓမ္မာဘာဇနီယ'နည်း ပြီး၏။

၃–ပဋ္ဌာပုစ္ဆက

အမေးအဖြေပြု၍ ဟောကြားအပ်သော'ပဋ္ဌာ ပုစ္ဆက'နည်း

ဓာတ် ၁၈–ပါး

၁၈၅။ ဓာတ် ၁၈–ပါးတို့ကား–

(၁) မြင်မှုသဘော 'စက္ခုဓာတ်' (မြင်တတ်သော သဘောရှိသော မျက်စိအကြည် 'စက္ခုပသာဒ ရုပ်')။

(၂) အဆင်းသဘော 'ရူပဓာတ်' (မြင်အပ်သော သဘောရှိသော အဆင်း 'ရူပါရုံ')။

(၃) မြင်သိစိတ်သဘော 'စက္ခုဝိညာဏာဓာတ်' (စက္ခုဝိညာဉ်စိတ်)။

(၄) ကြားမှုသဘော 'သောတဓာတ်' (ကြားတတ်သော သဘောရှိသော နားအကြည် 'သောတပသာဒရုပ်')။

(၅) အသံသဘော'သဒ္ဒဓာတ်' (ကြားအပ်သော သဘောရှိသော အသံ 'သဒ္ဒါရုံ')။

(၆) ကြားသိစိတ်သဘော 'သောတဝိညာဏဓာတ်' (သောတဝိညာဉ်စိတ်)။

(၇) နံမှုသဘော 'ဃာနဓာတ်' (နံတတ်သောသဘောရှိသော နှာခေါင်းအကြည် 'ဃာနပသာဒရုပ်')။

(၈) အနံ့သဘော 'ဂန္ဓဓာတ်' (နံအပ်သော သဘောရှိသော အနံ့ 'ဂန္ဓာရုံ')။

(၉) နံသိစိတ်သဘော 'ဃာနဝိညာဏဓာတ်' (ဃာနဝိညာဉ်စိတ်)။

(၁၀) လျက်မှုသဘော 'ဇိဝှါဓာတ်' (လျက်တတ်သော သဘောရှိသော လျှာအကြည် 'ဇိဝှါပသာဒရုပ်')။

(၁၁) အရသာသဘော (သာယာအပ်သောသဘော) 'ရသဓာတ်' (လျက်အပ်သောသဘော ရှိသော အရသာ 'ရသာရုံ')။

(၁၂) လျက်သိစိတ်သဘော 'ဇိဝှါဝိညာဏဓာတ်' (ဇိဝှါဝိညာဉ်စိတ်)။

(၁၃) (ထိခိုက်တတ်သော သဘောရှိသော) ကိုယ်အကြည်သဘော 'ကာယဓာတ်' (ထိခိုက်တတ် သော သဘောရှိသော ကိုယ်အကြည် 'ကာယပသာဒရုပ်')။

(၁၄) အတွေ့သဘော 'ဖောဋ္ဌဗ္ဗဓာတ်' (တွေ့ထိအပ်သော သဘောရှိသော 'ဖောဋ္ဌဗ္ဗာရုံ')။

(၁၅) ထိသိစိတ်သဘော 'ကာယဝိညာဏဓာတ်' (ကာယဝိညာဉ်စိတ်)။

(၁၆) (အာရုံကို) သိကာမျှသဘော 'မနောဓာတ်' (ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋ္ဆိန်းဒွေး)။

(၁၇) သိမ်မွေ့သောတရားသဘော 'ဓမ္မဓာတ်' (စေတသိက်၊ သုခုမရုပ် ၁၆–ပါး၊ နိဗ္ဗာန်)။

(၁၈) အထူးသိမှုသဘော 'မနောဝိညာဏဓာတ်' ('ပဉ္စဝိညာဏဓာတ်နှင့် မနောဓာတ်တို့ ကြဉ်အပ်သောစိတ် ၇၆–ပါး) တို့တည်း။

ဓာတ် ၁၈–ပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁–တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ ၁၈၆။ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သောသဘော 'ကုသိုလ်ဓာတ်'တို့သည် အဘယ်မျှရှိကုန်သနည်း။

အပြစ်ရှိ၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သောသဘော 'အကုသိုလ်ဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။ ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သောသဘော 'အဗျာကတဓာတ်'တို့သည် အဘယ်မျှရှိ ကုန်သနည်း။ပ။[**၁]

၁။ ** ဝေဒနာတိုက် အမှတ် ၂–မှ သန္နိဒဿနတိုက် အမှတ်–၂၂အထိ တိုက် ၂၁–ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ် ၁–မှ သဥတ္တရဒုက် ဒုက်အမှတ် ၉၉–အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

♣

၂–ဒုက် ၁၀၀တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ။ ။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော သဘော 'သရဏဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။

ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသောသဘော 'အရဏဓာတ်'တို့သည် အဘယ်မျှ ရှိကုန်သနည်း။[**၁]

၁။ ** ဝေဒနာတိုက် အမှတ် ၂–မှ သန္နိဒဿနတိုက် အမှတ်–၂၂အထိ တိုက် ၂၁–ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့ပြီးလျှင် ဟေတုဒုက် ဒုက်အမှတ် ၁–မှ သဥတ္တရဒုက် ဒုက်အမှတ် ၉၉–အထိ ပေယျာလ လုံးဝချန်ခဲ့သည်။

♣

ဓာတ် ၁၈–ပါးတို့ကို တိုက် ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁–တိကဝိသဇ္ဇနာ

(၁–ဓာတ် ၁၈–ပါးတို့ကို တိုက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁) ကုသလတိုက် အဖြေဝိသဇ္ဇနာ ၁၈၇။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကုသိုလ်ဖြစ်ကုန်၏ (ကုသိုလ် စိတ်နှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကုသိုလ်ဖြစ်ကုန်၏ (အကုသိုလ်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အဗျာကတဖြစ်ကုန်၏ (ကြွင်းသောဝိပါက်၊ ကြိယာ၊ ယှဉ်ဘက် စေတသိက် များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂) **ဝေဒနာတိုက် အဖြေဝိသဇ္ဇနာ။ ။** (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့ကို ချမ်းသာခံစားမှု 'သုခဝေဒနာ'နှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း, ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဆင်းရဲချမ်းသာမဟုတ်သော (အလယ်အလတ်) ခံစားမှု 'အဒုက္ခမသုခဝေဒနာ'နှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (**တိုက်မုတ်**)။ (စက္ခုဝိညာဏာဓာတ်၊ သောတဝိညာဏာဓာတ်၊ ဃာနဝိညာဏာဓာတ်၊ ဇိဝှါဝိညာဏာဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် အဒုက္ခမသုခဝေဒနာနှင့် (ဥပေက္ခာဝေဒနာနှင့်) ယှဉ်ကုန်၏။ အချို့သော ကာယဝိညာဏာဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏ (သုခသဟဂုတ် ကာယဝိညာဏ်စိတ်)၊ အချို့သော ကာယဝိညာဏာဓာတ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်)။ အချို့သော မနောဝိညာဏာဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏ (သောမနဿ သဟဂုတ်စိတ် ၆၂–ပါး)။ အချို့သော မနောဝိညာဏာဓာတ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေး)၊ အချို့သော မနော ဝိညာဏာဓာတ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄၄–ပါး)။ အချို့သော ဓမ္မဓာတ်သည် သုခဝေဒနာနှင့် ယှဉ်၏ (သောမနဿသဟဂုတ်စိတ်နှင့် ယှဉ်သော ဝေဒနာ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေးနှင့် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တို့၌ရှိသော ဝေဒနာ ကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ (ဥပေက္ခာသဟဂုတ် စိတ်၌ ရှိသော ဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)။

တိုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆို အပ်ချေ (ဝေဒနာ ၁ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၃၈၉)

၁။ ဝေဒနာကို 'ဝေဒနာနှင့်ယှဉ်၏'ဟု မဆိုရချေ။

♣

(၃) **ဝိပါကတိုက် အဖြေဝိသဇ္ဇနာ။ ။** (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်ကုန် (နေဝ ဝိပါက နာ ဝိပါကဓမ္မဓမ္မာ)။ (ပဋ္ဌာဝိညာဏာဓာတ် ၅–ပါး) ဓာတ်ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်ကုန်၏ (ဝိပါကဓမ္မ)။ အချို့သော မနောဓာတ်သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်၏ (ဝိပါကဓမ္မ) (သမ္ပဋိစ္ဆိုန်းဒွေး)၊ အချို့သော မနောဓာတ်သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်ချေ (ပဋ္ဌဒ္ဓါရာဝဇ္ဇန်းကြိယာစိတ်)။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်ဖြစ်ကုန်၏ (မနောဝိညာဏာဓာတ် ဝိပါက်စိတ် ၂၄–ပါးနှင့် ယှဉ်ဘက်စေတသိက်များ)၊ အချို့ သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကျိုးဝိပါက်ကို ဖြစ်စေခြင်း သဘော ရှိသည့် တရားဖြစ်ကုန်၏ (ကုသိုလ်,

အကုသိုလ်စိတ်တို့နှင့် ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည့် တရားလည်း မဟုတ်ကုန် (ပဋ္ဌဒ္ဓါရာဝဇ္ဇန်းကြဉ်သည့်ကြိယာစိတ်နှင့်ယှဉ်ဘက် စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄) ဥပါဒိဏ္ဏာတိက်အဖြေဝိသဇ္ဇနာ။ ။ (ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ ပသာဒရုပ်ဓာတ် ၅–ပါး) ဓာတ်ဆယ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ် ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်ဖြစ်၍) ဥပါဒါန်တို့၏ အာရုံလည်း ဖြစ်ကုန်၏ (ပသာဒရုပ် ၅–ပါး၊ ဒွေးပဋ္ဌဝိညာဏ် ၁၀–ပါး)။ အသံ်သဘော 'သဒ္ဒဓာတ်'သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍[၁] (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ အချို့သော (ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ် သည့် ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (ကမ္မဇရူပါရုံ, ကမ္မဇဂန္ဓာရုံ, ကမ္မဇ ရသာရုံ, ကမ္မဇဖောဋ္ဌဗ္ဗာရုံ[၂], သမ္ပဋ္ဆိုန်းဒွေး)၊ အချို့သော (ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗ ဓာတ်၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (တိဇရူပါရုံ, တိဇဂန္ဓာရုံ, တိဇရသာရုံ, တိဇဖောဋ္ဌဗ္ဗာရုံ, ပဋ္ဌဒ္ဓါရာဝဇ္ဇန်း)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာဒိဋ္ဌိတို့ အာရုံပြုသော ကံကြောင့်လည်းဖြစ်၍) ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ (လောကီမနောဝိညာဏဓာတ် ဝိပါက်စိတ် ၂၀–ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ ကမ္မဇရုပ် ဇကန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော ဘာဝရုပ် ၂–ပါး, ဇီဝိတရုပ်, ဟဒယရုပ်, ကမ္မဇရုပ်အနေကန်ဖြစ်သည့် သုခုမရုပ်များဖြစ်သော အာပေါ, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, လက္ခဏာရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ် သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ် အကုသိုလ်စိတ်၊ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ကြဉ်သော ကြိယာစိတ်၊ ယှဉ်ဘက်စေတသိက်များ၊ တိဇသုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့်လည်း မဖြစ်မူ၍) ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာ စိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

၁။ အသံ် 'သဒ္ဒရုပ်'သည် စိတ္တဇရုပ်နှင့် ဥတုဇရုပ်သာဖြစ်သည်၊ ကမ္မဇရုပ် မဟုတ်ချေ။

၂။ ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် စတုဇရုပ်များ ဖြစ်သည်။ ယင်းရုပ်တို့ကို ဥပါဒိဏ္ဏရုပ် (ကမ္မဇရုပ်)၊ အနုပါဒိဏ္ဏ ရုပ် (တိဇရုပ်) ဟု ခွဲခြားပြထားခြင်း ဖြစ်သည်။

♣

(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ပူပန်စေတတ် နှိပ်စက် တတ်၍ ညစ်နွမ်းစေတတ်သော ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး၊ ဒွေးပဋ္ဌဝိညာဏ်–၁၀၊ ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် သမ္ပဋ္ဆိုန်းဒွေး)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာတို့ ပူပန်စေအပ်သည်လည်းဖြစ်၍ (ကိလေသာနှင့်လည်းယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီမနောဝိညာဏဓာတ် ကုသိုလ်, ဝိပါက်, ကြိယာစိတ်၊ ယှဉ်ဘက် စေတသိက်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး) ဓာတ်တစ်ဆယ့်ငါးပါးတို့သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိကုန် (ဝိတက်, ဝိစာရနှင့် မယှဉ်ကုန်)။ မနောဓာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (ပဋ္ဌဒွါရာဝဇ္ဇန်း၊ သမ္ပဋ္ဆိုန်းဒွေး)။ အချို့သော မနောဝိညာဏဓာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (မနောဓာတ်ကြဉ်သော သဝိတက္ကစိတ် ၅၂–ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ဝိတက်မရှိမူ၍ ဝိစာရမျှသာရှိ၏ (ဒုတိယဈာန် စိတ် ၁၁–ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (တတိယဈာန် ၁၁–ပါး၊ စတုတ္ထဈာန် ၁၁–ပါး၊ ပဉ္စမဈာန် ၂၃–ပါး၊ ပေါင်း ၄၅–ပါး)။ အချို့သော ဓမ္မဓာတ်သည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (သဝိတက္ကစိတ် ၅၅–ပါးခ္ခရှိသော ဝိတက် ဝိစာရကြဉ်သည့် စေတသိက် ၅၀)၊ အချို့သော ဓမ္မဓာတ်သည် ဝိတက်ကား မရှိမူ၍ ဝိစာရမျှသာ ရှိ၏ (ဒုတိယဈာန်စိတ်ခ္ခရှိသော ဝိစာရကြဉ်သော စေတသိက် ၃၆–ပါး၊ သဝိတက္ကစိတ် ၅၅–ပါးခ္ခရှိသော ဝိတက် ၅၅–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (တတိယဈာန် ၁၁–ပါး, စတုတ္ထဈာန် ၁၁–ပါး, ပဉ္စမဈာန်စိတ် ၂၃–ပါးတို့ခ္ခရှိသော စေတသိက်များ၊ ဒုတိယဈာန်စိတ် ၁၁–ပါးခ္ခရှိသော ဝိစာရ ၁၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

တိက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (သဝိတက္ကစိတ် ၅၅–ပါးခ္ခရှိသော ဝိစာရ ၅၅–ပါး)။ (ဏီ၊ ပဒ–၁၄၀၁)

---

(၇) ပီတိတိက် အဖြေပိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့ကို ပီတိနှင့် တကွဖြစ်ကုန်၏ ဟူ၍လည်းကောင်း (ပီတိနှင့်ယှဉ်ကုန်၏ ဟူ၍လည်းကောင်း)၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(တိက်မုတ်)။ (ကာယဝိညာဏဓာတ်ကြဉ်သော ပဉ္စဝိညာဏဓာတ် ၄–ပါး၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏)။ ကာယဝိညာဏဓာတ်သည် ပီတိနှင့်တကွ မဖြစ်ချေ (ပီတိနှင့် မယှဉ်ချေ)။ အချို့သော ကာယဝိညာဏဓာတ်သည် သုခဝေဒနာနှင့်တကွ ဖြစ်၍ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ချေ (သုခသဟဂုတ် ကာယဝိညာဏ်စိတ်)။

တိက်မုတ်။ ။ အချို့သော ကာယဝိညာဏဓာတ်ကို သုခဝေဒနာနှင့်တကွ ဖြစ်၏ ဟု မဆိုအပ်ချေ (ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (သပ္ပီတိကစိတ် ၅၁–ပါး၊ ပီတိကြဉ်သော[၁] ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခသဟဂုတ် ကာယဝိညာဏ် စိတ် ကြဉ်သော သုခသဟဂုတ်စိတ် ၆၂–ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ် ၄၄–ပါး၊ ဝေဒနာကြဉ်သော[၂] ယှဉ်ဘက် စေတသိက်များ)။

တိက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာ နှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒေါသမူစိတ္တုပ္ပါဒ်၊ ဒုက္ခ သဟဂုတ်စိတ်၌ ရှိသော စေတသိက်များ၊ သုခသဟဂုတ် ကာယဝိညာဏ်နှင့် စတုတ္ထဈာန် ၁၁–ပါး၌ ရှိသော သုခဝေဒနာ ၁၂–ခု၊ ဥပေက္ခာဝေဒနာ ၅၅–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၀၄)

၁။ ပီတိကို ပီတိနှင့် ယှဉ်၏ ဟု မဆိုရချေ။
၂။ ဝေဒနာကို ဝေဒနာနှင့် ယှဉ်၏ ဟု မဆိုရချေ။

♣

(၈) ဒဿနတိက် အဖြေပိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာမြင်သဖြင့်) 'ဒဿန'မည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ (သောတာပတ္တိမဂ်မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တစ်ဖန်ထပ်မံ၍ မြင်သဖြင့်) 'ဘာဝနာ'မည်သော အထက်မဂ် သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါးနှင့်

ဝိစိကိစ္ဆာစိတ်၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနော ဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄–ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန် (ကုသိုလ်စိတ္တုပ္ပါဒ်၊ မနောဝိညာဏာဓာတ် ဝိပါက်နှင့် ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏာဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် 'ဒဿန'မည်သော သောတာ ပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်[၁]ရှိသည်လည်း မဟုတ်မူ၍ (ဟိတ်နှင့် မယှဉ်မူ၍) 'ဘာဝနာ'မည်သော အထက်မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့်[၂] ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ် စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ဝိစိကိစ္ဆာစိတ်၌ ရှိသော မောဟကြောင့်သည့် ယှဉ်ဘက်စေတသိက်)။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့ဖြင့်ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြောင့်သည့် ယှဉ်ဘက်စေတသိက်များ)။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ် သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးခုတို့ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် ကုန် (ကုသိုလ်, မနောဝိညာဏာဓာတ် ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်၊ မောဟမူဒွေး၌ရှိသော မောဟ၊ သုခုမ ရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၁၀)

၁။ သောတာပတ္တိမဂ် ပယ်သောဟိတ်များမှာ– လောဘမူ ဒိဋ္ဌိဂတသမ္မယုတ်စိတ်၌ ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ရှိသော မောဟတို့ဖြစ်သည်။

၂။ စင်စစ်အားဖြင့် မဂ်သည် ကိလေသာကို ပယ်သည်၊ 'မဂ်သည်'ဟု အဝုတ္တကတ္တားအနက် 'သည်' ဝိဘတ်ဖြင့်သာ ဘာသာပြန် ဆိုရမည်ဖြစ်သည်၊ သို့သော်လည်း မြန်မာပြန်ဆိုရာ၌ အဓိပ္ပါယ်ဖြောင့်၍ ပြေပြစ် နားလည်လွယ်စေရန် အချို့နေရာ၌ 'မဂ်ဖြင့် ကိလေသာတို့ကို ပယ်သည်'ဟု ပြန်ဆိုထားသည်၊ ဤနေရာ၌လည်း 'မဂ်သည် ပယ်အပ်သော ဟိတ်'ဟု ပြန်ဆိုရမည့်အစား 'မဂ်ဖြင့် ပယ်အပ်သော ဟိတ်'ဟု ပြန်ဆိုထားသည်။

♣

(၁၀) အာစယဂါမိတိက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏာဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ (ရောက်စေတတ်သည်လည်း မဟုတ်မူ၍) စုတိပဋိသန္ဓေ ကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်)

ဓာတ်နှစ်ပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏ (လောကီကုသိုလ်၊ အကုသိုလ်၊ ယုဉ်ဘက် စေတသိက်များ)၊ အချို့သော (မနော ဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏ (မဂ်စိတ္တုပ္ပါဒ် များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် စုတိပဋ္ဌိသန္ဓေသို့ ရောက် ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန် (မနောဝိညာဏဓာတ် ဝိပါက်နှင့် ကြိယာ၊ ယုဉ်ဘက်စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ၇–ယောက် တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ၇–ယောက်တို့၏ ဥစ္စာဖြစ်ကုန်၏ (မဂ်စိတ် ၄–ပါး၊ အောက်ဖိုလ် ၃–ပါး၊ ယုဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ် တို့၏ ဥစ္စာဖြစ်ကုန်၏ (အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (ပဉ္စဝိညာဏ ဓာတ်နှင့် မနောဓာတ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၂) ပရိတ္တ[1]တိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် နည်းပါးသော တန်ခိုး အာနုဘော် ရှိသော 'ပရိတ္တတရား' (ကာမတရား) ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နည်းပါးသော တန်ခိုး အာနုဘော်ရှိသော 'ပရိတ္တတရား' (ကာမတရား) ဖြစ်ကုန်၏ (ပဉ္စဝိညာဏဓာတ်နှင့် မနောဓာတ်ကြဉ်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်ကုန်သော 'မဟဂ္ဂုတ်တရား' ဖြစ်ကုန်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော မနှိုင်းယှဉ်အပ်သော 'အပွမာဏ'တရားဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

၁။ ပရိတ္တ= သေးငယ်သော, အားနည်းသောသဘော၊ ကာမာဝစရတရား။

♣

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘောမရှိကုန် (အာရုံမပြု တတ်ချေ)။ (ပဋ္ဌဝိညာဏဓာတ် ၈ါးပါး၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ (ဒွေးပဋ္ဌဝိညာဏ် ၁၀၊ ပဋ္ဌဒွါရာဝဇ္ဇန်း၊ သမ္ပဋ္ဆိုန်းဒွေး)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ (ကြွင်းသော ကာမစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မဟဂ္ဂုတ်တရားကို အာရုံ ပြုကုန်၏ [ဝိညာဏဌာယတနနှင့် နေဝသညာနာသညာယတနစိတ္တုပ္ပါဒ် (ဧကန်)၊ အကုသိုလ်စိတ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေး၊ ယုဉ်ဘက်စေတသိက်များ (အနေကန်)]။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ [လောကုတ္တရာစိတ္တုပ္ပါဒ် (ဧကန်)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာ ကုသိုလ်ဉာဏသမ္ပယုတ်, မဟာကြိယာဉာဏသမ္ပယုတ်, အဘိညာဉ်ဒွေးနှင့်ယုဉ်ဘက်စေတသိက်များ (အနေကန်)]။

တိက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆို အပ်ကုန် (ပညတ်ကို ဧကန်အာရုံပြုသော ရူပါဝစရစိတ် ၁၅–ပါးနှင့် အာကာသာနဉ္စာယတန, အာကိဉ္စညာ ယတန အရူပစိတ် ၆–ပါး၊ ယုဉ်ဘက်စေတသိက်များ၊ ပညတ်ကို အနေကန် အာရုံပြုခိုက် စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၂၂)

---

(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် အလယ်အလတ်တရား 'မဇ္ဈိမတရား' (မယုတ် မမြတ်တရား) ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ယုတ်ညံ့သောတရား 'ဟီနတရား' ဖြစ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အလယ်အလတ်တရား ဖြစ် ကုန်၏ (လောကီကုသိုလ်၊ မနောဝိညာဏဓာတ် ဝိပါက်နှင့် ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ'တရား ဖြစ်ကုန်၏ (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၅) မိစ္ဆတ္တတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် မိစ္ဆတ္တနိယတ၁ သမ္မတ္တနိယတ၂ အခြင်း အရာအားဖြင့် အကျိုးပေး မမြဲကုန် (အနိယတ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကိစ္စတပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးနှင့် ပဋ္ဌာနန္တရိယက် ကျူးလွန်သည့် ဒေါသမူဒွေးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)

ဓာတ်နှစ်ပါးတို့သည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏ (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတ အခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန် (ကြွင်းသော မနောဝိညာဏဓာတ်စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ မိစ္ဆတ္တ= ဖောက်ပြန်မှားယွင်းသော သဘော။ နိယတ= မြဲသော, မြဲခြင်း။ မိစ္ဆတ္တနိယတ= ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ အပါယ်ငရဲသို့ အကျိုးပေး မြဲသောသဘော။
၂။ သမ္မတ္တနိယတ= မဖောက်မပြန်သော သဘောရှိ၍ မဂ်၏ အခြားမဲ့၌ အကျိုးပေးမြဲသော သဘော။

♣

(၁၆) မဂ္ဂါရမ္မဏတိက်အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊) ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း သဘော မရှိကုန် (အာရုံမပြုတတ်ကုန်)။

တိက်မုတ်။ ။ (ပဋ္ဌာဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း, မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ[၁]= အမောဟဟိတ်) ရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝိမံသာဓိပတိ= အမောဟ, သမ္မာဝါယမ= ဝီရိယာဓိပတိ[၂]) ရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မဂ်ကို အာရုံပြုကုန်၏ (ဉာဏ သမ္ပယုတ် မဟာကုသိုလ်, ဉာဏသမ္ပယုတ် မဟာကြိယာ, မနောဒ္ဓါရာဝဇ္ဇန်း, အဘိညာဉ်ဒွေး၊ ၄င်းတို့နှင့် ယှဉ်ဘက်စေတသိက်များ)။ (ဏီ၊ ပဒ–၁၄၂၉) အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ= အမောဟဟိတ်) ရှိကုန်၏ (အမောဟနှင့် ယှဉ်ကုန်၏) (သမ္မာဒိဋ္ဌိ= မည်သော အမောဟ ကြဉ်သည့် မဂ်စိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မဂ်မည်သော အကြီးအမှူး (သမ္မာဒိဋ္ဌိ= ဝိမံသာဓိပတိ= အမောဟ, သမ္မာဝါယာမ= ဝီရိယာဓိပတိ) ရှိကုန်၏ (မဂ်ကို အလေးအမြတ် အာရုံပြုသည့် မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။

တိက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဂ်မည်သော အကြောင်းရင်းဟိတ် (သမ္မာဒိဋ္ဌိ= ဝိမံသ= အမောဟ) ရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်မည်သော အကြီးအမှူး (ဝိမံသာဓိပတိ= သမ္မာဒိဋ္ဌိ= အမောဟ, ဝီရိယာ ဓိပတိ= သမ္မာဝါယမ= ဝီရိယ) ရှိကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ကြွင်းသော မနောဝိညာဏဓာတ် စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၂၉)

၁။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်တရားဖြစ်၍ မဂ်လည်း မည်သည်။ သမ္မာဒိဋ္ဌိ၏ တရားကိုယ်မှာ 'အမောဟ' ဖြစ်သောကြောင့် ဟိတ်တရားလည်း ဖြစ်သည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိသည် မဂ်လည်းမည်၍ ဟိတ်လည်းဖြစ်သည့် 'မဂ္ဂဟေတု'တရား ဖြစ်သည်။

၂။ သမ္မာဒိဋ္ဌိသည် ပညာ, အမောဟ, ဝိမံသတရားများဖြစ်သည်။ အဓိပတိကိစ္စတပ်သည်။ သမ္မာဝါယမသည် မဂ်လည်း ဖြစ်သည်။ ယင်း၏ တရားကိုယ်မှာ အဓိပတိကိစ္စတပ်နိုင်သော ဝီရိယဖြစ်သည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိနှင့် သမ္မာဝါယာမ တို့သည် 'မဂ္ဂါဓိပတိ'တရား၊ ဖြစ်ကုန်သည်။

♣

(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။ ။ အချို့သော (ပသာဒရုပ်ဓာတ် ၅–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး) ဓာတ်ဆယ်ပါးတို့သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏ (ဥပ္ပန္နာ) (ကမ္မဇရုပ်ဖြစ်သော ပသာဒရုပ်ငါးပါး၊ ပဉ္စဝိညာဏ်ငါးပါး)၊ အချို့သော (ပသာဒရုပ်ဓာတ် ငါးပါး၊ ပဉ္စဝိညာဏဓာတ်ငါးပါး) ဓာတ်ဆယ်ပါးတို့သည် မချုတ်ဇကန် ဖြစ်လတ္တံ့ဖြစ်ကုန်၏ (ဥပ္ပါဒိနော) (ကမ္မဇပသာဒရုပ်ငါးပါး၊ ပဉ္စဝိညာဏ်ငါးပါး)၊ အချို့သော (ပသာဒရုပ်ဓာတ်ငါးပါး၊ ပဉ္စဝိညာဏဓာတ်ငါးပါး) ဓာတ်ဆယ်ပါးတို့သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟု မဆိုအပ်ကုန် (အနုပ္ပန္နာ)[2]။ အချို့သော သဒ္ဒဓာတ်သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (ဥပ္ပန္နာ)၊ အချို့သော သဒ္ဒဓာတ်သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (အနုပ္ပန္နာ)၊ အချို့သော သဒ္ဒဓာတ်ကို မချုတ်ဇကန် ဖြစ်လတ္တံ့ဟု မဆိုအပ်ချေ။ အချို့သော (ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ် ၆–ပါးတို့သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏ (ဥပ္ပန္နာ)၊ အချို့သော (ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ် ၆–ပါးတို့သည် ဥပါဒ် ၌ ဘင် ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (အနုပ္ပန္နာ) (အနာဂတ်ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်၊ သဒ္ဒါရုံကြဉ်သော တိဇအာရုံ ၄–ပါး)၊ အချို့သော (ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ် ၆–ပါးတို့သည် မချုတ်ဇကန် ဖြစ်လတ္တံ့ ဖြစ် ကုန်၏ (ဥပ္ပါဒိနော) (အနာဂတ်၌ မချုတ်ဇကန်ဖြစ်မည့် ကမ္မဇဂေါစရရုပ်၊ ဒွေးပဉ္စဝိညာဏ်ကြဉ်သော ဝိပါက် စိတ် ၂၆–ပါး)။ အချို့သော ဓမ္မဓာတ်သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏ (စေတသိက် ၅၂–ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ပြီးသည်လည်း မဟုတ်မူ၍ရောက်ဆဲလည်း မဟုတ်ချေ (အနုပ္ပန္နာ) (အနာဂတ်ဖြစ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၌ ရှိသော စေတသိက်နှင့် တိဇသုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် မချုတ်ဇကန် ဖြစ်လတ္တံ့ဖြစ်၏ (ဥပ္ပါဒိနော) (ဒွေးပဉ္စဝိညာဏ်ကြဉ်သည့် ဝိပါက်စိတ် ၂၆–ပါးနှင့် ယှဉ်သော စေတသိက်များ၊ ကမ္မဇသုခုမရုပ်)။

တိက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဥပါဒ် ၌ ဘင် ခဏသုံးပါးသို့ ရောက်ဆဲဟူ၍လည်းကောင်း ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ဟူ၍လည်းကောင်း မချုတ် ဇကန် ဖြစ်လတ္တံ့ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၃၀)

၁။ ဥပ္ပန္နေ= ဖြစ်ဆဲ ဥပ္ပါဒီ= နောင်ကာလ၌ မချုတ်ဧကန်ဖြစ်လတ္တံ့သဘောရှိသော တရား (ဝိပါက်တရားများ) အနုပ္ပန္နေ= ဖြစ်ပြီးလည်းမဟုတ်၊ ဖြစ်ဆဲလည်းမဟုတ်၊ နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်နိုင်သည့် ဖြစ်ကောင်းဖြစ်မည့် သဘောရှိသော တရားဖြစ်သည့် (ကုသိုလ်၊ အကုသိုလ်၊ ကြိယာ)

♣

(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။ ။ အချို့သော (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် ဖြစ်ပြီးအတိက်တရား ဖြစ် ကုန်၏ (အတီတာ)၊ အချို့သော (ရုပ်ဓာတ်ဆယ်ပါး၊ ပဉ္စဝိညာဏဓာတ်ငါးပါး၊ မနောဓာတ်၊ မနောဝိညာဏ ဓာတ်) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ်တရား ဖြစ်ကုန်၏ (အနာဂတာ)၊ အချို့သော (ရုပ်ဓာတ်ဆယ်ပါး၊ ပဉ္စဝိညာဏဓာတ်ငါးပါး၊ မနောဓာတ်၊ မနောဝိညာဏဓာတ်) ဓာတ် တစ်ဆယ့်ခုနစ်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရား ဖြစ်ကုန်၏ (ပစ္စုပ္ပန္နာ)။ အချို့သော ဓမ္မဓာတ်သည် ဖြစ်ပြီး အတိက်တရား ဖြစ်၏ (အတိက်ဝိညာဏဓာတ်တို့၌ရှိခဲ့သော စေတသိက် ၅၂–ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ် တရားဖြစ်၏၊ အချို့သော ဓမ္မဓာတ်သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရား ဖြစ်၏။

တိက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဖြစ်ပြီးဟူ၍လည်းကောင်း, မရောက်သေး ဖြစ်လတ္တံ့ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၃၁)

---

(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်းသဘောမရှိကုန် (အာရုံမပြုတတ်ချေ) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး) (အနာရမ္မဏာ)။ (ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံ ပြုကုန်၏ (ပစ္စုပ္ပန်အာရုံ ၅–ပါးကို အာရုံပြုသည်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဖြစ်ပြီးအတိက်တရားကို အာရုံ ပြုကုန်၏ [ဝိညာဏဌာယတန၊ နေဝသညာ နာသညာယတနစိတ္တုပ္ပါဒ် (ဧကန်)၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံဧကာဒသ၊ အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ် (အနေကန်) ‘ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ်တရားတို့ကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အနေကန် အာရုံပြုသော စိတ္တုပ္ပါဒ်= အတိက်တရားကို အနေကန် အာရုံပြုစိတ်များပင်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဖြစ်ဆဲ ပစ္စုပ္ပန်တရားကို အာရုံပြု ကုန်၏ (ပစ္စုပ္ပန်တရားကို အနေကန်အာရုံပြုသော စိတ္တုပ္ပါဒ်= အတိက်တရားကို အနေကန် အာရုံပြုစိတ် များပင်)။

တိက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ဖြစ်ပြီးအတိက်တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေးသော (ဖြစ်လတ္တံ့) အနာဂတ်တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲပစ္စုပ္ပန်တရားကို

အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်နှင့် ပညတ် တရားတို့ကို ဧကန်, အနေကန်အာရုံပြုသည့် စိတ်များ၊ ယှဉ်ဘက် စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၃၄)

---

(၂၀) အဗ္ဗတ္တာတိက် အဖြေဝိသဇ္ဇနာ။ ။ အချို့သော ဓာတ် ၁၈–ပါးတို့သည် အတွင်းသန္တာန်၌ ဖြစ်ကုန်၏ (စိတ်၊ စေတသိက်၊ ရုပ်)၊ အချို့သော ဓာတ် ၁၈–ပါးတို့သည် အပသန္တာန်၌ ဖြစ်ကုန်၏ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်)၊ အချို့သော ဓာတ် ၁၈–ပါးတို့သည် အတွင်း အပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်နှစ်ပါးတို့၌ ဖြစ်ကုန်၏ (စိတ်၊ စေတသိက်၊ ရုပ်)။ (ဏီ၊ ပဒ–၁၄၃၅)

---

(၂၁) အဗ္ဗတ္တာရမ္မဏာတိက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် အာရုံ ပြုခြင်းသဘော မရှိကုန် (အာရုံမပြုတတ်ချေ) (အနာရမ္မဏ)။ အချို့သော (ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏၊ အချို့သော (ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏၊ အချို့သော (ပဉ္စဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်ခြောက်ပါးတို့သည် အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်နှစ်ပါး၌ ဖြစ်သော တရားတို့ကို အာရုံပြုကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အတွင်း 'အဗ္ဗတ္တ'သန္တာန်ကို အာရုံပြုကုန်၏ [ဝိညာဏဌာယတန၊ နေဝသညာနာသညာယတနစိတ္တုပ္ပါဒ် (ဧကန်)၊ ဒွေးပဉ္စဝိညာဏ်နှင့် မနောဓာတ်ကြဉ်သော ကာမစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ် (အနေကန်) '၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ [အဘိညာဉ်ဒွေးမှတစ်ပါး ရူပါဝစရစိတ္တုပ္ပါဒ်၊ အာကာသာနဉ္စာယတနစိတ္တုပ္ပါဒ်၊ လောကုတ္တရာစိတ္တုပ္ပါဒ် (ဧကန်)၊ ဒွေးပဉ္စဝိညာဏ်နှင့် မနောဓာတ်ကြဉ်သော ကာမစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ် (အနေကန်) '၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်နှစ်ပါးကို အာရုံပြုကုန်၏ [ဒွေးပဉ္စဝိညာဏ်နှင့် မနောဓာတ်ကြဉ်သော ကာမစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ် (အနေကန်)]။

တိက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အတွင်း 'အဗ္ဗတ္တ'သန္တာန်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နတ္ထိဘောဝပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၃၆၊ ၁၄၃၇)

---

(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။ အဆင်းသဘော 'ရူပဓာတ်'သည် မြင်အပ်သော သဘောလည်းရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)။ (အဆင်းသဘော 'ရူပဓာတ်'ကြဉ်သော ရုပ်ဓာတ် ၉–ပါး) ဓာတ်ကိုးပါးတို့သည် မြင်အပ်သော သဘော မရှိမူ၍

ထိပါးတတ်သော သဘောရှိကုန်၏ (ပသာဒရုပ် ၅–ပါး၊ ရူပါရုံကြဉ်သော အာရုံ ၄–ပါး)။ (ပဋ္ဌိဝိညာဏာဓာတ် ၅–ပါး၊ မနောဓာတ်၊ မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်ရှစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန် (သုခုမရုပ် ၁၆–ပါး၊ စိတ်, စေတသိက်အားလုံး)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု ၍ ဟောကြားအပ်သော 'ပဋ္ဌာဝုစ္ဆက'နည်းပြီး၏။)

(ဓာတ် ၁၈–ပါးတို့ကို တိက်၂၂–ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဋ္ဌာဝုစ္ဆက'နည်းပြီး၏။)

၂–ဒုကဝိသဇ္ဇနာ

(ဓာတ် ၁၈–ပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေ ဝိသဇ္ဇနာကို ပြခြင်း)

(၁–ဟေတုဂေါစ္ဆက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ ၁၈၈။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏာဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် အကြောင်းရင်း 'ဟိတ်'မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် ဟိတ်မည်၏ (ဟိတ် ၆–ပါး= လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်မမည်ချေ (ကြွင်းသော စေတသိက် ၄၆၊ သုခုမ ရုပ်၊ နိဗ္ဗာန်)။

---

(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌိဝိညာဏာဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်)။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဟိတ်ရှိကုန်၏ (မောဟမူဒွေးခ်ဉ် ရှိသော မောဟကြဉ်သော သဟိတ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါး တို့သည် ဟိတ် မရှိကုန် (သန္တီရဏ ၃–ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ယှဉ်ဘက်စေတသိက်များ၊ မောဟမူဒွေးခ်ဉ် ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၃) ဟေတုသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌိဝိညာဏာဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏ (မောဟမူ ဒွေးခ်ဉ် ရှိသော မောဟကြဉ်သော သဟေတုကစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏာဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန် (ပဋ္ဌိဝိညာဏာဓာတ်နှင့် မနောဓာတ်ကြဉ်သော အဟိတ်စိတ္တုပ္ပါဒ်၊ မောဟမူဒွေးခ်ဉ်ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄) ဟေတုသဟေတုကဒုက်အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌာဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ဟိတ်လည်း မည်၍ ဟိတ်လည်းရှိကုန်၏ဟူ၍လည်းကောင်း, ဟိတ်သာရှိ၍ ဟိတ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(ဒုက်မုတ်)။ မနောဝိညာဏဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ဟု မဆိုအပ်ချေ (မနောဝိညာဏ ဓာတ်စိတ်များ)။ အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (သဟေတုကစိတ် ၇၁–ပါး)။ အချို့သော မနောဝိညာဏဓာတ်ကို ဟိတ်သာရှိ၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (သန္တီရဏ ၃–ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။ အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ (မောဟမူဒွေးခ်ဉ်ရှိသော မောဟ ကြဉ်သည့် ဟိတ် ၆–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (သဟိတ်စိတ်ခ်ဉ်ရှိသည့် ဟိတ် ၆–ပါး ကြဉ်သော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ဟူ၍လည်းကောင်း, ဟိတ်သာရှိ၍ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အဟိတ်စိတ်ခ်ဉ်ရှိသော စေတသိက်၊ မောဟ မူဒွေးခ်ဉ် ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၄၈)

---

(၅) ဟေတု ဟေတုသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌာဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဟိတ်နှင့် သာယှဉ်၍ ဟိတ်မမည်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ မနောဝိညာဏဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟု မဆိုအပ်ချေ (မနောဝိညာဏ ဓာတ် စိတ် ၇၆–ပါး)။ အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (သဟိတ်စိတ်)။ အချို့သော မနောဝိညာဏဓာတ်ကို ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟု မဆိုအပ်ချေ (မနောဝိညာဏ ဓာတ် အဟိတ်စိတ်များ= သန္တီရဏ ၃–ပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။ အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ (မောဟမူဒွေးခ်ဉ်ရှိသော မောဟကြဉ်သည့် ဟိတ် ၆–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆–ပါးကြဉ်သည့် သဟိတ်စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း, ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (အဟိတ်စိတ်ခ်ဉ်ရှိသော စေတသိက်များ၊ မောဟမူဒွေးခ်ဉ် ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၆) နဟေတုသဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌာဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိကုန်။ အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ (သဟိတ်စိတ် ၇၁–ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ

(သန္ဓိရဏ ၃–ပါး၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်)။ အချို့သော ဓမ္မဓာတ်သည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆–ပါးကြဉ်သော သဟိတ် စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ်စိတ်၌ ရှိသော စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း, ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (ဟိတ် ၆–ပါး)။ (ဏီ၊ ပဒ–၁၄၅၂)

(ဟေတုဂေါ့ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၂–စူဠန္တရဒုက် ၇–ခု အဖြေဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏) (သပ္ပစ္စယ)။ အချို့သော ဓမ္မဓာတ်သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏) (သပ္ပစ္စယ) (စေတသိက် ၅၂–ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ကြောင့် မဖြစ်ချေ) (အပ္ပစ္စယ) (နိဗ္ဗာန်)။

---

(၈) သခ်ံတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့သည် ပြုပြင်စီမံအပ်သော 'သခ်ံတ'တရားဖြစ်ကုန်၏။ အချို့သော ဓမ္မဓာတ်သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီမံအပ်သော 'သခ်ံတ'တရားဖြစ်ကုန်၏။ (စေတသိက် ၅၂–ပါး၊ သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ ပြုပြင်စီမံ အပ်သော 'သခ်ံတ'တရားမဟုတ်ချေ (အသခ်ံတ) (နိဗ္ဗာန်)။

---

(၉) သနိဒဿနဒုက်အဖြေဝိသဇ္ဇနာ။ ။ အဆင်းသဘော 'ရူပဓာတ်'သည် မြင်အပ်သော သဘောရှိ၏ (သနိဒဿန) (ရူပါရုံ)။ (ရူပဓာတ်ကြဉ်သော ကြွင်းသည့်) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် မြင်အပ်သော သဘောမရှိကုန် (အနိဒဿန)။

---

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် ထိပါးတတ်သော သဘော ရှိကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ (ဝိညာဏဓာတ် ၇–ပါး၊

ဓမ္မဓာတ်) ဓာတ်ရှစ်ပါးတို့သည် ထိပါးတတ်သော သဘောမရှိကုန် (စိတ်၊ စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၁) ရူပိဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် ရုပ်မည်ကုန်၏ (ပသာဒရုပ်ငါးပါး၊ အာရုံငါးပါး)။ (ဝိညာဏဓာတ် ၇–ပါး) ဓာတ်ခုနစ်ပါးတို့သည် ရုပ်မမည်ကုန် (နာမ်မည်၏)။ အချို့သော ဓမ္မဓာတ်သည် ရုပ်မည်၏ (သုခုမရုပ်)၊ အချို့သော ဓမ္မဓာတ်သည် ရုပ်မမည်ချေ (စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်)။

---

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ်၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် လောကဌ် အကျုံးဝင် ကုန်၏ (လောကီတရားဖြစ်ကုန်၏)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် လောကဌ် အကျုံးဝင်ကုန်၏ (လောကီတရားဖြစ်ကုန်၏) (လောကီမနောဝိညာဏဓာတ် စိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် လောကမှ ထွက်မြောက်သော တရားဖြစ်ကုန်၏ (လောကုတ္တရာတရားဖြစ်ကုန်၏) (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

(၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဓာတ် ၁၈–ပါးတို့ကို) တစ်စုံတစ်ခုသော စိတ်ဖြင့် သိအပ်ကုန်၏၊ (ဓာတ်၁၈–ပါးတို့ကို) တစ်စုံတစ်ခုသော စိတ်ဖြင့် မသိအပ်ကုန်[၁]။

(စူဠန္တရဒုက် ၇–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

၁။ အာရုံပြုခိုက်၌ သိနိုင်၍ အာရုံမပြုခိုက်၌ မသိနိုင်ချေ။

♣

(၃–အာသဝဂေါ့ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၁၄) အာသဝဒုက်အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော သဘော 'အာသဝ'မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် အာသဝမည်၏ (လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မဓာတ်သည် အာသဝ မမည်ချေ (ကြွင်းသော စေတသိက် ၄၉–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၅) သာသဝဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏)

အာရုံဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၆) အာသဝသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ် ၁၂–ပါး၊ ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့ဌာ်ရှိသော မောဟကြဉ်သော ယှဉ်ဘက် စေတသိက် များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝနှင့် မယှဉ်ကုန် (ကြင်းသောကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူ, မောဟမူစိတ်တို့ဌာ်ရှိသော မောဟ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၁၇) အာသဝသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည်အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။ မနောဝိညာဏဓာတ်ကို အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောကီ စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ (ဏီ၊ ပဒ–၁၄၇၂) အချို့သော ဓမ္မဓာတ်သည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ (အာသဝတရား ကိုယ်= လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မဓာတ်သည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ချေ (အာသဝတရားကိုယ်ကြဉ်သော လောကီစိတ်တို့ဌာ် ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို အာသဝလည်းမည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ဟူ၍ လည်း ကောင်း၊ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်ဌာ်ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၇၂)

---

(၁၈) အာသဝ အာသဝသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (**ဒုက်မုတ်**) မနောဝိညာဏဓာတ်ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ချေ (အကုသိုလ် စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ဟု မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်)။ (ဏီ၊ ပဒ–၁၄၇၄) အချို့သော ဓမ္မဓာတ်သည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (လောဘမူစိတ်၌ ရှိသော လောဘ, ဒိဋ္ဌိ, မောဟ)၊ အချို့သော ဓမ္မဓာတ်သည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (အာသဝတရား ကိုယ်ကြဉ်သည့် အကုသိုလ်စိတ်၌ ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို အာသဝလည်းမည်၍ အာသဝနှင့်လည်းယှဉ်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒေါသမူ မောဟမူ စိတ်တို့၌ ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၇၄)

---

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ဒေါသမူဒွေးနှင့် မောဟမူ ဒွေးတို့၌ ရှိသော မောဟ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း, အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဟုတ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (အကုသိုလ်စိတ် ၁၂–ပါး၊ ဒေါသမူ ဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။ (ဏီ၊ ပဒ–၁၄၇၆)

(အာသဝဂေါ့ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၄–သညောဇနဂေါ့ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၂၀) သံယောဇနဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) နှောင်ဖွဲ့တွဲယှဉ် တတ်သော သဘော 'သံယောဇဉ်'မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်မည်၏ (သံယောဇဉ်တရားကိုယ်များ)[1]၊ အချို့သော ဓမ္မဓာတ် သည် သံယောဇဉ် မမည်ချေ (ကြွင်းသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ လောဘ, ဒေါသ, မာန, ဒိट္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟ။ (အဘိမ္မာနည်းအတိုင်းသာ တရားကိုယ် ကောက်၍ ပြထားခြင်းဖြစ်သည်)။

♣

(၂၁) သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၂၂) သံယောဇနသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်နှင့်မယှဉ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့်ယှဉ်ကုန်၏ (အကုသိုလ်စိတ် ၁၂–ပါး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသည့် မောဟကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (ဥဒ္ဓစ္စသဟ ဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၃) သံယောဇန သံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့် ခြောက်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်။ မနောဝိညာဏဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ်မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံလည်းဖြစ်၏ (သံယောဇဉ်တရားကိုယ်များ)၊ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ် တရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ဟူ၍လည်းကောင်း သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာ စိတ်၌ရှိသော စေတသိက်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၈၄)

---

(၂၄) သံယောဇနေ သံယောဇနေသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ်၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (**ဒုက်မုတ်**) မနောဝိညာဏဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သောမနောဝိညာဏဓာတ်သည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ချေ (အကုသိုလ်စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟု မဆိုအပ်ချေ (သံယောဇဉ်နှင့်မယှဉ်သော ကုသိုလ်, ဝိပါက်, ကြိယာစိတ်များ)။ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသည့် မောဟကြဉ်သော သံယောဇဉ်တရားကိုယ်များ)၊ အချို့သော ဓမ္မဓာတ်သည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၈၆)

---

(၂၅) သံယောဇနေဝိပွယုတ္တသံယောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ်၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့်မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်များ)။ (ဏီ၊ ပဒ–၁၄၈၈)

(သညောဇနေဂေါ့ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၅–ဂန္ဌဂေါ့ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၂၆) ဂန္ဓဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို သံသရာဝင်္ဆင်းရဲ၌ စုတိပဋိသန္ဓေ၏ အစွမ်း ဖြင့်) ဆက်စပ်ထုံးဖွဲ့တတ်သော သဘော 'ဂန္ဓ'မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် ဂန္ဓမည်၏ (လောဘ၊ ဒေါသ၊ ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဂန္ဓမမည်ချေ (ကြွင်းသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၇) ဂန္ဓနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့သည် ဂန္ဓ၏ (လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓ၏ အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၂၈) ဂန္ဓသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနော ဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဂန္ဓနှင့် (လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြဉ်သော လောဘမူနှင့် ဒေါသမူ စိတ္တုပ္ပါဒ် များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး, ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၂၉) ဂန္ဓ ဂန္ဓနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည် ဂန္ဓ၏အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန်။ မနောဝိညာဏဓာတ်ကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်းဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ဂန္ဓ၏အာရုံသာဖြစ်၍ ဂန္ဓမမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မဓာတ်သည် ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ (ဂန္ဓတရားကိုယ် ၃–ပါး= လောဘ၊ ဒေါသ၊ ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓ မမည်ချေ (ဂန္ဓတရား ကိုယ် ကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဂန္ဓလည်း မည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ဟူ၍လည်းကောင်း၊ ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၉၆)

---

(၃၀) ဂန္ဓ ဂန္ဓသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ဂန္ဓ လည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ (**ဒုက်မုတ်**) မနောဝိညာဏဓာတ်ကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ချေ (လောဘမူ, ဒေါသမူ စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓ မမည်ဟု မဆိုအပ်ချေ (ကြွင်းသော မနောဝိညာဏဓာတ် ဂန္ဓဝိပွယုတ်စိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ဂန္ဓလည်း မည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ (ဒိဋ္ဌဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ်ကြဉ်သော လောဘမူ, ဒေါသမူစိတ်တို့၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေး, ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ ရှိသော စေတသိက်များ၊ ဒိဋ္ဌိဂတဝိပွယုတ်စိတ် ၄–ခု၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ ရှိသော ဒေါသ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၄၉၈)

---

(၃၁) ဂန္ဓဝိပွယုတ္တဂန္ဓနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့သည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပွယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမ ူစိတ္တုပ္ပါဒ်၊ လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဂန္ဓသမ္ပယုတ္တဓမ္မ= ဒိဋ္ဌိဂတဝိပွယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ ရှိသော ဒေါသကြဉ်သော လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်များ)။ (ဏီ၊ ပဒ–၁၅၀၀)

(ဂန္ဓဂေါစ္ဆက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၆–ဩဃဂေါ္ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)**[1]

(၃၂–၃၇)။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) နစ်မြုပ်စေတတ်သော သဘော 'ဩဃ'မည်ကုန်။ပ။

၁။ ** ဩဃဂေါ္ဌကနှင့် ယောဂဂေါ္ဌက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါ္ဌက အဖြေများနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ ချန်ထားသည်၊ ထိုအာသဝဂေါ္ဌကနည်းအတိုင်း ချဲ့ပါလေ။

♣

(၇–ယောဂဂေါ္ဌက ဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)**[1]

(၃၈–၄၃)။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) တုပ်နှောင်ယှဉ်တွဲစေတတ်သော သဘော 'ယောဂ'မည်ကုန်။ပ။

၁။ ** ဩဃဂေါ္ဌကနှင့် ယောဂဂေါ္ဌက အဖြေဝိသဇ္ဇနာများသည် အာသဝဂေါ္ဌက အဖြေများနှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ ချန်ထားသည်၊ ထိုအာသဝဂေါ္ဌကနည်းအတိုင်း ချဲ့ပါလေ။

♣

(၈–နီဝရဏဂေါ္ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် (စျာန် မဂ် ဖိုလ်တို့ကို) ပိတ်ပင်တားဆီးတတ် သော သဘော 'နီဝရဏ' မည်ကုန်။ အချို့သော ဓမ္မဓာတ်သည် နီဝရဏမည်၏ (နီဝရဏတရားကိုယ်ရှစ်ပါး)[1]၊ အချို့သော ဓမ္မဓာတ် သည် နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ်ကြဉ်သော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ နီဝရဏတရားကိုယ် ၈–ပါး= လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ။

♣

(၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ် ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏

(လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏ၏ အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၄၆) နိဝရဏသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် နိဝရဏနှင့် မယှဉ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့် မယှဉ်ကုန် (ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၄၇) နိဝရဏနိဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ကုန်။ မနောဝိညာဏဓာတ်ကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို နိဝရဏ၏အာရုံလည်းဖြစ်၍ နိဝရဏလည်းမမည်ဟု

မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မဓာတ်သည် နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ (နိဝရဏ တရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မဓာတ်သည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ်ကြဉ်သော လောကီစိတ်အားလုံးတို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း, နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၁၀)

---

(၄၈) နိဝရဏ နိဝရဏသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါး တို့ကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့် သာယှဉ်၍ နိဝရဏ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (**ဒုက်မုတ်**) မနောဝိညာဏဓာတ်ကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏ မမည်ချေ (အကုသိုလ် စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို နိဝရဏနှင့်လည်း ယှဉ်၍ နိဝရဏလည်း မမည်ဟု မဆိုအပ်ချေ။ (ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ)။ (ဏီ၊ ပဒ–၁၅၁၂) အချို့သောဓမ္မဓာတ်သည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (နိဝရဏတရားကိုယ် ၈–ပါး)၊ အချို့သော ဓမ္မဓာတ်သည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ် ကြဉ်သော အကုသိုလ် စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း, နိဝရဏနှင့်သာယှဉ်၍ နိဝရဏမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၁၂)

---

(၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့် ခြောက်ပါးတို့ သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း, နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဝရဏသမ္မယုတ္တဓမ္မ= အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ၊ ပဒ–၁၅၁၄)

(နိဝရဏ ဂေါစ္ဆကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။

(၉–ပရာမာသ ဂေါစ္ဆကဒုက် ၅–ခု အဖြေဝိသဇ္ဇနာ)**[1]

(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် မှားသော သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော စေတသိက် ၅၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ ** ပရာမာသ= (ပရ= အခြားတစ်ပါး၊ အမှန်တရားမှတစ်ပါးဖြစ်သော မှားယွင်းမှု။ အာ= လွန်စွာ။ မသ= သုံးသပ်ခြင်း) မှားသော သုံးသပ်ခြင်း၊ မှားယွင်းစွာသုံးသပ်မှု။ (=ဒိဋ္ဌိ)

♣

(၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါး တို့သည် ပရာမာသ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၅၂) ပရာမာသသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန်။ အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး)၊ အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသော စိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္မယုတ် စိတ်၌ ရှိသော စေတသိတ်များ)၊ အချို့သော ဓမ္မဓာတ်သည် ပရာမာသနှင့် မယှဉ်ချေ (ကြွင်းသော စိတ်တို့၌ ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ပရာမာသနှင့် ယှဉ်၏ဟူ၍လည်းကောင်း ပရာမာသနှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ)။ (ဏီ၊ ပဒ–၁၅၂၀)

---

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့ကို ပရာမာသလည်းမည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန်။ မနောဝိညာဏဓာတ်ကို ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟု မဆို အပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မဓာတ်သည် ပရာမသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)၊ အချို့ သော ဓမ္မဓာတ်သည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (ဒိဋ္ဌိကြဉ်သော လောကီ စိတ်တို့၌ရှိသော စေတသိက်၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ပရာမသလည်း မည်၍ ပရာမာသ၏အာရုံလည်း ဖြစ်၏ဟူ၍

လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမသ မမည်ဟူ၍လည်းကောင်း မဆို အပ်ချေ (လောကုတ္တရာစိတ်တို့၌ ရှိသော စေတသိက်၊ နိဗ္ဗာန်)။

---

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့် ခြောက်ပါးတို့ သည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း, ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)။ (ဏီ၊ ပဒ–၁၅၂၄)

(ပရာမာသဂေါစ္ဆကဒုက် ၅–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၁၀–မဟန္တရဒုက် ၁၄–ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန် (အာရုံမပြုတတ်ချေ)။ (ဝိညာဏဓာတ် ၇–ပါး) ဓာတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏ (အာရုံပြုတတ်ကုန်၏) (စိတ် ၈၉–ပါး အားလုံး)။ အချို့သော ဓမ္မဓာတ်သည် အာရုံပြုခြင်းရှိ၏ (အာရုံပြုတတ်၏) (စေတသိက်များ)၊ အချို့သော ဓမ္မဓာတ်သည် အာရုံပြုခြင်း မရှိ (အာရုံမပြုတတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဝိညာဏဓာတ် ၇–ပါး) ဓာတ်ခုနစ်ပါးတို့သည် အာရုံကို သိတတ်သော သဘောရှိသော 'စိတ်'မည်ကုန်၏။ (ရုပ်ဓာတ် ၁၀–ပါး၊ ဓမ္မဓာတ်) ဓာတ်တစ်ဆယ့်တစ်ပါးတို့သည် စိတ်မမည်ကုန် (ရုပ် ၂၈–ပါး၊ စေတသိက် ၅၂–ပါး၊ နိဗ္ဗာန်)။

---

(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် စေတသိက် မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် စေတသိက်မည်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စေတသိက် မမည်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် စိတ်နှင့် မယှဉ်ကုန် (ဩဒ္ဒာရိကရုပ် ၁၂–ပါး)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်ယှဉ်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့် မယှဉ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ (ဝိညာဏဓာတ် ၇–ပါး) ဓာတ်ခုနစ်ပါးတို့ကို စိတ်နှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ စိတ်နှင့်မယှဉ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (စိတ်ကို စိတ်နှင့်ယှဉ်၏ဟူ၍လည်း ကောင်း၊ မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ)။

---

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး) ဓာတ်ဆယ်ပါးတို့သည် စိတ်နှင့် မနီးနှော မရောနှောကုန် (စိတ်နှင့်မယှဉ်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံငါးပါး)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့် နီးနှော၏ (စိတ်နှင့်ယှဉ်၏) (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့် မနီးနှောချေ (သုခုမရုပ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ (ဝိညာဏဓာတ် ၇–ပါး) ဓာတ်ခုနစ်ပါးတို့ကို စိတ်နှင့် နီးနှော ရောနှောကုန်၏ဟူ၍ လည်းကောင်း, စိတ်နှင့် မနီးနှောကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

---

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။ (ပသာဒရုပ်ဓာတ် ၅–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ် တစ်ဆယ့်နှစ်ပါးတို့သည် စိတ်ကြောင့် မဖြစ် ကုန်။ အချို့သော (ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်) ဓာတ် ခြောက်ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏ (စိတ္တဇအာရုံငါးပါး၊ စိတ္တဇသုခုမရုပ်၊ စေတသိက်များ)။ အချို့သော (အာရုံ ၅–ပါး၊ ဓမ္မဓာတ်) ဓာတ်ခြောက်ပါးတို့သည် စိတ်ကြောင့် မဖြစ်ကုန် (စိတ္တဇ မဟုတ်သော အာရုံ ၅–ပါး၊ စိတ္တဇ သုခုမရုပ်မှ ကြွင်းသော တိဇသုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၃၅၊ ၁၅၃၆)

---

(၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် စိတ်နှင့်တကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့် တကွဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂ပါး၊ သုခုမရုပ်ဖြစ်သော ဝိညတ်ဒွေး)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့် တကွမဖြစ် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သော သုခုမရုပ် ၁၄–ပါး၊ နိဗ္ဗာန်)။

---

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် စိတ်သို့ အစဉ် လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်)။ အချို့သော ဓမ္မဓာတ်သည် စိတ်သို့အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက်များ၊ ဝိညတ်ဒွေး)။ အချို့သော ဓမ္မဓာတ်သည် စိတ်သို့အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (ဝိညတ်ဒွေးကြဉ်သော သုခုမရုပ် ၁၄–ပါး၊ နိဗ္ဗာန်)။

---

(၆၃) စိတ္တသံသဋ္ဌ သမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ် တစ်ဆယ့်ခုနစ်ပါးတို့သည် စိတ်နှင့် လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ကုန် (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး၊ စိတ် ၈၉–ပါး)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့် လည်း ဖြစ်၏ (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၄၁၊ ၁၅၄၂).

---

(၆၄) စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါး တို့ သည် စိတ်နှင့် လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်မယှဉ်မူ၍), စိတ်ကြောင့် လည်း မဖြစ်မူ၍, စိတ်နှင့်လည်းတကွ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ကုန်) (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး၊ စိတ် ၈၉–ပါး)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍), စိတ်ကြောင့် လည်း ဖြစ်၍, စိတ်နှင့်လည်း တကွဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍), စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်နှင့်လည်း တကွမဖြစ်ချေ (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၄၃၊ ၁၅၄၄)

---

(၆၅) စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တီဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့်ခုနစ်ပါးတို့သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍), စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့်အတူဖြစ် အတူပျက် မဟုတ်ကုန်)။ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍), စိတ်ကြောင့်လည်း ဖြစ်၍, စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (စေတသိက် ၅၂–ပါး)၊ အချို့သော ဓမ္မဓာတ်သည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍), စိတ်ကြောင့်လည်း မဖြစ်မူ၍, စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန် (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၄၅၊ ၁၅၄၆)

---

(၆၆) အဠတ္တိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ပသာဒရုပ်ဓာတ် ၅–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ် တစ်ဆယ့်နှစ်ပါးတို့သည် အတွင်းသန္တာန်၌ ဖြစ်ကုန်၏၊ (ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်) ဓာတ်ခြောက်ပါးတို့သည် အပ သန္တာန်၌ ဖြစ်ကုန်၏ (အာရုံ ၅–ပါး၊ ဓမ္မဓာတ်ဖြစ်သော စေတသိက်, သုခုမရုပ်, နိဗ္ဗာန်)။

---

(၆၇) ဥပါဒါဒုက်အဖြေဝိသဇ္ဇနာ။ ။ (ဖောဌဗ္ဗဓာတ်ကြဉ်သော ရုပ်ဓာတ် ၉–ပါး) ဓာတ်ကိုးပါးတို့သည် (မဟာဘုတ်ကို) မှီ၍ ဖြစ်ကုန်၏။ (ဖောဌဗ္ဗဓာတ်၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်ရှစ်ပါးတို့သည် (မဟာဘုတ်ကို) မှီ၍ မဖြစ်ကုန်။ အချို့သော ဓမ္မဓာတ်သည် (မဟာဘုတ်ကို) မှီ၍ ဖြစ်၏ (အာပေါကြဉ်သော သုခုမရုပ် ၁၅–ပါး)၊ အချို့သော ဓမ္မဓာတ်သည် (မဟာဘုတ်ကို) မှီ၍ မဖြစ်ချေ (စေတသိက် ၅၂–ပါး၊ အာပေါ၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၅၀)

---

(၆၈) ဥပါဒိဏ္ဍဒုက် အဖြေဝိသဇ္ဇနာ။ ။ (ပသာဒရုပ်ဓာတ် ၅–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး) ဓာတ် ဆယ်ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် ဖြစ်၏) (ကမ္မဇရုပ် ဖြစ်သည့် ပသာဒရုပ် ၅–ပါး၊ ဒွေးပဋ္ဌဝိညာဏ် ၁၀–ပါး)။ သဒ္ဒဓာတ်သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (ကမ္မဇရုပ်မဟုတ်ချေ)။ အချို့သော (မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ သဒ္ဒဓာတ် ကြဉ်သော ရုပ်အာရုံဓာတ် ၄–ပါး) ဓာတ် ၇–ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် ဖြစ်၏) (ဒွေးပဋ္ဌဝိညာဏ်ကြဉ်သော လောကီဝိပါက်စိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ အနေကန် ကမ္မဇရုပ်များ)၊ အချို့သော (မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ သဒ္ဒဓာတ် ကြဉ်သော ရုပ်အာရုံဓာတ် ၄–ပါး) ဓာတ် ၇–ပါးတို့သည် တဏှာဒိဋ္ဌိတို့ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်ချေ) (ကုသိုလ်, အကုသိုလ်, ကြိယာ, ဖိုလ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ကမ္မဇရုပ် ကြဉ်သော တိဇရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၅၂)

(မဟန္တရဒုက် ၁၄–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

၁။ အတိက်ဘဝ လောကီ ကုသိုလ်ကံ, အကုသိုလ်ကံ။

♣

(၁၁–ဥပါဒါနဂေါ့ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနစ်ပါးတို့သည် ပြင်းစွာကပ်ငြိစွဲလမ်းမှုသဘော 'ဥပါဒါန်'မမည်ကုန်။ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန် မည်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော စေတသိက် ၅၀၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၀) ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိ တို့၏) အာရုံ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်၏

(လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ် နှစ်ပါးတို့သည် ဥပါဒါန်၏အာရုံ မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၇၁) ဥပါဒါနသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိ ဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူ စိတ် ၈–ပါးမှ ကြွင်းသော မနောဝိညာဏဓာတ် စိတ် ၆၈–ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ထိုဓာတ်တစ်ဆယ့်ခြောက်ပါး တို့သည်) ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ကုန်။ မနောဝိညာဏဓာတ်ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ (လောကီ စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ဥပါဒါန်၏ အာရုံလည်း ဖြစ်၍ ဥပါဒါန်လည်း မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ, ဒိဋ္ဌိ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီ စိတ်တို့၌ ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၆၀)

---

(၇၃) ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါး တို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန် မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(ဒုက်မုတ်) မနောဝိညာဏဓာတ်ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိနှင့်) သာ ယှဉ်၍ ဥပါဒါန် မမည်ချေ (လောဘမူစိတ် ၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟု မဆိုအပ်ချေ (ဥပါဒါနဝိပွယုတ္တစိတ်= လောဘမူစိတ် ၈–ပါးကြဉ်သော စိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌဂတသမ္မယုတ် စိတ်၌ရှိသော လောဘ, ဒိဋ္ဌ)၊ အချို့သော ဓမ္မဓာတ်သည် ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန် မမည်ချေ (လောဘနှင့် ဒိဋ္ဌကြဉ်သော လောဘမူစိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း, ဥပါဒါန်နှင့်သာယှဉ်၍ ဥပါဒါန် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘမူစိတ်မှ တစ်ပါးသော စိတ်တို့၌ ရှိသော စေတသိက်များ၊ ဒိဋ္ဌဂတဝိပွယုတ်စိတ်၌ရှိသော လောဘ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၆၂)

---

(၇၄) ဥပါဒါနဝိပွယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌဂတဝိပွယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ် ၈–ပါး ကြဉ်သော လောကီ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥပါဒါနသမ္မယုတ်စိတ္တုပ္ပါဒ်= ဒိဋ္ဌဂတဝိပွယုတ်စိတ်၌ရှိသော လောဘကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်)။ (ဏီ၊ ပဒ–၁၅၆၄)

(ဥပါဒါနဂေါစ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၁၂–ကိလေသဂေါစ္ဆက ဒုက် ၈–ခု အဖြေဝိသဇ္ဇနာ)

(၇၅) ကိလေသဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ဝိညာဏဓာတ် ၇–ပါး) ဓာတ်တစ်ဆယ့် ခုနှစ်ပါးတို့သည် သတ္တဝါတို့ကို ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော သဘော 'ကိလေသာ' မမည်ကုန် (ပသာဒရုပ် ၅–ပါး၊ အာရုံ ၅–ပါး၊ စိတ် ၈၉–ပါး)။ အချို့သော ဓမ္မဓာတ်သည် ကိလေသာမည်၏ (ကိလေသာတရားကိုယ် ၁၀–ပါး)[1]၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀–ပါးကြဉ်သော စေတသိက် ၄၂–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

၁။ ကိလေသာ ၁၀–ပါး= လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိट္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ။

♣

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာ၏အာရုံဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကိလေသာတို့သည် မပူပန် စေအပ် မနှိပ်စက်အပ်ကုန် (ကိလေသာနှင့် မယှဉ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်၏ (ကိလေသာနှင့်ယှဉ်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်ကုန် (ကိလေသာနှင့်မယှဉ်) (ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၇၀)

---

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကိလေသာနှင့် မယှဉ်ချေ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့် ယှဉ်ကုန်၏ (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန် (ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၇၂)

---

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့် ခြောက်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ထိုဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည်) ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ။ မနောဝိညာဏဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (လောကီစိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာ၏အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (လောကုတ္တရာစိတ်)။ အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍

ကိလေသာ၏ အာရုံလည်း ဖြစ်၏ (ကိလေသာ တရားကိုယ် ၁၀–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ်ကြဉ်သော လောကီစိတ်၌ရှိသော စေတသိက်များ၊ သုခုမရုပ်)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း, ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကုတ္တရာစိတ်၌ ရှိသော စေတသိက်များ၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၇)

---

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့ကို ကိလေသာလည်းမည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ် နှိပ်စက်အပ်ကုန်၏ဟူ၍လည်း ကောင်း (ကိလေသာနှင့်ယှဉ်၏ဟူ၍လည်းကောင်း)၊ ကိလေသာတို့သည် ပူပန်စေအပ်သည် ဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ မနောဝိညာဏဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့်ယှဉ်၏)ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ချေ (အကုသိုလ်စိတ်)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာ မမည်ဟူ၍ မဆိုအပ်ချေ (ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာတရားကိုယ် ၁၀–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀–ပါးကြဉ်သော အကုသိုလ်စိတ်၌ ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ဟူ၍လည်းကောင်း (ကိလေသာနှင့်ယှဉ်၏ဟူ၍လည်းကောင်း), ကိလေသာ တို့သည် ပူပန်စေအပ်၍ ကိလေသာ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၇)

---

(၈၁) ကိလေသ ကိလေသသမ္ဘယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက် ပါးတို့ကို ကိလေသာ လည်းမည်၍ ကိလေသာနှင့်လည်းယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

ဒုက်မုတ်။ မနောဝိညာဏဓာတ်ကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟု မဆိုအပ်ချေ။ အချို့သော မနောဝိညာဏဓာတ်သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ချေ (အကုသိုလ် စိတ်များ)။

ဒုက်မုတ်။ ။ အချို့သော မနောဝိညာဏဓာတ်ကို ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟု မဆိုအပ်ချေ (ကိလေသဝိပွယုတ္တစိတ်= ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ)။ အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (ကိလေသာ တရားကိုယ် ၁၀–ပါး)၊ အချို့သော ဓမ္မဓာတ်သည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ချေ (ကိလေသာတရားကိုယ် ၁၀–ပါးကြဉ်သည့် အကုသိုလ်စိတ်၌ရှိသော စေတသိက်များ)။

ဒုက်မုတ်။ ။ အချို့သော ဓမ္မဓာတ်သည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍လည်း ကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ကိလေသဝိပွယုတ္တဓမ္မ= ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့၌ရှိသော စေတသိက်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၇၈)

---

(၈၂) ကိလေသဝိပွယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ်၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

ဒုက်မုတ်။ ။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို ကိလေသာနှင့်မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်လည်းမယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ကိလေသသမ္ပယုတ္တဓမ္မ= အကုသိုလ် စိတ္တုပ္ပါဒ်)။ (ဏီ၊ ပဒ–၁၅၈၀)

(ကိလေသဂေါ့ဌက ဒုက် ၈–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၁၃–ပိဋ္ဌိဒုက် ၁၈–ခု အဖြေဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့်) 'ဒဿန'မည်သော သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၈၁, ၁၅၈၂)

---

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို (သောတာပတ္တိမဂ်မြင်ပြီးသည့် နိဗ္ဗာန်ကို ပွားများခြင်းအားဖြင့် တစ်ဖန်ထပ်၍ မြင်သဖြင့်) 'ဘာဝနာ'မည် သော အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ပါး၊ ဒေါသမူဒွေး၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့ကို အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၈၃, ၁၅၈၄)

---

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည် ဒဿနမည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်[၁]မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်)။ (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာစိတ်၌ရှိသော မောဟ၊ ကြွင်းသောစိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၈၅, ၁၅၈၆)

၁။ သောတာပတ္တိမဂ်ပယ်သည့် ဟိတ်များမှာ–လောဘမူ ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး၌ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟတို့သာ ဖြစ်သည်။

♣

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့် ခြောက်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ် မရှိကုန်။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့ ပယ်အပ် သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူဒွေးစိတ္တုပ္ပါဒ်၊ မောဟ ကြဉ်သည့် ဥဒ္ဓစ္စစိတ္တုပ္ပါဒ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အထက် မဂ်သုံးခုတို့ ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့်မယှဉ်ကုန်) (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၈၇, ၁၅၈၈)

---

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး) ဓာတ် တစ်ဆယ့်ငါးပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်)။ မနောဓာတ်သည် ဝိတက်ရှိ၏ (ဝိတက်နှင့်ယှဉ်၏) (ပဋ္ဌဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋ္ဌိစ္ဆိန်းဒွေး)။ အချို့သော

(မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (မနောဓာတ်ကြဉ်သော သဝိတက္ကစိတ် ၅၂–ပါး၊ ဝိတက်ကြဉ်သည့် သဝိတက္ကစိတ် ၅၅–ပါးခ္ခ ရှိသော စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (ကြင်းသော စိတ္တုပ္ပါဒ်များ၊ သဝိတက္ကစိတ် ၅၅–ပါးခ္ခ ရှိသော ဝိတက် ၅၅–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး) ဓာတ်တစ်ဆယ့်ငါးပါးတို့သည်ဝိစာရမရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်)။ မနောဓာတ်သည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေး)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိစာရရှိကုန်၏ (ဝိစာရနှင့် ယှဉ်ကုန်၏) (မနောဓာတ်ကြဉ်သော သဝိစာရစိတ် ၆၃–ပါး၊ ဝိစာရကြဉ်သည့် သဝိစာရစိတ် ၆၆–ပါးခ္ခ ရှိသော စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (ကြင်းသော စိတ္တုပ္ပါဒ်၊ သဝိစာရစိတ်ခ္ခ ရှိသော ဝိစာရ ၆၆–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၉၂)

---

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ပီတိ မရှိကုန် (ပီတိနှင့် မယှဉ်ကုန်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁–ပါး၊ ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနော ဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိ မရှိကုန် (ပီတိနှင့်မယှဉ်ကုန်) (ကြင်းသောစိတ္တုပ္ပါဒ်၊ သပ္ပီတိကစိတ် ၅၁–ပါးခ္ခ ရှိသော ပီတိ ၅၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် ပီတိ နှင့် တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (သပ္ပီတိကစိတ် ၅၁–ပါး၊ ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့်မယှဉ်ကုန်) (ကြင်းသော စိတ္တုပ္ပါဒ်၊ သပ္ပီတိကစိတ် ၅၁–ပါးခ္ခ ရှိသော ပီတိ ၅၁–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၉၆)

---

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ စက္ခုဝိညာဏဓာတ်, သောတ ဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏ ဓာတ်တည်းဟူသော စတုဝိညာဏ ဓာတ် ၄–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ငါးပါးတို့သည် သုခ ဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့် မယှဉ်ချေ)။ အချို့သော (ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်)

ဓာတ်သုံးပါးတို့သည် သုခ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့်ယှဉ်ကုန်၏) (သုခသဟဂုတ်စိတ် ၆၃–ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက် စေတသိက်များ)၊ အချို့သော (ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်သုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခဝေဒနာနှင့်မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခသဟဂုတ်စိတ် ၆၃–ပါး၌ ရှိသော သုခဝေဒနာ ၆၃–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၅၉၈)

၁။ သုခသဟဂုတ်စိတ်တို့ကို ရေတွက်ရာ၌ သောမနဿဝေဒနာ သုခဝေဒနာတို့နှင့် ယှဉ်သည့်စိတ်အားလုံးကို ရေတွက်ထားသည်။

♣

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ကာယဝိညာဏဓာတ်) ဓာတ် တစ်ဆယ့်တစ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်)။ (ကာယဝိညာဏဓာတ်ကြဉ်သည့် စတုဝိညာဏဓာတ် ၄–ပါး၊ မနောဓာတ်) ဓာတ်ငါးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏) (စက္ခု၊ သောတ, ဃာန, ဇိဝှါဝိညာဏဓာတ် ၄–ပါးနှင့် မနော ဓာတ်ကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၄–ပါး၊ ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်များ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး၌ရှိသော ဥပေက္ခာ ဝေဒနာ ၅၅–ပါး၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၆၀၀)

---

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သော ကာမဘုံ၌ သက်ဝင်၍ဖြစ်သော 'ကာမတရား' ဖြစ်ကုန်၏ (ကာမာဝစရမည်၏)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သော ကာမတရား ဖြစ်ကုန်၏ (ကာမာဝစရ မည်၏) (ဒွေးပဉ္စဝိညာဏ်တစ်ဆယ်နှင့် မနောဓာတ် ကြဉ်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါး တို့သည် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော ကာမာဝစရတရား မဟုတ်ကုန် (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်၊ လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၆၀၂)

---

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဉ္စဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန် (ရူပါစရ မမည်ကုန်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ရူပတဏှာ၏

ကျင်လည်ရာ ဖြစ်သော ရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'ရူပါဝစရ' ဖြစ်ကုန်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော (မနော ဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန် (ကာမ, အရူပ, လောကုတ္တရာစိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အရူပတဏှာ၏ ကျင်လည် ရာ မဖြစ်ကုန် (အရူပါဝစရ မမည်ချေ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အရူပတဏှာ၏ ကျင်လည်ရာ ဖြစ်သော အရူပဘုံ၌ သက်ဝင်၍ဖြစ်သော 'အရူပါဝစရတရား' ဖြစ်ကုန်၏ (အရူပါဝစရစိတ္တုပ္ပါဒ်များ)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အရူပတဏှာ၏ ကျင်လည်ရာ့မဖြစ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်များ၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်ကုန်၏ (ပရိယာပန္နာ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်ကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သော 'နိယျာနိက'တရား မဟုတ်ကုန် (အနိယျာနိက)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေ တတ်သော 'နိယျာနိက'တရား ဖြစ်ကုန်၏ (နိယျာနိက) (မဂ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏ ဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော 'နိယျာနိက'တရား မဟုတ်ကုန် (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

---

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ် တစ်ဆယ့်ခြောက်ပါးတို့သည် မိစ္ဆတ္တနိယတနှင့် သမ္မတ္တနိယတ မဟုတ်ကုန် (အနိယတ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကျိုးပေး မြဲကုန်၏ (နိယတ) (နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိတည်းဟူသော နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌဂတ သမ္ပယုတ်စိတ်၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဋ္ဌာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေးတို့၏ သတ္တမဇော စိတ္တုပ္ပါဒ်၊ မဂ်စိတ္တုပ္ပါဒ်)။

အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် အကျိုးပေး မမြဲကုန် (အနိယတ)[၂] (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။ (ဏီ၊ ပဒ–၁၆၁၁, ၁၆၁၂)

၁။ မိစ္ဆတ္တတိုက်ကြည့်။
၂။ 'အနိယတ'ပုဒ်၌ (၁) အကျိုးမပေးသော တရားများနှင့် (၂) အကျိုးပေးရာ၌ အကြောင်းသင့် အခွင့်သာသောအခါများ၌သာ အကျိုးပေးနိုင်၍ ဧကန်အကျိုးပေးသည်ဟု မဆိုနိုင်သော တရားများ အကျုံးဝင်သည်။

♣

(၉၉) သဉ္ဇတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ မနောဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိကုန်၏။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရား ရှိကုန်၏ (လောကီစိတ္တုပ္ပါဒ်၊ သုခုမရုပ်)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိကုန် (လောကုတ္တရာစိတ္တုပ္ပါဒ်၊ နိဗ္ဗာန်)။

---

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။ (ရုပ်ဓာတ် ၁၀–ပါး၊ ပဋ္ဌဝိညာဏဓာတ် ၅–ပါး၊ ဓမ္မဓာတ်) ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ငိုကြွေးကြောင်း 'ရဏ'ဟု ဆိုအပ် သော ကိလေသာ မရှိကုန် (ကိလေသာနှင့် မယှဉ်ကုန်) (အရဏ)။ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ငိုကြွေးကြောင်း 'ရဏ'ဟု ဆိုအပ်သော ရာဂစသော ကိလေသာ ရှိကုန်၏ (ကိလေသာနှင့် ယှဉ်ကုန်၏) (အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော (မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်) ဓာတ်နှစ်ပါးတို့သည် ငိုကြွေးကြောင်း 'ရဏ'ဟု ဆိုအပ် သော ရာဂစသော ကိလေသာ မရှိကုန် (ကိလေသာနှင့် မယှဉ်ကုန်) (ကြွင်းသော စိတ္တုပ္ပါဒ်၊ သုခုမရုပ်၊ နိဗ္ဗာန်)။

(ဝိဋ္ဌဒုက် ၁၈–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(ဒုက ပဋ္ဌာဝုစ္ဆကနည်း ပြီး၏။)

(ဓာတ် ၁၈–ပါးတို့ကို ဒုက် ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြသော

'ပဋ္ဌာဝုစ္ဆက'နည်း ပြီး၏။)

ဓာတ် ၁၈–ပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေး အဖြေပြု ၍ ဟောကြားအပ်သော 'ပဋ္ဌာဝုစ္ဆက'နည်း ပြီး၏။

မိမိ၏ ရှိရင်းသဘောကို ဆောင်ထားမှု 'ဓာတ်'၁၈–ပါးတို့ကို ဝေဖန်၍ ဟောကြားအပ်သော 'ဓာတုဝိဘင်း'ပြီးပြီ။

ဓာတုဝိဘင်္ဂေါနိဒ္ဒေသော။

၄–သစ္စဝိဘင်္ဂ

(အမှန်သဘော 'သစ္စာ'တို့ကို ဝေဖန်၍ပြသော သစ္စဝိဘင်း)

၁–သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

အရိယသစ္စာလေးပါး

၁၈၉။ ။ မဂ်ဖိုလ်ကို ရ၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ'လေးပါးတို့ကား–

(၁) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲမှု 'ဒုက္ခအရိယသစ္စာ'။

(၂) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲမှု ဖြစ်ပွားကြောင်း 'ဒုက္ခသမุဒယအရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲချုပ်မှု 'ဒုက္ခနိရောဓအရိယသစ္စာ'။

(၄) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါအရိယသစ္စာ'တို့တည်း။

၁။ အရိယ= မဂ်ဖိုလ်ရသူ၊ ကိလေသာတို့မှ စင်ကြယ်သူ၊ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်၍ မြင့်မြတ်သူ။ = ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစေတတ်သော သဘော (အဘိ၊ ဋ္ဌ၊ ၁၊ နာ–၃၈၄)။

♣

၁–ဒုက္ခအရိယသစ္စာ

(အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုအမှန်သဘော)

ဒုက္ခအရိယသစ္စာ ၁၂–မျိုး ၁၉၀။ ထိုအရိယသစ္စာ ၄–မျိုးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခအရိယသစ္စာ' မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း) သည်လည်း ဆင်းရဲ၏။ အိုခြင်း 'ဇရာ'သည်လည်း ဆင်းရဲ၏။ သေခြင်း 'မရဏ'သည်လည်း ဆင်းရဲ၏။ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေး ပူဆွေး မြည်တမ်းခြင်း 'ပရိဝေဒ'၊ (ကိုယ်) ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူဆွေး ပင်ပန်း ပူလောင်ခြင်း

'ဥပါယာသ'တို့သည်လည်း ဆင်းရဲကုန်၏။ မချစ်မနှစ်သက်အပ်သည်တို့နှင့် အတူယှဉ်တွဲ ပေါင်းဖော်နေရခြင်းသည် ဆင်းရဲ၏။ ချစ်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည် ဆင်းရဲ၏။ အကြင် အလိုရှိအပ်သည်ကိုလည်း မရ၊ ထိုမရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းချုပ်အားဖြင့် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ခန္ဓာငါးပါး၁ တို့သည် ဆင်းရဲကုန်၏။

၁။ ဥပါဒါနကွန္ဓာ ၅-ပါး= လောကီနာမ်ခန္ဓာ ၄-ပါး၊ ရုပ်ခန္ဓာ ၁-ပါး။ (လောကီစိတ်, စေတသိက်, ရုပ်)

♣

(၁) ဇာတိ ၁၉၁။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် (ဘဝသစ်၌ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း) မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်းအဖွဲ့၌ (ထိုထိုသတ္တဝါတို့ဖြစ်ရာဘုံဘဝ၌) အကြင် ဖြစ်ပေါ်ခြင်း 'ဇာတိ'၊ ကောင်းစွာ (ပြည့်စုံစွာ) ဖြစ်ပေါ်ခြင်း 'သဉ္ဇာတိ'၊ (အမိဝမ်းတွင်း, ဥဉ်ခွံတွင်းသို့) ဝင်ရောက် သက်ရောက်ခြင်း 'သြက္ကန္တိ'၊ အသစ်ဖြစ်ပေါ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ်ခြင်း 'ခန္ဓပါတုဘာဝ'၊ စိတ်စေတသိက်တို့ ဖြစ်ရာ ဖြစ်ကြောင်း 'အာယတန'တို့ကို တစ်ဖန်ရခြင်းသည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို (ဘဝသစ်၌ ရုပ်နာမ်တို့၏ တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း)ဟု ဆိုအပ်၏။

(၂) ဇရာ ၁၉၂။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုဘဝ၌ (ထိုထိုသတ္တဝါတို့၏ နေရာဘုံ၊ ထိုထိုသတ္တဝါတို့၏ ဘဝ၌) ထိုထိုသတ္တဝါအစုအပေါင်းအဖွဲ့၌ အကြင် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'၊ အကြင် အိုမင်းရင့်ရော်ပုံ အခြင်းအရာ 'ဇီရဏတာ'၊ အကြင်သွားကျိုးခြင်း 'ခဏ္ဍိစ္စ'၊ အကြင် ဆံပင်ဖြူခြင်း 'ပါလိစ္စ'၊ အကြင် အရေတွန့်ခြင်း 'ဝလိတ္တစ တာ'၊ အကြင်အသက် ဆုတ်ယုတ်ခြင်း 'အာယုနော သံဟာနိ'၊ အကြင် (မျက်စိ နားစသော) ဣန္ဒြေတို့၏ ရင့်ရော် (ယိုယွင်း) ခြင်း 'ဣန္ဒြိယပရိပါက'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'ဟု ဆိုအပ်၏။

(၃) မရဏ ၁၉၃။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအစုအပေါင်းအဖွဲ့မှ (ထိုထိုသတ္တဝါအဖြစ်မှ) အကြင် ရွှေ့လျောခြင်း 'စုတိ'၊ အကြင် ရွှေ့လျောသော အခြင်းအရာ 'စဝနတာ'၊ အကြင် ပျက်စီးခြင်း 'ဘေဒ'၊ အကြင် ကွယ်ပျောက်ခြင်း 'အန္တရဓာန၊ အကြင် သေဆုံးခြင်း 'မစ္စု'၊ အကြင် အသက်ကို စွန့်ခြင်း 'မရဏ'၊ (အသက်ရှင်ခြင်း၏) အကြင်အဆုံးစွန်သောအခါကို ပြုခြင်း 'ကာလကိရိယာ'၊ အကြင်ခန္ဓာတို့၏ ပျက်စီးခြင်း 'ခန္ဓဘေဒ'၊ ခန္ဓာကိုယ်အကောင်ကို ပစ်ချခြင်း (အသုဘ အသေကောင်ကို မသာချခြင်း) 'ကဠေဝရနိက္ခေပ'၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်း

(အသက်၏ပြတ်စဲခြင်း) 'ဧဝိတိန္ဒြိယ ဥပစ္ဆေဒ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို သေခြင်း 'မရဏ'ဟု ဆိုအပ်၏။

---

(၄) သောက ၁၉၄။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် စိုးရိမ်ပူဆွေးခြင်း 'သောက' မည်သနည်း။

ဆွေမျိုး ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'သီလဗျသန'၊ အယူ (၀ါဒ) ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း (မိစ္ဆာဒိဋ္ဌိအယူ ရှိသူ၏လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတစ်ခုခုနှင့် ပြည့်စုံသူ၏လည်းကောင်း, (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏လည်းကောင်း)၊ ဆင်းရဲမှု သဘောတစ်ခုခုနှင့် တွေ့သူ၏လည်းကောင်း အကြင် စိုးရိမ်ပူဆွေးခြင်း 'သောက'၊ အကြင် စိုးရိမ်သော အခြင်းအရာ 'သောစနာ'၊ အကြင် စိုးရိမ်သူ၏အဖြစ် 'သောစိတတ္တं'၊ အကြင် အတွင်း၌ ပူဆွေးခြင်း 'အန္တောသောက'၊ အကြင် အတွင်း၌ လွန်စွာပူပန်ခြင်း 'အန္တောပရိသောက'၊ အကြင် စိတ်ပူလောင်ခြင်း (မှိုင်တွေခြင်း) 'စေတသော ပရိဒ္ဓါယန'၊ အကြင် စိတ်ဆင်းရဲခြင်း (စိတ်နှလုံးမသာယာခြင်း) 'ဒေါမနဿ'၊ အကြင် စိုးရိမ်မှု စူးဝင်ခြင်း (သောကဟူသောငြောင့်) 'သောကသလ္လ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို စိုးရိမ်ပူဆွေးခြင်း 'သောက'ဟု ဆိုအပ်၏။

(၅) ပရိဒေ ၁၉၅။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေ' မည်သနည်း။

ဆွေမျိုး ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'သီလဗျသန'၊ အယူဝါဒပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း (မိစ္ဆာဒိဋ္ဌိအယူ ရှိသူ၏လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတစ်ခုခုနှင့် ပြည့်စုံသူ၏လည်းကောင်း (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏လည်းကောင်း)၊ ဆင်းရဲမှု သဘောတစ်ခုခုနှင့် တွေ့သူ၏လည်းကောင်း အကြင် လွန်စွာ ငိုကြွေးမြည်တမ်းခြင်း (တစ်စုံတစ်ဦးကို ရည်ညွှန်းထုတ်ဖော်ခေါ်ဝေါ်၍ ငိုကြွေးမြည်တမ်းခြင်း) 'အာဒေ'၊ အလွန်ပြင်းစွာ ငိုကြွေးခြင်း (ဂုဏ် ကျေးဇူးကို ဖွဲ့နွဲ့၍ လှိုက်လှိုက်လှဲလှဲ ငိုကြွေးမြည်တမ်းခြင်း) 'ပရိဒေ'၊ လွန်စွာ ငိုကြွေးသော အခြင်း အရာ 'အာဒေဝနာ'၊ အလွန်ပြင်းစွာ ငိုးကြွေးသော အခြင်းအရာ 'ပရိဒေဝနာ'၊ လွန်စွာ ငိုကြွေးသူ၏အဖြစ် 'အာဒေဝိတတ္တं'၊ အလွန်ပြင်းစွာ ငိုကြွေးသူ၏အဖြစ် 'ပရိဒေဝိတတ္တं'၊ ဆိုမြည်တမ်းခြင်း 'ဝါစာ'၊ အချည်းနှီး အကျိုးမရှိ ငိုယိုဆိုမြည်တမ်းခြင်း 'ပလာပ'[6]၊ ဖောက်ဖောက်ပြန်ပြန် ငိုယိုဆိုမြည်တမ်းခြင်း 'ဝိပ္ပလာပ'[7]၊ အဖန်ဖန် အထပ်ထပ် ငိုယိုမြည်တမ်းခြင်း 'လာလပ'၊ အဖန်ဖန် အထပ်ထပ် ငိုယိုဆိုမြည်တမ်းသော အခြင်းအရာ 'လာလပနာ'၊ အဖန်ဖန်အထပ်ထပ် ငိုယိုဆိုမြည်တမ်းသူ၏အဖြစ် 'လာလပိတတ္တं'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေ'ဟု ဆိုအပ်၏။

(၆) ဒုက္ခ ၁၉၆။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

အကြင် ကိုယ်၌ဖြစ်သော မသာယာခြင်း 'ကာယိက အသာတ'၊ အကြင် ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း 'ကာယိကဒုက္ခ'၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာခြင်းကို ခံစားမှု 'ကာယသမ္ဖဿဇ အသာတံ ဝေဒယိတံ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇ ဒုက္ခံ ဝေဒယိတံ'၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇာ အသာတာ ဝေဒနာ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇာ ဒုက္ခာ ဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ဆင်းရဲမှု 'ဒုက္ခ'ဟု ဆိုအပ်၏။

(၇) ဒေါမနဿ ၁၉၇။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ဖြစ်သော မသာယာခြင်း 'စေတသိကံ အသာတံ'၊ အကြင် စိတ်၌ဖြစ်သော ဆင်းရဲခြင်း 'စေတသိကံ ဒုက္ခံ'၊ အကြင် စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတော သမ္ဖဿဇ အသာတံ ဝေဒယိတံ'၊ အကြင် (စိတ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတော သမ္ဖဿဇ ဒုက္ခံဝေဒယိတံ'၊ အကြင်စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတော သမ္ဖဿဇာ အသာတာ ဝေဒနာ'၊ အကြင် (စိတ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတော သမ္ဖဿဇာဒုက္ခာဝေဒနာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသောသဘောကို စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်၏။

(၈) ဥပါယာသ ၁၉၈။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'သီလဗျသန'၊ အယူဝါဒပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း (မိစ္ဆာဒိဋ္ဌိအယူရှိသူ၏လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတစ်ခုခုနှင့် ပြည့်စုံသူ၏လည်းကောင်း (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏လည်းကောင်း)၊ တစ်ခုခုသော ဆင်းရဲမှုသဘော (ဆင်းရဲမှုအခြင်းအရာတစ်ခုခု) နှင့် တွေ့သူ၏လည်းကောင်း အကြင်လွန်စွာ ပူလောင် ပင်ပန်းခြင်း 'အာယာသ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'၊ အကြင် လွန်စွာ ပူလောင်ပင်ပန်းသူ၏အဖြစ် 'အာယာသိတတ္တံ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင် ပင်ပန်းသူ၏အဖြစ် 'ဥပါယာသိတတ္တံ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'ဟု ဆိုအပ်၏။

၁။ သတိကင်းလွတ်လျက် မပြောသင့် မဆိုသင့်သော စကားတို့ကို ပရမ်းပတာ ဆိုမြည်တမ်းကာ ငိုယိုခြင်း။

၂။ သူရူးပမာ ဝါကျဆုံးအောင်မှ မပြောဆိုနိုင်ဘဲ အဆက်အစပ်မရှိ တစ်ခုပြီးတစ်ခု ယောင်ယမ်းမြည်တမ်းကာ ငိုယိုခြင်း။

♣

(၉) အပ္ပိယသမ္ပယောဂဒုက္ခ ၁၉၉။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် မချစ်မနှစ်သက် အပ်သည်တို့နှင့်အတူ ယှဉ်တွဲ ပေါင်းဖော်နေရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'အပ္ပိယသမ္ပယောဂဒုက္ခ' မည်သနည်း။

ဤလောကဌ် အလိုမရှိအပ် 'အနိဋ္ဌ'၊ မနှစ်သက်အပ် 'အကန္တ'၊ နှလုံးကို မပွားစေတတ် မြတ်နိုး အပ် 'အမနာပ' ဖြစ်ကုန်သော ထိုအဆင်း 'ရူပါရုံ'၊ ထိုအသံ 'သဒ္ဒါရုံ'၊ ထိုအနံ့ 'ဂန္ဓာရုံ'၊ ထိုအရသာ 'ရသာရုံ'၊ ထိုအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် အကြင်သူအား ဖြစ်ကုန်၏။ တစ်နည်းကား–အကြင်သူတို့သည် ထိုသူ၏ အကျိုးမဲ့ကို အလိုရှိကုန်၏ (အနတ္ထကာမာ)၊ စီးပွားမဲ့ကို အလိုရှိကုန်၏ (အဟိတကာမာ)၊ ချမ်းသာမဲ့ကို အလိုရှိကုန်၏ (အဖာသုကကာမာ)၊ ဝဋ္ဋဆင်းရဲ၌ ယှဉ်တွဲတတ်သည့် ယောဂလေးပါးတို့မှ မလွတ်မြောက်သည်ကို အလိုရှိကုန်၏ (အယောဂကွေမကာမာ)။ ထို (မချစ်မနှစ်သက်အပ်သော) အာရုံ, ထို (မချစ်မနှစ်သက်အပ်သော) သူတို့နှင့် အကြင် တွေ့ဆုံ ရခြင်း 'သင်္ဂတိ'၊ အကြင် အတူစည်းဝေးပေါင်းဆုံရခြင်း 'သမာဂမ'၊ အကြင်အတူ ပေါင်းဖော်နေထိုင် ရခြင်း 'သမောဓာန'၊ အကြင် တစ်ပေါင်းတည်း ရောနှောခြင်း 'မိဿီဘာဝ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မချစ်မနှစ်သက်အပ်သည်တို့နှင့် အတူ ယှဉ်တွဲ ပေါင်းဖော်နေရခြင်း ကြောင့်ဖြစ်သော ဆင်းရဲမှု 'အပ္ပိယသမ္ပယောဂဒုက္ခ'ဟု ဆိုအပ်၏။

(၁၀) ပိယဝိပ္ပယောဂဒုက္ခ ၂၀၀။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် ချစ်ခင်နှစ်သက် အပ်သည်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ပိယဝိပ္ပယောဂဒုက္ခ' မည်သနည်း။

ဤလောကဌ် အလိုရှိအပ် 'ဣဋ္ဌ'၊ နှစ်သက်အပ် 'ကန္တ'၊ နှလုံးကို ပွားစေတတ် မြတ်နိုးအပ် 'မနာပ' ဖြစ်ကုန်သော ထိုအဆင်း 'ရူပါရုံ'၊ ထိုအသံ 'သဒ္ဒါရုံ'၊ ထိုအနံ့ 'ဂန္ဓာရုံ'၊ ထိုအရသာ 'ရသာရုံ'၊ ထိုအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည် အကြင်သူအား ဖြစ်ကုန်၏။ တစ်နည်းကား–အကြင် အမိသည်လည်းကောင်း (မာတာ)၊ အကြင် အဖသည်လည်းကောင်း (ပိတာ)၊ အကြင် ညီ, အစ်ကိုသည်လည်းကောင်း (ဘာတာ)၊ အကြင် အစ်မ, ညီမသည်လည်းကောင်း (ဘဂိနီ)၊ အကြင် မိတ်ဆွေတို့သည်လည်းကောင်း (မိတ္တာ)၊ အကြင်အပေါင်းအဖော်တို့သည်လည်းကောင်း (အမစ္စ)၊ အကြင် ဆွေမျိုးတို့သည်လည်းကောင်း (ဉာတိ)၊ အကြင် ဆွေမျိုး သွေးချင်းသားချင်းတို့သည်လည်း ကောင်း (သာလောဟိတ)၊ ထိုသူ၏ အကျိုးကို အလိုရှိကုန်၏ (အတ္ထကာမ)၊ စီးပွားကို အလို ရှိကုန်၏ (ဟိတကာမ)၊ ချမ်းသာကို အလိုရှိကုန်၏ (ဖာသုကကာမ)၊ ဝဋ္ဋဆင်းရဲ၌ ယှဉ်တွဲစေတတ်သည့် ယောဂ လေးပါးတို့မှ လွတ်မြောက်သည်ကို အလိုရှိကုန်၏ (ယောဂကွေမကာမ)။ ထိုချစ်ခင်နှစ်သက်အပ်သော အာရုံ, ထိုချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် အကြင်အတူ မတွေ့ဆုံ ရခြင်း 'အသင်္ဂတိ'၊ အကြင်အတူတကွ မစည်းဝေး မပေါင်းဆုံရခြင်း 'အသမာဂမ'၊ အကြင်အတူတကွ မပေါင်းဖော် မနေထိုင်ရခြင်း 'အသမောဓာန'၊ အကြင်တစ်ပေါင်းတည်း မရောနှောရခြင်း 'အမိဿီဘာဝ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို ချစ်ခင်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာကွေကွင်းရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ပိယဝိပ္ပယောဂဒုက္ခ'ဟု ဆိုအပ်၏။

---

(၁၁) ဣ ဆိတ အလာဘဒုက္ခ ၂၀၁။ ထိုဒုက္ခအရိယသစ္စာ ၁၂–မျိုးတို့တွင် အဘယ်သည် အလိုရှိအပ် သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣ ဆိတအလာဘဒုက္ခ' မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ'သဘောရှိသော သတ္တဝါတို့အား "ငါတို့မှာ (ဘဝသစ်၌ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ'သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစု၊ ငါတို့အား (ဘဝသစ်၌ ရုပ်နာမ်တို့ တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ'သဘော မရောက်လာပါမူ ကောင်းလေစု"ဟု ဤသို့သော လိုချင်တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင် တောင့်တငြားသော်လည်း ဤဇာတိ မဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ။ ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣ ဆိတ အ လာ ဘ ဒုက္ခ'ဟု ဆိုအပ်၏။ အိုခြင်းသဘော 'ဇရာဓမ္မ'ရှိကုန်သော သတ္တဝါတို့အား။ပ။ နာခြင်းသဘော 'ဗျာဓိဓမ္မ'ရှိကုန်သော သတ္တဝါတို့အား။ပ။ သေခြင်းသဘော 'မရဏဓမ္မ'ရှိကုန်သော သတ္တဝါတို့အား။ပ။ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့မှာ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ် ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစု၊ ငါတို့အား စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေး မြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'သဘောတို့ မရောက်လာကြပါမူ ကောင်းလေစု'ဟု ဤသို့ သော လိုချင်တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင်တောင့်တငြားသော်လည်း ဤစိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း စသည်တို့ မဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ။ ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ဣ ဆိတ အ လာ ဘ ဒုက္ခ'ဟု ဆိုအပ်၏။

(၁၂) ပဉ္စုပါဒါနက္ခန္ဓဒုက္ခ ၂၀၂။ ထိုဒုက္ခအရိယသစ္စာ ၁၂–ပါးတို့တွင် အဘယ်တို့သည် အကျဉ်း အားဖြင့် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓ ဒုက္ခ'တို့ မည်ကုန်သနည်း။

ထိုဥပါဒါနက္ခန္ဓာငါးပါးတို့ကား အဘယ်တို့နည်း။

ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ရုပ်အစု 'ရူပက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံ ဖြစ်သော ပြုပြင် စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော သိမှုအစု 'ဝိညာဏက္ခန္ဓာ'တို့တည်း (လောကီတရားများ)။ ဤငါးပါးတို့ကို အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓာ'တို့ဟု ဆိုအပ်ကုန်၏။ ဤဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်ဆင်းရဲမှု 'ဒုက္ခအရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခအရိယသစ္စာ ပြီး၏)။

၁။ လိုချင်တောင့်တကာမျှဖြင့် မရနိုင် မရောက်နိုင်၊ မဂ္ဂဘာဝနာပွားမှသာ ရောက်နိုင် ရနိုင်သည်။
(သမ္မောဟဝိနောဒနီ၊ နှာ–၁၀၂)

♣

၂–သမုဒယ အရိယသစ္စာ

(အရိယာတို့ ထိုးထွင်းရှာသိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော)

၂၀၃။ ထိုအရိယသစ္စာ ၄–ပါးတို့တွင် အဘယ်သည် မဂ်ဖိုလ်ကို ရရှိ ဖြူစင် မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲမှု ဖြစ်ပွားကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ အရိယသစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'သည် တစ်ဖန် ဘဝသစ်၌ ဖြစ်စေတတ်၏ 'ပေါနောဘဝိကာ'၊ နှစ်သက်, တပ်မက်ခြင်းနှင့် တကွ ဖြစ်၏ 'နန္ဒိရာဂသဟဂတာ'၊ ထိုထို အာရုံတို့၌ လွန်စွာနှစ်သက်တတ်၏ 'တတြတတြာဘိနန္ဒိနီ'။ ထိုတပ်မက်မှု 'တဏှာ'ကား အဘယ်နည်း။ လိုချင်မှုဟူသော အနှောင်အဖွဲ့ 'ကာမဂုဏ်'၌ တပ်မက်ခြင်း 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်ခြင်း 'ဘဝတဏှာ'[1]၊ ဘဝပြတ်စဲခြင်း၌ တပ်မက်ခြင်း 'ဝိဘဝတဏှာ'[2]တို့တည်း။ ထိုတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။

လောက၌ အကြင် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'သည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာအပ် သောသဘော 'သာတရူပ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာ အပ်သောသဘော 'သာတရူပ'၌ တည်၏။

၁။ ဘဝတဏှာ= သဿတဒိဋ္ဌိ။
၂။ ဝိဘဝတဏှာ= ဥစ္ဆေဒဒိဋ္ဌိ။

♣

ပိယရူပ သာတရူပ ၁၀–မျိုး, ၆၀–ပါးတို့၌ တပ်မက်မှုဖြစ်ပုံ

၁။ လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'သည် အဘယ်နည်း။

အဒ္ဓတ္တိက အာယတန ၆–ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁) လောကၨ် မျက်စိအကြည် 'စက္ခုပသာဒ'သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်ခင် နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ'ၨ် ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအကြည် 'စက္ခုပသာဒ'ၨ် တည်၏။

(၂) လောကၨ် နားအကြည် 'သောတပသာဒ'သည်။ပ။

(၃) လောကၨ် နှာခေါင်းအကြည် 'ဃာနပသာဒ'သည်။ပ။

(၄) လောကၨ် လျှာအကြည် 'ဇိဝှါပသာဒ'သည်။ပ။

(၅) လောကၨ် ကိုယ်အကြည် 'ကာယပသာဒ'သည်။ပ။

(၆) လောကၨ် စိတ် 'မနော'သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာ အပ်သောသဘော ရှိသည့် စိတ် 'မနော'ၨ် ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ် 'မနော'ၨ် တည်၏။

အာရုံဖြစ်သော အာရမ္မဏာ ဓာတ် ၆–ပါးၨ် တပ်မက်မှုဖြစ်ပုံ

(၇) လောကၨ် အဆင်း 'ရူပါရုံ'တို့သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာ အပ်သောသဘောရှိသည့် အဆင်း 'ရူပါရုံ'တို့ၨ် ဖြစ်၏။ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'တို့ ၨ် တည်၏။

(၈) လောကၨ် အသံ 'သဒ္ဒါရုံ'တို့သည်။ပ။

(၉) လောကၨ် အနံ့ 'ဂန္ဓာရုံ'တို့သည်။ပ။

(၁၀) လောကၨ် အရသာ 'ရသာရုံ'တို့သည်။ပ။

(၁၁) လောကၨ် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည်။ပ။

(၁၂) လောကၨ် စိတ်ဖြင့် သိအပ်သော အာရုံ 'ဓမ္မာရုံ'တို့သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် ဓမ္မာရုံတို့ ၨ် ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံ တို့ၨ် တည်၏။

ဝိညာဏ် ၆–ပါးၨ် တပ်မက်မှုဖြစ်ပုံ

(၁၃) လောကၨ် မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ် သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော်

ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် မြင်သိစိတ် 'စက္ခုဝိညာဏ်'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမြင်သိစိတ် 'စက္ခုဝိညာဏ်'၌ တည်၏။

(၁၄) လောကၨ ကြားသိစိတ် 'သောတဝိညာဏ်'သည်။ပ။

(၁၅) လောကၨ နံသိစိတ် 'ဃာနဝိညာဏ်'သည်။ပ။

(၁၆) လောကၨ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည်။ပ။

(၁၇) လောကၨ ထိသိစိတ် 'ကာယဝိညာဏ်'သည်။ပ။

(၁၈) လောကၨ ကြံသိစိတ် 'မနောဝိညာဏ်'သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ် သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ် သောသဘောရှိသည့် ကြံသိစိတ် 'မနောဝိညာဏ်'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤကြံသိစိတ် 'မနောဝိညာဏ်'၌ တည်၏။

ဖဿ ၆–ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁၉) လောကၨ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့ထိမှု 'စက္ခုသမ္ဖဿ' (မျက်စိအတွေ့.တည်းဟူသော မြင်တွေ့.မှု) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာ အပ်သော သဘောရှိသည့် မျက်စိအတွေ. 'စက္ခုသမ္ဖဿ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအတွေ. 'စက္ခုသမ္ဖဿ'၌ တည်၏။

(၂၀) လောကၨ နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ.= ကြားတွေ.မှု) သည်။ပ။

(၂၁) လောကၨ နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့. 'ဂန္ဓာရုံ'တို့. တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ.= နံတွေ.မှု) သည်။ပ။

(၂၂) လောကၨ လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ.= လျက်တွေ.မှု) သည်။ပ။

(၂၃) လောကၨ ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'တို့. တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ.= ထိတွေ.မှု) သည်။ပ။

(၂၄) လောကၨ စိတ်နှင့် ဓမ္မာရုံတို့. တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ.= ကြံတွေ.မှု) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည်ဖြစ်သည် ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သောသဘောရှိသည့် စိတ်အတွေ. 'မနောသမ္ဖဿ'၌ ဖြစ်၏၊ တည်သည် ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စိတ်အတွေ. 'မနောသမ္ဖဿ'၌ တည်၏။

ဝေဒနာ ၆–ပါးခ် တပ်မက်မှုဖြစ်ပုံ

(၂၅) လောကခ် မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု (မျက်စိအတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာ အပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် မျက်စိအတွေ့ ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ'ခ် ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ'ခ် တည်၏။

(၂၆) လောကခ် နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ထိမှု (နားအတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၇) လောကခ် နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု (နှာခေါင်းအတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၈) လောကခ် လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ထိမှု (လျှာအတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၂၉) လောကခ် ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှု (ကိုယ်အတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာ ဝေဒနာ'သည်။ပ။

(၃၀) လောကခ် စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု (စိတ်အတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'မနော သမ္ဖဿဇာဝေဒနာ'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်အတွေ့ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာ အပ်သောသဘော ရှိသည့် ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ'ခ် ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်အတွေ့ ကြောင့်ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ'ခ် တည်၏။

သညာ ၆–ပါးခ် တပ်မက်မှုဖြစ်ပုံ

(၃၁) လောကခ် အဆင်း 'ရူပါရုံ'ကို မှတ်သားမှု 'သညာ' (ရူပသညာ) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို ချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ) ခ် ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ) ခ် တည်၏။

(၃၂) လောကခ် အသံ 'သဒ္ဒါရုံ'ကို မှတ်သားမှု 'သညာ' (သဒ္ဒသညာ) သည်။ပ။

(၃၃) လောကခ် အနံ့ 'ဂန္ဓာရုံ'ကို မှတ်သားမှု 'သညာ' (ဂန္ဓသညာ) သည်။ပ။

(၃၄) လောကခ် အရသာ 'ရသာရုံ'ကို မှတ်သားမှု 'သညာ' (ရသသညာ) သည်။ပ။

(၃၅) လောကဒ္ဒ အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'ကို မှတ်သားမှု 'သညာ' (ဖောဋ္ဌဗ္ဗသညာ) သည်။ပ။

(၃၆) လောကဒ္ဒ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် မှတ်သား မှု 'သညာ' (ဓမ္မသညာ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၌ တည်၏။

စေတနာ ၆–ပါး၌ တပ်မက်မှုဖြစ်ပုံ

(၃၇) လောကဒ္ဒ အဆင်း 'ရူပါရုံ'၌ ဖြစ်သော စေ့ဆော်မှုနှိုးဆော်မှု 'စေတနာ' (အဆင်း 'ရူပါရုံ'ကို မြင်မှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ရူပသङ္ခေတနာ') သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'၌ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ တည်၏။

(၃၈) လောကဒ္ဒ အသံ 'သဒ္ဒါရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အသံ 'သဒ္ဒါရုံ'ကို ကြားမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'သဒ္ဒသङ္ခေတနာ') သည်။ပ။

(၃၉) လောကဒ္ဒ အနံ့ 'ဂန္ဓာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အနံ့ 'ဂန္ဓာရုံ'ကို နံမှု၌ စေ့ဆော် တိုက်တွန်းအားထုတ်မှု 'ဂန္ဓသङ္ခေတနာ') သည်။ပ။

(၄၀) လောကဒ္ဒ အရသာ 'ရသာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အရသာ 'ရသာရုံ'ကို လျက်မှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ရသသङ္ခေတနာ') သည်။ပ။

(၄၁) လောကဒ္ဒ အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ.ထိမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ဖောဋ္ဌဗ္ဗသङ္ခေတနာ') သည်။ပ။

(၄၂) လောကဒ္ဒ စိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု စေတနာ (စိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'ကို သိမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု 'ဓမ္မသङ္ခေတနာ') သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'၌ ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ'၌ တည်၏။

တဏှာ ၆–ပါး၌ တပ်မက်မှုဖြစ်ပုံ

(၄၃) လောကဒ္ဒ အဆင်း 'ရူပါရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (ရူပတဏှာ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ဒ္ဒ ဖြစ်သော တပ်မက်မှု 'တဏှာ' (ရူပတဏှာ) ဒ္ဒ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ဒ္ဒ ဖြစ်သော တပ်မက်မှု 'တဏှာ' (ရူပတဏှာ) ဒ္ဒ တည်၏။

(၄၄) လောကဒ္ဒ အသံ 'သဒ္ဒါရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (သဒ္ဒတဏှာ) သည်။ပ။

(၄၅) လောကဒ္ဒ အနံ့ 'ဂန္ဓာရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (ဂန္ဓတဏှာ) သည်။ပ။

(၄၆) လောကဒ္ဒ အရသာ 'ရသာရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (ရသတဏှာ) သည်။ပ။

(၄၇) လောကဒ္ဒ အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (ဖောဋ္ဌဗ္ဗတဏှာ) သည်။ပ။

(၄၈) လောကဒ္ဒ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဒ္ဒ တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) သည် ချစ်အပ်သော သဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဒ္ဒ ဖြစ်သော တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) ဒ္ဒ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဒ္ဒ ဖြစ်သော တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) ဒ္ဒ တည်၏။

ဝိတက် ၆–ပါးဒ္ဒ တပ်မက်မှုဖြစ်ပုံ

(၄၉) လောကဒ္ဒ အဆင်း 'ရူပါရုံ'ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) ဒ္ဒ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) ဒ္ဒ တည်၏။

(၅၀) လောကဒ္ဒ အသံ 'သဒ္ဒါရုံ'ကို ကြံစည်မှု 'ဝိတက်' (သဒ္ဒဝိတက်) သည်။ပ။

(၅၁) လောကဒ္ဒ အနံ့ 'ဂန္ဓာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဂန္ဓဝိတက်) သည်။ပ။

(၅၂) လောကဒ္ဒ အရသာ 'ရသာရုံ'ကို ကြံစည်မှု 'ဝိတက်' (ရသဝိတက်) သည်။ပ။

(၅၃) လောကဒ္ဒ အတွေ. 'ဖောဋ္ဌဗ္ဗာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဖောဋ္ဌဗ္ဗဝိတက်) သည်။ပ။

(၅၄) လောကဒ္ဒ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) သည် ချစ်အပ်သော သဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) ဒ္ဒ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) ဒ္ဒ တည်၏။

ဝိစာရ ၆–ပါးဒ္ဒ တပ်မက်မှုဖြစ်ပုံ

(၅၅) လောကၦ် အဆင်း 'ရူပါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရူပဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤ တပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို သုံးသပ်မှု 'ဝိစာရ' (အဆင်း 'ရူပါရုံ'အပေါ်ၦ် အဖန်ဖန် ကျက်စားမှု 'ရူပဝိစာရ') ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ကို သုံးသပ်မှု 'ဝိစာရ' (အဆင်း 'ရူပါရုံ'အပေါ်ၦ် အဖန်ဖန် ကျက်စားမှု 'ရူပဝိစာရ') ၦ် တည်၏။

(၅၆) လောကၦ် အသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤအသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံ အပေါ်ၦ် အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) ၦ် တည်၏။

(၅၇) လောကၦ် အနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ'

(ဂန္ဓဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံ အပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) ၦ် တည်၏။

(၅၈) လောကၦ် အရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤအရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) ၦ် တည်၏။

(၅၉) လောကၦ် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) ၦ် တည်၏။

(၆၀) လောကၦ် စိတ်ဖြင့် သိအပ်သောသဘော အာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) ၦ် ဖြစ်၏။ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သောသဘော အာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ၦ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) ၦ် တည်၏။ ဤဆိုခဲ့ပြီးသောသဘောကို မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု

ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယအရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခသမုဒယအရိယသစ္စာ ပြီး၏)။

၃–နိရောဓအရိယသစ္စာ

(အရိယတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှုအမှန်သဘော)

၂၀၄။ ထိုအရိယသစ္စာ ၄–ပါးတို့တွင် အဘယ်သည် မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲချုပ်မှုအမှန်သဘော 'ဒုက္ခနိရောဓ အရိယသစ္စာ' မည်သနည်း။

ထိုတပ်မက်မှု 'တဏှာ'၏သာလျှင် အကြင် အကြွင်းမဲ့ကင်းခြင်း ချုပ်ပျောက်ခြင်း 'အသေသဝိရာဂ[1]နိရောဓ'[2]၊ (အကြွင်းမဲ့) စွန့်ခြင်း 'စာဂ'[2]၊ (အကြွင်းမဲ့) လွတ်လွတ်ကင်းကင်း ဝေးဝေးစွန့်ခြင်း 'ပဋိနိဿဂ္ဂ'[2]၊ (အကြွင်းမဲ့) လွတ်မြောက်ခြင်း 'မုတ္တိ'[2]၊ မတွယ်တာမကပ်ငြိခြင်း 'အနာလယ'[2]သည် ရှိ၏။ ထိုတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။

လောက၌ အကြင် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'သည် ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'နှင့် သာယာ အပ်သော သဘော 'သာတရူပ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'နှင့် သာယာအပ်သောသဘော 'သာတရူပ'၌ ချုပ်၏။

---

[1]။ အသေသဝိရာဂနိရောဓ, စာဂ, ပဋိနိဿဂ္ဂ, မုတ္တိ, အနာလယ ပုဒ်တို့သည် နိဗ္ဗာန်၏ ပရိယာယ်များဖြစ်သည်။ (သမ္မော၊ အဘိ၊ ၌၊ နှာ–၁၀၆)။

♣

ပိယရူပ သာတရူပ ၁၀–မျိုး, ၆၀–ပါးတို့၌ တပ်မက်မှုကို ပယ်ပုံ

လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ'သည် အဘယ်နည်း။

အဋ္ဌတ္တိကအာယတန ၆–ပါး၌ တပ်မက်မှုချုပ်ငြိမ်းပုံ

(၁) လောကၨ် မျက်စိအကြည် 'စက္ခုပသာဒ'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ် သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ'ၨ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမျက်စိအကြည် 'စက္ခုပသာဒ'ၨ် ချုပ်၏။

(၂) လောကၨ် နှားအကြည် 'သောတပသာဒ'သည်။ပ။

(၃) လောကၨ် နှာခေါင်းအကြည် 'ঘာနပသာဒ'သည်။ပ။

(၄) လောကၨ် လျှာအကြည် 'ဇိဝှါပသာဒ'သည်။ပ။

(၅) လောကၨ် ကိုယ်အကြည် 'ကာယပသာဒ'သည်။ပ။

(၆) လောကၨ် အာရုံကို သိမှုစိတ် 'မနော'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာ အပ်သော သဘောရှိသည့် သိမှုစိတ် 'မနော'ၨ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤအာရုံကို သိမှုစိတ် 'မနော'ၨ် ချုပ်၏။

ဗာဟိရအာယတန ၆–ပါး (အာရုံ ၆–ပါး) ၨ် တပ်မက်မှု ချုပ်ငြိမ်းပုံ

(၇) လောကၨ် အဆင်း 'ရူပါရုံ'တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ ချစ်နှစ်သက်အပ် သာယာအပ် သော သဘောရှိသည့် အဆင်း 'ရူပါရုံ'ၨ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ'ၨ် ချုပ်၏။

(၈) လောကၨ် အသံ 'သဒ္ဒါရုံ'တို့သည်။ပ။

(၉) လောကၨ် အနံ့ 'ဂန္ဓာရုံ'တို့သည်။ပ။

(၁၀) လောကၨ် အရသာ 'ရသာရုံ'တို့သည်။ပ။

(၁၁) လောကၨ် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည်။ပ။

(၁၂) လောကၨ် စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော 'ဓမ္မာရုံ'ၨ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ'ၨ် ချုပ်၏။

ဝိညာဏာဓာတ် ၆–ပါးၨ် တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၃) လောကၨ် မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာ အပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော်

ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော မြင်သိစိတ် 'စက္ခုဝိညာဏ်'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမြင်သိစိတ် 'စက္ခုဝိညာဏ်'၌ ချုပ်၏။

(၁၄) လောကၨ ကြားသိစိတ် 'သောတဝိညာဏ်'သည်။ပ။

(၁၅) လောကၨ နံသိစိတ် 'ဃာနဝိညာဏ်'သည်။ပ။

(၁၆) လောကၨ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'သည်။ပ။

(၁၇) လောကၨ ထိသိစိတ် 'ကာယဝိညာဏ်'သည်။ပ။

(၁၈) လောကၨ ကြံသိစိတ် 'မနောဝိညာဏ်'သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ် သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ကြံသိစိတ် 'မနောဝိညာဏ်'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ ကြံသိစိတ် 'မနောဝိညာဏ်'၌ ချုပ်၏။

ဖဿ ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၉) လောကၨ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု မျက်စိအတွေ့ (မြင်တွေ့မှု) 'စက္ခုသမ္ဖဿ'သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘော ရှိသော မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာ အပ်သော သဘောရှိသော (မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်းရူပါရုံတို့ တွေ့ထိမှု) မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၌ ချုပ်၏။

(၂၀) လောကၨ နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့= ကြားတွေ့မှု) သည်။ပ။

(၂၁) လောကၨ နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့ 'ဂန္ဓာရုံ'တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့ = နံတွေ့မှု) သည်။ပ။

(၂၂) လောကၨ လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ့ = လျက်တွေ့မှု) သည်။ပ။

(၂၃) လောကၨ ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့ တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ့ = ထိတွေ့မှု) သည်။ပ။

(၂၄) လောကၨ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့ = ကြံတွေ့မှု) သည် ချစ်အပ်သော သဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည် ရှိသော် ဤချစ်အပ်သောသဘော 'ဝိယရူပ'နှင့် သာယာအပ်သောသဘော 'သာတရူပ' ဖြစ်သော 'မနောသမ္ဖဿ' (စိတ်အတွေ့) ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာ အပ်သော သဘောရှိသော (စိတ်နှင့် ဓမ္မာရုံတို့) တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့) ၌ ချုပ်၏။

ဝေဒနာ ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၂၅) လောကခ္ခ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့ထိမှု 'စက္ခုသမ္ဖဿ' (မျက်စိအတွေ့. = မြင်တွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (စက္ခုသမ္ဖဿဇာဝေဒနာ) သည် ချစ်အပ် သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့. တွေ့ထိမှု 'စက္ခုသမ္ဖဿ' (မျက်စိအတွေ့.) ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ' (စက္ခုသမ္ဖဿဇာ ဝေဒနာ) ၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤမျက်စိအတွေ့.ကြောင့်ဖြစ်သော ချစ်နှစ်သက် အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ' (စက္ခုသမ္ဖဿဇာ ဝေဒနာ) ၌ ချုပ်၏။

(၂၆) လောကခ္ခ နားအကြည် 'သောတပသာဒ'နှင့် အသံ 'သဒ္ဒါရုံ'တို့. တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့. = ကြားတွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (သောတသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၂၇) လောကခ္ခ နှာခေါင်းအကြည် 'ဃာနပသာဒ'နှင့် အနံ့. 'ဂန္ဓာရုံ'တို့. တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့. = နံတွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ဃာနသမ္ဖဿဇာ ဝေဒနာ) သည်။ပ။

(၂၈) လောကခ္ခ လျှာအကြည် 'ဇိဝှါပသာဒ'နှင့် အရသာ 'ရသာရုံ'တို့. တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ့. = လျက်တွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ဇိဝှါသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၂၉) လောကခ္ခ ကိုယ်အကြည် 'ကာယပသာဒ'နှင့် အတွေ့. 'ဖောဋ္ဌဗ္ဗာရုံ'တို့. တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ့. = တွေ့ထိမှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (ကာယသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၃၀) လောကခ္ခ စိတ်နှင့် ဓမ္မာရုံတို့. တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့. = ကြံတွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' (မနောသမ္ဖဿဇာ ဝေဒနာ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤ စိတ်အတွေ့. 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘော ရှိသော ခံစားမှု 'ဝေဒနာ' (မနောသမ္ဖဿဇာဝေဒနာ) ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်အတွေ့. 'မနောသမ္ဖဿ'ကြောင့် ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု 'ဝေဒနာ' (မနောသမ္ဖဿဇာ ဝေဒနာ) ၌ ချုပ်၏။

သညာ ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၁) လောကခ္ခ အဆင်း 'ရူပါရုံ'ကို မှတ်သားမှု 'သညာ' (ရူပသညာ) သည်။ပ။

(၃၂) လောကဘ္ဍ အသံ 'သဒ္ဒါရုံ'ကို မှတ်သားမှု 'သညာ' (သဒ္ဒသညာ) သည်။ပ။

(၃၃) လောကဘ္ဍ အနံ့ 'ဂန္ဓာရုံ'ကို မှတ်သားမှု 'သညာ' (ဂန္ဓသညာ) သည်။ပ။

(၃၄) လောကဘ္ဍ အရသာ 'ရသာရုံ'ကို မှတ်သားမှု 'သညာ' (ရသသညာ) သည်။ပ။

(၃၅) လောကဘ္ဍ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို မှတ်သားမှု 'သညာ' (ဖောဋ္ဌဗ္ဗသညာ) သည်။ပ။

(၃၆) လောကဘ္ဍ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို မှတ်သားမှု 'သညာ (ဓမ္မသညာ) သည် ချစ်အပ်သောသဘော 'ဝိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၏ ချစ်နှစ်သက်ဖွယ် သဘော 'ဝိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'ဘ္ဍ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၏ ချစ်နှစ်သက်ဖွယ်သဘော 'ဝိယရူပ'နှင့် သာယာဖွယ်သော 'သာတရူပ'ဘ္ဍ ချုပ်၏။

စေတနာ ၆–ပါးဘ္ဍ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၇) လောကဘ္ဍ အဆင်း 'ရူပါရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အဆင်း 'ရူပါရုံ'ကို မြင်မှုဘ္ဍ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ရူပသဏ္ဌေတနာ) သည်။ပ။

(၃၈) လောကဘ္ဍ အသံ 'သဒ္ဒါရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အသံ 'သဒ္ဒါရုံ'ကို ကြားမှုဘ္ဍ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'သဒ္ဒသဏ္ဌေတနာ') သည်။ပ။

(၃၉) လောကဘ္ဍ အနံ့ 'ဂန္ဓာရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အနံ့ 'ဂန္ဓာရုံ'ကို နံမှုဘ္ဍ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ဂန္ဓသဏ္ဌေတနာ') သည်။ပ။

(၄၀) လောကဘ္ဍ အရသာ 'ရသာရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အရသာ 'ရသာရုံ'ကို လျက်မှုဘ္ဍ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ရသသဏ္ဌေတနာ') သည်။ပ။

(၄၁) လောကဘ္ဍ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိမှုဘ္ဍ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ဖောဋ္ဌဗ္ဗ သဏ္ဌေတနာ') သည်။ပ။

(၄၂) လောကဘ္ဍ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဘ္ဍဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သိမှုဘ္ဍ နှိုးဆော် တိုက်တွန်း အားထုတ်မှု 'ဓမ္မသဏ္ဌေတနာ') သည် ချစ်အပ်သော သဘော 'ဝိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဘ္ဍဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (ဓမ္မသဏ္ဌေတနာ) ၏ ချစ်နှစ်သက်ဖွယ်သဘော 'ဝိယရူပ'နှင့် သာယာဖွယ် သဘော 'သာတရူပ'ဘ္ဍ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ဘ္ဍ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (ဓမ္မသဏ္ဌေတနာ) ၏ ချစ်နှစ်သက်ဖွယ်သဘော 'ဝိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'ဘ္ဍ ချုပ်၏။

တဏှာ ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၃) လောကခေါ် အဆင်း ‘ရူပါရုံ’၌ တပ်မက်မှု ‘တဏှာ’ (ရူပတဏှာ) သည်။ပ။

(၄၄) လောကခေါ် အသံ ‘သဒ္ဒါရုံ’၌ တပ်မက်မှု ‘တဏှာ’ (သဒ္ဒတဏှာ) သည်။ပ။

(၄၅) လောကခေါ် အနံ့ ‘ဂန္ဓာရုံ’၌ တပ်မက်မှု ‘တဏှာ’ (ဂန္ဓတဏှာ) သည်။ပ။

(၄၆) လောကခေါ် အရသာ ‘ရသာရုံ’၌ တပ်မက်မှု ‘တဏှာ’ (ရသ တဏှာ) သည်။ပ။

(၄၇) လောကခေါ် အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’၌ တပ်မက်မှု ‘တဏှာ’ (ဖောဋ္ဌဗ္ဗတဏှာ) သည်။ပ။

(၄၈) လောကခေါ် စိတ်ဖြင့် သိအပ်သော သဘောအာရုံ ‘ဓမ္မာရုံ’၌ တပ်မက်မှု ‘တဏှာ’ (ဓမ္မတဏှာ) သည် ချစ်အပ်သောသဘော ‘ဝိယရူပ’၊ သာယာအပ်သောသဘော ‘သာတရူပ’ ဖြစ်၏။ ဤတပ်မက်မှု ‘တဏှာ’ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံ၌ဖြစ်သော တပ်မက်မှု ‘ဓမ္မတဏှာ’၏ ချစ်နှစ်သက်ဖွယ် သဘော ‘ဝိယရူပ’နှင့် သာယာဖွယ်သဘော ‘သာတရူပ’၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို တပ်မက်မှု ‘ဓမ္မတဏှာ’၏ ချစ်နှစ်သက်ဖွယ်သဘော ‘ဝိယရူပ’နှင့်သာယာဖွယ်သဘော ‘သာတရူပ’၌ ချုပ်၏။

ဝိတက် ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၉) လောကခေါ် အဆင်း ‘ရူပါရုံ’ကို ကြံစည်မှု ‘ဝိတက်’ (ရူပဝိတက်) သည်။ပ။

(၅၀) လောကခေါ် အသံ ‘သဒ္ဒါရုံ’ကို ကြံစည်မှု ‘ဝိတက်’ (သဒ္ဒဝိတက်) သည်။ပ။

(၅၁) လောကခေါ် အနံ့ ‘ဂန္ဓာရုံ’ကို ကြံစည်မှု ‘ဝိတက်’ (ဂန္ဓဝိတက်) သည်။ပ။

(၅၂) လောကခေါ် အရသာ ‘ရသာရုံ’ကို ကြံစည်မှု ‘ဝိတက်’ (ရသဝိတက်) သည်။ပ။

(၅၃) လောကခေါ် အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’ကို ကြံစည်မှု ‘ဝိတက်’ (ဖောဋ္ဌဗ္ဗ ဝိတက်) သည်။ပ။

(၅၄) လောကခေါ် စိတ်ဖြင့်သိအပ်သော သဘောအာရုံ ‘ဓမ္မာရုံ’ကို ကြံစည်မှု ‘ဝိတက်’ (ဓမ္မဝိတက်) သည် ချစ်အပ်သော သဘော ‘ဝိယရူပ’၊ သာယာအပ်သော သဘော ‘သာတရူပ’ ဖြစ်၏။ ဤ တပ်မက်မှု ‘တဏှာ’ကို ပယ်အပ်သည်ရှိသော် ဤ ဓမ္မာရုံကို ကြံစည်မှု ‘ဓမ္မဝိတက်’၏ ချစ်နှစ်သက်ဖွယ် သဘော ‘ဝိယရူပ’နှင့် သာယာဖွယ်သဘော ‘သာတရူပ’၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ ဓမ္မာရုံကို ကြံစည်မှု ‘ဓမ္မဝိတက်’၏ ချစ်နှစ်သက်ဖွယ် သဘော ‘ဝိယရူပ’နှင့် သာယာဖွယ်သဘော ‘သာတရူပ’၌ ချုပ်၏။

ဝိစာရ ၆–ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၅၅) လောကခေါ် အဆင်း ‘ရူပါရုံ’ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) ‘ဝိစာရ’ (ရူပဝိစာရ) သည်။ပ။

(၅၆) လောကဌ် အသံ 'သဒ္ဒါရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ဌ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) သည်။ပ။

(၅၇) လောကဌ် အနံ့ 'ဂန္ဓာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ဌ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) သည်။ပ။

(၅၈) လောကဌ် အရသာ 'ရသာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ဌ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) သည်။ပ။

(၅၉) လောကဌ် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ဌ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) သည်။ပ။

(၆၀) လောကဌ် စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ'ကို သုံးသပ်မှု (အာရုံအပေါ်ဌ် အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ'၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'ဌ် ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ'၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ'ဌ် ချုပ်၏။ ဤဆိုခဲ့ပြီးသော သဘောကို မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သော ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓအရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခနိရောဓ အရိယသစ္စာ ပြီး၏။)

၄–မဂ္ဂအရိယသစ္စာ

(ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ)

(ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သည့် အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍သိအပ်သော အမှန်သဘော)

၂၀၅။ ထိုအရိယသစ္စာ ၄–ပါးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ'[ဝ] မည်သနည်း။

အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်းအကျင့်သည် (ကိလေသာ တို့မှ) ဖြူစင်မြင့်မြတ်သော အင်္ဂါရှစ်ပါးရှိသည့် ဤနိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ္ဂ'ပင် တည်း။ ဤအင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'ဟူသည် အဘယ်နည်း။

၁။ မဂ္ဂင်ရှစ်ပါးသည်ပင် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ' ဖြစ်သည်။

♣

မဂ္ဂင် ၈–ပါး

(၁) မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။

(၂) မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'။

(၃) မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'။

(၄) မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'။

(၅) မဖောက်မပြန် မှန်ကန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'။

(၆) မဖောက်မပြန် မှန်ကန်စွာ ကြိုးစား အားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'။

(၇) မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက်အောက်မေ့ခြင်း 'သမ္မာသတိ'။

(၈) မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' (တည်းဟူသော ဤရှစ်ပါးတို့တည်း)။

သမ္မာဒိဋ္ဌိ။ ။ ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'မည် သနည်း။

ဆင်းရဲ၌ သိမှု 'ဒုက္ခေ ဉာဏ်'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ဒုက္ခသမုဒယေ ဉာဏ်'၊ ဆင်းရဲချုပ်မှု၌ သိမှု 'ဒုက္ခနိရောဓေ ဉာဏ်'၊ ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့်၌ သိမှု 'ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏ်'။ ဤသို့ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

သမ္မာသင်္ကပ္ပ။ ။ ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'[2] မည်သနည်း။

(၁) ကာမအာရုံ ကာမဂုဏ် အနှောင်အဖွဲ့မှ လွတ်မြောက်သော ကြံစည်မှု 'နေက္ခမ္မသင်္ကပ္ပ'။

(၂) ဒေါသလွတ်ကင်းသော ကြံစည်မှု (မေတ္တာနှင့်ယှဉ်သည့် ကြံစည်မှု) 'အဗျာပါဒသင်္ကပ္ပ'။

(၃) ညှဉ်းဆဲနှိပ်စက်ခြင်းမှ လွတ်ကင်းသော ကြံစည်မှု (ကရုဏာနှင့် ယှဉ်သည့် ကြံစည်မှု) 'အဝိဟိံသ သင်္ကပ္ပ'။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။

သမ္မာဝါစာ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' မည်သနည်း။

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'မုသာဝါဒါဝေရမဏိ'၊ ကုန်းချော ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (အချင်းချင်း ချစ်ခင်မှုကို

ကြိတ်ချေဖျက်ဆီးသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု) 'ဝိသုဏာဝါစာ ဝေရမဏိ'၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'ဖရုသဝါစာ ဝေရမဏိ'၊ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'သမ္ဖ ပ္ပလာပါဝေရမဏိ'။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'ဟု ဆိုအပ်၏။

သမ္မာကမ္မန္တ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မည်သနည်း။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ပါဏာတိပါတာ ဝေရမဏိ'၊ ပိုင်ရှင်မပေးအပ်သော သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း 'အဒိန္နာဒါနာ ဝေရမဏိ'၊ ကာမဂုဏ်မေထုန်အမှု တို့ ၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ကာမေသုမိစ္ဆာစာရာ ဝေရမဏိ'။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

သမ္မာအာဇီဝ။ ။ ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'[၂] မည်သနည်း။

ဤသာသနာတော်၌ (ကိလေသာတို့မှ) ဖြူစင်မြင့်မြတ်သဖြင့် အရိယာဟု ခေါ်တွင်သော တပည့်သည် မှားယွင်းစွာ အသက်မွေးမှုကို ပယ်စွန့်၍ မဖောက်မပြန် မှန်ကန်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း ကို ပြု၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။ **သမ္မာဝါယာမ။** ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'[၃] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါအားထုတ်လိုသောဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဧနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစား အားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အဂ်ါလေးပါး[၄]နှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။ ဖြစ်ပြီးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်စွန့်ခြင်းငှါအားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဧနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အဂ်ါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။ မဖြစ်သေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါအားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဧနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အဂ်ါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။ ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ကို တည်တံ့စေခြင်းငှါ(ဌိတိယာ), မပျောက်ပျက်မပျက်စီး စေခြင်းငှါ(အသမ္မောသာယ), များစွာတိုးပွါးစေခြင်းငှါ(ဘိယျောဘာဝါယ), ပြန့်ပြောစေခြင်းငှါ(ပြန့်ပွါး စေခြင်းငှါ) (ဝေပုလ္လာယ), ပွါးများမှု ပြည့်စုံစေခြင်းငှါ(ဘာဝနာယ ပါရိပူရိယာ), အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဧနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊

ကြိုးစားအားထုတ်၏ (ဝီရိယ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယ ရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက် တည်၍ အားထုတ်၏ (အဂ်ါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

သမ္မာသတိ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူး စိုက်စိုက် အောက်မေ့ခြင်း 'သမ္မာသတိ'[1] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာအညစ်အကြေးတို့ကို ပူပန် (ခန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သော လုံ့လဝီရိယရှိသည်ဖြစ်၍) (အာတာပီ), ကောင်းစွာအပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိ ရှိသည်ဖြစ်၍ (သတိမာ) လောကၽ[2] ရှေးရှုကြံစည်သောအားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ'နှင့် စိတ်နှလုံး မသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ဆံပင်စသော စက်ဆုပ်ဖွယ်တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်း၌ ဆံပင်စသော စက်ဆုပ်ဖွယ်တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်းဟူ၍ အဖန်ဖန် ရှုလျက်နေ၏ (ကာယေ ကာယာနုပဿီ)။ ခံစားမှု 'ဝေဒနာ'တို့၌။ပ။ သိမှု 'စိတ်'၌။ပ။ ကိလေသာ အညစ်အကြေးတို့ကို ပူပန် (ခန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သောလုံ့လ ဝီရိယရှိသည်ဖြစ်၍) (အာတာပီ), ကောင်းစွာအပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည် ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိရှိသည်ဖြစ်၍ (သတိမာ), လောကၽ ရှေးရှုကြံစည်သောအားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ'နှင့် စိတ်နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ် ဖျောက်၍ နိဝရဏတရား, ခန္ဓာငါးပါးစသော တရားတို့၏ မမြဲသောသဘော အနိစ္စစသော သဘော တရားတို့၌ မမြဲသော သဘောတရားတို့ဟူ၍ အဖန်ဖန်ရှု၍နေ၏ (ဓမ္မေသု ဓမ္မာနုပဿီ)။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ'ဟု ဆိုအပ်၏။

သမ္မာသမာဓိ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' မည်သနည်း။

၁။ သမ္မာသက်ပ္ပ ၃–ပါး= သမ္မာဝိတက် ၃–ပါး= နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသဝိတက်။

၂။ သမ္မာအာဇီဝ= သမ္မာဝါစာ, သမ္မာကမ္မန္တအားဖြင့် အသက်မွေးခြင်း (သမ္မောဟဝိနောဒနီ၊ အဘိ၊ ၌၊ ၂၊ နှာ–၁၁၂)

၃။ သမ္မာဝါယာမ= သမ္မပ္ပဓာန် ၄–ပါး။

၄။ ဝီရိယအင်္ဂါ၄–ပါး = (၁) အရေကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရိုးကြွင်းစေ၊ (၄) အသားအသွေး ခန်းခြောက်စေ–ဟု အားထုတ်ခြင်း။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကိဋ္ဌာဂိရိသုတ်၊ နှာ–၁၄ဖ။

၅။ သမ္မာသတိ= သတိပဋ္ဌာန် ၄–ပါး၊ သတိသမ္ဗောဇ္ဈင်။

၆။ လောက = ဥပါဒါနက္ခန္ဓာ ၅–ပါး၊ သခ်ါရတရားများ။

♣

ပထမစျာန် သမ္မာသမာဓိ။ ။ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်ငါးပါးတို့မှ ကင်းဆိတ်၍ (ကင်းလွတ်၍) သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ (ကင်း လွတ်၍) သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော (သဝိတက္က), အာရုံအပေါ်၌ အဖန်ဖန် ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော (သဝိစာရ), နီဝရဏတရားတို့ ၏ ကင်းဆိတ်ခြင်း ကြောင့်ဖြစ်သော (ဝိဝေကဇ), နှစ်သက်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော (ပီတိသုခ) ပဌမစျာန်သို့[၁] ရောက်၍ နေ၏ (ပထမစျာန်ကို မျက်မှောက်ပြု၍ နေ၏)။

ဒုတိယစျာန်–သမ္မာသမာဓိ။ ။ ကြံစည်ခြင်း 'ဝိတက်', ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ငြိမ်းအေးခြင်း ကြောင့် မိမိအတွင်းအစ္စတ္တသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော (သမ္မသာဒန), တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော (ဧကောဒိဘာဝ), ကြံစည်ခြင်း 'ဝိတက်'မရှိသော (အဝိတက္က), ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ'မရှိသော (အဝိစာရ), တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော (သမာဓိဇ), နှစ်သက်ခြင်း 'ပီတိ'နှင့် ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့[၂] ရောက်၍နေ၏ (ဒုတိယစျာန်ကို မျက်မှောက်ပြု၍ နေ၏)။

၁။ ပထမစျာန်ကို သဝိတက္ကစျာန်, သဝိစာရစျာန်, ဝိဝေကဇစျာန်, ပီတိသုခစျာန်ဟု ခေါ်သည်။
၂။ ဒုတိယစျာန်ကို အဝိတက္က အဝိစာရစျာန်, သမာဓိဇစျာန်, ပီတိသုခစျာန်ဟု ခေါ်သည်။
(စတုက္ကနည်းအားဖြင့် ပြထားခြင်း ဖြစ်သည်။)

♣

တတိယစျာန်–သမ္မာသမာဓိ။ ။ နှစ်သက်ခြင်း 'ပီတိ'ကိုလည်း တပ်မက်မှုကင်းခြင်းကြောင့် (စက်ဆုပ်ခြင်းကြောင့်) လျစ်လျူရှုလျက်လည်း နေ၏ (ဥပေက္ခကော)၊ မမေ့မလျော့ အောက်မေ့ခြင်း 'သတိ'ရှိလျက်လည်း နေ၏ (သတော)၊ ကောင်းစွာ အပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည် ဖြစ်လျက်လည်း နေ၏ (သမ္ပဇာနော)၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်စိတ်နှစ်ပါး အပေါင်းဖြင့် ခံစားလျက် နေ၏ (ကာယေန ပဋိသံဝေဒေတိ)၊ ယင်းတတိယစျာန်ရရှိသူကို လျစ်လျူရှုနိုင်သူ (ဥပေက္ခကော)၊ အောက်မေ့ခြင်း 'သတိ'ရှိသူ (သတိမာ)၊ ချမ်းသာစွာနေလေ့ရှိသူ (သုခဝိဟာရီ)ဟု အရိယာ ပုဂ္ဂိုလ် သူတော်သူမြတ်တို့သည် မိန့်ကြားချီးမွမ်းတော်မူ ကုန်၏။ ထို တတိယစျာန်သို့[၃]ရောက်၍ နေ၏ (မျက်မှောက်ပြု၍ နေ၏)။

စတုတ္ထစျာန်[၄]–သမ္မာသမာဓိ။ ။ ချမ်းသာခြင်း 'သုခ'ကို ပယ်ခြင်းကြောင့်လည်းကောင်း, ဆင်းရဲခြင်း 'ဒုက္ခ'ကို ပယ်ခြင်းကြောင့်လည်းကောင်း, ရှေးဦးမဆွကပင် ဝမ်းမြောက်ခြင်း 'သောမနဿ'နှင့် စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'တို့၏ ချုပ်နှင့်ခြင်းကြောင့်လည်း ကောင်း ဆင်းရဲခြင်း 'ဒုက္ခ'လည်းမဟုတ် ချမ်းသာခြင်း 'သုခ'လည်း မဟုတ်သော (အဒုက္ခ မသုခဖြစ်သော), လျစ်လျူရှုခြင်း (ထိုထိုအာရုံ၌ အလယ်အလတ် အညီအမျှ ဖြစ်ခြင်း) 'ဥပေက္ခာ'ကြောင့်ဖြစ်သော သတိ၏ အလုံးစုံ စင်ကြယ်ခြင်းရှိသော (အလွန်စင်ကြယ်သော သတိရှိသော) စတုတ္ထစျာန်သို့[၅] ရောက်၍ နေ၏ (မျက်မှောက်ပြု၍ နေ၏)။ ဤဆိုခဲ့ပြီးသော

ဗျာန်လေးပါးကို မဖောက်မပြန် မှန်ကန်စွာ စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း တည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက် ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ'ဟု ဆိုအပ်၏။

(ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ ပြီး၏။)

သစ္စာ ၄–ပါးတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း ပြီး၏။

၁။ တတိယဗျာန်ကို ဥပေက္ခကဗျာန်, သတိမာဗျာန်, သုခဝိဟာရီဗျာန်ဟု ခေါ်သည်။
၂။ ဗျာန်လေးပါးဟု စတုက္ကနည်းဖြင့် ဟောထားခြင်း ဖြစ်သည်။
၃။ စတုတ္ထဗျာန်ကို အဒုက္ခမသုခဗျာန်, ဥပေက္ခာသတိပါရိသုဒ္ဓိဗျာန်ဟု ခေါ်သည်။

♣

၂–အဘိဓမ္မဘာဇနီယ

(သစ္စာလေးပါးတို့ကို အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'[၁]နည်း)

(၁။ အဘိဓမ္မဘာဇနီယနည်း၌ မဟာဝါရ ၃–ပါးရှိသည်။ ယင်း ၃–ပါးတို့ကား–

(၁) အဋ္ဌကဝါရ= မဂ္ဂင် ၈–ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။

(၂) ပဋ္ဌာန်ကဝါရ= သီလမဂ္ဂင် ၃–ပါးမှတစ်ပါး ကျန် မဂ္ဂင် ၅–ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။

(၃) သဗ္ဗသင်္ဂါဟိကဝါရ= ဖဿစသော တရားအပေါင်းဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။)

အဋ္ဌကဝါရ

(အဋ္ဌကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅–မျိုး)[၂]

(၂။ အဋ္ဌကဝါရ ၅–မျိုးမှာ (၁) တဏှာ တစ်ခုတည်းကိုသာ သမုဒယသစ္စာဟု ဟောသောနည်း။ (၂) ကိလေသာ ၁၀–ပါးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၃) အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၄) အကုသိုလ်တရား

အားလုံးနှင့် လောကီကုသလမူလ ၃–ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း။ (၅) လောကီကုသိုလ်နှင့် အကုသိုလ် အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း။ ဤနည်း ၅–မျိုးကို ကောင္ဘာသ ၅–ပါးဟုလည်း ခေါ်သည်။)

၁–အင္ဂုဠိကဝါရ ပဌမနည်း

(တဏှာကို သမုဒယသစ္စာဟု ဟောသောနည်း)

သစ္စာလေးပါး ၂၀၆။ သစ္စာလေးပါးတို့ကား–

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'[1]။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

သမုဒယသစ္စာ။ ။ ထိုသစ္စာလေးပါတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'သည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ'ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'[2]ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တပ်မက်မှု 'တဏှာ'မှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' (၉–ပါး) တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးကို ပေးတတ်သော 'အကုသိုလ်'တရားတို့သည်လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' (တဏှာ, ဒိဋ္ဌိ, မောဟတို့) ၏ အာရုံဖြစ်သော အပြစ်မရှိမူ၍ ကောင်းကျိုးကို ပေးတတ်သော အကြောင်းရင်း 'ကုသလမူလ'သုံးခုတို့သည်လည်းကောင်း၊ (ကုသလမူလ သုံးခုတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုးတရား 'ဝိပါက်'တို့သည်လည်းကောင်း၊ ကုသိုလ်လည်း မဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော, ကုသိုလ် အကုသိုလ်ကင်း၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင်ပြုကာမျှသဘော 'ကိရိယာတရား'တို့သည်လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခနိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓ သစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'ကို ပယ်စွန့်ခြင်းသည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာအဆင့် ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့[2] ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။

သမ္မာဒိဋ္ဌိ[3]။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်သနည်း အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု 'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု သဘော 'ပဇာနနာ'။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'[4]၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာ လေးပါးတရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ' ဖြစ်၍ သစ္စာလေးပါးတရားတို့ကို သိတတ် သော ဗောဓိဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

သမ္မာသင်္ကပ္ပ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်ခြင်းသဘော 'တက္က'၊ အထူးကြံစည်ခြင်းသဘော 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည် ခြင်းသဘော 'သမ္မာသင်္ကပ္ပ'၊ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ ထွက် မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။

သမ္မာဝါစာ။ ။ ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' မည်သနည်း။

မကောင်းသော နှုတ်အကျင့် 'ဝစီဒုစရိုက်'လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'[5]၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'[6]၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ (မကောင်းမှုဝစီဒုစရိုက် ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုးတည်းဟူသော)

ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) 'ဝေရမဏီ'၊ (မကောင်းမှုဝစီဒုစရိုက်ကို) မပြုခြင်းသဘော 'အကိရိယ'၊ (မကောင်းမှုဝစီဒုစရိုက်ကို) မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဏ္ဏာပတ္တိ'၊ (ဝစီဒုစရိုက်ဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာအနတိက္ကမ'၊ (ဝစီဒုစရိုက်ဖြစ်ပေါ်ရန်) အကြောင်းကို သတ်ခြင်းသဘော 'သေတုဃာတ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'ဟု ဆိုအပ်၏။

သမ္မာကမ္မန္တ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မည်သနည်း။

မကောင်းသော ကိုယ်အကျင့် 'ကာယဒုစရိုက်'သုံးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်းသဘော 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်းသဘော 'ဝိရတိ'၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်းသဘော 'ပဋ္ဌိဝိရတိ'၊ (မကောင်းမှု ကာယဒုစရိုက်ကို ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) 'ဝေရမဏီ'၊ (မကောင်းမှုကာယ ဒုစရိုက်ကို) မပြုခြင်းသဘော 'အကိရိယ'၊ (မကောင်းမှုကာယဒုစရိုက်ကို) မပြုလုပ်ခြင်း 'အကရဏ'၊ (မကောင်းမှု ကာယဒုစရိုက်ကို) မလွန်ကျူးခြင်း 'အနဏ္ဏာပတ္တိ'၊ (ကာယဒုစရိုက်ဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော 'ဝေလာအနတိက္ကမ'၊ (ကာယဒုစရိုက် ဖြစ်ပေါ်ရန် ရာဂစသော) အကြောင်းကို သတ်ခြင်းသဘော 'သေတုဃာတ'၊ ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

သမ္မာအာဇီဝ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု 'သမ္မာအာဇီဝ' မည်သနည်း။

မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်းသဘော 'အာရတိ'၊ အထူး ရှောင်ကြဉ်ခြင်းသဘော 'ဝိရတိ'၊ နောက်သို့ ဆုတ်၍ ရှောင်ကြဉ်ခြင်းသဘော 'ပဋ္ဌိဝိရတိ'၊ (မကောင်းမှု မိစ္ဆာဇီဝကို ကျူးလွန်မိလျှင် ပေါ်ပေါက်လာတတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီး တတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) 'ဝေရမဏီ'၊ (မှားသောအသက်မွေးမှုကို) မပြုခြင်းသဘော 'အကိရိယ'၊ (မှားသော အသက်မွေးမှုကို) မပြုလုပ်ခြင်း 'အကရဏ'၊ (ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို) မလွန်ကျူးခြင်း 'အနဏ္ဏာပတ္တိ'၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်ဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ဖြင့် မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ' ဖြစ်ပေါ်ရန် ရာဂစသော) အကြောင်းကို သတ်ခြင်း 'သေတုဃာတ'၊ ကောင်းစွာအသက်မွေးခြင်း 'သမ္မာအာဇီဝ'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက် ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု 'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။

သမ္မာဝါယာမ။ ။ ထို မဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

စိတ်၌ဖြစ်သော အကြင် ကြိုးစားအားထုတ်ခြင်း 'ဝီရိယာရ မ္ဘ' (ဝီရိယစေတသိက်)။ပ။ ကောင်းစွာ အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု 'မဂ်ဉာဏ်' (ဗောဓိဉာဏ်) ၏ အကြောင်း အင်္ဂါတစ်ပါးဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ် အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

သမ္မာသတိ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူး စိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု 'မဂ်ဉာဏ်'၏ (ဗောဓိဉာဏ်၏) အစိတ်အပိုင်းအင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'ဟု ဆိုအပ်၏။

သမ္မာသမာဓိ။ ။ ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (ကောင်းစွာစိတ်ကို အာရုံ၌ထားမှု) 'သမ္မာသမာဓိ' မည်သနည်း။

စိတ်၏ အကြင်တည်တံ့ခြင်း 'ဌိတိ'၊ ကောင်းစွာတည်ခြင်း 'သဏ္ဌိတိ'။ပ။ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု 'မဂ်ဉာဏ်' (ဗောဓိဉာဏ်၏) အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'၊ ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ ထွက်မြောက် ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု 'ကောင်းစွာ စိတ်ကို အာရုံ၌ ထားမှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ'ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းကျန်သော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတဘိတ် ၂၈–ပါး) တရားတို့သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(တဏှာကို သမုဒယသစ္စာဟု ဟောသော အဋ္ဌကိကဝါရ ပထမနည်း ပြီး၏)။

၁။ အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားရာ၌ 'ဒုက္ခသစ္စာ' စသည်ဟုသာ ဟောသည်။ သုတ္တန်နည်း၌မူကား 'ဒုက္ခအရိယသစ္စာ' စသည်ဟုသာ ဟောတော်မူသည်။ အဘိဓမ္မာနည်း၌ သုတ္တန်နည်း၌ကဲ့သို့ 'အရိယသစ္စာ'ဟု ဟောတော်မူလျှင် တဏှာမှ ကြွင်းသော အခြား ဒုက္ခဖြစ်ကြောင်း တရားများ ကျန်ရှိနေသေးသည်၊ ဒုက္ခဖြစ်ကြောင်း တရားများ အားလုံးပါဝင်စေရန် 'သစ္စာ'ဟုသာ အဘိဓမ္မာဘာဇနီယနည်း၌ ဟောတော်မူသည်။ (သမ္မော၊ ၌၊ နာ–၁၁၄–၅)။

၂။ သတိပြုရန်– အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောရာတွင် အကျယ်ဝေဖန်၍ ဟောသော နိဒ္ဒေသဝါရ၌ 'သမုဒယ' သစ္စာကို ရှေးဦးစွာ ဟောသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသစ္စာကို ပြသည့်အခါသမုဒယသစ္စာမှတစ်ပါး ကြွင်းသော လောကီတရားများ ဖြစ်သည်ဟု အကျဉ်းချုံး၍ အလွယ်တကူပြလိုသောကြောင့် ဖြစ်သည်။ (သမ္မော၊ ၌၊ နာ–၁၁၅)

၃။ ဤနေရာ၌ အကျဉ်းချုံး၍ ပြထားသည်၊ ဓမ္မသင်္ဂဏီပါဠိတော်၌ လောကုတ္တရာဈာန်တို့ကို သုဒ္ဓိကပဋ္ဌိပဒါနည်းမှစ၍ အကျယ်ဟောသကဲ့သို့ ဟောရန် ဖြစ်သည်၊ ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇–မှ ၃၆၄–အထိ အကျယ် ပြထားသည်။

၄။ မဂ္ဂင်ရှစ်ပါးတို့၏ အဓိပ္ပါယ်ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၉၇–၃၀၄–ကြည့်။ အဘိဓမ္မာဘာဇနီယ၌ နည်းပေါင်း ခြောက်သောင်း (၆၀၀၀၀) ရှိသည်၊ အဘိဓမ္မာဘာဇနီယ၌ (၁) အဋ္ဌင်္ဂိကဝါရ။ (၂) ပဋ္ဌာန်ကဝါရ။ (၃) သဗ္ဗသင်္ဂါဟိကဝါရဟူ၍ မဟာဝါရ ၃–ဝါရရှိရာ မဟာဝါရတစ်ခု တစ်ခု၌ တဏှာယ ပဟာနံ (= တဏှာ တစ်ခုတည်းကိုသာ သမုဒယသစ္စာဟု ဟောသောနည်း) စသည်ဖြင့် ကောင်္ဘာသ ၅–ပါးစီ, နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) စီ ရှိသည်။ ထိုတွင် အဋ္ဌင်္ဂိကဝါရ ပထမကောင်္ဘာသ၌ နည်းပေါင်းလေးထောင် (၄၀၀၀) ရှိသည်၊ ရှိပုံမှာ– သောတာပတ္တိမဂ်ဈာနာဘိ နိဝေသ၌ သုဒ္ဓိကပဋ္ဌိပဒါစသော ၅–ဝါရကို စတုက္ကနည်း, ပဉ္စကနည်း –၂ ပါးနှင့် မြှောက်သော် နည်း ၁၀–ပါး ဖြစ်၏။ ယင်းနည်း ၁၀–ပါးကို ဈာနာဘိနိဝေသစသော အဘိနိဝေသ ၂၀–နှင့် မြှောက်သော် နည်း–၂၀၀ ဖြစ်သည်၊ ယင်းနည်းကို သုဒ္ဓိကနည်းဟု ခေါ်သည်။ တစ်ဖန် ယင်းသုဒ္ဓိကနည်း–၂၀၀ ကို အဓိပတိ ၄–ပါးနှင့် မြှောက်ပြန်သော် နည်းပေါင်း–၈၀၀ ဖြစ်သည်၊ ယင်းနည်းကို သာဓိပတိနည်းဟု ခေါ်သည်။ သုဒ္ဓိကနည်း–၂၀၀ နှင့် သာဓိပတိနည်း– ၈၀၀ ကို ပေါင်းသော် သောတာပတ္တိမဂ်၌ နည်းပေါင်းတစ်ထောင် (၁၀၀၀) ဖြစ်သည်။ ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်အသီးသီးတို့၌ နည်းပေါင်း တစ်ထောင် (၁၀၀၀) စီ ဖြစ်၍ ပထမ ကောင်္ဘာသဟုခေါ်သော အဋ္ဌင်္ဂိကဝါရပထမနည်း၌ နည်းပေါင်း (၄၀၀၀) ဖြစ်သည်။ ထိုနည်းအလား အဋ္ဌင်္ဂိကဝါရဒုတိယနည်းစသည့် ကျန်ကောင်္ဘာသ ၄–ပါး၌လည်း နည်းပေါင်း လေးထောင် (၄၀၀၀) စီ ရှိသည်၊ သို့ဖြစ်၍ အဋ္ဌင်္ဂိကဝါရ၌ ကောင်္ဘာသ ၅–ပါးအတွက် နည်းပေါင်း ၂၀၀၀၀–ဖြစ်သည်။ 'ထိုနည်းနှင်နှင် ပဋ္ဌာန်ကဝါရ၌ နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) 'သဗ္ဗသင်္ဂါဟိကဝါရ၌ နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) ရှိသည်။ သို့ဖြစ်သဖြင့် အဘိဓမ္မာဘာဇနီယ၌ မဟာဝါရ ၃–ပါး၊ ကောင်္ဘာသ ၁၅–ပါး၊ ဟောနည်းပေါင်း ခြောက်သောင်း (၆၀၀၀၀) ရှိသည်။ သုဒ္ဓိကပဋ္ဌိပဒါစသော ၅–ဝါရနှင့် ဈာနာဘိနိဝေသ စသော အဘိနိဝေသ ၂၀–ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇–မှ ၃၆၄–၌ ရှုပါ။ (သမ္မောဟဝိနောဒနီ၊ ၌၊ နာ–၁၁၅–၁၁၆) ကောင်္ဘာသ ၅–ပါးရေတွက်ပုံကို ရှေ့အဋ္ဌင်္ဂိကဝါရ မှတ်ချက်၌ ပြန်ရှုပါ။

၅။ ဝိစယ= (ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌ အနိစ္စလက္ခဏာ စသည်ဖြင့်) စိစစ်ခြင်း။

၆။ အာရတိ= စိတ်ဖြင့် ရှောင်ကြဉ်ခြင်း။
၇။ ဝိရတိ= ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း (ခုဒ္ဒကပါဠ၊ ၆၊ နာ-၁၁၉) အထူးမှာထားချက်မှာ 'အာရတိ'၊ 'ဝိရတိ'၊ 'ပဋ္ဌိဝိရတိ'ပုဒ်တို့သည် ရှောင်ကြဉ်ခြင်း အနက်၏ စကားပရိယာယ် များသာ ဖြစ်သည် (အဋ္ဌသာလိနီ၊ နာ-၂၆၃)
၈။ မိစ္ဆာဇီဝ= ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့ဖြင့် အသက်မွေးမှု။

♣

၂-အင္ဂုဠိကဝါရ ဒုတိယနည်း

(ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၀၇။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယ သစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်လည်းကောင်း၊ (တဏှာမှတစ်ပါး) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ် သော 'ကိလေသာ'၉-ပါးတို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော ကိလေသာ ၁၀-ပါးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(ကိလေသသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးခု (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ (ကုသလမူလသုံးခုမှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော (လောကီ) ကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'တရားတို့သည်လည်းကောင်း၊ ကုသိုလ်, အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားလည်း မဟုတ်သော အကြင်ပြုကာမျှသဘော 'ကိရိယာ'တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ကိလေသာတို့ကိုလည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။ ဤကိလေသာ ၁၀-ပါးကို ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း ဝင့်ဆင်းရဲမှ ထွက်မြောက်တတ် သော 'နိယျာနိက'၊ နိဗ္ဗာန်သို့ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ကောင်းစွာ ထား ခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။[**၁]

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်အမှန်သဘော 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး) တရား တို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(ကိလေသာ ၁၀–ပါးကို သမုဒယသစ္စာဟု ဟောသော အင္ဂုဏ်ကဝါရ

ဒုတိယနည်း ပြီး၏။)

၁။ ** မဂ္ဂင်ရှစ်ပါးအကျယ်အဖွင့်ကို ပေယျာလချန်ခဲ့သည်၊ အင္ဂုဏ်ကဝါရ ပထမနည်းအတိုင်း ချဲ့ရမည်ဖြစ်သည်၊ ကြွင်းသော အင္ဂုဏ်ကဝါရ တတိယ, စတုတ္ထ, ပဉ္စမနည်းများမှာလည်း ပထမနည်းအတိုင်း ချဲ့ယူရမည်ဖြစ်သည်။

♣

၃–အင္ဂုဏ်ကဝါရ တတိယနည်း

(အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၀၈။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်းအမှန်သဘော 'သမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'၉–ပါးတို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရား တို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော အကုသိုလ်တရားအားလုံးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော ကုသိုလ်၏ အကြောင်းရင်း 'ကုသလ မူလ'သုံးခု (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ (ကုသလမူလသုံးခုမှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန် သော ကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့သည်လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ'တရားတို့သည်လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'၉–ပါးတို့ကိုလည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့ကို လည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။ ဤအကုသိုလ်တရားအားလုံး ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန်မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါသစ္စာ'ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး) တရား တို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟုဟောသော အင္ဂုဠိကဝါရ တတိယနည်း ပြီး၏။)

၄–အင္ဂုဠိကဝါရ–စတုတ္ထနည်း

(အကုသိုလ်တရား အားလုံးနှင့် လောကီကုသလမူလ ၃–ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၀၉။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်းအမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' (အလောဘ, အဒေါသ, အမောဟ) သုံးပါးတို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃–ပါး တရားအပေါင်းကို ဆင်းရဲမှု ဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ် ကုန်သော လောကီကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တို့သည်လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'တရား'လည်း မဟုတ်သော အကြင်ပြုကာမျှသဘော 'ကိရိယာ'တရား တို့သည်လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့ကိုလည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့ကိုလည်း ကောင်း၊ 'အာသဝ'၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်း ရင်းဖြစ်သော 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့ကိုလည်းကောင်း ပယ်စွန့်ခြင်း သည် ရှိ၏။ ဤအကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ တရား၃–ပါးတို့ကို ပယ်စွန့်ခြင်းကို ဆင်းရဲ ချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်းတူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာအဆင့် ဖြစ်သည့် သောတာပတ္တိဖိုလ်သို့

ရောက်ခြင်းငှါလည်းကောင်း၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန်မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓ ဂါမိနိပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး) တရား တို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃–ပါးတို့ကို သမုဒယသစ္စာဟု ဟောသော အဋ္ဌဂိုကဝါရစတုတ္ထနည်း ပြီး၏။)

၅–အဋ္ဌဂိုကဝါရ–ပဉ္စမနည်း

(လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂ ၁၀။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါးတို့သည်လည်းကောင်း၊ 'ကုသလမူလ'သုံးပါးမှ ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော လောကီကုသိုလ် အကုသိုလ် တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ်အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့သည် လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည်လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ်သော အကြင် ပြုကာမျှသဘော

'ကိရိယာ'တရားတို့သည်လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်းရှိ၏။ ဤလောကီဝိပါက်, ကြိယာ, ရုပ်အာလုံးကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့ကိုလည်းကောင်း၊ (ကိလေသာ ၁၀–ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကိုလည်း ကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါးတို့ကိုလည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ်တရားတို့ကိုလည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။ ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း ဝင့်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခ နိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး) တရား တို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော အဋ္ဌကထာရ ပဋ္ဌမနည်း ပြီး၏။)

အဋ္ဌကထာရ ၅–နည်း ပြီး၏။

၂–ပဋ္ဌာန်ကထာရ

(ပဋ္ဌာန်ကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

၁-ပဋ္ဌာန်ကဝါရ-ပထမနည်း

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

သစ္စာလေးပါး ၂၁၁။ သစ္စာလေးပါးတို့ကား-

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

သမုဒယသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'သည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ'ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန် သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည်လည်းကောင်း၊ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်းဖြစ်သော 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ 'ကုသလ မူလ'သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့သည်လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင်ပြုကာမျှသဘော 'ကြိယာ'တရားတို့သည်လည်းကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းသည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲ ချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါလည်းကောင်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန်မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစား အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။

သမ္မာဒိဋ္ဌိ။ ။ ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု 'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှုသဘော 'ပဇာနနာ'။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ အမှန်သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာလေးပါးတရားတို့ကို ပိုင်းခြားစိစစ်ခြင်းသဘော 'ဓမ္မဝိစယ' ဖြစ်၍ (သစ္စာလေးပါး) တရား တို့ကို သိတတ်သော 'ဗောဓိဉာဏ်'၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ (ကိလေသာ တို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်း လမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၂၉၇)

သမ္မာသင်္ကပ္ပ။ ။ ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်ခြင်းသဘော 'တက္က'၊ အထူးကြံစည်ခြင်းသဘော 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်ခြင်း သဘော 'သမ္မာသင်္ကပ္ပ'၊ ထွက်မြောက်ကြောင်းလမ်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ ထွက်မြောက် ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္နာ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၂၉၈)

သမ္မာဝါယာမ။ ။ ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

စိတ်၌ဖြစ်သော အကြင် ကြိုးစား အားထုတ်ခြင်း လုံ့လ 'ဝီရိယာရ မ္ဘ' (ဝီရိယစေတသိက်)။ပ။ ကောင်းစွာ အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်) ၏ အကြောင်းအင်္ဂါတစ်ပါးဖြစ်သော

ကြိုးစားအားထုတ်မှု လုံ့လ 'ဝီရိယသမ္မောဗျင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက် ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်ခြင်း သဘော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု လုံ့လ 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၃၀၂)

သမ္မာသတိ။ ။ ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အစဉ်အမြဲအဖန်ဖန် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်) ၏ အစိတ် အပိုင်းအင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္မောဗျင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်သော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ –၃၀၃) **သမ္မာသမာဓိ။** ။ ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာထားမှု) 'သမ္မာသမာဓိ' မည်သနည်း။

စိတ်၏ အကြင် တည်တံ့ခြင်း 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ် (မဂ်ဉာဏ်) ၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိ သမ္မောဗျင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၏ အစိတ်အပိုင်း အင်္ဂါ'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်'၌ အကျုံးဝင်သော 'မဂ္ဂပရိယာပန္နေ'သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားမှု) 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။ (ဏီ၊ ပဒ–၃၀၄) ဤဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) ဟု ဆိုအပ်၏။

(မဂ္ဂင်ငါးပါတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး)[၂] တရား တို့သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။ပ။**[၃]

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော ပဋ္ဌာန်ကတ္တိရ[၄] ပထမနည်း ပြီး၏။)

၁။ စာပိုဒ်ရေ–၂၀ဖအစနှင့် ၂၁၁–အဆုံး ကြည့်ပါ။

၂။ မဂ်စိတ်နှင့် ယှဉ်ဘက်စေတသိက် ၃ဖ–ပါးဖြစ်၍ မဂ္ဂင်၅–ပါးကြဉ်လျှင် စေတသိက် ၃၁–ပါးသာဖြစ်သည်။ စင်စစ်မှာ ပုဂ္ဂလဏ္ဍာသယအားဖြင့် သီလမဂ္ဂင် ၃–ပါးတို့မှာ မဂ်အခိုက်အတန့်မှာ ဖြစ်ဖွယ်မလိုဟု ယူဆထားရာ ဤနေရာ၌ ယှဉ်ဘက်စေတသိက် ၂၈–ပါးဟု ပြန်ဆိုလိုက်သည်။

၃။ **ပဋ္ဌာန်ကတ္တိရ ဒုတိယနည်း (=ကိလေသာ ၁၀–ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံးနှင့် လောကီကုသလ မူလ ၃–ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း) တို့ကို ပေယျာလချန်ခဲ့သည်။

၄။ ပဠဝိုကဝါရဟု ဟောတော်မူရခြင်းအကြောင်း– (အဠဝိုကဝါရအစ ပြန်ကြည့်) (သီလမဂ္ဂင် ၃–ပါးကြဉ်သော) အင်္ဂါ၅–ပါးရှိသည့် ပဠဝိုကမဂ်ကို ဆင်းရဲချုပ်ခြင်း (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) ဟု ဟောတော်မူရခြင်းအကြောင်းမှာ– ပုဂ္ဂိုလ်၏ ကာယကံ, ဝစီကံ, အာဇီဝ= အသက်မွေးမှုသည် မဂ်မရမီ ရှေးမဆွကပင် သန့်ရှင်းစင်ကြယ်ပြီးဖြစ်သောကြောင့် မဂ်အခိုက်အတန့်၌ ယင်းသီလမဂ္ဂင် ၃–ပါး ဖြည့်ဖွယ် မရှိတော့ပြီ၊ ကြွင်းမဂ္ဂင် ၅–ပါးသာ ဖြည့်ရတော့သည်ဟု ယူဆသည့် ပုဂ္ဂိုလ်တို့၏ ပုဂ္ဂလဗျာသယအားဖြင့် ပဠဝိုကမဂ်ကို ဆင်းရဲချုပ်ခြင်း 'နိဗ္ဗာန်'သို့ ရောက်ကြောင်းအကျင့် 'မဂ္ဂသစ္စာ'ဟု ဟောတော်မူသည်။ (သမ္မော၊ ၌၊ နှာ–၁၁၅)

♣

၅–ပဠဝိုကဝါရ ပဠမနည်း

(လောကီကုသိုလ် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

သမုဒယသစ္စာ ၂၁၂။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ 'ကုသလမူလ'သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့ သည်လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည်လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင် ပြုကာမျှ သဘော 'ကြိယာ'တရားတို့သည်လည်းကောင်း၊ အလုံးစုံသော ရူပ်သည်လည်းကောင်း ရှိ၏။ ဤလောကီဝိပါက်, ကြိယာ, ရူပ်အားလုံးကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ်နိပ်စက်တတ်သော 'ကိလေသာ'တို့ကိုလည်းကောင်း၊ (ကိလေသာ ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့ကိုလည်း ကောင်း၊ 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်းဖြစ်သော 'ကုသလမူလ'သုံးပါးတို့ကိုလည်းကောင်း၊ ('ကုသလမူလ'သုံးပါးတို့မှ) ကြွင်း သော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ် တရားတို့ကိုလည်းကောင်း ပယ်ခြင်းသည် ရှိ၏။ ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန်မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစား အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ'ဟူသော အင်္ဂါငါးပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။ပ။[**1] (မဂ္ဂင်ငါးပါးတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈–ပါး) တရားတို့ သည် ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

(လောကီကုသိုလ် အကုသိုလ်အာလုံးကို သဒုဒယသစ္စာဟု ဟောသောနည်း ပဋ္ဌာဂိကဝါရ ပဋ္ဌမနည်း ပြီး၏။)

ပဋ္ဌာဂိကဝါရအားဖြင့် သစ္စာလေးပါးဖွဲ့နည်း ၅–မျိုး ပြီး၏။

၁။ ** မဂ္ဂင်၅–ပါး၏ အဓိပ္ပါယ်ကို ပေယျာလချန်ခဲ့သည်၊ ပထမနည်းအတိုင်း ချဲ့ယူရမည် ဖြစ်သည်။

♣

၃–သဗ္ဗသင်္ဂါဟိကဝါရ

(သဗ္ဗသင်္ဂါဟိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅–မျိုး)

(သဗ္ဗ= အလုံးစုံ၊ မင်္ဂ၌ယှဉ်သော သမ္ဗယုတ်တရား အားလုံး။ သင်္ဂါဟိက= (သံ= ကောင်းစွာ။ ဂါဟ= ယူခြင်း။ ဣက= ပြခြင်း) ကောင်းစွာသိမ်းယူ၍ပြခြင်း။ သဗ္ဗသင်္ဂါဟိက= မင်္ဂစိတ်နှင့် ယှဉ်ဘက် ဖဿ–စသော စေတသိက်များကို မဂ္ဂသစ္စာဟု သိမ်းကျုံး၍ ပြသည့်နည်း ဖြစ်သည်။).

၁–သဗ္ဗသင်္ဂါဟိကဝါရ–ပထမနည်း

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

သစ္စာလေးပါး ၂၁၃။ သစ္စာလေးပါးတို့ကား–

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

သမုဒယသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခ သမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ'သည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ'ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန် သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ'တို့သည်လည်းကောင်း၊ (ကိလေသာ ၁၀–ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည်လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ် ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ 'ကုသလမူလ'သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည်လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့သည်လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ် ကံ၏ အကျိုး 'ဝိပါက်'လည်း မဟုတ်ကုန်သော အကြင်ပြုကာမျှသဘော 'ကြိယာ'တရားတို့သည် လည်း ကောင်း၊ အလုံးစုံသော ရုပ်သည်လည်းကောင်း ရှိ၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းသည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငါလည်းကောင်း၊ ပထမ အရိယာအဆင့် ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငါလည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။[**1] ဤဆိုခဲ့ပြီးသော ဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)[2] ဟု ဆိုအပ်၏။ပ။

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သဗ္ဗသင်္ဂါဟိကဝါရ ပထမနည်း ပြီး၏။)

၁။ ** ဓမ္မသင်္ဂဏီစာပိုဒ်– ၂၇၊ နှာ–၇၂။

၂။ မဂ္ဂသစ္စာနှင့် ယှဉ်ဘက်ဖြစ်သော ဖဿစသော တရားအပေါင်း (=မဂ်စိတ်နှင့်ယှဉ်ဘက် စေတသိက်) သဗ္ဗသင်္ဂါဟိက တရားကို မဂ္ဂသစ္စာဟု ဟောတော်မူခြင်းအကြောင်းမှာ– မဂ်စိတ် ၄–ပါးနှင့် မဂ္ဂင်၈–ပါးကြဉ်သော စေတသိက် ၂၈–ပါးတို့ သည် မဂ္ဂသစ္စာနှင့် ယှဉ်ဘော်ယှဉ်ဘက် တရားများဖြစ်ကြသောကြောင့် ဆင်းရဲချုပ်မှု (နိဗ္ဗာန်) သို့ရောက်ကြောင်း (မဂ္ဂသစ္စာ) ဟု ဟောတော်မူသည်။ (သမ္မော၊ ၌၊ နှာ–၁၁၅) သဗ္ဗသင်္ဂါဟိကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀–ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃–ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)။ ဤနည်း ၃–မျိုးကို ပေယျာလ ချန်ထားခဲ့သည်။

♣

၅–သဗ္ဗသင်္ဂါဟိကဝါရ ပဋ္ဌမနည်း

(လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

(သမုဒယသစ္စာ, ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ)

သမုဒယသစ္စာ ၂၁၄။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'သည်လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည်လည်းကောင်း၊ (ကိလေသာ၁၀–ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည်လည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည်လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်းအမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'ဟု ဆိုအပ်၏။

ဒုက္ခသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်'တရားတို့သည် လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည်လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင် ပြုကာမျှ သဘော 'ကြိယာ'တရားတို့သည်လည်းကောင်း၊ အလုံးစုံသော ရူပ်သည်လည်းကောင်း ရှိ၏။ ဤလောကီဝိပါက်, ကြိယာ, ရူပ်အားလုံးကို ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

နိရောဓသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ'ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ်သော နှိပ်စက်တတ်သော 'ကိလေသာ'တို့ကိုလည်းကောင်း၊ (ကိလေသာ၁၀–ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကိုလည်း ကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ'သုံးပါးတို့ကိုလည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ် သော လောကီကုသိုလ်တရားတို့ကိုလည်းကောင်း ပယ်ခြင်းသည် ရှိ၏။ ဤလောကီကုသိုလ်, အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ နိရောဓသစ္စာ'ဟု ဆိုအပ်၏။

မဂ္ဂသစ္စာ။ ။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အချင်းချင်း အကုသိုလ် အဖြစ်ဖြင့် တူသောဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသောအကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါလည်းကောင်း၊ ပထမအရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါလည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ

ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော နုံ့နှေးသော အသိဉာဏ်ရှိသော ပထမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော ဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သမ္မသဂ်ါဟိကဝါရ ပဋ္ဌမနည်း ပြီး၏။)

(သမ္မသဂ်ါဟိကဝါရ ပြီး၏။)

အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယနည်း'ပြီး၏။

၃–ပဋ္ဌာပုစ္ဆက

(အမေး–အဖြေပြု၍ ဟောကြားသော 'ပဋ္ဌာပုစ္ဆက'နည်း)

သစ္စာ ၄–ပါး ၂၁၅။ မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့် မြတ်သဖြင့် 'အရိယာ'ဟု ခေါ်တွင်သော ပုဂ္ဂိုလ်မြတ် တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ'လေးပါးတို့ကား–

(၁) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုအမှန်သဘော 'ဒုက္ခအရိယသစ္စာ'။

(၂) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ အရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာ အမှန်သဘော 'ဒုက္ခနိရောဓ အရိယသစ္စာ'။

(၄) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ'[1] တို့တည်း။

၁။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ= မဂ္ဂသစ္စာ။

♣

သစ္စာ ၄–ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁–တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ ၂၁၆။ အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်သဘော 'အရိယသစ္စာ'၄–ပါးတို့တွင် အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကိုသာ

ပေးတတ်သော 'ကုသိုလ်'သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်'သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ'သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။[**]

၁။ ** ဝေဒနာတိုက် အမှတ် ၂–မှ သနိဒဿနတိုက် အမှတ် ၂၂–အထိ တိုက် ၂၁–ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့သည်။

♣

၂–ဒုက်ခ၁၀၀–တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ။ ။ (အရိယသစ္စာ ၄–ပါးတို့တွင်) ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'သစ္စာတို့သည် အဘယ်မျှရှိကုန် သနည်း။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ'သစ္စာတို့သည် အဘယ်မျှ ရှိကုန် သနည်း။[**]

၁။ ** ဟေတုဒုက် ဒုက်အမှတ် ၁–မှ သဉ္ဇတ္တရဒုက် ဒုက်အမှတ် ၉၉–အထိ ဒုက် ၉၉–ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ လုံးဝချန်ခဲ့သည်။

♣

သစ္စာ ၄–ပါးတို့ကို တိုက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ'ကို ပြခြင်း

၁–တိုက ဝိသဇ္ဇနာ

(သစ္စာ ၄–ပါးတို့ကို တိုက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ'ကို ပြခြင်း)

(၁) ကုသလတိုက် အဖြေ ဝိသဇ္ဇနာ ၂၁၇။ ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ'သည် အပြစ်နှင့် တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဖြစ်၏ (လောဘ)။ ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'မဂ္ဂသစ္စာ'သည် အပြစ်မရှိမှု၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဖြစ်၏ (မဂ္ဂင်ရှစ်ပါး)။ ဆင်းရဲမှုချုပ်ရာ အမှန်သဘော 'နိရောဓသစ္စာ'သည် ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော (ကုသိုလ်လည်း မဟုတ်မှု၍ အကုသိုလ်လည်း မဟုတ်သော) 'အဗျာကတ' ဖြစ်၏ (နိဗ္ဗာန်)။ အချို့သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'သည် ကုသိုလ်ဖြစ်၏ (လောကီကုသိုလ်စိတ္တုပ္ပါဒ်[၁]များ)။ အချို့သော ဒုက္ခသစ္စာသည် အကုသိုလ်ဖြစ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အဗျာကတဖြစ်၏ (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကြိယာစိတ္တုပ္ပါဒ်၊ ရူပ် ၂၈–ပါး)။

၁။ စိတ္တုပ္ပါဒ်သည် စိတ်နှင့်ယှဉ်ဘက် စေတသိက်များဟု ဆိုလိုသည်။

♣

(၂) **ဝေဒနာတိုက် အဖြေဝိသဇ္ဇနာ။** ။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သုခဝေဒနာနှင့်ယှဉ်ကုန်၏ (လောဘမူ သောမနဿစိတ် ၄–ပါး၌ ရှိသော လောဘ၊ သောမနဿမဂ်ဈာန်စိတ်၁ဖ–ပါး၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်ကုန်၏ (လောဘမူ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး၌ ရှိသော လောဘ၊ ဥပေက္ခာသဟဂုတ် မဂ်ဈာန်စိတ် ၄–ပါး၌ ရှိသော မဂ္ဂင် ၈–ပါး)။ နိရောဓသစ္စာကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်း ကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ (လောကီသုခသဟဂုတ်စိတ် ၃၁–ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဝေဒနာကြဉ် ယှဉ်ဘက် စေတသိက် ၄၅–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်)။ အချို့သော ဒုက္ခသစ္စာသည် အဒုက္ခမသုခဝေဒနာ (ဥပေက္ခာ) နှင့် ယှဉ်၏ (လောကီဥပေက္ခာသဂုတ်စိတ် ၄၇–ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ပီတိ, ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅–ပါး)။

တိုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်၏ဟူ၍လည်း ကောင်း မဆိုအပ်ချေ (ဝေဒနာ၊ ရုပ် ၂၈–ပါး)။

---

(၃) **ဝိပါကတိုက် အဖြေဝိသဇ္ဇနာ။** ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော သဘော) ရှိသောတရား ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင် ၈–ပါး)။ နိရောဓသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားလည်း မဟုတ်ချေ (နိဗ္ဗာန်)။ အချို့သောဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်၏ (လောကီဝိပါက်စိတ် ၃၂–ပါး၊ ယှဉ်ဘက်စေတသိတ် ၃၅–ပါး)။ အချို့သော ဒုက္ခသစ္စာသည် အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားဖြစ်၏ (လောဘကြဉ်သော လောကီကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်'လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်'ကို ဖြစ်စေခြင်းသဘော (အကျိုး 'ဝိပါက်'ကို ဖြစ်စေတတ်သော သဘော) ရှိသော တရားလည်း မဟုတ်ချေ (ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၄) ဥပါဒိဏ္ဍတိက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံ ဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏အာရုံဖြစ်သော လောကီကုသိုလ်ကံ အကုသိုလ်ကံ တို့ကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်–၈ပါး)။ အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံလည်း ဖြစ်၏ (လောကီဝိပါက်စိတ် ၃၂–ပါး၊ ယှဉ်ဘက်စေတသိက်၊ ကမ္မဇရုပ်)၊ အချို့သော ဒုက္ခသစ္စာသည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာဖြစ်၏ (လောကီ ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်၊ လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

---

(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ပူပန်စေတတ်နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း ဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်းဖြစ်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ် စိတ်နှင့်ယှဉ်သော မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်းဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ၏အာရုံလည်းဖြစ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဝိတက်လည်း ရှိ၍ (ဝိတက်နှင့်လည်း ယှဉ်၍) ဝိစာရလည်း ရှိ၏ (ဝိစာရနှင့်လည်း ယှဉ်၏) (လောဘမူစိတ်၌ ရှိသော လောဘ)။ နိရောဓသစ္စာသည် ဝိတက်လည်း မရှိမူ၍ (ဝိတက်နှင့်လည်း မယှဉ်မူ၍) ဝိစာရလည်း မရှိချေ (ဝိစာရနှင့်လည်း မယှဉ်) (နိဗ္ဗာန်)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်းရှိ၍ (ဝိတက်နှင့်လည်းယှဉ်၍) ဝိစာရလည်းရှိ၏ (ဝိစာရနှင့် လည်း ယှဉ်၏) (မဂ်ပဌမဈာန်စိတ်၌ရှိသော ဝိတက်ကြဉ်သည့် မဂ္ဂင် ၇–ပါး)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်ကား မရှိမူ၍ (ဝိတက်နှင့် မယှဉ်မူ၍) ဝိစာရမျှသာ ရှိ၏ (ဝိစာရနှင့်သာယှဉ်၏) (မဂ်ဒုတိယဈာန် စိတ်၌ရှိသည့် သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇–ပါး၊ မဂ်ပဌမဈာန်၌ရှိသော သမ္မာသင်္ကပ္ပ= ဝိတက်)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (မဂ်တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်စိတ်တို့၌ရှိသော သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင် ၇–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (လောကီသဝိတက္ကစိတ် ၄၇–ပါး၊ လောဘ, ဝိတက်, ဝိစာရကြဉ် ယှဉ်ဘက်စေတသိတ် ၄၉–ပါး)။ အချို့သော ဒုက္ခသစ္စာသည်

ဝိတက် မရှိမူ၍ ဝိစာရမျှသာရှိ၏ (လောကီဒုတိယဈာန် ၃–ပါးနှင့် ယှဉ်ဘက်စေတသိက်၊ လောကီသဝိတက္ကစိတ် ၄၇–ပါး၌ရှိသော ဝိတက် ၄၇–ပါး)။ အချို့သော ဒုကၠသစ္စာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိချေ (လောကီအဝိတက္က အဝိစာရစိတ် ၃၁–ပါး၊ ယှဉ်ဘက်စေတသိက် ၃၆–ပါး၊ လောကီ ဒုတိယဈာန်စိတ် ၃–ပါး၌ရှိသော ဝိစာရ စေတသိတ် ၃–ပါး၊ ရုပ် ၂၈–ပါး)။

တိက်မုတ်။ ။ အချို့သော ဒုကၠသစ္စာကို ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိ၏ဟူ၍လည်းကောင်း ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကီ သဝိတက္ကစိတ် ၄၇–ပါး၌ရှိသော ဝိစာရစေတသိတ် ၄၇–ပါး)။

---

(၇) ပီတိတိက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်၏) (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယမဂ် ဈာန်စိတ်၁၂–ပါးတို့၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ မဂ်ဈာန်စိတ်၁၆–ပါး တို့၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောဘမူဥပေက္ခာ စိတ်၌ ရှိသော လောဘ၊ မဂ်ပဉ္စမဈာန်စိတ် ၄–ပါး၌ ရှိသော မဂ္ဂင် ၇–ပါး)။

တိက်မုတ်။ ။ နိရောဓသစ္စာကို ပီတိနှင့်တကွ ဖြစ်၏ (ပီတိနှင့်ယှဉ်၏)ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍လည်ကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုကၠသစ္စာသည် ပီတိနှင့်တကွ ဖြစ်၏ (ပီတိနှင့်ယှဉ်၏) (လောကီပီတိသဟဂုတ်စိတ် ၂၇–ပါး၊ လောဘ, ပီတိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက် စေတသိက် ၄၅–ပါး)။ အချို့သော ဒုကၠသစ္စာသည် သုခဝေဒနာနှင့်တကွ ဖြစ်၏ (သုခဝေဒနာနှင့် ယှဉ်၏) (လောကီသုခသဟဂုတ်စိတ် ၃၁ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅–ပါး)။ အချို့သော ဒုကၠသစ္စာသည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ (ဥပေက္ခာဝေဒနာနှင့် ယှဉ်၏) (လောကီဥပေက္ခာသဟ ဂုတ်စိတ် ၄၇–ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ပီတိကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅–ပါး)။

တိက်မုတ်။ ။ အချို့သော ဒုကၠသစ္စာကို ပီတိနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍လည်းကောင်း မဆို အပ်ချေ (ဒုကၠသဟဂုတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး၊ သုခသဟဂုတ်ကာယဝိညာဏ်နှင့် လောကီစတုတ္ထဈာန် စိတ် ၃–ပါးတို့၌ ရှိသော သုခဝေဒနာ ၄–ပါး၊ လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇–ပါး၌ ရှိသော ဥပေက္ခာဝေဒနာ ၄၇–ပါး)။

---

(၈) ဒဿနတိုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဝေစ္ဆာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော သောတာပတ္တိမဂ် သည် ပယ်အပ်သည်လည်း မဟုတ်မူ၍, (သောတာပတ္တိမဂ်မြင်ပြီးသော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက်မဂ်သုံးခုတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတသမ္မယုတ် စိတ် ၄–ပါးခ်ုရှိသော လောဘ)၊ အချို့သော သမုဒယသစ္စာသည် အထက်မဂ်သုံးခုတို့သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄–ပါးခ်ုရှိသော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်၏ (ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ခု၊ ဝိစိကိစ္ဆာစိတ်၊ လောဘကြင့်သော ယုဉ်ဘက် စေတသစိတ်များ၊ အပါယဂမနိယဖြစ်သော အကုသိုလ် တရားများ)။ အချို့သော ဒုက္ခသစ္စာသည် အထက်မဂ်သုံးပါးတို့သည် ပယ်အပ်၏ (ကြွင်းအကုသိုလ်စိတ် ၇–ပါး၊ လောဘကြင့်သော ယုဉ်ဘက်စေတသိတ်များ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၉) ဒဿနဟေတုတိုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဝေစ္ဆာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ သည်လည်း မဟုတ် မူ၍ အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ်စိတ်တို့၌ ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမူဒိဋ္ဌိဂတ သမ္မယုတ်စိတ်၌ရှိသော လောဘ–မောဟဟိတ်နှင့် ယုဉ်၏)။ အချို့သော သမုဒယသစ္စာသည် အထက်မဂ် သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြင့်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ မောဟကြင့်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အထက်မဂ် သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြင့်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြင့်သော ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ ပယ်အပ်သောဟိတ်ရှိသည်လည်း မဟုတ်ကုန် (မောဟမူဒွေးခ်ုရှိသော မောဟ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၁၀) အာစယဂါမိတိုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် စုတိ ပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏ (လောဘ)။ မဂ္ဂသစ္စာသည် စုတိပဋ္ဌိသန္ဓေမှကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏ (မဂ်စိတ် ၄–ပါးခ်ုရှိသည့် မဂ္ဂင် ၈–ပါး)။ နိရောဝေစ္ဆာသည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်း လည်း မဟုတ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏ (လောဘကြင့်သည့် လောကီ ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည်

စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ (လောကီဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ, ရုပ်၂၈-ပါး)။ [အာစယဂါမိ= အာ+စယ+ဂါမိ။ အာ= လွန်စွာ။ စယ= ဆည်းပူး။ ဂါမိ= ရောက်ကြောင်း။ = ကံ ကိလေသာတို့သည် ဆည်းပူးအပ်သော တရားသို့ရောက်ကြောင်း။ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း '

---

(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။ မဂ္ဂသစ္စာသည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏ (အရိယာ မဂ္ဂင်ရှစ်ပါး)။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ) သစ္စာသုံးပါးတို့သည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

---

(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် နည်းပါးသော တန်ခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား) ဖြစ်၏ (လောဘ)။ (နိရောဓ သစ္စာ, မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ'တရားဖြစ်၏။ အချို့သော ဒုက္ခသစ္စာသည် နည်းပါးသော တန်ခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား) ဖြစ်၏ (လောဘကြဉ်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ ရုပ်)။ အချို့သော ဒုက္ခသစ္စာသည် ကြီးကျယ်မြင့်မြတ် သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရားဖြစ်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)။ [ပမာဏ= တိုင်းတာအပ်သော၊ တိုင်းတာတတ်သော ကိလေသာရှိနေသူ ပုထုဇဉ်၏ ဂုဏ်မှာ ဤမျှ လောက် သာရှိ၏။ ဤမျှလောက်သာ ကြီး၏ဟု တိုင်းတာနှိုင်းယှဉ်၍ ရကောင်းသဖြင့် ကိလေသာကို 'ပမာဏ'တရားဟု ခေါ်သည်။ '

---

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် အာရုံပြုတတ်သော သဘောမရှိ (အာရုံ မပြုတတ်ချေ) (နိဗ္ဗာန်)။ မဂ္ဂသစ္စာသည် မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား (လောကုတ္တရာတရားဖြစ်သော နိဗ္ဗာန်) ကို အာရုံပြု၏ (မဂ်စိတ်၌ ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော သမုဒယသစ္စာသည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ (လောဘမူစိတ် ၈-ပါး ၌ ရှိသော လောဘ)။ အချို့သော သမုဒယသစ္စာသည် မဟဂ္ဂုတ်တရားကို အာရုံပြု၏ (ရပြီးဈာန်ကို သာယာမှုစသည် ဖြစ်သော အခိုက်အတန့်၌ ဖြစ်သော လောဘ)။ သမုဒယသစ္စာသည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံမပြုချေ။ အချို့သော သမုဒယသစ္စာကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြု၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို အာရုံပြုခိုက်ဖြစ်သော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် ကာမကို အာရုံပြု၏ (ကာမတရားကို အာရုံပြုခိုက်ဖြစ်သော ကာမာဝစရစိတ္တုပ္ပါဒ်များနှင့် အဘိညာဉ်ဒွေး)။ အချို့သော ဒုက္ခသစ္စာသည် မဟဂ္ဂုတ်ကိုအာရုံပြု၏ (လောဘ ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေး၊ မနောဒ္ဓါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်၊ အရူပ ဒုတိယ-စတုတ္ထ စိတ္တုပ္ပါဒ်)။

အချို့သော ဒုက္ခသစ္စာသည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြု၏ (မနောဒ္ဓါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေး)။

တိက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာ တရား) ကို အာရုံပြု၏ ဟူ၍လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို ဧကန်အာရုံပြုသော ရူပါဝစရစိတ္တုပ္ပါဒ်၊ မဟဂ္ဂုတ်ကို ဧကန် အာရုံပြုသော အရူပါဝစရ ပဌမ တတိယ စိတ္တုပ္ပါဒ်၊ ပညတ်ကို အနေကန် အာရုံ ပြုခိုက်ဖြစ်သော မနောဒ္ဓါရာဝဇ္ဇန်း, လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်နှင့် အဘိညာဉ်ဒွေး၊ ရုပ် ၂၈–ပါး)။

---

(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်၏။ (လောဘ)။ (နိရောဝေသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ယုတ်ညံ့သော 'ဟီန'တရားဖြစ်၏ (လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အလယ်အလတ်ဖြစ်သော 'မ၎ျိမ'တရားဖြစ်၏ (အကုသိုလ် ကြဉ်သော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၁၅) မိစ္ဆတ္တတိက်[1] အဖြေဝိသဇ္ဇနာ။ ။ နိရောဝေသစ္စာသည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတတရား မဟုတ်ချေ (အနိယတ[2]တရားဖြစ်သည်) (နိဗ္ဗာန်)။ မဂ္ဂသစ္စာသည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားဖြစ်၏ (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိက်၏ အစွမ်းအားဖြင့် ဖြစ်သောဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄–ပါးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်၊ ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေး၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတအားဖြင့် အကျိုးပေး မမြဲကုန် (ကြွင်းသော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

၁။ မိစ္ဆတ္တ= (မိစ္ဆာ= မှားသော။ အတ္တ= သဘော)။
၂။ အာယတနဝိဘင်္ဂ– ပဥ္စာပုစ္ဆက ပိုဒ်ရေ (၉၈)၊ ဓာတုဝိဘင်္ဂ– ပဥ္စာပုစ္ဆက ပိုဒ်ရေ (၁၅) (၉၈) ကြည့်ပါ။

♣

(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ။ (အာရုံ မပြုတတ်ချေ) (နိဗ္ဗာန်)။

တိက်မုတ်။ ။ သမုဒယသစ္စာကို မဂ်ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မဂ်မည်သော အကြောင်းရင်းဟိတ် 'မဂ္ဂဟိတ်'ရှိ၏ဟူ၍လည်းကောင်း (ကုသိုလ်ဟိတ်ဖြစ်သည့် အမောဟဟုဆိုအပ်သော သမ္မာ ဒိဋ္ဌိနှင့် ယှဉ်၏ဟူ၍လည်းကောင်း)၊ မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ဟူ၍လည်းကောင်း (အဓိပတိ ထိုက်သော သမ္မာဒိဋ္ဌိမဂ္ဂင်= ဝီမံသာဓိပတိ၊ သမ္မာဝါယာမမဂ္ဂင်= ဝီရိယာဓိပတိတို့နှင့် ယှဉ်၏ဟူ၍လည်းကောင်း) မဆိုအပ်ချေ။ မဂ္ဂသစ္စာသည် မဂ်ကို အာရုံမပြုချေ (မဂ်စိတ်တို့၌ရှိသော မဂ္ဂသစ္စာဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။ မဂ္ဂသစ္စာသည် မဂ်မည်သော အကြောင်းဟိတ်ရှိ၏ (ဟိတ်ဟုဆိုအပ်သော မဂ္ဂင်နှင့် ယှဉ်၏) (သမ္မာဒိဋ္ဌိဖြစ်သော အမောဟကြဉ်သော မဂ္ဂင် ၇–ပါး)။ အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ (သမ္မာဒိဋ္ဌိတည်းဟူသော ဝီမံသာဓိပတိ၊ သမ္မာဝါယာမတည်းဟူသောဝီရိယာဓိပတိ–ဤတရား ၂–ပါးတို့ တစ်ပါးစီ အသီးအသီး အဓိပတိတပ်ခိုက်၌ ကြွင်းသော မဂ္ဂင် ၇–ပါးတို့သည် အဓိပတိတရားနှင့် ယှဉ်ကြသည်။ မဂ္ဂင် ၈–ပါး အားလုံးပင် မဂ္ဂါဓိပတိတရားနှင့် ယှဉ်သည်)။ အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ'ရှိ၏ဟု မဆိုအပ်ချေ (ဆန္ဒနှင့်စိတ် တို့ အဓိပတိတပ်ခိုက်၌ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂါဓိပတိတရားနှင့်မယှဉ်[1]။ တစ်နည်း– အဓိပတိတပ်ခိုက် ဖြစ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်, အဓိပတိတပ်ခိုက်ဖြစ်သော သမ္မာဝါယာမမဂ္ဂင်– ဤမဂ္ဂင် ၂–ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဂ်ကို အာရုံပြု၏ (မနောဒွါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေးစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော အကြောင်းဟိတ်မရှိ (ကုသိုလ်ဟိတ် ဖြစ်သော သမ္မာဒိဋ္ဌိ= အမောဟနှင့်မယှဉ်) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော အကြီးအမှူးရှိ၏ (မဂ်ကို အလေးအမြတ်အာရုံပြုသည့် ဉာဏသမ္ပယုတ်မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် မဂ်ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မဂ်မည်သော အကြီးအမှူး ရှိ၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (မဂ်ကို အာရုံမပြုခိုက် မပြုနေ လောဘကြဉ်သော လောကီ တရားများ)။

မှုတ်ချက်။ ။ မဂ္ဂါဓိပတိတရားမှာ မဂ္ဂင်ရှစ်ပါး၌လည်း ပါဝင်ရမည်၊ အဓိပတိကိစ္စ တပ်နိုင်သောတရား လည်း ဖြစ်ရမည်။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်လည်းဖြစ်၍ ဝီမံသာဓိပတိလည်းဖြစ်သဖြင့် မဂ္ဂါဓိပတိတရား ဖြစ်သည်။ သမ္မာဝါယာမသည် မဂ္ဂင်လည်းဖြစ်၍ ဝီရိယာဓိပတိလည်း ဖြစ်နိုင်သဖြင့် မဂ္ဂါဓိပတိတရား ဖြစ်သည်။

၁။ ဆန္ဒနှင့် စိတ်တို့သည် အဓိပတိကိစ္စတပ်နိုင်သော်လည်း မဂ္ဂင်တရားများ မဟုတ်ချေ။ အဓိပတိကိစ္စလည်း တပ်နိုင်၍ မဂ္ဂင်လည်းဖြစ်သော တရားများမှာ သမ္မာဒိဋ္ဌိ (= ပညာ, ဝီမံသာဓိပတိ) နှင့် သမ္မာဝါယာမ (= ဝီရိယ, ဝီရိယာဓိပတိ) တို့ ဖြစ်သည်။

♣

(၁၇) ဥပွန္နတိုက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲဖြစ်သော 'ဥပွန္နဲ'တရားဖြစ်ကုန်၏ (ပစ္စုပ္ပန်လောဘနှင့် မဂ္ဂင်ရှစ်ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ခဏ သုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်မည် ဆိုကဖြစ်နိုင်သည့် ဖြစ်ကောင်းဖြစ်မည့် 'အနုပွန္နဲ'တရား ဖြစ်သည်) (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ သော လောဘနှင့် မဂ္ဂင်ရှစ်ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မချုတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကျိုးတရားများ မဟုတ်)။

တိက်မုတ်။ ။ နိရောဓသစ္စာကို ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲဖြစ်သော 'ဥပွန္နဲ'တရားဖြစ်၏ဟူ၍ လည်းကောင်း၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ် သော 'အနုပွန္နဲ'တရား ဖြစ်၏ဟူ၍လည်းကောင်း၊ မချုတ်ဧကန်ဖြစ်လတ္တံ့ဖြစ်သော 'ဥပါဒိ'တရားဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်ကို အတိက်, အနာဂတ်, ပစ္စုပ္ပန်တရားဟု မဆိုအပ်ချေ)။ အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲဖြစ်သော 'ဥပွန္နဲ'တရားဖြစ်၏ (ပစ္စုပ္ပန်တရားများဖြစ်သော လောဘကြဉ်သည့် လောကီတရားများ)။ အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်ကောင်း ဖြစ်လတ္တံ့သောတရား 'အနုပွန္နဲ'တရား ဖြစ်သည်) (နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော လောဘနှင့် ဝိပါက်စိတ်တို့ကြဉ်သည့် လောကီစိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ် သည့် တိဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် မချုတ်ဧကန် ဖြစ်လတ္တံ့ဖြစ်၏ (နောင်အနာဂတ်ကာလ၌ မချုတ်ဧကန် ဖြစ်မည့် 'ဥပါဒိ'တရားဖြစ်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။

---

(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။ ။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဖြစ်ပြီး 'အတိက်'တရား ဖြစ်ကုန် ၏။ အချို့သော သစ္စာသုံးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရား ဖြစ်ကုန်၏။ အချို့သော သစ္စာသုံးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရား ဖြစ်ကုန်၏ (လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး၊ မဂ်စိတ် ၄–ပါး၌ရှိသော မဂ္ဂင် ၈–ပါး)။

တိက်မုတ်။ ။ နိရောဓသစ္စာကို ဖြစ်ပြီး 'အတိက်'တရားဖြစ်၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားဖြစ်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

---

(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။ မဂ္ဂသစ္စာကို ဖြစ်ပြီး 'အတိက်'တရားကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြု၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မဂ်စိတ် ၄–ပါး၌ရှိသော မဂ္ဂင် ၈–ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။

(တိက်မုတ်) အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားကို အာရုံ ပြုကုန်၏ (အတိက်ကို ဧကန်အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထ စိတ္တုပ္ပါဒ်များ၊ ဝိရတီနှင့်အပွမညာ ကြဉ်သော အတိက်ကို အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ကာမဧော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အာရုံပြုခိုက်ဖြစ်သော အပွမညာကြဉ်သည့် မနောဒွါရာဝဇ္ဇန်း, ကာမဧော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ဧကန် အာရုံပြုသော ဒွေးပဋ္ဌဝိညာဏ်–၁၀ နှင့် မနောဓာတ် ၃–ပါး၊ ယှဉ်ဘက်စေတသိတ်များ၊ ပစ္စုပ္ပန်တရားကို အနေကန်အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, ကာမဧော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ)။

တိက်မုတ်။ ။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်'တရားကိုအာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'တရားကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို အာရုံပြုသော စိတ္တုပ္ပါဒ်များ၊ နိဗ္ဗာန်ကို အနေကန် အာရုံပြုသော မနေဒွါရာဝဇ္ဇန်း, ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၂၀) အဗ္ဗတ္တတိက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်၏ (နိဗ္ဗာန်)။ ကြွင်းသော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ရံခါအတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါအပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါအတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

---

(၂၁) အဗ္ဗတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ

(အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။ မဂ္ဂသစ္စာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သောတရား (နိဗ္ဗာန်) ကို အာရုံပြု၏ (မဂ် ၄–ပါး၌ရှိသော မဂ္ဂင် ၈–ပါး)။ သမုဒယသစ္စာသည် ရံခါအတွင်း 'အဗ္ဗတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြု၏။ သမုဒယ သစ္စာသည် ရံခါအပ 'ဗဟိဒ္ဓ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြု၏။ ရံခါအတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (လောဘ)။ အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ဖြစ်သော တရားကို အာရုံပြု၏ (အဗ္ဗတ္တကို ဧကန်အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထစိတ္တုပ္ပါဒ်များ၊ အနေကန် အာရုံပြုသော လောဘ, ဣဿာ, အပွမညာကြဉ် ကာမစိတ္တုပ္ပါဒ်နှင့် အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ'သန္တာန်၌ ရှိသော တရားကို အာရုံပြု၏ (ဗဟိဒ္ဓကို ဧကန် အာရုံပြုသော ရူပါဝစရစိတ်၁၅–ပါး, အရူပ ပထမစိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ဗဟိဒ္ဓကို အနေကန် အာရုံပြုသော လောဘ,

မစ္ဆရိယကြဉ်သော လောကီစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ[1])။ အချို့သော ဒုက္ခသစ္စာသည် အတွင်း အပ 'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်ခ္ခဖြစ်သော တရားကို အာရုံပြု၏ (အဗ္ဗတ္တဗဟိဒ္ဓတရားကို အနေကန် အာရုံပြုသော လောဘ, ဣဿာ, မစ္ဆရိယ, အပွမညာကြဉ် ကာမ စိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေး)။

တိက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဗ္ဗတ္တ'သန္တာန်ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြု၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နတ္ထိဘောပညတ်ကို ဧကန်အာရုံပြုသော အရူပ တတိယ စိတ္တုပ္ပါဒ်၊ အနေကန်အာရုံပြုသော မနောဒ္ဓါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်ကြဉ် ကာမဇော ၂၈, အဘိညာဉ် ဒွေး၊ လောဘ, ဝိရတီ, အပွမညာ, ဣဿာ, မစ္ဆရိယ ကြဉ်သော ယုဉ်ဘက် စေတသိက်၊ ရုပ် ၂၈–ပါး)။

---

[1] ဓမ္မသင်္ဂဏီ၊ စာပိုဒ် ၁၄၃၅, ၁၄၃၆, ၁၄၃၇, ၁၅၄၈။

♣

(၂၂) သန်ဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည်မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန်။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်း ရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိမူ၍ ထိပါးတတ်သော သဘောသာရှိ၏ (ရူပါရုံ ကြဉ်သော သြဠာရိကရုပ် ၁၁–ပါး)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (လောဘနှင့် သြဠာရိကရုပ်၁၂–ပါး ကြဉ်သော လောကီ တရားများ)။

(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဠာဝုစ္ဆကနည်း'ပြီး၏။)

(သစ္စာလေးပါးတို့ကို တိက် ၂၂–ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဠာဝုစ္ဆကနည်း'ပြီး၏။)

၂–ဒုကဝိသဇ္ဇနာ

(သစ္စာ ၄–ပါးတို့ကို ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ'ကို ပြခြင်း)

(၁–ဟေတုဂေါစ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ ၂၁၈။ သမုဒယသစ္စာသည် ဟိတ်မည်၏ (အကုသိုလ်ဟိတ်ဖြစ်သော လောဘ)။ နိရောဓသစ္စာသည် ဟိတ်မမည်ချေ (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်မည်ကုန်၏ (လောဘကြဉ်သော လောကီ စိတ်တို့ခ္ခရှိသော ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် ၅–ပါး၊

မဂ်စိတ် ၄–ပါး၌ရှိသည့် အမောဟဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် ဟိတ်မမည်ကုန် (ဟိတ် ၆–ပါးကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး၊ သမ္မာဒိဋ္ဌိ ကြဉ်သော မဂ္ဂင် ၇–ပါး)။

---

(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်ရှိကုန်၏[၁] (ဟိတ်နှင့် ယှဉ်ကုန်၏)။ နိရောဓသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်ရှိ၏ (ဟိတ်နှင့်ယှဉ်၏) (လောဘနှင့် မောဟမူဒွေးခ်ဉ် မောဟ ကြဉ်သည့် လောကီသဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့်မယှဉ်ချေ) (မောဟမူဒွေးခ်ဉ် မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

၁။ လောဘမူစိတ်ခ်ဉ်ရှိသော လောဘသည် မောဟဟိတ်နှင့်ယှဉ်၏။ မဂ်စိတ် ၄–ပါးခ်ဉ်ရှိသော မဂ္ဂင် ၈–ပါးသည် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

♣

(၃) ဟေတုသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏။[၁] နိရောဓသစ္စာသည် ဟိတ်နှင့်မယှဉ် (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့်ယှဉ်၏ (လောဘနှင့် မောဟမူဒွေးခ်ဉ်ရှိသော မောဟကြဉ်သည့် လောကီ သဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့် မယှဉ်ချေ (မောဟမူဒွေးခ်ဉ်ရှိသော မောဟ၊ အဟိတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

၁။ လောဘမူစိတ်ခ်ဉ်ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏။ မဂ်စိတ် ၄–ပါးခ်ဉ်ရှိသော မဂ္ဂင် ၈–ပါးသည် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

♣

(၄) ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်းရှိ၏ (ဟိတ်နှင့်လည်းယှဉ်၏) (လောဘမူစိတ်ခ်ဉ်ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏)။

ဒုက်မုတ်။ ။ နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်ယှဉ်၏)ဟူ၍ လည်းကောင်း၊ ဟိတ်လည်း ရှိ၍ ဟိတ်လည်း မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (အမောဟတည်းဟူသော သမ္မာဒိဋ္ဌိ)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄–ပါးခ်ဉ်ရှိသည့် သမ္မာဒိဋ္ဌိကြဉ်သော ကြွင်းမဂ္ဂင် ၇–ပါး–အလောဘ, အဒေါသ,

အမောဟဟိတ်တို့နှင့် ယှဉ်ကြ သည်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (မောဟမူဒွေးခ်ိန်ရှိသော မောဟနှင့် လောဘကြဉ်သော လောကီဟိတ် ၅–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (ဟိတ် ၆–ပါးကြဉ်သော လောကီသဟိတ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်းမည်၍ ဟိတ်လည်းရှိ၏ (ဟိတ်နှင့်ယှဉ်၏)ဟူ၍ လည်းကောင်း၊ ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေးခ်ိန် ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘမူစိတ် ၈–ပါးခ်ိန်ရှိသော လောဘဟိတ်–မောဟဟိတ်နှင့် ယှဉ်သည်)။

ဒုက်မုတ်။ ။ နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း ဟိတ်နှင့်လည်း ယှဉ်၍ ဟိတ်လည်း မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (အမောဟဟိတ်ဖြစ်သော သမ္မာဒိဋ္ဌိ–အလောဘ, အဒေါသဟိတ်တို့နှင့် ယှဉ်သည်)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄–ပါးခ်ိန်ရှိသည့် သမ္မာဒိဋ္ဌိကြဉ်သော ကြွင်း မဂ္ဂင် ၇–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘနှင့် မောဟမူ ဒွေးခ်ိန်ရှိသော မောဟကြဉ်သည့် လောကီသဟိတ်စိတ်တို့ခ်ိန်ရှိသော ဟိတ် ၅–ပါး)။ အချို့သော ဒုက္ခသစ္စာ သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆–ပါးကြဉ်သော လောကီသဟိတ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်းမည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေးခ်ိန်ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၆) နဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (ဟိတ်နှင့်လည်း မယှဉ် ချေ) (နိဗ္ဗာန်)။

ဒုက်မုတ်။ ။ သမုဒယသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်းမမည်မူ၍ ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘ)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ (ဟိတ်နှင့်သာ ယှဉ်၏) (သမ္မာဒိဋ္ဌိ ကြဉ်သည့် ကြွင်း မဂ္ဂင် ၇–ပါး)။

ဒုက်မုတ်။ ။ အချို့သော မဂ္ဂသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်ရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (အမောဟတည်းဟူသော သမ္မာဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆–ပါးကြဉ်သော

လောကီ သဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘကြဉ်သည့် လောကီ သဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၅–ပါး)။

(ဟေတုဂေါစ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၂–စူဠန္တရဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ)

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် အကြောင်းနှင့် တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏)။ နိရောဓသစ္စာသည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်း တရားလေးပါတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။

---

(၈) သခ်ံတဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ ပြုပြင် အပ်သော 'သခ်ံတ'တရား ဖြစ်ကုန်၏။ နိရောဓသစ္စာသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော 'အသခ်ံတ'တရား ဖြစ်၏ (နိဗ္ဗာန်)။

---

(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် မြင်အပ်သော သဘော မရှိကုန်။ (စက္ခုပ္ပသာဒဖြင့် မမြင်နိုင်ချေ) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး) အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောရှိ၏ (စက္ခုပ္ပသာဒဖြင့် မြင်နိုင်၏) (အဆင်း 'ရူပါရုံ)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိချေ (လောဘနှင့် ရူပါရုံကြဉ်သော လောကီတရားများ)။

---

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘောရှိ၏ (သြဠာရိကရုပ်ဖြစ်သော ပသာဒရုပ် ၅–ပါးနှင့် အာရုံ ၅–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘောမရှိချေ (သုခုမရုပ် ၁၆–ပါး၊ လောဘကြဉ်သည့် လောကီစိတ္တုပ္ပါဒ်)။

---

(၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါတို့သည် ဖောက်ပြန်ခြင်းသဘောရှိသော 'ရူပ်'မဟုတ်ချေ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်းသဘောရှိသော 'ရူပ်' ဖြစ်၏ (ရူပ် ၂၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်းသဘောရှိသော 'ရူပ်'မဟုတ်ချေ (လောဘကြဉ်သော လောကီစိတ်, စေတသိက်များ)။

---

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်း သဘော 'လောက'၌ အကျုံးဝင်သော 'လောကိယ'တရား ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်းသဘော 'လောက'မှ ထွက်မြောက်သော 'လောကုတ္တရာ'တရားဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

---

(၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။ ။ (သစ္စာလေးပါးတို့ကို) တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏။ (သစ္စာလေးပါးတို့ကို) တစ်စုံတစ်ခုသော စိတ်သည် မသိအပ်ကုန်။

(စူဠန္တရဒုက် ၇–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၃–အာသဝဂေါစ္ဆကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါး နေတတ်၍ မူးယစ် မိုက်မဲစေတတ်သော သဘော 'အာသဝ' မည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ် သောသဘော 'အာသဝ' မည်၏ (ဒိဋ္ဌိ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝမမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရူပ် ၂၈–ပါး)။

---

(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီ တရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

---

(၁၆) အာသဝသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် အာသဝနှင့် (ဒိဋ္ဌိ, မောဟနှင့်) ယှဉ်၏ (လောဘမူစိတ်ရှစ်ပါး၌ရှိသော လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)

သစ္စာနှစ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်၏ (ဒေါသမူ မောဟမူတို့၌ ရှိသော မောဟနှင့် လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောတို့နှင့်) မယှဉ် (ဒေါသမူ မောဟမူတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၁၇) အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲ စေတတ် သော သဘော 'အာသဝ'လည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်၏ (ဒိဋ္ဌိ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟတည်းဟူသော အာသဝတရားကိုယ်ကြဉ် လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၁၈) အာသဝ အာသဝသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် အာသဝလည်းမည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ, မောဟ တို့နှင့် ယှဉ်သော လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟ တည်းဟူသော အာသဝတရားကိုယ်ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့် သာယှဉ်၍ အာသဝမမည်ဟူ၍လည်းကောင်း မဆို အပ်ချေ (ဒေါသမူနှင့် မောဟမူ ဒွေး၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံ လည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

ဒုက်မုတ်။ ။ သမုဒယသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏အာရုံလည်း မဖြစ်ဟူ၍လည်း ကောင်း မဆိုအပ်ချေ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ အာသဝ တရားကိုယ် ၂–ပါး)။

(အာသဝဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၄–သညောဇနဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၂၀) သညောဇနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်' မည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ် မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်မည်၏ (လောဘကြဉ်သော သံယောဇဉ်တရားကိုယ် ၇–ပါး= ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ်ကြဉ်သော လောကီတရားများ)။

---

(၂၁) သညောဇနီယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်၈–ပါး)။

---

(၂၂) သညောဇနေ သမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် သံယောဇဉ်နှင့်ယှဉ်၏ (လောဘမူစိတ်၌ ရှိသော လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် ယှဉ်၏ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ ကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် မယှဉ်ချေ (ဥဒ္ဓစ္စသဟ ဂုတ်စိတ်၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၂၃) သညောဇနေ သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်၏ အာရုံ လည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်၏အာရုံသာဖြစ်၍ သံယောဇဉ်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏အာရုံလည်း ဖြစ်၏ (လောဘ ကြဉ်သော ကြွင်းသံယောဇဉ်တရားကိုယ် ၇–ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ်မမည်ချေ (သံယောဇဉ်တရားကိုယ် ၈–ပါးကြဉ်သော လောကီတရားများ)။

---

(၂၄) သညောဇနေ သညောဇနေသမ္မယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (လောဘမူစိတ်၌ ရှိသော လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်းမည်၍ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ်မမည်ကုန်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် ကြွင်းသံယောဇဉ်တရားကိုယ် ၇–ပါး)။ အချို့သော ဒုက္ခ သစ္စာသည် သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈–ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာယှဉ်၍ သံယောဇဉ် မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၂၅) သညောဇနေဝိပ္ပယုတ္တသညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)

သစ္စာနှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

ဒုက်မုတ်။ ။ သမုဒယသစ္စာကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ဟူ၍ လည်း ကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏အာရုံလည်း မဖြစ်ဟူ၍လည်း ကောင်း မဆိုအပ်ချေ (လောဘ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ (ဥဒ္ဓစ္စ သဟဂုတ် စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း

မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြောင့်သည့် အကုသိုလ် စိတ္တုပ္ပါဒ်)။

(သညောနေဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၅-ဂန္ဓဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ)

(၂၆) ဂန္ဓဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ တတ်သော 'ဂန္ဓ' မည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓ မမည်ကုန် (နိဗ္ဗာန်၊ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ဓမည်၏ (ဒေါသ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ဓမမည်ချေ (လောဘ, ဒေါသ, ဒိဋ္ဌိတည်းဟူသော ဂန္ဓတရားကိုယ်ကြောင့်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

---

(၂၇) ဂန္ဓနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီ တရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

---

(၂၈) ဂန္ဓသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေး၌ရှိသော ဒေါသကြောင့်သည့် လောဘမူစိတ္တုပ္ပါဒ်, ဒေါသမူစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေး၌ရှိသော ဒေါသ၊ မောဟမူဒွေး, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

---

(၂၉) ဂန္ဓဂန္ဓနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ (လောဘ)။ ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ဓလည်းမည်၍ ဂန္ဓ၏ အာရုံလည်း ဖြစ်၏ (ဒေါသ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ချေ (လောဘ, ဒေါသ, ဒိဋ္ဌိတည်းဟူသော ဂန္ဓတရားကိုယ်ကြောင့်သော လောကီတရားများ)။

---

(၃၀) ဂန္ဓဂန္ဓသမ္ဘယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဂန္ဓလည်းမည်၍ ဂန္ဓနှင့် လည်း ယှဉ်၏ (ဒိဋ္ဌဂတသမ္ပယုတ်စိတ်ဌာ်ရှိသော လောဘ)။

ဒုက်မုတ်။ ။ အချို့သော သမုဒယသစ္စာကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့် သာယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်ဌာ် ရှိသော လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာ သည် ဂန္ဓနှင့်သာယှဉ်၍ ဂန္ဓမမည်ချေ (ဂန္ဓတရားကိုယ် ၃–ပါးကြဉ်သော လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ်များ)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဂန္ဓလည်းမည်၍ ဂန္ဓနှင့်လည်း ယှဉ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ဟူ၍လည်းကောင်း၊ မဆိုအပ်ချေ (ဒေါသမူဒွေးဌာ်ရှိသော ဒေါသ၊ မောဟမူဒွေး, လောဘီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၃၁) ဂန္ဓဝိပ္ပယုတ္တဂန္ဓနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်ဌာ်ရှိသော လောဘ၊ ဒေါသမူဒွေးဌာ်ရှိသော ဒေါသ၊ မောဟမူဒွေး, လောဘီကုသိုလ်, ဝိပါက်၊ ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း ဂန္ဓနှင့်လည်း မယှဉ်မူ၍ ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်ဌာ်ရှိသော လောဘနှင့် ဒေါသမူဒွေးဌာ်ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်)။

(ဂန္ဓဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၆–ညြယဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၃၂–၃၇)။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲဌာ်) နစ်မြုပ်စေတတ်သော 'ညြယ' မည်၏။ပ။[1]

(ညြယဂေါ့ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

၁။ သြဃဂေါ်ဌက ၆–ဒုက်နှင့် ယောဂဂေါ်ဌက ၆–ဒုက် အဖြေ ဝိသဇ္ဇနာများသည် အာသဝဂေါ်ဌက ၆–ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ လုံးဝချန်ခဲ့သည်။ အာသဝဂေါ်ဌကဒုက် အဖြေဝိသဇ္ဇနာအတိုင်း ချဲ့ယူလေ့လာပါလေ။

♣

(၇–ယောဂဂေါ်ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၃၈–၄၃)။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌) ယှဉ်စပ်တွယ်ကပ်စေတတ်သော 'ယောဂ' မည်၏။ပ။

(ယောဂဂေါ်ဌကဒုက် ၆–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

၁။ သြဃဂေါ်ဌက ၆–ဒုက်နှင့် ယောဂဂေါ်ဌက ၆–ဒုက် အဖြေဝိသဇ္ဇနာများသည် အာသဝဂေါ်ဌက ၆–ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလလုံးဝ ချန်ခဲ့သည်။ အာသဝဂေါ်ဌကဒုက် အဖြေ ဝိသဇ္ဇနာအတိုင်း ချဲ့ယူလေ့လာပါလေ။

♣

(၈–နိဝရဏဂေါ်ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၄၄) နိဝရဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော နိဝရဏမည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဝရဏမမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏမည်၏ (လောဘကြဉ်သော နိဝရဏတရားကိုယ် ၇–ပါး= ဒေါသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ် ၈–ပါးကြဉ်သော လောကီ တရားများ)။

---

(၄၅) နိဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဝရဏ၏ အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဝရဏ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်၈–ပါး)။

---

(၄၆) နိဝရဏသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် နိဝရဏနှင့် ယှဉ်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဝရဏနှင့် မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏနှင့် ယှဉ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏနှင့် မယှဉ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၄၇) နိဝရဏ နိဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ (ကာမစ္ဆန္ဒ နိဝရဏ= လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ကုန်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏလည်း မည်၍ နိဝရဏ၏ အာရုံလည်း ဖြစ်၏ (လောဘ ကြဉ်သော နိဝရဏတရားကိုယ် ၇–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ် ၈–ပါးကြဉ်သည့် လောကီတရားများ)။

---

(၄၈) နိဝရဏ နိဝရဏသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏ မမည်ကုန်ဟူ၍ လည်း ကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ (လောဘကြဉ်သော နိဝရဏ တရားကိုယ် ၇–ပါး)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏ မမည်ချေ (နိဝရဏတရားကိုယ် ၈–ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို နိဝရဏလည်း မည်၍ နိဝရဏနှင့်လည်း ယှဉ်၏ဟူ၍ လည်း ကောင်း၊ နိဝရဏနှင့် သာယှဉ်၍ နိဝရဏ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

ဒုက်မုတ်။ ။ သမုဒယသစ္စာကို နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာဖြစ်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆို အပ်ချေ (လောဘ)။ အချို့သော ဒုက္ခသစ္စာသည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာဖြစ်၏ (အကုသိုလ်စိတ္တုပ္ပါဒ် ကြဉ်သော လောကီတရားများ)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံဖြစ်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်မူ၍ နိဝရဏ၏အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

(နိဝရဏဂေါ့ဌကဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၉–ပရာမာသဂေါစ္ဆကဒုက် ၅–ခု အဖြေ ဝိသဇ္ဇနာ)

(၅၀) ပရာမာသဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါး တို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီတရားများ)။

---

(၅၁) ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံဖြစ်ကုန်၏ (လောကီ တရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

---

(၅၂) ပရာမာသ သမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည်မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ'နှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိဂတသမ္မယုတ်စိတ်၌ရှိသော လောဘ)၊ အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (လောဘနှင့် ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတ သမ္မယုတ် စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတသမ္မယုတ် စိတ်ကြဉ်သော လောကီစိတ်များ၊ လောဘ, ဒိဋ္ဌိကြဉ် စေတသိက် ၅၀၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့် မယှဉ်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ) (ဒိဋ္ဌိကို ဒိဋ္ဌိနှင့် ယှဉ်၏ဟု မဆိုရချေ)။ (ဏီ၊ ပဒ–၁၅၂၀)

---

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာကို ပရာမာသ (ဒိဋ္ဌိ) လည်းမည်၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (လောဘ)။ သမုဒယသစ္စာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံလည်း ဖြစ်၏ဟူ၍လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘနှင့် ဒိဋ္ဌိကြဉ် သည့် လောကီတရားများ)။

---

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ (ဒိဋ္ဌိ) နှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်ကြဉ်သည့် လောကီတရားများ)။

ဒုက်မုတ်။ ။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္မယုတ် စိတ္တုပ္ပါဒ်)။

(ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၁၀-မဟန္တရဒုက်၁၄-ခု အဖြေဝိသဇ္ဇနာ)

(၅၅) သာရမ္မဏဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏ (အာရုံပြုတတ်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် အာရုံပြုခြင်းသဘော ရှိ၏ (အာရုံပြုတတ်၏) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ)။ အချို့သော ဒုက္ခသစ္စာသည် အာရုံပြု ခြင်းသဘော မရှိချေ (ရုပ် ၂၈-ပါး)။

---

(၅၆) စိတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါး တို့သည် စိတ် မမည်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်မည်၏ (လောကီစိတ် ၈၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ် မမည်ချေ (လောဘကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်များ၊ ရုပ် ၂၈-ပါး)။

---

(၅၇) စေတသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စေတသိက် မည်ကုန်၏ (လောဘ၊ မဂ္ဂင် ၈-ပါး)။ နိရောဓသစ္စာသည် စေတသိက် မမည်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စေတသိက်မည်၏ (လောကီစိတ်တို့ ၌ရှိသော လောဘကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စေတသိက် မမည်ချေ (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

---

(၅၈) စိတ္တသမ္ဗယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်ယှဉ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့် မယှဉ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် ယှဉ်၏ (လောကီစိတ်နှင့် ယှဉ်သော လောဘကြဉ်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် မယှဉ်ချေ (ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို စိတ်နှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီစိတ် ၈၁–ပါး) (စိတ်ကို စိတ်နှင့် ယှဉ်၏ဟု မဆို ရချေ)။

---

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်နှီးနှော ရောနှောကုန်၏ (စိတ်နှင့် ယှဉ်ကုန် ၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့် မနှီးနှော မရောနှောချေ (စိတ်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် နှီးနှောဏ (စိတ်နှင့်ယှဉ်၏) (လောကီစိတ်နှင့် ယှဉ်သည့် လောဘ ကြဉ်သော စေတသိက် ၅၁–ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် မနှီးနှော မရောနှောချေ (စိတ်နှင့် မယှဉ်ချေ) (ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို စိတ်နှင့်နှီးနှော ရောနှောဏ (ယှဉ်၏)ဟူ၍လည်းကောင်း၊ စိတ်နှင့် မနှီးနှော မရောနှောဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကီစိတ် ၈၁–ပါး)။

---

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့် ဖြစ်၏ (လောကီစိတ်ဌိုရှိသော လောဘကြဉ်သည့် စေတသိက်များ၊ စိတ္တဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (လောကီစိတ် ၈၁–ပါး၊ စိတ္တဇရုပ်မှ တစ်ပါးသော ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်များ)။

---

(၆၁) စိတ္တသဟဘုဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့် တကွ ဖြစ်ကုန်၏ (စိတ်နှင့်အတူဖြစ် အတူ ပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီ စိတ်ဌိုရှိသော လောဘကြဉ်သည့် စေတသိက် ၅၁–ပါး၊ ဝိညတ်ရုပ် ၂–ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁–ပါး၊ ဝိညတ် ဒွေးကြဉ် ရုပ် ၂၆–ပါး)။

---

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်ဌိုင်ရှိသော လောဘကြင်သည့် စေတသိက် ၅၁–ပါး၊ ဝိညတ်ဒွေး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁–ပါး၊ ဝိညတ်ဒွေး ကြင်သော ရုပ် ၂၆–ပါး)။

---

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည်စိတ်နှင့်လည်း နှီးနှောရောနှောရ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့် လည်း ဖြစ်၏ (လောကီစိတ်ဌိုင်ရှိသော လောဘကြင်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (လောကီ စိတ် ၈၁–ပါး၊ ရုပ် ၂၈–ပါး)။

---

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့် လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့် လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွ မဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်း တကွ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်ဌိုင်ရှိသော လောဘကြင်သည့် စေတသိက် ၅၁–ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်း တကွမဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁–ပါး၊ ရုပ် ၂၈–ပါး)။

---

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ် နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။ နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်းမယှဉ်မူ၍) စိတ်ကြောင့် လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း

နီးနှော ရောနှောရ (စိတ်နှင့်လည်း ယှဉ်ရ) စိတ် ကြောင့်လည်း ဖြစ်ရ စိတ်သို့လည်း အစဉ်လိုက်ရ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်တို့ဌ်ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁–ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် လည်း မနီးနှော မရောနှောမူရ စိတ်ကြောင့်လည်း မဖြစ်မူရ စိတ်သို့လည်း အစဉ်လိုက်ရ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁–ပါး၊ ရုပ် ၂၈–ပါး)။

---

(၆၆) အဗ္ဗတ္တိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါး တို့သည် အပ 'ဗဟိဒ္ဓ'သန္တာန်ဌ ဖြစ်ကုန်၏ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဗ္ဗတ္တ'သန္တာန်ဌ ဖြစ်၏ (လောကီစိတ် ၈၁–ပါး၊ ပသာဒရုပ် ၅–ပါး)။ အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ'သန္တာန်ဌ ဖြစ်၏ (လောကီစိတ်ဌ်ရှိသော လောဘကြဉ် သည့် စေတသိက် ၅၁–ပါး၊ ပသာဒရုပ် ၅–ပါးကြဉ်သော ရုပ် ၂၃–ပါး)။

---

(၆၇) ဥပါဒါဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် မဟာဘုတ် ၄–ပါးတို့ကို မှီရှုဖြစ်သော 'ဥပါဒါရုပ်'မဟုတ်ချေ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄–ပါးကို မှီရ ဖြစ်၏ (ဥပါဒါရုပ် ၂၄–ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄–ပါးကို မှီရ ဖြစ်သော 'ဥပါဒါရုပ်'မဟုတ်ချေ (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ မဟာဘုတ် ၄–ပါး)။

---

(၆၈) ဥပါဒိဏ္ဍဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံကြောင့် မဖြစ်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၏ (လွန်ခဲ့သည့် အတိက်ဘဝကံကြောင့် ဖြစ်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (လွန်ခဲ့သည့် အတိက်ဘဝ ကံကြောင့် မဖြစ်ချေ) (လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်၊ လောဘကြဉ်သော ယှဉ်ဘက် စေတသိက် ၅၁–ခု၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

(မဟန္တရဒုက်၁၄–ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)

(၁၁–ဥပါဒါနဂေါ့ဌက ဒုက် ၆–ခု အဖြေ ဝိသဇ္ဇနာ)

(၆၉) ဥပါဒါနဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်'မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည်

ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မည်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၇၀) ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

---

(၇၁) ဥပါဒါနသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (လောဘမူစိတ် ၈–ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါးခ္ခ်ိုရှိသော လောဘကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါးခ္ခ်ိုရှိသော လောဘ၊ မောဟမူ, ဒေါသမူစိတ္တုပ္ပါဒ်၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈ပါး)။

---

(၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန် မမည်ချေ (လောကီစိတ်များ၊ လောဘ, ဒိဋ္ဌိကြဉ်သည့် ယှဉ်ဘက်စေတသိက် ၅၀၊ ရုပ် ၂၈–ပါး)။

---

(၇၃) ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ အချို့သော သမုဒယသစ္စာသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့် လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္မ ယုတ်စိတ် ၄–ပါးခ္ခ်ိုရှိသော လောဘ)။

ဒုက်မုတ်။ ။ အချို့သော သမုဒယသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄–ပါးခ္ခ်ိုရှိသော လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍

ဥပါဒါန်မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်းမည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူစိတ္တုပ္ပါဒ်[1])။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောဘမူစိတ္တုပ္ပါဒ် ကြဉ် လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ စိတ္တုပ္ပါဒ် = စိတ်နှင့်ယှဉ်ဘက်စေတသိက်။

♣

(၇၄) ဥပါဒါနဝိပွယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည်ဥပါဒါန်နှင့်လည်း (လောဘ, ဒိဋ္ဌိတို့နှင့်လည်း) မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပွယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ်ကြဉ်သော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

ဒုက်မုတ်။ ။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတဝိပွယုတ်စိတ် ၄-ခု၌ရှိသော လောဘကြဉ်သည့် လောဘမူ စိတ္တုပ္ပါဒ်)။

(ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၁၂-ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေ ဝိသဇ္ဇနာ)

(၇၅) ကိလေသဂေါစ္ဆကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' မည်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာမည်၏ (ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာမမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော လောကီတရားများ)။

---

(၇၆) သံကိလေသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ၏ အာရုံဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

---

(၇၇) သံကိလိဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက် အပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ချေ (ကိလေသာနှင့်မယှဉ်ချေ) (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ရုပ်၂၈–ပါး)။

---

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကိလေသာနှင့် ယှဉ်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ချေ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် ယှဉ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် မယှဉ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘ ကြဉ်သည့် ကိလေသာတရားကိုယ် ၉–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာ၁၀–ပါးကြဉ်သော လောကီတရားများ)။

---

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ (ကိလေသာနှင့်ယှဉ်ကုန်၏)ဟူ၍လည်းကောင်း၊ ကိလေသာ တို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာလည်း မမည်ကုန်ဟူ၍လည်း ကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊

မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန် စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘကြဉ်သော ကိလေသာတရားကိုယ် ၉–ပါး)။ အချို့သောဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာနှင့်သာယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာ၁၀–ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန် စေအပ်၏ (ကိလေသာနှင့်ယှဉ်၏)ဟူ၍လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာမမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂ပါး)။

---

(၈၁) ကိလေသ ကိလေသသမ္ဘယုတ္တဒုက် အဖြေ ဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကိလေသာလည်းမည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (လောဘ)။

ဒုက်မုတ်။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ နှင့်လည်းယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (လောဘ ကြဉ်သော ကိလေသာတရားကိုယ် ၉–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ၁၀–ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာယှဉ်၍ ကိလေသာလည်း မမည်ဟူ၍လည်းကောင်း မဆိုအပ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

---

(၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါး တို့သည် ကိလေသာနှင့်လည်း မယှဉ် မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

ဒုက်မုတ်။ ။ သမုဒယသစ္စာကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

ဒုက်မုတ်။ ။ အချို့သော ဒုက္ခသစ္စာကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

(ကိလေသဂေါစ္ဆကဒုက် ၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(၁၃–ပိဋ္ဌ ဒုက်ခ၈–ခု အဖြေဝိသဇ္ဇနာ)

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေ ဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန'မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိ ဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် (သောတာပတ္တိမဂ် မြင်ပြီး ဖြစ်သော နိဗ္ဗာန်ကို ပွားများခြင်းအားဖြင့် တစ်ဖန်ထပ်မံ၍ မြင်သဖြင့် 'ဘာဝနာ'မည်သော) အထက် မဂ်သုံးခုတို့သည် မပယ် အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် ပယ်အပ် ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူဒွေး, ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ် များ၊ ရုပ် ၂၈–ပါး)။

---

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ် ကုန်သော ဟိတ်[၁]မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိကုန်၏ (ဟိတ်နှင့်ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္မယုတ်စိတ္တုပ္ပါဒ်၊ မောဟကြဉ်သော ဝိစိကိစ္ဆာ စိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

၁။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သည်၊ တစ်နည်းအားဖြင့် လောဘမူဒိဋ္ဌိဂတသမ္မယုတ်စိတ်နှင့် မောဟမူ ဝိစိကိစ္ဆာသမ္မယုတ်စိတ်တို့ကို ပယ်သည်၊ ထို့ကြောင့် သောတာပတ္တိမဂ်ပယ်သော ဟိတ်များမှာ– လောဘမူဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄–ပါး၌ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ရှိသော မောဟတို့သာ ဖြစ်သည်။

♣

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခု တို့သည် ပယ်အပ်သော ဟိတ်မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ် သုံးခုတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူ စိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာ နှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ၊ ကြွင်းသော လောကီတရားများ)။

---

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဝိတက်ရှိ၏ (ဝိတက်နှင့် ယှဉ်၏) (လောဘမူစိတ်၌ ရှိသော လောဘ)။ နိရောဓသစ္စာသည် ဝိတက်မရှိချေ (ဝိတက်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိတက်ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (လောဘနှင့် လောကီသဝိတက္ကစိတ် ၄၇–ပါး၌ရှိသော ဝိတက်ကြဉ်သည့် လောကီသဝိတက္ကစိတ္တုပ္ပါဒ်၊ မဂ် ပဌမဈာန် ၄–ပါး၌ရှိသော ဝိတက်ကြဉ်သည့် မဂ္ဂင် ၇–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (လောကီသဝိတက္ကစိတ် ၄၇–ပါး၌ရှိသော ဝိတက်၄၇–ပါး၊ လောကီအဝိတက္ကစိတ် ၃၄–ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ ကြွင်းသော မဂ်ဈာန် စိတ်၁၆–ပါး၌ ရှိသော မဂ္ဂင် ၇–ပါး၊ ရုပ် ၂၈–ပါး)။

---

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။ နိရောဓသစ္စာသည် ဝိစာရမရှိချေ (ဝိစာရနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (လောဘနှင့် လောကီ သဝိစာရစိတ် ၅၀–၌ရှိသော ဝိစာရကြဉ်သော ဝိစာရစိတ္တုပ္ပါဒ်၊ မဂ် ပဌမဈာန်, ဒုတိယဈာန် စိတ် ၈–ပါး၌ ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့်မယှဉ်ကုန်) (လောကီ သဝိစာရစိတ် ၅၀–၌ရှိသော ဝိစာရ ၅၀–ပါး၊ လောကီအဝိစာရစိတ် ၃၁–ပါးနှင့် ယှဉ်ဘက် စေတသိက်၊ မဂ် တတိယ, စတုတ္ထ, ပဉ္စမဈာန်စိတ်၁၂–ပါး၌ရှိသော မဂ္ဂင် ၇–ပါး၊ ရုပ် ၂၈–ပါး)။

---

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် ပီတိမရှိချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပီတိကစိတ် ၂၇–ပါးနှင့် ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်များ၊ မဂ်–ပဌမ, ဒုတိယ, တတိယဈာန်စိတ်၁၂–ပါး၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့်မယှဉ်ကုန်) (လောကီသပ္ပီတိကစိတ် ၂၇–ပါး၌ ရှိသော ပီတိ ၂၇–ပါး၊ လောကီ

အပ္ပိတိကစိတ် ၅၄–ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ မဂ်–စတုတ္ထဈာန်, ပဉ္စမဈာန်စိတ် ၈–ပါး၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇–ပါး၊ ရုပ် ၂၈–ပါး)။

---

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် ပီတိနှင့်တကွ မဖြစ်ချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပိတိကစိတ် ၂၇–ပါးနှင့် ပီတိကြဉ်သော ယှဉ်ဘက်စေတသိက်များ၊ မဂ်–ပဌမ, ဒုတိယ, တတိယဈာန်စိတ်၁၂–ပါး၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်) (လောကီ သပ္ပိတိကစိတ် ၂၇–ပါး၌ ရှိသော ပီတိ ၂၇–ပါး၊ လောကီအပ္ပိတိကစိတ် ၅၄–ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ မဂ်–စတုတ္ထဈာန်, ပဉ္စမဈာန်စိတ် ၈–ပါး၌ရှိသော သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇–ပါး၊ ရုပ် ၂၈–ပါး)။

---

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် သုခဝေဒနာနှင့်တကွ မဖြစ်ချေ (သုခဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့် ယှဉ်ကုန်၏) (လောကီသုခသဟဂုတ်စိတ် ၃၁–ပါးနှင့် ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်၊ မဂ်သောမနဿ ပ, ဒု, တ, စတုတ္ထဈာန်စိတ်၌ရှိသော မဂ္ဂင် ၈–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့် တကွ မဖြစ်ကုန် (သုခ့ဝေဒနာနှင့် မယှဉ်ချေ) (လောကီသုခသဟဂုတ် စိတ် ၃၁–ပါး၌ရှိသော ဝေဒနာ ၃၁–ပါး၊ ဒေါသမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၊ လောကီဥပေက္ခာသဟဂုတ် စိတ် ၄၇–ပါးနှင့် ယှဉ်ဘက်စေတသိက်၊ မဂ်ပဉ္စမ ဈာန်စိတ် ၄–ပါး၌ရှိသည့် သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင် ၇–ပါး၊ ရုပ် ၂၈–ပါး)။

---

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ နိရောဓသစ္စာသည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ချေ (ဥပေက္ခာဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇–ပါးနှင့်ဝေဒနာကြဉ်သည့် ယှဉ်ဘက်စေတသိက်၊ မဂ်ပဉ္စမ ဈာန်စိတ် ၄–ပါး၌ရှိသော မဂ္ဂင် ၇–ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့်မယှဉ်ကုန်) (လောကီဥပေက္ခာသဟ ဂုတ်စိတ် ၄၇–ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၄၇–ပါး၊ ဒေါသမူဒွေးစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ်စိတ္တုပ္ပါဒ်၊ လောကီသုခသဟဂုတ် ၃၁–ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ မဂ်–ပ, ဒု, တ, စတုတ္ထဈာန်၁၆–ပါး၌ရှိသော မဂ္ဂင် ၈–ပါး၊ ရုပ် ၂၈–ပါး)။

---

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ကာမတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ'တရားဖြစ်၏ (ကာမာဝစရမည်၏) (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ'တရား မဟုတ်ချေ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ကာမာဝစရ'တရား ဖြစ်၏ (လောဘကြောင့်သော ကာမစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ကာမာဝစရ'တရား မဟုတ်ချေ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)။

---

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ'တရား မဖြစ်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ရူပါဝစရ'တရား ဖြစ်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာ သည် 'ရူပါဝစရ'တရား မဟုတ်ချေ (ကာမစိတ္တုပ္ပါဒ်၊ အရူပစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

---

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ (သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ'တရား မဟုတ်ကုန် (အရူပါဝစရ မမည်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'အရူပါဝစရ'တရား ဖြစ်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် 'အရူပါဝစရ'တရား မဟုတ်ချေ (ကာမစိတ္တုပ္ပါဒ်၊ ရူပါဝစရစိတ္တုပ္ပါဒ်၊ ရုပ်၂၈–ပါး)။

---

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န'တရား ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးမဝင် သော 'အပရိယာပန္န'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

---

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။ မဂ္ဂသစ္စာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း 'နိယျာနိက'တရား ဖြစ်၏ (မဂ္ဂင် ၈–ပါး)။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ) သစ္စာသုံးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း 'နိယျာနိက'တရား မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

---

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။ မဂ္ဂသစ္စာသည် အကျိုးပေးမြဲသော 'နိယတ'တရား ဖြစ်၏ (မဂ္ဂင် ၈–ပါး)။ နိရောဓသစ္စာသည် အကျိုးပေး မမြဲသော 'အနိယတ'တရားမည်၏ ဖြောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ'တရားလည်း မဟုတ်မူ၍ မဖောက်ပြန် သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ'တရားလည်း မဟုတ်ချေ '(နိယတ တရား မဟုတ်ချေ) (နိဗ္ဗာန်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုးပေးမြဲသော 'နိယတ'တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇောစိတ္တုပ္ပါဒ်နှင့် ပဋ္ဌာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုးပေးမမြဲသော 'အနိယတ' တရားဖြစ်ကုန်၏ (ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈–ပါး)။

ဘ။ ဤကျမ်း ဓာတုဝိဘင်္ဂ– ပဋ္ဌာပုဋ္ဌက– ပိုဒ်ရေ (၉၈) နိယတဒုက် အောက်ခြေမှတ်ချက်ကြည့်ပါ။

♣

(၉၉) သဉ္ဇတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသည့် 'သဉ္ဇတ္တရ'တရားဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိသည့် 'အနုတ္တရ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။

---

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။ သမုဒယသစ္စာသည် ဝိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ'တရားဖြစ်၏ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသည့် 'အရဏ'တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈–ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဝိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသည့် 'သရဏ'တရား ဖြစ်၏ (ကိလေသာနှင့်ယှဉ်၏) (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဝိုကြွေးကြောင်း (ရာဂအစရှိသောကိလေသာ) မရှိသော 'အရဏ'တရားဖြစ်၏ (ကိလေသာနှင့်မယှဉ်) (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈–ပါး)။

(ပိဋ္ဌိဒုက်၁၈–ခု အဖြေဝိသဇ္ဇနာ ပြီး၏။)

(သစ္စာ ၄–ပါးတို့ကို ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဋ္ဌာပုဋ္ဌက'နည်း ပြီး၏။)

သစ္စာ ၄–ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးအဖြေပြု၍ ဟောကြားအပ်သော 'ပဋ္ဌာပုဋ္ဌက'နည်း ပြီး၏။

(သစ္စာ ၄–ပါးတို့ကို ဝေဖန်၍ ဟောကြားသည့် 'သစ္စာဝိဘင်း' ပြီးပြီ။)

သစ္စာဝိဘင်္ဂါနိဋ္ဌိတော။

၅–ဣန္ဒြိယဝိဘင်္ဂ

(ရုပ်နာမ်တို့ကို အစိုးရသည့် ဣန္ဒြေတို့ကို ဝေဖန်၍ပြသော ဣန္ဒြိယဝိဘင်း)

၁–အဘိဓမ္မာဘာဇနီယ

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

ဣန္ဒြေ ၂၂–ပါး

၂၁၉။ ရုပ်နာမ်တရားတို့ကို အစိုးရသည့် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကား–

(၁) မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုဣန္ဒြေ၊

(၂) ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ၊

(၃) နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ঘာနပသာဒ) ঘာနိန္ဒြေ၊

(၄) လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ၊

(၅) ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ၊

(၆) သိမှု၌ အစိုးရသည့် (စိတ် ၈၉–ခု) မနိန္ဒြေ၊

(၇) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရသည့် (ဣတ္ထိဘာဝရုပ်) ဣတ္ထိန္ဒြေ၊

(၈) ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရသည့် (ပုမ္ဘာဝရုပ်) ပုရိသိန္ဒြေ၊

(၉) ရုပ်နာမ်နှစ်ပါးအသက်ရှင်မှု၌ အစိုးရသည့် (ရုပ်ဇီဝိတ, နာမ်ဇီဝိတ) ဇီဝိတိန္ဒြေ၊

(၁၀) ကိုယ်ချမ်းသာခံစားမှု၌ အစိုးရသည့် (သုခဝေဒနာ) သုခိန္ဒြေ၊

(၁၁) ကိုယ်ဆင်းရဲခံစားမှု၌ အစိုးရသည့် (ဒုက္ခဝေဒနာ) ဒုက္ခိန္ဒြေ၊

(၁၂) စိတ်ချမ်းသာမှု၌ အစိုးရသည့် (သောမနဿဝေဒနာ) သောမနဿိန္ဒြေ၊

(၁၃) စိတ်ဆင်းရဲမှု၌ အစိုးရသည့် (ဒေါမနဿဝေဒနာ) ဒေါမနဿိန္ဒြေ၊

(၁၄) ဆင်းရဲ ချမ်းသာမဟုတ်သည့် ခံစားမှု၌ အစိုးရသည့် (ဥပေက္ခာဝေဒနာ) ဥပေက္ခိန္ဒြေ၊

(၁၅) ယုံကြည်မှု၌ အစိုးရသည့် (သဒ္ဓါစေတသိက်) သဒ္ဓိန္ဒြေ၊

(၁၆) ကြိုးစားမှု၌ အစိုးရသည့် (ဝီရိယစေတသိက်) ဝီရိယမည်၏။

(၁၇) အောက်မေ့မှု၌ အစိုးရသည့် (သတိစေတသိက်) သတိမည်၏။

(၁၈) တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိမည်၏။

(၁၉) ခွဲခြမ်းဝေဖန်၍ သိမှု၌ အစိုးရသည့် (လောကီပညာစေတသိက်) ပညာမည်၏။

(၂၀) မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂပညာ) အနညာတညဿာမီတိမည်၏။

(၂၁) သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာပညာခြောက်ပါး) အညိန္ဒြေ၊

(၂၂) ရဟန္တာပုဂ္ဂိုလ်၏ သစ္စာတရားတို့ကို သိမှု၌ အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာဝိန္ဒြေတို့တည်း။

ဣန္ဒြေ ၂၂–ပါး အမေးအဖြေ

(၁) စက္ခုန္ဒြေ ၂၂၀။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေ မည်သနည်း။

အကြင် မျက်စိအကြည် (စက္ခုပသာဒ) သည် မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ကြည်လင်၏။ပ။ စက္ခုဒ္ဒါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံသဖြင့် သီးခြားပိုင်ရှင်ကင်းမဲ့သောကြောင့် လူဆိတ်သုဉ်းသောရွာ (သုညဂါမ) လည်း မည်၏၊ ဤသို့သဘောရှိသော ရုပ်ကို မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေဟု ဆိုအပ်၏။

(၂) သောတိန္ဒြေ။ ။ အဘယ်သည် ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ မည်သနည်း။ပ။

(၃) ဃာနိန္ဒြေ။ ။ အဘယ်သည် နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ဃာနပသာဒ) ဃာနိန္ဒြေ မည်သနည်း။ပ။

(၄) ဇိဝှိန္ဒြေ။ ။ အဘယ်သည် လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ မည်သနည်း။ပ။

(၅) ကာယိန္ဒြေ။ ။ အဘယ်သည် ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ မည်သနည်း။ပ။

အကြင်ထိသိစိတ် ကာယဝိညာဏ်ဖြစ်ရာ ကိုယ်အကြည် (ကာယပသာဒ) သည် မဟာဘုတ်လေးပါး တို့ကိုစွဲမှီ၍ ကြည်လင်၏။ပ။ ကာယဒ္ဒါရ၌ ဖြစ်သော စိတ်အများနှင့် ဆက်ဆံသဖြင့် သီးခြားပိုင်ရှင်ကင်းမဲ့သောကြောင့် လူဆိတ်သုဉ်းသောရွာ (သုညဂါမ) လည်း မည်၏၊ ဤသို့သဘောရှိသော ရုပ်ကိုထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေဟု ဆိုအပ်၏။

(၆) မနိန္ဒြေ။ ။ ထိုကျမ်ေနြ ၂၂–ပါးတို့တွင် အဘယ်သည် သိမှ၌ အစိုးရသည့် (စိတ် ၈၉–ခု) မနိန္ဒြေ မည်သနည်း။

ဧကကနည်း။ ။ တစ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏၊ ဖဿနှင့်ယှဉ်သော မနိန္ဒြေတည်း။

ဒုကနည်း။ ။ နှစ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ဟိတ်ရှိသော မနိန္ဒြေသည် ရှိ၏။ ဟိတ်မရှိသော မနိန္ဒြေသည် ရှိ၏။

တိကနည်း။ ။ သုံးပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ကုသိုလ်မနိန္ဒြေသည် ရှိ၏။ အကုသိုလ်မနိန္ဒြေသည် ရှိ၏။ အဗျာကတမနိန္ဒြေသည် ရှိ၏။

စတုက္ကနည်း။ ။ လေးပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ကာမဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ ရူပဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ အရူပဘုံ၌ ဖြစ်သော မနိန္ဒြေသည် ရှိ၏။ ဘုံသုံးပါး၌ အကျုံးမဝင်သော မနိန္ဒြေသည် ရှိ၏။

ပဉ္စကနည်း။ ။ ငါးပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ သုခိန္ဒြေနှင့်ယှဉ်သော မနိန္ဒြေသည် ရှိ၏။ ဒုက္ခိန္ဒြေနှင့်ယှဉ်သော မနိန္ဒြေသည် ရှိ၏။ သောမနဿိန္ဒြေနှင့်ယှဉ်သော မနိန္ဒြေ သည် ရှိ၏။ ဒေါမနဿိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေသည် ရှိ၏။ ဥပေက္ခိန္ဒြေနှင့်ယှဉ်သော မနိန္ဒြေသည် ရှိ၏။

ဆက္ကနည်း။ ။ ခြောက်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် (စက္ခုဝိညာဏ်) သည် ရှိ၏။ပ။ အထူးသိမှု မနောဝိညာဏ်သည် ရှိ၏။ ဤသို့ ခြောက်ပါးပြားသောနည်းအား ဖြင့် မနိန္ဒြေသည် ဖြစ်၏။

သတ္တကနည်း။ ။ ခုနစ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ်သည် ရှိ၏။ပ။ ထိသိစိတ်ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှ မနောဓာတ်သည် ရှိ၏။ အထူးသိမှု မနောဝိညာဏဓါတ်သည် ရှိ၏။ ဤသို့ ခုနစ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။

အဋ္ဌကနည်း။ ။ ရှစ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ်သည် ရှိ၏။ပ။ ကိုယ်ချမ်းသာမှု (သုခဝေဒနာ) နှင့် တကွဖြစ်သော ထိသိစိတ် ကာယ ဝိညာဏ်သည် ရှိ၏။ ကိုယ်ဆင်းရဲမှု (ဒုက္ခဝေဒနာ) နှင့် တကွဖြစ်သော ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံကိုသိကာမျှ မနောဓာတ်သည် ရှိ၏။ အထူးသိမှု မနောဝိညာဏဓာတ်သည် ရှိ၏။ ဤသို့ ရှစ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။

နဝကနည်း။ ။ ကိုးပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ်သည် ရှိ၏။ပ။ ထိသိစိတ်ကာယဝိညာဏ်သည် ရှိ၏။ အာရုံကို သိကာမျှ မနောဓာတ်သည် ရှိ၏။ အာရုံကိုအထူးသိမှုကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏။ အထူးသိမှု အကုသိုလ်မနောဝိညာဏ ဓာတ်သည် ရှိ၏။ အထူးသိမှု အဗျာကတ မနောဝိညာဏဓာတ်သည် ရှိ၏။ ဤသို့ ကိုးပါးပြားသော နည်းအားဖြင့်မနိန္ဒြေသည် ဖြစ်၏။

ဒသကနည်း။ ။ ဆယ်ပါးပြားသောနည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ မြင်သိစိတ် စက္ခုဝိညာဏ်သည် ရှိ၏။ပ။ ကိုယ်ချမ်းသာမှု သုခဝေဒနာနှင့် တကွဖြစ်သော ထိသိစိတ်

ကာယဝိညာဏ် သည် ရှိ၏။ ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ထိသိစိတ် ကာယဝိညာဏ်သည် ရှိ၏။ အာရုံ ကို သိကာမျှမနောဓာတ်သည် ရှိ၏။ အထူးသိမှုကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏။ အထူးသိမှု အကုသိုလ်မနောဝိညာဏဓာတ်သည် ရှိ၏။ အထူးသိမှု အဗျာကတမနောဝိညာဏဓာတ်သည် ရှိ၏။ ဤသို့ဆယ်ပါးပြားသော နည်းအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ပ။ ဤသို့ များသော အပြားအားဖြင့် မနိန္ဒြေသည် ဖြစ်၏။ ဤသဘောကို မနိန္ဒြေဟု ဆိုအပ်၏။

(၇) ဣတ္ထိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု ဣတ္ထိန္ဒြေ မည်သနည်း။

မိန်းမ၏ အကြင် (အရပ်၊ အမောင်း၊ လက်၊ ခြေစသော) မိန်းမ၏ ပုံသဏ္ဌာန် (ဣတ္ထိလိင်)၊ (မိန်းမဟုသိကြောင်း) မိန်းမအမှတ်အသား (ဣတ္ထိနိမိတ္တ)၊ မိန်းမ၏ အမူအရာ (ဣတ္ထိကုတ္တ)၊ မိန်းမ၏ (သွားပုံလာပုံစသော) အသွင်အပြင် (ဣတ္ထာကပ္ပ)၊ မိန်းမ၏အဖြစ် (ဣတ္ထတ္တ)၊ မိန်းမ၏သဘော (ဣတ္ထိဘာဝ) သည် ရှိ၏။ ဤသို့သဘောရှိသော ရုပ်ကို မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရမှု ဣတ္ထိန္ဒြေ (ဣတ္ထိဘာဝရုပ်) ဟု ဆိုအပ်၏။

(၈) ပုရိသိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရမှု ပုရိသိန္ဒြေ (ပုရိသဘာဝရုပ်) မည်သနည်း။

ယောကျ်း၏ အကြင် (အရပ်၊ အမောင်း၊ လက်၊ ခြေစသော) ယောကျ်း၏ ပုံသဏ္ဌာန် (ပုရိသလိင်)၊ (ယောကျ်းဟု သိကြောင်း) ယောကျ်းအမှတ်အသား (ပုရိသနိမိတ္တ)၊ ယောကျ်း၏ အမူအရာ (ပုရိသကုတ္တ)၊ ယောကျ်း၏ (သွားပုံလာပုံစသော) အသွင်အပြင် (ပုရိသာကပ္ပ)၊ ယောကျ်း၏အဖြစ် (ပုရိသတ္တ)၊ ယောကျ်း၏ သဘော (ပုရိသဘာဝ) သည် ရှိ၏။ ဤသို့ သဘောရှိသော ရုပ်ကိုယောကျ်း (အထီးအဖို) ဖြစ်ကြောင်း၌ အစိုးရမှု ပုရိသိန္ဒြေ (ပုရိသဘာဝရုပ်) ဟု ဆိုအပ်၏။

(၉) ဇီဝိတိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေ မည်သနည်း။

အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေသည် နှစ်ပါးအပြားအားဖြင့် ဖြစ်၏။ ရုပ်တရားတို့၏အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေသည် ရှိ၏။ နာမ်တရားတို့၏ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဇီဝိတိန္ဒြေသည် ရှိ၏။ ထိုအသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေနှစ်မျိုးတို့တွင် အဘယ်သည် ရုပ်တရားတို့၏ အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေ မည်သနည်း။

ထိုရုပ်တရားတို့၏ အကြင်အသက်– အာယု၊ တည်ကြောင်းသဘော– ဌိတိ၊ (တည်တန့်စွာ) ဖြစ်နေခြင်းသဘော– ယပနာ၊ တည်တန့်စွာ ဖြစ်နေစေခြင်းသဘော– ယာပနာ၊ (တိုးပွါး၍) ဖြစ်နေမှု သဘော–ဣရိယနာ၊ (ဆက်လက်၍) ဖြစ်နေကြောင်းသဘော– ဝတ္တနာ၊ စောင့်ရှောက်ခြင်းသဘော– ပါလနာ၊ အသက်ရှည်ကြောင်းသဘော– ဇီဝိတ၊ အသက်ရှည်ကြောင်း၌ အစိုးရမှု ဇီဝိတိန္ဒြေသည် ရှိ၏။ ဤသို့သဘောရှိသော ရုပ်ကို ရုပ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်၏။

ထိုအသက်ရှည်ကြောင်း၌ အစိုးရမှု ဧဝိတိန္ဒြေနှစ်မျိုးတို့တွင် အဘယ်သည် နာမ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဧဝိတိန္ဒြေ မည်သနည်း။

ထိုနာမ်တရားတို့၏ အကြင်အသက်– အာယု၊ တည်ကြောင်းသဘော– ဋ္ဌိတိ၊ (တည်တန့်စွာ) ဖြစ်နေခြင်းသဘော– ယပနာ၊ တည်တန့်စွာ ဖြစ်နေစေခြင်းသဘော– ယာပနာ၊ (တိုးပွါး၍) ဖြစ်မှု သဘော– ဣရိယနာ၊ (ဆက်လက်၍) ဖြစ်ကြောင်းသဘော– ဝတ္တနာ၊ စောင့်ရှောက်ခြင်းသဘော– ပါလနာ၊ အသက်ရှည်ကြောင်း သဘော– ဧဝိတ၊ အသက်ရှည်ကြောင်း၌ အစိုးရမှု ဧဝိတိန္ဒြေသည် ရှိ၏။ ဤသို့ သဘောရှိသော ရုပ်ကို နာမ်တရားတို့ အသက်ရှည်ကြောင်း၌ အစိုးရမှု နာမ်ဧဝိတိန္ဒြေဟုဆိုအပ်၏။

ထိုရုပ်ဧဝိတိန္ဒြေ နာမ်ဧဝိတိန္ဒြေ ၂–မျိုးလုံးကို အသက်ရှည်ကြောင်း၌ အစိုးရသည့် ဧဝိတိန္ဒြေဟု ဆိုအပ်၏။

(၁၀) သုခိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ချမ်းသာခံစားမှု၌ အစိုးရသည့် သုခိန္ဒြေ မည်သနည်း။

အကြင်ကိုယ်၌ မှီသော သာယာမှု (ကာယိကသာတ)၊ ကိုယ်၌ မှီသော ချမ်းသာမှု (ကာယိကသုခ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာခံစားမှု (ဝေဒယိတ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကို ခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ချမ်းသာခံစားမှု၌ အစိုးရသည့် သုခိန္ဒြေဟု ဆိုအပ်၏။

(၁၁) ဒုက္ခိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ဆင်းရဲခံစားမှု၌ အစိုးရသည့် ဒုက္ခိန္ဒြေ မည်သနည်း။

အကြင် ကိုယ်၌ မှီသော မသာယာမှု (ကာယိကအသာတ)၊ ကိုယ်၌ မှီသော ဆင်းရဲမှု (ကာယိကဒုက္ခ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒယိတ)၊ ကိုယ်၌ တွေ့ထိမှု ကြောင့် ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ဆင်းရဲခံစားမှု၌ အစိုးရမှု ဒုက္ခိန္ဒြေဟု ဆိုအပ်၏။

(၁၂) သောမနဿိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် စိတ်ချမ်းသာမှု၌ အစိုးရသည့်သောမနဿိန္ဒြေ မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု (စေတသိကသာတ)၊ စိတ်၌ မှီသော ချမ်းသာမှု (စေတသိက သုခ)၊ စိတ်၏ ကောင်းစွာတွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကို ခံစားမှု (ဝေဒယိတ)၊ စိတ်၏ ကောင်းစွာ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကို ခံစားမှု ချမ်းသာဖွယ်ကိုခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို စိတ်ချမ်းသာမှု၌ အစိုးရသည့်သောမနဿိန္ဒြေဟု ဆိုအပ်၏။

(၁၃) ဒေါမနဿိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေ မည်သနည်း။

အကြင်စိတ်၌ မှီသော မသာယာမှု (စေတသိကအသာတ)၊ စိတ်၌ မှီသော မချမ်းသာမှု (စေတသိကဒုက္ခ)၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒယိတ)၊ စိတ်၏တွေ့ထိမှု ကြောင့်ဖြစ်သော မသာယာဖွယ်ကို ခံစားမှု ဆင်းရဲခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို စိတ်ဆင်းရဲမှု၌ အစိုးရမှု ဒေါမနဿိန္ဒြေဟု ဆိုအပ်၏။

(၁၄) ဥပေက္ခိန္ဒြေ။ ။ ထိုကျန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု၌ အစိုးရသည့် ဥပေက္ခိန္ဒြေ မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု လည်းမဟုတ် မသာယာမှု လည်းမဟုတ်သော (နေဝသာတ နာသာတ)၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (ဝေဒယိတ)၊ စိတ်၏တွေ့ထိမှု ကြောင့် ဖြစ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု (ဝေဒနာ) သည် ရှိ၏။ ဤသို့သဘောရှိသော ဝေဒနာကို ဆင်းရဲ ချမ်းသာမဟုတ်သော ခံစားမှု၌ အစိုးရသည့် ဥပေက္ခိန္ဒြေဟု ဆိုအပ်၏။

(၁၅) သဒ္ဓိန္ဒြေ။ ။ ထိုကျန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ယုံကြည်မှု၌ အစိုးရသည့် သဒ္ဓိန္ဒြေ မည်သနည်း။

အကြင် ယုံကြည်မှု (သဒ္ဓါ)၊ ယုံကြည်မှု အခြင်းအရာ (သဒ္ဒဟနာ)၊ သက်ဝင်ပုံအခြင်းအရာ (သြကပ္ပနာ)၊ အလွန်ကြည်လင်မှု (အဘိပ္ပသာဒ)၊ ယုံကြည်မှု (သဒ္ဓါ)၊ ယုံကြည်မှု၌ အစိုးရမှု (သဒ္ဓိန္ဒြေ)၊ မတုန်မလှုပ်ယုံကြည်မှု (သဒ္ဓါဗိုလ်) သည် ရှိ၏။ ဤသို့သဘောရှိသော ယုံကြည်မှုကို ယုံကြည်မှု၌ အစိုးရသည့်သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

(၁၆) ဝီရိယိန္ဒြေ။ ။ ထိုကျန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် အားထုတ်မှု၌ အစိုးရသည့် ဝီရိယိန္ဒြေ မည်သနည်း။

အကြင်စိတ်၌ မှီသော ကြိုးစားအားထုတ်မှု (ဝီရိယာရမ္ဘ)၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု (နိက္ကမ)၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု (ပရက္ကမ)၊ အထက်ရောက်အောင်ကြိုးပမ်းမှု (ဥယျာမ)၊ လုံ့လစိုက်မှု (ဝါယာမ)၊ ဆင်းရဲကို သည်းခံမှု (ဥဿာဟ)၊ ပြင်းပြင်းထန်ထန်ကြိုးစားမှု (ဥဿောဠှိ)၊ ခိုင်မြဲမှု (ထာမ)၊ ဆောင်ထားမှု (ဓိတိ)၊ မလျော့သောအားထုတ်မှု ရှိခြင်း (အသိထိလပရက္ကမတာ)၊ မချအပ်သောအလိုဆန္ဒရှိခြင်း (အနိက္ခိတ္တဆန္ဒတာ)၊ မချအပ်သော တာဝန်ရှိခြင်း (အနိက္ခိတ္တဓုရတာ)၊ တာဝန်ကိုကောင်းစွာ ထမ်းဆောင်မှု (ဓုရသမ္ဘဂါဟ)၊ ရဲရင့်သူတို့၏ အဖြစ် (ဝီရိယ)၊ အားထုတ်မှု၌ အစိုးရမှု (ဝီရိယိန္ဒြေ)၊ မတုန်မလှုပ် အားထုတ်မှု (ဝီရိယဗိုလ်)၊ ကောင်းစွာအားထုတ်မှု (သမ္မာဝါယမ) သည် ရှိ၏။ ဤသို့သဘောရှိသောအားထုတ်မှုကို အားထုတ်မှု၌ အစိုးရသည့် ဝီရိယိန္ဒြေဟု ဆိုအပ်၏။

(၁၇) သတိန္ဒြေ။ ။ ထိုကျန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် အောက်မေ့မှု၌ အစိုးရသည့် သတိန္ဒြေ မည်သနည်း။

အကြင်အောက်မေ့မှု (သတိ)၊ အဖန်ဖန်အောက်မေ့မှု (အနုဿတိ)၊ တစ်ဖန်အောက်မေ့မှု (ပဋ္ဌိဿတိ)၊ သတိဟူသော အောက်မေ့ပုံအခြင်းအရာ (သတိသရဏတာ)၊ ဆောင်ပုံအခြင်းအရာ (ဓာရဏတာ)၊ ကုသိုလ်တရားတို့ကို ပေါ်စေသောအခြင်းအရာ (အပိလာပနတာ)၊ မမေ့ပျောက်မှု (အသမ္မုဿနတာ)၊ အောက်မေ့မှု (သတိ)၊ အောက်မေ့မှု၌ အစိုးရမှု (သတိန္ဒြေ)၊ မတုန်မလှုပ်

အောက်မေ့မှု (သတိဗိုလ်)၊ ကောင်းစွာ အောက်မေ့မှု (သမ္မာသတိ) သည် ရှိ၏။ ဤသို့သဘောရှိသော အောက်မေ့မှုကို အောက်မေ့မှု၌ အစိုးရသည့် သတိနှေ့ဟု ဆိုအပ်၏။

(၁၈) သမာဓိနှေ့။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိနှေ့ မည်သနည်း။

အကြင် စိတ်၏တည်မှု (ဌိတိ)၊ ကောင်းစွာတည်မှု (သဏ္ဌိတိ)၊ သက်ဝင်၍တည်မှု (အဝဋ္ဌိတိ)၊ မရွေ့ရှားမှု (အဝိသာဟာရ)၊ မပျံ့လွင့်မှု (အဝိက္ခေပ)၊ မရွေ့ရှားသော စိတ်ရှိသူ၏အဖြစ် (အဝိသာဟဋ္ဌမာနသတာ)၊ ငြိမ်သက်မှု (သမထ)၊ တည်ကြည်မှု၌ အစိုးရမှု (သမာဓိနှေ့)၊ မတုန်မလှုပ်တည်ကြည်မှု (သမာဓိဗိုလ်)၊ ကောင်းစွာ တည်ကြည်မှု (သမ္မာသမာဓိ) သည် ရှိ၏။ ဤသို့သဘောရှိသော တည်ကြည်မှုကို တည်ကြည်မှု၌ အစိုးရသည့် သမာဓိနှေ့ဟု ဆိုအပ်၏။

(၁၉) ပညိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် အပြားအားဖြင့် သိမှု၌ အစိုးရသည့် ပညိန္ဒြေ မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု (ပညာ) ၊ အပြားအားဖြင့်သိသော အခြင်းအရာ (ပဇာနနာ)။ပ။ မတွေ့ဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်ခြင်းသဘော (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင် ခြင်း (သမ္မာဒိဋ္ဌိ) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို အပြားအားဖြင့် သိမှု၌ အစိုးရသည့် ပညိန္ဒြေဟုဆိုအပ်၏။

(၂၀) အနညာတညဿာမီတိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂပညာ) အနညာတညဿာမီတိန္ဒြေ မည်သနည်း။

မသိအပ်ကုန်, မမြင်အပ်ကုန်, မရောက်အပ်ကုန်, မထင်ရှားကုန်, မျက်မှောက်မပြုအပ်ကုန်သေး သောထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အကြင်အပြားအားဖြင့် သိမှု (ပညာ)၊ အပြားအားဖြင့်သိသောအခြင်းအရာ (ပဇာနနာ)။ပ။ မတွေ့ဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေဟု ဆိုအပ်၏။

(၂၁) အညိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာပညာ ၆–ပါး) အညိန္ဒြေ မည်သနည်း။

သိအပ်ကုန်, မြင်အပ်ကုန်, ရောက်အပ်ကုန်, ထင်ရှားအပ်ကုန်, မျက်မှောက်ပြုအပ်ကုန်သော ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အကြင်အပြားအားဖြင့် သိမှု (ပညာ)၊ အပြားအားဖြင့် သိသောအခြင်းအရာ (ပဇာနနာ)။ပ။ မတွေ့ဝေမှု (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော

သိမှုကို သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာပညာ ၆–ပါး) အညိုန္ဒြေဟု ဆိုအပ်၏။

(၂၂) အညာတာဝိန္ဒြေ။ ။ ထိုဣန္ဒြေ ၂၂–ပါးတို့တွင် အဘယ်သည် ရဟန္တာပုဂ္ဂိုလ်၏ သိမှု၌ အစိုးရသည် (အရဟတ္တဖိုလ်ပညာ) အညာတာဝိန္ဒြေ မည်သနည်း။

သိအပ်ပြီးကုန်, မြင်အပ်ပြီးကုန်, ရောက်အပ်ပြီးကုန်, ထင်ရှားအပ်ပြီးကုန်, မျက်မှောက်ပြုအပ်ပြီးကုန်သော ထိုတရားတို့ကို မျက်မှောက်ပြုခြင်းငှာ အကြင်အပြားအားဖြင့် သိသောအခြင်းအရာ (ပဇာနနာ)။ပ။ မတွေဝေမှု– (အမောဟ)၊ သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယ)၊ ကောင်းစွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ မဂ်၏ အစိတ်အပိုင်းအင်္ဂါ (မဂ္ဂင်) ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာသိမှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါဖြစ်သော သစ္စာလေးပါးတရားတို့ကို စိစစ်မှု (ဓမ္မဝိစယသမ္ဗောဇ္ဈင်) သည် ရှိ၏။ ဤသို့သဘောရှိသော သိမှုကို ရဟန္တာပုဂ္ဂိုလ်၏ သိမှု၌ အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာ ဝိန္ဒြေဟု ဆိုအပ်၏။

အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော အဘိဓမ္မာဘာဇနီယနည်း ပြီး၏။

၁။ ဝိဘင်းမြန်မာပြန် ပထမအုပ်–နှာ– ၂၄၉–မှ ၂၅၃ (စာပိုဒ်–၁၅၆–၁၆၀) အထိ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန အဖွင့်များကို မှီး၍ ပေယျာလဖော်ပါ။

၂။ ဤမနိန္ဒြေအဖွင့်၌– ဒုကမူလကနည်း၊ တိကမူလကနည်း၊ ဥဘတောဝမ္ဘကနည်း၊ သတ္တကနည်း၊ စတုဝီသတိဝိဓနည်း၊ တိံသဝိဓနည်း၊ ဗဟုဝိဓနည်းတို့ကို ပေယျာလ မြှုပ်ထားသည်။ ဝိဘင်းမြန်မာပြန် ပဌမတွဲ မူရင်းကျမ်း စာမျက်နှာ ၁၈၇–မှ ၂၁၅ ဝိညာဏက္ခန္ဓာအဖွင့်ကို ကြည့်၍ ပေယျာလ ဖော်ပါ။

♣

၂–ပဏ္ဍာပုစ္ဆက

(အမေးအဖြေပြု၍ ဟောကြားသော ပဏ္ဍာပုစ္ဆကနည်း)

ဣန္ဒြေ ၂၂–ပါး

၂၂၁။ ရုပ်နာမ်တရားတို့ကို အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့ကား–

(၁) မြင်မှု၌ အစိုးရသည့် မျက်စိအကြည် (စက္ခုပသာဒ) စက္ခုန္ဒြေ၊

(၂) ကြားမှု၌ အစိုးရသည့် နားအကြည် (သောတပသာဒ) သောတိန္ဒြေ၊

(၃) နံမှု၌ အစိုးရသည့် နှာခေါင်းအကြည် (ဃာနပသာဒ) ဃာနိန္ဒြေ၊

(၄) လျက်မှု၌ အစိုးရသည့် လျှာအကြည် (ဇိဝှါပသာဒ) ဇိဝှိန္ဒြေ၊

(၅) ထိမှု၌ အစိုးရသည့် ကိုယ်အကြည် (ကာယပသာဒ) ကာယိန္ဒြေ၊

(၆) သိမှု၌ အစိုးရသည့် (စိတ် ၈၉–၃) မနိန္ဒြေ၊

(၇) မိန်းမ (အမ) ဖြစ်ကြောင်း၌ အစိုးရသည့် (ဣတ္ထိဘာဝရုပ်) ဣတ္ထိန္ဒြေ၊

(၈) ယောကျ်ား (အထီး အဖို) ဖြစ်ကြောင်း၌ အစိုးရသည့် (ပုမ္အာဝရုပ်) ပုရိသိန္ဒြေ၊

(၉) ရုပ်နာမ်နှစ်ပါး အသက်ရှင်မှု၌ အစိုးရသည့် (ရုပ်ဇီဝိတ–နာမ်ဇီဝိတ) ဇီဝိတိန္ဒြေ၊

(၁၀) ကိုယ်ချမ်းသာခံစားမှု၌ အစိုးရသည့် (သုခဝေဒနာ) သုခိန္ဒြေ၊

(၁၁) ကိုယ်ဆင်းရဲခံစားမှု၌ အစိုးရသည့် (ဒုက္ခဝေဒနာ) ဒုက္ခိန္ဒြေ၊

(၁၂) စိတ်ချမ်းသာမှု၌ အစိုးရသည့် (သောမနဿဝေဒနာ) သောမနဿိန္ဒြေ၊

(၁၃) စိတ်ဆင်းရဲမှု၌ အစိုးရသည့် (ဒေါမနဿဝေဒနာ) ဒေါမနဿိန္ဒြေ၊

(၁၄) ဆင်းရဲချမ်းသာမဟုတ်သည့် ခံစားမှု၌ အစိုးရသည့် (ဥပေက္ခာဝေဒနာ) ဥပေက္ခိန္ဒြေ၊

(၁၅) ယုံကြည်မှု၌ အစိုးရသည့် (သဒ္ဓါစေတသိက်) သဒ္ဓိန္ဒြေ၊

(၁၆) ကြိုးစားမှု၌ အစိုးရသည့် (ဝီရိယစေတသိက်) ဝီရိယိန္ဒြေ၊

(၁၇) အောက်မေ့မှု၌ အစိုးရသည့် (သတိစေတသိက်) သတိန္ဒြေ၊

(၁၈) တည်ကြည်မှု၌ အစိုးရသည့် (ဧကဂ္ဂတာစေတသိက်) သမာဓိန္ဒြေ၊

(၁၉) ခွဲခြမ်းဝေဖန်၍ သိမှု၌ အစိုးရသည့် (လောကီပညာစေတသိက်) ပညိန္ဒြေ၊

(၂၀) မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ္ဂ ပညာ) အနညာတညဿာမီတိန္ဒြေ၊

(၂၁) သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် (အလယ်လောကုတ္တရာ ပညာခြောက်ပါး) အညိန္ဒြေ၊

(၂၂) ရဟန္တာပုဂ္ဂိုလ်တို့၏ သိမှုကို အစိုးရသည့် (အရဟတ္တဖိုလ်ပညာ) အညာတာဝိန္ဒြေ တို့တည်း။

ဣန္ဒြေ ၂၂–ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၁–တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ ၂၂၂။ ။ ဣန္ဒြေ ၂၂–ပါးတို့တွင် အပြစ်မရှိမူ၍ ကောင်းကျိုးချမ်းသာကိုပေးတတ်သော ကုသိုလ်ဣန္ဒြေတို့သည် အဘယ်မျှရှိကုန်သနည်း။ အပြစ်နှင့်တကွ ဖြစ်၍မကောင်းကျိုးဆင်းရဲကို ပေးတတ်သော အကုသိုလ်ဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အဗျာကတဣန္ဒြေတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

(တိက်အမှတ် ၂–မှ ၂၁–အထိ ပေယျာလချန်ထားသည်)။

---

၂ –ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(ဒုက်အမှတ် ၁–မှ ၉၉–အထိ ပေယျာလချန်ထားသည်)

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ။ ။ ငိုကြွေးကြောင်း ရာဂစသော (ကိလေသာ) ရှိသော သရဏာကျွန်ုပ်တို့သည် အဘယ်မျှရှိကုန်သနည်း။ ငိုကြွေးကြောင်း ရာဂစသော (ကိလေသာ) မရှိသောအရဏာကျွန်ုပ်တို့သည် အဘယ်မျှရှိကုန်သနည်း။

ကျွန်ုပ် ၂၂–ပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁–ကျွန်ုပ် ၂၂–ပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေဝိသဇ္ဇနာ ၂၂၃။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ်–၇၊ နာမ်ကျွန်ုပ်သုခ, ဒုက္ခ, အညာတာဝိန္ဒြေ–၃) တို့သည် ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သောအဗျာကတဖြစ်ကုန်၏။ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကိုပေးတတ်သော အကုသိုလ်ဖြစ်၏။ မသိအပ်သေးသော သစ္စာတရားတို့ကို သိမှု၌ အစိုးရသည့် (သောတာပတ္တိမဂ်ပညာ) အနညာတညဿာမီတိန္ဒြေသည် အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်ဖြစ်၏။ အစိုးရသည့် ကျွန်ုပ်လေးပါး (သဒ္ဓါ, သတိ, ပညာ, အညိန္ဒြေ) တို့သည် အချို့ အပြစ်မရှိမှု၍ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်ဖြစ်ကုန်၏။ အချို့ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော အဗျာကတ ဖြစ်ကုန်၏။ အစိုးရသည့် ကျွန်ုပ်ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့အပြစ်မရှိမှု၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော ကုသိုလ်ဖြစ်ကုန်၏။ အချို့အပြစ်နှင့် တကွ ဖြစ်၍မကောင်းကျိုးဆင်းရဲကို ပေးတတ်သော အကုသိုလ်ဖြစ်ကုန်၏။ အချို့ကုသိုလ် အကုသိုလ်အဖြစ်ဖြင့်မဟောကြား အပ်သော အဗျာကတဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ် (ဝေဒနိန္ဒြေ ၅, ရုပ်ကျွန်ုပ် ၇) တစ်ဆယ့်နှစ်ပါးတို့ကို သုခဝေဒနာနှင့်ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ကျွန်ုပ် (သဒ္ဓါ, သတိ ၂၊ ပညာကျွန်ုပ် ၄) ခြောက်ပါးတို့သည် အချို့ သုခဝေဒနာနှင့်ယှဉ်ကုန်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏။ အစိုးရသည့် ကျွန်ုပ် (မန, ဝီရိယ, သမာဓိ) သုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်၏။ နာမ်တရားတို့ အသက်ရှင်မှု၌ အစိုးရသည့် နာမ်ဇီဝိတိန္ဒြေသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏။ အချို့ဒုက္ခဝေဒနာနှင့် ယှဉ်၏။ အချို့ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏။ ရုပ်တရားတို့ အသက်ရှင်မှု၌ အစိုးရသည့် ရုပ်ဇီဝိတိန္ဒြေကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊

ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။

(၃) ဝိပါကတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (စက္ခု၊ သောတ, ঘာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုရိသဘာဝ) ဣန္ဒြေခုနစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏အကျိုးလည်းမဟုတ်အကျိုးကိုဖြစ်စေတတ်သော တရားလည်း မဟုတ်ကုန် (နေဝဝိပါက နဝိပါက ဓမ္မမျှာ)။ အစိုးရသည့် ဣန္ဒြေ (သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) သုံးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏အကျိုးဖြစ်ကုန်၏ (ဝိပါကမျှာ)။ အစိုးရသည့် ဣန္ဒြေ (ဒေါမနဿနှင့် အနညာတာ) နှစ်ပါးတို့သည် အကျိုးကို ဖြစ်စေတတ်သောတရားဖြစ်ကုန်၏ (ဝိပါကမျှမျှာ)။ သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် အညိန္ဒြေသည် အချို့ ကုသိုလ်တို့၏အကျိုးဖြစ်၏ (ဝိပါကမျှ)၊ အချို့ အကျိုးကို ဖြစ်စေတတ်သော တရားဖြစ်၏ (ဝိပါကမျှမျှာ)။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏ (ဝိပါကမျှ)၊ အချို့ အကျိုးကိုဖြစ်စေတတ်သော တရားဖြစ်ကုန်၏ (ဝိပါကမျှမျှာ)၊ အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်မူ၍ အကျိုးကို ဖြစ်စေတတ်သော တရားလည်း မဟုတ်ကုန် (နေဝဝိပါက နဝိပါကမျှမျှာ)။

(၄) ဥပါဒိန္နတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ–၇၊ သုခ, ဒုက္ခ–၂) ကိုးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၍ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်၏။ နှလုံးမသာယာမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံသာဖြစ်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ် ကုန်၍ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်မူ၍ ဥပါဒါန်တို့၏ အာရုံမဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ–၇၊ သုခ, ဒုက္ခ–၂) ကိုးပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံဖြစ်ကုန်၏။ နှလုံးမသာယာမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာတို့သည် ပူပန်စေအပ်၍ ကိလေသာတို့၏ အာရုံဖြစ်၏။ အစိုးရသည့် ဣန္ဒြေ (လောကုတ္တရာဣန္ဒြေ) သုံးပါးတို့သည် ကိလေသာတို့သည် မပူပန်စေအပ်မူ၍ကိလေသာတို့၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (သဒ္ဓါ, သတိ, ပညာ) သုံးပါးတို့သည် အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ ကိလေသာတို့၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ကိလေသာတို့သည် ပူပန်စေအပ်၍ ကိလေသာတို့၏ အာရုံဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည်မပူပန်စေအပ်မူ၍

ကိလေသာတို့၏ အာရုံဖြစ်ကုန်၏။ အချို့ ကိလေသာတို့သည် မပူပန်စေအပ်မူ၍ကိလေသာတို့၏ အာရုံမဖြစ်ကုန်။

(၆) ဝိတက်တိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေ (ရုပ်သက်သက်ဣန္ဒြေ–၇၊ သုခ, ဒုက္ခ–၂) ကိုးပါးတို့သည် ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိ၏။ ဆင်းရဲချမ်းသာမဟုတ်သည့် ခံစားမှုဌ် အစိုးရသည့် ဥပေက္ခိန္ဒြေသည် အချို့ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိ၏။ အချို့ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိ။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဣန္ဒြေ–၄) တစ်ဆယ့်တစ်ပါးတို့သည် အချို့ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ အချို့ ဝိတက် ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ အချို့ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ပီတိတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ– ၇၊ သောမနဿိန္ဒြေမှတစ်ပါးဝေဒနိန္ဒြေ– ၄) တစ်ဆယ့်တစ်ပါးတို့ကို ပီတိနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စိတ်ချမ်းသာမှုဌ် အစိုးရသည့် အချို့ သောမနဿိန္ဒြေသည် ပီတိနှင့် တကွဖြစ်၏။ သုခဝေဒနာနှင့် တကွမဖြစ်၊ ဥပေက္ခာဝေဒနာနှင့်လည်း တကွမဖြစ်၊ အချို့ သောမနဿိန္ဒြေကို ပီတိနှင့် တကွဖြစ်၏ဟု မဆိုအပ်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ) ခြောက်ပါးတို့သည် အချို့ ပီတိနှင့်တကွဖြစ်ကုန်၏။ အချို့ သုခဝေဒနာနှင့်တကွဖြစ်ကုန်၏။ အချို့ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။**ာ အစိုးရသည့် ပညာတရားကိုယ်ရသော ဣန္ဒြေလေးပါးတို့သည် အချို့ ပီတိနှင့်တကွဖြစ်ကုန်၏။ အချို့သုခဝေဒနာနှင့်တကွဖြစ်ကုန်၏။ အချို့ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ကုန်၏။ အချို့ပီတိနှင့်တကွဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သုခဝေဒနာနှင့်တကွဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၈) ဒဿနတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေ (ရုပ်ဣန္ဒြေ–၇၊ သုခ, ဒုက္ခ, သဒ္ဓါ, သတိ, ပညာဣန္ဒြေ–၄) တစ်ဆယ့်ငါးပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ် သည်လည်း မဟုတ်၊ အထက်မဂ် သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်၏။ အချို့အထက်မဂ်သုံးခုသည် ပယ်အပ်၏။

အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့ကို အချို့သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်၏။ အချို့သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်ကုန်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်းမဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ– ၇၊ သုခ, ဒုက္ခ, သဒ္ဓါ, သတိ, ပညာဣန္ဒြေ– ၄) တစ်ဆယ့်ငါးပါးတို့သည် သောတာ ပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိ သည်လည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် အချို့

သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ်ရှိ၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိ၏။ အစိုးရသည့်ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏။ အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သောဟိတ်ရှိကုန်၏။ အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ– ၇၊ သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း လည်း မဟုတ်ကုန်၊ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏။ မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်း၍ သိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေ သည်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။ သိပြီးသော သစ္စာတရားတို့ကို ထပ်၍ သိမှု၌ အစိုးရသည့် အညိန္ဒြေသည် အချို့ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၏။ အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်ကုန်၏။ အချို့ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်၏။ အချို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) သေက္ခတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ– ၇၊ သုခ, ဒုက္ခ, ဒေါမနဿ) ဆယ်ပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်ကုန်။ အစိုးရသည့်ဣန္ဒြေ (အနညာတညနှင့် အညိန္ဒြေ) နှစ်ပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ သိမှု၌ အစိုးရသည့် အညာတာဝိန္ဒြေသည် ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်၏။ အစိုးရသည့်ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ အချို့ ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ် တို့၏ဥစ္စာဖြစ်ကုန်၏။ အချို့ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်ကုန်။

(၁၂) ပရိတ္တတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ–၇၊ သုခ, ဒုက္ခ, ဒေါမနဿ) ဆယ်ပါးတို့သည်နည်းသော အာနုဘော်ရှိသော ကာမတရားတို့ ဖြစ်ကုန်၏။ အစိုးရသည့်ဣန္ဒြေ (လောကုတ္တရာဣန္ဒြေ) သုံးပါးတို့သည် နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ဆန့်ကျင်ဘက် လောကုတ္တရာတရားတို့ ဖြစ်ကုန်၏။ အစိုးရသည့်ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ နည်းသော အာနုဘော်ရှိသော ကာမတရားတို့ ဖြစ်ကုန်၏။ အချို့ မြတ်သည်၏အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်တရားတို့ ဖြစ်ကုန်၏။ အချို့ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် လောကုတ္တရာတရားတို့ ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ဣန္ဒြေ ၇–ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့်ဣန္ဒြေ (သုခနှင့် ဒုက္ခ) နှစ်ပါးတို့သည် ကာမကို အာရုံပြုကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် လောကုတ္တရာကို

အာရုံပြုကုန်၏။ စိတ်ဆင်းရဲမှုၨ် အစိုးသည့် ဒေါမနဿိန္ဒြေသည် အချို့ ကာမကို အာရုံပြု၏။ အချို့ မဟဂ္ဂုတ်ကိုအာရုံပြု၏။ လောကုတ္တရာကို အာရုံမပြု။ အချို့ ကာမကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်ကိုအာရုံပြု၏ ဟူ၍လည်းကောင်း မဆိုအပ်ချေ။ အစိုးရသည့် ဈာန်ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိနှင့် ပညာ) ကိုးပါးတို့သည် အချို့ ကာမကို အာရုံပြုကုန်၏။ အချို့ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ အချို့လောကုတ္တရာကို အာရုံပြုကုန်၏။ အချို့ ကာမကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ လောကုတ္တရာကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၄) ဟီနတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဈာန်ဒြေ (ရုပ်ဈာန်ဒြေ–၇၊ သုခ, ဒုက္ခ) ကိုးပါးတို့သည်အလယ်အလတ်တရားတို့ ဖြစ်ကုန်၏။ စိတ်ဆင်းရဲမှုၨ် အစိုးသည့် ဒေါမနဿိန္ဒြေသည် ယုတ်ညံ့သော တရားဖြစ်၏။ အစိုးရသည့် လောကုတ္တရာဈာန်ဒြေသုံးပါးတို့သည် မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် ဈာန်ဒြေ (သဒ္ဓါ, သတိ, ပညာ) သုံးပါးတို့သည် အချို့ အလယ်အလတ်တရားတို့ ဖြစ်ကုန်၏။ အချို့ မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။ အစိုးရသည့် ဈာန်ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည်အချို့ ယုတ်ညံ့သော တရားတို့ ဖြစ်ကုန်၏။ အချို့ အလယ်အလတ်တရားတို့ ဖြစ်ကုန်၏။ အချို့မွန်မြတ်သော တရားတို့ ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဈာန်ဒြေ (ရုပ်ဈာန်ဒြေ– ၇၊ သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် နှစ်ပါးသော အခြင်း အရာအားဖြင့် အကျိုးပေး မမြဲကုန်။ မသိဖူးသေးသည့် သစ္စာတရားတို့ကို ထိုးထွင်းသိမှုၨ် အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည်မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့ၨ် အကျိုးပေးမြဲ၏။ အစိုးရသည့် ဈာန်ဒြေ (သဒ္ဓါ, သတိ, ပညာ, အညိန္ဒြေ) လေးပါးတို့သည် အချို့ မဖောက်ပြန်သောသဘော ရှိ၍ မိမိ၏အခြားမဲ့ၨ် အကျိုးပေးမြဲကုန်၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲကုန်။ စိတ်ဆင်းရဲမှုၨ် အစိုးသည့် ဒေါမနဿိန္ဒြေသည် အချို့ ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့ၨ် အကျိုးပေးမြဲ၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲ။ အစိုးရသည့်ဈာန်ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့သည် အချို့ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့ၨ် အကျိုးပေးမြဲကုန်၏။ အချို့ မဖောက်ပြန်သောသဘောရှိ၍ မိမိ၏ အခြားမဲ့ၨ် အကျိုးပေးမြဲကုန်၏။ အချို့ နှစ်ပါးသော အခြင်းအရာအားဖြင့် အကျိုးပေးမမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ဈာန်ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့်ဈာန်ဒြေ (သုခ, ဒုက္ခ, ဒေါမနဿ, အညာတာဝိန္ဒြေ) လေးပါးတို့ကို မဂ်ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သောအကြီးအမှူးရှိကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ မသိဖူးသေးသည့် သစ္စာလေးပါးတရားတို့ကို သိမှုၨ် အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် မဂ်ကိုအာရုံမပြု၊ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏။ အချို့မဂ်ဟု ဆိုအပ်သော အကြောင်းရှိ၏ ဟူ၍လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏ ဟူ၍လည်းကောင်း မဆိုအပ်။ သိပြီးသော သစ္စာလေးပါးတရားတို့ကို

ထပ်၍သိမှု၌ အစိုးရသည့် အညိုနွေ့သည် မဂ်ကို အာရုံမပြု၊ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏။ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏။ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ဟူ၍လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏ဟူ၍လည်းကောင်း မဆိုအပ်။ အစိုးရသည့်ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ) ကိုးပါးတို့သည် အချို့ မဂ်ကို အာရုံပြုကုန်၏။ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်၏။ အချို့မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိကုန်၏။ အချို့ မဂ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အချို့မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်၏ဟူ၍လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၇) ဥပ္ပန္နတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ– ၇၊ သုခိန္ဒြေ, ဒုက္ခိန္ဒြေ, အညာတာဝိန္ဒြေ) ဆယ်ပါးတို့သည် အချို့ခဏ သုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ အချို့ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့. ဖြစ်ကုန်၏။ ခဏသုံးပါးသို့ရောက်ပြီး ရောက်ဆဲမဟုတ်ဟု မဆိုအပ်ကုန်။ အစိုးရသည့်ဣန္ဒြေ (ဒေါမနဿနှင့် အနညာတည) နှစ်ပါးတို့သည် အချို့ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ အချို့ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲမဟုတ်ကုန်။ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့.ဟု မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေဆယ်ပါးတို့သည် အချို့ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ အချို့ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲမဟုတ်ကုန်။ အချို့ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့.ဖြစ်ကုန်၏။

(၁၈) အတီတတိက်အဖြေဝိသဇ္ဇနာ။ ။ (အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည်) အချို့ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ အချို့မရောက်သေးသော (အနာဂတ်) ဖြစ်ကုန်၏။ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ဣန္ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့်ဣန္ဒြေ (သုခနှင့် ဒုက္ခ) နှစ်ပါးတို့သည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေ သုံးပါးတို့ကို ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်လတ္တံ့. (အနာဂတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေဆယ်ပါးတို့သည် အချို့ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏။ အချို့ဖြစ်လတ္တံ့. (အနာဂတ်) ကို အာရုံပြုကုန်၏။ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အချို့ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အချို့ ဖြစ်လတ္တံ့. (အနာဂတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) အဇ္ဈတ္တတိက်အဖြေဝိသဇ္ဇနာ။ ။ (အစိုးရသည့်ဣန္ဒြေ ၂၂–ပါးတို့သည်) အချို့ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ အချို့ အပ 'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ အချို့ အတွင်းအပ'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန် ၂–ပါး၌ ဖြစ်ကုန်၏။

(၂၁) **အဗ္ဗတ္တာရမ္မဏတိက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ရုပ်ကျန်ခြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် လောကုတ္တရာကျန်ခြေသုံးပါးတို့သည် အပ'ဗဟိဒ္ဓ'အာရုံကို အာရုံပြုကုန်၏။ အစိုးရသည့် ကျန်ခြေ (သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ) လေးပါးတို့သည် အချို့ အတွင်း 'အဗ္ဗတ္တ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်းအပ'အဗ္ဗတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။

အစိုးရသည့် (ကြွင်းသော) ကျန်ခြေရှစ်ပါးတို့သည် အချို့ အတွင်း 'အဗ္ဗတ္တ'သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အပ'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။ အချို့ အတွင်း 'အဗ္ဗတ္တ' သန္တာန်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပ 'ဗဟိဒ္ဓ' သန္တာန်ကိုအာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အတွင်းအပ 'အဗ္ဗတ္တဗဟိဒ္ဓ' သန္တာန်ကိုအာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၂) **သနိဒဿနတိက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ပသာဒိန္ဒြေငါးပါးတို့သည် မြင်အပ်သောသဘောမရှိမူ၍ ထိပါးတတ်သော သဘောရှိကုန်၏။ အစိုးရသည့် (ကြွင်းသော) ကျန်ခြေတစ်ဆယ့်ခုနစ်ပါးတို့သည် မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

ကျန်ခြေ ၂၂-ပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း ပြီး၏။

၁။ ** ရုပ်ဇီဝိတိန္ဒြေ ကျန်သည်။

♣

၂-ကျန်ခြေ ၂၂-ပါးတို့ကို ဒုက်ခဝဝ-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁-ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) **ဟေတုဒုက်အဖြေဝိသဇ္ဇနာ** ၂၂၄။ ။ အစိုးရသည့် ပညာတရားကိုယ် ကျန်ခြေလေးပါးတို့သည်ဟိတ် မည်ကုန်၏။ အစိုးရသည့် (ကြွင်းသော) ကျန်ခြေ တစ်ဆယ့် ရှစ်ပါးတို့သည် ဟိတ်မမည်ကုန်။

(၂) **သဟေတုဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ကျန်ခြေ (ဒေါမနဿ, သဒ္ဓါ, သတိ နှင့် ပညာကျန်ခြေ-၄) ခုနစ်ပါးတို့သည် ဟိတ်ရှိကုန်၏။ အစိုးရသည့် ကျန်ခြေ (ရုပ်ကျန်ခြေ ၇- ပါး, သုခ, ဒုက္ခ) ကိုးပါးတို့သည် ဟိတ်မရှိကုန်။ အစိုးရသည့် (ကြွင်းသော) ကျန်ခြေခြောက်ပါးတို့သည် အချို့ ဟိတ်ရှိကုန်၏၊ အချို့ ဟိတ်မရှိကုန်။

(၃) **ဟေတုသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ကျန်ခြေ (ဒေါမနဿ, သဒ္ဓါ, သတိနှင့်ပညာကျန်ခြေ ၄) ခုနစ်ပါးတို့သည် ဟိတ်နှင့် ယှဉ်ကုန်၏။ အစိုးရသည့် ကျန်ခြေ (ရုပ်ကျန်ခြေ ၇- ပါး, သုခ, ဒုက္ခ) ကိုးပါးတို့သည် ဟိတ်နှင့် မယှဉ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျန်ခြေခြောက်ပါးတို့သည် အချို့ ဟိတ်နှင့် ယှဉ်ကုန်၏။ အချို့ ဟိတ်နှင့်မယှဉ်ကုန်။

(၄) ဟေတုသဟေတုကဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ပညာတရားကိုယ်ရသော ဣန္ဒြေလေးပါးတို့သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏။ အစိုးရသည့် ဣန္ဒြေ (ရုပ်ဣန္ဒြေ ၇– ပါး, သုခ, ဒုက္ခ) ကိုးပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်လည်းရှိကုန်၏ဟူ၍လည်းကောင်း၊ ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ဣန္ဒြေ (ဒေါမနဿ, သဒ္ဓါ, သတိ) သုံးပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်လည်းရှိကုန်၏ဟု မဆိုအပ်ကုန်၊ ၄င်းသုံးပါးတို့သည် ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။ အစိုးရသည့် ဣန္ဒြေ (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ခြောက်ပါးတို့ကိုဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ၄င်းခြောက်ပါးတို့သည် အချို့ ဟိတ်သာ ရှိ၍ဟိတ်မမည်ကုန်၊ ၄င်းတို့ကို အချို့ ဟိတ်သာ ရှိ၍ ဟိတ်မမည်ကုန်ဟု မဆိုအပ်ကုန်။

(၅) ဟေတု ဟေတုသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ပညာတရားကိုယ်ဣန္ဒြေလေးပါးတို့သည်ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ် ကုန်၏။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ ၇– ပါး, သုခ, ဒုက္ခ) တို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ဣန္ဒြေသုံးပါး (ဒေါမနဿ, သဒ္ဓါ, သတိ) တို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်းယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (၄င်းသုံးပါးတို့သည်) ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကိုဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (၄င်းခြောက်ပါးတို့သည်) အချို့ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။ (၄င်းတို့ကို) အချို့ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်ဟု မဆိုအပ်ကုန်။

(၆) နဟေတု သဟေတုကဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ ၇–ပါး, သုခ, ဒုက္ခ) တို့သည် ဟိတ်လည်း မမည်၊ ဟိတ်လည်း မရှိကုန်။ အစိုးရသည့် ဣန္ဒြေသုံးပါး (ဒေါမနဿ, သဒ္ဓါ, သတိ) တို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ အစိုးရသည့် ပညာတရားကိုယ်ရသော ဣန္ဒြေလေးပါးတို့ကို ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ အချို့ဟိတ်လည်း မမည်၊ ဟိတ်လည်း မရှိကုန်။

၂–စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်အဖြေဝိသဇ္ဇနာ။ ။ (ဣန္ဒြေ ၂၂–ပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့နှင့်တကွ ဖြစ်ကုန်၏။

(၈) သခ်ံတဒုက်အဖြေဝိသဇ္ဇနာ။ ။ (ဣန္ဒြေ ၂၂–ပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်စီရင်အပ်သော တရားတို့ဖြစ်ကုန်၏။

(၉) သနိဒဿနဒုက်အဖြေဝိသဇ္ဇနာ။ ။ (ဣန္ဒြေ ၂၂–ပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်အဖြေဝိသဇ္ဇနာ။ ။ ပသာဒကျွန်ုပ်ပါးတို့သည် ထိပါးတတ်သော သဘောရှိကုန်၏။ (ကြွင်းသော) ကျွန်ုပ်တစ်ဆယ့်ခုနစ်ပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန်။

(၁၁) ရူပီဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ကျွန်ုပ်ခုနစ်ပါးတို့သည် ရုပ်တရားတို့ ဖြစ်ကုန်၏။ (ရုပ်ကျွန်ုပ်နှင့် ဇီဝိတိန္ဒြေမှ ကြွင်းသော) ကျွန်ုပ် တစ်ဆယ့်လေးပါးတို့ သည် နာမ်တရားတို့ဖြစ်ကုန်၏။ ဇီဝိတိန္ဒြေသည် အချို့ ရုပ်တရားဖြစ်၍ အချို့ နာမ်တရားဖြစ်၏။

(၁၂) လောကိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ် (ရုပ်ကျွန်ုပ်–၇, သုခ, ဒုက္ခ, ဒေါမနဿဟူသော) ဆယ်ပါးတို့သည် လောကဘ၌ အကျုံးဝင်ကုန်၏။ အစိုးရသည့် နောက်ဆုံးကျွန်ုပ်သုံးပါးတို့သည် လောကမှ ထွက်မြောက်ကုန်၏။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ကိုးပါးတို့သည် အချို့လောကဘ၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှထွက်မြောက်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ် ၂၂–ပါးတို့သည် စက္ခုဝိညာဏ်စသော တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏။

အစိုးရသည့် ကျွန်ုပ် ၂၂–ပါးတို့သည် စက္ခုဝိညာဏ်စသော တစ်စုံတစ်ခုသော စိတ်သည် မသိ အပ်ကုန်။

၃–အာသဝဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ် ၂၂–ပါးတို့သည် အာသဝမမည်ကုန်။

(၁၅) သာသဝဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ် ၇–ပါး, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကျွန်ုပ်သုံးပါးတို့သည် အာသဝ၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ကိုးပါးတို့သည် အချို့ အာသဝ၏ အာရုံဖြစ်ကုန်၏။ အချို့ အာသဝ၏အာရုံမဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိတို့မှ ကြွင်းသော) ကျွန်ုပ် တစ်ဆယ့်ငါးပါးတို့သည် အာသဝနှင့် မယှဉ်ကုန်၊ စိတ်ဆင်းရဲမှု၌ အစိုးရသည့် ဒေါမနဿိန္ဒြေသည် အာသဝနှင့် ယှဉ်၏။ အစိုးရသည့် ကျွန်ုပ်ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိ) တို့သည်အချို့ အာသဝနှင့် ယှဉ်ကုန်၏၊ အချို့ အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ် ၇–ပါး, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်။ အစိုးရသည့် လောကုတ္တရာကျွန်ုပ်သုံးပါးတို့ကို အာသဝလည်း မည်၊ အာသဝ၏အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ကိုးပါးတို့ကို အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ အာသဝ၏ အာရုံသာဖြစ်၍

အာသဝမမည်ကုန်။ (ယင်းတို့ကို) အချို့ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟု မဆိုအပ်ကုန်။

(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဒိဋ္ဌိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေ၁၅–ပါးတို့ကိုအာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿသိန္ဒြေကို အာသဝလည်းမည်၊ အာသဝနှင့်လည်းယှဉ်၏ဟု မဆိုအပ်၊ (ယင်းသည်) အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဒိဋ္ဌိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိ) တို့ကိုအာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန်။ (ယင်းတို့ကို) အချို့ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန်ဟု မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရူပ်ဣန္ဒြေ ၇, သုခ, ဒုက္ခ) တို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်းမဟုတ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿသိန္ဒြေကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဟုတ်ဟူ၍လည်းကောင်း မဆိုအပ်။

အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်ကုန်၏။ အချို့ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်၊ (ယင်းတို့ကို) အချို့အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်လည်းမယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၄–သံယောဇနဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၂၀) သံယောဇနဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် သံယောဇဉ် မမည်ကုန်။

(၂၁) သံယောဇနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရူပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် သံယောဇဉ်၏ အာရုံ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။ အချို့သံယောဇဉ်၏ အာရုံမဖြစ်ကုန်။

(၂၂) **သံယောဇနသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့သည် သံယောဇဉ်နှင့်မယှဉ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿိန္ဒြေသည် သံယောဇဉ်နှင့် ယှဉ်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့သံယောဇဉ်နှင့် ယှဉ်ကုန်၏၊ အချို့ သံယောဇဉ်နှင့် မယှဉ်ကုန်။

(၂၃) **သံယောဇနသံယောဇနိယဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ဟုမဆိုအပ်ကုန်၊ (ယင်းတို့သည်) သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်၏အာရုံလည်းဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို သံယောဇဉ်လည်းမည်၊ သံယောဇဉ်၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်၊ (ယင်းတို့ကို) အချို့ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟု မဆိုအပ်ကုန်။

(၂၄) **သံယောဇနသံယောဇနသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ တို့မှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့ကိုသံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍သံယောဇဉ် မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿိန္ဒြေကို သံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့်လည်း ယှဉ်၏ဟုမဆိုအပ်၊ ယင်းသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကိုသံယောဇဉ်လည်း မည်၊ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ယင်းတို့သည် အချို့သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ကုန်၊ ယင်းတို့ကို အချို့ သံယောဇဉ်နှင့်သာ ယှဉ်၍သံယောဇဉ် မမည်ကုန်ဟု မဆိုအပ်ကုန်။

(၂၅) **သံယောဇနဝိပ္ပယုတ္တသံယောဇနိယဒုက်အဖြေဝိသဇ္ဇနာ။** ။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ) တို့သည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿိန္ဒြေကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်၏ဟူ၍လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်။ အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ သံယောဇဉ်နှင့်လည်း မယှဉ်၊ သံယောဇဉ်၏ အာရုံလည်းမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏အာရုံသာ ဖြစ်ကုန်၏။ အချို့ သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊

သံယောဇဉ်နှင့်လည်း မယှဉ် သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၅–ဂန္ဓဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၂၆) ဂန္ဓဒုက်အဖြေဝိသဇ္ဇနာ။ ။ (အစိုးရသည့် ကျွန်ဇွန် ၂၂–ပါးတို့သည်) ဂန္ဓမမည်ကုန်။

(၂၇) ဂန္ဓနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ဇွန်ဆယ်ပါး (ရုပ်ကျွန်ဇွန်– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဂန္ဓ၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကျွန်ဇွန်သုံးပါးတို့သည် ဂန္ဓ၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ဇွန်ကိုးပါးတို့သည် အချို့ ဂန္ဓ၏ အာရုံဖြစ်ကုန်၏၊ အချို့ ဂန္ဓ၏ အာရုံမဖြစ်ကုန်။

(၂၈) ဂန္ဓသမ္ပယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ကျွန်ဇွန် တစ်ဆယ့်ငါးပါးတို့သည် ဂန္ဓနှင့်မယှဉ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿသိန္ဒြေသည် ဂန္ဓနှင့် ယှဉ်၏။ အစိုးရသည့် ကျွန်ဇွန်ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည်အချို့ ဂန္ဓနှင့် ယှဉ်ကုန်၏၊ အချို့ ဂန္ဓနှင့် မယှဉ်ကုန်။

(၂၉) ဂန္ဓ ဂန္ဓနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ဇွန်ဆယ်ပါး (ရုပ်ကျွန်ဇွန်–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ဂန္ဓလည်း မည်၊ ဂန္ဓ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန်။ အစိုးရသည့် လောကုတ္တရာကျွန်ဇွန်သုံးပါးတို့ကို ဂန္ဓလည်း မည်၊ ဂန္ဓ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ဇွန်ကိုးပါးတို့ကို ဂန္ဓလည်း မည်၊ ဂန္ဓ၏ အာရုံလည်း ဖြစ်ကုန်၏ဟုမဆိုအပ်ကုန်၊ ယင်းတို့သည် အချို့ ဂန္ဓ၏ အာရုံသာဖြစ်၍ ဂန္ဓမမည်ကုန်။ ယင်းတို့ကို အချို့ ဂန္ဓ၏အာရုံသာ ဖြစ်၍ ဂန္ဓမမည်ကုန်ဟု မဆိုအပ်ကုန်။

(၃၀) ဂန္ဓ ဂန္ဓသမ္ပယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်းသော) ကျွန်ဇွန် တစ်ဆယ့်ငါးပါးတို့ကို ဂန္ဓလည်း မည်၊ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးသည့် ဒေါမနဿသိန္ဒြေကို ဂန္ဓလည်း မည်၊ ဂန္ဓနှင့်လည်း ယှဉ်၏ဟု မဆိုအပ်၊ ယင်းသည် ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်။ အစိုးရသည့် ကျွန်ဇွန်ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကိုဂန္ဓလည်း မည်၊ ဂန္ဓနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဂန္ဓနှင့်သာ ယှဉ်၍ဂန္ဓမမည်ကုန်၊ (ယင်းတို့ကို) အချို့ ဂန္ဓနှင့်သာ ယှဉ်၍ ဂန္ဓမမည်ကုန်ဟု မဆိုအပ်ကုန်။

(၃၁) ဂန္ဓဝိပွယုတ္တဂန္ဓနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ဇွန်ကိုးပါး (ရုပ်ကျွန်ဇွန်–၇, သုခ, ဒုက္ခ) တို့သည် ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကျွန်ဇွန်သုံးပါးတို့သည် ဂန္ဓနှင့်လည်း မယှဉ်၊ ဂန္ဓ၏ အာရုံလည်းမဖြစ်ကုန်။

စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေကို ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်လည်း မယှဉ်၊ ဂန္ဓ၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) ဣန္ဒြေသုံးပါးတို့သည် အချို့ ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာဖြစ်ကုန်၏၊ အချို့ ဂန္ဓနှင့်လည်း မယှဉ်၊ ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ ဂန္ဓနှင့် မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာဖြစ်ကုန်၏။ အချို့ ဂန္ဓနှင့်လည်း မယှဉ် ဂန္ဓ၏ အာရုံလည်း မဖြစ်ကုန်၊ ယင်းတို့ကို အချို့ ဂန္ဓနှင့်မယှဉ်မူ၍ ဂန္ဓ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဂန္ဓနှင့်လည်း မယှဉ်၊ ဂန္ဓ၏ အာရုံလည်းမဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၆–ဩဃဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၃၂) ဩဃဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် ဩဃ မမည်ကုန်။ပ။

(၃၃၊ ဩဃနိယဒုက်မှ– ၃၇၊ ဩဃဝိပွယုတ္တဩဃနိယဒုက်အထိ ပေယျာလချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

၇–ယောဂဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၃၈) ယောဂဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် ယောဂမမည်ကုန်။ပ။

(၃၉၊ ယောဂနိယဒုက်မှ––၄၃၊ ယောဂဝိပွယုတ္တယောဂနိယဒုက်အထိ ပေယျာလချန်ထားသည်။ အာသဝဂေါစ္ဆကနှင့် တူ၏)။

၈–နီဝရဏဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၄၄) နီဝရဏဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် နီဝရဏမမည်ကုန်။

(၄၅) နီဝရဏိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် နီဝရဏ၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် နီဝရဏ၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ နီဝရဏ၏ အာရုံဖြစ်ကုန်၏၊ အချို့ နီဝရဏ၏အာရုံမဖြစ်ကုန်။

(၄၆) နီဝရဏသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဓိဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိတို့မှ ကြွင်း သော) ဣန္ဒြေ တစ်ဆယ့်ငါးပါးတို့သည် နီဝရဏနှင့်မယှဉ်ကုန်။ စိတ်ဆင်းရဲမှု၌ အစိုးသည့် ဒေါမနဿိန္ဒြေသည် နီဝရဏနှင့် ယှဉ်၏။

အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့နိဝရဏနှင့် ယှဉ်ကုန်၏၊ အချို့ နိဝရဏနှင့် မယှဉ်ကုန်။

(၄၇) နိဝရဏနိဝရဏိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကိုနိဝရဏလည်းမည်၊ နိဝရဏ၏ အာရုံ လည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ ယင်းတို့သည် နိဝရဏ၏ အာရုံသာ ဖြစ်၍ နိဝရဏမမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို နိဝရဏလည်း မည်၊ နိဝရဏ၏ အာရုံလည်းဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို နိဝရဏလည်း မည်၊ နိဝရဏ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ကုန်။ (ယင်းတို့ကို) အချို့ နိဝရဏ၏ အာရုံသာဖြစ်၍ နိဝရဏမမည်ကုန်ဟု မဆိုအပ်ကုန်။

(၄၈) နိဝရဏနိဝရဏသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇိဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ တို့မှကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့ကိုနိဝရဏလည်း မည်၊ နိဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို နိဝရဏလည်း မည်၊ နိဝရဏနှင့်လည်း ယှဉ်၏ဟုမဆိုအပ်။ (ယင်းသည်) နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကိုနိဝရဏလည်း မည်၊ နိဝရဏနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) အချို့ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ကုန်၊ (ယင်းတို့ကို) အချို့ နိဝရဏနှင့်သာ ယှဉ်၍ နိဝရဏမမည်ကုန်ဟုမဆိုအပ်ကုန်။

(၄၉) နိဝရဏဝိပ္ပယုတ္တနိဝရဏိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ) တို့သည် နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် နိဝရဏနှင့်လည်း မယှဉ်၊ နိဝရဏ၏အာရုံလည်းမဖြစ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်၊ နိဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍လည်းကောင်း မဆိုအပ်။ အစိုးရသည့် ဣန္ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏အာရုံသာ ဖြစ်ကုန်၏။ အချို့ နိဝရဏနှင့်လည်း မယှဉ်၊ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေခြောက်ပါးတို့သည် အချို့ နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာဖြစ်ကုန်၏၊ အချို့ နိဝရဏနှင့်လည်း မယှဉ်၊ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့နိဝရဏနှင့် မယှဉ်မူ၍ နိဝရဏ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ နိဝရဏနှင့်လည်း မယှဉ်၊ နိဝရဏ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၉–ပရာမာသဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၅၀) ပရာမာသဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကွန်ဒြေ ၂၂–ပါးတို့သည် ပရာမာသမမည်ကုန်။

(၅၁) ပရာမဋ္ဌဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကွန်ဒြေဆယ်ပါး (ရုပ်ကွန်ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ပရာမာသ၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကွန်ဒြေသုံးပါးတို့သည် ပရာမာသ၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကွန်ဒြေကိုးပါးတို့သည် အချို့ ပရာမာသ၏ အာရုံဖြစ်ကုန်၏၊ အချို့ပရာမာသ၏ အာရုံမဖြစ်ကုန်။

(၅၂) ပရာမာသသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဒိဋ္ဌိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိတို့မှ ကြွင်းသော) ကွန်ဒြေ တစ်ဆယ့် ခြောက်ပါးတို့သည် ပရာမာသနှင့်မယှဉ်ကုန်။ အစိုးရသည့် ကွန်ဒြေခြောက်ပါး (မန, ဒိဋ္ဌိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိ) တို့သည်အချို့ ပရာမာသနှင့် ယှဉ်ကုန်၏၊ အချို့ ပရာမာသနှင့် မယှဉ်ကုန်။

(၅၃) ပရာမာသပရာမဋ္ဌဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကွန်ဒြေဆယ်ပါး (ရုပ်ကွန်ဒြေ– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ပရာမာသလည်း မည် ပရာမာသ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာကွန်ဒြေသုံးပါးတို့ကို ပရာမာသလည်း မည်၊ ပရာမာသ၏ အာရုံလည်းဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသမမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကွန်ဒြေကိုးပါးတို့ကို ပရာမာသလည်းမည်၊ ပရာမာသ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ပရာမာသ၏ အာရုံသာ ဖြစ်၍ ပရာမာသအာရုံမမည်ကုန်၊ (ယင်းတို့ကို) အချို့ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသမမည်ကုန်ဟု မဆိုအပ်ကုန်။

(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကွန်ဒြေဆယ်ပါး (ရုပ်ကွန်ဒြေ– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ပရာမာ သနှင့် မယှဉ် မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကွန်ဒြေသုံးပါးတို့သည် ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်းမဖြစ်ကုန်။ အစိုးရသည့် ကွန်ဒြေသုံးပါး (သဒ္ဓါ, သတိ, ပညာ) တို့သည် အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကွန်ဒြေခြောက်ပါးတို့သည် အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်။ ယင်းတို့ကို အချို့ ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်၊ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၁၀–မဟန္တရဒုက်အဖြေဝိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ကွန်ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ အစိုးရသည့် နာမ်ကွန်ဒြေတစ်ဆယ့်လေးပါးတို့သည် အာရုံပြုခြင်း

ရှိကုန်၏။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ အာရုံပြုခြင်း ရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

(၅၆) စိတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မနိန္ဒြေမှကြွင်းသော) ဣန္ဒြေနှစ်ဆယ့်တစ်ပါးတို့သည်စိတ် မမည်ကုန်။ သိမှု၌ အစိုးရသည့် မနိန္ဒြေသည် စိတ်မည်၏။

(၅၇) စေတသိကဒုက်အဖြေဝိသဇ္ဇနာ။ ။ (ဆိုလတ္တံ့သော ကိုးပါးမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် စေတသိက် မည်ကုန်၏။ အစိုးရသည့် (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) ရှစ်ပါးတို့သည် စေတသိက်မမည်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စေတသိက်မည်၏၊ အချို့ စေတသိက်မမည်။

(၅၈) စိတ္တသမ္ပယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်ယှဉ်ကုန်၏။ အစိုးရသည့် ရုပ်ဣန္ဒြေခုနစ်ပါးတို့သည် စိတ်နှင့်မယှဉ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စိတ်နှင့်ယှဉ်၍ အချို့ စိတ်နှင့်မယှဉ်။ သိမှု၌ အစိုးရသည့် မနိန္ဒြေကို စိတ်နှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍လည်းကောင်းမဆိုအပ်။

(၅၉) စိတ္တသံသဋ္ဌဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့် နီးနှောကုန်၏။ အစိုးရသည့် ရုပ်ဣန္ဒြေခုနစ်ပါးတို့သည် စိတ်နှင့် မနီးနှောကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စိတ်နှင့်နီးနှော၏၊ အချို့ စိတ်နှင့်မနီးနှော။ သိမှု၌ အစိုးရသည့် မနိန္ဒြေကို စိတ်နှင့် နီးနှော၏ဟူ၍လည်းကောင်း၊ စိတ်နှင့် မနီးနှောဟူ၍လည်းကောင်း မဆိုအပ်။

(၆၀) စိတ္တသမုဋ္ဌာနဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်ကြောင့် မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စိတ်ကြောင့်ဖြစ်၏၊ အချို့ စိတ်ကြောင့်မဖြစ်။

(၆၁) စိတ္တသဟဘူဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့် တကွဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်နှင့် တကွမဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စိတ်နှင့် တကွဖြစ်၏၊ အချို့ စိတ်နှင့် တကွ မဖြစ်။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့သည် စိတ် သို့အစဉ်လိုက်၍ ဖြစ် ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧဝိတိန္ဒြေသည် အချို့ စိတ်သို့အစဉ်လိုက်၍ ဖြစ်၏၊ အချို့ စိတ်သို့အစဉ်လိုက်၍ မဖြစ်။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်းနီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနီးနှော၊ စိတ်ကြောင့်လည်း မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့်

ဧ၀ိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည် (ဆိုလတ္တံ့သော ဣန္ဒြေကိုးပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်းတကွဖြစ်ကုန်၏။

အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်း တကွမဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧ၀ိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်းတကွမဖြစ်။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိ၀တ္တိဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သောဣန္ဒြေကိုးပါးမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။ အစိုးရသည့် ဣန္ဒြေရှစ်ပါး (ရုပ်ဣန္ဒြေ–၇, မနိန္ဒြေ) တို့သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧ၀ိတိန္ဒြေသည် အချို့ စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၏၊ အချို့ စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့ လည်းအစဉ်လိုက်၍ မဖြစ်။

(၆၆) အဗ္ဗတ္တိကဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (ပသာဒိန္ဒြေ–၅, မနိန္ဒြေ) တို့သည် အတွင်း 'အဗ္ဗတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ခြောက်ပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည့် ရုပ်ဣန္ဒြေခုနစ်ပါးတို့သည် မဟာဘုတ်ကိုမှီ၍ ဖြစ်ကုန်၏။ အစိုးရသည့် (ရုပ်ဣန္ဒြေ–၇, ဧ၀ိတိန္ဒြေမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် မဟာဘုတ်ကိုမှီ၍ မဖြစ်ကုန်။ အသက်ရှင်မှု၌ အစိုးရသည့် ဧ၀ိတိန္ဒြေသည် အချို့ မဟာဘုတ်ကိုမှီ၍ ဖြစ်၏၊ အချို့ မှီ၍ မဖြစ်။

(၆၈) ဥပါဒိန္နဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ) တို့သည်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်၏။ အစိုးရသည့် ဣန္ဒြေလေးပါး (ဒေါမနဿနှင့် လောကုတ္တရာဣန္ဒြေ–၃) တို့သည် တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်။

၁၁–ဥပါဒါနဂေါ၀ကအဖြေ၀ိသဇ္ဇနာ

(၆၉) ဥပါဒါနဒုက်အဖြေ၀ိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် ဥပါဒါန်မမည်ကုန်။

(၇၀) ဥပါဒါနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ်–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဥပါဒါန်၏ အာရုံဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကျွန်ုပ် သုံးပါးတို့သည် ဥပါဒါန်၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ကိုးပါးတို့သည် အချို့ ဥပါဒါန်၏ အာရုံဖြစ်ကုန်၏၊ အချို့ ဥပါဒါန်၏အာရုံ မဖြစ်ကုန်။

(၇၁) ဥပါဒါနသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိတို့မှ ကြွင်းသော) ကျွန်ုပ်တစ်ဆယ့် ခြောက်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန်။ အစိုးရသည့် ကျွန်ုပ်ခြောက်ပါး (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိ) တို့သည်အချို့ ဥပါဒါန်နှင့် ယှဉ်ကုန်၏၊ အချို့ ဥပါဒါန်နှင့် မယှဉ်ကုန်။

(၇၂) ဥပါဒါန ဥပါဒါနိယဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ်–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ဥပါဒါန်လည်း မည် ဥပါဒါန်၏ အာရုံ လည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ကုန်။ အစိုးရသည့် လောကုတ္တရာကျွန်ုပ် သုံးပါးတို့ကို ဥပါဒါန်လည်း မည်၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ကိုးပါးတို့ကို ဥပါဒါန်လည်း မည်၊ ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်၊ (ယင်းတို့ကို) အချို့ ဥပါဒါန်၏ အာရုံသာဖြစ်၍ ဥပါဒါန် မမည်ကုန်ဟု မဆိုအပ်ကုန်။

(၇၃) ဥပါဒါန ဥပါဒါနသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိတို့မှ ကြွင်းသော) ကျွန်ုပ်တစ်ဆယ့်ခြောက်ပါးတို့ကို ဥပါဒါန်လည်းမည်၊ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ဥပါဒါန်မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ အစိုးရသည့် ကျွန်ုပ်ခြောက်ပါး (မန, ဇိဝိတ, သောမနဿ, ဥပေက္ခာ, ဝိရိယ, သမာဓိ) တို့ကိုဥပါဒါန်လည်း မည်၊ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ကုန်၊ (ယင်းတို့ကို) အချို့ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ကုန်ဟုမဆိုအပ်ကုန်။

(၇၄) ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ဆယ်ပါး (ရုပ်ကျွန်ုပ်–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဥပါဒါန် နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာကျွန်ုပ် သုံးပါးတို့သည် ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏ အာရုံလည်းမဖြစ်ကုန်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) ကျွန်ုပ်သုံးပါးတို့သည် အချို့ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ခြောက်ပါးတို့သည် အချို့ ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏၊ အချို့ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏အာရုံလည်း မဖြစ်ကုန်၊ (ယင်းတို့ကို) အချို့ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်၊ ဥပါဒါန်၏အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၁၂–ကိလေသဂေါ စ္ဆကအဖြေဝိသဇ္ဇနာ

(၇၅) ကိလေသဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ ၂၂–ပါးတို့သည် ကိလေသာ မမည်ကုန်။

(၇၆) သံကိလေသိကဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် ကိလေသာ၏ အာရုံမဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ကိလေသာ၏ အာရုံဖြစ်ကုန်၏၊ အချို့ကိလေသာ၏ အာရုံမဖြစ်ကုန်။

(၇၇) သံကိလိဋ္ဌဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့သည် ကိလေသာတို့ အပူပန် မခံရကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာတို့ အပူပန်ခံရ၏။

အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည်အချို့ ကိလေသာတို့ အပူပန်ခံရကုန်၏၊ အချို့ ကိလေသာတို့ အပူပန်မခံရကုန်။

(၇၈) ကိလေသသမ္မယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့်ငါးပါးတို့သည် ကိလေသာနှင့် မယှဉ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ကိလေသာနှင့် ယှဉ်၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည်အချို့ ကိလေသာနှင့် ယှဉ်ကုန်၏၊ အချို့ ကိလေသာနှင့် မယှဉ်ကုန်။

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့ကို ကိလေသာ လည်း မည်၊ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟုမဆိုအပ်ကုန်၊ (ယင်းတို့သည်) ကိလေသာ၏အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာ၏အာရုံလည်းဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာ၏အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာ၏ အာရုံလည်းဖြစ်ကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာ၏ အာရုံသာ ဖြစ်၍ ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

(၈၀) ကိလေသ သံကိလိဋ္ဌဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှကြွင်းသော) ဣန္ဒြေ၁၅–ပါးတို့ကို ကိလေသာ လည်း မည်၊ ကိလေသာတို့အပူပန်လည်း ခံရကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာတို့အပူပန်သာ ခံရ၍ ကိလေသာမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာလည်း မည်၊ ကိလေသာတို့အပူပန်လည်းခံရကုန်၏ဟု မဆိုအပ်၊ (ယင်းသည်) ကိလေသာတို့အပူပန်သာ ခံရ၍ ကိလေသာ မမည်။ အစိုးရသည့် (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) ဣန္ဒြေခြောက်ပါးတို့ကိုကိလေသာလည်း မည်၊ ကိလေသာတို့အပူပန်လည်း ခံရကုန်၏ဟု မဆိုအပ်ကုန်၊ (ယင်းတို့သည်) အချို့ကိလေသာတို့

အပူပန်သာ ခံရ၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာတို့ အပူပန်သာခံရ၍ ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

(၈၁) ကိလေသ ကိလေသသမ္ဘယုတ္တဒုက်အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ကျွန်ုပ်ခုနစ်ပါးမှကြွင်းသော) ကျွန်ုပ်တစ်ဆယ့်ငါးပါးတို့ကို ကိလေသာလည်း မည်၊ ကိလေသာနှင့်လည်းယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာလည်း မည်၊ ကိလေသာနှင့်လည်း ယှဉ်၏ ဟုမဆိုအပ်၊ (ယင်းသည်) ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်။ အစိုးရသည့် ကျွန်ုပ်ခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကိုကိလေသာလည်းမည်၊ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ (ယင်းတို့သည်) အချို့ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်၊ (ယင်းတို့ကို) အချို့ ကိလေသာနှင့်သာ ယှဉ်၍ကိလေသာ မမည်ကုန်ဟု မဆိုအပ်ကုန်။

(၈၂) ကိလေသဝိပွယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ကျွန်ုပ်ကိုးပါး (ရုပ်ကျွန်ုပ်–၇, သုခ, ဒုက္ခ) တို့သည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏။

အစိုးရသည့် လောကုတ္တရာကျွန်ုပ် သုံးပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏အာရုံလည်း မဖြစ်ကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာဖြစ်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏အာရုံလည်း မဖြစ်ဟူ၍လည်းကောင်းမဆိုအပ်။ အစိုးရသည့် (သဒ္ဓါ, သတိ, ပညာ) ကျွန်ုပ်သုံးပါးတို့သည် အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ ကိလေသာနှင့်လည်း မယှဉ် ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ကျွန်ုပ်ခြောက်ပါးတို့သည် အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏အာရုံသာ ဖြစ်ကုန်၏၊ အချို့ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏အာရုံလည်း မဖြစ်ကုန်။ (ယင်းတို့ကို) အချို့ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

၁၃–ပိဋ္ဌဒုက်အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေန ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဆိုလတ္တံ့သော ကျွန်ုပ်ခုနစ်ပါးတို့မှ ကြွင်းသော) အစိုးရသည့် ကျွန်ုပ်တစ်ဆယ့်ငါးပါးတို့ကို သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။ အစိုးရသည့် ကျွန်ုပ်ခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏၊ အချို့ သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

(၈၄) ဘာဝနာယ ပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဆိုလတ္တံ့သော ကျွန်ုပ်ခုနစ်ပါးမှ ကြွင်းသော) အစိုးရသည့် ကျွန်ုပ်တစ်ဆယ့်ငါးပါးတို့ကို အထက်မဂ်သုံးခု သည် မပယ်အပ်ကုန်။

အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့ကို အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်၏၊ အချို့ အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်။

(၈၅) ဒဿနေန ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့် ငါးပါးတို့သည် သောတာပတ္တိ မဂ်သည် ပယ်အပ်သော ဟိတ်မရှိကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိကုန်၏၊ အချို့ သောတာပတ္တိမဂ် သည်ပယ်အပ်သော ဟိတ်မရှိကုန်။

(၈၆) ဘာဝနာယ ပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။ (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှကြွင်းသော) ဣန္ဒြေတစ်ဆယ့် ငါးပါးတို့သည် အထက်မဂ် သုံးခုသည် ပယ်အပ်သော ဟိတ်မရှိကုန်။ အစိုးရသည့် ဣန္ဒြေခုနစ်ပါး (မန, ဇီဝိတ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည် အချို့ အထက်မဂ်သုံးခုသည် ပယ်အပ်သော ဟိတ်ရှိကုန်၏၊ အချို့ အထက်မဂ်သုံးခု သည်ပယ်အပ်သော ဟိတ်မရှိကုန်။

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ) တို့သည်ဝိတက် မရှိကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိတက်ရှိ၏။ (ကြွင်းသော) ဣန္ဒြေ၁၂–ပါးတို့သည် အချို့ ဝိတက်ရှိကုန်၏၊ အချို့ ဝိတက်မရှိကုန်။

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေကိုးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ) တို့သည်ဝိစာရမရှိကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိစာရရှိ၏။

အစိုးရသည့် (ကြွင်းသော) ဣန္ဒြေ၁၂–ပါးတို့သည် အချို့ ဝိစာရရှိကုန်၏။ အချို့ ဝိစာရမရှိကုန်။

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေတစ်ဆယ့်တစ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ပီတိမရှိကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့သည် အချို့ ပီတိရှိကုန်၏၊ အချို့ ပီတိမရှိကုန်။

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေတစ်ဆယ့်တစ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ပီတိနှင့် တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့သည် အချို့ ပီတိနှင့် တကွဖြစ်ကုန်၏၊ အချို့ပီတိနှင့် တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေတစ်ဆယ့်နှစ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ) တို့သည် သုခဝေဒနာ နှင့် တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေဆယ်ပါးတို့သည် အချို့ သုခဝေဒနာနှင့် တကွဖြစ်ကုန်၏၊ အချို့သုခဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေတစ်ဆယ့်နှစ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ) တို့သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေဆယ်ပါးတို့သည် အချို့ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏၊ အချို့ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ကာမတဏှာ၏ ကျင်လည်ရာ ဖြစ် ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် ကာမတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ ကာမတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေတစ်ဆယ့်သုံးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ, လောကုတ္တရာဣန္ဒြေ ၃–ပါး) တို့သည် ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ရူပတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေတစ်ဆယ့်လေးပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, ဒေါမနဿ, သောမနဿ, လောကုတ္တရာဣန္ဒြေ သုံးပါး) တို့သည် အရူပတဏှာ၏ကျင်လည်ရာ မဖြစ်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေရှစ်ပါးတို့သည် အချို့ အရူပတဏှာ၏ ကျင်လည်ရာ ဖြစ်ကုန်၏၊ အချို့ အရူပတဏှာ၏ ကျင်လည်ရာ မဖြစ်ကုန်။

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့်ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် ဘုံသုံးပါး၌ အကျုံးမဝင်ကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏၊ အချို့ဘုံသုံးပါး၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေ၁၁–ပါး (ရုပ်ဣန္ဒြေ– ၇, သုခ, ဒုက္ခ, ဒေါနဿ, အညာတာ) တို့သည် ဝဋ်ဆင်းရဲမှထွက်မြောက် ကြောင်း မဟုတ်ကုန်။ သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်၏။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေဆယ်ပါးတို့သည် အချို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊ အချို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ–၇, သုခ, ဒုက္ခ, အညာတာဝိန္ဒြေ) တို့သည် မိမိ၏ အခြားမဲ့၌လည်းကောင်း၊ စုတိ၏ အခြားမဲ့၌လည်းကောင်းအကျိုးပေးမမြဲကုန်။ သစ္စာတရားတို့ကို ထိုးထွင်းသိမှု၌ အစိုးရသည့် အနညာတညဿာမီတိန္ဒြေသည် မိမိ၏ အခြားမဲ့၌လည်းကောင်း၊ စုတိ၏ အခြားမဲ့၌လည်းကောင်း အကျိုးပေးမြဲ၏။ အစိုးရသည့် (ကြွင်းသော ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့သည် အချို့ မိမိ၏ အခြားမဲ့၌လည်းကောင်း၊ စုတိ၏ အခြားမဲ့၌လည်းကောင်း အကျိုးပေးမြဲကုန်၏၊ အချို့ မိမိ၏ အခြားမဲ့၌လည်းကောင်း၊ စုတိ၏အခြားမဲ့၌လည်းကောင်း အကျိုးပေးမမြဲကုန်။

(၉၉) သဉ္ဇတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် ဣန္ဒြေဆယ်ပါး (ရုပ်ဣန္ဒြေ– ၇, သုခ, ဒုက္ခ, ဒေါမနဿ) တို့သည် မိမိထက် လွန်မြတ်သော တရား ရှိကုန်၏။ အစိုးရသည့် လောကုတ္တရာဣန္ဒြေသုံးပါးတို့သည် မိမိထက်လွန်မြတ်သော တရားမရှိကုန်။ အစိုးရသည့် (ကြွင်းသော) ဣန္ဒြေကိုးပါးတို့သည် အချို့ မိမိထက်လွန်မြတ်သော တရားရှိကုန်၏၊ အချို့မိမိထက် လွန်မြတ်သော တရားမရှိကုန်။

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။ အစိုးရသည့် (ဆိုလတ္တံ့သော ဣန္ဒြေခုနစ်ပါးမှ ကြွင်းသော) ဣန္ဒြေတစ်ဆယ့် ငါးပါးတို့သည် ဝိကြွေးကြော်း ကိလေသာမရှိကုန်။ စိတ်ဆင်းရဲမှုဌ် အစိုးရသည့် ဒေါမနဿိန္ဒြေသည် ဝိကြွေးကြော်း ကိလေသာရှိ၏။ အစိုးရသည့် ဣန္ဒြေခြောက်ပါး (မန, ဇီဝိတ, သောမနဿ, ဥပေက္ခာ, ဝီရိယ, သမာဓိ) တို့သည်အချို့ ဝိကြွေးကြော်း ကိလေသာရှိကုန်၏၊ အချို့ ဝိကြွေးကြော်း ကိလေသာ မရှိကုန်။

ဣန္ဒြေ ၂၂-ပါးတို့ကို ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ပြသော အဖြေဝိသဇ္ဇနာ ပြီး၏။

အမေးအဖြေပြု၍ ဟောကြားသော ပဠာဝုစ္ဆကနည်း ပြီးပြီ။

ရုပ်နာမ်တို့ကို အစိုးရသည့် ဣန္ဒြေတို့ကို ဝေဖန်၍ပြသော ဣန္ဒြိယဝိဘင်း ပြီးပြီ။

၆-ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်္ဂ

(ရုပ်နာမ်တရားတို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း)

၁-သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော သုတ္တန္တဘာဇနီယနည်း)

ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါး

၂၂၅။ (၁) သစ္စာလေးပါးတို့ကို မသိခြင်း 'အဝိဇ္ဇာ'ဟူသော အကြောင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏။

(၂) ပြုပြင်စီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် 'နာမ်ရုပ်' သည် ဖြစ်၏။

(၄) 'နာမ်ရုပ်'ဟူသော အကြောင်းကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏။

(၅) 'အာယတန' ခြောက်ပါးဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်'ဟူသော အကြောင်းကြောင့် 'ဘဝ'သည် ဖြစ်၏။

(၁၀) 'ဘဝ'ဟူသော အကြောင်းကြောင့် ပဋ္ဌိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋ္ဌိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' သည်ဖြစ်၏။

(၁၂) အိုခြင်း 'ဇရာ', သေခြင်း 'မရဏ'ဟူသော အကြောင်းကြောင့် စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'၊ ပြင်းစွာပူလောင်ခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့်ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။

ပဋ္ဌိစ္စသမုပါဒ်အင်္ဂါ၁၂–ပါး အကျယ်ပြခြင်း

(၁) အဝိဇ္ဇာ ၂၂ဖ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သစ္စာလေးပါးကို မသိခြင်း 'အဝိဇ္ဇာ' မည်သနည်း။

(က) ဆင်းရဲမှု အမှန်တရား (ဒုက္ခသစ္စာ)၌ မသိခြင်း၊

(ခ) ဆင်းရဲမှု ဖြစ်ကြောင်း အမှန်တရား (သမုဒယသစ္စာ)၌ မသိခြင်း၊

(ဂ) ဆင်းရဲမှု ချုပ်ရာ အမှန်တရား (နိရောဓသစ္စာ)၌ မသိခြင်း၊

(ဃ) ဆင်းရဲမှု ချုပ်ရာသို့ရောက်ကြောင်း အမှန်တရား (မဂ္ဂသစ္စာ)၌ မသိခြင်း၊

ဤသဘောကို သစ္စာလေးပါးကို မသိခြင်း 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သစ္စာလေးပါးကို မသိခြင်းဟူသော အကြောင်းကြောင့် ဖြစ်သော ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ မည်ကုန်သနည်း။

(က) ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု (ပုညာဘိသင်္ခါရ)၊

(ခ) မကောင်းမှု အကုသိုလ်ကို ပြုလုပ်မှု (အပုညာဘိသင်္ခါရ)၊

(ဂ) အရူပဈာန်တရားအားထုတ်မှု (အာနေဉ္ဇာဘိသင်္ခါရ)၊

(ဃ) ကိုယ်ဖြင့် ပြုလုပ်မှု (ကာယသင်္ခါရ)၊

(င) နှုတ်ဖြင့် ပြောဆိုမှု (ဝစီသင်္ခါရ)၊

(စ) စိတ်ဖြင့် ကြံစည်မှု (စိတ္တသင်္ခါရ)၊ ဤပြုလုပ်မှု တို့ကို 'သင်္ခါရ' ဟု ဆိုအပ်ကုန်၏။

(က) ထိုသင်္ခါရတို့တွင် အဘယ်သည် ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု (ပုညာဘိသင်္ခါရ) မည်သနည်း။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော, ရူပတဏှာ၏ ကျင်လည်ရာဖြစ်သော ဒါနပြုသောအခါ သီလဆောက်တည်သောအခါ သမထဝိပဿနာအားထုတ်သောအခါ လောကီကုသိုလ်စေတနာသည် ရှိ၏။ ဤစေတနာကို ကုသိုလ်ကောင်းမှု ပြုလုပ်မှု (ပုညာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ခ) ထိုသခ်ၢိရတို့တွင် အဘယ်သည် မကောင်းမှု အကုသိုလ်ကို ပြုလုပ်မှု (အပုညာဘိသင်္ခါရ) မည်သနည်း။

ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော အကုသိုလ်စေတနာသည် ရှိ၏၊ ဤစေတနာကို မကောင်းမှု အကုသိုလ်ပြုလုပ်မှု (အပုညာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ဂ) ထိုသခ်ၢိရတို့တွင် အဘယ်သည် အရူပဈာန်တရားအားထုတ်မှု (အာနေ ဉာဘိသင်္ခါရ) မည်သနည်း။

အရူပတဏှာ၏ ကျင်လည်ရာဖြစ်သော အရူပကုသိုလ်စေတနာသည် ရှိ၏၊ ဤစေတနာကို အရူပဈာန်တရားအားထုတ်မှု (အာနေ ဉာဘိသင်္ခါရ) ဟု ဆိုအပ်၏။

(ဃ၊ ၊ စ) ထိုသခ်ၢိရတို့တွင် အဘယ်သည် ကိုယ်ဖြင့် ပြုလုပ်မှု (ကာယသင်္ခါရ) စသည် မည်သနည်း။

ကိုယ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် ကာယသင်္ခါရမည်၏။ နှုတ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် ဝစီသင်္ခါရမည်၏။ စိတ်အမူအရာကို ဖြစ်စေတတ်သော စေတနာသည် စိတ္တသင်္ခါရမည်၏။ ဤစေတနာတို့ကို သစ္စာလေးပါးကို မသိခြင်းဟူသော အကြောင်းကြောင့်ဖြစ်သော ပြုပြင်စီရင်မှု 'သခ်ၢိရ' တို့ဟု ဆိုအပ်ကုန်၏။

(၃) ဝိညာဏ် ၂၂၇။ ထိုအဂ်ၢ၁–ပါးတို့တွင် အဘယ်သည် ပြုပြင်စီရင်မှု 'သခ်ၢိရ'ဟူသော အကြောင်းကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ ကြဲသိစိတ် 'မနောဝိညာဏ်' သည် ရှိ၏။ ဤသိမှု သဘောကို ပြုပြင်စီရင်မှု 'သခ်ၢိရ'ဟူသော အကြောင်းကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

(၄) နာမ်ရူပ် ၂၂၈။ ထိုအဂ်ၢ၁–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့်ဖြစ်သော နာမ်ရူပ် မည်သနည်း။

နာမ်သည် ရှိ၏၊ ရူပ်သည် ရှိ၏။ ထိုနာမ်ရူပ်တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ၢိရကွန္ဓာ' သည် ရှိ၏၊ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထိုနာမ်ရူပ်တွင် အဘယ်သည် ရူပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ရူပ်သည်လည်းကောင်း ရှိ၏၊ ဤသဘောကို ရူပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်ကိုလည်းကောင်း၊ ဤဆိုခဲ့ပြီးသော ရူပ်ကိုလည်းကောင်း သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့်ဖြစ်သော နာမ်ရူပ်ဟု ဆိုအပ်၏။

(၅) သင်္ဠာယတန ၂၂၉။ ထိုအဂ်ၢ၁–ပါးတို့တွင် အဘယ်သည် နာမ်ရူပ်ဟူသော အကြောင်းကြောင့်ဖြစ်သော အာယတနခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ঘာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါ ယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ သိမှု စိတ်ဖြစ်ရာ မနောအကြည် 'မနာ ယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ဟူသော အကြောင်းကြောင့်ဖြစ်သော အာယတနခြောက်ပါး ဟု ဆိုအပ်၏။

(၆) ဖဿ ၂၃၀။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် အာယတနခြောက်ပါးဟူသော အကြောင်းကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ ကြားသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'၊ ထိသိစိတ်နှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ'၊ သိမှု စိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' သည် ရှိ၏။ ဤသဘောကို အာယတနခြောက်ပါးဟူသော အကြောင်းကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ ၂၃၁။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

မြင်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ ကြားသိစိတ်နှင့် ယှဉ်သောတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ နံသိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ လျက်သိစိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ ထိသိစိတ်နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'၊ သိမှု စိတ်နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်သော ခံစားမှု ဝေဒနာဟု ဆိုအပ်၏။

(၈) တဏှာ ၂၃၂။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် ခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့်ဖြစ်သော တပ်နှစ်သက်မှု 'တဏှာ' မည်သနည်း။

အဆင်းရူပါရုံ၌ တပ်နှစ်သက်မှု ၊ အသံသဒ္ဒါရုံ၌ တပ်နှစ်သက်မှု ၊ အနံ့ဂန္ဓာရုံ၌ တပ်နှစ်သက်မှု ၊ အရသာရသာရုံ၌ တပ်နှစ်သက်မှု ၊ အတွေ့ဖေါ့ဋ္ဌဗ္ဗာရုံ၌ တပ်နှစ်သက်မှု ၊ သဘောတရား ဓမ္မာရုံ၌ တပ်နှစ်သက်မှုသည် ရှိ၏၊ ဤသဘောကို ခံစားမှု ဝေဒနာဟူသော အကြောင်းကြောင့်ဖြစ်သော တပ်နှစ်သက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန် ၂၃၃။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် တပ်နှစ်သက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

ကာမဂုဏ်တို့ကို စွဲလမ်းမှု 'ကာမုပါဒါန်'၊ မှားသောအယူဝါဒကို စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'၊ မှားသောသီလအကျင့်တို့ကို စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'၊ အတ္တရှိ၏ဟူသော ဝါဒကို စွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' သည် ရှိ၏။ ဤသဘောကို တပ်နှစ်သက်မှု 'တဏှာ'ဟူသော အကြောင်းကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

(၁၀) ဘဝ ၂၃၄။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်'ဟူသော အကြောင်းကြောင့်ဖြစ်သော 'ဘဝ' မည်သနည်း။

နှစ်ပါးအပြားအားဖြင့် ဘဝသည် ဖြစ်၏။

(က) ဘုံဘဝသို့ ရောက်စေတတ်သော ကုသိုလ်, အကုသိုလ်ကံဟူသော ကမ္မဘဝသည် ရှိ၏။

(ခ) သတ္တဝါတို့၏ဖြစ်ရာ ဘုံဘဝဟူသော ဥပပတ္တိဘဝသည် ရှိ၏။

ကမ္မဘဝ။ ။ ထိုဘဝနှစ်မျိုးတို့တွင် အဘယ်သည် ဘုံဘဝသို့ ရောက်စေတတ်သော ကုသိုလ်, အကုသိုလ်ကံဟူသော ကမ္မဘဝ မည်သနည်း။

လောကီ (ကာမ, ရူပ) ကောင်းမှုကုသိုလ် ပြုလုပ်မှု 'ပုညာဘိသင်္ခါရ'၊ မကောင်းမှု အကုသိုလ် ပြုလုပ်မှု 'အပုညာဘိသင်္ခါရ'၊ အရူပဈာန်တရားအားထုတ်မှု 'အာနေဉ္ဇာဘိသင်္ခါရ' သည် ရှိ၏။ ဤသဘောကိုကမ္မဘဝ ဟု ဆိုအပ်၏။ ဘုံဘဝသို့ ရောက်စေတတ်သော ကံတရားအားလုံးသည်လည်း ကမ္မဘဝမည်၏။

ဥပပတ္တိဘဝ။ ။ ထိုဘဝနှစ်မျိုးတို့တွင် အဘယ်သည် သတ္တဝါတို့၏ ဖြစ်ရာဘုံဘဝဟူသော ဥပပတ္တိဘဝ မည်သနည်း။

(က) ကာမသတ္တဝါတို့၏ဖြစ်ရာ ကာမ–၁၁–ဘုံဟူသော ကာမဘဝ။

(ခ) ရူပဗြဟ္မာတို့၏ဖြစ်ရာ ရူပ၁၆–ဘုံဟူသော ရူပဘဝ။

(ဂ) အရူပဗြဟ္မာတို့၏ဖြစ်ရာ အရူပ ၄–ဘုံဟူသော အရူပဘဝ။

(ဃ) နာမ်ရှိသော သတ္တဝါတို့၏ဖြစ်ရာ သညီဘဝ။

(င) နာမ်မဲ့သောသတ္တဝါတို့၏ဖြစ်ရာ အသညီဘဝ။

(စ) နာမ်ရှိလည်းမဟုတ် နာမ်မဲ့လည်းမဟုတ် (ထင်ရှားသော နာမ်မရှိ, သိမ်မွေ့သော နာမ်သာရှိ) သော သတ္တဝါတို့၏ဖြစ်ရာ နေဝသညီနာသညီဘဝ။

(ဆ) ခန္ဓာတစ်ပါးသာရှိသော သတ္တဝါတို့၏ဖြစ်ရာ ဧကဝေါကာရဘဝ။

(ဇ) နာမ်ခန္ဓာလေးပါးရှိသော သတ္တဝါတို့၏ဖြစ်ရာ စတုဝေါကာရဘဝ။

(ဈ) ခန္ဓာငါးပါးရှိသော သတ္တဝါတို့၏ဖြစ်ရာ ပဉ္စဝေါကာရဘဝသည် ရှိ၏။

ဤသဘောကို သတ္တဝါတို့၏ ဖြစ်ရာ ဘုံဘဝဟူသော ဥပပတ္တိဘဝဟု ဆိုအပ်၏။

ဤတရားတို့ကို စွဲလမ်းမှုဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်ကုန်၏။

(၁၁) ဇာတိ ၂၃၅။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ဘဝဟူသော အကြောင်းကြောင့်ဖြစ်သောပဋိသန္ဓေ နေခြင်း 'ဇာတိ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုအမျိုးဇာတ်၌ ပဋိသန္ဓေနေခြင်း 'ဇာတိ'၊ ကောင်းစွာပဋိသန္ဓေနေခြင်း 'သဉ္စာတိ'၊ အမိဝမ်းသို့သက်ဝင်ခြင်း 'သြက္ကန္တိ'၊ ကိုယ်ထင်ရှားဖြစ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ'၊ အာယတနတို့ကို အသစ်ရခြင်း 'ပဋိလာဘ' သည် ရှိ၏။ ဤသဘောကိုဘဝဟူသော အကြောင်းကြောင့်ဖြစ်သော ပဋိသန္ဓေနေခြင်း 'ဇာတိ' ဟု ဆိုအပ်၏။

(၁၂) **ဧရာမရဏ** ၂၃၆။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပဋ္ဌိသန္ဓေနေခြင်း ဇာတိ'ဟူသောအကြောင်းကြောင့်ဖြစ်သော အိုခြင်း, သေခြင်း 'ဧရာမရဏ' မည်သနည်း။

အိုခြင်း 'ဧရာ' သည် ရှိ၏၊ သေခြင်း 'မရဏ' သည် ရှိ၏။

ဧရာ။ ။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဧရာ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းခ္ဍ အိုမင်းခြင်း 'ဧရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ သွားကျိုးခြင်း 'ခဏ္ဍိစ္စ'၊ ဆံဖြူခြင်း 'ပါလိစ္စ'၊ အရေတွန့်ခြင်း 'ဝလိတ္တစတာ'၊ အသက်၏ဆုတ်ယုတ်ခြင်း 'သံဟာနိ'၊ ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း 'ပရိပါက' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဧရာ' ဟု ဆိုအပ်၏။

မရဏ။ ။ ထိုနှစ်မျိုးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ စုတေခြင်း 'စုတိ'၊ ရွှေ့လျောခြင်း 'စဝနတာ'၊ ပျက်စီးခြင်း 'ဘေဒေါ'၊ ကွယ်ပျောက်ခြင်း 'အန္တရဓာန'၊ သက်ပြတ်သေဆုံးခြင်း 'မစ္စုမရဏ'၊ သေဆုံးချိန်ကို ပြုခြင်း 'ကာလကိရိယာ'၊ ခန္ဓာတို့၏ ပျက်စီးခြင်း 'ခန္ဓဘေဒ'၊ အလောင်းကောင်ကို စွန့်ပစ်ခြင်း 'ကဠေဝရနိက္ခေပ'၊ ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း 'ဇီဝိတိန္ဒြိယဥပစ္ဆေဒ' သည် ရှိ၏။ ဤသဘောကို သေခြင်း 'မရဏ' ဟု ဆိုအပ်၏။

ဤသို့ ဤဆိုခဲ့ပြီးသော အိုခြင်း 'ဧရာ', ဤဆိုခဲ့ပြီးသော သေခြင်း 'မရဏ' ကို ပဋ္ဌိသန္ဓေနေခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့်ဖြစ်သော အိုခြင်း ဧရာ', သေခြင်း 'မရဏ' ဟု ဆိုအပ်၏။

ဇာတိအကျိုးဆက်တရား ငါးပါး

သောက ၂၃၇။ ထိုငါးပါးတို့တွင် အဘယ်သည် စိုးရိမ်ခြင်း 'သောက' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါနိုပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်းတစ်ခုခုနှင့်တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း စိုးရိမ်ခြင်း 'သောက'၊ စိုးရိမ်ခြင်း အခြင်းအရာ 'သောစနာ'၊ စိုးရိမ်သူ၏ အဖြစ် 'သောစိတတ္တ'၊ အတွင်းဆွေးဆွေးခြင်း 'အန္တောသောက'၊ အတွင်းပူပူခြင်း 'အန္တောပရိသောက'၊ ကြံမှိုင်ခြင်း 'ပရိဇ္ဈာယန'၊ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'၊ သောကငြောင့်စူးဝင်ခြင်း 'သောကသလ္လ' သည် ရှိ၏။ ဤသဘောကို စိုးရိမ်မှု 'သောက' ဟု ဆိုအပ်၏။

ပရိဒေဝ ၂၃၈။ ထိုငါးပါးတို့တွင် အဘယ်သည် ငိုကြွေးခြင်း 'ပရိဒေဝ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါနိုပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့်တွေ့သော သူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်းတစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု

တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း၊ တစ်စုံတစ်ယောက်ကို ရည်ညွှန်း၍ ငိုကြွေးခြင်း 'အာဒေဝ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့.နွဲ့.၍ ငိုကြွေးခြင်း 'ပရိဒေဝ'၊ တစ်စုံတစ်ယောက်ကိုရည်ညွှန်း၍ ငိုကြွေးသောအခြင်းအရာ 'အာဒေဝနာ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့.နွဲ့.၍ငိုကြွေးသောအခြင်းအရာ 'ပရိဒေဝနာ'၊ တစ်စုံတစ်ယောက်ကိုရည်ညွှန်း၍ ငိုကြွေးသူ၏အဖြစ် 'အာဒေဝိတတ္တ'၊ ဂုဏ်ကျေးဇူးကို ဖွဲ့.နွဲ့.၍ ငိုကြွေးသူ၏ အဖြစ် 'ပရိဒေဝိတတ္တ'၊ ပြောရ၍ငိုခြင်း 'ဝါစာ'၊ အကျိုးမဲ့ကိုပြောရ၍ငိုခြင်း 'ပလာပ'၊ ကယောင်ကတမ်း ပြောဆို ငိုကြွေးခြင်း 'ဝိပ္ပလာပ'၊ အထပ်ထပ်ပြောဆိုငိုကြွေးခြင်း 'လာလပ္ပ'၊ အထပ်ထပ်ပြောဆိုငိုကြွေးသော အခြင်း အရာ 'လာလပ္ပနာ'၊ အထပ်ထပ်ပြောဆိုငိုကြွေးသူ၏အဖြစ် 'လာလပ္ပိတတ္တ'သည် ရှိ၏။ ဤသဘောကို ငိုကြွေးခြင်း 'ပရိဒေဝ' ဟု ဆိုအပ်၏။

ဒုက္ခ ၂၃၉။ ထိုင်းပါးတို့တွင် အဘယ်သည် ကိုယ်ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့၌ ဖြစ်သော မသာယာမှု ၊ ဆင်းရဲကိုခံစားမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာဖွယ်ဆင်းရဲကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို ကိုယ်ဆင်းရဲမှု 'ဒုက္ခ' ဟု ဆိုအပ်၏။

ဒေါမနဿ ၂၄၀။ ထိုင်းပါးတို့တွင် အဘယ်သည် စိတ်ဆင်းရဲမှု 'ဒေါမနဿ' မည်သနည်း။

စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ၊ စိတ်ဆင်းရဲမှုကို ခံစားရမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာဖွယ်ဆင်းရဲကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို စိတ်ဆင်းရဲမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။

ဥပါယာသ ၂၄၁။ ထိုင်းပါးတို့တွင် အဘယ်သည် ပြင်းစွာပူပန်ခြင်း 'ဥပါယာသ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ စီးပွါးပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အနာရောဂါနှိပ်စက်ခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ သီလပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ အယူပျက်စီးခြင်းနှင့် တွေ့သောသူ၏ လည်းကောင်း၊ ပျက်စီးခြင်းတစ်ခုခုနှင့်တွေ့သောသူ၏ လည်းကောင်း၊ ဆင်းရဲမှု တစ်ခုခုနှင့် တွေ့သောသူ၏ လည်းကောင်း ပြင်းစွာပူလောင်ပင်ပန်းခြင်း (အာယာသ)၊ အလွန်ပြင်းစွာ ပူလောင်ပင်ပန်းခြင်း (ဥပါယာသ)၊ ပြင်းစွာပူလောင်ပင်ပန်းသူ၏အဖြစ် (အာယာသိတက္က)၊ အလွန်ပြင်းစွာ ပူလောင်ပင်ပန်းသူ၏အဖြစ် (ဥပါယာသိတက္က) သည် ရှိ၏။ ဤသဘော ကို ပြင်းစွာပူပန်ခြင်း 'ဥပါယာသ' ဟု ဆိုအပ်၏။

၂၄၂။ "ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏"ဟူသော စကား၌ ဆင်းရဲအစု၏ ပေါင်းဆုံခြင်းသည် အညီအညွတ် ရောက်ခြင်းသည်ပေါင်းခြင်းသည် ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏ဟု ဆိုလိုသည်။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော 'သုတ္တန္တဘာဇနီယနည်း' ပြီး၏။

---

၂ –အဘိဓမ္မာဘာဇနီယ

(အဘိဓမ္မာနည်းဖြင့်ဝေဖန်ဟောကြားသော 'အဘိဓမ္မာဘာဇနီယ'နည်း)

၁–အကုသိုလ်တရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်းအကျဉ်း

၁–အဝိဇ္ဇာကို အဦးထားသော အဝိဇ္ဇာမူလကနယအကျဉ်း

၁–ပစ္စယသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ။

၂၄၃။ (၁) မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုစီရင်မှု 'သင်္ခါရ'ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် သိမှု 'ဝိညာဏ်'ဖြစ်၏။

(၃) 'သိမှု'ဝိညာဏ်ကြောင့် နာမ်ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက်မနာယတနဖြစ်၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။

(၇) ခံစားမှု ဝေဒနာကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋ္ဌိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋ္ဌိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

မှတ်ချက်။ ။ ဤဝါရ၌ အင်္ဂါ–၁၂–ပါးဆိုသော်လည်း နာမ်ရုပ်ဟူသော အင်္ဂါ၊ သဠာယတနဟူသော အင်္ဂါ– ၂–ပါး အပြည့်အစုံမပါသဖြင့် အပရိပုဏ္ဏအင်္ဂဇယယုတ္တဒွါဒသင်္ဂိကဝါရဟု အဋ္ဌကထာ (နှာ–၁၉၀)၌ ဆိုသည်)။

---

(၂) မပြည့်မစုံ အင်္ဂါ–၁၁–ပါးရှိသောဝါရ

(၁) 'မသိမှု'အဝိဇ္ဇာကြောင့် ပြုစီရင်မှု 'သင်္ခါရ'ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ကြောင့် နာမ်ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

မှတ်ချက်။ ။ ဤဝါရကို သင္ဘာယတနအင်္ဂါမပါသောကြောင့် အပရိပုဏ္ဏဇကာဒသင်္ဂီကဝါရဟု အဋ္ဌကထာ (၁၉၀)၌ ဆိုသည်။

---

(၃) အပြည့်အစုံ အင်္ဂါ-၁၂-ပါးရှိသော ဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့် ပြုစီရင်မှု သင်္ခါရဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု ဝိညာဏ်ဖြစ်၏။

(၃) သိမှု ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် မနာယတနဖြစ်၏။

(၅) မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် 'ကမ္မဘဝ' သည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

မှတ်ချက်။ ။ ဤဝါရကို သင္ဘာယတနနေရာ၌ ဆင္ဘာယတနဟု ဆိုသောကြောင့် ပရိပုဏ္ဏဒွါဒသင်္ဂီကဝါရဟုအဋ္ဌကထာ (၁၉၀)၌ ဆိုသည်။

---

(၄) လုံးဝပြည့်စုံအင်္ဂါ–၁၂–ပါးရှိသောဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့် ပြုစီရင်မှု သင်္ခါရဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု ဝိညာဏ်ဖြစ်၏။

(၃) သိမှု ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး ဖြစ်၏။

(၅) မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ပစ္စယသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်းပြီး၏။

---

၂ –ဟေတုသဒ္ဒါနှင့် ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသောဝါရ

၂၄၄။ (၁) မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု (သင်္ခါရ)ဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက်မနာယတနဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'ဟူသောဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် 'ကမ္မဘဝ' ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အဂ်ါ၁၁–ပါးရှိသော ဝါရ

(၁) မသိမှု အဝိဇ္ဇာကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု အဝိဇ္ဇာဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု သင်္ခါရဟူသော ဟိတ် ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'ဟူသောဟိတ် ရှိ၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် 'ကမ္မဘဝ' ဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါ–၁၂–ပါးရှိသော ဝါရ

(၁) 'မသိမှု'အဝိဇ္ဇာကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု သင်္ခါရဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် နာမ်ရုပ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက်မနာယတနဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု ဝေဒနာကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'ဟူသောဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့် အင်္ဂါ-၁၂-ပါးရှိသော ဝါရ

(၁) မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော အာယတနခြောက်ပါးသည် နာမ်ရုပ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက်မနာယတနဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု ဝေဒနာကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'ဟူသောဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ဟေတုသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်း ပြီး၏။

၃–သမ္မယုတ္တသဒ္ဒါနှင့်ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အဂ်ါ–၁၂–ပါးရှိသောဝါရ

၂၄၅။ (၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက်မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အင်္ဂါ–၁၁–ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်နှင့် ယှဉ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အင်္ဂါ–၁၂–ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် (မနာယတန) သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် (မနာယတန) ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် (မနာယတန) နှင့်ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း ဇာတိသည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့်အင်္ဂါ–၁၂–ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် 'မနာယတန'နှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝ ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

သမ္မယုတ္တသဒ္ဒါဖြင့်ဟောသော ဝါရလေးမျိုးအကျဉ်း ပြီး၏။

၄–အညမည (အချင်းချင်းအပြန်အလှန်ကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုးအကျဉ်း

(၁) မပြည့်မစုံ အဂ်ါ–၁၂–ပါးရှိသောဝါရ

၂၄ဖ။ (၁) မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏၊ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းမသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အဂ်ါ–၁၁–ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းမသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ'ကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ'ကြောင့်လည်းခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၉) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ' သည် ဖြစ်၏။

(၁၀) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါ–၁၂–ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းမသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှ 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏၊ နာမ်ရုပ်ကြောင့်လည်း သိမှ 'ဝိညာဏ်' သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်

လည်း ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏၊ တပ်မက်မှု 'တဏှာ' ကြောင့်လည်း ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်း တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့်အဂ်ါ-၁၂-ပါးရှိသောဝါရ

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းမသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ကြောင့် နာမ်ရုပ်သည် ဖြစ်၏၊ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် 'အာယတန'ခြောက်ပါး သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည်ဖြစ်၏၊ တပ်မက်မှု 'တဏှာ'ကြောင့်လည်းခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်းတပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ပဋိသန္ဓေနေခြင်း'ဇာတိ' သည် ဖြစ်၏။

(၁၁) ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အညမည (အချင်းချင်းအပြန်အလှန်ကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုးအကျဉ်းပြီး၏။

အဝိဇ္ဇာကို အဦးထားသော (အဝိဇ္ဇာမူလကနယ) အကျဉ်းပြီး၏။

၂–သင်္ခါရကို အဦးထားသော 'သင်္ခါရမူလကနယ' အကျဉ်း

၂၄၇။ (၁) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

၃–ဝိညာဏ်ကို အဦးထားသော 'ဝိညာဏမူလကနယ' အကျဉ်း

(၁) သိမှု 'ဝိညာဏ်'ကြောင့် မသိမှု (အဝိဇ္ဇာ) သည် ဖြစ်၏။ပ။

၄–နာမ်ကို အဦးထားသော 'နာမမူလကနယ' အကျဉ်း

(၁) နာမ်ကြောင့် မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။ပ။

၅–ဆဋ္ဌာယတနကို အဦးထားသော 'ဆဋ္ဌာယတနမူလကနယ' အကျဉ်း

(၁) ခြောက်ခုမြောက် မနာယတနကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

၆–ဖဿကို အဦးထားသော 'ဖဿမူလကနယ' အကျဉ်း

(၁) တွေ့ထိမှု ဖဿကြောင့် မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။ပ။

၇–ဝေဒနာကို အဦးထားသော 'ဝေဒနာမူလကနယ' အကျဉ်း

(၁) ခံစားမှု 'ဝေဒနာ' ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

၈–တဏှာကို အဦးထားသော 'တဏှာမူလကနယ' အကျဉ်း

(၁) တပ်မက်မှု 'တဏှာ'ကြောင့် မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။ပ။

၉–ဥပါဒါန်ကို အဦးထားသော 'ဥပါဒါနမူလကနယ' အကျဉ်း

(၁)။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။ပ။

မှတ်ချက်။ ။ သခ်ၢရမူလကနယမာတိကာစသော ၈–ခုတို့၌ ပေယျာလ၏ အဓိပ္ပါယ်မှာ–ဆိုခဲ့ပြီးသောအဝိဇ္ဇာ မူလကနယမာတိကာကဲ့သို့ နယတစ်ခုစီ၌ ပစ္စယစတုက္ကာ, ဟေတုစတုက္ကာ, သမ္မယုတ္တစတုက္ကာ, အညမညစတုက္ကာဟု လေးခုစီရှိသည်၊ ယင်းစတုက္ကတစ်ခုစီ၌လည်း မပြည့်မစုံအင်္ဂါ ၁၁–ပါး ရှိသော ဝါရစသည်ဖြင့် လေးဝါရ စီရှိပါသည်။ ထို့ကြောင့် ယင်းပေယျာလကို ဖော်ထုတ်ရလျှင် (၈ ၂ ၄ = ၃၂ ၂ ၄ =၁၂၈) ဝါရပေါင်း၁၂၈–ဝါရကုန်စင်အောင် ဟောရပါမည်။ ပေါင်း (၉၂ ၄ = ၃ဖ၂ ၄ =၁၄၄) နည်း၊ ၉–မျိုး၊ စတုက္ကာ–၃ဖ၊ ဝါရ–၁၄၄ ဖြစ်သည်။

အကုသိုလ်စိတ္တာကွဏတစ်ခု၌ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ၁၂–ပါးဖြစ်ပုံ အကျဉ်း

(၁) မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သခ်ၢရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ၢရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှ 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ကမ္မဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် နာမ်တရားဖြစ်ပေါ်မှု 'ဇာတိ' သည် ဖြစ်၏။

(၁၁) နာမ်တရားဖြစ်ပေါ်မှု 'ဇာတိ' ကြောင့်

(၁၂) အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အကျဉ်းပြီး၏။

၁–အဝိဇ္ဇာကိုအဦးထားသော (အဝိဇ္ဇာမူလကနယ) အကျယ်

၅–ပစ္စယသဒ္ဒါဖြင့်ဟောသော (ဝါရလေးမျိုး) အကျယ်

၂–အကုသိုလ်တရားတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်

လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၂၄၈။ (၁) မပြည့်မစုံ အဂ်ါ၁၂–ပါးရှိသော ဝါရ

အဘယ်တို့သည် အကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော (မိစ္ဆာ) ဒိဋ္ဌိနှင့် ယှဉ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့တွင် (အမှတ်မရှိ) တစ်ပါးပါးသော အာရုံကို အာရုံပြုသောအကုသိုလ်စိတ်သည် ဖြစ်၏။ ထိုအခါ–

(၁) မသိမှု မောဟဟူသော 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု (အကုသိုလ်စေတနာ) သည် ဖြစ်၏။

(၂) ပြုစီရင်မှု (အကုသိုလ်စေတနာ) ကြောင့် သိမှု (လောဘမူပဋမစိတ်ဝိညာဏ်) သည် ဖြစ်၏။

(၃) သိမှု (လောဘမူပဋမစိတ်ဝိညာဏ်) ကြောင့် နာမ် (စေတသိက်ခန္ဓာသုံးပါး) သည် ဖြစ်၏။

(၄) နာမ် (စေတသိက်ခန္ဓာသုံးပါး) ကြောင့် ခြောက်ခုမြောက် (လောဘမူ) မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် (လောဘမူ) မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု (သောမနဿဝေဒနာ) သည် ဖြစ်၏။

(၇) ခံစားမှု 'သောမနဿဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဒိဋ္ဌဥပါဒါန်'သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဒိဋ္ဌဥပါဒါန်' ကြောင့် နာမ်ခန္ဓာလေးပါးဘဝသည် ဖြစ်၏။

(၁၀) နာမ်ခန္ဓာလေးပါးဘဝကြောင့် နာမ်တရားတို့၏ အသစ်ဖြစ်ပေါ်မှု 'ဇာတိ'သည် ဖြစ်၏။

(၁၁) နာမ်တရားတို့ အသစ်ဖြစ်ပေါ်မှု 'ဇာတိ'ကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏၊ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲမှု အစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

မပြည့်မစုံ အင်္ဂါ–၁၂–ပါးရှိသောဝါရအကျယ်

၂၄၉။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု မောဟဟူသော 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။

ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သောပြုစီရင်မှု (သင်္ခါရ) မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သင္ခေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သောပြုစီရင်မှု (သင်္ခါရ) ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သောသိမှု (ဝိညာဏ်) မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ စိတ်နှလုံး 'ဟဒယ'၊ ဖြူစင်ခြင်း 'ပဏ္ဍရ'၊ အသိသဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ ဤသဘော ကိုသိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

(၅) မနာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ စိတ်နှလုံး 'ဟဒယ'၊ ဖြူစင်ခြင်း 'ပဏ္ဍရ'၊ အသိသဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု (ဖဿ) ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု 'စေတသိကသာတ'၊ စိတ်၌ ဖြစ်သောချမ်းသာမှု 'စေတသိကသုခ'၊ စိတ်၌ တွေ့ထိမှု ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု 'စေတော သမ္ဖဿဇ သာတသုခ ဝေဒယိတ'၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု သဘော 'စေတောသမ္ဖဿဇာ သာတသုခဝေဒနာ' သည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၈) တဏှာ။ ။ ထိုအင်္ဂါ–၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု (ဝေဒနာ) ကြောင့်ဖြစ်သောတပ်မက်မှု (တဏှာ) မည်သနည်း။

အကြင် တပ်မက်ခြင်းသဘော (ရာဂ)၊ ပြင်းစွာတပ်မက်ခြင်းသဘော (သာရာဂ)၊ အဖန်ဖန်ဆွဲဆောင်ခြင်း သဘော (အနုနယ)၊ မဆန့်ကျင်ခြင်းသဘော (အနုရောဓ)၊ နှစ်သက်ခြင်းသဘော (နန္ဒီ)၊ နှစ်သက်တပ်မက်ခြင်းသဘော (နန္ဒိရာဂ)၊ စိတ်၏ ပြင်းစွာတပ်မက်ခြင်းသဘော (စိတ္တသာရာဂ) သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု (ဥပါဒါန်) မည်သနည်း။

အကြင်အမြင်မှားမှု (ဒိဋ္ဌိ)၊ အမြင်မှားမှု တို့၌ ပါဝင်ခြင်းသဘော (ဒိဋ္ဌိဂတ)၊ အမြင်မှားမှုဟူသောတောအုပ် (ဒိဋ္ဌိဂဟန)၊ အမြင်မှားမှုဟူသောခရီးခဲ (ဒိဋ္ဌိကန္တာရ)၊ အမြင်မှန်ကို ထွင်းဖောက်ဖျက်ဆီးခြင်း သဘော (ဒိဋ္ဌိဝိသူကာယိက)၊ အမြင်မှားမှုဟူသော ဖေါက်ပြန်တုန်လှုပ်ခြင်းသဘော (ဒိဋ္ဌိဝိပ္ဖန္ဒိတ)။ပ။

ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော (ဝိပရိယာသဂ္ဂါဟ) သည် ရှိ၏။ ဤသဘောကိုတပ်မက်မှု (တဏှာ) ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအဂ်ါ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

စွဲလမ်းမှု 'ဥပါဒါန်' ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည် ရှိ၏။ ဤသဘောတရားတို့ကို စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။

(၁၁) ဇာတိ။ ။ ထိုအဂ်ါ၁၂-ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

ထိုထိုတရားတို့၏ အကြင်ဖြစ်ခြင်း 'ဇာတိ'၊ ကောင်းစွာဖြစ်ခြင်း 'သဉ္ဇာတိ'၊ ဖြစ်ပေါ်ခြင်း 'နိဗ္ဗတ္တိ'၊ အသစ်ဖြစ်ပေါ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကို ဘဝကြောင့်ဖြစ်သော ဇာတိဟု ဆိုအပ်၏။

(၁၂) ဇရာ မရဏ။ ။ ထိုအဂ်ါ၁၂-ပါးတို့တွင် အဘယ်သည် ဇာတိကြောင့်ဖြစ်သော အိုခြင်း 'ဇရာ'သေခြင်း 'မရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏၊ သေခြင်း 'မရဏ' သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

ထိုထိုတရားတို့၏ အကြင်အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ' ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုတရားတို့၏ အကြင်ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ကွဲပြိုခြင်း 'ဘေဒ'၊ ထက်ဝန်းကျင်ကွဲပြိုခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ကွယ်ပျောက်ခြင်း 'အန္တရဓာန'သည် ရှိ၏။ ဤသဘောကိုသေခြင်း (မရဏ) ဟု ဆိုအပ်၏။

ဤသို့ အိုခြင်း 'ဇရာ'သည်လည်းကောင်း သေခြင်း 'မရဏ'သည်လည်းကောင်း ရှိ၏။ ဤသဘောကိုဇာတိကြောင့်ဖြစ်သော အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ'ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့်ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟူသော ဤစကားခ်ီ ချမ်းသာနှင့် မရောသော ဆင်းရဲအစု၏ ပေါင်းဆုံခြင်းသည် ဖြစ်၏၊ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဖြစ်၏။

---

(၂)။ မပြည့်မစုံ အဂ်ါ-၁၁-ပါးရှိသောဝါရ

၂၅၀။ (၁) ထိုအခါ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု သင်္ခါရကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမ္ဘ 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အင်္ဂါ–၁၁–ပါးရှိသောဝါရအကျယ်

၂၅၁။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ– ၁၁–ပါးတို့တွင် အဘယ်သည် မသိမှု မောဟဟူသော (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သင္ဘေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။

ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏ ဟုဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါ ရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ။ ။ ထိုအင်္ဂါ၁၁-ပါးတို့တွင် အဘယ်သည် နာမ်ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော တွေ့ထိမှု (ဖဿ) ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ပြီးသော နည်းဖြင့်ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၃) အပြည့်အစုံ အင်္ဂါ၁၂-ပါးရှိသော ဝါရ

၂၅၂။ (၁) ထိုအခါ မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု (ဖဿ) သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်-

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။

ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါဝ၂–ပါးရှိသော ဝါရအကျယ်

၂၅၃။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့် တူသော မသိမှု သဘော 'အဝိဇ္ဇာလဂ်'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု (အဝိဇ္ဇာ) ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအဂ်ါဝ၂–ပါးတိုတွင် အဘယ်သည် ပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု (သင်္ခါရ) ကြောင့်ဖြစ်သော သိမှု (ဝိညာဏ်) ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထိုနာမ်ရုပ် ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတနဏ၏ကြီးပွါးမှု ၊ သောတာယတနဏ၏ကြီးပွါးမှု ၊ ဃာနာယတနဏ၏ကြီးပွါးမှု ၊ ဇိဝှါယတနဏ၏ကြီးပွါးမှု ၊ ကာယာယတနဏ၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသောစိတ်ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ် စိတ္တဇရုပ် ၂–မျိုးကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်တို့ကို သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်ကုန်၏။ နာမ် ရုပ်အကြောင်းကြောင့်ဖြစ်သော ခြောက်ခုမြောက်မနာယတနသည် ဖြစ်၏ဟု ဆိုရာ၌–

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏၊ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

အကြင်ဟဒယဝတ္ထုရုပ်ကို မှီ၍ မနောဝိညာဏဓာတ်သည် ဖြစ်၏၊ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်တို့ကို နာမ်ရုပ်ဟု ဆိုအပ်ကုန်၏။

(၅) မနာယတန။ ။ ထိုအဂ်ါ–၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်ကုန်၏။

(၆) ဖဿ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်း အရာ 'သမ္မုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္မုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့်အဂ်ါ၁၂–ပါးရှိသော ဝါရ

၂၅၄။ (၁) ထိုအခါ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု (ဝိညာဏ်) သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ 'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့်အင်္ဂါ၁၂–ပါးရှိသော ဝါရအကျယ်

၂၅၅။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ–၁၂–ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သङ္ခေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သङ္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတနဓာတ် ကြီးပွါးမှု ၊ သောတာယတနဓာတ်ကြီးပွါးမှု ၊ ঘာနာယတနဓာတ်ကြီးပွါးမှု ၊ ဇိဝှါယတနဓာတ်ကြီးပွါးမှု ၊ ကာယာယတနဓာတ်ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသောစိတ်ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်ကုန်၏။ ဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု (ဝိညာဏ်) ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်၏ဟု ဆိုရာ၌–

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မနောဝိညာဏာဓာတ်၏မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည်လည်းကောင်း ရှိ၏၊ ဤမဟာဘုတ်နှင့် ဟဒယဝတ္ထုကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသောနာမ်နှင့် ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) သဠာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ် ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာ ယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ঘာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါ ယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ကြံသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်, ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်း အရာ 'သမ္မုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္မုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ပစ္စယသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုး အကျယ်ပြီး၏။

၆–ဟေတုသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ်

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသောဝါရ

၂၅၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' သည် မသိမှု 'အဝိဇ္ဇာ'ဟူသောဟိတ်ရှိ၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'ဟူသောဟိတ်ရှိ၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိ၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' သည် နာမ်ဟူသော ဟိတ်ရှိ၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'သည် ခြောက်ခုမြောက် 'မနာယတန'ဟူသော ဟိတ်ရှိ၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိ၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိ၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'ဟူသောဟိတ်ရှိ၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ကမ္မဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရအကျယ်

၂၅၇။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိမှု သဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်သော အခြင်းအရာ 'သङ္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သङ္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ဟု ဆိုအပ်၏။

(၅) မနာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော နာမ်ဟူသောဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်းအရာ 'သမ္မုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္မုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု ဖဿ ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောတွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်၌ တွေ့ထိမှု ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားမှု သဘောသည် ရှိ၏၊ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၈) တဏှာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်း 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်း 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်ခြင်း 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟူသောဟိတ်ရှိသော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောတပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်သောသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူဟူသောတည်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၂) မပြည့်မစုံ အဂ်ါဝ–ပါးရှိသော ဝါရ

၂၅၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့်ဖြစ်သော၊ နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသောဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အဂ်ါဝ–ပါးရှိသော ဝါရအကျယ်

၂၅၉။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု (မောဟ) သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သဒ္ဓေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဒ္ဓေတယိတက္ကာ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့် ဖြစ်သော မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့်ဖြစ်သော၊ နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏ဟုဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္မုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္မုသိတတ္တာ' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော နာမ်ဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၆၀။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသောဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သခ်ါရ'ဟူသောဟိတ်ရှိသော သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ်သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသောဟိတ်ရှိသော ခြောက်ခုမြောက် မနာယတနသည်ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါ–၁၂–ပါးရှိသော ဝါရအကျယ်

၂၆၁။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သခ်ါရ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သင်္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကိုမသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သခ်ါရ'ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ကြောင့်ဖြစ်သောစိတ်ဟူသော ဟိတ်ရှိသော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသောဟိတ်ရှိသော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏ ဟုဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

အကြင် ဟဒယဝတ္ထုရုပ်ကိုမှီ၍ မနောဝိညာဏဓာတ်သည် ဖြစ်၏။ ဤဟဒယဝတ္ထုကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ဝတ္ထုရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) မနာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုနာမ်ရုပ်ကြောင့် ဖြစ်သော နာမ်ရုပ်ဟူသော ဟိတ်ရှိသော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္မုဿနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္မုဿိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန'ဟူသောဟိတ်ရှိသော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၄) လုံးဝပြည့်စုံသည့်အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၆၂။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသောဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ်သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု (တဏှာ) ကြောင့်ဖြစ်သော၊ တပ်မက်မှု (တဏှာ)ဟူသောဟိတ်ရှိသော စွဲလမ်းမှု (ဥပါဒါန်) သည် ဖြစ်၏။

(၉) စွဲလမ်းမှု (ဥပါဒါန်) ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝပြည့်စုံသည့်အဂ်ါဝ၂-ပါးရှိသော ဝါရအကျယ်

၂၆၃။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလဂ်'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု (သင်္ခါရ) မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတက္ကာ' သည် ရှိ၏။ ဤသဘောကိုမသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ဟိတ်ရှိသော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ'ဟူသော ဟိတ်ရှိသော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတနဓာတ်ကြီးပွါးမှု ၊ သောတာယတနဓာတ်ကြီးပွါးမှု ၊ ঘာနာယတနဓာတ်ကြီးပွါးမှု ၊ ဇိဝှါယတနဓာတ်ကြီးပွါးမှု ၊ ကာယာယတနဓာတ်ကြီးပွါးမှုသည် ရှိ၏။ ကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသောစိတ်ကြောင့်ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်ကုန်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'ဟူသော ဟိတ်ရှိသော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါးသည် ဖြစ်၏ဟု ဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။

ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မနောဝိညာဏာဓာတ်၏မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည်လည်းကောင်း ရှိ၏။ ဤမဟာဘုတ်နှင့် ဟဒယဝတ္ထုရုပ်ကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) သင်္ဘာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတနခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာ ယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ঘာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါ ယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ ကြံသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်ရုပ်ဟူသော ဟိတ်ရှိသော အာယတန ခြောက်ပါးဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်းအရာ 'သမ္မုသနာ' ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္မုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနဟူသော ဟိတ်ရှိသောတွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့အကြောင့်ဖြစ်သော သာယာဖွယ် ကောင်း သောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော၊ တွေ့ထိမှု 'ဖဿ'ဟူသော ဟိတ်ရှိသော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၈) တဏှာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ်ရှိသော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်းသဘော 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်းသဘော 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'ဟူသော ဟိတ် ရှိသော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူဟူသော တည်ရာ 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကိုတပ်မက်မှု 'တဏှာ'ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ'ဟူသော ဟိတ်ရှိသော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

ဟေတုသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ် ပြီး၏

၇–သမ္မယုတ္တသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ်

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၆၄။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည်၊ မသိမှု 'အဝိဇ္ဇာ'နှင့်ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'နှင့်ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမှု ဝိညာဏ် နှင့်ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတနသည် နာမ်နှင့်ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု ဖဿသည် ခြောက်ခုမြောက်မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့်ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ'နှင့်ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ' နှင့်ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိ ကြောင့်–

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရအကျယ်

၂ဖြ၅။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သङ္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သङ္ခေတယိတက္ကာ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့် ယှဉ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။

ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့် ယှဉ်သော နာမ်ဟု ဆိုအပ်၏။

(၅) မနာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့် ယှဉ်သော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်သော တွေ့ထိမှု ဖဿ မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသော အခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယန' နှင့် ယှဉ်သောတွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ–၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု (ဖဿ) ကြောင့်ဖြစ်သော၊ တွေ့ထိမှု (ဖဿ) နှင့် ယှဉ်သော ခံစားမှု (ဝေဒနာ) မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သောချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော၊ တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၈) တဏှာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော၊ ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်သော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင်တပ်မက်ခြင်း 'ရာဂ'၊ ပြင်းစွာတပ်မက်ခြင်း 'သာရာဂ'။ပ။ စိတ်၏ပြင်းစွာ တပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော၊ ခံစားမှု 'ဝေဒနာ'နှင့်ယှဉ်သော တပ်မက်မှု 'တဏှာ'ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' နှင့် ယှဉ်သော စွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု တို့၌ ပါဝင်ခြင်းသဘော 'ဒိဋ္ဌိဂတ'။ပ။ မိစ္ဆာအယူတည်းဟူသောရေဆိပ် 'တိတ္ထာယတန'၊ ဖောက်ပြန်သောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော၊ တပ်မက်မှု 'တဏှာ' နှင့် ယှဉ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၂) မပြည့်မစုံ အင်္ဂါ၁၁–ပါးရှိသော ဝါရ

၂ဖဖ။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ'နှင့် ယှဉ်၏။

(၃) သိမ္ဘ 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်သည် သိမ္ဘ 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် နာမ်နှင့် ယှဉ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၆) ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်'သည် တပ်မက်မှု 'တဏှာ'နှင့်ယှဉ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိ ကြောင့်–

(၁၁) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အင်္ဂါ–၁၁–ပါးရှိသောဝါရအကျယ်

၂၆၇။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် မသိမှုဟူသော 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ', မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု သဘော 'သင္ဘေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သင္ဘေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင်အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့်ယှဉ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်'နှင့် ယှဉ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော၊ သိမှု 'ဝိညာဏ်' နှင့်ယှဉ်သော နာမ်ဟု ဆိုအပ်၏။

နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော တွေ့ထိမှု (ဖဿ) သည် ဖြစ်၏ဟု ဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုနာမ်ကြောင့် ဖြစ်သော၊ နာမ်နှင့်ယှဉ်သော တွေ့ထိမှု (ဖဿ) ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၃) အပြည့်အစုံ အဂ်ါ၁၂–ပါးရှိသော ဝါရ

၂၆၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်, ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန သည် နာမ်နှင့် ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု ဖဿသည် ခြောက်ခုမြောက် မနာယတနနှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' သည် တပ်မက်မှု 'တဏှာ'နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိ ကြောင့်–

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါ၁၂–ပါးရှိသော ဝါရအကျယ်

၂ဖြ၉။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်သောအခြင်းအရာ 'သင္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့်ယှဉ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင်နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏ဟူသော စကားဌ် အဘယ်သည် နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ঘာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်လျှင် အကြောင်းရှိသော စိတ်ကြောင့်ဖြစ်သော အကြင် စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့် ကမ္မဇရုပ် စိတ္တဇရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည်သိမှု 'ဝိညာဏ်' နှင့်ယှဉ်၏ဟူသော စကားခ္ခ နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏ဟုဆိုရာ၌ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤစေတသိက်ခန္ဓာသုံးပါးနှင့် ဟဒယဝတ္ထုရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) မနာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုနာမ်ရုပ်ကြောင့်ဖြစ်သော၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် မနာယတန ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတန နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင် တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသော အခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် မနာယတနနှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏ဟု ဆိုအပ်၏။

---

(၄) လုံးဝအပြည့်အစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၇၀။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ'သည် မသိမှု 'အဝိဇ္ဇာ'နှင့် ယှဉ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' သည် ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည် သိမှု ဝိညာဏ်နှင့် ယှဉ်၏။

(၄) နာမ်ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးတွင် ခြောက်ခုမြောက် မနာယတန သည် နာမ်နှင့်ယှဉ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' သည် ခြောက်ခုမြောက် 'မနာယတန' နှင့် ယှဉ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' သည် တွေ့ထိမှု 'ဖဿ' နှင့် ယှဉ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' သည် ခံစားမှု 'ဝေဒနာ' နှင့် ယှဉ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု 'ဥပါဒါန်' သည်တပ်မက်မှု 'တဏှာ' နှင့် ယှဉ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝအပြည့်အစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရအကျယ်

၂၇၁။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ' နှင့်ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဒ္ဓေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏ အဖြစ် 'သဒ္ဓေတယိတတ္တာ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော၊ မသိမှု 'အဝိဇ္ဇာ'နှင့် ယှဉ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော၊ ပြုစီရင်မှု 'သင်္ခါရ' နှင့် ယှဉ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု (သင်္ခါရ) ကြောင့် ဖြစ်သော၊ ပြုစီရင်မှု (သင်္ခါရ) နှင့်ယှဉ်သော သိမှု (ဝိညာဏ်) ဟု ဆိုအပ်၏။

(၄) နာမ်ရုပ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော၊ နာမ်ရုပ်တွင် နာမ်သည် သိမှု 'ဝိညာဏ်' နှင့် ယှဉ်၏ဟူသော စကားခ္ခံ အဘယ်သည် နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ဃာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်လျှင်အကြောင်းရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်တွင် နာမ်သည်သိမှု 'ဝိညာဏ်'နှင့် ယှဉ်၏ဟူသော စကားခ္ခံ နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးတွင် ခြောက်ခုမြောက် မနာယတနသည် နာမ်နှင့် ယှဉ်၏ဟူသော စကားခ္ခံ နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။

ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မနောဝိညာဏာဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည်လည်းကောင်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော နာမ်နှင့် ရုပ်ကို 'နာမ်ရုပ်' ဟု ဆိုအပ်၏။

(၅) သဠာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် နာမ် ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးတွင် ခြောက်ခုမြောက် 'မနာယတန' သည် နာမ်နှင့်ယှဉ်၏ဟူသော စကားခ္ခံ အဘယ်သည်အာယတန ခြောက်ပါး မည်သနည်း။

မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည် 'စက္ခာယတန'၊ ကြားသိစိတ်ဖြစ်ရာ နားအကြည် 'သောတာယတန'၊ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည် 'ঘာနာယတန'၊ လျက်သိစိတ်ဖြစ်ရာ လျှာအကြည် 'ဇိဝှါယတန'၊ ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည် 'ကာယာယတန'၊ တွေးသိစိတ်ဖြစ်ရာ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော 'အာယတန' ခြောက်ပါးတွင် ခြောက်ခုမြောက် 'မနာယတန'သည် နာမ်နှင့် ယှဉ်၏ဟူသော စကားခ်ီ 'အာယတန' ခြောက်ပါးဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန'နှင့် ယှဉ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသော အခြင်းအရာ 'သံမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သံမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော၊ ခြောက်ခုမြောက် 'မနာယတန' နှင့်ယှဉ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ပ။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

သမ္မယုတ္တသဒ္ဒါဖြင့် ဟောသော ဝါရလေးမျိုးအကျယ်ပြီး၏

၈–အညမည (အချင်းချင်းကြောင်းကျိုးဖြစ်ပုံ) ဟောသော ဝါရလေးမျိုးအကျယ်

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၇၂။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည်ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် မနာယတနကြောင့်လည်း နာမ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်းခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်'သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်'ကြောင့်လည်းတပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း, သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၁) မပြည့်မစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရအကျယ်

၂၇၃။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု သဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု သဘော 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။ အကြင်မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဇ္ဇေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏ အဖြစ် 'သဇ္ဇေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။

ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၅) ဆဋ္ဌာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့် ဖြစ်သော တွေ့ထိမှု ဖဿ မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၈) တဏှာ။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောတပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ'ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ'ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' မည့်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'တဏှာ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၉) ဥပါဒါန်။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သောစွဲလမ်းမှု 'ဥပါဒါန်' မည်သနည်း။

အကြင် အမြင်မှားမှု 'ဒိဋ္ဌိ'၊ အမြင်မှားမှု၌ ပါဝင်သောသဘော 'ဒိဋ္ဌိဂတ'။ပ။ အကျိုးမဲ့တို့၏ တည်ရာဖြစ်သည့် မှားသောအယူ 'တိတ္ထာယတန'၊ ဖေါက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသဘော 'ဝိပရိယာသဂ္ဂါဟ' သည် ဖြစ်၏။ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော စွဲလမ်းမှု 'ဥပါဒါန်' ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'။ပ။ စိတ်၏ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကိုစွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော တပ်မက်မှု 'တဏှာ' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် စွဲလမ်းမှု 'ဥပါဒါန်'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

စွဲလမ်းမှု 'ဥပါဒါန်'ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။

(၁၁) ဇာတိ။ ။ ထိုအဂ်ါ၁၂-ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

ထိုထိုနာမ်တရားတို့၏ အကြင် (ဥပါဒ်အားဖြင့်) ဖြစ်ခြင်း 'ဇာတိ'၊ ကောင်းစွာဖြစ်ခြင်း 'သဉ္ဇာတိ'၊ ဖြစ်ပေါ်လာခြင်း 'နိဗ္ဗတ္တိ'၊ အသစ်ဖြစ်ပေါ်လာခြင်း 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ခြင်း 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကို ဘဝကြောင့်ဖြစ်သော ဇာတိ ဟု ဆိုအပ်၏။

(၁၂) ဇရာမရဏ။ ။ အဘယ်သည် ဇာတိကြောင့်ဖြစ်သော အိုခြင်း သေခြင်း 'ဇရာမရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏။ သေခြင်း 'မရဏ' သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

ထိုထို နာမ်တရားတို့၏ အကြင် အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်၏ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ'ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုနာမ်တရားတို့၏ အကြင်ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ပြိုကွဲခြင်း 'ဘေဒ'၊ ဖရိုဖရဲ ပြိုကွဲခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ပျောက်ကွယ်ခြင်း 'အန္တရဓာန' သည် ရှိ၏။ ဤသဘောကို သေခြင်း 'မရဏ' ဟု ဆိုအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ကို ဇာတိကြောင့် ဖြစ်သောအိုခြင်း, သေခြင်း 'ဇရာမရဏ' ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏ဟု ဆိုရာ၌။ပ။ ပေါင်းဆုံခြင်းသည် ဖြစ်၏။ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏။ ပေါင်းရုံးခြင်း သည် ဖြစ်၏။ ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် ဤဆိုခဲ့ပြီးသောနည်းဖြင့်ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

---

(၂) မပြည့်မစုံ အဂ်ါ၁၁-ပါးရှိသော ဝါရ

၂၇၄။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ'ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ'သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်'ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ကြောင့် နာမ်သည်ဖြစ်၏။ နာမ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်းခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်းတပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၂) မပြည့်မစုံ အဂ်ါဝ–ပါးရှိသော ဝါရအကျယ်

၂၇၅။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်နှင့်) တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏၊ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း 'သင္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သောပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏၊ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော

သိမှ 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်လည်း ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်'ကြောင့် ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။

(၄) နာမ်။ ။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏ဟု ဆိုရာ၌ အဘယ်သည် နာမ် မည်သနည်း။

တွေ့ထိမှု 'ဖဿ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

(၅) ဖဿ။ ။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် နာမ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသော အခြင်း အရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုနာမ်ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏ဟု ဆိုအပ်၏။

[မှတ်ချက်– ဥဒ္ဒေသ၌ ပါခဲ့သော အဂ်ါတို့၏ အကျယ်ကို အပြည့်အစုံမပြဘဲ ပေယျာလ၌ သွင်းလိုက်သည်။ ပါဠိတော် နာ (၁၆၇) ကြည့်လေ]

---

(၃) အပြည့်အစုံ အဂ်ါ၁၂–ပါးရှိသော ဝါရ

၂၇၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု (အဝိဇ္ဇာ) သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်' ကြောင့်လည်းပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။ နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည်ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် မနာယတနသည် ဖြစ်၏၊ ခြောက်ခုမြောက် မနာယတနကြောင့်လည်း နာမ်ရုပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန'သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ' ကြောင့်လည်းခံစားမှု (ဝေဒနာ) သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ'ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်းတပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၃) အပြည့်အစုံ အဂ်ါ၁၂–ပါးရှိသော ဝါရအကျယ်

၂၇၇။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ–၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလဂ္ဂိ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤ သဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

(၂) **သင်္ခါရ။** ။ ထိုအင်္ဂါဝ၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သောပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအင်္ဂါဝ၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလဂ္ဂိ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၃) **ဝိညာဏ်။** ။ ထိုအင်္ဂါဝ၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

ထိုအင်္ဂါဝ၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်လည်းဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၄) **နာမ်ရုပ်။** ။ ထိုအင်္ဂါဝ၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတနဓာတ်ကြီးပွါးမှု ၊ သောတာယတနဓာတ်ကြီးပွါးမှု ၊ ঘာနာယတနဓာတ်ကြီးပွါးမှု ၊ ဇိဝှာယတနဓာတ်ကြီးပွါးမှု ၊ ကာယာယတနဓာတ်ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့် ကမ္မဇရုပ်စိတ္တဇရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ် ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်' ဖြစ်၏ဟု ဆိုရာ၌–

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏၊ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်တို့ကို နာမ်ရုပ်ဟု ဆိုအပ်၏။

ထိုအင်္ဂါ–၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်လည်းဖြစ်သော သိမှု (ဝိညာဏ်) မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ရုပ်နာမ်ကြောင့်လည်း ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏ဟု ဆိုရာ၌–

နာမ်သည် ရှိ၏၊ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

(၅) ဆဋ္ဌာယတန။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကိုနာမ်ရုပ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် 'မနာယတန'ဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်လည်း ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂–ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် ရူပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ঘာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရူပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရူပ်သည်လည်း ရှိ၏။ ဤကမ္မဇရူပ်နှင့်စိတ္တဇရူပ်ကို ရူပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရူပ်ကို ခြောက်ခုမြောက် (မနာယတန) ကြောင့်လည်းဖြစ်သော နာမ်ရူပ်ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန'ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်း အရာ 'သမ္ဖုသနာ'၊ ကောင်းစွာ တွေ့ထိတတ်သည်၏အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော တွေ့ထိမှု ဖဿဟု ဆိုအပ်၏။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ဖြစ်သော ခြောက်ခုမြောက်မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

---

(၄) လုံးဝအပြည့်အစုံ အင်္ဂါ၁၂–ပါးရှိသော ဝါရ

၂၇။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်း မသိမှု 'အဝိဇ္ဇာ' နှင့် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။ သိမှု 'ဝိညာဏ်'ကြောင့်လည်းပြုစီရင်မှု (သင်္ခါရ) သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရူပ်သည် ဖြစ်၏။ နာမ်ရူပ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည်ဖြစ်၏။

(၄) နာမ်ရူပ်ကြောင့် 'အာယတန' ခြောက်ပါးသည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန' ကြောင့်လည်း နာမ်ရူပ်သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ'ကြောင့်

လည်း ခြောက်ခုမြောက် (မနာယတန) သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ'သည် ဖြစ်၏။ တပ်မက်မှု 'တဏှာ'ကြောင့်လည်းခံစားမှု (ဝေဒနာ) သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့်လည်းတပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်'ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

---

(၄) လုံးဝအပြည့်အစုံ အဂ်ါ၁၂–ပါးရှိသော ဝါရအကျယ်

၂၇၉။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်နှင့်) တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၂) သင်္ခါရ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့်လည်းဖြစ်သော မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

(၃) ဝိညာဏ်။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဒ္ဓာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်'ဟု ဆိုအပ်၏။

ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်လည်းဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်လည်းဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။

(၄) **နာမ်ရုပ်။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်'ကြောင့်ဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတနမ်ကြီးပွါးမှု ၊ သောတာယတနမ်ကြီးပွါးမှု ၊ ঘာနာယတနမ်ကြီးပွါးမှု ၊ ဇိဝှာယတနမ်ကြီးပွါးမှု ၊ ကာယာယတနမ်ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင်စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့်စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့်လည်း သိမှု 'ဝိညာဏ်'သည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော အကြင်ဟဒယဝတ္ထုရုပ်သည် ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့် ရုပ်ကို နာမ်ရုပ်ဟု ဆိုအပ်၏။

ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် နာမ်ရုပ်ကြောင့်လည်းဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဒ္ဓာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးသည် ဖြစ်၏ဟု ဆိုရာ၌-

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ အကြင်မနောဝိညာဏဓာတ်၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ်သည်လည်းကောင်း ရှိ၏။ ဤသဘောကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကိုနာမ်ရုပ်ဟု ဆိုအပ်၏။

(၅) သဠာယတန။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် နာမ် ရုပ်ကြောင့်ဖြစ်သော အာယတနခြောက်ပါး မည်သနည်း။

မျက်စိအကြည် 'စက္ခာယတန'၊ နားအကြည် 'သောတာယတန'၊ နှာခေါင်းအကြည် 'ঘာနာယတန'၊ လျှာအကြည် 'ဇိဝှါယတန'၊ ကိုယ်အကြည် 'ကာယာယတန'၊ မနောအကြည် 'မနာယတန' သည် ရှိ၏။ ဤသဘောကို နာမ်ရုပ်ကြောင့်ဖြစ်သော အာယတန ခြောက်ပါးဟု ဆိုအပ်၏။

ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်လည်းဖြစ်သော နာမ်ရုပ် မည်သနည်း။

နာမ်သည် ရှိ၏။ ရုပ်သည် ရှိ၏။ ထို ၂-ပါးတို့တွင် အဘယ်သည် နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို နာမ်ဟု ဆိုအပ်၏။

ထို ၂-ပါးတို့တွင် အဘယ်သည် ရုပ် မည်သနည်း။

စက္ခာယတန၏ကြီးပွါးမှု ၊ သောတာယတန၏ကြီးပွါးမှု ၊ ঘာနာယတန၏ကြီးပွါးမှု ၊ ဇိဝှါယတန၏ကြီးပွါးမှု ၊ ကာယာယတန၏ ကြီးပွါးမှုသည် ရှိ၏။ ဤကမ္မဇရုပ်မှ တစ်ပါးသော စိတ်ဟူသော ဟိတ်ရှိသော စိတ်ကြောင့် ဖြစ်သော အကြင် စိတ္တဇရုပ်သည်လည်း ရှိ၏။ ဤကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရုပ်ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော နာမ်နှင့်ရုပ်ကို ခြောက်ခုမြောက်မနာယတနကြောင့်လည်းဖြစ်သော နာမ်ရုပ်ဟု ဆိုအပ်၏။

(၆) ဖဿ။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိခြင်းသဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာ တွေ့ထိသောအခြင်းအရာ 'သံမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု ဖဿ ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက်မနာယတန မည်သနည်း။

အကြင် ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။

ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်လည်းဖြစ်သော ခြောက်ခုမြောက် မနာယတနဟု ဆိုအပ်၏။

(၇) **ဝေဒနာ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာချမ်းသာကို ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာချမ်းသာကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

အညမညစတုက္ကနည်း အညမည (အချင်းချင်းကြောင်း, ကျိုးဖြစ်ပုံ) ဟောသော ဝါရလေးပါးအကျယ် ပြီး၏

၉–အကုသိုလ်စိတ် ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်

လောဘမူ သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌

ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်းအကျယ်

၂၈၀။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ မိစ္ဆာ အယူနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂–ခု၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်းအကျဉ်း

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသောအကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သောရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၂၈၁။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ–၁၂–ပါးတို့တွင် အဘယ်သည် မသိမှု (အဝိဇ္ဇာ) မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

(၂) သခ်ါရ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ'ကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်းသဘော 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်းသဘော 'သङ္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သङ္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့် ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။ပ။

(၉) အဓိမောက္ခ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် တပ်မက်မှု 'တဏှာ' ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်းသည်၊ ဆုံးဖြတ်သောအခြင်းအရာသည်၊ ထိုအာရုံကို ဆုံးဖြတ်သော အဖြစ်သည် ရှိ၏၊ ဤသဘောကို တပ်မက်မှု 'တဏှာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၁၀) ဘ၀။ ။ ထိုအဂ်ါ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဖြစ်သော 'ဘ၀' မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သော ဘ၀ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၂၈၂။ အဘယ်တရားတို့သည် အကုသိုလ် မည်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' သည် ဖြစ်၏။

(၉) စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဘ၀သည် ဖြစ်၏။

(၁၀) ဘ၀ကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာဖြင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ-၁၂-ပါးအကျယ်

၂၈၃။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။

(၇) ဝေဒနာ။ ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု လည်း မဟုတ်၊ မသာယာမှု လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲချမ်းသာ မဟုတ်သော ခံစားသောသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*)

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

(*) [မှတ်ချက်။ ပေယျာလတွင် ပဌမအကုသိုလ်စိတ်၌ စတုက္ကလေးမျိုး, ဝါရလေးမျိုးကို အကျယ်ချဲ့၍ ဟောသကဲ့သို့ ဤ၌လည်း အကျယ်ချဲ့၍ ဟောရမည်။ နောက်၌ လည်း (*) ဤအမှတ်ပါသော ပေယျာလတိုင်း၌ စတုက္ကလေးမျိုး, ဝါရလေးမျိုး စုံအောင် ဟောရမည်။]

♣

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၂၈၄။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော အကုသိုလ်စိတ်သည်ဖြစ်ဆဲ ဖြစ်၏။ပ။

လောဘမူ ဥပေက္ခာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သောရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် တပ်မက်မှု 'တဏှာ' သည် ဖြစ်၏။

(၈) တပ်မက်မှု 'တဏှာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏

အင်္ဂါ၁၂-ပါးအကျယ်

၂၈၅။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

ဒေါသမူစိတ် ၂-ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၂၈၆။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော ထိခိုက်မှု (ဒေါသ) နှင့်ယှဉ်သော ရူပါရုံကိုလည်းအာရုံပြုသော။ပ။ အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော ထိခိုက်မှု ဒေါသနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ထိခိုက်မှု 'ဒေါသ' သည် ဖြစ်၏။

(၈) ထိခိုက်မှု 'ဒေါသ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၂–ပါးအကျယ်

၂၈၇။ **(၁) အဝိဇ္ဇာ။** ။ ထိုအင်္ဂါ–၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ'သည် ရှိ၏။ ဤ သဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၂) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားသောသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၃) ဒေါသ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောထိခိုက်မှု (ဒေါသ) မည်သနည်း။

အကြင်စိတ်၏ ထိခိုက်မှု 'စိတ္တအာဃာတ'။ပ။ ကြမ်းတမ်းသူ၏အဖြစ် 'စဏ္ဍိက္ကာ'၊ ကောင်းမွန်ပြည့်စုံစွာမပြောဆိုနိုင်ခြင်း (မကောင်းသဖြင့်ပြောဆိုခြင်း) 'အသုရောပ'၊ စိတ်၏မနှစ်လိုခြင်း

'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ထိခိုက်မှု (ဒေါသ) ဟု ဆိုအပ်၏။

(၉) အဓိမောက္ခ။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ထိခိုက်မှု (ဒေါသ) ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'စိတ္တအဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်သော အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ထိခိုက်မှု (ဒေါသ) ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအင်္ဂါ၁၂-ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု (အဓိမောက္ခ) ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

မောဟမူစိတ် ၂-ခုတွင် ဝိစိကိစ္ဆာစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၂၈၈။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဝိစိကိစ္ဆာနှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် အာရုံကိုမဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' သည် ဖြစ်၏။

(၈) အာရုံကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်-

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၁–ပါးအကျယ်

၂၈၉။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ–၁၁–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟု ဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာ, မသာယာ မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ် သောခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၈) ဝိစိကိစ္ဆာ။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောအာရုံကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင်ယုံမှားမှု 'ကခ်ါ'၊ ယုံမှားသောအခြင်းအရာ 'ကခ်ါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကခ်ါယိတတ္တ'၊ တွေးတောခြင်း 'ဝိမတိ'၊ မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'၊ နှလုံးနှစ်ခွဖြစ်ခြင်း 'ဒ္ဒေဇ္ဇက'၊ လမ်းနှစ်ခွဖြစ်ခြင်း 'ဒ္ဒိဓာပထ'၊ ထက်ဝန်းကျင်ယုံမှားခြင်း 'သံသယ'၊ တထစ်ချမယူဆနိုင်ခြင်း 'အနေကံသဂ္ဂါဟ'၊ အာရုံမှ ရှေးရှုရွှေ့လျားဆုတ်နစ်ခြင်း 'အာသပ္ပနာ'၊ အာရုံမှ ထက်ဝန်းကျင်ရွှေ့လျားဆုတ်နစ်ခြင်း 'ပရိသပ္ပနာ'၊ ဉာဏ်ဖြင့်သက်ဝင်၍ မယူနိုင်ခြင်း 'အပရိယောဂါဟဏ'၊ စိတ်၏ခက်တရော်ရှိသည်၏ အဖြစ် 'ဆမ္ဘိတတ္တ'၊ စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်ခြင်း 'မနောဝိလေခ'သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ'ဟု ဆိုအပ်၏။

(၉) ဘဝ။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် မဆုံးဖြတ်မှု 'ဝိစိကိစ္ဆာ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

မဆုံးဖြတ်မှု 'ဝိစိကိစ္ဆာ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၂၉၀။ အဘယ်တရားတို့သည် အကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နှင့်ယှဉ်သော ရူပါရုံကိုလည်းအာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည် ဖြစ်၏။

(၈) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၂၉၁။ **(၁) အဝိဇ္ဇာ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိခြင်းသဘော 'အညာဏ'၊ မမြင်ခြင်းသဘော 'အဒဿန'။ပ။ တံခါးကျင် (မင်းတုပ်) နှင့်တူသော မသိမှု သဘော 'အဝိဇ္ဇာလင်္ဂ'၊ အကုသိုလ်မူလဟုဆိုအပ်သော တွေဝေမှု 'မောဟ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာ, မသာယာမဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ,

ချမ်းသာမဟုတ်သောခံစားခြင်း သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၈) ဥဒ္ဓစ္စ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

အကြင်စိတ်၏ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၊ မငြိမ်းအေးခြင်း 'အဂူပသမ'၊ စိတ်၏ ဖရိုဖရဲဖြစ်ခြင်း 'စေတသောဝိက္ခေပ'၊ စိတ်၏ တုန်လှုပ်ခြင်း'စိတ္တဘန္တတ္တ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ဟု ဆိုအပ်၏။

(၉) အဓိမောက္ခ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ အာရုံကို ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထိုအာရုံကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ'သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝ ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

အကုသိုလ်တရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏

၁၀–ကုသိုလ်တရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

ကာမာဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၂၉၂။ အဘယ်တရားတို့သည် ကုသိုလ်တရား မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော (တိုက်တွန်းခြင်းမရှိသော) ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖေါ်ဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊

ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ် စိတ်သည်ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သခ်ါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် မနာယတနဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ'သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၂၉၃။ **(၁) ကုသလမူလ။** ။ ထိုအဂ်ါ–၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ' ဤသုံးပါးတို့တည်း။

အလောဘ။ ။ ထိုသုံးပါးတို့တွင် အဘယ်သည် မလိုချင်မတပ်မက်မှု 'အလောဘ' မည်သနည်း။

အကြင်မလိုချင်မှု 'အလောဘ'၊ မလိုချင်သော အခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင်တတ်သည်၏အဖြစ် 'အလုဗ္ဘိတတ္တ'၊ မစွဲလမ်းမှု 'အသာရာဂ'၊ မစွဲလမ်းတတ်သော အခြင်းအရာ 'အသာရဇ္ဇနာ'၊ မစွဲလမ်းတတ်သည်၏အဖြစ် 'အသာရဇ္ဇိတတ္တ'၊ (သူ့စည်းစိမ်ကို) ရှေ့ရှုမကြံခြင်း 'အနဘိဇ္ဈာ'၊ ကုသိုလ်မူလဟု ဆိုအပ်သော မလိုချင်မှု (အလောဘ) သည် ရှိ၏။ ဤသဘောကို မလိုချင်မတပ်မက်မှု 'အလောဘ' ဟု ဆိုအပ်၏။

အဒေါသ။ ။ ထိုသုံးပါးတို့တွင် အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' မည်သနည်း။

အကြင်အမျက်မထွက်မှု 'အဒေါသ'၊ အမျက်မထွက်သောအခြင်းအရာ 'အဒုဿနာ'၊ အမျက်မထွက်တတ်သည်၏အဖြစ် 'အဒုဿိတတ္တာ'၊ မဖျက်ဆီးမှု 'အဗျာပါဒ'၊ မဖျက်ဆီးတတ်သည်၏အဖြစ် 'အဗျာပဇ္ဇ'၊ ကုသိုလ်မူလဟုဆိုအပ်သော မကြမ်းတမ်းမှု 'အဒေါသ'သည် ရှိ၏။ ဤသဘောကို အမျက်မထွက်မှု 'အဒေါသ' ဟု ဆိုအပ်၏။

အမောဟ။ ။ ထိုသုံးပါးတို့တွင် အဘယ်သည် မတွေဝေမှု 'အမောဟ' မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ ဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ အမှန်ကိုသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကိုမတွေဝေမှု 'အမောဟ' ဟု ဆိုအပ်၏။ ဤတရားတို့ကို ကုသိုလ်၏ အခြေအမြစ် 'ကုသိုလ်မူလ'ဟုဆိုအပ် ကုန်၏။

(၂) **သခ်ၦိရ။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ၦိရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တာ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သောပြုစီရင်မှု 'သခ်ၦိရ' ဟု ဆိုအပ်၏။

(၃) **ဝိညာဏ်။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ၦိရ'ဟူသော အကြောင်းကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။ပ။ (*)

(၄) **နာမ်။** ။ အဘယ်သည် သိမှု (ဝိညာဏ်)ဟူသော အကြောင်းကြောင့်ဖြစ်သော နာမ် မည်သနည်း။ပ။ (*)

(၅) **မနာယတန။** ။ အဘယ်သည် နာမ်ဟူသော အကြောင်းကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။ပ။

(၆) **ဖဿ။** ။ အဘယ်သည် ခြောက်ခုမြောက် မနာယတန ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။ပ။

(၇) **ဝေဒနာ။** ။ အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။ပ။

(၈) **သဒ္ဓါ။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်း ကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင် ယုံကြည်ခြင်း 'သဒ္ဓါ'၊ ယုံကြည်သော အခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်၍ ယုံကြည်မှု 'သြကပ္ပနာ'၊ အလွန်ကြည်ညိုမှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

(၉) **အဓိမောက္ခ။** ။ ထိုအဂ်ါဝ၂-ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

---

၂ –သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၂၉၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့် ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂–ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) သောမနဿဝေဒနာနှင့်တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော (တိုက်တွန်းခြင်းမရှိသော) ရူပါရုံကိုလည်း အာရုံပြုသော။ပ။ (*)

(အကြင်အခါ၌) သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း (ဇရာမရဏ) သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၂–ပါးအကျယ်

၂၉၅။ **(၁) ကုသိုလ်မူလ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့ မည်ကုန်သနည်း။

မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ ဤနှစ်ပါးတို့သည် ကုသိုလ်မူလတို့ မည်ကုန်၏။ ထို ၂–ပါးတို့တွင် အဘယ်သည် မလိုချင် မမက်မောမှု 'အလောဘ' မည်သနည်း။

အကြင် မလိုချင်မှု 'အလောဘ'၊ မလိုချင်သော အခြင်းအရာ 'အလုဗ္ဘနာ'၊ မလိုချင်တတ်သည်၏အဖြစ် 'အလုဗ္ဘိတတ္တ'၊ ပြင်းစွာမတပ်မက်ခြင်း 'အသာရာဂ'၊ ပြင်းစွာမတပ်မက်သောအခြင်းအရာ 'အသာရဂ္ဂနာ'၊ ပြင်းစွာမတပ်မက်သည်၏အဖြစ် 'အသာရဂ္ဂိတတ္တ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ ကုသိုလ်မူလဟုဆိုအပ်သောမလိုချင်မှု 'အလောဘ' သည် ရှိ၏။ ဤသဘောကို မလိုချင်မမက်မောမှု 'အလောဘ' ဟု ဆိုအပ်၏။

ထို ၂–ပါးတို့တွင် အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' မည်သနည်း။

အကြင် အမျက်မထွက်မှု 'အဒေါသ'၊ အမျက်မထွက်သောအခြင်းအရာ 'အဒုဿနာ'၊ အမျက်မထွက်တတ်သည်၏အဖြစ် 'အဒုဿိတတ္တ'၊ မပျက်စီးစေလိုမှု 'အဗျာပါဒ'၊ မပျက်စီးစေလိုသည်၏အဖြစ် 'အဗျာပဇ္ဇ'၊ ကုသိုလ်မူလဟုဆိုအပ်သော အမျက်မထွက်မှု 'အဒေါသ' သည် ရှိ၏။ ဤသဘောကို အမျက်မထွက်မှု 'အဒေါသ' ဟု ဆိုအပ်၏။ ဤတရားတို့ကို ကုသိုလ်မူလဟုဆိုအပ်ကုန်၏။

(၂) သခ်ၵါရ။ ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သင်္ဘေတနာ၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သင်္ဘေတယိတတ္တာ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက်မနာယတနကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကိုတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်စိတ် ၂–ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၂၉ဖ။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော (တိုက်တွန်းခြင်းမရှိသော) ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည်ဖြစ်ဆဲဖြစ်၏။ပ။ (*)

(အကြင်အခါ၌) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၂၉၇။ **(၁) ကုသိုလ်မူလ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

(၂) သခ်ါရ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ်စိတ် ၂–ခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၂၉၈။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) (အကြင်အခါ၌) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော ကာမဘုံ၌ များသောအားဖြင့်ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အင်္ဂါ–၁၂–ပါးအကျယ်

၂၉၉။ **(၁) ကုသိုလ်မူလ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟုဆိုအပ်ကုန်၏။

(၂) သင်္ခါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို

ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

ရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၀၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ ကာမတတို့မှကင်းဆိတ်၍ သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပထမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၃၀၁။ **(၁) ကုသလမူလ။ ။** ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

(၂) **သခ်ၵါရ။** ။ ထိုအဂ်ါဝ၂–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ၵါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သင္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသလမူလဟူသော အကြောင်းကြောင့်ဖြစ်သောပြုစီရင်မှု 'သခ်ၵါရ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်ကုန်၏။

အရူပါဝစရကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုတ္ထနည်း

၃၀၂။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (ဈာန်) ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသောအကြောင်းကြောင့် ပြုစီရင်မှု 'သခ်ၵါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ၵါရ'ဟူသောအကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်'ဟူသောအကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသောအကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသောအကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသောအကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသောအကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသောအကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသောအကြောင်းကြောင့် ဇာတိသည် ဖြစ်သည်။

(၁၁) ဇာတိဟူသောအကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အင်္ဂါ–၁၂–ပါးအကျယ်

၃၀၃။ **(၁) ကုသလမူလ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင်မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

(၂) သခ်ါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားသည် ကုသိုလ်မူလကြောင့်ဖြစ်သောပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားသည် တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

မှတ်ချက်။ ။ ဤအရှုပါဝစရစိတ်၌ ဥပေက္ခာဝေဒနာသာ ဖြစ်သင့်ပါသည်။ ဆဋ္ဌသံဂါယနာပါဠိတော် စာမူ၌ ဝေဒနာအကျယ်ကို ပြရာတွင် သုခဝေဒနာဖြစ်နေပါသည်၊ သတိပြုရန်။

လောကုတ္တရာကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၀၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ဝင်္ဂဆင်းရဲမှ လွတ်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိစသော တရားတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် လောကုတ္တရာဈာန်တရား ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော,, နုံ့နှေး သော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလဟူသော အကြောင်းကြောင့် ပြုစီရင်မှု 'သခ်ါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ'ဟူသော အကြောင်းကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမ္ဘ 'ဝိညာဏ်'ဟူသော အကြောင်းကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ဟူသော အကြောင်းကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန'ဟူသော အကြောင်းကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိဟူသော အကြောင်းကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၂–ပါးအကျယ်

၃၀၅။ **(၁) ကုသလမူလ။** ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်တရားတို့သည် ကုသိုလ်မူလတို့နည်း။ မလိုချင် မမက်မောမှု 'အလောဘ'၊ အမျက်မထွက်မှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။ ထို ၃–ပါးတို့တွင် အဘယ်သည် မလိုချင် မမက်မောမှု 'အလောဘ' နည်း။ပ။

အဘယ်သည် အမျက်မထွက်မှု 'အဒေါသ' နည်း။ပ။

အဘယ်သည် မတွေဝေမှု 'အမောဟ' နည်း။ အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'၊ တရားတို့ကို စိစစ်မှု မဂ်ဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ မဂ်၏အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ မဂ်၌ အကျုံးဝင်ခြင်း 'မဂ္ဂပရိယာပန္န' သည် ရှိ၏။ ဤသဘောကို မတွေဝေမှု 'အမောဟ' ဟု ဆိုအပ်၏။

ဤတရားတို့ကို ကုသိုလ်မူလတို့ဟု ဆိုအပ်ကုန်၏။

(၂) သခ်ါရ။ ။ ထိုအင်္ဂါ၁၂–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလဟူသောအကြောင်းကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလဟူသော အကြောင်းကြောင့်ဖြစ်သောပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သောတွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၇) ဝေဒနာ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၈) သဒ္ဓါ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'သြကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ဟူသော အကြောင်းကြောင့် ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

(၉) အဓိမောက္ခ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ဟူသောအကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ (အာရုံကို) ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၊ ဆုံးဖြတ်သော အခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၁၀) ဘဝ။ ။ ထိုအင်္ဂါ၁–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟူသော အကြောင်းကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ ဤသဘောကို ဇာတိဟူသော အကြောင်းကြောင့်ဖြစ်သော အိုခြင်းသေခြင်း 'ဇရာမရဏ' ဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ထိုတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏'ဟု ဆိုရာ၌ ဤသို့ဤတရားတို့၏ စုရုံးခြင်းသည် ဖြစ်၏၊ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှားခြင်းသည် ဖြစ်၏၊ ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

ကုသိုလ်တရားတို့၏ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏

၁၁–အဗျာကတတရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

အဟိတ်ကာမာဝစရကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၀၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုအာရုံပြုသော အကျိုးဖြစ်သော မြင်သိစိတ် 'စက္ခုဝိညာဏ်'သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ ၉–ပါးအကျယ်

၃၀၇။ **(၁) သင်္ခါရ။** ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သင္ခေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော မြင်သိမှု သဘော 'တဇ္ဇာစက္ခုဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၃) နာမ်။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုစီရင်မှု အစု 'သင်္ခါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

(၄) ဆဋ္ဌာယတန။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော မြင်သိမှု သဘော 'တဇ္ဇာစက္ခုဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့် ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

(၅) ဖဿ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သောအခြင်းအရာ 'သံမ္ဘုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏အဖြစ် 'သံမ္ဘုသိတတ္တ'သည် ရှိ၏။ ဤသဘောကိုခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၇) ဘဝ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏ဟု ဆိုအပ်၏။

၂–ဟေတုစတုက္ကနည်း

၃၀၈။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့်၊ ပြုစီရင်မှု 'သင်္ခါရ'လျှင်အကြောင်းရှိသော သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့်၊ သိမှု 'ဝိညာဏ်'လျှင်အကြောင်းရှိသော နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့်၊ နာမ်လျှင်အကြောင်းရှိသော ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့်၊ ခြောက်ခုမြောက် 'မနာယတန'လျှင် အကြောင်းရှိသော တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်၊ တွေ့ထိမှု 'ဖဿ'လျှင်အကြောင်းရှိသော ခံစားမှု 'ဝေဒနာ' သည်ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

၃–သမ္မယုတ္တစတုက္ကနည်း

၃၀၉။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သခ်ါရ' ကြောင့်၊ ပြုစီရင်မှု 'သခ်ါရ'နှင့်ယှဉ်သော သိမှု 'ဝိညာဏ်'သည်ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့်၊ သိမှု 'ဝိညာဏ်' နှင့်ယှဉ်သော နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့်၊ နာမ်နှင့်ယှဉ်သော ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့်၊ ခြောက်ခုမြောက် 'မနာယတန' နှင့်ယှဉ်သောတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့်၊ တွေ့ထိမှု 'ဖဿ' နှင့်ယှဉ်သော ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

၄–အညမညစတုက္ကနည်း

၃၁၀။ (၁) ထိုအခါ၌ ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏၊ သိမှု 'ဝိညာဏ်' ကြောင့်လည်း ပြုစီရင်မှု 'သခ်ါရ' သည် ဖြစ်၏။

(၂) သိမှ 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏၊ နာမ်ကြောင့်လည်း သိမှ 'ဝိညာဏ်' သည်ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏၊ ခြောက်ခုမြောက် 'မနာယတန'ကြောင့်လည်း နာမ်သည်ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ကြောင့်လည်း ခြောက်ခုမြောက် 'မနာယတန' သည်ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' ကြောင့်လည်းတွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

သောတဝိညာဏ် စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၁၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သဒ္ဒါရုံကိုအာရုံပြုသော အကျိုးဖြစ်သော ကြားသိစိတ် သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြုသော နံသိစိတ် 'ঘာနဝိညာဏ်' စိတ်သည်ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရသာရုံကို အာရုံပြုသော လျက်သိစိတ် 'ဇိဝှါဝိညာဏ်စိတ်'သည်ဖြစ်ဆဲ ဖြစ်၏။ပ။ (*) သုခဝေဒနာနှင့် တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ထိသိစိတ် 'ကာယဝိညာဏ်စိတ်'သည်ဖြစ်ဆဲ ဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှ 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှ 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည်ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ ၉–ပါးအကျယ်

၃၁၂။ **(၁) သခ်ၦါရ။** ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်တရားသည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သင်္ဘေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ဘေတယိတတ္တာ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကိုခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော သာယာမှု ၊ ကိုယ်၌ ဖြစ်သော ချမ်းသာမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော သာယာ ဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၇) ဘဝ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ 'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

သမ္ဘဒ္ဓိ၏နိုးခေါ် မနောဓာတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၁၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်းအာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော

အာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သိကာမျှဖြစ်သော သမ္မဋိဓိုန်း ခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၀–ပါးအကျယ်

၃၁၄။ **(၁) သင်္ခါရ။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သင်္ဘေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ဘေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ့်အား လျော်သော သိမှု သဘော 'တဇ္ဇာမနောဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊

စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကိုတွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၇) အဓိမောက္ခ။ ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထိုအာရုံကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၈) ဘဝ။ ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။

သောမနဿ သန္ဓိရဏစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၁၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသောသောမနဿဝေဒနာနှင့် တကွဖြစ်သော ဝိပါက်ဖြစ်သော မနောဝိညာဏဓာတ် ခေါ် 'သန္ဓိရဏစိတ်' သည်ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဧတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၀–ပါးအကျယ်

၃၁ဖ။ **(၁) သခ်ါရ။** ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်မှု သဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာဖွယ်ကောင်းသောချမ်းသာသော ခံစားခြင်းသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၇) အဓိမောက္ခ။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကိုခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၈) ဘဝ။ ။ ထိုအဂ်ါ ၁၀–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့်

"ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုအပ်၏။

ဥပေက္ခာသန္တိရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၁၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ရူပါရုံကိုလည်း အာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသောဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် သန္တိရဏစိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၀–ပါးအကျယ်

၃၁၈။ **(၁) သင်္ခါရ။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်မှု 'သင်္ခေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၂) **ဝိညာဏ်။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) **ဝေဒနာ။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ် အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၇) **အဓိမောက္ခ။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့် ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၈) **ဘဝ။** ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကိုထား၍ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

မဟာဝိပါက်စိတ် ၈–ခုတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၁၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် မဟာဝိပါက်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (*) သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (*)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။ (*) သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။ (*) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်ခေါ် မဟာဝိပါက်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၁–ပါးအကျယ်

၃၂၀။ **(၁) သခ်ါရ။** ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာ စေ့ဆော်ခြင်း 'သင္ခေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏ အဖြစ် 'သင္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။

ဤသဘောကိုပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၇) သဒ္ဓါ။ ။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင်ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'သြကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ'ဟု ဆိုအပ်၏။

(၈) အဓိမောက္ခ။ ။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် ကြည်လင်မှု 'သဒ္ဓါ'ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံကို) ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၉) ဘဝ။ ။ ထိုအင်္ဂါဝေ–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

ရူပါဝစရဝိပါက်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (စျာန်) ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပထမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော အကျိုးဖြစ်သော ပထမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု (အဓိမောက္ခ) သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အရှုပါဝစရဝိပါက်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရှုပဘုံ၌ ဖြစ်ရန် ရောက်ကြောင်းစျာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွသော၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုအရှုပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍ အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍နေဝသညာနာသညာယတန သညာနှင့်တကွသော၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ အကျိုးဖြစ်သော စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု (အဓိမောက္ခ) သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

လောကုတ္တရာဝိပါက်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိစသော တရားတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် လောကုတ္တရာစျာန် တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ဆည်းပူးပြုလုပ် အားထုတ်ခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ဝိပါတ်ကို ပြည့်စုံ၍နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ'သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု (အဓိမောက္ခ) ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ'သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။ (*)

အကုသလဝိပါက်စိတ်ငါးခု၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂၄။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ သဒ္ဒါရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဂန္ဓာရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော ঘာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ရသာရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော ဇိဝှာဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*) ဒုက္ခဝေဒနာနှင့်တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်းအာရုံပြုသော၊ အကျိုးဖြစ်သော ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၇) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၈) ဇာတိကြောင့်–

(၉) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ ၉–ပါးအကျယ်

၃၂၅။ **(၁) သင်္ခါရ။** ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သဒ္ဓေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဒ္ဓေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သင်္ခါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော ကိုယ်၌ သိမှု သဘော 'တဇ္ဇာကာယဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သင်္ခါရ' ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သောမသာယာမှု, ဆင်းရဲမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားသောသဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၇) ဘဝ။ ။ ထိုအင်္ဂါ ၉–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝ မည်သနည်း။

ခံစားမှု 'ဝေဒနာ'ကို ထား၍ မှတ်သားမှု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏"ဟု ဆိုအပ်၏။ (*)

အကုသလဝိပါက် သမ္ဗဇ္ဈိန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂ဖ။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်းအာရုံပြုသော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ရသာရုံကိုလည်း အာရုံပြုသော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကျိုးဖြစ်သော သမ္ဗဇ္ဈိန်း ခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၀–ပါးအကျယ်

၃၂၇။ **(၁) သခ်ါရ။** ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင် ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော သိကာမျှသဘော 'တဇ္ဇာမနောဝေါတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ကြောင့်ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန'ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာဖွယ်လည်း မဟုတ်, မသာယာဖွယ်လည်း မဟုတ်သော သဘော သည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ'ဟု ဆိုအပ်၏။

(၇) အဓိမောက္ခ။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏ အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏။

(၈) ဘဝ။ ။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ'ကိုထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် 'ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏'ဟု ဆိုအပ်၏။

အကုသလဝိပါက် သန္တီရဏစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၂၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်းအာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသောအာရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သန္တီ ရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဂ်ါ–၁၀–ပါးအကျယ်

၃၂၉။ **(၁) သခ်ါရ။** ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဠေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သဠေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။

(၂) ဝိညာဏ်။ ။ ထိုအဂ်ါ၁၀–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကိုပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။ပ။ (*) ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

အဟိတ်ကြိယာပဋ္ဌာန်းစိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၃၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော ကံ၏အကျိုးလည်းမဟုတ်သောဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော ပြုကာမျှသဘော 'ကြိယာ' ဖြစ်သော ပဋ္ဌာန်းရာဝန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*)

အဟိတ်ကြိယာဟသိတုပ္ပါဒ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်းအာရုံပြု သော ပြုကာမျှ သဘော 'ကြိယာ' ဖြစ်သော ဟသိတုပ္ပါဒ်ခေါ် မနောဝိညာဏာဓာတ်သည်ဖြစ်ဆဲဖြစ်၏။ပ။ (*)

အဟိတ်ကြိယာမနောဒွါရာဝဇ္ဇာန်းစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

(အကြင်အခါ၌) ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော ကံ၏ အကျိုးလည်းမဟုတ်သောဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ပြုကာမျှသဘော 'ကြိယာ' ဖြစ်သောမနောဒွါရာဝဇ္ဇာန်း ခေါ်မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (*)

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၇) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

မဟာကြိယာစိတ် ၈–ခုတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၃၁။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော) ကြိယာမနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကြိယာမနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ရူပါဝစရကြိယာစိတ်ငါးခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၁–ပစ္စယစတုက္ကနည်း

၃၃၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော၊ ကံ၏အကျိုးလည်းမဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ကြိယာဖြစ်သော ရူပါဝစရစျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဌမစျာန်ကိုပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အရူပါဝစရစိတ်လေးခု၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

(၁) ပစ္စယစတုက္ကနည်း

၃၃၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်းမဟုတ်သော၊ ကံ၏အကျိုးလည်းမဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ကြိယာဖြစ်သော အရူပါဝစရစျာန်ကို ပွါးများအားထုတ်၏။ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့် တကွဖြစ်သော ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၂) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၃) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၄) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဗျာကတတရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏

၁၂–အဝိဇ္ဇာမူလက ကုသလနိဒ္ဒေသ

နည်းတစ်မျိုးဖြင့် ကုသိုလ်တရားတို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၁–မဟာကုသိုလ် ပဌမစိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

ပဌမပစ္စယဝါရ

၃၃၄။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သောကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အဂ်ါ–၁၂–ပါးအကျယ်

၃၃၅။ **(၁) သခ်ါရ။** ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' မည်သနည်း။

အကြင် စေ့ဆော်ခြင်း 'စေတနာ'၊ ကောင်းစွာစေ့ဆော်ခြင်း 'သင်္ခေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ' ဟု ဆိုအပ်၏။ပ။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) ဝေဒနာ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သောသာယာဖွယ်ကောင်းသော ချမ်းသာသော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကိုတွေ့ထိမှု 'ဖဿ' ကြောင့်ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၇) သဒ္ဓါ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောကြည်လင်မှု 'သဒ္ဓါ' မည်သနည်း။

အကြင် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သောအခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်ခြင်း 'သြကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ'ကြောင့် ဖြစ်သော ကြည်လင်မှု 'သဒ္ဓါ' ဟု ဆိုအပ်၏။

(၈) အဓိမောက္ခ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ယုံကြည်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင် စိတ်၏ အာရုံကိုဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ကြည်လင်မှု 'သဒ္ဓါ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ' ဟု ဆိုအပ်၏၊

(၉) ဘဝ။ ။ ထိုအဂ်ါ၁၂–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကို ထားရှိ၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သခ်ါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သော ဘဝဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

ဒုတိယပစ္စယဝါရ

၃၃၆။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၅) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၆) ခံစားမှု 'ဝေဒနာ' ကြောင့် ယုံကြည်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၇) ယုံကြည်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

တတိယပစ္စယဝါရ

၃၃၇။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည်ဖြစ်သည်။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း၊ သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

စတုတ္ထပစ္စယဝါရ

၃၃၈။ (၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည်ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်ရုပ်သည် ဖြစ်၏။

(၄) နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးသည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

(၂–၈) မဟာကုသိုလ်ဒုတိယစိတ်စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၃၉။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

ရူပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၀။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း (စျာန်) ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အရှုပါဝစရကုသိုလ်စိတ်၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၁။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ အရှုပဘုံ၌ ဖြစ်ရန် ရောက်ကြောင်းဈာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု, သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

လောကုတ္တရာကုသိုလ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၂။ အဘယ်တရားတို့သည် ကုသိုလ် မည်ကုန်သနည်း။

အကြင်အခါ၌ သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ရောက်ရန် ဝင်္ဂဆင်းရဲမှ လွတ်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုစီရင်မှု, သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အဝိဇ္ဇာမူလကကုသလနိဒ္ဒေသ ပြီး၏

---

(၁၃) ကုသလမူလကဝိပါကနိဒ္ဒေသ

ကုသလဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုအာရုံပြုသော အကျိုးဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

အင်္ဂါ–၁၀–ပါးအကျယ်

၃၄၄။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင် စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဉ္စေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို ကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

အဟိတ်ကုသလဝိပါက် သောတဝိညာဏ်စိတ် စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၅။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ သဒ္ဒါရုံကိုလည်း အာရုံပြုသော၊ အကျိုးဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဂန္ဓာရုံကိုလည်း အာရုံပြုသော၊ ဃာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရသာရုံကိုလည်း အာရုံပြုသော ဇီဝဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သုခဝေဒနာနှင့် တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော သမ္ဗဋ္ဌိန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော သန္ဓိ ရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော သန္ဓိရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

မဟာဝိပါက်စိတ် ၈–ခုတို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၆။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ (တိုက်တွန်းခြင်းမရှိသော)။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော၊ အကျိုးဖြစ်သော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ရူပါဝစရဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၇။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်း စျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းကို အာရုံပြုသော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အရူပါဝစရဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၈။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံ၌ ဖြစ်ရန် ရောက်ကြောင်းစျာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကို လည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုအရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ဆည်းပူးခဲ့၍၊ အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။

အကျိုး ဝိပါက်ဖြစ်သော စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏၊

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ'သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်'သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

လောကုတ္တရာဝိပါက်စိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၄၉။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ သက္ကာယဒိဋ္ဌိစသော မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများ အားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏၊ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများအားထုတ်ခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော၊ နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုး ဝိပါက်ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။

(၁) ထိုအခါ၌ ကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သခ်ါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သခ်ါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ကြည်လင်မှု 'သဒ္ဓါ' သည် ဖြစ်၏။

(၈) ကြည်လင်မှု 'သဒ္ဓါ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၉) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၁၀) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၁) ဇာတိကြောင့်–

(၁၂) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဤတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ကုသိုလ်ဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း ပြီး၏

၁၄။ အကုသလမူလကဝိပါကနိဒ္ဒေသ

အကုသိုလ်ဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

စက္ခုဝိညာဏ်စိတ်၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၅၀။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုအာရုံပြုသော၊ အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဘဝသည် ဖြစ်၏။

(၈) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၉) ဇာတိကြောင့်–

(၁၀) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အင်္ဂါ–၁၀–ပါးအကျယ်

၃၅၁။ ထိုအင်္ဂါ၁၀–ပါးတို့တွင် အဘယ်သည် အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သင်္ဘေတနာ'၊ ကောင်းစွာ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ဘေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' ဟု ဆိုအပ်၏။ပ။

ထို့ကြောင့် "ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏" ဟု ဆိုအပ်၏။

သောတဝိညာဏ်စသည်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်း

၃၅၂။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ သဒ္ဒါရုံကို အာရုံပြုသော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဂန္ဓာရုံကို အာရုံပြုသော၊ အကျိုးဝိပါက်ဖြစ်သော ဃာနဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရသာရုံကို အာရုံပြုသော၊ အကျိုးဝိပါက် ဖြစ်သော ဇိဝှါဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဒုက္ခဝေဒနာနှင့် တကွဖြစ်သော၊ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော၊ အကျိုးဝိပါက် ဖြစ်သော ကာယဝိညာဏ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော သမ္ပဋ္ဆိန်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် 'မနာယတန' သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် 'မနာယတန' ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည် ဖြစ်၏။

ဥပေက္ခာသန္တိရဏစိတ်တို့၌ ပဋိစ္စသမုပ္ပါဒ်လှည့်နည်း

၃၅၃။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်းအာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော၊ အကျိုးဝိပါက်ဖြစ်သော သန္တိရဏခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။

(၁) ထိုအခါ၌ အကုသိုလ်မူလကြောင့် ပြုစီရင်မှု 'သင်္ခါရ' သည် ဖြစ်၏။

(၂) ပြုစီရင်မှု 'သင်္ခါရ' ကြောင့် သိမှု 'ဝိညာဏ်' သည် ဖြစ်၏။

(၃) သိမှု 'ဝိညာဏ်' ကြောင့် နာမ်သည် ဖြစ်၏။

(၄) နာမ်ကြောင့် ခြောက်ခုမြောက် (မနာယတန) သည် ဖြစ်၏။

(၅) ခြောက်ခုမြောက် (မနာယတန) ကြောင့် တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။

(၆) တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏။

(၇) ခံစားမှု 'ဝေဒနာ' ကြောင့် ဆုံးဖြတ်မှု 'အဓိမောက္ခ' သည် ဖြစ်၏။

(၈) ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့် ဘဝသည် ဖြစ်၏။

(၉) ဘဝကြောင့် ဇာတိသည် ဖြစ်၏။

(၁၀) ဇာတိကြောင့်–

(၁၁) အိုခြင်း သေခြင်း 'ဇရာမရဏ' သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏။

အဂ်ါ၁၁–ပါးအကျယ်

၃၅၄။ **(၁) သင်္ခါရ။** ။ ထိုအဂ်ါ၁၁–ပါးတို့တွင် အဘယ်သည် အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သင်္ခါရ' မည်သနည်း။

အကြင်စေ့ဆော်မှု 'စေတနာ'၊ ကောင်းစွာစေ့ဆော်မှု 'သဒ္ဓေတနာ'၊ ကောင်းစွာစေ့ဆော်တတ်သည်၏အဖြစ် 'သဒ္ဓေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အကုသိုလ်မူလကြောင့်ဖြစ်သော ပြုစီရင်မှု 'သခ်ါရ'ဟု ဆိုအပ်၏။

(၂) **ဝိညာဏ်။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် ပြုစီရင်မှု 'သခ်ါရ' ကြောင့်ဖြစ်သောသိမှု 'ဝိညာဏ်' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို ပြုစီရင်မှု 'သခ်ါရ'ကြောင့် ဖြစ်သော သိမှု 'ဝိညာဏ်' ဟု ဆိုအပ်၏။

(၃) **နာမ်။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော 'နာမ်' မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုစီရင်မှု အစု 'သခ်ါရကွန္ဓာ' သည် ရှိ၏။ ဤသဘောကို သိမှု 'ဝိညာဏ်' ကြောင့်ဖြစ်သော နာမ်ဟု ဆိုအပ်၏။

(၄) **မနာယတန။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်တရားသည် နာမ်ကြောင့်ဖြစ်သောခြောက်ခုမြောက် 'မနာယတန' မည်သနည်း။

အကြင်ဆန်းကြယ်သောသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို နာမ်ကြောင့်ဖြစ်သော ခြောက်ခုမြောက် 'မနာယတန' ဟု ဆိုအပ်၏။

(၅) **ဖဿ။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် ခြောက်ခုမြောက် 'မနာယတန'ကြောင့် ဖြစ်သော တွေ့ထိမှု 'ဖဿ' မည်သနည်း။

အကြင်တွေ့ထိမှု သဘော 'ဖဿ'၊ တွေ့ထိသောအခြင်းအရာ 'ဖုသနာ'၊ ကောင်းစွာတွေ့ထိသောအခြင်းအရာ 'သမ္ဖုသနာ'၊ ကောင်းစွာတွေ့ထိတတ်သည်၏ အဖြစ် 'သမ္ဖုသိတတ္တ' သည် ရှိ၏။ ဤသဘောကို ခြောက်ခုမြောက် 'မနာယတန' ကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ' ဟု ဆိုအပ်၏။

(၆) **ဝေဒနာ။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် တွေ့ထိမှု 'ဖဿ'ကြောင့်ဖြစ်သောခံစားမှု 'ဝေဒနာ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာဖွယ်လည်းမဟုတ်, မသာယာဖွယ်လည်းမဟုတ်သော သဘောသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သောဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားမှု သဘောသည် ရှိ၏။ ဤသဘောကို တွေ့ထိမှု 'ဖဿ' ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ' ဟု ဆိုအပ်၏။

(၇) **အဓိမောက္ခ။** ။ ထိုအဂ်ါဝ–ပါးတို့တွင် အဘယ်သည် ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သောဆုံးဖြတ်မှု 'အဓိမောက္ခ' မည်သနည်း။

အကြင်စိတ်၏ (အာရုံကို) ဆုံးဖြတ်မှု 'အဓိမောက္ခ'၊ ဆုံးဖြတ်သောအခြင်းအရာ 'အဓိမုစ္စနာ'၊ ထို (အာရုံ) ကို ဆုံးဖြတ်တတ်သည်၏အဖြစ် 'တဒဓိမုတ္တတာ' သည် ရှိ၏။ ဤသဘောကို ခံစားမှု 'ဝေဒနာ' ကြောင့်ဖြစ်သော ဆုံးဖြတ်မှု 'အဓိမောက္ခ'ဟု ဆိုအပ်၏။

(၈) ဘဝ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် ဆုံးဖြတ်မှု 'အဓိမောက္ခ' ကြောင့်ဖြစ်သောဘဝ မည်သနည်း။

ဆုံးဖြတ်မှု 'အဓိမောက္ခ' ကို ထား၍ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် ရှိ၏။ ဤသဘောကို ဆုံးဖြတ်မှု 'အဓိမောက္ခ'ကြောင့် ဖြစ်သော ဘဝဟု ဆိုအပ်၏။

(၉) ဇာတိ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် ဘဝကြောင့်ဖြစ်သော ဇာတိ မည်သနည်း။

အကြင်ထိုထိုတရားတို့၏ ဖြစ်ပေါ်မှု 'ဇာတိ'၊ ကောင်းစွာဖြစ်ပေါ်မှု 'သဉ္ဇာတိ'၊ အသစ်ဖြစ်ပေါ်မှု 'နိဗ္ဗတ္တိ'၊ တစ်ဖန်အသစ်ဖြစ်ပေါ်မှု 'အဘိနိဗ္ဗတ္တိ'၊ ထင်ရှားဖြစ်ပေါ်မှု 'ပါတုဘာဝ' သည် ရှိ၏။ ဤသဘောကိုဘဝကြောင့်ဖြစ်သော ဇာတိဟု ဆိုအပ်၏။

(၁၀) ဇရာမရဏ။ ။ ထိုအင်္ဂါ၁၁–ပါးတို့တွင် အဘယ်သည် အိုခြင်း သေခြင်း 'ဇရာမရဏ' မည်သနည်း။

အိုခြင်း 'ဇရာ' သည် ရှိ၏၊ သေခြင်း 'မရဏ' သည် ရှိ၏။ ထိုနှစ်ပါးတို့တွင် အဘယ်သည် အိုခြင်း 'ဇရာ' မည်သနည်း။

အကြင်ထိုထိုတရားတို့၏ အိုခြင်း 'ဇရာ'၊ ရင့်ရော်ခြင်း 'ဇီရဏတာ'၊ အသက်ဆုတ်ယုတ်ခြင်း 'အာယုသံဟာနိ' သည် ရှိ၏။ ဤသဘောကို အိုခြင်း 'ဇရာ' ဟု ဆိုအပ်၏။

ထိုနှစ်ပါးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

အကြင်ထိုထိုတရားတို့၏ ကုန်ခြင်း 'ခယ'၊ ပျက်ခြင်း 'ဝယ'၊ ပြိုကွဲခြင်း 'ဘေဒ'၊ ထက်ဝန်းကျင်ပြိုကွဲခြင်း 'ပရိဘေဒ'၊ မမြဲခြင်း 'အနိစ္စတာ'၊ ကွယ်ပျောက်ခြင်း 'အန္တရဓာန' သည် ရှိ၏။ ဤသဘောကိုသေခြင်း 'မရဏ'ဟု ဆိုအပ်၏။ ဤဆိုခဲ့ပြီးသော အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ကိုဇာတိကြောင့်ဖြစ်သော ဇရာမရဏဟု ဆိုအပ်၏။

"ဤဆိုခဲ့ပြီးသော နည်းဖြင့် ချမ်းသာနှင့်မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏" ဟု ဆိုရာ၌ ဤသို့အလုံးစုံသော ဤဆင်းရဲအစု၏ ရုံးစုခြင်းသည် ဖြစ်၏၊ အညီအညွတ်ရောက်ခြင်းသည် ဖြစ်၏၊ ပေါင်းရုံးခြင်းသည် ဖြစ်၏၊ ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့်"ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ချမ်းသာနှင့် မရောသော ဤဆင်းရဲအစုအပုံ၏ ထင်ရှားဖြစ်ပေါ်မှုသည်ဖြစ်၏"ဟု ဆိုအပ်၏။

အကုသလဝိပါက်စိတ်တို့၌ ပဋ္ဌိစ္စသမုပ္ပါဒ်လှည့်နည်းပြီးပြီ။

အဘိဓမ္မာနည်းဖြင့်ဝေဖန်ဟောကြားသော အဘိဓမ္မာဘာဇနီယနည်း ပြီး၏။

ရုပ်နာမ်တရားတို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်ဟောကြားသော

ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း ပြီးပြီ။

၇–သတိပဋ္ဌာနဝိဘင်္ဂ

(သတိပဋ္ဌာန်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားခြင်း)

သတိပဋ္ဌာန်လေးပါး

၃၅၅။ သတိပဋ္ဌာန်လေးပါးတို့ကား–

(၁) ကာယာနုပဿနာ

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာအပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ၏ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါး ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ်ရှုလျက် နေ၏။ မိမိခန္ဓာကိုယ်, သူတစ်ပါးခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

(၂) ဝေဒနာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ၏ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါး ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ' ကို အဖန်ဖန် အထပ်ထပ် ရှုလျက်နေ၏။ မိမိ, သူတစ်ပါး ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

(၃) စိတ္တာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ မိမိ၏ စိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါးစိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ မိမိ, သူတစ်ပါးစိတ်၌ (ဖြစ်ပေါ်လာသည့် သရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၄) ဓမ္မာနုပဿနာ

ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့် သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊

နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒစသော) တရားကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ သူတစ်ပါးသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒစသော) တရားကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ (ဖြစ်ပေါ်လာသော) တရားတို့၌ (ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒ စသော) တရားကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၁–ကာယာနုပဿနာအကျယ်

မိမိ၏ခန္ဓာကိုယ်၌ ရှုနည်း

၃၅ဖ။ အဘယ်သို့လျှင် ရဟန်းသည် မိမိခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူးအပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါးအပြင်မှ အထက်ဆံဖျားတိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင်တိုင်အောင် အရေပါးအဆုံးအပိုင်းခြားရှိသော မိမိ၏ ခန္ဓာကိုယ်ကို ရှုဆင်ခြင်၏– "ဤခန္ဓာကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ+မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏"ဟု ရှုဆင်ခြင်၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၍ ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြားမှတ်သား၍ သူတစ်ပါး၏ ခန္ဓာကိုယ်၌ မိမိ၏ စိတ်ကို ဆောင်၍ထား၏ (ညွှတ်စေ၏)။

သူတစ်ပါးခန္ဓာကိုယ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါး၏ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူးအပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါးအပြင်မှ အထက်ဆံဖျားတိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင်တိုင်အောင် အရေပါးအဆုံးအပိုင်းခြားရှိသော သူတစ်ပါး၏ ခန္ဓာကိုယ်ကို ရှုဆင်ခြင်၏– "ထိုသူတစ်ပါး၏ကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏။

ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ဆံပင်စသော) ကမ္မဋ္ဌာန်းအာရုံကို မှီဝဲ၍ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ၏ခန္ဓာကိုယ် သူတစ်ပါးခန္ဓာကိုယ်၌ မိမိစိတ်ကို ဆောင်၍ ထား၏ (ညွတ်စေ၏)။

မိမိသူတစ်ပါးနှစ်ဦးသားတို့ကိုယ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိခန္ဓာကိုယ်, သူတစ်ပါးခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အထူးထူးအပြားပြားသော မစင်ဖြင့် ပြည့်သော၊ အောက်ခြေဖဝါးအပြင်မှ အထက်ဆံဖျားတိုင်အောင်, အထက်ဆံဖျားမှ အောက်ခြေဖဝါးအပြင်တိုင်အောင် အရေပါးအဆုံးအပိုင်းခြားရှိသော မိမိခန္ဓာကိုယ် သူတစ်ပါးခန္ဓာကိုယ်ကို ရှုဆင်ခြင်၏– "ဤခန္ဓာကိုယ်၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေ+အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှိ+နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်+အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်)+သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ+မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သည် ရှိကုန်၏"ဟု ရှုဆင်ခြင်၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသောပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံး မသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ မိမိခန္ဓာကိုယ်, သူတစ်ပါးခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၅၇။ "အဖန်ဖန်အထပ်ထပ်ရှုလျက်"ဟု ဆိုရာ၌ အဘယ်သည် အဖန်ဖန် အထပ်ထပ်ရှုခြင်း မည်သနည်း–

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်ခြင်း 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကိုအဖန်ဖန် အထပ်ထပ်ရှုခြင်းဟု ဆိုအပ်၏။ ဤအဖန်ဖန် အထပ်ထပ်ရှုသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုအပ်၏။

၃၅၈။ "နေ၏"ဟု ဆိုရာ၌ ဣရိယာပုတ်လေးပါးနှင့် ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏။ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၃၅၉။ "ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိလျက်" ဟု ဆိုရာ၌ အဘယ်သည်ကိလေသာကို ပူပန်စေတတ်သော တရား မည်သနည်း–

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏။ ဤသဘောကို ကိလေသာကို ပြင်းစွာပူပန်စေတတ်သော တရားဟု ဆိုအပ်၏၊ ဤကိလေသာကိုပြင်းစွာပူပန်စေတတ်သော ဝီရိယနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုအပ်၏။

၃၆၀။ "ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာ ရှိလျက်"ဟု ဆိုရာ၌ အဘယ်သည်ကောင်းစွာ အပြားအားဖြင့် သိသောတရား မည်သနည်း–

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤ သဘောကိုကောင်းစွာ အပြားအားဖြင့် သိသောတရားဟု ဆိုအပ်၏။ ဤကောင်းစွာ အပြားအားဖြင့် သိသောပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့် "ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ ရှိလျက်"ဟု ဆိုအပ်၏။

၃၆၁။ "အောက်မေ့တတ်သော သတိရှိလျက်"ဟု ဆိုရာ၌ အဘယ်သည် အောက်မေ့တတ်သောတရား မည်သနည်း–

အကြင်အောက်မေ့မှု 'သတိ' အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤအောက်မေ့တတ်သော သတိနှင့် ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်း သို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့တတ်သောသတိရှိလျက်" ဟု ဆိုအပ်၏။

၃၆၂။ "ခန္ဓာကိုယ်တည်းဟူသော လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကိုပယ်ဖျောက်၍"ဟု ဆိုရာ၌ အဘယ်သည် လောက မည်သနည်း။

ထို (ဆံပင်အစရှိသော) ရူပကာယသည်ပင်လျှင် လောကမည်၏။ (တစ်နည်း) ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်လည်း လောကမည်၏။ ဤသဘောကို လောကဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင် တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော မသာယာခြင်းသည်၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ ကြောင့်ဖြစ်သော မသာယာမှု ၊ ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ'ဟုဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ' ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ' ကိုလည်းကောင်းဤခန္ဓာကိုယ်တည်းဟူသော လောကၨ၌ ပယ်အပ်ကုန်၏၊ အထပ်ထပ် ပယ်အပ်ကုန်၏၊ ငြိမ်သက်စေအပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူးဖျက်ဆီးအပ်ကုန်၏၊ ခြောက်သွေ့စေအပ်ကုန်၏၊ အထူးခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် "ခန္ဓာကိုယ်တည်းဟူသော လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍"ဟု ဆိုအပ်၏။

ကာယာနုပဿနာအကျယ်ပြီးပြီ။

၁။ ပါဠိတော်၌ မတ္ထလုဂ်– မပါပါ၊ အဋ္ဌကထာ၌ ပါသည်။

♣

၂–ဝေဒနာနုပဿနာအကျယ်

မိမိ၏ခံစားမှု 'ဝေဒနာ' တို့၌ ရှုနည်း

၃၆၃။ အဘယ်သို့လျှင် ရဟန်းသည် မိမိ၏ ခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ' တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာသောခံစားမှု 'သုခဝေဒနာ'ကို ခံစားသည်ရှိသော် "(ငါသည်) ချမ်းသာသောခံစားမှု 'သုခဝေဒနာ'ကို ခံစား၏ ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲသောခံစားမှု 'ဒုက္ခဝေဒနာ'ကိုခံစားသည်ရှိသော် '(ငါသည်) ဆင်းရဲသောခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲ ချမ်းသာ မဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစားသည်ရှိသော် "(ငါသည်) ဆင်းရဲချမ်းသာ မဟုတ်သောခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော လူတို့၌ ဖြစ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမ ဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့် မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော လူတို့၌ ဖြစ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲ ချမ်းသာမဟုတ်သောခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုခံစား၏" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(ငါသည်) ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာ မဟုတ်သောခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၍ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါး ခံစားမှု 'ဝေဒနာ' တို့၌ မိမိ၏ စိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။ သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ရှုနည်း အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'ကို အဖန်ဖန် အထပ်ထပ်ရှုလျက်နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစားသော သူတစ်ပါးကို "(သူသည်) ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုခံစားသော သူတစ်ပါးကို "(သူသည်) ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲချမ်းသာမဟုတ်သောခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစားသော သူတစ်ပါးကို "(သူသည်) ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစား၏" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကိုလည်း ခံစားသောသူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကိုလည်း ခံစားသောသူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း ခံစားသော သူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း ခံစားသည်ရှိသော် "(သူသည်) ကာမဂုဏ်နှင့် မစပ်သောဆင်းရဲခံစားမှု 'ဒုက္ခ ဝေဒနာ'ကို ခံစား၏"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း ခံစားသောသူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုခံစား၏" ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာမဟုတ်သောခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း ခံစားသော သူတစ်ပါးကို "(သူသည်) ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို ခံစား၏" ဟု ပိုင်းခြား၍ သိ၏။

ထိုရဟန်းသည် (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (ခံစားမှု ဝေဒနာတည်းဟူသော) အာရုံကို မှီဝဲ၍ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ' တို့၌ စိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။ မိမိသူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာခံစားမှု 'သုခဝေဒနာ'ကို "ချမ်းသာခံစားမှု 'သုခ ဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကို "ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'"ဟု ပိုင်းခြား၍သိ၏။ ဆင်းရဲ ချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကို "ဆင်းရဲချမ်းသာမဟုတ် သော ခံစားမှု 'ဥပေက္ခာဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'ကိုလည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာ ခံစားမှု 'သုခဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ' ကိုလည်း "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှု 'သုခဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း "ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'ကိုလည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမ ှု 'ဥပေက္ခာဝေဒနာ'ကိုလည်း

"ကာမဂုဏ်နှင့်စပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'ကိုလည်း "ကာမဂုဏ်နှင့် မစပ်သောဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'ဥပေက္ခာဝေဒနာ'"ဟု ပိုင်းခြား၍ သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၽ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါးခံစားမှု 'ဝေဒနာ'တို့ၽ် ခံစားမှု 'ဝေဒနာ'ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၄။ "အဖန်ဖန် အထပ်ထပ် ရှုလျက်" ဟု ဆိုရာၽ်။ပ။–

"နေ၏"ဟု ဆိုရာၽ်။ပ။–

"ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုရာၽ်။ပ။–

"ကောင်းစွာအပြားအားဖြင့်သိသောပညာရှိလျက်"ဟု ဆိုရာၽ်။ပ။–

"အောက်မေ့မှု သတိရှိလျက်"ဟု ဆိုရာၽ်။ပ။–

"ခန္ဓာကိုယ်တည်းဟူသော လောကၽ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍"ဟု ဆိုရာၽ် အဘယ်သည် လောက မည်သနည်း။

ထိုခံစားမှု 'ဝေဒနာ'သည်ပင်လျှင် လောက မည်၏။ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် လည်းလောကမည်၏။ ဤသဘောကို လောကဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင်စိတ်ၽ် ဖြစ်သော မသာယာခြင်းသည်၊ စိတ်ၽ် ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကိုခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ'ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ'ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ'ကိုလည်းကောင်း ဤ (ခန္ဓာကိုယ်တည်းဟူသော) လောကၽ် ပယ်အပ်ကုန်၏။ အထပ်ထပ်ပယ်အပ်ကုန်၏။ ငြိမ်သက်စေအပ်ကုန်၏။ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏။ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏။ ဖျက်ဆီးအပ်ကုန်၏။ အထူးဖျက်ဆီးအပ်ကုန်၏။ ခြောက်သွေ့စေအပ်ကုန်၏။ အထူး ခြောက်သွေ့စေအပ်ကုန်၏။ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် "(ခန္ဓာကိုယ် တည်းဟူသော) လောကၽ် တပ်မက်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ'ကိုပယ်ဖျောက်၍"ဟု ဆိုအပ်၏။

ဝေဒနာနုပဿနာအကျယ်ပြီးပြီ။

၃–စိတ္တာနုပဿနာအကျယ်

မိမိစိတ်၌ ရှုနည်း

၃၆၅။ အဘယ်သို့လျှင် ရဟန်းသည် မိမိ၏ စိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။ ဤသာသနာတော်၌ ရဟန်းသည် တပ်မက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည်တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကို လည်း "ငါ၏ စိတ်သည် တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမျက်ထွက်မှု 'ဒေါသ'နှင့်တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်း "ငါ၏ စိတ်သည်အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်ကိုလည်း "ငါ၏ စိတ်သည် အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်"ဟူ၍ သိ၏။

(ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော) တွန့်ဆုတ်သော 'သံခိတ္တ' စိတ်ကိုလည်း "ငါ၏ စိတ် သည် (ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော) တွန့်ဆုတ်သော 'သံခိတ္တ'စိတ်"ဟူ၍ သိ၏။ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခတ္တ' စိတ်ကိုလည်း "ငါ၏ စိတ်သည် 'ဥဒ္ဓစ္စ'နှင့် တကွဖြစ်သောပျံ့လွင့်သော 'ဝိက္ခိတ္တ'စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "ငါ၏ စိတ်သည် မြင့်မြတ်သည်၏အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "ငါ၏ စိတ်သည် မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ'စိတ်"ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "ငါ၏ စိတ်သည်မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်"ဟူ၍ သိ၏။ မိမိထက်သာလွန်သောတရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း "ငါ၏ စိတ်သည် မိမိထက်သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်"ဟူ၍ သိ၏။ တည်ကြည်သော 'သမာဟိတ'စိတ်ကိုလည်း "ငါ၏ စိတ်သည် တည်ကြည်သော 'သမာဟိတ'စိတ်ဟူ၍သိ၏။ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း "ငါ၏ စိတ်သည် မတည်ကြည်သော 'အသမာဟိတ' စိတ်"ဟူ၍ သိ၏။

(တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း "ငါ၏ စိတ်သည် လွတ်မြောက် သော 'ဝိမုတ္တ'စိတ်ဟူ၍ သိ၏။ (တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်း "ငါ၏စိတ်သည် မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်"ဟူ၍ သိ၏။ ထိုရဟန်းသည် (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါး၏စိတ်၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။

သူတစ်ပါးစိတ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးစိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် ထိုသူ၏ တပ်မက်မှု 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်ကိုလည်း "အမျက်ထွက်မှု 'ဒေါသ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ဟူ၍ သိ၏။ ထိုသူ၏အမှန်ကို မသိမှု 'မောဟ'နှင့်တကွ ဖြစ်သော စိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်ကိုလည်း "အမှန်ကိုမသိမှု 'မောဟ' ကင်းသော စိတ်"ဟူ၍ သိ၏။ ထိုသူ၏ ထိုင်း မှိုင်းခြင်းထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်ကိုလည်း "ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း "ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခတ္တ' စိတ်"ဟူ၍သိ၏။ ထိုသူ၏ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ မြင့်မြတ်သည်၏အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ မိမိထက်သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "မိမိထက်သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ဟူ၍ သိ၏။ ထိုသူ၏ မိမိထက်သာလွန်သောတရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း "မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်"ဟူ၍ သိ၏။ ထိုသူ၏ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း "တည်ကြည်သော 'သမာဟိတ' စိတ်"ဟူ၍သိ၏။ ထိုသူ၏ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း "မတည်ကြည်သော အသမာဟိတ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ (တဒင်္ဂဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း "လွတ်မြောက်သော 'ဝိမုတ္တ'စိတ်"ဟူ၍ သိ၏။ ထိုသူ၏ (တဒင်္ဂဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်း "မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်"ဟူ၍ သိ၏။ ထိုရဟန်းသည် (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (စိတ်တည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍ အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ မိမိ, သူတစ်ပါးစိတ်၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။

မိမိသူတစ်ပါးစိတ်၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါးစိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ တပ်မက်မှု 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်မှု 'ရာဂ'ကင်းသော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ'နှင့် တကွဖြစ်သော စိတ်ကိုလည်း "အမျက်ထွက်မှု 'ဒေါသ' နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်ကိုလည်းအမျက်ထွက်မှု 'ဒေါသ' ကင်းသော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သောစိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' နှင့် တကွဖြစ်သော စိတ်"ဟူ၍ သိ၏။ အမှန်ကို မသိမှု 'မောဟ'ကင်းသော စိတ်ကိုလည်း "အမှန်ကို မသိမှု 'မောဟ' ကင်းသော စိတ်"ဟူ၍ သိ၏။ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်ကိုလည်း "ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓနှင့် တကွဖြစ်သော တွန့်ဆုတ်သော 'သံခိတ္တ'စိတ်"ဟူ၍ သိ၏။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း "ဥဒ္ဓစ္စနှင့် တကွဖြစ်သော ပျံ့လွင့်သော 'ဝိက္ခိတ္တ' စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း "မြင့်မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'စိတ်"ဟူ၍ သိ၏။ မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ' စိတ်ကိုလည်း "မြင့်မြတ်သည်၏ အဖြစ်သို့ မရောက်သော 'ကာမာဝစရ'စိတ်"ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်ကိုလည်း "မိမိထက် သာလွန်သော တရားရှိသော 'သဥတ္တရ' (ကာမာဝစရ) စိတ်"ဟူ၍ သိ၏။ မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ကိုလည်း မိမိထက် သာလွန်သော တရားမရှိသော 'အနုတ္တရ' (မဟဂ္ဂုတ်) စိတ်ဟူ၍ သိ၏။ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း "တည်ကြည်သော 'သမာဟိတ' စိတ်"ဟူ၍ သိ၏။ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း "မတည်ကြည်သော 'အသမာဟိတ'စိတ်"ဟူ၍ သိ၏။

(တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း "လွတ်မြောက်သော 'ဝိမုတ္တ'စိတ်"ဟူ၍ သိ၏။ (တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်) မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း "မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်"ဟူ၍ သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၽ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါးစိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၆။ "အဖန်ဖန် အထပ်ထပ် ရှုလျက်"ဟု ဆိုရာ၌။ပ။–

"နေ၏"ဟု ဆိုရာ၌။ပ။–

"ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုရာ၌။ပ။–

"ကောင်းစွာအပြားအားဖြင့်သိသော ပညာရှိလျက်"ဟု ဆိုရာ၌။ပ။–

"အောက်မေ့မှု သတိရှိလျက်"ဟု ဆိုရာ၌။ပ။–

"လောကၽ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍"ဟု ဆိုရာ၌– အဘယ်သည် လောက မည်သနည်း။

ထိုစိတ်သည်ပင်လျှင် လောကမည်၏၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း လောကမည်၏။

ထိုတရားတို့တွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော မသာယာခြင်းသည်၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု ဆင်းရဲမှုကိုခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ'ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ'ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ'ကိုလည်းကောင်းဤ (ခန္ဓာကိုယ်တည်းဟူသော) လောက၌ ပယ်အပ်ကုန်၏၊ အထပ်ထပ်ပယ်အပ်ကုန်၏၊ ငြိမ်သက်စေအပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူးဖျက်ဆီးအပ်ကုန်၏၊ ခြောက်သွေ့စေအပ်ကုန်၏၊ အထူးခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင် ပြုအပ်ကုန်၏။ ထို့ကြောင့် (ခန္ဓာကိုယ်တည်းဟူသော) လောက၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ဟု ဆိုအပ်၏။

စိတ္တာနုပဿနာအကျယ်ပြီးပြီ။

၄–ဓမ္မာနုပဿနာအကျယ်

မိမိသန္တာန်၌ ဖြစ်သော နိဝရဏတရားတို့၌ ရှုနည်း

၃၆၇။ ရဟန်းသည် အဘယ်သို့လျှင် မိမိသန္တာန်၌ (ဖြစ်သော) တရားတို့၌ တရားတို့ကို အဖန်ဖန်အထပ်ထပ်ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ (မပြတ်ဖြစ်သောအားဖြင့်) ထင်ရှားရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ငါ၏ သန္တာန်၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ငါ၏ သန္တာန်၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

ပယ်ပြီးသောကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

၂။ မိမိသန္တာန်၌ ထင်ရှားရှိသော အမျက်ထွက်မှု 'ဒေါသ'ကို။ပ။

၃။ မိမိသန္တာန်၌ ထင်ရှားရှိသော ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ မိမိသန္တာန်၌ ထင်ရှားရှိသော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း။ပ။

၅။ မိမိသန္တာန်၌ ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ငါ၏ သန္တာန်၌ ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ငါ၏ သန္တာန်၌ ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်ခြင်း၏ အကြောင်းကိုလည်းသိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်းအကြောင်းကိုလည်းသိ၏။

၂။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၃။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၄။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၅။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော စိတ်စေတသိက်တို့၏ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၆။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' ကိုလည်း။ပ။

၇။ မိမိသန္တာန်၌ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော

လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ မိမိသန္တာန်၌ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'ကိုလည်း "ငါ၏ သန္တာန်၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကိုသိကြောင်း ဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်းအကြောင်းကိုလည်း သိ၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြား မှတ်သား၍ သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။

သူတစ်ပါးသန္တာန်၌ ဖြစ်သော နီဝရဏတရားတို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် သူတစ်ပါးသန္တာန်၌ (ဖြစ်သော) တရားတို့၌ တရားတို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် ထိုသူ၏ (သန္တာန်၌) (မပြတ်ဖြစ်သောအားဖြင့်) ထင်ရှား ရှိသောကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ထိုသူ၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ' ကိုလည်း "ထိုသူ၌ ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်းသိ၏။

၂။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော အမျက်ထွက်မှု 'ဗျာပါဒ'ကိုလည်း။ပ။

၃။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ', နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း။ပ။

၅။ ထိုသူ၏ (သန္တာန်၌) ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ထိုသူ၌ ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္တာန်၌) ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ထိုသူ၌ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ခြင်း၏ အကြောင်းကိုလည်းသိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါ မဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္မောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္မောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု 'သတိသမ္မောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္မောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု 'သတိသမ္မောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္မောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။

၂။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္မောဇ္ဈင်'ကိုလည်း။ပ။

၃။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်' ကိုလည်း။ပ။

၄။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္မောဇ္ဈင်' ကိုလည်း။ပ။

၅။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော စိတ်စေတသိက် တို့၏ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္မောဇ္ဈင်'ကိုလည်း။ပ။

၆။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္မောဇ္ဈင်'ကိုလည်း။ပ။

၇။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ ထိုသူ၏ (သန္ဓာန်၌) ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်'ကိုလည်း "ထိုသူ၌ သစ္စာလေးပါးကို သိကြောင်းဖြစ်သောလျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်' သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသောသစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္မောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာ ပြု၏၊ ကောင်းစွာ ပိုင်းခြား မှတ်သား၏။ ထိုရဟန်းသည် ထို (တရားတည်းဟူသော) အာရုံကို မှီဝဲ၍ ပွါးများ၍အကြိမ်များစွာ ပြု၍ ကောင်းစွာ ပိုင်းခြားမှတ်သား၍ မိမိ, သူတစ်ပါးသန္ဓာန်၌ ဖြစ်သော တရားတို့၌ မိမိစိတ်ကို ဆောင်၍ ထား၏၊ ညွှတ်စေ၏။

မိမိ, သူတစ်ပါးသန္ဓာန်၌ ဖြစ်သောနိဝရဏတရားတို့၌ ရှုနည်း

အဘယ်သို့လျှင် ရဟန်းသည် မိမိ, သူတစ်ပါးသန္ဓာန်၌ ဖြစ်သော တရားတို့၌ တရားတို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

၁။ ဤသာသနာတော်၌ ရဟန်းသည် ထင်ရှားရှိသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ကာမဂုဏ်ကိုလိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော ကာမဂုဏ်ကိုလိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကိုလည်း "ကာမဂုဏ်ကို လိုချင်နှစ်သက်မှုကာမစ္ဆန္ဒ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ ဖြစ်ပေါ်ခြင်း အကြောင်းကို လည်း သိ၏။ ဖြစ်ပေါ်ပြီးသော ကာမဂုဏ်ကို လိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'ကို ပယ်ခြင်းအကြောင်းကိုလည်း သိ၏။ ပယ်ပြီး သော ကာမဂုဏ်ကိုလိုချင်နှစ်သက်မှု 'ကာမစ္ဆန္ဒ'၏ နောင်အခါ မဖြစ်ပေါ်ခြင်း၏အကြောင်းကိုလည်း သိ၏။

၂။ ထင်ရှားရှိသော အမျက်ထွက်မှု 'ဗျာပါဒ'ကိုလည်း။ပ။

၃။ ထင်ရှားရှိသော စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကိုလည်း။ပ။

၄။ ထင်ရှားရှိသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ'ကိုလည်း။ပ။

၅။ ထင်ရှားရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ'ကိုလည်း "ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း "ယုံမှားမှု 'ဝိစိကိစ္ဆာ'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ဖြစ်ပေါ်ခြင်းအကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ ပယ်ခြင်းအကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ယုံမှားမှု 'ဝိစိကိစ္ဆာ'၏ နောင်အခါမဖြစ်ခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သော ဗောဇ္ဈင်တရားတို့၌ ရှုနည်း

၁။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုလည်း "သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုလည်း "သစ္စာလေးပါးကိုသိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်းသိ၏။ ဖြစ်ပေါ်ပြီးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'ကိုပွါးများခြင်း၏ ပြည့်စုံခြင်းအကြောင်းကိုလည်း သိ၏။

၂။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၃။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၄။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၅။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော စိတ်စေတသိက်တို့၏ ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'ကိုလည်း။ပ။

၆။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဘောဇ္ဈင်'ကို လည်း။ပ။

၇။ ထင်ရှားရှိသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'ကိုလည်းလျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'သည် ရှိ၏"ဟူ၍ သိ၏။ ထင်ရှားမရှိသော သစ္စာလေးပါးကိုသိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'ကိုလည်း သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'သည် မရှိ"ဟူ၍ သိ၏။ မဖြစ်သေးသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'၏ ဖြစ်ပေါ်ခြင်း အကြောင်းကိုလည်း သိ၏။ ဖြစ်ပေါ်ပြီးသောသစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဘောဇ္ဈင်'ကို ပွါးများခြင်း၏ ပြည့်စုံခြင်း အကြောင်းကိုလည်း သိ၏။ ဤသို့ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကဌ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ မိမိ, သူတစ်ပါးဌ် ဖြစ်သော တရားတို့ဌ် တရားတို့ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

၃၆၈။ "အဖန်ဖန် အထပ်ထပ် ရှုလျက်"ဟု ဆိုရာဌ် အဘယ်သည် အဖန်ဖန် အထပ်ထပ်ရှုခြင်း မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကိုအဖန်ဖန် အထပ်ထပ်ရှုခြင်းဟု ဆိုအပ်၏၊ ဤအဖန်ဖန်အထပ်ထပ်ရှုသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အဖန်ဖန် အထပ်ထပ်ရှုလျက်" ဟု ဆိုအပ်၏။

၃၆၉။ "နေ၏"ဟု ဆိုရာဌ် ဣရိယာပုထ်လေးပါးနှင့်ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုတ်တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၃၇၀။ "ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လရှိလျက်"ဟု ဆိုရာဌ် အဘယ်သည်ကိလေသာကို ပူပန်စေတတ်သောတရား မည်သနည်း။

အကြင်စိတ်ဌ် ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို ကိလေသာကို ပြင်းစွာပူပန်စေတတ်သောတရားဟု ဆိုအပ်၏၊ ဤကိလေသာကိုပူပန်စေတတ်သော ဝီရိယနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာပြည့်စုံခြင်းသို့ ရောက်၏၊ ။ ထို့ကြောင့် "ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လရှိလျက်"ဟုဆိုအပ်၏။

၃၇၁။ "ကောင်းစွာအပြားအားဖြင့် သိသော ပညာရှိလျက်"ဟု ဆိုရာဌ် အဘယ်သည် ကောင်းစွာအပြားအားဖြင့် သိသောတရား မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အပြားအားဖြင့် သိသောတရားဟု ဆိုအပ်၏။ ဤကောင်းစွာ

အပြားအားဖြင့်သီသော ပညာနှင့် ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကောင်းစွာ အပြားအားဖြင့် သီသော ပညာရှိလျက်"ဟု ဆိုအပ်၏။

၃၇။ "အောက်မေ့မှု 'သတိ'ရှိလျက်"ဟု ဆိုရာ၌ အဘယ်သည် အောက်မေ့တတ်သောတရား မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို အောက်မေ့တတ်သော တရားဟု ဆိုအပ်၏။ ဤအောက်မေ့တတ်သော သတိနှင့် ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်း သို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့မှု သတိရှိလျက်" ဟု ဆိုအပ်၏။

၃၇၃။ "လောကဌ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍" ဟု ဆိုရာ၌ အဘယ်သည် လောက မည်သနည်း။

ထိုနီဝရဏစသောတရားတို့သည်ပင်လျှင် လောက မည်၏။ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း လောက မည်၏။ ဤသဘောကို လောကဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင်စိတ်ဌ် ဖြစ်သော မသာယာခြင်းသည် စိတ်ဌ် ဖြစ်သော ဆင်းရဲခြင်း စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု, ဆင်းရဲမှုကို ခံစားခြင်းသည် စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှု, ဆင်းရဲမှုကိုခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို နှလုံးမသာယာမှု 'ဒေါမနဿ'ဟု ဆိုအပ်၏။

ဤသို့ ဤတပ်မက်မှု 'အဘိဇ္ဈာ' ကိုလည်းကောင်း၊ ဤနှလုံးမသာယာမှု 'ဒေါမနဿ' ကိုလည်းကောင်းဤ (ခန္ဓာကိုယ်တည်းဟူသော) လောကဌ် ပယ်အပ်ကုန်၏၊ အထပ်ထပ် ပယ်အပ်ကုန်၏၊ ငြိမ်သက် စေအပ်ကုန်၏၊ ငြိမ်းစေအပ်ကုန်၏၊ အထူးသဖြင့် ငြိမ်းစေအပ်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်၏၊ ဖျက်ဆီးအပ်ကုန်၏၊ အထူးဖျက်ဆီးအပ်ကုန်၏၊ ခြောက်သွေ့စေအပ်ကုန်၏၊ အထူးခြောက်သွေ့စေအပ်ကုန်၏၊ ကင်းအောင်ကို ပြုအပ်ကုန်၏။ ထို့ကြောင့် "(ခန္ဓာကိုယ်တည်းဟူသော) လောကဌ် တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍" ဟုဆိုအပ်၏။

ဓမ္မာနုပဿနာ အကျယ်ပြီးပြီ။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားအပ်သော သုတ္တန္တဘာဇနီယနည်းပြီးပြီ။

၂– အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

ကုသိုလ်သတိပဋ္ဌာန်လေးပါး

၃၇။ သတိပဋ္ဌာန်လေးပါးတို့ကား– ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ခံစားမှု 'ဝေဒနာ'တို့၌ (ချမ်းသာစသော) ခံစားမှု 'ဝေဒနာ'ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကိုအဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ဖြစ်ပေါ်လာသော တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားကိုအဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

လောကုတ္တရာကုသိုလ်စိတ်၌ အဘိဓမ္မာဘာဇနီယနည်း

(၁) ကာယာနုပဿနာ

၃၇၅။ အဘယ်သို့လျှင် ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သောအောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္မယုတ္တ) တရားတို့ မည်ကုန်၏။

(၂) ဝေဒနာနုပဿနာ။

၃၇၆။ အဘယ်သို့လျှင် ရဟန်းသည် ခံစားမှု 'ဝေဒနာ' တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကိုအဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ခံစားမှု 'ဝေဒနာ' တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော

ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့်ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

(၃) စိတ္တာနုပဿနာ

၃၇၇။ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂုဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စိတ်၌ ဖြစ်ပေါ်လာသည့် ရာဂစသောစိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသောအသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော

(သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

(၄) ဓမ္မာနုပဿနာ

၃၇၈။ အဘယ်သို့လျှင် ရဟန်းသည် (ဖြစ်ပေါ်လာသော) တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားတို့ကိုအဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂုဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသောတရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

သတိပဋ္ဌာန်အရကောက်

၃၇၉။ ထိုတရားတို့တွင် အဘယ်သည် သတိပဋ္ဌာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္မယုတ္တ) တရားတို့ မည်ကုန်၏။

ဝိပါက်သတိပဋ္ဌာန်လေးပါး

၃၈၀။ သတိပဋ္ဌာန်လေးပါးတို့ကား–

ဤသာသနာတော်၌ ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန်အထပ်ထပ်ရှုလျက် နေ၏။ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'ဟု အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ (ဖြစ်ပေါ်လာသော) တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၁) ကာယာနုပဿနာ

၃၈၁။ အဘယ်သို့လျှင် ရဟန်းသည် ခန္ဓာကိုယ်၌ (ဆံပင်စသော) ကိုယ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ခန္ဓာကိုယ်၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု

'သတိသမ္ဘောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

(၂) ဝေဒနာနုပဿနာ

၃၈၂။ အဘယ်သို့လျှင် ရဟန်းသည် ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကိုအဖန်ဖန် အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ခံစားမှု 'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး ဝိပါက်ဖြစ်သောပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု 'သတိသမ္ဘောဇ္ဈင်' သည် ရှိ၏။ ဤသဘောကိုသတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

(၃) စိတ္တာနုပဿနာ

၃၈၃။ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန်အထပ်ထပ်ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ စိတ်၌ စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသောအသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော၊ အောက်မေ့မှု 'သတိသမ္ဘောဇ္ဈင်' သည် ရှိ၏။

ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

(၄) ဓမ္မာနုပဿနာ

၃၈၄။ အဘယ်သို့လျှင် ရဟန်းသည် တရားတို့၌ ကာမစ္ဆန္ဒစသော တရားတို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

တရားတို့၌ သဘောတရားတို့ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟုဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာနသမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

သတိပဋ္ဌာန်အရကောက်

၃၈၅။ ထိုတရားတို့တွင် အဘယ်သည် သတိပဋ္ဌာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်တရားကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။ သတိမှ ကြွင်းသော တရားတို့သည် သတိပဋ္ဌာန်နှင့် ယှဉ်သော (သတိပဋ္ဌာန သမ္ပယုတ္တ) တရားတို့ မည်ကုန်၏။

အဘိမ္မေဘာဇနီယနည်းပြီးပြီ။

၃– ပဠာဝပုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

သတိပဋ္ဌာန်လေးပါး

၃၈၆။ သတိပဋ္ဌာန်လေးပါးတို့ကား–

(၁) ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာအပြားအားဖြင့် သိသော ပညာ, အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ကိုယ်ခန္ဓာ၌ (ဆံပင်စသော) ရုပ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။

(၂) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ခံစားမှု 'ဝေဒနာ'တို့၌ ချမ်းသာစသော ခံစားမှု 'ဝေဒနာ'တို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေ၏။

(၃) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ စိတ်၌ (ဖြစ်ပေါ်လာသည့် ရာဂစသော) စိတ်ကို အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။

(၄) ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လ, ကောင်းစွာ အပြားအားဖြင့်သိသော ပညာ, အောက်မေ့မှု 'သတိ'ရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ တရားတို့၌ (ကာမစ္ဆန္ဒစသော) တရားတို့ကို အဖန်ဖန်အထပ်ထပ် ရှုလျက် နေ၏။

သတိပဋ္ဌာန်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

တိက်၂၂–ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ။

၃၈၇။ သတိပဋ္ဌာန်လေးပါးတို့တွင်–

ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန် သနည်း။ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

မှတ်ချက်။ ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁–တိက်နှင့် ဟေတုဒုက်မှ သဉ္ဇတ္တရဒုက်အထိ ၉၉–ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

ဒုက်၁၀၀ တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက်–၂၂–ပါးတို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ။ ၃၈၈။ (သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ ကုသိုလ် ဖြစ်ကုန်၏၊ ရံခါ အဗျာကတ ဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေ။ ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်အဖြေ။ ရံခါ အချင်းချင်းထူးကုန်သော (ကုသိုလ်အကုသိုလ်တို့၏) အကျိုး 'ဝိပါက်' ဖြစ်ကုန်၏။ ရံခါ အကျိုး ကိုဖြစ်စေတတ်သော သဘောတရား ဖြစ်ကုန်၏။

(၄) ဥပါဒိန္နတိက်အဖြေ။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်အဖြေ။ ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန်။

(၆) ဝိတက္ကတိက်အဖြေ။ ရံခါ ဝိတက်နှင့်လည်း တကွ၊ ဝိစာရနှင့်လည်း တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ပီတိတိက်အဖြေ။ ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်ကုန်၏။

(၈) ဒဿနတိက်အဖြေ။ သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်းမဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်အဖြေ။ သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုသည် ပယ်အပ် သောဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) **အာစယဂါမိတိက်အဖြေ။** ရဲခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) **သေက္ခတိက်အဖြေ။** ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရဲခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

(၁၂) **ပရိတ္တတိက်အဖြေ။** နှုတ်ယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

(၁၃) **ပရိတ္တာရမ္မဏတိက်အဖြေ။** အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုကုန်၏။

(၁၄) **ဟီနတိက်အဖြေ။** (အယုတ်, အလတ်, အမြတ်တို့တွင်) အမြတ်ဖြစ်ကုန်၏။

(၁၅) **မိစ္ဆတ္တတိက်အဖြေ။** ရဲခါ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ ရဲခါ နှစ်ပါးသောအခြင်းအရာအားဖြင့် အကျိုးပေး မမြဲကုန်။

(၁၆) **မဂ္ဂါရမ္မဏတိက်အဖြေ။** မဂ်ကို အာရုံမပြုမူ၍ ရဲခါ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏။ ရဲခါမဂ်ဟု ဆိုအပ် သောအဓိပတိပစ္စည်း ရှိကုန်၏။ ရဲခါ မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၇) **ဥပ္ပန္နတိက်အဖြေ။** ရဲခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရဲခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ရဲခါဖြစ်လတ္တံ့ဖြစ်ကုန်၏။

(၁၈) **အတီတတိက်အဖြေ။** ရဲခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရဲခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရဲခါဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) **အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)။** ဖြစ်ပြီး 'အတိတ်'ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂါတ်'ကိုအာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) **အဇ္ဈတ္တတိက်အဖြေ။** ရဲခါ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်ကုန်၏။ ရဲခါ အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ ရဲခါ အတွင်း အပ'အဇ္ဈတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) **အဇ္ဈတ္တာရမ္မဏတိက်အဖြေ။** အပ 'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏။

(၂၂) **အနိဒဿနတိက်အဖြေ။** မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

၃၈၉။ (သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်မမည်ကုန်။

(၂) သဟေတုကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

စူဠန္တရဒုက်အဖြေ

(၇) သပ္ပစ္စယဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းနှင့်တကွ ဖြစ်ကုန်၏။

(၈) သခ်ံတဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည်ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

(၁၁) ရူပီဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကီယာဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) လောကမှလွတ်မြောက်တတ်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(သတိပဋ္ဌာန်လေးပါးတို့ကို) အာသဝလည်းမည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့ကို) အာသဝလည်း မည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ထဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈–၄၃) ယောဂဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄–၄၉) နီဝရဏဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀–၅၄) ပရာမာသဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကကဲ့သို့ ဖော်၍ ဟောရမည်။

မဟာန္တရဒုက်အဖြေ

(၅၅) သာရမ္ဘဏဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်ကြောင့်ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘုဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်းအစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၆) အမ္ဗတ္ထိကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အပ'ဗဟိဒ္ဓ'၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

မှတ်ချက်။ ။ ဥပါဒါနဂေါစ္ဆကနှင့် ကိလေသဂေါစ္ဆကခွဲ ပေယျာလတို့ကို အာသဝဂေါစ္ဆကကဲ့သို့ ဖော်၍ ဟောပါလေ။

ပိဋ္ဌိဒုက်အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ ဝိတက်နှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်နှင့် တကွ မဖြစ်ကုန်။

(၈၈) သဝိစာရဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ ဝိစာရနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိစာရနှင့် တကွ မဖြစ်ကုန်။

(၈၉) သပ္ပီတိကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ ပီတိရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါပီတိနှင့် တကွ ဖြစ်ကုန်၏။ ရံခါပီတိနှင့် တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

(၉၅) အရူပါဝစရဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အချို့ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊ အချို့ ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်း မဖြစ်ကုန်။

(၉၈) နိယတဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) အချို့ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ အချို့ အကျိုးပေးမမြဲကုန်။

(၉၉) သဥတ္တရဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

(၁၀၀) သရဏဒုက်

(သတိပဋ္ဌာန်လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

သတိပဋ္ဌာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော ပဌာဝုဒ္ဓကနည်းပြီး၏။

သတိပဋ္ဌာန်လေးပါးတို့ကိုဝေဖန်၍ ပြသော သတိပဋ္ဌာန်ဝိဘင်းပြီး၏။

၈–သမ္မပ္ပဓာနဝိဘင်

(သမ္မပ္ပဓာန်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန်လေးပါး

(တရားအားထုတ်ခြင်း လုံ့လ လေးမျိုး)

(၁) အကုသိုလ်မဖြစ်ရန် ကြိုးစားမှု

၃၉၀။ တရားအားထုတ်ခြင်း 'သမ္မပ္ပဓာန်' လေးပါးတို့ကား– ဤသာသနာတော်၌ ရဟန်းသည်မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု

ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု

မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၄) ကုသိုလ်တည်တံ့တိုးပွါးရန် ကြိုးစားမှု

ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန်ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

သမ္မပ္ပဓာန်လေးပါးအကျယ်

(၁) အကုသိုလ်မဖြစ်ရန် ကြိုးစားမှု အကျယ်။

၃၉၁။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်အောင်ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ်သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မည်သနည်း။

လိုချင်တပ်မက်မှု 'လောဘ'၊ ကြမ်းတမ်းမှု 'ဒေါသ'၊ တွေဝေမှု (အမှန်မသိမှု) 'မောဟ'ဟု ဆိုအပ်သောအကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးနှင့် အတူဖြစ်သော ကိလေသာတို့သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးနှင့် ယှဉ်သော ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ'သည်လည်းကောင်း ရှိ၏။ ဤတရားတို့ကို မဖြစ် သေးသောအကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤမဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လ ထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၃၉၂။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ်ဖြစ်ပေါ်စေ၏၊ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၃၉၃။ "လုံ့လပြု၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏၊ ကောင်းစွာ ပြည့်စုံစေ၏၊ ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏"ဟု ဆိုအပ်၏။

၃၉၄။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏၊ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လကို ထုတ်၏၊ ကောင်းစွာ အားထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏၊ ထို့ကြောင့် "လုံ့လကို ထုတ်၏" ဟု ဆိုအပ်၏။

၃၉၅။ "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ်ထောက်ပံ့၏၊ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုအပ်၏။

၃၉၆။ "အဆက်မပြတ်အားထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အဆက် မပြတ်အားထုတ်၏"ဟု ဆိုအပ်၏။

(၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု အကျယ်။

၃၉၇။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကိုဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ မည်ကုန်သနည်း။

လိုချင်တပ်မက်မှု 'လောဘ'၊ ကြမ်းတမ်းမှု 'ဒေါသ'၊ တွေဝေမှု (အမှန်မသိမှု) 'မောဟ' ဟု ဆိုအပ်သော အကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးနှင့် အတူဖြစ်သော ကိလေသာတို့သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည်လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ'သည်လည်းကောင်း ရှိ၏။ ဤတရားတို့ကို ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ဟု

ဆိုအပ်ကုန်၏။ ဤသို့ ဤဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၃၉၈။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ်ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၃၉၉။ "လုံ့လပြု၏" ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် လုံ့လပြု၏ ဟုဆိုအပ်၏။

၄၀၀။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လကို ထုတ်၏၊ ကောင်းစွာ ထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် "လုံ့လကို ထုတ်၏"ဟု ဆိုအပ်၏။

၄၀၁။ "စိတ်ကိုမြှောက်ပင့်၏"ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ်ထောက်ပံ့၏။ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုအပ်၏။

၄၀၂။ "အဆက်မပြတ်အားထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အဆက်မပြတ်အားထုတ်၏" ဟု ဆိုအပ်၏။

(၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု အကျယ်

၄၀၃။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကိုဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် မဖြစ်သေးသော ကုသိုလ်တရားတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ မကြမ်းတမ်းမှု 'အဒေါသ'၊ မတွေဝေမှု (အမှန်သိမှု) 'အမောဟ' ဟုဆိုအပ်သော ကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ' သည်လည်းကောင်း ရှိ၏။ ဤတရား တို့ကို မဖြစ်သေးသော ကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤမဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၀၄။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏"ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏"ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏"ဟု ဆိုရာ၌။ပ။

"အဆက်မပြတ်အားထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် "အဆက်မပြတ်အားထုတ်၏" ဟု ဆိုအပ်၏။

(၄) ကုသိုလ်တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

၄၀၅။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန်များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ်သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ မကြမ်းတမ်းမှု 'အဒေါသ'၊ မတွေဝေမှု (အမှန်သိမှု) 'အမောဟ' ဟုဆိုအပ်သော ကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့်

ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ' သည်လည်းကောင်း ရှိ၏။ ဤတရားတို့ကို ဖြစ်ပြီးသော ကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၄၀၆။ "တည်တံ့ရန်"ဟု ဆိုရာ၌ တည်တံ့ခြင်းဟူသည် မပျောက်ပျက်ခြင်းတည်း၊ မပျောက်ပျက်ခြင်းဟူသည် များစွာဖြစ်ပွါးခြင်းတည်း၊ များစွာဖြစ်ပွါးခြင်းဟူသည် ပြန့်ပြောခြင်းတည်း၊ ပြန့်ပြောခြင်းဟူသည်တိုးပွါးခြင်းတည်း၊ တိုးပွါးခြင်းဟူသည် ပြည့်စုံခြင်းတည်း။

၄၀၇။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏" ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏" ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏" ဟု ဆိုရာ၌။ပ။

"အဆက်မပြတ်အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် အဆက်မပြတ်အားထုတ်၏ ဟု ဆိုအပ်၏။

သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော သုတ္တန္တဘာဇနီယနည်း ပြီး၏။

၂–အဘိဓမ္မဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန်လေးပါး

(တရားအားထုတ်ခြင်းလေးမျိုး)

(၁) အကုသိုလ်မဖြစ်ရန်ကြိုးစားမှု

၄၀၈။ တရားအားထုတ်ခြင်း (သမ္မပ္ပဓာန်) လေးပါးတို့ကား– ဤသာသနာတော်၌ ရဟန်းသည်မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၂) အကုသိုလ်ပယ်ရန်ကြိုးစားမှု

ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၃) ကုသိုလ်ဖြစ်ရန်ကြိုးစားမှု

မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၄) ကုသိုလ်တည်တံ့တိုးပွါးရန်ကြိုးစားမှု

ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန်ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

သမ္မပ္ပဓာန်လေးပါးအကျယ်

(၁) အကုသိုလ်မဖြစ်ရန်ကြိုးစားမှု အကျယ်

၄၀၉။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်ပေါ်စေရန်ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသို့ မဖြစ်သေးသောအကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၁၀။ "ဆန္ဒကို ဖြစ်စေ၏" ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ်ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၄၁၁။ "လုံ့လပြု၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝါယာမ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို

သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဗျွင်' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏၊ ကောင်းစွာ ပြည့်စုံစေ၏၊ ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏"ဟု ဆိုအပ်၏။

၄၁၂။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝီရိယ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဗျွင်' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။ ဤလုံ့လကို ထုတ်၏၊ ကောင်းစွာအားထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် "လုံ့လထုတ်၏"ဟု ဆိုအပ်၏။

၄၁၃။ "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟုဆိုအပ်၏။ ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ် ထောက်ပံ့၏။ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုအပ်၏။

၄၁၄။ 'အဆက်မပြတ်အားထုတ်၏'ဟု ဆိုရာ၌ အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဗျွင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) အကုသိုလ်မဖြစ်ရန် ကြိုးစားမှု အကျယ်

၄၁၅။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၁၆။ “ဆန္ဒကို ဖြစ်စေ၏ ” ဟု ဆိုရာ၌။ပ။

“လုံ့လပြု၏ ” ဟု ဆိုရာ၌။ပ။

“လုံ့လထုတ်၏ ”ဟု ဆိုရာ၌။ပ။

“စိတ်ကိုမြှောက်ပင့်၏ ” ဟု ဆိုရာ၌။ပ။

“အဆက်မပြတ်အားထုတ်၏ ”ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း ‘သမ္မပ္ပဓာန်’ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု ‘ဝီရိယသမ္ဘောဇ္ဈင်’သည် ရှိ၏။ ဤသဘောကို အားထုတ်မှု ‘သမ္မပ္ပဓာန်’ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ကောင်းသောအားထုတ်မှု ‘သမ္မပ္ပဓာန်’နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) ကုသိုလ်ဖြစ်ရန်ကြိုးစားမှု အကျယ်

၄၁၇။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကိုဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၁၈။ “ဆန္ဒကို ဖြစ်စေ၏ ” ဟု ဆိုရာ၌။ပ။

“လုံ့လပြု၏ ” ဟု ဆိုရာ၌။ပ။

“လုံ့လထုတ်၏ ” ဟု ဆိုရာ၌။ပ။

“စိတ်ကိုမြှောက်ပင့်၏ ” ဟု ဆိုရာ၌။ပ။

“အဆက်မပြတ်အားထုတ်၏ ” ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း ‘သမ္မပ္ပဓာန်’ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို

သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဗျင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ကောင်းသောအားထုတ်မှု 'သမ္မပ္ပဓာန်' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) ကုသိုလ်တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

၄၁၉။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ များစွာ ဖြစ်ပွါးရန်၊ ပြန့်ပြောရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြု သနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ဖြစ်ပြီးသောကုသိုလ် တရားတို့ တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ များစွာဖြစ်ပွါးရန်၊ ပြန့်ပြောရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၂၀။ "တည်တံ့ရန်"ဟု ဆိုရာ၌ တည်တံ့ခြင်းဟူသည် မပျောက်ပျက်ခြင်းတည်း၊ မပျောက်ပျက်ခြင်းဟူသည် များစွာဖြစ်ပွါးခြင်းတည်း၊ များစွာဖြစ်ပွါးခြင်းဟူသည် ပြန့်ပြောခြင်းတည်း၊ ပြန့်ပြောခြင်းဟူသည်တိုးပွါးခြင်းတည်း၊ တိုးပွါးခြင်းဟူသည် ပြည့်စုံခြင်းတည်း။

၄၂၁။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ်ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၄၂၂။ "လုံ့လပြု၏" ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝါယာမ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဗျင်' သည် ရှိ၏။ ဤသဘောကို လုံ့လ'ဝါယာမ'ဟု ဆိုအပ်၏။ ဤလုံ့လနှင့် ပြည့်စုံစေ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏" ဟု ဆိုအပ်၏။

၄၂၃။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို လုံ့လ'ဝီရိယ'ဟု ဆိုအပ်၏။ ဤလုံ့လ'ဝီရိယ'ကို အားထုတ်၏၊ ကောင်းစွာ အားထုတ်၏၊ မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် "လုံ့လကိုထုတ်၏"ဟု ဆိုအပ်၏။

၄၂၄။ "စိတ်ကို မြှောက်ပင့်၏" ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟုဆိုအပ်၏။ ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ် ထောက်ပံ့၏။ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုအပ်၏။

၄၂၅။ "အဆက်မပြတ်အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။ အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မပ္ပဓာန်အရကောက်

၄၂၆။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်း ဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိဓမ္မာဘာဇနီယနည်းပြီး၏။

၃–ပဠာဝုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန်လေးပါး

၄၂၇။ သမ္မပ္ပဓာန်လေးပါးတို့ကား–

(၁) ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်စေရန်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏။ ပြင်းစွာ အားထုတ်၏။

(၂) ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ်တရားယုတ်တို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်စေရန်။ပ။ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြော ရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ။

၄၂၈။ သမ္မပ္ပဓာန်လေးပါးတို့တွင်– ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

မှတ်ချက်။ ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁–တိက်နှင့် ဟေတုဒုက်မှ သဉ္ဇာတရဒုက်အထိ ၉၉–ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေဝိသဇ္ဇနာ

၄၂၉။ (သမ္မပ္ပဓာန်လေးပါးတို့သည်) ကုသိုလ်တရားတို့ ဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့်ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်၏။

(၄) ဥပါဒိန္နတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်းမယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ကိလေသာတို့သည်ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏အာရုံလည်း မဟုတ်ကုန်။

(၆) ဝိတက်တိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ပီတိတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်အဖြေ။

(သမ္မပ္ပဓာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။

(၁၁) သေက္ခတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

(၁၂) ပရိတ္တတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) လောကုတ္တရာ (အပ္ပမာဏ) ကို အာရုံပြုကုန်၏။

(၁၄) ဟီနတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) (အယုတ်အလတ်အမြတ်တို့တွင်) အမြတ်ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) မဂ်ကို အာရုံ မပြုမူ၍ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏ ဟု မဆိုအပ်ကုန်။

(၁၇) ဥပ္ပန္နတိက်အဖြေ။

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီးရောက်ဆဲ မဟုတ်ကုန်။ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ် ဖြစ်လတ္တံ့ဖြစ်ကုန်၏ ဟု မဆိုအပ်ကုန်။

(၁၈) အတီတတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ ရံခါ မရောက်သေး (အနာဂတ်) ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) အဗ္ဗတ္တတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရံခါ အတွင်း 'အဗ္ဗတ္ত'သန္ဓာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ'အဗ္ဗတ္ততဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္ताရမ္မဏတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) အပ (ဗဟိဒ္ဓတရား=နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်အဖြေ

(သမ္မပ္ပဓာန်လေးပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

ဒုက်ခ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်

၄၃၀။ (သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်မမည်ကုန်။

(၂) သဟေတုကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ် သာရှိ၍ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္ဆယဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းနှင့် တကွ ဖြစ်ကုန်၏။

(၈) သခ်ံတဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့သည်ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

(၁၁) ရူပီဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကိယာဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) လောကမှ လွတ်မြောက်တတ်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

အာသဝဂေါ စ္ဆကဒုက်အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက် (ဒုက်မုတ်)

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်ယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနေဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ထဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဂန္ထမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈–၄၃) ယောဂဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါ စ္ဆကအဖြေ

(၄၄–၄၉) နီဝရဏဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါ စ္ဆကအဖြေ

(၅၀–၅၄) ပရာမာသဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါ စ္ဆကမှစ၍ ပရာမာသဂေါ စ္ဆကအထိ ပေယျာလများကို အာသဝဂေါ စ္ဆကကဲ့သို့ဖော်၍ ဟောရမည်။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္ဘဏဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်ကြောင့်ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘုဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်းအစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၆) အဗ္ယတ္တိကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အပ'ဗဟိဒ္ဓ'၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

မှတ်ချက်။ ။ ဥပါဒါနဂေါစ္ဆကနှင့် ကိလေသဂေါစ္ဆက၌ ပေယျာလတို့ကို အာသဝဂေါစ္ဆကကဲ့သို့ ဖော်၍ဟောပါလေ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ ဝိတက်နှင့် တကွ ဖြစ်ကုန်၏။ ရုံခါ ဝိတက်နှင့် တကွ မဖြစ်ကုန်။

(၈၈) သဝိစာရဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ ဝိစာရနှင့် တကွ ဖြစ်ကုန်၏။ ရုံခါ ဝိစာရနှင့် တကွ မဖြစ်ကုန်။

(၈၉) သပ္ပီတိကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ ပီတိရှိကုန်၏။ ရုံခါ ပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ ပီတိနှင့် တကွ ဖြစ်ကုန်၏။ ရုံခါ ပီတိနှင့် တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရုံခါ သုခဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရုံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရုံခါ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

(၉၅) အရူပါဝစရဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဝဋ်တရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊

(၉၈) နိယတဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

(၉၉) သဥတ္တရဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

(၁၀၀) သရဏဒုက်

(သမ္မပ္ပဓာန်လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

သမ္မပ္ပဓာန်လေးပါးတို့ကိုတိက်, ဒုက်တို့ဖြင့် အမေးအဖြေပြု၍ ဟောကြားသော ပဥ္စာပုစ္ဆကနည်းပြီး၏။

သမ္မပ္ပဓာန်လေးပါးတို့ကို ဝေဖန်၍ ပြသော သမ္မပ္ပဓာနဝိဘင်းပြီးပြီ။

၉–ဣဒ္ဓိပါဒဝိဘင်

(ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

၄၃၁။ တန်ခိုးကြီးကြောင်းတရား 'ဣဒ္ဓိပါဒ်' လေးပါးတို့ကား–

(၁) ဆန္ဒိဒ္ဓိပါဒ်

ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၂) ဝီရိယိဒ္ဓိပါဒ်

ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၃) စိတ္တိဒ္ဓိပါဒ်

စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၄) ဝိမံသိဒ္ဓိပါဒ်

ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

ဣဒ္ဓိပါဒ်လေးပါးအကျယ်

(၁) ဆန္ဒိဒ္ဓိပါဒ်

၄၃၂။ အဘယ်သို့လျှင် ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ရဟန်းသည် ဆန္ဒကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ဆန္ဒကြီးမှူးသော သမာဓိဟုဆိုအပ်၏။

ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏၊ ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ်အယုတ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။ မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကိုဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။ ဖြစ်ပြီးသော

ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စ တပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ဤဆန္ဒကြီးမှူးသော သမာဓိကိုလည်းကောင်း၊ သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကိုလည်းကောင်းတစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၄၃၃။ ထိုတရားတို့တွင် အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'၊ သက်ဝင်၍ တည်နေမှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသောစိတ်ရှိသည်၏ အဖြစ် 'အဝိသာဟဋ္ဌ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု 'နိက္ကမ'၊ အဆင့်ဆင့်တိုးတက်အားထုတ်မှု 'ပရက္ကမ'၊ အထက်တန်းရောက်အောင် ကြိုးပမ်းမှု 'ဥယျာမ'၊ လုံ့လ စိုက်မှု 'ဝါယာမ'၊ ဆင်းရဲကို သည်းခံမှု 'ဥဿာဟ'၊ အပြင်းအထန် ကြိုးစားမှု 'ဥဿောဠှိ'၊ ခိုင်မြဲမှု 'ထာမ'၊ ဆောင်ထားမှု 'ဓိတိ'၊ မလျော့သော လုံ့လရှိခြင်း 'အသိထိလပရက္ကမတာ'၊ မချသောဆန္ဒရှိခြင်း 'အနိက္ခိတ္တဆန္ဒတာ'၊ မချသော ဝန်ရှိခြင်း 'အနိက္ခိတ္တဓုရတာ'၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု 'ဓုရသမ္ဘဂါဟ'၊ ရဲရင့်သည်၏ အဖြစ် 'ဝီရိယ'၊ အစိုးတရအားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ်အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကိုသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤလိုလားမှု ဆန္ဒနှင့်လည်းကောင်း၊ ဤတည်ကြည်မှု သမာဓိနှင့် လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်လည်းကောင်းပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်း သို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏ထို့ကြောင့် "ဆန္ဒ ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၃၄။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသောအခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုဆန္ဒာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု

'ဝိညာဏာ၀ိဇ္ဇာ' တည်း။ "တန်ခိုးကြီးသော တရားကို ပွါးများ၏"ဟူသည် ထိုဆန္ဒစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၂) ဝီရိယိဒ္ဓိပါဒ်

၄၃၅။ အဘယ်သို့လျှင် ရဟန်းသည် ဝီရိယကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ရဟန်းသည် အားထုတ်မှု ဝီရိယကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ဝီရိယကြီးမှူးသောတည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ်အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြော ရန်တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤသဘောတရားတို့ကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဝီရိယကြီးမှူးသော သမာဓိကိုလည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကိုလည်းကောင်း တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄၃၆။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'ဝီရိယ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရम္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာ၀ါယာမ'သည် ရှိ၏၊ ဤသဘောကို အားထုတ်မှု ဝီရိယဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'၊ သက်ဝင်၍ တည်နေမှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသောစိတ်ရှိသည်၏ အဖြစ် 'အဝိသာဟဋ္ဌ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရတည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ မဖေါက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာ၀ါယာမ' သည် ရှိ၏၊ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤအားထုတ်မှု

'ဝီရိယ'နှင့်လည်းကောင်း၊ ဤတည်ကြည်မှု 'သမာဓိ'နှင့်လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၃၇။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုဝီရိယာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏကွန္ဓာ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟူသည် ထိုဝီရိယစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၃) စိတ္တိဒ္ဓိပါဒ်

၄၃၈။ အဘယ်လျှင် ရဟန်းသည် စိတ်ကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ရဟန်းသည် စိတ်ကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို စိတ်ကြီးမှူးသော တည်ကြည်မှု 'သမာဓိ'ဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ်အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စ တပ်သောဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤစိတ်ကြီးမှူးသော တည်ကြည်မှု သမာဓိကိုလည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သောဝီရိယတို့ကိုလည်းကောင်း တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄၃၉။ ထိုတွင် အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'သည် ရှိ၏၊ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤစိတ်နှင့်လည်းကောင်း၊ ဤ 'သမာဓိ'နှင့်လည်းကောင်း၊ ဤဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၄၀။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုစိတ္တာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏက္ခန္ဓာ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟူသည် ထိုစိတ်စသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၄) ဝိမံသိဒ္ဓိပါဒ်

၄၄၁။ အဘယ်သို့လျှင် ရဟန်းသည် ပညာကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ရဟန်းသည် ပညာကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ပညာကြီးမှူးသော တည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ်အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။ (၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြော ရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စ တပ်သောဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤပညာကြီးမှူးသော သမာဓိကိုလည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော

ဝီရိယတို့ကိုလည်းကောင်း၊ တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏။

၄၄၂။ ထိုတွင် အဘယ်သည် စူးစမ်းမှု 'ပညာ' မည်သနည်း။

အကြင်အပြားအားဖြင့်သီမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'သည်။ပ။

မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ မြင်မှု 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို စူးစမ်းမှု 'ပညာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ' ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။

ဤသို့ ဤစူးစမ်းမှု ပညာနှင့်လည်းကောင်း၊ ဤတည်ကြည်မှု 'သမာဓိ'နှင့်လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၄၃။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသောအခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုပညာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာကွန္ဓာ'မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏကွန္ဓာ'တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟူသည် ထိုပညာစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏။ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော သုတ္တန္တဘာဇနီယနည်းပြီး၏။

၂–အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

ဣဒ္ဓိပါဒ်လေးပါးအကျဉ်း

(တန်ခိုးကြီးကြောင်းတရားလေးပါး)

၄၄၄။ တန်ခိုးကြီးကြောင်းတရားလေးပါးတို့ကား– (၁) ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၂) ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်းဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၃) စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်းဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၄) ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်းဣဒ္ဓိပါဒ်ကို ပွါးများ၏။

ဣဒ္ဓိပါဒ်လေးပါးအကျယ်

(၁) ဆန္ဒိဒ္ဓိပါဒ်

၄၄၅။ အဘယ်သို့လျှင် ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂုဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ဆန္ဒကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများ၏။

၄၄၆။ ထိုတရားတို့တွင် အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ' ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် ရှိ၏၊ ဤသဘောကို သမာဓိဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤဆန္ဒနှင့်လည်းကောင်း၊ ဤသမာဓိနှင့်လည်းကောင်း၊ ဤဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ ၊ ကောင်းစွာ ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၄၇။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသောအခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သော တရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးသော တရားကို ပွါးများ၏"ဟူသည် ထိုဆန္ဒစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၂) ဝီရိယိဒ္ဓိပါဒ်

၄၄၈။ အဘယ်လျှင် ရဟန်းသည် ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်ရောက်ခင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ဝီရိယကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများ၏။

၄၄၉။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရ ဗ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'ဝီရိယ'ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ'ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရ မ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဘောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ဤဝီရိယနှင့်လည်းကောင်း၊ ဤသမာဓိနှင့်လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စ တပ်သော ဝီရိယနှင့် ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၅၀။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသောအခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ 'တန်ခိုးကြီးကြောင်းတရား'ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သောတရား၏ တွေ့ထိမှု 'ဖဿ'။ပ။

မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟူသည် ထိုဝီရိယစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၃) စိတ္တိဒ္ဓိပါဒ်

၄၅၁။ အဘယ်သို့လျှင် ရဟန်းသည် စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင့်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ စိတ်ကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများ၏။

၄၅၂။ ထိုတွင် အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဘောဇ္ဈင်'သည် ရှိ၏၊ ဤသဘောကိုတည်ကြည်မှု 'သမာဓိ'ဟု ဆိုအပ်၏။

ထို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤစိတ်နှင့်လည်းကောင်း၊ ဤသမာဓိနှင့်လည်းကောင်း၊ ဤဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့် "စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟုဆိုအပ်၏။

၄၅၃။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သောတရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးကြောင်း တရားကို ပွါးများ၏"ဟူသည် ထိုတရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

(၄) ဝိမံသိဒ္ဓိပါဒ်

၄၅၄။ အဘယ်သို့လျှင် ရဟန်းသည် ပညာကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ပညာကြီးမှူးသောသမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

၄၅၅။ ထိုတွင် အဘယ်သည် စူးစမ်းဆင်ခြင်မှု 'ပညာ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။

မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော ပညာဟူသော 'ဓမ္မဝိစယသမ္မောဇ္ဈင်'သည် ရှိ၏၊ ဤသဘောကို စူးစမ်းဆင်ခြင်မှု 'ပညာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမာဓိ မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန်ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္မောဇ္ဈင်'သည် ရှိ၏၊ ဤသဘောကိုတည်ကြည်မှု 'သမာဓိ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဘောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ဤပညာနှင့် လည်းကောင်း၊ ဤသမာဓိနှင့်လည်းကောင်း၊ ဤဝီရိယနှင့်လည်းကောင်း ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ရောက်၏၊ ထို့ကြောင့် "ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏"ဟု ဆိုအပ်၏။

၄၅၆။ "တန်ခိုး"ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား"ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သောတရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'တည်း။ "တန်ခိုးကြီးကြောင်း တရားကို ပွါးများ၏"ဟူသည် ထိုပညာစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏။ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟုဆိုအပ်၏။

တစ်နည်း ဣဒ္ဓိပါဒ်လေးပါး

၄၅၇။ တန်ခိုးကြီးကြောင်းတရားလေးပါးတို့ကား–ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ်၊ ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ်၊ စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ်၊ ပညာကြီးမှူးသောဣဒ္ဓိပါဒ်တို့တည်း။

(၁) ဆန္ဒိဒ္ဓိပါဒ်

၄၅၈။ ထိုတွင် အဘယ်သည် ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကိုလိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ဆန္ဒမှကြွင်းသော တရားတို့သည် ဆန္ဒိဒ္ဓိပါဒ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဝီရိယိဒ္ဓိပါဒ်

၄၅၉။ ထိုတွင် အဘယ်သည် ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ဝီရိယမှကြွင်းသော တရားတို့သည် အားထုတ်မှုဟူသော ဝီရိယိဒ္ဓိပါဒ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) စိတ္တိဒ္ဓိပါဒ်

၄၆၀။ ထိုတွင် အဘယ်သည် စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော နုံ့နှေးသော, အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

စိတ်မှကြွင်းသော တရားတို့သည် စိတ္တိဒ္ဓိပါဒ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) ဝီမံသိဒ္ဓိပါဒ်

၄၆၁။ အဘယ်သည် ပညာကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကိုပညာကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ပညာမှကြွင်းသော တရားတို့သည် ဝီမံသိဒ္ဓိပါဒ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိဓမ္မဘာဇနီယနည်းပြီး၏။

၃–ပဥ္စာပုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

ဣဒ္ဓိပါဒ်လေးပါး

၄၆၂။ တန်ခိုးကြီးကြောင်းတရား 'ဣဒ္ဓိပါဒ်' လေးပါးတို့ကား–ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများ၏။ ဝီရိယကြီးမှူးသော သမာဓိ။ပ။

စိတ်ကြီးမှူးသော သမာဓိ။ပ။ ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့်ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်'ကို ပွါးများ၏။

ဣဒ္ဓိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

တိက်–၂၂–ပါးတို့ဖြင့် ဝေဖန်၍အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ

၄၆၃။ ဣဒ္ဓိပါဒ်လေးပါးတို့တွင် ကုသိုလ်တရားတို့သည် အဘယ်မျှတို့နည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှတို့နည်း။ အဗျာကတတရားတို့သည် အဘယ်မျှတို့နည်း။ပ။

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

မှတ်ချက်။ ။ ဝေဒနာတိက်မှစ၍ သန်ဒဿနတိက်အထိ ၂၁–တိက်နှင့် ဟေတုဒုက်မှ သဉ္ဇာတရဒုက်အထိ ၉၉–ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

ဣဒ္ဓိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ

၄၆၄။ (ဣဒ္ဓိပါဒ်လေးပါးတို့သည်) ကုသိုလ်တရားတို့သာလျှင်တည်း။

(၂) ဝေဒနာတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်၏။

(၄) ဥပါဒိန္နတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းမယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏အာရုံလည်း မဟုတ်ကုန်။

(၆) ဝိတက္ကတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်းရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ဝိတိတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) ရံခါ ဝိတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ပြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။

(၁၁) သေက္ခတိုက်အဖြေ

(ကြွေးပါဒ်လေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

(၁၂) ပရိတ္တာတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏာတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) အပွမာဏ (လောကုတ္တရာ) တရားကို အာရုံပြုကုန်၏။

(၁၄) ဟီနတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) (အယုတ်, အလတ်, အမြတ်တို့တွင်) အမြတ်ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၍ အကျိုးပေးမြဲကုန်၏။

(၁၆) မဂ္ဂါရမ္မဏာတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) မဂ်ကိုအာရုံမပြုမူ၍ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏၊ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း မရှိကုန်။

(၁၇) ဥပ္ပန္နတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်၊ ရောက်ဆဲလည်း မဟုတ်ကုန်။ ဖြစ်ပြီးသော အကြောင်းတစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့သော တရားဟု မဆိုအပ်ကုန်။

(၁၈) အတီတတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏာတိက်အဖြေ (တိက်မုတ်)

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ဖြစ်ပြီး 'အတိတ်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) အဗ္ဗတ္တတိက်အဖြေ

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရံခါ အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ'အဗ္ဗတ္ထဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္ထာရမ္မဏာတိက်အဖြေ

(ကွန္ဒိုပါဒ်လေးပါးတို့သည်) အပ'ဗဟိဒ္ဓတရားနိဗ္ဗာန်'ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်အဖြေ

(ကွန္ဒိုပါဒ်လေးပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

ဒုက်ခ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်။

၄၆၅။ ပညာကြီးမှူးသော ကွန္ဒိုပါဒ်သည် ဟိတ်မည်၏။ (ကြွင်း) ကွန္ဒိုပါဒ်သုံးပါးတို့သည် ဟိတ် မမည်ကုန်။

(၂) သဟေတုကဒုက်

(ကွန္ဒိုပါဒ်လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(ကွန္ဒိုပါဒ်လေးပါးတို့သည်) ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(ကွန္ဒိုပါဒ်လေးပါးတို့တွင်) ပညာကြီးမှူးသော ကွန္ဒိုပါဒ်သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိ၏။ (ကြွင်း) ကွန္ဒိုပါဒ်သုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ၄င်းသုံးပါးတို့သည် ဟိတ်သာ ရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

ပညာကြီးမှူးသော ကွန္ဒိုပါဒ်သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်း) ကွန္ဒိုပါဒ်သုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ၄င်းသုံးပါးတို့သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

ကွန္ဒိုပါဒ်သုံးပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ ပညာကြီးမှူးသော ကွန္ဒိုပါဒ်ကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍လည်းကောင်းမဆိုအပ် (ဒုက်မုတ်)။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္ဆယဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းရှိကုန်၏။

(၈) သခ်ိတဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

(၁၁) ရူပီဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကိယာဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) လောကမှ လွတ်မြောက်တတ်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

အာသဝဂေါ စ္ဆကအဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(ကျွန်ုပ်ပါဒ်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(ကျွဒ္ဓိပါဒ်လေးပါးတို့ကို) အာသဝလည်း မည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက် (ဒုက်မုတ်)

(ကျွဒ္ဓိပါဒ်လေးပါးတို့ကို) အာသဝလည်း မည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(ကျွဒ္ဓိပါဒ်လေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနေဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(ကျွဒ္ဓိပါဒ်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ထဒုက်

(ကျွဒ္ဓိပါဒ်လေးပါးတို့သည်) ဂန္ထမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(ကျွဒ္ဓိပါဒ်လေးပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈–၄၃) ယောဂဒုက်

(ကျွဒ္ဓိပါဒ်လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကကဲ့သို့ဖေါ်၍ ဟောရမည်။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်မမည်ကုန်။ စိတ္တိဒ္ဓိပါဒ်သည် စိတ်မည်၏။

(၅၇) စေတသိကဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စေတသိက် မည်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စေတသိက်မမည်။

(၅၈) စိတ္တသမ္မယုတ္တဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့် ယှဉ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်ကို စိတ်နှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ စိတ်နှင့်မယှဉ်ဟူ၍လည်းကောင်း မဆိုအပ် (ဒုက်မုတ်)။

(၅၉) စိတ္တသံသဋ္ဌဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့် နီးနှောကုန်၏။ စိတ္တိဒ္ဓိပါဒ်ကို စိတ်နှင့် နီးနှော၏ဟူ၍လည်းကောင်း၊ စိတ်နှင့် မနီးနှောဟူ၍လည်းကောင်း မဆိုအပ် (ဒုက်မုတ်)။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်ကြောင့် မဖြစ်။

(၆၁) စိတ္တသဟဘုဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်နှင့်တကွ မဖြစ်။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည်စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်တကွ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်း တကွ မဖြစ်။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနနုပရိဝတ္တိဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ် လိုက်၍ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့လည်းအစဉ်လိုက်၍ မဖြစ်။

(၆၆) အဗ္ဗတ္တိကဒုက်

ဣဒ္ဓိပါဒ်သုံးပါးတို့သည် အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် အတွင်း 'အဗ္ဗတ္တ' သန္တာန်၌ ဖြစ်၏။

(၆၇) ဥပါဒါဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါ စ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

ဣဒ္ဓိပါဒ်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် မပယ်အပ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

(၈၇) သဝိတက္ကဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရဲခါ ဝိတက်ရှိကုန်၏။ ရဲခါ ဝိတက် မရှိကုန်။

(၈၈) သဝိစာရဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရဲခါ ဝိစာရရှိကုန်၏။ ရဲခါ ဝိစာရ မရှိကုန်။

(၈၉) သပ္ပီတိကဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရဲခါ ပီတိရှိကုန်၏။ ရဲခါ ပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရဲခါ ပီတိနှင့် တကွ ဖြစ်ကုန်၏။ ရဲခါ ပီတိနှင့် တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရဲခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရဲခါ သုခဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

(၉၅) အရူပါဝစရဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ဝဋ်တရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၉၈) နိယတဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

(၉၉) သဥတ္တရဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

(၁၀၀) သရဏဒုက်

(ဣဒ္ဓိပါဒ်လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

ဣဒ္ဓိပါဒ်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော ပဌာဝုစ္ဆကနည်းပြီး၏။

ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝေဖန်၍ ပြသော ဣဒ္ဓိပါဒဝိဘင်းပြီးပြီ။

၁၀–ဗောဇ္ဈင်္ဂဝိဘင်္ဂ

(ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

ဗောဇ္ဈင် ၇–ပါး

(သစ္စာလေးပါးကို သိကြောင်းတရား ၇–ပါး)

၄၆၆။ သစ္စာလေးပါးကိုသိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။

(၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။

(၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။

(၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

ဗောဇ္ဈင် ၇–ပါးအကျယ် (ပဌမနည်း)

(၁) သတိသမ္ဗောဇ္ဈင်

၄၆၇။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အောက်မေ့မှု 'သတိ' ရှိ၏၊ ပညာနှင့် ယှဉ်သော မြတ်သော သတိနှင့်ပြည့်စုံ၏၊ ကြာမြင့်သော ကာလက ပြုခဲ့သည်ကိုလည်းကောင်း၊ ကြာမြင့်သော ကာလကဆိုခဲ့သည်ကိုလည်းကောင်း အောက်မေ့နိုင်၏။ အထပ်ထပ် အောက်မေ့နိုင်၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

ထိုသတိသမ္ဗောဇ္ဈင်ဖြင့် နေသော ရဟန်းသည် ထိုအောက်မေ့အမှတ်ရသော တရားကို ဝိပဿနာဉာဏ်ဖြင့် စိစစ်၏၊ သုံးသပ်၏၊ စူးစမ်းခြင်းသို့ ရောက်၏၊ ဤသဘောကို သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟု ဆိုအပ်၏။

(၃) ဝီရိယသမ္ဗောဇ္ဈင်

ထိုတရားကို ဝိပဿနာဉာဏ်ဖြင့် စိစစ်သုံးသပ်စူးစမ်းခြင်းသို့ ရောက်သော ရဟန်းအား မတွန့်ဆုတ်သောအားထုတ်ခြင်းလုံ့လသည် ဖြစ်၏။ ဤသဘောကို အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

(၄) ပီတိသမ္ဗောဇ္ဈင်

အားထုတ်ခြင်းလုံ့လရှိသော ရဟန်းအား တွယ်တာမှု (အာမိသ) ကင်းသော နှစ်သက်မှု ပီတိသည်ဖြစ်၏။ ဤသဘောကို နှစ်သက်မှု ပီတိသမ္ဘောဇျင်ဟု ဆိုအပ်၏။

(၅) ပဿဒ္ဓိသမ္ဘောဇျင်

နှစ်သက်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏။ ဤသဘောကို ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဘောဇျင်ဟု ဆိုအပ်၏။

(၆) သမာဓိသမ္ဘောဇျင်

ငြိမ်းအေးသော ကိုယ်ရှိသောကြောင့် ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ ဤသဘောကိုတည်ကြည်မှု သမာဓိသမ္ဘောဇျင်ဟု ဆိုအပ်၏။

(၇) ဥပေက္ခာသမ္ဘောဇျင်

ထိုရဟန်းသည် ထိုအခြင်းအရာဖြင့် တည်ကြည်သော စိတ်ကို ကောင်းစွာ လျစ်လျူရှု၏။ ဤသဘောကိုလျစ်လျူရှုမှု ဥပေက္ခာသမ္ဘောဇျင်ဟု ဆိုအပ်၏။

ဗောဇျင်–၇–ပါးအကျယ် (ဒုတိယနည်း)

၄၆၈။ သစ္စာလေးပါးကိုသိကြောင်း ဗောဇျင်တရားခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္ဘောဇျင်။ (၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဘောဇျင်။ (၃) အားထုတ်မှု ဝီရိယသမ္ဘောဇျင်။ (၄) နှစ်သက်မှု ပီတိသမ္ဘောဇျင်။ (၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဘောဇျင်။ (၆) တည်ကြည်မှု သမာဓိသမ္ဘောဇျင်။ (၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဘောဇျင်တို့တည်း။

(၁) သတိသမ္ဘောဇျင်

၄၆၉။ ထိုတရားတို့တွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဘောဇျင် မည်သနည်း။

ကိုယ်တွင်းသင်္ခါရတရားတို့၌ အောက်မေ့မှု သတိသည် ရှိ၏။ ကိုယ်ပသင်္ခါရတရားတို့၌ အောက်မေ့မှု သတိသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသင်္ခါရတရားတို့၌ အောက်မေ့မှု သတိသမ္ဘောဇျင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပသင်္ခါရတရားတို့၌ အောက်မေ့မှု သတိသမ္ဘောဇျင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ် ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

(၂) ဓမ္မဝိစယသမ္ဘောဇျင်

ထိုတရားတို့တွင် အဘယ်သည် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဘောဇျင် မည်သနည်း။

ကိုယ်တွင်းသခ်ါရတရားတို့၌ စိစစ်မှု ဓမ္မဝိစယသည် ရှိ၏။ ကိုယ်ပသခ်ါရတရားတို့၌ စိစစ်မှု ဓမ္မဝိစယသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသခ်ါရတရားတို့၌ စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခ သစ္စာကိုသိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပသခ်ါရတရားတို့၌ စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

(၃) ဝီရိယသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသည် ရှိ၏။ စိတ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသည် ရှိ၏။

(ထိုနှစ်မျိုးတို့တွင်) ကိုယ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ စိတ်၌ ဖြစ်သောအားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

(၄) ပီတိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင် မည်သနည်း။

ဝိတက်ဝိစာရနှင့် တကွဖြစ်သော နှစ်သက်မှု ပီတိသည် ရှိ၏၊ ဝိတက်ဝိစာရနှင့် တကွမဖြစ်သောနှစ်သက်မှု ပီတိသည် ရှိ၏၊

(ထိုနှစ်မျိုးတို့တွင်) ဝိတက်ဝိစာရနှင့် တကွဖြစ်သော နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ဝိတက်ဝိစာရနှင့် တကွမဖြစ်သော နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်သနည်း။

ကိုယ်ငြိမ်းအေးမှု ပဿဒ္ဓိသည် ရှိ၏၊ စိတ်ငြိမ်းအေးမှု ပဿဒ္ဓိသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ကိုယ်ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ စိတ်ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ဖြစ်၏။

(၆) သမာဓိသမ္ဗောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင် မည်သနည်း။

ဝိတက်ဝိစာရနှင့် တကွဖြစ်သော တည်ကြည်မှု သမာဓိသည် ရှိ၏၊ ဝိတက်ဝိစာရနှင့် တကွ မဖြစ်သောတည်ကြည်မှု သမာဓိသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ဝိတက်ဝိစာရနှင့် တကွဖြစ်သော တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်သည်လည်းဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ဝိတက်ဝိစာရနှင့် တကွမဖြစ်သော တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

(၇) ဥပေက္ခာသမ္မောဇ္ဈင်

ထိုတရားတို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင် မည်သနည်း။

ကိုယ်တွင်းသခ်ါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသည် ရှိ၏။ ကိုယ်ပသခ်ါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသည် ရှိ၏။ (ထိုနှစ်မျိုးတို့တွင်) ကိုယ်တွင်းသခ်ါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်သည်လည်းဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ ကိုယ်ပသခ်ါရတရားတို့၌ လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်သည်လည်း ဒုက္ခသစ္စာကို သိရန်၊ မဂ်ဉာဏ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။

ဗောဇ္ဈင် ၇–ပါးအကျယ် (တတိယနည်း)

၄၇၀။ သစ္စာလေးပါးကို သိကြောင်း ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္မောဇ္ဈင်။ (၂) သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်။ (၃) အားထုတ်မှု ဝီရိယသမ္မောဇ္ဈင်။ (၄) နှစ်သက်မှု ပီတိသမ္မောဇ္ဈင်။ (၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်။ (၆) တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်။ (၇) လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်တို့တည်း။

၄၇၁။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္မောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကင်းဆိတ်ခြင်း၌ မှီသော၊ ရာဂကင်းခြင်း၌ မှီသော၊ ကိလေသာချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော အောက်မေ့မှု သတိသမ္မောဇ္ဈင်ကို ပွါးများ၏။ပ။

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်ကို ပွါးများ၏။ အားထုတ်မှု ဝီရိယသမ္မောဇ္ဈင်ကိုပွါးများ၏။ နှစ်သက်မှု ပီတိသမ္မောဇ္ဈင်ကို ပွါးများ၏။ ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်ကို ပွါးများ၏။ တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်ကို ပွါးများ၏။ ကိလေသာကင်းခြင်း၌ မှီသော၊ ရာဂကင်းခြင်း၌ မှီသော၊ ကိလေသာချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်ကို ပွါးများ၏။

သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော ဘုတ္တန္ဓဘာဇနီယနည်းပြီးပြီ။

၂–အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

လောကုတ္တရာကုသိုလ်စိတ်၌ ပဌမနည်း

၄၇၂။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ (၂) တရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်။ (၃) အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင်။ (၄) နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်။ (၅) ငြိမ်းအေးမှု ပဿဒ္ဓိသမ္ဗောဇ္ဈင်။ (၆) တည်ကြည်မှု သမာဓိသမ္ဗောဇ္ဈင်။ (၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၄၇၃။ ထိုတွင် အဘယ်တို့သည် သစ္စာလေးပါးကို သိကြောင်း ဗောဇ္ဈင်ခုနစ်ပါးတို့ဖြစ်ကုန်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။ လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသော သစ္စာလေးပါးကို သိကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဖြစ်ကုန်၏။

၄၇၄။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အဖန်ဖန်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင် မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော သဘောတရားတို့ကိုစိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို သဘောတရားတို့ကို စိစစ်မှုဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင် မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို

သိကြောင်းဖြစ်သောအားထုတ်မှု ဝီရိယသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အားထုတ်မှု ဝီရိယသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နှစ်သက်မှု ပီတိသမ္မောဇ္ဈင် မည်သနည်း။

အကြင် နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာ ဝမ်းသာမှု 'အာမောဒနာ'၊ များစွာဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာ ရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'သြဒဂျ'၊ မိမိစိတ်၏အဖြစ် 'အတ္တမနတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်မှု ပီတိသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု ပီတိသမ္မောဇ္ဈင် ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင် မည်သနည်း။

ခံစားမှု အစု 'ဝေဒနာကွန္ဓာ'၊ မှတ်သားမှု အစု 'သညာကွန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရကွန္ဓာ'၊ သိမှု အစု 'ဝိညာဏကွန္ဓာ'၏ အကြင်ငြိမ်းအေးမှု 'ပဿဒ္ဓိ'၊ အထပ်ထပ်ငြိမ်းအေးမှု 'ပဋ္ဌိပဿဒ္ဓိ'၊ ငြိမ်းအေးသောအခြင်းအရာ 'ပဿမ္ဘနာ'၊ အထပ်ထပ် ငြိမ်းအေးသော အခြင်းအရာ 'ပဋ္ဌိပဿမ္ဘနာ'၊ အထပ်ထပ်ငြိမ်းအေးသည်၏ အဖြစ် 'ပဋ္ဌိပဿမ္ဘိတတ္တ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု သမာဓိသမ္မောဇ္ဈင် မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ထို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင် မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက်သာလွန်သော လျစ်လျူရှုမှု 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ဤသဘောတရားတို့ကို ဗောဇ္ဈင်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ကြွင်းသောတရားတို့သည် သစ္စာလေးပါးကို သိကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့နှင့်ယှဉ်သောတရားတို့ ဖြစ်ကုန်၏။

လောကုတ္တရာကုသိုလ်စိတ်၌ ဒုတိယနည်း

၄၇၅။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကား

(၁) အောက်မေ့မှု သတိသမ္မောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်တို့တည်း။

(၁) သတိသမ္မောဇ္ဈင်။

၄၇၆။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္မောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း ဖြစ်သော အောက်မေ့မှု သတိသမ္မောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အောက်မေ့မှု သတိသမ္မောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဓမ္မဝိစယသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) ဝီရိယသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် အားထုတ်မှု ဝီရိယသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) ပီတိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် နှစ်သက်မှု ပီတိသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၅) ပဿဒ္ဓိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၆) သမာဓိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၇) ဥပေက္ခာသမ္မောဇ္ဈင်

ထိုတွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန်သော လျစ်လျူရှုမှု 'အဋ္ဌပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောလျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

လောကုတ္တရာဝိပါက်စိတ်၌ ပဌမနည်း

၄၇၇။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

၄၇၈။ ထိုတွင် အဘယ်သည်တို့သည် ဗောဇ္ဈင်တရာ ၊ခုနစ်ပါးတို့ဖြစ်ကုန်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။ လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသော ဗောဇ္ဈင်တရားခုနစ်ပါးတို့သည် ဖြစ်ကုန်၏။

၄၇၉။ ထိုခုနစ်ပါးတို့တွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သောအောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။ပ။

ထိုခုနစ်ပါးတို့တွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင် မည်သနည်း။

အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက်သာလွန်သော လျစ်လျူရှုမှု 'အဋ္ဌပေက္ခနာ'၊ စိတ်အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကိုသိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ဤတရားတို့ကို သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်' တရား ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။ ကြွင်းသောတရားတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

လောကုတ္တရာဝိပါက်စိတ်၌ ဒုတိယနည်း

၄၈၀။ သစ္စာလေးပါးကို သိကြောင်းဗောဇ္ဈင်တရားခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု သတိသမ္ဗောဇ္ဈင်။ပ။

(၇) လျစ်လျူရှုမှု ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။

(၁) သတိသမ္ဗောဇ္ဈင်

၄၈၁။ ထိုတွင် အဘယ်သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ဟုဆိုအပ်၏။

ကြွင်းသောတရားတို့သည် အောက်မေ့မှု သတိသမ္ဗောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) ဝီရိယသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် အားထုတ်မှု ဝီရိယသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) ပီတိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် နှစ်သက်မှု ပီတိသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၅) ပဿဒ္ဓိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် ငြိမ်းအေးမှု ပဿဒ္ဓိသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၆) သမာဓိသမ္မောဇ္ဈင်

။ပ။ ကြွင်းသောတရားတို့သည် တည်ကြည်မှု သမာဓိသမ္မောဇ္ဈင်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၇) ဥပေက္ခာသမ္မောဇ္ဈင်

ထိုတွင် အဘယ်သည် လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏။ပ။ ဆင်းရဲသော အကျင့်ရှိသော နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသောနုံ့နှေးသော အသိဉာဏ်ရှိသော အကျိုးဖြစ်သော အတ္တမှုဆိတ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ လောကီဥပေက္ခာထက် သာလွန်သော လျစ်လျူရှုမှု 'အဋ္ဌပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်သည် ရှိ၏၊ ဤသဘောကို လျစ်လျူရှုမှု ဥပေက္ခာသမ္မောဇ္ဈင်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် လျစ်လျူရှုမှု ဥပေက္ခာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိမ္မဘာဇနီယနည်း ပြီး၏။

၃–ပဠာဝုစ္ဆက

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

ဗောဇ္ဈင် ၇–ပါး

၄၈၂။ သစ္စာလေးပါးကို သိကြောင်း 'ဗောဇ္ဈင်'တရား ခုနစ်ပါးတို့ကား–

(၁) အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'။

(၂) သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'။

(၃) အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'။

(၄) နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'။

(၅) ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'။

(၆) တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'။

(၇) လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' တို့တည်း။

ဗောဇ္ဈင် ၇–ပါးတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

တိက် ၂၂–တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ

၄၈၃။ ဗောဇ္ဈင်ခုနစ်ပါးတို့တွင်–ကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှရှိ ကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော ကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

မှတ်ချက်။ ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁–တိက်နှင့် ဟေတုဒုက်မှ သဉ္ဇတ္တရဒုက်အ ထိ၉၉–ဒုက်တို့ကို ပေယျာလဖေါ်၍ ဟောပါ။

ဗောဓိပညာခုနစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂–ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ

၄၈၄။ ဗောဓိပညာခုနစ်ပါးတို့သည် ရံခါ ကုသိုလ်ဖြစ်ကုန်၏။ ရံခါ အဗျာကတဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေ

နှစ်သက်မှု ပီတိသမ္ဗောဇ္ဈင်သည် သုခဝေဒနာနှင့် ယှဉ်၏။ (ကြွင်း) ဗောဓိပညာခြောက်ပါးတို့သည် ရံခါသုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်အဖြေ

ဗောဓိပညာခုနစ်ပါးတို့သည် ရံခါ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏။ ရံခါ အကျိုးကို ဖြစ်စေတတ်သော သဘောရှိကုန်၏။

(၄) ဥပါဒိန္နတိက်အဖြေ

ဗောဓိပညာခုနစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်အဖြေ

ဗောဓိပညာခုနစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏အာရုံလည်း မဟုတ်ကုန်။

(၆) ဝိတက္ကတိက်အဖြေ

ဗောဓိပညာခုနစ်ပါးတို့သည် ရံခါ ဝိတက်လည်းရှိ၊ ဝိစာရလည်းရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ပီတိတိက်အဖြေ

ဗောဓိပညာခုနစ်ပါးတို့တွင် ပီတိသမ္ဗောဇ္ဈင်သည် ပီတိနှင့်တကွ မဖြစ်။ သုခဝေဒနာနှင့် တကွဖြစ်၏။ ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်။ (ကြွင်း) ဗောဓိပညာခြောက်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရဲခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရဲခါ စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) သေက္ခတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရဲခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

(၁၂) ပရိတ္တတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ မရှိကုန်။

(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် အပွမာဏ (လောကုတ္တရာ) တရားကို အာရုံပြုကုန်၏။

(၁၄) ဟီနတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် မြတ်သော တရားတို့ ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် ရဲခါ မဖေါက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏။ ရဲခါ အကျိုးပေး မမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ

ဗောဇ္ဈင်ခုနစ်ပါးတို့သည် မဂ်ကို အာရုံမပြုမူ၍ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်း ဟိတ်ရှိကုန်၏။ အချို့ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏။ အချို့ မဂ်ဟု ဆိုအပ်သော အကြောင်းဟိတ်ရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (တိက်မုတ်)

(၁၇) ဥပ္ပန္နတိက်အဖြေ

ဗောဓိပင်ခုနစ်ပါးတို့သည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီးရောက်ဆဲ မဟုတ်ကုန်။ အချို့ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ဖြစ်ကုန်၏။

(၁၈) အတီတတိက်အဖြေ

ဗောဓိပင်ခုနစ်ပါးတို့သည် ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏၊ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)

ဗောဓိပင်ခုနစ်ပါးတို့သည် ဖြစ်ပြီးအတိတ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) အဇ္ဈတ္တတိက်အဖြေ

ဗောဓိပင်ခုနစ်ပါးတို့သည် ရံခါ အတွင်း 'အဇ္ဈတ္တ'သန္တာန်၌ ဖြစ်ကုန်၏၊ ရံခါ အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏၊ ရံခါ အတွင်းအပ'အဇ္ဈတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ။

ဗောဓိပင်ခုနစ်ပါးတို့သည် အပ 'ဗဟိဒ္ဓ'တရား (နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်အဖြေ။

ဗောဓိပင်ခုနစ်ပါးတို့သည် မြင်ခြင်းလည်း မရှိ ထိပါးခြင်းလည်း မရှိကုန်။

ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်

၄၈၅။ ဗောဓိပင်ခုနစ်ပါးတို့တွင် သဘောတရားတို့ကို စိစစ်မှု ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဟိတ်မည်၏။

(၂) *သဟေတုကဒုက်

ဗောဓိပင်ခြောက်ပါးတို့သည် ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

ဗောဓိပင်ခြောက်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏၊ (ကြွင်းသော) ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာ ရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ ဗောဇ္ဈင်ခြောက်ပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်နှင့်သာယှဉ်၍ ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

ဗောဇ္ဈင်ခြောက်ပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ သဘောတရားကို စိစစ်မှု ဓမ္မဝိစယသမ္မောဇ္ဈင်ကို ဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။ (ဒုက်မုတ်)။

---

* (၂) နံပါတ် သဟေတုကဒုက် ပါဠိတော်၌ မရှိပါ၊ သို့သော် (၃) နံပါတ် ရလျှင် ယင်းဒုက်လည်း ရသင့်၍ ထည့်ထားသည်။

♣

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းရှိကုန်၏။

(၈) သခ်ံတဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

(၁၁) ရူပီဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကိယာဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) လောကမှ လွတ်မြောက်တတ်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(ဗောဓိဆင်ခုနစ်ပါးတို့သည်) အာသဝလည်းမည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့ကို) အာသဝလည်းမည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့် ယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနေဂါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

(ဗောဓိဆင်ခုနစ်ပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ဓဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ဓဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ဂန္ဓမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂-၃၇) သြဃဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့် နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘုဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့် တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ဖြစ်ကုန်၏။

(၆၆) အဗ္ဗတ္တိကဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(ဗောဇ္ဈင်ခုနစ်ပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောတရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ရုံခါ ဝိတက်နှင့်တကွဖြစ်ကုန်၏။ ရုံခါ ဝိတက်နှင့်တကွ မဖြစ်ကုန်။

(၈၈) သဝိစာရဒုက်

(ဗောဓျင်ခုနစ်ပါးတို့သည်) ရံခါ ဝိစာရနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဝိစာရနှင့်တကွ မဖြစ်ကုန်။

(၈၉) သပ္ပီတိကဒုက်

နှစ်သက်မှု ပီတိသမ္ဗောဇျင်သည် ပီတိနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇျင်ခြောက်ပါးတို့သည် ရံခါပီတိနှင့်တကွ ဖြစ်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်။

(၉၀) ပီတိသဟဂတဒုက်

နှစ်သက်မှု ပီတိသမ္ဗောဇျင်သည် ပီတိနှင့်တကွ မဖြစ်။ (ကြွင်း) ဗောဇျင်ခြောက်ပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့် တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

နှစ်သက်မှု ပီတိသမ္ဗောဇျင်သည် သုခဝေဒနာနှင့် တကွ ဖြစ်၏။ (ကြွင်း) ဗောဇျင်ခြောက်ပါးတို့ သည်ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

နှစ်သက်မှု ပီတိသမ္ဗောဇျင်သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်။ (ကြွင်း) ဗောဇျင်ခြောက်ပါးတို့သည် ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(ဗောဇျင်ခုနစ်ပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(ဗောဇျင်ခုနစ်ပါးတို့သည်) ရူပါဝစရ မမည်ကုန်။

(၉၅) အရူပါဝစရဒုက်

(ဗောဇျင်ခုနစ်ပါးတို့သည်) အရူပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(ဗောဇျင်ခုနစ်ပါးတို့သည်) ဝဋ်တရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(ဗောဇျင်ခုနစ်ပါးတို့သည်) အချို့ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ အချို့ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း မဖြစ်ကုန်။

(၉၈) နိယတဒုက်

(ဗောဓိပင်ခုနစ်ပါးတို့သည်) မိမိ၏ အခြားမဲ့၌ ရံခါ အကျိုးပေးမြဲကုန်၏။ ရံခါ အကျိုးပေး မမြဲကုန်။

(၉၉) သဉ္ဇာတရဒုက်

(ဗောဓိပင်ခုနစ်ပါးတို့သည်) မိမိထက် လွန်မြတ်သော တရား မရှိကုန်။

(၁၀၀) သရဏဒုက်

(ဗောဓိပင်ခုနစ်ပါးတို့သည်) ဝိုကြွေးကြောင်း ကိလေသာ မရှိကုန်။

ဗောဓိပင် ၇–ပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော ပဥ္စာပုစ္ဆကနည်း ပြီး၏။

ဗောဓိပင် ၇–ပါးတို့ကိုဝေဖန်၍ပြသော ဗောဓိပင်ဝိဘင်းပြီးပြီ။

၁၁–မဂ္ဂင်္ဂဝိဘင်္ဂ

(မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသောဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

မဂ္ဂင်ရှစ်ပါး

(နိဗ္ဗာန်ရောက်ကြောင်းတရားရှစ်ပါး)

၄၈၆။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ အားထုတ်မှု "သမ္မာဝါယာမ"၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာ သမာဓိ' တို့တည်း။

(၁) သမ္မာဒိဋ္ဌိ

၄၈၇။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဆင်းရဲ၌ သိမှု 'ပညာ'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ပညာ'၊ ဆင်းရဲချုပ်ရာ၌ သိမှု 'ပညာ'၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိမှု 'ပညာ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

(၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

ကာမတို့မှ ထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မသင်္ကပ္ပ'၊ မပျက်စီးစေရန် ကြံစည်မှု 'အဗျာပါဒသင်္ကပ္ပ'၊ မညှဉ်းဆဲရန် ကြံစည်မှု 'အဝိဟိံသာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

(၃) သမ္မာဝါစာ

ထိုတွင် အဘယ်သည် ကောင်းစွာပြောဆိုမှု 'သမ္မာဝါစာ' မည်သနည်း။

မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်မှု ၊ ကုန်းချောစကားမှ ရှောင်ကြဉ်မှု ၊ ကြမ်းတမ်းသော စကားမှရှောင်ကြဉ်မှု ၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်မှုသည် ရှိ၏။ ဤသဘောကို ကောင်းစွာပြောဆိုမှု 'သမ္မာဝါစာ' ဟု ဆိုအပ်၏။

(၄) သမ္မာကမ္မန္တ

ထိုတွင် အဘယ်သည် ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ' မည်သနည်း။

အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု ၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်မှု ၊ ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်မှုသည် ရှိ၏။ ဤသဘောကို ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မ နၱ'ဟု ဆိုအပ်၏။

(၅) သမ္မာအာဇီဝ

ထိုတွင် အဘယ်သည် ကောင်းစွာအသက်မွေးမှု 'သမ္မာအာဇီဝ' မည်သနည်း။

ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်သာဝကသည် မှားသော အသက်မွေးမှုကို ပယ်၍ကောင်းသော အသက်မွေးမှု ဖြင့် အသက်ကို မွေးမြူ၏။ ဤသဘောကို ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ' ဟု ဆိုအပ်၏။

(၆) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ ဖြစ်ပြီးသောအကုသိုလ်အယုတ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ် အားထုတ်၏။ ဖြစ်ပြီးသောကုသိုလ်တရားတို့ တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ အထပ်ထပ်ဖြစ်ရန်၊ ပြန့်ပွါးရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန်၊ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အထပ်ထပ်အားထုတ်၏။ ဤသဘောကို ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

(၇) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာကို ပြင်းစွာပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာရှိသည်ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကိုပယ်ဖျောက်၍ ဆံပင်စသော ရုပ်အပေါင်း၌ ဆံပင်စသော ရုပ်အပေါင်းဟု အဖန်ဖန်အထပ်ထပ်ရှုလျက်နေ၏။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့်သိတတ်သော ပညာရှိသည် ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ ခံစားမှု ဝေဒနာတို့၌ ချမ်းသာစသော ခံစားမှု ဝေဒနာတို့ဟု အဖန်ဖန် အထပ်ထပ် ရှုလျက် နေ၏။ ကိလေသာကိုပြင်းစွာပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သောပညာရှိသည်ဖြစ်၍အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်၍ စိတ်တို့၌ (ရာဂစသော) စိတ်ဟု အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ ကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သောပညာရှိသည်ဖြစ်၍ အောက်မေ့မှု သတိရှိလျက် (ခန္ဓာကိုယ်တည်းဟူသော) လောကၨ၌ တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ သဘောတရားတို့၌ (ခန္ဓာစသော) တရားတို့ဟု အဖန်ဖန် အထပ်ထပ်ရှုလျက် နေ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

(၈) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော၊ ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်ကိုပြည့်စုံစေ၍ နေ၏။ ကြံစည်ခြင်း 'ဝိတက်'ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ငြိမ်းအေးခြင်းကြောင့်မိမိသန္တာန်၌ ဖြစ်သော၊ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်ပွါးစေတတ်သော၊ ကြံစည်ခြင်း 'ဝိတက်' ဆင်ခြင်သုံးသပ်ခြင်း 'ဝိစာရ'မရှိသော၊ တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုလျက်သာလျှင် နေ၏။ အောက်မေ့ခြင်း 'သတိ' ကောင်းစွာ အပြားအားဖြင့် သိခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်းကိုယ်ဖြင့် ခံစား၏။ အကြင်တတိယဈာန်ကြောင့် ထိုသူကို အရိယာပုဂ္ဂိုလ်တို့က "လျစ်လျူရှုနိုင်သူသတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု ချီးမွမ်းတော်မူကြကုန်၏။ ထိုတတိယဈာန်ကို ပြည့်စုံစေ၍နေ၏။ ချမ်းသာခြင်း 'သုခ', ဆင်းရဲခြင်း 'ဒုက္ခ'ကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ရှေးဦးကပင်လျှင်ဝမ်းမြောက်ခြင်း 'သော မနဿ', စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ' တို့၏ချုပ်နှင့်ခြင်းကြောင့်လည်းကောင်း ဆင်းရဲခြင်း 'ဒုက္ခ'

လည်း မဟုတ် ချမ်းသာခြင်း 'သုခ' လည်းမဟုတ်သော လျစ်လျူရှုခြင်း 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသောစတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

မဂ္ဂင်ရှစ်ပါးဒုတိယနည်း

၄၈၈။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

(၁) သမ္မာဒိဋ္ဌိ

၄၈၉။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်း၌ မှီသော၊ ရာဂကင်းခြင်း၌ မှီသော၊ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ညွတ်သော ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'ကို ပွါးများ၏။ပ။ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'ကို ပွါးများ၏။ပ။ ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မန္တ'ကို ပွါးများ၏။ပ။ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ' ကို ပွါးများ၏။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'ကို ပွါးများ၏။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'ကိုပွါးများ၏။ ဆိတ်ငြိမ်ခြင်း၌ မှီသော၊ ရာဂ ကင်းခြင်း၌ မှီသော၊ ချုပ်ငြိမ်းမှု၌ မှီသော၊ နိဗ္ဗာန်သို့ညွတ်သောကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။

သုတ္တန္တဘာဏေနီယနည်း ပြီး၏။

၂–အဘိဓမ္မာဘာဏေနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသောနည်း)

လောကုတ္တရာကုသိုလ်စိတ်၌ အင်္ဂဏိကမဂ်နည်း

၄၉၀။ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ပ။ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၄၉၁။ ထိုတွင် အဘယ်သည် အင်္ဂါရှစ်ပါးရှိသော မဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့

ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည်ဖြစ်၏။

(၁) သမ္မာဒိဋ္ဌိ

၄၉၂။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ "ပဇာနနာ"။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါ ဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

(၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ ကောင်းစွာကြံစည်မှု 'သင်္ကပ္ပ'၊ အာရုံသို့ရောက်စေမှု 'အပ္ပနာ'၊ အထူးရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကို အာရုံသို့ တင်ပေးမှု 'အဘိနိရောပနာ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

(၃) သမ္မာဝါစာ

ထိုတွင် အဘယ်သည် ကောင်းစွာပြောဆိုမှု 'သမ္မာဝါစာ' မည်သနည်း။

ဝစီဒုစရိုက်လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်မှု 'အာရတိ'၊ အထူးရှောင်ကြဉ်မှု 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်မှု 'ပဋိဝိရတိ'၊ ကင်းစွာ ရှောင်ကြဉ်မှု 'ဝေရမဏိ'၊ မပြုခြင်း 'အကိရိယာ'၊ မလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကိုမလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု 'သမ္မာဝါစာ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာပြောဆိုမှု 'သမ္မာဝါစာ' ဟု ဆိုအပ်၏။

(၄) သမ္မာကမ္မန္တ

ထိုတွင် အဘယ်သည် ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မ န္တ' မည်သနည်း။

ကာယဒုစရိုက်သုံးပါးတို့မှ အကြင်ဝေးစွာရှောင်ကြဉ်မှု 'အာရတိ'၊ အထူးရှောင်ကြဉ်မှု 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်မှု 'ပဋိဝိရတိ'၊ ကင်းစွာရှောင်ကြဉ်မှု 'ဝေရမဏိ'၊ မပြုခြင်း 'အကိရိယာ'၊ မလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကိုမလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော ကာယဒုစရိုက်မှရှောင်ကြဉ်မှု 'သမ္မာကမ္မ န္တ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာပြုလုပ်မှု 'သမ္မာကမ္မ န္တ' ဟု ဆိုအပ်၏။

(၅) သမ္မာအာဇီဝ

ထိုတွင် အဘယ်သည် ကောင်းစွာအသက်မွေးမှု 'သမ္မာအာဇီဝ' မည်သနည်း။

အကြင်မှားသော အသက်မွေးမှု မှ ဝေးစွာ ရှောင်ကြဉ်မှု 'အာရတိ'၊ အထူးရှောင်ကြဉ်မှု 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်မှု 'ပဋိဝိရတိ'၊ ကင်းစွာ ရှောင်ကြဉ်မှု 'ဝေရမဏိ'၊ မပြုခြင်း 'အကိရိယာ'၊ မလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော မှားသောအသက်မွေးမှု မှ ရှောင်ကြဉ်မှု 'သမ္မာအာဇီဝ'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ' ဟု ဆိုအပ်၏။

(၆) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အားထုတ်မှု 'ဝီရိယသမ္မောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

(၇) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု 'သတိသမ္မောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'ဟု ဆိုအပ်၏။

(၈) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

အကြင်စိတ်၏ တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္မောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော တရားတို့ကို အင်္ဂါရှစ်ပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အင်္ဂါရှစ်ပါးရှိသော မဂ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

လောကုတ္တရာကုသိုလ်စိတ်၌ ပဋ္ဌာဂိကမဂ် ပဌမနည်း

၄၉၃။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာ သင်္ကပ္ပ"၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ"၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။

၄၉၄။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသော မဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင့်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသောအင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏။

(၁) သမ္မာဒိဋ္ဌိ

၄၉၅။ ထိုတွင် အဘယ်သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

(၂) သမ္မာသင်္ကပ္ပ

ထိုတွင် အဘယ်သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင်ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'။ပ။ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

(၃) သမ္မာဝါယာမ

ထိုတွင် အဘယ်သည် ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

(၄) သမ္မာသတိ

ထိုတွင် အဘယ်သည် ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဂ်၏ အင်္ဂါဖြစ်သော မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

(၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

အကြင်စိတ်၏ တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သောမဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသောတရားတို့ကို အင်္ဂါငါးပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အင်္ဂါငါးပါးရှိသော မဂ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဠဋ္ဌိကမဂ် ဒုတိယနည်း

၄၉၆။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

(၁) သမ္မာဒိဋ္ဌိ

၄၉၇။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်း သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) သမ္မာသင်္ကပ္ပ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ ကြံစည်မှု သမ္မာသင်္ကပ္ပနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) သမ္မာဝါယာမ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) သမ္မာသတိ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ အောက်မေ့မှု သမ္မာသတိနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်စိတ်၏တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကိုကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

လောကုတ္တရာဝိပါက်စိတ်၌ အင်္ဂဏိကမဂ်နည်း

၄၉၈။ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ပ။ ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။

၄၉၉။ ထိုတွင် အဘယ်သည် အင်္ဂါရှစ်ပါးရှိသော မဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဈာန် (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်ဈာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော အတ္တမှ ဆိတ်သော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသော အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော တရားတို့ကို အင်္ဂါရှစ်ပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အင်္ဂါရှစ်ပါးရှိသော မဂ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

လောကုတ္တရာဝိပါက်စိတ်၌ ပဋ္ဌာ်ကမဂ် ပဌမနည်း

၅၀၀။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

၅၀၁။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသောမဂ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုလောကုတ္တရာ ကုသိုလ်ဈာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သောပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသော အင်္ဂါငါးပါးရှိသော မဂ်သည် ဖြစ်၏။*

ဤဆိုအပ်ခဲ့ပြီးသော တရားတို့ကို အင်္ဂါငါးပါးရှိသော မဂ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် အင်္ဂါငါးပါးရှိသော မဂ်နှင့်ယှဉ်သောတရားတို့ မည်ကုန်၏။

---

* ဤခရေပွင့် နေရာ၌ ပေယျာလ ရှိသင့်ပါသည်။

♣

ပဋ္ဌာ်ကမဂ် ဒုတိယနည်း

၅၀၂။ အင်္ဂါငါးပါးရှိသော မဂ်သည် ရှိ၏။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

(၁) သမ္မာဒိဋ္ဌိ

၅၀၃။ ထိုတွင် အဘယ်သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင်အပြားအားဖြင့်သိမှု 'ပညာ'၊ အပြားအားဖြင့်သိသော အခြင်းအရာ 'ပဇာနနာ' သည်။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကိုသိကြောင်း သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယသမ္မောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) သမ္မာသင်္ကပ္ပ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) သမ္မာဝါယာမ

။ပ။ ကြွင်းသောတရားတို့သည် ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) သမ္မာသတိ

။ပ။ ကြွင်းသော တရားတို့သည် ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၅) သမ္မာသမာဓိ

ထိုတွင် အဘယ်သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်ကိုပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် စိတ်၏ တည်တံ့မှု 'ဌိတိ'၊ ကောင်းစွာ တည်တံ့မှု 'သံဌိတိ'၊ သက်ဝင်၍ တည်တံ့မှု 'အဝဋ္ဌိတိ'၊ မရွှေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွှေ့ရှားသောစိတ်ရှိသည်၏အဖြစ် 'အဝိသာဟဋ္ဌ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ်တည်ကြည်မှု 'သမာဓိဗိုလ်'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော သစ္စာလေးပါးကို သိကြောင်း တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ကောင်းစွာတည်ကြည်မှု 'သမ္မာသမာဓိ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိမ္မဘာဇနီယနည်း ပြီး၏။

၃–ပဌာဝုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

၅၀၄။ ဖြူစင်မြင့်မြတ်သည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် ရှိ၏။ ဤအင်္ဂါရှစ်ပါးတို့သည် အဘယ်တို့နည်း။ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ ပြောဆိုမှု 'သမ္မာဝါစာ'၊ ကောင်းစွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ'၊ ကောင်းစွာ အသက်မွေးမှု 'သမ္မာအာဇီဝ'၊ ကောင်းစွာအားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကိုပြခြင်း

တိက် ၂၂–တိက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ

၅၀၅။ မဂ္ဂင်ရှစ်ပါးတို့တွင်–

ကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

အကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

ဒုက်၁၀၀–တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

မဂ္ဂင်ရှစ်ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂– တိက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

(၁) ကုသလတိက်အဖြေ

၅၀၆။ (မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ကုသိုလ်ဖြစ်ကုန်၏။ ရံခါ အဗျာကတဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေ

ကောင်းစွာ ကြဲစည်မှု 'သမ္မာသင်္ကပ္ပ'မဂ္ဂင်သည် သုခဝေဒနာနှင့်ယှဉ်၏။ ကြွင်းသော မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ ရံခါအကျိုးကို ဖြစ်စေခြင်း သဘော ရှိကုန်၏။

(၄) ဥပါဒိန္နတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏အာရုံလည်း မဖြစ်ကုန်။

(၆) ဝိတက္ကတိက်အဖြေ

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိ၏။ ကြွင်းသော မဂ္ဂင်ခုနစ်ပါးတို့သည် ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ဝိတိတိက်အဖြေ

ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ဝိတိနှင့်တကွ ဖြစ်၏။ သုခဝေဒနာနှင့်တကွ ဖြစ်၏။ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်။ ကြွင်းသောမဂ္ဂင် ခုနစ်ပါးတို့သည် ရံခါ ဝိတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါသုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) သေက္ခတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏၊ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

(၁၂) ပရိတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ မရှိကုန်။

(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) လောကုတ္တရာကို အာရုံပြုကုန်၏။

(၁၄) ဟီနတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) မြတ်သောတရားတို့ ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေး မြဲကုန်၏။ ရံခါ အကျိုးပေး မမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) မဂ်ကို အာရုံမပြုကုန်၊ ရံခါ မဂ်ဟုဆိုအပ်သော အကြောင်းဟိတ်ရှိကုန်၏။ ရံခါမဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏။ ရံခါ မဂ်ဟုဆိုအပ်သော အကြောင်းဟိတ်ရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (တိက်မုတ်)

(၁၇) ဥပ္ပန္နတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါခဏ သုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်ကုန်။ ရံခါ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့.ဖြစ်ကုန်၏။

(၁၈) အတီတတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်'ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့ကို) ဖြစ်ပြီး 'အတိတ်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်းမဆိုအပ်ကုန်။ (တိက်မုတ်)

(၂၀) အဗ္ဗတ္တတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) ရံခါ အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ'အဗ္ဗတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္တာရမ္မဏတိက်အဖြေ

(မဂ္ဂင်ရှစ်ပါးတို့သည်) အပ'ဗဟိဒ္ဓ'တရား (နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်အဖြေ။

(မဂ္ဂင်ရှစ်ပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

ဒုက်ခ၁၀၀–တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်

၅၀၇။ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်'သည် ဟိတ်မည်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည်ဟိတ် မမည်ကုန်။

(၂) သဟေတုကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်'သည် ဟိတ်လည်းမည် ဟိတ်လည်းရှိ၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်'သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ဟိတ် မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

မဂ္ဂင်ခုနစ်ပါးတို့သည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိမဂ္ဂင်'ကိုဟိတ်မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။ (ဒုက်မုတ်)

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

မဂ္ဂင်ရှစ်ပါးတို့သည် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

(၈) သခ်ံတဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) မြင်အပ်သော သဘောမရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ထိပါးတတ်သော သဘောမရှိကုန်။

(၁၁) ရူပီဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကိယဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) လောကမှ ထွက်မြောက်တတ်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော သဘော မရှိကုန်။

အာသဝဂေါစ္ဆကဒုက်အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝ၏ အာရုံမဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝနှင့်မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်

(မဂ္ဂင်ရှစ်ပါးတို့ကို) အာသဝလည်းမည်၊ အာသဝ၏အာရုံလည်းဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝ၏အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(မဂ္ဂင်ရှစ်ပါးတို့ကို) အာသဝလည်းမည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ (ဒုက်မုတ်)

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနေဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ထဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ဂန္ထမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈–၄၃) ယောဂဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄–၄၉) နီဝရဏဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀–၅၄) ပရာမာသဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မဟာန္တရဒုက်အဖြေဝိသဇ္ဇနာ

(၅၅) သာရမ္ဘဏဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အာရုံပြုခြင်းရှိကုန်၏။

(၅၆) စိတ္တဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့် နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘူဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့် တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) စိတ်နှင့်လည်းနီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ဖြစ်ကုန်၏။

(၆၆) အဗ္ဗတ္ထိကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အပ'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

ပိဋ္ဌိဒုက်အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောတရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သောတရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် ဝိတက်မရှိ။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရဲ့ခါဝိတက် ရှိကုန်၏။ ရဲ့ခါ ဝိတက် မရှိကုန်။

(၈၈) သဝိစာရဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် ဝိစာရရှိ၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရဲ့ခါ့ဝိစာရ ရှိကုန်၏။ ရဲ့ခါ ဝိစာရ မရှိကုန်။

(၈၉) သပ္ပီတိကဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် ပီတိရှိ၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရဲ့ခါပီတိရှိကုန်၏။ ရဲ့ခါ ပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် ပီတိနှင့်တကွဖြစ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့ သည်ရဲ့ခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရဲ့ခါ ပီတိနှင့်တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် သုခဝေဒနာနှင့်တကွ ဖြစ်၏။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရဲ့ခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရဲ့ခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

ကောင်းစွာကြံစည်မှု 'သမ္မာသင်္ကပ္ပမဂ္ဂင်'သည် ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်။ (ကြွင်းသော) မဂ္ဂင်ခုနစ်ပါးတို့သည် ရဲ့ခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရဲ့ခါ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ရူပါဝစရ မမည်ကုန်။

(၉၅) အရူပါဝစရဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) အရှုပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ရုံခါ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ရုံခါ ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၉၈) နိယတဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ရုံခါ အကျိုးပေးမြဲကုန်၏၊ ရုံခါ အကျိုးပေး မမြဲကုန်။

(၉၉) သဥတ္တရဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) မိမိထက် လွန်မြတ်သော တရား မရှိကုန်။

(၁၀၀) သရဏဒုက်

(မဂ္ဂင်ရှစ်ပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

မဂ္ဂင် ၈–ပါးတို့ကို တိက်ဒုက်တို့ဖြင့် အမေးအဖြေပြု၍ ဝေဖန်ပြသော ပဥ္စာပုစ္ဆကနည်း ပြီး၏။

မဂ္ဂင်ရှစ်ပါးတို့ကို ဝေဖန်၍ပြသော မဂ္ဂင်ဝိဘင်းပြီး၏။

၁၂–စျာနဝိဘင်

(စျာန်တရားတို့ကို ဝေဖန်၍ ပြသော စျာနဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း (အကျဉ်း)

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

တရားအားထုတ်ရန် ရှေးဦးကျင့်စဉ်

၅၀၈။ ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏။ အကျင့်'အာစာရ'၊ ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ (မျက်စိစသော) ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိ၏။ စားဖွယ် 'ဘောဇဉ်'၌ အတိုင်းအရှည်ကို

သိ၏။ ညဉ့်ဦးယံ, မိုးသောက်ယံပတ်လုံး နိုးကြားခြင်းငှါ အားထုတ်ခြင်းနှင့်ယှဉ်၏။ မပြတ်မလပ် ဖြစ်စေအပ်သော လုံ့လ, ရင့်ကျက်သော ပညာနှင့် ပြည့်စုံ၏။ ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်းငှါ အားထုတ်ခြင်းနှင့် ယှဉ်၏။ သတိသမ္ဗေဇ္ဈပွါးများနည်း ထိုရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိ၏၊ ဒုကုဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ စားရာသောက်ရာ ခဲရာ လျက်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိ၏။ တောကျောင်းအင်္ဂါ။ ထိုရဟန်းသည် နည်းသောအသံရှိသော၊ ကျယ်လောင်သော အသံမရှိသော၊ လှည့်လည်သွားလာသောလူတို့၏ အနံ့မှ ကင်းသော၊ လူသံစသည်တို့မှ တိတ်ဆိတ်သော၊ တစ်ယောက်တည်း ကိန်းအောင်းရန်သင့်လျှော် လျောက်ပတ်သော၊ တော, သစ်ပင်ရင်း, တောင်, ချောက်, တောင်ခေါင်း (ဂူ) သချိုင်း, တောအုပ်, လွင်ပြင်, ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏။ ထိုရဟန်းသည် တောသို့ ကပ်၍သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်၍သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍သော်လည်းကောင်း ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

နီဝရဏငါးပါးပယ်ပုံ

(၁) ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာဟူသော) လောကဌ် တပ်မက်ခြင်း 'အဘိဇ္ဈာ' ကို ပယ်၍တပ်မက်ခြင်း 'အဘိဇ္ဈာ'ကင်းသော စိတ်ဖြင့် နေ၏။ တပ်မက်ခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။

(၂) ပျက်စီးစေလိုမှု 'ဒေါသ'ကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ အလုံးစုံသောသတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားလျက် နေ၏။ ပျက်စီးစေလိုသော 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏။

(၃) လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' မှ ကင်းသည်ဖြစ်၍အလင်းရောင်၌ ဖြစ်သော အမှတ်သညာရှိသည် ဖြစ်၍ သတိ, ပညာနှင့် ပြည့်စုံလျက် နေ၏။ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။

(၄) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' မှ စိတ်ကို စင်ကြယ်စေ၏။

(၅) ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၍ ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို လွန်မြောက်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏။ ယုံမှားမှု 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

ရူပဈာန်လေးပါးသို့ရောက်ပုံ

(၁) ထိုရဟန်းသည် စိတ်ကို ညစ်နွမ်းစေတတ်ကုန်သော၊ ပညာကို အားနည်းအောင် ပြုတတ်ကုန်သော ဤ 'နီဝရဏ' ငါးပါးတို့ကို ပယ်၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော၊ သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။

(၂) ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်ပွါးစေတတ်သော၊ ကြံစည်ခြင်း 'ဝိတက်' မရှိသော၊ သုံးသပ်ခြင်း 'ဝိစာရ'မရှိသော၊ တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

(၃) နှစ်သက်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိ, သမ္မဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍လျစ်လျူရှုလျက်သာလျှင် နေ၏။ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင်တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့က ချီးမွမ်းတော်မူကြကုန်၏။ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။

(၄) ချမ်းသာခြင်း 'သုခ' ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခွါခြင်းကြောင့် ရှေးဦးကပင် ဝမ်းမြောက်ခြင်း 'သောမနဿ' စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ' တို့၏လည်း ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသောစတုတ္ထဈာန်သို့ ရောက်၍ နေ၏။

အရူပဈာန်လေးပါးသို့ရောက်ပုံ

(၁) ရူပဈာန်၏ အာရုံ 'ရူပသညာ'တို့ကို လုံးဝ လွန်မြောက်ခြင်းကြောင့်၊ ပဋ္ဌဝတ္ထု+ပဋ္ဌာရုံတို့ထိခိုက်မှု ကြောင့် ဖြစ်သည့် မှတ်သားမှု 'ပဋိဃသညာ'တို့၏ လုံးဝချုပ်ခြင်းကြောင့် အထူးထူးသော သဘောရှိသော အာရုံ၌ ဖြစ်သည့် မှတ်သားမှု 'နာနတ္တသညာ' တို့ကို လုံးဝနှလုံးမသွင်း မူ၍ "ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိ"ဟု (စီးဖြန်းလျက်) အာကာသာနဉ္စာယတန ဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၂) အာကာသာနဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်ခြင်းကြောင့် "ဝိညာဏ်သည် အဆုံးအပိုင်းအခြား မရှိ"ဟု (စီးဖြန်းလျက်) ဝိညာဏဉ္စာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၃) ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် "စိုးစဉ်းမျှ မရှိ"ဟု (စီးဖြန်းလျက်) အာကိဉ္စညာယတနဈာန်ကို ပြည့်စုံစေ၍ နေ၏။

(၄) အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် နေဝသညာ နာသညာယတနဈာန်ကိုပြည့်စုံစေ၍ နေ၏။

သုတ္တန္တဘာဇနီယနည်း (အကျဉ်း) ပြီး၏။

၂–သုတ္တန္တဘာဇနီယနည်း (အကျယ်)

၅၀၉။ (ကၠ) "ဤ၌"ဟူသည်ကား ဤဘုရားအမြင်၌ ဤဘုရားနှစ်သက်ခြင်း၌ ဤဘုရားအလို၌ ဤဘုရားအယူ၌ ဤဘုရားတရားတော်၌ ဤဘုရားအဆုံးအမတော်၌ ဤဘုရားတရားတော် အဆုံးအမတော်၌ ဤဘုရားပိုင္ရကတ်တော်၌ ဤမြတ်သောအကျင့်၌ ဤဘုရား၏ သာသနာတော်၌။ ထို့ကြောင့် (ကၠ) "ဤ၌" ဟု ဆိုအပ်၏။

၅၁၀။ "ရဟန်း"ဟူသည်ကား ရဟန်းဟု ခေါ်ဝေါ်ပညတ်ခြင်းကြောင့် ရဟန်း၊ ရဟန်းဟု ဝန်ခံခြင်းကြောင့် ရဟန်း၊ ဆွမ်းခံစားတတ်သောကြောင့် ရဟန်း၊ ဆွမ်းခံစားလေ့ရှိသော သဘောကြောင့် ရဟန်း၊ ဆွမ်းခံအကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ရဟန်း၊ အပိုင်းပိုင်းပြတ်သော အဝတ်ကို ချုပ်စပ်၍ဝတ်တတ်သောကြောင့် ရဟန်း၊ အကုသိုလ်အယုတ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ရဟန်း၊ အကုသိုလ်အယုတ်တရားတို့ကို ဖျက်ဆီးပြီးသောကြောင့် ရဟန်း၊ အဆင့်ဆင့်အားဖြင့် ကိလေသာတို့ကိုပယ်တတ်သောကြောင့် ရဟန်း၊ တစ်ပြိုင်နက်အားဖြင့် ကိလေသာတို့ကို ပယ်တတ်သောကြောင့် ရဟန်း၊ ကျင့်ဆဲဖြစ်သော ရဟန်း၊ ကျင့်ပြီးသော ရဟန်း၊ ကျင့်ဆဲကျင့်ပြီးမဟုတ်သော ရဟန်း၊ မြတ်သော ရဟန်း၊ ကောင်းသော ရဟန်း၊ ကြည်ညိုဖွယ်ဖြစ်သော ရဟန်း၊ အနှစ်သာရရှိသော ရဟန်း၊ ညီညွတ်သောသံဃာသည် ပြုအပ်သော, မြတ်စွာဘုရားသာသနာအား ထိုက်သော, မပျက်သော ဥတ်လျှင် လေးကြိမ်မြောက်ရှိသော 'ဥတ္တိစတုတ္ထ' ကံနှင့် ပြည့်စုံသော ရဟန်းတည်း။

၅၁၁။ "ပါတိမောက်"ဟူသည်ကား သီလတည်း၊ ကုသိုလ်တရားတို့၏ တည်ရာတည်း၊ အစအဦးတည်း၊ အခြေခံတည်း၊ စောင့်စည်းခြင်းတည်း၊ စောင့်ရှောက်ခြင်းတည်း၊ ကုသိုလ်တရားတို့သို့ရောက်ရန် အဦးတည်း၊ ရှေ့သွားတည်း။

"သံဝရ"ဟူသည် ကိုယ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်း ကိုယ်နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်းတည်း။ "စောင့်ထိန်းလျက်"ဟူသည် ဤသီလဟူသော စောင့်ရှောက်မှု နှင့်ပြည့်စုံ၏၊ ကောင်းစွာပြည့်စုံ၏၊ ကပ်၍ဖြစ်၏၊ ကောင်းစွာ ကပ်၍ဖြစ်၏၊ အနီးဖြစ်၏၊ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့် "ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းလျက်"ဟု ဆိုအပ်၏။

၅၁၂။ "(ဝိဟရတိ) နေ၏"ဟူသည် ကၠရိယာပုထ်လေးပါးကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၊ မျှတစေ၏၊ ကျင့်၏၊ ကၠရိယာပုထ်တစ်ပါးဖြင့် ကၠရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "(ဝိဟရတိ) နေ၏"ဟု ဆိုအပ်၏။

၅၁၃။ "အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏" ဟု ဆိုရာ၌ ကျင့်အပ်သော အကျင့်သည် ရှိ၏၊ မကျင့်အပ်သော အကျင့်သည် ရှိ၏။

မကျင့်အပ်သောအကျင့်များ

ထိုနှစ်ပါးတို့တွင် အဘယ်သည် မကျင့်အပ်သော အကျင့် မည်သနည်း။

ကိုယ်၌ ဖြစ်သော လွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော လွန်ကျူးခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော လွန်ကျူးခြင်း သည် ရှိ၏။ ဤသဘောကို မကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။

သီလပျက်ကြောင်း အကျင့်အားလုံးသည်လည်း မကျင့်အပ်သောအကျင့် မည်၏။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝါးပေးခြင်းဖြင့်လည်းကောင်း၊ သစ်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ပန်းပေးခြင်းဖြင့်လည်းကောင်း၊ သစ်သီးပေးခြင်းဖြင့်လည်းကောင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်းဖြင့်လည်းကောင်း၊ ဒန်ပူပေးခြင်းဖြင့်လည်းကောင်း၊ ချစ်ခင်စေလိုလျှင် မြှောက်ပင့်ပြောဆိုခြင်းဖြင့်လည်းကောင်း၊ အမှန်နည်းပါး အမှားများသော စကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း၊ ကလေးချော့ကလေးထိန်းပေးခြင်းဖြင့်လည်းကောင်း၊ လူတို့အတွက် သတင်းပို့ပေးခြင်းဖြင့်လည်းကောင်း၊ မြတ်စွာဘုရားစက်ဆုပ်တော်မူအပ်သော မှားသော အသက်မွေးမှု တစ်ခုခုဖြင့်လည်းကောင်း အသက်မွေးမြူ၏၊ ဤသဘောကို မကျင့်အပ်သောအကျင့်ဟု ဆိုအပ်၏။

ကျင့်အပ်သောအကျင့်များ

ထိုနှစ်ပါးတို့တွင် အဘယ်သည် ကျင့်အပ်သော အကျင့် မည်သနည်း။ ကိုယ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်း၊ ကိုယ်နှုတ်၌ ဖြစ်သော မလွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကိုကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။ သီလစောင့်ထိန်းမှု အားလုံးသည်လည်း ကျင့်အပ်သော အကျင့်မည်၏။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝါးပေးခြင်းဖြင့်လည်းကောင်း၊ သစ်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ ပန်းပေးခြင်းဖြင့်လည်းကောင်း၊ သစ်သီးပေးခြင်းဖြင့်လည်းကောင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်းဖြင့်လည်းကောင်း၊ ဒန်ပူပေးခြင်းဖြင့်လည်းကောင်း၊ ချစ်ခင်စေလိုလျှင် မြှောက်ပင့်ပြောဆိုခြင်းဖြင့်လည်းကောင်း၊ အမှန်နည်းပါး အမှားများသောစကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း၊ ကလေးချော့ကလေးထိန်းပေးခြင်းဖြင့်လည်းကောင်း၊ လူတို့အတွက် သတင်းပို့ပေးခြင်းဖြင့်လည်းကောင်း၊ မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော မှားသော အသက်မွေးမှု တစ်ခုခုဖြင့်လည်းကောင်းအသက်မွေးမြူခြင်း မပြုပေ။ ဤသဘောကို ကျင့်အပ်သော အကျင့်ဟု ဆိုအပ်၏။

၅၁၄။ "ကျက်စားရာ 'ဂေါစရ'"ဟု ဆိုရာ၌ ကျက်စားသင့်သော နေရာသည် ရှိ၏၊ မကျက်စားသင့်သော နေရာသည် ရှိ၏။ မကျက်စားသင့်သောနေရာထိုတွင် အဘယ်သည် မကျက်စားသင့်သော နေရာ မည်သနည်း။

ဤသာသနာတော်၌ အချို့သောရဟန်းသည် ပြည့်တန်ဆာမအိမ်၌ ကျက်စား၏၊ မုဆိုးမအိမ်၌ ကျက်စား၏၊ အပျိုကြီးအိမ်၌ ကျက်စား၏၊ ပဏ္ဍုက်အိမ်၌ ကျက်စား၏၊ ဘိက္ခုနီမကျောင်း၌ ကျက်စား၏၊ သေတင်းကုပ်၌ ကျက်စား၏၊ မင်းတို့နှင့်လည်းကောင်း၊ မင်း၏အမတ်တို့နှင့်လည်းကောင်း၊ တိတ္ထိတို့နှင့်လည်းကောင်း၊ တိတ္ထိတပည့်တို့နှင့်လည်းကောင်း သာသနာတော်နှင့် မလျောက်ပတ်သော ဆက်ဆံခြင်းဖြင့်ဆက်ဆံ၍ နေ၏။ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်း ဥပါသိကာမိန်းမတို့အား သဒ္ဓါတရားမရှိကုန်သော၊ မကြည်ညိုကုန်သော၊ ရေတွင်းသဖွယ်မဖြစ်ကုန်သော၊ ဆဲရေးတတ် ရေရွတ်တတ်ကုန်သော၊ အကျိုးမဲ့ကို အလိုရှိကုန်သော၊ စီးပွါးမဲ့ကို အလိုရှိကုန်သော၊ ချမ်းသာမဲ့ကို အလိုရှိကုန်သော၊ ယောဂကုန်ရာကို အလိုမရှိကုန်သော အကြင်အမျိုး (ဒါယကာ) တို့သည် ရှိကုန်၏။ ထိုသို့သဘောရှိသောအမျိုး (ဒါယကာ) တို့ကို မှီဝဲ၏၊ ဆည်းကပ်၏၊ ချဉ်းကပ်၏၊ ဤသဘောကို မကျက်စားသင့်သော နေရာဟု ဆိုအပ်၏။

ကျက်စားသင့်သောနေရာ

ထိုတွင် အဘယ်သည် ကျက်စားသင့်သော နေရာ မည်သနည်း။

ဤသာသနာတော်၌ အချို့သောရဟန်းသည် ပြည့်တန်ဆာမအိမ်၌ မကျက်စား၊ မုဆိုးမအိမ်၌ မကျက်စား၊ အပျိုကြီးအိမ်၌ မကျက်စား၊ ပဏ္ဍာက်အိမ်၌ မကျက်စား၊ ဘိက္ခုနီမကျောင်း၌ မကျက်စား၊ သေတင်းကုပ်၌ မကျက်စား၊ မင်းတို့နှင့်လည်းကောင်း၊ မင်း၏အမတ်တို့နှင့်လည်းကောင်း၊ တိတ္ထိတို့နှင့်လည်းကောင်း၊ တိတ္ထိတပည့်တို့နှင့်လည်းကောင်း သာသနာတော်နှင့် မလျောက်ပတ်သော ဆက်ဆံခြင်းဖြင့်မဆက်ဆံမူ၍နေ၏။ ရဟန်း ယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့အားသဒ္ဓါတရားရှိကုန်သော၊ ကြည်ညိုကုန်သော၊ ရေတွင်းသဖွယ်ဖြစ်ကုန်သော၊ သင်္ကန်းအရောင်ဖြင့် တောက်ပကုန်သော ရဟန်းတို့၏ သင်္ကန်းကိုယ်တို့မှ ဖြစ်သော လေတို့ဖြင့် လှိုင်ကုန်သော၊ အကျိုးကို အလိုရှိကုန်သော၊ စီးပွါးကို အလိုရှိကုန်သော၊ ချမ်းသာကို အလိုရှိကုန်သော၊ ယောဂကုန်ရာကိုအလိုရှိကုန်သော အကြင်အမျိုး (ဒါယကာ) တို့သည် ရှိကုန်၏။ ထိုသို့သဘောရှိသော အမျိုး (ဒါယကာ) တို့ကို မှီဝဲ၏၊ ဆည်းကပ်၏၊ ချဉ်းကပ်၏၊ ဤသဘောကို ကျက်စားသင့်သော နေရာဟု ဆိုအပ်၏။

ဤဆိုအပ်ခဲ့ပြီးသော အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' နှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ကောင်းစွာပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၅၁၅။ "အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏" ဟု ဆိုရာ၌ အဘယ်တို့သည် အနည်းငယ်မျှသော အပြစ် မည်ကုန်သနည်း။

အပြစ်ကို ဘေးဟုရှုခြင်း အကြင်အပြစ်တို့သည် ငယ်သောအတိုင်းအရှည် ရှိကုန်၏၊ အနည်းငယ်အောက် လျော့သော အတိုင်းအရှည် ရှိကုန်၏၊ ပေါ့ကုန်၏၊ ပေါ့၏ဟု သမုတ်အပ်ကုန်၏၊ စောင့်စည်းခြင်းဖြင့် ကုစားအပ်ကုန်၏၊ စောင့်ရှောက်ခြင်းဖြင့် ကုစားအပ်ကုန်၏၊ စိတ်ဖြင့် ကုစားအပ်ကုန်၏၊ နှလုံးသွင်းခြင်းဖြင့် ကုစားအပ်ကုန်၏၊ ဤသဘောတို့ကို အနည်းငယ်မျှသော အပြစ်တို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤအနည်းငယ်မျှသော အပြစ်တို့၌ အပြစ်အားဖြင့် ရှုလေ့ရှိ၏၊ ဘေးအားဖြင့် ရှုလေ့ရှိ၏၊ အပြစ်ရှိသောအားဖြင့်ရှုလေ့ရှိ၏၊ ထွက်မြောက်ရာကို ရှုလေ့ရှိ၏၊ ထို့ကြောင့် "အနည်းငယ်မျှသော အပြစ်တို့၌သော်လည်းဘေးဟု ရှုလေ့ရှိ၏"ဟု ဆိုအပ်၏။

၅၁၆။ "သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏"ဟု ဆိုရာ၌ အဘယ်တို့သည် ကျင့်အပ်သော သိက္ခာ မည်ကုန်သနည်း။

သိက္ခာပုဒ်ကို ကျင့်ခြင်း ရဟန်းတို့၏ ရဟန်းသိက္ခာ (ကျင့်ဝတ်)၊ ရဟန်းမိန်းမတို့၏ ရဟန်းမိန်းမသိက္ခာ (ကျင့်ဝတ်)၊ ဥပါသကာယောကျ်ားတို့၏ ဥပါသကာယောကျ်ားသိက္ခာ (ကျင့်ဝတ်)၊ ဥပါသိကာမိန်းမတို့၏ ဥပါသိကာမိန်းမသိက္ခာ (ကျင့်ဝတ်)ဟူ၍ ကျင့်အပ်သောသိက္ခာတို့သည် လေးပါးရှိကုန်၏။ ဤလေးပါးတို့ကိုကျင့်အပ်သော သိက္ခာတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤသိက္ခာတို့၌ သိက္ခာပုဒ်အားလုံးနှင့် ကျင့်အပ်သောအခြင်းအရာအားလုံးကို အကြွင်းမရှိ အကျန်မရှိ ဆောက်တည်၍ ကျင့်၏။ ထို့ကြောင့် "သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏" ဟု ဆိုအပ်၏။

၅၁၇။ “(မျက်စိစသော) ကျွန်ုပ်တို့၌ လုံခြုံသော တံခါးရှိ၏” ဟု ဆိုရာ၌ (မျက်စိစသော) ကျွန်ုပ်တို့၌ လုံခြုံသော တံခါးရှိခြင်းသည် ရှိ၏။ (မျက်စိစသော) ကျွန်ုပ်တို့၌ မလုံခြုံသော တံခါးရှိခြင်းသည် ရှိ၏။ မလုံခြုံသော တံခါးရှိခြင်း ထိုတွင် (မျက်စိစသော) ကျွန်ုပ်တို့၌ မလုံခြုံသော တံခါးရှိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ား မိန်းမစသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသောအမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲလိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းရန် မကျင့်၊ စက္ခုန္ဒြေကိုမစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား မိန်းမ စသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ်အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင်မနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ဟူကုန်သောယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းရန် မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ ဤကျွန်ုပ် ခြောက်ပါးတို့ကို အကြင်မလုံခြုံခြင်းသည် မလုံခြုံသော အခြင်းအရာသည်မစောင့်ရှောက်ခြင်းသည် မစောင့်စည်းခြင်းသည် ရှိ၏။ ဤသဘောကို (မျက်စိစသော) ကျွန်ုပ်တို့၌ မလုံခြုံသော တံခါးရှိခြင်းဟု ဆိုအပ်၏။

လုံခြုံသောတံခါးရှိခြင်း ထိုတွင် (မျက်စိစသော) ကျွန်ုပ်တို့၌ လုံခြုံသော တံခါးရှိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ားမိန်းမစသော) ပုံသဏ္ဌာန် အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသောအမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု ‘အဘိဇ္ဈာ’၊ နှလုံးမသာယာမှု ‘ဒေါမနဿ’ဟူကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲလိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းရန် ကျင့်၏၊ စက္ခုန္ဒြေကိုစောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား မိန်းမစသော) ပုံသဏ္ဌာန်အမှတ်နိမိတ်ကို ယူလေ့မရှိ၊ (လက် ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းဘဲနေသော ထိုရဟန်းကို တပ်မက်မှု 'အဘိဇ္ဈာ'၊ နှလုံးမသာယာမှု 'ဒေါမနဿ'ဟူကုန်သောယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ လိုက်၍ နှိပ်စက်ကုန်ရာ၏။ (ထိုရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းရန် ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ ဤကွန္ဒြေ ခြောက်ပါးတို့ကို အကြင်လုံခြုံခြင်းသည် လုံခြုံသောအခြင်းအရာသည်စောင့်ရှောက်ခြင်းသည် စောင့်စည်း ခြင်းသည် ရှိ၏၊ ဤသဘောကို (မျက်စိစသော) ကွန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းဟု ဆိုအပ်၏။ ဤကွန္ဒြေတို့၌ လုံခြုံသော တံခါးရှိခြင်းနှင့် ပြည့်စုံ၏၊ ကောင်းစွာပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "(မျက်စိစသော) ကွန္ဒြေတို့၌ လုံခြုံသောတံခါးရှိ၏" ဟု ဆိုအပ်၏။

၅၁၈။ "စားဖွယ် 'ဘောဇဉ်'၌ အတိုင်းအရှည်ကို သိ၏" ဟု ဆိုရာ၌ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းသည် ရှိ၏၊ အတိုင်းအရှည်ကို မသိခြင်းသည် ရှိ၏။ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်း ထိုတွင် စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို မသိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ပညာဖြင့် မဆင်ခြင်မူ၍ မသင့်သော အကြောင်းအားဖြင့် အာဟာရကို မှီဝဲ၏၊ မြူးထူးရန်၊ မာန်ယစ်ရန်၊ ကိုယ်လက်အင်္ဂါ ပြည့်ဖြိုးရန်၊ အရေအဆင်း တင့်တယ်လှပရန် အာဟာရကို မှီဝဲ၏၊ ထိုစားဖွယ်ဘောဇဉ်၌ အကြင်မရောင့်ရဲခြင်းသည် အတိုင်းအရှည်မသိခြင်းသည် ဉာဏ်ဖြင့် မဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို စားဖွယ် 'ဘောဇဉ်'၌ အတိုင်းအရှည်ကို မသိခြင်းဟု ဆိုအပ်၏။

စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းထိုတွင် စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းသည် အဘယ်နည်း။ ဤသာသနာတော်၌ အချို့သော ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍အာဟာရကို မှီဝဲပါ၏၊ မြူးထူးရန် မဟုတ်ပါ၊ မာန်ယစ်ရန် မဟုတ်ပါ၊ ကိုယ်လက်အင်္ဂါပြည့်ဖြိုးရန်မဟုတ်ပါ၊ အရေအဆင်းတင့်တယ်လှပရန် မဟုတ်ပါ၊ ဤခန္ဓာကိုယ်၏ တည်တံ့ရန်သာ, မျှတရန်သာ, ဆာလောင်မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်သာ, အကျင့်မြတ်ကို ချီးမြှောက်ရန်သာ အာဟာရကိုမှီဝဲပါ၏၊ ဤသို့ မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်လည်းကောင်း၊ အပြစ်မရှိခြင်းသည်လည်းကောင်း၊ ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့ဟု (ဆင်ခြင်၍) အာဟာရကို မှီဝဲ၏။ ထိုစားဖွယ် 'ဘောဇဉ်'၌ အကြင်ရောင့်ရဲခြင်းသည် အတိုင်းအရှည်ကို သိခြင်းသည် ဉာဏ်ဖြင့် ဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို စားဖွယ် 'ဘောဇဉ်'၌ အတိုင်းအရှည်ကို သိခြင်းဟု ဆိုအပ်၏။ ဤဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "စားဖွယ် 'ဘောဇဉ်'၌ အတိုင်းအရှည်ကို သိ၏"ဟု ဆိုအပ်၏။

၅၁၉။ အဘယ်သို့လျှင် ရဟန်းသည် ညဉ့်ဦးယံ မိုးသောက်ယံပတ်လုံး နိုးနိုးကြားကြား အားထုတ်ခြင်းနှင့် မပြတ်ယှဉ်သနည်း။

နိုးနိုးကြားကြားအားထုတ်ခြင်း ဤသာသနာတော်၌ ရဟန်းသည် နေ့အချိန်ရှိသမျှ စင်္ကြံသွားခြင်းဖြင့်လည်းကောင်း၊ ထိုင်ခြင်းဖြင့်လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သောတရားတို့မှ စိတ်ကို စင်ကြယ်စေ၏၊ ညဉ့်၏ ပဌမယာမ်ပတ်လုံး စင်္ကြံသွားခြင်းဖြင့်လည်းကောင်း၊ ထိုင်ခြင်းဖြင့်လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သောတရားတို့မှ စိတ်ကို စင်ကြယ်စေ၏၊ ညဉ့်၏ မဇ္ဈိမယာမ်ပတ်လုံး ခြေတစ်ဖက်၌ ခြေတစ်ဖက်ကိုအနည်းငယ်လွန်အောင် တင်ထား၍ အောက်မေ့အမှတ်ရခြင်း 'သတိ' ကောင်းစွာ အပြားအားဖြင့် သိခြင်း 'သမ္မဇဉ်'ရှိသည်ဖြစ်၍ ထအံ့သော အမှတ်ကို စိတ်၌ ထား၍ လက္ခဏာနံပါးဖြင့် ခြသေ့အိပ်နည်းဖြင့်အိပ်ခြင်းကို ပြု၏။ ညဉ့်၏ ပစ္ဆိမယာမ်ပတ်လုံး တစ်ဖန်ထ၍ စင်္ကြံသွားခြင်းဖြင့်လည်းကောင်း၊ ထိုင်ခြင်းဖြင့်လည်းကောင်း ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော တရားတို့မှ စိတ်ကိုစင်ကြယ်စေ၏။ ဤသို့ ရဟန်း သည် ညဉ့်ဦးယံ မိုးသောက်ယံပတ်လုံး နိုးနိုးကြားကြားအားထုတ်ခြင်းနှင့် မပြတ်ယှဉ်၏။

၅၂၀။ "လုံ့လ"ဟူသည် အကြင်စိတ်၌ ဖြစ်သောအားထုတ်ခြင်းလုံ့လ'ဝီရိယာရ မ္ဘ'တည်း။ပ။ ကောင်းစွာအားထုတ်ခြင်း 'သမ္မာဝါယာမ'တည်း။

၅၂၁။ "ပညာ"ဟူသည် အကြင်အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်း အရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' တည်း။

ဗောဓိပက္ခိယတရားများ

၅၂၂။ "ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်းငှါ အားထုတ်ခြင်းနှင့်ယှဉ်၏"ဟူရာ၌ ဗောဓိပက္ခိယတရားတို့ဟူသည် အဘယ်တို့နည်း။ အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'၊ နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'၊ ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်'၊ တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'၊ လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်'တို့သည်ကား ဗောဇ္ဈင်ခုနစ်ပါးတို့တည်း။ ဤတရားတို့ကို ဗောဓိပက္ခိယတရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ထိုဗောဓိပက္ခိယတရားတို့ကို မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏၊ ထို့ကြောင့် "ဗောဓိပက္ခိယတရားတို့ကို ပွါးများခြင်းငှါ အားထုတ်ခြင်းနှင့် ယှဉ်၏" ဟု ဆိုအပ်၏။

၅၂၃။ အဘယ်သို့လျှင် ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ကွေးရာ ဆန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ဒုကုဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသနည်း။

သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ ပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိသနည်း။

ဤသာသနာတော်၌ ရဟန်းသည် သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ရှေ့သို့ တက်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ နောက်သို့ ဆုတ်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍တူရူကြည့်၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ တစောင်းကြည့်၏၊ သတိ, ပညာဖြင့်အောက်မေ့ဆင်ခြင်၍ ကွေး၏၊ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ဆန့်၏၊ သတိရှိလျက် ပညာဖြင့်ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာအိပ်ရာ နိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာတို့၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက်ပြုလေ့ရှိခြင်းတည်း။

၅၂၄။ ထိုတရားတို့တွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ တစ်ဖန်အောက်မေ့မှု 'ပဋ္ဌိဿတိ'၊ သတိဟူသော အောက်မေ့မှု အခြင်းအရာ 'ပဋ္ဌိသရဏတာ'၊ ဆောင်ပုံအခြင်းအရာ 'ဓာရဏတာ'၊ မပေါ့ဆမှု သဘော 'အပိလာပနတာ'၊ မမေ့ပျောက်မှု သဘော 'အသမ္မုဿနတာ'၊ သတိဟူသော အစိုးတရအောက်မေ့မှု 'သတိန္ဒြေ' မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ'ဟု ဆိုအပ်၏။

၅၂၅။ "ပညာဖြင့် ဆင်ခြင်လျက်" ဟု ဆိုရာ၌ အဘယ်သည် ဆင်ခြင်ခြင်း 'ပညာ' မည်သနည်း။

အကြင်အပြားအားဖြင့်သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'၊ စိစစ်မှု 'ဝိစယ'၊ ခွဲခြားစိစစ်မှု 'ပဝိစယ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာမှတ်ခြင်း 'သလ္လက္ခဏာ'၊ ကပ်၍ မှတ်ခြင်း 'ဥပလက္ခဏာ'၊ ရှေးရှုကပ်၍မှတ်ခြင်း 'ပစ္စုပလက္ခဏာ'၊ ပညာရှိဖြစ်ကြောင်းသဘော 'ပဏ္ဍိစ္စ'၊ လိမ္မာသူဖြစ်ကြောင်းသဘော 'ကောသလ္လ'၊ သိမ်မွေ့သူဖြစ်ကြောင်းသဘော 'နေပုဏ'၊ ဝေဖန်သူဖြစ်ကြောင်းသဘော 'ဝေဘဗ္ဘာ'၊ ကြံစည်ခြင်းသဘော 'စိန္တာ'၊ နှိုင်းချိန်ခြင်းသဘော 'ဥပပရိက္ခာ'၊ မြေကြီးနှင့်တူသောသဘော 'ဘူရီ'၊ မိုးကြိုးကဲ့သို့ ကိလေသာကို ဖျက်ဆီးသောသဘော 'မေဓာ'၊ ထိုးထွင်းသိမှု၌ ညွတ်စေတတ်သောသဘော 'ပရိဏာယိကာ'၊ အထူးထူး ရှုမြင်တတ်သောသဘော 'ဝိပဿနာ'၊ ကောင်းစွာအပြားအားဖြင့်သိခြင်းသဘော 'သမ္မဇညာ'၊ နှင်တံနှင့် တူသောသဘော 'ပတောဒ'၊ ပညာဟူသော အစိုးတရ အပြားအားဖြင့်သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ်သိမှု 'ပညာဗိုလ်'၊ ဓားနှင့်တူသောသိမှု 'ပညာသတ္ထာ'၊ ပြာသာဒ်နှင့် တူသောသိမှု 'ပညာပါသာဒ'၊ အလင်းနှင့်တူသောသိမှု 'ပညာအာလောက'၊ အရောင်နှင့်တူသောသိမှု 'ပညာ သြဘာသ'၊ ဆီမီးနှင့်တူသောသိမှု 'ပညာပဒေါတ'၊ ရတနာနှင့် တူသောသိမှု 'ပညာရတနာ'၊ မတွေ့ဝေမှု သဘော 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆင်ခြင်ခြင်း 'ပညာ' ဟု ဆိုအပ်၏။ ဤသို့ အောက်မေ့မှု သတိနှင့်လည်းကောင်း၊ ဆင်ခြင်မှု သမ္မဇဉ်နှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ဤသို့ ရဟန်းသည်

သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ရှေ့သို့ တက်၏။ သတိ, ပညာဖြင့်အောက်မေ့ဆင်ခြင်၍ နောက်သို့ ဆုတ်၏။ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ တူရူကြည့်၏။ အောက်မေ့ ဆင်ခြင်၍ တစောင်းကြည့်၏။ သတိ, ပညာဖြင့် အောက်မေ့ဆင်ခြင်၍ ကွေး၏။ သတိ, ပညာဖြင့် အောက်မေ့ ဆင်ခြင်၍ ဆန့်၏။ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ဒုကုဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ စားရာသောက်ရာ ခဲရာ လျက်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာနိုးရာ ပြောဆိုရာ ဆိတ်ဆိတ်နေရာ၌ သတိရှိလျက် ပညာဖြင့် ဆင်ခြင်လျက် ပြုလေ့ရှိ၏။

၅၂၆။ "ဆိတ်ငြိမ်သော ကျောင်း"ဟူသည်ကား ကျောင်းသည် (မြို့ရွာ) အနီး၌ ဖြစ်စေကာမူထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် ဆိတ်ငြိမ်၏။ ကျောင်းသည် (မြို့ရွာ) အဝေး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် ဆိတ်ငြိမ်၏။

၅၂၇။ "ကျောင်း"ဟူရာ၌ ညောင်စောင်းသည်လည်း ကျောင်းမည်၏။ အင်းပျဉ်သည်လည်း ကျောင်းမည်၏။ ဘုံလျှိုသည်လည်း ကျောင်းမည်၏။ အုံးသည်လည်း ကျောင်းမည်၏။ (အများခေါ်သော) ကျောင်းသည်လည်း ကျောင်းမည်၏။ တစ်ဖက်မိုးကျောင်းသည်လည်း ကျောင်းမည်၏။ ပြာသာဒ်သည်လည်း ကျောင်းမည်၏။ ပြအိုး (ပစ်စင်) သည်လည်း ကျောင်းမည်၏။ တန်ဆောင်းဝန်းသည်လည်းကျောင်းမည်၏။ လိုဏ်သည်လည်း ကျောင်းမည်၏။ ဂူသည်လည်း ကျောင်းမည်၏။ သစ်ပင်ရင်းသည်လည်း ကျောင်းမည်၏။ ဝါးရုံသည်လည်း ကျောင်းမည်၏။ အကြင်အရပ်၌ လည်း ရဟန်းတို့သည်စည်းဝေး (လာရောက်) ကြကုန်၏။ ထိုအရပ်အလုံးစုံသည်လည်း ကျောင်းမည်၏။

၅၂၈။ "ဆိတ်ငြိမ်သော ကျောင်းကို မှီဝဲ၏"ဟူသည် ဤဆိတ်ငြိမ်သော ကျောင်းကို ဆည်းကပ်၏။ ကောင်းစွာ ဆည်းကပ်၏။ မှီဝဲ၏။ အမြဲမှီဝဲ၏။ ကောင်းစွာမှီဝဲ၏။ ထို့ကြောင့် "ဆိတ်ငြိမ်သောကျောင်းကို မှီဝဲ၏" ဟု ဆိုအပ်၏။

၅၂၉။ "တော"ဟူသည်ကား (ရွာ) တံခါးခုံမှ ထွက်သော် ပြင်ပအရပ်အားလုံးသည် တောမည်၏။

၅၃၀။ "သစ်ပင်ရင်း" စသော စကားရပ်၌ သစ်ပင်ရင်းသည်ပင်လျှင် သစ်ပင်ရင်းတည်း၊ တောင်သည်ပင်လျှင် တောင်တည်း၊ ချောက်သည်ပင်လျှင် ချောက်တည်း၊ ကျောက်ဂူသည်ပင်လျှင် ကျောက်ဂူတည်း၊ သုသာန်သည်ပင်လျှင် သုသာန်တည်း၊ လွင်တီးခေါင်သည်ပင်လျှင် လွင်တီးခေါင်တည်း၊ ကောက်ရိုးပုံသည်ပင်လျှင် ကောက်ရိုးပုံတည်း။

၅၃၁။ "တောအုပ်"ဟူသော ဤအမည်သည် (ရပ်ရွာနှင့်) ဝေးသော ကျောင်းတို့၏ အမည်တည်း။ "တောအုပ်"ဟူသော ဤအမည်သည် တောအုပ်ကျောင်းတို့၏ အမည်တည်း။ "တောအုပ်"ဟူသော ဤအမည်သည် ကြောက်မက်ဖွယ်ကျောင်းတို့၏ အမည်တည်း။ "တောအုပ်"ဟူသော ဤအမည်သည် ကြက်သီးထဖွယ်ကျောင်းတို့၏ အမည်တည်း။ "တောအုပ်"ဟူသော ဤအမည်သည် အပိုင်းအခြားရှိသော တောကျောင်းတို့၏ အမည်တည်း။

"တောအုပ်"ဟူသော ဤအမည်သည် လူမနီးသော ကျောင်းတို့၏ အမည်တည်း။ "တောအုပ်"ဟူသော ဤအမည်သည် လူသာမန်တို့နေနိုင်ခဲသော ကျောင်းတို့၏ အမည်တည်း။

၅၃၂။ "နည်းသော အသံရှိသော"ဟူရာ၌ ကျောင်းသည် (မြို့ရွာ) အနီး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူ ရဟန်းတို့နှင့် မရောပြွမ်း၊ ထို့ကြောင့် ထိုကျောင်းသည် နည်းသောအသံရှိ၏။ ကျောင်းသည် (မြို့ရွာ) အဝေး၌ ဖြစ်စေကာမူ ထိုကျောင်းသည် လူရဟန်းတိုနှင့် မရောပြွမ်း၊ ထို့ကြောင့်ထိုကျောင်းသည် နည်းသောအသံရှိ၏။

၅၃၃။ "ကျယ်လောင်သော အသံမရှိသော ကျောင်းစသည်"ဟူရာ၌ နည်းသော အသံရှိသောကျောင်းသည်ပင် ကျယ်လောင်သော အသံမရှိသော ကျောင်းမည်၏။ ကျယ်လောင်သောအသံမရှိသောကျောင်းသည်ပင် လှည့်လည်သွားလာသော လူတို့၏အနံ့မှ ကင်းသော ကျောင်းမည်၏။ လှည့်လည်သွားလာသော လူတို့၏အနံ့မှ ကင်းသော ကျောင်းသည်ပင် လူတို့တိတ်ဆိတ်သော ကျောင်းမည်၏။ လူတို့တိတ်ဆိတ်သော ကျောင်းသည်ပင် တစ်ယောက်တည်း ကိန်းအောင်းရန် လျောက်ပတ်သော ကျောင်းမည်၏။

၅၃၄။ "တောသို့ ကပ်၍သော်လည်းကောင်း၊ သစ်ပင်ရင်းသို့ ကပ်၍သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ ကပ်၍သော်လည်းကောင်း"ဟူရာ၌ တောသို့မူလည်း ကပ်၏၊ သစ်ပင်ရင်းသို့မူလည်း ကပ်၏၊ ဆိတ်ငြိမ်ရာသို့မူလည်း ကပ်၏။

၅၃၅။ "ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်၏"ဟူသည် ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်နေသည် ဖြစ်၏။

၅၃၆။ "ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင်"ဟူသည် ဖြောင့်ဖြောင့်မတ်မတ် ကိုယ်ကို တည်ထား၏။

၅၃၇။ "ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍"ဟူရာ၌ အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင်အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'၊ တစ်ဖန်အောက်မေ့မှု 'ပဋ္ဌိဿတိ'။ပ။

ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို "သတိ" ဟု ဆိုအပ်၏။ ဤသတိကိုနှာခေါင်းဖျား၌သော်လည်းကောင်း၊ အထက်နှုတ်ခမ်းအလယ်၌သော်လည်းကောင်း ဖြစ်စေ၏၊ ကောင်းစွာဖြစ်စေ၏။ ထို့ကြောင့် "ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍"ဟု ဆိုအပ်၏။

၅၃၈။ "ဥပါဒါနက္ခန္ဓာဟူသော လောက၌ တပ်မက်မှု 'အဘိဇ္ဈာ' ကို ပယ်၍"ဟူရာ၌ အဘယ်သည်တပ်မက်မှု 'အဘိဇ္ဈာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဇ္ဈာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "လောက" မည်သနည်း။

ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ 'ဥပါဒါနက္ခန္ဓာ' ငါးပါးတို့သည် "လောက" မည်၏။ ဤသဘောကို "လောက"ဟု ဆိုအပ်၏။

ဤတပ်မက်မှု "အဘိဗျာ"သည် ဤဥပါဒါနက္ခန္ဓာဟူသော လောကၨ ဇြိမ်း၏၊ ဇြိမ်းခြင်းသို့ ရောက်၏၊ အထူးဇြိမ်း၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူး ပျက်စီး၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြု၏။ ထို့ကြောင့် "(ဥပါဒါနက္ခန္ဓာဟူသော) လောကၨ တပ်မက်မှု 'အဘိဗျာ'ကိုပယ်၍"ဟု ဆိုအပ်၏။

၅၃၉။ "တပ်မက်မှု 'အဘိဗျာ' ကင်းသော စိတ်ဖြင့်"ဟူရာၨ အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သောအထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် တပ်မက်မှု 'အဘိဗျာ' ကင်း၏။ ထို့ကြောင့် "တပ်မက်မှု 'အဘိဗျာ' ကင်းသောစိတ်ဖြင့်" ဟု ဆိုအပ်၏။

၅၄၀။ "(ဝိဟရတိ) နေ၏"ဟူသည် ကျရိယာပုထ်လေးပါးနှင့် ပြည့်စုံ၏၊ ဖြစ်၏၊ စောင့်စေ၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ကျရိယာပုထ်တစ်ပါးဖြင့် ကျရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏။ ထို့ကြောင့် "(ဝိဟရတိ) နေ၏"ဟု ဆိုအပ်၏။

၅၄၁။ "တပ်မက်မှု 'အဘိဗျာ'မှ စိတ်ကို စင်ကြယ်စေ၏"ဟူရာၨ အဘယ်သည် တပ်မက်မှု 'အဘိဗျာ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'။ပ။ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို တပ်မက်မှု 'အဘိဗျာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်ခြင်းသဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှုသဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို "စိတ်"ဟု ဆိုအပ်၏။ ဤစိတ်ကို ဤတပ်မက်မှု 'အဘိဗျာ'မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင်စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင် လွတ်စေ၏။ ထို့ကြောင့် "တပ်မက်မှု 'အဘိဗျာ'မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၄၂။ "ပျက်စီးစေလိုမှု 'ဒေါသ'ကို ပယ်၍"ဟူရာၨ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ရှိ၏၊ ပြစ်မှားမှု 'ပဒေါသ'သည် ရှိ၏။ ထိုနှစ်မျိုးတို့တွင် အဘယ်သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်သနည်း။

အကြင် စိတ်၏ ရန်ငြိုးဖွဲ့မှု 'အာဃာတ'၊ လွန်စွာရန်ငြိုးဖွဲ့မှု 'ပဋ္ဌိဃာတ'၊ အာရုံၨ ထိပါးမှု 'ပဋ္ဌိဃ'၊ ဆန့်ကျင်ဘက်သဘော 'ပဋ္ဌိဝိရောဓ'၊ အမျက်ထွက်ခြင်း 'ကောပ'၊ လွန်စွာအမျက်ထွက်ခြင်း 'ပကောပ'၊ အလွန်ပြင်းစွာ အမျက်ထွက်ခြင်း 'သမ္မကောပ'၊ ပြစ်မှားခြင်း 'ဒေါသ'၊ အလွန်ပြစ်မှားခြင်း 'ပဒေါသ'၊ အလွန်ပြင်းစွာပြစ်မှားခြင်း 'သမ္မဒေါသ'၊ စိတ်၏ ဖောက်ပြန်ခြင်းသဘော 'စိတ္တဗျာပတ္တိ'၊ စိတ်ပျက်စီးခြင်း သဘော 'မနောပဒေါသ'၊ အမျက်ထွက်ခြင်းသဘော 'ကောဓ'၊ အမျက်ထွက်သော အခြင်းအရာ 'ကုဗ္ဗနာ'၊

အမျက်ထွက်တတ်သော သူ၏အဖြစ် 'ကုဏ္ဍိတတ္တ'၊ ပြစ်မှားခြင်းသဘော 'ဒေါသ'၊ ပြစ်မှားသောအခြင်းအရာ 'ဒုဿနာ'၊ ပြစ်မှားသောသူ၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ခြင်းသဘော 'ဗျာပတ္တိ'၊ ဖောက်ပြန်သောအခြင်းအရာ 'ဗျာပဏ္ဍနာ'၊ ဖောက်ပြန်တတ်သည်၏ အဖြစ် 'ဗျာပဏ္ဍိတတ္တ'၊ ဆန့်ကျင်ဘက်သဘော 'ဝိရောဓ'၊ လွန်စွာဆန့်ကျင်ဘက်သဘော 'ပဋိဝိရောဓ'၊ ကြမ်းတမ်းသောသဘော 'စဏ္ဍိက္ခ'၊ မကောင်းသဖြင့် ပြောဆိုခြင်း 'အသုရောပ'၊ ပကတိစိတ်မဟုတ်ခြင်းသဘော 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ပျက်စီးစေလိုမှု 'ဗျာပါဒ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပြစ်မှားမှု 'ပဒေါသ' မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ပြစ်မှားမှု 'ပဒေါသ' မည်၏။ ပြစ်မှားမှု 'ပဒေါသ'သည် ပျက်စီးစေ လိုမှု 'ဗျာပါဒ' မည်၏။ ဤသို့ ဤပျက်စီးစေလိုမှု 'ဗျာပါဒ'သည်လည်းကောင်း၊ ဤပြစ်မှားမှု 'ပဒေါသ'သည်လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ အထူးငြိမ်းကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန် ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ပျက်စီးစေလိုမှု 'ဒေါသ'ကို ပယ်၍"ဟု ဆိုအပ်၏။

၅၄၃။ "မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍"ဟူရာ၌ အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု သဘော 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် မပျက်စီးစေလိုသောစိတ် ဖြစ်၏။ ထို့ကြောင့် 'မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍' ဟု ဆိုအပ်၏။

၅၄၄။ "နေ၏"ဟူရာ၌။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၅၄၅။ "ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏"ဟူရာ၌ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်ရှိ၏။ ပြစ်မှားမှု 'ပဒေါသ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်သနည်း။

အကြင်စိတ်၏ ရန်ငြိုးဖွဲ့မှု 'အာဃာတ'။ပ။ ကြမ်းတမ်းမှု သဘော 'စဏ္ဍိက္ခ'၊ မကောင်းသဖြင့်ပြောဆိုခြင်း 'အသုရောပ'၊ ပကတိစိတ်မဟုတ်ခြင်းသဘော 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကိုပျက်စီးစေလိုမှု 'ဗျာပါဒ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပြစ်မှားမှု 'ပဒေါသ' မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ပြစ်မှားမှု 'ပဒေါသ' မည်၏။ ပြစ်မှားမှု 'ပဒေါသ' သည် ပျက်စီးစေလိုမှု 'ဗျာပါဒ' မည်၏။ ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု သဘော 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို "စိတ်"ဟု ဆိုအပ်၏။ ဤစိတ်ကို ဤပျက်စီးစေလိုမှု 'ဒေါသ'မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင်စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊

ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "ပျက်စီးစေလိုမှု 'ဒေါသ'မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၄၆။ "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကို ပယ်၍"ဟူရာ၌ ထိုင်းခြင်းသည် ရှိ၏၊ မှိုင်းခြင်းသည် ရှိ၏။ ထိုတွင် အဘယ်သည် "ထိုင်းခြင်း" မည်သနည်း။

အကြင် စိတ်၏မခံ့ကျန်းမှု 'အကလျတာ'၊ အမှုကိစ္စ၌ မဆောင်ရွက်နိုင်မှု 'အကမ္မညတာ'၊ ပျင်းရိခြင်း၌ ငြိတွယ်ပုံအခြင်းအရာ 'ဿလီယနာ'၊ ငြိကပ်ပုံအခြင်းအရာ 'သလ္လီယနာ'၊ တွန့်ဆုတ်ခြင်းသဘော 'လီန'၊ တွန့်ဆုတ်ပုံအခြင်းအရာ 'လီယနာ'၊ တွန့်ဆုတ်တတ်သည်၏အဖြစ် 'လီယိတတ္တ'၊ စိတ်၏လေးလံမှု သဘော 'ထိန'၊ စိတ်၏ လေးလံသောအခြင်းအရာ 'ထိယနာ'၊ စိတ်၏ လေးလံသည်၏အဖြစ် 'ထိယိတတ္တ' သည် ရှိ၏။ ဤသဘောကို ထိုင်းခြင်းဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "မှိုင်းခြင်း" မည်သနည်း။

အကြင် စေတသိက်၏ မခံ့ကျန်းမှု 'အကလျတာ'၊ အမှုကိစ္စ၌ မဆောင်ရွက်နိုင်မှု 'အကမ္မညတာ'၊ မြေးယှက်ခြင်းသဘော 'ဿနာဟ'၊ ထက်ဝန်းကျင်မြေးယှက်ခြင်းသဘော 'ပရိယောနာဟ'၊ အတွင်း၌ ပိတ်ဆို့ခြင်းသဘော 'အန္တောသမောရောဓ'၊ မှိုင်းခြင်းသဘော 'မိဒ္ဓ'၊ အိပ်ခြင်းသဘော 'သုပ္ပ'၊ ငိုက်မျဉ်းခြင်း သဘော 'ပစလာယိကာ'၊ အိပ်မှု သဘော 'သုပ္ပ'၊ အိပ်သောအခြင်းအရာ 'သုပ္ပနာ'၊ အိပ်သည်၏အဖြစ် 'သုပ္ပိတတ္တ'သည် ရှိ၏။ ဤသဘောကို မှိုင်းခြင်းဟု ဆိုအပ်၏။ ဤသို့ဤထိုင်းခြင်းသည်လည်းကောင်း၊ ဤမှိုင်းခြင်းသည်လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ရောက်ကုန်၏၊ အထူးငြိမ်းကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကိုပြုအပ်ကုန်၏။ ထို့ကြောင့် "လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ပယ်၍"ဟု ဆိုအပ်၏။

၅၄၇။ "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍"ဟူရာ၌ ထိုစိတ်စေတသိက်တို့၏ထိုင်းမှိုင်းခြင်းကို စွန့်ခြင်းကြောင့်၊ အန်ခြင်းကြောင့်၊ လွတ်ခြင်းကြောင့်၊ ပယ်ခြင်းကြောင့်၊ အထပ်ထပ်စွန့်ခြင်း ကြောင့်၊ ပယ်၍ အထပ်ထပ် စွန့်ခြင်းကြောင့်။ ထို့ကြောင့် "ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှကင်းသည် ဖြစ်၍"ဟု ဆိုအပ်၏။

၅၄၈။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၅၄၉။ "အလင်းရောင်ဟူသော အမှတ်သညာရှိသည်ဖြစ်၍"ဟူရာ၌ အဘယ်သည် အမှတ် 'သညာ' မည်သနည်း။

အကြင် မှတ်သားမှု 'သညာ'၊ မှတ်သားသောအခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားတတ်သည်၏အဖြစ် 'သဉ္ဇာနိတတ္တ'သည် ရှိ၏။ ဤသဘောကို မှတ်သားမှု 'သညာ' ဟု ဆိုအပ်၏။

ဤမှတ်သားမှု 'သညာ' သည် လင်း၏၊ ပွင့်၏၊ ထက်ဝန်းကျင်စင်ကြယ်၏၊ ထက်ဝန်းကျင် တောက်ပ၏။ ထို့ကြောင့် "အလင်းရောင်ဟူသော အမှတ် 'သညာ'ရှိသည်ဖြစ်၍"ဟု ဆိုအပ်၏။

၅၅၀။ "အောက်မေ့မှု 'သတိ'၊ ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္မဇည' နှင့် ပြည့်စုံလျက်"ဟူရာ၌ အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာအောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ကောင်းစွာအပြားအားဖြင့်သိမှု 'သမ္မဇည' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို 'ပညာ' ဟု ဆိုအပ်၏။ ဤသို့ ဤသတိနှင့်လည်းကောင်း၊ ဤပညာနှင့်လည်းကောင်း ပြည့်စုံ၏။ပ။

ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့မှု 'သတိ'ကောင်းစွာအပြားအားဖြင့်သိမှု 'သမ္မဇည'နှင့် ပြည့်စုံလျက်" ဟု ဆိုအပ်၏။

၅၅၁။ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏" ဟု ဆိုရာ၌ စိတ်၏ ထိုင်းမှုသည် ရှိ၏။ စေတသိက်တို့၏ မှိုင်းမှုသည် ရှိ၏။ ထိုတွင် အဘယ်သည် "စိတ်၏ ထိုင်းမှု" မည်သနည်း။

။ပ။ ဤသဘောကို "စိတ်၏ ထိုင်းမှု"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စေတသိက်တို့၏ မှိုင်းမှု" မည်သနည်း။

။ပ။ ဤသဘောကို "စေတသိက်တို့၏ မှိုင်းမှု"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

။ပ။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်ကို ဤလေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင်စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏"ဟု ဆိုအပ်၏။

၅၅၂။ "ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို ပယ်၍"ဟူရာ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည် ရှိ၏၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကုစ္စ'သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

အကြင်စိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မငြိမ်သက်မှု 'အဝူပသမ'၊ စိတ်၏ ဖရိုဖရဲပျံ့လွင့်မှု 'စေတသောဝိက္ခေပ' စိတ်၏တုန်လှုပ်မှု 'ဘန္တတ္တ' သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ' မည်သနည်း။

မအပ်သည်၌ အပ်၏ဟု မှတ်ထင်ခြင်း၊ အပ်သည်၌ မအပ်ဟုမှတ်ထင်ခြင်း၊ အပြစ်မရှိသည်၌ အပြစ်ရှိ၏ဟုမှတ်ထင်ခြင်း၊ အပြစ်ရှိသည်၌ အပြစ်မရှိဟု မှတ်ထင်ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင်နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'၊ နောင်တ တစ်ဖန် ပူပန်သောအခြင်းအရာ 'ကုက္ကုစ္စာယနာ'၊ နောင်တတစ်ဖန် ပူပန်တတ်သည်၏ အဖြစ် 'ကုက္ကုစ္စာယိတတ္တ'၊ စိတ်နှလုံးမသာယာမှု 'ဝိပ္ပဋိသာရ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ'

သည် ရှိ၏။ ဤသဘောကို နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ' ဟု ဆိုအပ်၏။ ဤသို့ ဤစိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' သည်လည်းကောင်း၊ ဤနောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ'သည်လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "စိတ်၏ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တတစ်ဖန် ပူပန်မှု 'ကုက္ကစ္စ' ကို ပယ်၍"ဟု ဆိုအပ်၏။

၅၅၃။ "မပျံ့လွင့်သည်ဖြစ်၍"ဟူသည် ထိုစိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ'ကို စွန့်ခြင်းကြောင့်၊ အန်ခြင်းကြောင့်၊ လွတ်ခြင်းကြောင့်၊ ပယ်ခြင်းကြောင့်၊ တစ်ဖန်စွန့်ခြင်းကြောင့် ပယ်၍ တစ်ဖန် စွန့်ခြင်းကြောင့်။ ထို့ကြောင့် "မပျံ့လွင့်သည်ဖြစ်၍"ဟု ဆိုအပ်၏။

၅၅၄။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

"မိမိသန္တာန်၌"ဟူသည် ကိုယ်ကို စွဲ၍ဖြစ်သော အရာတည်း"

၅၅၅။ "ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍"ဟူရာ၌ အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သောအထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို 'စိတ်'ဟု ဆိုအပ်၏။ ဤမိမိသန္တာန်၌ ဖြစ်သော စိတ်သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ငြိမ်သက်၏။ ထို့ကြောင့် "မိမိသန္တာန်၌ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍"ဟု ဆိုအပ်၏။

၅၅၆။ "ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ'မှ စိတ်ကို စင်ကြယ်စေ၏"ဟူရာ၌ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'သည် ရှိ၏၊ နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ'သည် ရှိ၏။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

အကြင်စိတ်၏ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မငြိမ်သက်မှု 'အဂူပသမ'၊ စိတ်၏ ဖရိုဖရဲပျံ့လွင့်မှု 'စေတသောဝိက္ခေပ'၊ စိတ်၏တုန်လှုပ်မှု 'ဘန္တတ္တ'သည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ' မည်သနည်း။

။ပ။ ဤသဘောကို နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

။ပ။ ဤသဘောကို "စိတ်"ဟု ဆိုအပ်၏။ ဤစိတ်ကို ဤပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တစ်ဖန် ပူပန်မှု 'ကုက္ကစ္စ'မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင် စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတစ်ဖန်ပူပန်မှု 'ကုက္ကစ္စ' မှစိတ်ကို စင်ကြယ်စေ၏"ဟု ဆိုအပ်၏။

၅၅၇။ "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုပယ်၍"ဟူရာ၌ အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင် ယုံမှားမှု 'ကခ်ီ'၊ ယုံမှားသောအခြင်းအရာ 'ကခ်ီယနာ'၊ ယုံမှားတတ်သည်၏ အဖြစ် 'ကခ်ီယိတတ္တ'၊ တွေးတောမှု 'ဝိမတိ'၊ မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ'၊ နှလုံးနှစ်ခွဖြစ်မှု 'ဒွေဇ္ဈက'၊ လမ်းနှစ်ခွဖြစ်မှု 'ဒ္ဝိဓာပထ'၊ မဝေခွဲနိုင်မှု 'သံသယ'၊ တသမတ်တည်း မယူနိုင်မှု 'အနေကံသဂ္ဂါဟ'၊ ရွှေ့ရှားတတ်မှု 'အာသပ္ပနာ'၊ ထက်ဝန်းကျင် ရွှေ့ရှားမှု 'ပရိသပ္ပနာ'၊ ထက်ဝန်းကျင် မသက်ဝင်နိုင်မှု 'အပရိယောဂါဟဏာ'၊ စိတ်ခက်တရော်ရှိမှု 'ဆမ္ဘိတတ္တ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ' သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။ ဤယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ရောက်၏၊ ငြိမ်သက်၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူးပျက်စီး၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြုအပ်၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၍" ဟု ဆိုအပ်၏။

၅၅၈။ "ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို လွန်မြောက်၍"ဟူရာ၌ ဤယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ကူးမြောက်၏၊ လွန်မြောက်၏၊ ထွက်မြောက်၏၊ ကမ်းတစ်ဖက်သို့ ရောက်၏၊ ကမ်းတစ်ဖက်သို့ ဆိုက်၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို လွန်မြောက်၍"ဟု ဆိုအပ်၏။

၅၅၉။ "ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍"ဟူသည် ဤယုံမှားမှု 'ဝိစိကိစ္ဆာ' ဖြင့်ကုသိုလ်တရားတို့၌ မယုံမှား၊ သံသယမရှိ၊ သို့လော သို့လော မဖြစ်၊ သို့လော သို့လော မရှိ၊ သို့လောသို့လောဖြစ်မှု မှ ကင်း၏။ ထို့ကြောင့် "ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍"ဟု ဆိုအပ်၏။

၅၆၀။ "ယုံမှားမှု 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏"ဟူရာ၌ အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

အကြင် ယုံမှားမှု 'ကခ်ီ'၊ ယုံမှားသောအခြင်းအရာ 'ကခ်ီယနာ'၊ ယုံမှားတတ်သည်၏ အဖြစ် 'ကခ်ီယိတတ္တ'။ပ။[J] စိတ်ခက်တရော်ရှိမှု 'ဆမ္ဘိတတ္တ'၊ စိတ်နှလုံး၌ ရေးခြစ်မှု 'မနောဝိလေခ' သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော "တဇ္ဇာမနောဝိညာဏာဓာတ်"သည် ရှိ၏။ ဤသဘောကို "စိတ်"ဟု ဆိုအပ်၏။

ဤစိတ်ကို ယုံမှားမှု 'ဝိစိကိစ္ဆာ' မှ စင်ကြယ်စေ၏၊ အထူးစင်ကြယ်စေ၏၊ ထက်ဝန်းကျင်စင်ကြယ်စေ၏၊ လွတ်စေ၏၊ အထူးလွတ်စေ၏၊ ထက်ဝန်းကျင်လွတ်စေ၏။ ထို့ကြောင့် "ယုံမှားမှု 'ဝိစိကိစ္ဆာ'မှ စိတ်ကိုစင်ကြယ်စေ၏" ဟု ဆိုအပ်၏။

၅၆၁။ "ဤနီဝရဏ ငါးပါးတို့ကို ပယ်၍"ဟူရာ၌ ဤနီဝရဏ ငါးပါးတို့သည် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက် ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကိုပြုအပ်ကုန်၏။ ထို့ကြောင့် "ဤနီဝရဏငါးပါးတို့ကို ပယ်၍"ဟု ဆိုအပ်၏။

၅၆၂။ "စိတ်ကို ညစ်နွမ်းစေတတ်ကုန်သော"ဟူရာ၌ ဤနီဝရဏာငါးပါးတို့သည် စိတ်ကို ညစ်နွမ်းစေတတ်ကုန်၏။

၅၆၃။ "ပညာကို အားနည်းအောင် ပြုတတ်ကုန်သော"ဟူရာ၌ ဤနီဝရဏာငါးပါးတို့ကြောင့် မဖြစ်သေးသော ပညာသည် မဖြစ်ပေါ်၊ ဖြစ်ပြီးသော ပညာသည်လည်း ချုပ်၏။ ထို့ကြောင့် "ပညာကိုအားနည်းအောင် ပြုတတ်ကုန်သော" ဟု ဆိုအပ်၏။

၅၆၄။ "ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်" ဟူရာ၌ အဘယ်တရားတို့သည် "ကာမ" မည်ကုန်သနည်း။

ကာမဂုဏ်ကို လိုချင်မှု 'ဆန္ဒ' သည် ကာမမည်၏၊ တပ်မက်မှု 'ရာဂ'သည် ကာမမည်၏၊ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် ကာမမည်၏၊ (ပုံသဏ္ဌာန်နိမိတ်စသည်ကို) ကြံစည်မှု 'သင်္ကပ္ပ' သည် ကာမမည်၏၊ တပ်မက်မှု 'ရာဂ'သည် ကာမမည်၏၊ ကြံစည်တပ်မက်မှု 'သင်္ကပ္ပရာဂ' သည် ကာမမည်၏။ ဤတရားတို့ကို "ကာမ" ဟု ဆိုအပ်ကုန်၏။ ထို၌ အဘယ်တရားတို့သည် "အကုသိုလ်" မည်ကုန်သနည်း။

ပြင်းစွာလိုချင်မှု 'ကာမစ္ဆန္ဒ'၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'၊ စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ နောင်တ တစ်ဖန်ပူပန်မှု 'ကုက္ကုစ္စ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'။ ဤတရားတို့ကို အကုသိုလ်တို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤကာမတို့မှလည်းကောင်း၊ ဤအကုသိုလ်တရားတို့မှလည်းကောင်း ကင်းဆိတ်၏။ ထို့ကြောင့် "ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်" ဟု ဆိုအပ်၏။

၁။ (*) ဆဋ္ဌမုပါဠိတော်၌ အဗ္ဗျတ္တပုဒ်အဖွင့် မပါပါ၊ ကျနေဟန်တူသည်။
၂။ ဤကခ်ံယိတတ္တနောက်၌ ပေယျာလ ရှိသင့်သည်၊ ဆဋ္ဌမုပါဠိတော်၌ ကျသည်ဟု ထင်သည်။

♣

၁–ပဌမစျာန်အဖွင့်

၅၆၅။ "ကြံစည်မှု 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော" ဟူရာ၌ ကြံစည်မှု 'ဝိတက်'သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ'သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြံစည်မှု 'ဝိတက်' မည်သနည်း။

အကြင် ကြံစည်မှု 'တက္က'၊ အထူးကြံစည်မှု 'ဝိတက္က'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ စိတ်ကိုအာရုံသို့ ရောက်စေမှု 'အပ္ပနာ'၊ အထူးရောက်စေမှု 'ဗျပ္ပနာ'၊ စိတ်ကိုအာရုံသို့ ရှေးရှုတင်ပေးမှု 'စေတသောအဘိနိရောပနာ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏၊ ဤသဘောကို ကြံစည်မှု 'ဝိတက်' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင်သုံးသပ်မှု 'စာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ်အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကိုအာရုံနှင့် ဆက်စပ်၍ထားမှု 'အနုသန္ဓနတာ'၊

အစဉ်မပြတ်ကြည့်ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ' ဟု ဆိုအပ်၏။ ဤသို့ ဤကြေစည်မှု 'ဝိတက်'နှင့်လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ' နှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ကြေစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော"ဟု ဆိုအပ်၏။

၅၆၆။ "နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော"ဟူရာ၌ ကြေစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တို့သည် ရှိကုန်၏။ ထိုတရားတို့သည် ဤ (နီဝရဏ) ကင်းခြင်းကြောင့် ဖြစ်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ်ဖြစ်ပေါ်ကုန်၏၊ ထင်ရှား ဖြစ်ကုန်၏။ ထို့ကြောင့် "နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော"ဟု ဆိုအပ်၏။

၅၆၇။ "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော"ဟူရာ၌ နှစ်သက်မှု 'ပီတိ'သည် ရှိ၏။ ချမ်းသာမှု 'သုခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် နှစ်သက်မှု 'ပီတိ' မည်သနည်း။

အကြင်နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာဝမ်းသာမှု 'အာမောဒနာ'၊ များစွာ ဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'သြဒဂျ'၊ စိတ်၏ နှစ်လိုမှု 'အတ္တမနတာ' သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု 'ပီတိ'ဟု ဆိုအပ်၏။ ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင် စိတ်၌ မှီသော သာယာမှု 'စေတသိကသာတ'၊ စိတ်၌ မှီသော ချမ်းသာမှု 'စေတသိကသုခ'၊ စိတ်၏တွေ့ထိမှု ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်၏ တွေ့ထိမှု ကြောင့်ဖြစ်သောသာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ'ဟု ဆိုအပ်၏။ ဤချမ်းသာမှု 'သုခ'သည် ဤနှစ်သက်မှု 'ပီတိ'နှင့် တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှောမှု၏၊ ယှဉ်၏။ ထို့ကြောင့် "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော" ဟု ဆိုအပ်၏။

၅၆၈။ "ပဌမ"ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း ပဌမမည်၏၊ ရှေးဦးစွာဝင်စားအပ်သောကြောင့်လည်း ပဌမမည်၏။

၅၆၉။ "ဈာန်"ဟူသည် ကြေစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၇၀။ "ရောက်၍"ဟူသည် ပဌမဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၇၁။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၂-ဒုတိယဈာန်အဖွင့်

၅၇၂။ "ကြဲစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' ချုပ်ငြိမ်းခြင်းကြောင့်"ဟူရာ၌ ကြဲစည်မှု 'ဝိတက်' သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြဲစည်မှု 'ဝိတက်' မည်သနည်း။

အကြင် ကြဲစည်မှု 'တက္က'၊ အထူးကြဲစည်မှု 'ဝိတက္က'။ပ။ ကောင်းစွာကြဲစည်မှု 'သမ္မာသင်္ကပ္ပ'သည် ရှိ၏၊ ဤသဘောကို ကြဲစည်မှု 'ဝိတက်' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင်သုံးသပ်မှု 'စာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ် အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကိုအာရုံနှင့်ဆက်စပ်မှု 'အနုသန္ဓနတာ'၊ အထပ်ထပ် ကပ်၍ ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ'ဟု ဆိုအပ်၏။ ဤသို့ ဤကြဲစည်မှု 'ဝိတက်'သည်လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ'သည်လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ကြဲစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်"ဟု ဆိုအပ်၏။

၅၇၃။ "မိမိကိုယ်၌"ဟူသည် မိမိသန္တာန်၌ ၊ မိမိအတ္တဘောဝ၌။

၅၇၄။ "ကြည်လင်စေတတ်သော"ဟူသည် ယုံကြည်မှု 'သဒ္ဓါ'၊ ယုံကြည်သော အခြင်းအရာ 'သဒ္ဒဟနာ'၊ သက်ဝင်မှု 'သြကပ္ပနာ'၊ အလွန်ကြည်လင်မှု 'အဘိပ္ပသာဒ' တည်း။

၅၇၅။ "စိတ်၏တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်ပွါးစေတတ်သော"ဟူသည် စိတ်၏တည်တံ့မှု 'ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'တည်း။

၅၇၆။ "ကြဲစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' မရှိသော"ဟူရာ၌ ကြဲစည်မှု 'ဝိတက်' သည် ရှိ၏၊ သုံးသပ်မှု 'ဝိစာရ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ကြဲစည်မှု 'ဝိတက်' မည်သနည်း။ အကြင် ကြဲစည်မှု 'တက္က'၊ အထူးကြဲစည်မှု 'ဝိတက္က'။ပ။ ကောင်းစွာကြဲစည်မှု 'သမ္မာသင်္ကပ္ပ' သည် ရှိ၏၊ ဤသဘောကို ကြဲစည်မှု 'ဝိတက်'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သုံးသပ်မှု 'ဝိစာရ' မည်သနည်း။

အကြင်သုံးသပ်မှု 'စာရ'၊ အထပ်ထပ်သုံးသပ်မှု 'အနုစာရ'၊ အထူးသုံးသပ်မှု 'ဝိစာရ'၊ အထပ်ထပ်အထူးသုံးသပ်မှု 'အနုဝိစာရ'၊ ကပ်၍ အထူးသုံးသပ်မှု 'ဥပဝိစာရ'၊ စိတ်ကို အာရုံနှင့်ဆက်စပ်မှု 'အနုသန္ဓနတာ'၊ အထပ်ထပ်ကပ်၍ရှုမှု 'အနုပေက္ခနတာ' သည် ရှိ၏။ ဤသဘောကို သုံးသပ်မှု 'ဝိစာရ' ဟု ဆိုအပ်၏။ ဤသို့ ဤကြဲစည်မှု 'ဝိတက်'သည်လည်းကောင်း၊ ဤသုံးသပ်မှု 'ဝိစာရ'သည်လည်းကောင်းငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်း သို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ကြဲစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'မရှိသော"ဟု ဆိုအပ်၏။

၅၇၇။ "တည်ကြည်ခြင်း "သမာဓိ" ကြောင့်ဖြစ်သော"ဟူရာ၌ ကြည်လင်မှု 'သဒ္ဓါ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'သည် ရှိ၏။ ထိုသဒ္ဓါ, ပီတိ, သုခတို့သည် ဤဒုတိယဈာန်၌ ပဌမဈာန်သမာဓိကြောင့်ဖြစ်ကုန်၏၊ ကောင်းစွာဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ်ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ထို့ကြောင့် "တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော"ဟု ဆိုအပ်၏။

၅၇၈။ "နှစ်သက်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော"ဟူရာ၌ နှစ်သက်မှု 'ပီတိ'သည် ရှိ၏။ ချမ်းသာမှု 'သုခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် နှစ်သက်မှု 'ပီတိ' မည်သနည်း။

။ပ။ ဤသဘောကို နှစ်သက်မှု 'ပီတိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

။ပ။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။ ဤချမ်းသာမှု 'သုခ'သည် ဤနှစ်သက်မှု 'ပီတိ'နှင့်တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နီးနှောင်း၏၊ ယှဉ်၏။ ထို့ကြောင့် "နှစ်သက်မှု 'ပီတိ'ချမ်းသာမှု 'သုခ' ရှိသော"ဟု ဆိုအပ်၏။

၅၇၉။ "ဒုတိယ"ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း ဒုတိယ မည်၏၊ နှစ်ကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း ဒုတိယ မည်၏။

၅၈၀။ "ဈာန်"ဟူသည် ကြည်လင်မှု 'သဒ္ဓါ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၈၁။ "ရောက်၍"ဟူသည် ဒုတိယဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်း တည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၈၂။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၃–တတိယဈာန်အဖွင့်

၅၈၃။ "နှစ်သက်မှု 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့်"ဟူရာ၌ အဘယ်သည် နှစ်သက်မှု 'ပီတိ' မည်သနည်း။

အကြင် နှစ်သက်မှု 'ပီတိ'၊ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၊ လွန်စွာဝမ်းသာမှု 'အာမောဒနာ'၊ များစွာဝမ်းသာမှု 'ပမောဒနာ'၊ ရွှင်လန်းမှု 'ဟာသ'၊ များစွာရွှင်လန်းမှု 'ပဟာသ'၊ နှစ်သိမ့်မှု 'ဝိတ္တိ'၊ တက်ကြွမှု 'သြဒဂ္ဂ'၊ စိတ်၏ နှစ်လိုမှု 'အတ္တမနတာ' သည် ရှိ၏။ ဤသဘောကို နှစ်သက်မှု 'ပီတိ'ဟု ဆိုအပ်၏။

ဤ နှစ်သက်မှု 'ပီတိ' သည် ငြိမ်း၏၊ ငြိမ်းခြင်းသို့ ရောက်၏၊ ငြိမ်သက်၏၊ ချုပ်ခြင်းသို့ ရောက်၏၊ အလွန် ချုပ်ခြင်းသို့ ရောက်၏၊ ပျက်စီး၏၊ အထူးပျက်စီး၏၊ ခြောက်သွေ့၏၊ အထူးခြောက်သွေ့၏၊ ကင်းခြင်းကို ပြုအပ်၏။ ထို့ကြောင့် "နှစ်သက်မှု 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၈၄။ "လျစ်လျူရှုလျက်သာလျှင်"ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု 'ဥပေက္ခာ' မည်သနည်း။

အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ အလွန်လျစ်လျူရှုသောအခြင်းအရာ 'အဋ္ဌပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်ခြင်း 'မဇ္ဈတ္တတာ'သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု 'ဥပေက္ခာ' ဟု ဆိုအပ်၏။ ဤလျစ်လျူရှုမှု 'ဥပေက္ခာ'နှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့် "လျစ်လျူရှုလျက်သာလျှင်"ဟု ဆိုအပ်၏။

၅၈၅။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၅၈၆။ "အောက်မေ့မှု 'သတိ' ကောင်းစွာအပြားအားဖြင့် သိမှု 'သမ္မဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍"ဟူရာ၌ အဘယ်သည် အောက်မေ့ခြင်း 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ကောင်းစွာအပြားအားဖြင့် သိမှု 'သမ္မဇဉ်' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။

မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာသိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။

ဤသဘောကို ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္မဇဉ်'ဟု ဆိုအပ်၏။ ဤသို့ ဤသတိနှင့်လည်းကောင်း၊ ဤသမ္မဇဉ်နှင့်လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အောက်မေ့မှု 'သတိ' ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္မဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍" ဟု ဆိုအပ်၏။

၅၈၇။ "ချမ်းသာမှု 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏"ဟူရာ၌ အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာခြင်း 'သုခ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် 'ကိုယ်' မည်သနည်း။

မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ'သည် ရှိ၏။ ဤသဘောကို ကိုယ်ဟု ဆိုအပ်၏။ ဤချမ်းသာခြင်း သုခကို ဤကိုယ် (နာမကာယ) ဖြင့် ခံစား၏။ ထို့ကြောင့် "ချမ်းသာခြင်း သုခကိုလည်း ကိုယ်ဖြင့် ခံစား၏" ဟု ဆိုအပ်၏။

၅၈၈။ "အရိယာပုဂ္ဂိုလ်တို့သည် အကြင်တတိယဈာန်ကြောင့် ထိုသူကို ချီးမွမ်းတော်မူကြကုန်၏"ဟူရာ၌ အဘယ်တို့သည် "အရိယာပုဂ္ဂိုလ်တို့" မည်ကုန်သနည်း။

မြတ်စွာဘုရားတို့ကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့ကိုလည်းကောင်း အရိယာတို့ ဟုဆိုအပ်ကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့သည် ဤတတိယဈာန်ရရှိသူကို ပြောကြားကုန်၏၊ ညွှန်ပြကုန်၏၊ သိစေကုန်၏၊ ဖြစ်စေကုန်၏၊ ဖွင့်ပြကုန်၏၊ ဝေဖန်ကုန်၏၊ ပေါ်လွင်အောင် ပြုကုန်၏၊ ထင်ရှားပြကုန်၏၊ ထို့ကြောင့် "အရိယာပုဂ္ဂိုလ်တို့သည် အကြင်တတိယဈာန်ကြောင့် ထိုသူကို ချီးမွမ်းတော်မူကုန်၏" ဟုဆိုအပ်ကုန်၏။

၅၈၉။ "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု 'ဥပေက္ခာ' မည်သနည်း။

အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခနာ'၊ အလွန်လျစ်လျူရှုသောအခြင်းအရာ 'အဋ္ဌုပက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှုသည် ရှိ၏။ ဤသဘောကို လျစ်လျူရှုမှု 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ် အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင်စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သောချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။ ဤသို့ ဤလျစ်လျူရှုမှု 'ဥပေက္ခာ' နှင့်လည်းကောင်း၊ ဤအောက်မေ့မှု 'သတိ'နှင့်လည်းကောင်း၊ ဤချမ်းသာမှု 'သုခ'နှင့်လည်းကောင်းပြည့်စုံသည် ဖြစ်၍ ဖြစ်၏၊ စောင့်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ နေ၏၊ ထို့ကြောင့် "လျစ်လျူရှုသူသတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ဆိုအပ်၏။

၅၉၀။ "တတိယဈာန်"ဟူရာ၌ ဤဈာန်သည် အရေအတွက်အစဉ်အားဖြင့်လည်း တတိယမည်၏၊ သုံးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း တတိယ မည်၏။

၅၉၁။ "ဈာန်"ဟူသည် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ အောက်မေ့မှု 'သတိ'၊ ကောင်းစွာအပြားအားဖြင့် သိမှု 'သမ္မဇည'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တို့တည်း။

၅၉၂။ "ရောက်၍"ဟူသည် တတိယဈာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်း တည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၅၉၃။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၄-စတုတ္ထဈာန်အဖွင့်

၅၉၄။ "ချမ်းသာမှု 'သုခ' ဆင်းရဲမှု 'ဒုက္ခ'ကိုလည်း ပယ်ခွာခြင်းကြောင့်"ဟူရာ၌ ချမ်းသာမှု 'သုခ' သည် ရှိ၏၊ ဆင်းရဲမှု 'ဒုက္ခ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ချမ်းသာမှု 'သုခ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော သာယာမှု ၊ ကိုယ်၌ ဖြစ်သော ချမ်းသာမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သောသာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို ချမ်းသာမှု 'သုခ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

အကြင် ကိုယ်၌ ဖြစ်သော မသာယာမှု ၊ ကိုယ်၌ ဖြစ်သော ဆင်းရဲမှု ၊ ကိုယ်အတွေ့ကြောင့်ဖြစ်သောမသာယာမှု ဆင်းရဲမှုကို ခံစားခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု 'ဒုက္ခ' ဟု ဆိုအပ်၏။ ဤသို့ ဤချမ်းသာမှု သုခသည်လည်းကောင်း၊ ဤဆင်းရဲမှု ဒုက္ခသည်လည်းကောင်း ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ချမ်းသာမှု 'သုခ' ဆင်းရဲမှု 'ဒုက္ခ'ကိုလည်း ပယ်ခွါခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၉၅။ "ရှေးဦးကပင် ဝမ်းမြောက်မှု 'သောမနဿ'၊ စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်"ဟူရာ၌ ဝမ်းမြောက်မှု 'သောမနဿ'သည် ရှိ၏၊ စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' သည် ရှိ၏။ ထိုတွင် အဘယ်သည် ဝမ်းမြောက်မှု 'သောမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော သာယာမှု ၊ စိတ်၌ ဖြစ်သော ချမ်းသာမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာမှု ချမ်းသာမှုကို ခံစားသော အခြင်းအရာသည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်မှု 'သောမနဿ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော မသာယာမှု ၊ စိတ်၌ ဖြစ်သော ဆင်းရဲမှု ၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှု ဆင်းရဲမှုကို ခံစားသောအခြင်းအရာသည် ရှိ၏။ ဤသဘောကို စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' ဟု ဆိုအပ်၏။ ဤသို့ဤဝမ်းမြောက်မှု 'သောမနဿ' သည်လည်းကောင်း၊ စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' သည်လည်းကောင်းရှေးဦးကပင် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ရှေးဦးကပင် ဝမ်းမြောက်မှု 'သောမနဿ' စိတ်နှလုံးမသာယာမှု 'ဒေါမနဿ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်" ဟု ဆိုအပ်၏။

၅၉၆။ "ဆင်းရဲချမ်းသာမရှိသော"ဟူရာ၌ အကြင်စိတ်၌ ဖြစ်သော သာယာမှု လည်းမဟုတ်, မသာယာမှု လည်းမဟုတ်သော သဘော၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ်,

ချမ်းသာမဟုတ်သောခံစားခြင်းသဘော၊ စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲလည်းမဟုတ်, ချမ်းသာလည်းမဟုတ်သော ခံစားသော အခြင်းအရာသည် ရှိ၏။ ထို့ကြောင့် "ဆင်းရဲချမ်းသာမရှိသော" ဟု ဆိုအပ်၏။

၅၉၇။ "လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော"ဟူရာ၌ အဘယ်သည် လျစ်လျူရှုမှု 'ဥပေက္ခာ' မည်သနည်း။

အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသောအခြင်းအရာ 'ဥပေက္ခနာ'၊ အလွန်လျစ်လျူရှုသောအခြင်းအရာ 'အဇ္ဈုပေက္ခနာ'၊ စိတ်၏ အလယ်အလတ်ဖြစ်မှု 'မဇ္ဈတ္တတာ'သည် ရှိ၏။ ဤသဘောကိုလျစ်လျူရှုမှု 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အောက်မေ့မှု 'သတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အထပ်ထပ်အောက်မေ့မှု 'အနုဿတိ'။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ' သည် ရှိ၏။ ဤသဘောကို အောက်မေ့မှု 'သတိ' ဟု ဆိုအပ်၏။ ဤသတိသည် ဤလျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ပွင့်လင်း၏၊ ထက်ဝန်းကျင် စင်ကြယ်၏၊ ထက်ဝန်းကျင် ဖြူဖွေး၏။ ထို့ကြောင့် "လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော"ဟု ဆိုအပ်၏။

၅၉၈။ "စတုတ္ထ"ဟူရာ၌ ဤဈာန်သည် အရေအတွက် အစဉ်အားဖြင့်လည်း စတုတ္ထမည်၏၊ လေးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်း စတုတ္ထမည်၏။

၅၉၉။ "ဈာန်"ဟူသည် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ အောက်မေ့မှု 'သတိ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်း။

၆၀၀။ "ရောက်၍"ဟူသည် စတုတ္ထဈာန်ကို ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်ခြင်း တည်း၊ ကောင်းစွာ ရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၀၁။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

အာကာသာနဉ္စာယတနဈာန်

၆၀၂။ "ရူပသညာကို လုံးဝလွန်မြောက်ခြင်းကြောင့်"ဟူရာ၌ အဘယ်သည် ရူပသညာ မည်သနည်း။

ရူပဈာန်သမာပတ်ကို ဝင်စားသူ၏လည်းကောင်း၊ ကပ်ရောက်သူ၏လည်းကောင်း၊ မျက်မှောက်၌ ချမ်းသာစွာ နေလေ့ရှိသူ၏လည်းကောင်း မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားတတ်သည်၏ အဖြစ် 'သဉ္ဇာနိတတ္တ' သည် ရှိ၏။ ဤသညာတို့ကို ရူပသညာတို့ဟု ဆိုအပ်ကုန်၏။ ဤရူပသညာတို့ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "ရူပသညာတို့ကိုလုံးဝလွန်မြောက်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၃။ "ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋ္ဌိယသညာ' တို့၏ ချုပ်ခြင်းကြောင့်"ဟူရာ၌ အဘယ်သည် ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော 'ပဋ္ဌိယသညာ' မည်သနည်း။

အဆင်း၌ မှတ်သားမှု 'ရူပသညာ'၊ အသံ၌ မှတ်သားမှု 'သဒ္ဒသညာ'။ပ။ အတွေ့အထိ၌ မှတ်သားမှု 'ဖောဋ္ဌဗ္ဗသညာ'တို့တည်း။ ဤသညာတို့ကို ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋ္ဌိယသညာ' တို့ဟု ဆိုအပ်ကုန်၏။ ဤဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋ္ဌိယသညာ' တို့သည် ငြိမ်းကုန်၏၊ ငြိမ်းခြင်းသို့ ရောက်ကုန်၏၊ ငြိမ်သက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ အလွန်ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ပျက်စီးကုန်၏၊ အထူးပျက်စီးကုန်၏၊ ခြောက်သွေ့ကုန်၏၊ အထူးခြောက်သွေ့ကုန်၏၊ ကင်းခြင်းကို ပြုအပ်ကုန်၏။ ထို့ကြောင့် "ဝတ္ထု+အာရုံထိခိုက်မှု ကြောင့်ဖြစ်သော မှတ်သားမှု 'ပဋ္ဌိယသညာ'တို့၏ ချုပ်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၄။ "အထူးထူးသောအာရုံ၌ မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းမူ၍"ဟူရာ၌ အဘယ်သည် အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' မည်သနည်း။

(သမာပတ်ကို) မဝင်စားသော မနောဓာတ်နှင့် ပြည့်စုံသူ၏ လည်းကောင်း၊ မနောဝိညာဏဓာတ်နှင့်ပြည့်စုံသူ၏ လည်းကောင်း မှတ်သားမှု 'သညာ'၊ မှတ်သားသောအခြင်းအရာ 'သဉ္ဇာနနာ'၊ မှတ်သားသည်၏ အဖြစ် 'သဉ္ဇာနိတတ္တ'သည် ရှိ၏။ ဤသညာကို အထူးထူးသောအာရုံ၌ မှတ်သားမှု 'နာနတ္တသညာ' တို့ဟုဆိုအပ်ကုန်၏။ ဤအထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်း။ ထို့ကြောင့် "အထူးထူးသော အာရုံ၌ မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၀၅။ "ကောင်းကင်သည် အဆုံးအပိုင်းအခြားမရှိ"ဟူရာ၌ အဘယ်သည် "ကောင်းကင်" မည်သနည်း။ အကြင် ရေးခြစ် မရသောသဘော၊ ရေးခြစ်မရသောဖြစ်ခြင်းသဘော၊ ထိကိုင်၍ မရသော သဘော၊ ထိကိုင်၍ မရသောဖြစ်ခြင်းသဘော၊ ဟင်းလင်းသဘော၊ ဟင်းလင်းဖြစ်ခြင်း သဘော၊ မဟာဘုတ်လေးပါးတို့နှင့် မတွေ့ထိအပ်သောသဘောသည် ရှိ၏။ ဤသဘောကို ကောင်းကင်ဟု ဆိုအပ်၏။

ထိုကောင်းကင်၌ စိတ်ကို ထား၏၊ ကောင်းစွာထား၏။ အပိုင်းအခြားမရှိဖြန့်၏။ ထို့ကြောင့် "ကောင်းကင်သည် အဆုံး အပိုင်းအခြားမရှိ"ဟု ဆိုအပ်၏။

၆၀၆။ "အာကာသာနဉ္စာယတန"ဟူသည် အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၀၇။ "ပြည့်စုံစေ၍"ဟူသည် အာကာသာနဉ္စာယတနဈာန်ကို ရခြင်းတည်း၊ အထပ်ထပ် ရခြင်း တည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၀၈။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

ဝိညာဏာဠာယတနစျာန်

၆၀၉။ "အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့်"ဟူရာ၌ ဤအာကာသာနဉ္စာယတနစျာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "အာကာသာနဉ္စာယတနစျာန်ကိုလုံးဝလွန်မြောက်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၁၀။ "ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ"ဟူရာ၌ ထိုကောင်းကင်ကိုပင် ဝိညာဏ်ဖြင့် တွေ့ထိ၍နှလုံးသွင်း၏၊ အပိုင်းအခြားမရှိဖြန့်၏။ ထို့ကြောင့် "ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ" ဟု ဆိုအပ်၏။

၆၁၁။ "ဝိညာဏဠာယတနစျာန်"ဟူသည် ဝိညာဏဠာယတနစျာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၁၂။ "ပြည့်စုံစေ၍"ဟူသည် ဝိညာဏဠာယတနစျာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်း တည်း။

၆၁၃။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

အာကိဉ္စညာယတနစျာန်

၆၁၄။ "ဝိညာဏဠာယတနစျာန်ကို လုံးဝ လွန်မြောက်ခြင်းကြောင့်"ဟူရာ၌ ဤဝိညာဏဠာယတနစျာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "ဝိညာဏဠာယတနစျာန်ကို လုံးဝလွန်ခြင်းကြောင့်" ဟု ဆိုအပ်၏။

၆၁၅။ "စိုးစဉ်းမျှ မရှိ"ဟူရာ၌ ထိုဝိညာဏ်ကိုပင် ပွါးများ၏၊ အထူးပွါးများ၏၊ ကွယ်စေ၏၊ စိုးစဉ်းမျှ မရှိဟု ရှု၏။ ထို့ကြောင့် "စိုးစဉ်းမျှ မရှိ"ဟု ဆိုအပ်၏။

၆၁၆။ "အာကိဉ္စညာယတန"ဟူသည် အာကိဉ္စညာယတနစျာန်ကို ဝင်စားသူ၏ လည်းကောင်း၊ ကပ်ရောက်သူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေလေ့ရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၁၇။ "ပြည့်စုံစေ၍"ဟူသည် အာကိဉ္စညာယတနစျာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၁၈။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

နေဝသညာနာသညာယတနစျာန်

၆၁၉။ "အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့်"ဟူရာ၌ ဤအာကိဉ္စညာယတနစျာန်ကို လွန်၏၊ အထူးလွန်၏၊ ကောင်းစွာလွန်၏။ ထို့ကြောင့် "အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့်"ဟု ဆိုအပ်၏။

"နေဝသညီနာသညီ"ဟူရာ၌ ထိုအာကိဉ္စညာယတနစျာန်ကိုပင် ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏၊ အလွန်သိမ်မွေ့သည့် သင်္ခါရမျှသာကြွင်းကျန်သော သမာပတ်ကို ပွါးများ၏၊ ထို့ကြောင့် "နေဝသညီနာသညီ" ဟု ဆိုအပ်၏။

၆၂၀။ "နေဝသညာနာသညာယတန"ဟူသည် နေဝသညာနာသညာယတနစျာန်ကို ဝင်စားသူ၏လည်းကောင်း၊ ကပ်ရောက်သူ၏လည်းကောင်း၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေလေ့ရှိသူ၏လည်းကောင်း စိတ်စေတသိက်တရားတို့တည်း။

၆၂၁။ "ပြည့်စုံစေ၍"ဟူသည် နေဝသညာနာသညာယတနစျာန်ကို ရခြင်းတည်း၊ အထပ်ထပ်ရခြင်း တည်း၊ ရောက်ခြင်းတည်း၊ ကောင်းစွာရောက်ခြင်းတည်း၊ တွေ့ထိခြင်းတည်း၊ မျက်မှောက်ပြုခြင်းတည်း၊ ပြည့်စုံခြင်းတည်း။

၆၂၂။ "နေ၏"ဟူသည် ဣရိယာပုထ်လေးပါးကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်၍ ဆောင်၏။ ထို့ကြောင့် "ဝိဟရတိ (နေ၏)" ဟု ဆိုအပ်၏။

သုတ္တန္တဘာဇနီယနည်းပြီး၏။

၂–အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

၁–စတုက္ကနည်း ရူပါဝစရကုသိုလ်စျာန်လေးပါး

၆၂၃။ စျာန်လေးပါးတို့ကား ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့တည်း။

ပဌမစျာန်

၆၂၄။ ထိုလေးပါးတို့တွင် အဘယ်သည် ပဌမစျာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင် အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ရောက်ကြောင်းစျာန်ကို အားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ ဆင်ခြင်သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကိုပဌမစျာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၁)

ဒုတိယစျာန်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ကြီစည်မှု 'ဝိတက်'၊ ဆင်ခြင်သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင်အာရုံ ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကိုဒုတိယဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၂)

တတိယဈာန်

ထိုတွင် အဘယ်သည် တတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ နှစ်သက်မှု 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံ ရှိသော တတိယဈာန်ကိုပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသောအင်္ဂါ နှစ်ပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၃)

စတုတ္ထဈာန်

ထိုတွင် အဘယ်သည် စတုတ္ထဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို အားထုတ်၏၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ'တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

စတုက္ကနည်းပြီး၏။

ပဉ္စကနည်း ရူပါဝစရကုသိုလ်ဈာန်ငါးပါး

ပဌမဈာန်

၆၂၅။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ရောက်ကြောင်း ဈာန်ကို အားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ ကြီစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၁)

ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်မှု 'ဝိစာရ'မျှသာရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ' ရှိသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော ဒုတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ လေးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယစျာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၂)

တတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသောတတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါသုံးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကိုတတိယစျာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၃)

စတုတ္ထစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ နှစ်သက်မှု 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကိုပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထစျာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

ပဉ္စမစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည်ဖြစ်၏။ ဤသဘောကို ပဉ္စမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၅) *

မှတ်ချက်။ ။ * ဤဝိဘင်းပါဠိတော်၌ စတုက္ကနည်း ပဉ္စကနည်း အကျဉ်း နမူနာမျှသာ ပါရှိပါသည်။ အကျယ်ကို ဓမ္မသင်္ဂဏီပါဠိတော်အတိုင်း ဟောရမည်ဟု အဋ္ဌကထာ ဆိုသောကြောင့် ဤနေရာ၌ တတိယ အရူပစျာန်အထိ ပေယျာလ ရှိသင့်ပါသည်။

ပဋ္ဌကနည်းပြီး၏။

၂–အရူပါဝစရကုသိုလ်ဈာန်လေးပါး

စတုတ္ထအရူပဈာန်

၆၂၆။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အရူပဘုံသို့ ရောက်ကြောင်း ဈာန်ကိုပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် နေဝသညာနာသညာယတနသညာနှင့် တကွသော၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်ကိုပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျှစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသောအင်္ဂါနှစ်ပါး ရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

၃–စတုက္ကနည်း လောကုတ္တရာကုသိုလ်ဈာန်လေးပါး

၆၂၇။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

ပဌမဈာန်

၆၂၈။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယဈာန်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ကြံစည်မှု 'ဝိတက်'

သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်း ကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော နုံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယဈာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသောအင်္ဂါသုံးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

တတိယဈာန်

ထိုတွင် အဘယ်သည် တတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ နှစ်သက်မှု 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော တတိယဈာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသောဈာန်သည် ဖြစ်၏။ ဤသဘောကို တတိယဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုတ္ထဈာန်

ထိုတွင် အဘယ်သည် စတုတ္ထဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။ ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ (၄)

စတုက္ကနည်းပြီး၏။

ပဉ္စကနည်း လောကုတ္တရာကုသိုလ်ဈာန်ငါးပါး

ပဌမဈာန်

၆၂၉။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ

(သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ပဌမစျာန်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'ကား မရှိ၊ သုံးသပ်မှု 'ဝိစာရ' မျှသာရှိသော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော၊ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသောအင်္ဂါလေးပါး ရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ဒုတိယစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

တတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်း ကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော တတိယစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသောအင်္ဂါသုံးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို တတိယစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုတ္ထစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ၊ နှစ်သက်မှု 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နံ့နှေးသော အသိဉာဏ်ရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါ နှစ်ပါးရှိသောဈာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဉ္စမဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောလောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။

ဆင်းရဲသော အကျင့်ရှိသော, နံ့နှေးသော အသိဉာဏ်ရှိသော ပဉ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ'တည်းဟူသော အင်္ဂါ နှစ်ပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို ပဉ္စမဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဉ္စကနည်းပြီး၏။

၄–စတုက္ကနည်း ရူပါဝစရဝိပါက်ဈာန်လေးပါး

၆၃၀။ ဈာန်လေးပါးတို့ကား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့တည်း။

ပဌမဈာန်

၆၃၁။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကာမတို့မှ ကင်းဆိတ်၍သာလျှင် ရူပဘုံသို့ ရောက်ကြောင်း ဈာန်ကို ပွါးများအားထုတ်၏။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမဈာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ ကြဲစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယဈာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ကြောင်း စျာန်ကို အားထုတ်၏၊ ကြီစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသောဒုတိယစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ် မည်ကုန်၏။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကြီစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သောဒုတိယစျာန်ကို။ပ။ တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို။ပ။

စတုက္ကနည်းပြီး၏

ပဉ္စကနည်း ရူပါဝစရဝိပါက်စျာန်ငါးပါး

၆၃၁။ ပဌမစျာန်ကို။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည်ဖြစ်၏။ ဤသဘောကို ပဉ္စမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

၅–အရူပါဝစရဝိပါက်စျာန်လေးခု

၆၃၂။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အရူပဘုံသို့ ရောက်ကြောင်းစျာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်နေဝသညာ နာသညာယတန သညာနှင့် တကွသော။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုအရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်ခြင်းကြောင့် နေဝသညာနာသညာယတန သညာနှင့် တကွသော၊ အကျိုးဝိပါက်ဖြစ်သော၊ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည်ဖြစ်၏။ ဤသဘောကို စတုတ္ထစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

၆–စတုက္ကနည်း လောကုတ္တရာဝိပါက်စျာန်လေးခု

၆၃၃။ စျာန်လေးပါးတို့ကား ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့တည်း။

ပဌမစျာန်

၆၃၄။ ထိုတွင် အဘယ်သည် ပဌမစျာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။

ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှ ဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ပဌမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယစျာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယစျာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောလောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ။ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းခြင်း ကြောင့်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ဒုတိယစျာန်ကို ပြည့်စုံစေ၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့ မည်ကုန်၏။ ထိုလောကုတ္တရာကုသိုလ်စျာန်ကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးဝိပါက် ဖြစ်သော။ပ။ ဒုတိယ စျာန်ကို။ပ။ တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို။ပ။

ပဉ္စကနည်း လောကုတ္တရာဝိပါက်စျာန်ငါးခု

ပဌမစျာန်ကို။ပ။ ဆင်းရဲသောအကျင့်ရှိသော, နုံ့နှေးသောအသိဉာဏ်ရှိသော အတ္တမှဆိတ်သော ပဉ္စမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ'တည်းဟူသော အင်္ဂါနှစ်ပါးရှိသော စျာန်သည် ဖြစ်၏။ ဤသဘောကို ပဉ္စမစျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ရူပါဝစရကြိယာဈာန်လေးပါး

၆၃၅။ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

ပဌမဈာန်

၆၃၆။ ထိုတွင် အဘယ်သည် ပဌမဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်းမဟုတ်သော၊ ကံ၏အကျိုးလည်းမဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းဖြစ်သော၊ ကြိယာဖြစ်သော ရူပါဝစရဈာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ ချမ်းသာမှု 'သုခ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါငါးပါးရှိသော ဈာန်သည် ဖြစ်၏။ ဤသဘောကို ပဌမဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယဈာန်စသည်

ထိုတွင် အဘယ်သည် ဒုတိယဈာန် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော၊ ကံ၏အကျိုးလည်းမဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းဖြစ်သော၊ ကြိယာဖြစ်သောရူပါဝစရဈာန်ကို ပွါးများအားထုတ်၏။ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို။ပ။

ပဉ္စကနည်း ရူပါဝစရကြိယာဈာန်ငါးပါး

ပဌမဈာန်ကို။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဉ္စမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဈာန်သည်ဖြစ်၏။ ဤသဘောကို ပဉ္စမဈာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဈာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

အရှုပါဝစရကြိယာဗျာန်လေးပါး

၆၃ ၇။ပ။[1] ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော၊ ကံ၏အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်းရှိသော၊ ကြိယာဖြစ်သော အရှုပါဝစရဗျာန်ကို အားထုတ်၏။ အာကိဉ္စညာယတနဗျာန်ကို လုံးဝလွန်မြောက်၍နေဝသညာ နာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဗျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ လျစ်လျူရှုမှု 'ဥပေက္ခာ'၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ'တည်းဟူသော အင်္ဂါနှစ်ပါးရှိသော ဗျာန်သည် ဖြစ်၏။ ဤသဘောကို စတုတ္ထဗျာန်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဗျာန်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိဓမ္မာဘာဇနီယနည်းပြီး၏။

---

[1] ဤပေယျာလ ပါဠိတော်၌ မရှိ၊ ရှိသင့်၍ ထည့်ထားသည်။

♣

၃–ပဋ္ဌာပုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

၆၃၈။ ဗျာန်လေးပါးတို့ကား–

၁။ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှကင်းဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်', သုံးသပ်မှု 'ဝိစာရ' နှင့် တကွဖြစ်သော၊ (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သက်မှု 'ပီတိ', ချမ်းသာမှု 'သုခ' ရှိသော ပဌမဗျာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၂။ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်၏ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော၊ ကြံစည်မှု 'ဝိတက်', သုံးသပ်မှု 'ဝိစာရ' မရှိသော၊ တည်ကြည်မှု 'သမာဓိ'ကြောင့်ဖြစ်သော၊ နှစ်သက်မှု 'ပီတိ', ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဗျာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၃။ နှစ်သက်မှု 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုလျက်သာ နေ၏။ အောက်မေ့မှု 'သတိ'၊ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု 'သုခ'ကိုလည်း နာမကာယဖြင့်ခံစား၏။ အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယဗျာန်ကြောင့် ထိုသူကို "လျစ်လျူရှုနိုင်သူ သတိရှိသူချမ်းသာစွာ နေလေ့ရှိသူ" ဟု ချီးမွမ်းတော်မူကြကုန်၏။ ထိုတတိယဗျာန်ကို ပြည့်စုံစေ၍ နေ၏။ပ။

၄။ ချမ်းသာမှု 'သုခ', ဆင်းရဲမှု 'ဒုက္ခ'ကို ပယ်ခွာခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းမြောက်မှု 'သောမနဿ', စိတ်နှလုံးမသာယာမှု 'ဒေါမနဿ'တို့၏ ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ'လည်း

မဟုတ်, ချမ်းသာမှု 'သုခ'လည်း မဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ပြည့်စုံစေ၍ နေ၏။

ဈာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၆၃၉။ ဈာန်လေးပါးတို့တွင်– ကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန် သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

ငိုကြွေးကြောင်း ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ ငိုကြွေးကြောင်း ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

၁–ဈာန်လေးပါးတို့ကို တိက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေဝိသဇ္ဇနာ

၆၄၀။ (ဈာန်လေးပါးတို့သည်) ရံခါ ကုသိုလ်ဖြစ်ကုန်၏။ ရံခါ အဗျာကတဖြစ်ကုန်၏။

(၂) ဝေဒနာတိက်

ဈာန်သုံးပါးတို့သည် ဤဈာန်သုံးပါး၌ ဖြစ်သော သုခဝေဒနာကိုထား၍ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ စတုတ္ထဈာန်သည် ဤစတုတ္ထဈာန်၌ ဖြစ်သော ဥပေက္ခာဝေဒနာကိုထား၍ ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

(၃) ဝိပါကတိက်

(ဈာန်လေးပါးတို့သည်) အချို့ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိကုန်၏၊ အချို့ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်ကုန်။

(၄) ဥပါဒိန္နတိက်

(ဈာန်လေးပါးတို့သည်) အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်၍ ဥပါဒါန်၏ အာရုံဖြစ်ကုန်၏၊ အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။

အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောက်သည် အကျိုးဏ၏အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

(၅) သံကိလိဋ္ဌတိက်

(ဗျာန်လေးပါးတို့သည်) အချို့ ကိလေသာတို့ ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏အာရုံသာ ဖြစ်ကုန်၏။ အချို့ ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏အာရုံလည်း မဟုတ်ကုန်။

(၆) ဝိတက္ကတိက်

ပဌမဗျာန်သည် ဤပဌမဗျာန်၌ ဖြစ်သော ဝိတက် ဝိစာရတို့ကို ထား၍ (ကြွင်းသော တရားတို့သည်) ဝိတက်လည်း ရှိ၏၊ ဝိစာရလည်း ရှိ၏။ (ဒု–တ–စ–) ဗျာန်သုံးပါးတို့သည် ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

(၇) ပီတိတိက်

ပဌမဗျာန် ဒုတိယဗျာန်နှစ်ပါးတို့သည် ဤနှစ်ပါး၌ ဖြစ်သော ပီတိကိုထား၍ ပီတိနှင့်တကွ ဖြစ်ကုန်၏။ (ပ–ဒု–တ–) ဗျာန်သုံးပါးတို့သည် ဤသုံးပါး၌ ဖြစ်သော သုခကို ထား၍ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ စတုတ္ထဗျာန်သည် ဤဗျာန်၌ ဖြစ်သော ဥပေက္ခာကို ထား၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။

(၈) ဒဿနတိက်

(ဗျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်

(ဗျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်

(ဗျာန်လေးပါးတို့သည်) ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏၊ ရဲခါ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်၏၊ ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) သေက္ခတိက်

(ဗျာန်လေးပါးတို့သည်) ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရဲခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။ ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။

(၁၂) ပရိတ္တတိက်

(ဗျာန်လေးပါးတို့သည်) ရံခါ မဟဂ္ဂုတ် ဖြစ်ကုန်၏။ ရံခါ လောကုတ္တရာ ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏာတိက်

ဗျာန်သုံးပါးတို့ကို ပရိတ္တ(ကာမ) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ ဗျာန်သုံးပါးတို့သည် အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏။ ဗျာန်သုံးပါးတို့ကို အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏ဟု မဆိုအပ်ကုန်။ စတုတ္ထဗျာန်*သည် အချို့ ပရိတ္တ(ကာမ) ကို အာရုံပြု၏၊ အချို့ မဟဂ္ဂုတ်ကို အာရုံပြု၏၊ အချို့ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြု၏။ အချို့ ပရိတ္တ(ကာမ) ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်ကိုအာရုံပြု၏ဟူ၍လည်းကောင်း၊ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြု၏ဟူ၍လည်းကောင်း မဆိုအပ်။

(၁၄) ဟီနတိက်

(ဗျာန်လေးပါးတို့သည်) အချို့ အလယ်အလတ် ဖြစ်ကုန်၏၊ အချို့ အမြတ် ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်

(ဗျာန်လေးပါးတို့သည်) အချို့ မဖေါက်ပြန်သောသဘော ရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။ အချို့ အကျိုးပေးမမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏာတိက်

ဗျာန်သုံးပါးတို့သည် မဂ်ကို အာရုံမပြုကုန်၊ အချို့ မဂ်ဟုဆိုအပ်သော အကြောင်းဟိတ် ရှိကုန်၏၊ အချို့မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏၊ အချို့ မဂ်ဟုဆိုအပ်သော အကြောင်း 'ဟိတ်' ရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စတုတ္ထဗျာန်သည် အချို့ မဂ်ကို အာရုံပြု၏၊ အချို့ မဂ်ဟုဆိုအပ်သော အကြောင်း 'ဟိတ်' ရှိ၏၊ အချို့ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိ၏၊ အချို့ မဂ်ကို အာရုံပြု၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သောအကြောင်း 'ဟိတ်' ရှိ၏ဟူ၍လည်းကောင်း၊ အချို့ မဂ်ဟုဆိုအပ်သောအဓိပတိပစ္စည်းရှိ၏ဟူ၍လည်းကောင်း မဆိုအပ်။

(၁၇) ဥပ္ပန္နတိက်

(ဗျာန်လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်ကုန်။ ရံခါ မချုတ်ဖြစ်လတ္တံ့ဖြစ်ကုန်၏။

(၁၈) အတီတတိက်

(ဗျာန်လေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏာတိက်

ဗျာန်သုံးပါးတို့ကို ဖြစ်ပြီး 'အတိတ်'ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ စတုတ္ထဗျာန်သည် အချို့ ဖြစ်ပြီး 'အတိတ်'ကို အာရုံပြု၏။ အချို့ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြု၏။ အချို့ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြု၏။ အချို့ဖြစ်ပြီး 'အတိတ်'ကိုအာရုံပြု၏ ဟူ၍လည်းကောင်း၊ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြု၏ ဟူ၍လည်းကောင်း မဆိုအပ်။

(၂၀) အဗ္ဗတ္တတိက်

(ဗျာန်လေးပါးတို့သည်) ရုံခါ အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်၌ ဖြစ်ကုန်၏။ ရုံခါ အပ'ဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။ ရုံခါ အတွင်းအပ 'အဗ္ဗတ္ထဗဟိဒ္ဓ'သန္ဓာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္ထာရမ္မဏတိက်

ဗျာန်သုံးပါးတို့သည် အပ'ဗဟိဒ္ဓ'သန္ဓာန်ကို အာရုံပြုကုန်၏။ စတုတ္ထဗျာန်သည် အချို့ အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်ကို အာရုံပြု၏။ အချို့ အပ 'ဗဟိဒ္ဓ' သန္ဓာန်ကို အာရုံပြု၏။ အချို့ အတွင်းအပ 'အဗ္ဗတ္ထဗဟိဒ္ဓ'သန္ဓာန်ကို အာရုံပြု၏။ အချို့ အတွင်း 'အဗ္ဗတ္ထ'သန္ဓာန်ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ အပ'ဗဟိဒ္ဓ'သန္ဓာန်ကို အာရုံပြု၏ ဟူ၍ လည်းကောင်း၊ အတွင်းအပ'အဗ္ဗတ္ထဗဟိဒ္ဓ'သန္ဓာန်ကို အာရုံပြု၏ ဟူ၍ လည်းကောင်း မဆိုအပ်။

(၂၂) သနိဒဿနတိက်

(ဗျာန်လေးပါးတို့သည်) မြင်အပ်သောသဘောလည်း မရှိ၊ ထိပါးတတ်သောသဘောလည်း မရှိကုန်။

---

* အဘိညာဉ်ကိစ္စတပ်သော စတုက္ကနည်း စတုတ္ထဗျာန်ကို ဆိုသည်။

♣

၂-ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

ဓ၄၁။ (ဗျာန်လေးပါးတို့သည်) ဟိတ်မမည်ကုန်။

(၂) သဟေတုကဒုက်

(ဗျာန်လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(ဗျာန်လေးပါးတို့သည်) ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(ဗျာန်လေးပါးတို့ကို) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

(ဗျာန်လေးပါးတို့ကို) ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်းယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ဟိတ်မမည်ကုန်။

(၆) နဟေတု သဟေတုကဒုက်

(ဗျာန်လေးပါးတို့သည်) ဟိတ်မမည်မူ၍ ဟိတ်သာရှိကုန်၏။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(ဗျာန်လေးပါးတို့သည်) အကြောင်းနှင့်တကွ ဖြစ်ကုန်၏။

(၈) သခ်ံတဒုက်

(ဗျာန်လေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

ဗျာန်လေးပါးတို့သည် မြင်အပ်သောသဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

ဗျာန်လေးပါးတို့သည် ထိပါးတတ်သောသဘော မရှိကုန်။

(၁၁) ရူပီဒုက်

(ဗျာန်လေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

(၁၂) လောကိယဒုက်

(ဗျာန်လေးပါးတို့သည်) ရုံခါ လောကဌ် အကျုံးဝင်ကုန်၏။ ရုံခါ လောကမှ ထွက်မြောက်တတ် ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(ဗျာန်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခု သော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်

(ဗျာန်လေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(ဗျာန်လေးပါးတို့သည်) ရုံခါ အာသဝ၏ အာရုံဖြစ်ကုန်၏။ ရုံခါ အာသဝ၏ အာရုံမဖြစ်ကုန်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(ဗျာန်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်

(ဗျာန်လေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ကုန်၊ ရုံခါအာသဝ၏အာရုံသာဖြစ်၍ အာသဝမမည်ကုန်၊ ရုံခါ အာသဝ၏အာရုံသာဖြစ်၍ အာသဝမမည်ကုန်ဟုမဆိုအပ်ကုန်။

(၁၈) အာသဝသာသဝသမ္မယုတ္တဒုက်

(ဗျာန်လေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(ဗျာန်လေးပါးတို့သည်) ရုံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏၊ ရုံခါအာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

သံယောဇနဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(ဗျာန်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ဓဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ဓဒုက်

(စျာန်လေးပါးတို့သည်) ဂန္ဓမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(စျာန်လေးပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈–၄၃) ယောဂဒုက်

(စျာန်လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄–၄၉) နီဝရဏဒုက်

(စျာန်လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀–၅၄) ပရာမာသဒုက်

(စျာန်လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကအတိုင်း ဖေါ်၍ ဟောရမည်။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်

(စျာန်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(ဗျာန်လေးပါးတို့သည်) စိတ် မမည်ကုန်။

(၅၇) စေတသိကဒုက်

(ဗျာန်လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့် နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်ကြောင့်ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘူဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်းဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(ဗျာန်လေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ် လိုက်၍ဖြစ်ကုန်၏။

(၆၆) အဗ္ယတ္တိကဒုက်

(ဗျာန်လေးပါးတို့သည်) အပ'ဗဟိဒ္ဓ'၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(ဗျာန်လေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(စျာန်လေးပါးတို့သည်) ရုံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်ကုန်၏။ ရုံခါ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(စျာန်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(စျာန်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

ဝိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(စျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(စျာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(စျာန်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(စျာန်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

ပဌမစျာန်သည် ဤပဌမစျာန်၌ ဖြစ်သော ဝိတက်ကို ထား၍ ဝိတက် ရှိ၏၊ စျာန်သုံးပါးတို့သည် ဝိတက်မရှိကုန်။

(၈၈) သဝိစာရဒုက်

ပဌမဈာန်သည် ဤပဌမဈာန်၌ ဖြစ်သော ဝိစာရကို ထား၍ ဝိစာရ ရှိ၏၊ ဈာန်သုံးပါးတို့သည် ဝိစာရမရှိကုန်။

(၈၉) သပ္ပီတိကဒုက်

ဈာန်နှစ်ပါးတို့သည် ဤဈာန်နှစ်ပါးတို့၌ ဖြစ်သော ပီတိကို ထား၍ ပီတိ ရှိကုန်၏၊ ဈာန်နှစ်ပါး တို့သည်ပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

ဈာန်နှစ်ပါးတို့သည် ဤဈာန်နှစ်ပါး၌ ဖြစ်သော ပီတိကို ထား၍ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ဈာန်နှစ်ပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

ဈာန်သုံးပါးတို့သည် ဤဈာန်သုံးပါး၌ ဖြစ်သော သုခကို ထား၍ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ စတုတ္ထဈာန်သည် သုခဝေဒနာနှင့်တကွ မဖြစ်။

(၉၂) ဥပေက္ခာသဟဂတဒုက်

စတုတ္ထဈာန်သည် ဤစတုတ္ထဈာန်၌ ဖြစ်သော ဥပေက္ခာကို ထား၍ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏၊ ဈာန်သုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။[*ခ]

(၉၃) ကာမာဝစရဒုက်

(ဈာန်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(ဈာန်လေးပါးတို့သည်) ရုံခါ ရူပါဝစရ ဖြစ်ကုန်၏။ ရုံခါ ရူပါဝစရ မဖြစ်ကုန်။

(၉၅) အရူပါဝစရဒုက်

ဈာန်သုံးပါးတို့သည် အရူပါဝစရ မမည်ကုန်၊ စတုတ္ထဈာန်သည် ရုံခါ အရူပါဝစရမည်၏၊ ရုံခါ အရူပါဝစရမမည်။

(၉၆) ပရိယာပန္နဒုက်

(ဈာန်လေးပါးတို့သည်) ရုံခါ ဝဋ္ဋတရား၌ အကျုံးဝင်ကုန်၏၊ ရုံခါ ဝဋ္ဋတရား၌ အကျုံးမဝင်ကုန်။

(၉၇) နိယျာနိကဒုက်

(ဈာန်လေးပါးတို့သည်) ရုံခါ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ရုံခါ ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၉၈) နိယတဒုက်

(ဗျာန်လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ ရံခါ အကျိုးပေးမြဲကုန်၏၊ ရံခါ အကျိုးပေး မမြဲကုန်။

(၉၉) သဉ္ဇတ္တရဒုက်

(ဗျာန်လေးပါးတို့သည်) ရံခါ မိမိထက် လွန်မြတ်သောတရား ရှိကုန်၏။ ရံခါ မိမိထက် လွန်မြတ်သောတရား မရှိကုန်။

(၁၀၀) သရဏဒုက်

(ဗျာန်လေးပါးတို့သည်) ဝိုကြွေးကြောင်း ကိလေသာ မရှိကုန်။

ဗျာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်ပြသောရ ပဥ္စာပုစ္ဆကနည်း ပြီး၏။

ဗျာန်တရားတို့ကို ဝေဖန်၍ပြသော ဗျာနဝိဘင်းပြီးပြီ။

---

* ဆဋ္ဌမူပါဠိတော် နှာ–၂၈၃၌ "တီဏိ ဗျာနာနိ ဥပေက္ခာ သဟဂတာ"ဟု ရှိနေသည်။ (နဲ) ကျနေသည်။ "နဲ ဥပေက္ခာ သဟဂတာ"ဟု ရှိရမည်။

♣

၁၃–အပ္ပမညာဝိဘင်္ဂ

(အပ္ပမညာလေးပါးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း (အကျဉ်း)

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

၆၄၂။ အပ္ပမညာလေးပါးတို့ကား–

၁။ မေတ္တာ

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သောအရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြားမရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့် ယှဉ်သော စိတ်ဖြင့်ပျံ့နှံ့စေ၍ နေ၏။

၂။ ကရုဏာ

သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူနှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြားမရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

၃။ မုဒိတာ

ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြားမရှိသော၊ ရန်မရှိသော၊ ကြောင့်ကြ မရှိသော ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

၄။ ဥပေက္ခာ

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြား မရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

၂–သုတ္တန္တဘာဇနီယနည်း (အကျယ်)

၁–မေတ္တာ

၆၄၃။ အဘယ်သို့လျှင် ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် ချစ်အပ်, နှလုံးကိုပွါးစေတတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် ချမ်းသာ စေလိုခြင်း မေတ္တာပြုသကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့ကို ချမ်းသာစေလိုခြင်း 'မေတ္တာ' ဖြင့် ပျံ့နှံ့ စေ၏။ ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

သတ္တဝါတို့၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သောအခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်သောသူ၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို မေတ္တာ ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'၊ အတွင်း၌ ဖြစ်သောသဘော 'ဟဒယ'၊ ဖြူစင်သောသဘော 'ပဏ္ဍရ'၊ သိမှု သဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရသိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ် သည် ဤမေတ္တာနှင့် တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှောဏ၊ ယှဉ်၏။ ထို့ကြောင့် "မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်"ဟု ဆိုအပ်၏။

၆၄၄။ "တစ်ခုသောအရပ်မျက်နှာကို"ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့တည်း။

၆၄၅။ "ပျံ့နှံ့စေ၍"ဟူသည်ကား မေတ္တာစိတ်ဖြန့်၍ မေတ္တာစိတ်လွှတ်၍။

၆၄၆။ "ဝိဟရတိ (နေ၏)"ဟူသည်ကား ဣရိယာပုထ်ကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏၊ ထို့ကြောင့် "ဝိဟရတိ (နေ)၏"ဟု ဆိုအပ်၏။

၆၄၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို"ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကို ကဲ့သို့ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူလေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏)။

၆၄၈။ "အလုံးစုံသောအရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို"ဟူသည်ကား အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသော အခြင်း အရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ဆိုသောစကားတည်း၊ ထို့ကြောင့် "အလုံးစုံသောအရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို"ဟု ဆိုအပ်၏။

၆၄၉။ "မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့်"ဟူရာ၌ ထိုတွင် အဘယ်သည် "မေတ္တာ" မည်သနည်း။

သတ္တဝါတို့၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်သောသူ၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်' သည် ရှိ၏။ ဤသဘောကိုစိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် ဤမေတ္တာနှင့် တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှောမ်း၏၊ ယှဉ်၏။ ထို့ကြောင့် "မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၅၀။ "ပြန့်ပြောသော"ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည်အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည်ကြောင့်ကြမရှိခြင်းတည်း။

၆၅၁။ "ပျံ့နှံ့စေ၍"ဟူသည်ကား မေတ္တာစိတ်ဖြန့်၍ မေတ္တာစိတ်လွှတ်၍ဟူသည်တည်း။

၆၅၂။ "နေ၏"ဟူသည်။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၂-ကရုဏာ

၆၅၃။ အဘယ်သို့လျှင် ရဟန်းသည် သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် မကောင်းသော လက်ခြေသဏ္ဌာန်ရှိသော ဆင်းရဲခြင်းသို့ရောက်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် သနားကြင်နာသကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့ကို သနားခြင်း 'ကရုဏာ'ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

သတ္တဝါတို့၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤသနားခြင်း 'ကရုဏာ'နှင့်တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှောမ်း၏၊ ယှဉ်၏။ ထို့ကြောင့် "သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော စိတ်ဖြင့်"ဟု ဆိုအပ်၏။

၆၅၄။ "တစ်ခုသော အရပ်မျက်နှာကို"ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့တည်း။

၆၅၅။ "ပျံ့နှံ့စေ၍"ဟူသည်ကား ကရုဏာစိတ်ဖြန့်၍၊ ကရုဏာစိတ်လွှတ်၍။

၆၅၆။ "ဝိဟရတိ (နေ၏)"ဟူသည်ကား ဣရိယာပုတ်ကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏၊ ထို့ကြောင့် "ဝိဟရတိ (နေ၏)"ဟု ဆိုအပ်၏။

၆၅၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်ကို"ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကိုကဲ့သို့ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူလေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏။)

၆၅၈။ "အလုံးစုံသော အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို"ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသောအခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ဆိုသောစကား တည်း။ (ထို့ကြောင့်) "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို"ဟု (ဆိုအပ်သတည်း)။

၆၅၉။ "သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော စိတ်ဖြင့်"ဟူရာ၌ အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ 'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤသနားခြင်း 'ကရုဏာ'နှင့် တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှောဏ၊ ယှဉ်၏။

ထို့ကြောင့် "သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော စိတ်ဖြင့်"ဟု ဆိုအပ်၏။

၆၆၀။ "ပြန့်ပြောသော"ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည်အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည်ကြောင့်ကြမရှိခြင်းတည်း။

၆၆၁။ "ပျံ့နှံ့စေ၍"ဟူသည်ကား ကရုဏာစိတ်ဖြန့်၍ ကရုဏာစိတ်လွှတ်၍။

၆၆၂။ "နေ၏"ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၃–မုဒိတာ

၆၆၃။ အဘယ်သို့လျှင် ရဟန်းသည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် ချစ်အပ်သော နှလုံးကိုပွါးစေတတ်သော ပုဂ္ဂိုလ်တစ်ယောက်ကိုမြင်လျှင် ဝမ်းမြောက်ခြင်း 'မုဒိတာ' ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့ကို ဝမ်းမြောက်ခြင်း 'မုဒိတာ'ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ် မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တာ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏာဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နီးနှောင်း၏၊ ယှဉ်၏၊ ထို့ကြောင့် "ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စိတ်ဖြင့်"ဟု ဆိုအပ်၏။

၆၆၄။ "တစ်ခုသော အရပ်မျက်နှာကို"ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့တည်း။

၆၆၅။ "ပျံ့နှံ့စေ၍"ဟူသည်ကား မုဒိတာစိတ်ကို ဖြန့်၍၊ မုဒိတာစိတ်ကိုလွှတ်၍။

၆၆၆။ "နေ၏"ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၆၆၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်ကို"ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကိုကဲ့သို့ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူလေးခုမြောက်သောအရပ် မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏။)

၆၆၈။ "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို"ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသော အခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ဆိုသော စကားတည်း၊ ထို့ကြောင့် "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို"ဟု ဆိုအပ်၏။

၆၆၉။ "ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စိတ်ဖြင့်"ဟူရာ၌ အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သောအခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကိုဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သောအထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည်ဤဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နီးနှောင်း၏၊ ယှဉ်၏၊ ထို့ကြောင့်ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်ဟု ဆိုအပ်၏။

၆၇၀။ "ပြန့်ပြောသော"ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည်အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည်ကြောင့်ကြမရှိခြင်းတည်း။

၆၇၁။ "ပျံ့နှံ့စေ၍"ဟူသည်ကား မုဒိတာစိတ်ကို ဖြန့်၍၊ မုဒိတာစိတ်ကို လွှတ်၍။

၆၇၂။ "နေ၏"ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၄-ဥပေက္ခာ

၆၇၃။ အဘယ်သို့လျှင် ရဟန်းသည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် နလုံးကိုပွါးစေတတ်သည်လည်း မဟုတ်၊ နလုံးကိုမပွါးစေတတ်သည်လည်း မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါ အားလုံးတို့ကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

သတ္တဝါတို့၌ အကြင်လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော "ဥပေက္ခာစေတောဝိမုတ္တိ" သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သောအထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နီးနှောင်၏၊ ယှဉ်၏၊ ထို့ကြောင့် "လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့်"ဟု ဆိုအပ်၏။

၆၇၄။ "တစ်ခုသော အရပ်မျက်နှာကို"ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာကို (ဟု ဆိုအပ်၏)။

၆၇၅။ "ပျံ့နှံ့စေ၍"ဟူသည်ကား ဥပေက္ခာစိတ်ကို ဖြန့်၍၊ ဥပေက္ခာစိတ်ကို လွှတ်၍။

၆၇၆။ "နေ၏"ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏"ဟု ဆိုအပ်၏။

၆၇၇။ "ထို့အတူ နှစ်ခုမြောက်သောအရပ်ကို"ဟူသည်ကား တစ်ခုသောအရပ်မျက်နှာကိုကဲ့သို့ ထို့အတူနှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ လေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာ ကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကို (ဟု ဆိုအပ်၏။)

၆၇၈။ "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို"ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသောအခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ဆိုသောစကားတည်း။ ထို့ကြောင့် "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို"ဟု ဆိုအပ်၏။

၆၇၉။ "လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့်"ဟူရာ၌ အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏ အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော 'ဥပေက္ခာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်'သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤလျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နီးနှောင်၏၊ ယှဉ်၏။ ထို့ကြောင့် "လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သောစိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၈၀။ "ပြန့်ပြောသော"ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းတည်း၊ များမြတ်ခြင်းဟူသည်အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည်ကြောင့်ကြမရှိခြင်းတည်း။

၆၈၁။ "ပျံ့နှံ့စေ၍"ဟူသည်ကား ဥပေက္ခာစိတ်ကို ဖြန့်၍၊ ဥပေက္ခာစိတ်ကို လွှတ်၍။

၆၈၂။ "နေ၏"ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားသော သုတ္တန္တဘာဇနီယနည်းပြီးပြီ။

၂–အဘိဓမ္မာဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

၆၈၃။ အပွမည္ဘာလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' တို့တည်း။

စတုက္ကနည်း ကုသိုလ်မေတ္တာစျာန်သုံးပါး

(၁) ပဌမစျာန်

၆၈၄။ ထိုလေးပါးတို့တွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တာ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတော ဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တာ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယစျာန်

ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော တတိယစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သောအခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဠကနည်း ကုသိုလ်မေတ္တာစျာန်လေးပါး

(၁) ပဌမစျာန်

၆၈၅။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကိုပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်ကား မရှိ၊ ဝိစာရမျှသာရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော 'မေတ္တာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။

ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏။ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့်ယှဉ်သော တတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာ စေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ"ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) စတုတ္ထစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ မေတ္တာ'နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သောအခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ကုသိုလ်ကရုဏာစျာန်သုံးပါး

(၁) ပဌမစျာန်

ဓိ၈ဓ။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊

သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သောတတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ'ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဌကနည်း ကုသိုလ်ကရုဏာစျာန်လေးပါး

(၁) ပဌမစျာန်

၆၈၇။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကိုပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ပဌမစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတော ဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်ကား မရှိ၊ ဝိစာရမျှသာရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသောသနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော စိတ်၏

ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တတိယစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တာ'၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) စတုတ္ထစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တာ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ကုသိုလ်မုဒိတာစျာန်သုံးပါး

(၁) ပဌမစျာန်

၆၈၈။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှလွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက် ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ရောက်၍နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယစျာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ပဌကနည်း ကုသိုလ်မုဒိတာစျာန်လေးပါး

(၁) ပဌမစျာန်

၆၈၉။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကိုပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော ပဌမစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သောအခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၂) ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်

ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိသော နီဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသောဝမ်းမြောက်မှု 'မုဒိတာ' နှင့်ယှဉ်သော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သောအခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသောစိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၃) တတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တတိယဈာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက် ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

(၄) စတုတ္ထဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ'ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်း အရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက် ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ကုသိုလ်ဥပေက္ခာဈာန် ၁–ပါး

(၁) စတုတ္ထဈာန်

ဖ၉၀။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် ပွါးများ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏အဖြစ် 'ဥပေက္ခာယိတတ္တာ'၊

ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက် ကြောင်းသဘော 'ဥပေက္ခာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ဝိပါက်မေတ္တာဈာန် သုံးပါး

၆၉၁။ အပွမညာလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ'တို့တည်း။

ပဌမဈာန်

ထိုလေးပါးတို့တွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

မေတ္တာနှင့်ယှဉ်သော အကျိုး 'ဝိပါက်'ဖြစ်သော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ချစ်ခြင်း 'မေတ္တာ'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယဈာန်နှင့် တတိယဈာန်

၆၉၂။ ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည်ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အကျိုး 'ဝိပါက်' ဖြစ်သောဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။

ပဉ္စကနည်း ဝိပါက်မေတ္တာဈာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ မေတ္တာနှင့် ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တာ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှလွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ဝိပါက်ကရုဏာစျာန် သုံးပါး

ပဌမစျာန်

ဖဋ္ဌ။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည်ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော အကျိုးဖြစ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ'နှင့်ယှဉ်သော ဒုတိယစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရား တို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။

ပဉ္စကနည်း ဝိပါက်ကရုဏာစျာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သောစတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကိုသနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ဝိပါက်မုဒိတာစျာန် သုံးပါး

ပဌမစျာန်

ဖ၉၄။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှကင်းဆိတ်၍ သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော အကျိုး 'ဝိပါက်'ဖြစ်သော ပဌမစျာန်သို့ရောက်၍နေ၏၊ ထိုအခါ၌ အကြင်ဝမ်းမြောက်မှု 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ် သည်၏အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ'ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သော ဒုတိယစျာန်သို့။ပ။ တတိယ စျာန်သို့။ပ။

ပဉ္စကနည်း ဝိပါက်မုဒိတာစျာန် လေးပါး

။ပ။ ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက် သောအခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏အဖြစ် 'မုဒိတာယိတတ္တာ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ဝိပါက်ဥပေက္ခာစျာန် ၁–ပါး

စတုတ္ထစျာန်

၆၉၅။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စတုတ္ထစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူ ရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော အကျိုး 'ဝိပါက်'ဖြစ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထိုအခါ၌ အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏ အဖြစ် 'ဥပေက္ခာယိတတ္တာ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ဥပေက္ခာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စတုက္ကနည်း ကြိယာမေတ္တာစျာန် သုံးပါး

၆၉၆။ အပွမည်သောလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' တို့တည်း။

ပဌမစျာန်

၆၉၇။ ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏။ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်းမဟုတ်သော ကံ၏အကျိုးလည်းမဟုတ်သော ကိရိယာဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော၊ ကာမတို့မှ

ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သောပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို မေတ္တာဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် ချစ်ခင်ခြင်း 'မေတ္တာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏၊ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်းမဟုတ်သော ကံ၏အကျိုးလည်းမဟုတ်သော ကိရိယာဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။

တတိယစျာန်သို့။ပ။

ပဌကနည်း ကြိယာမေတ္တာစျာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ မေတ္တာနှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သောအခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှလွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ'သည် ရှိ၏။ ဤသဘောကို ချစ်ခြင်း 'မေတ္တာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

ကြိယာကရုဏာစျာန် ၃–၄

ဖဋ္ဌ။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။ပ။

ကြိယာမုဒိတာစျာန် ၃–၄

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။ပ။

ကြိယာဥပေက္ခာစျာန် ၁–ပါး

ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏။ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်းမဟုတ်သော ကံ၏အကျိုးလည်း မဟုတ်သော ကြိယာဖြစ်သော မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ဥပေက္ခာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

အဘိဓမ္မာဘာဇနီယနည်း ပြီး၏။

၃–ပဌာဝုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

၆၉၉။ အပ္ပမညာလေးပါးတို့ကား–

(၁) မေတ္တာ

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

(၂) ကရုဏာ

သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကိုပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို သနားခြင်း 'ကရုဏာ'နှင့်

ယှဉ်သော ပြန့်ပြောသော မြတ်သောအပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

(၃) မုဒိတာ

ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ သုံးခုမြောက်သော အရပ်မျက်နှာကို၊ လေးခုမြောက်သောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကိုပျံ့နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

(၄) ဥပေက္ခာ

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သောအရပ် မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကိုပျံ့နှံ့စေ၍ နေ၏။ အလုံးစုံသောအရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

အပွမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၇၀၀။ အပွမညာလေးပါးတို့တွင်–ကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှရှိကုန် သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

အပွမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကို ပြခြင်း

၁–တိက် ၂၂–တိက်တို့ဖြင့် ဝေဖန်၍ ပြခြင်း

(၁) ကုသလတိက်အဖြေဝိသဇ္ဇနာ

၇၀၁။ (အပ္ပမညာလေးပါးတို့သည်) ရံခါ ကုသိုလ်ဖြစ်ကုန်၏။ ရံခါ အဗျာကတ ဖြစ်ကုန်၏။

(၂) ဝေဒနာတိက်

(အပ္ပမညာသုံးပါးတို့သည်) သုခဝေဒနာနှင့် ယှဉ်ကုန်၏။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

(၃) ဝိပါကတိက်

(အပ္ပမညာလေးပါးတို့သည်) ရံခါ အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ ရံခါ အကျိုးကိုဖြစ်စေခြင်းသဘော ရှိကုန်၏။ ရံခါ အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်ကုန်။

(၄) ဥပါဒိန္နတိက်

(အပ္ပမညာလေးပါးတို့သည်) ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်သည်ဖြစ်၍၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်၏၊ ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သည်ဖြစ်၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။

(၅) သံကိလိဋ္ဌတိက်

(အပ္ပမညာလေးပါးတို့သည်) ကိလေသာတို့ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာဖြစ်ကုန်၏။

(၆) ဝိတက္ကတိက်

အပ္ပမညာသုံးပါးတို့သည် ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည်ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိ။

(၇) ဝိတိတိက်

အပ္ပမညာသုံးပါးတို့သည် ရံခါ ဝိတိနှင့် တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။ (စတုတ္ထဈာန်၌ ရှိသော အပ္ပမညာသုံးပါးတို့ကို) ရံခါ ဝိတိနှင့်တကွဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။

(၈) ဒဿနတိက်

(အပ္ပမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်းမဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်

(အပွမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်

(အပွမညာလေးပါးတို့သည်) ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၁၁) သေက္ခတိက်

(အပွမညာလေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ လည်းမဟုတ်ကုန်။

(၁၂) ပရိတ္တာတိက်

(အပွမညာလေးပါးတို့သည်) မဟဂ္ဂုတ် ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏာတိက်

(အပွမညာလေးပါးတို့ကို) ပရိတ္တ(ကာမ) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ အပွမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၄) ဟီနတိက်

(အပွမညာလေးပါးတို့သည်) အလတ် (မ၏မ) ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိက်

(အပွမညာလေးပါးတို့သည်) အကျိုးပေးမမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏာတိက်

အပွမညာလေးပါးတို့ကို မဂ်ကို အာရုံပြုကုန်ဟူ၍လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြောင်းရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်းရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၇) ဥပ္ပန္နတိက်

(အပွမညာလေးပါးတို့သည်) ရဲခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရဲခါ ခဏသုံးပါးသို့ ရောက်ပြီးရောက်ဆဲ မဟုတ်ကုန်။ ရဲခါ ပြီးပြီးသော အကြောင်းတစ်စိတ် ရှိသည်၏အဖြစ်ကြောင့် မရှုတ်ဖြစ်လတ္တံ့ဖြစ်ကုန်၏။

(၁၈) အတီတတိက်

(အပွမညာလေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏာတိက်

(အပွမညာလေးပါးတို့ကို) ဖြစ်ပြီး 'အတိတ်' ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မရောက်သေး

(ဖြစ်လတ္တံ့) 'အနာဂတ်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း ဖြစ်ဆဲ 'ပစ္စုပ္ပန်'ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၂၀) အဗ္ဗတ္တာတိက်

(အပွမညာလေးပါးတို့သည်) ရံခါ အတွင်း 'အဗ္ဗတ္တ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ'အဗ္ဗတ္တဗဟိဒ္ဓ'သန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္တာရမ္မဏာတိက်

(အပွမညာလေးပါးတို့သည်) အပ'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်

(အပွမညာလေးပါးတို့သည်) မြင်အပ်သောသဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

၂–ဒုက်၁၀၀– တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

၇၀၂။ မေတ္တာ (အဒေါသ) သည် ဟိတ်မည်၏၊ (ကြွင်း) အပွမညာသုံးပါးတို့သည် ဟိတ်မမည်ကုန်။

(၂) သဟေတုကဒုက်

(အပွမညာလေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(အပွမညာလေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

မေတ္တာ သည် ဟိတ်လည်းမည်၊ ဟိတ်လည်း ရှိ၏။ (ကြွင်း) အပွမညာသုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

မေတ္တာသည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်း) အပွမညာသုံးပါးတို့ကို ဟိတ်လည်းမည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

အပွမညာသုံးပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ မေတ္တာကို ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(အပွမညာလေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

(၈) သခ်ံတဒုက်

(အပွမညာလေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(အပွမညာလေးပါးတို့သည်) မြင်အပ်သောသဘော မရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(အပွမညာလေးပါးတို့သည်) ထိပါးတတ်သော သဘောမရှိကုန်။

(၁၁) ရူပီဒုက်

(အပွမညာလေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

(၁၂) လောကိယဒုက်

(အပွမညာလေးပါးတို့သည်) လောကဓ္ဓ အကျုံးဝင်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(အပွမညာလေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောမရှိကုန်။

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အာသဝ၏ အာရုံဖြစ်ကုန်၏။

(၁၆) အာသဝသမ္မယုတ္တဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်

(အပ္ပမည္ပာလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (အပ္ပမည္ပာလေးပါးတို့သည်) အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝမမည်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(အပ္ပမည္ပာလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။

သံယောဇနေဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထေဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

ဩဃဂေါ့ဌကအဖြေ

(၃၂–၃၇) ဩဃဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

ယောဂဂေါ့ဌကအဖြေ

(၃၈–၄၃) ယောဂဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါ့ဌကအဖြေ

(၄၄–၄၉) နီဝရဏဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

ပရာမာသဂေါ့ဌကအဖြေ

(၅၀–၅၄) ပရာမာသဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါ့ဌကမှစ၍ ပရာမာသဂေါ့ဌကအထိ ပေယျာလများကို အာသဝဂေါ့ဌကအတိုင်း ဖော်၍ ဟောရမည်။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္ဘဏဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္ဗယုတ္တဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့် နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်ကြောင့်ကုန်၏။

(၆၁) စိတ္တသဟဘူဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်လည်းနီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်လည်းနီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

စိတ်နှင့်လည်းနီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၆) အဗ္ယတ္တိကဒုက်

(အပ္ပမညာလေးပါးတို့သည်) အပဋ္ဌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(အပ္ပမညာလေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(အပ္ပမညာလေးပါးတို့သည်) အချို့ တဏှာ ဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်ယူအပ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့် မယူ အပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ဥပါဒါန်မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

ကိလေသာ မမည်ကုန်။ပ။

မှတ်ချက်။ ။ ဥပါဒါနဂေါစ္ဆကနှင့်ကိလေသဂေါစ္ဆကကိုလည်း အာသဝဂေါစ္ဆကကဲ့သို့ ပေယျာလဖော်၍ ဟောရမည်။

ဝိဇ္ဇဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သောတရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သောတရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသောတရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

အပ္ပမည္ပာသုံးပါးတို့သည် ရုံခါ ဝိတက်ရှိကုန်၏။ ရုံခါ ဝိတက် မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည် ဝိတက် မရှိ။

(၈၈) သဝိစာရဒုက်

အပ္ပမည္ပာသုံးပါးတို့သည် ရုံခါ ဝိစာရ ရှိကုန်၏။ ရုံခါ ဝိစာရ မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဝိစာရ မရှိ။

(၈၉) သပ္ပိတိကဒုက်

အပ္ပမည္ပာသုံးပါးတို့သည် ရံခါ ပီတိ ရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည် ပီတိမရှိ။

(၉၀) ပီတိသဟဂတဒုက်

အပ္ပမည္ပာသုံးပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည် ပီတိနှင့်တကွ မဖြစ်။

(၉၁) သုခသဟဂတဒုက်

အပ္ပမည္ပာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'သည်သုခဝေဒနာနှင့် တကွ မဖြစ်။

(၉၂) ဥပေက္ခာသဟဂတဒုက်

လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်၏။ (ကြွင်း) အပ္ပမည္ပာသုံးပါး တို့သည်ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

(၉၄) ရူပါဝစရဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ရူပါဝစရ မည်ကုန်၏။

(၉၅) အရူပါဝစရဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

(၉၆) ပရိယာပန္နဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးဝင်ကုန်၏။

(၉၇) နိယျာနိကဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၉၈) နိယတဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) အကျိုးပေးမမြဲကုန်။

(၉၉) သဥတ္တရဒုက်

(အပ္ပမည္ပာလေးပါးတို့သည်) မိမိထက် လွန်မြတ်သောတရား ရှိကုန်၏။

(၁၀၀) သရဏဒုက်

(အပွမညာလေးပါးတို့သည်) ငိုကြွေးကြောင်း ရာဂစသောကိလေသာ မရှိကုန်။

အပွမညာလေးပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်ပြသော ပဥ္စာပုစ္ဆကနည်း ပြီး၏။

အပွမညာလေးပါးတို့ကို ဝေဖန်၍ ပြသော အပွမညာဝိဘင်းပြီးပြီ။

၁၄–သိက္ခာပဒဝိဘင်

(သိက္ခာပုဒ်တို့ကို ဝေဖန်၍ပြသော သိက္ခာပဒဝိဘင်း)

၁–အာဘိဓမ္မာဘာဇနီယနည်း

(အာဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသော အာဘိဓမ္မာဘာဇနီယနည်း)

ငါးပါးသီလအကျဉ်း

၇၀၃။ သိက္ခာပုဒ်ငါးပါးတို့ကား–

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကိုယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅) မူးယစ်မေ့လျော့စေတတ်သော သေ, အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့တည်း။

ငါးပါးသီလအကျယ်

ပဌမသိက္ခာပုဒ်

မဟာကုသိုလ်ပဌမစိတ်

ဝိရတိသီလ

၇၀၄။ ထိုငါးပါးတို့တွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သောအခြင်းအရာ 'သင်္ခေတနာ'၊ စေ့ဆော်တတ်သည်၏အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင်တွေ့ထိမှု "ဖဿ"။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤသဘောကို အသက်သတ်ခြင်းမှရှောင်ကြဉ် သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

မဟာကုသိုလ် ဒုတိယစိတ်စသည်

ဝိရတိသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သောကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသောအခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာ အနတိက္ကမ'၊ အကြွင်းမဲ့သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ်ဟု ဆိုအပ်၏။ (၈)

ကြွင်းသောတရားတို့သည် ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ

၇၀၅။ ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(*) အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သောအခြင်းအရာ 'သင်္ခေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလ ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(*) အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု အဝိက္ခေပသည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

မှတ်ချက်။ ။ (*) ဤ၌ စေတနာသီလ, သမ္မယုတ္တသီလတို့၌ မဟာကုသိုလ်ပဌမစိတ်မှ သတ္တမစိတ်အထိ ပေယျာလ မပါဘဲ အကျဉ်းချုံးထားသည်။ အာဒီပေယျာလ ရှိသင့်သည်။

ငါးပါးသီလ ဒုတိယသိက္ခာပုဒ် စသည်အကျယ်

မဟာကုသိုလ်ပဌမစိတ်

ဝိရတိသီလ

၇၀၆။ ထိုငါးပါးတို့တွင် အဘယ်သည် မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋ္ဌိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသောအခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကာရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအားသောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သော အခြင်းအရာ 'သင်္ခေတနာ'၊ စေ့ဆော်တတ်သည်၏ အဖြစ် 'သင်္ခေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သောသေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေ့ဆော်ခြင်းစေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ကာမာဝစရကုသိုလ်စိတ်သည်

ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကိုမူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

မဟာကုသိုလ် ဒုတိယစိတ်စသည့် ဝိရတိသီလ

ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအားသောမနသဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သောကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၂)

သောမနသဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနသဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သောကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏ ထိုအခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋ္ဌိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကိုမလွန်ခြင်း 'ဝေလာအနတိက္ကမန'၊ အကြွင်းမဲ့သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝိရတိနှင့်ယှဉ်သောတရားတို့ မည်ကုန်၏။

စေတနာသီလ

၇၀၇။ ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

(*) အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအား ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌

အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သောအခြင်းအရာ 'သဠေတနာ'၊ စေ့ဆော်တတ်သည်၏အဖြစ် 'သဠေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလ

ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ် မည်သနည်း။

(*) အကြင်အခါ၌ မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအားဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ အကြင်တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကို မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

မှတ်ချက်။ ။ (*) စေတနာသီလနှင့် သမ္မယုတ္တသီလတို့၌ ဒုတိယစိတ်မှ သတ္တမစိတ်အထိ အကျဉ်းချုံးထားသည်။

ဒုတိယနည်း ငါးပါးသီလအကျဉ်း

၇၀၈။ သိက္ခာပုဒ်ငါးပါးတို့ကား–

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅) မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့တည်း။

ဒုတိယနည်း ငါးပါးသီလအကျယ်

မဟာကုသိုလ်ပဌမစိတ်

ဝိရတိသီလ

၇၀၉။ ထိုငါးပါးတို့တွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ'အကြီးအမှူးရှိသော၊ စူးစမ်းမှု 'ဝီမံသ'အကြီးအမှူးရှိသော– လိုလားမှု 'ဆန္ဒ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–သိမှု 'စိတ်'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–စူးစမ်းမှု 'ဝီမံသ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ် ရှောင်ကြဉ်ခြင်း 'ပဋ္ဌိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း 'ဝေလာ အနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ'သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ'အကြီးအမှူးရှိသော၊ စူးစမ်းမှု 'ဝီမံသ'အကြီးအမှူးရှိသော– လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော–အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော–သိမှု 'စိတ်'အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော–စူးစမ်းမှု 'ဝီမံသ'အကြီးအမှူးရှိသော အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အကြင်စေ့ဆော်ခြင်း 'စေတနာ'၊ စေ့ဆော်သောအခြင်းအရာ 'သဉ္စေတနာ'၊ စေ့ဆော်တတ်သည်၏အဖြစ် 'သဉ္စေတယိတတ္တ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောသိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် စေ့ဆော်မှု စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလ

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု

'ဆန္ဒ'အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ' အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူးရှိသော၊ စူးစမ်းမှု 'ဝီမံသ' အကြီးအမှူးရှိသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော– အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–သိမှု 'စိတ္တ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–စူးစမ်းမှု 'ဝီမံသ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ် သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အကြင်တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤသဘောကို အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

မဟာကုသိုလ်ဒုတိယစိတ်စသည်အကျယ်

ငါးပါးသီလ ပဌမသိက္ခာပုဒ်

ထိုတွင် အဘယ်သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော အယုတ်အလတ်အမြတ်ဖြစ်သော၊ လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ'အကြီးအမှူးရှိသော– လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော– အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော– သိမှု 'စိတ္တ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ အသက်သတ်ခြင်းမှ အကြင် ဝေးစွာရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးသဖြင့် ရှောင်ကြဉ် ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋ္ဌိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသောအခြင်း အရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏာ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကို မလွန်ခြင်း

'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကို အသက်သတ်ခြင်းမှရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

စေတနာသီလ

။ပ။ ကြွင်းသောတရားတို့သည် စေ့ဆော်မှု 'စေတနာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

သမ္မယုတ္တသီလ

။ပ။ တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကိုအသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၈)

ငါးပါးသီလ ဒုတိယသိက္ခာပုဒ်စသည်

မဟာကုသိုလ်ပဌမစိတ်အကျယ်

ဝိရတိသီလစသည်

၇၁၀။ ထိုတွင် အဘယ်သည် မပေးသည်ကို ယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။ပ။

မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ အယုတ် အလတ် အမြတ်ဖြစ်သော၊ လိုလားမှု 'ဆန္ဒ'အကြီး အမှုးရှိသော၊ အားထုတ်မှု 'ဝီရိယ'အကြီးအမှုးရှိသော၊ သိမှု 'စိတ္တ'အကြီးအမှုးရှိသော၊ စူးစမ်းမှု 'ဝီမံသ' အကြီးအမှုးရှိသော–လိုလားမှု 'ဆန္ဒ'အကြီးအမှုးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–အားထုတ်မှု 'ဝီရိယ'အကြီးအမှုးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–သိမှု 'စိတ္တ'အကြီးအမှုးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–စူးစမ်းမှု 'ဝီမံသ'အကြီးအမှုးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ် သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကိုသောက်ခြင်းမှ အကြင်ဝေးစွာရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးသဖြင့် ရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကိုမလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း

'သေတုဃာတ'သည် ရှိ၏။ ဤသဘောကိုမူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ရှောင်ကြဉ်မှု ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

ကြွင်းသောတရားတို့သည် စေတနာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကိုမူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၁)

မဟာကုသိုလ် ဒုတိယစိတ် စသည်အကျယ်

၇၁။ ထိုတွင် အဘယ်သည် မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ် သောသိက္ခာပုဒ် မည်သနည်း။

အကြင်အခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့် မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့် တကွဖြစ်သော၊ အယုတ်အလတ် အမြတ်ဖြစ်သော၊ လိုချင်မှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ သိမှု 'စိတ္တ' အကြီးအမှူးရှိသော–လိုလားမှု 'ဆန္ဒ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–အားထုတ်မှု 'ဝီရိယ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–သိမှု 'စိတ္တ'အကြီးအမှူးရှိသော၊ အယုတ် အလတ် အမြတ်ဖြစ်သော–ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ မူးယစ်မေ့လျော့ကြောင်း သေအရက်ကိုသောက်ခြင်းမှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း 'အာရတိ'၊ အထူးရှောင်ကြဉ်ခြင်း 'ဝိရတိ'၊ အထပ်ထပ်ရှောင်ကြဉ်ခြင်း 'ပဋိဝိရတိ'၊ ရှောင်ကြဉ်ခြင်း 'ဝေရမဏီ'၊ မပြုသော အခြင်းအရာ 'အကိရိယာ'၊ မပြုလုပ်ခြင်း 'အကရဏ'၊ မလွန်ကျူးခြင်း 'အနဇ္ဈာပတ္တိ'၊ ကမ်းကိုမလွန်ခြင်း 'ဝေလာအနတိက္ကမ'၊ အကြွင်းမဲ့ပယ်သတ်ခြင်း 'သေတုဃာတ' သည် ရှိ၏။ ဤသဘောကိုမူးယစ်မေ့လျော့ ကြောင်း သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။

ကြွင်းသောတရားတို့သည် ရှောင်ကြဉ်မှု ဝိရတိနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

ကြွင်းသောတရားတို့သည် စေ့ဆော်မှု 'စေတနာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။ပ။

တွေ့ထိမှု 'ဖဿ'။ပ။ ချီးမြှောက်မှု 'ပဂ္ဂါဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ရှိ၏။ ဤသဘောကိုမူးယစ်မေ့လျော့ကြောင်း သေအရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်ဟု ဆိုအပ်၏။ (၈)

သိက္ခာပဒ၌ သိက္ခာအရ တရားများ

မဟာကုသိုလ်ပဌမစိတ်

၇၁၂။ အဘယ်တရားတို့သည် ကျင့်အပ်သော သိက္ခာတို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော 'သိက္ခာ'တို့ မည်ကုန်၏။ (၁)

မဟာကုသိုလ် ဒုတိယစိတ်စသည်

အဘယ်တရားတို့သည် ကျင့်အပ်သော 'သိက္ခာ'တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သောဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသောကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော 'သိက္ခာ' တို့ မည်ကုန်၏။ (၈)

ရူပကုသိုလ် စသည်

၇၁၃။ အဘယ်တရားတို့သည် ကျင့်အပ်သော "သိက္ခာ" တို့ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများအားထုတ်၏။ပ။

အရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများအားထုတ်၏။ပ။

မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကျင့်အပ်သော 'သိက္ခာ'တို့ မည်ကုန်၏။

အဘိမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိမ္မာဘာဇနီယနည်း ပြီး၏။

၂–ပဠာဝုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားခြင်း)

၇၁၄။ သိက္ခာပုဒ်ငါးပါးတို့ကား–

(၁) အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၂) မပေးသည်ကိုယူခြင်း (ခိုးခြင်း) မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၃) ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၄) မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်၊

(၅) မူးယစ်မေ့လျော့စေတတ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သော သိက္ခာပုဒ်တို့တည်း။

ငါးပါးသီလတို့ကို တိက်ခုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်း သက်သက်ကိုပြခြင်း

၇၁၅။ သိက္ခာပုဒ် ငါးပါးတို့တွင်–ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန် သနည်း၊ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

ငါးပါးသီလတို့ကို တိက်ဒုက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကို ပြခြင်း

၁–တိက် ၂၂–တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

(၁) ကုသလတိက်

၇၁၆။ (ငါးပါးသီလတို့သည်) ကုသိုလ်တို့သာတည်း။

(၂) ဝေဒနာတိက်

(ငါးပါးသီလတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်

(ငါးပါးသီလတို့သည်) အကျိုးကို ဖြစ်စေခြင်း သဘောတရားရှိကုန်၏။

(၄) ဥပါဒိန္နတိက်

(ငါးပါးသီလတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ် ကုန်မူ၍ဥပါဒါန်တို့၏ အစီးအပွါးသာ ဖြစ်ကုန်၏။

(၅) သံကိလိဋ္ဌတိက်

(ငါးပါးသီလတို့သည်) ကိလေသာတို့ ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာဖြစ်ကုန်၏။

(၆) ဝိတက္ကတိက်

(ငါးပါးသီလတို့သည်) ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။

(၇) ပီတိတိက်

(ငါးပါးသီလတို့သည်) ရံခါ ပီတိနှင့် တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏၊ ရံခါဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိုက်

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိုက်

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိုက်

(ငါးပါးသီလတို့သည်) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။

(၁၁) သေက္ခတိုက်

(ငါးပါးသီလတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်ကုန်။

(၁၂) ပရိတ္တတိုက်

(ငါးပါးသီလတို့သည်) နည်းသောအာနုဘော်ရှိသော 'ပရိတ္တ'မည်သော (ကာမ) တရားတို့ ဖြစ်ကုန်၏။

(၁၃) ပရိတ္တာရမ္မဏတိုက်

(ငါးပါးသီလတို့သည်) ပရိတ္တ(ကာမ) တရားကို အာရုံပြုကုန်၏။

(၁၄) ဟီနတိုက်

(ငါးပါးသီလတို့သည်) အလတ် 'မဇ္ဈိမ' ဖြစ်ကုန်၏။

(၁၅) မိစ္ဆတ္တတိုက်

(ငါးပါးသီလတို့သည်) အကျိုးပေး မမြဲကုန်။

(၁၆) မဂ္ဂါရမ္မဏတိုက်

(ငါးပါးသီလတို့ကို) မဂ်ကို အာရုံပြုကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်၏ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန် (တိုက်မုတ်)။

(၁၇) ဥပဓိနတိုက်

(ငါးပါးသီလတို့သည်) ရုံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရုံခါ ခဏသုံးပါးသို့ ရောက်ပြီးရောက်ဆဲမဟုတ်ကုန်။ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။

(၁၈) အတီတတိက်

(ငါးပါးသီလတို့သည်) ရံခါ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ ရံခါ မရောက်သေး (အနာဂတ်) ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်

(ငါးပါးသီလတို့သည်) ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။

(၂၀) အဗ္ဗတ္တတိက်

(ငါးပါးသီလတို့သည်) ရံခါ မိမိသန္တာန်၌ ဖြစ်ကုန်၏။ ရံခါ သူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏။ ရံခါမိမိသူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဗ္ဗတ္တာရမ္မဏတိက်

(ငါးပါးသီလတို့သည်) သူတစ်ပါးသန္တာန်ကို အာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်

(ငါးပါးသီလတို့သည်) မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

၂-ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

၇၁ ၇။ (ငါးပါးသီလတို့သည်) ဟိတ်မမည်ကုန်။

(၂) သဟေတုကဒုက်

(ငါးပါးသီလတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(ငါးပါးသီလတို့သည်) ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(ငါးပါးသီလတို့ကို) ဟိတ်လည်းမည် ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာရှိ၍ ဟိတ်မမည်ကုန်။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

(ငါးပါးသီလတို့ကို) ဟိတ်လည်းမည် ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်နှင့်သာ ယှဉ်၍ဟိတ်မမည်ကုန်။

(၆) နဟေတုသဟေတုကဒုက်

(ငါးပါးသီလတို့သည်) ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(ငါးပါးသီလတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းရှိကုန်၏။

(၈) သခ်ံတဒုက်

(ငါးပါးသီလတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(ငါးပါးသီလတို့သည်) မြင်အပ်သော သဘောမရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(ငါးပါးသီလတို့သည်) ထိပါးတတ်သော သဘောမရှိကုန်။

(၁၁) ရူပီဒုက်

(ငါးပါးသီလတို့သည်) နာမ်တရားဖြစ်ကုန်၏။

(၁၂) လောကိယဒုက်

(ငါးပါးသီလတို့သည်) လောကဌ် အကျုံးဝင်ကုန်၏။

(၁၃) ကေနစိဝိညေယျဒုက်

(ငါးပါးသီလတို့သည်) တစ်စုံတစ်ခုသောစိတ်သည် သိအပ်ကုန်၏၊ တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော သဘောမရှိကုန်။

အာသဝဂေါ စ္ဆကအဖြေ

(၁၄) အာသဝဒုက်

(ငါးပါးသီလတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

(ငါးပါးသီလတို့သည်) အာသဝ၏ အာရုံဖြစ်ကုန်၏။

(၁၆) အာသဝသမ္မယုတ္တဒုက်

(ငါးပါးသီလတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်

(ငါးပါးသီလတို့ကို) အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (ငါးပါးသီလတို့သည်) အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်ကုန်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(ငါးပါးသီလတို့ကို) အာသဝလည်းမည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝမမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန် (ဒုက်မုတ်)။

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံသာ ဖြစ်ကုန်၏။

သံယောဇနဂေါစ္ဆကအဖြေ

(၂၀–၂၅) သံယောဇနဒုက်

(ငါးပါးသီလတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆–၃၁) ဂန္ထဒုက်

(ငါးပါးသီလတို့သည်) ဂန္ထမမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂–၃၇) သြဃဒုက်

(ငါးပါးသီလတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါ စ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

(ငါးပါးသီလတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါ စ္ဆကအဖြေ

(၄၄-၄၉) နီဏဝရဏဒုက်

(ငါးပါးသီလတို့သည်) နီဝရဏမမည်ကုန်။ပ။

ပရာမာသဂေါ စ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

(ငါးပါးသီလတို့သည်) ပရာမာသ မမည်ကုန်။ပ။

မှတ်ချက်။ ။ သံယောဇနဂေါ စ္ဆကမှ ပရာမာသဂေါ စ္ဆကအထိ ပေယျာလများကို အာသဝဂေါ စ္ဆကအတိုင်း ဖေါ်၍ ဟောရမည်။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္ဘဏဒုက်

(ငါးပါးသီလတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

(၅၆) စိတ္တဒုက်

(ငါးပါးသီလတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(ငါးပါးသီလတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(ငါးပါးသီလတို့သည်) စိတ်ကြောင့်ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘူဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်တကွဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(ငါးပါးသီလတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်း တကွ ဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(ငါးပါးသီလတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ဖြစ်ကုန်၏။

(၆၆) အဗ္ဗတ္တိကဒုက်

(ငါးပါးသီလတို့သည်) အပသန္တာန်၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(ငါးပါးသီလတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(ငါးပါးသီလတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူ အပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

(ငါးပါးသီလတို့သည်) ဥပါဒါန်မမည်ကုန်။ပ။

ကိလေသဂေါ စ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(ငါးပါးသီလတို့သည်) ကိလေသာမမည်ကုန်။ပ။

မှတ်ချက်။ ။ ဥပါဒါနဂေါ စ္ဆကနှင့် ကိလေသဂေါ စ္ဆကကိုလည်း အာသဝဂေါ စ္ဆကကဲ့သို့ ပေယျာလဖော်၍ဟောရမည်။

ဝိဇ္ဇဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(ငါးပါးသီလတို့ကို) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(ငါးပါးသီလတို့ကို) အထက်မဂ်သုံးခုသည် မပယ်အပ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(ငါးပါးသီလတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောဟိတ် မရှိကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(ငါးပါးသီလတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်မရှိကုန်။

(၈၇) သဝိတက္ကဒုက်

(ငါးပါးသီလတို့သည်) ဝိတက်ရှိကုန်၏။

(၈၈) သဝိစာရဒုက်

(ငါးပါးသီလတို့သည်) ဝိစာရရှိကုန်၏။

(၈၉) သပ္ပီတိကဒုက်

(ငါးပါးသီလတို့သည်) ရံခါ ပီတိရှိကုန်၏၊ ရံခါ ပီတိမရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

(ငါးပါးသီလတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

(ငါးပါးသီလတို့သည်) ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့် တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

(ငါးပါးသီလတို့သည်) ရုံခါ ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်ကုန်၏၊ ရုံခါ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

(ငါးပါးသီလတို့သည်) ကာမာဝစရ ဖြစ်ကုန်၏။

(၉၄) ရူပါဝစရဒုက်

(ငါးပါးသီလတို့သည်) ရူပါဝစရ မဖြစ်ကုန်။

(၉၅) အရူပါဝစရဒုက်

(ငါးပါးသီလတို့သည်) အရူပါဝစရ မဖြစ်ကုန်။

(၉၆) ပရိယာပန္နဒုက်

(ငါးပါးသီလတို့သည်) ဝဋ်တရား၌ အကျုံးဝင်ကုန်၏။

(၉၇) နိယျာနိကဒုက်

(ငါးပါးသီလတို့သည်) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၉၈) နိယတဒုက်

(ငါးပါးသီလတို့သည်) အကျိုးပေး မမြဲကုန်။

(၉၉) သဥတ္တရဒုက်

(ငါးပါးသီလတို့သည်) မိမိထက် လွန်မြတ်သောတရား ရှိကုန်၏။

(၁၀၀) သရဏဒုက်

(ငါးပါးသီလတို့သည်) ဝိုကြွေးကြောင်း ရာဂစသော ကိလေသာ မရှိကုန်။

အမေးအဖြေပြု၍ ဟောကြားသော ပဠာဝုဒ္ဓကနည်းပြီး၏။

သိက္ခာပုဒ်တို့ကို ဝေဖန်ပြသော သိက္ခာပဒဝိဘင်းပြီးပြီ။

၁၅–ပဋ္ဌိသမ္ဘိဒါဝိဘင်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်ပြသော ဝိဘင်း)

၁–သုတ္တန္တဘာဇနီယနည်း

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော နည်း)

၁–အကျဉ်းချုပ်ပြဆိုခြင်း (သင်္ဂီဟဝါရ)

၇၁၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ္ပ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အကျိုးခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ အကြောင်းခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ ထိုအကျိုး အကြောင်းတို့ခ္ပ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)ခ္ပ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသောဉာဏ်တို့ခ္ပ အကျယ်သိသောဉာဏ်သည် 'ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်' မည်၏။ ။ သင်္ဂီဟဝါရတည်း။

၂–သစ္စာလေးပါးကို ပြဆိုခြင်း (သစ္စဝါရ)

၇၁၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ'ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ္ပ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ္ပ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ဆင်းရဲခ္ပ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ ဆင်းရဲဖြစ်ကြောင်းခ္ပ သိသောဉာဏ် သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ ဆင်းရဲချုပ်ငြိမ်းရာခ္ပ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ခ္ပ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ ထိုအကျိုးအကြောင်းတို့ခ္ပ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)ခ္ပ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသောဉာဏ်တို့ခ္ပ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား သစ္စဝါရတည်း။

၃–အကြောင်း (အကျိုး) တရားတို့ကို ပြဆိုခြင်း (ဟေတုဝါရ)

၇၂၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ်ီ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။ အကြောင်းခ်ီ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ภิဒါဉာဏ်" မည်၏၊ အကြောင်း၏ အကျိုးခ်ီ သိသောဉာဏ်သည် "အတ္ထပဋိသမ္ภิဒါဉာဏ်" မည်၏၊ ထိုအကြောင်း အကျိုးတို့ခ်ီ မာဂဓဘာသာဖြင့် ပြောဆိုသောအသံ (သဒ္ဒါ)ခ်ီ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ภิဒါဉာဏ်" မည်၏၊ အကြောင်း၊ အကျိုး၊ သဒ္ဒါတို့ကိုသိသောဉာဏ်တို့ခ်ီ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ภิဒါဉာဏ်" မည်၏။ ။ ဤကားဟေတုဝါရတည်း။

၄–ရုပ်နာမ်တို့၏ အကျိုးအကြောင်းတို့ကို ပြဆိုခြင်း (ဓမ္မဝါရ)

၇၂၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ภิဒါ'ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ်ီ အကျယ်ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အကြင် ရုပ်နာမ်တရားတို့သည် ဖြစ်ကုန်၏၊ ထင်ကုန်၏၊ ကောင်းစွာဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ်ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ဤရုပ်နာမ်တရားတို့ခ်ီ သိသောဉာဏ်သည် "အတ္ထပဋိသမ္ภิဒါဉာဏ်" မည်၏။ အကြင် ရုပ်နာမ် (အကြောင်း) တရားတို့ကြောင့် ထိုရုပ်နာမ် (အကျိုး) တရားတို့သည် ဖြစ်ကုန်၏၊ ထင်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ်ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ထိုရုပ်နာမ် (အကြောင်း) တရားတို့ခ်ီ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ภิဒါဉာဏ်" မည်၏။ ထိုအကျိုးအကြောင်းတရားတို့ခ်ီ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)ခ်ီ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ภิဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသောဉာဏ်တို့ခ်ီ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ภิဒါဉာဏ်" မည်၏။ ။ ဤကား ဓမ္မဝါရတည်း။

၅–ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခြင်း (ပဋိစ္စသမုပ္ပါဒဝါရ)

၇၂၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ภิဒါ'ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ'၌ သိသောဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါ' မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ဖြစ်ကြောင်း၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ချုပ်ရာ၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ ထိုအကျိုးအကြောင်းတရားတို့၌ တရားကိုထုတ်ဆို၍ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသောဉာဏ်တို့၌ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

၇၂၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။ ပဋိသန္ဓေနေခြင်း 'ဇာတိ'၌ သိသောဉာဏ်သည်။ပ။ ဘဝ၌ သိသောဉာဏ်သည်။ပ။ စွဲလမ်းခြင်း 'ဥပါဒါန်'၌ သိသောဉာဏ်သည်။ပ။ တပ်မက်ခြင်း 'တဏှာ'၌ သိသောဉာဏ်သည်။ပ။

ခံစားခြင်း 'ဝေဒနာ'၌ သိသောဉာဏ်သည်။ပ။ တွေ့ထိခြင်း 'ဖဿ'၌ သိသောဉာဏ်သည်။ပ။

အာယတနခြောက်ပါး 'သဠာယတန'၌ သိသောဉာဏ်သည်။ပ။ နာမ်ရုပ်၌ သိသောဉာဏ်သည်။ပ။

ဝိညာဏ်၌ သိသောဉာဏ် သည်။ပ။ သင်္ခါရတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ဖြစ်ကြောင်း၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ချုပ်ရာ၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ"မည်၏။ ထိုအကျိုးအကြောင်းတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသောအသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကိုသိသောဉာဏ်တို့၌ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ပဋိစ္စသမုပ္ပါဒဝါရတည်း။

၆–ပိဋကသုံးပုံကို ပြဆိုခြင်း (ပရိယတ္တိဝါရ)

၇၂၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ'ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အနက်၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) ပါဠိတော်၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အနက်၊ ပါဠိတော်၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။ ထိုလေးပါးတို့တွင် အဘယ်သည် ပါဠိတော်၌ ခွဲခြင်းစိတ်ဖြာ၍ သိသောဉာဏ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ပါဠိတော်ကို သိ၏၊ သုတ်ကို၊ ဂေယျကို၊ ဝေယျာကရဏာကို၊ ဂါထာကို၊ ဥဒါန်းကို၊ ဣတိဝုတ်ကို၊ ဇာတ်ကို၊ အဗ္ဘုတဓမ္မကို၊ ဝေဒလ္လကို သိ၏၊ ဤအင်္ဂါ ၉–တန်ကို သိသောဉာဏ်ကို "ဓမ္မပဋိသမ္ဘိဒါ"ဉာဏ်ဟု ဆိုအပ်၏။ ထိုရဟန်းသည် ဟောတော်မူအပ်သော ထိုထို (သုတ်စသည်)၏ အနက်ကို "ဤအနက်သည် ဟောတော်မူအပ်သော ဤ (ပါဠိတော်)၏ အနက်တည်း။ ဤအနက်သည် ဟောတော်မူအပ်သော ဤ (ပါဠိတော်)၏ အနက်တည်း" ဟု သိ၏၊ ဤသို့ အနက်ကိုသိသောဉာဏ်ကို "အတ္ထပဋိသမ္ဘိဒါ ဉာဏ်"ဟု ဆိုအပ်၏။ ထိုပါဠိတော်နှင့် အနက်တို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ ပါဠိတော်နှင့် အနက်၊ သဒ္ဒါတို့ကို သိသောဉာဏ်တို့၌ အကျယ် သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား ပရိယတ္တိဝါရတည်း။

သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော 'သုတ္တန္တဘာဇနီယ'နည်း ပြီး၏။

၂–အဘိဓမ္မဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားခြင်း)

၁–ကုသိုလ်တရားတို့ကို ပြဆိုခြင်း (ကုသလဝါရ)

၇၂၅။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

မဟာကုသိုလ်ပဌမစိတ်

အဘယ်တရားတို့သည် ကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မ ပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင်

မာဂဝေါဘာသာဖြင့် ထိုကုသိုလ်တရားတို့ကိုပညတ်၏။ ထိုတရားတို့ကို မာဂဝေါဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟုအကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ် သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေး ဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

မဟာကုသိုလ်ဒုတိယစိတ်စသည်

၇၂ဖ။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

သောမနဿဝေဒနာနှင့် တကွ ဖြစ်သောဉာဏ်နှင့်မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သောဉာဏ်နှင့်ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့်မယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသောကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေါဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကိုမာဂဝေါဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့်

ထိုရှေးဉာဏ်သုံးပါးတို့ကိုသိ၏၊ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် "ပဋ္ဌိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။

ရူပကုသိုလ်ငါးခု

၇၂၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများအားထုတ်၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုမာဂဝေဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်အသိဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။

အရူပကုသိုလ်လေးခု

၇၂၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့်

တကွသော၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည်ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါ" မည်၏။ အကြင် မာဂဝေဘာသာဖြင့် ထိုကုသိုလ်တရားတို့ကိုပညတ်၏၊ ထိုမာဂဝေဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟုအကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ အကျယ်သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။

လောကုတ္တရာကုသိုလ်

၇၂၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည်ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်"မည်၏။ အကြင် မာဂဝေဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဝေဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါ" မည်၏။ "ဤဉာဏ်တို့သည်ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင် အသိဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ထို ရှေးဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါ" မည်၏။

၂–အကုသိုလ်တရားတို့ကို ပြဆိုခြင်း (အကုသလဝါရ)

၇၃၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ္ဍ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အကုသိုလ်ပဌမစိတ်

အဘယ်တရားတို့သည် အကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါခ္ဍ သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော ရူပါရုံကိုလည်းအာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သောအကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါခ္ဍ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် အကုသိုလ်တို့တည်း၊ ဤအကုသိုလ်တရားတို့ခ္ဍ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ထိုတရားတို့၏ အကျိုးခ္ဍ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်"မည်၏။ အကြင် မာဂဓောသာဖြင့် ထိုအကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓောသာဖြင့် ပြောဆိုသော အသံ(သဒ္ဒါ)ခ္ဍ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကိုသိ၏။ ထိုရှေးဉာဏ်သုံးပါးတို့ခ္ဍ သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်"မည်၏။ (၁)

အကုသိုလ်ဒုတိယစိတ်စသည်

၇၃၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ္ဍ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ္ဍ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါခ္ဍ သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ မိစ္ဆာအယူနှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော၊ မိစ္ဆာအယူနှင့်မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော မိစ္ဆာအယူနှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၈)

ဒေါမနဿဝေဒနာနှင့် တကွဖြစ်သော အမျက်ထွက်ခြင်းနှင့်ယှဉ်သော။ပ။ (၉)

ဒေါမနဿဝေဒနာနှင့် တကွဖြစ်သော အမျက်ထွက်ခြင်းနှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ပ။ (၁၀)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ယုံမှားခြင်းနှင့်ယှဉ်သော။ပ။ (၁၁)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပျံ့လွင့်ခြင်းနှင့် ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကုသိုလ်စိတ်သည်ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အကုသိုလ်တို့တည်း။ ဤအကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ ထိုအကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်"မည်၏။ အကြင်မာဂဓောသာဖြင့် ထိုအကုသိုလ်တရားတို့ကို ပညတ်၏၊ ထိုတရားတို့ကိုမာဂဓောသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကိုသိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ (၁၂)

၃–ဝိပါက်တရားတို့ကို ပြဆိုခြင်း (ဝိပါကဝါရ)

အဟိတ်ကုသလဝိပါက်

၇၃၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

စက္ခုဝိညာဏ်အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုအာရုံပြုသော အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည်ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊

စေ့ဆော်မှု 'စေတနာ' သည်ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ'သည် ဖြစ်၏၊ စိတ် တည်ကြည်မှု 'ဧကဂ္ဂတာ'သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သောအကြောင်းကို စွဲ၍ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤနာမ်တရားတို့သည် အဗျာကတတို့တည်း။ ဤအကျိုးတရားတို့၌ သိသောဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါဉာဏ်'မည်၏။ အကြင်မာဂဝေဘာသာဖြင့် ထို (အကျိုး) တရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဝေဘာသာ ဖြင့် ပြောဆိုသောအသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် 'နိရုတ္တိပဋိသမ္ဘိဒါဉာဏ်' မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကိုထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၁)

သောတဝိညာဏ်စသည်

၇၃၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ'ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတတို့ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သဒ္ဒါရုံကိုအာရုံပြုသော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၂)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြုသော ဃာနဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၃)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရသာရုံကို အာရုံပြုသော ဇိဝှါဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၄)

သုခဝေဒနာနှင့် တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ကာယဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည်ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ် တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏။ အစိုးတရချမ်းသာမှု 'သုခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှတစ်ပါးကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤနာမ်တရားတို့သည် အဗျာကတတို့တည်း။ ဤအကျိုးတရားတို့၌ သိသောဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါဉာဏ်'မည်၏။

အကြင် မာဂဝေါဘာသာဖြင့် ထို (အကျိုး) တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဝေါဘာသာဖြင့် ပြောဆိုသော အသံ၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၅)

သမ္ဘဒ္ဓိစ္ဆိုင်း

၇၃၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ်ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော သမ္ဘဒ္ဓိစ္ဆိုင်းခေါ် မနောဓာတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏။ မှတ်သားမှု 'သညာ' သည် ဖြစ်၏။ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏။ သိမှု 'စိတ်' သည် ဖြစ်၏။ အထူးကြံစည်မှု 'ဝိတက်' သည် ဖြစ်၏။ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏။ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏။ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏။ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏။ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏။ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤနာမ်တရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မာဂဝေါဘာသာဖြင့်ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဝေါဘာသာဖြင့် ရွတ်ဆိုသော အသံ၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၆)

သောမနဿသန္ဓိရဏ

၇၃၅။ ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးသဒ္ဒါတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သောရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်းအာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော 'သန္တီရဏ'ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည်ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ'သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ'သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရဝမ်းမြောက်မှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည်ဖြစ်၏။ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါး ကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သောအကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မဂဓ ဘာသာဖြင့် ထိုတရားတို့ကိုပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ် ကုန်၏" ဟုအကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၇)

ဥပေက္ခာသန္တီရဏ

၇၃ဖ။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း၊ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်းအာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော "သန္တီရဏ" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည်ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု

'ဒီဝိတိန္ဒြေ'သည် ဖြစ်၏၊ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်းရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါ" မည်၏။ အကြင်မာဂဝေဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကိုမာဂဝေဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကိုသိ၏၊ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၈)

သဟိတ်ဝိပါက်

မဟာဝိပါက်

၇၃ ၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော။ပ။ (၁)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွ ဖြစ်သောဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကျိုးဖြစ်သော (မဟာဝိပါက်) မနောဝိညာဏဓါတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု "ဖဿ" သည် ဖြစ်၏။။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။

ဤတရားတို့သည် အဗျာကတတရားတို့ မည်ကုန်၏။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင်မာဂဝေဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဝေဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၈)

ရူပဝိပါက်

၇၃၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးသဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ် တို့တည်း။

ထိုရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော အကျိုးဝိပါက်ဖြစ်သော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ'သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဝေဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

အရူပဝိပါက်

၇၃၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံသို့ရောက်ရန် အကြောင်းကို ပွါးများအားထုတ်၏။ အာကိဉ္စညာယတနစျာန်ကိုလုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန သညာနှင့် တကွဖြစ်သော၊ ချမ်းသာခြင်းသုခကိုလည်းပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ထိုအရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့် တကွဖြစ်သော ချမ်းသာခြင်းသုခကိုလည်း ပယ်ခြင်းကြောင့်။ပ။ အကျိုး ဝိပါက် ဖြစ်သောစတုတ္ထစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္တ ပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓောသာဖြင့် ထိုတရားတို့ကိုပညတ်၏။ ထိုတရားတို့ကို မာဂဓ ဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ် တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟုအကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

လောကုတ္တရာဝိပါက်

၇၄၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝင်္ဂဆင်းရဲမှထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည်ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့တည်း။ ထိုလောကုတ္တရာကုသိုလ်ကံကိုသာလျှင် ပြုခဲ့ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နုံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ'သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။

ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေါဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဝေါဘာသာဖြင့် ရှုတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟုအကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

အကုသလဝိပါက်

၇၄၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ပဋ္ဌဝိညာဏ်

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုအာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၁)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော သဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၂)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ဃာနဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၃)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရသာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ဇိဝှါဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၄)

ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ကာယဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ဆင်းရဲမှု 'ဒုက္ခ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရဆင်းရဲမှု 'ဒုက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည်ဖြစ်၏။ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သောအကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေါဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊

ထိုတရားတို့ကို မာဂဝေါဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၅)

သမ္မဋိစ္ဆိုင်း, သန္ဓိရဏ

၇၄၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်းအာရုံပြုသော။ပ။ ဖောဌဗ္ဗာရုံကိုလည်း အာရုံပြုသော အကျိုး ဝိပါက် ဖြစ်သော "သမ္ဘဋိစ္ဆိုင်း"ခေါ် မနောဓာတ်သည် ဖြစ်၏။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်းအာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော "သန္ဓိ ္ဌ ရဏ"ခေါ်မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည်ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြဲစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးလည်းဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဝေါဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကိုမာဂဝေါဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကိုသိ၏၊ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

၄–ကိရိယာတရားတို့ကို ပြဆိုခြင်း (ကိရိယဝါရ)

အဟိတ်ကိရိယာ

၇၄၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္အဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့ခ်ီ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ပဋ္ဌဒ္ဓါရာဝဇ္ဇန်း

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါခ်ီ ကုသိုလ် အကုသိုလ်မဟုတ်သော ကံ၏အကျိုးလည်း မဟုတ်သော ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကိရိယာဖြစ်သော "ပဋ္ဌဒ္ဓါရာဝဇ္ဇန်း"ခေါ် မနောဓာတ်သည်ဖြစ်ဆဲဖြစ်၏။ ထိုအခါခ်ီ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည်ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏၊ ထိုအခါခ်ီ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးလည်း ဖြစ်ကုန်သောအကြောင်းကို စွဲ၍ဖြစ်ကုန်သောအကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့ခ်ီ သိသောဉာဏ်သည် "အတ္ထပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓောသာဖြင့် ထိုတရားတို့ကိုပညတ်၏။ ထိုတရားတို့ကို မာဂဓောသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)ခ်ီ သိသောဉာဏ်သည် "နိရုတ္တိပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤ အနက်ကို ထွန်းပြတတ်ကုန်၏"ဟုအကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ဤသို့ ထိုရှေး ဉာဏ်နှစ်ပါးတို့ခ်ီ သိသောဉာဏ်သည် "ပဋိဘာနပဋ္ဌိသမ္ဘိဒါဉာဏ်" မည်၏။

မနောဒ္ဓါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပါဒ်

၇၄၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့ခ်ီ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း၊ ။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ် အကုသိုလ်မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော ကြိယာဖြစ်သော "ဟသိတုပ္ပါဒ်" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ ကုသိုလ် အကုသိုလ်မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော၊ ကြိယာဖြစ်သော "မနောဒ္ဓါရာဝဇ္ဇနံ"ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်'သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ'သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရအားထုတ်မှု "ဝီရိယိန္ဒြေ"သည် ဖြစ်၏၊ အစိုးတရတည်ကြည်မှု "သမာဓိန္ဒြေ" သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏။ အစိုးတရလျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရစောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ'သည် ဖြစ်၏။ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင်နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓောသာဖြင့် ထိုတရားတို့ကိုပညတ်၏၊ ထိုတရားတို့ကို မာဂဓောသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

မဟာကြိယာစိတ်

၇၄၅။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ် အကုသိုလ်မဟုတ်သော၊ ကံ၏အကျိုးလည်း မဟုတ်သော၊ သောမနဿဝေဒနာနှင့် တကွဖြစ်သော၊ ဉာဏ်နှင့်ယှဉ်သော။ပ။ (၁)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော ပ။ (၂)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော မဟာကြိယာဟူသော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၈)

ရူပါဝစရနှင့် အရူပါဝစရကြိယာ

ကုသိုလ် အကုသိုလ်လည်း မဟုတ်သော၊ ဂ်၏အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော။ပ။ ကိရိယာဖြစ်သော ရူပါဝစရဈာန်ကို ပွါးများအားထုတ်၏။ပ။ (အရူပါဝစရဈာန်ကို ပွါးများ အားထုတ်၏)။ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ" ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ကြိယာဖြစ်သောစတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဘောသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကိုမာဂဘောသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသောဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏"ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကိုသိ၏။ ဤသို့ ထို ရှေးဉာဏ်နှစ်ပါးတို့၌ သိသောဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်"မည်၏။

ပဋိသမ္ဘိဒါလေးပါးအရကောက်

၇၄၆။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်။

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သုံးပါးတို့သည် ကာမာဝစရကုသိုလ်မှ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်လေးခုတို့၌ ဖြစ်ကုန်၏။ ကိရိယာမှ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်လေးခုတို့၌

ဖြစ်ကုန်၏။ အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် ဤ (ဆိုခဲ့ပြီး) စိတ္တုပ္ပါဒ်တို့ခ်ီလည်းကောင်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့ခ်ီလည်းကောင်း ဖြစ်၏။

အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသောအဘိဓမ္မာဘာဇနီယနည်း ပြီး၏။

၃–ပဋ္ဌာပုစ္ဆကနည်း

(အမေးအဖြေပြု၍ ဟောကြားသောနည်း)

၇၄၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋ္ဌိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုးခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်းခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါခ်ီ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ခ်ီ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အမေးပုစ္ဆာနည်းသက်သက်ကို ပြဆိုခြင်း

၇၄၈။ ပဋ္ဌိသမ္ဘိဒါလေးပါးတို့တွင် ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း၊ ကိလေသာနှင့် တကွ မဖြစ်သောတရားတို့သည် အဘယ်မျှရှိကုန်သနည်း။

ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

အဖြေဝိသဇ္ဇနာကိုပြခြင်း

၁–တိက် ၂၂–တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

(၁) ကုသလတိက်အဖြေ

၇၄၉။ (ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ကုသိုလ်ဖြစ်ကုန်၏၊ ရံခါ အဗျာကတဖြစ်ကုန်၏။

(၂) ဝေဒနာတိက်အဖြေ

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

(၃) ဝိပါကတိက်အဖြေ

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ရံခါ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ ရံခါအကျိုး (ဝိပါက်) လည်း မဟုတ်၊ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်းသဘောရှိသော တရားလည်းမဟုတ်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ အကျိုး (ဝိပါက်) ဖြစ်၏၊ ရံခါ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်း သဘောရှိသော ကုသိုလ်တရား ဖြစ်၏။ ရံခါ အကျိုး (ဝိပါက်) လည်း မဟုတ်၊ အကျိုး (ဝိပါက်) ကိုဖြစ်စေခြင်းသဘောရှိသော ကုသိုလ်တရားလည်း မဟုတ်။

(၄) ဥပါဒိန္နတိက်အဖြေ

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာဖြစ်၏။ ရံခါ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဟုတ်။

(၅) သံကိလိဋ္ဌတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်ကုန်မူ၍ ကိလေသာတို့၏ အာရုံသာဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်မူ၍ ကိလေသာ တို့၏အာရုံသာ ဖြစ်၏။ ရံခါ ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏ အာရုံ လည်းမဟုတ်။

မှတ်ချက်။ ။ ပါဠိတော်၌ "တိသော ပဋ္ဌိသမ္ဘိဒါ အသံကိလိဋ္ဌသံကိလေသိကာ"ဟုသာ ရှိသင့်ပါသည်။

(၆) ဝိတက္ကတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိ၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိ၏။ ရံခါ ဝိတက်လည်းမရှိ၊ ဝိစာရလည်း မရှိ။

(၇) ဝိတိတိက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ဝိတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

(၈) ဒဿနတိက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခု ဖြင့်ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၉) ဒဿနဟေတုတိက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

(၁၀) အာစယဂါမိတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ရဲခါ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရဲခါ စုတိပဋ္ဌိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရဲခါစုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏၊ ရဲခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ရဲခါ စုတိပဋ္ဌိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်။

(၁၁) သေက္ခတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏၊ ရဲခါ ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာဖြစ်၏။ ရဲခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်။

(၁၂) ပရိတ္တတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ကာမတရား ဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရဲခါ ကာမတရား ဖြစ်၏၊ ရဲခါလောကုတ္တရာတရား ဖြစ်၏။

(၁၃) ပရိတ္တာရမ္မဏတိက်

နိရုတ္တိပဋ္ဌိသမ္ဘိဒါသည် ကာမတရားကို အာရုံပြု၏။ (ကြွင်း) ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ရဲခါကာမ တရားကိုအာရုံပြုကုန်၏၊ ရဲခါ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ ရဲခါ လောကုတ္တရာ တရားကို အာရုံပြုကုန်၏။

(၁၄) ဟီနတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အလတ် (မ၏ျမ) ဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရဲခါ အလတ် (မ၏ျမ) ဖြစ်၏၊ ရဲခါ အမြတ် (ပဏီတ) ဖြစ်၏။

(၁၅) မိစ္ဆတ္တတိက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အကျိုးပေး မမြဲကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရဲခါ မဖောက်ပြန်သော သဘောရှိ၍မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲ၏၊ ရဲခါ အကျိုးပေး မမြဲ။

(၁၆) မဂ္ဂါရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါကို မဂ်ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏ ဟူ၍လည်းကောင်း မဆိုအပ်။ အတ္ထပဋိသမ္ဘိဒါသည်မဂ်ကို အာရုံ မပြု၊ ရံခါ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏၊ ရံခါ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏။ ရံခါ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏ ဟူ၍ လည်းကောင်း မဆိုအပ်။ ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါတို့သည် ရံခါ မဂ်ကို အာရုံပြုကုန်၍ မဂ်ဟုဆိုအပ်သော အကြောင်းမရှိကုန်၊ ရံခါ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိကုန်၏။ ရံခါ မဂ်ကို အာရုံပြုကုန်၏ ဟူ၍လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၇) ဥပ္ပန္နတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီးရောက်ဆဲမဟုတ်ကုန်၊ ပြီးပြီးသောအကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချုတ်ဖြစ်လတ္တံ့.ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်၏၊ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်၊ ရံခါ မချုတ် (ဧကန်) ဖြစ်လတ္တံ့.ဖြစ်၏။

(၁၈) အတီတတိက်

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏၊ ရံခါ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

(၁၉) အတီတာရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါသည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏။ ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ နှစ်ပါးတို့သည် ရံခါ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏၊ ရံခါ မရောက်သေး (အနာဂတ်) ကို အာရုံပြုကုန်၏၊ ရံခါဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဖြစ်ပြီး (အတိတ်) ကို အာရုံပြု၏၊ ရံခါ မရောက်သေး (အနာဂတ်) ကို အာရုံပြု၏၊ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏။ ရံခါ ဖြစ်ပြီး

(အတိတ်) ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ မရောက်သေး (အနာဂတ်) ကို အာရုံပြု၏ ဟူ၍လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏ ဟူ၍လည်းကောင်း မဆိုအပ်။

(၂၀) အဗျတ္တတိက်

ပဋိသမ္ဘိဒါလေးပါးတို့သည် ရံခါ မိမိသန္တာန်၌ ဖြစ်ကုန်၏၊ ရံခါ သူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏၊ ရံခါမိမိသန္တာန် သူတစ်ပါးသန္တာန်၌ ဖြစ်ကုန်၏။

(၂၁) အဗျတ္တာရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါသည် အပ'ဗဟိဒ္ဓ'သန္တာန်ကို အာရုံပြု၏။ ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ မိမိ သန္တာန်ကိုအာရုံပြုကုန်၏၊ ရံခါ သူတစ်ပါးသန္တာန်ကို အာရုံပြုကုန်၏၊ ရံခါ မိမိသန္တာန် သူတစ်ပါး သန္တာန်ကိုအာရုံပြုကုန်၏။

(၂၂) သနိဒဿနတိက်

ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

၂-ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

ဂ၅၀။ (ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ် မည်ကုန်၏။

(၂) သဟေတုကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်ရှိကုန်၏။

(၃) ဟေတုသမ္မယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်နှင့်ယှဉ်ကုန်၏။

(၄) ဟေတုသဟေတုကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်လည်းမည် ဟိတ်လည်း ရှိကုန်၏။

(၅) ဟေတုဟေတုသမ္မယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်လည်းမည် ဟိတ်နှင့်လည်း ယှဉ်ကုန်၏။

(၆) နဟေတုသဟေတုကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်မမည်မူ၍ ဟိတ်ရှိကုန်၏ဟူ၍လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍လည်းကောင်း မဆိုအပ်ကုန်။

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသောအကြောင်း ရှိကုန်၏။

(၈) သခ်ံတဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၉) သနိဒဿနဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) မြင်အပ်သော သဘောမရှိကုန်။

(၁၀) သပ္ပဋိဃဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ထိပါးတတ်သော သဘောမရှိကုန်။

(၁၁) ရူပီဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) နာမ်ဖြစ်ကုန်၏။

(၁၂) လောကိယဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် လောကဌ် အကျုံးဝင်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ လောကဌ် အကျုံးဝင်၏၊ ရံခါ လောကမှ ထွက်မြောက်၏။

(၁၃) ကေနစိဝိညေယျဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) တစ်စုံတစ်ခုသောစိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောမရှိကုန်။

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အာသဝ မမည်ကုန်။

(၁၅) သာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ အာသဝ၏ အာရုံဖြစ်၏၊ ရံခါ အာသဝ၏ အာရုံမဖြစ်။

(၁၆) အာသဝသမ္မယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

(၁၇) အာသဝသာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့ကို အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါကို အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်။ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝမမည်၊ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟု မဆိုအပ်။

(၁၈) အာသဝအာသဝသမ္မယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ အာသဝနှင့်သာယှဉ်၍ အာသဝ မမည်ကုန်ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

(၁၉) အာသဝဝိပွယုတ္တသာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အာသဝနှင့်မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါ သည်ရုံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်၏၊ ရုံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံမဟုတ်။

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

သြဃဂေါစ္ဆကအဖြေ

(၃၂-၃၇) သြဃဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သြဃ မမည်ကုန်။ပ။

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) နိဝရဏာ မမည်ကုန်။ပ။

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္ဘဏဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အာရုံပြုခြင်းရှိကုန်၏။

(၅၆) စိတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်မမည်ကုန်။

(၅၇) စေတသိကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စေတသိက် မည်ကုန်၏။

(၅၈) စိတ္တသမ္မယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

(၅၉) စိတ္တသံသဋ္ဌဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့် နီးနှောကုန်၏။

(၆၀) စိတ္တသမုဋ္ဌာနဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

(၆၁) စိတ္တသဟဘူဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

(၆၂) စိတ္တာနုပရိဝတ္တိဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်သို့အစဉ်လိုက်၍ဖြစ်ကုန်၏။

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်းအစဉ်လိုက်၍ ဖြစ်ကုန်၏။

(၆၆) အဗျတ္တိကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အပ'ဗဟိဒ္ဓ'၌ ဖြစ်ကုန်၏။

(၆၇) ဥပါဒါဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

(၆၈) ဥပါဒိန္နဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်။

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉–၇၄) ဥပါဒါနဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည် ဥပါဒါန် မမည်ကုန်။ပ။

ကိလေသဂေါစ္ဆကအဖြေ

(၇၅–၈၂) ကိလေသဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ကိလေသာမမည်ကုန်။ပ။

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

(၈၇) သဝိတက္ကဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ဝိတက်ရှိကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ ဝိတက်ရှိ၍ ရံခါ ဝိတက် မရှိ။

(၈၈) သဝိစာရဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ဝိစာရ ရှိကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ ဝိစာရ ရှိ၍ ရံခါ ဝိစာရ မရှိ။

(၈၉) သပ္ပီတိကဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ပီတိ ရှိကုန်၏၊ ရံခါပီတိ မရှိကုန်။

(၉၀) ပီတိသဟဂတဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။

(၉၁) သုခသဟဂတဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

(၉၂) ဥပေက္ခာသဟဂတဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန်။

(၉၃) ကာမာဝစရဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ကာမာဝစရ မည်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ ကာမာဝစရ ဖြစ်၏၊ ရံခါကာမာဝစရ မဖြစ်။

(၉၄) ရူပါဝစရဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ရူပါဝစရ မဖြစ်ကုန်။

(၉၅) အရူပါဝစရဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အရူပါဝစရ မဖြစ်ကုန်။

(၉၆) ပရိယာပန္နဒုက်

ပဋ္ဌိသမ္ဘိဒါ သုံးပါးတို့သည် ဝဋ်တရား၌ အကျုံးဝင်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရုံခါ ဝဋ်တရား၌ အကျုံးဝင်၏၊ ရုံခါ ဝဋ်တရား၌ အကျုံးမဝင်။

(၉၇) နိယျာနိကဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရုံခါဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်၏၊ ရုံခါ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်။

(၉၈) နိယတဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အကျိုးပေး မမြဲကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရုံခါ အကျိုးပေး မြဲ၏၊ ရုံခါအကျိုးပေး မမြဲ။

(၉၉) သဥတ္တရဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် မိမိထက် လွန်မြတ်သောတရား ရှိကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရုံခါ မိမိထက်လွန်မြတ်သော တရားရှိ၏၊ ရုံခါ မိမိထက်လွန်မြတ်သော တရားမရှိ။

(၁၀၀) သရဏဒုက်

ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ မရှိကုန်။

အမေးအဖြေပြု၍ ဟောကြားသော ပဠာဝုစ္ဆကနည်း ပြီး၏။

ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်၍ပြသော ပဋ္ဌိသမ္ဘိဒါဝိဘင်းပြီးပြီ။

၁၆–ဉာဏဝိဘင်္ဂ

(ဉာဏ်တို့ကို ဝေဖန်၍ပြသော ဝိဘင်း)

၁–တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၁။ တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

(၁) ဝိညာဏ်ငါးပါးတို့သည် ဟိတ်မမည်ကုန်။

(၂) ဟိတ်မရှိကုန်။

(၃) ဟိတ်နှင့် မယှဉ်ကုန်။

(၄) အကြောင်းရှိကုန်၏။

(၅) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

(၆) နာမ်တရားဖြစ်ကုန်၏။

(၇) လောကဓ္ဓ အကျုံးဝင်ကုန်၏။

(၈) အာသဝ၏ အာရုံဖြစ်ကုန်၏။

(၉) သံယောဇဉ်၏ အာရုံဖြစ်ကုန်၏။

(၁၀) ဂန္ထ၏ အာရုံဖြစ်ကုန်၏။

(၁၁) ဩဃ၏ အာရုံဖြစ်ကုန်၏။

(၁၂) ယောဂ၏ အာရုံဖြစ်ကုန်၏။

(၁၃) နီဝရဏ၏ အာရုံဖြစ်ကုန်၏။

(၁၄) ပရာမာသ၏ အာရုံဖြစ်ကုန်၏။

(၁၅) ဥပါဒါန်၏ အာရုံဖြစ်ကုန်၏။

(၁၆) ကိလေသာ၏ အာရုံဖြစ်ကုန်၏။

(၁၇) အဗျာကတဖြစ်ကုန်၏။

(၁၈) အာရုံပြုခြင်း ရှိကုန်၏။

(၁၉) စေတသိက် မမည်ကုန်။

(၂၀) ဝိပါက် ဖြစ်ကုန်၏။

(၂၁) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်ကုန်သည် ဖြစ်၍ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။

(၂၂) ကိလေသာတို့သည် ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။

(၂၃) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသည် မမည်ကုန်။

(၂၄) ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသည် မမည်ကုန်။

(၂၅) ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

(၂၆) ပီတိနှင့်တကွ မဖြစ်ကုန်။

(၂၇) သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်, အထက်မဂ်သုံးခုသည် ပယ်အပ်သည်လည်း မဟုတ်ကုန်။

(၂၈) သောတာပတ္တိမဂ်သည် ပယ်အပ်သောဟိတ် ရှိသည်လည်း မဟုတ်ကုန်, အထက်မဂ် သုံးခုသည်ပယ်အပ်သောဟိတ် ရှိသည်လည်း မဟုတ်ကုန်။

(၂၉) စုတိပဋိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်ကုန်။

(၃၀) သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်ကုန်။

(၃၁) အာနုဘော်နည်းကုန်၏။

(၃၂) ကာမာဝစရ မည်ကုန်၏။

(၃၃) ရူပါဝစရ မမည်ကုန်။

(၃၄) အရူပါဝစရ မမည်ကုန်။

(၃၅) ဘုံသုံးပါး၌ အကျုံးဝင်ကုန်၏။

(၃၆) ဘုံသုံးပါး၌ အကျုံးမဝင်သောတရား မဟုတ်ကုန်။

(၃၇) အကျိုးပေး မမြဲကုန်။

(၃၈) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

(၃၉) * ဖြစ်ဆဲဖြစ်ကုန်၏။ (ဥပ္ပန္နာ)

(၄၀) * မနောဝိညာဏ်ဖြင့် သိအပ်ကုန်၏။ (မနောဝိညာဏဝိညေယျမေဝ)

(၄၁) * မမြဲကုန်။ (အနိစ္စာ)

(၄၂) * အိုခြင်းဖြင့် နှိပ်စက်အပ်ကုန်၏။ (ဇရာဘိဘူတာ)

(၄၃) ဝိညာဏ်ငါးပါးတို့သည် ဖြစ်ဆဲဝတ္ထုကို မှီကုန်၏။

(၄၄) ဖြစ်ဆဲအာရုံကို အာရုံပြုကုန်၏။

(၄၅) ရှေးဖြစ်သောဝတ္ထုရုပ်ကို မှီကုန်၏။

(၄၆) ရှေး၌ ဖြစ်သောအာရုံကို အာရုံပြုကုန်၏။

(၄၇) အဋ္ဌတ္ထိကရုပ်ကို မှီကုန်၏။

(၄၈) အပအာရုံကို အာရုံပြုကုန်၏။

(၄၉) မချုပ်သေးသောရုပ်ကို မှီကုန်၏။

(၅၀) မချုပ်သေးသောအာရုံကို အာရုံပြုကုန်၏။

(၅၁) အသီးသီးသောရုပ်လျှင် မှီရာရှိကုန်၏။

(၅၂) အသီးသီးသောအာရုံကို အာရုံပြုကုန်၏။

(၅၃) တစ်ပါးသည် တစ်ပါး၏အာရုံအရာကို မခံစားကုန်။

(၅၄) အာဝဇ္ဇန်းကင်းလျက် မဖြစ်ကုန်။

(၅၅) နလုံးမသွင်းဘဲ မဖြစ်ကုန်။

(၅၆) ရောပြွမ်းရ၍ မဖြစ်ကုန်။

(၅၇) မရှေးမနှောင်း မဖြစ်ကုန်။

(၅၈) တစ်ပါးသည် တစ်ပါး၏အခြားမဲ့၌ မဖြစ်ကုန်။

(၅၉) ဝိညာဏ်ငါးပါးတို့သည် နလုံးသွင်း မရှိကုန်။

(၆၀) ဝိညာဏ်ငါးပါးတို့ဖြင့် အာရုံသို့ ရှေးရှုကျခြင်းမျှကို ကြဉ်၍ တစ်စုံတစ်ခုသောတရားကို မသိ။

(၆၁) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း တစ်စုံတစ်ခုသောတရားကို မသိ။

(၆၂) ဝိညာဏ်ငါးပါးတို့ဖြင့် တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

(၆၃) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း တစ်စုံတစ်ခုသော ဣရိယာပုထ်ကို မပြုလုပ်နိုင်။

(၆၄) ဝိညာဏ်ငါးပါးတို့ဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာကို မဖြစ်စေနိုင်။

(၆၅) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း ကိုယ်အမူအရာ နှုတ်အမူအရာကို မဖြစ်စေနိုင်။

(၆၆) ဝိညာဏ်ငါးပါးတို့ဖြင့် ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင်။

(၆၇) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း ကုသိုလ် အကုသိုလ်တရားကို မဆောက်တည်နိုင်။

(၆၈) ဝိညာဏ်ငါးပါးတို့ဖြင့် (သမာပတ်ကို) မဝင်စားနိုင်၊ မထနိုင်။

(၆၉) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း (သမာပတ်ကို) မဝင်စားနိုင်၊ မထနိုင်။

(၇၀) ဝိညာဏ်ငါးပါးတို့ဖြင့် မစုတေနိုင်၊ ပဋ္ဌိသန္ဓေမနေနိုင်။

(၇၁) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း မစုတေနိုင်၊ ပဋ္ဌိသန္ဓေမနေနိုင်။

(၇၂) ဝိညာဏ်ငါးပါးတို့ဖြင့် မအိပ်၊ မနိုး၊ အိပ်မက်မမက်။

(၇၃) ဝိညာဏ်ငါးပါးတို့၏ အခြားမဲ့၌ လည်း မအိပ်၊ မနိုး၊ အိပ်မက်မမက်။

(၇၄) ဟုတ်မှန်သောအကြောင်းကို ထင်စွာပြသော ပညာသည် ဖြစ်၏။ ဤသို့ တစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

မှတ်ချက်။ ။ * ခရေပွင့်ပြ ၄-ပုဒ်သည် ပါဠိတော်၌ မရှိပါ။ အဋ္ဌကထာပြသည့်အတိုင်း ထည့်ထားပါသည်။

♣

၂–နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၂။ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

(၁) လောကဌ် အကျုံးဝင်သော ပညာ၊ လောကမှ ထွက်မြောက်သော ပညာ။

(၂) တစ်စုံတစ်ခုသောစိတ်ဖြင့် သိအပ်သော ပညာ၊ တစ်စုံတစ်ခုသောစိတ်ဖြင့် မသိအပ်သော ပညာ။

(၃) အာသဝ၏ အာရုံဖြစ်သော ပညာ၊ အာသဝ၏ အာရုံမဟုတ်သော ပညာ။

(၄) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်သော ပညာ၊ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏အာရုံမဟုတ်သော ပညာ။

(၅) သံယောဇဉ်၏ အာရုံဖြစ်သော ပညာ၊ သံယောဇဉ်၏ အာရုံမဟုတ်သော ပညာ။

(၆) သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံဖြစ်သော ပညာ၊ သံယောဇဉ်နှင့် မယှဉ်မူ၍သံယောဇဉ်၏ အာရုံမဟုတ်သော ပညာ။

(၇) ဂန္ထ၏ အာရုံဖြစ်သော ပညာ၊ ဂန္ထ၏ အာရုံမဟုတ်သော ပညာ။

(၈) ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံဖြစ်သော ပညာ၊ ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံမဟုတ်သော ပညာ။

(၉) ဩဃ၏ အာရုံဖြစ်သော ပညာ၊ ဩဃ၏ အာရုံမဟုတ်သော ပညာ။

(၁၀) ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံဖြစ်သော ပညာ၊ ဩဃနှင့် မယှဉ်မူ၍ ဩဃ၏ အာရုံမဟုတ်သော ပညာ။

(၁၁) ယောဂ၏ အာရုံဖြစ်သော ပညာ၊ ယောဂ၏ အာရုံမဟုတ်သော ပညာ။

(၁၂) ယောဂနှင့် မယှဉ်မူ၍ ယောဂ၏ အာရုံဖြစ်သော ပညာ၊ ယောဂနှင့် မယှဉ်မူ၍ယောဂ၏ အာရုံ မဟုတ်သော ပညာ။

(၁၃) နီဝရဏ၏ အာရုံဖြစ်သော ပညာ၊ နီဝရဏ၏ အာရုံမဟုတ်သော ပညာ။

(၁၄) နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံဖြစ်သော ပညာ၊ နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံ မဟုတ်သော ပညာ။

(၁၅) ပရာမာသ၏ အာရုံဖြစ်သော ပညာ၊ ပရာမာသ၏ အာရုံမဟုတ်သော ပညာ။

(၁၆) ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ၏ အာရုံဖြစ်သော ပညာ၊ ပရာမာသနှင့် မယှဉ်မူ၍ပရာမာသ၏ အာရုံမဟုတ်သော ပညာ။

(၁၇) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သော ပညာ။

(၁၈) ဥပါဒါန်၏ အာရုံဖြစ်သော ပညာ၊ ဥပါဒါန်၏ အာရုံမဟုတ်သော ပညာ။

(၁၉) ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံဖြစ်သော ပညာ၊ ဥပါဒါန်နှင့်မယှဉ်မူ၍ ဥပါဒါန်၏ အာရုံမဟုတ်သော ပညာ။

(၂၀) ကိလေသာ၏ အာရုံဖြစ်သော ပညာ၊ ကိလေသာ၏ အာရုံမဟုတ်သော ပညာ။

(၂၁) ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံဖြစ်သော ပညာ၊ ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံမဟုတ်သော ပညာ။

(၂၂) ဝိတက်ရှိသော ပညာ၊ ဝိတက်မရှိသော ပညာ။

(၂၃) ဝိစာရရှိသော ပညာ၊ ဝိစာရမရှိသော ပညာ။

(၂၄) ပီတိရှိသော ပညာ၊ ပီတိမရှိသော ပညာ။

(၂၅) ပီတိနှင့် တကွဖြစ်သော ပညာ၊ ပီတိနှင့် တကွမဖြစ်သော ပညာ။

(၂၆) သုခဝေဒနာနှင့် တကွဖြစ်သော ပညာ၊ သုခဝေဒနာနှင့် တကွမဖြစ်သော ပညာ။

(၂၇) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပညာ၊ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်သော ပညာ။

(၂၈) ကာမာဝစရမည်သော ပညာ၊ ကာမာဝစရမမည်သော ပညာ။

(၂၉) ရူပါဝစရမည်သော ပညာ၊ ရူပါဝစရမမည်သော ပညာ။

(၃၀) အရူပါဝစရမည်သော ပညာ၊ အရူပါဝစရမမည်သော ပညာ။

(၃၁) ဘုံသုံးပါး၌ အကျုံးဝင်သော ပညာ၊ ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာ။

(၃၂) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပညာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ပညာ။

(၃၃) အကျိုးပေးမြဲသော ပညာ၊ အကျိုးပေးမမြဲသော ပညာ။

(၃၄) မိမိထက်လွန်မြတ်သော တရားရှိသော ပညာ၊ မိမိထက်လွန်မြတ်သော တရားမရှိသော ပညာ။

(၃၅) အကျိုးကိုဖြစ်စေတတ်သော ပညာ၊ ဖြစ်စေအပ်သောအကျိုးဖြစ်သော ပညာ။ ဤသို့ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၃–သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၃။ သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

(၁) အကြံအစည်ဖြင့်ပြီးသော 'စိန္တာမယ'ပညာ၊ အကြားအမြင်ဖြင့်ပြီးသော 'သုတမယ'ပညာ၊ ပွါးများခြင်းဖြင့်ပြီးသော 'ဘာဝနာမယ' ပညာ။

(၂) ပေးကမ်းခြင်းဒါနဖြင့်ပြီးသော ပညာ၊ အကျင့်သီလဖြင့်ပြီးသော ပညာ၊ ပွါးများခြင်း ဘာဝနာဖြင့်ပြီးသော ပညာ။

(၃) လွန်ကဲသောသီလ၌ ဖြစ်သော ပညာ၊ လွန်ကဲသောစိတ်၌ ဖြစ်သော ပညာ၊ လွန်ကဲသော ပညာ၌ ဖြစ်သော ပညာ။

(၄) ကြီးပွါးရေး၌ လိမ္မာသော ပညာ၊ ဆုတ်ယုတ်ရေး၌ လိမ္မာသော ပညာ၊ ဥပါယ်၌ လိမ္မာသော ပညာ။

(၅) အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်) ဖြစ်သော ပညာ၊ အကျိုးကိုဖြစ်စေခြင်းသဘောရှိသော ပညာ၊ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ် တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော ပညာ။

(၆) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်သည် ဖြစ်၍ ဥပါဒါန်၏အာရုံလည်း ဖြစ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ကားမယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သော ပညာ၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ် သော ကံသည်အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ပညာ။

(၇) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ပညာ၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိသော ပညာ၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ပညာ။

(၈) ပီတိနှင့် တကွဖြစ်သော ပညာ၊ သုခဝေဒနာနှင့် တကွဖြစ်သော ပညာ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပညာ။

(၉) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းဖြစ်သော ပညာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပညာ၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ပညာ။

(၁၀) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာ၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်သော ပညာ။

(၁၁) အာနုဘော်နည်းသော ပရိတ္တ(ကာမ) ပညာ၊ မြတ်သည်၏ အဖြစ်သို့ရောက်သော မဟဂ္ဂုတ် (ရူပ အရူပ) ပညာ၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဏ (လောကုတ္တရာ) ပညာ။

(၁၂) ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာ၊ မဟဂ္ဂုတ်ကို အာရုံပြုသော ပညာ၊ အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသော ပညာ။

(၁၃) မဂ်ကို အာရုံပြုသော ပညာ၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိသော ပညာ၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိသော ပညာ။

(၁၄) ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ပညာ၊ ခဏသုံးပါးသို့ ရောက်ဆဲလည်းမဟုတ်, ရောက်ပြီးလည်း မဟုတ်သော ပညာ၊ မချုတ်ဖြစ်လတ္တံ့ ဖြစ်သော ပညာ။

(၁၅) ဖြစ်ပြီးသော (အတိတ်) ပညာ၊ မရောက်သေးသော (အနာဂတ်) ပညာ၊ ဖြစ်ဆဲသော (ပစ္စုပ္ပန်) ပညာ။

(၁၆) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာ၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာ၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာ။

(၁၇) မိမိသန္တာန်၌ ဖြစ်သော ပညာ၊ သူတစ်ပါးသန္တာန်၌ ဖြစ်သော ပညာ၊ မိမိ, သူတစ်ပါး သန္တာန်၌ ဖြစ်သော ပညာ။

(၁၈) မိမိသန္တာန်ကို အာရုံပြုသော ပညာ၊ သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ၊ မိမိ, သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ။ သဝိတက္ကသဝိစာရမူ

(၁၉) ဝိတက်လည်းရှိ, ဝိစာရလည်းရှိသော ပညာကား– အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုး (ဝိပါက်) လည်း ရှိ၏၊ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်းသဘော ရှိသောတရားလည်း ရှိ၏၊ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်း သဘောရှိသောတရား မဟုတ်သည်လည်း ရှိ၏။

(၂၀) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကားမယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံမဖြစ်သည်လည်း ရှိ၏။

(၂၁) ဝိတိနှင့် တကွဖြစ်သည်လည်း ရှိ၏၊ သုခဝေဒနာနှင့် တကွဖြစ်သည်လည်း ရှိ၏၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သည်လည်း ရှိ၏။

(၂၂) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း ရှိ၏၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်သည်လည်း ရှိ၏။

(၂၃) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၂၄) အာနုဘော်နည်းသော ပရိတ္တ(ကာမ) လည်း ရှိ၏၊ မြတ်သည်၏ အဖြစ်သို့ရောက်သော မဟဂ္ဂတ် (ရူပ အရူပ) လည်း ရှိ၏၊ နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အပ္ပမာဏ (လောကုတ္တရာ) လည်း ရှိ၏၊

(၂၅) ပရိတ္တ (ကာမ) ကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂတ်ကို အာရုံပြုသည်လည်း ရှိ၏၊ အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသည်လည်း ရှိ၏။

(၂၆) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိသည်လည်း ရှိ၏။

(၂၇) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲမဟုတ်သည်လည်း ရှိ၏၊ မချုတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၂၈) ဖြစ်ပြီး (အတိတ်) လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) လည်း ရှိ၏။

(၂၉) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) အာရုံပြုသည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၃၀) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၃၁) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ အဝိတက္ကအဝိစာရမတ္တမူ

(၃၂) ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသော ပညာကား– အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုး (ဝိပါက်) သည်လည်း ရှိ၏၊ အကျိုးကိုဖြစ်စေခြင်းသဘော ရှိသောတရားလည်း ရှိ၏၊ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားမဟုတ်သည်လည်း ရှိ၏။

(၃၃) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဖြစ်သည်လည်း ရှိ၏။

(၃၄) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ် နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည်လည်း ရှိ၏။

(၃၅) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ သေက္ခ ပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၃၆) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲမဟုတ် သည်လည်းရှိ၏၊ မရှုတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၃၇) ဖြစ်ပြီး (အတိတ်) လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) လည်း ရှိ၏။

(၃၈) မိမိသန္တာန်၌ ဖြစ်သောတရားလည်း ရှိ၏၊ သူတစ်ပါးသန္တာန်၌ ဖြစ်သောတရားလည်း ရှိ၏၊ မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်သောတရားလည်း ရှိ၏။

အဝိတက္ကအဝိစာရမူ

(၃၉) ဝိတက်လည်းမရှိ, ဝိစာရလည်းမရှိသောပညာကား– အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း ရှိ၏၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း ရှိ၏၊ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ် အကျိုးကိုဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်သည်လည်း ရှိ၏။

(၄၀) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏၊ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော

ကံသည်အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သည်လည်း ရှိ၏။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံမဖြစ်သည်လည်း ရှိ၏။

(၄၁) ပီတိနှင့်တကွဖြစ်သည်လည်း ရှိ၏။ သုခဝေဒနာနှင့် တကွဖြစ်သည်လည်း ရှိ၏။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သည်လည်း ရှိ၏။

(၄၂) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း ရှိ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း ရှိ၏။ စုတိပဋ္ဌိသန္ဓေသို့ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်သည်လည်း ရှိ၏။

(၄၃) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာသည် ရှိ၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာသည် ရှိ၏။ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၄၄) ပရိတ္တ(ကာမတရား) ကို အာရုံပြုသည်လည်း ရှိ၏။ မဟဂ္ဂုတ် (ရူပ အရူပတရား) ကိုအာရုံပြုသည်လည်း ရှိ၏။ အပ္ပမာဏ (လောကုတ္တရာတရား) ကို အာရုံပြုသည်လည်း ရှိ၏။

(၄၅) မဂ်ကို အာရုံပြုသည်လည်း ရှိ၏။ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏။ မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိသည်လည်း ရှိ၏။

(၄၆) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏။ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲမဟုတ်သည်လည်းရှိ၏။ မချုတ်ဖြစ်လတ္တံ့ (အနာဂတ်) ဖြစ်သည်လည်း ရှိ၏။

(၄၇) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏။ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏။ ဖြစ်ဆဲ (ပစ္စုပ္ပန်) သည်လည်း ရှိ၏။

(၄၈) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏။ မရောက်သေး (အနာဂတ်) ကို အာရုံပြုသည်လည်း ရှိ၏။ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၄၉) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။ မိမိသူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၅၀) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ မိမိသူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ ပီတိသဟဂတ သုခသဟဂတမူ

(၅၁) ပီတိနှင့်တကွဖြစ်သောပညာ, သုခဝေဒနာနှင့် တကွဖြစ်သော ပညာကား– အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည်လည်း ရှိ၏။ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားသည်လည်း ရှိ၏။ အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘော ရှိသော တရားလည်း မဟုတ် သည်လည်းရှိ၏။

(၅၂) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်သည် ဖြစ်၍ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သည်လည်း ရှိ၏။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံမဖြစ်သည် လည်း ရှိ၏။

(၅၃) ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသည်လည်း ရှိ၏။ ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသည်လည်း ရှိ၏။ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသည်လည်း ရှိ၏။

(၅၄) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်းရှိ၏။ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်းမဟုတ်သည်လည်း ရှိ၏။

(၅၅) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာသည်လည်း ရှိ၏။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာသည်လည်း ရှိ၏။ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်းမဟုတ်သည်လည်း ရှိ၏။

(၅၆) ကာမတရားသည်လည်း ရှိ၏။ မဟဂ္ဂုတ်တရားသည်လည်း ရှိ၏။ လောကုတ္တရာတရားသည်လည်း ရှိ၏။

(၅၇) ကာမတရားကို အာရုံပြုသည်လည်း ရှိ၏။ မဟဂ္ဂုတ်တရားကို အာရုံပြုသည်လည်း ရှိ၏။ လောကုတ္တရာတရားကို အာရုံပြုသည်လည်း ရှိ၏။

(၅၈) မဂ်ကို အာရုံပြုသည်လည်း ရှိ၏။ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏။ မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိသည်လည်း ရှိ၏။

(၅၉) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏။ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲ မဟုတ်သည်လည်းရှိ၏။ မချုတ်ဖြစ်လတ္တံ့ဖြစ်သည်လည်း ရှိ၏။

(၆၀) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏။ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏။ ဖြစ်ဆဲ (ပစ္စုပ္ပန်) သည်လည်း ရှိ၏။

(၆၁) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏။ မရောက်သေး (အနာဂတ်) ကို အာရုံပြုသည်လည်း ရှိ၏။ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၆၂) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။ မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၆၃) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ မိမိသူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။

(*) ဥပေက္ခာသဟဂတမူ

(၆၄) ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပညာကား– အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း ရှိ၏။ အကျိုးကိုဖြစ်စေခြင်းသဘောရှိသော တရားသည်လည်းရှိ၏။ အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သည်လည်း ရှိ၏။

(၆၅) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်ဖြစ်၍ဥပါဒါန်၏ အာရုံဖြစ်သည်လည်း ရှိ၏။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်သည်လည်း ရှိ၏။

တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံမဖြစ်သည် လည်းရှိ၏။

(၆၆) စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းသည်လည်း ရှိ၏၊ စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သည်လည်းရှိ၏။

(၆၇) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း ရှိ၏၊ ရဟန္တာတို့၏ ဥစ္စာလည်း ရှိ၏၊ သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်သည်လည်း ရှိ၏။

(၆၈) ကာမတရားလည်း ရှိ၏၊ မဟဂ္ဂုတ်တရားလည်း ရှိ၏၊ လောကုတ္တရာတရားလည်း ရှိ၏။

(၆၉) ကာမတရားကို အာရုံပြုသည်လည်း ရှိ၏၊ မဟဂ္ဂုတ်ကို အာရုံပြုသည်လည်း ရှိ၏၊ လောကုတ္တရာတရားကို အာရုံပြုသည်လည်း ရှိ၏။

(၇၀) မဂ်ကို အာရုံပြုသည်လည်း ရှိ၏၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိသည်လည်း ရှိ၏၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိသည်လည်း ရှိ၏။

(၇၁) ခဏသုံးပါးသို့ ရောက်ဆဲလည်း ရှိ၏၊ ခဏသုံးပါးသို့ ရောက်ပြီး, ရောက်ဆဲမဟုတ်သည်လည်း ရှိ၏၊ မချုတ်ဖြစ်လတ္တံ့သည်လည်း ရှိ၏။

(၇၂) ဖြစ်ပြီး (အတိတ်) သည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) သည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) သည်လည်း ရှိ၏။

(၇၃) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုသည်လည်း ရှိ၏၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသည်လည်း ရှိ၏။

(၇၄) မိမိသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏၊ မိမိ, သူတစ်ပါးသန္တာန်၌ ဖြစ်သည်လည်း ရှိ၏။

(၇၅) မိမိသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏၊ မိမိ, သူတစ်ပါးသန္တာန်ကို အာရုံပြုသည်လည်း ရှိ၏။ ဤသို့ သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်၏တည်ရာသည် ဖြစ်၏။

(*) အဋ္ဌကထာအဆိုအရ ဉာဏ်သုံးပါးအားဖြင့် တည်ရာအရေအတွက်ပေါင်း (၈၈) ဟု ဆိုရာ၌ ပီတိသဟဂတမူ ၁၃-ပါး၊ သုခသဟဂတမူ ၁၃-ပါးဖြစ်ခြင်းကြောင့် ၇၅-၌ ၁၃-ပါး ထပ်ထည့်လျှင် ၈၈-ပါး ဖြစ်ပါသည်။

♣

၄-လေးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၄။ လေးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား-

(၁) ကံသာလျှင် မိမိဥစ္စာဖြစ်၏ဟု သိသောဉာဏ်၊ သစ္စာအားလျော်စွာ ဖြစ်သောဉာဏ်၊ မဂ်နှင့်ပြည့်စုံသူအား ဖြစ်သောဉာဏ်၊ ဖိုလ်နှင့် ပြည့်စုံသူအား ဖြစ်သောဉာဏ်။

(၂) ဆင်းရဲမှုဌ သိသောဉာဏ်၊ ဆင်းရဲမှု ဖြစ်ကြောင်းဌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာဌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဌ သိသောဉာဏ်။

(၃) ကာမဘုံဌ ဖြစ်သော ပညာ၊ ရူပဘုံဌ ဖြစ်သော ပညာ၊ အရူပဘုံဌ ဖြစ်သော ပညာ၊ ဘုံသုံးပါးဌ အကျုံးမဝင်သော ပညာ။

(၄) တရားဌ သိသောဉာဏ်၊ အလျော်ဌ သိသောဉာဏ်၊ ပိုင်းခြားခြင်းဌ သိသောဉာဏ်၊ သမုတ်ခြင်းဌ သိသောဉာဏ်။

(၅) စုတိပဋိသန္ဓေအလို့ငှါသာဖြစ်၍ နိဗ္ဗာန်အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ နိဗ္ဗာန်အလို့ငှါသာ ဖြစ်၍ စုတိပဋိသန္ဓေအလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ စုတိပဋိသန္ဓေအလို့ငှါလည်းကောင်း၊ နိဗ္ဗာန်အလို့ငှါလည်းကောင်း ဖြစ်သောပညာသည် ရှိ၏။ စုတိပဋိသန္ဓေအလို့ငှါလည်းကောင်း နိဗ္ဗာန်အလို့ငှါလည်းကောင်း မဖြစ်သော ပညာသည် ရှိ၏။

(၆) ငြီးငွေ့ရန်အလို့ငှါသာဖြစ်၍ ထိုးထွင်းသိရန်အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ ထိုးထွင်းသိရန် အလို့ငှါသာဖြစ်၍ ငြီးငွေ့ရန်အလို့ငှါ မဖြစ်သော ပညာသည် ရှိ၏။ ငြီးငွေ့ရန်အလို့ငှါလည်းကောင်း၊ ထိုးထွင်းသိရန်အလို့ငှါလည်းကောင်း ဖြစ်သောပညာသည် ရှိ၏။ ငြီးငွေ့ရန်အလို့ငှါလည်းကောင်း၊ ထိုးထွင်းသိရန် အလို့ငှါလည်းကောင်း မဖြစ်သော ပညာသည် ရှိ၏။

(၇) ဆုတ်ယုတ်သော အဖို့ရှိသော ပညာသည် ရှိ၏။ တည်တံ့သော အဖို့ရှိသော ပညာသည် ရှိ၏။ ထူးသော အဖို့ရှိသော ပညာသည် ရှိ၏။ ဖောက်ခွဲခြင်းအဖို့ရှိသော ပညာသည် ရှိ၏။

(၈) ခွဲခြမ်းစိတ်ဖြာခြင်း (ပဋိသမ္ဘိဒါ) လေးပါးဌ သိသောဉာဏ်သည် ရှိ၏။

(၉) အကျင့်လေးပါးဌ သိသောဉာဏ်သည် ရှိ၏။

(၁၀) အာရုံလေးပါးဌ သိသောဉာဏ်သည် ရှိ၏။

(၁၁) အိုခြင်း သေခြင်းဌ သိသောဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်းဖြစ်ကြောင်းဌ သိသောဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်းချုပ်ရာဌ သိသောဉာဏ်သည် ရှိ၏။ အိုခြင်း သေခြင်းချုပ်ရာသို့ရောက်ကြောင်းအကျင့်ဌ သိသောဉာဏ်သည် ရှိ၏။

(၁၂) ပဋိသန္ဓေနေမှုဌ သိသောဉာဏ်။ပ။

(၁၃) ဘဝဌ သိသောဉာဏ်။ပ။

(၁၄) စွဲလမ်းမှုဌ သိသောဉာဏ်။ပ။

(၁၅) တပ်မက်မှုဌ သိသောဉာဏ်။ပ။

(၁၆) ခံစားမှုဌ သိသောဉာဏ်။ပ။

(၁၇) တွေ့ထိမှုဌ သိသောဉာဏ်။ပ။

(၁၈) အာယတနခြောက်ပါးဌ သိသောဉာဏ်။ပ။

(၁၉) နာမ်ရုပ်၌ သိသောဉာဏ်။ပ။

(၂၀) ဝိညာဏ်၌ သိသောဉာဏ်။ပ။

(၂၁) သင်္ခါရတို့၌ သိသောဉာဏ်၊ သင်္ခါရဖြစ်ကြောင်း၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာ၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်။

ဤသို့ လေးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၅–ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၅။ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

အင်္ဂါငါးပါးရှိသော ကောင်းသောတည်ကြည်မှုသည် ရှိ၏။ ဉာဏ်ငါးပါးရှိသော ကောင်းသောတည်ကြည်မှုသည် ရှိ၏။ ဤသို့ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၆–ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၆။ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

အဘိဉာဏ်ခြောက်ပါးတို့၌ ဖြစ်သောပညာသည် ရှိ၏။ ဤသို့ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏တည်ရာသည် ဖြစ်၏။

၇–ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၇။ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

ခုနစ်ဆယ့်ခုနစ်ပါးသောဉာဏ်တည်းဟူသော တည်ရာတို့သည် ရှိကုန်၏။ ဤသို့ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၈–ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၈။ ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

မဂ်လေးပါးတို့၌လည်းကောင်း၊ ဖိုလ်လေးပါးတို့၌လည်းကောင်း ဖြစ်သော ပညာသည် ရှိ၏။ ဤသို့ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၉–ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၅၉။ ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

အစဉ်အတိုင်းဝင်စားအပ်သော သမာပတ်တို့၌ ဖြစ်သောပညာသည် ရှိ၏။ ဤသို့ ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

၁၀–ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်အရေအတွက်ကို အကျဉ်းပြဆိုခြင်း

၇၆၀။ ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည်ကား–

မြတ်စွာဘုရား၏ ဘုရားအားတော်ဆယ်ပါးတို့သည် ရှိကုန်၏။ ယင်းအားတော်တို့နှင့်ပြည့်စုံသောမြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။ အဘယ်ဆယ်ပါးတို့နည်း–

(၁) ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်းအကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၂) ထို့ပြင်လည်း မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သောကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သော ကံတို့၏အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာသိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည်မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သော အသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၃) ထို့ပြင်လည်း မြတ်စွာဘုရားသည် ဂတိအမျိုးမျိုးသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာသိတော်မူ၏။ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်းမြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကိုဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကိုလည်စေတော်မူ၏။

(၄) ထို့ပြင်လည်း မြတ်စွာဘုရားသည် များသောဓာတ်, အမျိုးမျိုးသောဓာတ်ရှိသော လောကကိုဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ များသောဓာတ် အမျိုးမျိုးသောဓာတ်ရှိသော လောကကိုဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်း

အားတော်ကို စွဲ၍မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကိုမြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၅) ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာသိတော်မူ၏၊ သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်းမြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာ ဘုရားသည် မြတ်သောအရာကိုဝန်ခံတော်မူ၏။ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို တော်မူ၏၊ ဓမ္မစကြာတရားကိုလည်စေတော်မူ၏။

(၆) ထို့ပြင်လည်း မြတ်စွာဘုရားသည် တစ်ပါးသောသတ္တဝါ တစ်ပါးသောပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ တစ်ပါးသောသတ္တဝါ တစ်ပါးသောပုဂ္ဂိုလ်တို့၏ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၇) ထို့ပြင်လည်း မြတ်စွာဘုရားသည် ဈာန်, လွတ်မြောက်မှု 'ဝိမောက္ခ', တည်ကြည်မှု 'သမာဓိ', ဝင်စားမှု 'သမာပတ်' တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ ဈာန်, လွတ်မြောက်မှု 'ဝိမောက္ခ', တည်ကြည်မှု 'သမာဓိ', ဝင်စားမှု 'သမာပတ်' တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော် မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၈) ထို့ပြင်လည်း မြတ်စွာဘုရားသည် ရှေးခ၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကိုဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ ရှေးခ၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်းကို ဟုတ်တိုင်း မှန်စွာသိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည်မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို တော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော်မူ၏။

(၉) ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာသိတော်မူ၏။ သတ္တဝါတို့၏ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်းမြတ်စွာဘုရား၏ ဘုရားအားတော်ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာ ဘုရားသည် မြတ်သောအရာကိုဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို တော်မူ၏၊ ဓမ္မစကြာတရားကိုလည်စေတော်မူ၏။

(၁၀) ထို့ပြင်လည်း မြတ်စွာဘုရားသည် အာသဝတို့၏ ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။ အာသဝတို့၏ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ဘုရားအားတော် ဖြစ်၏။ ယင်းအားတော်ကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံ တော်မူ၏၊ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆိုတော်မူ၏၊ ဓမ္မစကြာတရားကို လည်စေတော် မူ၏။ ဤသည်တို့ကားမြတ်စွာဘုရား၏ ဘုရားအားတော်ဆယ်ပါးတို့တည်း။ ယင်းအားတော်

တို့နှင့် ပြည့်စုံသောမြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏။ ပရိသတ်တို့၌ ရဲရင့်သောအသံကိုမြွက်ဆိုတော်မူ၏၊ ဓမ္မစကြာ တရားကို လည်စေတော်မူ၏။ ဤသို့ ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

အကျဉ်းပြဆိုခြင်း (မာတိကာ) ပြီး၏။

ဝိပါက်၌ ဖြစ်သောပညာသည်လည်းကောင်း၊ ဘုံသုံးပါးတို့၌ ကြိယာအဗျာကတ၌ ဖြစ်သော ပညာသည်လည်းကောင်းဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ပညာတည်း။

(၃၃) မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် အကျိုးပေးမြဲသော ပညာတည်း၊ ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သောပညာသည်လည်းကောင်း၊ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သောပညာသည်လည်းကောင်း၊ ဘုံသုံးပါးတို့၌ ကြိယာအဗျာကတ၌ ဖြစ်သော ပညာသည်လည်းကောင်း အကျိုးပေးမမြဲသော ပညာတည်း။

(၃၄) ဘုံသုံးပါးတို့၌ ကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် မိမိထက် လွန်မြတ်သော တရားရှိသော ပညာတည်း။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် မိမိထက် လွန်မြတ်သောတရားမရှိသော ပညာတည်း။

ထို၌ အဘယ်သည် အကျိုးကို ဖြစ်စေတတ်သော ပညာနည်း။

(၃၅) ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည်လည်းကောင်း၊ အဘိညာဉ်ကိုဖြစ်စေသော, သမာပတ်ကိုဖြစ်စေသော, ရဟန္တာ၏ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည်လည်းကောင်း အကျိုးကိုဖြစ်စေတတ်သော ပညာတည်း။ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သောပညာသည်လည်းကောင်း၊ ဖြစ်ပြီးသောအဘိညာဉ်, ဖြစ်ပြီးသော သမာပတ်ရှိသော, ရဟန္တာ၏ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည်လည်းကောင်း ဖြစ်စေအပ်ပြီးသော အကျိုးရှိသော ပညာတည်း။ ဤသို့ နှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏တည်ရာသည် ဖြစ်၏။

နှစ်ခုသောဉာဏ်အရေအတွက်ပြီး၏။

၃–သုံးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၇၆၈။ (၁) ထိုသုံးပါးအဖို့အစုရှိသောဉာဏ်တို့တွင် အဘယ်သည် အကြံအစည်ဖြင့်ပြီးသော 'စိန္တာမယ'ပညာ မည်သနည်း။

ပညာဖြင့် စီရင်အပ်ကုန်သော အမှု တို့၌လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (သိပ္ပံ) အတတ်တို့၌လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (ဝိဇ္ဇာ) အတတ်ဖြစ်ကြောင်းတို့၌လည်းကောင်း ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောဥာဏ်ကိုလည်းကောင်း၊ "ရုပ်သည် မမြဲဟူ၍လည်းကောင်း၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မမြဲဟူ၍လည်းကောင်း (ဖြစ်သော)" သစ္စာအားလျော်သောဥာဏ်ကိုလည်းကောင်း၊ ဤသို့သဘောရှိသော ကမ္မာယတနတို့အားလည်းကောင်း၊ သစ္စာ အားလည်းကောင်း လျော်သော အကြင် ခံနိုင်ရည်ရှိမှု 'ခန္တီ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခာ'နှင့် သဘောတရားကို ကြံစည်နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ' တို့ကိုသူတစ်ပါးတို့၏ နည်းညွှန်စကားကို မကြားရဘဲ သိရ၏။ ဤသဘောကို အကြံအစည်ဖြင့်ပြီးသော 'စိန္တာမယ' ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အကြားအမြင်ဖြင့်ပြီးသော 'သုတမယ' ပညာ မည်သနည်း။

ပညာဖြင့် စီရင်အပ်ကုန်သော အမှု တို့၌လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (သိပ္ပံ) အတတ်တို့၌လည်းကောင်း၊ ပညာဖြင့် စီရင်အပ်ကုန်သော (ဝိဇ္ဇာ) အတတ်ဖြစ်ကြောင်းတို့၌လည်းကောင်း၊ ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောဥာဏ်ကိုလည်းကောင်း၊ "ရုပ်သည် မမြဲဟူ၍လည်းကောင်း၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်၊ ဝိညာဏ်သည် မမြဲဟူ၍လည်းကောင်း၊ (ဖြစ်သော)" သစ္စာအားလျော်သောဥာဏ်ကိုလည်းကောင်း၊ ဤသို့သဘောရှိသော (ကမ္မာယတနတို့အားလည်းကောင်း)၊ သစ္စာအားလည်းကောင်း လျော်သော အကြင်ခံနိုင်ရှိမှု 'ခန္တီ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခာ'နှင့် သဘောတရားကို ကြံစည် နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ' တို့ကိုသူတစ်ပါးတို့၏ နည်းညွှန်စကားကို ကြား၍ သိရ၏။ ဤသဘောကို အကြားအမြင်ဖြင့်ပြီးသော 'သုတမယ' ပညာဟု ဆိုအပ်၏။ သမာပတ်ဝင်စားသူ၏ အလုံးစုံလည်းဖြစ်သော ပညာသည် ပွါးများခြင်းဖြင့်ပြီးသော 'ဘာဝနာမယ'ပညာတည်း။

၇ဖဇ။ (၂) ထိုတွင် အဘယ်သည် ပေးကမ်းခြင်း 'ဒါန' ဖြင့်ပြီးသော 'ဒါနမယ' ပညာ မည်သနည်း။

ပေးကမ်းခြင်းကို အကြောင်းပြု၍ ပေးကမ်းခြင်းသို့ ရောက်သူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ပေးကမ်းခြင်းဒါနဖြင့်ပြီးသော 'ဒါနမယ' ပညာဟု ဆိုအပ်၏။

ထိုတွင်အဘယ်သည် အကျင့် သီလဖြင့်ပြီးသော 'သီလမယ'ပညာ မည်သနည်း။

အကျင့်သီလကို အကြောင်းပြု၍ အကျင့်သီလသို့ ရောက်သူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို အကျင့်သီလဖြင့်ပြီးသော 'သီလမယ'ပညာဟု ဆိုအပ်၏။

သမာပတ်ဝင်စားသူ၏ အလုံးစုံသော ပညာသည် ပွါးများခြင်းဖြင့်ပြီးသော 'ဘာဝနာမယ'ပညာ မည်၏။

၇၇၀။ (၃) ထိုတွင် အဘယ်သည် လွန်ကဲသော သီလ၌ ဖြစ်သော ပညာ မည်သနည်း။

ပါတိမောက္ခသံဝရသီလကို စောင့်စည်းသူအား အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို လွန်ကဲသော သီလ၌ ဖြစ်သော ပညာဟု ဆိုအပ်၏။

ထိုတွင်အဘယ်သည် လွန်ကဲသော စိတ်၌ ဖြစ်သော ပညာ မည်သနည်း။

ရူပါဝစရ အရူပါဝစရသမာပတ်ကို ဝင်စားသူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို လွန်ကဲသော စိတ်၌ ဖြစ်သော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် လွန်ကဲသောပညာ၌ ဖြစ်သော ပညာ မည်သနည်း။

မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သောပညာသည် ရှိ၏။ ဤသဘောကို လွန်ကဲသော ပညာ၌ ဖြစ်သောပညာဟု ဆိုအပ်၏။

၇၇၁။ (၄) ထိုတွင် အဘယ်သည် ကြီးပွါးရေး၌ လိမ္မာသော ပညာ မည်သနည်း။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုလည်း ပယ်အပ်ကုန်၏၊ ဤတရားတို့ကို နှလုံးသွင်းသူအားကား မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း လွန်စွာဖြစ်ရန် ပြန့်ပြောရန် ပွါးများရန် ပြည့်စုံရန် ဖြစ်ကုန်၏ဟု အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို ကြီးပွါးရေး၌ လိမ္မာသောပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆုတ်ယုတ်ရေး၌ လိမ္မာသောပညာ မည်သနည်း။

ဤတရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း ချုပ်ကုန်၏၊ ဤတရားတို့ကို နှလုံးသွင်းသူအားကား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်လည်းလွန်စွာဖြစ်ရန် ပြန့်ပြောရန် ဖြစ်ကုန်၏ဟု အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆုတ်ယုတ်ရေး၌ လိမ္မာသော ပညာဟု ဆိုအပ်၏။

ထိုသိခြင်း၌ ဥပါယ် (အကြောင်း) ဖြစ်သော အလုံးစုံလည်းဖြစ်သော ပညာသည် ဥပါယ်၌ လိမ္မာသောပညာမည်၏။

၇၇၂။ (၅) ဘုံလေးပါးတို့၌ အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး (ဝိပါက်)၌ ဖြစ်သော ပညာသည် အချင်ချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ပညာမည်၏။ ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် အကျိုးကိုဖြစ်စေခြင်းသဘောရှိသော ပညာ မည်၏။ ဘုံသုံးပါးတို့၌ ကိရိယာအဗျာကတ၌

ဖြစ်သောပညာသည် အချင်ချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်သော ပညာမည်၏။

၇၇၃။ (၆) ဘုံသုံးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်သည်ဖြစ်၍ ဥပါဒါန်၏အာရုံလည်းဖြစ်သော ပညာမည်၏။ ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သောပညာ, ဘုံသုံးပါးတို့၌ ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည်တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာဖြစ်သော ပညာမည်၏။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏အာရုံလည်း မဟုတ်သော ပညာမည်၏။

၇၇၄။ (၇) ဝိတက်နှင့်လည်း ယှဉ်, ဝိစာရနှင့်လည်းယှဉ်သော ပညာသည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ပညာ မည်၏။ ဝိတက်နှင့်မယှဉ်, ဝိစာရနှင့်သာယှဉ်သော ပညာသည် ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသော ပညာမည်၏။ ဝိတက် ဝိစာရနှင့် မယှဉ်သောပညာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ပညာ မည်၏။

၇၇၅။ (၈) ပီတိနှင့်ယှဉ်သော ပညာသည် ပီတိနှင့်တကွဖြစ်သော ပညာမည်၏။ သုခဝေဒနာနှင့်ယှဉ်သော ပညာသည် သုခဝေဒနာနှင့် တကွဖြစ်သော ပညာမည်၏၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ပညာသည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ပညာမည်၏။

၇၇၆။ (၉) ဘုံသုံးပါးတို့၌ ကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းဖြစ်သောပညာ မည်၏။ မဂ်လေးပါးတို့၌ ဖြစ်သောပညာသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ပညာမည်၏။ ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာနှင့် ဘုံသုံးပါးတို့၌ ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည်စုတိပဋ္ဌိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်သော ပညာမည်၏။

၇၇၇။ (၁၀) မဂ်လေးပါး ဖိုလ်သုံးပါးတို့၌ ဖြစ်သော ပညာသည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောပညာမည်၏။ အထက်ဆုံး အရဟတ္တဖိုလ်၌ ဖြစ်သော ပညာသည် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာမည်၏။ ဘုံသုံးပါးတို့၌ ကုသိုလ် ဝိပါက် ကိရိယာအဗျာကတတို့၌ ဖြစ်သော ပညာသည် သေက္ခပုဂ္ဂိုလ်တို့၏ဥစ္စာလည်း မဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်သော ပညာမည်၏။

၇၇၈။ (၁၁) ကာမာဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အာနုဘော်နည်းသော (ကာမ) ပညာ မည်၏။ ရူပါဝစရ အရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် မြတ်သည်၏ အဖြစ်သို့ ရောက်သော (မဟဂ္ဂုတ်) ပညာမည်၏။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် နှိုင်းယှဉ်တတ်သော ကိလေသာတို့၏ဆန့်ကျင်ဘက်ဖြစ်သော (လောကုတ္တရာ) ပညာမည်၏။

၇၇၉။ (၁၂) ထိုတွင် အဘယ်သည် ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာ မည်သနည်း။

ပရိတ္တ(ကာမ) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ပရိတ္တ(ကာမ) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၀။ ထိုတွင် အဘယ်သည် မဟဂ္ဂုတ်ကို အာရုံပြုသော ပညာ မည်သနည်း။

မဟဂ္ဂုတ်တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မဟဂ္ဂုတ်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၁။ ထိုတွင် အဘယ်သည် အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံပြုသောပညာ မည်သနည်း။

အပ္ပမာဏ (လောကုတ္တရာ) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုသောပညာဟု ဆိုအပ်၏။

၇၈၂။ (၁၃) ထိုတွင် အဘယ်သည် မဂ်ကို အာရုံပြုသော ပညာ မည်သနည်း။

အရိယမဂ်ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကိုမဂ်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် မဂ်ဟုဆိုအပ်သော အကြောင်းရှိသော ပညာမည်၏။

၇၈၃။ ထိုတွင် အဘယ်သည် မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိသော ပညာ မည်သနည်း။

အရိယမဂ်ကို အကြီးအမှူးပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိသော ပညာဟု ဆိုအပ်၏။

၇၈၄။ (၁၄) ဘုံလေးပါးတို့၌ ဝိပါက်၌ ဖြစ်သော ပညာသည် အချို့ ဖြစ်ဆဲဖြစ်၏၊ အချို့ ဖြစ်လတ္တံ့ဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲမဟုတ်ဟု မဆိုအပ်။ ဘုံလေးပါးတို့၌ ကုသိုလ်၌ ဖြစ်သောပညာ (နှင့်) ဘုံသုံးပါးတို့၌ ကိရိယာအဗျာကတ၌ ဖြစ်သော ပညာသည်အချို့ ဖြစ်ဆဲဖြစ်၏၊ အချို့ ဖြစ်ပြီး ဖြစ်ဆဲမဟုတ်၊ ဖြစ်လတ္တံ့ဟု မဆိုအပ်။

၇၈၅။ (၁၅) ပညာအလုံးစုံသည် အချို့ ဖြစ်ပြီး (အတိတ်) ဖြစ်၏၊ အချို့ မရောက်သေး (အနာဂတ်) ဖြစ်၏၊ အချို့ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်၏။

၇၈၆။ (၁၆) ထိုတွင် အဘယ်သည် ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာ မည်သနည်း။

ဖြစ်ပြီး (အတိတ်) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဖြစ်ပြီး (အတိတ်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၇။ ထိုတွင် အဘယ်သည် မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာ မည်သနည်း။

မရောက်သေး (အနာဂတ်) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ' သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ' တရားကိုစိစစ်မှု 'ဓမ္မဝိစယ' ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မရောက်သေး (အနာဂတ်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၈။ ထိုတွင် အဘယ်သည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာ မည်သနည်း။

ဖြစ်ဆဲ (ပစ္စုပ္ပန်) တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၈၉။ (၁၇) ပညာအလုံးစုံသည် အချို့ မိမိသန္တာန်၌ ဖြစ်၏၊ အချို့ သူတစ်ပါးသန္တာန်၌ ဖြစ်၏၊ အချို့မိမိသူတစ်ပါးသန္တာန်၌ ဖြစ်၏။

၇၉၀။ (၁၈–က) ထိုတွင် အဘယ်သည် မိမိသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

မိမိသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို မိမိသန္တာန်ကို အာရုံပြုသော ပညာဟု ဆိုအပ်၏။

၇၉၁။ (၁၈–ခ)ထိုတွင် အဘယ်သည် သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်း အရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို သူတစ်ပါးသန္တာန်ကို အာရုံပြုသောပညာဟု ဆိုအပ်၏။

၇၉၂။ (၁၈–ဂ)ထိုတွင် အဘယ်သည် မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသော ပညာ မည်သနည်း။

မိမိ သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို မိမိ သူတစ်ပါးသန္တာန်ကို အာရုံပြုသောပညာဟု ဆိုအပ်၏။

ဤသို့ သုံးမျိုးသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

သုံးခုသောဉာဏ်အရေအတွက် ပြီး၏။

၄–လေးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၇၉၃။ ထိုတွင် အဘယ်သည် ကံသာလျှင် မိမိဥစ္စာဖြစ်၏ဟု သိသော 'ကမ္မသကတာ' ဥာဏ် မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် ရှိ၏၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း (အကျိုး) သည် ရှိ၏၊ ယဇ်ငယ် (အလှူငယ်) ပူဇော်ရခြင်း (အကျိုး) သည် ရှိ၏၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်းအကျိုးဗျား သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တမလွန်လောကသည် ရှိ၏၊ အမိသည် ရှိ၏၊ အဖသည် ရှိ၏၊ သေ၍ တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောကၽွန် ရှိကုန်၏ဟု ဤသို့ သဘောရှိသော အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ကံသာလျှင် မိမိဥစ္စာဖြစ်၏ဟုသိသော 'ကမ္မသကတာ' ဥာဏ်ဟု ဆိုအပ်၏။

သစ္စာအားလျော်သောဉာဏ်ကို ထား၍ အာသဝ၏အာရုံဖြစ်သော ကုသိုလ်ပညာ အလုံးစုံသည်လည်း ကံသာလျှင် မိမိဥစ္စာဖြစ်၏ဟု သိသော 'ကမ္မသကတာ' ဥာဏ်မည်၏။ ထိုတွင် အဘယ်သည် သစ္စာအားလျော်စွာဖြစ်သောဉာဏ် မည်သနည်း။

ရုပ်သည်မမြဲဟူ၍လည်းကောင်း၊ ဝေဒနာသည်။ပ။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်မမြဲဟူ၍လည်းကောင်း၊ ဤသို့သဘောရှိသော သစ္စာအားလျော်သော အကြင် ခံနိုင်ခြင်း 'ခန္တီ'၊ ရှုမြင်မှု 'ဒိဋ္ဌိ'၊ နှစ်သက်မှု 'ရုစိ'၊ ဝမ်းမြောက်မှု 'မုဒိ'၊ ရှုကြည့်မှု 'ပေက္ခ' နှင့် သဘောတရားကို ကြံစည်နှစ်သက်မှု 'ဓမ္မနိဇ္ဈာနက္ခန္တိ'သည် ရှိ၏၊ ဤသဘောကို သစ္စာအားလျော်စွာဖြစ်သောဉာဏ်ဟု ဆိုအပ်၏။ မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် မဂ်နှင့်ပြည့်စုံသူအား ဖြစ်သောဉာဏ်မည်၏။ ဖိုလ်လေးပါးတို့၌ ဖြစ်သောပညာသည် ဖိုလ်နှင့် ပြည့်စုံသူအား ဖြစ်သောဉာဏ်မည်၏။ (၁)

၇၉၄။ ဤမဂ်နှင့်ပြည့်စုံသူ၏ အသိဉာဏ်သည် ဆင်းရဲမှု၌ သိသောဉာဏ်၊ ဆင်းရဲမှု ဖြစ်ကြောင်း၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာ၌ သိသောဉာဏ်၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ် မည်၏။ ထိုတွင် အဘယ်သည် ဆင်းရဲမှု၌ သိသောဉာဏ် မည်သနည်း။

ဆင်းရဲမှုကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု၌ သိသောဉာဏ်ဟု ဆိုအပ်၏။

ဆင်းရဲမှု ဖြစ်ကြောင်းကို အကြောင်းပြု၍။ပ။ ဆင်းရဲမှု ချုပ်ရာကို အကြောင်းပြု၍။ပ။ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အကြောင်းပြု၍ အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကိုစိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်ဟုဆိုအပ်၏။ (၂)

၇၉၅။ ကာမာဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ကာမဘုံ၌ ဖြစ်သော ပညာမည်၏။ ရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် ရူပဘုံ၌ ဖြစ်သော ပညာမည်၏။ အရူပါဝစရကုသိုလ်, အဗျာကတ၌ ဖြစ်သော ပညာသည် အရူပဘုံ၌ ဖြစ်သော ပညာမည်၏။ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် ဘုံသုံးပါး၌ အကျုံးမဝင်သော ပညာမည်၏။ (၃)

၇၉၆။ ထိုတွင် အဘယ်သည် တရား၌ သိသောဉာဏ် မည်သနည်း။

မဂ်လေးပါး ဖိုလ်လေးပါးတို့၌ ဖြစ်သော ပညာသည် တရား၌ သိသောဉာဏ်မည်၏။ ထိုသူသည် ဤ (မဂ်ဉာဏ် ဖိုလ်ဉာဏ်) တရားဖြင့် သိသောအားဖြင့် မြင်သောအားဖြင့် ရောက်သောအားဖြင့် ထိုးထွင်းသိသောအားဖြင့် သက်ဝင်သောအားဖြင့် အတိတ် အနာဂတ်ကာလ၌ နည်းကိုဆောင်၏၊ အချို့သော သမဏဗြာဟ္မဏတို့သည် အတိတ်ကာလ၌ ဖြစ်သော ဆင်းရဲမှုကို သိကုန်၏၊ ဆင်းရဲမှု ဖြစ်ကြောင်းကို သိကုန်၏၊ ဆင်းရဲမှု ချုပ်ရာကို သိကုန်၏၊ ဆင်းရဲမှု ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ ထို (သမဏဗြာဟ္မဏ) တို့သည် ဤဆင်းရဲမှုကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ဖြစ်ကြောင်းကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ချုပ်ရာကိုသာ သိကုန်၏၊ ဤဆင်းရဲမှု ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကိုသာ သိကုန်၏။ အချို့ သမဏဗြာဟ္မဏတို့သည်ကား အနာဂတ်ကာလ၌ ဖြစ်သော ဆင်းရဲမှုကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ဖြစ်ကြောင်းကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ချုပ်ရာကို သိကုန်လတ္တံ့၊ ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို သိကုန်လတ္တံ့။ ထို (သမဏဗြာဟ္မဏ) တို့သည်လည်း ဤဆင်းရဲမှုကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ဖြစ်ကြောင်းကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ချုပ်ရာကိုသာ သိကုန်လတ္တံ့၊ ဤဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုသာ သိကုန်လတ္တံ့. ဟု အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို အလျော်၌ သိသောဉာဏ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ပိုင်းခြားခြင်း၌ သိသောဉာဏ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် တစ်ပါးသောသတ္တဝါ တစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့်ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်းရှိသော စိတ်ကိုလည်း 'တပ်မက်ခြင်းရှိသောစိတ်'ဟု သိ၏၊ တပ်မက်ခြင်း ကင်းသော စိတ်ကိုလည်း 'တပ်မက်ခြင်းကင်းသောစိတ်'ဟု သိ၏၊ အမျက်ထွက်ခြင်းရှိသော စိတ်ကိုလည်း 'အမျက်ထွက်ခြင်းရှိသောစိတ်'ဟု သိ၏၊ အမျက်ထွက်ခြင်းကင်းသော စိတ်ကိုလည်း 'အမျက် ထွက်ခြင်း ကင်းသောစိတ်'ဟု သိ၏၊ တွေဝေခြင်းရှိသောစိတ်ကိုလည်း 'တွေဝေခြင်းရှိသောစိတ်' ဟု သိ၏၊ တွေဝေခြင်း ကင်းသောစိတ်ကိုလည်း 'တွေဝေခြင်းကင်းသောစိတ်'ဟုသိ၏၊ ပျံ့လွင့်သောစိတ်ကိုလည်း 'ပျံ့လွင့်သောစိတ်' ဟု သိ၏၊ ပျံ့လွင့်ခြင်းကင်းသောစိတ်ကိုလည်း 'ပျံ့လွင့်ခြင်းကင်းသောစိတ်'ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ရောက်သော စိတ်ကိုလည်း 'မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ်'ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သောစိတ်ကိုလည်း 'မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်'ဟုသိ၏၊ မိမိထက် လွန်မြတ်သော တရားရှိသော စိတ်ကိုလည်း 'မိမိထက် လွန်မြတ်သောတရား ရှိသောစိတ်'ဟု သိ၏၊ မိမိထက်လွန်မြတ်သော တရားမရှိသောစိတ်ကိုလည်း မိမိထက်လွန်မြတ်သော တရားမရှိသော စိတ်'ဟု သိ၏၊ တည်ကြည်သော စိတ်ကိုလည်း 'တည်ကြည်သောစိတ်'ဟု သိ၏၊

မတည်ကြည်သောစိတ်ကိုလည်း 'မတည်ကြည်သောစိတ်'ဟု သိ၏။ ကိလေသာမှလွတ်သောစိတ်ကိုလည်း 'ကိလေသာမှ လွတ်သောစိတ်'ဟု သိ၏။ ကိလေသာမှ မလွတ်သောစိတ်ကိုလည်း 'ကိလေသာမှမလွတ်သောစိတ်'ဟု သိ၏။ ထိုသို့ သိရာ၌ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ တရားကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို ပိုင်းခြားခြင်း၌ သိသောဉာဏ်ဟု ဆိုအပ်၏။ တရား၌ ဖြစ်သောဉာဏ် အလျော်၌ ဖြစ်သောဉာဏ် ပိုင်းခြားခြင်း၌ ဖြစ်သောဉာဏ်ကို ထား၍ ကြွင်းသောဉာဏ်ပညာသည် သမုတ်ခြင်း၌ သိသောဉာဏ်တည်း။ (၄)

၇၉၇။ ထိုတွင် အဘယ်ပညာသည် စုတိပဋ္ဌိသန္ဓေအလို့ငှါသာ ဖြစ်၍ နိဗ္ဗာန်အလို့ငှါသာ မဖြစ်သော ပညာ မည်သနည်း။

ကာမာဝစရကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋ္ဌိသန္ဓေအလို့ငှါသာ ဖြစ်၍ နိဗ္ဗာန်အလို့ငှါ မဖြစ်။ မဂ်လေးပါးတို့၌ ဖြစ်သော ပညာသည် နိဗ္ဗာန်အလို့ငှါသာ ဖြစ်၍ စုတိပဋ္ဌိသန္ဓေအလို့ငှါ မဖြစ်။ ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်၌ ဖြစ်သော ပညာသည် စုတိပဋ္ဌိသန္ဓေအလို့ငှါလည်းဖြစ်, နိဗ္ဗာန်အလို့ငှါလည်းဖြစ်၏။ ကြွင်းသောပညာသည် စုတိပဋ္ဌိသန္ဓေအလို့ငှါလည်း မဖြစ်, နိဗ္ဗာန်အလို့ငှါလည်း မဖြစ်။ (၅)

၇၉၈။ ထိုတွင် အဘယ်ပညာသည် ဦးဌေ့ရန်သာဖြစ်၍ ထိုးထွင်း၍သိခြင်းငှါ မဖြစ်သနည်း။

အကြင်ပညာဖြင့် ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်း၏၊ အဘိညာဉ်တို့ကိုလည်း မသိ၊ သစ္စာတို့ကိုလည်း မသိ၊ ဤပညာကို ဦးဌေ့ရန်သာဖြစ်၍ ထိုထွင်း၍သိခြင်းငှါ မဖြစ်ဟု ဆိုအပ်၏။ ထိုသူသည်ပင်ပညာဖြင့် ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသည်ဖြစ်၍ အဘိညာဉ်တို့ကို သိ၏၊ သစ္စာတို့ကိုကား မသိ၊ ဤပညာကို ထိုးထွင်း၍သိရန်သာဖြစ်၍ ဦးဌေ့ခြင်းငှါ မဖြစ်ဟု ဆိုအပ်၏၊ မဂ်လေးပါးတို့၌ ဖြစ်သောပညာသည် ဦးဌေ့ခြင်းငှါလည်း ဖြစ်၏၊ ထိုးထွင်း၍သိခြင်းငှါလည်း ဖြစ်၏၊ ကြွင်းသောပညာသည်ဦးဌေ့ခြင်းငှါလည်း မဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါလည်း မဖြစ်။ (၆)

၇၉၉။ ထိုတွင် အဘယ်ပညာသည် ဆုတ်ယုတ်သော အဖို့ရှိသောပညာ မည်သနည်း။

ပဌမဈာန်ကို ရသူမှာ လိုချင်မှု 'ကာမ'နှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသောပညာ မည်၏။ ထိုဈာန်အားလျော်သော သဘောရှိသော အောက်မေ့မှု သတိသည် တည်တံ့၏။ (ထိုသူ၏ပညာသည်) တည်တံ့သောအဖို့ရှိသော ပညာမည်၏။ ကြံစည်မှု 'ဝိတက်'ကင်းသော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ ပညာသည်) ထူးသော အဖို့ရှိသောပညာ မည်၏။ ဦးဌေ့ခြင်းနှင့်တကွဖြစ်သော အရိယမဂ်နှင့်စပ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်းအဖို့ရှိသော ပညာ မည်၏။ ဒုတိယဈာန်ရသူမှာ ဝိတက်နှင့် တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည်ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သော အဖို့ရှိသော ပညာမည်၏၊ ထိုဒုတိယဈာန်အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်၏၊ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' နှင့် တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ထူးသောအဖို့ရှိသောပညာ မည်၏၊ ဦးဌေ့ခြင်းနှင့် တကွဖြစ်သော

အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာ မည်၏။ တတိယစျာန်ရသူမှာ ပီတိ, သုခနှင့် တကွဖြစ်ပြီးသော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သောအဖို့ရှိသော ပညာ မည်၏။ ထိုတတိယ စျာန်အားလျော်သောသဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏။ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏။ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောအမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ထူးသောအဖို့ရှိသောပညာ မည်၏။ ငြီးငွေ့ခြင်း နှင့်တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသောပညာမည်၏။ စတုတ္ထစျာန်ရသူမှာ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သောအဖို့ရှိသော ပညာမည်၏။ ထိုစတုတ္ထစျာန်အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏။ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏။ အာကာသာနဉ္စာယတနစျာန်နှင့် တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ထူးသော အဖို့ရှိသောပညာ မည်၏။ ငြီးငွေ့ခြင်းနှင့် တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာမည်၏။ အာကာသာနဉ္စာယတနစျာန်ရသူမှာ ရုပ်နှင့် တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သောအဖို့ရှိသော ပညာမည်၏။ ထိုစျာန်အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏။ (ထိုသူ၏ပညာသည်) တည်တံ့သောအဖို့ရှိသော ပညာမည်၏။ ဝိညာဏဉ္စာယတနစျာန်နှင့် တကွဖြစ်သော အမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ထူးသောအဖို့ရှိသော ပညာမည်၏။ ငြီးငွေ့ခြင်းနှင့် တကွဖြစ်သော အရိယမဂ်နှင့် စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည်ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်း အဖို့ရှိသော ပညာ မည်၏။ ဝိညာဏဉ္စာယတနစျာန်ရသူမှာ အာကာသာနဉ္စာယတနစျာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သောအဖို့ရှိသော ပညာမည်၏။ ထိုဝိညာဏဉ္စာယတနစျာန်အားလျော်သော အဖို့ရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏။ (ထိုသူ၏ပညာသည်) တည်တံ့သော အဖို့ရှိသော ပညာမည်၏။ အာကိဉ္စညာယတနစျာန်နှင့်တကွဖြစ်သောအမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ထူးသော အဖို့ရှိသော ပညာမည်၏။ ငြီးငွေ့ခြင်းနှင့် တကွဖြစ်သော အရိယမဂ်နှင့်စပ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်းအဖို့ရှိသော ပညာ မည်၏။ အာကိဉ္စညာယတနစျာန်ရသူမှာ ဝိညာဏဉ္စာယတနစျာန်နှင့် တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏။ (ထိုသူ၏ပညာသည်) ဆုတ်ယုတ်သောအဖို့ရှိသော ပညာမည်၏။ ထိုအာကိဉ္စညာယတနစျာန်အားလျော်သော သဘောရှိသော အောက်မေ့မှု 'သတိ' သည် တည်တံ့၏။ (ထိုသူ၏ ပညာသည်) တည်တံ့သောအဖို့ရှိသော ပညာ မည်၏။

နေဝသညာနာသညာယတနစျာန်နှင့်တကွဖြစ်သော အမှတ် 'သညာ' နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ထူးသောအဖို့ ရှိသော ပညာမည်၏၊ ငြီးငွေ့ခြင်းနှင့် တကွဖြစ်သော အရိယမဂ်နှင့်စပ်သောအမှတ် 'သညာ', နှလုံးသွင်းမှု 'မနသိကာရ' တို့သည် ဖြစ်ကုန်၏၊ (ထိုသူ၏ပညာသည်) ဖောက်ခွဲခြင်းအဖို့ရှိသောပညာမည်၏။ (၇)

၈၀၀။ ထိုတွင် ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်လေးပါးတို့ဟူသည် အဘယ်တို့နည်း။ အကျိုးခ္ခ ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်၊ အကြောင်းခ္ခ ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်၊ သဒ္ဒါခ္ခ ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်၊ အကျိုး အကြောင်း သဒ္ဒါတို့ခ္ခ အကျယ်ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့ သည်ရှိကုန်၏။ အကျိုးခ္ခ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ အကြောင်းခ္ခ ခွဲခြမ်း စိတ်ဖြာ၍သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ ထိုအကျိုး အကြောင်းတို့ခ္ခ မာဂဝေဘာသာဖြင့် ပြောဆိုသောအသံ 'သဒ္ဒါ'ခ္ခ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏၊ အကျိုး အကြောင်းသဒ္ဒါတို့ကို သိသောဉာဏ်တို့ခ္ခ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။ ဤသည်ကိုကား ခွဲခြမ်းစိတ်ဖြာ၍သိသောဉာဏ်လေးပါးတို့တည်း။ (၈)

၈၀၁။ ထိုတွင် အဘယ်တို့သည် အကျင့်လေးပါးခ္ခ သိသောဉာဏ်တို့ မည်ကုန်သနည်း။

ဆင်းရဲငြိုငြင်သောအကျင့် နုံ့နှေးသောအသိဉာဏ်ရှိသော ပညာ၊ ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ၊ ချမ်းသာသောအကျင့် နုံ့နှေးသောအသိဉာဏ်ရှိသော ပညာ၊ ချမ်းသာသောအကျင့် လျင်မြန်သောအသိဉာဏ်ရှိသော ပညာတို့သည် ရှိကုန်၏။ ထိုတွင် အဘယ်သည် ဆင်းရဲငြိုငြင်သောအကျင့် နုံ့နှေးသောအသိဉာဏ်ရှိသော ပညာ မည်သနည်း။

ငြိုငြင်ပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေရ၍ နုံ့နှေးစွာ (လောကုတ္တရာစျာန်ကို) သိသောသူအား အကြင်သိခြင်း 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကိုဆင်းရဲငြိုငြင်သောအကျင့် နုံ့နှေးသော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဆင်းရဲငြိုငြင်သောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ မည်သနည်း။

ငြိုငြင်ပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေရ၍ လျင်မြန်စွာ (လောကုတ္တရာစျာန်ကို) သိသောသူအား အကြင်သိခြင်း 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကိုဆင်းရဲငြိုငြင်သော အကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာသောအကျင့် နုံ့နှေးသော အသိဉာဏ်ရှိသော ပညာ မည်သနည်း။

မငြိုငြင်မပင်ပန်းသဖြင့် တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေရ၍ နုံ့နှေးစွာ (လောကုတ္တရာ) စျာန်ကိုသိသောသူအား အကြင်သိခြင်း 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကိုချမ်းသာသော အကျင့် နုံ့နှေးသော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာ မည်သနည်း။

မင်ြုင်ြင်မပင်ပန်းသဖြင့် တည်ကြည်မှု "သမာဓိ"ကို ဖြစ်စေ၍ လျင်မြန်စွာ (လောကုတ္တရာ) ဈာန်ကိုသိသော သူအား အကြင်သိခြင်း 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကိုချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ရှိသော ပညာဟု ဆိုအပ်၏။

ဤသည်တို့ကား အကျင့်လေးပါးတို့၌ သိသောဉာဏ် မည်ကုန်၏။ (၉)

၈၀၂။ ထိုတွင် အဘယ်တို့သည် အာရုံလေးပါးတို့၌ သိသောဉာဏ် မည်ကုန်သနည်း။

အာနုဘော်နည်းသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာ၊ အာနုဘော်နည်းသော အတိုင်းမရှိပျံ့နှံ့သော အာရုံရှိသော ပညာ၊ အတိုင်းမရှိသော အာနုဘော်ရှိသော အနည်းငယ်မျှ ပျံ့နှံ့ သောအာရုံရှိသော ပညာ၊ အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသောပညာတို့တည်း။

ထိုတွင် အဘယ်သည် အာနုဘော်နည်းသော အနည်းငယ်မျှ ပျံ့နှံ့သော အာရုံရှိသော ပညာ မည်သနည်း။

လေ့လာ၍မရဖူးသော သမာဓိဈာန်၏အာရုံကို အနည်းငယ်ဖြန့်သူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ "ပဇာနနာ"။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အာနုဘော်နည်းသော အနည်းငယ်မျှ ပျံ့နှံ့သောအာရုံရှိသောပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အာနုဘော်နည်းသော အတိုင်းမရှိ ပျံ့နှံ့သော အာရုံရှိသော ပညာ မည်သနည်း။

လေ့လာ၍မရဖူးသော သမာဓိဈာန်၏အာရုံကို များများဖြန့်သူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို အာနုဘော်နည်းသော အတိုင်းမရှိပျံ့နှံ့သော အာရုံရှိသောပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတိုင်းမရှိသော အာနုဘော်ရှိသော အနည်းငယ်မျှပျံ့နှံ့သော အာရုံရှိသောပညာ မည်သနည်း။

လေ့လာ၍ရဖူးသော သမာဓိဈာန်၏အာရုံကို အနည်းငယ်ဖြန့်သူအား အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကို အတိုင်းမရှိသော အာနုဘော်ရှိသော အနည်းငယ်မျှပျံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိပျံ့နှံ့သော အာရုံရှိသောပညာ မည်သနည်း။

လေ့လာ၍ရဖူးသော သမာဓိဗျာန်၏အာရုံကို များများဖြန့်သူအား အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကို အတိုင်းမရှိသော အာနုဘော်ရှိသော အတိုင်းမရှိပုံ့နှံ့သော အာရုံရှိသော ပညာဟု ဆိုအပ်၏။

ဤသည်တို့ကား အာရုံလေးပါးတို့၌ သိသောဉာဏ်တို့တည်း။ (၁၀)

မဂ်နှင့်ပြည့်စုံသူ၏ အသိဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် အိုခြင်း သေခြင်း၌ သိသောဉာဏ်၊ အိုခြင်း သေခြင်းဖြစ်ကြောင်း၌ သိသောဉာဏ်၊ အိုခြင်း သေခြင်းချုပ်ရာ၌ သိသောဉာဏ်၊ အိုခြင်း သေခြင်း ချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်တည်း။

ထိုတွင် အဘယ်သည် အိုခြင်း သေခြင်း၌ သိသောဉာဏ် မည်သနည်း။

အိုခြင်း သေခြင်းကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည်ဖြစ်၏။ ဤသဘောကို အိုခြင်း သေခြင်း၌ သိသောဉာဏ်ဟု ဆိုအပ်၏။ အိုမှု သေမှု ဖြစ်ကြောင်းကိုအကြောင်းပြု၍။ပ။ အိုမှု သေမှု ချုပ်ရာကို အကြောင်းပြု၍။ပ။ အိုမှု သေမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘော တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကို အိုခြင်း သေခြင်းချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်ဟု ဆိုအပ်၏။ (၁၁)

စ၀၃။ မဂ်နှင့်ပြည့်စုံသူ၏ အသိဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် ပဋ္ဌိသန္ဓေနေမှု 'ဇာတိ'၌ သိသောဉာဏ်။ပ။ ဖြစ်ကြောင်းကံ 'ဘဝ'၌ သိသောဉာဏ်။ပ။ စွဲလမ်းမှု 'ဥပါဒါန်'၌ သိသောဉာဏ်။ပ။ တပ်မက်မှု 'တဏှာ'၌ သိသောဉာဏ်။ပ။ ခံစားမှု 'ဝေဒနာ'၌ သိသောဉာဏ်။ပ။ တွေ့ထိမှု 'ဖဿ'၌ သိသောဉာဏ်။ပ။ အာယတနခြောက်ပါး၌ သိသောဉာဏ်။ပ။ နာမ်ရုပ်၌ သိသောဉာဏ်။ပ။ ဝိညာဏ်၌ သိသောဉာဏ်။ပ။ သင်္ခါရတို့၌ သိသောဉာဏ်၊ သင်္ခါရဖြစ်ကြောင်း၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာ၌ သိသောဉာဏ်၊ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်တည်း။ (၁၂–၂၁)

ထိုတွင် အဘယ်သည် သင်္ခါရတို့၌ သိသောဉာဏ် မည်သနည်း။

သင်္ခါရတို့ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ဖြစ်၏။ ဤသဘောကို သင်္ခါရတို့၌ သိသောဉာဏ်ဟု ဆိုအပ်၏။ သင်္ခါရဖြစ်ကြောင်းကို အကြောင်းပြု၍။ပ။ သင်္ခါရချုပ်ရာကို အကြောင်းပြု၍။ပ။ သင်္ခါရချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို အကြောင်းပြု၍ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ဖြစ်၏။ ဤသဘောကို သင်္ခါရချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်ဟု ဆိုအပ်၏။ ဤသို့ လေးမျိုးသော အဖို့အစုအားဖြင့် ဉာဏ်၏တည်ရာတို့သည် ဖြစ်ကုန်၏။

လေးခုသောဉာဏ်အရေအတွက် ပြီး၏။

၅–ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၄။ ထိုတွင် အဘယ်သည် အင်္ဂါငါးပါးရှိသော ကောင်းသောတည်ကြည်မှု မည်သနည်း။

နှစ်သက်မှု၌ ပျံ့နှံ့ခြင်း၊ ချမ်းသာမှု၌ ပျံ့နှံ့ခြင်း၊ စိတ်၌ ပျံ့နှံ့ခြင်း၊ အလင်း၌ ပျံ့နှံ့ခြင်း၊ အကြောင်းကို ဆင်ခြင်ခြင်းတည်း။

ဈာန်နှစ်ပါးတို့၌ ဖြစ်သော ပညာသည် နှစ်သက်မှု၌ ပျံ့နှံ့သော ပညာမည်၏၊ ဈာန်သုံးပါးတို့၌ ဖြစ်သောပညာသည် ချမ်းသာမှု၌ ပျံ့နှံ့သော ပညာမည်၏၊ သူတစ်ပါးစိတ်ကို သိသောဉာဏ်သည် စိတ်၌ ပျံ့နှံ့သော ပညာမည်၏၊ နတ်မျက်စိ 'ဒိဗ္ဗစက္ခု' သည် အလင်း၌ ပျံ့နှံ့သော ပညာမည်၏၊ ထိုထိုသမာဓိဈာန်မှ ထသူ၏ ဆင်ခြင်သောဉာဏ်သည် အကြောင်းကို ဆင်ခြင်သောပညာမည်၏။ ဤသဘောကို အင်္ဂါငါးပါးရှိသော ကောင်းသော တည်ကြည်မှု ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဉာဏ်ငါးပါးရှိသော ကောင်းသောတည်ကြည်မှု မည်သနည်း။

ဤတည်ကြည်မှုသည် ပစ္စုပ္ပန်ချမ်းသာလည်း ဖြစ်၏၊ နောင်အခါ၌ လည်း ချမ်းသာသော အကျိုး ရှိသည်ဖြစ်၏ဟု မျက်မှောက်၌ သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုသည် မြတ်၏၊ အမှား သုံးသပ်မှု မှကင်း၏ဟု မျက်မှောက်၌ သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုကား ယောဂျားမြတ် တို့မှီဝဲအပ်၏ဟု မျက်မှောက်၌ သာ အသိဉာဏ်သည် ဖြစ်၏။ ဤတည်ကြည်မှုကား ငြိမ်သက်၏၊ မြတ်၏၊ ငြိမ်းချမ်းမှုကို ရအပ်၏၊ မြတ်သောတည်ကြည်ခြင်းကို ပွါးများ၍ ရအပ်၏၊ တိုက်တွန်းခြင်းဖြင့် နှိပ်ကွပ်တားမြစ်၍ ရောက်အပ်သည် မဟုတ်ဟု မျက်မှောက်၌ သာ အသိဉာဏ်သည် ဖြစ်၏။ စင်စစ် ထိုသူသည်ဤတည်ကြည်မှုကို "ငါသည် သတိရှိလျက် ဝင်စား၏၊ သတိရှိလျက် ထ၏" ဟု မျက်မှောက်၌ သာအသိဉာဏ်သည် ဖြစ်၏။ ဤသဘောကို ဉာဏ်ငါးပါးရှိသော ကောင်းသော တည်ကြည်မှု ဟု ဆိုအပ်၏။

ဤသို့ ငါးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

ငါးခုသောဉာဏ်အရေအတွက် ပြီး၏။

၆–ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၈၀၅။ ထိုတွင် အဘယ်သည် အဘိညာဉ်ခြောက်ပါးတို့၌ ဖြစ်သော ပညာ မည်သနည်း။

တန်ခိုးဖန်ဆင်းခြင်း၌ ဖြစ်သောအသိဉာဏ်၊ သောတဓာတ်စင်ကြယ်ခြင်း၌ ဖြစ်သော အသိဉာဏ်၊ သူတစ်ပါးစိတ်ကိုသိသော အသိဉာဏ်၊ ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း၌ ဖြစ်သောအသိဉာဏ်၊ သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ ဖြစ်သော အသိဉာဏ်၊ အာသဝတို့၏ ကုန်ရာ၌ ဖြစ်သောအသိဉာဏ်တို့တည်း။

ဤသို့ ခြောက်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏တည်ရာသည် ဖြစ်၏။

ခြောက်ခုသောဉာဏ်အရေအတွက် ပြီး၏။

၇–ခုနစ်ခုသော အဖို့အစုရှိအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၆။ ထိုတွင် အဘယ်တို့သည် ခုနစ်ဆယ့်ခုနစ်ပါးသောဉာဏ်တည်းဟူသော တည်ရာတို့ မည်ကုန်သနည်း။

(၁) ပဋ္ဌိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု 'ဇရာမရဏ' ဖြစ်၏ဟု သိသောဉာဏ်၊ ပဋ္ဌိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာ မရဏ' မရှိဟု သိသောဉာဏ်၊ အတိတ်ကာလ၌ လည်းပဋ္ဌိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု "ဇရာ မရဏ"ဖြစ်၏ဟု သိသောဉာဏ်၊ ပဋ္ဌိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာမရဏ' မရှိဟု သိသောဉာဏ်၊ အနာဂတ်ကာလ၌ လည်းပဋ္ဌိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု သေမှု 'ဇရာမရဏ' ဖြစ်၏ဟု သိသောဉာဏ်၊ ပဋ္ဌိသန္ဓေနေမှု 'ဇာတိ' မရှိလျှင် အိုမှု သေမှု 'ဇရာ မရဏ' မရှိဟု သိသောဉာဏ်၊ ထိုပုဂ္ဂိုလ်၏ ထိုတရားခြောက်ပါး၌ တည်သော (ဓမ္မဋ္ဌိတိ) ဉာဏ်သည်လည်း "ကုန်ခြင်းသဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ တပ်မက်ခြင်းမှ ကင်းခြင်းသဘော ရှိ၏၊ ချုပ်ခြင်းသဘော ရှိ၏"ဟု သိသောဉာဏ်။

(၂) ဘဝအကြောင်းခံကြောင့် ပဋ္ဌိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၃) စွဲလမ်းမှု 'ဥပါဒါန်' အကြောင်းခံကြောင့် ဘဝထင်ရှားဖြစ်၏ဟု သိသောဉာဏ်။ပ။

(၄) တပ်မက်မှု 'တဏှာ' အကြောင်းခံကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၅) ခံစားမှု 'ဝေဒနာ'အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၆) တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၇) အာယတနခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၈) နာမ်ရုပ်အကြောင်းခံကြောင့် အာယတနခြောက်ပါး ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၉) ဝိညာဏ်အကြောင်းခံကြောင့် နာမ် ရုပ်ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၁၀) သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟု သိသောဉာဏ်။ပ။

(၁၁) မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရဖြစ်၏ဟု သိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင်သင်္ခါရမရှိဟု သိသောဉာဏ်၊ အတိတ်ကာလ၌ လည်း မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရဖြစ်၏ဟုသိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင် သင်္ခါရမရှိဟု သိသောဉာဏ်၊ အနာဂတ်ကာလ၌ လည်း မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရဖြစ်၏ဟု သိသောဉာဏ်၊ မသိမှု 'အဝိဇ္ဇာ' မရှိလျှင် သင်္ခါရမရှိဟုသိသောဉာဏ်။ ထိုပုဂ္ဂိုလ်၏ ထိုတရား

ခြောက်ပါး၌ တည်သော (ဓမ္မဋ္ဌိတိ) ဉာဏ်သည်လည်း "ကုန်ခြင်း သဘော ရှိ၏၊ ပျက်ခြင်းသဘော ရှိ၏၊ တပ်မက်ခြင်းမှ ကင်းခြင်းသဘော ရှိ၏၊ ချုပ်ခြင်းသဘောရှိ၏"ဟု သိသောဉာဏ်၊ ဤသည်တို့ကား ခုနစ်ဆယ့်ခုနစ်ပါးသောဉာဏ်တည်းဟူသော တည်ရာတို့ မည်ကုန်၏။

ဤသို့ ခုနစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

ခုနစ်ခုသောဉာဏ်အရေအတွက် ပြီး၏။

၈–ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၇။ ထိုတွင် အဘယ်သည် မဂ်လေးပါးတို့၌လည်းကောင်း၊ ဖိုလ်လေးပါးတို့၌လည်းကောင်း ဖြစ်သောပညာ မည်သနည်း။

သောတာပတ္တိမဂ်၌ ဖြစ်သော ပညာ၊ သောတာပတ္တိဖိုလ်၌ ဖြစ်သော ပညာ၊ သကဒါဂါမိမဂ်၌ ဖြစ်သော ပညာ၊ သကဒါဂါမိဖိုလ်၌ ဖြစ်သော ပညာ၊ အနာဂါမိမဂ်၌ ဖြစ်သော ပညာ၊ အနာဂါမိဖိုလ်၌ ဖြစ်သော ပညာ၊ အရဟတ္တမဂ်၌ ဖြစ်သော ပညာ၊ အရဟတ္တဖိုလ်၌ ဖြစ်သော ပညာတို့တည်း။ ဤသည်ကား မဂ်လေးပါးတို့၌လည်းကောင်း ဖိုလ်လေးပါးတို့၌လည်းကောင်း ဖြစ်သောပညာမည်၏။ ဤသို့ ရှစ်ခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

ရှစ်ခုသောဉာဏ်အရေအတွက်ပြီး၏။

၉–ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်များကိုအကျယ်ပြဆိုခြင်း

၈၀၈။ ထိုတွင် အဘယ်သည် အစဉ်အတိုင်းဝင်စားအပ်သော သမာပတ်ကိုးပါးတို့၌ ဖြစ်သော ပညာ မည်သနည်း။

ပဌမဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ ဒုတိယဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ တတိယဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ စတုတ္ထဈာန်သမာပတ်၌ ဖြစ်သော ပညာ၊ အာကာသာနဉ္စာယတန သမာပတ်၌ ဖြစ်သော ပညာ၊ ဝိညာဏဉ္စာယတနသမာပတ်၌ ဖြစ်သော ပညာ၊ အာကိဉ္စညာယတနသမာပတ်၌ ဖြစ်သော ပညာ၊ နေဝသညာနာသညာယတန သမာပတ်၌ ဖြစ်သော ပညာ၊ သညာ ဝေဒနာချုပ်ခြင်းရှိသော နိရောဓသမာပတ်မှ ထသူ၏ ပစ္စဝေက္ခဏာဉာဏ်ပညာတို့တည်း။ ဤသည်ကား အစဉ်အတိုင်းဝင်စားအပ်သောသမာပတ်ကိုးပါးတို့၌ ဖြစ်သော ပညာမည်၏။ ဤသို့ ကိုးခုသော အဖို့အစုအားဖြင့် ဉာဏ်၏ တည်ရာသည် ဖြစ်၏။

ကိုးခုသောဉာဏ်အရေအတွက်ပြီး၏။

၁၀–ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်း

၈၀၉။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာသိသောဉာဏ် မည်သနည်း။

ဤသာသနာတော်၌ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သခ်ါရကိုမြဲသော 'နိစ္စ'အားဖြင့် ယူရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် တစ်စုံတစ်ခုသော သခ်ါရကို မြဲသော 'နိစ္စ'အားဖြင့် ယူရန် အကြောင်းကား စင်စစ် ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သခ်ါရကို ချမ်းသာ 'သုခ'အနေအားဖြင့် ယူရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ ပုထုဇဉ်သည် တစ်စုံတစ်ခုသော သခ်ါရကို ချမ်းသာ 'သုခ'အနေအားဖြင့် ယူရန် အကြောင်းကား စင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် တရားတစ်စုံတစ်ခုကို အသက်လိပ်ပြာ (အတ္တ) အားဖြင့် ယူရန်အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် တရားတစ်စုံတစ်ခုကို အသက်လိပ်ပြာ (အတ္တ) အားဖြင့် ယူရန်အကြောင်းကားစင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် အမိကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် အမိကို သတ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မဂ်အမြင်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် အဖကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ရဟန္တာကို သတ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ပြစ်မှားသောစိတ်ဖြင့် မြတ်စွာဘုရားကို သွေးထွက်သံယို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ သံဃာသင်းခွဲရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ တစ်ပါးသောဆရာကို ဆရာဟုညွှန်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်။ပ။ ရှစ်ခုမြောက်သော ဘဝကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ပုထုဇဉ်သည် ရှစ်ခုမြောက်သော ဘဝကိုဖြစ်စေရန် အကြောင်းကား စင်စစ်ရှိ၏။ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ်တစ်ခုတည်း၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားနှစ်ဆူတို့သည် မရှေးမနှောင်း (တစ်ပြိုင်တည်း) ပွင့်တော်မူကြရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ်တစ်ခုတည်း၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားတစ်ဆူသာ ပွင့်တော်မူရန်အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ လောကဓာတ်တစ်ခုတည်း၌ စကြဝဠာမင်း နှစ်ပါးတို့သည် မရှေးမနှောင်း (တစ်ပြိုင်တည်း) ဖြစ်ပေါ်နိုင်ကြရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော် မူ၏။ လောကဓာတ်တစ်ခုတည်း၌ စကြဝဠာမင်းတစ်ပါးတည်းသာ ဖြစ်ပေါ်နိုင်ရန် အကြောင်းကား စင်စစ်ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မိန်းမသည် ပူဇော်အထူးကို

ခံထိုက်သော ဘုရားဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ ယောကျ်ားသည် ပူဇော်အထူးကို ခံထိုက်သော ဘုရားဖြစ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင်သိတော်မူ၏။ မိန်းမသည် စကြဝဠေးမင်းဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ယောကျ်ားသည် စကြဝဠေးမင်းဖြစ်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ မိန်းမသည် သိကြားမင်းဖြစ်ရန် မာရ်နတ်မင်းဖြစ်ရန် ဗြဟ္မာမင်းဖြစ်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ ယောကျ်ားသည် သိကြားမင်းဖြစ်ရန် မာရ်နတ်မင်းဖြစ်ရန် ဗြဟ္မာမင်းဖြစ်ရန် အကြောင်းကား စင်စစ်ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ် သောအကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည်မရှိဟု ဘုရားသခင်သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်သည်။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုရှိအပ် နှစ်သက်အပ် နှလုံးကိုပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်သည်။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကို မပွါးစေတတ်သော အကျိုးကိုဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ် သောအကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင့်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည်။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည် အလိုမရှိအပ် မနှစ်သက်အပ် နှလုံးကိုမပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည်။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်သည်အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွါးစေတတ်သော အကျိုးကို ဖြစ်စေရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပ့်ကြောင့်ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အခါအခွင့် မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပ့်ကြောင့်ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ကပ်ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု

ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အခါအခွင့်မဟုတ်၊ ဤအကြောင်းသည်မရှိဟု ဘုရားသခင် သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့်ပြုအပ်သော မကောင်းမှု ဒုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ်ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင်သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့်ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အထောက်အပံ့မဟုတ်၊ ဤအကြောင်းသည် မရှိဟု ဘုရားသခင်သိတော်မူ၏။ ကိုယ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်း အထောက်အပံ့ကြောင့်ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရာ ငရဲသို့ ကပ်ရောက်ရန် အကြောင်းမဟုတ်၊ အထောက်အပံ့ မဟုတ်၊ ဤအကြောင်းသည်မရှိဟု ဘုရားသခင်သိတော်မူ၏။ နှုတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည်။ပ။ စိတ်ဖြင့်ပြုအပ်သော ကောင်းမှု သုစရိုက်နှင့် ပြည့်စုံသူသည် ထိုအကြောင်းအထောက်အပံ့ကြောင့် ကိုယ်ခန္ဓာပျက်ကြွေ သေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ကပ်ရောက်ရန် အကြောင်းကား စင်စစ် ရှိ၏၊ ဤအကြောင်းသည် ရှိ၏ဟု ဘုရားသခင် သိတော်မူ၏။ အမှတ်မရှိသော တရားတို့သည် အမှတ်မရှိသော တရားတို့၏ အကြောင်းအထောက်အပံ့တို့တည်း။

ထိုထို အကြောင်းကိုစွဲ၍ ဖြစ်ကုန်၏။ အမှတ်မရှိသော တရားတို့သည် အမှတ်မရှိသော တရားတို့၏အကြောင်းအထောက်အပံ့ မဟုတ်ကုန်၊ ထိုထို အကြောင်း မဟုတ်သည်ကိုစွဲ၍ ဖြစ်ကုန်သည် ဟု အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၁)

---

(၂) ဒုတိယဉာဏ်တော်အဖွင့်

၈၁၀။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သော ကံတို့၏ အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောကၦ် ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိ၏ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ယုတ်မာကုန်သောဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိ၏ပြည့်စုံခြင်းကတားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သောအချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလ၏ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည်ဖြစ်၍အကျိုး မပေးကုန်။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့ သည် ပယောဂ၏ပြည့်စုံခြင်းက တားမြစ်အပ်ကုန်သည် ဖြစ်၍ အကျိုးမပေးကုန် (ဟု ဘုရားသခင် သိတော်မူ၏)။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည်ဂတိချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သောအချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ယုတ်မာကုန်သော ဆောက်တည်အပ်ကုန်သောအချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂချို့တဲ့ခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏ (ဟု ဘုရားသခင်သိတော်မူ၏)။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည်ဂတိချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍အကျိုးမပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန်။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂချို့တဲ့မှုက တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုး မပေးကုန် (ဟု ဘုရားသခင် သိတော်မူ၏)။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည်ဂတိပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သောအချို့သော ကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ကာလပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏။ ကောင်းမြတ်ကုန်သော ဆောက်တည်အပ်ကုန်သော အချို့သောကံတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ပယောဂပြည့်စုံခြင်းကို အကြောင်းပြု၍ အကျိုးပေးကုန်၏ (ဟု ဘုရားသခင်သိတော်မူ၏)။

ဤသို့ ထိုကံအကျိုးတရားတို့၌ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဆောက်တည်အပ်သော ကံတို့၏အကျိုးကို အကြောင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်မည်၏။ (၂)

---

(၃) တတိယဉာဏ်တော်အဖွင့်

၈၁၁။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောကၨ ဤလမ်းစဉ် ဤအကျင့်သည် ငရဲသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် ပြိတ္တာဘုံသို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ် ဤအကျင့်သည် လူ့ပြည်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ်ဤအကျင့်သည် နတ်ပြည်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏။ ဤလမ်းစဉ်ဤအကျင့် သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတည်းဟု ဘုရားသခင် သိတော်မူ၏ ဟု ထိုလားရာဂတိအမျိုးမျိုးတို့၌ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည်မြတ်စွာဘုရား၏ လားရာ ဂတိအမျိုးမျိုးသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်မည်၏။ (၃)

---

(၄) စတုတ္ထဉာဏ်တော်အဖွင့်

၈၁၂။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ များသောဓာတ်, အထူးထူးသောဓာတ်ရှိသော လောကကိုဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောကၨ ဘုရားသခင်သည် ခန္ဓာအမျိုးမျိုးရှိခြင်းကို သိတော်မူ၏။ တည်ရာအာယတန အမျိုးမျိုးရှိခြင်းကို သိတော်မူ၏။ ဓာတ်အမျိုးမျိုးရှိခြင်းကို သိတော်မူ၏။ များသောဓာတ်, အထူးထူးသောဓာတ်ရှိသော လောကအမျိုးမျိုးရှိခြင်းကို သိတော်မူ၏ ဟု ထိုလောကကို သိရာ၌ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ များသောဓာတ်အထူးထူး သော ဓာတ်ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်မည်၏။ (၄)

---

(၅) ပဉ္စမဉာဏ်တော်အဖွင့်

၈၁၃။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ သတ္တဝါတို့ အမျိုးမျိုးသော နှလုံးသွင်းခြင်းကိုဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောကၨ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ မြတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့သည် ရှိကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏ ဟု ဘုရားသခင် သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော

သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ် ကပ်ရောက်ကုန်၏ ဟု ဘုရားသခင် သိတော်မူ၏။ အတိတ်ကာလ၌လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီဟု ဘုရားသခင် သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ ဟု ဘုရားသခင် သိတော်မူ၏။ အနာဂတ်ကာလ၌ လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့ ဟု ဘုရားသခင်သိတော်မူ၏။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ်ကပ် ရောက်ကုန်လတ္တံ့ ဟု ဘုရားသခင် သိတော်မူ၏ ဟု ထိုအရာ၌ အကြင်သိမှ 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောသည်မြတ်စွာ ဘုရား၏ သတ္တဝါတို့ အထူးထူး နှလုံးသွင်းရှိခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်မည်၏ (၅)

---

(၆) ဆဋ္ဌဉာဏ်တော်အဖွင့်

၈၁၄။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ တစ်ပါးသော သတ္တဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ ဘုရားသခင်သည် သတ္တဝါတို့၏ အလို 'အာသယ' ကို သိတော်မူ၏၊ အနုသယကိုသိတော်မူ၏၊ စရိုက်ကို သိတော်မူ၏၊ နှလုံးသွင်းကို သိတော်မူ၏၊ ပညာမျက်စိ၌ ကိလေသာမြူနည်းပါးသော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာမြူများပြားသော သတ္တဝါ၊ ဣန္ဒြေထက်သော သတ္တဝါ၊ ဣန္ဒြေနုံ့သော သတ္တဝါ၊ ကောင်းသောအခြင်းအရာရှိသော သတ္တဝါ၊ မကောင်းသောအခြင်းအရာရှိသောသတ္တဝါ၊ သိလွယ်သော သတ္တဝါ၊ သိခဲသော သတ္တဝါ၊ ကျွတ်ထိုက်သော သတ္တဝါ၊ မကျွတ်ထိုက်သောသတ္တဝါတို့ကို သိတော်မူ၏။

၈၁၅။ အဘယ်သည် သတ္တဝါတို့၏ အလို 'အာသယ' မည်သနည်း။

လောကသည် မြေ၏ဟူ၍လည်းကောင်း၊ လောကသည် မမြေဟူ၍လည်းကောင်း၊ လောကသည်အဆုံးရှိ၏ဟူ၍လည်းကောင်း၊ လောကသည် အဆုံးမရှိဟူ၍လည်းကောင်း၊ အသက်သည် ကိုယ်ပင်တည်းဟူ၍လည်းကောင်း၊ အသက်တခြား ကိုယ်တခြားဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်၏ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့ သတ္တဝါတို့သည် သဿတဒိဋ္ဌိကိုလည်းမှီကုန်၏၊ ဥစ္ဆေဒဒိဋ္ဌိကိုလည်း မှီကုန်၏၊ ဤနှစ်စုံစီသော အဖို့အစုတို့သို့လည်း မကပ်ရောက်မူ၍အကြောင်းအကျိုး တရားတို့၌ မဂ်နှင့်လျော်သော

နှစ်သက်တတ်သော ဝိပဿနာဉာဏ်ကို ရ၏။ ဟုတ်တိုင်းမှန်စွာ သိသော မဂ်ဉာဏ်ကို ရ၏။ ဤသဘောသည် သတ္တဝါတို့၏ အလို 'အာသယ'မည်၏။

၈၁၆။ အဘယ်သည် သတ္တဝါတို့၏ အနုသယ မည်သနည်း။

အနုသယတို့သည် ခုနစ်ပါးတို့တည်း။ ကာမဂုဏ်တို့၌ တပ်မက်မှု 'ကာမရာဂါနုသယ'၊ အမျက် ထွက်မှု 'ပဋိဃာနုသယ'၊ ထောင်လွှားမှု 'မာနာနုသယ'၊ အယူမှားမှု 'ဒိဋ္ဌာနုသယ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာနုသယ'၊ ဘဝ၌ တပ်မက်မှု 'ဘဝရာဂါနုသယ'၊ မသိမှု 'အဝိဇ္ဇာနုသယ' တို့တည်း။

လောက၌ ချစ်အပ်သောသဘော သာယာအပ်သော သဘောသည် ရှိ၏၊ ဤ၌ သတ္တဝါတို့၏ တပ်မက်မှု 'ရာဂါနုသယ' သည် ကိန်း၏။ လောက၌ မချစ်အပ်သောသဘော မသာယာအပ်သော သဘောသည် ရှိ၏။ ဤ၌ သတ္တဝါတို့၏ အမျက်ထွက်မှု 'ပဋိဃာနုသယ'သည် ကိန်း၏။ ဤသို့ ဤတရား နှစ်ပါးတို့၌ မသိမှု 'အဝိဇ္ဇာ'သည် ကျရောက်၏။ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုလည်း ထိုနှင့်အတူတည်းဟု မှတ်အပ်၏။ ဤသည်ကား သတ္တဝါတို့၏ အနုသယ မည်၏။

၈၁၇။ အဘယ်သည် သတ္တဝါတို့၏ စရိုက် မည်သနည်း။

နည်းသောအကျိုး, များသောအကျိုးရှိသော ကာမကုသိုလ်, ရူပကုသိုလ်စေတနာဟူသော ပုညာဘိသင်္ခါရ၊ အကုသိုလ်စေတနာဟူသော အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စေတနာဟူသော အာနေဉ္ဇာဘိသင်္ခါရဟူသော ဤအဘိသင်္ခါရသုံးပါးအပေါင်းသည် သတ္တဝါတို့၏ စရိုက်မည်၏။

၈၁၈။ အဘယ်သည် သတ္တဝါတို့၏ နှလုံးသွင်း မည်သနည်း။

ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ်ကပ်ရောက်ကုန်၏။ မြတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်၏၊ ဆည်းကပ်ကုန်၏၊ အထပ်ထပ်ကပ်ရောက်ကုန်၏။ အတိတ်ကာလ၌ လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ။ မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်ပြီ၊ ဆည်းကပ်ကုန်ပြီ၊ အထပ်ထပ် ကပ်ရောက်ကုန်ပြီ။ အနာဂတ်ကာလ၌ လည်း ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သော နှလုံးသွင်း ရှိသောသတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့။ မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲကုန်လတ္တံ့၊ ဆည်းကပ်ကုန်လတ္တံ့၊ အထပ်ထပ် ကပ်ရောက်ကုန်လတ္တံ့။ ဤသဘောသည် သတ္တဝါတို့၏ နှလုံးသွင်းမည်၏။

၈၁၉။ အဘယ်သူတို့သည် ပညာမျက်စိ၌ ကိလေသာမြူများပြားသော သတ္တဝါတို့ မည်ကုန်သနည်း။

ကိလေသာဝတ္ထုတို့သည် ဆယ်ပါးတို့တည်း။ တပ်မက်မှု 'လောဘ'၊ အမျက်ထွက်မှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ စိတ်မခံ့ကျန်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မရှက်မှု 'အဟိရိက'၊ မလန့်မှု 'အနောတ္တပ္ပ' တို့တည်း။

ဤကိလေသာဝတ္ထု ဆယ်ပါးတို့ကို မှီဝဲကုန်သော၊ ပွါးများကုန်သော၊ အကြိမ်များစွာ ပြုကုန်သော၊ ပြန့်ပြောခြင်းသို့ ရောက်ကုန်သော သတ္တဝါတို့သည် ပညာမျက်စိ၌ ကိလေသာမြူ များပြားသော သတ္တဝါတို့ မည်ကုန်၏။

၈၂၀။ အဘယ်သူတို့သည် ပညာမျက်စိ၌ ကိလေသာမြူနည်းပါးသော သတ္တဝါတို့ မည်ကုန်သနည်း။

ဤကိလေသာဝတ္ထု ဆယ်ပါးတို့ကို မမှီဝဲကုန်သော၊ မပွါးများကုန်သော၊ အကြိမ်များစွာ မပြု ကုန်သော၊ ပြန့်ပြောခြင်းသို့ မရောက်ကုန်သော သတ္တဝါတို့သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းပါး သောသတ္တဝါတို့ မည်ကုန်၏။

၈၂၁။ အဘယ်သူတို့သည် နုံ့သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

ဣန္ဒြေတို့သည် ငါးပါးတို့တည်း။ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အောက်မေ့မှု 'သတိန္ဒြေ'၊ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ' တို့တည်း။

ဤဣန္ဒြေငါးပါးတို့ကို မမှီဝဲကုန်သော၊ မပွါးများကုန်သော၊ အကြိမ်များစွာ မပြုကုန်သော၊ ပြန့်ပြောခြင်းသို့ မရောက်ကုန်သော သတ္တဝါတို့သည် နုံ့သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၂။ အဘယ်သူတို့သည် ထက်သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

ဤဣန္ဒြေငါးပါးတို့ကို မှီဝဲကုန်သော၊ ပွါးများကုန်သော၊ အကြိမ်များစွာ ပြုကုန်သော၊ ပြန့်ပြောခြင်းသို့ရောက်ကုန်သော သတ္တဝါတို့သည် ထက်သော ဣန္ဒြေရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၃။ အဘယ်သူတို့သည် မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

သတ္တဝါတို့သည် မကောင်းသောအလို 'အာသယ' ရှိကုန်၏၊ မကောင်းသော အနုသယ ရှိကုန်၏၊ မကောင်းသော စရိုက်ရှိကုန်၏၊ မကောင်းသောနှလုံးသွင်းရှိကုန်၏၊ ပညာမျက်စိ၌ ကိလေသာမြူ များပြားကုန်၏၊ နုံ့သော ဣန္ဒြေရှိကုန်၏၊ ဤသူတို့သည် မကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၄။ အဘယ်သူတို့သည် ကောင်းသောအခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်သနည်း။

သတ္တဝါတို့သည် ကောင်းသော အလို 'အာသယ' ရှိကုန်၏၊ ကောင်းသော စရိုက်ရှိကုန်၏၊ ကောင်းသော နှလုံးသွင်း ရှိကုန်၏၊ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးကုန်၏၊ ထက်သော ဣန္ဒြေရှိ ကုန်၏၊ ဤသူတို့သည် ကောင်းသော အခြင်းအရာရှိသော သတ္တဝါတို့ မည်ကုန်၏။

၈၂၅။ အဘယ်သူတို့သည် ခဲယဉ်းစွာ သိစေအပ်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင်သတ္တဝါတို့သည် မကောင်းသောအခြင်းအရာ ရှိကုန်၏၊ ထိုသတ္တဝါတို့သည်ပင် ခဲယဉ်းစွာသိစေအပ်သော သတ္တဝါတို့ မည်ကုန်၏။ အကြင်သတ္တဝါတို့သည်ကား ကောင်းသော အခြင်းအရာ ရှိကုန်၏၊ ထိုသတ္တဝါတို့သည်ပင် လွယ်ကူစွာ သိစေအပ်သော သတ္တဝါတို့ မည်ကုန်၏။

၈၂၆။ အဘယ်သူတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင်သတ္တဝါတို့သည် (ပဠာနန္ဒရိယဟူသော) ကံပိတ်ပင်မှုရှိကုန်၏၊ (နိယတမိစ္ဆာဒိဋ္ဌိဟူသော) ကိလေသာပိတ်ပင်မှုရှိကုန်၏၊ (အဟိတ်ပဋ္ဌိသန္ဓေဟူသော) ဝိပါက်ပိတ်ပင်မှုရှိကုန်၏၊ ယုံကြည်မှုမရှိကုန်၊ မဂ်ကို ရအောင် အားထုတ်ဖို့ရန် အလိုမရှိကုန်၊ ပညာနည်းကုန်၏၊ ကုသိုလ်တရားတို့၌ မဖောက်ပြန် မှန်ကန်သော သဘောရှိသော၊ မိမိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲသောမဂ်သို့ သက်ရောက် ခြင်းငှါ မထိုက်ကုန်။ ဤသူတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်၏။

၈၂�># အဘယ်သူတို့သည် ကျွတ်ထိုက်သော သတ္တဝါတို့ မည်ကုန်သနည်း။

အကြင်သတ္တဝါတို့သည် ကံပိတ်ပင်မှုမရှိကုန်၊ ကိလေသာပိတ်ပင်မှုမရှိကုန်၊ ဝိပါက်ပိတ်ပင်မှုမရှိကုန်၊ ယုံကြည်မှုရှိကုန်၏၊ (မဂ်ကို ရအောင် အားထုတ်ဖို့ရန်) အလိုရှိကုန်၏၊ ပညာရှိကုန်၏၊ ကုသိုလ်တရားတို့၌ မဖောက်ပြန် မှန်ကန်သော သဘောရှိသော၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်အစွမ်းဖြင့် မြဲသော မဂ်သို့ သက်ရောက်ခြင်းငှါ ထိုက်ကုန်၏။ ဤသူတို့သည် ကျွတ်ထိုက်သောသတ္တဝါတို့ မည်ကုန်၏ဟု ထိုအရာ၌ အကြင်သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ တစ်ပါးသောသတ္တဝါ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ကျွန်ခြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၆)

---

(၇) သတ္တမဉာဏ်တော်အဖွင့်

၈၂၈။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ စျာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်း, ဖြူစင်ခြင်း, ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

စျာန်ဝင်စားသူဟူရာ၌ စျာန်ဝင်စားသူ လေးမျိုး ရှိကုန်၏။ အချို့စျာန်ဝင်စားသူသည် ပြည့်စုံသည် သာဖြစ်လျက် ချို့တဲ့၏ဟု အမှတ်ရှိ၏၊ အချို့ စျာန်ဝင်စားသူသည် ချို့တဲ့သည်သာဖြစ်လျက် ပြည့်စုံ၏ဟုအမှတ်ရှိ၏၊ အချို့ စျာန်ဝင်စားသူသည် ပြည့်စုံသည်သာဖြစ်လျက် ပြည့်စုံ၏ဟု အမှတ်ရှိ၏၊ အချို့ စျာန်ဝင်စားသူသည် ချို့တဲ့သည်သာဖြစ်လျက် ချို့တဲ့၏ဟု အမှတ်ရှိ၏။ စျာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ထို့ပြင်လည်း စျာန်ဝင်စားသူတို့သည် လေးမျိုးရှိသေး၏။ အချို့စျာန်ဝင်စားသူသည် နှံ့နေးစွာဝင်စား၏၊ လျင်စွာ ထ၏။ အချို့စျာန်ဝင်စားသူသည် လျင်စွာ ဝင်စား၏၊ နှံ့နေးစွာ ထ၏။ အချို့ စျာန်ဝင်စားသူသည် နှံ့နေးစွာ ဝင်စား၏၊ နှံ့နေးစွာ ထ၏။

အချို့ဈာန်ဝင်စားသူသည် လျင်စွာ ဝင်စား၏၊ လျင်စွာထ၏။ ဈာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ထို့ပြင်လည်း ဈာန်ဝင်စားသူတို့သည် လေးမျိုးရှိသေး၏။ အချို့ဈာန်ဝင်စားသူသည် သမာဓိဈာန် အရာ၌ စိတ်ကိုထားရန် လိမ္မာ၏၊ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန် မလိမ္မာ။ အချို့ ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန် လိမ္မာ၏၊ သမာဓိဈာန်အရာ၌ စိတ်ကို ထားရန် မလိမ္မာ။ အချို့ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ စိတ်ကို ထားရန်လည်း လိမ္မာ၏၊ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန်လည်း လိမ္မာ၏။ အချို့ဈာန်ဝင်စားသူသည် သမာဓိဈာန်အရာ၌ စိတ်ကို ထားရန်လည်း မလိမ္မာ၊ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန်လည်း မလိမ္မာ။ ဈာန်ဝင်စားသူတို့သည် ဤလေးမျိုးတို့တည်း။

ဈာန်ဟူရာ၌ ဈာန်လေးပါးတို့ကား ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့တည်း။

ဝိမောက္ခဟူရာ၌ ဝိမောက္ခရှစ်ပါးတို့ကား– ရူပဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှု၏၊ ဤရှုခြင်းသည် ပဌမဝိမောက္ခတည်း။

အတွင်းမိမိသန္တာန်၌ ရုပ်ကို အမှတ်မပြုမူ၍ အပသန္တာန်၌ ရုပ်တို့ကို ရှု၏၊ ဤရှုခြင်းသည် ဒုတိယဝိမောက္ခတည်း။

တင့်တယ်၏ဟူ၍သာလျှင် နှလုံးသွင်း၏၊ ဤနှလုံးသွင်းခြင်းသည် တတိယဝိမောက္ခတည်း။

ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်း ပဋိဃသညာတို့၏ လုံးဝချုပ်ငြိမ်းခြင်း နာနတ္တသညာတို့ကိုလုံးဝနှလုံးမသွင်းခြင်းတို့ကြောင့် "ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိ"ဟု နှလုံးသွင်း၍အာကာသာနဉ္စာယတနဈာန်သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် စတုတ္ထဝိမောက္ခတည်း။

အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးအပိုင်းအခြား မရှိ"ဟု နှလုံးသွင်း၍ ဝိညာဏဉ္စာယတနဈာန်သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် ပဉ္စမဝိမောက္ခတည်း။

ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "စိုးစဉ်းမျှ မရှိ"ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနဈာန်သို့ ကပ်ရောက်၍ နေ၏။ ဤနေခြင်းသည် ဆဋ္ဌဝိမောက္ခတည်း။

အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ကပ်ရောက်၍နေ၏။ ဤနေခြင်းသည် သတ္တမဝိမောက္ခတည်း။

နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ သညာ, ဝေဒနာတို့၏ ချုပ်ရာ 'နိဗ္ဗာနသမာပတ်' သို့ ကပ်ရောက်၍ နေ၏၊ ဤနေခြင်းသည် အဋ္ဌမဝိမောက္ခတည်း။ (ဒီ၊ မြန်၊ ၂။ ၆၉–၌ လည်းရှု) သမာဓိဟူရာ၌ သမာဓိသုံးပါးတို့ကား– ဝိတက်လည်းရှိ, ဝိစာရလည်းရှိသော သမာဓိ၊ ဝိတက်ကား မရှိ, ဝိစာရမျှသာရှိသော သမာဓိ၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော သမာဓိတို့တည်း။

သမာပတ်ဟူရာ၌ အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါးတို့ကား– ပဌမစျာန်သမာပတ်၊ ဒုတိယစျာန်သမာပတ်၊ တတိယစျာန်သမာပတ်၊ စတုတ္ထစျာန်သမာပတ်၊ အာကာသာနဉ္စာယတနသမာပတ်၊ ဝိညာဏဉ္စာယတနသမာပတ်၊ အာကိဉ္စညာယတနသမာပတ်၊ နေဝသညာနာသညာယတနသမာပတ်၊ သညာဝေဒယိတနိရောဓသမာပတ်တို့တည်း။

ညစ်နွမ်းသောတရားဟူသည် ယုတ်သောအဖို့ရှိသော တရားတည်း။

ဖြူစင်သောတရားဟူသည် ထူးသောအဖို့ရှိသော တရားတည်း။

ထခြင်းဟူရာ၌ ဖြူစင်ခြင်းသည်လည်း ထခြင်း မည်၏၊ ထိုထို သမာဓိစျာန်မှ (ဘဝင်သို့သက်၍) ထခြင်းသည်လည်း ထခြင်း မည်၏၊ ထို၌ အကြင် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။

မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည်ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ စျာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့ ညစ်နွမ်းခြင်း, ဖြူစင်ခြင်း, ထခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၇)

---

(၈) အဋ္ဌမဉာဏ်တော်အဖွင့်

၈၂၉။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ ရှေးဌ၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း၌ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်သနည်း။

ဤလောက၌ မြတ်စွာဘုရားသည် များပြားသော ရှေးဌ နေဖူးသည်ကို အောက်မေ့နိုင်၏။ ဤသည်ကားအဘယ်နည်း။ တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝတို့ကိုလည်းကောင်း၊ သုံးဘဝတို့ကိုလည်းကောင်း၊ လေးဘဝတို့ကိုလည်းကောင်း၊ ငါးဘဝတို့ကိုလည်းကောင်း၊ ဆယ်ဘဝတို့ကိုလည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကိုလည်းကောင်း၊ ဘဝသုံးဆယ်တို့ကိုလည်းကောင်း၊ ဘဝလေးဆယ်တို့ကိုလည်းကောင်း၊ ဘဝငါးဆယ်တို့ကို လည်းကောင်း၊ ဘဝတစ်ရာကိုလည်းကောင်း၊ ဘဝတစ်ထောင်ကိုလည်းကောင်း၊ ဘဝတစ်သိန်းကိုလည်းကောင်း၊ များပြားသော (သံဝဋ္ဋ) ပျက်ကပ်တို့ကိုလည်းကောင်း၊ များပြားသော (ဝိဝဋ္ဋ) ဖြစ်ကပ်တို့ကို လည်းကောင်း၊ များပြားသော (သံဝဋ္ဋ ဝိဝဋ္ဋ) ပျက်ကပ် ဖြစ်ကပ်တို့ကိုလည်းကောင်း၊ ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သော အဆင်း ဤသို့သောအစာ ဤသို့သော ချမ်းသာဆင်းရဲခံစားခြင်း၊ ဤသို့သောအသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌ လည်းဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့ သောအစာ ဤသို့သောချမ်းသာဆင်းရဲခံစားခြင်း၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါသည်) ထိုဘဝမှ သေခဲ့၍ဤဘဝ၌ ဖြစ်ပြန်၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသောရှေးဌ၌ နေဖူးသည်ကို အောက်မေ့နိုင်၏။ ထို၌ အကြင်သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ ရှေးဌ၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ နိုင်ခြင်း၌ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၈)

---

(၉) နဝမညာဏ်တော်အဖွင့်

၈၃၀။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ သတ္တဝါတို့ စုတေခြင်း ပဋိသန္ဓေနေခြင်းကို ဟုတ်တိုင်းမှန်စွာ သိသောညာဏ် မည်သနည်း။

ဤလောကခ္ဍ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏။ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။ အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်'၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'၊ စိတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်'တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏။ မှားသောအယူ ရှိကုန်၏၊ မှားသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်ခ္ဍ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤသူတို့သည်ကား ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်'၊ နှုတ်ဖြင့်ပြုအပ်သောကောင်းသောအကျင့် 'ဝစီသုစရိုက်'၊ စိတ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့် 'မနောသုစရိုက်' တို့နှင့် ပြည့်စုံကုန်၏။ အရိယာတို့ကို မစွပ်စွဲကုန်။ မှန်သောအယူ ရှိကုန်၏၊ မှန်သောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကုန်၏၊ ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်ခ္ဍ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်၏ဟု သိနိုင်၏။ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဖြင့် စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို သိမြင်၏။ ကံအလျောက်ဖြစ်သော သတ္တဝါတို့ကို သိ၏။ ထိုခ္ဍ အကြင် သိမှု 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှု 'အမောဟ'၊ သဘောတရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏ သတ္တဝါတို့ စုတေခြင်း ပဋိသန္ဓေနေခြင်းကိုဟုတ်တိုင်း မှန်စွာသိသောညာဏ် မည်၏။ (၉)

---

(၁၀) ဒသမညာဏ်တော်အဖွင့်

၈၃၁။ ထိုတွင် အဘယ်သည် မြတ်စွာဘုရား၏ အာသဝတို့ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိသောညာဏ် မည်သနည်း။

ဤလောကခ္ဍ မြတ်စွာဘုရားသည် အာသဝတို့၏ကုန်ခြင်းကြောင့် အာသဝမရှိသော ကိလေသာတို့မှလွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် ကိလေသာတို့မှ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက်ဘဝခ္ဍပင် ကိုယ်တိုင် ထူးသောညာဏ်ဖြင့် သိ၍

မျက်မှောက်ပြုကာ ရောက်၍ နေ၏။ ထိုဌ္ဌ အကြင်သိမှ 'ပညာ'၊ သိသောအခြင်းအရာ 'ပဇာနနာ'။ပ။ မတွေ့ဝေမှ 'အမောဟ'၊ သဘောတရားတို့ကိုစိစစ်မှ 'ဓမ္မဝိစယ'၊ ကောင်းသော အမြင် 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောသည် မြတ်စွာဘုရား၏အာသဝတို့ကုန်ရာကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် မည်၏။ (၁၀)

ဆယ်ခုသော အဖို့အစုအားဖြင့် ဉာဏ်များကို အကျယ်ပြဆိုခြင်းပြီး၏။

ဉာဏ်တို့ကို ဝေဖန်၍ပြသော ဉာဏဝိဘင်းပြီး၏။

၁၇။ ခုဒ္ဒကဝတ္ထုဝိဘင်္ဂ

(ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော ဝိဘင်း)

၁–ဧကကမာတိကာ

(တစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၂။ အမျိုးမာန်ယစ်ခြင်း၊ အနွယ်မာန်ယစ်ခြင်း၊ အနာဂင်းမှုမာန်ယစ်ခြင်း၊ အရွယ်မာန်ယစ်ခြင်း၊ အသက်ရှည်မှုမာန်ယစ်ခြင်း၊ လာဘ်မာန်ယစ်ခြင်း၊ အရိုအသေပြုမှုမာန်ယစ်ခြင်း၊ အလေးပြုမှုမာန်ယစ်ခြင်း၊ ဦးစီးခေါင်း ဆောင်မာန်ယစ်ခြင်း၊ အခြံအရံမာန်ယစ်ခြင်း၊ စည်းစိမ်မာန်ယစ်ခြင်း၊ အဆင်းမာန်ယစ်ခြင်း၊ အကြားအမြင်မာန်ယစ်ခြင်း၊ ပညာမာန်ယစ်ခြင်း၊ ညဉ့်အပိုင်းအခြားသိမှ (အသက်ကြီးမှ) မာန်ယစ်ခြင်း၊ ဆွမ်းခံမှုမာန်ယစ်ခြင်း၊ အထင်သေးမခံရမှုမာန်ယစ်ခြင်း၊ ဣရိယာပုထ်မာန်ယစ်ခြင်း၊ တန်ခိုးမာန်ယစ်ခြင်း၊ အကျော်အစောမာန်ယစ်ခြင်း၊ သီလမာန်ယစ်ခြင်း၊ ဈာန်မာန်ယစ်ခြင်း၊ အတတ်မာန်ယစ်ခြင်း၊ အရပ်အမောင်းမာန်ယစ်ခြင်း၊ အလုံးအထည်မာန်ယစ်ခြင်း၊ သဏ္ဌာန်မာန်ယစ်ခြင်း၊ အလုံးအရပ်ပြည့်စုံမှုမာန်ယစ်ခြင်း၊ ယစ်ခြင်း 'မဒ'၊ မေ့လျော့ခြင်း 'ပမာဒ'၊ ခိုင်မာခြင်း 'ထမ္ဘ'၊ ခြုတ်ခြယ်ခြင်း 'သာရမ္ဘ'၊ အလွန်အလိုရှိခြင်း 'အတြိစ္ဆတာ'၊ အလိုကြီးခြင်း 'မဟိစ္ဆတာ'၊ ယုတ်မာသော အလိုဆိုးရှိခြင်း 'ပါပိစ္ဆတာ'၊ ကိလေသာဦးချိုထောင်ခြင်း 'သိဂ်'၊ အလိုပြင်းထန် စားမာန်ခုတ်ခြင်း 'တိန္တိဏ'၊ လျှပ်ပေါ်ခြင်း 'စာပလျ'၊ သဘာဝမဟုတ်သော နေခြင်း 'အသဘာဝဝုတ္တိ'၊ မမွေ့လျော်ခြင်း 'အရတိ'၊ ပျင်းရိခြင်း 'တန္ဒီ'၊ အပျင်းဆန့်ခြင်း 'ဝိဇမ္ဘိတာ'၊ ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'၊ စိတ်၏တွန့်ခြင်း 'စေတသောလီနတာ"၊ ဟန်ဆောင်ခြင်း 'ကုဟနာ'၊ လာဘ်ချူခြင်း 'လပနာ'၊ နိမိတ်ပြုခြင်း 'နေမိတ္တိကတာ'၊ အတင်းအကြပ်ပြောခြင်း 'နိပ္ပေသိကတာ'၊ လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း 'လာဘေန လာဘံ နိဇိဂီသနတာ'၊ ငါမြတ်၏ဟုမှတ်ထင်မှု (ထောင်လွှားမှု) 'သေယျမာန်'၊ ငါ (သူနှင့်) တူ၏ဟု မှတ်ထင် (ထောင်လွှား) မှု "သဒိသမာန်"၊ ငါ (သူ့အောက်) ယုတ်၏ဟု မာန်ထောင်မှု 'ဟီနမာန်'၊ မြတ်သော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟုမာန် ထောင်ခြင်း 'သေယျသ သေယျမာန်"၊ မြတ်သော သူ၏ "ငါ (သင်နှင့်) တူ၏"ဟု မာန်ထောင်ခြင်း 'သေယျသ သဒိသမာန်'၊ မြတ်သော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း 'သေယျသ ဟီနမာန်'၊ တူသော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း 'သဒိသသ သေယျမာန်'၊ တူသော သူ၏ "ငါ (သင်နှင့်) တူ၏"ဟု မာန်ထောင်ခြင်း

'သဒိသဿသဒိသမာန်'၊ တူသော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း 'သဒိသဿ ဟီနမာန်'၊ ယုတ်သော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း 'ဟီနဿ သေယျမာန်'၊ ယုတ်သောသူ၏ "ငါ (သင်နှင့်) တူ၏"ဟု မာန်ထောင်ခြင်း 'ဟီနဿ သဒိသမာန်'၊ ယုတ်သော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း 'ဟီနဿ ဟီနမာန်'၊ မာန်ထောင်ခြင်း 'မာန'၊ အလွန်မာန်ထောင်ခြင်း 'အတိမာန'၊ အလွန်အလွန် မာန်ထောင်ခြင်း 'မာနာတိမာန'၊ အယုတ်အားဖြင့်မာန်ထောင်ခြင်း 'ဩမာန'၊ ရနိုးခြင်း 'အဓိမာန'၊ ငါဖြစ်၏ဟု မာန်ထောင်ခြင်း 'အသ္မိမာန'၊ မှားသောမာန်ထောင်ခြင်း 'မိစ္ဆာမာန'၊ ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း 'ဉာတိဝိတက်'၊ ဇနပုဒ်ကို ကြံခြင်း 'ဇနပဒဝိတက်'၊ မသေသည်ကို ကြံခြင်း 'အမရဝိတက်'၊ သူတစ်ပါးကို သနားခြင်းနှင့် စပ်သောကြံခြင်း "ပရာနုဒ္ဒယတာ ပဋိသံယုတ္တဝိတက်"၊ လာဘ်သပ်ပကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သောကြံခြင်း 'လာဘ သက္ကာရ သိလောက ပဋိသံယုတ္တဝိတက်'၊ အထင်မသေးမှုနှင့် စပ်သောကြံခြင်း 'အနဝညတ္တိပဋိသံယုတ္တဝိတက်'တို့တည်း။

တစ်ပါးစုတရားများကို အကျဉ်းပြခြင်းပြီး၏။

၂–ဒုကမာတိကာ

(နှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

စ၃၃။ အမျက်ထွက်မှု 'ကောဓ'နှင့် ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'သည် ရှိ၏။ ဂုဏ်ကျေးဇူးကို ချေဖျက်မှု 'မက္ခ'နှင့် အပြိုင်ပြုမှု 'ပဠာသ'သည် ရှိ၏။ မနာလိုမှု 'ဣဿာ'နှင့် ဝန်တိုမှု 'မစ္ဆရိယ'သည် ရှိ၏။ လှည့်ပတ်မှု 'မာယာ'နှင့် ကောက်ကျစ်စဉ်းလဲမှု 'သာဌေယျ'သည် ရှိ၏။ မသိမှု 'အဝိဇ္ဇာ'နှင့် ဘဝကိုတပ်မက်မှု 'ဘဝတဏှာ'သည် ရှိ၏။ ဘဝသည် မြို့၏ဟူသော အယူ 'ဘဝဒိဋ္ဌိ'နှင့် ဘဝသည် ကင်းပြတ်၏ဟူသော အယူ 'ဥစ္ဆေဒဒိဋ္ဌိ' သည် ရှိ၏။ မြို့၏ဟူသော အယူ 'သဿတဒိဋ္ဌိ'နှင့် ပြတ်၏ဟူသော အယူ 'ဥစ္ဆေဒဒိဋ္ဌိ' သည် ရှိ၏။ အဆုံးရှိ၏ဟူသော အယူ 'အန္တဝါဒိဋ္ဌိ'နှင့် အဆုံးမရှိဟူသောအယူ 'အနန္တဝါဒိဋ္ဌိ'သည် ရှိ၏။ ရှေ့အဖို့သို့ အစဉ်လိုက်သော အယူ 'ပုဗ္ဗန္တာနုဒိဋ္ဌိ'နှင့် နောက်အဖို့သို့အစဉ်လိုက်သော အယူ 'အပရန္တာနုဒိဋ္ဌိ'သည် ရှိ၏။ အရှက်မရှိမှု 'အဟိရိက' နှင့် အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'သည် ရှိ၏။ ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'နှင့် မကောင်းသော အဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ' သည် ရှိ၏။ မဖြောင့်မတ်မှု 'အနဇ္ဇဝ'နှင့် မနူးညံ့မှု 'အမဒ္ဒဝ' သည် ရှိ၏။ သည်းမခံမှု 'အက္ခန္တိ'နှင့် ကောင်းသော အမှု၌ မမွေ့လျော်မှု 'အသောရစ္စ'သည် ရှိ၏။ မပြေပြစ်သောစကား 'အသာခလ'နှင့်မစေ့စပ်မှု 'အပဋိသန္ထာရ' သည် ရှိ၏။ ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိမှု'ဣန္ဒြိယေသု အဂုတ္တဒ္ဝါရတာ' နှင့် ဘောဇဉ်၌ အတိုင်း အရှည် မသိမှု 'ဘောဇနေ အမတ္တညုတာ'သည် ရှိ၏။ သတိလွတ်မှု 'မုဋ္ဌဿစ္စ'နှင့် ပညာမရှိမှု 'အသမ္ပဇည' သည် ရှိ၏။ သီလပျက်စီးမှု 'သီလဝိပတ္တိ' နှင့် အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ' သည် ရှိ၏။ မိမိ သန္တာန်၌ ဖြစ်သော သံယောဇဉ် 'အဇ္ဈတ္တသံယောဇန'နှင့် သူတစ်ပါးသန္တာန်၌ ဖြစ်သော သံယောဇဉ် 'ဗဟိဒ္ဓါသံယောဇန' သည် ရှိ၏။

နှစ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၃–တိကမာတိကာ

(သုံးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၄။ အကုသိုလ်အခြေခံသုံးပါးသည် ရှိ၏။ အကုသိုလ်ဝိတက်သုံးပါးသည် ရှိ၏။ အကုသိုလ်သညာသုံးပါးသည် ရှိ၏။ အကုသိုလ်ဓာတ်သုံးပါးသည် ရှိ၏။ ဒုစရိုက်သုံးပါးသည် ရှိ၏။ အာသဝသုံးပါးသည် ရှိ၏။ သံယောဇဉ်သုံးပါးသည် ရှိ၏။ တပ်မက်ခြင်း 'တဏှာ' သုံးပါးသည် ရှိ၏။ တစ်နည်း တပ်မက်ခြင်း 'တဏှာ' သုံးပါးသည် ရှိ၏။ ရှာမှီးခြင်း သုံးပါးသည် ရှိ၏။ မာန်ထောင်ခြင်းသုံးပါးသည် ရှိ၏။ ဘေးသုံးပါးသည် ရှိ၏။ အမိုက်သုံးပါးသည် ရှိ၏။ ဆိပ်ကမ်းသုံးပါးသည် ရှိ၏။ ကြောင့်ကြခြင်း သုံးပါးသည် ရှိ၏။ ကိလေသာသုံးပါးသည် ရှိ၏။ အညစ်အကြေးသုံးပါးသည် ရှိ၏။ မည်ညွတ်ခြင်းသုံးပါးသည် ရှိ၏။ တစ်နည်း မည်ညွတ်ခြင်းသုံးပါးသည် ရှိ၏။ မီးသုံးပါးသည် ရှိ၏။ ဖန်ရည်သုံးပါးသည် ရှိ၏။ တစ်နည်း

ဖန်ရည်သုံးပါးသည် ရှိ၏။ သာယာမှုနှင့် စပ်သော အယူ 'အဿာဒဒိဋ္ဌိ'၊ အတ္တကို စွဲ၍ ဖြစ်သော အယူ 'အတ္တာနုဒိဋ္ဌိ'၊ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'သည် ရှိ၏။ မမွေ့လျော်မှု 'အရတိ'၊ ညှဉ်းဆဲမှု 'ဝိဟေသာ'၊ မတရားကျင့်မှု 'အဓမ္မစရိယ'သည် ရှိ၏။ ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'၊ မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'၊ အမျိုးမျိုးသော အမှတ်သညာရှိမှု 'နာနတ္တသညာ'သည် ရှိ၏။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ ပျင်းရိမှု 'ကောသဇ္ဇ'၊ မေ့လျော့မှု 'ပမာဒ'သည် ရှိ၏။ မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'၊ ပညာမရှိမှု 'အသမ္ဘဝေညတာ'၊ အလိုကြီးမှု 'မဟိစ္ဆတာ'သည် ရှိ၏။ အရှက်မရှိမှု 'အဟိရိက'၊ အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'၊ မေ့လျော့မှု 'ပမာဒ'သည် ရှိ၏။ မရိုသေမှု 'အနာဒရိယ'၊ ဆိုဆုံးမ ခက်မှု 'ဒေါဝစဿတာ'၊ မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'သည် ရှိ၏။ ယုံကြည်မှုမရှိခြင်း 'အသဒ္ဓိယ'၊ ပြောဆိုသည်ကို နားမလည်မှု 'အဝဒညုတာ'၊ ပျင်းရိမှု 'ကောသဇ္ဇ'သည် ရှိ၏။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မစောင့်စည်းမှု 'အသံဝရ'၊ သီလမရှိမှု 'ဒုဿီလျ'သည် ရှိ၏။ အရိယာတို့ကိုမဖူးမြင်လိုမှု 'အရိယာနံအဒဿနကမျတာ'၊ သူတော်ကောင်းတရားကို မနာကြားလိုမှု 'သဒ္ဓမ္မံ အသောတုကမျတာ'၊ ခြုတ်ခြယ်လိုသော စိတ်ရှိမှု 'ဥပါရမ္ဘစိတ္တတာ' သည် ရှိ၏။ သတိလွတ်မှု 'မုဋ္ဌဿစ္စ'၊ ပညာမရှိမှု 'အသမ္ဘဝေည'၊ စိတ်ပျံ့လွင့်မှု 'စေတသောဝိက္ခေပ'သည် ရှိ၏။ မသင့်မတင့်နှလုံးသွင်းမှု 'အယောနိသော မနသိကာရ'၊ လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ'၊ စိတ်တွန့်တိုမှု 'စေတသော လီနတ္တ'သည် ရှိ၏။

သုံးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၄–စတုက္ကမာတိကာ

(လေးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၅။ အာသဝလေးပါးသည် ရှိ၏။ ဂန္ထလေးပါးသည် ရှိ၏။ ဩဃလေးပါးသည် ရှိ၏။ ယောဂလေးပါးသည် ရှိ၏။ ဥပါဒါန်လေးပါးသည် ရှိ၏။ တဏှာဖြစ်ခြင်း လေးပါးသည် ရှိ၏။ မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိ'လေးပါးသည် ရှိ၏။ ဖောက်ပြန်သော သဘောတရား လေးပါးသည် ရှိ၏။ အရိယာမဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်းလေးပါးသည် ရှိ၏။ တစ်နည်း အရိယာမဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်း လေးပါးသည် ရှိ၏။ ဒုစရိုက်လေးပါးသည် ရှိ၏။ တစ်နည်း– ဒုစရိုက်လေးပါးသည် ရှိ၏။ ဘေးလေးပါးသည် ရှိ၏။ တစ်နည်း– ဘေးလေးပါးသည် ရှိ၏။ ဒိဋ္ဌိလေးပါးသည် ရှိ၏။

လေးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၅–ပဉ္စကမာတိကာ

(ငါးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၆။ အောက်မဂ်သည် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့သည် ရှိကုန်၏။ အထက်မဂ်သည် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့သည် ရှိကုန်၏။ ဝန်တိုခြင်း ငါးပါးတို့သည် ရှိကုန်၏။ ငြောင့်ငါးပါးတို့သည် ရှိကုန်၏။ မြားငါးပါးတို့သည် ရှိကုန်၏။ စိတ်တံသင်းငါးပါးတို့သည်ရှိကုန်၏။ စိတ်အနှောင်အဖွဲ့ငါးပါးတို့သည် ရှိကုန်၏။ နီဝရဏငါးပါးတို့သည် ရှိကုန်၏။ အခြားမဲ့ဘဝ၌ အကျိုးပေးသော ကံငါးပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌိငါးပါးတို့သည် ရှိကုန်၏။ ရန်ငါးပါးတို့သည် ရှိကုန်၏။ ပျက်စီးခြင်းငါးပါးတို့သည် ရှိကုန်၏။ သည်းမခံခြင်း၏ အပြစ်ငါးပါးတို့သည် ရှိကုန်၏။ ဘေးငါးပါးတို့သည် ရှိကုန်၏။ မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကိုဆိုသော စကားငါးပါးတို့သည် ရှိကုန်၏။

ငါးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၆–ဆက္ကမာတိကာ

(ခြောက်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၇။ ငြင်းခုန်မှုအခြေအမြစ် ခြောက်ပါးတို့သည် ရှိကုန်၏။ ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့သည်ရှိကုန်၏။ ဆန့်ကျင်မှုဝတ္ထု ခြောက်ပါးတို့သည် ရှိကုန်၏။ တဏှာအပေါင်း ခြောက်ပါးတို့သည် ရှိကုန်၏။ မရိုသေခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ဆုတ်ယုတ်ကြောင်း တရား ခြောက်ပါးတို့သည် ရှိကုန်၏။ တစ်နည်း– ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့သည် ရှိကုန်၏။ ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ နှလုံးမသာယာမှု နှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ လျစ်လျူရှုမှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ကာမဂုဏ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ကာမဂုဏ်ကို မှီသော နှလုံးမသာယာခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။

ကာမဂုဏ်ကို မှီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌခြောက်ပါးတို့သည် ရှိကုန်၏။

ခြောက်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၇–သတ္တကမာတိကာ

(ခုနစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၈။ အနုသယ ခုနစ်ပါးတို့သည် ရှိကုန်၏။ သံယောဇဉ် ခုနစ်ပါးတို့သည် ရှိကုန်၏။ ထကြွသောင်းကျန်းခြင်း ခုနစ်ပါးတို့သည် ရှိကုန်၏။ မသူတော်တရား ခုနစ်ပါးတို့သည် ရှိကုန်၏။ ဒုစရိုက်ခုနစ်ပါးတို့သည် ရှိကုန်၏။ မာန်ထောင်ခြင်း ခုနစ်ပါးတို့သည် ရှိကုန်၏။ ဒိဋ္ဌခုနစ်ပါး တို့သည် ရှိကုန်၏။

ခုနစ်ပါးစုတရားများကို အကျဉ်းပြခြင်းပြီး၏။

၈–အဋ္ဌကမာတိကာ

(ရှစ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၃၉။ ကိလေသာဝတ္ထု ရှစ်ပါးတို့သည် ရှိကုန်၏။ ပျင်းရိခြင်းဖြစ်ကြောင်း ရှစ်ပါးတို့သည် ရှိကုန်၏။ လောကခံရှစ်ပါးတို့ကြောင့် စိတ်ထိခိုက်ခြင်း ရှစ်ပါးတို့သည် ရှိကုန်၏။ အရိယာ မဟုတ်သူတို့၏ ခေါ်ဝေါ်ပြောဆိုခြင်း ရှစ်ပါးတို့သည် ရှိကုန်၏။ မှားသောသဘောတရား ရှစ်ပါးတို့သည် ရှိကုန်၏။ ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့သည် ရှိကုန်၏။ သညာမရှိဟု ဖြစ်သော အယူရှစ်ပါးတို့သည် ရှိကုန်၏။ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့သည် ရှိကုန်၏။

ရှစ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၉–နဝကမာတိကာ

(ကိုးပါးစုတရားများကို အကျဉ်းပြခြင်း)

၈၄၀။ ရန်ငြိုးဖွဲ့ခြင်းအကြောင်း ကိုးပါးတို့သည် ရှိကုန်၏။ ယောကျ်ားတို့၏ အညစ်အကြေး ကိုးပါးတို့သည် ရှိကုန်၏။ မာန်ထောင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ တပ်မက်ခြင်း 'တဏှာ'အရင်းခံရှိသောတရားကိုးပါးတို့သည် ရှိကုန်၏။ တုန်လှုပ်ခြင်း ကိုးပါးတို့သည်

ရှိကုန်၏။ မှတ်ထင်ခြင်း ကိုးပါးတို့သည်ရှိကုန်၏။ ဖိမ့်ဖိမ့်တုန်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ ချဲ့ထွင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။ ပြုပြင်ခြင်း ကိုးပါးတို့သည် ရှိကုန်၏။

ကိုးပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

၁၀–ဒသကမာတိကာ

(ဆယ်ပါးစုတရားများကို အကျဉ်းပြခြင်း)

၈၄၁။ ကိလေသာအကြောင်း ဆယ်ပါးတို့သည် ရှိကုန်၏။ ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်း ဆယ်ပါးတို့သည် ရှိကုန်၏။ အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့သည် ရှိကုန်၏။ သံယောဇဉ် ဆယ်ပါးတို့သည် ရှိကုန်၏။ မှားသော သဘောတရား ဆယ်ပါးတို့သည် ရှိကုန်၏။ မှားသော အယူ၏ အကြောင်းဝတ္ထု ဆယ်ပါးတို့သည် ရှိကုန်၏။ တစ်ဖက်စွန်းရောက် အယူဝါဒ ဆယ်ပါးတို့သည် ရှိကုန်၏။

ဆယ်ပါးစုတရားများကို အကျဉ်းပြခြင်း ပြီး၏။

တဏှာဝိစရိုက် ၁၀၈–ပါး, ဒိဋ္ဌိ ၆၂–ပါးတို့ကို အကျဉ်းပြခြင်း

၈၄၂။ အတွင်းသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း ဆယ့်ရှစ်ပါး။ အပသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း ဆယ့်ရှစ်ပါး။ ယင်းသန္တာန်နှစ်ပါးကို ပေါင်းချုံး၍ တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ဤသို့ ဖြစ်ပြီး 'အတိတ်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ဖြစ်လတ ့် 'အနာဂတ်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါးတို့သည် ဖြစ်ကုန်၏။ ယင်းကာလသုံးပါးကို ပေါင်းချုံး၍ တဏှာဖြစ်ခြင်း တစ်ရာ့ရှစ်ပါးတို့သည် ဖြစ်၏။ ဒိဋ္ဌခြောက်ဆယ့် နှစ်ပါးတို့ကိုလည်း ဝေယျာကရဏ 'ဂါထာမဖက် စကားပြင်သက်သက်'ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရား ဟောကြားအပ်ကုန်၏။

အကျဉ်းပြခြင်းမာတိကာ ပြီး၏။

၁–ဧကကနိဒ္ဒေသ

(တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း)

မာန်ယစ်မှု 'မဒ'အမျိုးမျိုး

၈၄၃။ ထိုတွင် အဘယ်သည် အမျိုးမာန်ယစ်ခြင်း မည်သနည်း။

အမျိုးကိုစွဲ၍ မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သောအခြင်းအရာ 'မဒ္ဒနာ'၊ မာန်ယစ်တတ်သည်၏အဖြစ် 'မဒ္ဒီတတ္တ'၊ မှတ်ထင်ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဒတိ'၊ တက်ကြွသော အခြင်းအရာ 'ဥန္ဒာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္မဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျှတာ'သည် ရှိ၏။ ဤသဘောကို အမျိုးမာန်ယစ်ခြင်းဟု ဆိုအပ်၏။

၈၄၄။ ထိုတွင် အဘယ်သည် အနွယ်မာန်ယစ်ခြင်း မည်သနည်း။

အနွယ်ကို စွဲ၍။ပ။ အနာကင်းမှုကို စွဲ၍။ပ။ အရွယ်ကိုစွဲ၍။ပ။ အသက်ရှည်မှုကို စွဲ၍။ပ။ လာဘ်ကိုစွဲ၍။ပ။ အရိုအသေပြုမှုကို စွဲ၍။ပ။ အလေးပြုမှုကို စွဲ၍။ပ။ ဦးစီးခေါင်းဆောင်မှုကို စွဲ၍။ပ။ အခြံအရံကိုစွဲ၍။ပ။ စည်းစိမ်ကို စွဲ၍။ပ။ အဆင်းကို စွဲ၍။ပ။ အကြားအမြင်ကို စွဲ၍။ပ။ ပညာကို စွဲ၍။ပ။ ညဉ့်အပိုင်းအခြားသိမှု (အသက်ကြီးမှု) ကို စွဲ၍။ပ။ ဆွမ်းခံမှုကို စွဲ၍။ပ။ အထင်သေးမခံရမှုကို စွဲ၍။ပ။ ဣရိယာပုထ်ကို စွဲ၍။ပ။ တန်ခိုးကို စွဲ၍။ပ။ အကျော်အစောကို စွဲ၍။ပ။ သီလကို စွဲ၍။ပ။ ဈာန်ကို စွဲ၍။ပ။

အတတ်ကို စွဲ၍။ပ။ အရုပ်အမောင်းကို စွဲ၍။ပ။ အလုံးအထည်ကို စွဲ၍။ပ။ သဏ္ဌာန်ကို စွဲ၍။ပ။ အလုံးအရုပ်ပြည့်စုံမှုကို စွဲ၍ မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သော အခြင်းအရာ 'မဒ္ဒနာ'၊ မာန်ယစ်တတ်သည်၏အဖြစ် 'မဒ္ဒီတတ္တ'၊ ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဒတိ'၊ တက်ကြွသော အခြင်းအရာ 'ဥန္ဒာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္မဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျှတာ' သည် ရှိ၏။ ဤသဘောကို အလုံးအရုပ်ပြည့်စုံမှုမာန်ယစ်ခြင်းဟု ဆိုအပ်၏။

မာန်ယစ်မှု 'မဒ'

၈၄၅။ ထိုတွင် အဘယ်သည် မာန်ယစ်ခြင်း 'မဒ' မည်သနည်း။

အကြင် မာန်ယစ်မှု 'မဒ'၊ မာန်ယစ်သော အခြင်းအရာ 'မဒ္ဒနာ'၊ မာန်ယစ်တတ်သည်၏ အဖြစ် 'မဒ္ဒီတတ္တ'၊ ထောင်လွှားမှု 'မာန'၊ ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဒတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္ဒာမော'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္မဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုလိုမှု 'ကေတုကမျှတာ'သည် ရှိ၏။ ဤသဘောကို မာန်ယစ်ခြင်း 'မဒ'ဟု ဆိုအပ်၏။

မေ့လျော့မှု 'ပမာဒ'

၈၄၆။ ထိုတွင် အဘယ်သည် မေ့လျော့မှု 'ပမာဒ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်'၌လည်းကောင်း နှုတ်ဖြင့် ပြုအပ်သောမကောင်းသော အကျင့် 'ဝစီဒုစရိုက်'၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်'မနောဒုစရိုက်'၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်း စိတ်၏လွတ်ခြင်း 'ဝေါဿဂ'သည်၊ လွတ်ခြင်းကို အထောက်အပံ့ပေးမှု 'ဝေါဿဂါနုပ္ပဒါန'သည်၊ ကုသိုလ်တရားတို့ကို ပွါးများခြင်းငှါအရိုအသေ မပြုခြင်းသည်၊ အစဉ်တစိုက် မပြုခြင်းသည်၊

တည်တံ့မှုကို မပြုခြင်းသည်၊ တွန့်သောဖြစ်ခြင်းသည်၊ အလိုဆန္ဒကို ချထားခြင်းသည်၊ တာဝန်ကို ချထားခြင်းသည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ မဆောက်တည်ခြင်းသည်၊ မလုံးပန်းခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင်မေ့လျော့မှု 'ပမာဒ'၊ မေ့လျော့သော အခြင်းအရာ 'ပမဒ္ဒနာ'၊ မေ့လျော့တတ် သည်၏ အဖြစ် 'ပမဒ္ဒိတတ္တ' သည် ရှိ၏။ ဤသဘောကို မေ့လျော့ခြင်း 'ပမာဒ'ဟု ဆိုအပ်၏။

ခိုင်မာမှု 'ထမ္ဘ'

၈၄၇။ ထိုတွင် အဘယ်သည် ခိုင်မာခြင်း 'ထမ္ဘ' မည်သနည်း။

အကြင်ခိုင်မာမှု 'ထမ္ဘ'၊ ခိုင်မာသော အခြင်းအရာ 'ထမ္ဘနာ'၊ ခိုင်မာတတ်သည်၏အဖြစ် 'ထမ္ဘိတတ္တ'၊ ခိုင်မာမှု 'ကက္ခဋိယ'၊ ကြမ်းတမ်းမှု 'ဖာရုသိယ'၊ စိတ်ဖြောင့်မတ်မှု 'ဥဇုစိတ္တတာ'၊ မနှုးညံ့မှု 'အမုဒုတာ'သည်ရှိ၏။ ဤသဘောကို ခိုင်မာခြင်း 'ထမ္ဘ'ဟု ဆိုအပ်၏။

ခြုတ်ခြယ်မှု 'သာရမ္ဘ'

၈၄၈။ ထိုတွင် အဘယ်သည် ခြုတ်ခြုယ်ခြင်း 'သာရမ္ဘ' မည်သနည်း။

အကြင် ခြုတ်ခြုယ်မှု 'သာရမ္ဘ'၊ အတပ်ထပ် ခြုတ်ခြုယ်မှု 'ပဋိသာရမ္ဘ'၊ ခြုတ်ခြုယ်သော အခြင်းအရာ 'သာရမ္ဘနာ'၊ အထပ်ထပ် ခြုတ်ခြုယ်သော အခြင်းအရာ 'ပဋိသာရမ္ဘနာ'၊ အထပ်ထပ်ခြုတ်ခြုယ်တတ်သည်၏အဖြစ် 'ပဋိသာရမ္ဘိတတ္တ'သည် ရှိ၏၊ ဤသဘောကို ခြုတ်ခြုယ်ခြင်း 'သာရမ္ဘ'ဟု ဆိုအပ်၏။

အလွန်အလိုရှိမှု 'အတ္တိစ္ဆတာ'

၈၄၉။ ထိုတွင် အဘယ်သည် အလွန်အလိုရှိခြင်း 'အတ္တိစ္ဆတာ' မည်သနည်း။

တစ်မျိုးမျိုးသော သက်နိုး ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအား များများလိုချင်မှု 'ဘိယျောကမျတာ' သည် ရှိ၏။ ဤသို့သဘောရှိသော အကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတာ'၊ အလွန် အလိုရှိမှု 'အတ္တိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏၊ ဤ သဘောကို အလွန်အလိုရှိခြင်း 'အတ္တိစ္ဆတာ' ဟု ဆိုအပ်၏။

အလိုကြီးမှု 'မဟိစ္ဆတာ'

၈၅၀။ ထိုတွင် အဘယ်သည် အလိုကြီးခြင်း 'မဟိစ္ဆတာ' မည်သနည်း။

တစ်မျိုးမျိုးသော သက်နိုး ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအားများများလိုချင်မှု 'ဘိယျောကမျတာ' သည် ရှိ၏၊ ဤသို့သဘောရှိသော အကြင်လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတာ'၊ အလိုကြီးမှု 'မဟိစ္ဆတာ' တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို အလိုကြီးမှု 'မဟိစ္ဆတာ' ဟု ဆိုအပ်၏။

ယုတ်မာသော အလိုရှိမှု 'ပါဝိစ္ဆတာ'

၈၅၁။ ထိုတွင် အဘယ်သည် ယုတ်မာသော အလိုဆိုးရှိခြင်း 'ပါဝိစ္ဆတာ' မည်သနည်း– ဤလောကၦ အချို့သူသည် သဒ္ဓါတရားမရှိသူဖြစ်လျက် သဒ္ဓါတရားရှိသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ သီလမရှိသူဖြစ်လျက် သီလရှိသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ အကြားအမြင် မရှိသူဖြစ်လျက် အကြားအမြင်များသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ အဖော် အပေါင်းၦ မွေ့လျော်သူ ဖြစ်လျက် ဆိတ်ဆိတ်နေသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ ပျင်းရိသူ ဖြစ်လျက် အားထုတ်သော ဝိရိယရှိသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ သတိမေ့လျော့ တတ်သူဖြစ်လျက် သတိကောင်းသူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏၊ မတည်ကြည်သူဖြစ်လျက် တည်ကြည်သူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ ပညာနည်းသူဖြစ်လျက် ပညာရှိသူဟူ၍ ငါ့ကို လူအပေါင်းသိပါစေဟု အလိုရှိ၏၊ အာသဝေါမကုန်သူဖြစ်လျက် အာသဝေါကုန်သူဟူ၍ ငါ့ကို လူအပေါင်း သိပါစေဟု အလိုရှိ၏။ ဤသို့သဘောရှိသောအကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်သောအဖြစ် 'ဣစ္ဆာဂတ'၊ ယုတ်မာသော အလိုရှိမှု 'ပါဝိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ယုတ်မာသော အလိုရှိခြင်း 'ပါဝိစ္ဆတာ'ဟု ဆိုအပ်၏။

ကိလေသာဦးချိုထောင်မှု 'သိဂ်'

၈၅၂။ ထိုတွင် အဘယ်သည် ကိလေသာဦးချိုထောင်ခြင်း 'သိဂ်' မည်သနည်း။

အကြင် ကိလေသာဦးချိုထောင်မှု 'သိဂ်'၊ ကိလေသာဦးချိုထောင်သော အခြင်းအရာ 'သိဂ်ါရတာ'၊ စံပယ်သော အခြင်းအရာ 'စာတုရတာ'၊ စံပယ်သောဖြစ်မှု 'စာတုရိယ'၊ ဟန်ပြကောင်းသော အခြင်းအရာ 'ပရိကၦတ္တတာ'၊ ဟန်ပြကောင်းခြင်း 'ပါရိကၦတ္တိယ'သည် ရှိ၏။ ဤသဘောကို ကိလေသာဦးချိုထောင်ခြင်း 'သိဂ်'ဟု ဆိုအပ်၏။

အလိုပြင်းထန် စားမာန်ခုတ်မှု 'တိန္တိဏ'

၈၅၃။ ထိုတွင် အဘယ်သည် အလိုပြင်းထန် စားမာန်ခုတ်ခြင်း 'တိန္တိဏ' မည်သနည်း။

အကြင် အလိုပြင်းထန်စားမာန်ခုတ်ခြင်း 'တိန္တိဏ'၊ အလိုပြင်းထန် စားမာန်ခုတ်သော အခြင်းအရာ 'တိန္တိဏာယန'၊ အလိုပြင်းထန် စားမာန်ခုတ်သည်၏အဖြစ် 'တိန္တိဏာယိတတ္တ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်မှု 'လောလုပ္ပ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်သော အခြင်းအရာ 'လောလုပ္ပါယနာ'၊ (အပိုအစွာသူ့ထက်ကဲ) လိုချင်သည်၏အဖြစ် 'လောလုပ္ပါယိတတ္တ'၊ အမြီးနှံ့သောခွေးနှင့်တူစွာ လှုပ်ရှားမှု'ပုစ္ဆဋ္ဌိကတာ'၊ အကောင်းကြိုက်မှု 'သာဒုကမျတာ'သည် ရှိ၏။ ဤသဘောကို အလိုပြင်းထန် စားမာန်ခုတ်ခြင်း 'တိန္တိဏ' ဟု ဆိုအပ်၏။

လျှပ်ပေါ်မှု 'စာပလျ'

၈၅၄။ ထိုတွင် အဘယ်သည် လျှပ်ပေါ်ခြင်း 'စာပလျ' မည်သနည်း။

သင်္ကန်းတန်ဆာဆင်မှု၊ သပိတ်တန်ဆာဆင်မှု၊ ကျောင်း အိပ်ရာ နေရာတန်ဆာဆင်မှု၊ ဤအကောင်ပုပ်နှင့် အပ ပရိက္ခရာတို့ကို တန်ဆာဆင်မှု 'မဏ္ဍနာ'၊ အတင့်အတယ်ပြုမှု 'ဝိဘူသနာ'၊ ကစားမှု 'ကေဠနာ'၊ ထက်ဝန်းကျင် ကစားမှု 'ပရိကေဠနာ'၊ မြူးထူးမှု 'ဂိဒ္ဓိကတာ'၊ မြူးထူးသည်၏အဖြစ် 'ဂိဒ္ဓိကတ္တ'၊ လျှပ်ပေါ်သောအခြင်းအရာ 'စာပလတာ'၊ လျှပ်ပေါ်သည်၏အဖြစ် 'စာပလျ' သည် ရှိ၏။ ဤသဘောကိုလျှပ်ပေါ်ခြင်း 'စာပလျ' ဟု ဆိုအပ်၏။

သဘာဂမဟုတ်သောနေမှု 'အသဘာဂဝုတ္တိ'

၈၅၅။ ထိုတွင် အဘယ်သည် သဘာဂမဟုတ်သောနေခြင်း 'အသဘာဂဝုတ္တိ' မည်သနည်း။

အမိ၌လည်းကောင်း၊ အဖ၌လည်းကောင်း၊ ကြီးသူ၌လည်းကောင်း၊ အစ်ကို၌လည်းကောင်း၊ ဆရာတို့၌လည်းကောင်း၊ ဥပဇ္ဈာယ်၌လည်းကောင်း၊ ဘုရား၌လည်းကောင်း၊ ဘုရားတပည့်သားတို့၌လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသော အလေးပြုအပ်ရာတို့၌ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင်ဘက်ကို သာယာခြင်းသည်၊ မရှိသေခြင်းသည်၊ မရှိသေသော အခြင်းအရာသည်၊ အလေးမပြုသောအခြင်း အရာသည်၊ မတုပ်ဝပ်သော အခြင်းအရာသည် ရှိ၏။ ဤသဘောကို သဘာဂမဟုတ်သောနေခြင်း 'အသဘာဂဝုတ္တိ'ဟု ဆိုအပ်၏။

မမွေ့လျော်ခြင်း 'အရတိ'

၈၅၆။ ထိုတွင် အဘယ်သည် မမွေ့လျော်ခြင်း 'အရတိ' မည်သနည်း။

အစွန်အဖျားဖြစ်ကုန်သော တောကျောင်းတို့၌သော်လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးကုန် သောလွန်ကဲသော ကုသိုလ်တရားတို့၌သော်လည်းကောင်း မမွေ့လျော်မှု 'အရတိ'၊ မမွေ့လျော်သော အခြင်းအရာ 'အရတိတာ'၊ အလွန်မမွေ့လျော်မှု 'အနဘိရတိ'၊ အလွန်မမွေ့လျော်သော အခြင်းအရာ 'အနဘိရမဏာ'၊ ငြီးငွေ့မှု 'ဥက္ကဏ္ဌိတာ'၊ ခြောက်တပ်ခြင်း 'ပရိတဿိတာ'သည် ရှိ၏။ ဤသဘောကိုမမွေ့လျော်ခြင်း 'အရတိ'ဟု ဆိုအပ်၏။

ပျင်းရိမှု 'တန္ဒီ'

၈၅၇။ ထိုတွင် အဘယ်သည် ပျင်းရိမှု 'တန္ဒီ' မည်သနည်း။

အကြင်ပျင်းရိမှု 'တန္ဒီ'၊ ပျင်းသော အခြင်းအရာ 'တန္ဒိယနာ'၊ ပျင်းရိစိတ်ရှိသော အခြင်းအရာ 'တန္ဒိမနကတာ'၊ ပျင်းခြင်း 'အာလသျ'၊ ပျင်းသော အခြင်းအရာ 'အာလသျယနာ'၊ ပျင်းတတ်သည်၏အဖြစ် 'အာလသျာယိတတ္တ'သည် ရှိ၏။ ဤသဘောကို ပျင်းရိခြင်း 'တန္ဒီ'ဟု ဆိုအပ်၏။

အပျင်းဆန့်မှု 'ဝိဇမ္ภိတာ'

၈၅၈။ ထိုတွင် အဘယ်သည် အပျင်းဆန့်ခြင်း 'ဝိဇမ္ภိတာ' မည်သနည်း။

အကြင်ကိုယ်၏ အပျင်းဆန့်ခြင်း 'ဇမ္ภနာ'၊ အထူးသဖြင့် အပျင်းဆန့်ခြင်း 'ဝိဇမ္ภနာ'၊ ရှေ့သို့ ညွှတ်ခြင်း 'အာနမနာ'၊ နောက်သို့ ညွှတ်ခြင်း 'ဝိနမနာ'၊ ထက်ဝန်းကျင် ညွှတ်ခြင်း 'သံနမနာ'၊

အပြား အားဖြင့်ညွှတ်ခြင်း "ပဏာမနာ"၊ အနာဖြစ်ခြင်း 'ဗျာဓိယက' သည် ရှိ၏။ ဤသဘောကို အပျင်းဆန့်ခြင်း 'ဝိဇေ္ဇိတာ'ဟု ဆိုအပ်၏။

ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'

၈၅၉။ ထိုတွင် အဘယ်သည် ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ' မည်သနည်း။

အစာစားပြီးသော သူအား အကြင်ထမင်းကြောင့် တွေဝေမိန့်မောခြင်းသည်၊ ထမင်းကြောင့်ပင်ပန်းခြင်းသည်၊ ထမင်းကြောင့် ပူလောင်ခြင်းသည်၊ ကိုယ်လေးလံ ထိုင်းမှိုင်းခြင်းသည် ရှိ၏။ ဤသဘော ကို ထမင်းဆီယစ်ခြင်း 'ဘတ္တသမ္မဒ'ဟု ဆိုအပ်၏။

စိတ်၏တွန့်မှု 'စေတသောလီနတ္တ'

၈၆၀။ ထိုတွင် အဘယ်သည်စိတ်၏ တွန့်ခြင်း 'စေတသောလီနတ္တ' မည်သနည်း။

အကြင် စိတ်၏ မကျန်းမာခြင်း 'စိတ္တအကလျတာ'၊ အမှုဌ် မခံ့ခြင်း 'အကမ္မညတာ'၊ ယုတ်သောတွန့်ခြင်း 'ဩလီယနာ'၊ ထက်ဝန်းကျင် တွန့်ခြင်း 'သလ္လီယနာ'၊ တွန့်ခြင်း 'လီန'၊ တွန့်သော အခြင်း အရာ 'လီယနာ'၊ တွန့်သောအဖြစ် 'လီယိတတ္တ'၊ ထိုင်းမှိုင်းခြင်း 'ထိန'၊ ထိုင်းမှိုင်းသော အခြင်းအရာ 'ထိယနာ'၊ စိတ်၏ ထိုင်းမှိုင်းသည်၏အဖြစ် 'ထိယိတတ္တ'သည် ရှိ၏။ ဤသဘောကို စိတ်၏ တွန့်ခြင်း 'စေတသောလီနတ္တ'ဟု ဆိုအပ်၏။

ဟန်ဆောင်မှု 'ကုဟနာ'

၈၆၁။ ထိုတွင် အဘယ်သည် ဟန်ဆောင်ခြင်း 'ကုဟနာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်းအား ပစ္စည်းမှီဝဲမှုဖြင့်လည်းကောင်း၊ အရိပ်အရောင်ပြောသဖြင့်လည်းကောင်း၊ ဣရိယာပုထ်ကိုထားခြင်း 'အဋ္ဌပနာ'၊ ထားသောအခြင်းအရာ 'ဌပနာ'၊ ကြည်ညိုဖွယ်ကောင်းအောင် ပြုပြင်ထားခြင်း 'သဏ္ဌာပနာ'၊ မျက်မှောင်ကုတ်သော အခြင်းအရာ 'ဘာကုဋိတာ'၊ မျက်မှောင်ကုတ်ခြင်း 'ဘာကုဋိယ'၊ ဟန်လုပ်ခြင်း 'ကုဟနာ'၊ ဟန်လုပ်သော အခြင်းအရာ 'ကုဟာယနာ'၊ ဟန်လုပ်သောအဖြစ် 'ကုဟိတတ္တ'သည် ရှိ၏။ ဤသသောကို ဟန်ဆောင်ခြင်း 'ကုဟနာ'ဟု ဆိုအပ်၏။

လာဘ်ချူမှု 'လပနာ'

၈၆၂။ ထိုတွင် အဘယ်သည် လာဘ်ချူခြင်း 'လပနာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်း၏ တစ်ပါးသူတို့အား အကြင် မိမိကိုယ်ကို မြှောက်ပင့်ကြွားဝါမှု 'အာလပနာ'၊ မေး၍ ဝါကြွားဖြေဆိုခြင်း 'လပနာ'၊ လာဘ်ကို လိုရ၍ ချိုချိုသာသာ ကောင်းစွာ ပြောဆိုမှု 'သလ္လပနာ'၊ မြှောက်ပင့်၍ပြောဆိုမှု 'ဥလ္လပနာ'၊ အထပ်ထပ် မြှောက်ပင့်၍ ပြောဆိုမှု 'သမုလ္လပနာ'၊ ရရာရကြောင်း စကားတောင်း၍ပြောဆိုမှု 'ဥန္နဟနာ'၊ ရရာရကြောင်း စကားတောင်း၍ အထပ်ထပ် ပြောဆိုမှု 'သမုန္နဟနာ'၊ ချီးမွမ်း၍ပြောဆိုမှု 'ဥက္ကာစနာ'၊ အထပ်ထပ် ချီးမွမ်း၍ ပြောဆိုမှု 'သမုက္ကာစနာ'၊ ချစ်ဖွယ်စကားကို ပြောဆိုမှု 'အနုပ္ပိယဘာဏိတာ'၊ မိမိကိုယ်ကို နှိမ့်ချပြောဆိုမှု

'စာဌေကမျတာ'၊ အစိမ်းနီးပါး အကျက်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသော စကားပြောဆိုမှု 'မုဂ္ဂသူပျတာ'၊ ရွာသူသားငယ်ကို ချီပိုးခြင်း 'ပါရိဘဌေတာ' သည် ရှိ၏။ ဤသဘောကို လာဘ်ချူခြင်း (ဝါကြွား) 'လပနာ'ဟု ဆိုအပ်၏။

နိမိတ်ပြုမှု 'နေမိတ္တိကတာ'

၈၆၃။ ထိုတွင် အဘယ်သည် နိမိတ်ပြုခြင်း 'နေမိတ္တိကတာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်း၏ တစ်ပါးသူတို့အား အကြင်နိမိတ်ပြုခြင်း 'နိမိတ္တ'၊ နိမိတ်ပြုခြင်းအမှု 'နိမိတ္တကမ္မ'၊ အရိပ်အရောင်ပြမှု 'ဩဘာသ'၊ အရိပ်အရောင်ပြုခြင်းအမှု 'ဩဘာသကမ္မ'၊ ရစ်၍ပြောဆိုခြင်း 'သာမန္တဇပ္ပ'၊ သွယ်ဝိုက်၍ပြောဆိုခြင်း 'ပရိကထာ' သည် ရှိ၏။ ဤသဘောကို နိမိတ်ပြုခြင်း 'နေမိတ္တိကတာ'ဟု ဆိုအပ်၏။

အတင်းအကြပ်ပြောခြင်း 'နိပ္ပေသိကတာ'

၈၆၄။ ထိုတွင် အဘယ်သည် အတင်းအကြပ်ပြောခြင်း 'နိပ္ပေသိကတာ' မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်း၏ တစ်ပါးသူတို့အား အကြင် (ပစ္စည်းကို မပေးလျှုဘဲမနေနိုင်အောင်) ဆဲရေးခြင်း 'အက္ကောသနာ'၊ နှိမ့်ချခြင်း 'ဝမ္ဘနာ'၊ ကဲ့ရဲ့ခြင်း 'ဂရဟဏာ'၊ (စကားဖြင့်) မြှောက်ပင့်ခြင်း 'ဥက္ခေပနာ'၊ အထပ်ထပ် မြှောက်ပင့်ခြင်း 'သမုက္ခေပနာ'၊ ရှုတ်ချခြင်း 'ခိပနာ'၊ အထပ်ထပ် ရှုတ်ချခြင်း 'သံခိပနာ'၊ အပြစ်တင်ခြင်း 'ပါပနာ'၊ အထပ်ထပ် အပြစ်တင်ခြင်း 'သမ္ပါပနာ'၊ ကျေးဇူးမဲ့ကို (တစ်အိမ်မှ တစ်အိမ်တစ်ရွာမှ တစ်ရွာသို့) ဆောင်ခြင်း 'အဝဏ္ဏဟာရိကာ'၊ သူတစ်ပါး ကျောက်ကုန်းသားကို စားသကဲ့သို့ပြုခြင်း 'ပရပိဋ္ဌမံသိကတာ'သည် ရှိ၏။ ဤသဘောကို အတင်းအကြပ်ပြောခြင်း 'နိပ္ပေသိကတာ' ဟု ဆိုအပ်၏။

လာဘ်မျှားခြင်း

၈၆၅။ ထိုတွင် အဘယ်သည် လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း မည်သနည်း။

လာဘ်သပ်ပကာ, ပူဇော်သက္ကာရ, အကျော်အစောကို မှီ၍ ယုတ်မာသော အလိုရှိသော အလိုကြီးသူရဟန်းသည် ဤမှ ရခဲ့သော အာမိသ 'သုံးဆောင်ဖွယ်'ကို ထိုသို့ ဆောင်၏၊ ထိုမှ ရခဲ့သော အာမိသ 'သုံးဆောင်ဖွယ်' ကို ဤသို့ ဆောင်လာ၏။ ဤသို့သဘောရှိသော အာမိသဖြင့် အာမိသကို အကြင်ရှာခြင်း 'ဧဋ္ဌိ'၊ ရှာမှီးခြင်း 'ဂဝေဋ္ဌိ'၊ အထပ်ထပ်ရှာခြင်း 'ပရိယေဋ္ဌိ'၊ ရှာသောအခြင်းအရာ 'ဧသနာ'၊ ရှာမှီးသောအခြင်းအရာ 'ဂဝေသနာ'၊ အထပ်ထပ် ရှာသော အခြင်းအရာ 'ပရိယေသနာ'သည် ရှိ၏။ ဤသဘောကို လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်းဟု ဆိုအပ်၏။

မြတ်၏ဟု မှတ်ထင်မှု 'သေယျမာန်'

၈၆၆။ ထိုတွင် အဘယ်သည် ငါမြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောကၦ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း အမှတ်မထားတစ်ပါး ပါးသော အကြောင်းဖြင့် မှတ်ထင်၏၊ (မာန်ထောင်၏)။ ဤသို့ သဘောရှိသော အကြင်မှတ်ထင်မှု (မာန်ထောင်မှု) 'မာန'၊ မှတ်ထင်သော အခြင်းအရာ 'မညနာ'၊ မှတ်ထင်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ငါမြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

တူ၏ဟု မှတ်ထင်မှု 'သဒိသမာန်'

၈၆၇။ ထိုတွင် အဘယ်သည် ငါ (သူနှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောကၦ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ အမှတ်မထားတစ်ပါး ပါးသော အကြောင်းဖြင့် မှတ်ထင်၏၊ (မာန်ထောင်၏)။ ဤသို့ သဘောရှိသော အကြင် မှတ်ထင် (မာန်ထောင်) မှု 'မာန'၊ မှတ်ထင် (မာန်ထောင်) သောအခြင်းအရာ 'မညနာ'၊ မှတ်ထင်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ငါ (သူနှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

ယုတ်၏ဟု မှတ်ထင်မှု 'ဟီနမာန်'

၈၆၈။ ထိုတွင် အဘယ်သည် ငါ (သူ့အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောကၦ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း အမှတ်မထင်သော အကြောင်းဖြင့် အယုတ်မှတ်ထင် မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင် မာန်ထောင်မှု 'ဩမာန'၊ အယုတ်မှတ်ထင် (မာန်ထောင်) သောအခြင်းအရာ 'ဩမညနာ'၊ အယုတ်မှတ်ထင်သည်၏ အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်ရှုတ်ချသော

အခြင်းအရာ 'ဩဟီဌနာ'၊ အယုတ် ရှုတ်ချသည်၏အဖြစ် 'ဩဟီဌိတတ္တ'၊ မိမိကိုယ်ကို အယုတ်အားဖြင့်သိမှု 'အတ္တညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသောအခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤ သဘောကို ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

မြတ်သူ၌ ဖြစ်သော 'သေယျမာန်'

၈၆၉။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူ့ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောကၨ၌ အချို့သူသည် မြတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်းအမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကို သူတစ်ပါးတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကို မှီ၍ မာန်ထောင်၏။ ဤသို့ သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားသည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မြတ်သောသူ၏ငါ (သူထက်) မြတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

မြတ်သူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၀။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူနှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောကၨ၌ အချို့သူသည် မြတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်းအမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် တစ်ပါးသူတို့နှင့် အတူ မိမိကိုယ်ကို ထား၏။ ထိုသူသည်ထိုကို မှီ၍ မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားသည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍ထားခြင်း သဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မြတ်သော သူ၏ ငါ (သူနှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

မြတ်သူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၁။ ထိုတွင် အဘယ်သည် မြတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောကခ္ဍ အချို့သူသည် မြတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွှတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသောအကြောင်းဖြင့် မိမိကိုယ်ကို တစ်ပါးသူတို့အောက် အယုတ်အားဖြင့်ထား၏။ ထိုသူသည် ထိုကို မှီ၍ အယုတ်အားဖြင့် မာန်ထောင်၏။ ဤသို့သဘောရှိသော အကြင်အယုတ်မှတ်ထင်မှု 'ဩမာန'၊ အယုတ်မှတ်ထင်သော အခြင်းအရာ 'ဩမညနာ'၊ အယုတ်မှတ်ထင်တတ်သည်၏အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်ရှုတ်ချသောအခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်ရှုတ်ချသည်၏ အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကိုအယုတ်သိမှု 'အတ္တဩာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကိုနှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို မြတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

တူမျှသူ၌ ဖြစ်သော 'သေယျမာန်'

၈၇၂။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ့ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောကခ္ဍ အချို့သူသည် တူ၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုသူတစ်ပါးတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'။ပ။ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ့ထက်) မြတ်၏ဟူ၍မှတ်ထင်ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

တူမျှသူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၃။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ့နှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောကခ္ဍ အချို့သူသည် တူ၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့နှင့်အတူ ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသဘောရှိသောအကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္နတိ'၊ မြှောက်၍

ထားခြင်းသဘော 'ဥန္ဓာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္မဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ.နှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

တူမျှသူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၄။ ထိုတွင် အဘယ်သည် တူသောသူ၏ ငါ (သူ.အောက်) ယုတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောကၨ၌ အချို့သူသည် တူ၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့အောက် အယုတ်အားဖြင့် ထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသဘောရှိသော အကြင်အယုတ်အားဖြင့် မှတ်ထင်မာန်ထောင်မှု 'ဩမာန'၊ အယုတ်အားဖြင့် မှတ်ထင်မာန်ထောင်သော အခြင်းအရာ 'ဩမညနာ'၊ အယုတ်အားဖြင့် မှတ်ထင်မာန်ထောင်တတ်သည်၏အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချခြင်း 'ဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချတတ်သည်၏ အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိမှု 'အတ္တာဩ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝဩ'၊ မိမိ ကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို တူသောသူ၏ ငါ (သူ.အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

ယုတ်သူ၌ ဖြစ်သော 'သေယျမာန်'

၈၇၅။ ထိုတွင် အဘယ်သည် ယုတ်သောသူ၏ ငါ (သူ.ထက်) မြတ်၏ဟု မှတ်ထင်ထောင်လွှားမှု 'သေယျမာန်' မည်သနည်း။

ဤလောကၨ၌ အချို့သူသည် ယုတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့ထက် အမြတ်ထား၏။ ထိုသူသည် ထိုကိုမှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသဘောရှိသောအကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္ဓာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္မဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ.ထက်) မြတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သေယျမာန်'ဟု ဆိုအပ်၏။

ယုတ်သူ၌ ဖြစ်သော 'သဒိသမာန်'

၈၇၆။ ထိုတွင် အဘယ်သည် ယုတ်သောသူ၏ ငါ (သူ.နှင့်) တူ၏ဟု မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်' မည်သနည်း။

ဤလောကၨ၌ အချို့သူသည် ယုတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့်

မိမိကိုယ်ကိုတစ်ပါးသူတို့နှင့် အတူထား၏။ ထိုသူသည် ထိုကို မှီ၍ မှတ်ထင်ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ့နှင့်) တူ၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'သဒိသမာန်'ဟု ဆိုအပ်၏။

ယုတ်သူ၌ ဖြစ်သော 'ဟီနမာန်'

၈၇၇။ ထိုတွင် အဘယ်သည် ယုတ်သော သူ၏ ငါ (သူ့အောက်) ယုတ်၏ ဟု မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်' မည်သနည်း။

ဤလောကဌ် အချို့သူသည် ယုတ်၏။ အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့အောက် အယုတ်အားဖြင့် ထား၏။ ထိုသူသည် ထိုကို မှီ၍ အယုတ်အားဖြင့်ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင် အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားမှု 'ဩမာန'၊ အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'ဩမညနာ'၊ အယုတ်အားဖြင့်မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'ဩမညိတတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်အားဖြင့်ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်အားဖြင့် ရှုတ်ချတတ်သည်၏အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိမှု 'အတ္တညာ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသော အခြင်းအရာ 'အတ္တဝညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို ယုတ်သောသူ၏ ငါ (သူ့အောက်) ယုတ်၏ဟူ၍ မှတ်ထင်ထောင်လွှားမှု 'ဟီနမာန်'ဟု ဆိုအပ်၏။

ထောင်လွှားမှု 'မာန'

၈၇၈။ ထိုတွင် အဘယ်သည် ထောင်လွှားမှု 'မာန' မည်သနည်း။

အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားသည်တတ်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို ထောင်လွှားမှု 'မာန' ဟု ဆိုအပ်၏။

အလွန်ထောင်လွှားမှု 'အတိမာန'

၈၇၉။ ထိုတွင် အဘယ်သည် အလွန်မှတ်ထင်ထောင်လွှားမှု 'အတိမာန' မည်သနည်း။

ဤလောကဌ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထားတစ်ပါးပါးသော အကြောင်းဖြင့် မိမိကိုယ်ကိုတစ်ပါးသူတို့ ထက် အလွန်မှတ်ထင်ထောင်လွှား၏။ ဤသို့သဘောရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊

မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မည်တတ္တ'၊ တက်ကြွမှု 'ဥန္ဒတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္ဒာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ'သည် ရှိ၏။ ဤသဘောကို အလွန်မှတ်ထင်ထောင်လွှားမှု 'အတိမာန' ဟု ဆိုအပ်၏။

အလွန်.အလွန်ထောင်လွှားမှု 'မာနာတိမာန'

၈၈၀။ ထိုတွင် အဘယ်သည် အလွန်.အလွန်မှတ်ထင်ထောင်လွှားမှု 'မာနာတိမာန' မည်သနည်း။

ဤလောကၨ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း။ပ။ အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် ရှေးဦးကာလ မိမိကိုယ်ကို တစ်ပါးသူတို.နှင့် အတူထား၏၊ နောက်ကာလ မိမိကိုယ်ကို အမြတ်ထား၏။ ဤသို. သဘော့ရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မည်တတ္တ'၊ တက်ကြွမှု 'ဥန္ဒတိ '၊ မြှောက်၍ ထားခြင်းသဘော 'ဥန္ဒာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို အလွန်.အလွန် မှတ်ထင်ထောင်လွှားမှု 'မာနာတိမာန'ဟု ဆိုအပ်၏။

အယုတ်မှတ်ထင်မာန်ထောင်မှု 'ဩမာန'

၈၈၁။ ထိုတွင် အဘယ်သည် အယုတ်အားဖြင့် မှတ်ထင်ထောင်လွှားမှု 'ဩမာန' မည်သနည်း။

ဤလောကၨ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း၊ အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့် လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အကြားအမြင်ဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း အမှတ်မထား တစ်ပါးပါးသော အကြောင်းဖြင့် အယုတ်မှတ်ထင်မာန်ထောင်၏။ ဤသို.သဘောရှိသော အကြင်အယုတ် မှတ်ထင်မာန်ထောင်မှု 'ဩမာန'၊ အယုတ် မှတ်ထင်မာန်ထောင်သောအခြင်းအရာ 'ဩမညနာ'၊ အယုတ် မှတ်ထင်မာန်ထောင်တတ်သည်၏အဖြစ် 'ဩမည်တတ္တ'၊ ရှုတ်ချမှု 'ဟီဠနာ'၊ အယုတ်မှတ်ထင်ရှုတ်ချသော အခြင်းအရာ 'ဩဟီဠနာ'၊ အယုတ်ရှုတ်ချတတ်သည်၏အဖြစ် 'ဩဟီဠိတတ္တ'၊ မိမိကိုယ်ကို အယုတ် အားဖြင့် သိမှု 'အတ္တဩ'၊ မိမိကိုယ်ကို အယုတ်အားဖြင့် သိသောအခြင်းအရာ 'အတ္တဩညာ'၊ မိမိကိုယ်ကို နှိမ့်ချမှု 'အတ္တပရိဘဝ'သည် ရှိ၏။ ဤသဘောကို အယုတ်အားဖြင့်မာန်ထောင်မှု 'ဩမာန'ဟု ဆိုအပ်၏။

ရနိုးခြင်း 'အဓိမာန'

၈၈၂။ ထိုတွင် အဘယ်သည် ရနိုးခြင်း 'အဓိမာန' မည်သနည်း။

မရောက်သည်၌ ရောက်၏ဟု မှတ်ထင်ခြင်း၊ မပြုသည်၌ ပြု၏ဟု မှတ်ထင်ခြင်း၊ မရသည်၌ ရ၏ဟုမှတ်ထင်ခြင်း၊ မျက်မှောက်မပြုသည်၌ မျက်မှောက်ပြု၏ဟု မှတ်ထင်ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏ အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ရန်ိုးခြင်း 'အဓိမာန' ဟု ဆိုအပ်၏။

ငါဟု မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန'

၈၈၃။ ထိုတွင် အဘယ်သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန' မည်သနည်း။

ရူပ်သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားမှု 'မာန'၊ ငါဖြစ်၏ဟု အလိုဖြစ်ခြင်း 'ဆန္ဒ'၊ ငါဖြစ်၏ဟုကိန်းခြင်း 'အနုသယ'၊ ခံစားမှု 'ဝေဒနာ'သည်။ပ။ မှတ်သားမှု 'သညာ' သည်။ပ။ ပြုစီရင်မှု 'သင်္ခါရ' တို့သည်။ပ။ သိမှု "ဝိညာဏ်"သည် ငါဖြစ်၏ဟု မှတ်ထင်ထောင်လွှားခြင်း ငါဖြစ်၏ဟု အလိုဖြစ်ခြင်း၊ ငါဖြစ်၏ဟု ကိန်းခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'ကေတုကမျတာ' သည် ရှိ၏။ ဤသဘောကို ငါဖြစ်၏ဟူ၍မှတ်ထင်ထောင်လွှားမှု 'အသ္မိမာန'ဟု ဆိုအပ်၏။

မှားသောမာန်ထောင်ခြင်း 'မိစ္ဆာမာန'

၈၈၄။ ထိုတွင် အဘယ်သည် မှားသော မာန်ထောင်ခြင်း 'မိစ္ဆာမာန' မည်သနည်း။

ဤလောကၨ် အချို့သူသည် ယုတ်မာသောအလုပ်အကိုင်ဖြင့်လည်းကောင်း၊ ယုတ်မာသော လက်မှုအတတ်ဖြင့်လည်းကောင်း၊ ယုတ်မာသော နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ ယုတ်မာသော အကြားအမြင်ဖြင့်လည်းကောင်း၊ ယုတ်မာသော ပညာဖြင့်လည်းကောင်း၊ ယုတ်မာသော အလေ့ဖြင့်လည်းကောင်း၊ ယုတ်မာသော အကျင့်ဖြင့်လည်းကောင်း၊ ယုတ်မာသော အလေ့အကျင့်ဖြင့်လည်းကောင်း၊ ယုတ်မာသောအယူဖြင့်လည်းကောင်း အမှတ်မထားသော အကြောင်းဖြင့် မာန်ထောင်၏။ ဤသဘောရှိသော အကြင်မှတ်ထင်ထောင်လွှားမှု 'မာန'၊ မှတ်ထင်ထောင်လွှားသော အခြင်းအရာ 'မညနာ'၊ မှတ်ထင်ထောင်လွှားတတ်သည်၏အဖြစ် 'မညိတတ္တ'၊ တက်ကြွမှု 'ဥန္ဓတိ'၊ မြှောက်၍ ထားခြင်းသဘော 'ဥန္နာမ'၊ တံခွန်သဖွယ်ဖြစ်မှု 'ဓဇ'၊ ချီးမြှောက်မှု 'သမ္ဘဂ္ဂါဟ'၊ စိတ်၏ မှန်ကင်းသဖွယ်ပြုမှု 'သေတုကမျတာ'သည် ရှိ၏။ ဤသဘောကို မှားသော မာန်ထောင်မှု 'မိစ္ဆာမာန'ဟု ဆိုအပ်၏။

ဥတိဝိတက်

၈၈၅။ ထိုတွင် အဘယ်သည် ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း 'ဥတိဝိတက်' မည်သနည်း။

ဆွေမျိုးတို့ကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ဆွေမျိုးတို့ကို အကြောင်းပြု၍ ကြံခြင်း 'ဉာတိဝိတက်' ဟု ဆိုအပ်၏။

ဇနပဒဝိတက်

၈၈၆။ ထိုတွင် အဘယ်သည် ဇနပုဒ်ကို အကြောင်းပြု၍ ကြံခြင်း 'ဇနပဒဝိတက်' မည်သနည်း။

ဇနပုဒ်ကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသောကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ဇနပုဒ်ကို အကြောင်းပြု၍ ကြံခြင်း 'ဇနပဒဝိတက်' ဟု ဆိုအပ်၏။

အမရဝိတက်

၈၈၇။ ထိုတွင် အဘယ်သည် မသေရန်ကြံခြင်း 'အမရဝိတက်' မည်သနည်း။

ပြုနိုင်ခဲသည်ကို ပြုခြင်းနှင့်လည်း စပ်သော မိစ္ဆာအယူနှင့်လည်း စပ်သော တဏှာအိမ်ကို မှီသောကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကိုမသေရန်ကြံခြင်း 'အမရဝိတက်' ဟု ဆိုအပ်၏။

ပရာနုဒ္ဒယဝိတက်

၈၈၈။ ထိုတွင် အဘယ်သည် သူတစ်ပါးကို သနားခြင်းနှင့် စပ်သော ကြံခြင်း 'ပရာနုဒ္ဒယဝိတက်' မည်သနည်း။

ဤလောကဌ် အချို့ရဟန်းသည် လူတို့နှင့် နီးနှောလျက် နေ၏၊ နှစ်သက်အတူ စိုးရိမ်အတူ ဖြစ်၏၊ လူတို့ချမ်းသာကြသော် ချမ်းသာ၏၊ လူတို့ဆင်းရဲကြသော် ဆင်းရဲ၏၊ လူတို့ကိစ္စကြီးငယ် ဖြစ်လတ်သော် ကိုယ်တိုင်လည်း အားထုတ်ခြင်းသို့ ရောက်၏။ ထိုဌ် တဏှာအိမ်ကို မှီသော အကြင် ကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို သူတစ်ပါးကိုသနားခြင်းနှင့် စပ်သော ကြံခြင်း 'ပရာနုဒ္ဒယဝိတက်'ဟု ဆိုအပ်၏။

လာဘသက္ကာရဝိတက်

၈၈၉။ ထိုတွင် အဘယ်သည် လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သော ကြံခြင်း "လာဘသက္ကာရ သိလောက ပဋ္ဌိသံယုတ္တဝိတက်" မည်သနည်း။

လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောကို အကြောင်းပြု၍ တဏှာအိမ်ကို မှီသော ကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသော ကြံခြင်း 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို လာဘ်ပပ်သကာ ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်သော ကြံခြင်း 'လာဘသက္ကာရ သိလောက ပဋ္ဌိသံယုတ္တဝိတက်'ဟု ဆိုအပ်၏။

အနဝညတ္တိဝိတက်

၈၉၀။ ထိုတွင် အဘယ်သည် အထင်မသေးမှုနှင့် စပ်သော ကြံခြင်း 'အနဝညတ္တိ ပဋိသံယုတ္တဝိတက်' မည်သနည်း။

ဤလောကၨ် အချို့သူသည် အမျိုးဖြင့်လည်းကောင်း၊ အနွယ်ဖြင့်လည်းကောင်း၊ အမျိုးကောင်းသားဖြစ်ခြင်းဖြင့်လည်းကောင်း အလွန်အဆင်းလှခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း၊ (ရွတ်ဖတ်) သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ အလုပ်အကိုင်ဖြင့်လည်းကောင်း၊ လက်မှုအတတ်ဖြင့်လည်းကောင်း၊ နှုတ်မှုအတတ်ဖြင့်လည်းကောင်း၊ အမှတ်မထားတစ်ပါးပါးသောအကြောင်းဖြင့် တစ်ပါးသူတို့သည် ငါ့ကို အထင်မသေးစေကုန်လင့်ဟု တဏှာအိမ်ကို မီသောအကြင်ကြံခြင်း 'တက္ကာ'၊ အထူးကြံခြင်း 'ဝိတက္ကာ'၊ မှားသောကြံခြင်း 'မိစ္ဆာသင်္ကပ္ပ' သည် ရှိ၏။ ဤသဘောကို အထင်မသေးမှုနှင့်စပ်သော ကြံခြင်း 'အနဝညတ္တိပဋိသံယုတ္တဝိတက်'ဟု ဆိုအပ်၏။

တစ်ပါးစုတရားများကို အကျယ်ဖွင့်ပြခြင်း ပြီး၏။

၂–ဒုကနိဒ္ဒေသ

နှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း

အမျက်ထွက်မှု "ကောဓ'

၈၉၁။ ထိုတွင် အဘယ်သည် အမျက်ထွက်မှု 'ကောဓ' မည်သနည်း။

အကြင် အမျက်ထွက်မှု 'ကောဓ'၊ အမျက်ထွက်သော အခြင်းအရာ 'ကုဇ္ဈနာ'၊ အမျက်ထွက်တတ်သည်၏အဖြစ် 'ကုဇ္ဈိတတ္တ'၊ ပြစ်မှားမှု 'ဒေါသ'၊ ပြစ်မှားသော အခြင်းအရာ 'ဒုဿနာ'၊ ပြစ်မှားတတ်သည်၏ အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ပျက်စီးမှုသဘော 'ဗျာပတ္တိ'၊ ဖောက်ပြန်ပျက်စီးပုံ အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးတတ်သည်၏အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရောဓ'၊ အထပ်ထပ်ဆန့်ကျင်မှု 'ပဋိဝိရောဓ'၊ ကြမ်းတမ်းမှု 'စဏ္ဍိက္ကာ'၊ မကောင်းသဖြင့် ပြောဆိုခြင်း 'အသုရောပ' (မျက်ရည်ယိုမှု 'အဿုရောပ')၊ စိတ်နှလုံးမသာမှု 'အနတ္တမနတာ'သည် ရှိ၏။ ဤသဘောကို အမျက်ထွက်မှု 'ကောဓ' ဟု ဆိုအပ်၏။

ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'

ထိုတွင် အဘယ်သည် ရန်ငြိုးဖွဲ့မှု 'ဥပနာဟ' မည်သနည်း။

ရှေးကာလ (ဖြစ်သည်ကား) အမျက်ထွက်ခြင်းတည်း။ နောက်ကာလ (ဖြစ်သည်ကား) ရန်ငြိုးဖွဲ့ခြင်းတည်း။ ဤသို့ သဘောရှိသော အကြင် ရန်ငြိုးဖွဲ့မှု 'ဥပနာဟ'၊ ရန်ငြိုးဖွဲ့သော အခြင်းအရာ 'ဥပနယှနာ'၊ ရန်ငြိုးဖွဲ့တတ်သည်၏အဖြစ် 'ဥပနယှိတတ္တ'၊ ရန်ငြိုးထားမှု 'အဋ္ဌပနာ'၊ ရန်ငြိုးထားသောအခြင်းအရာ 'ဌပနာ'၊ ပြင်းစွာရန်ငြိုးထားမှု 'သဏ္ဌာပနာ'၊ တစ်စပ်တည်းရန်ငြိုးထားမှု 'အနုသံသန္ဒနာ'၊ တစ်ဆက်တည်းရန်ငြိုးဖွဲ့မှု 'အနုပ္ပဗန္ဓနာ'၊ စွဲမြဲစွာ ရန်ငြိုးဖွဲ့မှု 'ကောဓဒဠှီကမ္မ'သည် ရှိ၏။ ဤသဘောကိုရန်ငြိုးဖွဲ့မှု 'ဥပနာဟ'ဟု ဆိုအပ်၏။ (၁)

ဂုဏ်ကျေးဇူးကို ခြေဖျက်မှု 'မက္ခ'

၈၉၂။ ထိုတွင် အဘယ်သည် ဂုဏ်ကျေးဇူးကို ခြေဖျက်မှု 'မက္ခ' မည်သနည်း။

အကြင် ဂုဏ်ကျေးဇူးကို ချေဖျက်မှု 'မက္ခ'၊ ချေဖျက်သော အခြင်းအရာ 'မက္ခာယနာ'၊ ချေဖျက်တတ်သည်၏အဖြစ် 'မက္ခာယိတတ္တ'၊ တံတွေးထွေးမှု 'နိဋ္ဌုရိယ'၊ တံတွေးထွေးခြင်းကို ပြုမှု 'နိဋ္ဌုရိယကမ္မ'သည် ရှိ၏။ ဤသဘောကို ဂုဏ်ကျေးဇူးကို ချေဖျက်မှု 'မက္ခ'ဟု ဆိုအပ်၏။

အပြိုင်ပြုမှု 'ပဋ္ဌာသ'ထိုတွင် အဘယ်သည် အပြိုင်ပြုမှု 'ပဋ္ဌာသ' မည်သနည်း။

အကြင်အပြိုင်ပြုမှု 'ပဋ္ဌာသ'၊ အပြိုင်ပြုသောအခြင်းအရာ 'ပဋ္ဌာသာယနာ'၊ အပြိုင်ပြုခြင်းကို ဆောင်မှု 'ပဋ္ဌာသာဟာရ"၊ ငြင်းခုံခြင်းအကြောင်း 'ဝိဝါဒဋ္ဌာန'၊ တုပမှ 'ယုဂဂ္ဂါဟ'၊ မစွန့်လွှတ်မှု 'အပ္ပဋိနိဿဂ္ဂ'သည် ရှိ၏။ ဤသဘောကို အပြိုင်ပြုမှု 'ပဋ္ဌာသ'ဟု ဆိုအပ်၏။ (၂)

မနာလိုမှု 'ဣဿာ'

၈၉၃။ ထိုတွင် အဘယ်သည် မနာလိုမှု 'ဣဿာ' မည်သနည်း။

သူတစ်ပါးတို့၏ လာဘ်ရမှု၊ အရိုအသေခံရမှု၊ အလေးပြုခံရမှု၊ မြတ်နိုးခံရမှု၊ ရှိခိုးခံရမှု၊ ပူဇော်ခံရမှုတို့၌ အကြင် မနာလိုမှု 'ဣဿာ'၊ မနာလိုသော အခြင်းအရာ 'ဣဿာယနာ'၊ မနာလိုသောအဖြစ် 'ဣဿာယိတတ္တ'၊ ငြူစူမှု 'ဥသူယာ'၊ ငြူစူသောအခြင်းအရာ 'ဥသူယနာ'၊ ငြူစူသောအဖြစ် 'ဥသူယိတတ္တ'သည် ရှိ၏။ ဤသဘောကို မနာလိုမှု 'ဣဿာ'ဟု ဆိုအပ်၏။

ဝန်တိုမှု 'မစ္ဆရိယ'ထိုတွင် အဘယ်သည် ဝန်တိုမှု 'မစ္ဆရိယ' မည်သနည်း။

ဝန်တိုမှုမစ္ဆရိယငါးပါးတို့ကား ကျောင်း၌ ဝန်တိုမှု၊ အမျိုး (ဒါယကာ)၌ ဝန်တိုမှု၊ ပစ္စည်းလာဘ်၌ ဝန်တိုမှု၊ အဆင်း၌ ဝန်တိုမှု၊ တရား၌ ဝန်တိုမှုတို့တည်း။ ဤသို့သဘောရှိသော အကြင်ဝန်တိုမှု 'မစ္ဆရိယ'၊ ဝန်တိုသော အခြင်းအရာ 'မစ္ဆရာယနာ'၊ ဝန်တိုသောအဖြစ် 'မစ္ဆရာယိတတ္တ'၊ ပျံ့နှံ့ခြင်းဌာနအလို မရှိမှု 'ဝေဝိစ္ဆ'၊ ကပ်စေးနဲမှု 'ကဒရိယ'၊ ခါးစပ်မှု 'ကဋုကဋုကတာ'၊ ဝန်တိုသော စိတ်ကိုယူထားမှု 'စိတ္တဂ္ဂဟိတတ္တ' သည် ရှိ၏။ ဤသဘောကို ဝန်တိုမှု 'မစ္ဆရိယ'ဟု ဆိုအပ်၏။ (၃)

လှည့်ပတ်မှု 'မာယာ'

၈၉၄။ ထိုတွင် အဘယ်သည် လှည့်ပတ်မှု 'မာယာ' မည်သနည်း။

ဤလောကၦ၌ အချို့သူသည် ကိုယ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၍၊ နှုတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၍၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၍ ထို (မကောင်းသော အကျင့်) ကို ဖုံးလွှမ်းခြင်းဌာ ယုတ်မာသော အလိုကို ရှေ့ရှုထား၏။ ငါ့ကို မသိစေလင့်ဟု အလိုရှိ၏၊ ငါ့ကို မသိစေလင့်ဟုကြံစည်၏။ ငါ့ကို မသိစေလင့်ဟု စကားဆို၏၊ ငါ့ကို မသိစေလင့်ဟု ကိုယ်ဖြင့် လုံ့လပြု၏၊ ဤသို့သဘောရှိသော အကြင် လှည့်ပတ်မှု 'မာယာ'၊ လှည့်ပတ်သော အခြင်းအရာ 'မာယာဝိတာ'၊ ဖြားယောင်း မှု 'အစ္ဆာသရာ'၊ လိမ်လည်မှု 'ဝဉ္စနာ'၊ စဉ်းလဲမှု 'နိကတိ'၊ ဖရိဖရဲကျမှု 'ဝိကိရဏာ'၊ ပစ်ပယ်မှု 'ပရိဟရဏာ'၊ လျှို့ဝှက်မှု 'ဂူဟနာ'၊ ထက်ဝန်းကျင် လျှို့ဝှက်မှု 'ပရိဂူဟနာ'၊ ဖုံးလွှမ်းမှု 'ဆာဒနာ'၊ အထပ်ထပ်ဖုံးလွှမ်းမှု 'ပဋိစ္ဆာဒနာ'၊

မပေါ်လွင်အောင်ပြုမှု 'အနုတ္တာနိုကမ္မ'၊ ထင်စွာမပြုမှု 'အနာဝိကမ္မ'၊ အထူးဖုံးလွှမ်းခြင်း 'ဝေါ်ဆာဒနာ'၊ မကောင်းသော အပြုအမူ 'ပါပကိရိယာ' သည် ရှိ၏။ ဤသဘောကို လှည့်ပတ်မှု 'မာယာ'ဟု ဆိုအပ်၏။

ကောက်ကျစ်မှု 'သာဌေယျ'

ထိုတွင် အဘယ်သည် ကောက်ကျစ်မှု 'သာဌေယျ' မည်သနည်း။

ဤလောကၦ် အချို့သူသည် ကောက်ကျစ်၏၊ ထက်ဝန်းကျင် ကောက်ကျစ်၏၊ ထိုၦ် အကြင်ကောက်ကျစ်မှု 'သဌ'၊ ကောက်ကျစ်သော အခြင်းအရာ 'သဌတာ'၊ ကောက်ကျစ်သော အဖြစ် 'သာဌေယျ'၊ ကြမ်းတမ်းသော အခြင်းအရာ 'ကက္ကရတာ'၊ ကြမ်းတမ်းမှု 'ကက္ကရိယ'၊ (အပြစ်ကို) ကာကွယ်သော အခြင်းအရာ 'ပရိကၦတ္တတာ'၊ အပြစ်ကို ကာကွယ်မှု 'ပါရိကၦတ္တိယ' သည် ရှိ၏။ ဤသဘောကို ကောက်ကျစ်မှု 'သာဌေယျ'ဟု ဆိုအပ်၏။ (၄)

မသိမှု 'အဝိဇ္ဇာ'

၈၉၅။ ထိုတွင် အဘယ်သည် မသိမှု 'အဝိဇ္ဇာ' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ မသိမှုတံခါးကျင် 'အဝိဇ္ဇာလဂ်'၊ တွေဝေမှု 'မောဟ'ဟူသော အကုသိုလ်အမြစ်အရင်းသည် ရှိ၏။ ဤသဘောကို မသိမှု 'အဝိဇ္ဇာ' ဟု ဆိုအပ်၏။

ဘဝၦ် တပ်မက်မှု 'ဘဝတဏှာ' ထိုတွင် အဘယ်သည် ဘဝကို တပ်မက်မှု 'ဘဝတဏှာ' မည်သနည်း။

ဘဝတို့ၦ် အကြင်လိုချင်မှု 'ဘဝစ္ဆန္ဒ'၊ ဘဝၦ် တပ်မက်မှု 'ဘဝရာဂ'၊ ဘဝၦ် နှစ်သက်မှု 'ဘဝနန္ဒီ'၊ ဘဝၦ် တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝၦ် စေးကပ်မှု 'ဘဝသိနေဟ'၊ ဘဝၦ် ပူလောင်မှု 'ဘဝပရိဠာဟ'၊ ဘဝၦ် တွေဝေမှု 'ဘဝမုစ္ဆာ'၊ မျိုမတတ် ဘဝကို တပ်မက်မှု 'ဘဝဠောသာန'သည် ရှိ၏။ ဤသဘောကို ဘဝၦ် တပ်မက်မှု 'ဘဝတဏှာ'ဟု ဆိုအပ်၏။ (၅)

ဘဝမြိ၏ဟူသောအယူ 'ဘဝဒိဋ္ဌိ'

၈၉၆။ ထိုတွင် အဘယ်သည် "ဘဝသည် မြိ၏"ဟူသော အယူ 'ဘဝဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ဖြစ်လတ္တံ့"ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို ဘဝကို မြိ၏ဟူ၍ အယူရှိမှု 'ဘဝဒိဋ္ဌိ' ဟု ဆိုအပ်၏။

ဘဝပြတ်၏ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ'ထိုတွင် အဘယ်သည် "ဘဝသည် ကင်းပြတ်၏"ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မဖြစ်လတ္တံ့"ဟု ဤသို့သဘောရှိသော အကြင် မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။

ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို ဘဝကင်းပြတ်၏ဟူသော အယူ 'ဝိဘဝဒိဋ္ဌိ'ဟု ဆိုအပ်၏။ (၆)

မြဲ၏ဟူသောအယူ 'သဿတဒိဋ္ဌိ'

၈၉၇။ ထိုတွင် အဘယ်သည် မြဲ၏ဟူသော အယူ 'သဿတဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏"ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို မြဲ၏ဟူသောအယူ 'သဿတဒိဋ္ဌိ'ဟု ဆိုအပ်၏။

ပြတ်၏ဟူသောအယူ 'ဥစ္ဆေဒဒိဋ္ဌိ'ထိုတွင် အဘယ်သည် ပြတ်၏ဟူသော အယူရှိမှု 'ဥစ္ဆေဒဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း ပြတ်လတ္တံ့"ဟု ဤသို့သဘောရှိသောအကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို ပြတ်၏ဟူသော အယူ 'ဥစ္ဆေဒဒိဋ္ဌိ'ဟု ဆိုအပ်၏။ (၇)

အန္တဝါဒိဋ္ဌိ

၈၉၈။ ထိုတွင် အဘယ်သည် အဆုံးရှိ၏ဟူသောအယူ 'အန္တဝါဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အဆုံးရှိ၏"ဟု ဤသို့သဘောရှိသောအကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို အဆုံးရှိ၏ဟူသော အယူ 'အန္တဝါဒိဋ္ဌိ'ဟု ဆိုအပ်၏။

အနန္တဝါဒိဋ္ဌိထိုတွင် အဘယ်သည် ဘဝသည် အဆုံးမရှိဟူသောအယူ 'အနန္တဝါဒိဋ္ဌိ' မည်သနည်း။

"အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း အဆုံးမရှိ"ဟု ဤသို့သဘောရှိသောအကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာ သဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို အဆုံးမရှိဟူသော အယူ 'အန္တဝါဒိဋ္ဌိ'ဟု ဆိုအပ်၏။ (၈)

ပုဗ္ဗန္တာနုဒိဋ္ဌိ

၈၉၉။ ထိုတွင် အဘယ်သည် ရှေ့အဖို့သို့ အစဉ်လိုက်သောအယူ 'ပုဗ္ဗန္တာနုဒိဋ္ဌိ' မည်သနည်း။

ရှေ့အဖို့ကို အကြောင်းပြု၍ ဖြစ်သော အကြင် မှားသောအယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကိုရှေ့အဖို့သို့ အစဉ်လိုက်သောအယူ 'ပုဗ္ဗန္တာနုဒိဋ္ဌိ' ဟု ဆိုအပ်၏။

အပရန္တာနုဒိဋ္ဌ ထိုတွင်အဘယ်သည် နောက်အဖို့သို့ အစဉ်လိုက်သောအယူ 'အပရန္တာနုဒိဋ္ဌ' မည်သနည်း။

နောက်အဖို့ကို အကြောင်းပြု၍ ဖြစ်သော အကြင်မှားသော အယူ 'ဒိဋ္ဌ'၊ မှားသောအယူဖြစ်မှု 'ဒိဋ္ဌဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို နောက်အဖို့သို့ အစဉ်လိုက်သော အယူ 'အပရန္တာနုဒိဋ္ဌ'ဟု ဆိုအပ်၏။ (၉)

အရှက်မရှိမှု 'အဟိရိက'

၉၀၀။ ထိုတွင် အဘယ်သည် အရှက်မရှိမှု 'အဟိရိက' မည်သနည်း။

အကြင် သဘောသည် ရှက်သင့်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ ယုတ်မာသောအကုသိုလ်တရားတို့သို့ ရောက်ခြင်းကို မရှက်တတ်။ ဤသဘောကို အရှက်မရှိမှု 'အဟိရိက'ဟု ဆိုအပ်၏။

အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'ထိုတွင် အဘယ်သည် အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ' မည်သနည်း။

အကြင်သဘောသည် ကြောက်လန့်သင့်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တို့သို့ ရောက်ခြင်းမှ မကြောက်လန့်တတ်။ ဤသဘောကို အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'ဟု ဆိုအပ်၏။ (၁၀)

ဆုံးမခက်မှု 'ဒေါဝစဿတာ'

၉၀၁။ ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့်တကွ ဆိုဆုံးမသည်ရှိသော် ဆုံးမခက်သော အခြင်းအရာ 'ဒေါဝစဿာယ'၊ ဆုံးမခက်မှု 'ဒေါဝစဿိယ'၊ ဆုံးမခက်သည်၏အဖြစ် 'ဒေါဝစဿတာ'၊ ဆန့်ကျင်ဘက်ကို ယူလေ.ရှိမှု 'ဝိပ္ပဋိကုလဂ္ဂါဟိတာ'၊ ဆန့်ကျင်သည်ကို သာယာမှု 'ဝိပစ္စနီကသာတတာ'၊ မရှိသေမှု 'အနာဒရိယ'၊ မရှိသေသည်၏အဖြစ် 'အနာဒရတာ'၊ အလေးမပြုသည်၏ အဖြစ် 'အဂါရဝတာ'၊ မတုပ်ဝပ်သည်၏အဖြစ် 'အပ္ပတိဿဝတာ'သည် ရှိ၏။ ဤသဘောကို ဆုံးမခက်မှု 'ဒေါဝစဿတာ'ဟု ဆိုအပ်၏။

မကောင်းသောအဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ'ထိုတွင် အဘယ်သည် မကောင်းသော အဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တို ကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင်မှီဝဲခြင်းသည်၊ မပြတ်မှီဝဲခြင်း သည်၊ ကောင်းစွာ မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်း သည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏။ ဤသဘောကို မကောင်းသောအဆွေခင်ပွန်းရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။ (၁၁)

မဖြောင့်မတ်ခြင်း 'အနဇ္ဇဝ'

၉၀၂။ ထိုတွင် အဘယ်သည် မဖြောင့်မတ်ခြင်း 'အနဇ္ဇဝ' မည်သနည်း။

အကြင် မဖြောင့်မတ်ခြင်းသည်၊ မဖြောင့်မတ်သော အခြင်းအရာသည်၊ (လရေးကောက်=အဖျား နှစ်ဖက်) ့ကောက်ခြင်းသည်၊ (နွားသေးကောက်=အစအဆုံး) ကွေးခြင်းသည်၊ (ထယ်ကိုင်းကောက်=အဖျား တစ်ဖက်) ကိုင်းခြင်းသည် ရှိ၏။ ဤသဘောကို မဖြောင့်မတ်မှု 'အနဇ္ဇဝ' ဟု ဆိုအပ်၏။

မနူးညံ့ခြင်း 'အမဒ္ဒဝ'ထိုတွင် အဘယ်သည် မနူးညံ့ခြင်း 'အမဒ္ဒဝ' မည်သနည်း။

အကြင် မနူးညံ့ခြင်းသည်၊ မနူးညံ့သော အခြင်းအရာသည်၊ ခက်မာခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ ခက်မာတတ်သည်၏ အဖြစ်သည်၊ ခိုင်ခဲ့ခြင်းသည်၊ (မနှိမ့်ချဘဲ) စိတ်ဖြောင့်ရှိခြင်းသည်၊ မနူးညံ့ခြင်းသည် ရှိ၏။ ဤသဘောကို မနူးညံ့မှု 'အမဒ္ဒဝ'ဟု ဆိုအပ်၏။ (၁၂)

သည်းမခံမှု 'အက္ခန္တိ'

၉၀၃။ ထိုတွင် အဘယ်သည် သည်းမခံမှု 'အက္ခန္တိ' မည်သနည်း။

အကြင်သည်းမခံခြင်းသည်၊ သည်းမခံသော အခြင်းအရာသည်၊ ဆိတ်ဆိတ်မနေခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ စကားကို ကောင်းစွာ မပြောနိုင်ခြင်းသည်၊ စိတ်နလုံးမသာခြင်းသည် ရှိ၏။ ဤသဘောကိုသည်းမခံမှု 'အက္ခန္တိ' ဟု ဆိုအပ်၏။

မမွေ့လျော်မှု 'အသောရစ္စ'ထိုတွင် အဘယ်သည် ကောင်းသောအမှုဌ် မမွေ့လျော်မှု 'အသောရစ္စ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်းသည်၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်းသည်၊ ကိုယ်နှုတ် ဖြင့်ပြုအပ်သော လွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကို ကောင်းသောအမှုဌ် မမွေ့လျော်မှု 'အသောရစ္စ'ဟု ဆိုအပ်၏။ သီလမရှိမှုအလုံးစုံကိုလည်းကောင်းသော အမှုဌ် မမွေ့လျော်မှု 'အသောရစ္စ'ဟု ဆိုအပ်၏။ (၁၃)

မပြေပြစ်သောစကား 'အသာခလျ'

၉၀၄။ ထိုတွင် အဘယ်သည် မပြေပြစ်သောစကား 'အသာခလျ' မည်သနည်း။

အကြင် စကားသည် ကြမ်းတမ်း၏၊ မချောမွတ်၊ သူတစ်ပါးနှားဌ် ခါးစပ်၏၊ သူတစ်ပါးကို ငြိုကပ်တတ်၏၊ အမျက်ထွက်မှုနှင့် နီး၏၊ မတည်ကြည်ခြင်းကို ဖြစ်စေတတ်၏၊ ထိုသို့သဘောရှိသော စကားကိုဆို၏။ ထိုဌ် အကြင် မသိမ်မွေ့သောစကား၊ မပြေပြစ်သောစကား၊ ကြမ်းတမ်းသော စကားသည် ရှိ၏။ ဤသဘောကို မပြေပြစ်သောစကား 'အသာခလျ' ဟု ဆိုအပ်၏။

မစေ့စပ်မှု 'အပ္ပဋိသန္ထာရ'ထိုတွင် အဘယ်သည် မစေ့စပ်မှု 'အပ္ပဋိသန္ထာရ' မည်သနည်း။

စေ့စပ်ခြင်းတို့ကား ပစ္စည်းအာမိသဖြင့် စေ့စပ်ခြင်း 'အာမိသပဋိသန္ထာရ'၊ တရားမမှုဖြင့် စေ့စပ်ခြင်း 'ဓမ္မပဋိသန္ထာရ'ဟူ၍ နှစ်ပါးရှိ၏။ ဤလောကဌ် အချို့သူသည် ပစ္စည်းအာမိသဖြင့် စေ့စပ်ခြင်းဖြင့်သော်လည်းကောင်း တရားမမှုဖြင့်စေ့စပ်ခြင်းဖြင့်သော်လည်းကောင်း မစေ့စပ်တတ်၊ ဤသဘောကို မစေ့စပ်မှု 'အပ္ပဋိသန္ထာရ' ဟု ဆိုအပ်၏။ (၁၄)

ဣန္ဒြေမစောင့်ထိန်းမှု

၉၀၅။ ထိုတွင် အဘယ်သည် ဣန္ဒြေတို့၌ တံခါးကို မစောင့်ရှောက်မှု မည်သနည်း။

ဤလောကခ္ဍ အချို့သူသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ားမိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ် လက္ခဏာကို စွဲယူလေ့ရှိ၏။ အကြင်စက္ခုဣန္ဒြေကိုမစောင့်စည်းခြင်းတည်းဟူသောအကြောင်းကြောင့် စက္ခုဣန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကိုမက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စက်ကုန်ရာ၏။ ထိုစက္ခုဣန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ စက္ခုဣန္ဒြေကို မစောင့်ရှောက်၊ စက္ခုဣန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖေါ၇ဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ားမိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်ခြင်းစသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သောယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စက်ကုန်ရာ၏။ ထိုမနိန္ဒြေကိုစောင့်ရှောက် ခြင်းငှါ မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ မရောက်။ ဤဣန္ဒြေ ခြောက်ပါးတို့ကို အကြင်မလုံခြုံစေခြင်းသည် မလုံခြုံစေသော အခြင်းအရာသည်၊ မစောင့်ရှောက်ခြင်းသည်၊ မပိတ်ပင်ခြင်းသည် ရှိ၏။ ဤသဘောကို ဣန္ဒြေတို့၌ တံခါးကိုမစောင့်ရှောက်ခြင်းဟု ဆိုအပ်၏။

ဘောဇဉ်၌ အတိုင်းအရှည်မသိမှုထိုတွင် အဘယ်သည် ဘောဇဉ်၌ အတိုင်းအရှည်မသိမှု မည်သနည်း။

ဤလောကခ္ဍ အချို့သူသည် မသင့်သော အကြောင်းအားဖြင့် (ပညာဖြင့်) မဆင်ခြင်မူ၍ မြူးထူးနိုင်ရန်အလို့ငှါ ယစ်မူးနိုင်ရန်အလို့ငှါ ခန္ဓာကိုယ်ပြည့်ဖြိုးရန်အလို့ငှါ အသားအရေ ကြည်လင်ရန်အလို့ငှါ အစာအာဟာရကို စားသောက်၏။ ထိုတွင် ဘောဇဉ်၌ အကြင် မရောင့်ရဲခြင်းသည် အတိုင်းအရှည်ကို မသိခြင်းသည် ဘောဇဉ်၌ မဆင်ခြင်ခြင်းသည် ရှိ၏။ ဤသဘောကို ဘောဇဉ်၌ အတိုင်းအရှည်ကို မသိမှုဟု ဆိုအပ်၏။ (၁၅)

သတိလွတ်မှု 'မုဋ္ဌဿစ္စ'

၉၀၆။ ထိုတွင် အဘယ်သည် သတိလွတ်မှု 'မုဋ္ဌဿစ္စ' မည်သနည်း။

အကြင် မအောက်မေ့မှု 'အဿတိ'၊ အဖန်ဖန်မအောက်မေ့မှု 'အနနုဿတိ'၊ အထပ်ထပ် မအောက် မေ့မှု 'အပ္ပဋိဿတိ'၊ မအောက်မေ့မှု 'အဿတိ'၊ မအောက်မေ့သော အခြင်းအရာ

'အသရဏတာ'၊ မဆောင်နိုင်သော အခြင်းအရာ 'အဓရဏတာ'၊ ပေါ်သောအခြင်းအရာ 'ပိလာပနတာ'၊ မေ့သောအခြင်းအရာ 'သမ္မုသနတာ'သည် ရှိ၏။ ဤသဘောကို သတိလွတ်မှု 'မုဋ္ဌဿစ္စ' ဟု ဆိုအပ်၏။

ပညာမရှိမှု 'အသမ္ဘေည'ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္ဘေည' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ မသိမှုတံခါးကျင် 'အဝိဇ္ဇာလင်္ဂီ'၊ အကုသိုလ်တို့၏အခြေအမြစ်ဖြစ်သော တွေဝေမှု 'မောဟအကုသလမူလ'သည် ရှိ၏။ ဤသဘောကို ပညာမရှိမှု 'အသမ္ဘေည'ဟု ဆိုအပ်၏။ (၁၆)

သီလပျက်စီးမှု 'သီလဝိပတ္တိ'

၉၀၇။ ထိုတွင် အဘယ်သည် သီလပျက်စီးမှု 'သီလဝိပတ္တိ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးမှု၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးမှု၊ ကိုယ်နှုတ်ဖြင့် ပြုအပ်သောလွန်ကျူးမှုသည် ရှိ၏။ ဤသဘောကို သီလပျက်စီးမှု 'သီလဝိပတ္တိ'ဟု ဆိုအပ်၏။ သီလမရှိခြင်း အလုံးစုံကိုလည်း 'သီလဝိပတ္တိ'ဟု ဆိုအပ်၏။

အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ'ထိုတွင် အဘယ်သည် အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ' မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း အကျိုးသည် မရှိ။ပ။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက် ပြုကာ ပြောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့် ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောကၽ် မရှိကုန်ဟု ဤသို့သဘောရှိသောမှားသော အယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှုသည် ရှိ၏။ ဤသဘောကို အယူပျက်စီးမှု 'ဒိဋ္ဌိဝိပတ္တိ' ဟု ဆိုအပ်၏။ မှားသောအယူ အလုံးစုံကိုလည်း 'ဒိဋ္ဌိဝိပတ္တိ'ဟု ဆိုအပ်၏။ (၁၇)

အဗ္ဗတ္တသံယောဇဉ်

၉၀၈။ ထိုတွင် အဘယ်သည် အတွင်းသန္တာန်၌ ဖြစ်သော 'အဗ္ဗတ္ထ'သံယောဇဉ် မည်သနည်း။

အောက်မဂ်သည် ပယ်အပ်သော သံယောဇဉ်ငါးပါးတို့သည် အတွင်းသန္တာန်၌[1]ဖြစ်သော 'အဗ္ဗတ္ထ'သံယောဇဉ်တည်း။

အထက်မဂ်သည် ပယ်အပ်သော သံယောဇဉ်ငါးပါးတို့သည် အပသန္တာန်၌[2]ဖြစ်သော 'ဗဟိဒ္ဓ'သံယောဇဉ်တည်း။ (၁၈)

နှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

၁။ အသုရောပ ရှိလျှင် မျက်ရည်ယိုမှုဟု ပြန်လေ၊ မူကွဲ
၂။ "အတွင်းသန္တာန်၌ ဖြစ်"ဟူသည် ကာမဘဝတည်း။
၃။ "အပသန္တာန်၌ ဖြစ်"ဟူသည် ရူပဘဝ အရူပဘဝတို့တည်း။ သမ္မော၊ ၌။ ၄ ၇၆။

♣

၃–တိကနိဒ္ဒေသ

(သုံးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) အကုသိုလ်အခြေအမြစ်သုံးပါး

၉၀၉။ ထိုတွင် အဘယ်တို့သည် အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသုံးပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ' တို့တည်း။

လိုချင်မှု 'လောဘ'။ ။ ထိုတွင် အဘယ်သည် လိုချင်မှု 'လောဘ' မည်သနည်း။

အကြင်တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ အဖန်ဖန်ဆွဲဆောင်မှု 'အနုနယ'၊ မဆန့်ကျင်မှု 'အနုရောဓ'၊ နှစ်သက်မှု 'နန္ဒိ'၊ နှစ်သက်တပ်မက်မှု 'နန္ဒိရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'၊ လိုလားမှု 'ဣစ္ဆာ'၊ တပ်မက် တွေဝေမှု 'မုစ္ဆာ'၊ မျိုမတတ်တပ်မက်မှု 'အဇ္ဈောသာန'၊ ဆာလောင်မှု 'ဂေဓ'၊ ထက်ဝန်းကျင်ဆာလောင်မှု 'ပရိဂေဓ'၊ တွယ်တာမှု 'သဂ'၊ စေးကပ်မှု 'ပင်္ကံ'၊ ဆွဲငင်မှု 'ဇေါ'၊ လှည့်ပတ်မှု 'မာယာ'၊ ဖြစ်စေမှု 'ဇနိကာ'၊ ကောင်းစွာ ဖြစ်စေမှု 'သဉ္ဇနနီ'၊ ချုပ်စပ်မှု 'သိဒ္ဓိနီ'၊ ဖွဲ့ယှက်မှု 'ဇာလိနီ'၊ အောက်မေ့စီးဆင်းမှု 'သရိတာ'၊ စွဲငြိမှု 'ဝိသတ္တိကာ'၊ ယိုစီးမှု 'သေါတ'၊ ပျံ့နှံ့တပ်မက်မှု 'ဝိသဋ္ဌာ'၊ (အာရုံကို) ရရန်အားထုတ်မှု 'အာယူဟနီ'၊ အဖော်ဖြစ်မှုသဘော 'ဒုတိယာ'၊ တောင့်တမှု 'ပဏိဓိ'၊ ဘဝ၌ နှောင်ဖွဲ့တတ်သော ကြိုးနှင့်တူသော သဘော 'ဘဝနေတ္တိ'၊ တောနှင့်တူသော သဘော 'ဝန'၊ တောကြီးနှင့်တူသော သဘော 'ဝနထ'၊ ပေါင်းဖော်ခြင်းသဘော 'သန္ထဝ'၊ စေးကပ်ခြင်း သဘော 'သိနေဟ'၊ ငဲ့ကွက်ခြင်းသဘော 'အပေက္ခာ'၊ အထပ်ထပ်နှောင်ဖွဲ့ခြင်းသဘော 'ပဋိဗန္ဓု'၊ လိုချင်မှု'အာသာ'၊ လိုချင်သော အခြင်းအရာ 'အာသီသနာ'၊ လိုချင်တတ်သည်၏ အဖြစ် 'အာသီသိတတ္တ'၊ ရူပါရုံကို လိုချင်မှု 'ရူပါသာ'၊ သဒ္ဒါရုံကို လိုချင်မှု 'သဒ္ဒါသာ'၊ ဂန္ဓာရုံကို လိုချင်မှု 'ဂန္ဓာသာ'၊ ရသာရုံကိုလိုချင်မှု 'ရသာသာ'၊ ဖောဋ္ဌဗ္ဗာရုံကို လိုချင်မှု 'ဖောဋ္ဌဗ္ဗာသာ'၊ လာဘ်ကို လိုချင်မှု 'လာဘာသာ'၊ ဥစ္စာကိုလိုချင်မှု 'ဓနာသာ'၊ သားသမီးကို လိုချင်မှု 'ပုတ္တာသာ'၊ အသက်ကို လိုချင်မှု 'ဇီဝိတာသာ'၊ ငါ့ဥစ္စာဟုပြောဆို စေတတ်သော သဘော 'ဧပွါ'၊ အလွန်ပြောဆိုစေတတ်သော သဘော 'အဘိဧပွါ'၊ ပြောဆိုစေတတ်သော အခြင်းအရာ 'ဧပွနာ'၊ ပြောဆိုစေတတ်သည်၏အဖြစ် 'ဧပွိတတ္တ'၊ အာရုံ၌ လုယက်ခြင်းသဘော 'လောလုပ္ပ'၊ အာရုံ၌ လုယက်သောအခြင်းအရာ 'လောလုပ္ပါယနာ'၊ အာရုံ၌ လုယက်တတ်သည်၏အဖြစ် 'လောလုပ္ပါယိတတ္တ'၊ အမြီးနန့်သကဲ့သို့ ဖြစ်သောသဘော 'ပုစ္ဆဋ္ဌိကတာ'၊ အကောင်းကြိုက်မှု 'သာဒုကမျတာ'၊ မတရား တပ်မက်မှု 'အဓမ္မရာဂ'၊ အဆမတန်လိုချင်မှု 'ဝိသမလောဘ'၊ နှစ်သက်မှု 'နိကန္တိ'၊ နှစ်သက်သော အခြင်းအရာ 'နိကာမနာ'၊ မျှော်လင့်မှု 'ပတ္ထနာ'၊ ချစ်ခင်မှု 'ပိဟနာ'၊ အလွန်မျှော်လင့်မှု 'သမ္ပတ္ထနာ'၊ ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'၊ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ခြင်း၌ တပ်မက်မှု 'နိရောဓတဏှာ'၊ အသံ၌ တပ်မက်မှု 'သဒ္ဒတဏှာ'၊ အနံ့၌ တပ်မက်မှု 'ဂန္ဓတဏှာ'၊ အရသာ၌ တပ်မက်မှု 'ရသတဏှာ'၊

အတွေ့.၌ တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ'၊ တရား၌ တပ်မက်မှု 'ဓမ္မတဏှာ'၊ ဝဋ္ဋဆင်းရဲ၌ နစ်မြုပ်စေခြင်းသဘော 'သြဃ'၊ ယှဉ်စေခြင်းသဘော 'ယောဂ'၊ ထုံးဖွဲ့.ခြင်းသဘော 'ဂန္ထ'၊ စွဲလန်းမှုသဘော 'ဥပါဒါန်'၊ ပိတ်ပင်ခြင်းသဘော 'အာဝရဏ'၊ တားမြစ်ခြင်းသဘော 'နီဝရဏ'၊ ဖုံးကွယ်ခြင်းသဘော 'ဆဒန'၊ နှောင်ဖွဲ့.ခြင်းသဘော 'ဗန္ဓန'၊ ညစ်နွမ်းစေတတ်သောသဘော 'ဥပက္လိလေသ'၊ ဖြစ်ပေါ်တတ်သောသဘော 'အနုသယ'၊ ထကြွတတ်သောသဘော 'ပရိယုဋ္ဌာန'၊ ရစ်ပတ်တတ်သော သဘော 'လတာ'၊ အမျိုးမျိုးအလိုရှိခြင်းသဘော 'ဝေဝိစ္ဆ'၊ ဆင်းရဲမှု၏ အခြေအမြစ် 'ဒုက္ခမူလ'၊ ဆင်းရဲမှု၏ အကြောင်းရင်း 'ဒုက္ခနိဒါန'၊ ဆင်းရဲမှု၏ အမွန်အစ 'ဒုက္ခပွဘဝ'၊ မာရ်မင်းကျော့ကွင်း 'မာရပါသ'၊ မာရ်မင်းငါးမျှားချိတ် 'မာရဗဇ္ဈသ'၊ မာရ်မင်း၏ နယ်ပယ် 'မာရဝိသယ'၊ တပ်မက်မှုတဏှာမြစ် 'တဏှာနဒီ'၊ တပ်မက်မှုကွန်ရက် 'တဏှာဇာလ'၊ တပ်မက်မှုတဏှာတောက် 'တဏှာဂဒ္ဒုလ'၊ တပ်မက်မှုတဏှာသမုဒ္ဒရာ 'တဏှာသမုဒ္ဒ'၊ လိုချင်မက်မောမှု 'အဘိဇ္ဈာ'၊ လိုချင်မှု 'လောဘ'ဟူသော အကုသိုလ်တို့၏ အခြေအမြစ် အရင်းမူလသည် ရှိ၏။ ဤသဘောကို လိုချင်မှု 'လောဘ'ဟု ဆိုအပ်၏။

ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'။ ။ ထိုတွင် အဘယ်သည် ဖျက်ဆီးပြစ်မှားမှု 'ဒေါသ' မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့.မှု 'အာဃာတ'သည် ဖြစ်၏။ ငါ၏ အကျိုးမဲ့ကို ပြုကျင့် ဆဲဟုရန်ငြိုးဖွဲ့.မှု 'အာဃာတ'သည် ဖြစ်၏။ ငါ၏အကျိုးမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့.မှု 'အာဃာတ' သည်ဖြစ်၏။ ငါ့ ချစ်သူ ခင်မင်သူ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု။ပ။ အကျိုးမဲ့ကို ပြုကျင့်ဆဲဟု။ပ။ အကျိုးမဲ့ကိုပြုကျင့်လတ္တံ့.ဟု ရန်ငြိုးဖွဲ့.မှု 'အာဃာတ'သည် ဖြစ်၏။ ငါမချစ်သူ မခင်မင်သူ၏ အကျိုး စီးပွါးကိုပြုကျင့်ခဲ့ပြီဟု။ပ။ အကျိုးစီးပွါးကို ပြုကျင့်ဆဲဟု။ပ။ အကျိုးစီးပွါးကို ပြုကျင့်လတ္တံ့.ဟု ရန်ငြိုးဖွဲ့.မှု 'အာဃာတ'သည် ဖြစ်၏။ အရာမဟုတ်သည်၌ လည်း ရန်ငြိုးဖွဲ့.မှု 'အာဃာတ'သည် ဖြစ်၏။ ဤသို့.သဘောရှိသော စိတ်၏ အကြင်ရန်ငြိုးဖွဲ့.မှု 'အာဃာတ'၊ အထပ်ထပ်ရန်ငြိုးဖွဲ့.မှု 'ပဋ္ဌိဃာတ'၊ ထိပါးမှု 'ပဋ္ဌိဃ'၊ အလွန်ဆန့်ကျင်မှု 'ပဋ္ဌိဝိရောဓ'၊ စိတ်ဆိုးမှု 'ကောပ'၊ အလွန်စိတ်ဆိုးမှု 'ပကောပ'၊ ပြင်းစွာစိတ်ဆိုးမှု 'သမ္မကောပ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ လွန်စွာဖျက်ဆီး ပြစ်မှားမှု 'ပဒေါသ'၊ ပြင်းစွာဖျက်ဆီးပြစ်မှားမှု 'သမ္မဒေါသ'၊ စိတ်ဖောက်ပြန်မှု 'စိတ္တဗျာပတ္တိ'၊ စိတ်ပျက်စီးမှု 'မနောပဒေါသ'၊ အမျက်ထွက်မှု 'ကောဓ'၊ အမျက်ထွက်သော အခြင်းအရာ 'ကုဗ္ဗနာ'၊ အမျက်ထွက်သည်၏ အဖြစ် 'ကုဗ္ဗိတတ္တ'၊ ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'၊ ဖျက်ဆီးပြစ်မှားသော အခြင်းအရာ 'ဒုဿနာ'၊ ဖျက်ဆီးပြစ်မှားသည်၏အဖြစ် 'ဒုဿိတတ္တ'၊ ဖောက်ပြန်ပျက်စီးမှု 'ဗျာပတ္တိ'၊ ဖောက်ပြန်ပျက်စီးသော အခြင်းအရာ 'ဗျာပဇ္ဇနာ'၊ ဖောက်ပြန်ပျက်စီးသည်၏ အဖြစ် 'ဗျာပဇ္ဇိတတ္တ'၊ ဆန့်ကျင်မှု 'ဝိရေဓ'၊ အထပ်ထပ်ဆန့်ကျင်မှု 'ပဋ္ဌိဝိရောဓ'၊ ကြမ်းတမ်းမှု 'စဏ္ဍိက္ကာ'၊ ကောင်းစွာ မပြောဆိုနိုင်ခြင်း 'အသုရောပ'၊ စိတ်မနှစ်လိုမှု 'အနတ္တမနတာ' သည် ရှိ၏။ ဤသဘောကို ဖျက်ဆီးပြစ်မှားမှု 'ဒေါသ'ဟု ဆိုအပ်၏။

တွေဝေမှု 'မောဟ'။ ။ ထိုတွင် အဘယ်သည် တွေဝေမှု 'မောဟ' မည်သနည်း။

ဆင်းရဲခြင်း၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ၌ မသိမှု၊ ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း အကျင့်၌ မသိမှု၊ ရှေ့အဖို့၌ မသိမှု၊ နောက်အဖို့၌ မသိမှု၊ ရှေ့နောက်အဖို့၌ မသိမှု၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော အကျိုးတရား (ဟူသော ပဋ္ဌိစ္စသမုပ္ပါဒ်) တို့၌ မသိမှုသည် ရှိ၏။ ဤသို့.သဘောရှိသော အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။

အဝိဇ္ဇာတည်းဟူသော တံခါးကျင် 'အဝိဇ္ဇာလင်'၊ တွေဝေမှု 'မောဟ'ဟူသော အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသည် ရှိ၏။ ဤသဘောကို တွေဝေမှု "မောဟ"ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်တို့၏ အခြေအမြစ်အရင်းမူလသုံးပါးတို့တည်း။

(၂) အကုသိုလ်ဝိတက်သုံးပါး

၉၁၀။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ဝိတက်သုံးပါးတို့နည်း။ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့တည်း။

ကာမဝိတက်။ ။ ထိုတွင် အဘယ်သည် ကာမဝိတက် မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားယွင်းသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ကာမဝိတက်ဟု ဆိုအပ်၏။

ဗျာပါဒဝိတက်။ ။ ထိုတွင် အဘယ်သည် ဗျာပါဒဝိတက် မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားယွင်းသောကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို ဗျာပါဒဝိတက်ဟု ဆိုအပ်၏။

ဝိဟိံသာဝိတက်။ ။ ထိုတွင် အဘယ်တို့သည် ဝိဟိံသာဝိတက် မည်သနည်း။

ညှဉ်းဆဲမှု 'ဝိဟိံသာ'နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားယွင်းသောကြံစည်မှု "မိစ္ဆာသင်္ကပ္ပ"သည် ရှိ၏။ ဤသဘောကို ဝိဟိံသာဝိတက်ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်ဝိတက်သုံးပါးတို့တည်း။

(၃) အကုသိုလ်သညာသုံးပါး

၉၁၁။ ထိုတွင် အဘယ်တို့သည် အကုသိုလ်သညာသုံးပါးတို့နည်း။ ကာမသညာ, ဗျာပါဒသညာ, ဝိဟိံသာသညာ တို့တည်း။

ကာမသညာ။ ။ ထိုတွင် အဘယ်သည် ကာမသညာ မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဠာယတန'၊ မှတ်သားသည်၏အဖြစ် 'သဠာယတနိတ္တ'သည် ရှိ၏။ ဤသဘောကို 'ကာမသညာ'ဟု ဆိုအပ်၏။

ဗျာပါဒသညာ။ ။ ထိုတွင် အဘယ်သည် ဗျာပါဒသညာ မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ'နှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဠာယတန'၊ မှတ်သားသည်၏အဖြစ် 'သဠာယတနိတ္တ' သည် ရှိ၏။ ဤသဘောကို 'ဗျာပါဒသညာ' ဟု ဆိုအပ်၏။

ဝိဟိံသာသညာ။ ။ ထိုတွင် အဘယ်သည် ဝိဟိံသာသညာ မည်သနည်း။

'ညှဉ်းဆဲမှု' ဝိဟိံသာနှင့် စပ်သော မှတ်သားမှု 'သညာ'၊ မှတ်သားသော အခြင်းအရာ 'သဠာယတန'၊ မှတ်သားသည်၏အဖြစ် 'သဠာယတနိတ္တ'သည် ရှိ၏။ ဤသဘောကို 'ဝိဟိံသာသညာ' ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်သညာသုံးပါးတို့တည်း။

(၄) အကုသိုလ်ဓာတ်သုံးပါး

၉၁၂။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ဓာတ်သုံးပါးတို့နည်း။ ကာမဓာတ်, ဗျာပါဒဓာတ်, ဝိဟိံသာဓာတ်တို့တည်း။

ကာမဓာတ်။ ။ ထိုတွင် အဘယ်သည် ကာမဓာတ် မည်သနည်း။

ကာမဝိတက်သည် ကာမဓာတ်မည်၏။

ဗျာပါဒဓာတ်။ ။ ဗျာပါဒဝိတက်သည် ဗျာပါဒဓာတ်မည်၏။

ဝိဟိံသာဓာတ်။ ။ ဝိဟိံသာဝိတက်သည် ဝိဟိံသာဓာတ်မည်၏။ ထိုတွင် အဘယ်သည် "ကာမဝိတက်" မည်သနည်း။

လိုချင်မှု 'ကာမ'နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ကာမဝိတက်"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "ဗျာပါဒဝိတက်" မည်သနည်း။

ပျက်စီးစေလိုမှု 'ဗျာပါဒ' နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားသောကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ဗျာပါဒဝိတက်"ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "ဝိဟိံသာဝိတက်" မည်သနည်း။

ညှဉ်းဆဲမှု 'ဝိဟိံသာ'နှင့် စပ်သော ကြံစည်မှု 'တက္ကာ'၊ အထူးကြံစည်မှု 'ဝိတက္ကာ'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'သည် ရှိ၏။ ဤသဘောကို "ဝိဟိံသာဝိတက်" ဟု ဆိုအပ်၏။

ဤသည်တို့သည် အကုသိုလ်ဓာတ်သုံးပါးတို့တည်း။

(၅) ဒုစရိုက် ၃-ပါး

၉၁၃။ ထိုတွင် အဘယ်တို့သည် ဒုစရိုက်သုံးပါးတို့နည်း။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'၊ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်' တို့တည်း။

ကာယဒုစရိုက်။ ။ ထိုတွင် အဘယ်သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်' မည်သနည်း။

အသက်ကို သတ်ခြင်းသည်၊ မပေးသည်ကို ယူခြင်းသည်၊ ကာမဂုဏ်တို့၌ မှားသော ကျင့်ခြင်းသည် ရှိ၏။ ဤသဘောကို ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်'ဟု ဆိုအပ်၏။

ဝစီဒုစရိုက်။ ။ ထိုတွင် အဘယ်သည် နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' မည်သနည်း။

မမှန်သည်ကို ပြောဆိုခြင်းသည်၊ ကုန်းစကားကို ပြောဆိုခြင်းသည်၊ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်းသည်၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းသည် ရှိ၏။ ဤသဘောကို နှုတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' ဟု ဆိုအပ်၏။

မနောဒုစရိုက်။ ။ ထိုတွင် အဘယ်သည် စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်' မည်သနည်း။

သူတစ်ပါးပစ္စည်းကို မတရားလိုချင်တပ်မက်မှု 'အဘိဇ္ဈာ'၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'၊ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'သည် ရှိ၏။ ဤသဘောကို စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'မနောဒုစရိုက်'ဟု ဆိုအပ်၏။

တစ်နည်း ဒုစရိုက် ၃–ပါး

ထိုတွင် အဘယ်သည် ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် 'ကာယဒုစရိုက်' မည်သနည်း။

အကုသိုလ် ကာယကံသည် ကာယဒုစရိုက်မည်၏၊ အကုသိုလ် ဝစီကံသည် ဝစီဒုစရိုက်မည်၏။

အကုသိုလ် မနောကံသည် မနောဒုစရိုက်မည်၏။ ထိုတွင် အဘယ်သည် အကုသိုလ် ကာယကံ မည်သနည်း။

အကုသိုလ်ဖြစ်သော ကိုယ်၌ ဖြစ်သည့် စေတနာသည် အကုသိုလ်ကာယကံ မည်၏။ အကုသိုလ် ဖြစ်သောနှုတ်၌ ဖြစ်သည့် စေတနာသည် အကုသိုလ်ဝစီကံ မည်၏။ အကုသိုလ်ဖြစ်သော စိတ်၌ ဖြစ်သည့်စေတနာသည် အကုသိုလ်မနောကံမည်၏။ ဤသည်တို့သည် ဒုစရိုက်သုံးပါးတို့တည်း။

(၆) အလွန်ယိုစီးမှု 'အာသဝတရား' သုံးပါး။

ဇ၁၄။ ထိုတွင် အဘယ်တို့သည် အလွန်ယိုစီးမှု 'အာသဝ' သုံးပါးတို့နည်း။ ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'၊ (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ'၊ မသိမှု 'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ'တို့တည်း။

ကာမာသဝ။ ။ ထိုတွင် အဘယ်သည် ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင် လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ လိုချင်တပ်စွန်းမှု 'ကာမရာဂ'၊ လိုချင်နှစ်သက်မှု 'ကာမနန္ဒီ'၊ လိုချင်တပ်မက်မှု 'ကာမတဏှာ'၊ လိုချင်ကပ်ငြိမှု 'ကာမသိနေဟ'၊ လိုချင်ပူလောင်မှု 'ကာမပရိဠာဟ'၊ လိုချင်မိန်းမောမှု 'ကာမမုစ္ဆာ'၊ မျိုမတတ်လိုချင်မှု 'ကာမဇ္ဈောသာန'သည် ရှိ၏။ ဤသဘောကို ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'ဟု ဆိုအပ်၏။

ဘဝါသဝ။ ။ ထိုတွင် အဘယ်သည် (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ' မည်သနည်း။

ရူပဘဝ အရူပဘဝတို့၌ အကြင် လိုချင်တောင့်တမှုဘဝဆန္ဒ။ပ။ ဘဝကို မျိုမတပ် လိုချင်မှု 'ဘဝဠောသာန' သည် ရှိ၏။ ဤသဘောကို (ရူပ, အရူပ) ဘဝ၌ တပ်မက်မှုဟူသောယိုစီးခြင်း 'ဘဝါသဝ'ဟု ဆိုအပ်၏။

အဝိဇ္ဇာသဝ။ ။ ထိုတွင် အဘယ်သည် မသိမှုအဝိဇ္ဇာဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ' မည်သနည်း။

ဆင်းရဲမှုဒုက္ခသစ္စာ၌ မသိမှု 'အညာဏ'။ပ။ တံခါးကျင်နှင့်တူသော မသိမှု 'အဝိဇ္ဇာလဂိ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော မသိမှု 'မောဟအကုသလမူလ'သည် ရှိ၏။ ဤသဘောကို မသိမှုအဝိဇ္ဇာဟူသော ယိုစီခြင်း 'အဝိဇ္ဇာသဝ' ဟု ဆိုအပ်၏။

ဤသည်တို့သည် အလွန်ယိုစီးမှုအာသဝတရားသုံးပါးတို့တည်း။

(၇) သံယောဇဉ် သုံးပါး

၉၁၅။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်သုံးပါးတို့နည်း။

ထင်ရှားရှိသော ခန္ဓာကိုယ်၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ ယုံမှားမှု 'ဝိစိကိစ္ဆာ'၊ (ခွေး, နွားစသည်တို့၏) အလေ့အကျင့်တို့ကို (ကိလေသာစင်ကြယ်ကြောင်းဟု) မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ' တို့တည်း။

သက္ကာယဒိဋ္ဌိ။ ။ ထိုတွင် အဘယ်သည် သက္ကာယဒိဋ္ဌိ မည်သနည်း။

ဤသာသနာတော်၌ အကြားအမြင်နည်းပါးသော၊ အရိယာတို့ကို ဖူးမြင်လေ့မရှိသော၊ အရိယာ တရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော၊ သူတော်ကောင်း တရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကိုအတ္တဟု ရှု၏၊ အတ္တကို ရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ အတ္တဟုလည်း ရှု၏၊ ဤသို့သဘောရှိသော အကြင် မှားသောအမြင် 'ဒိဋ္ဌိ'၊ မှားသောအယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို 'သက္ကာယဒိဋ္ဌိ' ဟု ဆိုအပ်၏။

ဝိစိကိစ္ဆာ။ ။ ထိုတွင် အဘယ်သည် ယုံမှားမှု 'ဝိစိကိစ္ဆာ' မည်သနည်း။

ဘုရား၌ ယုံမှား၏၊ တရား၌ ယုံမှား၏၊ သံဃာ၌ ယုံမှား၏၊ ကျင့်ဝတ် (သိက္ခာ)၌ ယုံမှား၏၊ ရှေ့အစွန်း၌ ယုံမှား၏၊ နောက်အစွန်း၌ ယုံမှား၏၊ ရှေ့အစွန်း နောက်အစွန်း၌ ယုံမှား၏၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်မှု 'ပဋိစ္စသမုပ္ပါဒ'တရားတို့၌ ယုံမှား၏၊ ဤသို့သဘောရှိသော အကြင်ယုံမှားမှု 'ကင်္ခါ'၊ ယုံမှားသော အခြင်းအရာ 'ကင်္ခါယနာ'၊ ယုံမှားတတ်သည်၏အဖြစ် 'ကင်္ခါယိတတ္တ'၊ စိတ်ခက်တရော်ဖြစ်မှု 'စိတ္တထမ္ဘိတတ္တ'၊ နှလုံးအရေးအကြောင်းဖြစ်မှု 'မနောဝိလေခ'သည် ရှိ၏၊ ဤသဘောကို ယုံမှားမှု 'ဝိစိကိစ္ဆာ' ဟု ဆိုအပ်၏။

သီလဗ္ဗတပရာမာသ။ ။ ထိုတွင် အဘယ်သည် 'သီလဗ္ဗတပရာမာသ' မည်သနည်း။

ဤသာသနာတော်မှ အပဖြစ်သော သမဏဗြဟ္မဏတို့၏ (နွားခွေးစသည်တို့၏) အလေ့ 'သီလ' ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွားခွေးစသည်တို့၏) အကျင့် 'ဝတ'ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွားခွေး စသည်တို့၏) အလေ့အကျင့် 'သီလဗွတ'ဖြင့် (ကိလေသာ) စင်ကြယ်၏ဟု ဤသို့သဘောရှိသောအကြင် မှားသောအယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို 'သီလဗွတပရာမာသ'ဟု ဆိုအပ်၏။

ဤသည်တို့သည် သံယောဇဉ်သုံးပါးတို့တည်း။

(၈) တဏှာသုံးပါး

ဇဝဖ။ ။ ထိုတွင် အဘယ်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါးတို့နည်း။ ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'၊ ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'တို့တည်း။

ဘဝတဏှာ။ ။ ထိုတွင် အဘယ်သည် ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' မည်သနည်း။

ဘဝမြဲ၏ဟု အယူမှားခြင်း 'ဘဝဒိဋ္ဌိ' နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ' ဟု ဆိုအပ်၏။

ဝိဘဝတဏှာ။ ။ ထိုတွင် အဘယ်သည် ဘဝကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ' မည်သနည်း။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ' နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ ကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'ဟု ဆိုအပ်၏။

ကာမတဏှာ။ ။ ကြွင်းသော တပ်မက်ခြင်းသည် ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ' တည်း။

တစ်နည်းအားဖြင့်–

ထိုတွင်အဘယ်သည်ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ' မည်သနည်း။

ကာမဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ကာမဂုဏ်၌ တပ်မက်မှု 'ကာမတဏှာ'ဟု ဆိုအပ်၏။

ရူပဓာတ်, အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ဘဝ၌ တပ်မက်မှု 'ဘဝတဏှာ'ဟု ဆိုအပ်၏။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ ကင်းပြတ်သည်၌ တပ်မက်မှု 'ဝိဘဝတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တဏှာသုံးပါးတို့တည်း။

(၉) တစ်နည်း တဏှာသုံးပါး

၉၁၇။ ။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် တပ်မက်ခြင်း တဏှာသုံးပါးတို့နည်း။ ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ'၊ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' တို့တည်း။

ထိုတွင် အဘယ်သည် ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ' မည်သနည်း။

ကာမဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ကာမဘုံ၌ တပ်မက်မှု 'ကာမတဏှာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ' မည်သနည်း။

ရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' မည်သနည်း။

အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါတို့တည်း။

(၁၀) တစ်နည်း တဏှာသုံးပါး

၉၁၈။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် တပ်မက်မှု 'တဏှာ' သုံးပါးတို့နည်း။ ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'၊ ဘဝချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ'တို့တည်း။

ထိုတွင် အဘယ်သည် ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ' မည်သနည်း။

ရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို ရူပဘုံ၌ တပ်မက်မှု 'ရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ' မည်သနည်း။

အရူပဓာတ်နှင့် စပ်သော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို အရူပဘုံ၌ တပ်မက်မှု 'အရူပတဏှာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဘဝချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ' မည်သနည်း။

ဘဝကင်းပြတ်၏ဟု အယူမှားခြင်း 'ဥစ္ဆေဒဒိဋ္ဌိ'နှင့် တကွသော တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာ တပ်မက်မှု 'စိတ္တသာရာဂ' သည် ရှိ၏။ ဤသဘောကို ဘဝ ချုပ်ငြိမ်းသည်၌ တပ်မက်မှု 'နိရောဓတဏှာ'ဟု ဆိုအပ်၏။

ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' သုံးပါးတို့တည်း။

(၁၁) ရာဂီးမှဇသနာ သုံးပါး

၉၁၉။ ထိုတွင် အဘယ်တို့သည် ရာဂီးမှ 'ဇသနာ' သုံးပါးတို့နည်း။ ကာမဂုဏ်ကို ရာဂီးမှ 'ကာမေသနာ'၊ ဘဝကို ရာဂီးမှ 'ဘဝေသနာ'၊ (မှားသောအယူ အကျင့်ဖြင့်) ဗြဟ္မစရိယကို ရာဂီးမှ 'ဗြဟ္မစရိယေသနာ'တို့တည်း။

ကာမေသနာ။ ။ ထိုတွင် အဘယ်သည် ကာမဂုဏ်ကို ရာဂီးမှ 'ကာမေသနာ' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင်လိုလားတောင့်တမှု 'ကာမစ္ဆန္ဒ'။ပ။ မျိုမတတ်လိုလားမှု 'ကာမဠောသာန'သည်ရှိ၏။ ဤသဘောကို ကာမဂုဏ်ကို ရာဂီးမှ 'ကာမေသနာ'ဟု ဆိုအပ်၏။

ဘဝေသနာ။ ။ ထိုတွင် အဘယ်သည် ဘဝကို ရာဂီးမှ 'ဘဝေသနာ' မည်သနည်း။

ဘဝတို့၌ အကြင် လိုချင်တောင့်တမှု 'ဘဝစ္ဆန္ဒ'။ပ။ မျိုမတတ်လိုလားမှု 'ဘဝဠောသာန'သည် ရှိ၏။ ဤသဘောကို ဘဝကို ရာဂီးမှ 'ဘဝေသနာ'ဟု ဆိုအပ်၏။

ဗြဟ္မစရိယေသနာ။ ။ ထိုတွင် အဘယ်သည် (မှားသော အယူ အကျင့်) ဗြဟ္မစရိယကို ရာဂီးမှ 'ဗြဟ္မစရိယေသနာ' မည်သနည်း။

လောကသည် မြဲ၏ဟု၍လည်းကောင်း၊ လောကသည် မမြဲဟု၍လည်းကောင်း။ပ။ သတ္တဝါသည်သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟု၍လည်းကောင်း ဤသို့သဘောရှိသော အကြင် မှားသောအမြင် 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန်မှားယွင်းသောအားဖြင့် ယူစွဲမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို (မှားသောအယူ အကျင့်ဖြင့်) ဗြဟ္မစရိယကိုရှားမှီးမှု 'ဗြဟ္မစရိယေသနာ'ဟု ဆိုအပ်၏။

တစ်နည်းအားဖြင့်ကား–

ထိုတွင်အဘယ်သည် ကာမဂုဏ်ကို ရာဂီးမှ 'ကာမေသနာ' မည်သနည်း။

ကာမဂုဏ်၌ တပ်စွဲခြင်း 'ကာမရာဂ'၊ ထိုကာမရာဂနှင့် တကွဖြစ်သော အကုသိုလ်ကာယက်, ဝစီက်, မနောက်သည် ရှိ၏။ ဤသဘောကို ကာမဂုဏ်ကို ရာဂီးမှ 'ကာမေသနာ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် ဘဝကို ရာဂီးမှ 'ဘဝေသနာ' မည်သနည်း။

ဘဝ၌ တပ်ခြင်း 'ဘဝရာဂ'၊ ထိုဘဝရာဂနှင့် တကွဖြစ်သော အကုသိုလ်ကာယက်, ဝစီက်, မနောက်သည် ရှိ၏။ ဤသဘောကို ဘဝကို ရာဂီးမှ 'ဘဝေသနာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် (မှားသောအယူ အကျင့်ဖြင့်) ဗြဟ္မစရိယကို ရာဂီးမှ 'ဗြဟ္မစရိယေသနာ' မည်သနည်း။

ဘဝသည် အဆုံးရှိ၏ဟု စွဲယူခြင်း ဒိဋ္ဌိ၊ ထိုဒိဋ္ဌိနှင့် တကွဖြစ်သော အကုသိုလ်ကာယက်, ဝစီက်, မနောက်သည် ရှိ၏။ ဤသဘောကို (မှားသောအယူ အကျင့်ဖြင့်) ဗြဟ္မစရိယကို ရှာမှီးမှု 'ဗြဟ္မစရိယေသနာ' ဟု ဆိုအပ်၏။

ဤသည်တို့သည် ရှာမှီးခြင်း 'ဧသနာ' သုံးပါးတို့တည်း။

(၁၂) မာန်ထောင်မှု 'ဝိဓ'သုံးမျိုး

၉၂၀။ ထိုတွင် အဘယ်တို့သည် မာန်ထောင်မှု 'ဝိဓ' သုံးမျိုးတို့ မည်သနည်း။

ငါ (သင့်ထက်) မြတ်၏ဟု မာန်ထောင်မှု 'သေယျဝိဓ'၊ ငါ (သင်နှင့်) တူ၏ဟု မာန်ထောင်မှု 'သဒိသဝိဓ'၊ ငါ (သင့်အောက်) ယုတ်၏ဟု မာန်ထောင်မှု 'ဟီနဝိဓ'သည် ရှိ၏။ ဤသည်တို့သည်မာန်ထောင်မှု 'ဝိဓ'သုံးပါး တို့တည်း။

(၁၃) ဘေးသုံးပါး

၉၂၁။ ထိုတွင် အဘယ်တို့သည် ကြောက်အပ်သော ဘေးသုံးပါးတို့နည်း။ ဖြစ်မှု (ပဋ္ဌိသန္ဓေနေခြင်း)ဟူသော ဇာတိဘေး၊ အိုမှုဟူသော ဇရာဘေး၊ သေမှုဟူသော မရဏဘေးတို့တည်း။

ဇာတိဘေး။ ။ ထိုတွင် အဘယ်သည် ဖြစ်မှုဟူသော ပဋ္ဌိသန္ဓေနေခြင်း ဇာတိဘေး မည်သနည်း။

ဖြစ်မှု (ပဋ္ဌိသန္ဓေ) ကို စွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်း သည်၊ အမွေးတို့၏ရှုံ့ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည် စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကို ဖြစ်မှုဟူသော ပဋ္ဌိသန္ဓေနေခြင်း ဇာတိဘေးဟု ဆိုအပ်၏။

ဇရာဘေး။ ။ ထိုတွင် အဘယ်သည် အိုမှုဟူသော ဇရာဘေး မည်သနည်း။

အိုမှုကိုစွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်းသည်၊ အမွေးတို့၏ ရှုံ့ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည် စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကို အိုမှုဟူသော ဇရာဘေး ဟု ဆိုအပ်၏။

မရဏဘေး။ ။ ထိုတွင် အဘယ်သည် သေမှုဟူသော မရဏဘေး မည်သနည်း။

သေမှုကိုစွဲ၍ ကြောက်ခြင်းသည်၊ ကြောက်ဖွယ်ဖြစ်ခြင်းသည်၊ ကိုယ်ခက်တရော်ဖြစ်ခြင်းသည်၊ အမွေးတို့၏ ရှုံ့ခြင်း (ကြက်သီးမွေးညင်းထခြင်း) သည်၊ စိတ်ထိတ်လန့်ခြင်းသည် ရှိ၏။ ဤသဘောကိုသေမှုဟူသော မရဏဘေးဟု ဆိုအပ်၏။

ဤသည်တို့သည် ကြောက်အပ်သော ဘေးသုံးပါးတို့တည်း။

(၁၄) အမိုက်သုံးပါး

၉၂၂။ ထိုတွင် အဘယ်တို့သည် အမိုက်သုံးပါးတို့နည်း။ အတိတ်ကာလကို အကြောင်းပြု၍ ယုံမှား၏၊ သို့လော သို့လော တွေးတော၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ အနာဂတ်ကာလကို

အကြောင်းပြု၍လည်း ယုံမှားမှု၏၊ သို့လော သို့လော တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ယခုပစ္စုပ္ပန်ကာလကို အကြောင်းပြု၍လည်း ယုံမှားမှု၏၊ သို့လောသို့လော တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ဤသည်တို့သည် အမိုက်သုံးပါးတို့တည်း။

(၁၅) ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူမှားပေါက်ဖွားရာ အကြောင်းသုံးပါး

၉၂၃။ ထိုတွင် အဘယ်တို့သည် ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူမှား ပေါက်ဖွားရာ အကြောင်းသုံးပါးတို့နည်း။

ပုဗ္ဗကမ္မဝါဒ။ ။ ဤလောကၽွန် အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ဝါဒရှိ၏၊ ဤသို့ အယူရှိ၏– "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင်တစ်စုံတစ်ခုသော ချမ်းသာသုခကို ဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲမဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစားမှု၏။ ထိုခံစားမှုအားလုံးသည် ရှေးကပြုဖူးသော အကြောင်းကံကြောင့်သာလျှင် ဖြစ်၏"ဟု အယူရှိ၏။

ဣဿရနိမ္မာနဝါဒ။ ။ ဤလောကၽွန် အချို့သော သမဏဗြာဟ္မဏသည်ကား ဤသို့ ဝါဒရှိ၏၊ ဤသို့အယူရှိ၏– "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင် တစ်စုံတစ်ခုသော ချမ်းသာ သုခကိုဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲမဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစားမှု၏။ ထိုခံစားမှုအားလုံးသည် လောကကို အစိုးရသည့် ဗြဟ္မာကြီး ဖန်ဆင်းမှုဟူသောအကြောင်းကြောင့်သာလျှင် ဖြစ်၏" ဟု အယူရှိ၏။

အဟေတုကဝါဒ။ ။ ဤလောကၽွန် အချို့သော သမဏဗြာဟ္မဏသည်ကား ဤသို့ ဝါဒရှိ၏၊ ဤသို့ အယူရှိ၏– "ဤသတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည် အကြင်တစ်စုံတစ်ခုသော ချမ်းသာသုခကို ဖြစ်စေ၊ ဆင်းရဲဒုက္ခကို ဖြစ်စေ၊ ချမ်းသာဆင်းရဲမဟုတ်သည့် (ဥပေက္ခာ) ကို ဖြစ်စေ ခံစားမှု၏။ ထိုခံစားမှုအားလုံးသည် အကြောင်း မရှိဘဲ၊ အထောက်အပံ့မရှိဘဲ ဖြစ်၏"ဟု အယူရှိ၏။ ဤသည်တို့သည် ဆိပ်ကမ်းပမာ တိတ္ထိတို့၏ အယူမှားပေါက်ဖွားရာ အကြောင်းသုံးပါးတို့တည်း။

(၁၆) ကြောင့်ကြခြင်းသုံးပါး

၉၂၄။ ထိုတွင် အဘယ်တို့သည် ကြောင့်ကြခြင်း 'ကိဉ္စန' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' ဟူသော ကြောင့်ကြခြင်း၊ ပြစ်မှားမှု 'ဒေါသ'ဟူသော ကြောင့်ကြခြင်း၊ တွေဝေမှု 'မောဟ'ဟူသော ကြောင့်ကြခြင်းတို့တည်း။

ဤသည်တို့သည် ကြောင့်ကြခြင်း 'ကိဉ္စန' သုံးပါးတို့တည်း။

(၁၇) ကိလေသာ 'အင်္ဂ' သုံးပါးထိုတွင် အဘယ်တို့သည် ကိလေသာ 'အင်္ဂ' သုံးပါးတို့နည်း။

တပ်မက်မှု 'ရာဂ'ကိလေသာ၊ ပြစ်မှားမှု 'ဒေါသ'ကိလေသာ၊ တွေဝေမှု 'မောဟ'ကိလေသာတို့တည်း။

ဤသည်တို့သည် ကိလေသာ 'အင်္ဂ' သုံးပါးတို့တည်း။

(၁၈) အညစ်အကြေးသုံးပါးထိုတွင် အဘယ်တို့သည် အညစ်အကြေး 'မလ' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' အညစ်အကြေး၊ ပြစ်မှားမှု 'ဒေါသ' အညစ်အကြေး၊ တွေဝေမှု 'မောဟ' အညစ်အကြေးတို့တည်း။

ဤသည်တို့သည် အညစ်အကြေး 'မလ' သုံးပါးတို့တည်း။

(၁၉) မည်ညွတ်ခြင်းသုံးပါး

ထိုတွင် အဘယ်တို့သည် မည်ညွတ်ခြင်း 'ဝိသမ' သုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ'မည်ညွတ်ခြင်း၊ ပြစ်မှားမှု 'ဒေါသ'မည်ညွတ်ခြင်း၊ တွေဝေမှု 'မောဟ'မည်ညွတ်ခြင်းတို့တည်း။

ဤသည်တို့သည် မည်ညွတ်ခြင်း 'ဝိသမ' သုံးပါးတို့တည်း။

(၂၀) တစ်နည်း မည်ညွတ်ခြင်းသုံးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် မည်ညွတ်ခြင်း 'ဝိသမ' သုံးပါးတို့နည်း။ ကိုယ်မည်ညွတ်ခြင်း၊ နှုတ်မည်ညွတ်ခြင်း၊ စိတ်မည်ညွတ်ခြင်းတို့တည်း။

ဤသည်တို့သည် မည်ညွတ်ခြင်း 'ဝိသမ' သုံးပါးတို့တည်း။

(၂၁) မီးသုံးပါး

ထိုတွင် အဘယ်တို့သည် မီးသုံးပါးတို့နည်း။ တပ်မက်မှု 'ရာဂ' မီး၊ စိတ်ဆိုးမှု 'ဒေါသ' မီး၊ တွေဝေမှု 'မောဟ' မီးတို့တည်း။

ဤသည်တို့သည် မီးသုံးပါးတို့တည်း။

(၂၂) ဖန်ရည်သုံးပါး

ထိုတွင် အဘယ်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့နည်း။ တပ်မက်မှုဖန်ရည် 'ရာဂကသာဝ'၊ စိတ်ဆိုးမှုမှုဖန်ရည် 'ဒေါသကသာဝ'၊ တွေဝေမှုဖန်ရည် 'မောဟကသာဝ' တို့တည်း။

ဤသည်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့တည်း။

(၂၃) တစ်နည်း ဖန်ရည်သုံးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဖန်ရည် 'ကသာဝ' သုံးပါးတို့နည်း။ ကိုယ်ဖန်ရည် 'ကာယကသာဝ'၊ နှုတ်ဖန်ရည် 'ဝစီကသာဝ'၊ စိတ်ဖန်ရည် 'မနောကသာဝ' တို့တည်း။

ဤသည်တို့သည် ဖန်ရည် 'ကသာဝ' သုံးပါးတို့တည်း။

(၂၄) သာယာမှုနှင့်စပ်သော မှားသောအယူ 'အဿာဒဒိဋ္ဌိ'

၉၂၅။ ထိုတွင် အဘယ်သည် သာယာမှုနှင့်စပ်သော မှားသော အယူ 'အဿာဒဒိဋ္ဌိ' မည်သနည်း။

ဤလောကၦ် အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ပြောလေ့ရှိ၏၊ ဤသို့ယူလေ့ရှိ၏– "ကာမဂုဏ်တို့၌ (ခံစားခြင်းသည်) အပြစ်မရှိ"ဟု အယူရှိ၏။ ထိုသူသည် ကာမဂုဏ်တို့၌

သုံးဆောင် ခံစားခြင်းသို့ ရောက်၏။ ဤသဘောကို သာယာမှုနှင့်စပ်သော မှားသောအယူ 'အဿာဒဒိဋ္ဌိ'ဟု ဆိုအပ်၏။

အတ္တကို စွဲ၍ ဖြစ်သော မှားသောအယူ 'အတ္တာနုဒိဋ္ဌိ'ထိုတွင် အဘယ်သည် အတ္တကို စွဲ၍ ဖြစ်သော မှားသောအယူ 'အတ္တာနုဒိဋ္ဌိ' မည်သနည်း။

ဤလောကဌ် အကြားအမြင်နည်းသော၊ အရိယာတို့ကို မဖူးမြင်ဖူးသော၊ အရိယာတရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို မဖူးမြင်ဖူးသော၊ သူတော်ကောင်းတရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ အတ္တကိုရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ အတ္တဟုလည်း ရှု၏၊ ဤသို့သဘောရှိသော အကြင် မှားသော အယူ 'ဒိဋ္ဌိ'သည်၊ မှားသောအယူဖြစ်ခြင်း 'ဒိဋ္ဌိဂတ' သည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်း 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို အတ္တကို စွဲ၍ ဖြစ်သော မှားသော အယူ 'အတ္တာနုဒိဋ္ဌိ'ဟု ဆိုအပ်၏။

မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'ထိုတွင် အဘယ်သည် မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်းအကျိုးသည် မရှိ။ပ။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောကဌ် မရှိကုန်ဟု ဤသို့သဘောရှိသော အကြင်မှားသောအယူ 'ဒိဋ္ဌိ'သည်၊ မှားသော အယူဖြစ်ခြင်း 'ဒိဋ္ဌိဂတ'သည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့်စွဲယူခြင်း 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏။ ဤသဘောကို မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ'ဟု ဆိုအပ်၏။

အဿာဒဒိဋ္ဌိသည် သဿတဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိမည်၏။ မိစ္ဆာဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။

(၂၅) မမ္မေ.လျော်မှု 'အရတိ'

၉၂ဖ။ ထိုတွင် အဘယ်သည် မမ္မေ.လျော်မှု 'အရတိ' မည်သနည်း။

အစွန်အဖျားကျသော တောကျောင်းတို့၌လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးကုန်သော လွန်ကဲသော ကုသိုလ်တရားတို့၌လည်းကောင်း မမ္မေ.လျော်မှု 'အရတိ'၊ မမ္မေ.လျော်သော အခြင်းအရာ 'အရတိတာ'၊ အလွန် မမ္မေ.လျော်မှု 'အနဘိရတိ'၊ အလွန်မမ္မေ.လျော်သော အခြင်းအရာ 'အနဘိရမဏာ'၊ ပျင်းရိမှု 'ဥက္ကဏ္ဌိတာ'၊ ခြောက်တပ်မှု 'ပရိတသိတာ'သည် ရှိ၏။ ဤသဘောကို မမ္မေ.လျော်မှု 'အရတိ'ဟု ဆိုအပ်၏။

ညှဉ်းဆဲခြင်း 'ဝိဟေသာ'

ထိုတွင် အဘယ်သည် ညှဉ်းဆဲမှု 'ဝိဟေသာ' မည်သနည်း။

ဤလောကၦ် အချို့သူသည် လက်ဖြင့်လည်းကောင်း၊ ခဲဖြင့်လည်းကောင်း၊ တုတ်ဖြင့်လည်းကောင်း၊ ဓါးဖြင့်လည်းကောင်း၊ ကြိုးဖြင့်လည်းကောင်း အမှတ်မထားတစ်ပါးပါးဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏။ ဤသို့ သဘောရှိသော အကြင်နိပ်စက်မှု 'ဟေဌနာ'၊ အထူးနှိပ်စက်မှု 'ဝိဟေဌနာ'၊ ညှဉ်းဆဲမှု 'ဟိံသနာ'၊ အထူး ညှဉ်းဆဲမှု 'ဝိဟိံသနာ'၊ ခြုတ်ခြယ်မှု 'ရောသနာ'၊ အထူးခြုတ်ခြယ်မှု 'ဝိရောသနာ'၊ သူတစ်ပါးကို သတ်မှု 'ပရူပဃာတ'သည် ရှိ၏။ ဤသဘောကို ညှဉ်းဆဲမှု 'ဝိဟေသာ' ဟု ဆိုအပ်၏။

မတရားကျင့်မှု 'အဓမ္မစရိယ'

ထိုတွင် အဘယ်သည် မတရားကျင့်မှု 'အဓမ္မစရိယ' မည်သနည်း။

ကိုယ်ဖြင့် မတရားကျင့်မှုမညီမမျှကျင့်မှု၊ နှုတ်ဖြင့် မတရားကျင့်မှုမညီမမျှကျင့်မှု၊ စိတ်ဖြင့်မတရားကျင့်မှုမညီမမျှကျင့်မှုသည် ရှိ၏။ ဤသဘောကို မတရားကျင့်မှု 'အဓမ္မစရိယ' ဟု ဆိုအပ်၏။

(၂၆) ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

၉၂၇။ ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့်တကွ ပြောဆိုသည်ရှိသော် အပြောအဆိုခက်မှုသည်၊ အပြောအဆိုခက်သော အခြင်း အရာသည် အပြောအဆိုခက်သည်၏အဖြစ်သည်၊ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင်ဘက်ကိုသာယာ ခြင်းသည်၊ မရိုသေခြင်းသည်၊ မရိုသေသည်၏ အဖြစ်သည်၊ အလေးမပြုခြင်းသည်၊ မတုပ်ဝပ်ခြင်းသည် ရှိ၏။ ဤသဘောကို ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'ဟု ဆိုအပ်၏။

မိတ်ဆွေယုတ်ရှိခြင်း 'ပါပမိတ္တတာ'

ထိုတွင် အဘယ်သည် မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တို ကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင် မှီဝဲခြင်းသည်၊ အမြဲမှီဝဲခြင်းသည်၊ ကောင်းစွာ မှီဝဲခြင်း သည်၊ အထပ်ထပ် မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်း သည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏၊ ဤသဘောကို မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။

အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ'

ထိုတွင် အဘယ်တို့သည် အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' တို့ မည်သနည်း။

လိုချင်မှု 'ကာမ'အမှတ်သညာ၊ အမျက်ထွက်မှု 'ဒေါသ'အမှတ်သညာ၊ ညှဉ်းဆဲမှု 'ဝိဟိံသာ'အမှတ်သညာတို့တည်း။ ဤသဘောကို အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' ဟု ဆိုအပ်၏။

အကုသိုလ်အမှတ်သညာ အလုံးစုံတို့သည်လည်း အမျိုးမျိုးသော အမှတ်သညာ 'နာနတ္တသညာ' တို့တည်း။

(၂၇) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

၉၂၈။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

စိတ်၏ အကြင် ပျံ့လွင့်မှုသည်၊ မငြိမ်သက်မှုသည်၊ စိတ်ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

ပျင်းရိမှု 'ကောသဇ္ဇ'

ထိုတွင် အဘယ်သည် ပျင်းရိမှု 'ကောသဇ္ဇ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်းစိတ်ကို လွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန်ရိုရို သေသေပြုခြင်းမရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်းမရှိသူ၏ အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်းမရှိသည်၊ အဖန်ဖန် အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသဘောကို ပျင်းရိမှု 'ကောသဇ္ဇ'ဟု ဆိုအပ်၏။

မေ့လျော့ခြင်း 'ပမာဒ'

ထိုတွင် အဘယ်သည် မေ့လျော့မှု (ပမာဒ) မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်း၊ စိတ်ကို လွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန်ရိုရို သေသေပြုခြင်းမရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်းမရှိသူ၏ အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကိုချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်း မရှိသည်၊ အဖန်ဖန်အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မေ့လျော့မှု 'ပမာဒ'၊ မေ့လျော့သော အခြင်းအရာ 'ပမဇ္ဇနာ'၊ မေ့လျော့ တတ်သည်၏ အဖြစ် 'ပမဇ္ဇိတတ္တ'သည် ရှိ၏၊ ဤသဘောကို မေ့လျော့ခြင်း 'ပမာဒ' ဟု ဆိုအပ်၏။

(၂၈) မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'

၉၂၉။ ထိုတွင် အဘယ်သည် မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ' မည်သနည်း။

တစ်ပါးပါးသော သက်နှံ, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအား များစွာလိုချင်ခြင်းသည် ရှိ၏။ ဤသို့သဘော ရှိသော အကြင်လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်မှုဖြစ်ခြင်း 'ဣစ္ဆာဂတ'၊ မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာတပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို မရောင့်ရဲမှု 'အသန္တုဋ္ဌိတာ'ဟု ဆိုအပ်၏။

ပညာမရှိမှု 'အသမ္မဇ္ဇိတာ'

ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္မဇ္ဇိတာ' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ တံခါးကျည် မင်းတုပ်နှင့်တူသော မသိမှု 'အဝိဇ္ဇာလဂ'၊ အကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော တွေဝေမှု 'အကုသလမူလ'သည် ရှိ၏။ ဤသဘောကို ပညာမရှိမှု 'အသမ္မဇ္ဇိတာ'ဟု ဆိုအပ်၏။

အလိုကြီးမှု 'မဟိစ္ဆတာ'

ထိုတွင် အဘယ်သည် အလိုကြီးမှု 'မဟိစ္ဆတာ' မည်သနည်း။

တစ်ပါးပါးသော သက်နှံ, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့်လည်းကောင်း မရောင့်ရဲသူအား များစွာလိုချင်ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် လိုချင်မှု 'ဣစ္ဆာ'၊ လိုချင်မှုဖြစ်ခြင်း 'ဣစ္ဆာဂတ'၊ အလိုကြီးမှု 'မဟိစ္ဆတာ'၊ တပ်မက်မှု 'ရာဂ'၊ ပြင်းစွာ တပ်မက်မှု 'သာရာဂ'၊ စိတ်၏ ပြင်းစွာတပ်မက်မှု 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသဘောကို အလိုကြီးမှု 'မဟိစ္ဆတာ' ဟု ဆိုအပ်၏။

(၂၉) အရှက်မရှိခြင်း 'အဟိရိက'

၉၃၀။ ထိုတွင် အဘယ်သည် အရှက်မရှိမှု 'အဟိရိက' မည်သနည်း။

အကြင်သဘောသည် ရှက်သင့်သော ကာယဒုစရိုက်စသည်ကို မရှက်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို မရှက်တတ်၊ ဤသဘောကို အရှက်မရှိမှု 'အဟိရိက'ဟု ဆိုအပ်၏။

အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'

ထိုတွင် အဘယ်သည် အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ' မည်သနည်း။

အကြင် သဘောကို ကြောက်လန့်သင့်သော ကာယဒုစရိုက်စသည်မှ မကြောက်လန့်တတ်၊ ယုတ်မာသော အကုသိုလ်တရားများသို့ ရောက်ခြင်းမှ မကြောက်လန့်တတ်၊ ဤသဘောကို အကြောက်အလန့်မရှိမှု 'အနောတ္တပ္ပ'ဟု ဆိုအပ်၏။

မေ့လျော့မှု 'ပမာဒ'

ထိုတွင် အဘယ်သည် မေ့လျော့မှု 'ပမာဒ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်း စိတ်ကိုလွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန် ရိုရိုသေသေပြုခြင်းမရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်းမရှိသူ၏အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်း မရှိသည်၊ အဖန်ဖန် အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသို့သဘောရှိသော အကြင် မေ့လျော့မှု 'ပမာဒ'၊ မေ့လျော့သော အခြင်းအရာ 'ပမဒ္ဒနာ'၊ မေ့လျော့တတ်သည်၏အဖြစ် 'ပမဒ္ဒိတတ္တ'သည် ရှိ၏၊ ဤသဘောကို မေ့လျော့ခြင်း 'ပမာဒ' ဟု ဆိုအပ်၏။

(၃၀) မရိုသေခြင်း 'အနာဒရိယ'

၉၃၁။ ထိုတွင် အဘယ်သည် မရိုသေမှု 'အနာဒရိယ' မည်သနည်း။

မရိုသေမှု 'အနာဒရိယ'၊ မရိုသေသော အခြင်းအရာ 'အနာဒရတာ'၊ အလေးမပြုမှု 'အဂါရဝတာ'၊ မတုပ်ဝပ်မှု 'အပ္ပဋိသဝတာ'၊ မနာယူမှု 'အနဒ္ဒါ'၊ မနာယူသော အခြင်းအရာ 'အနဒ္ဒါယနာ'၊ မနာယူသော အဖြစ် 'အနဒ္ဒါယိတတ္တ'၊ သီလမရှိမှု 'အသီလျ'၊ ရိုသေလေးစားခြင်းကို မပြုမှု 'အစိတ္တီကာရ'သည် ရှိ၏။ ဤသဘောကို မရိုသေမှု 'အနာဒရိယ' ဟု ဆိုအပ်၏။

ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ'

ထိုတွင် အဘယ်သည် ဆိုဆုံးမခက်မှု 'ဒေါဝစဿတာ' မည်သနည်း။

အကြောင်းနှင့် တကွ ပြောဆိုသည်ရှိသော် အပြောအဆိုခက်မှုသည်၊ အပြောအဆိုရခက်သော အခြင်း အရာသည်၊ အပြောအဆိုခက်သည်၏ အဖြစ်သည်၊ မလျော်သည်ကို ယူခြင်းသည်၊ ဆန့်ကျင်ဘက်ကိုသာယာခြင်းသည်၊ မရိုသေခြင်းသည်၊ မရိုသေသည်၏အဖြစ်သည်၊ အလေးမပြုခြင်းသည်၊ မတုပ်ဝပ်ခြင်း သည် ရှိ၏။ ဤသဘောကို ဆိုဆုံးခက်မှု 'ဒေါဝစဿတာ' ဟု ဆိုအပ်၏။

မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ'

ထိုတွင် အဘယ်သည် မိတ်ဆွေယုတ်ရှိမှု 'ပါပမိတ္တတာ' မည်သနည်း။

အကြင် ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားမရှိကုန်၊ သီလမရှိကုန်၊ အကြားအမြင်နည်းကုန်၏၊ ဝန်တို ကုန်၏၊ ပညာနည်းကုန်၏၊ ထိုသူတို့ကို အကြင်မှီဝဲခြင်းသည်၊ အမြဲမှီဝဲခြင်းသည်၊ ကောင်းစွာ မှီဝဲခြင်း သည်၊ အထပ်ထပ် မှီဝဲခြင်းသည်၊ ဆည်းကပ်ခြင်းသည်၊ ကောင်းစွာ ဆည်းကပ်ခြင်းသည်၊ ခစားခြင်း သည်၊ ကောင်းစွာ ခစားခြင်းသည်၊ ထိုသူတို့၌ ကိုယ်စိတ်အားဖြင့် ညွှတ်ကိုင်းသည်၏ အဖြစ်သည် ရှိ၏။ ဤသဘောကို မိတ်ဆွေယုတ် ရှိမှု 'ပါပမိတ္တတာ'ဟု ဆိုအပ်၏။

(၃၁) ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ'

၉၃၂။ ထိုတွင် အဘယ်သည် ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ' မည်သနည်း။

ဤလောကၨ် အချို့သူသည် ယုံကြည်မှုမရှိ၊ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း မယုံကြည်၊ ဤသို့သဘောရှိသော အကြင် မယုံကြည်မှု 'အဿဒ္ဓိယ'၊ မယုံကြည်သော အခြင်းအရာ 'အဿဒ္ဓဟနာ'၊ မသက်ဝင်မှု 'အနောကပ္ပနာ'၊ မကြည်လင်မှု 'အနဘိပ္ပသာဒ'သည် ရှိ၏။ ဤသဘောကို ယုံကြည်မှုမရှိခြင်း 'အဿဒ္ဓိယ'ဟု ဆိုအပ်၏။

တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကို နားမလည်မှု 'အဝဒညုတာ'

ထိုတွင် အဘယ်သည် တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကို နားမလည်ခြင်း 'အဝဒညုတာ' မည်သနည်း။

ဝန်တိုခြင်းငါးပါးတို့ကား နေရာကျောင်းကန်၌ ဝန်တိုခြင်း၊ အမျိုး (ဒါယကာစသည်)၌ ဝန်တိုခြင်း၊ လာဘ်၌ ဝန်တိုခြင်း၊ အဆင်း၌ ဝန်တိုခြင်း၊ တရား၌ ဝန်တိုခြင်း တို့တည်း။ ဤသို့သဘောရှိသောဝန်တိုမှု 'မစ္ဆရိယ'၊ ဝန်တိုသောအခြင်းအရာ 'မစ္ဆရာယနာ'၊ ဝန်တိုတတ်သည်၏ အဖြစ် 'မစ္ဆရာယိတတ္တ'၊ (မိမိစည်းစိမ်ကို ပျံ့နှံ့စေရန်) အလိုမရှိမှု 'ဝေဝိစ္ဆ'၊ စေးနဲမှု 'ကဒရိယ'၊ ခါးစပ်မှု 'ကဋ္ဌကဋ္ဌကတာ'၊ စိတ်မစွဲယှက်မှု 'အဂ္ဂဟိတတ္တ' သည် ရှိ၏။ ဤသဘောကို တောင်းရမ်းအလှူခံပြောဆိုအပ်သည့် စကားကိုနားမလည်မှု 'အဝဒညုတာ'ဟု ဆိုအပ်၏။

ပျင်းရိမှု 'ကောသဇ္ဇ'

ထိုတွင် အဘယ်သည် ပျင်းရိမှု 'ကောသဇ္ဇ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၌လည်းကောင်း၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၌လည်းကောင်း၊ စိတ်ဖြင့် ပြုအပ်သော မနောဒုစရိုက်၌လည်းကောင်း၊ ကာမဂုဏ်ငါးပါးတို့၌လည်းကောင်း စိတ်ကိုလွှတ်ထားခြင်းသည်၊ လွှတ်ထားခြင်းကို အားပေးခြင်းသည်၊ ကုသိုလ်တရားတို့ကို တိုးပွါးစေရန် ရိုရိုသေသေပြုခြင်းမရှိသူ၏ အဖြစ်သည်၊ အမြဲမပြတ်ပြုခြင်းမရှိသူ၏ အဖြစ်သည်၊ မရပ်မနားပြုခြင်းမရှိသူ၏အဖြစ်သည်၊ တွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏ အဖြစ်သည်၊ အလိုဆန္ဒကို ချထားသူ၏ အဖြစ်သည်၊ တာဝန်ကို ချထားသူ၏ အဖြစ်သည်၊ မမှီဝဲခြင်းသည်၊ မပွါးများခြင်းသည်၊ အကြိမ်များစွာ မပြုခြင်းသည်၊ ကောင်းမှု၌ စွဲမြဲစွာ တည်တံ့ခြင်းမရှိသည်၊ အဖန်ဖန်အားမထုတ်ခြင်းသည်၊ မေ့လျော့ခြင်းသည် ရှိ၏။ ဤသဘောကို ပျင်းရိမှု 'ကောသဇ္ဇ'ဟု ဆိုအပ်၏။

(၃၂) ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'

၉၃၃။ ထိုတွင် အဘယ်သည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မည်သနည်း။

စိတ်၏ အကြင် ပျံ့လွင့်မှုသည်၊ မငြိမ်သက်မှုသည်၊ စိတ်ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'ဟု ဆိုအပ်၏။

မစောင့်စည်းမှု 'အသံဝရ'

ထိုတွင် အဘယ်သည် မစောင့်စည်းမှု "အသံဝရ" မည်သနည်း။

ဤလောကၦ် အချို့သူသည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် (ယောကျ်ား, မိန်းမစသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသော အင်္ဂါ ပြိုးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ်အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စက် ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေၦ် စောင့်ရှောက်ခြင်းသို့ မရောက်။ နားဖြင့် အသံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် အနံ့ကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် အရသာကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖေါ်ဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် (ယောကျ်ား, မိန်းမ စသော) ပုံသဏ္ဌာန်နိမိတ်ကို စွဲယူလေ့ရှိ၏။

(လက်ခြေစသော အင်္ဂါ ပြိုးဟန် ရယ်ဟန်စသော အမူအရာ) အသေးစိတ် အမှတ်လက္ခဏာကို စွဲယူလေ့ရှိ၏၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းတည်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ'၊ နှလုံးမသာယာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သောယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အဖန်တလဲလဲ နှိပ်စပ်ကုန်ရာ၏။ ထိုမနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ မကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေၦ် စောင့်ရှောက်ခြင်းသို့ မရောက်။ ဤသဘောကိုမစောင့်စည်းမှု 'အသံဝရ' ဟု ဆိုအပ်၏။

သီလမရှိမှု 'ဒုဿီလျ'

ထိုတွင် အဘယ်သည် သီလမရှိမှု 'ဒုဿီလျ' မည်သနည်း။

ကိုယ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်း၊ နှုတ်ဖြင့် ပြုအပ်သော လွန်ကျူးခြင်း၊ ကိုယ်, နှုတ်ဖြင့်ပြုအပ်သော လွန်ကျူးခြင်းသည် ရှိ၏။ ဤသဘောကို သီလမရှိမှု 'ဒုဿီလျ' ဟု ဆိုအပ်၏။

(၃၃) အရိယာတို့ကို မဖူးမြင်လိုမှု

၉၃၄။ ထိုတွင် အဘယ်သည် အရိယာတို့ကို မဖူးမြင်လိုမှု 'အရိယာနံ့အဒဿနကမျတာ' မည်သနည်း။

ထိုတွင် အဘယ်တို့သည် အရိယာတို့ မည်သနည်း။

ဘုရားရှင်တို့ကိုလည်းကောင်း၊ ဘုရားရှင်၏ သာဝကတို့ကိုလည်းကောင်း အရိယာတို့ဟု ဆိုအပ်ကုန်၏။ ဤအရိယာတို့ကို အကြင် မဖူးလိုခြင်းသည်၊ မမြင်လိုခြင်းသည်၊

မကပ်ရောက်လိုခြင်းသည်၊ မတွေ့ဆုံလိုခြင်းသည် ရှိ၏၊ ဤသဘောကို အရိယာတို့ကို မဖူးမြင်လိုမှုဟု ဆိုအပ်၏။

သူတော်ကောင်းတရားကို မနာကြားလိုမှုထိုတွင် အဘယ်သည် သူတော်ကောင်းတရားကို မနာကြားလိုမှုမည်သနည်း။

ထိုတွင် အဘယ်သည် "သူတော်ကောင်းတရား" မည်သနည်း။

သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ အရိယမဂ္ဂင်ရှစ်ပါးသည် ရှိ၏၊ ဤသဘောကို "သူတော်ကောင်းတရား"ဟု ဆိုအပ်၏။

ဤသူတော်ကောင်းတရားကို အကြင် မနာယူလိုမှု၊ မကြားလိုမှု၊ မသင်လိုမှု၊ မဆောင်လိုမှုသည် ရှိ၏။ ဤသဘောကို သူတော်ကောင်းတရားကို မနာကြားလိုမှုဟု ဆိုအပ်၏။

ခြုတ်ခြယ်လိုသော စိတ်ရှိမှု

ထိုတွင် အဘယ်သည် ခြုတ်ခြယ်လိုသောစိတ်ရှိမှုမည်သနည်း။

ထိုတွင် အဘယ်သည် ခြုတ်ခြယ်ခြင်း မည်သနည်း။

အကြင် ခြုတ်ခြယ်ခြင်းသည်၊ အထပ်ထပ် ခြုတ်ခြယ်ခြင်းသည်၊ ခြုတ်ခြယ်သော အခြင်းအရာသည်၊ အထပ်ထပ် ခြုတ်ခြယ်သော အခြင်းအရာသည်၊ အထပ်ထပ်ခြုတ်ခြယ်သောအဖြစ်သည်၊ အယုတ်သိခြင်း သည်၊ မထီမဲ့သိခြင်းသည်၊ နိုပ်စက်ခြင်းသည်၊ (ခြုတ်ခြယ်ရန်) အခွင့်ကို ရှာခြင်းသည် ရှိ၏။ ဤသဘောကို ခြုတ်ခြယ်လိုသောစိတ်ရှိမှုဟု ဆိုအပ်၏။

(၃၄) သတိလွတ်မှု 'မုဌသစ္စ'

၉၃၅။ ထိုတွင် အဘယ်သည် သတိလွတ်မှု 'မုဌသစ္စ' မည်သနည်း။

အကြင် မအောက်မေ့မှု 'အသတိ'၊ အဖန်ဖန် မအောက်မေ့မှု 'အနနုဿတိ'၊ အထပ်ထပ်မအောက်မေ့မှု 'အပဋ္ဌိဿတိ'၊ မအောက်မေ့မှု 'အဿတိ'၊ မအောက်မေ့သော အခြင်းအရာ 'အဿရဏတာ'၊ မဆောင်ထားမှု 'အဓာရဏတာ'၊ ပေါလောပေါ်မှု 'ပိလာပနတာ'၊ မေ့လျော့မှု 'သမ္မုသနတာ'သည် ရှိ၏။ ဤသဘောကို သတိလွတ်မှု 'မုဌသစ္စ'ဟု ဆိုအပ်၏။

ပညာမရှိမှု 'အသမ္ဗဇ'

ထိုတွင် အဘယ်သည် ပညာမရှိမှု 'အသမ္ဗဇ' မည်သနည်း။

အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ အဝိဇ္ဇာတည်းဟူသော တံခါးကျင် 'အဝိဇ္ဇာလက်'၊ တွေဝေမှု 'မောဟ'ဟူသော အကုသိုလ်အခြေအမြစ်အရင်းမူလသည် ရှိ၏။ ဤသဘောကို ပညာမရှိမှု 'အသမ္ဗဇ' ဟု ဆိုအပ်၏။

စိတ်လွင့်မှု 'စိတ္တဝိက္ခေပ'

ထိုတွင် အဘယ်သည် စိတ်လွင့်မှု "စေတသောဝိက္ခေပ" မည်သနည်း။

စိတ်၏ အကြင်ပျံ့လွင့်မှုသည်၊ မငြိမ်မသက်မှုသည်၊ စိတ်ကို ပစ်လွင့်မှုသည်၊ စိတ်တုန်လှုပ်မှုသည် ရှိ၏။ ဤသဘောကို စိတ်လွင့်မှု "စေတသောဝိက္ခေပ"ဟု ဆိုအပ်၏။

၃၅–မသင့်မတင့်နှလုံးသွင်းမှု 'အယောနိသော မနသိကာရ'

ဇ၃ဖ။ ထိုတွင် အဘယ်သည် မသင့်မတင့်နှလုံးသွင်းမှုမည်သနည်း။

အနိစ္စ၌ နိစ္စဟု မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ ဒုက္ခ၌ သုခဟု မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ အနတ္တ၌ အတ္တဟု မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ အသုဘ၌ သုဘဟု မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၊ တစ်နည်း–သစ္စာလေးပါးအားမလျော်သည်၏ အဖြစ်အားဖြင့် စိတ်ကို လည်စေခြင်း၊ အဖန်ဖန် လည်စေခြင်း၊ နှလုံးသွင်းခြင်း၊ ကောင်းစွာရှေးရှုဆောင်ခြင်း၊ နှလုံးပြုခြင်းသည် ရှိ၏။ ဤသဘောကို မသင့်မတင့်နှလုံးသွင်းမှုဟု ဆိုအပ်၏။

လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ'

ထိုတွင် အဘယ်သည် လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ' မည်သနည်း။

ထိုတွင် အဘယ်သည် လမ်းမှား မည်သနည်း။

မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ'သည်၊ မှားသော အကြံ 'မိစ္ဆာသင်္ကပ္ပ'သည်၊ မှားသော စကား 'မိစ္ဆာဝါစာ'သည်၊ မှားသော လုပ်ကိုင်မှု 'မိစ္ဆာကမ္မန္တ'သည်၊ မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'သည်၊ မှားသောအားထုတ်မှု 'မိစ္ဆာဝါယာမ'သည်၊ မှားသော အောက်မေ့မှု 'မိစ္ဆာသတိ'သည်၊ မှားသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'သည် ရှိ၏၊ ဤသဘောကို လမ်းမှားမှု 'ကုမ္မဂ္ဂ'ဟု ဆိုအပ်၏။ ဤလမ်းမှားကို အကြင်မှီဝဲမှု 'သေဝနာ'၊ အမြဲမှီဝဲမှု 'နိသေဝနာ'၊ ကောင်းစွာမှီဝဲမှု 'သံသေဝနာ'၊ ဆည်းကပ်မှု 'ဘဇနာ'၊ ကောင်းစွာ ဆည်းကပ်မှု 'သမ္ဘဇနာ'၊ ခစားမှု 'ဘတ္တိ'၊ ကောင်းစွာ ခစားမှု 'သမ္ဘတ္တိ'၊ ထိုလမ်းမှားသို့ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းမှု 'တံသမ္ပဝင်္သတာ'သည် ရှိ၏။ ဤသဘောကို လမ်းမှားလိုက်မှု 'ကုမ္မဂ္ဂသေဝနာ' ဟု ဆိုအပ်၏။

စိတ်တွန့်တိုမှု 'စေတသော လီနတ္တ'

ထိုတွင် အဘယ်သည် စိတ်တွန့်တိုမှု 'စေတသော လီနတ္တ' မည်သနည်း။

စိတ်၏ အကြင် မကျန်းမာခြင်းသည်၊ မခံ့ကျန်းခြင်းသည်၊ အယုတ်အားဖြင့် တွန့်ခြင်းသည်၊ ပြင်းစွာတွန့်ခြင်းသည်၊ တွန့်ခြင်းသည်၊ တွန့်သော အခြင်းအရာသည်၊ တွန့်သော အဖြစ်သည်၊ ထိုင်းခြင်းသည်၊ ထိုင်းသောအခြင်းအရာသည်၊ စိတ်၏ ထိုင်းသော အဖြစ်သည် ရှိ၏၊ ဤသဘောကို စိတ်တွန့်တိုမှု 'စေတသောလီနတ္တ'ဟု ဆိုအပ်၏။

သုံးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

၄–စတုက္ကနိဒ္ဒေသ

(လေးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) အရက်နှင့် တူသော အာသဝတရား

၉၃၇။ ထိုတွင် အဘယ်တို့သည် အရက်နှင့် တူသော အာသဝလေးပါးတို့ မည်သနည်း။

ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ'၊ (ရူပ, အရူ) ဘဝ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ'၊ အယူမှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ'၊ သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ'ဟူသောယိုစီးခြင်း 'အဝိဇ္ဇာသဝ' တို့တည်း။

ထိုတွင် အဘယ်သည် ကာမ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ကာမာသဝ' မည်သနည်း။

ကာမတရားတို့၌ အကြင် လိုချင်မှု 'ကာမစ္ဆန္ဒ'၊ ကာမတရားတို့၌ တပ်စွန်းမှု 'ကာမရာဂ'၊ ကာမတရားတို့၌ နှစ်သက်မှု 'ကာမနန္ဒီ'၊ ကာမတရားတို့၌ တပ်မက်မှု 'ကာမတဏှာ'၊ ကာမတရားတို့၌ အစေးကပ်မှု 'ကာမသိနေဟ'၊ ကာမတရားတို့၌ ပူလောင်မှု 'ကာမပရိဠာဟ'၊ ကာမတရားတို့၌ တွေဝေမိန့်မောမှု 'ကာမမုစ္ဆာ'၊ ကာမတရားတို့၌ မျိုမတတ်သက်ဝင်လိုချင်မှု 'ကာမဇ္ဈောသာန' သည် ရှိ၏၊ ဤသဘောကို ကာမ၌ လိုချင်မှုဟူသော ယိုစီးမှု 'ကာမာသဝ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် (ရူပ, အရူပ) ဘဝ၌ လိုချင်မှုဟူသော ယိုစီးခြင်း 'ဘဝါသဝ' မည်သနည်း။

ရူပ, အရူပဘုံတို့၌ အကြင်လိုချင်မှု 'ဘဝစ္ဆန္ဒ'။ပ။ ရူပ, အရူပဘုံတို့၌ မျိုမတတ်သက်ဝင်လိုချင်မှု 'ဘဝဇ္ဈောသာန'သည် ရှိ၏။ ဤသဘောကို 'ရူပ, အရူပ' ဘဝ၌ လိုချင်မှုဟူသော ယိုစီးမှု 'ဘဝါသဝ'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အယူမှားမှု 'ဒိဋ္ဌိ'ဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ' မည်သနည်း။

လောကသည် မြဲ၏ဟူ၍လည်းကောင်း၊ လောကသည် မမြဲဟူ၍လည်းကောင်း၊ လောကသည် အဆုံးရှိ၏ဟူ၍လည်းကောင်း၊ လောကသည် အဆုံးမရှိဟူ၍လည်းကောင်း၊ အသက်သည် ကိုယ်တည်းဟူ၍လည်းကောင်း၊ အသက်တခြား ကိုယ်တခြားဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်၏ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်, မဖြစ်လည်း မဖြစ်ဟူ၍လည်းကောင်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့သဘောရှိသော အကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသောအယူဖြစ်ခြင်း 'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန်မှားယွင်းသောအားဖြင့် စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ' သည် ရှိ၏၊ ဤသဘောကို အယူမှားမှုဒိဋ္ဌိဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ'ဟု ဆိုအပ်၏။ မှားသော အယူအလုံးစုံသည်လည်း အယူမှားမှုဒိဋ္ဌိဟူသော ယိုစီးခြင်း 'ဒိဋ္ဌာသဝ' မည်သည်သာတည်း။

ထိုတွင် အဘယ်သည် သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း "အဝိဇ္ဇာသဝ" မည်သနည်း။

ဆင်းရဲ၌ မသိခြင်းသည်၊ ဆင်းရဲဖြစ်ကြောင်း၌ မသိခြင်းသည်၊ ဆင်းရဲချုပ်ရာ၌ မသိခြင်းသည်၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်၌ မသိခြင်းသည်၊ ရှေ့အစွန်း၌ မသိခြင်းသည်၊ နောက်အစွန်း၌ မသိခြင်းသည်၊ ရှေ့အစွန်၊ နောက်အစွန်း၌ မသိခြင်းသည်၊ အကြောင်းကို စွဲ၍ ဖြစ်ကုန်သော 'ပဋ္ဌိစ္စသမုပ္ပါဒ်' တရားတို့၌ မသိခြင်းသည် ရှိ၏။

ဤသို့သဘောရှိသော အကြင် မသိမှု 'အညာဏ'၊ မမြင်မှု 'အဒဿန'။ပ။ အဝိဇ္ဇာတည်းဟူသော တံခါးကျင် 'အဝိဇ္ဇာလဂိ'၊ တွေဝေမှု 'မောဟ'ဟူသောအကုသိုလ်အမြစ်အရင်းသည် ရှိ၏။ ဤသဘောကို သိအပ်သည်ကို မသိမှု 'အဝိဇ္ဇာ'ဟူသော ယိုစီးခြင်း 'အဝိဇ္ဇာသဝ'ဟု ဆိုအပ်၏။

ဤသည်တို့သည် အရက်နှင့် တူသော အာသဝလေးပါးတို့တည်း။

(၂-၅) ဆက်စပ်ထုံးဖွဲ့တတ်သောဂန္ဓလေးပါးစသည်။

၉၃၈။ ထိုတွင် အဘယ်တို့သည် (ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့တတ်သော ဂန္ဓလေးပါးတို့ မည်သနည်း။ပ။

(ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော ဩဃလေးပါးတို့ မည်သနည်း။

(ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော ယောဂလေးပါးတို့ မည်သနည်း။ပ။

ပြင်းစွာ စွဲလမ်းမှုဥပါဒါန်လေးပါးတို့ မည်သနည်း။

ကာမဂုဏ်တို့ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်'၊ အမြင်မှားမှုကို ပြင်းစွာ စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'၊ နွားနှင့် ခွေးစသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာ စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'၊ အတ္တဝါဒ၌ ပြင်းစွာ စွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'တို့တည်း။

ထိုတွင် အဘယ်သည် ကာမဂုဏ်တို့ကို ပြင်းစွာ စွဲလမ်းမှု 'ကာမုပါဒါန်' မည်သနည်း။

ကာမဂုဏ်တို့၌ အကြင်အလွန်လိုချင်မှု 'ကာမစ္ဆန္ဒ'။ပ။ မျိုမတတ်သက်ဝင်လိုချင်မှု 'ကာမရွှေသာန'သည် ရှိ၏။ ဤသဘောကို ကာမဂုဏ်တို့ကို ပြင်းစွာ စွဲလမ်းမှု 'ကာမုပါဒါန်'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အယူမှားမှုကို ပြင်းစွာစွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်' မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်းအကျိုးသည် မရှိ။ပ။

ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောကဌ် မရှိကုန်ဟု ဤသို့သဘောရှိသော အကြင်မှားသော အယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန်မှားယွင်းသောအားဖြင့် စွဲယူခြင်းသည် ရှိ၏။ ဤသဘောကို အယူမှားမှုကို ပြင်းစွာစွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်'ဟု ဆိုအပ်၏။ ခွေး နွားစသည်တို့၏အလေ့အကျင့်တို့ကို ပြင်းစွာစွဲလန်းမှု 'သီလဗ္ဗတုပါဒါန်'ကိုလည်းကောင်း၊ အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'ကိုလည်းကောင်း ထား၍ မှားသော အယူအလုံးစုံသည်လည်း အယူမှားမှုကို ပြင်းစွာစွဲလန်းမှု 'ဒိဋ္ဌုပါဒါန်' မည်၏။ ထိုတွင် အဘယ်သည် နွားနှင့် ခွေးစသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာ စွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်' မည်သနည်း။

ဤသာသနာတော်မှ အပဖြစ်ကုန်သော သမဏဗြဟ္မဏတို့၏ (နွားနှင့် ခွေး စသည်တို့၏) အလေ့ 'သီလ' ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွားနှင့် ခွေးစသည်တို့၏) အကျင့် 'ဝတ'ဖြင့် (ကိလေသာ) စင်ကြယ်၏၊ (နွားနှင့် ခွေးစသည်တို့၏) အလေ့အကျင့် 'သီဗ္ဗတ'ဖြင့် (ကိလေသာ) စင်ကြယ်၏ဟု ဤသို့သဘောရှိသောအကြင်မှားသော အယူ 'ဒိဋ္ဌိ'၊ မှားသော အယူဖြစ်မှု

'ဒိဋ္ဌိဂတ'။ပ။ ဖေါက်ပြန်မှားယွင်းသောအားဖြင့်စွဲယူမှု 'ဝိပရိယာသဂ္ဂါဟ'သည် ရှိ၏။ ဤသဘောကို နွား, ခွေး စသည်တို့၏ အလေ့အကျင့်တို့ကို ပြင်းစွာစွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်'ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' မည်သနည်း။

ဤလောက၌ အကြားအမြင်နည်းသော၊ အရိယာတို့ကို မဖူးမြင်ဖူးသော၊ အရိယာတရား၌ မလိမ္မာသော၊ အရိယာတရား၌ မဆုံးမအပ်သော၊ သူတော်ကောင်းတို့ကို မဖူးမြင်ဖူးသော၊ သူတော်ကောင်းတရား၌ မလိမ္မာသော၊ သူတော်ကောင်းတရား၌ မဆုံးမအပ်သော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ အတ္တကို ရုပ်ရှိ၏ဟုလည်း ရှု၏၊ အတ္တ၌ ရုပ်ဟုလည်း ရှု၏၊ ရုပ်၌ အတ္တဟုလည်း ရှု၏။ ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တဟု ရှု၏၊ အတ္တကို ဝိညာဏ်ရှိ၏ဟု ရှု၏၊ အတ္တ၌ ဝိညာဏ်ဟုလည်း ရှု၏၊ ဝိညာဏ်၌ လည်း အတ္တဟု ရှု၏။ ဤသို့သဘောရှိသော အကြင် မှားသောအယူသည်၊ မှားသော အယူဖြစ်ခြင်းသည်။ပ။ ဖောက်ပြန် မှားယွင်းသောအားဖြင့် စွဲယူခြင်းသည် ရှိ၏၊ ဤသဘောကို အတ္တဝါဒ၌ ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်'ဟု ဆိုအပ်၏။ ဤသည်တို့သည် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်လေးပါးတို့တည်း။

(၆) တဏှာဖြစ်ခြင်း 'တဏှာပ္ပါဒ'လေးပါး

၉၃၉။ ထိုတွင် အဘယ်တို့သည် တဏှာဖြစ်ခြင်း 'တဏှာပ္ပါဒ' လေးပါးတို့ မည်သနည်း။

သင်္ကန်းအကြောင်းကြောင့်လည်း ရဟန်းအား တဏှာဖြစ်တတ်၏၊ ဆွမ်းအကြောင်းကြောင့်လည်းရဟန်းအား တဏှာဖြစ်တတ်၏၊ ကျောင်းအကြောင်းကြောင့်လည်း ရဟန်းအား တဏှာဖြစ်တတ်၏။ ဤသို့ သင်္ကန်းစသည်တို့၏ များပြားခြင်း, နည်းပါးခြင်းဟူသော အကြောင်းကြောင့်လည်း ရဟန်းအားတဏှာ ဖြစ်တတ်၏။ ဤသည်တို့သည် တဏှာဖြစ်ခြင်း 'တဏှာပ္ပါဒ' လေးပါးတို့တည်း။

(၇) မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိ ဂမန' လေးပါး

ထိုတွင် အဘယ်တို့သည် မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိဂမန' လေးပါးတို့ မည်သနည်း။

ချစ်သဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ မုန်းသဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ မသိ့သဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏၊ ကြောက်သဖြင့် မလိုက်အပ်သည့်ဘက်သို့ လိုက်၏။ ဤသို့သဘောရှိသော အကြင်မလိုက်အပ်မလိုက်သင့်သောသဘောသည်၊ မလိုက်အပ်သည့်ဘက်သို့လိုက်ခြင်းသည်၊ အလိုသို့ လိုက်ခြင်းသည်၊ မညီမညွတ် (မမျှမတ) လိုက်ခြင်းသည်၊ ရေအလျဉ်ကဲ့သို့လိုက်ခြင်းသည် ရှိ၏။ ဤသည်တို့သည် မလိုက်အပ်သည့်ဘက်သို့ လိုက်ခြင်း 'အဂတိဂမန'လေးပါးတို့တည်း။

(၈) ဖောက်ပြန်သော သဘောတရား လေးပါး

ထိုတွင် အဘယ်တို့သည် ဖောက်ပြန်သော သဘောတရား လေးပါးတို့ မည်သနည်း။

မမြဲသည်၌ မြဲ၏ဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ ဆင်းရဲသည်၌ ချမ်းသာဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့်အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ အတ္တမဟုတ်သည်၌ အတ္တဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ မတင့်တယ်သည်၌ တင့်တယ်၏ဟု ဖောက်ပြန်သောအားဖြင့် မှတ်သားမှုသညာဖြစ်မှု 'သညာဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် စိတ်ဖြစ်မှု 'စိတ္တဝိပရိယာသ'၊ ဖောက်ပြန်သောအားဖြင့် အယူဖြစ်မှု 'ဒိဋ္ဌိဝိပရိယာသ'၊ ဤသည်တို့သည် ဖောက်ပြန်သော သဘောတရား လေးပါးတို့တည်း။

(၉) အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းလေးပါး

ထိုတွင် အဘယ်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်းလေးပါးတို့ မည်သနည်း။

မမြင်အပ်သည်၌ မြင်၏ဟု ဆိုခြင်း၊ မကြားသည်၌ ကြား၏ဟု ဆိုခြင်း၊ မတွေ့သည်၌ တွေ့၏ဟုဆိုခြင်း၊ မသိသည်၌ သိ၏ဟု ဆိုခြင်း၊ ဤသည်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်း လေးပါးတို့တည်း။

(၁၀) တစ်နည်း အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်းလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် အရိယာမဟုတ်သူ (ပုတုဇဉ်) တို့၏ ပြောဆိုခြင်းလေးပါး တို့ မည်သနည်း–မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ကြားသည်၌ မကြားဟု ဆိုခြင်း၊ တွေ့သည်၌ မတွေ့ဟု ဆိုခြင်း၊ သိသည်၌ မသိဟု ဆိုခြင်း။ ဤသည်တို့သည် အရိယာမဟုတ်သူ (ပုထုဇဉ်) တို့၏ ပြောဆိုခြင်းလေးပါးတို့တည်း။

(၁၁) ဒုစရိုက်လေးပါး

ထိုတွင် အဘယ်တို့သည် ဒုစရိုက်လေးပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန်သည်ကို ဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်လေးပါးတို့တည်း။

(၁၂) တစ်နည်း ဒုစရိုက်လေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဒုစရိုက်လေးပါးတို့ မည်သနည်း။

မမှန်သည်ကို ပြောဆိုခြင်း၊ ကုန်းစကားကို ပြောဆိုခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်လေးပါးတို့တည်း။

(၁၃) ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် ဘေးလေးပါးတို့ မည်သနည်း။

ဖြစ်ခြင်း 'ဇာတိ' ဘေး၊ အိုဘေး၊ နာဘေး၊ သေဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

(၁၄) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

(၁၅) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးမန်းဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

(၁၆) တစ်နည်း ဘေးလေးပါး

ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဘေးလေးပါးတို့ မည်သနည်း။

မိမိကိုယ်ကို မိမိစွပ်စွဲသော 'အတ္တာနုဝါဒ' ဘေး၊ (မိမိကို) သူတစ်ပါးတို့ စွပ်စွဲသော 'ပရာနုဝါဒ'ဘေး၊ အပြစ်ဒဏ်ဟူသော 'ဒဏ္ဍ'ဘေး၊ မကောင်းသောလားရာ 'ဒုဂ္ဂတိ'ဘေး။ ဤသည်တို့သည် ဘေးလေးပါးတို့တည်း။

(၁၇) ဒိဋ္ဌိလေးပါး

ထိုတွင် အဘယ်တို့သည် ဒိဋ္ဌိလေးပါးတို့ မည်သနည်း။

"ချမ်းသာ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏"ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏၊ "ချမ်းသာဆင်းရဲကို သူတစ်ပါး ပြုအပ်၏"ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏၊ "ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၏၊ သူတစ်ပါးလည်း ပြုအပ်၏"ဟု အမှန်အကန်အခိုင်အမာအားဖြင့် မှားသော အယူ ဖြစ်၏၊ "ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း မပြုအပ်၊ သူတစ်ပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမှီ၍ ဖြစ်၏"ဟု အမှန်အကန် အခိုင်အမာအားဖြင့် မှားသောအယူဖြစ်၏။ ဤသည်တို့သည် ဒိဋ္ဌိလေးပါးတို့တည်း။

လေးပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။

၅–ပဉ္စကနိဒ္ဒေသ

(ငါးပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) အောက်ပိုင်းသံယောဇဉ်ငါးပါး

၉၄၀။ ထိုတွင် အဘယ်တို့သည် အောက်မဂ်ဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့ မည်သနည်း။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော (ခန္ဓာငါးပါး) အပေါင်း၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ နွား, ခွေးစသည်တို့၏ အလေ့အကျင့်၌ မှားသောသုံးသပ်မှု 'သီလဗ္ဗတပရာမာသ'၊ လိုချင်တောင့်တမှု 'ကာမစ္ဆန္ဒ'၊ ပြစ်မှားဖျက်ဆီးမှု 'ဗျာပါဒ'သည် ရှိ၏။ ဤသည်တို့သည် အောက်မဂ်ဖြင့်ပယ်အပ်သော အဖို့ရှိသော သံယောဇဉ် ငါးပါးတို့တည်း။

(၂) အထက်ပိုင်းသံယောဇဉ်ငါးပါး။

ထိုတွင် အဘယ်တို့သည် အထက်မဂ်ဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့ မည်သနည်း။

ရူပဘုံ၌ တပ်မက်မှု 'ရူပရာဂ'၊ အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ'၊ ထောင်လွှားမှု 'မာန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ'၊ မသိမှု 'အဝိဇ္ဇာ'သည် ရှိ၏။ ဤသည်တို့သည် အထက်မဂ်ဖြင့် ပယ်အပ်သော အဖို့ရှိသော သံယောဇဉ်ငါးပါးတို့တည်း။

(၃) ဝန်တိုခြင်း မစ္ဆရိယငါးမျိုး

ထိုတွင် အဘယ်တို့သည် ဝန်တိုမှု "မစ္ဆရိယ"ငါးပါးတို့ မည်သနည်း။

နေရာကျောင်းကန်၌ ဝန်တိုမှု ၊ အမျိုး (ဒါယကာ)၌ ဝန်တိုမှု ၊ လာဘ်လာဘ၌ ဝန်တိုမှု ၊ အဆင်း၌ ဝန်တိုမှု ၊ တရား၌ ဝန်တိုမှုသည် ရှိ၏။ ဤသည်တို့သည် ဝန်တိုမှု 'မစ္ဆရိယ' ငါးပါးတို့တည်း။

(၄) ကပ်ငြိခြင်းငါးပါး

ထိုတွင် အဘယ်တို့သည် ကပ်ငြိမှု 'သင်္ဂ' ငါးပါးတို့ မည်သနည်း။

တပ်မက်ခြင်းဟူသော ကပ်ငြိမှု 'ရာဂသင်္ဂ'၊ ပြစ်မှားခြင်းဟူသော ကပ်ငြိမှု 'ဒေါသသင်္ဂ'၊ တွေဝေခြင်းဟူသော ကပ်ငြိမှု 'မောဟသင်္ဂ'၊ ထောင်လွှားခြင်းဟူသော ကပ်ငြိမှု 'မာနသင်္ဂ'၊ အယူမှားခြင်းဟူသော ကပ်ငြိမှု 'ဒိဋ္ဌိသင်္ဂ'သည် ရှိ၏။ ဤသည်တို့သည် ကပ်ငြိမှု 'သင်္ဂ' ငါးပါးတို့တည်း။

(၅) မြားငါးပါး

ထိုတွင် အဘယ်တို့သည် မြားငါးပါးတို့ မည်သနည်း။

တပ်မက်မှုဟူသောမြား 'ရာဂသလ္လ'၊ ပြစ်မှားမှုဟူသောမြား 'ဒေါသသလ္လ'၊ တွေဝေမှုဟူသောမြား 'မောဟသလ္လ'၊ ထောင်လွှားမှုဟူသောမြား 'မာနသလ္လ'၊ အယူမှားမှုဟူသောမြား 'ဒိဋ္ဌိသလ္လ'သည် ရှိ၏။ ဤသည်တို့သည် မြားငါးပါးတို့တည်း။

(၆) ဆူးငါးပါး။

၉၄၁။ ထိုတွင် အဘယ်တို့သည် စိတ်ကို စူးဝင်တတ်သော ဆူးငါးပါးတို့ မည်သနည်း။

ဘုရား၌ ယုံမှားမှု၏၊ တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ တရား၌ ယုံမှားမှု၏၊ တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ သံဃာ၌ ယုံမှားမှု၏၊ တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ ကျင့်ဝတ် (သိက္ခာ)၌ ယုံမှားမှု၏၊ တွေးတောမှု၏၊ မဆုံးဖြတ်နိုင်၊ မကြည်လင်နိုင်။ သီတင်း သုံးဖေါ်တို့၌ အမျက်ထွက်မှု၏၊ နှလုံးမသာယာ၊ ထိပါးပုတ်ခတ်လိုသော စိတ်ရှိမှု၏၊ ဆူးကဲ့သို့ဖြစ်မှု၏။ ဤသည်တို့သည်စိတ်ကို စူးဝင်တတ်သော ဆူးငါးပါးတို့တည်း။

(၇) စိတ်အနှောင်အဖွဲ့ငါးပါး

ထိုတွင် အဘယ်တို့သည် စိတ်အနှောင်အဖွဲ့ ငါးပါးတို့ မည်သနည်း။

ကာမဂုဏ်တို့၌ မကင်းသော စွဲမက်မှု ၊ မကင်းသော လိုချင်မှု ၊ မကင်းသော ချစ်ခင်မှု ၊ မကင်းသောမွတ်သိပ်မှု ၊ မကင်းသော ပူလောင်မှု ၊ မကင်းသော တပ်မက်မှု ရှိ၏။ ကိုယ်၌ မကင်းသော စွဲမက်မှု ။ပ။ ရှိ၏။ ရုပ်၌ မကင်းသော စွဲမက်မှု ။ပ။ ရှိ၏။ အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်မှု ချမ်းသာ, လျောင်းမှု ချမ်းသာ, ငိုက်မြည်းမှု ချမ်းသာကိုအားထုတ်လျက် နေ၏။ အမှတ်မထား တစ်ပါးပါးသော နတ်ပြည်ကို တောင့်တ၍ အကျင့်မြတ်ကို ကျင့်၏– "ငါသည်ဤသီလဖြင့်လည်းကောင်း၊ ဤဓုတင်အကျင့်ဖြင့်လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့်လည်းကောင်း၊ တန်ခိုးကြီးသော နတ်သော်လည်းကောင်း၊ တစ်မျိုးမျိုးသော နတ်သော်လည်းကောင်း ဖြစ်ရအံ့" ဟု (တောင့်တ၍) ကျင့်၏။ ဤသည်တို့သည် စိတ်အနှောင်အဖွဲ့ ငါးပါးတို့တည်း။

(၈) ပိတ်ပင်တားဆီးတတ်သောတရားငါးပါး။

ထိုတွင် အဘယ်တို့သည် (ဈာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' တရားငါးပါးတို့ မည်သနည်း။

ကာမတို့၌ လိုချင်တောင်းတမှုဟူသော ပိတ်ပင်တားဆီးမှု 'ကာမစ္ဆန္ဒနီဝရဏ'၊ အမျက်ထွက်မှုဟူသော ပိတ်ပင်တားဆီးမှု 'ဗျာပါဒနီဝရဏ'၊ (စိတ်, စေတသိက်တို့၏) မခံ့မှု ငိုက်မည်းမှုဟူသော ပိတ်ပင်တားဆီးမှု 'ထိနမိဒ္ဓနီဝရဏ'၊ ပျံ့လွင့်မှု, နောင်တတဖန်ပူပန်မှုဟူသော ပိတ်ပင်တားဆီးမှု 'ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ'၊ တွေးတောယုံမှားမှုဟူသော ပိတ်ပင်တားဆီးမှု ဝိစိကိစ္ဆာနီဝရဏ။ ဤသည်တို့သည် (ဈာန်မဂ်ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော 'နီဝရဏ' တရားငါးပါး တို့တည်း။

(၉) အာနန္တရိကဏ်ငါးပါး

ထိုတွင် အဘယ်တို့သည် အခြားမဲ့ဘဝ၌ အကျိုးပေးသော အာနန္တရိကဏ်ငါးပါးတို့ မည်သနည်း။

အမိကို အသေသတ်၏၊ အဖကို အသေသတ်၏၊ ရဟန္တာကို အသေသတ်၏၊ ပြစ်မှားသော စိတ်ဖြင့်မြတ်စွာဘုရားအား သွေးခြည်ဥရန် ဖြစ်စေ၏၊ သံဃာကို သင်းခွဲ၏။ ဤသည်တို့သည် အခြားမဲ့ဘဝ၌ အကျိုးပေးသော အာနန္တရိကဏ်တို့တည်း။

(၁၀) မှားသော အယူငါးမျိုး။

ထိုတွင် အဘယ်တို့သည် မှားသောအယူ 'ဒိဋ္ဌိ' ငါးမျိုးတို့ မည်သနည်း။

"အတ္တသည် သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကြကုန်၏။ "အတ္တသည် သညာရှိ၏၊ သေပြီးနောက် ပျက်စီးမရှိ (မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကြကုန်၏။ "အတ္တသည် သညာရှိလည်း မဟုတ်, သညာမရှိလည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ

(မြဲ၏)"ဟု ဤသို့ အချို့သူတို့က ပြောဆိုကုန်၏။ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ကင်းပျောက်ခြင်းကိုလည်း ပညတ်တင်ပြကြ ကုန်၏။ မျက်မှောက်ဘဝ၌ ဖြစ်သော 'ဒိဋ္ဌဓမ္မနိဗ္ဗာန်' ကိုလည်း အချို့သူတို့က ပြောဆိုကြကုန်၏။ ဤသည်တို့သည် မှားသောအယူ 'ဒိဋ္ဌိ'ငါးပါးတည်း။

(၁၁) ရန်ငါးပါး။

၉၄၂။ ထိုတွင် အဘယ်တို့သည် ရန်ငါးပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန်သည်ကို ဆိုခြင်း၊ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်း။ ဤသည်တို့သည်ရန်ငါးပါးတို့တည်း။

(၁၂) ပျက်စီးခြင်းငါးပါး။

ထိုတွင် အဘယ်တို့သည် ပျက်စီးခြင်းငါးပါးတို့ မည်သနည်း။

ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါဖြင့် ပျက်စီးခြင်း၊ သီလပျက်စီးခြင်း၊ အယူပျက်စီးခြင်း။ ဤသည်တို့သည် ပျက်စီးခြင်းငါးပါးတို့တည်း။

(၁၃) သည်းမခံခြင်း၏ အပြစ်ငါးမျိုး။

ထိုတွင် အဘယ်တို့သည် သည်းမခံခြင်း၏ အပြစ်ငါးမျိုးတို့ မည်သနည်း။

လူအများ မချစ်မနှစ်သက်အပ်၊ ရန်များ၏၊ အပြစ်များ၏၊ တွေတွေဝေဝေ သေရ၏၊ ခန္ဓာကိုယ် ပျက်ကြွေသေသည်မှ နောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာ ဖြစ်သောငရဲသို့ ကပ်ရောက်ရ၏။ ဤသည်တို့သည် သည်းမခံခြင်း၏ အပြစ်ငါးပါးတို့တည်း။

(၁၄) ဘေးငါးမျိုး

ထိုတွင် အဘယ်တို့သည် ဘေးငါးပါတို့ မည်သနည်း။

အသက်မွေးမှု ဘေး၊ အကျော်အစောမဲ့ဘေး၊ ပရိသတ်ကို ကြောက်ရွံ့ခြင်းဘေး၊ သေဘေး၊ မကောင်းသော လားရာဘေးသည် ရှိ၏။ ဤသည်တို့သည် ဘေးငါးပါးတို့တည်း။

(၁၅) မျက်မှောက်နိဗ္ဗာန်ဝါဒငါးမျိုး။

၉၄၃။ ထိုတွင် အဘယ်တို့သည် မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကို ဆိုသော ဝါဒငါးပါးတို့ မည်သနည်း။

ဤလောက၌ အချို့သော သမဏာ၊ ဗြာဟ္မဏာသည် ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏– "အချင်းတို့ ဤကိုယ် 'အတ္တ'သည် အကြင့်ကြောင့် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင် ခံစားရ၏။ အချင်းတို့ ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်သို့ ရောက်၏"ဟုဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤကိုယ် 'အတ္တ' သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၊ အချင်း ဤကိုယ် 'အတ္တ' သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်နည်းဟူမူ– အချင်း အကြင့်ကြောင့်ကာမဂုဏ်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖေါက်ပြန်ပြောင်းလဲခြင်း သဘောရှိကုန်၏၊ ထိုကာမဂုဏ်တို့၏ဖေါက်ပြန်ပြောင်းလဲခြင်း တစ်မျိုးတစ်ဖုံဖြစ်ခြင်းကြောင့် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ အချင်း ဤကိုယ် 'အတ္တ' သည် အကြင့်ကြောင့်ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပဌမဈာန် ရောက်၍ နေ၏။ အချင်း ဤမျှဖြင့်ဤကိုယ် 'အတ္တ' သည် အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏" ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့ သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကိုပညတ်ကြကုန်၏။ တိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤကိုယ် 'အတ္တ'သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၏၊ အချင်း ဤကိုယ် 'အတ္တ'သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက် ဘဝ'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်နည်းဟူမူ– ထို (ပဌမဈာန်)၌ ဝိတက်, ဝိစာရရှိနေသေးသောကြောင့် ဤ (ပဌမဈာန်) ကို ရုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏။ အချင်း အကြင့်ကြောင့် ဤကိုယ် 'အတ္တ'သည် ဝိတက်, ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့ ရောက်၍နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်သို့ရောက်၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏– "အချင်း သင် ဆိုသော ဤကိုယ် 'အတ္တ'သည် ရှိသည်သာတည်း၊ မရှိဟု ငါ မဆို။ အချင်း ဤကိုယ် 'အတ္တ'သည် ဤမျှတည်းဖြင့် မြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ်ကြောင့်နည်းဟူမူ– ထို (ဒုတိယဈာန်)၌ စိတ်၏ပေါ်လွင်တက်ကြွသည်၏ အဖြစ်ဟူသော နှစ်သိမ့်ခြင်းပီတိ ရှိနေသေး သောကြောင့် ဤ (ဒုတိယဈာန်) ကိုရုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏၊ အချင်း အကြင့်ကြောင့် ဤကိုယ် 'အတ္တ'သည် ပီတိကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ တတိယဈာန်သို့ ရောက်၍ နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ထိုသူကို အခြား တစ်ယောက်သောသူက ဤသို့ ဆို၏၊ "အချင်း သင် ဆိုသော ဤကိုယ် 'အတ္တ'သည်ရှိသည်သာတည်း၊ မရှိဟု ငါ မဆို၊ အချင်း ဤကိုယ် 'အတ္တ'သည် ဤမျှတည်းဖြင့် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ'နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ်ကြောင့်နည်းဟူမူ ထို (တတိယဈာန်)၌ ချမ်းသာလေစွဟု စိတ်၏

နှလုံးသွင်းခြင်းရှိနေသေးသောကြောင့် ဤ (တတိယဈာန်) ကို ရှုန့်ရင်းကြမ်းတမ်း၏ဟု ဆိုအပ်၏၊ အချင်း အကြင့်ကြောင့် ဤကိုယ် 'အတ္တ'သည် သုခကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ အချင်း ဤမျှဖြင့် ဤကိုယ် 'အတ္တ'သည် အမြတ်ဆုံးမျက်မှောက်ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်သို့ ရောက်၏ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် ဘဝ 'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကို ပညတ်ကြကုန်၏။ ဤသည်တို့သည် မျက်မှောက်ဘဝ'ဒိဋ္ဌဓမ္မ' နိဗ္ဗာန်ကို ဆိုသော ဝါဒငါးပါးတို့တည်း။

ငါးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

၆–ဆက္ကနိဒ္ဒေသ

(ခြောက်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

(၁) ငြင်းခုန်မှု အခြေခံတရားခြောက်ပါး

၉၄၄။ ထိုတွင် အဘယ်တို့သည် ငြင်းခုန်မှု အခြေခံတရား ခြောက်ပါးတို့ မည်သနည်း။

အမျက်ထွက်ခြင်း၊ ကျေးဇူးကန်းခြင်း၊ ငြူစူခြင်း၊ စဉ်းလဲခြင်း၊ ယုတ်မာသော အလိုရှိခြင်း၊ မိမိအယူကိုမှားသောအားဖြင့် သုံးသပ်ခြင်း။ ဤသည်တို့သည် ငြင်းခုန်မှု အခြေခံတရား ခြောက်ပါးတို့တည်း။

(၂) ပြင်းစွာတပ်မက်မှု ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့ မည်သနည်း။

ပြင်းစွာတပ်မက်ခြင်းတို့သည် (ကိလေသာဟူသော) အိမ်ကို မှီသော တရားတို့တည်း။

နှလုံးကို ပွါးစေတတ်ကုန်သော အဆင်း 'ရူပါရုံ'တို့၌ ကိလေသာအိမ်ကို မှီသော တပ်မက်ခြင်း 'ရာဂ'သည်၊ ပြင်းစွာ တပ်မက်ခြင်း 'သာရာဂ'သည်၊ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ နှလုံးကို ပွါးစေတတ်ကုန်သော အသံ'သဒ္ဒါရုံ'တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အနံ့ 'ဂန္ဓာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အရသာ 'ရသာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော သဘော 'ဓမ္မာရုံ' တို့၌ ကိလေသာအိမ်ကို မှီသော တပ်မက်ခြင်း 'ရာဂ'သည်၊ ပြင်းစွာ တပ်မက်ခြင်း 'သာရာဂ'သည်၊ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း 'စိတ္တသာရာဂ'သည် ရှိ၏။ ဤသည်တို့သည် ပြင်းစွာတပ်မက်မှု ခြောက်ပါးတို့တည်း။

(၃) ဆန့်ကျင်မှု ဝတ္ထုခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဆန့်ကျင်မှု 'ဝိရောဓ' ဝတ္ထု ခြောက်ပါးတို့ မည်သနည်း။

နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံတို့၌ စိတ်၏ အမျက်ထွက်ခြင်းသည်၊ အထပ်ထပ် အမျက်ထွက်ခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ ပြည့်စုံစွာ မပြောဆိုနိုင်ခြင်းသည်၊ စိတ်နှလုံးမသာခြင်းသည် ရှိ၏။ နှလုံးကို မပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဓမ္မာရုံတို့၌ စိတ်၏ အမျက်ထွက်ခြင်းသည်၊ အထပ်ထပ်အမျက်ထွက်ခြင်းသည်၊ ကြမ်းတမ်းခြင်းသည်၊ ပြည့်စုံစွာ မပြောဆိုနိုင်ခြင်းသည်၊ စိတ်နှလုံးမသာခြင်းသည် ရှိ၏။ ဤသည်တို့သည် ဆန့်ကျင်မှု (ဝိရောဓ) ဝတ္ထု ခြောက်ပါးတို့တည်း။

(၄) တဏှာအပေါင်းခြောက်ပါး

ထိုတွင် အဘယ်တို့သည် တဏှာအပေါင်းခြောက်ပါးတို့ မည်သနည်း။

ရူပါရုံ၌ တပ်မက်ခြင်း 'ရူပတဏှာ'၊ သဒ္ဒါရုံ၌ တပ်မက်ခြင်း 'သဒ္ဒတဏှာ'၊ ဂန္ဓာရုံ၌ တပ်မက်ခြင်း 'ဂန္ဓတဏှာ'၊ ရသာရုံ၌ တပ်မက်ခြင်း 'ရသတဏှာ'၊ ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်ခြင်း 'ဖောဋ္ဌဗ္ဗတဏှာ'၊ ဓမ္မာရုံ၌ တပ်မက်ခြင်း 'ဓမ္မတဏှာ'။ ဤသည်တို့သည် တဏှာအပေါင်းခြောက်ပါးတို့တည်း။

(၅) မရိုသေခြင်းခြောက်ပါး

၉၄၅။ ထိုတွင် အဘယ်တို့သည် မရိုသေခြင်း ခြောက်ပါးတို့ မည်သနည်း။

ဘုရား၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ တရား၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ သံဃာ၌ မရိုမသေ မတုပ်ဝပ်ဘဲ နေ၏၊ ကျင့်ဝတ် (သိက္ခာ) ၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ မမေ့မလျော့မှု (အပွမာဒတရား)၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏၊ ဆက်ဆံစေ့စပ်မှု (လောကဝတ်) ၌ မရိုသေ မတုပ်ဝပ်ဘဲ နေ၏။ ဤသည်တို့သည် မရိုသေခြင်း ခြောက်ပါးတို့တည်း။

(၆) ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ယုတ်လျော့ကြောင်းတရား ခြောက်ပါးတို့ မည်သနည်း။

အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ အမျိုးသမီးတို့နှင့် ရောနှောမှု၌ မွေ့လျော်ခြင်း၊ သံသရာချဲ့ထွင်သောတရား၌ မွေ့လျော်ခြင်း။ ဤသည်တို့သည် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့တည်း။

(၇) တစ်နည်း ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

၉၄ဖ။ ထိုတွင် အဘယ်တို့သည် တစ်နည်းအားဖြင့် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့ မည်သနည်း။

အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ဆိုဆုံးမခက်ခြင်း၊ မိတ်ဆွေယုတ်ရှိခြင်း။ ဤသည်တို့သည် ဆုတ်ယုတ်ကြောင်းတရား ခြောက်ပါးတို့တည်း။

(၈) ဝမ်းမြောက်ဝမ်းသာဆင်ခြင်ခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်းခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် ဝမ်းမြောက်မှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် ဝမ်းမြောက်မှု၏အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည်တို့သည် ဝမ်းမြောက်မှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့တည်း။

(၉) ဝမ်းနည်းဆင်ခြင်ခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ဝမ်းနည်းမှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် နှလုံးမသာယာမှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် နှလုံးမသာယာမှု၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည်တို့သည် ဝမ်းနည်းမှုနှင့်တကွ ဆင်ခြင်ခြင်း ခြောက်ပါးတို့တည်း။

(၁၀) လျစ်လျူရှုဆင်ခြင်မှု ခြောက်ပါး

ထိုတွင် အဘယ်တို့သည် လျစ်လျူရှုမှုနှင့်တကွ ဆင်ခြင်မှု ခြောက်ပါးတို့ မည်သနည်း။

မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်၏။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော်။ပ။

နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော်။ပ။

လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော်။ပ။

ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော်။ပ။

စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်၏။ ဤသည်တို့သည် လျစ်လျူရှုမှုနှင့်တကွ ဆင်ခြင်မှု ခြောက်ပါးတို့တည်း။

(၁၁) ကိလေသာအိမ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါး

၉၄၇။ ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကိုမှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့ မည်သနည်း။

နှလုံးကို ပွါးစေတတ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော သာယာခြင်း, စိတ်၌ ဖြစ်သော ချမ်းသာခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာ, ချမ်းသာသောခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းဝေဒနာသည် ရှိ၏။ နှလုံးကို ပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို ပွါးစေတတ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော သာယာခြင်း, စိတ်၌ ဖြစ်သော ချမ်းသာခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော သာယာ, ချမ်းသာသော ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည်ကိလေသာအိမ်ကို မှီသော ဝမ်းမြောက်ခြင်း ခြောက်ပါးတို့တည်း။

(၁၂) ကိလေသာအိမ်ကိုမှီသော ဝမ်းနည်းခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကိုမှီသော ဝမ်းနည်းခြင်း ခြောက်ပါးတို့ မည်သနည်း။

နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော မသာယာ ခြင်း, စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်း သည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်းဝေဒနာသည် ရှိ၏။ နှလုံးကို မပွါးစေတတ်ကုန်သော သဒ္ဒါရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဂန္ဓာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ရသာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကို မပွါးစေတတ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်၌ ဖြစ်သော မသာယာခြင်း, စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည်၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာ, ဆင်းရဲသော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာ, ဆင်းရဲသော

ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည်ကိလေသာအိမ်ကို မီသော ဝမ်းနည်းခြင်း ခြောက်ပါးတို့တည်း။

(၁၃) ကိလေသာအိမ်ကိုမီသော လျစ်လျူရှုခြင်း ခြောက်ပါး

ထိုတွင် အဘယ်တို့သည် ကိလေသာအိမ်ကို မီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့ မည်သနည်း။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မီသော စိတ်၌ ဖြစ်သောသာယာသည်လည်း မဟုတ်, မသာယာသည်လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာမဟုတ်သော ခံစားခြင်းဝေဒနာသည် ရှိ၏။ လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော သဒ္ဒါရုံတို့၌ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဂန္ဓာရုံတို့၌ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ရသာရုံတို့၌ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌ပ။

လျစ်လျူရှုမှု၏ အကြောင်းဖြစ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မီသော စိတ်၌ ဖြစ်သောသာယာသည်လည်း မဟုတ်, မသာယာသည်လည်း မဟုတ်ခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းသည်၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ, ချမ်းသာ မဟုတ်သော ခံစားခြင်းဝေဒနာသည် ရှိ၏။ ဤသည်တို့သည် ကိလေသာအိမ်ကို မီသော လျစ်လျူရှုခြင်း ခြောက်ပါးတို့တည်း။

(၁၄) မှားသောအယူ ခြောက်ပါး

၉၄၈။ ထိုတွင် အဘယ်တို့သည် မှားသောအယူ 'ဒိဋ္ဌိ' ခြောက်ပါးတို့ မည်သနည်း။

"ငါ့အား အတ္တရှိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ "ငါ့အား အတ္တမရှိ"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ "အတ္တဖြင့် အတ္တကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသော အယူဖြစ်၏။ "အတ္တဖြင့် အတ္တမဟုတ်သည်ကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့်မှားသောအယူ ဖြစ်၏။ "အတ္တမဟုတ်သည်ဖြင့် အတ္တကို သိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့်မှားသောအယူ ဖြစ်၏။ ထိုပြင် ထိုသူအား ဤသို့ မှားသောအယူ ဖြစ်၏– "ထိုအတ္တသည် ငါ၏ ဤကိုယ်ပင်တည်း၊ ဆိုတတ်၏၊ သိတတ်၏၊ ထိုထို (အာရုံ) တို့၌ ရှည်စွာသော နေ့ညဥ့်ပတ်လုံး ကောင်း, မကောင်းသောကံတို့၏ အကျိုးကို ခံစားတတ်၏၊ ထိုအတ္တသည် မဖြစ်ပေါ်တတ်သည် ဖြစ်၍ မဖြစ်ဖူးပြီ၊ ထိုအတ္တသည်မဖြစ်ပေါ်တတ်သည် ဖြစ်၍ မဖြစ်လတ္တံ့၊ မြေ၏၊ ခိုင်ခန့်၏၊ အခါခပ်သိမ်း တည်၏၊ ဖေါက်ပြန်သောသဘော မရှိ"ဟုလည်း ထိုသူအား အမှန်အားဖြင့်, အခိုင်အမာအားဖြင့် မှားသောအယူ ဖြစ်၏။ ဤသည်တို့သည် မှားသောအယူ (ဒိဋ္ဌိ) ခြောက်ပါးတို့တည်း။

ခြောက်ပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။

၇–သတ္တကနိဒ္ဒေသ

(ခုနစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

အနုသယ ၉၄၉။ ထိုတွင် အဘယ်တို့သည် အနုသယခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု အနုသယ၊ အမျက်ထွက်မှု အနုသယ၊ ထောင်လွှားမှု အနုသယ၊ အယူမှားမှု အနုသယ၊ တွေးတောယုံမှားမှု အနုသယ၊ ဘဝ၌ တပ်မက်မှု အနုသယ၊ မသိမှု အနုသယ။ ဤသည်တို့သည် အနုသယ ခုနစ်ပါးတို့တည်း။ (၁)

သံယောဇဉ်။ ။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်ခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု သံယောဇဉ်၊ အမျက်ထွက်မှု သံယောဇဉ်၊ ထောင်လွှားမှု သံယောဇဉ်၊ အယူမှားမှု သံယောဇဉ်၊ တွေးတောယုံမှားမှု သံယောဇဉ်၊ ဘဝ၌ တပ်မက်မှု သံယောဇဉ်၊ မသိမှု သံယောဇဉ်။ ဤသည်တို့သည် သံယောဇဉ်ခုနစ်ပါးတို့တည်း။ (၂)

ထကြွသောင်းကျန်းမှု 'ပရိယုဋ္ဌာန'။ ။ ထိုတွင် အဘယ်တို့သည် ထကြွသောင်းကျန်းမှု ခုနစ်ပါးတို့ မည်သနည်း။

လိုချင်တပ်မက်မှု ထကြွသောင်းကျန်းခြင်း၊ အမျက်ထွက်မှု ထကြွသောင်းကျန်းခြင်း၊ ထောင်လွှားမှု ထကြွသောင်းကျန်းခြင်း၊ အယူမှားမှု ထကြွသောင်းကျန်းခြင်း၊ တွေးတောယုံမှားမှု ထကြွသောင်းကျန်းခြင်း၊ ဘဝ၌ တပ်မက်မှု ထကြွသောင်းကျန်းခြင်း၊ မသိမှု ထကြွသောင်းကျန်းခြင်း။ ဤသည်တို့သည်ထကြွသောင်းကျန်းမှု ခုနစ်ပါးတို့တည်း။ (၃)

သူယုတ်မာတရား ၉၅၀။ ထိုတွင် အဘယ်တို့သည် သူယုတ်မာတရား ခုနစ်ပါးတို့ မည်သနည်း။

သဒ္ဓါတရား မရှိ၊ အရှက်မရှိ၊ အကြောက်အလန့်မရှိ၊ အကြားအမြင်နည်း၏၊ ပျင်းရိ၏၊ သတိလွတ်၏၊ ပညာမဲ့၏။ ဤသည်တို့သည် သူယုတ်မာတရား ခုနစ်ပါးတို့တည်း။ (၄)

ဒုစရိုက်တရား။ ။ ထိုတွင် အဘယ်တို့သည် ဒုစရိုက်ခုနစ်ပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မမှန်သည်ကို ဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ အကျိုးမရှိသည်ကို ဆိုခြင်း။ ဤသည်တို့သည် ဒုစရိုက်ခုနစ်ပါးတို့တည်း။ (၅)

မာန်ထောင်ခြင်း။ ။ ထိုတွင် အဘယ်တို့သည် မာန်ထောင်ခြင်း ခုနစ်ပါးတို့ မည်သနည်း။

မာန်ထောင်ခြင်း၊ အလွန်မာန်ထောင်ခြင်း၊ အလွန်အလွန်မာန်ထောင်ခြင်း၊ ယုတ်သောအားဖြင့် မာန်ထောင်ခြင်း၊ အထင်ကြီးခြင်း၊ ငါဖြစ်၏ဟု မာန်ထောင်ခြင်း၊ မှားသော မာန်ထောင်ခြင်း။ ဤသည်တို့သည် မာန်ထောင်ခြင်း ခုနစ်ပါးတို့တည်း။ (၆)

အယူမှားယွင်းမှု ၉၅၁။ ထိုတွင် အဘယ်တို့သည် အယူမှားမှု ခုနစ်ပါးတို့ မည်သနည်း။

ဤလောကၦ် အချို့သော သမဏဗြာဟ္မဏသည် ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏– "အချင်းအကြင့်ကြောင့် ဤအတ္တသည် ရူပ်ရှိ၏၊ မဟာဘုတ်လေးပါးဖြင့် ပြီး၏။ မိဘတို့၏ သုက်သွေး ကြောင့်ဖြစ်၏၊ ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်။ အချင်း ဤမျှဖြင့်ဤအတ္တသည် လုံးဝ ပြတ်စဲ၏"ဟု ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆–၁)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်း ကာမာဝစရနတ်ပြည်ၦ် ဖြစ်သော ကဗဠီကာရအာဟာရဟူသော နတ်သုဒ္ဓါကို စားသောက်သော ရူပ်ရှိသောအခြားအတ္တသည် ရှိသေး၏၊ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည်ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆–၂)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်း ရူပဗြဟ္မာ့ပြည်ၦ် ဖြစ်သော ဈာန်စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံ ပြည့်စုံသော ဣန္ဒြေမချို့တဲ့သော ရူပ်ရှိသောအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆–၃)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝ ပြတ်စဲသည် မဟုတ်သေး။ အချင်းရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်အပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ 'ကောင်းကင်သည် အဆုံးမရှိ'ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတနဗြဟ္မာ့ဘုံသို့ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၊ မြင်၏။ အချင်း ထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ် တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်၏"ဟု ဆို၏။ ဤသို့လျှင်အချို့သူတို့သည် ထင်ရှား ရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆–၄)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး။ အချင်းအာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ'ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတန ဗြဟ္မာ့ဘုံသို့ ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုကိုယ်ကို သင်မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်း ထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော်ပြတ်စဲ၏၊ ပျက်စီး၏။

သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏"ဟုဆို၏။ ဤသို့ အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကိုပညတ်ကြကုန်၏။ (၆–၅)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို၏။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး။ အချင်းဝိညာဏာဌာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'စိုးစဉ်းမျှ မရှိ'ဟု (နလုံးသွင်းလျက်) အာကိဉ္စညာယတနဗြဟ္မာ့ဘုံသို့ ကပ်ရောက်သော အခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကိုငါ သိ၏၊ မြင်၏။ အချင်း ထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှတည်းဖြင့် ဤကိုယ်သည် လုံးဝပြတ်စဲ၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်း ပျက်စီးခြင်း မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ (၆–၆)

ထိုသူ့ကို အခြားသူက ဤသို့ ဆို၏– "အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း။ မရှိဟုငါ မဆို။ အချင်း ဤအတ္တသည် ဤမျှတည်းဖြင့် လုံးဝပြတ်သည် မဟုတ်သေး။ အချင်းအာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတန ဗြဟ္မာ့ဘုံသို့ ကပ်ရောက်သောအခြားအတ္တသည် ရှိသေး၏။ ထိုအတ္တကို သင် မသိ၊ မမြင်။ ထိုအတ္တကို ငါ သိ၏၊ မြင်၏။ အချင်းထိုအတ္တသည် အကြင့်ကြောင့် ကိုယ်ခန္ဓာပျက်စီးသော် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးနောက် မဖြစ်တော့။ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏"ဟု ဆို၏။ ဤသို့လျှင် အချို့သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်ကြကုန်၏။ ဤသည်တို့သည်အယူမှားမှု ဒိဋ္ဌိခုနစ်ပါးတို့တည်း။ (၆–၇)

ခုနစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်းပြီး၏။

၈–အဋ္ဌကနိဒ္ဒေသ

(ရှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

ကိလေသာ ၉၅၂။ ထိုတွင် အဘယ်တို့သည် ကိလေသာရှစ်ပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ ထောင်လွှားမှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ ထိုင်းမှိုင်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'။ ဤသည်တို့သည် ကိလေသာရှစ်ပါးတို့တည်း။

ပျင်းရိခြင်းအကြောင်း ၉၅၃။ ထိုတွင် အဘယ်တို့သည် ပျင်းရိခြင်းအကြောင်း ရှစ်ပါးတို့ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အမှုကို ပြုရ၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည်အမှုကို ပြုရလိမ့်မည်၊ အမှုကို ပြုရသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည်အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့

ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား ရှေးဦးစွာ သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အမှုကို ပြုပြီးဖြစ်၏၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည် အမှုကိုပြုပြီးလေပြီ၊ အမှုကို ပြုပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား နှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ခရီးသွားမည် ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည်ခရီးသွားရလိမ့်မည်၊ ခရီးသွားသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား သုံးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ခရီးသွားပြီး ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည်ခရီးသွားပြီးလေပြီ၊ ခရီးသွားပြီးသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ယခုငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား လေးခုမြောက်သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသောဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် မရ။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသောဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် မရ။ ထို (မရသော) ငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေး သည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား ငါးခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင် ရ၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါသည် ရွာ, နိဂုံးသို့ ဆွမ်းအလို့ငှါ လှည့်လည်သော် ကြမ်းတမ်းသော ဘောဇဉ်ကိုလည်းကောင်း၊ မွန်မြတ်သော ဘောဇဉ်ကိုလည်းကောင်း အလိုရှိတိုင်း ပြည့်စုံအောင်ရ၏။ ထို (ရသော) ငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ စိုစွတ်သော ပဲကြီးနှင့် တူသရောင်ထင်၏။ ယခု ငါသည် အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏၊ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝိရိယကို အားမထုတ်။ ဤသည်ကား ခြောက်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အနာရောဂါအနည်းငယ်ဖြစ်၏။ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏– "ငါ့အား အနာရောဂါအနည်းငယ် ဖြစ်၏။ အိပ်ရန် သင့်သော အခွင့်သည် ရှိနေ၏။ ယခု ငါသည်အိပ်ဦးမည်"ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏။ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေးသည်ကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ဤသည်ကား ခုနစ်ခုမြောက်သော ပျင်းရိခြင်းအကြောင်းတည်း။

ထို့ပြင်လည်း ရဟန်းသည် အနာ (ရောဂါ) ပျောက်ပြီ၊ အနာ (ရောဂါ) ပျောက်သည်ကား မကြာသေး၊ ထိုရဟန်းအား ဤသို့ အကြံဖြစ်၏–"ငါသည် အနာ (ရောဂါ) ပျောက်ပြီ၊ အနာ (ရောဂါ) ပျောက်သည်ကား မကြာသေး၊ ထို (အနာရောဂါပျောက်စဖြစ်သော) ငါ၏ ကိုယ်သည် အားနည်း၏၊ မခံ့ကျန်း၊ ယခု ငါသည်အိပ်ဦးမည်ဟု (နှလုံးပြု၍) ထိုရဟန်းသည် အိပ်၏။ မရောက်အပ်သေးသည်သို့ ရောက်ရန်၊ မရအပ်သေးသည်ကို ရရန်၊ မျက်မှောက်မပြုအပ်သေး သည်ကို မျက်မှောက်ပြုရန် အားမထုတ်။ ဤသည်ကား ရှစ်ခုမြောက်သော ပျင်းရိခြင်း အကြောင်းတည်း။

ဤသည်တို့သည် ပျင်းရိခြင်း အကြောင်းရှစ်ပါးတို့တည်း။

စိတ်ပင်ပန်းကြောင်း လောကမံတရား ၉၅၄။ ထိုတွင် အဘယ်လောကမံရှစ်ပါးတို့ဖြင့် စိတ်ပင်ပန်းခြင်း ဖြစ်သနည်း။

လာဘ်ရခြင်းကြောင့် ပြင်းစွာတပ်မက်ခြင်း၊ လာဘ်မရခြင်းကြောင့် နှလုံးမသာယာခြင်း၊ အခြံအရံ (အကျော်အစော) ကြောင့် ပြင်းစွာတပ်မက်ခြင်း၊ အခြံအရံ (အကျော်အစော) မရှိခြင်းကြောင့် နှလုံးမသာယာခြင်း၊ ချီးမွမ်းခြင်းကြောင့် ပြင်းစွာတပ်မက်ခြင်း၊ ကဲ့ရဲ့ခြင်းကြောင့် နှလုံးမသာယာခြင်း၊ ချမ်းသာခြင်း ကြောင့် ပြင်းစွာတပ်မက်ခြင်း၊ ဆင်းရဲခြင်းကြောင့် နှလုံးမသာယာခြင်း။ ဤလောကမံရှစ်ပါးတို့ကြောင့်စိတ်ပင်ပန်းခြင်း ဖြစ်၏။

ယုတ်ညံ့သူတို့၏ ပြောဆိုခြင်း ၉၅၅။ ထိုတွင် အဘယ်တို့သည် အရိယာမဟုတ် (ယုတ်ညံ့) သူတို့၏ပြောဆိုခြင်း ရှစ်ပါးတို့ မည်သနည်း။

မမြင်သည်၌ မြင်၏ဟု ဆိုခြင်း၊ မကြားသည်၌ ကြား၏ဟု ဆိုခြင်း၊ မတွေ့ထိသည်၌ တွေ့ထိ၏ဟုဆိုခြင်း၊ မသိသည်၌ သိ၏ဟု ဆိုခြင်း၊ မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ကြားသည်၌ မကြားဟု ဆိုခြင်း၊ တွေ့ထိသည်၌ မတွေ့ထိဟု ဆိုခြင်း၊ သိသည်၌ မသိဟု ဆိုခြင်း။ ဤသည်တို့သည် အရိယာမဟုတ် (ယုတ်ညံ့) သူတို့၏ ပြောဆိုခြင်း ရှစ်ပါးတို့တည်း။

မှားသော သဘောတရား ၉၅၆။ ထိုတွင် အဘယ်တို့သည် မှားသော သဘောတရား ရှစ်ပါးတို့ မည်သနည်း။

မှားသော အမြင် 'မိစ္ဆာဒိဋ္ဌိ'၊ မှားသော ကြံစည်မှု 'မိစ္ဆာသင်္ကပ္ပ'၊ မှားသော ပြောဆိုမှု 'မိစ္ဆာဝါစာ'၊ မှားသော ပြုလုပ်မှု 'မိစ္ဆာကမ္မန္တ'၊ မှားသော အသက်မွေးမှု 'မိစ္ဆာအာဇီဝ'၊ မှားသော လုံ့လ 'မိစ္ဆာဝါယာမ'၊ မှားသော အောက်မေ့မှု 'မိစ္ဆာသတိ'၊ မှားသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'။ ဤသည်တို့သည် မှားသော သဘောတရား ရှစ်ပါးတို့တည်း။

ယောကျ်ားတို့၏ အပြစ် ၉၅၇။ ထိုတွင် အဘယ်တို့သည် ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့ မည်သနည်း–

ဤသာသနာတော်၌ ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် "ငါ မအောက်မေ့မိ၊ ငါမအောက်မေ့မိ"ဟု အမှတ်မရသဖြင့်သာ ဖြေရှင်း၏။ ဤသည်ကား ရှေးဦးစွာသော ယောကျ်ားတို့၏အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အပြစ်တင်စွပ်စွဲသူကိုသာ "မိုက်မဲ မလိမ္မာသောသင်၏ ပြောဆိုခြင်းဖြင့် အဘယ်မူအံ့နည်း၊ သင်ကဲ့သို့သော (ပုဂ္ဂိုလ်) က ငါ့ကို ဆိုစရာမှတ်ထင်သလော"ဟု ဆန့်ကျင်ဘက်ဖြစ်၍ တည်၏။ ဤသည်ကား နှစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အပြစ်တင်စွပ်စွဲသူကိုသာ "သင်လည်း ဤမည်သော အာပတ်သို့ ရောက်သည် မဟုတ်လော၊ သင်သည် လက်ဦးစွာ ကုစားဦးလော့"ဟု ပြန်၍ အပြစ်တင် စွပ်စွဲ၏။ ဤသည်ကား သုံးခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်း၏။ စကားကို အပ၌ ပစ်လွှင့်၏။ အမျက်ထွက်ခြင်းကို လည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားစွာ ပြု၏။ ဤသည်ကား လေးခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် သံဃာ့အလယ်၌ လက်သီး, လက်မောင်းတန်း၍ အရှက်မရှိသော စကားကို ဆို၏၊ ဤသည်ကား ငါးခုမြောက်သော ယောကျ်ားတို့၏အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်သည်ရှိသော် "ငါ အာပတ်မသင့်၊ ငါ အာပတ်မသင့်သည် မဟုတ်"ဟု (မပြောမဆို) ဆိတ်ဆိတ်ဖြစ်၍ သံဃာကို ညှဉ်းဆဲ၏။ ဤသည်ကားခြောက်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် သံဃာကို အရေးမစိုက်မူ၍ အပြစ်တင်သူကိုအရေးမစိုက်မူ၍ အာပတ်ရှိလျက်သာ အလိုရှိသော အရပ်သို့ ဖဲသွား၏။ ဤသည်ကား ခုနစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ထို့ပြင်လည်း ရဟန်းတို့သည် ရဟန်း (တစ်ပါး) ကို အာပတ်ဖြင့် အပြစ်တင် စွပ်စွဲကုန်၏။ ထိုရဟန်းသည်ရဟန်းတို့က အာပတ်ဖြင့် အပြစ်တင်စွပ်စွဲအပ်သည်ရှိသော် "အရှင်ဘုရားတို့ သင်တို့သည် ကျွန်ုပ်၌ အဘယ့်ကြောင့် အလွန်အမင်း ကြောင့်ကြစိုက်ကြသနည်း၊ ယခု ကျွန်ုပ်သည် သိက္ခာချ၍ လူထွက်တော့အံ့" ဟု ဤသို့ ဆို၏။ ထိုရဟန်းသည် သိက္ခာချ၍

လူထွက်ပြီးလျှင် "အရှင်ဘုရားတို့ သင်တို့သည်ယခုအခါ နှစ်လိုဝမ်းမြောက်တော်မူကြပါ"ဟု ဤသို့ ဆို၏။ ဤသည်ကား ရှစ်ခုမြောက်သော ယောကျ်ားတို့၏ အပြစ်တည်း။

ဤသည်တို့ကား ယောကျ်ားတို့၏ အပြစ်ရှစ်ပါးတို့ မည်ကုန်၏။

အသညီဝါဒ ၉၅၈။ ထိုတွင် အဘယ်တို့သည် သညာမရှိဟုဖြစ်သော အယူရှစ်ပါးတို့ မည်သနည်း။

အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ ထိုအတ္တကို "သညာမရှိ"ဟု ပညတ်ကြကုန်၏။ အတ္တသည် ရုပ်မရှိ။ပ။

ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ။ပ။

ရုပ်ရှိသည်လည်း မဟုတ် ရုပ်မရှိသည်လည်း မဟုတ်။ပ။

အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကိုပညတ်ကြကုန်၏။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကိုပညတ်ကြကုန်၏။ အတ္တသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာမရှိ"ဟု ပညတ်ကြကုန်၏။ ဤသည်တို့သည် သညာမရှိဟု ဖြစ်သော အယူရှစ်ပါးတို့ မည်ကုန်၏။

နေဝသညီနာသညီဝါဒ ၉၅၉။ ထိုတွင် အဘယ်တို့သည် သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်းမဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့ မည်သနည်း။

အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်မရှိ။ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ်ကြကုန်၏။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ (မြဲ၏)၊ "သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်"ဟု ထိုအတ္တကို ပညတ် ကြကုန်၏။ ဤသည်တို့သည်

သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်ဟု ဖြစ်သော အယူရှစ်ပါးတို့ မည်ကုန်၏။

ရှစ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

နဝကနိဒ္ဒေသ

(ကိုးပါးအစုတရားများကိုအကျယ်ပြဆိုခြင်း)

ရန်ငြိုးဖွဲ့ခြင်းအကြောင်း ၉၆၀။ ထိုတွင် အဘယ်တို့သည် ရန်ငြိုးဖွဲ့ခြင်းအကြောင်း ကိုးပါးတို့ မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါချစ်မြတ်နိုးသူ၏အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲ။ပ။ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ငါ မချစ်မြတ်နိုးသူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲ။ပ။ အကျိုးကိုပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့ခြင်း ဖြစ်၏။ ဤသည်တို့သည် ရန်ငြိုးဖွဲ့ခြင်း အကြောင်းကိုးပါးတို့ မည်ကုန်၏။

ယောကျ်ားတို့၏အညစ်အကြေး ၉၆၁။ ထိုတွင် အဘယ်တို့သည် ယောကျ်ားတို့၏ အညစ်အကြေးကိုးပါးတို့ မည်သနည်း။

အမျက်ထွက်မှု 'ကောဓ'၊ ကျေးဇူးကန်းမှု 'မက္ခ'၊ ငြူစူမှု 'ဣဿာ'၊ ဝန်တိုမှု 'မစ္ဆရိယ'၊ လှည့်ပတ်မှု 'မာယာ'၊ စဉ်းလဲမှု 'သာဌေယျ'၊ လိမ်ညာပြောမှု 'မုသာဝါဒ'၊ ယုတ်မာသောအလိုရှိမှု 'ပါပိစ္ဆတာ'၊ မှားသော အယူရှိမှု 'မိစ္ဆာဒိဋ္ဌိ'။ ဤသည်တို့သည် ယောကျ်ားတို့၏ အညစ်အကြေးကိုးပါးတို့ မည်ကုန်၏။

မာန်ထောင်ခြင်း ၉၆၂။ ထိုတွင် အဘယ်တို့သည် မာန်ထောင်ခြင်း ကိုးပါးတို့ မည်သနည်း။

မြတ်သော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ မြတ်သော သူ၏ "ငါ (သင့်နှင့်) တူ၏"ဟု မာန်ထောင်ခြင်း၊ မြတ်သော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ တူသော သူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ တူသော သူအား "ငါ (သင်နှင့်) တူ၏" ဟု မာန်ထောင်ခြင်း၊ တူသော သူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ ယုတ်သောသူ၏ "ငါ (သင့်ထက်) မြတ်၏"ဟု မာန်ထောင်ခြင်း၊ ယုတ်သော သူ၏ "ငါ (သင့်နှင့်) တူ၏" ဟု မာန်ထောင်ခြင်း၊ ယုတ်သောသူ၏ "ငါ (သင့်အောက်) ယုတ်၏"ဟု မာန်ထောင်ခြင်း။ ဤသည် တို့သည် မာန်ထောင်ခြင်း ကိုးပါးတို့ မည်ကုန်၏။

တဏှာမူလကတရား ၉၆၃။ ထိုတွင် အဘယ်တို့သည် တပ်မက်ခြင်း (တဏှာ) အရင်းခံတရားကိုးပါးတို့ မည်သနည်း။

(၁) တပ်မက်ခြင်း 'တဏှာ'ကို စွဲ၍ ရှာမှီးခြင်း ဖြစ်၏။ (၂) ရှာမှီးခြင်းကို စွဲ၍ ရခြင်း ဖြစ်၏၏။ (၃) ရခြင်းကို စွဲ၍ ကြိုစည်ဆုံးဖြတ်ခြင်း ဖြစ်၏။ (၄) ကြိုစည်ဆုံးဖြတ်ခြင်းကို စွဲ၍ ပြင်းစွာ လိုချင်တပ်မက်ခြင်း ဖြစ်၏။ (၅) ပြင်းစွာလိုချင်တပ်မက်ခြင်းကို စွဲ၍ (ငါ, ငါ့ဟာဟု) အားကြီးသော အပြီးသတ် သက်ဝင်ဆုံးဖြတ်ချက်ချခြင်း ဖြစ်၏။ (၆) (ငါ, ငါ့ဟာ ဟု) အားကြီးသော အပြီးသတ်သက်ဝင် ဆုံးဖြတ်ချက်ချခြင်းကို စွဲ၍ သိမ်းဆည်းခြင်း ဖြစ်၏။ (၇) သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်း ဖြစ်၏။ (၈) ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်း ဖြစ်၏။ (၉) စောင့်ရှောက်ခြင်းအကြောင်းကြောင့် တုတ်ကိုင်ခြင်း၊ ဓားစွဲခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်း၊ ဆန့်ကျင်ဘက် ပြောခြင်း၊ နင်ပဲငဆ ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ မမှန်သည်ကို ဆိုခြင်းဟူသော များစွာကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ဤသည်တို့သည် တပ်မက်ခြင်း 'တဏှာ' အရင်းခံတရား ကိုးပါးတို့ မည်ကုန်၏။

တုန်လှုပ်ခြင်း ၉၆၄။ ထိုတွင် အဘယ်တို့သည် တုန်လှုပ်ခြင်း ကိုးပါးတို့ မည်သနည်း။

ဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ငါဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ဤဟာ ငါဖြစ်ဟု တုန်လှုပ်ခြင်း၊ ဖြစ်လိမ့်မည်ဟုတုန်လှုပ်ခြင်း၊ ရုပ်ရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ နာမ်ရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာမရှိဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း၊ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်လိမ့်မည်ဟု တုန်လှုပ်ခြင်း။ ဤသည်တို့သည် တုန်လှုပ်ခြင်းကိုးပါးတို့ မည်ကုန်၏။

မှတ်ထင်ခြင်း (မည်တ) ၉၆၅။ ထိုတွင် အဘယ်တို့သည် မှတ်ထင်ခြင်း ကိုးပါးတို့ မည်သနည်း။

ဖိမ့်ဖိမ့်တုန်လှုပ်ခြင်း ကိုးပါးတို့ မည်သနည်း–

ချဲ့ထွင်ခြင်း ကိုးပါးတို့ မည်သနည်း–

ပြုပြင်ခြင်း ကိုးပါးတို့ မည်သနည်း–

ဖြစ်၏ဟု ပြုပြင်ခြင်း၊ ငါဖြစ်၏ဟု ပြုပြင်ခြင်း၊ ဤဟာ ငါဖြစ်၏ဟု ပြုပြင်ခြင်း၊ ဖြစ်လိမ့်မည်ဟုပြုပြင်ခြင်း၊ ရုပ်ရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ နာမ်ရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ သညာရှိဖြစ်လိမ့်မည်ဟုပြုပြင်ခြင်း၊ သညာမရှိဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း၊ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်းမဟုတ် ဖြစ်လိမ့်မည်ဟု ပြုပြင်ခြင်း။ ဤသည်တို့သည် ပြုပြင်ခြင်း ကိုးပါးတို့ မည်ကုန်၏။

ကိုးပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

ဒသကနိဒ္ဒေသ

(ဆယ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း)

ကိလေသာဝတ္ထု ၉၆၆။ ထိုတွင် အဘယ်တို့သည် ကိလေသာအကြောင်းဆယ်ပါးတို့ မည်သနည်း။

လိုချင်မှု 'လောဘ'၊ ပြစ်မှားမှု 'ဒေါသ'၊ တွေဝေမှု 'မောဟ'၊ မာန်ထောင်မှု 'မာန'၊ အယူမှားမှု 'ဒိဋ္ဌိ'၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ'၊ ထိုင်းမှိုင်းမှု 'ထိန'၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'၊ မရှက်မှု 'အဟိရိက'၊ မကြောက်လန့်မှု 'အနောတ္တပ္ပ'၊ ဤသည်တို့သည် ကိလေသာအကြောင်းဆယ်ပါးတို့ မည်ကုန်၏။

ရန်ငြိုးဖွဲ့.ကြောင်း။ ၉၆၇။ ထိုတွင် အဘယ်တို့သည် ရန်ငြိုးဖွဲ့.ခြင်းအကြောင်း ဆယ်ပါးတို့ မည်သနည်း။

ငါ၏ အကျိုးမဲ့ကို ပြုကျင့်ခဲ့ပြီဟု ရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်နေဆဲဟု ရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏၊ ငါ၏ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏။ ငါချစ်မြတ်နိုးသူ၏ အကျိုးမဲ့ကိုပြုကျင့်ခဲ့ပြီ။ပ။ အကျိုးမဲ့ကို ပြုကျင့်နေဆဲ။ပ။ အကျိုးမဲ့ကို ပြုကျင့်လိမ့်မည်ဟု ရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏။ ငါမချစ်မြတ်နိုးသူ၏ အကျိုးကို ပြုကျင့်ခဲ့ပြီ။ပ။ အကျိုးကို ပြုကျင့်နေဆဲ။ပ။ အကျိုးကို ပြုကျင့်လိမ့်မည်ဟုရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏။ ထို့ပြင် အရာမဟုတ်သည်၌ လည်း ရန်ငြိုးဖွဲ့.ခြင်း ဖြစ်၏။ ဤသည်တို့သည်ရန်ငြိုးဖွဲ့.ခြင်းအကြောင်းဆယ်ပါးတို့ မည်ကုန်၏။

အကုသိုလ်ကမ္မပထတရား ၉၆၈။ ထိုတွင် အဘယ်တို့သည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ မည်သနည်း။

အသက်ကို သတ်ခြင်း၊ မပေးသည်ကို ယူခြင်း၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ မဟုတ်မမှန်သည်ကို ဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကို ဆိုခြင်း၊ ပြိန်ဖျင်းသောစကားကိုဆိုခြင်း၊ သူတစ်ပါးပစ္စည်းကို မတရားရယူရန် ကြံစည်ခြင်း၊ သူတစ်ပါး သေကြေပျက်စီးရန် ကြံစည်ခြင်း၊ အယူ မှားခြင်း။ ဤသည်တို့သည် အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ မည်ကုန်၏။

သံယောဇဉ်တရား ၉၆၉။ ထိုတွင် အဘယ်တို့သည် သံယောဇဉ်ဆယ်ပါးတို့ မည်သနည်း။

ကာမ၌ တပ်မက်မှု 'ကာမရာဂ' သံယောဇဉ်၊ အမျက်ထွက်မှု 'ပဋိဃ' သံယောဇဉ်၊ ထောင်လွှားမှု 'မာန' သံယောဇဉ်၊ အယူမှားမှု 'ဒိဋ္ဌိ' သံယောဇဉ်၊ တွေးတောယုံမှားမှု 'ဝိစိကိစ္ဆာ' သံယောဇဉ်၊ (ခွေး, နွား စသည်တို့၏) အလေ့အကျင့်ကို (ကိလေသာစင်ကြယ်ကြောင်းဟု) မှားသော သုံးသပ်မှု 'သီလဗ္ဗတပရာသ' သံယောဇဉ်၊ ဘဝ၌ တပ်မက်မှု 'ဘဝရာဂ' သံယောဇဉ်၊ ငြူစူမှု 'ဣဿာ'သံယောဇဉ်၊ ဝန်တိုမှု 'မစ္ဆရိယ' သံယောဇဉ်၊ မသိမှု 'အဝိဇ္ဇာ' သံယောဇဉ်။ ဤသည်တို့သည်သံယောဇဉ်ဆယ်ပါးတို့ မည် ကုန်၏။

မှားသောသဘောတရား ၉၇၀။ ထိုတွင် အဘယ်တို့သည် မှားသောသဘောတရား ဆယ်ပါးတို့ မည်သနည်း။

မှားသော အယူ၊ မှားသော အကြံ၊ မှားသော စကား၊ မှားသော အမှု ၊ မှားသော အသက်မွေးမှု ၊ မှားသောအားထုတ်မှု ၊ မှားသော အောက်မေ့မှု ၊ မှားသော တည်ကြည်မှု ၊ မှားသောဉာဏ်၊ မှားသောလွတ်မြောက်မှု ။ ဤသည်တို့သည် မှားသောသဘောတရားဆယ်ပါးတို့ မည်ကုန်၏။

ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ ၉၇၁။ ထိုတွင် အဘယ်တို့သည် ဝတ္ထုဆယ်ပါးရှိသော မှားသောအယူ မည်သနည်း။

ပေးလှူခြင်း (အကျိုး) သည် မရှိ၊ ယဇ်ကြီး (အလှူကြီး) ပူဇော်ရခြင်း (အကျိုး) သည် မရှိ၊ ယဇ်ငယ် (အလှူငယ်) ပူဇော်ရခြင်း (အကျိုး) သည် မရှိ၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးရင်း အကျိုးဖျားသည် မရှိ၊ ဤလောကသည် မရှိ၊ တမလွန်လောကသည် မရှိ၊ အမိသည် မရှိ၊ အဖသည် မရှိ၊ သေ၍တစ်ဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော၊ ဖြောင့်မှန်သော အရိယမဂ်သို့ ရောက်ကုန်သော၊ ကောင်းသော ကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည်လောကခ္ဍာ မရှိကုန်။ ဤသည်တို့သည် ဝတ္ထုဆယ်ပါး ရှိသော မှားသောအယူ မည်ကုန်၏။

တစ်ဖက်စွန်းရောက်ဒိဋ္ဌိ 'အန္တဂ္ဂါဟိကဒိဋ္ဌိ' ၉၇၂။ ထိုတွင် အဘယ်သည် ဝတ္ထုဆယ်ပါးရှိသောတစ်ဖက်စွန်းရောက် မှားသောအယူ မည်သနည်း။

လောကသည် မြဲ၏ဟု ယူခြင်း၊ လောကသည် မမြဲဟု ယူခြင်း၊ လောကသည် အဆုံးရှိ၏ဟု ယူခြင်း၊ လောကသည် အဆုံးမရှိဟု ယူခြင်း၊ အသက်သည် ကိုယ်တည်းဟု ယူခြင်း၊ အသက်တခြားကိုယ်တခြားဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက်ဖြစ်၏ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက်မဖြစ်ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟု ယူခြင်း၊ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်ဟု ယူခြင်း။ ဤသည်တို့သည်ဝတ္ထုဆယ်ပါးရှိသော တစ်ဖက်စွန်းရောက် မှားသောအယူ မည်ကုန်၏။

ဆယ်ပါးစုတရားများကို အကျယ်ပြဆိုခြင်း ပြီး၏။

တဏှာဖြစ်ခြင်းတို့ကို အကျယ်ပြဆိုခြင်း

အတွင်းသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း၁၈-ပါး

၉၇၃။ ထိုတွင် အဘယ်တို့သည် အတွင်းသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

ငါဖြစ်သည်ဟု ဖြစ်၏။ ဤအပြားအားဖြင့် ငါဖြစ်သည်ဟု ဖြစ်၏။ ဤသို့ ငါဖြစ်သည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်ဟု ဖြစ်၏။ ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤအပြားအားဖြင့်ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤသို့ ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့်ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ အမြဲဖြစ်သည်ဟု ဖြစ်၏။ အမြဲ မဖြစ်ဟု ဖြစ်၏။ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ ဤသို့ ဖြစ်ရာသည်ဟု ဖြစ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ ဤအပြားအားဖြင့်ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ ဤသို့ ဖြစ်ရာသည်ဟု ဖြစ်၏။ စင်စစ် ငါ တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။

၉၇၄။ အဘယ်သို့လျှင် "ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသောတရားကို ခွဲခြားမှု မပြုမှု၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါဖြစ်သည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏။ ငါဖြစ်သည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏။ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤအပြားအားဖြင့်ငါဖြစ်သည်ဟူ၍လည်းကောင်း၊ ဤသို့ ငါ ဖြစ်သည်ဟူ၍လည်းကောင်း၊ တစ်ပါးသောအခြင်းအရာအားဖြင့် ငါဖြစ်သည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့သည် ဖြစ်ကုန်၏။ (၁)

အဘယ်သို့လျှင် "ဤအပြားအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်သနည်း။

ငါ မင်းမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ ပုဏ္ဏားမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ ကုန်သည်မျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ သူဆင်းရဲမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်၏ဟူ၍လည်းကောင်း၊ ငါ ရဟန်းဖြစ်၏ဟူ၍လည်းကောင်း၊ ငါ နတ်ဖြစ်၏ဟူ၍လည်းကောင်း၊ ငါလူသားဖြစ်၏ဟူ၍ လည်းကောင်း၊ ငါ ရုပ်ရှိသူဟူ၍လည်းကောင်း၊ ငါ ရုပ်မရှိသူဟူ၍လည်းကောင်း၊ ငါသညာရှိသူဟူ၍ လည်းကောင်း၊ ငါ သညာမရှိသူဟူ၍လည်းကောင်း၊ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤအပြားအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်၏။ (၂)

အဘယ်သို့လျှင် "ဤသို့ ငါဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ ကုန်သည်မျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ကုန်သည်မျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ သူဆင်းရဲမျိုးဖြစ်သကဲ့သို့ထို့အတူ ငါ သူဆင်းရဲမျိုးဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်သကဲ့သို့ထို့အတူ ငါ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ ရဟန်းဖြစ်သကဲ့သို့ ထို့အတူငါ ရဟန်းဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ နတ်ဖြစ်သကဲ့သို့ ထို့အတူ ငါနတ်ဖြစ်၏ဟူ၍ လည်းကောင်း၊ ထိုသူ လူသားဖြစ်သကဲ့သို့ ထို့အတူ ငါ လူသားဖြစ်၏ဟူ၍လည်းကောင်း၊ ထိုသူ ရုပ်ရှိသကဲ့သို့ ထို့အတူငါ ရုပ်ရှိ၏ဟူ၍လည်းကောင်း၊ ထိုသူ ရုပ်မရှိသကဲ့သို့ ထို့အတူ ငါ ရုပ်မရှိ ဟူ၍လည်းကောင်း၊ ထိုသူသညာ ရှိသကဲ့သို့ ထို့အတူ ငါ သညာရှိ၏ဟူ၍လည်းကောင်း၊ ထိုသူ သညာမရှိသကဲ့သို့ ထို့အတူ ငါသညာမရှိဟူ၍လည်းကောင်း၊ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သကဲ့သို့ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤသို့ ငါဖြစ်သည်"ဟု ဖြစ်၏။ (၃)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ဟူ၍ လည်းကောင်း၊ ထိုသူပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ ကုန်သည်မျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ကုန်သည်မျိုးမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ သူဆင်းရဲမျိုး ဖြစ်သကဲ့သို့ ထို့အတူ ငါသူဆင်းရဲမျိုးမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ (အိမ်နေသူ) လူဝတ်ကြောင် ဖြစ်သကဲ့သို့ ထို့အတူ ငါ (အိမ်နေသူ) လူဝတ်ကြောင် မဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ ရဟန်းဖြစ် သကဲ့သို့ ထို့အတူ ငါ ရဟန်းမဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ နတ်ဖြစ်သကဲ့သို့

ထို့အတူ ငါ နတ်မဖြစ်ဟူ၍လည်းကောင်း၊ ထိုသူ လူသားဖြစ်သကဲ့သို့ ထို့အတူ ငါ လူသားမဖြစ်ဟူ၍ လည်းကောင်း၊ ထိုသူ ရုပ်ရှိသကဲ့သို့ ထို့အတူ ငါ ရုပ်မရှိဟူ၍လည်းကောင်း၊ ထိုသူ ရုပ်မရှိသကဲ့သို့ ထို့အတူ ငါ ရုပ်မရှိသည် မဟုတ်ဟူ၍လည်းကောင်း၊ ထိုသူ သညာရှိသကဲ့သို့ ထို့အတူ ငါ သညာမရှိဟူ၍လည်းကောင်း၊ ထိုသူ သညာမရှိသကဲ့သို့ ထို့အတူ ငါ သညာမရှိသည် မဟုတ်ဟူ၍လည်းကောင်း၊ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည် မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤသို့ တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်"ဟု ဖြစ်၏။ (၄)

အဘယ်သို့လျှင် "ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါ့ဖြစ်လိမ့်မည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါ ဖြစ်လိမ့်မည်ဟု ထောင်လွှားမှု 'မာန'ကိုရ၏၊ ငါ ဖြစ်လိမ့်မည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုသို့တဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤအပြားအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤသို့ ငါ ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ဖြစ်ကုန်၏။ (၅)

အဘယ်သို့လျှင် "ဤအပြားအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

မင်းမျိုး ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ပုဏ္ဏားမျိုး ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ကုန်သည်မျိုးဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ သူဆင်းရဲမျိုး ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ရဟန်း ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ နတ်ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ လူသားဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ရုပ်ရှိသူဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ရုပ်မရှိသူဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ သညာရှိသူဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ သညာမရှိသူဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ သညာရှိသူလည်း မဟုတ် သညာမရှိသူလည်းမဟုတ် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်းဤသို့လျှင် "ဤအပြားအားဖြင့် ဖြစ်လိမ့်မည်" ဟု ဖြစ်၏။ (၆)

အဘယ်သို့လျှင် ဤသို့ ငါဖြစ်လိမ့်မည်ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း။ပ။

ထိုသူ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာ မရှိသည်လည်း မဟုတ်သည် မဟုတ် ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤသို့ ငါဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၇)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါမင်းမျိုး ဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါပုဏ္ဏားမျိုး ဖြစ်လိမ့်မည်မဟုတ်ဟူ၍လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ်,

သညာမရှိသည်လည်း မဟုတ်သကဲ့သို့ ထို့အတူ ငါသညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၈)

အဘယ်သို့လျှင် "အမြဲ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို (အပျက်အစီးမရှိ) မြဲ၏ (နိစ္စဖြစ်၏)၊ (ထင်ရှားတည်တံ့) ခိုင်ခံ့၏ (ဓုဝဖြစ်၏)၊ တည်တံ့၏ (သဿတဖြစ်၏)၊ ဖောက်ပြန်ခြင်းသဘောမရှိ (အဝိပရိဏာမဓမ္မဖြစ်၏)ဟူ၍ ဤသို့လျှင် "အမြဲ ဖြစ်သည်"ဟု ဖြစ်၏။ (၉)

အဘယ်သို့လျှင် "အမြဲ မဖြစ်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ပြတ်လိမ့်မည်, ပျက်စီးလိမ့်မည်, ဖြစ်လိမ့်မည် မဟုတ်ဟူ၍ ဤသို့လျှင် "အမြဲ မဖြစ်"ဟု ဖြစ်၏။ (၁၀)

အဘယ်သို့လျှင် "ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော်ဤအပြားအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤသို့ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၁) အဘယ်သို့လျှင် "ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။ မင်းမျိုး ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ပုဏ္ဏားမျိုး ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ကုန်သည်မျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ သူဆင်းရဲမျိုး ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည် ဟူ၍လည်းကောင်း၊ ရဟန်း ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ နတ်ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ လူသား ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ရုပ်ရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ရုပ်မရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ သညာရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ သညာ မရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၂)

အဘယ်သို့လျှင် "ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ထိုသူသညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဖြစ်၏။ ဤသို့လျှင် "ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၃)

အဘယ်သို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ရာဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ရာဟူ၍လည်းကောင်း။ပ။ ထိုသူသညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ရာဟူ၍လည်းကောင်း ဤသို့လျှင် "တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၄)

အဘယ်သို့လျှင် "စင်စစ် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို စင်စစ် ငါဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ စင်စစ် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ စင်စစ် ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ' ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ်ငါ ဤသို့ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၅)

အဘယ်သို့လျှင် "စင်စစ် ငါ ဤအပြားအားဖြင့်ဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

စင်စစ် ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ စင်စစ် ငါကုန်သည်မျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ သူဆင်းရဲမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည် ဟူ၍လည်းကောင်း၊ စင်စစ် ငါ ရဟန်းဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ နတ်ဖြစ်ရာ သည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ လူသားဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ ရုပ်ရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ ရုပ်မရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ သညာရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ စင်စစ် ငါ သညာမရှိသူ ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ စင်စစ် ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်ရာသည် ဟူ၍လည်းကောင်း ဤသို့လျှင် "စင်စစ် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၆)

အဘယ်သို့လျှင် "စင်စစ် ငါ ဤသို့ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးဖြစ်ရာသည့်ဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူစင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့လျှင် "စင်စစ် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၇)

အဘယ်သို့လျှင် "စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးမဖြစ်ရာဟူ၍လည်းကောင်း၊ ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ

ပုဏ္ဏားမျိုးမဖြစ်ရာဟူ၍လည်းကောင်း။ပ။ ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူစင်စစ် ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည် မဖြစ်ရာဟူ၍လည်းကောင်း ဤသို့လျှင် "စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၈)

ဤသည်တို့သည် မိမိသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါး တို့တည်း။

အပသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း၁၈–ပါး

၉၇၅။ ထိုတွင် အဘယ်တို့သည် အပသန္တာန်ကို စွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ တစ်ပါးသော အခြင်း အရာအားဖြင့် ဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့်ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤသို့ ဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် အမြဲဖြစ်သည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် အမြဲ မဖြစ်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဤအပြားအားဖြင့်ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်ဟု ဖြစ်၏။ ဤရုပ်စသည်ဖြင့်စင်စစ် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု ဖြစ်၏။

၉၇၆။ အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု လိုလားနှစ်သက် တပ်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်သည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်သည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ ဖြစ်ကုန်၏။ (၁)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် ငါ မင်းမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ပုဏ္ဏားမျိုး ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ကုန်သည်မျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သူဆင်းရဲမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ

ရဟန်းဖြစ်သည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ နတ်ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ လူသားဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ ရုပ်ရှိသူဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ နာမ်ရှိသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာမရှိသူ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်သည်ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ် စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ်၏။ (၂)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်သည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်သည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသူလည်း မဟုတ် သညာမရှိသူလည်းမဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤသို့လျှင် "ဤရုပ် စသည်ဖြင့် ဤသို့ ငါဖြစ်သည်"ဟု ဖြစ်၏။ (၃)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်သည်"ဟု ဖြစ် သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သည်မဖြစ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်" ဟု ဖြစ်၏။ (၄)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု လိုလားနှစ်သက်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်လိမ့်မည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိ သုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ'တရားတို့ ဖြစ်ကုန်၏။ (၅)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် ငါ မင်းမျိုးဖြစ်လိမ့်မည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ငါ နာမ်ရှိသူဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာမရှိသူ ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ငါ သညာရှိသူလည်းမဟုတ်, သညာမရှိသူလည်း မဟုတ်သည်

ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၆)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်လိမ့်မည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်လိမ့်မည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်းမဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ်ဖြစ်လိမ့်မည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်၏။ (၇)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူငါပုဏ္ဏားမျိုးဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သည် ဖြစ်လိမ့်မည် မဟုတ်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်လိမ့်မည်" ဟု ဖြစ်၏။ (၈)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် အမြဲ ဖြစ်သည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် (အပျက်အစီးမရှိ) မြဲ၏ (နိစ္စဖြစ်၏)၊ ခိုင်ခန့်၏ (ဓုဝဖြစ်၏)၊ တည်တန့်၏ (သဿတဖြစ်၏)၊ ဖောက်ပြန်ခြင်းသဘောမရှိ (အဝိပရိဏာမဓမ္မ) ဖြစ်၏ဟု ဤသို့လျှင် ဤရုပ်စသည်ဖြင့် အမြဲဖြစ်သည်ဟု ဖြစ်၏။ (၉)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် အမြဲမဖြစ်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ပြတ်လိမ့်မည်, ပျက်စီးလိမ့်မည်, ဖြစ်လိမ့်မည် မဟုတ်ဟု ဤသို့လျှင် ဤရုပ်စသည်ဖြင့် အမြဲမဖြစ်ဟု ဖြစ်၏။ (၁၀)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် ငါ ဖြစ်ရာသည်ဟု အယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် တစ်ပါးသော

အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု 'ပပဉ္စ' တရားတို့ ဖြစ်ကုန်၏။ (၁၁)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ကုန်သည်မျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့်သူဆင်းရဲမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ရဟန်းဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် နတ်ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် လူသားဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ရုပ်ရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် နာမ်ရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ် စသည်ဖြင့် သညာရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် သညာမရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် သညာရှိသူလည်း မဟုတ်, သညာမရှိသူလည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့ "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၂)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်းမဟုတ် ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၃)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသောအခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။ အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ မင်းမျိုးမဖြစ်ရာဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ ငါ ပုဏ္ဏားမျိုးမဖြစ်ရာဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်သည်မဖြစ်ရာဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၄)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

တစ်စုံတစ်ခုသော တရားကို ခွဲခြားမှု မပြုမူ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟု လိုလားနှစ်သက်တပ်မက်မှု 'တဏှာ'ကို ရ၏။ ဤရုပ်စသည်ဖြင့်စင်စစ် ငါ ဖြစ်ရာသည်ဟု ထောင်လွှားမှု 'မာန'ကို ရ၏၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟုအယူမှားမှု 'ဒိဋ္ဌိ'ကို ရ၏၊ ထိုထိုတဏှာ, မာန, ဒိဋ္ဌိသုံးပါးအပေါင်းသည် ဖြစ်လတ်သော် ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့်

တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤချဲ့ထွင်မှု "ပပञ္စ"တရားတို့ ဖြစ်ကုန်၏။ (၁၅)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါဖြစ်ရာသည်"ဟု ဖြစ်သနည်း။

ဤရုပ်စသည်ဖြင့် စင်စစ် ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ကုန်သည်မျိုး ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ သူဆင်းရဲမျိုးဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့်စင်စစ် ငါ (အိမ်နေသူ) လူဝတ်ကြောင်ဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ရဟန်းဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါ နတ်ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ လူသားဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ရုပ်ရှိသူဖြစ်ရာသည်ဟူ၍ လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ နာမ်ရှိသူဖြစ်ရာ၏ဟူ၍လည်းကောင်း၊ ဤရုပ် စသည်ဖြင့် စင်စစ် ငါသညာရှိသူ ဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ သညာမရှိသူဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်ရာသည်ဟူ၍ လည်းကောင်း ဤသို့လျှင် "ဤရုပ် စသည်ဖြင့် ဤအပြားအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၆)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါ ဖြစ်ရာသည်"ဟု ဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူ မင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ မင်းမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါပုဏ္ဏားမျိုးဖြစ်ရာသည်ဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်ဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် ဖြစ်ရာသည်ဟူ၍လည်းကောင်း ဤသို့လျှင် "ဤရုပ်စသည်ဖြင့် စင်စစ် ဤသို့ ငါဖြစ်ရာသည်"ဟု ဖြစ်၏။ (၁၇)

အဘယ်သို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်"ဟုဖြစ်သနည်း။

အခြားပုဂ္ဂိုလ်ကို ထောက်၍ ဤရုပ်စသည်ဖြင့် ထိုသူမင်းမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါမင်းမျိုးမဖြစ်ရာဟူ၍လည်းကောင်း၊ ဤရုပ်စသည်ဖြင့် ထိုသူ ပုဏ္ဏားမျိုးဖြစ်သကဲ့သို့ ထို့အတူ စင်စစ် ငါ့ပုဏ္ဏားမျိုး မဖြစ်ရာဟူ၍လည်းကောင်း။ပ။ ဤရုပ်စသည်ဖြင့် ထိုသူ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်းမဟုတ် ဖြစ်ရာသကဲ့သို့ ထို့အတူ စင်စစ် ငါ သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ် မဖြစ်ရာဟူ၍လည်းကောင်း၊ ဤသို့လျှင် "ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် စင်စစ် ငါ ဖြစ်ရာသည်" ဟု ဖြစ်၏။ (၁၈)

ဤသည်တို့ကား သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားကိုစွဲ၍ တဏှာဖြစ်ခြင်း တစ်ဆယ့်ရှစ်ပါး တို့တည်း။ ဤသို့လျှင် ဤသည်တို့သည် မိမိသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်းတစ်ဆယ့်ရှစ်ပါး၊ ဤသည်တို့သည် သူတစ်ပါးသန္တာန်၌ ဖြစ်သော တရားကို စွဲ၍ တဏှာဖြစ်ခြင်းတစ်ဆယ့်ရှစ်ပါးတို့တည်း။ ထိုတရားတို့ကို တစ်ပေါင်းတည်း ရုံးစုချဉ်းချုံး၍

တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး ဖြစ်ကုန်၏။ ဤသို့လျှင် ဤသို့သဘောရှိသော အတိတ်တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ အနာဂတ်တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး၊ ပစ္စုပ္ပန်တဏှာဖြစ်ခြင်း သုံးဆယ့်ခြောက်ပါး ဖြစ်ကုန်၏။ ထိုတရားတို့ကိုတစ်ပေါင်းတည်း ရုံးစုချဉ်းချုံး၍ တဏှာဖြစ်ခြင်း တစ်ရာ့ရှစ်ပါး ဖြစ်သတည်း။

၉၇၇။ ထိုတွင် အဘယ်တို့သည် စကားပြေ 'ဝေယျာကရဏ'ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရားဟောကြားအပ်သော ဒိဋ္ဌခြောက်ဆယ့်နှစ်ပါးတို့ ဖြစ်ကုန်သနည်း။

တည်မြဲ၏ဟု ယူခြင်း ဒိဋ္ဌိ (သဿတဝါဒ) လေးပါး၊ အချို့တည်မြဲ၏ဟု ယူခြင်း ဒိဋ္ဌိ (ဧကစ္စသဿတဝါဒ) လေးပါး၊ အဆုံးရှိ အဆုံးမရှိယူခြင်း ဒိဋ္ဌိ (အန္တာနန္တဝါဒ) လေးပါး၊ အမရာငါးကဲ့သို့ မတည်တံ့သောယူခြင်း ဒိဋ္ဌိ (အမရာဝိက္ခေပဝါဒ) လေးပါး၊ အကြောင်းကို မစွဲမှီ၍ဖြစ်၏ဟု ယူခြင်း ဒိဋ္ဌိ (အဓိစ္စသမုပ္ပန္နဝါဒ) နှစ်ပါး၊ သညာ ရှိ၏ဟု ယူခြင်း ဒိဋ္ဌိ (သညီဝါဒ) တစ်ဆယ့်ခြောက်ပါး၊ သညာမရှိဟု ယူခြင်း ဒိဋ္ဌိ (အသညီဝါဒ) ရှစ်ပါး၊ သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်ဟု ယူခြင်း ဒိဋ္ဌိ (နေဝသညာနာသညီဝါဒ) ရှစ်ပါး၊ ပြတ်စဲ၏ဟု ယူခြင်း ဒိဋ္ဌိ (ဥစ္ဆေဒဝါဒ) ခုနစ်ပါး၊ မျက်မှောက် (လောက) နိဗ္ဗာန်ရှိ၏ဟု ယူခြင်း ဒိဋ္ဌိ (ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ) ငါးပါး၊ ဤသည်တို့သည် စကားပြေ 'ဝေယျာကရဏ' ဖြစ်သော ဗြဟ္မဇာလသုတ်၌ မြတ်စွာဘုရား ဟောကြားအပ်သော ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့တည်း။

ခုဒ္ဒကဝတ္ထုဝိဘင်း

(ယုတ်ညံ့သော တရားများကို ဝေဖန်၍ ပြသော ဝိဘင်း) ပြီး၏။

၁၈–ဓမ္မဟဒယဝိဘင်္ဂ

(တရားနှလုံးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

၁–သဗ္ဗသင်္ဂါဟိကဝါရ

(တရားအားလုံးတို့ကို သိမ်းကျုံးယူသောဝါရ)

တရား၁၂–မျိုး အမေး

၉၇၈။ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည်အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း၊ အကြောင်း 'ဟိတ်' တို့သည် အဘယ်မျှတို့နည်း၊ အာဟာရတို့သည် အဘယ်မျှတို့နည်း၊ တွေ့ထိမှု 'ဖဿ'တို့သည်အဘယ်မျှတို့နည်း၊ ခံစားမှု 'ဝေဒနာ'တို့သည် အဘယ်မျှတို့နည်း၊ သိမှတ်မှု 'သညာ' တို့သည် အဘယ်မျှတို့နည်း၊ စေ့ဆော်မှု 'စေတနာ'တို့သည် အဘယ်မျှတို့နည်း၊ စိတ်တို့သည် အဘယ်မျှတို့နည်း။

တရား၁၂–မျိုး အဖြေ

ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ ဓာတ်တို့သည်တစ်ဆယ့်ရှစ်ပါးတို့တည်း၊ သစ္စာတို့သည် လေးပါးတို့တည်း၊ ဣန္ဒြေတို့သည် နှစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်'တို့သည် ကိုးပါးတို့တည်း၊ အာဟာရတို့သည် လေးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ'တို့သည် ခုနစ်ပါးတို့တည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် ခုနစ်ပါးတို့တည်း၊ မှတ်သားမှု 'သညာ'တို့သည်ခုနစ်ပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် ခုနစ်ပါးတို့တည်း၊ စိတ်တို့သည် ခုနစ်ပါးတို့တည်း။

(၁) ခန္ဓာ ၅–ပါး

၉၇၉။ ထိုတွင် အဘယ်တို့သည် ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

(၂) အာယတနာ၁၂–ပါး

၉၈၀။ ထိုတွင် အဘယ်တို့သည် အာယတနတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ ঘာနာယတန+ဂန္ဓာယတန၊ ဇိဝှါယတန+ရသာယတန၊ ကာယာယတန+ဖောဋ္ဌဗ္ဗာယတန၊ မနာယတန+ဓမ္မာယတန။ ဤသည်တို့ကို အာယတနတစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၃) ဓာတ်၁၈–ပါး

၉၈၁။ ထိုတွင် အဘယ်တို့သည် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊
သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ ঘာနဓာတ်+ဂန္ဓဓာတ်+ঘာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်+ရသဓာတ်+ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ်+ဖောဋ္ဌဗ္ဗဓာတ်+ကာယဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်။ ဤသည်တို့ကို ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၄) သစ္စာ ၄–ပါး

၉၈၂။ ထိုတွင် အဘယ်တို့သည် သစ္စာလေးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမุဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို သစ္စာလေးပါးတို့ဟု ဆိုအပ် ကုန်၏။

(၅) ဣန္ဒြေ ၂၂–ပါး

၉၈၃။ ထိုတွင် အဘယ်တို့သည် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခုနှေ့ သောတနှေ့ ဃာနနှေ့ ဇိဝှါနှေ့ ကာယနှေ့ မနိနှေ့ ဣတ္ထိနှေ့ ပုရိသနှေ့ ဇီဝိတနှေ့ သုခိနှေ့ဒုက္ခိနှေ့ သောမနဿိနှေ့ ဒေါမနဿိနှေ့ ဥပေက္ခိနှေ့ သဒ္ဓိနှေ့ ဝီရိယိနှေ့ သတိနှေ့ သမာဓိနှေ့ ပညိနှေ့အနညာတညဿာမိတိနှေ့ အညိနှေ့ အညာတာဝိနှေ့၊ ဤသည်တို့ကို ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ဟုဆိုအပ်ကုန်၏။

(၆) ဟိတ် ၉–ပါး။

၉၈၄။ ထိုတွင် အဘယ်တို့သည် အကြောင်း (ဟိတ်) ကိုးပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှု (အလောဘ) ကုသိုလ်ဟိတ်၊ မပြစ်မှားမှု (အဒေါသ) ကုသိုလ်ဟိတ်၊ မတွေဝေမှု (အမောဟ) ကုသိုလ်ဟိတ်။ ဤသည်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

လိုချင်မှု (လောဘ) အကုသိုလ်ဟိတ်၊ ပြစ်မှားမှု (ဒေါသ) အကုသိုလ်ဟိတ်၊ တွေဝေမှု (မောဟ) အကုသိုလ်ဟိတ်။ ဤသည်တို့သည် အကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်) အားဖြင့်လည်းကောင်း၊ ကိရိယာအဗျာကတတရားတို့၌လည်းကောင်း (ဖြစ်ကြသော) မလိုချင်မှု (အလောဘ)၊ မပြစ်မှားမှု (အဒေါသ)၊ မတွေဝေမှု (အမောဟ)။ ဤသည်တို့သည် အဗျာကတဟိတ်သုံးပါးတို့တည်း။

ဤသည်တို့ကို ဟိတ်ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

(၇) အာဟာရ ၄–ပါး။

၉၈၅။ ထိုတွင် အဘယ်တို့သည် အာဟာရလေးပါးတို့ မည်သနည်း။

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရ၊ တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ဤသည်တို့ကို အာဟာရလေးပါးတို့ဟုဆိုအပ်ကုန်၏။

(၈) ဖဿ ၇–ပါး

၉၈၆။ ထိုတွင် အဘယ်တို့သည် တွေ့ထိမှု 'ဖဿ'ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့'စက္ခုသမ္ဖဿ'၊ နားအတွေ့'သောတသမ္ဖဿ'၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'၊ ကိုယ်အတွေ့'ကာယသမ္ဖဿ'၊ မနောဓာတ်အတွေ့'မနောဓာတုသမ္ဖဿ'၊ မနောဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ဤသည်တို့ကို တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့ဟုဆိုအပ်ကုန်၏။

(၉) ဝေဒနာ ၇–ပါး

၉၈၇။ ထိုတွင် အဘယ်တို့သည် ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာ ဝေဒနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ঘာနသမ္ဖဿဇာ ဝေဒနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာ ဝေဒနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာ ဝေဒနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဓာတုသမ္ဖဿဇာ ဝေဒနာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာ ဝေဒနာ'၊ ဤသည်တို့ကို ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၁၀) သညာ ၇–ပါး

၉၈၈။ ထိုတွင် အဘယ်တို့သည် မှတ် သားမှု 'သညာ'ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'စက္ခုသမ္ဖဿဇာ သညာ'၊ နားအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'သောတသမ္ဖဿဇာ သညာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ঘာနသမ္ဖဿဇာ သညာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ဇိဝှါသမ္ဖဿဇာ သညာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ကာယသမ္ဖဿဇာ သညာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဓာတုသမ္ဖဿဇာသညာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာသညာ'၊ ဤသည်တို့ကို မှတ်သားမှု 'သညာ'ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၁၁) စေတနာ ၇–ပါး

၉၈၉။ ထိုတွင် အဘယ်တို့သည် စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'စက္ခုသမ္ဖဿဇာ စေတနာ'၊ နားအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'သောတသမ္ဖဿဇာ စေတနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ঘာနသမ္ဖဿဇာ စေတနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဇိဝှါသမ္ဖဿဇာ စေတနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ကာယသမ္ဖဿဇာ စေတနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဓာတုသမ္ဖဿဇာ စေတနာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဝိညာဏဓာတုသမ္ဖဿဇာ စေတနာ'၊ ဤသည်တို့ကို စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၁၂) စိတ် ၇–ပါး။

၉၉၀။ ထိုတွင် အဘယ်တို့သည် စိတ်ခုနစ်ပါးတို့ မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ঘာနဝိညာဏ်'၊ လျက် သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏ ဓာတ်'၊ ဤသည်တို့ကို စိတ်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

သမ္မသင်္ဂါဟိကဝါရ (တရားအားလုံးကို သိမ်းကျုံးယူသော ဝါရ) ပြီး၏။

၂–ဥပဒ္တာနုပဒ္တိဝါရ

(တရားတို့၏ ဖြစ်ခြင်း မဖြစ်ခြင်းကို ပြဆိုခြင်း)

၁–ကာမဓာတ်တရားများ

အမေးပုစ္ဆာ

၉၉၁။ ကာမဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည် အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း၊ အကြောင်း 'ဟိတ်' တို့သည် အဘယ်မျှတို့နည်း၊ အာဟာရတို့သည် အဘယ်မျှတို့နည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် အဘယ်မျှတို့နည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် အဘယ်မျှတို့နည်း၊ မှတ်သားမှု 'သညာ' တို့သည် အဘယ်မျှတို့နည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် အဘယ်မျှတို့နည်း၊ စိတ်တို့သည်အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

ကာမဓာတ်၌ ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် တစ်ဆယ့်ရှစ်ပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် နှစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်'တို့သည် ကိုးပါးတို့တည်း၊ အာဟာရတို့သည် လေးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် ခုနစ်ပါးတို့တည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် ခုနစ်ပါးတို့တည်း၊ မှတ်သားမှု 'သညာ' တို့သည် ခုနစ်ပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် ခုနစ်ပါးတို့တည်း၊ စိတ်တို့သည် ခုနစ်ပါးတို့တည်း။

(၁) ခန္ဓာ ၅–ပါး

၉၉၂။ ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ကာမဓာတ်၌ ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

(၂) အာယတနာ၁၂–ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အာယတနတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း– စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ ঘာနာယတန+ဂန္ဓာယတန၊ ဇိဝှါယတန +ရသာယတန၊ ကာယာယတန+ဖောဋ္ဌဗ္ဗာယတန၊ မနာယတန+ဓမ္မာယတန၊ ဤသည်တို့ကို ကာမဓာတ်၌ အာယတနတစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၃) ဓာတ်၁၈–ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊
သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ ဃာနဓာတ်+ဂန္ဓဓာတ်+ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်+ရသဓာတ်+ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ်+ဖောဋ္ဌဗ္ဗဓာတ်+ကာယဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်၊ ဤသည်တို့ကို ကာမ ဓာတ်၌ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၄) သစ္စာ ၃–ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမุဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို ကာမဓာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

(၅) ဣန္ဒြေ ၂၂ ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခုန္ဒြေ သောတိန္ဒြေ။ပ။ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို ကာမဓာတ်၌ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ ဟုဆိုအပ်ကုန်၏။

(၆) ဟိတ် ၉–ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အကြောင်း 'ဟိတ်' ကိုးပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါး၊ ဤသည်တို့ကို ကာမဓာတ်၌ အကြောင်း 'ဟိတ်' ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

(၇) အာဟာရလေးပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အာဟာရလေးပါးတို့ မည်သနည်း။

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရ၊ တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ၊ ဤသည်တို့ကို ကာမဓာတ်၌ အာဟာရ လေးပါးတို့ဟု ဆိုအပ်ကုန်၏။

(၈) ဖဿခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၊ နားအတွေ့ 'သောတသမ္ဖဿ'၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'၊ မနောဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ'၊ မနော ဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ဤသည်တို့ကို ကာမဓာတ်၌ တွေ့ထိမှု 'ဖဿ'ခုနစ်ပါး တို့ဟု ဆိုအပ်ကုန်၏။

(၉) ဝေဒနာခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာဝေဒနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ঘာနသမ္ဖဿဇာ ဝေဒနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာဝေဒနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ကာယ သမ္ဖဿဇာ ဝေဒနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဓာတုသမ္ဖဿဇာ ဝေဒနာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာ ဝေဒနာ'၊ ဤသည် တို့ကို ကာမဓာတ်၌ ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ဟုဆိုအပ်ကုန်၏။

(၁၀) သညာခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ မှတ်သားမှု 'သညာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'စက္ခုသမ္ဖဿဇာသညာ'၊ နားအတွေ့ကြောင့်ဖြစ်သောမှတ်သားမှု 'သောတသမ္ဖဿဇာသညာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ঘာနသမ္ဖဿဇာသညာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ဇိဝှါသမ္ဖဿဇာ သညာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သောမှတ်သားမှု 'ကာယသမ္ဖဿဇာသညာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဓာတုသမ္ဖဿဇာသညာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာ သညာ'၊ ဤသည်တို့ကို ကာမဓာတ်၌ မှတ်သားမှု 'သညာ' ခုနစ်ပါးတို့ဟုဆိုအပ်ကုန်၏။

(၁၁) စေတနာခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ စေ့ဆော်မှု 'စေတနာ'ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'စက္ခုသမ္ဖဿဇာစေတနာ'၊ နားအတွေ့ကြောင့်ဖြစ်သောစေ့ဆော်မှု 'သောတသမ္ဖဿဇာ စေတနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ঘာနသမ္ဖဿဇာစေတနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဇိဝှါသမ္ဖဿဇာစေတနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ကာယသမ္ဖဿဇာစေတနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဓာတု သမ္ဖဿဇာ စေတနာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဝိညာဏဓာတု သမ္ဖဿဇာစေတနာ'၊ ဤသည်တို့ကို ကာမဓာတ်၌ စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၁၂) စိတ် ၇–ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ စိတ်ခုနစ်ပါးတို့ မည်သနည်း–မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ঘာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ဤသည်တို့ကို ကာမဓာတ်၌ စိတ်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

၂–ရူပဓာတ်တရားများ

အမေးပုစ္ဆာ

၉၉၃။ ရူပဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည် အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

ရူပဓာတ်၌ ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် ခြောက်ပါးတို့တည်း၊ ဓာတ်တို့သည်ကိုးပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်လေးပါးတို့တည်း၊ ဟိတ်တို့သည် ရှစ်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ'တို့သည် လေးပါးတို့တည်း၊ ခံစားမှု 'ဝေဒန' တို့သည် လေးပါးတို့တည်း၊ မှတ်သားမှု 'သညာ' တို့သည် လေးပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ'တို့သည် လေးပါးတို့တည်း၊ စိတ်တို့သည် လေးပါးတို့တည်း။

(၁) ခန္ဓာ ၅–ပါး

၉၉၄။ ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ရူပဓာတ်၌ ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

(၂) အာယတန ၆–ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ အာယတနခြောက်ပါးတို့ မည်သနည်း။

စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ မနာယတန+ဓမ္မာယတန၊ ဤသည်တို့ကို ရူပဓာတ်၌ အာယတနခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၃) ဓာတ် ၉–ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ဓာတ်ကိုးပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊
သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်၊ ဤသည်တို့ကို ရူပဓာတ်၌ ဓာတ်ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

(၄) သစ္စာ ၃–ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမุဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို ရူပဓာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

(၅) ဣန္ဒြေ၁၄-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ဣန္ဒြေတစ်ဆယ့်လေးပါးတို့ မည်သနည်း။

စက္ခုန္ဒြေ သောတိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေသမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို ရူပဓာတ်၌ ဣန္ဒြေ တစ်ဆယ့်လေးပါးတို့ဟု ဆိုအပ်ကုန်၏။

(၆) ဟိတ် ၈-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ အကြောင်းဟိတ်ရှစ်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်နှစ်ပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှုကုသိုလ်ဟိတ် (အလောဘ)၊ မပြစ်မှားမှုကုသိုလ်ဟိတ် (အဒေါသ)၊ မတွေဝေမှုကုသိုလ်ဟိတ် (အမောဟ)၊ ဤသည်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အကုသိုလ်ဟိတ်နှစ်ပါးတို့ မည်သနည်း။

လိုချင်မှု အကုသိုလ်ဟိတ် (လောဘ)၊ တွေဝေမှု အကုသိုလ်ဟိတ် (မောဟ)၊ ဤသည်တို့သည်အကုသိုလ်ဟိတ် နှစ်ပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်) အားဖြင့်လည်းကောင်း၊ ကိရိယာအဗျာကတတရားတို့၌လည်းကောင်း (ဖြစ်သော) မလိုချင်မှု 'အလောဘ'၊ မပြစ်မှားမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤသည်တို့သည် အဗျာကတဟိတ်သုံးပါးတို့တည်း။

ဤသည်တို့ကို ရူပဓာတ်၌ ဟိတ်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၇) အာဟာရ ၃-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ'အာဟာရ၊ ဤသည်တို့ကို ရူပဓာတ်၌ အာဟာရသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

(၈) ဖဿ ၄-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ တွေ့ထိမှု 'ဖဿ'လေးပါးတို့ မည်သနည်း။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၊ နားအတွေ့ 'သောတသမ္ဖဿ'၊ သိကာမျှသဘော မနောဓာတ်အတွေ့'မနောဓာတုသမ္ဖဿ'၊ အထူးသိမှု သဘော မနောဝိညာဏဓာတ်အတွေ့

'မနောဝိညာဏဓာတုသမ္ဓသ'၊ ဤသည်တို့ကို ရူပဓာတ်၌ တွေ့ထိမှု 'ဖဿ' လေးပါးတို့ဟု ဆိုအပ်ကုန်၏။

(၉-၁၂) ဝေဒနာ ၄-ပါး စသည်

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ခံစားမှု 'ဝေဒနာ' လေးပါးတို့ မည်သနည်း။ပ။

မှတ်သားမှု 'သညာ' လေးပါးတို့ မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' လေးပါးတို့ မည်သနည်း။ပ။

စိတ်လေးပါးတို့ မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ဤသည်တို့ကို ရူပဓာတ်၌ စိတ်လေးပါးတို့ဟု ဆိုအပ်ကုန်၏။

၃-အရူပဓာတ်တရားများ

အမေးပုစ္ဆာ

၉၉၅။ အရူပဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

အရူပဓာတ်၌ ခန္ဓာတို့သည် လေးပါးတို့တည်း၊ အာယတနတို့သည် နှစ်ပါးတို့တည်း၊ ဓာတ်တို့ သည်နှစ်ပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်တစ်ပါးတို့တည်း၊ ဟိတ်တို့သည် ရှစ်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ'သည် တစ်ပါးတည်း၊ ခံစားမှု 'ဝေဒနာ' သည် တစ်ပါးတည်း၊ မှတ်သားမှု 'သညာ' သည် တစ်ပါးတည်း၊ စေ့ဆော်မှု 'စေတနာ'သည် တစ်ပါးတည်း၊ စိတ်သည် တစ်ပါးတည်း။

(၁) ခန္ဓာ ၄-ပါး

၉၉၆။ ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ခန္ဓာလေးပါးတို့ မည်သနည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို အရူပဓာတ်၌ ခန္ဓာလေးပါးတို့ဟု ဆိုအပ်ကုန်၏။

(၂) အာယတန ၂-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အာယတနနှစ်ပါးတို့ မည်သနည်း။

မနာယတန၊ ဓမ္မာယတန၊ ဤသည်တို့ကို အရူပဓာတ်၌ အာယတနနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၃) ဓာတ် ၂–ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ဓာတ်နှစ်ပါးတို့ မည်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ ဤသည်တို့ကို အရူပဓာတ်၌ ဓာတ်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၄) သစ္စာ ၃–ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမุဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို အရူပဓာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

(၅) ဣန္ဒြေ၁၁–ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့ မည်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ အညိန္ဒြေ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို အရူပဓာတ်၌ ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၆) ဟိတ် ၈–ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အကြောင်းဟိတ်ရှစ်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်နှစ်ပါး၊ အဗျာကတဟိတ်သုံးပါး။ပ။ ဤသည်တို့ကို အရူပ ဓာတ်၌ ဟိတ်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၇) အာဟာရ ၃–ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု ‘ဖဿ’ အာဟာရ၊ စိတ်စေ့ဆော်မှု ‘မနောသဉ္စေတနာ’ အာဟာရ၊ သိမှု ‘ဝိညာဏ’ အာဟာရ၊ ဤသည်တို့ကို အရူပဓာတ်၌ အာဟာရသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

(၈) ဖဿ ၁–ပါး

ထိုတွင် အဘယ်သည် အရူပဓာတ်၌ တွေ့ထိမှု ‘ဖဿ’ တစ်ပါး မည်သနည်း။

အထူးသိမှု သဘော မနောဝိညာဏဓာတ်အတွေ့ ‘မနောဝိညာဏဓာတုသမ္ဖဿ’၊ ယင်းကို အရူပဓာတ်၌ တွေ့ထိမှု ‘ဖဿ’ တစ်ပါးဟု ဆိုအပ်၏။

(၉–၁၂) ခံစားမှု ဝေဒနာစသည်

ထိုတွင် အဘယ်သည် အရူပဓာတ်၌ ခံစားမှု 'ဝေဒနာ'တစ်ပါး မည်သနည်း။ပ။

မှတ်သားမှု 'သညာ' တစ်ပါး မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး မည်သနည်း။ပ။

စိတ်တစ်ပါး မည်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ယင်းကို အရူပဓာတ်၌ စိတ်တစ်ပါးဟု ဆိုအပ်၏။

၄–ဓာတ်သုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) တရားများ

အမေးပုစ္ဆာ

၉၉၇။ ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာတို့သည် လေးပါးတို့တည်း၊ အာယတနတို့သည် နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် နှစ်ပါးတို့တည်း၊ သစ္စာတို့သည် နှစ်ပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်'တို့သည် ခြောက်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' သည် တစ်ပါးတည်း၊ ခံစားမှု 'ဝေဒနာ'သည် တစ်ပါးတည်း၊ မှတ်သားမှု 'သညာ'သည် တစ်ပါးတည်း၊ စေ့ဆော်မှု 'စေတနာ'သည် တစ်ပါးတည်း၊ စိတ်သည် တစ်ပါးတည်း။

(၁) ခန္ဓာ ၄–ပါး

၉၉၈။ ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာလေးပါးတို့ မည်သနည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင်အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာလေးပါးတို့ဟု ဆိုအပ်ကုန်၏။

(၂) အာယတန ၂ ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာယတန နှစ်ပါးတို့ မည်သနည်း။

မနာယတန၊ ဓမ္မာယတန။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာယတနနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၃) ဓာတ် ၂ ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဓာတ် နှစ်ပါးတို့ မည်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဓာတ်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၄) သစ္စာ ၂ ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ သစ္စာ နှစ်ပါးတို့ မည်သနည်း။

မဂ္ဂသစ္စာ နိရောဓသစ္စာ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ သစ္စာနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၅) ဣန္ဒြေ၁၂-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ။ ဤသည်တို့ကို ဓာတ်သုံးပါးတို့၌ အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၆) ဟိတ် ၆-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အကြောင်း 'ဟိတ်' ခြောက်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထို ၆ ပါးတို့တွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှု 'အလောဘ'ဟူသော ကုသိုလ်ဟိတ်၊ မပြစ်မှားမှု 'အဒေါသ'ဟူသော ကုသိုလ်ဟိတ်၊ မတွေဝေမှု 'အမောဟ'ဟူသော ကုသိုလ်ဟိတ်။ ဤသည်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထို ၆ ပါးတို့တွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်) အားဖြင့် (ဖြစ်သော) မလိုချင်မှု 'အလောဘ'၊ မပြစ်မှားမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'။ ဤသည်တို့သည် အဗျာကတဟိတ်သုံးပါးတို့တည်း။

ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အကြောင်း 'ဟိတ်' ခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။

(၇) အာဟာရ ၃-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာဟာရသုံးပါးတို့ဟုဆိုအပ် ကုန်၏။

(၈) ဖဿ ၁–ပါး

ထိုတွင် အဘယ်သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ တွေ့ထိမှု 'ဖဿ'တစ်ပါး မည်သနည်း။

အထူးသိမှု သဘော မနောဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'။ ယင်းကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ တွေ့ထိမှု 'ဖဿ'တစ်ပါးဟု ဆိုအပ်၏။

(၉–၁၂) ဝေဒနာ ၁–ပါး စသည်

ထိုတွင် အဘယ်သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌–ခံစားမှု 'ဝေဒနာ'တစ်ပါး မည်သနည်း။ပ။

မှတ်သားမှု 'သညာ' တစ်ပါး မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး မည်သနည်း။ပ။

စိတ်တစ်ပါး မည်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ယင်းကို ဓာတ်သုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ စိတ်တစ်ပါးဟု ဆိုအပ်၏။

တရားတို့၏ ဖြစ်ခြင်း မဖြစ်ခြင်းကိုပြဆိုသောဥပဒေတွဲနှုတ်ကျိုးဝါရ ပြီး၏။

၃–ပရိယာပန္နာပရိယာပန္နဝါရ

(ဓာတ်သုံးပါး၌ အကျုံးဝင်, မဝင်သောတရားတို့ကို ပြဆိုသော ဝါရ)

၁–ကာမဓာတ်တရားများ

အမေးပုစ္ဆာ

၉၉၉။ ခန္ဓာငါးပါးတို့တွင် ကာမဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ ကာမဓာတ်၌ အကျုံးမဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်ခုနစ်ပါးတို့တွင်

ကာမဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ ကာမဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာငါးပါး

၁၀၀၀။ ရူပက္ခန္ဓာသည် ကာမဓာတ်၌ အကျုံးဝင်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကာမ ဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၂) အာယတနာ၁၂–ပါး

အာယတနဆယ်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၃) ဓာတ်၁၈–ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၄) သစ္စာ ၄–ပါး

သမုဒယသစ္စာသည် ကာမဓာတ်၌ အကျုံးဝင်၏။ သစ္စာနှစ်ပါးတို့သည် ကာမဓာတ်၌ အကျုံး မဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

(၅) ဣန္ဒြေ ၂၂–ပါး

ဣန္ဒြေဆယ်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် ကာမဓာတ်၌ .အကျုံးမဝင်ကုန်။ ဣန္ဒြေကိုးပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၆) ဟိတ် ၆–ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ (ကြွင်း) ဟိတ် ခြောက်ပါးတို့သည်အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၇) အာဟာရ ၄–ပါး

အလုတ်အလွေးကို ပြုသော 'ကဗဠီကာရ' အာဟာရသည် ကာမဓာတ်၌ အကျုံးဝင်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ကာမဓာတ်၌ အကျုံးမဝင်ကုန်။

(၈) ဖဿ ၆–ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်အတွေ့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

(၉-၁၂) ဝေဒနာ ၆-ပါးစသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

၂-ရူပဓာတ်တရားများ

အမေးပုစ္ဆာ

၁၀၀၁။ ခန္ဓာငါးပါးတို့တွင် ရူပဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် ရူပဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ ရူပဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း။

အဖြေ ဝိသဇ္ဇနာ

(၁) ခန္ဓာ ၅-ပါး

၁၀၀၂။ ရူပက္ခန္ဓာသည် ရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၂) အာယတနာ၁၂-ပါး

အာယတန ဆယ်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ အာယတန နှစ်ပါးတို့သည် အချို့ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၃) ဓာတ်၁၈-ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဓာတ်နှစ်ပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၄) သစ္စာ ၄-ပါး

သစ္စာသုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်။

(၅) ဣန္ဒြေ ၂၂ ပါး

ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဣန္ဒြေကိုးပါးတို့သည် ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၆) ဟိတ် ၉–ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်၊ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၇) အာဟာရ ၄–ပါး

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံး မဝင်ကုန်။

(၈) ဖဿ ၇–ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်အတွေ့ သည်အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်။

(၉–၁၂) ဝေဒနာ စသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်သည် အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ရူပဓာတ်၌ အကျုံးမဝင်။

---

(၃) အရူပဓာတ်တရားများ

အမေးပုစ္ဆာ

၁၀၀၃။ ခန္ဓာငါးပါးတို့တွင် အရူပဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အရူပဓာတ်၌ အကျုံးမဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် အရူပဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ အရူပဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည်အဘယ်မျှတို့နည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာ ၅–ပါး

၁၀၀၄။ ရူပက္ခန္ဓာသည် အရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၂) အာယတန ၁၂–ပါး

အာယတနဆယ်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ အာယတနနှစ်ပါးတို့သည် အချို့အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၃) ဓာတ် ၁၈–ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဓာတ်နှစ်ပါးတို့သည် အချို့အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၄) သစ္စာ ၄–ပါး

သစ္စာသုံးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

(၅) ဣန္ဒြေ ၂၂–ပါး

ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဣန္ဒြေရှစ်ပါးတို့သည် အချို့အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၆) ဟိတ် ၉–ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၇) အာဟာရ ၄–ပါး

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

(၈) ဖဿ ၇ ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်၊ မနောဝိညာဏဓာတ်အတွေ့ သည်အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

(၉-၁၂) ဝေဒနာစသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှုတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်သည် အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

၄-ဓမ္မဒဿနဝါရ

(တရားတို့ကို ညွှန်ပြရာဖြစ်သော ဝါရ)

၁-ကာမဓာတ်တရားများ

အမေးပုစ္ဆာ

၁၀၀၇။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခါ အဘယ်မျှသော ခန္ဓာတို့ ထင်ရှားဖြစ်ကုန်သနည်း။ပ။ အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာ

ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခါ သူခပ်သိမ်းတို့အား ခန္ဓာငါးပါး ထင်ရှားဖြစ်ကုန်၏။

(၂) အာယတန

အချို့သူအား အာယတနတစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား အာယတနဆယ်ပါး တို့ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ အချို့သူအား အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား အာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၃) ဓာတ်

အချို့သူအား ဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဓာတ်ဆယ်ပါးတို့ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၄) သစ္စာ

သူခပ်သိမ်းတို့အား သစ္စာတစ်ပါး ထင်ရှားဖြစ်၏။

(၅) ကျွန်ုပ်

အချို့သူအား ကျွန်ုပ် တစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ် တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြားကျွန်ုပ်တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်ဆယ်ပါးတို့ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြားကျွန်ုပ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်ရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား

(တစ်နည်း) အခြားကျွန်ုပ်ရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ကျွန်ုပ်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၆) ဟိတ်

အချို့သူအား ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဟိတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဟိတ်မပါဘဲ ထင်ရှားဖြစ်ကုန်၏။

(၇) အာဟာရ

သူခပ်သိမ်းတို့အား အာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၈) ဖဿ

သူခပ်သိမ်းတို့အား တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

(၉) ဝေဒနာ

သူခပ်သိမ်းတို့အား ခံစားမှု 'ဝေဒနာ'တစ်ပါး ထင်ရှားဖြစ်၏။

(၁၀) သညာ

သူခပ်သိမ်းတို့အား သိမှတ်မှု (သညာ) တစ်ပါး ထင်ရှားဖြစ်၏။

(၁၁) စေတနာ

သူခပ်သိမ်းတို့အား စေ့ဆော်မှု (စေတနာ) တစ်ပါး ထင်ရှားဖြစ်၏။

(၁၂) စိတ်

သူခပ်သိမ်းတို့အား စိတ်တစ်ပါး ထင်ရှားဖြစ်၏။

အကျယ်ဖွင့်ပြခြင်း

(၁) ခန္ဓာတရား

၁၀၀၈။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်သူခပ်သိမ်းတို့အား ဤခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၂) အာယတနတရားများ

၁၀၀၉။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား အာယတနတစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အာယတနအပြည့်အစုံဖြစ်ထိုက်ကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ ကိုယ်ကောင်ထင်ရှားဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အားပဋ္ဌိသန္ဓေအခါ အာယတန တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အားဤအာယတနတစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာ ယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အားဤအာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်း) အခြား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

ပဋ္ဌိသန္ဓေအားဖြင့်နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှားဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ အာယတနဆယ်ပါးတို့ထင်ရှား ဖြစ်ကုန်၏။ စက္ခာယတန၊ ရူပါယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

ပဋ္ဌိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်းပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊

ဓမ္မာယတန။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတန ကိုးပါးတို့ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား အာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

အမိဝမ်းတွင်း၌ ပဋ္ဌိသန္ဓေနေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါ အာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၃) ဓာတ်တရားများ

၁၀၁၀။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

အာယတနအပြည့်အစုံဖြစ်ထိုက်ကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ ကိုယ်ကောင်ထင်ရှားဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဓာတ်၊ ရူပဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ဓာတ်ဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ရူပဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ဆယ်ပါးတို့ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဓာတ်၊ ရူပဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ဆယ်ပါးတို့ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်းပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌

ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ကိုးပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါ ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၄) သစ္စာတရား

၁၀၁၁။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်သစ္စာတစ်ပါး ထင်ရှားဖြစ်သနည်း။

ဒုက္ခသစ္စာ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

(၅) ဣန္ဒြေတရားများ

၁၀၁၂။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေတစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကာမာဝစရနတ်တို့အား ပဋ္ဌိသန္ဓေအခါဣန္ဒြေ တစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဣန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) پုရိသိန္ဒြေဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသတ္တဝါတို့အား ဤဣန္ဒြေတစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေတစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်မယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကာမာဝစရနတ်တို့အား ပဋ္ဌိသန္ဓေအခါ ဣန္ဒြေတစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဣန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) پုရိသိန္ဒြေဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေတစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ဣန္ဒြေတစ်ဆယ့် သုံးပါးတို့ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကမ္ဘာဦးလူတို့အား ပဋ္ဌိသန္ဓေအခါဣန္ဒြေတစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဣန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ထိုသူတို့အား ဤဣန္ဒြေတစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်မယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကမ္ဘာဦးလူတို့အား ပဋ္ဌိသန္ဓေအခါကျန်ရှိ တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဒ္ဒြေ သောတိဒ္ဒြေ ဃာနိဒ္ဒြေ ဇိဝှိဒ္ဒြေ ကာယိဒ္ဒြေ မနိဒ္ဒြေ ဇီဝိတိဒ္ဒြေ သောမနဿိဒ္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိဒ္ဒြေ သဒ္ဓိဒ္ဒြေ ဝီရိယိဒ္ဒြေ သတိဒ္ဒြေ သမာဓိဒ္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အားဤကျန်ရှိ တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကျန်ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော၊ အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေတည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါ ကျန်ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိဒ္ဒြေ မနိဒ္ဒြေ ကျတ္ထိဒ္ဒြေ၊ (သို့မဟုတ်) ပုရိသိဒ္ဒြေ ဇီဝိတိဒ္ဒြေ သောမနဿိဒ္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိဒ္ဒြေ သဒ္ဓိဒ္ဒြေ ဝီရိယိဒ္ဒြေ သတိဒ္ဒြေ သမာဓိဒ္ဒြေ ပညိဒ္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ထိုသူတို့အား ဤကျန်ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကျန်ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်မယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေတည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါ ကျန်ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိဒ္ဒြေ မနိဒ္ဒြေ ကျတ္ထိဒ္ဒြေ၊ (သို့မဟုတ်) ပုရိသိဒ္ဒြေ ဇီဝိတိဒ္ဒြေ သောမနဿိဒ္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိဒ္ဒြေ သဒ္ဓိဒ္ဒြေ ဝီရိယိဒ္ဒြေ သတိဒ္ဒြေ သမာဓိဒ္ဒြေ၊ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အားဤကျန်ဒြေ ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ကျန်ဒြေကိုးပါးတို့ထင်ရှားဖြစ် ကုန်သနည်း။

ကျန်ဒြေအပြည့်အစုံဖြစ်ထိုက်ကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ကျန်ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဒ္ဒြေ သောတိဒ္ဒြေ ဃာနိဒ္ဒြေ ဇိဝှိဒ္ဒြေ ကာယိဒ္ဒြေ မနိဒ္ဒြေ ကျတ္ထိဒ္ဒြေ၊ (သို့မဟုတ်) ပုရိသိဒ္ဒြေဇီဝိတိဒ္ဒြေ ဥပေက္ခိဒ္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤကျန်ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကျန်ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ကျန်ဒြေရှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ သောတိဒ္ဒြေ ဃာနိဒ္ဒြေ ဇိဝှိဒ္ဒြေ ကာယိဒ္ဒြေ မနိဒ္ဒြေ ကျတ္ထိဒ္ဒြေ၊ (သို့မဟုတ်) ပုရိသိဒ္ဒြေ ဇီဝိတိဒ္ဒြေဥပေက္ခိဒ္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤကျန်ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ကျန်ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ကျန်ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဒ္ဒြေ ဃာနိဒ္ဒြေ ဇိဝှိဒ္ဒြေ ကာယိဒ္ဒြေ မနိဒ္ဒြေ ကျတ္ထိဒ္ဒြေ၊ (သို့မဟုတ်) ပုရိသိဒ္ဒြေ ဇီဝိတိဒ္ဒြေဥပေက္ခိဒ္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား

ဤကြွေးရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကြွေးခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋ္ဌိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်းပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲ ဖြစ်ကုန် (ဥပပါတ်ပဋ္ဌိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋ္ဌိသန္ဓေအခါ ကြွေးခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ကြွတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤကြွေးခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကြွေးငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' မရှိသည့် (အဟိတ်) ပဋ္ဌိသန္ဓေရှိကုန်သော၊ အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေတည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား နပုံးဖြစ်သူတို့ကို ထား၍ ပဋ္ဌိသန္ဓေအခါကြွေး ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ကြွတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤကြွေးငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ကြွေးလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' မရှိသည့် (အဟိတ်) ပဋ္ဌိသန္ဓေရှိကုန်သော၊ နပုံးဖြစ်ကုန်သော၊ အမိဝမ်းတွင်း၌ ကိန်းအောင်းပဋ္ဌိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါကြွေးလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤကြွေးလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၆) ဟိတ်တရားများ

၁၀၁၃။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေ တည်နေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါအကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ မလိုချင်မှု 'အလောဘ'ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ'ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မတွေဝေမှု 'အမောဟ'ဟူသော အကျိုး (ဝိပါက်) ဟိတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ထိုသူတို့အား ဤအကြောင်း 'ဟိတ်'သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သူအား အကြောင်း 'ဟိတ်' နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း (ဟိတ်) ရှိ၍ ဉာဏ်နှင့်မယှဉ်သည့် ပဋ္ဌိသန္ဓေရှိကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ အမိဝမ်းတိုက်၌ ကိန်းအောင်းပဋ္ဌိသန္ဓေ တည်နေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋ္ဌိသန္ဓေအခါအကြောင်း 'ဟိတ်' နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ မလိုချင်မှု 'အလောဘ'ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ'ဟူသော အကျိုး (ဝိပါက်) ဟိတ်။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ထိုသူတို့အား ဤအကြောင်း (ဟိတ်) နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကြွင်းသောသတ္တဝါတို့ကား အကြောင်း (ဟိတ်) မပါဘဲ ထင်ရှားဖြစ်ကုန်၏။

(၇) အာဟာရတရားများ

၁၀၁၄။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်အာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

အလုတ်အလွေးပြုအပ်သော 'ကဗဠိကာရ'အာဟာရ၊ တွေ့ထိမှု 'ဖဿ'အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်သူခပ်သိမ်းတို့အား ဤအာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၈) ဖဿတရားများ

ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်တွေ့ထိမှု 'ဖဿ'တစ်ပါး ထင်ရှားဖြစ် သနည်း။

မနောဝိညာဏဓာတ်အတွေ့၊ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤတွေ့ထိမှု 'ဖဿ'တစ်ပါး ထင်ရှားဖြစ်၏။

(၉–၁၂) ဝေဒနာစသည့် တရားများ

ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား–အဘယ်ခံစားမှု 'ဝေဒနာ'တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ'တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ကာမဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤစိတ်တစ်ပါး ထင်ရှားဖြစ်၏။

၂–ရူပဓာတ်တရားများ

အမေးပုစ္ဆာ

၁၀၁၅။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခါ အဘယ်မျှသော ခန္ဓာတို့ ထင်ရှားဖြစ်ကုန်သနည်း။ပ။ အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း–

အဖြေဝိသဇ္ဇနာအကျဉ်း

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခါ အသည်းသတ်ဗြဟ္မာတို့ကို ချန်ထား၍ ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ သစ္စာတစ်ပါး ထင်ရှားဖြစ်၏။ ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်၏။ သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်၏။ စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်၏။ စိတ်တစ်ပါး ထင်ရှားဖြစ်၏။

အဖြေဝိသဇ္ဇနာ အကျယ်ဖွင့်ပြခြင်း

(၁) ခန္ဓာတရားများ

၁၀၁၆။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ဤခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၂) အာယတနတရားများ

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ မနာယတန၊ ဓမ္မာယတန။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ဤအာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၃) ဓာတ်တရားများ

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

စက္ခုဓာတ်၊ ရူပဓာတ်၊ သောတဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ဤဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၄) သစ္စာတရား

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သစ္စာတစ်ပါး ထင်ရှားဖြစ်သနည်း–

ဒုက္ခသစ္စာ။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

(၅) ဣန္ဒြေတရားများ

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

စက္ခုန္ဒြေ သောတိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေသတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤဣန္ဒြေဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။

(၆) ဟိတ်တရားများ

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အကြောင်း 'ဟိတ်'သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း–

မလိုချင်မှု 'အလောဘ'ဟူသော အကျိုးဝိပါက်ဟိတ်၊ မပြစ်မှားမှု 'အဒေါသ'ဟူသော အကျိုး ဝိပါက်ဟိတ်၊ မတွေဝေမှု 'အမောဟ'ဟူသော အကျိုး 'ဝိပါက်'ဟိတ်။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤအကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၇) အာဟာရတရားများ

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤအာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၈) ဖဿတရား

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်သနည်း။

မနောဝိညာဏဓာတ်အတွေ့၊ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤတွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

(၉–၁၂) ဝေဒနာတရားစသည်

ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်-အဘယ်ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း။ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤစိတ်တစ်ပါး ထင်ရှားဖြစ်၏။

၃–အသညသတ်ဗြဟ္မာ

အမေးပုစ္ဆာ

၁၀၁၇။ အသညသတ်ဗြဟ္မာတို့အား ပဋ္ဌိသန္ဓေအခိုက် အဘယ်မျှသော ခန္ဓာတို့ ထင်ရှားဖြစ်ကုန်သနည်း။ပ။ အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း–

အဖြေဝိသဇ္ဇနာ

အသညသတ်ဗြဟ္မာတို့အား ပဋ္ဌိသန္ဓေအခိုက် ခန္ဓာတစ်ပါး ထင်ရှားဖြစ်၏၊ ရူပက္ခန္ဓာတည်း။

အာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဓမ္မာယတနတို့တည်း။

ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဓမ္မဓာတ်တို့တည်း။

သစ္စာတစ်ပါး ထင်ရှားဖြစ်၏။ ဒုက္ခသစ္စာတည်း။

ဣန္ဒြေတစ်ပါး ထင်ရှားဖြစ်၏။ ရုပ်ဇီဝိတိန္ဒြေတည်း။

အသည်သတ်ဖြတ်ခြင်းတို့သည် ဟိတ်မပါဘဲ၊ အာဟာရမပါဘဲ၊ တွေ့ထိမှု 'ဖဿ' မပါဘဲ၊ ခံစားမှု 'ဝေဒနာ'မပါဘဲ၊ သိမှတ်မှု 'သညာ' မပါဘဲ၊ စေ့ဆော်မှု 'စေတနာ' မပါဘဲ၊ စိတ်မပါဘဲ ထင်ရှား ဖြစ်ကုန်၏။

၄–အရူပဓာတ်တရားများ

အမေးပုစ္ဆာ

၁၀၁၈။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်မျှသော ခန္ဓာတို့ ထင်ရှားဖြစ်ကုန်သနည်း။ပ။

အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း–

အဖြေဝိသဇ္ဇနာအကျဉ်း

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ခန္ဓာလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ သစ္စာတစ်ပါး ထင်ရှားဖြစ်၏။ ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ အကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။ ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်၏။ သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်၏။ စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်၏။ စိတ်တစ်ပါး ထင်ရှားဖြစ်၏။

အဖြေဝိသဇ္ဇနာအကျယ် ဖွင့်ပြခြင်း

(၁) ခန္ဓာတရား

၁၀၁၉။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ခန္ဓာလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ဝေဒနာကွန္ဓာ သညာကွန္ဓာ သင်္ခါရကွန္ဓာ ဝိညာဏကွန္ဓာ၊ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤခန္ဓာလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၂) အာယတနတရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနာယတန၊ ဓမ္မာယတန။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤအာယတနနှစ်ပါးတို့ ထင်ရှားဖြစ် ကုန်၏။

(၃) ဓာတ်တရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ် ကုန်၏။

(၄) သစ္စာတရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်သစ္စာတစ်ပါး ထင်ရှားဖြစ်သနည်း။

ဒုက္ခသစ္စာ။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

(၅) ဣန္ဒြေတရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၆) ဟိတ်တရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အကြောင်း 'ဟိတ်'သုံးပါးတို့ ထင်ရှားဖြစ်သနည်း။

မလိုချင်မှု 'အလောဘ'ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ'ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မတွေဝေမှု 'အမောဟ'ဟူသော အကျိုး (ဝိပါက်) ဟိတ်။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်ဤအကြောင်း (ဟိတ်) သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၇) အာဟာရတရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်အာဟာရသုံးပါးတို့ ထင်ရှားဖြစ်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤအာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

(၈) ဖဿတရား

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် အဘယ်တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်သနည်း။

မနောဝိညာဏဓာတ်အတွေ့။ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤတွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှား ဖြစ်၏၊

(၉–၁၂) ဝေဒနာတရားစသည်

အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက်–အဘယ်ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း– အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ အရူပဓာတ်၌ ပဋ္ဌိသန္ဓေအခိုက် ဤစိတ်တစ်ပါး ထင်ရှား ဖြစ်၏။

၅–ဘူမန္တရဒဿနဝါရ

(ဘုံအပိုင်းအခြားကို ပြသော ဝါရ) အကျဉ်းပြခြင်း

၁၀၂၀။ ကာမဘုံ၌ ဖြစ်သောတရားများ၊ ကာမဘုံ၌ မဖြစ်သောတရားများ၊ ရူပဘုံ၌ ဖြစ်သောတရားများ၊ ရူပဘုံ၌ မဖြစ်သောတရားများ၊ အရူပဘုံ၌ ဖြစ်သောတရားများ၊ အရူပဘုံ၌ မဖြစ်သောတရားများ၊ ဘုံသုံးပါး၌ အကျုံးဝင်သောတရားများ၊ ဘုံသုံးပါး၌ အကျုံးမဝင်သောတရားများ။ အကျယ်ဖွင့်ပြခြင်း အဘယ်တို့သည် ကာမဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် အဝီစိငရဲကို အပိုင်းအခြားပြု၍ အထက်အရပ်ဝယ် ပရနိမ္မိတဝသဝတ္တီနတ်တို့ကိုအတွင်း (အဆုံး) ပြု၍ ဤအကြား၌ ဖြစ်ကုန်သော၊ ဤအကြား၌ အကျုံးဝင်ကုန်သော ခန္ဓာ, ဓာတ်, အာယတန, ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် ရှိကုန်၏။ ဤတရားတို့သည် ကာမဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ကာမဘုံ၌ မဖြစ်သောတရားတို့ မည်သနည်း။

ရူပဘုံ၌ ဖြစ်သော တရား၊ အရူပဘုံ၌ ဖြစ်သော တရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် ကာမဘုံ၌ မဖြစ်သောတရား တို့ မည်ကုန်၏။

အဘယ်တို့သည် ရူပဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် (ပဌမဈာန်ဘုံဟူသော) ဗြဟ္မာ့လောကကို အဆုံးအပိုင်းအခြားပြု၍ အထက် အရပ်ဝယ်အကနိဋ္ဌဗြဟ္မာတို့ကို အတွင်းပြု၍ ဤအကြား၌ ဖြစ်ကုန်သော၊ ဤအကြား၌ အကျုံးဝင်ကုန်သောဈာန်သမာပတ်ဝင်စားသူ၏ လည်းကောင်း၊ ပဋ္ဌိသန္ဓေနေသူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ ဈာန်ချမ်းသာဖြင့် နေခြင်းရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည်ရူပဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ရူပဘုံ၌ မဖြစ်သောတရားတို့ မည်သနည်း။

ကာမဘုံ၌ ဖြစ်သောတရား၊ အရူပဘုံ၌ ဖြစ်သောတရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့ သည်ရှိကုန်၏၊ ဤတရားတို့သည် ရူပဘုံ၌ မဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် အရူပဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် အာကာသာနဉ္စာယတနဈာန်သို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့ကို အဆုံးအပိုင်းအခြား ပြု၍ အထက်အရပ်ဝယ် နေဝသညာနာသညာယတနဈာန်သို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့ကို အတွင်းပြု၍ ဤအကြားခ်ဋ္ဌ ဖြစ်ကုန်သော ဤအကြားခ်ဋ္ဌ အကျုံးဝင်ကုန်သော ဈာန်သမာပတ်ဝင်စားသူ၏လည်းကောင်း၊ ပဋိသန္ဓေနေသူ၏လည်းကောင်း၊ မျက်မှောက်ဘဝ၌ ဈာန်ချမ်းသာဖြင့် နေခြင်း ရှိသူ၏လည်းကောင်း စိတ်စေတသိက်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် အရူပဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် အရူပဘုံ၌ မဖြစ်သောတရားတို့ မည်သနည်း။

ကာမဘုံ၌ ဖြစ်သော တရား၊ ရူပဘုံ၌ ဖြစ်သော တရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့ သည်ရှိကုန်၏။ ဤတရားတို့သည် အရူပဘုံ၌ မဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ဘုံသုံးပါး၌ အကျုံးဝင်သော တရားတို့ မည်သနည်း။

အာသဝတို့၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတတရားတို့ ရှိကုန်၏၊ ကာမဘုံ၌ ဖြစ်ကုန်သော၊ ရူပဘုံ၌ ဖြစ်ကုန်သော၊ အရူပဘုံ၌ ဖြစ်ကုန်သော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာသင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည် ရှိကုန်၏။ ဤတရားတို့သည် ဘုံသုံးပါး၌ အကျုံးဝင်သော တရားတို့ မည်ကုန်၏။

အဘယ်တို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သောတရားတို့ မည်သနည်း။

မဂ်တို့သည်လည်းကောင်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည်လည်းကောင်း၊ အသင်္ခတဓာတ် (နိဗ္ဗာန်) သည်လည်းကောင်း ရှိ၏၊ ဤသည်တို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့ မည်ကုန်၏။

၆–ဥပါဒကကမ္မ အာယုပွမာဏဝါရ

(ဖြစ်ကြောင်းကံနှင့် အသက်အပိုင်းအခြားကို ပြသော ဝါရ)

၁–ဥပါဒကကမ္မ

(အကြောင်းကံကို ပြဆိုခြင်း)

၁၀၂၁။ နတ်ဟူရာ၌ နတ်တို့သည် သုံးမျိုးတို့တည်း၊ သမုတ်သောအားဖြင့်ဖြစ်သော 'သမ္မုတိ' နတ်၊ ဥပပါတ်ပဋိသန္ဓေအားဖြင့်ဖြစ်သော 'ဥပပတ္တိ'နတ်၊ ကိလေသာစင်ကြယ်သောအားဖြင့် ဖြစ်သော 'ဝိသုဒ္ဓိ' နတ်တို့တည်း။

သမုတ်သောအားဖြင့်ဖြစ်သော 'သမ္မုတိ'နတ်တို့မည်သည်– မင်း, မိဖုရား, မင်းသား တို့တည်း။

ဥပပါတ်ပဋ္ဌိသန္ဓေအားဖြင့်ဖြစ်သော 'ဥပပတ္တိ'နတ်တို့မည်သည်– စာတုမဟာရာဇိနတ်တို့ကို အစပြု၍ ထို၏ အထက်၌ ဖြစ်သော နတ်တို့တည်း။

ကိလေသာစင်ကြယ်သောအားဖြင့်ဖြစ်သော 'ဝိသုဒ္ဓိ'နတ်တို့မည်သည်– "ဘုရား ရဟန္တာတို့တည်း" ဟုဆိုအပ်ကုန်၏။ အလျှုပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုသည်ရှိသော် အဘယ်သို့ ကပ်ရောက်ကုန်သနည်း–အလျှုပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်သုံးခြင်းအမှုကို ပြုသည်ရှိသော် အချို့ သူတို့သည်များသော ဥစ္စာနှစ်ရှိသည့် မင်းမျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည်များသော ဥစ္စာနှစ်ရှိသည့် ပုဏ္ဏားမျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် များသော ဥစ္စာနှစ်ရှိသော သူကြွယ်မျိုးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် စာတုမဟာရာဇိနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည်တာဝတိံသာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် ယာမာနတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် တုသိတာနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် နိမ္မာနရတိနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

၂–အာယုပွမာဏ

(အသက်အပိုင်းအခြားကို ပြဆိုခြင်း)

(၁) လူ့သက်တမ်း

၁၀၂၂။ လူတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

အနှစ်တစ်ရာသော်လည်းကောင်း၊ ထို့အနှစ်တစ်ရာထက် အလွန် အနည်းငယ်သော်လည်းကောင်း ဖြစ်၏။

(၂) စာတုမဟာရာဇိနတ်သက်

၁၀၂၃။ စာတုမဟာရာဇိနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်ငါးဆယ်သည် စာတုမဟာရာဇိနတ်တို့၏ နေ့ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့်ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်ငါးရာသည် စာတုမဟာရာဇိနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှရှိသနည်း။

အနှစ်ကိုးသန်းတို့တည်း။

(၃) တာဝတိံသာနတ်သက်

တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏ နေ့ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်တစ်ထောင်သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း။

အနှစ်သုံးကုဋေ ခြောက်သန်းတို့တည်း။

(၄) ယာမာနတ်သက်

ယာမာနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်နှစ်ရာတို့သည် ယာမာနတ်တို့၏ နေ့ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်နှစ်ထောင်တို့သည် ယာမာနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

ယာမာနတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှရှိသနည်း။

အနှစ် တစ်ဆယ့်လေးကုဋေ လေးသန်းတို့တည်း။

(၅) တုသိတာနတ်သက်

တုသိတာနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း–

လူ၌ ဖြစ်သော အနှစ်လေးရာတို့သည် တုသိတာနတ်တို့၏ နေ့ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်လေးထောင်တို့သည် တုသိတာနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

တုသိတာနတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း–

နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းတို့တည်း။

(၆) နိမ္မာနရတိနတ်သက်

နိမ္မာနရတိနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း–

လူ၌ ဖြစ်သော အနှစ်ရှစ်ရာတို့သည် နိမ္မာနရတိနတ်တို့၏ နေ့ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်ရှစ်ထောင်တို့သည် နိမ္မာနရတိနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

နိမ္မာနရတိနတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှရှိသနည်း။

နှစ်ပေါင်း နှစ်ရာ့သုံးဆယ်ကုဋေလေးသန်းတို့တည်း။

(၇) ပရနိမ္မိတဝသဝတ္တီနတ်သက်

ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း–

လူ၌ ဖြစ်သော အနှစ်တစ်ထောင့်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ နေ့ညဉ့် တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်တစ်သောင်းခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှရှိသနည်း–

နှစ်ပေါင်းကိုးရာ့နှစ်ဆယ့်တစ်ကုဋေခြောက်သန်းတို့တည်း။ ဤကာမာဝစရ (နတ်ပြည်) ခြောက်ထပ်တို့သည် ကာမဂုဏ်ခပ်သိမ်းနှင့် ပြည့်စုံ ကုန်၏၊ နတ်ခပ်သိမ်းတို့၏ အသက်သည် (လူသက်ဖြင့်) တစ်ပေါင်းတည်း ရေတွက်လျှင် အဘယ်မျှဖြစ်သနည်း။

ထို (နတ်ခပ်သိမ်း) တို့၏ (အသက်ကို လူသက်ဖြင့် တစ်ပေါင်းတည်း ရေတွက်လျှင်) ကုဋေတစ်ထောင့်နှစ်ရာ နှစ်ဆယ့်ရှစ်ကုဋေ ငါးသန်းတို့ကို နှစ်အစဉ်ဖြင့် ပြအပ်ကုန်၏။

(ဤကား ဂါထာအနက်)

ရူပ အရူပဗြဟ္မာတို့၏ ကံနှင့် သက်တမ်း

ပဌမစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၁) ဗြဟ္မပါရိသဇ္ဇာ

၁၀၂၄။ ပဌမစျာန်ကို အနည်းငယ်လျှော့ပါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ပဌမစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသခ်ေါ်ယျ) ကပ်၏ သုံးဖို့ တစ်ဖို့တည်း။

(၂) ဗြဟ္မပုရောဟိတာ

ပဌမစျာန်ကို အလတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။ ပဌမစျာန်ကို အလတ်စားပွါးများလျှင် ဗြဟ္မပုရောဟိတဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသခ်ေါ်ယျ) ကပ်၏ ထက်ဝက်တည်း။

(၃) မဟာဗြဟ္မာ

ပဌမစျာန်ကို အမြတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။ ပဌမစျာန်ကို အမြတ်စားပွါးများလျှင် မဟာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသခ်ေါ်ယျ) တစ်ကပ်တည်း။

ဒုတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၄) ပရိတ္တာဘာ

၁၀၂၅။ ဒုတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် ပရိတ္တာဘာဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) နှစ်ကပ်တို့တည်း။

(၅) အပ္ပမာဏာဘာ

ဒုတိယစျာန်ကို အလတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အလတ်စားပွါးများလျှင် အပ္ပမာဏာဘာဗြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) လေးကပ်တို့တည်း။

(၆) အာဘာဿရာ

ဒုတိယစျာန်ကို အမြတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အမြတ်စားပွါးများလျှင် အာဘာသရဖြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ရှစ်ကပ်တို့တည်း။

တတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၇) ပရိတ္တသုဘာ

၁၀၂၆။ တတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

တတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် ပရိတ္တသုဘာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) တစ်ဆယ့်ခြောက်ကပ်တို့တည်း။

(၈) အပ္ပမာဏသုဘာ

တတိယစျာန်ကို အလတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန် သနည်း။

တတိယစျာန်ကို အလတ်စားပွါးများလျှင် အပ္ပမာဏသုဘာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) သုံးဆယ့်နှစ်ကပ်တို့တည်း။

(၉) သုဘကိဏ္ဏာ

တတိယစျာန်ကို အမြတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

တတိယစျာန်ကို အမြတ်စားပွါးများလျှင် သုဘကိဏ္ဏာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ခြောက်ဆယ့်လေးကပ်တို့တည်း။

စတုတ္ထစျာန်အကျိုးပေးရာ (၁၁) ဘုံ

၁၀၂၇။ စတုတ္ထစျာန်ကို ပွါးများလျှင် အာရုံထူးသည်၏အဖြစ်၊ နှလုံးသွင်းမှု ထူးသည်၏အဖြစ်၊ ဆန္ဒထူးသည်၏အဖြစ်၊ တောင့်တမှု ထူးသည်၏အဖြစ်၊ ဆုံးဖြတ်မှု ထူးသည်၏အဖြစ်၊ ဆုတောင်းမှု ထူးသည်၏ အဖြစ်၊ ပညာထူးသည်၏အဖြစ်များကြောင့်–

ရူပစတုတ္ထစျာန် ၇–ဘုံ

(၁) အချို့သူတို့သည် အသညသတ်ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၂) အချို့သူတို့သည် ဝေဟပ္ဖလ်ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၃) အချို့သူတို့သည် အဝိဟာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၄) အချို့သူတို့သည် အတပ္ပါဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၅) အချို့သူတို့သည် သုဒဿာဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၆) အချို့သူတို့သည် သုဒဿီဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၇) အချို့သူတို့သည် အကနိဋ္ဌဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

အရူပစတုတ္ထဈာန် ၄–ဘုံ

(၈) အချို့သူတို့သည် အာကာသာနဉ္စာယတနဈာန်သို့ ကပ်ရောက်သော ဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၉) အချို့သူတို့သည် ဝိညာဏဉ္စာယတနဈာန်သို့ ကပ်ရောက်သောဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၁၀) အချို့သူတို့သည် အာကိဉ္စညာယတနဈာန်သို့ ကပ်ရောက်သောဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၁၁) အချို့သူတို့သည် နေဝသညာနာသညာယတနဈာန်သို့ ကပ်ရောက်သောဗြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

စတုတ္ထဈာန်ဗြဟ္မာ (၁၁) မျိုးတို့၏ သက်တမ်း

အသညသတ်၊ ဝေဟပ္ဖလ်ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာငါးရာတို့တည်း။

အဝိဟာဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာတစ်ထောင်တည်း။

အတပ္ပါဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာနှစ်ထောင်တို့တည်း။

သုဒဿာဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာလေးထောင်တို့တည်း။

သုဒဿီဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာရှစ်ထောင်တို့တည်း။

အကနိ ဋ္ဌဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာတစ်သောင်းခြောက်ထောင်တို့တည်း။

၁၀၂၈။ အာကာသာနဉ္စာယတနဈာန်သို့ ကပ်ရောက်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည်အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာနှစ်သောင်းတို့တည်း။

ဝိညာဏဉ္စာယတနဈာန်သို့ ကပ်ရောက်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာလေးသောင်းတို့တည်း။

အာကိဉ္စညာယတနဈာန်သို့ ကပ်ရောက်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာခြောက်သောင်းတို့တည်း။

နေဝသညာနာသညာယတနဈာန်သို့ ကပ်ရောက်သော ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည်အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာရှစ်သောင်းလေးထောင်တို့တည်း။

၁၀၂၉။ ကောင်းမှု ရှိန်စော် အာနုဘော်ဖြင့် မြှောက်တင်အပ်ကုန်သော ပုထုဇဉ်သတ္တဝါတို့သည်ကာမသုဂတိ ရူပသုဂတိဘုံသို့ လားရကုန်၍ ဘဝဂ်သို့တိုင် ရောက် ကြသော်လည်း တစ်ဖန်မကောင်းသော လားရာ (အပါယ်လေးဘုံ) သို့ ပြန် ရောက်ကြရကုန်၏။ ထိုမျှလောက် အသက်ရှည်သော သတ္တဝါတို့သည်ပင်လျှင် အသက်တမ်းကုန်၍ သေဆုံးရကုန်၏၊ မြဲသော ဘဝ အနည်းငယ်မျှ မရှိချေ၊ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့ကြောင့်ပင်လျှင် ရင့်ကျက်သော ပညာရှိကုန်သော သိမ်မွေ့သော ပညာရှိ ကုန်သော အကျိုးစီးပွါးကိုကြံစည်တတ်ကုန်သော ပညာရှင်တို့သည် အိုမှု သေမှု လွတ်ရန် မြတ်သော မဂ်ကို ပွါးများကြကုန်၏။ နက်ရှိုင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော စင်ကြယ်သော မဂ်ကို ပွါးများ၍အာသဝအလုံးစုံတို့ကို ပိုင်းခြားသိလျက် အာသဝမရှိကုန်ဘဲ ဒုက္ခ ခပ်သိမ်း ငြိမ်းကြကုန်၏။

၇–အဘိညေယျာဒိဝါရ

(ထိုးထွင်း၍သိအပ်သောတရား စသည်တို့ကို ပြဆိုသောဝါရ)

အမေးပုစ္ဆာ

၁၀၃၀။ ခန္ဓာငါးပါးတို့တွင် ထိုးထွင်း၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပိုင်းခြား၍သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပယ်အပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပွါးများအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ မျက်မှောက်ပြုအပ်သည်တို့ကား အဘယ်မျှ

ရှိသနည်း၊ မပယ်အပ်သည်တို့ကား မပွါးများအပ်သည်တို့ကား မျက်မှောက်မပြုအပ်သည်တို့ကား အဘယ်မျှရှိသနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် ထိုးထွင်း၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပိုင်းခြား၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပယ်အပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပွါးများအပ်သည်တို့ကားအဘယ်မျှရှိသနည်း၊ မျက်မှောက်ပြုအပ်သည်တို့ကား အဘယ်မျှ ရှိသနည်း၊ မပယ်အပ်သည်တို့ကားမပွါးများအပ်သည်တို့ကား မျက်မှောက်မပြုအပ်သည်တို့ကား အဘယ်မျှရှိသနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

၁၀၃၁။ ရူပက္ခန္ဓာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ (ကြွင်း) ခန္ဓာလေးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်၊ အာယတနနှစ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

(၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ် အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ဓာတ်နှစ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ် ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

(၄) သစ္စာတရား

သမုဒယသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ ပွါးများ အပ်၏၊ မျက်မှောက် မပြုအပ်၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်ပြုအပ်၏။ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ အချို့ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်၊ အချို့ မပယ်အပ်။

(၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ဒေါမနဿိန္ဒြေကို ထိုးထွင်း၍သိအပ်၏၊ ပိုင်းခြား၍သိအပ်၏၊ ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ အနညာတညဿာမီတိန္ဒြေကို ထိုးထွင်း၍သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ ပွါးများအပ်၏၊ မျက်မှောက်မပြုအပ်။ အညိန္ဒြေကိုထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ အချို့ ပွါးများအပ်၏၊ အချို့ မျက်မှောက်ပြုအပ်၏။ အညာတာဝိန္ဒြေကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်ပြုအပ်၏။ ဣန္ဒြေသုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက် ပြုအပ်ကုန်၏၊ အချို့ မပွါးများအပ်ကုန်၊ မျက်မှောက်ပြုအပ်ကုန်၏။ (ကြွင်း) ဣန္ဒြေခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

(၆) ဟိတ်တရား

အကုသိုလ်ဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ ပယ်အပ်ကုန်၏၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ကုသိုလ်ဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ အချို့ ပွါးများအပ်ကုန်၏၊ မျက်မှောက် မပြုအပ်ကုန်၊ အချို့မပွါးများအပ်ကုန်၊ အဗျာကတဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မျက်မှောက်မပြုအပ်ကုန်။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ (ကြွင်း) အာဟာရသုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ မနောဝိညာဏဓာတ်အတွေ့ကို ထိုးထွင်း၍သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ အချို့ ပယ်အပ်၏၊ အချို့ ပွါးများအပ်၏၊ အချို့ မျက်မှောက်ပြုအပ်၏၊ အချို့ မပယ်အပ် မပွါးများအပ် မျက်မှောက်မပြုအပ်။

(၉–၁၂) ဝေဒနာတရားစသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့ကို။ပ။–

သိမှတ်မှု 'သညာ' ခြောက်ပါးတို့ကို။ပ။–

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့ကို။ပ။–

စိတ်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ မနောဝိညာဏဓာတ်ကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍သိအပ်၏၊ အချို့ ပယ်အပ်၏၊ အချို့ ပွါးများအပ်၏။ အချို့ မျက်မှောက်ပြုအပ်၏၊ အချို့ မပယ်အပ်မပွါးများအပ် မျက်မှောက်မပြုအပ်။

၈–သာရမ္မဏာ နာရမ္မဏဝါရ

(အာရုံပြုမှု မပြုမှုကို ပြဆိုသော ဝါရ)

အမေးပုစ္ဆာ

၁၀၃၂။ ခန္ဓာငါးပါးတို့တွင် အာရုံပြုခြင်းရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်နည်း၊ အာရုံပြုခြင်း မရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် အာရုံပြုခြင်းရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အာရုံပြုခြင်း မရှိသော စိတ်တို့သည် အဘယ်မျှရှိသနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

၁၀၃၃။ ရူပက္ခန္ဓာသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ မနာယတနသည် အာရုံပြုခြင်းရှိ၏။ ဓမ္မာယတနသည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဓာတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်းရှိကုန်၏။ ဓမ္မဓာတ်သည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

(၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အာရုံပြုခြင်းရှိကုန်၏။ နိရောဓသစ္စာသည် အာရုံပြုခြင်း မရှိ။ ဒုက္ခသစ္စာသည်အချို့ အာရုံပြုခြင်း ရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

(၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။ ဒီဝိတိန္ဒြေသည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

(၆) ဟိတ်တရား

ဟိတ်ကိုးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အာရုံပြုခြင်း မရှိ၊ (ကြွင်း) အာဟာရသုံးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

(၈–၁၂) ဖဿတရား စသည်။

တွေ့ထိမှု 'ဖဿ' ခုနစ်ပါး တို့သည်။ပ။

ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခုနစ်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့သည်။ပ။

စိတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

၁၀၃၄။ ခန္ဓာငါးပါးတို့တွင် အာရုံပြုခြင်းရှိသော တရားကို အာရုံပြုသည့် ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုသည့် ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် အာရုံပြုခြင်းရှိသော တရားကို အာရုံပြုသည့် စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုသည့် စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

(၁) ခန္ဓာတရား

၁၀၃၅။ ရူပက္ခန္ဓာသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ အာရုံပြုခြင်း ရှိသောတရားကို အာရုံပြုကုန်၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုကုန်၏။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်းမရှိကုန်။ မနာယတနသည် အချို့ အာရုံပြုခြင်း ရှိသောတရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ ဓမ္မာယတနသည် အချို့အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ အချို့အာရုံပြုခြင်း မရှိ။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဓာတ်ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားကိုအာရုံပြုကုန်၏။ မနောဝိညာဏဓာတ်သည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့.အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။ ဓမ္မဓာတ်သည် အချို့. အာရုံပြုခြင်းရှိသော တရားကိုအာရုံပြု၏၊ အချို့. အာရုံပြုခြင်းမရှိသောတရားကို အာရုံပြု၏၊ အချို့. အာရုံပြုခြင်း မရှိ။

(၄) သစ္စာတရား

နိရောဓသစ္စာသည် အာရုံပြုခြင်း မရှိ။ မဂ္ဂသစ္စာသည် အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ သမုဒယသစ္စာသည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့. အာရုံပြုခြင်းမရှိသောတရားကို အာရုံပြု၏။ ဒုက္ခသစ္စာသည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့. အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။ အချို့. အာရုံပြုခြင်း မရှိ။

(၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဣန္ဒြေငါးပါးတို့သည် အာရုံပြုခြင်း မရှိသော တရားကိုအာရုံပြုကုန်၏။ ဣန္ဒြေကိုးပါးတို့သည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့.အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုကုန်၏။ ဇီဝိတိန္ဒြေသည် အချို့. အာရုံပြုခြင်းရှိသော တရားကိုအာရုံပြု၏၊ အချို့. အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ အချို့. အာရုံပြုခြင်း မရှိ။

(၆) ဟိတ်တရား

ဟိတ်ကိုးပါးတို့သည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့. အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုကုန်၏။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့. အာရုံပြုခြင်းမရှိသောတရားကို အာရုံပြုကုန်၏။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုကုန်၏။ မနောဝိညာဏဓာတ် အတွေ့. 'ဖဿ' သည် အချို့. အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့.အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။

(၉–၁၂) ဝေဒနာစသည့်တရားများ

ခံစားမှု (ဝေဒနာ) ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု (သညာ) ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု (စေတနာ) ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားတို့ကို အာရုံပြုကုန်၏။ မနောဝိညာဏာ ဓာတ်သည်အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။

၉–ဒိဋ္ဌသုတာဒိဒသနဝါရ

(မြင်မှု ကြားမှု စသည်တို့ကို ပြဆိုသော ဝါရ)

အမေးပုစ္ဆာ

၁၀၃၆။ ခန္ဓာငါးပါးတို့တွင်–မြင်အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

ကြားအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

တွေ့အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

သိအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

မမြင်အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

မကြားအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

မတွေ့အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

မသိအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။–

စိတ်ခုနစ်ပါးတို့တွင် မြင်အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

ကြားအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

တွေ့အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

သိအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

မမြင်အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

မကြားအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

မတွေ့အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

မသိအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

၁၀၃၇။ ရူပကွန္ဓာကို အချို့ မြင်အပ်၏၊ အချို့ ကြားအပ်၏၊ အချို့ တွေ့အပ်၏၊ အချို့ သိအပ်၏၊ အချို့ မမြင်အပ်၊ မကြားအပ်၊ မတွေ့အပ်၊ မသိအပ်။ (ကြွင်း) ခန္ဓာလေးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၂) အာယတနတရား

ရူပါယတနကို မြင်အပ်၏၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။ သဒ္ဒါယတနကို မမြင်အပ်၊ ကြားအပ်၏၊ မတွေ့အပ်၊ သိအပ်၏။ ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတနကို မမြင်အပ်၊ မကြားအပ်၊ တွေ့အပ်၏၊ သိအပ်၏။ (ကြွင်း) အာယတနခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၃) ဓာတ်တရား

ရူပဓာတ်ကို မြင်အပ်၏၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။ သဒ္ဒဓာတ်ကို မမြင်အပ်၊ ကြားအပ်၏၊ မတွေ့အပ်၊ သိအပ်၏။ ဂန္ဓဓာတ် ရသဓာတ် ဖောဋ္ဌဗ္ဗဓာတ်ကို မမြင်အပ်၊ မကြားအပ်၊ တွေ့အပ်၏၊ သိအပ်၏။ (ကြွင်း) ဓာတ်တစ်ဆယ့်သုံးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၄) သစ္စာတရား

သစ္စာသုံးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။ ဒုက္ခသစ္စာကိုအချို့ မြင်အပ်၏၊ အချို့ ကြားအပ်၏၊ အချို့ တွေ့အပ်၏၊ အချို့သိအပ်၏။ အချို့ မမြင်အပ်၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။

(၅) ဣန္ဒြေတရား

ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၆) ဟိတ်တရား

အကြောင်း 'ဟိတ်'ကိုးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၇) အာဟာရတရား

အာဟာရလေးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၈) ဖဿတရား

တွေ့ထိမှု (ဖဿ) ခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

(၉–၁၂) ဝေဒနာစသည်တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါး၊ သိမှတ်မှု 'သညာ' ခုနစ်ပါး၊ စေ့ဆော်မှု 'စေတနာ' ခုနစ်ပါး၊ စိတ်ခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

၁၀–တိကာဒိဒသနဝါရ

(တိက်စသည်ဖြင့် ပြဆိုသော ဝါရ)

၁–ကုသလတိက်

အမေးပုစ္ဆာ

၁၀၃၈။ ခန္ဓာငါးပါးတို့တွင် ကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အဗျာကတတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ကုသိုလ်တို့သည်အဘယ်မျှရှိကုန်သနည်း၊ အကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အဗျာကတတို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် အဗျာကတဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

(၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏။ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

(၄) သစ္စာတရား

သမုဒယသစ္စာသည် အကုသိုလ်ဖြစ်၏။ မဂ္ဂသစ္စာသည် ကုသိုလ်ဖြစ်၏။ နိရောဓသစ္စာသည် အဗျာကတဖြစ်၏။ ဒုက္ခသစ္စာသည် အချို့ ကုသိုလ်ဖြစ်၏၊ အချို့ အကုသိုလ်ဖြစ်၏၊ အချို့ အဗျာကတ ဖြစ်၏။

(၅) ဣန္ဒြေတရား

ဣန္ဒြေဆယ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏။ ဒေါမနဿိန္ဒြေသည် အကုသိုလ် ဖြစ်၏။ အနည္ဘတညဿာမီတိန္ဒြေသည် ကုသိုလ်ဖြစ်၏၊ ဣန္ဒြေလေးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့အဗျာကတဖြစ်ကုန်၏။ ဣန္ဒြေခြောက်ပါးတို့သည် အချို့ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

(၆) ဟိတ်တရား

ကုသိုလ်ဟိတ်သုံးပါးတို့သည် ကုသိုလ်ဖြစ်ကုန်၏။ အကုသိုလ်ဟိတ်သုံးပါးတို့သည် အကုသိုလ်ဖြစ်ကုန်၏။ အဗျာကတဟိတ်သုံးပါးတို့သည် အဗျာကတဖြစ်ကုန်၏။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အဗျာကတဖြစ်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ မနောဝိညာဏဓာတ် အတွေ့ 'ဖဿ' သည်အချို့ ကုသိုလ်ဖြစ်၏၊ အချို့ အကုသိုလ်ဖြစ်၏၊ အချို့ အဗျာကတဖြစ်၏။

(၉–၁၂) ဝေဒနာစသောတရားများ

ခံစားမှု 'ဝေဒနာ'ခြောက်ပါး၊ သိမှတ်မှု 'သညာ' ခြောက်ပါး၊ စေ့ဆော်မှု 'စေတနာ' ခြောက်ပါး၊ စိတ်ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ ကုသိုလ် ဖြစ်၏၊ အချို့အကုသိုလ် ဖြစ်၏၊ အချို့ အဗျာကတဖြစ်၏။

၂–ဝေဒနာတိက်

အမေးပုစ္ဆာ

၁၀၃၉။ ခန္ဓာငါးပါးတို့တွင် သုခဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည်သဘယ်မျှရှိကုန်သနည်း၊ ဒုက္ခ လည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် သုခဝေဒနာနှင့်ယှဉ်သော စိတ်တို့သည် အဘယ်မျှရှိသကုန်နည်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ခန္ဓာနှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်ကုန်၏ ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ ခန္ဓာသုံးပါးတို့သည် အချို့. သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့. ဒုက္ခဝေဒနာနှင့်ယှဉ်ကုန်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ မနာယတနသည် အချို့. သုခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခဝေဒနာနှင့်ယှဉ်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ ဓမ္မာယတနသည်အချို့. သုခဝေဒနာနှင့်ယှဉ်၏၊ အချို့. ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ အချို့. သုခဝေဒနာနှင့် ယှဉ်၏ ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍လည်းကောင်း မဆိုအပ်။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍လည်းကောင်းမဆိုအပ်ကုန်။ ဓာတ်ငါးပါးတို့သည် ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ကာယဝိညာဏဓာတ်သည် အချို့. သုခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခဝေဒနာနှင့် ယှဉ်၏။ မနောဝိညာဏဓာတ်သည် အချို့. သုခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခဝေဒနာနှင့်ယှဉ်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခ လည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ ဓမ္မဓာတ်သည် အချို့. သုခဝေဒနာနှင့် ယှဉ်၏၊ အချို့.ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ အချို့.သုခဝေဒနာနှင့်ယှဉ်၏ ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍လည်းကောင်း မဆိုအပ်။

(၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အချို့. သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့. ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့.သုခလည်းမဟုတ်, ဒုက္ခမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ နိရောဓသစ္စာကို သုခဝေဒနာနှင့်ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍လည်းကောင်း မဆိုအပ်။ ဒုက္ခသစ္စာသည် အချို့. သုခဝေဒနာနှင့်ယှဉ်၏၊ အချို့. ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့. ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်၏။

အချို့ သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခ သုခမဟုတ်သော ဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။

(၅) ဣန္ဒြေတရား

ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ ဣန္ဒြေခြောက်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခ လည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ဇီဝိတိန္ဒြေသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်၏။ (ရုပ်ဇီဝိတိန္ဒြေကို) အချို့ သုခဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။

(၆) ဟိတ်တရား

ဒေါသအကုသိုလ်ဟိတ်သည် ဒုက္ခဝေဒနာနှင့်ယှဉ်၏၊ (ကြွင်း) ဟိတ်ခုနစ်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ မောဟ အကုသိုလ်ဟိတ်သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့်ယှဉ်ကုန်၏။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏၊ ကာယဝိညာဏာဓာတ်အတွေ့သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏။ မနောဝိညာဏာဓာတ်အတွေ့သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။

(၉–၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော

ဝေဒနာနှင့်ယှဉ်ကုန်၏ဟူ၍လည်းကောင်း မဆိုအပ်ကုန်။ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါးတို့သည်ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏၊ ကာယဝိညာဏာဓာတ်သည် အချို့သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ မနောဝိညာဏာဓာတ်သည် အချို့ သုခဝေဒနာနှင့်ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်၏။

၃–ဝိပါကတိက်

အမေးပုစ္ဆာ

၁၀၄၀။ ခန္ဓာငါးပါးတို့တွင် ကုသိုလ် အကုသိုလ်တို့၏ အကျိုးခန္ဓာတို့သည် အဘယ်မျှ ရှိကုန် သနည်း။

အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်သောခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ကုသိုလ် အကုသိုလ်တို့၏အကျိုးစိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူသောစိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေ ခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ အာယတနနှစ်ပါးတို့သည် အချို့ ကုသိုလ် အကုသိုလ် တို့၏အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ ဓာတ်ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ ဓာတ်နှစ်ပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်းသဘောတရားလည်း မဟုတ်ကုန်။

(၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောတရား ဖြစ်ကုန်၏၊ နိရောဓသစ္စာသည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ ဒုက္ခသစ္စာသည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘော ရှိသော တရားလည်း မဟုတ်။

(၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ ဣန္ဒြေသုံးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ ဣန္ဒြေနှစ်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်ကုန်၏။ အညိန္ဒြေသည်အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်၏။ (ကြွင်း) ဣန္ဒြေ ကိုးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

(၆) ဟိတ်တရား

အကြောင်း 'ဟိတ်' ခြောက်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏။ အဗျာကတဟိတ်သုံးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ အချို့ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ (ကြွင်း) အာဟာရသုံးပါးတို့သည်အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို

ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသောတရားလည်းမဟုတ်ကုန်။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ မနောဓာတ်အတွေ့'ဖဿ'သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ မနောဝိညာဏဓာတ်အတွေ့ 'ဖဿ' သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိသောတရား ဖြစ်၏။ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

(၉–၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ မှတ်သားမှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည်ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ ကုသိုလ် အကုသိုလ် တို့၏အကျိုးဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်။ မနောဝိညာဏဓာတ်သည် အချို့ ကုသိုလ် အကုသိုလ်တို့၏အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်၏။ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘော ရှိသော တရားလည်း မဟုတ်။

၄–ဥပါဒိန္နတိက်

အမေးပုစ္ဆာ

၁၀၄၁။ ခန္ဓာငါးပါးတို့တွင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာဖြစ်သော ခန္ဓာတို့သည်အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၊ ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန်။

(၂) အာယတနတရား

အာယတနငါးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ သဒ္ဒါယတနသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ အာယတနလေးပါးတို့သည် အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန်။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ သဒ္ဒဓာတ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ ဓာတ်ငါးပါးတို့သည် အချို့ တဏှာ ဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ် ကုန်၏။ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်းမဟုတ်ကုန်။

(၄) သစ္စာတရား

သမုဒယသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ သစ္စာနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။ ဒုက္ခသစ္စာသည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။

(၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ ဒေါမနဿိန္ဒြေသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ သည်အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ ဣန္ဒြေသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန်။ ဣန္ဒြေကိုးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

(၆) ဟိတ်တရား

အကုသိုလ်ဟိတ် သုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ကားမယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏။ ကုသိုလ်ဟိတ်သုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်းမဟုတ်ကုန်။ အဗျာကတဟိတ် သုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏၊ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်းမဟုတ်ကုန်။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော

ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ'ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ မနောဓာတ်အတွေ့'ဖဿ'သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ မနောဝိညာဏ ဓာတ်အတွေ့ 'ဖဿ' သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏၊ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏အာရုံလည်းမဟုတ်။

(၉–၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါးတို့သည်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ မနာဝိညာဏဓာတ်သည် အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းမယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်။

၅–ဝိတက္ကတိက်

အမေးပုစ္ဆာ

၁၀၄၂။ ခန္ဓာငါးပါးတို့တွင် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဝိတက်ကား မရှိ ဝိစာရမျှသာရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဝိတက်လည်း မရှိဝိစာရလည်း မရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ဝိတက်လည်း ရှိဝိစာရလည်း ရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ ဝိတက်ကား မရှိ ဝိစာရမျှသာရှိသောစိတ်တို့သည်

အဘယ်မျှရှိသနည်း၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ ခန္ဓာသုံးပါးတို့သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ အချို့ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ သင်္ခါရက္ခန္ဓာသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏။ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ၊ အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

(၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနာယတနသည် အချို့ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိ။ ဓမ္မာယတနသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့သော ဓမ္မာယတနကိုဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

(၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ငါးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်၊ မနောဓာတ်သည်ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်းရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ ဓမ္မဓာတ်သည် အချို့ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့သော ဓမ္မဓာတ်ကို ဝိတက်လည်း ရှိ, ဝိစာရလည်းရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

(၄) သစ္စာတရား

သမုဒယသစ္စာသည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ နိရောဓသစ္စာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ မဂ္ဂသစ္စာသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။

ဒုက္ခသစ္စာသည် အချို့. ဝိတက်လည်းရှိ, ဝိစာရလည်း ရှိ၏၊ အချို့. ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏။ အချို့. ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့.သော ဒုက္ခသစ္စာကို ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

(၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ ဒေါမနဿိန္ဒြေသည် ဝိတက်လည်းရှိ, ဝိစာရလည်း ရှိ၏။ ဥပေက္ခိန္ဒြေသည် အချို့. ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့.ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ၊ (ကြွင်း) ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့သည် အချို့. ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏။ အချို့. ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့.ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

(၆) ဟိတ်တရား

အကုသိုလ်ဟိတ်သုံးပါးတို့သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့. ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏။ အချို့. ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့. ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့. ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ အချို့. ဝိတက်ကားမရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့. ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနောဓာတ်အတွေ့'ဖဿ'သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်အတွေ့ 'ဖဿ' သည် အချို့.ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့. ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့. ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိ။

(၉–၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည်ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနောဓာတ်သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်သည် အချို့. ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့. ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့. ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။

၁–ရူပဒုက်

အမေးပုစ္ဆာ

၁၀၄၃။ ခန္ဓာငါးပါးတို့တွင် ရူပ်ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ရူပ်မဟုတ်သော ခန္ဓာတို့သည်အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ရူပ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း၊ ရူပ်မဟုတ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပကွန္ဓာသည် ရူပ်ဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် ရူပ်မဟုတ်ကုန်။

(၂) အာယတနတရား

အာယတန ဆယ်ပါးတို့သည် ရူပ်ဖြစ်ကုန်၏။ မနာယတနသည် ရူပ်မဟုတ်။ ဓမ္မာယတနသည် အချို့ရူပ်ဖြစ်၏၊ အချို့ ရူပ်မဟုတ်။

(၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် ရူပ်ဖြစ်ကုန်၏။ ဓာတ်ခုနစ်ပါးတို့သည် ရူပ်မဟုတ်ကုန်။ ဓမ္မဓာတ်သည် အချို့ရူပ်ဖြစ်၏၊ အချို့ ရူပ်မဟုတ်။

(၄) သစ္စာတရား

သစ္စာသုံးပါးတို့သည် ရူပ်မဟုတ်ကုန်။ ဒုက္ခသစ္စာသည် အချို့ ရူပ်ဖြစ်၏၊ အချို့ ရူပ်မဟုတ်။

(၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် ရူပ်ဖြစ်ကုန်၏။ ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် ရူပ်မဟုတ်ကုန်။ ဇီဝိတိန္ဒြေသည် အချို့ ရူပ်ဖြစ်၏၊ အချို့ ရူပ်မဟုတ်။

(၆) ဟိတ်တရား

အကြောင်း 'ဟိတ်'ကိုးပါးတို့သည် ရူပ်မဟုတ်ကုန်။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော အာဟာရသည် ရူပ်ဖြစ်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် ရူပ်မဟုတ်ကုန်။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့သည် ရူပ်မဟုတ်ကုန်။

(၉–၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါး၊ သိမှတ်မှု 'သညာ' ခုနစ်ပါး၊ စေ့ဆော်မှု 'စေတနာ'ခုနစ်ပါး၊ စိတ်ခုနစ်ပါးတို့သည် ရုပ်မဟုတ်ကုန်။

၂–လောကီယဒုက်

အမေးပုစ္ဆာ

၁၀၄၄။ ခန္ဓာငါးပါးတို့တွင် လောကၨ် အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

အာယတနတစ်ဆယ့်နှစ်ပါးတို့တွင် လောကၨ် အကျုံးဝင်သော အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း။

ဓာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် လောကၨ် အကျုံးဝင်သော ဓာတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော ဓာတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

သစ္စာလေးပါးတို့တွင် လောကၨ် အကျုံးဝင်သော သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ လောကမှထွက်မြောက်ကြောင်းဖြစ်သော သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် လောကၨ် အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှထွက်မြောက်ကြောင်းဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် လောကၨ် အကျုံးဝင်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ လောကၨ် အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၂) အာယတနတရား

အာယတန ဆယ်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ အာယတန နှစ်ပါးတို့သည် အချို့လောကၨ် အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ လောကၨ် အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ သစ္စာနှစ်ပါးတို့သည် လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၅) ဣန္ဒြေတရား

ဣန္ဒြေဆယ်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ဣန္ဒြေကိုးပါးတို့သည် အချို့ လောကၨ် အကျုံးဝင်ကုန်၏၊ အချို့လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၆) ဟိတ်တရား

အကုသိုလ်ဟိတ် သုံးပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့လောကၨ် အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် လောကၨ် အကျုံးဝင်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ လောကၨ် အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

(၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ မနောဝိညာဏာဓာတ်အတွေ့ 'ဖဿ'သည် အချို့ လောကၨ် အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်၏။

(၉) ဝေဒနာတရား

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ မနောဝိညာဏာဓာတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် အချို့ လောကၨ် အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်၏။

(၁၀) သညာတရား

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ မနောဝိညာဏာဓာတ်အတွေ့ကြောင့် ဖြစ်သော သိမှတ်မှု 'သညာ'သည် အချို့ လောကၨ် အကျုံးဝင်၏၊ အချို့ လောကမှထွက်မြောက်ကြောင်း ဖြစ်၏။

(၁၁) စေတနာတရား

စေ့ဆော်မှု 'စေတနာ'ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ မနောဝိညာဏာဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'စေတနာ' သည် အချို့ လောကၨ် အကျုံးဝင်၏၊ အချို့ လောကမှထွက်မြောက်ကြောင်း ဖြစ်၏။

(၁၂) စိတ်တရား

စိတ်ခြောက်ပါးတို့သည် လောကၨ် အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ လောကၨ် အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်းဖြစ်၏။ ဤသို့ ဖြေဆိုအပ်၏။

အဘိညေယျာဒိဝါရ၊ သာရမ္မဏ အနာရမ္မဏဝါရ နှစ်ပါး၊ ဒိဋ္ဌသုတာဒိဒဿနဝါရ၊ ကုသလတိုက် ဝေဒနာတိုက် ဝိပါကတိုက် ဥပါဒိန္နတိုက် ဝိတက်တိုက် ရူပဒုက် လောကိယဒုက်၊ ဤသည်တို့ကား ထိုဆိုအပ်ပြီးသည်တို့၏ အကျဉ်းချုပ်မာတိကာတို့တည်း။

တရားနှလုံးတို့ကို ဝေဖန်၍ပြသော ဓမ္မဟဒယဝိဘင်း ပြီးပြီ။

ဝိဘင်းပါဠိတော်မြန်မာပြန် (ဒုတိယတွဲ) ပြီးပြီ။

ဝိဘင်းပါဠိတော်မြန်မာပြန် ပြီးပြီ။